ရတနာဝုဂ်ဏ်ရည်းနှင့်

ရုပ်ပုံရှင်ကျင့်ဝတ်

မဟာဂန္ဓာရုံတိုက်

သံဃီက

အမရပူရမြို့

သမ္မတ်ပင်ရပ်

အလှူဒကာ

ဦးညွှန်လင်း

အလှူအမဒေါ်ကြည်

သားသွီးတစုံ

ကောင်းမှု

၁၃၄၀။ပြည့်နှစ်

တန်ခူးလွှန်း(၅)ရက်

အရှင် ဇနကာဘိဝံသ၏

ပဌမ ကျမ်းစာ

ရတနာ့ဂုဏ်ရည်

[လက္ခဏာတော်ကြီး ဘုရားရှိခိုး ပါသည်။]



၁၃၃၉-ခု၊ တန်ဆောင်မုန်းလ၊ နှုန်း– ၁ဝိ။

"လွင်" ပုံနှိပ်တိုက်၊ မန္တလေးမြို့။

(က) (အဋ္ဌမအကြိမ်)

အချီနိဒါန်း

ဥုံ နမော တေ ဝိဇေတုံ မေ,
ဇယတော ဒဒတော ဇယံ၊

နဌဇမ္ဘံ သဗ္ဗသန္တံ,
ကရ မေ ဇယမဂ်လံ။

ဗုဒ္ဓဘာသာဝင်ဖြစ်ခွင့်။ ။ သဗ္ဗညုဘုရားရှင်ကို "ဗုဒ္ဓ" ဟု ခေါ်၏၊ ထို ဗုဒ္ဓရှင်တော်မြတ်၏ တရားတော်ကို "ဗုဒ္ဓဘာသာ" ဟု ခေါ်၏၊ ထို ဗုဒ္ဓရှင်တော်မြတ်၏တရားတော်အတိုင်း လိုက်နာနေထိုင်သူကို "ဗုဒ္ဓဘာသာဝင်" ဟူ၍ ခေါ်၏၊ ထို ဗုဒ္ဓဘာသာဝင်ဖြစ်လိုသူ-သို့မဟုတ် ဖြစ်နေသူသည် ဗုဒ္ဓ, ဓမ္မ, သံဃ, (ဘုရား, တရား, သံဃာ) ရတနာမြတ် ၃ ပါး၏ အကြောင်းအရာကို ကောင်းစွာ နားလည်ရမည်၊ ထိုသို့ နားလည်ပြီးနောက် ထို ရတနာ ၃ ပါးကို မိမိ ယုံကြည်သလား— မယုံကြည်ဘူးလား ဟု စဉ်းစားထိုက်၏၊ မယုံကြည်လျှင် "ဗုဒ္ဓဘာသာဝင်ပါ" ဟု ပြောဆို ဝန်ခံနေသော်လည်း "ဗုဒ္ဓဘာသာဝင်" မဖြစ်နိုင်သေးပါ၊ ယုံကြည်လျှင်ကား "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ" စသော သရဏဂုံ ၃ ပါးကို ဆောက်တည်ရ၏၊ ထိုအခါ ဗုဒ္ဓဘာသာဝင်အစစ် ဖြစ်၏။

ပညာ ဗုဒ္ဓဘာသာဝင်။ ။ထို ဗုဒ္ဓဘာသာဝင်တို့တွင် ဉာဏ်နှင့် ယှဉ်၍ နစ်နစ်ကာကာ ယုံကြည်သူကား ဘုရားရှင်ကို ကိုးကွယ်ရာ၌ သက်တော်ထင်ရှား မြတ်ဘုရားကို စိတ်ထဲ၌ ထင်လာမြင်လာအောင် ကိုးကွယ်သည့်အပြင်, ရုပ်ပုံ စေတီတော်များကိုလည်း (ရွှေရှိသည်

(အဌမအကြိမ်)

ဖြစ်စေ – မရှိသည်ဖြစ်စေ) ကျေကျေနပ်နပ် လေးမြတ်လေ့ ရှိ၏၊ တရားကို ကိုးကွယ်ရာ၌လည်း တရား အစစ်အမှန် ကျမ်းဂန်ပိဋကနှင့် မဂ်ဖိုလ်နိဗ္ဗာန် တရားကို မှန်းဆ၍ အားရပါးရ ပူဇော်၏၊ သံဃာကို ကိုးကွယ်ရာ၌လည်း သုပ္ပဋိပန္နတာစသော ဂုဏ်တို့နှင့် အတော်အတန် ပြည့်စုံသော ပုထုဇဉ်များကိုငင်း, အမှန်းအတား အားဖြင့် အရိယာ သံဃာတော်ကိုငင်း ကိုးကွယ်၏၊ ထို ရတနာ ၃ ပါးအတွက် ဆိုလျှင် အသက်ကိုပင်စွန့်၀့်၏၊ ဤသူကား ဉာဏ်နှင့်ယှဉ်သော ဗုဒ္ဓဘာသာ၀င် ဖြစ်သူပေတည်း။

သဒ္ဓါ ဗုဒ္ဓဘာသာ၀င်။ ။သူများအပြောကောင်း၍ ယုံကြည်သော သဒ္ဓါဖြင့် သို့မဟုတ် မိရိုးဖလာဖြင့် ဗုဒ္ဓဘာသာ၀င် ဖြစ်နေသူတို့ကား ဘုရားစစ် တရားစစ် သံဃာစစ် တို့၌ ထိထိရောက်ရောက် သဒ္ဓါစိတ်ပေါက်သူ နည်းပါး၏၊ (လုံးလုံး မရှိဘူးဟု မဆိုလိုပါ၊) ဘုရားကို ကြည်ညိုရာ၌ သက်တော်ထင်ရှား မြတ်စွာဘုရားထိအောင် စိတ်မရောက်နိုင်ဘဲ ရုပ်ပုံ စေတီတော် လောက်သာ စိတ်ရောက်၏၊ ရုပ်ပုံ စေတီတော်များတွင်လည်း ဆွေဘုရား မျိုးဘုရား မိမိ ပူဇော်ထားသော ရုပ်ပွား စေတီတော်များကို ပိုမိုရှိ ကြည်ညိုတတ်ကြ၏၊ ရှေ့ပြောင်ပြောင် စေတီရုပ်ပွားကိုလည်း သာ၍ ကြည်ညိုကြသေး၏။

ထို့ကြောင့်ပင် မိမိတို့၏ ရုပ်ရှာ၌ ရှေ့မရှိသော ရုပ်ပွား စေတီတော်များကိုပစ်ထား၍ မြို့ကြီးပြကြီးသို့ ဘုရားဖူးသွားကြ၏၊အခါတပါး၌ တောကမိန်းမတစု မန္တလေးသို့ သွားခါနီး၀ယ် "ဘုရားဖူးသွားမလို့, ဘုရားဖူးသွားမလို့" ဟု ကျယ်လောင် ကျယ်လောင်နှင့် ပြောဆိုနေကြသည်ကိုအတော်နားလည်သောကျောင်းဒကာကြီးက

"တိုးတိုးပြောကြပါဟရှိ, ဒို့ရွာက ကိုယ်တော်မြတ်တွေကြားလျှင် အားနာစရာ ဖြစ်နေပါ့မယ်" ဟု ပြက်ရယ်ပြုလိုက်သတဲ့၊ ထို သဒ္ဓါဗုဒ္ဓဘာသာ၀င်တို့သည် ဘုရား ကြည်ညိုပုံသာ စည်းကမ်းမကျသည် မဟုတ်သေး, တရား သံဃာ ကြည်ညိုကြရာတွင်လည်း စည်းကမ်းမဲ့လှချေ၏၊ ထို စည်းကမ်းမဲ့တို့ကို တရားဂုဏ်တော်နှင့် သံဃာဂုဏ်တော် အဆုံးမှာ ပြထားသည်။

သရဏဂုံနှင့် သီလရှိသူ အပါယ်မကျ။ ။ "ဆင်းတု– စေတီတော်များကိုဖူးမျှော်ရသည်မှာ ကုသိုလ်မရ" ဟု မဆိုလိုပါ, များစွာ ကုသိုလ်ရပါပေသည်၊သို့သော် ဆင်းတုတော် စေတီတော်များသည် သက်တော်ထင်ရှား မြတ်စွာဘုရားကို ထင်မြင်လာဘို့ရာ တည်ထားကိုးကွယ်အပ်သော အတုအပွားမျှသာ ဖြစ်သောကြောင့် ဘုရားရှင် တိုင်အောင် အာရုံပြုနိုင်–မှန်းဆနိုင်မှသာ စနစ်ကျန ဆာ၍ အကျိုးရသော ဖူးမျှော်ခြင်းဟု ဆိုလိုပါသည်၊ ထိုသို့ ဘုရားရှင်၏ ဂုဏ်တော်များနှင့်တကွ တရား သံဃာတော်၏ ဂုဏ်တော်များကို လေးလေးစားစား အာရုံပြုတတ် ကြည်ညိုတတ်သည့်ပြင် , ဒုစရိုက်ဆယ်ပါးမှ ရှောင်သော ကိုယ်ကျင့်တရားနှင့် ပြည့်စုံ လုံခြုံပါမူကား။.....

"ဣဓ မဟာနာမ ဧကစ္စော ပုဂ္ဂလော နဟေဝ ခေါ ပဋိဒ္ဓေ အဝေစ္စ ပသာဒေန သမန္နာဂတော ဟောတိ၊ နဓမ္မေ, နသံဃေ၊ နဟာသပညော , နဇဝနပညော , နစ၀ိမုတ္တိယာ သမန္နာဂတော၊ အပိစဿ ဣမေ ဓမ္မာ ဟောန္တိ သဒ္ဓါန္ဒြိယံ ဝီရိယိန္ဒြိယံ သတိန္ဒြိယံ သမာဓိန္ဒြိယံ ပညိန္ဒြိယံ၊တထာဂတေစဿ သဒ္ဓါမတ္တံ ဧဟာတိ ပေမမတ္တံ၊အယံ ပိ ခေါ မဟာနာမ ပုဂ္ဂလော အဂန္တာ

နိရယံ, အဂန္တာ တိရစ္ဆာနယောနိ, အဂန္တာ ပေတ္တိဝိသယံ, အဂန္တာ အပါယံ ဒုဂ္ဂတိ ဝိနိပါတံ" ဟူ၍.....

ဟောတော်မူအပ်သော (မဟာဝဂ္ဂ , သောတာပတ္တိသံယုတ် သရဏာနိဝဂ် , ပဌမ သရဏာနိသင်္ဂသုတ်) ပါဠိတော်နှင့် လျော်ညီစွာ အပါယ်လေးပါးမှ တခါတည်းကင်းလွတ်သော သောတာပန် အခြေသို့ ရောက်လေပြီဟု ယုံကြည် စိတ်ချထိုက်ပေတော့သည်။

ထိုစကား မှန်၏။— ပင်ကိုယ်က အောက်အကြွေသို့ စီးနေသော မြစ်ဖျားအယဉ်သည် သမုဒ္ဒရာနှင့် ကြာလေ နီးလေ ဖြစ်သကဲ့သို့, အနိစ္စ ဒုက္ခ အနတ္တသဘောကို ထင်မြင်၍ သံသရာ၌ ငြီးငွေ့လက်စရှိသော ထို သူတော်စင်၏ စိတ်အစဉ်သည်လည်း နိဗ္ဗာန်သို့ ညွတ်ကိုင်းရင်း ရှိရကား, နိဗ္ဗာန်နှင့် ကြာလေ နီးလေပင် ဖြစ်တော့၏။

အချောဘက်သို့ ကိုင်းညွတ်လျက် ရှိသော သစ်ပင်သည် လဲသည့် အခါ အချောဘက်သို့သာ လဲတတ်ရာရှိသကဲ့သို့, နိဗ္ဗာန်သို့ကိုင်းညွတ် နေသော စိတ်အစဉ်သည် ကုသိုလ်ကောင်းမှု ပြုသမျှ၌ နိဗ္ဗာန်ဘက် သို့သာ ညွတ်လျက် ရှိသည်ဖြစ်၍ ထို သူတော်စင်သည် အဘယ်မှာ အပါယ်လေးပါးသို့ သွားတတ်ရှိပါတော့အံ့နည်း။

သရဏကုံ သီလလုံသူ သောတာပန်နှင့်တူ ။ ။ ဆိုအပ်ပြီး စကား၌ "ကိုယ်ကျင့် လုံခြုံ" ဟူရာဝယ် "ငယ်စဉ်ကစ၍ လုံခြုံမှသာ လုံခြုံရာ ရောက်သည်" ဟု မဆိုလိုပါ၊ သတိတရား ရသည်ကစ၍ စိတ်ချလက်ချ လုံခြုံလာလျှင် လုံခြုံသည်ပင် မည်နိုင်ပါသည်၊ ဘုရား လက်ထက်တော်၌ "သရဏာနိ" မည်သော ဥပါသကာသည် ရတနာ သုံးပါးကို အသဲစွဲ ကြည်ညို နေသော်လည်း ငယ်ရွယ်စဉ်

ကာလက ငါးပါးသီလလောက်မျှ မလုံခြုံဘဲရှိခဲ့ရာ, စုံတခါနီးကျမှ သတိရ၍ လူ့သိက္ခာကို စောင့်ထိန်းလျက် စုံတေသည်၊ ထို့နောက် ကျန်ရစ်သူတို့က ထိုသူ၏ လားရာဂတိကို ဘုရားရှင်အား လျှောက်ကြရာ, ဘုရားရှင်က ထိုဥပါသကာကို အပါယ်လေးပါးမှလွတ်သော သောတာပန်ဖြစ်ရကား သုဂတိသို့ ရောက်နေကြောင်းကို မိန့်တော်မူပါသည်။

ကြိုးစားဘွယ်။ ။ထို့ကြောင့် မကောင်းသော မြေရောင် စိုက်ပျိုးလေသမျှ မျိုးစေ့သည် မည်မျှပင် အောင်မြင်စေကာမူ အကျိုး မပြီး အချည်းနှီး ပျက်ပြား၍ ဆုံးပါးရသကဲ့သို့, မူလ မမှန်သော ဘုရား တရား၌ အားထား ကိုးကွယ်လေသမျှသည် အချည်းနှီး အကျိုးမဲ့ ဖြစ်ရုံသာမက, ထို ဘုရား တရားဘက်၌ အားတက်သရော ဟော ပြောမှုကြောင့် အထုအထည် ကြီးမားလှသော မကောင်းမှု အကျိုး ကိုပင် ခံရှာရချေဦးမည်၊ ထိုမျှလောက် အပြစ်များ၍ ဆုံးပါးဘွယ် ရှိသော ဘာသာတပါး အယူရှိကြသူများသည် သူတို့၏ ဘုရား တရား ကို အားထားမှီခို ကြည်ညို လေးမြတ်ကြကုန်သေး၏။

ကောင်းသော ရေမြေ၌ကား အားပါးတရိုက်မဟုတ်ဘဲ, မလိုလဲ လိုလဲ စိုက်ပျိုးရုံမျှဖြင့် ကြီးမြင့် ထွားကျိုင်းသော အပင်ကြီးများကို ရနိုင်သကဲ့သို့, ဘုရား တရား သံဃာမှန်တို့၌ ပြုစု အားထုတ်လိုက် သမျှသည် "ညောင်စေ့ကလေးမှ ညောင်ပင်ကြီးပေါက်သည့်ပမာ" ယုံကြည်ဘွယ်ရာမရှိလောက်အောင် မြင့်ခေါင်ကြီးမားသော အကျိုး တရားကို ခံစားရပေမည်၊ စိတ်ပါလက်ပါ အားရပါးရ ဂရုစိုက်၍ ကိုးကွယ် ဆည်းကပ်လိုက်ပါမူကား တသံသရာလုံး စိတ်ချ လက်ချ

နိဗ္ဗာန် တိုင်အောင် အကျိုးကို မုချရနိုင်သည် ဖြစ်၍ အကြောင်း အကျိုး စိစစ်က အပြစ်ဆိုဘွယ်မရှိသော ဗုဒ္ဓဘာသာ အယူကြီးကို လက်ကိုင်ရကြပါလျက် ယုံကြည်ချက်လျော့၍ အဘယ်မှာ ခပ်ပေါ့ပေါ့ နေထိုက်ပါအံ့နည်း၊ နေ့စဉ်ရက်ဆက် နှစ်သက် ကျေနပ်အောင် အထပ်ထပ် စဉ်းစား၍ တရားတော်အရ ကျကျနန လိုက်နာထိုက်ကြသည် မဟုတ်ပါလော။

ဤသို့လျှင် ဘုရား တရား သံဃာ ရတနာသုံးပါးကို လွန်စွာ အားထားလျက် ကိုယ်ကျင့်တရား လုံခြုံပါမူ နောင်သံသရာရေးဝယ် စိတ်ချဘွယ် ကောင်းလှသော်ကြောင့် ရတနာသုံးပါး၏ ဂုဏ်တော်များကို အာရုံပြုတတ်-မှန်းဆတတ်ဘို့ရာရေးသားပေးဘို့အကြောင်း တောင်းပန်အပ်ဘူးလှလေပြီ၊ သို့သော် အဘိဓမ္မတ္ထသင်္ဂြိဟ်ကျမ်း၏ အဖွင့်ဖြစ်သော " သင်္ဂြိဟ် ဘာသာဋီကာ " ကို ရေးသားဆဲဖြစ်၍ အားလပ်ခွင့် မရသောကြောင့် ရှေးဆရာတော်များ၏ ဂုဏ်တော်ဖွင့် ကိုသာ ကြည့်ရှု ကျက်မှတ်ဘို့ရန် ညွှန်ပြခဲ့ရပေသည်။

ယခုတဖန် ရှေးခေတ်က ရှေးစံနစ်ဖြင့် ရေးသားအပ်ပြီးသော ဘုရားရှင် ဂုဏ်တော်ဖွင့်များတွင် အသိဉာဏ် မသက်ဝင်နိုင်သူတို့က တောင်းပန်ကြပြန်သောကြောင့် ကျမ်းဂန်အဖွင့်လည်း လက်မလှတ်စေရ, ခေတ်ကာလနှင့်လည်း လိုက်လျောအောင် ညှက်ညောသော အနက်သွား ထင်ရှားသော အဓိပ္ပါယ်ဖြင့် ခပ်လွယ်လွယ် ရေးသားဘို့ရန် စိတ်အကြံ ဖြစ်သည်အား၊ လျော်စွာ ရတနာမြတ်သုံးပါး၏ ဂုဏ်တော် အရည်အချင်းများကို ပခန်း ထားပြီးလျှင် " ရတနာ့ဂုဏ်ရည် " ဟူသော အမည်ဖြင့် ရေးသားပါအံ့။

ရေးသားပုံ အစီအစဉ်

ဘုရားဂုဏ်တော် ဘုရားဂုဏ်တော် အဖွင့်ကို ရေးသားရာ၌ ဘုရားရှင်၏ အဖြစ်တော်စဉ်, ဘုရားရှင်၏ ရှုပ်ပုံတော် ရောင်ခြည်တော်ခြောက်သွယ်ဖြင့် သပွါယ်တော်မူပုံ, လုံလုံလဝီရိယနှင့် မဟာကရုဏာတော် ကြီးမားသဖြင့် သတ္တဝါတို့၏ အကျိုးစီးပွားကို အားလပ်ခွင့်မရအောင် ရွက်ဆောင်တော်မူပုံ, ဤ အလုံးစုံကို သိစေပြီးမှ ဂုဏ်တော်၏ အရည်အခြင်းကို ပြရလျှင် သပွါယ်သော ရှုပ်ပုံတော်တွင် ဂုဏ်တော်များ ထင်မြင်လာဘွယ် ရှိသောကြောင့် ရှုပ်ပုံတော်ဖွင့်, ရောင်ခြည်တော်ဖွင့် , စေတီတော်ဖွင့်များကို ရှေးဦးစွာ ပြလျက် ဂုဏ်တော်ဖွင့်ကို ဆက်လက် ရေးသားပါသည်။ [ဘုရားအဖြစ်တော်စဉ်ကိုကား အနည်းငယ် ရှည်လျားသဖြင့် ဤကျမ်း၏ အဆုံးမှာ ပြထားပါသည်။]

တရားဂုဏ်တော် တရား ဂုဏ်တော်ဖွင့်ကို ရေးသားရာ၌ ပုံသဏ္ဌာန် မထင်ရှားသော တရား ဂုဏ်တော် အစဉ်သည် စိတ်ထဲ၌ ထင်မြင်နိုင်ရန် ခဲယဉ်းသောကြောင့် နက်နဲသော တရား ဂုဏ်တော်ကို ဝတ္ထုပုံ သက်သေများဖြင့် ထင်ရှားအောင် ရေးသား ထားပါသည်။

သံဃာ့ဂုဏ်တော် သံဃာ့ဂုဏ်တော်အဖွင့်၌လည်း ယခုကာလ မျက်မြင် သံဃာလောက်တွင် စိတ်ဝင်စားမှုကို အထူး တားမြစ်၍ ရှေးရှေးက အရိယာသံဃာတော်များနှင့် ပုထုဇဉ် သီလရှိသော သံဃာတော်များကို ရည်မှန်း၍ အာရုံပြုတတ်ဘို့ရာ စတ္ထုပေါင်း များစွာကို အချုပ် အချုပ်မျှ ထုတ်ပြထားပါသည်။

သရဏဂုံနှင့် ငါးပါးသီလ ထို့နောက်— ရတနာသုံးပါး၏ ဂုဏ်ရည်ကို ယုံကြည်ကျေနပ်၍ ဆည်းကပ် ကိုးကွယ်သူသည် " သရဏဂုံ တည်သူ " ဖြစ်ရကား သရဏဂုံ တည်လျှင် ငါးပါးသီလကိုလည်း နေ့စဉ်မပြတ် စောင့်ထိန်းမှသာ သူတော်ကောင်းပြီသရာ ရောက်သောကြောင့် ယခုကာလ အများသုံး "ဩကာသ"မှစ၍ ငါးပါးသီလတိုင်အောင် ဖွင့်ပြထားပါသည်။

ရှစ်ပါးသီလ ထို့နောက်— ရံဖန်ရံခါ ဥပုသ်စောင့်ရာဝယ် လိုက်နာဘွယ်ရာ အချက်များနှင့် တကွ စောင့်ထိန်းအပ်သော သိက္ခာပုဒ်များ၏ အကျိုးကို အမျိုးမျိုး ယုတ္တိပြလျက် ခေတ်ကာလ စဉ်းစားသူတို့၏ဉာဏ်နှင့် သင့်တင့်အောင် မှန်းထား၍ တခမ်းတနား ရေးသားထားပါသည်။

အာဇီဝဋ္ဌမကသီလ ထို့နောက်- ဗုဒ္ဓဘာသာစစ်စစ် သူတော်ကောင်းဖြစ်ရိုးမှန်လျှင် မိမိ၏ အသက်မွေးမှုကို တရားနည်းလမ်းကျအောင် ပြုထိုက်သောကြောင့် "အာဇီဝဋ္ဌမကသီလ" ကိုလည်း ဖွင့်ပြထားပါသည်။

နဝင်္ဂသီလ ၁၀ ပါးသီလ ထို့နောက်— ယခုအခါ အချို့ သူတော်ကောင်းတို့ ၉ ပါး ၁၀ ပါး သီလများကို ဆောက်တည်လေ့ရှိသောကြောင့် ထို သီလများ ဆောက်တည်ရာဝယ် စောင့်ရှောက်ဘွယ်များကို အချုပ်မျှ ရေးသားထားပါသည်။

ဒုစရိုက် စသည် ထို့နောက်— ဗုဒ္ဓဘာသာတိုင်း သိဘွယ် ကျင့်ဘွယ်ဖြစ်သော ဒုစရိုက် သုစရိုက် ပုညကြိယဝတ္ထုများကို အကျဉ်း အကျယ် ခွဲခြား၍ သိသာရုံ အချုပ်မျှ ထုတ်ပြထားသည်။

ကံ ကံ၏အကျိုး ထို့နောက် — အများမျက်မြင် နေ့စဉ် အကျိုးပေးဟန်ကို ရှေးကံနှင့် ဆက်သွယ်၍ လူငယ်များပင် နားဝင်လောက်အောင် ကံ ကံ၏အကျိုးကို ယုံကြည်သော သမ္မာဒိဋ္ဌိ (ကမ္မဿကတာဉာဏ်) ဖြစ်ပေါ် စေနိုင်သော ပဏ္ဏာသပါဋ္ဌိတော်ကြီးလာ ကမ္မဝိဘင်္ဂသုတ်တော်ကို ဘာသာပြန်ထားပါသည်။

ကံ ဉာဏ် ဝီရိယ ထို့နောက် — အချို့သော ဗုဒ္ဓဘာသာဝင် တို့သည် ရှေးကံကိုသာ တထစ်ချ အားကိုးတတ်ကြလေရာ, ထိုသို့ အားမကိုးဘို့ရန် ဉာဏ်နှင့် ဝီရိယ အချက်များကိုလည်း အမြွက်အားဖြင့် ထင်ရှားအောင် ဖေါ်ပြထားပါသည်။

ဆုတောင်းခဏ်း ထို့နောက် — အများနှင့်ဆိုင်သော ဆုတောင်းနည်းကို ပါရမီဖြည့်ဘို့ အရေး၌ လေးလေးပင်ပင် စီစဉ်ညွှန်ပြ၍ နေ့စဉ် ဒါနမှုဝယ် အတိုချုပ် ဆုတောင်းဟန်ကိုလည်း စီမံရေးသားထားပါသည်။

နိဂုံး ဤမျှလောက်သော အစီအစဉ်ဖြင့် ဗုဒ္ဓဘာသာဝင် တို့၏ သိဘွယ်များ အထိုက်အလျောက် လုံလောက်ပြီ ဖြစ်ရကား ဘုရား အဖြစ်တော်စဉ်နှင့် တကွ စာရှုသူ အများပင် သတိပြုဘွယ် ဧကောင်းလှသော သမုဒ္ဒဝါဏိဇဇာတ်တော်ကို အကျဉ်းချုပ်၍ နိဂုံး အုပ်လိုက်ပါသည်။

၁၂၉၃-ခု
တပို့တွဲလ၊

အရှင်ဇနကာဘိဝံသ

မာတိကာ

အကြောင်းအရာ စာမျက်နှာ

(က) ဘုရားဂုဏ်စောင်ဖွင့်များ

၁။ ရှုပ်ပုံတော်ဖွင့် ၁
၂။ ရောင်ခြည်တော်ဖွင့် [ရောင်ခြည်တော်ပြဿနာပါသည်။] ၅
၃။ စေတီတော်ဖွင့် [ဘုရားပုထိုး ခေါ်ပုံနှင့် ဘုရားဒြဗ်တော်ကို အာရုံပြုသင့်ပုံ။] ၁၃
၄။ ဘုရားဂုဏ်တော်ပြ ပါဠိတော်ဖွင့် ၂၅
၅။ အရဟံဂုဏ်တော်ဖွင့် ၂၆
၆။ သမ္မာသမ္ဗုဒ္ဓဂုဏ်တော်ဖွင့် ၂၉
၇။ ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်တော်ဖွင့် ၃၂
၈။ သုဂတ ဂုဏ်တော်ဖွင့် ၃၆
၉။ လောကဝိဒူ ဂုဏ်တော်ဖွင့် ၃၉
၁၀။ အနုတ္တရော ပုရိသဒမ္မသာရထိ ဂုဏ်တော်ဖွင့် ၄၆
၁၁။ သတ္ထာ ဒေဝမနုဿာနံ ဂုဏ်တော်ဖွင့် ၄၉
၁၂။ ဗုဒ္ဓ ဂုဏ်တော်ဖွင့် ၅၂
၁၃။ အိမ်သုံး မဂ္ဂင်ရှစ်ပါးနှင့် ဗုဒ္ဓါနုဿတိ မဂ္ဂင်ရှစ်ပါး ၅၈
၁၄။ ဘဂဝါ ဂုဏ်တော်ဖွင့် [အရပ်တော်အဆုံးအဖြတ်။] ၆၅
၁၅။ ဘုရားရှိခိုး ဂါထာဖွင့် ၈၅
၁၆။ ဂုဏ်တော် ၉ ပါး ဆက်သွယ်နည်း ၈၇
၁၇။ ဂုဏ်တော်အကျိုး [မိဖုရားစောလုံဝတ္ထု] ၉၁

အကြောင်းအရာ စာမျက်နှာ

(ခ) တရားဂုဏ်တော်ဖွင့်များ

၁။ တရားဂုဏ်တော်ပြ ပါဠိတော်အဖွင့် ၉၅
၂။ သွာက္ခာတ ဂုဏ်တော်ဖွင့် ၉၆
၃။ သန္ဒိဋ္ဌိက ဂုဏ်တော်ဖွင့် ၁၀၃
၄။ အကာလိက ဂုဏ်တော်ဖွင့် ၁၀၆
၅။ ဧဟိပဿိက ဂုဏ်တော်ဖွင့် ၁၀၇
၆။ ဩပနေယျိက ဂုဏ်တော်ဖွင့် ၁၁၂
၇။ ပစ္စတ္တံ ဝေဒိတဗ္ဗဂုဏ်တော်ဖွင့် ၁၁၅
၈။ တရားရှိခိုး ဂါထာဖွင့် ၁၁၆
၉။ တရားပူဇော်နည်း ၁၂၁

(ဂ) သံဃာဂုဏ်တော်ဖွင့်များ

၁။ သံဃာဂုဏ်တော်ပြ ပါဠိတော်ဖွင့် ၁၂၅
၂။ သုပ္ပဋိပန္နဂုဏ်တော်ဖွင့် ၁၂၆
၃။ ဥဇုပ္ပဋိပန္နဂုဏ် ၁၂၉
၄။ ဉာယပ္ပဋိပန္နဂုဏ် ၁၃၂
၅။ သာမိစိပ္ပဋိပန္နဂုဏ် ၁၃၄
၆။ ပုရိသယုဂါနိ ပါဠိ ၁၃၇

အကြောင်းအရာ စာမျက်နှာ

၇။ အာဟုနေယျ ဂုဏ်တော်ဖွင့် ၁၃၈
၈။ ပါဟုနေယျ ၁၄၁
၉။ ဒက္ခိနေယျ ၁၄၂
၁၀။ အဥ္ဇလိကရဏီယ ၁၄၈
၁၁။ အနုတ္တရပုညခေတ္တ ဂုဏ်တော်ဖွင့် ၁၅၁
၁၂။ သံဃဂုရှိခိုး ဂါထာဖွင့် ၁၅၅
၁၃။ သာသနာတော် ဆောင်ရွက်ပုံအစဉ် ၁၅၈

(ဃ) သရဏဂုံသီလ ဆောက်တည်မှုနှင့် ဆိုင်ရာများ

၁။ ဩကာသအဖွင့်၊ [အခါကြီး ရက်ကြီးများ၌ ကန်တော့နည်း အမျိုးမျိုး ပါသည်။] ၁၆၅
၂။ ငါးပါးသီလ ယူကြပုံအစဉ် ၁၈၁
၃။ ငါးပါးသီလတောင်း အဖွင့် ၁၈၅
၄။ သရဏဂုံအဖွင့် ၁၈၉
၅။ ငါးပါးသီလ သိက္ခာပုဒ်များ ၁၉၃
၆။ ပါဏာတိပါတအဖွင့် ၁၉၈
၇။ အဒိန္နာဒါနအဖွင့် ၂၀၃
၈။ ကာမေသုမိစ္ဆာစာရအဖွင့် ၂၀၅
၉။ မုသာဝါဒအဖွင့် [စေတိယင်္ဂဏ်] ၂၁၀
၁၀။ သုရာမေရယအဖွင့် ၂၁၉

(အဋ္ဌမအကြိမ်)

(င) ဥပုသ်သီလ ဆိုင်ရာများ

၁။ သီလတောင်းအဖွင့် ၂၂၅
၂။ ရွှစ်ပါးသီလ သိက္ခာပုဒ်များ ၂၂၆
၃။ အပြဟ္မစရိယအဖွင့် ၂၂၇
၄။ ကောမာရပြဟ္မစရိယ သီလဆောက်တည်ပုံ ၂၂၉
၅။ ဝိကာလဘောဇနအဖွင့် ၂၃၀
၆။ နစ္စ ဂီတနှင့် ဥစ္စာသယန သိက္ခာပုဒ်အဖွင့် ၂၃၃
၇။ ဥပုသ်သီလများ၌ စဉ်းစားဘွယ် ၂၃၆
၈။ ဥပုသ်စောင့်ပုံ အစီအစဉ် ၂၃၇
၉။ ဥပုသ်အမျိုးမျိုး ၂၄၀
၁၀။ အာဇီဝဋ္ဌမကသီလအဖွင့် ၂၄၇
၁၁။ နဝင်္ဂဥပုသ်သီလအဖွင့် ၂၅၅
၁၂။ ဆယ်ပါးသီလအဖွင့် ၂၅၇
(စ) ဒုစရိုက် – သုစရိုက်အဖွင့် ၂၆၃
(ဆ) ပုညကြိယဝတ္ထုအဖွင့် ၂၆၆
(ဇ) ကံ ကံ၏အကျိုးအဖွင့် ၂၆၈
(ဈ) ကံ ဉာဏ်ဝိရိယအဖွင့် ၂၇၅
(ည) ဆုတောင်းအဖွင့် ၂၈၁
(ဋ္ဌ) ဘုရားအဖြစ်တော်စဉ်နှင့် နိဂုံး ၂၉၂
(ဌ) လက္ခဏာတော်ကြီး ဘုရားရှိခိုး ၃၄၇
(ဍ) လက္ခဏာတော်ငယ် (၈၀) ၃၉၀

(အဋ္ဌမအကြိမ်)

ရတနာ့ဂုဏ်ရည်

ရုပ်ပုံတော်ဖွင့်

(ကျက်မှတ်ရန်)

ပစ္ဆိမံ ဖလဒါနေန, ဗဟုံ ပစိတ ပါရမီ၊
ယဿ ဝေသံ သုမာပေန္တိ, ကေနာပိ အသမံ သမံ။

ဗဟုံ – ဤ၍ ဤမျှ, ဂဏန်းချ၍, မရနှိုင်းညှိ, အတိုင်းမရှိရလေအောင်၊ ပစိတပါရမီ-လေးသင်္ချေကိန်း, ကပ်တသိန်းက, ထိန်းသိမ်းစုဆောင်း, ပါရမီတော် အပေါင်းတို့သည်၊ ပစ္ဆိမံ ဖလဒါနေန– ဖြစ်ပျက်ဖန်ခါ, သံသရာဝယ်, ခန္ဓာကိုယ်ရေး, အဆုံးစွန် အကျိုးပေးသောအားဖြင့်၊ ယဿ ဘဂဝတော – အကြင် ရွှေဘုန်းတော်သခင်, ရှင်တော်မြတ်ဘုရား၏၊ ဝေသံ-ရွှေမျက်နှာတော်, လက်ခြေတော်နှင့်, ကိုယ်တော်သဏ္ဌာန်, ပုံဟန်ထင်ပေါ်, အသွင် အပြင်တော်ကို၊ ကေနာပိ – လူမင်း နတ်မင်း, ဗြဟ္မာမင်းဝယ်, ဘယ်သူတယောက်နှင့်မျှ၊ အသမံ – လက္ခဏာတော် ကြီးငယ်, အသွယ်သွယ်ဖြင့်, ဘယ်ဝယ်တိုင်းကာ, မနှိုင်းသာသည်ဖြစ်၍၊ သမံ-တကိုယ်တော်လုံး, ရွှေတုံး ရွှေနှစ်, ဇမ္ဗူရာဇ်သိင်္ဂီ, နာရဏီမျှ, သာကီစင်သွေး, အယဉ်ကျေးဆုံး ဖြစ်ရလေအောင်၊ သုမာပေန္တိ – တက်သစ်နေဝန်း, ထွန်းသစ်လစန်း, ပွင့်သစ်ပန်းသို့, ဆန်း အဖုံဖုံ, စခန်းစုံအောင်, အစွမ်းကုန် ဖန်ဆင်းလိုက်ကြပေသည် တကား။

ကြည့်ရှုရန် အဓိပ္ပါယ်

ဘုရားရှင်၏ ကောင်းမှုပါရမီတော်မျှားသည် "ဤ၍ ဤမျှရှိ၏" ဟု ဂဏန်းချလျက် နှိုင်းဆရေတွက်၍မရလောက်အောင် များမြောင်လှပေ၏၊ ကမ္ဘာလောကဥ္စ ရှိသမျှ သတ္တဝါအပေါင်း၏ ကောင်းမှုပါရမီတော့ကို စုပေါင်း၍ အဆတရာ မြောက်ပြီးလျှင် တဆူသော ဘုရားရှင်၏ ပါရမီကုသိုလ်နှင့် နှိုင်းယှဉ်သည်ရှိသော် ဘုရားရှင် တဆူ၏ ကုသိုလ်ကောင်းမှုတော်ကပင် သာလွန်ဘွယ်ရှိသည် ဟူ၍ ကျမ်းဂန်များ၌ ဆို၏၊ ထိုမျှလောက် များပြားသော ပါရမီတော်တို့ကို လေးအသင်္ခေ်နှင့် ကမ္ဘာတသိန်းကာလပတ်လုံး စုဆောင်းတော်မူခဲ့သောကြောင့် "ဤ၍ဤမျှ = မည်၍ မည်မျှရှိသည်" ဟု ပါရမီတော်များကို ရေတွက်၍ မရနိုင်တော့ပြီ။

အသင်္ခေ် တွက်ပုံ ။ ။ ကမ္ဘာကြီး တည်၍ ပျက်စီးသည့်တိုင် အောင်သော အခါကို "တကပ်— တကမ္ဘာ" ဟု ခေါ်၏၊ အလျားအနံ တယူဇနာရှိသော "ဂိုဒေါင်" တိုက်ကြီး အတွင်း၌ မုံညင်းစေ့များကိုသွင်းပြီးလျှင် အနှစ်တရာကြာမှ တစေ့ကျယူပစ်ရာ ထိုမုံညင်းစေ့များ ကုန်သွားသော်လည်း တကမ္ဘာ မကုန်သေးဟု ဘုရားရှင် မိန့်တော်မူသည်။ [နိဒါနဝဂ္ဂ — အနမတဂ္ဂသံယုတ်၊ သာသပသုတ် ပါဠိတော်။] ထိုမျှကြာသော ကမ္ဘာပေါင်း မည်မျှရှိပြီဟု ရေတွက်၍ မရလောက်အောင် များမြောင်သောကမ္ဘာကို အသင်္ခေ်ဟု ဆိုသည်၊ ထိုသို့ ရေတွက်၍မရသောကြောင့် ဘုရားတဆူနှင့် တဆူ အကြား၌ တသင်္ခေ်ဟု မှတ်ထားရသော လေးကြိမ်ကို "လေးအသင်္ခေ်" ဟု ဆိုရသည်၊ ထို လေးအသင်္ခေ်နှင့် ကမ္ဘာတသိန်းသည် ဘုရား တဆူ

တဆူ၏ ပါရမီဖြည့်ရာ အမြန်ဆုံးအချိန်အခါတည်း၊ အချို့ ဘုရားရှင်များမှာ ပါရမီပြည့်ဘို့ရန် ရှစ်အသင်္ခေ်နှင့် ကမ္ဘာတသိန်း, တဆယ့်ခြောက်အသင်္ခေ်နှင့် ကမ္ဘာတသိန်း ကြာသည်။

ထို လေးအသင်္ခေ်နှင့် ကမ္ဘာတသိန်းပတ်လုံး စုဆောင်းတော်မူအပ်ခဲ့သော ပါရမီတော်တို့သည် အလွန့် အလွန် များပြားရကား အကျိုးပေးခွင့် အလှည့်မရဘဲ အကျိုးပေးမည်ဟု တခဲခဲ နေခဲ့ကြရာ သိဒ္ဓတ်မင်းသား ဘုရားဖြစ်မည့် ဘဝ၌ကား ခန္ဓာကိုယ် အရေးနှင့် စပ်၍ နောက်ထပ် အကျိုးပေးခွင့် မရှိ, အဆုံးစွန် အကျိုးပေးရမည့် အခါကြီး ဖြစ်ပေသည်။

ထို့ကြောင့် ထိုပါရမီများသည် ရှင်တော်ဘုရားကို မျက်နှာတော်ကြက်သရေရှိအောင်၎, လက်တော်ခြေတော် ပြေပြစ် ညက်ညော ချောမောအောင်၎, ကိုယ်လုံးတော်နှင့် အရပ်တော် ခန့်ညားညီညွတ်အောင်၎, ဤသို့အားဖြင့် တကိုယ်လုံး၏ အသွင်အပြင် အရပ်ရပ်၌ ယောကျ်ားမြတ်တို့၏ အမှတ်အသားဖြစ်သော လက္ခဏာတော်ကြီး ၃၂ ပါး, ရှစ်ဆယ်သော လက္ခဏာတော်ငယ် များဖြင့် တံဆိပ်ခတ်လျက် အလွန် တင့်တယ်သပ္ပါယ်စွာ ဖန်ဆင်းလိုက်ရကား, လူမင်း နတ်မင်း ဗြဟ္မာမင်းဝယ် ဘယ်သူတယောက်နှင့်မျှ နှိုင်းပြိုင်၍ မရတဲ့ ဇမ္ဗူရာဇသိင်္ဂီ- နာရဏီ ရွှေတိုး ရွှေနှစ်ကဲ့သို့ သာကီဝင်မင်းမျိုးတွင် အလှပဆုံး အယဉ်ကျေးဆုံး ဖြစ်ပါပေသည်။

ထိုသို့ ဖန်ဆင်းရာ၌ ပါရမီတော်များသည် သူမရ ငါမရ အလှအယက် အကျိုးပေးကာ လောကဥ္စ ဆန်းလေသမျှ စခန်းစုံအောင် အစွမ်းကုန် ဖန်ဆင်းလိုက်သည့် အခါကြီးဖြစ်၍ ဘုရားရှင်၏ ပုံဟန်

တော်သည် ဖူးမျှော်၍မဝနိုင်အောင် တက်သစ်စနေဝန်း ထွန်းသစ်စ
လစန်းနှင့် ပွင့်ကာစပန်းကဲ့သို့ လန်းလန်းဆန်းဆန်း ရှုန်းရှုန်းဝေဝေ
အလွန် ကြက်သရေ ရှိတော်မူပါပေသည်၊ ဘုရားရှင်သည် ဘုရား
ဖြစ်တော်မူပြီး၍ တဝတိ်သာ နတ်ပြည်ဝယ် နတ် ဗြဟ္မာ တို့၏
အလယ်မှာ အဘိဓမ္မာတရားကို ဟောတော်မူ၏၊ ထိုအခါ ထို နတ်
ဗြဟ္မာတို့၏ရုပ်အဆင်းထက် ဘုရားရှင်၏အဆင်းတော်က သာလွန်၍
တင့်တယ်တော်မူပါသတဲ့။

ထိုစကားကို ဆိုသင့်ပါပေ၏၊ နတ် ဗြဟ္မာတို့သည် အလွန် လှကြ
ပါပေလိမ့်မည်၊ သို့သော် သူတို့၏ကိုယ်တွင်း၌ ရာဂ ဒေါသစသော
အညစ်အကြေး မကင်းပါ၊ ဘုရားရှင်ကား အညစ်အကြေး ကင်း၍
သန့်ရှင်းသော စိတ်တော်ဝယ် သဗ္ဗညုတဉာဏ်တော်နှင့် မေတ္တာ
ကရုဏာတော် ထုံမွှမ်းလျက်ရှိသောကြောင့် သာလွန်နိုင်ပါသည်။

ထိုမျှလောက် သပ္ပါယ်၍ တင့်တယ်သော ရုပ်ပုံတော်သခင် ဘုရား
ရှင်ကို မျက်မြင် ကိုယ်တွေ့ ဖူးမျှော်၍လျှင် တရားစစ် တရားမြတ်ကို
အနာဒေါပ်လျက် မြတ်နိုးလှစွာ မနာလိုက်ရခြင်းမှာ ယခုခေတ် ဗုဒ္ဓ
ဘာသာဝင်တို့ လွန်စွာ ကံဆိုးလှချေတကား၊ သို့သော် ဘုရားရှင်၏
ဓမ္မစကြာ အနုတ္တလက္ခဏသုတ် သတိပဋ္ဌာန် စသည်ဖြင့် အဖိုးတန်
တရားတော်ကြီးများ မမျက်မပြား တည်ရှိနေသေး သောကြောင့်
ထို တရားတော်များကို ကိုယ်တွေ့ လိုက်စား၍ တရားထူးရအောင်,
တရားထူး မရသေးလျှင် နောင် ပွင့်တော်မူလာမည့် အရိမေတ္တေယျ
ဘုရားရှင်ကို ဖူးမြင်နိုင်အောင် ယခုကပင် ကြိုးစားကြပါလေ။

ရောင်ခြည်တော်ဖွင့်

(ကျက်မှတ်ရန်)

နီလာယော နီလဋ္ဌာနမှာ,
ပီတော၊ဒါတာစ လောဟိတာ၊

တမှာ တမှာစ မဇ္ဇိဋ္ဌာ,
နိက္ခမိ သု ဗဘာဿရာ။

ယဿ ဘဂဝတော-အကြင် ရွှေဘုန်းတော်သခင်,ရှင်တော်မြတ်
ဘုရား၏၊ နီလဋ္ဌာနမှာ - ဆံမုတ်ဆိတ်တော်, မျက်နှာတော်မှ, စ၍
ထိုထို, ညိုရောင် ဖိတ်ဖိတ်, ကိုယ်အင်္ဂါတော် အစိတ်စိတ်မှာ၊ နီလာ
ယော – နီလာရွှေညို, ဖဲ အညိုနှင့်, ကြာညို ပွင့်ချပ်, မြည်းယပ်သို့,
လျှပ်လျှပ်စိုပြောင်,ညိုမှောင်သော ရောင်ခြည်တော်တို့သည်၊ နိက္ခမိ
သု - ဝန်းကျင် အထက်, ဝဲယာယှက်၍, မြန်းထွက် ကွန့်မြူးတော်မူ
ကြလေကုန်ပြီ၊ ပီတဋ္ဌာနမှာ– ကိုယ်အရေတော်, မျက်လုံးတော်မှ,
စ၍ ထွေထွေ, ရွှေရောင်ဖိတ်ဖိတ်, ကိုယ်အင်္ဂါတော် အစိတ်စိတ်မှာ၊
ဝိတာစ-ရွှေနှစ်သင်္ဃိ, ရွှေအထည်နှင့်, ရွှေရည်ယဉ်သန်း, ရွှေစင်ပန်း
သို့, လျှမ်းလျှမ်းထိန်ဝေ,ဝါရွှေသောရောင်ခြည်တော်တို့သည်လည်း၊
နိက္ခမိ သု - ဝန်းကျင် အထက်, ဝဲယာယှက်၍, မြန်းထွက် ကွန့်မြူး
တော်မူကြလေ ကုန်ပြီ၊ လြဒါတဋ္ဌာနမှာ - အရိုးတော် သွားတော်
မျက်ဖြူတော်မှ, စ၍ ဖွေးလူ, ဖြူရောင်ဖိတ်ဖိတ်, ကိုယ်အင်္ဂါတော်
အစိတ် စိတ်မှာ၊ လြဒါတာစ - ငွေလရောင်ခြည်, ငွေအထည်နှင့်,

ငွေရည်ယဉ်သန်း, ငွေစင်ပန်းသို့, လျှမ်းလျှမ်းဖွေးလူ, ဖြူဝင်းသော ရောင်ခြည်တော်တို့သည်လည်း၊ နိကွမိံ သု-ဝန်းကျင်အထက်, ဝဲယာယှက်၍, မြန်းထွက် ကွန့်မြူးတော်မူကြလေကုန်ပြီ။

လောဟိတဋ္ဌာနမှာ-အသားတော်အသွေးတော်, နှုတ်ခမ်းတော်မှ, စ၍ ထိုဤ, နီရောင် ဖိတ်ဖိတ်, ကိုယ်အင်္ဂါတော် အစိတ်အစိတ်မှ၊ လောဟိတာစ-ကမ္ဗလာနီ, သန္တာနီနှင့်, ကြာနီပွင့်ချပ်, ပဒမြားယပ်သို့, လျှပ်လျှပ် ထိန်ကြည်, နီသော ရောင်ခြည်တော်တို့သည်လည်း၊ နိကွမိံ သု-ဝန်းကျင်အထက်, ဝဲယာယှက်၍, မြန်းထွက်ကွန့်မြူးတော်မူကြလေကုန်ပြီ၊ တမှာတမှာ— လက်ခြေ ဖဝါးတော်, လက်သည်းတော်မှ,စ၍ ခပင်း, မကြွင်းထိုထို, ကိုယ်အင်္ဂါတော် အစိတ်စိတ်မှ၊ မဉ္ဇိဋ္ဌာစ - ထန်းကျင့် နီပဆေး, ပန်းရောင်သွေးသို့, နီတွေးလွင်လွင်, ဝါကြင်ကြင်လောင်း, မောင်းသော ရောင်ခြည်တော် အပေါင်းတို့သည်၎င်း၊ ပဘဿရာစ — နဘံအဇဋ္ဌာ*, ဝသန္တာဝယ်, သံဝါထစ်ချုန်း, မိုဃ်းရွာတုန်း၌, ရုန့်ရင်း ပြက်သန်း, လျှပ်စစ်ပန်းသို့, ပျံမြန်း ပြိုးပြက်, တလက်လက်ထွက်သော ရောင်ခြည်တော်တို့သည်၎င်း၊ နိကွမိံ သု- ဝန်းကျင်အထက်, ဝဲယာယှက်၍,မြန်းထွက်ကွန့်မြူးတော်မူကြလေကုန်ပြီ။

× × × × ×

*မှတ်ချက်။ ။ အထက်ကောင်းကင်ကို "နဘံအဇဋ္ဌာ" မိုဃ်းအခါကို "ဝသန္တာ" ဟု ခေါ်သည်၊ မိုဃ်းလအခါ အထက်ကောင်းကင်ဝယ် မိုးရွာတုန်း၌ လျှပ်စစ်များ ပျံသန်းသလို ဝင်းကနဲ လက်ကနဲလည်း ရောင်ခြည်တော်များ ထွက်တော်မူကြသည်။

ကြည့်ရှုရန် အဓိပ္ပါယ်

နီလရောင်ခြည်တော်။ ။ဘုရားရှင်၏ ဆံမုတ်ဆိတ်တော်နှင့် မျက်လုံးတော် အတွင်းက မျက်နက်ဝန်းတော်တို့သည် အညိုရောင်တောက်ပ၍ တင့်တယ်တော်မူကြကုန်၏၊ ထိုကဲ့သို့ ပင်ကိုယ်အားဖြင့် ညိုမှောင်နေသောကိုယ်အင်္ဂါတော်၏အစိတ်အပိုင်းမှ နီလရောင်ခြည်တော်များ ထွက်တော်မူကြသည်။

ဤ နီလရောင်ခြည် ထွက်တော်မူသောအခါ ဣန္ဒနီလာကျောက်ရတနာအဆင်း, ရွဲညိုအဆင်း, တဖိတ်ဖိတ်တောက်သော ဖဲပုဝါညိုအဆင်း , ကြာညို ပွင့်ချပ်အဆင်း , မြရတနာဖြင့် ပြုအပ်သော ယပ်တောင် အဆင်း , စသည်နှင့် တူစွာ အလွန် ကြည်နူးဘွယ်ကောင်းသော ညိုညို မှောင်မှောင် အရောင်တို့သည် ရှင်တော်ဘုရား၏ ဝဲယာဘက်နှင့် အထက်အောက် (ထက်ဝန်းကျင်) အရပ်တို့၌ အိမ်လုံး တောင်လုံးခန့်မျှ၎င်း , ထို့ထက် ကြီးမားစွာ၎င်း, အနှံ့အပြား ပျံသန်း ကွန့်မြူးကာ အထူး ကြက်သရေရှိပါပေသည်။

ပီတရောင်ခြည်တော်။ ။ဘုရားရှင်၏ ကိုယ် အရေတော်နှင့် မျက်လုံးတော် အထက်က မျက်ခွံတော် စသော အရေတော်တို့သည် ဝါဝါဝင်းဝင်း ရွှေအဆင်းကဲ့သို့ လွန်မင်းစွာ တင့်တယ်ကြကုန်၏၊ ထိုသို့ ပင်ကိုယ်အားဖြင့် ရွှေအဆင်းရှိနေသော ကိုယ်အင်္ဂါ အစိတ်အပိုင်းမှ ပီတရောင်ခြည်တော်များ ထွက်တော်မူကြသည်။

ဤ ပီတရောင်ခြည် ထွက်တော်မူသော အခါ "သိင်္ဂနိက်" ဟု ခေါ်သော သိင်္ဂီရွှေစင် ရွှေနှစ်အဆင်း,ရွှေပြား ရွှေထည် အဆင်း, တသွင်သွင်စီးသွားသောရွှေရည်အဆင်း-ရွှေပန်းအဆင်းစသည်နှင့်

တူစွာ အလှန်ကြည်နူးဘွယ်ရှိသော ဝါရွှေရွှေအရောင်တော်တို့သည် ဘုရားရှင်၏ ထက်ဝန်းကျင် အရပ်၌ အိမ်လုံး တောင်လုံးခန့်မျှငင်း, ထို့ထက် ကြီးမားစွာငင်း, ပျံသန်းကွန့်မြူးလျက် အထူး ကြက်သရေရှိပါပေသည်။

ဩဒါတ ရောင်ခြည်တော် ။ ။ ဘုရားရှင်၏ အသားတော် အတွင်း၌ရှိသော အရိုးတော် သွားတော် မျက်ဖြူတော်စသည်တို့မှာ လွန်စွာ ဖြူဝင်း သန့်ရှင်း တင့်တယ်ပါပေကုန်၏၊ ထိုသို့ ပင်ကိုဇာ အားဖြင့် ဖြူဝင်းသော ကိုယ်အင်္ဂါတော် အစိတ်အပိုင်းမှ ဩဒါတ ရောင်ခြည်တော်များ ထွက်တော်မူကြသည်။

ဤ ဩဒါတရောင်ခြည် ထွက်တော်မူသော အခါ ငွေအရောင် တောက်ပသောလရောင်အဆင်း, ငွေပြားငွေထည်အဆင်း, ကူးသန်း သွားလာသော ငွေရည်အယဉ်-ငွေပန်းအဆင်း စသည်တို့နှင့်တူစွာ အလွန် ကြည်နူးဘွယ်ရှိသော ဖြူဝင်းသော အရောင်တို့သည် ဘုရား ရှင်၏ ထက်ဝန်းကျင် အရပ်တို့၌ အိမ်လုံး တောင်လုံးခန့် မျှငင်း, ထို့ ထက် ကြီးမားစွာငင်း, အနှံ့အပြား ပျံသန်းကွန့်မြူးလျက် အထူး ကြက်သရေရှိပါပေသည်။

လောဟိတ ရောင်ခြည်တော် ။ ။ ဘုရားရှင်၏ အရေတော် အတွင်းက အသားတော် အသွေးတော်နှင့် နှူတ်ခမ်းတော် စသည် တို့မှာ လွန်စွာ နီမြန်းပါပေကုန်၏၊ ထိုကဲ့သို့ ပင်ကိုယ်အား ဖြင့် နီခြိန် တွေးတွေး ဟသံပြဒါးသွေးနှင့်တူသော ကိုယ်အင်္ဂါ အစိတ်အပိုင်းမှ လောဟိတ ရောင်ခြည်များ ထွက်တော်မူကြသည်၊ ဤ လောဟိတ ရောင်ခြည် ထွက်တော်မူသောအခါ ကမ္မလာနီအဆင်း "သန္ဓာ" ဟု

ခေါ်အပ်သော ရတနာနီ အဆင်း, ကြာနီပွင့်အဆင်း, ပဒမြားယပ် အဆင်း စသည်တို့နှင့်တူစွာ ကြည်နူးဘွယ်ကောင်းသော အနီရောင် တို့သည် ဘုရားရှင်၏ ထက်ဝန်းကျင်အရပ်၌ အိမ်လုံး တောင်လုံးခန့် မျှငင်း, ထို့ထက် ကြီးမားစွာငင်း, ပျံသန်း ကွန့်မြူးလျက် အထူး ကြက်သရေရှိပါပေသည်။

မဉ္ဇိဋ္ဌ ရောင်ခြည်တော် ။ ။ မောင်းသောအဆင်း ရှိသော မဉ္ဇိဋ္ဌ ရောင်ခြည်တော်များကား အဝါဘက်လည်း မကျ, အနီရင့် ဘက်လည်း မကျ, နီကြင်ကြင် ဝါကြင့်ကြင့် ရှိသော ကိုယ်အင်္ဂါ တော်၏ ထိုထိုအရပ်မှ ထွက်တော်မူကြသည်၊ ဤ မဉ္ဇိဋ္ဌရောင်ခြည် ထွက်တော်မူသောအခါ အချို့ အရပ်တို့၌ ရှိသော ထန်းကျင့်ပင်, သို့မဟုတ် "နီပဆေး" ဟု ခေါ်အပ်သော သစ်ပင်၏ အတွင်းသား အဆင်းကဲ့သို့ အဝါရင့် ပန်းရောင်အစု, အနီနုပုံသဏ္ဌာန် အင်မတန် ကြည်နူးဘွယ်ကောင်းသော ရောင်ခြည်တော်တို့သည် ဘုရားရှင်၏ ထက်ဝန်းကျင် အရပ်တို့၌ အိမ်လုံး တောင်လုံးခန့်မျှငင်း, ထို့ထက် ကြီးမားစွာငင်း, အနှံ့အပြား ကွန့်မြူးလျက် အထူး ကြက်သရေ ရှိပါပေသည်။

ပဘာသရ ရောင်ခြည်တော် ။ ။ ပြိုးပြိုးပြက် ထွက်သော "ပဘာသရ" ရောင်ခြည်တော်၏ အဆင်းကား ရှေး ရောင်ခြည်တော် ငါးသွယ်၏ အဆင်းပင် ဖြစ်သည်၊ ထွက်တော်မူပုံ ထူးသောကြောင့် ရောင်ခြည်တော်တပါးဟု ခွဲထားရသည်၊ ရှေ ရောင်ခြည်တော်များ မှာ အဆက်မပြတ်ဘဲ အိမ်လုံး တောင်လုံးခန့် စသည်ဖြင့် ကြီးကြီး မားမား ကျယ်ဝန်းစွာ ပျံနှံ့ ကွန့်မြူးလျက် ထွက်တော် မူကြသည်၊

ဥပမာ – ညိုသောရောင်ခြည်တော် ဆိုလျှင် လက္ခဏ သန်းခေါင်အခါ၌ ညိုမှောင်နေသကဲ့သို့ တဆက်တည်း ညိုမှောင်နေသည်။

ဤ "ပဘာသရ" ရောင်ခြည်တော်ကား တဆက်တည်း မဟုတ်, ကောင်းကင်ဝယ် လျှပ်စစ် ပြက်သလို ပြိုးကနဲ ပြက်ကနဲ လက်ကနဲ ဖြစ်ကာ အရောင်အမျိုးမျိုး ဖြာလျက် တမျိုးအားဖြင့် ကြက်သရေရှိအောင် ထုတ်တော်မူကြသည်၊ ဤကဲ့သို့ လင်းကနဲ လက်ကနဲနှင့် ပြိုးပြိုးပြက် ထုတ်တော်မူရာဝယ် "ပိုးစုန်းကြူး" ဟု ခေါ်အပ်သော ပိုးကောင်ကလေးများ ညအခါ၌ လက်သလို သေးသေး သိမ်သိမ်မဟုတ်, မှန်အပြင် ကြေးမုံအပြင်ပေါ်မှာ လရောင် ဓာတ်မီးရောင် ဟပ်သကဲ့သို့, ကတ်ကတ်သတ်သတ် မထင်မရှားဖြင့် မလင်းတလင်းမျိုးလည်း မဟုတ်, ကြီးကြီးမားမား ထင်ရှားစွာ ထုတ်တော်မူကြပေသည်။

ရောင်ခြည်တော် ပြဿနာ။ ။ပြခဲ့သည့်အတိုင်း "ရောင်ခြည်တော်" ဟူသည် ဘုရားရှင်၏ ကိုယ်ခန္ဓာ၌တည်ရှိသော အဆင်းတော်နှင့်တူစွာ အတွင်းစိတ်တော်၏ ကြည်လင် သန့်ရှင်းမှုကြောင့် တန်ခိုးဣဒ္ဓိပါဒ်တော် အစွမ်းဖြင့် အဆက်ဆက် ဖြာ၍ ထုတ်သော အရောင်များပင် ဖြစ်သည်၊ ယခုအခါ၌ လရောင် ဓာတ်မီးရောင် စသည်တို့ဟပ်သဖြင့် ဘုရားရှင်နှင့်စပ်သော အရာဝတ္ထုများ၌ တခုခု အရောင်ကလေး တွေ့လျှင် "တကယ် ရောင်ခြည်တော်ဘဲ" ဟု ပြောကြ ဆိုကြ ကောလာဟလဖြစ်နေကြသည်မှာ ဘာသာခြားလူမျိုးတို့ ပြက်ရယ်ပြောင်လှောင်စရာ ဖြစ်သောကြောင့် အဆင်ခြင်နည်းပါးသူ အချို့လူများအတွက် ဘုရားရှင် ကိုယ်တော်မြတ်မှာ ဂုဏ်တော် မတက်ဘဲ

ဂုဏ်ပျက်ဘွယ်သာ ရှိသဖြင့် ဝမ်းနည်းဘွယ် ကောင်းလှချေသည်၊ မင်းတုန်းမင်းတရားကြီး လက်ထက်က ရှေးသည်များ၏ပယောဂဖြင့် မန္တလေး – မဟာမြတ်မုနိ ရုပ်ပုံတော်မှ ခဏခဏ ရောင်ခြည်တော် လွှတ်နေကြောင်းကို မင်းတရားကြီး ကြားသိတော်မူ၍ "ယနေ့က စပြီး ဘုရားက ရောင်ခြည်တော် မလွှတ်စေနှင့်" ဟု တားမြစ်ရာ၌ သတဲ့။

မိလိန္ဒမင်းအား အရှင်နာဂသိန် ဖြေပုံ

[ဤနေရာဝယ် စေတီယပါဠိဟာရိယအခက်း၌ မိလိန္ဒမင်းအား အရှင်နာဂသိန် မိန့်တော်မူပုံကို မှတ်သားသင့်၏။]

ရှင်နာဂသိန်။ ။ မဟာရာဇာ.... အကြောင်း ၃ မျိုးတွင် တမျိုးမျိုးကြောင့် စေတီတော်မှ ရောင်ခြည်တော် စသော တန်ခိုးများကို ဖူးမြင်ကြရသည်။

(၁) ရဟန္တာတပါးသည် ပရိနိဗ္ဗာန် စံတော်မမူမီကပင် လူ နတ် တို့ကို သနားတော်မူသောကြောင့် "ငါ၏ အရိုးဓာတ် ထာပနာရာ စေတီတော်မှ မည်သည့်တန်ခိုးမျိုး ထုတ်ပေါ်ရစ်စေသတည်း" ဟု အဓိဋ္ဌာန်တော်မူတတ်၏၊ ထို ဓိဋ္ဌာန်တော်မူချက်ကြောင့်လည်း စေတီတော်မှ ရောင်ခြည်တော်စသော တန်ခိုးများ ပေါ်ထွက်တတ်ပေသည်။

(၂) သာသနာကျိုးကို များစွာ လိုလားသော နတ်တို့သည် "စေတီတော်၌ တန်ခိုးပြရလျှင် သာသနာတော်ကို ပိုမို၍ ကြည်ညိုကြလိမ့်မည်၊ ကြည်ညိုသူတို့မှာ ကုသိုလ်တရား တိုးပွားလိမ့်မည်" ဟု ကောင်းမြတ်သော ဆန္ဒဖြင့် တန်ခိုးပြတတ်ကြ၏၊ ထိုသို့ နတ်များ၏ တန်ခိုးပြမှုကြောင့်လည်း စေတီတော်မှ တန်ခိုးပေါ်ထွက်တတ်ပေသည်။

(၃) သဒ္ဓါတရား ထက်သန်သော အမျိုးသား အမျိုးသမီး လူကြီးလူကောင်းတို့သည် ပန်း နံ့သာ အဝတ်စသော လှူဘွယ်ဝတ္ထုများကို စေတီတော်သို့ တင်လှူလျက် "မည်သည့် တန်ခိုးများ ပြပါစေသား" ဟု ဓိဋ္ဌာန်တတ်ကြ၏၊ ထိုသို့ သဒ္ဓါထက်သန်သူတို့၏ ထူးခြားသော ဓိဋ္ဌာန်မှုကြောင့်လည်း စေတီတော်မှ တန်ခိုးထွက်ပေါ်တတ်ပေသည်၊ ဤသို့ မိလိန္ဒမင်းအား အရှင်နာဂသိန် မိန့်တော်မူသည်။

ဤအမိန့်တော်ကိုထောက်ထားလျှင် ဘုရားရှင်နှင့် ရဟန္တာများ၏ အထူးအဓိဋ္ဌာန်ထားချက် မရှိသော စေတီတော်မှ ရောင်ခြည်တော်များ ထွက်တို့ရန် မဖြစ်နိုင်၊ အကယ်၍ ရောင်ခြည်တော် ထွက်ရှိးမှန်လျှင်လည်း ဆိုင်ရာနတ်များက ဆောင်ပြခြင်းသာ ဖြစ်ရာ၏၊ ဘုရားရှင်၏ ဓိဋ္ဌာန်တော်မူချက်ကြောင့် မဟာဗောဓိပင်မှငင်း, အရိုးဓာတ်တော်များမှငင်း, ရောင်ခြည်တော်များ ခမ်းနားစွာ ကွန့်မြူးကြောင်း, သာသနာ ကွယ်ပသောအခါ ဓာတ်တော်အားလုံး စုရုံး၍ ဘုရားပွင့်တော်မူရာ မူလ မဟာဗောဓိပင်သို့ ကြွတော်မူပြီးလျှင် ရောင်ခြည်တော်များ ကွန့်မြူးကြလိမ့်မည့် အကြောင်းမျှသာ ကျမ်းဂန်၌ လာသည်။

ထို့ကြောင့် ရုပ်ပွား စေတီတော်များမှ ထွက်သော ရောင်ခြည်တော်ကို ဖူးရသည်ဖြစ်စေ မဖူးရသည်ဖြစ်စေ ဤ ရောင်ခြည်တော်ဖွင့် ဘုရားရှိခိုးမှာ လာသည့် အတိုင်း သက်တော်ထင်ရှား ဘုရားရှင်၏ ထက်ဝန်းကျင်ဝယ် အလွန် ကြည်နူးဘွယ်ကောင်းသော ရောင်ခြည်တော် ခြောက်သွယ် တို့၏ စံပယ် ကွန့်မြူးနေပုံကို စိတ်ကူးဉာဏ်ဖြင့် မှန်းဆ၍ မိမိတို့အိမ်မှာ ဖြစ်စေ, စေတီတော် ဆင်းတုတော် အနီးအပါးမှာ ဖြစ်စေ, ဘုရား အာရုံပြုရင်း ရောင်ခြည်တော်များ ထွက်တော်မူနေပုံကို ထင်ယောင်မြင်ယောင် ဖြစ်လာအောင် ကြိုးစားကြပါ၊ သူက ငါက လုပ်၍ပြသော အတုရောင်ခြည်များကို ဘုရားရောင်ခြည်တော်ဟု မထင်မှားမိပါစေနှင့်။

စေတီတော်ဖွင့်

(ကျက်မှတ်ရန်)

စရံ ယော ယဒိဝါ တိဋ္ဌံ,
နိသိန္နော ဥဒ ဝါ သယံ၊
နိဗ္ဗာယံ ဓာတုဘာဝေန,
ဟိတံ သတ္တာန မာစရေ။

ယော ဘဂဝါ-အကြင်ရှေဘုန်းတော်သခင်,ရှင်တော်မြတ်ဘုရားသည်၊ စရံဝါ-သံဃာတော်များ,ရှေတော်ဖျားက,ကြွသွား ထိုဤ, စက်တော်ခရီလျက်၎င်း၊ ယဒိဝါတိဋ္ဌံ-မကြွမသွား, ရှေတော်ငင်လား သို့, မားမားမတ်မတ်, ရပ်တော်မူလျက်၎င်း၊ နိသိန္နော ဝါ-ပရိသတ်အလယ်, ရောင်ခြောက်သွယ်ဖြင့်, ထက်ဝယ်ဖွဲ့ခွေ, ထိုင်နေတော်မူလျက်၎င်း၊ ဥဒဝါ သယံ- အမေးပုစ္ဆာ, ဖြေရှင်းကာဖြင့်, ညွှဲ့ခါကျောင်းပေါ်,လျောင်းတော်မူလျက်၎င်း၊ နိဗ္ဗာယံ-ဝါလေးဆဲ့ငါး, သက်တော်အားဖြင့်, ကြီးမားလေတိ, ရှစ်ဆယ်ပြည့်၍, ပရိနိဗ္ဗာန်, ဝင်စံတော်မူခါနီးသည် ရှိသော်၊ ဓာတုဘာဝေန-နောင်ခါစင်စစ်, ကိုးကွယ်ရစ်ဘို့, အနှစ်အမြေ, ဓာတ်တော်အနေဖြင့်၎င်း၊ သတ္တာနံ-သုံးတိုက်ဝယ်နေ, ဗိုလ်ခြေများစွာ, သတ္တဝတို့၏၊ ဟိတံ-လူ့ရွာ နတ်ဌာန်, နိဗ္ဗာန်အထိ,ချမ်းသာရှိကြောင်း, ကောင်းသော အစီးအပွားကို၊ အာစရေ-ရင်သွေးရာဟု, ပမာရှုလျက်, အမှုသင့်စွာ, ပြုကျင့်ပါပေသည် တကား။

ကြည့်ရှုရန် အဓိပ္ပါယ်

ဘုရားရှင်သည် "သတ္တဝါအများကို သံသရာရေဃဉ်မှ ကယ်တင်တော်မူမည်" ဟု ရည်ရွယ်တော်မူပြီးလျှင် ဘုရားဖြစ်ဘို့ရန် ပါရမီတော်များကို ဖြည့်ကျင့်တော်မူခဲ့သည်အား လျော်စွာ, ဘုရားဖြစ်သောအခါ၌ တည်နေရမည့် အသက်တမ်းကလည်း လွန်စွာ တိုလျှ, သတ္တဝါများ၏ သန္တာန်မှာလည်း တရားကင်းမဲ့လှသဖြင့်, လေးဆယ့်ငါးနှစ်ပတ်လုံး နေ့စဉ်နှင့်အမျှ အာဒီနဝဉာဏ်တော် ရတော်မမူဘဲ သတ္တဝါတို့၏ အကျိုးကို ပြုကျင့်ရင်း အချိန်ကုန်စေတော်မူပါသည်။

နေ့အချိန် ။ ။ဆွမ်းဘဉ်းပေးတော် မမူမီ ဆွမ်းခံကြွတော်မူရင်းလည်း လူအပေါင်းကို သင့်လျော်အောင် ဟောပြ ဆုံးမတော်မူရ၏၊ "ဆွမ်းဘဉ်းပေးတော်မူပြီး" နောက် ရဟန်းသံဃာတော်များ ဆည်းကပ်လာကြသောအခါ ဆုံးမသြဝါဒနှင့် ကမ္မဋ္ဌာန်းတရားကို ပေးတော်မူရ၏၊ ထို့နောက် ရဟန်းများ ပြန်ကြွကြသဖြင့် ခေတ္တမျှ ကိန်းအောင်းတော်မူပြီး၍ ထတော်မူသောအခါ တလောကလုံးကို သိမ်းကျုံးလျက်ချေခွတ်သင့်သော သတ္တဝါအများကို ကြည့်ရှုတော်မူရ၏၊ ထို့နောက် ဆိုင်ရာမြို့ရွာမှ ရောက်လာသော လူပရိသတ်ကို တရားဟောတော်မူရ၏၊ ထို့နောက် ညနေစောင်း၍ လူအများ ပြန်သွားသောအခါ ရေသုံးသပ်တော် မူပြီးလျှင် ခေတ္တ ခဏ နားနေတော်မူစဉ် နေဝင်လေ၏။

ညဉ့်အချိန် ။ ။နေဝင်ပြီးနောက် ညဉ့်ဥုံးယာမ် အခါ၌ ရောက်လာသောရဟန်းတော်များတွင်အချို့က ကမ္မဋ္ဌာန်းတောင်း, အချို့က ပုစ္ဆာလျှောက်, အချို့ကလည်း တရားတောင်းလေရာ,

အားလုံး၏ အလိုဆန္ဒကို ပြည့်ဝစေလျက် ညဉ့်ဥုံးယာမ်ကို ကုန်စေတော်မူပါသည်၊ သန်းခေါင်ယာမ်အခါ ရဟန်းတော်များပြန်ကြွ၍ မကြာမီပင် လူခြေတိတ်ချိန်မှာ စကြာဝဠာတသောင်းမှအချို့သောနတ် ဗြဟ္မာအပေါင်းတို့ လာရောက်၍ ပုစ္ဆာမေးကြ, တရားတောင်းပန်ကြပြန်ရာ ဖြေရှင်းရင်း ဟောပြတော်မူရင်းဖြင့် သန်းခေါင်ယာမ်အချိန်ကို ကုန်လွန်စေတော်မူ၏။

မိုးသောက်ယာမ်အခါ။ ။မိုးသောက်ယာမ်အခါကို သုံးပိုင်းပိုင်း၍, ရှေးဥုံးတပိုင်း အချိန်၌ စကြံကြွတော်မူ၏၊ အလယ်ပိုင်း၌ ကျိန်းစက်တော် မူပြီးလျှင် အာရုဏ် မတက်ခင် ခပ်စောစော အပိုင်း၌ ရှေးရှေးသော သာသနာက ဖြည့်ကျင့်ခဲ့၍ ကောင်းမှုပါရမီ စုံညီ ပြည့်ဝသဖြင့် ချေချွတ်သင့်သူတို့ကို ကြည့်ရှု ဆင်ခြင်တော် မူ၏၊ ထို့နောက် အလင်းရောက်၍ အချိန်ကျက ဆွမ်းခံကြွတော်မူရ၏၊ ဤသို့လျှင် ရင်သွေးတော် ရာဟုလာနှင့် မခြားဘဲ သတ္တဝါအများကို သနားတော်မူသဖြင့် သတ္တဝါတို့၏ အကျိုးကိုသာ အမြဲ ပြုကျင့်တော် မူပေသည်။

ကြွချီတော်မူပုံ ။ ။နောက်တော်ပါ သံဃာတော်များ၏ ရှေ့တော်က စက်လက္ခဏာတို့ဖြင့် တင့်တယ်သော ခြေတော်ကို ကြွချီလျက် ထိုထို ဤဤ ဒေသစာရီ လှည့်တော်မူရင်းလည်း ဝေနေယျတို့၏အကျိုးကို သည်ပိုးရွက်ဆောင်တော်မူ၏၊ ထို့ကြောင့် ယခုအခါ ကြွသွားတော်မူပုံ ရေးသား ထုလုပ်ထားအပ်သော ရုပ်ပုံ ရုပ်ပွားဆင်းတုတော်များကို ဖူးရသည်ရှိသော် ရုပ်ပွားတော်လောက်သာ စိတ်မထားဘဲ (မိမိအိမ်၌ မိဘ ဘိုးဘွားတို့၏ ဓာတ်ပုံကို မြင်ရလျှင်

ဓာတ်ပုံတွင်မက, အသက်ရှင်တုန်းက မိဘဘိုးဘွားကိုပါ တခါတည်း သတိရလျက် ပြောဆိုဆုံးမပုံတွေပါ ထင်ယောင်မြင်ယောင် ဖြစ်လာ သကဲ့သို့) သက်တော်ထင်ရှား မြတ်စွာဘုရား၏ ကြွသွားတော်မူပုံ ကိုပါ ထင်ယောင်မြင်ယောင်ဖြစ်လာစေလျက် နှစ်သက်ကြည်နူးစွာ ဖူးမျှော်ကြပါ။

ရပ်တော်မူပုံ။ ။ကြွသွားတော်မမူဘဲ ရွှေတောင်ကြီးအလား ကဲ့သို့ မားမားမတ်မတ် တန့်ရပ်တော်မူလျက်လည်း ဝေနေယျတို့၏ အကျိုးစီးပွားကို သည်ပိုး ရွက်ဆောင်တော်မူ၏၊ ထို့ကြောင့် ယခု အခါ ရပ်တော်မူနေပုံကို ရေးသားထုလုပ်အပ်သော ရုပ်ပုံ ရုပ်ပွား ဆင်းတုတော်များကို ဖူးမျှော်ရသည် ရှိသော် သက်တော် ထင်ရှား ဘုရားရှင် ကိုယ်တော်မြတ်က ရပ်တော်မူလျက် မိမိအား ဆုံးမတော် မူနေပုံကို ထင်ယောင်မြင်ယောင်ဖြစ်လာအောင် အလွန် ရိုသေစွာ ဖူးမျှော်ကြပါ။

ထိုင်နေတော်မူပုံ။ ။ပရိသတ်အလယ်မှာ ရောင်ခြည်တော် ခြောက်သွယ်ကို တခါတရံလွှတ်တော်မူပြီးလျှင် ထက်ဝယ်တင်ပလ္လင် ဖွဲ့ခွေတော် မူလျက်လည်း တရား ဟောပြောကာ သတ္တာများ၏ အကျိုးကို သည်ပိုး ရွက်ဆောင်တော်မူခဲ့ ပါသည်၊ ထို့ကြောင့် ယခုအခါ တင်ပလ္လင်ဖွဲ့ခွေ ထိုင်နေတော်မူပုံကို ရေးသား ထုလုပ် အပ်သော ရုပ်ပုံ ရုပ်ပွား ဆင်းတုတော်များကို ဖူးမျှော်ရသည် ရှိသော် ရုပ်ပွားတော် လောက်တွင်သာ စိတ်မထားဘဲ သက်တော် ထင်ရှား မြတ်ဘုရား၏ အနီး၌ တရားဓမ္မ သြဝါဒတော်ကို နာနေရ သကဲ့သို့ ထင်မြင်လာအောင် ဖူးမျှော်ကြပါ။

လျောင်းတော်မူပုံ ။ ။ ညဉ့်အခါ ဂန္ဓကုဋ္ဌိတိုက်တော်ဝယ် ရံဖန်ရံခါ လျောင်းတော်မူလျက်လည်း နတ် ဗြဟ္မာများ၏ လျှောက် ထားသမျှ ပုစ္ဆာတို့ကို ဖြေရှင်း ဟောပြ၍ သတ္တာတို့၏ အကျိုးကို ဆောင်တော်မူပါသည်၊ ထို့ကြောင့် ယခုအခါ "ရွှေသာလျောင်း" ဟု ခေါ်အပ်သော လျောင်းတော်မူပုံကို ဖူးမျှော်ရသည် ရှိသော် သက်တော်ထင်ရှား မြတ်ဘုရား၏ အမေး ပုစ္ဆာများကို ဖြေရှင်း ဟောပြနေပုံကို ထင်မြင်လာအောင် ဖူးမျှော်ကြပါ။

ဓာတ်မွေတော်များ။ ။ဘုရားရှင်သည် ၂၉ နှစ်အရွယ်တော်၌ တောထွက်တော်မူ၍ ၃၅ နှစ်အရွယ်မှာ ဘုရား ဖြစ်တော်မူပြီးလျှင်, သက်တော် ၈၀ အပြည့်မှာ ပရိနိဗ္ဗာန်စံတော်မူသောကြောင့် ဘုရား အဖြစ်၌ ဝါတော် ၄၅ ဝါမျှသာ သီတင်းသုံးတော်မူရသည်၊ ထို ၄၅ ဝါမျှဖြင့် ကာလမကြာရကား နောင်အခါ ဗုဒ္ဓသာသနာတော် ကို ယုံကြည်သူတို့ ကိုးကွယ်ရစ်ကြဘို့ရာ အမွေအနှစ်ပေးခဲ့သည့်အနေ အားဖြင့် ရှင်တော်မြတ်၏ အရိုးဓာတ်တော်များကို အစိတ်စိတ် အမှာမှာဖြစ်အောင် ဓိဋ္ဌာန်တော်မူခဲ့ပါသည်။[သက်တော်ရှည်သော ဘုရားရှင်၏ အရိုးဓာတ်တော်ကား အစိတ်စိတ် အမှာမှာ မဖြစ်ဘဲ တလုံးတခဲတည်း တည်ရစ်တော်မူ၏။]

ထို့ကြောင့် ဓာတ်တော်များကို ဖူးမျှော်ရသော အခါ၌ဌင်း, ဓာတ်တော်များကိုဌာပနာထားသော စေတီ ပုထိုးတော်ကိုဖူးမျှော် ရသောအခါ၌ဌင်း, ဓာတ်တော် စေတီတော်လောက်တွင် စိတ်မထား ဘဲ (မိဘ ဘိုးဘွား၏အရိုး, သို့မဟုတ် အရိုးအိုးကို မြင်ရသောအခါ မိဘ ဘိုးဘွားများလည်း ထင်ယောင်မြင်ယောင် ဖြစ်လာသကဲ့သို့) သက်တော်ထင်ရှား မြတ်ဘုရားကို ထင်မြင်အောင် ဖူးမျှော်ကြပါ။

စေတီတော် ၄ ပါး။ ။လူတို့၏ အမြတ်တနိုး ကိုးကွယ်ရာ ဌာနကို ပါဠိလို "စေတိယ" မြန်မာလို "စေတိ"ဟု ခေါ်သည်၊ မိမိတို့ အယူဝါဒအား လျော်စွာ ကိုးကွယ်အပ်သော သစ်ပင်ကြီး, တောင်ကြီး, တောင်ကြီး, သဲပုံ, အုဋ်ပုံ, ရုပ်တု ဟူသမျှတို့ စေတိ မည်ကြသည်သာ၊ ထို့ကြောင့် ယခုအခါ မြန်မာနိုင်ငံ၌ အုဋ်ပုံ သဲပုံများကိုသာ စေတိဟု ခေါ်ဝေါ်နေခြင်းသည် မစုံလင်သော ခေါ်ဝေါ်ခြင်းသာတည်း၊ ထိုသို့ စေတိတော် အမျိုးမျိုး ရှိသည်တွင် ဗုဒ္ဓဘာသာဝင်တို့ ကိုးကွယ်အပ်သော စေတိသည် ဓာတုစေတိ ဓမ္မစေတီ ဥဒ္ဒိဿစေတီ ပရိဘောဂစေတီ ဟု ၄ မျိုး ရှိ၏။

ဓာတုစေတီတော်။ ။ဘုရားရှင် ပရိနိဗ္ဗာန် စံတော်မူပြီးနောက် ကျန်ရှိရစ်သော အရိုးဓာတ်တော်များသည် ဓာတုစေတီ မည်၏၊ အမွေအနှစ် အဖြစ်ဖြင့် ဘုရားရှင် ထားတော်မူခဲ့သောကြောင့် "မွေတော်"ဟုလည်း ခေါ်ကြ၏၊ အမွေအနှစ်တော်ဟု ဆိုလိုသည်၊ ထို ဓာတ်တော်များတွင် အကြီးဆုံးသည် ပဲနောက်ခြမ်းခန့် ရှိ၏၊ အလတ်စား ဓာတ်တော်မှာ ဆန်ကျိုး ဆန်ကွဲခန့် ရှိ၏၊ အငယ်ဆုံး ဓာတ်တော်ကား မှုံညင်းစေ့ခန့် ရှိသည်၊

ဓမ္မ စေတီတော် ။ ။ ဘုရားရှင်၏ တရား ပိဋကတ်တော်များသည် ဓမ္မစေတီတော် မည်၏၊ ထို ပိဋကတ်တော်ဖြစ်သော တရားဓမ္မများသည် ရှိသေမြတ်နိုး ရှိခိုး ကိုးကွယ်ဆားရုံသာမက, ထို တရားတော်အတိုင်း ကျင့်ကြရသဖြင့် ဗုဒ္ဓဘာသာဝင်တို့အတို့မှာ လွန်စွာ အားကိုးလောက်သော စေတီတော်ပါပေတည်း။

ဥဒ္ဒိဿစေတီတော်။ ။ ဥဒ္ဒိဿဟူသော ပါဠိသည် ရည်စူးအပ် = ရည်မှန်းအပ်သော အရာဝတ္ထုကို ဟော၏၊ ထို့ကြောင့် သက်တော်ထင်ရှားမြတ်ဘုရားကို ရည်မှန်း၍ ဘုရားရှင် ပုံဟန်တော်၏ အတု ပြုလုပ်အပ်သော ရုပ်တော်မူပုံ ထိုင်တော်မူပုံ လျောင်းတော်မူပုံကို ဥဒ္ဒိဿ စေတီတော်ဟု မှတ်ပါ၊ ထို ဥဒ္ဒိဿစေတီတော်များကို ရုပ်ပွားတော် ဆင်းတု

တော်ဟုလည်း အမည် ပေးကြသည်။ [ဘုရားရှင်၏ ရုပ်ပုံတော်ကို အတုပွား၍ ထားသောကြောင့် "ရုပ်ပွားတော်" ဟုလည်း, ဘုရားရှင်၏ အဆင်းသဏ္ဌာန်တော်ကို အတု ပြုထားသောကြောင့် "ဆင်းတုတော်" ဟုလည်း အမည်ပေးခြင်းတည်း၊ ရုပ်ပုံတော် ဆင်းတုတော်မပါဘဲ စိတ်ထည်း၌ မှန်း၍ အာရုံပြုအပ်သော ပုံတော်ကိုလည်း "ဥဒ္ဒိဿစေတီတော်"ဟု ခေါ်နိုင်ပါသည်။]

ပရိဘောဂ စေတီတော် ။ ။ ဘုရားရှင်၏ အသုံးအဆောင်ကို ပါဠိလို "ပရိဘောဂ"ဟု ခေါ်၏၊ ထို့ကြောင့် ဓာတ်တော် ဌာပနာထားသော အုဋ်သားစေတီတော်, ရုပ်ပွားတော် ကိန်းဝပ်ရာဖြစ်သော ပြာသာဒ်စသည်, ဗောဓိပင်, ဘုရားရှင်၏ အသုံးအဆောင် ဖြစ်သော သင်္ကန်းသပိတ်တော်များကို "ပရိဘောဂစေတီတော်"ဟု မှတ်ပါ။

ဘုရား-ပုထိုး။ ။"ဘုရား-ပုထိုး"ဟူသော အသုံးအနှုန်းကို ယိုးဒယားမှ ကူးစက်လာသောအသုံးဟု ကြံကြ၏၊ ယိုးဒယားလူမျိုးများက ဆင်းတုစေတီတော်များကို စာရေးသောအခါ "ဝရား = ဗုဒ္ဓေါ်" ဟု ရေး၍, စာဖတ်သောအခါ "ဖရား = ဗုတ်ထိုး" ဟု အသံထွက်၏၊ ထို အသံထွက်ကို လိုက်၍ မြန်မာတို့က "ဘုရား= ပုထိုး"ဟု ရေးဟန်တူ၏။

ထို ယိုးဒယား အသုံးဖြစ်သော "ဝရား – ဗုဒ္ဓေါ်" စကားဦးလည်း "ဝရ= မြတ်သော + ဗုဒ္ဓေါ် = ဘုရား၊ မြတ်သောဘုရား = မြတ်စွာဘုရား" ဟု ဆိုလိုသည်၊ ထို့ကြောင့် "ဝရ = ဗရား = ဘုရား" ၌ ၃ မျိုးသည် ပါဠိဌ ယိုးဒယား မြန်မာ အသုံးအားဖြင့် ကွဲပြားသော်လည်း "မြတ်"ဟူသော အနက်အားဖြင့် တူမျှ၏၊ "ဗုဒ္ဓေါ် = ဗုတ်ထိုး= ပုထိုး" ၌ ၃ မျိုးလည်း ပါဠိ ယိုးဒယား မြန်မာအသုံးအဖြစ် ကွဲပြားသော်လည်း "ဘုရားရှင်"ဟူသော အနက်အားဖြင့် တူမျှသည်-ဟု မှတ်ပါ။ [ယခုကာလ၌ "မုခ်ဝ မပါလျှင် စေတီ, မုခ်ဝပါလျှင် ပုထိုး" ဟု ပြောကြသည်မှာ အခြေအမြစ်ကို မစဉ်းစားနိုင်ခြင်းကြောင့် ဖြစ်ရလေသည်။]

ဘုရားပုံတော်ကို အာရုံပြုသင့်ပုံ

ဗုဒ္ဓါနုဿတိ။ ။ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း စီးဖြန်း ပုဂ္ဂိုလ်များရာ၌ "ဘုရားရှင်၏ ပုံဖြင့်တော်ကိုအာရုံပြု၍ မစ်းဖြန်းရ, ဂုဏ်တော်ကိုသာ အာရုံပြု၍ စီးဖြန်းရမည်" ဟု ပြောကြသည်၊ ဘုရားရှင်၏ ရုပ်ပုံတော် သပ္ပါယ်ပုံသည် ဘဂဝါဂုဏ်တော်၌ပါဝင်သော သိရီဘုန်းတော်ပင် တည်း၊ ထို့ကြောင့် ရုပ်ပုံတော်ဖွင့် ရောင်ခြည်တော်ဖွင့် စေတီတော် ဖွင့် အခဏ်း ၃ ပိုင်းကို ပြန်၍ စဉ်းစားသောအခါ ဗုဒ္ဓရှင်တော်၏ အမျိုးဇာတ်အားဖြင့် ပင်ကိုယ်အတိုင်းပင် အလွန် တင့်တယ်တော် မူပုံ, တရံတခါ ရောင်ခြည်တော် ၆ သွယ်ဖြင့် သာ၍ သပ္ပါယ်တော် မူပုံ, ထိုမျှလောက် တင့်တယ် သပ္ပါယ်တော်မူသော ကိုယ်တော်ဖြင့် အားလပ်ခွင့်မရအောင် သတ္တဝါများ၏အကျိုးကို ပရိနိဗ္ဗာန် စံတော် မူချိန်အထိ ဆောင်တော်မူပုံများကို စိတ်ထည်း၌ ကြည်နူးဘွယ်ရာ ထင်မြင်လာပါလိမ့်မည်၊ ထိုသို့ ထင်မြင်လာသော ဘုရား အာရုံကို ပျောက်ကွယ်မသွားစေဘဲ အဖန်တလဲလဲ စွဲမြဲစွာ အာရုံယူနေမှုကို "ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းတမျိုး" ဟု မှတ်ပါ၊ [ဗုဒ္ဓ = ဘုရားကို + အနု = အဖန်ဖန် အထပ်ထပ် + သတိ = အမှတ်ရနေခြင်း။] ထိုအာရုံယူမှု၏ ရှေး သူတော်ကောင်းတို့ ထုံးဟောင်းတခုဖြစ်ကြောင်းကို မှတ်သား ဘို့ရာ ဗုဒ္ဓအပဒါန် ပါဠိတော်မှ ထုတ်ပြပါဦးမည်။

စကြာမင်း စိတ်ကူးပုံ။ ။ရှေးလွန်လေပြီးသောအခါ ငါတို့၏ ဘုရား အလောင်းတော်သည် တခုသော ဘဝဝယ် "တိလောက ဝိဇယ" မည်သော စကြာမင်း ဖြစ်ခဲ့ဘူး၏၊ ထိုမင်းသည် သံဃာတော် အများနှင့်စာက္ခ ရှေးရှေးသော ဗုဒ္ဓရှင်တော်မြတ်တို့ကိုဂုဏ်, ပစ္စေက

ဗုဒ္ဓါတို့ကိုဂုဏ် စိတ်ထဲ၌ထင်မြင်လာအောင် စိတ်ကူး၏၊ စိတ်ကူးသည့် အတိုင်း ထင်လာသော ဘုရားရှင်ကို လက်အုပ်ချီ၍ ဥုံးခေါင်းညွတ် လျက် နှစ်သက်ကြည်ညို ရိုသေစွာ ရှိခိုးဥုံးချ၏၊ ထိုမျှဖြင့် အားမရ သေးဘဲ ရတနာမျိုးစုံဖြင့် ခြယ်လှယ်အပ်သော "ဝေဇယန္တာ" မည်သော ရတနာဗိမာန် ပြာသာဒ်တော်ကြီးကို အထပ်ပေါင်း များစွာဆင့်လျက်.စိတ်ကူးဖြင့် ဖန်ဆင်းလိုက်၏၊ ထိုဗိမာန်ကြီး၀ယ် တင့်တယ် သာနားသော အခင်း အမျိုးမျိုးကိုလည်း .စိတ်ကူးဖြင့် ခင်းထား၏၊ သူ့နေရာနှင့်သူ ရေပြည့်အိုး ပန်းပြည့် ရေတင်ပေါင်း များကိုလည်း တည်ထား၏၊ ထို့နောက် ကျယ်ပြန့်သော တံခါးကြီး များမှ နောက်ပါ သံဃာတော်များနှင့် တကွ ဘုရားရှင် များစွာ, ပစ္စေကဗုဒ္ဓါ များစွာတို့၏ မိမိ၏ ပင့်ဖိတ်ချက် အရ ကြွတော်မူလာ ကြ၍ ရှေ့သားအတိ ပြီးသော ပလ္လင်တော်များ၀ယ် အသီး အသီး ထိုင်နေတော်မူပုံကို စိတ်ကူးလေသည်။

လှူဒါန်းပုံ။ ။ထို့နောက် လူ့ပြည် နတ်ပြည်၌ ရှိသမျှအထည် ကောင်းတို့ကို စုပေါင်း ဆောင်ယူလျက် ထို ဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာ သံဃာတော်တို့အား ၃ထည်သော (တိစီဝရိုက်) သင်္ကန်းကို လှူဒါန်း၍, မွန်မြတ်သော ခဲဘွယ် တောဇဉ် ချိုချဉ်ဩဇာ အဖြာဖြာ တို့ဖြင့် သပိတ် အသီးအသီးတို့၌ အပြည့်ထည့်၍ ဆက်ကပ်နေပုံကို စိတ်ကူးပြန်လေသည်၊ အသီးအသီး ဆွမ်း ဘဉ်းပေးပြီးသောအခါ ဘုရား ပစ္စေကာ အရိယာသံဃာတော်တို့သည် ဗိမာန်ကြီး၌ အသီး အသီးသော ရတနာတိုက်ခန်းသို့ဝင်ကာ ခေတ္တခဏမျှ ကိန်းအောင်း တော်မူကြပြီးနောက် ကိန်းအောင်းရာမှထ၍ တချို့က စျာန်၀င်စား နေပုံ, တချို့က ပြဿနာမေးပုံ ဖြေပုံများကိုပါ စိတ်ကူးလေသည်။

မွမ်းမံခြယ်လှယ်ပုံ။ ။ဘုရားပစ္စေကာ အရိယာသံဃာတော်တို့သည် စျာန်ဝင်စားမှုစသော အလိုတော်ရှိရာ ကိုစွဖြင့် မွေ့လျော်တော်မူနေကြစဉ် ထို အရှင်မြတ်တို့၏ အထက်တွင် ရတနာထီးဖြူဆောင်းလျက် မွေးကြိုင်သော ပန်းမျက်နှာကြက်တွေ တဝေဝေနှင့် ထီးများ၏ ပတ်ဝန်းကျင်ဝယ် နီမြန်းသော ဇာပန်းတွေ တွဲလျားကျနေပုံ, ရတနာဗိမာန်၏ အရပ်လေးမျက်နှာတို့၌ ကြာမျိုးငါးပါးဖြင့် တင့်တယ်သော ရေကန်ကြီးများ တည်နေပုံ, ပတ်ဝန်းကျင်ဝယ် တည်ရှိနေသော ပန်းဥယျာဉ်၏ ပန်းပင်များမှ ပန်းဝတ်မှုန်တို့သည် အထက်သို့ လွင့်တက်ကာ ဗိမာန်တော်ကြီးကို လွှမ်းဖုံးနေပုံ, ရွှေခုံပေါ်၌ ရောင်စုံမီးတိုင်များကို စကြာဝဋ္ဌာအနှံ့စိုက်၍ ညှိထွန်းထားပုံ, သစ်ပင်ဖျားနှင့် တောင်ထိုပ်တိုင်း၌ အလံတလူလူ စိုက်ထူထားပုံတို့ကိုပါ စိတ်ကူးလေသည်။

ပရိသတ်များ။ ။ထိုမျှလောက် ကြည်နူးဘွယ်ကောင်းသော ဗိမာန်တော်ကြီး၏ အနီးအပါး၌ သီဆိုတတ် ကပြတတ်သူတို့လည်း မနေနိုင် မထိုင်နိုင် ပျော်မြူး၍ ကြည်နူးသောစိတ်ဖြင့် ကကြသီဆိုကြတီးမှုတ်ကြပုံ, လူ နတ် သကြား နဂါး ဂဋ္ဌုန် ကုမ္ဘဏ် ယက္ခ ဂန္ဓဗ္ဗ မကျန် သူတော်ကောင်း မှန်သမျှလည်း အသီးသီး လက်အုပ်ချီကာ အရိယာတို့ သီတင်းသုံးရာဖြစ်သော ထိုဗိမာန်အနီးသို့ ချဉ်းကပ်လာကြပုံ, ထိုပရိသတ်အား စကြာမင်းကြီးက မိမိပြုအပ်သော ကုသိုလ်၏ အဘို့ကို အမျှဝေစကား ပြောကြားနေပုံ, ဤနေရာသို့ မရောက်လာသေးသူတို့အား နတ်များက တဆင့် ပြောပြနေပုံတို့ကိုပါ စိတ်ကူးလေသည်။

အကျိုးရဖုံ။ ။ထိုကဲ့သို့ အလှူဒါနကြီးကို စိတ်ကူးဖြင့် ပေးလှူသော စကြာမင်းကြီးသည် နတ်ရွာစံ ကံတော်ကုန်သောအခါ ထို ကောင်းမှုကြောင့် တာဝတိံသာ၌ ဖြစ်ရလေသည်၊ ထို ကောင်းမှုစေတနာစုကြောင့် နတ်ပြည်မှ လူ့ပြည်သို့ဝင်း, လူ့ပြည်မှ နတ်ပြည်သို့ဝင်း, စုတေ ရွှေ့ပြောင်း၍ ဖြစ်လေရာ၌ ပညာ အရည်အခြင်း ရုပ်အဆင်းအားဖြင့် နတ်ချင်းလည်းသာလွန်, လူချင်းလည်းသာလွန်သူသာ ဖြစ်ခဲ့ရလေသည်၊ ထို့ကြောင့် ယခုအခါ သူတော်ကောင်း စိတ်ဓာတ်ကိန်းဝပ်တည်ရှိသော အမျိုးသားအမျိုးသွီး လူကြီးသူမတို့သည် သန့်ရှင်းသော ဘုရားအနီးမှာ ဖြစ်စေ, အခြားတနေရာမှာ ဖြစ်စေ သက်တော်ထင်ရှားဘုရားရှင်ကို ထင်မြင်လာအောင်စိတ်ကူးလျက် အထူးကြည်ညိုသော သဒ္ဓါတရားဖြင့် ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းဖြစ်အောင် စီးဖြန်းပွားများ၍ ပန်းဆီမီး အမွေးတိုင်စသော ပူဇော်ဘွယ်များကို ပူဇော်ကြပါကုန်။

ပုံအတွင်း ဂုဏ်သွင်းပါ။ ။ သက်တော်ထင်ရှား မြတ်စွာဘုရားကို ထင်မြင်လာအောင် မှန်းဆနိုင်သူသည် ဘုရားရှင်ကို အထူးကြည်ညို လေးစားသူ ဖြစ်ပေရကား ဘုရားရှင်၏ ကိုယ်စား ရုပ်ပွားဆင်းတုတော်နှင့် ဓာတ်တော် ဌာပနာထားသော စေတီတော်များ အနီးအပါး၌ မလေးမစား မနေဝံ့တော့ပါ၊ ဘာသာရေး၌ အလွန်အချိုးကျသော လူကောင်းရှင်ကောင်း ဖြစ်လောက်ပါပြီ၊သို့ရာဝယ်လောက၌ ပုဂ္ဂိုလ်တဥုးအပေါ်မှာ ဂုဏ်ထူးကို မသိခင်က ကြည်ညို ပြီးနောက် ဂုဏ်ထူးကို သိရပြန်သော အခါ အတိုင်းထက် အလွန်ကြည်ညို လေးစား အားထား ကိုးကွယ်လိုသောစိတ်များ ဖြစ်ပေါ်လာသကဲ့သို့, ထို့အတူ မြတ်စွာဘုရား၏ ချီးမွမ်း၍ မကုန်နိုင်သော

ဘုရား ဂုဏ်တော်ဖွင့်

(ကျက်မှတ်ရန်)

ဂုဏ်တော် ၉ ပါး ပါဠိတော်

ဣတိပိ သောဘဂဝါ အရဟံ, သမ္မာသမ္ဗုဒ္ဓေါ,
ဝိဇ္ဇာစရဏသမ္ပန္နော, သုဂတော, လောကဝိဒူ,
အနုတ္တရော ပုရိသဒမ္မ သာရထိ, သတ္ထာ ဒေဝမနုဿာနံ,
ဗုဒ္ဓေါ, ဘဂဝါ။

× × × × × × ×

ကြည့်ရှုရန် အဓိပ္ပါယ်

" ဣတိပိ သောဘဂဝါ "၌ " ဣတိပိ " သည် မိမိ၏ ဉာဏ်ထဲမှာ ထင်လာသော အကြောင်း တခုခုကို ညွှန်ပြအပ်သော ပါဠိ၊ "သောဘဂဝါ" ကား မြတ်စွာဘုရားကို ညွှန်ပြသော ပါဠိတည်း၊ ထို့ကြောင့် ထိုပါဠိ ၂ ရပ်ကို ဂုဏ်တော် ၉ ပါးလုံးနှင့် တွဲစပ်ပါ။

၁။ ဣတိပိ သောဘဂဝါ အရဟံ,
၂။ ဣတိပိ သောဘဂဝါ သမ္မာသမ္ဗုဒ္ဓေါ,
၃။ ဣတိပိ သောဘဂဝါ ဝိဇ္ဇာစရဏသမ္ပန္နော,
၄။ ဣတိပိ သောဘဂဝါ သုဂတော,
၅။ ဣတိပိ သောဘဂဝါ လောကဝိဒူ,
၆။ ဣတိပိ သောဘဂဝါ အနုတ္တရော-ပုရိသဒမ္မ သာရထိ,
၇။ ဣတိပိ သောဘဂဝါ သတ္ထာ-ဒေဝမနုဿာနံ,
၈။ ဣတိပိ သောဘဂဝါ ဗုဒ္ဓေါ,
၉။ ဣတိပိ သောဘဂဝါ ဘဂဝါ။

ဂုဏ်တော်များတွင် လူချင်း နတ်ချင်း ဗြဟ္မာချင်း ပြောကြလျက် တသောသော ချီးမွမ်းအပ်သော ဂုဏ်တော် ၉ ပါးလောက်ကိုပင် မိမိ ဉာဏ်မီသမျှ သိရှိကြရလျှင် သဒ္ဓါ ပညာတို့သည် ရှေးကထက် တိုးပွားကြပါလိမ့်မည်။

ဆက်ပါဦးမည် — မိမိတို့သည် ဘဝများစွာ သံသရာဝယ် ကျင်လည်ခဲ့ရ သော်လည်း မိမိတို့ စိတ်ထဲ၌ ဤ ဘုရားရှင် ဟူသော အာရုံမျိုးကို ယူနိုင်ဘို့ရာ ခဲယဉ်းပါသည်၊ ယခုအခါ ကံကောင်းလှ သဖြင့် ဘုရားရှင်၏ အကြောင်းအရာနှင့် ဂုဏ်တော်များကို ကြားသိ ရပါသည်၊ ထို့ကြောင့် အေးအေးဆေးဆေး မိမိအိမ်၌ ဘုရားရှင်ကို အာရုံပြုရင်း ရွတ်ဖတ် ရှိခိုးကြဘို့ရာ မကျဉ်းမကျယ် အနက်များကို နှုတ်တက်ဆောင်ထား၍ အဓိပ္ပါယ်များကိုကြည့်ရှုမှတ်သားပြီးလျှင် ထင်မြင်လာသော ဘုရားရှင်၏ ပုံတော်အတွင်း၌ ဤ ပြအပ်လတ္တံ့ သော ဂုဏ်တော်များကို သွင်း၍ သန့်ရှင်း စင်ကြယ်သော သီလကို ဆောက်တည်ကာ ကြိုးစား၍ အာရုံပြုကြပါကုန်။

အမှာ။ ။ဂုဏ်တော်အနက်များကို ကျက်သောအခါ အရွတ် အဖတ်ကောင်းသော ဆရာသမားထံ၌ စနစ်ကျကျဖတ်ပြီးမှ ကျက်ကြပါလေ၊ အရွတ်အဖတ်လည်း မမှန်, အသံလည်း မကောင်းလျှင်ကား အသံကျယ်ကျယ် ရှိမခိုးဘဲ ခပ်တိုးတိုး ရွတ်ဆို၍ ရှိခိုးကြပါလေ၊အရ မကျက်နိုင်လျှင် ဘုရားစေတီ တော် ရှေ့၌ စာအုပ်ကြည့်၍ ဖတ်ကြပါလေ။

အရဟံ ဂုဏ်တော်ဖွင့်

(ကျက်မှတ်ရန်)

(၁) သောဘဂဝါ—ထို ရွှေဘုန်းတော်သခင်, ရှင်တော်မြတ်ဘုရားသည်၊ ကျတိပိ ကျမိနာစ ကာရဏေန — တထောင့်ငါးရာ, ကိလေသာတို့, ဝါသနာဓလေ့, အထုံဧွေမျှ, မဧွေမရိပ်, ဝင်းဝင်းဖိတ်သို့, ရွှေစိတ်ပုံသင်း, လွန်သန့်ရှင်း၍, မင်းမင်းပြည်သူ, ကြည်ဖြူကော်ရော်, အလှူတော်မှန်, အပူဇော်ကို ခံတော်မူထိုက်သော ဤအကြောင်းကြောင့်လည်း၊ အရဟံ- အရဟံဟူသော ဂုဏ်တော်ကြီးဖြင့်, အံ့ချီး၍မကုန်, ငြဟ္မာ့ဘုံတိုင်အောင်, ပျံလိုင် ကျော်ကြား, ထင်ရှားတော်မူပါပေသည် တကား။

× × × × ×

ကြည့်ရှုရန် အဓိပ္ပါယ်

အရဟံ ဂုဏ်တော်သည်....

၁။ "ကိလေသာတို့မှ ဝေးကွာတော်မူ၏" ဟူသောအနက်,

၂။ "လှူဒါန်း ပူဇော်သမျှကို ခံယူတော်မူထိုက်၏" ဟူသော အနက်ကို ပြသည်။

တထောင့်ငါးရာ ကိလေသာတို့ ။ ။ ပုထုဇဉ်တို့၏ သန္တာန်၌ ကိလေသာသည် အကျဉ်းအားဖြင့် ဆယ်ပါးရှိ၍, အကျယ်အားဖြင့် တထောင့်ငါးရာ ရှိ၏။

[ထို ၁၅၀၀ တွက်ပုံကို အလိုရှိက သင်္ဂြိဟ် သင်ဘူးသူများကို မေးပါ၊ အခြေပြုသင်္ဂြိဟ် သမုစ္စည်းပိုင်းမှာလည်း ပြထားသည်။]

ဝါသနာဓလေ့ အထုံဧွေမျှ။ ။သတ္တဝါတို့၏ သန္တာန်၌ အဧွေအသက် ထုံလျက်ပါသော ကိလေသာတို့၏ သတ္တိကို "ဝါသနာ=အထုံ"ဟု ခေါ်သည်၊ ရဟန္တာများသန္တာန်၌ ကိလေသာကုန်သွားသော်လည်း ဘဝဆက်တိုင်းက ပါလာသော အထုံ ဝါသနာမှာ မကုန်တတ်ချေ၊ ဥပမာ—စူးရှသော အရက်ထည့်ရာပုလင်း၌ အရက်ကုန်သွားသော်လည်း အရက်အနံ့ အထုံ မပျောက်သကဲ့သို့တည်း၊ ဘုရားရှင်ကား ထိုကိလေသာတွေကို အဧွေအသက်အထုံဝါသနာပါပျောက်ကင်းအောင် ပယ်တော်မူပြီး ဖြစ်၍ စိတ်တော် အစဉ်သည် အမြဲအားဖြင့် ဝင်းဝင်းဖိတ်ဖိတ်အရောင်တောက်နေသလိုကြည်လင် သန့်ရှင်းတော်မူပေသည်။

ပူဇော် ခံထိုက်ပုံ ။ ။ထို့ကြောင့် အမှိုက်သရိုက် ကင်း၍ သန့်ရှင်းသော ဥယျာဉ်လယ်ယာ၌ စိုက်ပျိုးအပ်သော မျိုးစေ့သည် သန့်မာ ကြီးမား ထွားကျိုင်း ဖွံ့ဖြိုး အကျိုးများသောကြောင့် ထို့မြေမျိုး၌သာ, စိုက်ပျိုး ကြဲချသင့်သကဲ့သို့, ထို့အတူ ကိလေသာ အနောက်အကျ မရှိသဖြင့် စိတ်တော်အစဉ် ကြည်လင်နေသော ဘုရားရှင်၌ လှူဒါန်း ပူဇော်ခြင်း ဟူသော မျိုးစေ့များကို ကြဲချ စိုက်ပျိုးထိုက်လျှင် ရည်ရွယ်သလောက် အကျိုး ရနိုင်သောကြောင့် ရှင်တော်ဘုရားသည် လှူဒါန်း ပူဇော်သမျှကို ကောင်းစွာ ခံယူတော်မူထိုက်ပါပေသည်။

ဤသို့ အမင်းမင်းတို့၏ ပူဇော်ခြင်းကို ခံယူတော်မူထိုက်သော "အရဟံ" ဂုဏ်တော်ကြောင့် ဘုရားရှင် လက်ထက်တော်အခါ၌ "သဟမွတိ" ဗြဟ္မာမင်းကြီးသည် မြင့်မိုရ်တောင်မျှ ပမာဏရှိသော ရတနာပန်းကုံးကြီးဖြင့် ပူဇော်ဘူးလေပြီ၊ "ဗိမ္မိသာရ" မင်းလည်း

ဝေဠုဝန်ကျောင်းတို့ကိုတော်ကြီးဖြင့် ပူဇော်ဘူးလေပြီ၊ ပရိနိဗ္ဗာန်စံတော်မူပြီးမှလည်း "ဓမ္မာသောက" မင်းသည် ၉၆ကုဋ္ဌေသောဥစ္စာတို့ကို(စုတေခါနီးမှ ၄ကုဋ္ဌေထပ်ဖြည့်၍ ကုဋ္ဌေတရာသောဥစ္စာတို့ကို) အကုန်အကျခံလျက် ရွှစ်သောင်းလေးထောင်သော ကျောင်းတို့ဖြင့် ရွှင်တော်မြတ်ဘုရားကို ရည်မှန်း၍ လှူဒါန်း ပူဇော်ဘူးလေပြီ။

ယခုအခါ ဗုဒ္ဓဘာသာဝင်တို့၏ အလှူဒါနပြုမှုတို့၌လည်း ဘုရားရွှင်ကို ကြည်ညိုမှုက အရင်းခံလျက် ရှိ၏၊ ယခုတိုင်အောင် အပူဇော်ခံနေရပါသည်-ဟူလို၊ ဤသို့လျှင် ဘုရားရွှင်၏ "အရဟံ" ဂုဏ်တော်ရနံ့သည် လူအဆင့်ဆင့် နတ်အဆင့်ဆင့် သင်းပျံလျက် ဗြဟ္မာ့ပြည်တိုင်အောင် ပျံ့နှံ့ မွှေးကြူပါသည်။

တိုက်တွန်းချက် ။ ။ ဘုရားရွှင်၏ "အရဟံ" ဂုဏ်တော်ကို အောက်မေ့ ကြည်ညိုသူသည် ပြအပ်ခဲ့သော ဘုရားရွှင်၏ ပုံတော်အတွင်း၌ ရင်ချိုင့်အလယ် နှလုံးအိမ်ဝယ် ဘုရားရွှင် စိတ်တော်၏ ကိလေသာ အနောက်အကျူတို့မှ ကင်းသဖြင့် သန့်ရွှင်း ကြည်လင်တော်မူမှုကို ထင်မြင်အောင်အာရုံပြုပါ၊ထိုကြည်လင်သောစိတ်တော်ကို အတုယူကာ မိမိစိတ်၌လည်း လောဘ, ဒေါသ, မာန်မာနနှင့် ဣဿာ မစ္ဆရိယစသော ကိလေသာအနောက်အကျူကင်းစင်၍ အမြဲကြည်လင် သန့်ရွှင်းအောင် သတိထားကြပါလေ၊ ဤသို့ ဘုရားရွှင်၏ ကိလေသာကင်း၍ စိတ်တော်သန့်ရွှင်းပုံကို အာရုံပြုဖန်များလာလျှင် ထို သန့်ရွှင်းမှုသည် မိမိစိတ်၌ ဓာတ်သဘောကူးစက်၍ မိမိမှာလည်း သန့်ရွှင်းသော စိတ်များ ဖြစ်လာပါလိမ့်မည်၊ ဥပမာ – သူတော်ကောင်းနှင့် ပေါင်းသူသည် သူတော်ကောင်း ဖြစ်သကဲ့သို့တည်း။

သမ္မာသမ္ဗုဒ္ဓ ဂုဏ်တော်ဖွင့်

(ကျက်မှတ်ရန်)

(၂) သောဘဂဝါ- ထို ရွှေဘုန်းတော်သခင်, ရွှင်တော်မြတ်ဘုရားသည်၊ ဣတိပိ ဣမိနာစ ကာရဏေန - သဗ္ဗဉ်ညုဏ်အား, စွမ်းပကားဖြင့်, မျှားသခ်ါရ, ဝိကာရနှင့်, လက္ခဏာပညတ်, နိဗ္ဗာန်ဓာတ်ဟု, ငါးရပ်သိရန်, ဥေ ယျဓမ်ကို, ဖေါက်ပြန်မရှိ, ကိုယ်တော်တိုင် သိတော်မူသော ဤ အကြောင်းကြောင့်လည်း၊ သမ္မာသမ္ဗုဒ္ဓေါ– သမ္မာသမ္ဗုဒ္ဓဟူသော ဂုဏ်တော်ကြီးဖြင့်, အံ့ခြီး၍မကုန်, ဗြဟ္မာ့ဘုံတိုင်အောင်,ပျံ့လှိုင်ကျော်ကြား, ထင်ရှားတော်မူပေသည် တကား။

× × × × ×

ကြည့်ရှုရန် အဓိပ္ပါယ်

သမ္မာသမ္ဗုဒ္ဓ ဂုဏ်တော်သည် " အလုံးစုံသော တရားကို ကိုယ်တော်တိုင် သိတော်မူနိုင်၏" ဟူသော အနက်ကို ပြသည်။ [သမ္မာ+သံ+ဗုဒ္ဓ၊ သမ္မာ = မဖေါက်မပြန် (အမှား မရှိအောင်) + သံ = ကိုယ်တော်တိုင် + ဗုဒ္ဓ = သိတော်မူနိုင်သည်။]

သဗ္ဗဉ်ညုဏ်အား, စွမ်းပကားဖြင့် ။ ။ ဘုရားရွှင်သည် သဗ္ဗညုတာဉာဏ်ကိုရတို့ရန် လေးအသင်္ချေနှင့် ကမ္ဘာတသိန်း တိုင်အောင် ကောင်းမှုပါရမီတော်များကို ဖြည့်ကျင့်ခဲ့သည်အားလျော်စွာ ဘဝအဆင့်ဆင့် ရင့်လာသောပညာသည် ဘုရားဖြစ်သည့် အခါ သဗ္ဗညုတာဉာဏ်တော်အဖြစ်သို့ရောက်၍ လွန်စွာအစွမ်းသတ္တိ ထက်မြက်ပါပေသည်။

ယခုလောကဌ္ဌ သေးငယ်သော မြူမှုန်ကို လူအပေါင်းတို့ ဝိုင်းရှု ကြည့်သော အခါ မျက်စိကောင်းသူများသာ မြင်ရ၍ မျက်စိမှုန်သူတို့ ကား ဘယ်လိုပင် ကြည့်သော်လည်း မမြင်ရတော့ဘဲ မျက်စိကွယ်နေ သူတို့မှာ ဆိုဘွယ်ရာ မရှိတော့သကဲ့သို့, ထို့အတူ သိဘွယ် အာရုံ များကို သတ္တာ ဟူသမျှတို့ သိဘို့ရန် အားထုတ်ကြ ပါသော်လည်း ပင်ကိုယ်ဉာဏ်မျက်စိ ရှိသလောက်သာ သိမြင်နိုင်ကြသည်၊ လုံးလုံး ဉာဏ်မျက်စိ မရှိသူတို့မှာ အရှေ့, အနောက်, တောင်, မြောက်နှင့် တင်းတောင်း ပမာဏကိုမျှ မသိနိုင်ကြပေ။

ဗုဒ္ဓရှင်တော်၏ ဉာဏ်တော်သည်ကား သိသင့် သိဘွယ် အသွယ် သွယ်ကို မည်သူနှင့်မျှ ယှဉ်၍မရအောင် ရှင်းရှင်းလင်းလင်း သိတော် မူပါသည်၊ ထို သိဘွယ် တရားများကို " ဥေယျဓမ် " ဟု ခေါ်၏။ [ဥေယျ=သိသင့်သိထိုက်သော+ဓမ်=ဓမ္မ, တရား။]

ဥေယျဓမ်တရား ၅ ပါးကား

၁။ သင်္ခါရ = စိတ် စေတသိက်ဟူသော နာမ်တရားနှင့် နိပ္ပန္နရုပ်များ။

၂။ ဝိကာရ = ဝိကာရရှုပ် ငါးပါး။

၃။ လက္ခဏ = လက္ခဏာရှုပ် လေးပါး။

၄။ ပညတ် = လူ နတ် ဗြဟ္မာ ဆင် မြင်း ကျွဲ နွား တော တောင် ရေ မြေ စသော ပညတ်များ။

၅။ နိဗ္ဗာန် = ရုပ် နာမ် ပညတ်မှတပါး ငြိမ်းအေးသော ဓာတ်ကြီးတမျိုး။ [ဤငါးမျိုးမှတပါး သိဘွယ်ရာ မရှိပြီ၊ ဝိကာရနှင့် လက္ခဏာကို ရှုပ်ချင်း တူပါလျက် ခွဲထားသည်မှာ ပရမတ်အစစ် မဟုတ် သောကြောင့်တည်း။] ဤ ဥေယျဓမ် ငါးပါးသည် ဇီနာ လင်္ကာရဋီကာအသာဓာရဏကထာဌ္ဌ ပါသည်။

ဖေါက်ပြန် မရှိ, ကိုယ်တော်တိုင်သိ။ ။ ဤ ဥေယျဓမ်တရား ၅ ပါးကို ဘုရားရှင် သိတော်မူရာဌ္ဌ ဖေါက်ပြန် မှားယွင်းသွားသည် ဟူ၍ မရှိ၊ နည်းပေး လမ်းပြမည့် ဆရာလည်း မရှိ, ကိုယ်တော်တိုင် သိတော်မူပေသည်။.... ဤနေရာဝယ် ရပ်တန့်၍ စာဖတ်သူသည် ဗုဒ္ဓ ရှင်တော်မြတ်၏ သပွါယ်သော ရုပ်အဆင်းတော်အတွင်း၌ "အရဟံ ဂုဏ်တော်" အရ စိတ်တော်၏ ကြည်လင်သန့်ရှင်းနေပုံ, ထိုကြည်လင် နေသော စိတ်တော်အစဉ်ဝယ် အလွန် ထက်မြက်သော ဉာဏ်တော် တည်နေပုံကို အာရုံယူကာ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကို ပွားများကြ ပါ၎လေ။

တိုက်တွန်းချက် ။ ။ အသိ အလိမ္မာ ဉာဏ်ပညာ ဟူသည် အလွန်အရေးကြီး၏၊ ပညာသင်ရာဝယ် ဆရာတဉူးထံမှာ အတူတူ သင်ယူပါလျက် အတတ်ချင်း ကွာခြား နေပုံကိုငင်း, စီးပွားဥစ္စာ ရှာဖွေရာဝယ် အရင်းအနှီးချင်းတူပါလျက် ဉာဏ်ရှိသူမှာ ကြီးပွား၍ ဉာဏ်နည်းသူမှာ မကြီးပွားနိုင်ဘဲ, ဉာဏ်မရှိသူမှာ ဆုံးရှုံးရပုံကိုငင်း, မိဘချင်းတူပါလျက် အချို့သားသမီးများ လိမ္မာ၍, အချို့ယုတ်မာပုံ ကိုငင်း, ထိုကဲ့သို့ ကွာခြားသည်အားလျော်စွာ လောကီ ဆိုင်ရာနှင့် သံသရာရေးတို့ဌ္ဌ ဉာဏ်ရှိသူက ကြီးကျယ်ထွန်းကား, ဉာဏ်မရှိသူက ပျက်ပြားနစ်မွန်းရပုံကိုငင်း စဉ်းစား၍ ဤ "သမ္မာသမ္ဗုဒ္ဓ" ဂုဏ်တော် ကို ကြည်ညိုကာ မိမိ၏ပညာပါရမီကို အမြဲတိုးပွားအောင် ကြိုးစား ကြပါလေ။

"မရှိတာထက် မသိတာခက်၏"။

ဝိဇ္ဇာစရဏသမ္ပန္ဒ ဂုဏ်တော်ဖွင့်

(ကျက်မှတ်ရန်)

(၃) သောဘဂဝါ- ထို ရွှေဘုန်းတော်သခင်, ရှင်တော်မြတ်ဘုရားသည်၊ ဣတိပိ ဣမိနာစ ကာရဏေန- သုံးပါး ရှစ်ပါး, ၂မျိုးအားဖြင့်, ဟောထားပညာ, ဉာဏ်ဝိဇ္ဇာတည်း၊ နိဗ္ဗာနဓာတ်, အမြိုက်ရပ်သို့, ဆိုက်ကပ်ရန်ဖြင့်, အမှန်သင့်သည့်, အကျင့်စရဏ, ဆဲ့ငါးဝနှင့်, တက္ခဥသုံ, ပြည့်စုံတော်မူသော ဤ အကြောင်းကြောင့်လည်း၊ ဝိဇ္ဇာစရဏသမ္ပန္ဒော—ဝိဇ္ဇာစရဏသမ္ပန္ဒဟူသော ဂုဏ်တော်ကြီးဖြင့်, အံ့ချီး၍မကုန်, ဗြဟ္မာ့ဘုံ တိုင်အောင်, ပျံ့လှိုင် ကျော်ကြား, ထင်ရှားတော်မူပေသည် တကား။

× × × × × × ×

ကြည့်ရှုရန် အဓိပ္ပါယ်

ဝိဇ္ဇာစရဏသမ္ပန္ဒ ဂုဏ်တော်သည် "ဝိဇ္ဇာတရား စရဏတရားနှင့် ပြည့်စုံတော်မူ၏" ဟူသော အနက်ကိုပြ၏။ [ဝိဇ္ဇာ=အသိဉာဏ်+စရဏ=အကျင့်+သမ္ပန္ဒ=ပြည့်စုံ၏။]

သုံးပါး ရှစ်ပါး, ... ဉာဏ်ဝိဇ္ဇာတည်း။ ။အသိဉာဏ်ပညာ ဟူသော ဝိဇ္ဇာကို အချို့ သုတ္တန်ဒေသနာတော်၌ ၃ ပါး, အချို့ သုတ္တန်ဒေသနာတော်၌ ဂပါးဟု နှစ်မျိုးအားဖြင့် ဟောထားတော်မူသောကြောင့် "ဝိဇ္ဇာ ၃ပါး ဝိဇ္ဇာ ရှစ်ပါး" ဟု ကွဲနေသည်။

[ဆောင်] သုံးပါး ဝိဇ္ဇာ, ပု-ဒိ-အာ-နှင့်, ဝိဇ္ဇာရှစ်ရပ်, ဝိပဿ် စေတော, မနောမယိဒ်, ဒိနှင့် ဣဒ်, ထည့်သိပ် ရေတွက်လေ။

ဝိဇ္ဇာ သုံးပါး

ပုဗ္ဗေနိဝါသာနုဿတိဉာဏ်။ ။ရှေးရှေးဘဝ၌ တွေ့ကြုံခဲ့သမျှကို ပြန်၍ အောက်မေ့နိုင်သော ဉာဏ်။

ဒိဗ္ဗစက္ခုဉာဏ်။ ။နတ်မျက်စိကဲ့သို့ ဝေးကွာသောအဆင်း, သေးငယ်သော အဆင်းကိုမြင်နိုင်သော ဉာဏ်။

အာသဝက္ခယဉာဏ် ။ ။ ကိလေသာ အာသဝေါတို့ကို ကုန်စေနိုင်သော အရဟတ္တမဂ်ဉာဏ်။

ဝိဇ္ဇာ ရှစ်ပါး

ဝိပဿနာဉာဏ် ။ ။ " အနိစ္စ ဒုက္ခ အနတ္တ " ဟု ရုပ်နာမ်တရားအားလုံးကို သိမြင်နိုင်သော ဉာဏ်။

စေတောပရိယဉာဏ်။ ။သူတပါး၏စိတ်ကို သိနိုင်သောဉာဏ်။

မနောမယိဒ္ဓိဉာဏ်။ ။ မိမိခန္ဓာကိုယ်အတွင်း၌ အလားတူ ကိုယ်တမျိုးကို စိတ်ဖြင့် ဖန်ဆင်းနိုင်သော ဉာဏ်။

ဒိဗ္ဗသောတဉာဏ်။ ။နတ်တို့၏ နားကဲ့သို့ ဝေးသောအသံ, သေးငယ်သောအသံကို ကြားနိုင်သောဉာဏ်။

ဣဒ္ဓိဝိဓဉာဏ်။ ။ မြေလျှိုး မိုးပျံ စသည်ဖြင့် တန်ခိုး အမျိုးမျိုးကို ဖန်ဆင်းနိုင်သော ဉာဏ်၊.... ရှေ သုံးပါးတွင် ဤ ငါးပါးကို ထည့်လျှင် ဝိဇ္ဇာရှစ်ပါး ဖြစ်၏။

နိဗ္ဗာနဓာတ်, ...အကျင့်စရဏ။ ။မပျက်စီးနိုင်သော အရာကို "အမြိုက်" ဟု ခေါ်၏၊ ထို အမြိုက်နှင့်တူသော နိဗ္ဗာနဓာတ်သို့ ရောက်ဘို့ရန် သင့်သောအကျင့်ကို "စရဏ" ဟု ခေါ်သည်။

စရဏ ၁၅ ပါး

[ဆောင်] သဒ္ဓါ သတို့, ဟိရိ ဩတ္တပ္ပ, ဝီရိယနှင့်, သုတ ပညာ, ခုနစ်ဖြာ, သဒ္ဓမ္မာဟု ပြု။

ထို သဒ္ဓမ္မာ, ခုနစ်ဖြာနှင့်, ဘော ဇာ သီ ဣန္ဒ်, ဈာန်လေးကြိမ် ထား, ဤ ဆဲ့ငါး, မှတ်သား စရဏ။

သဒ္ဓါ= "ကုသိုလ်- အကုသိုလ်ကံရှိသည်, ထိုကံ၏ ကောင်းကျိုး မကောင်းကျိုး ရှိသည်, ရတနာသုံးပါးရှိသည်, နောက်ဘဝ ရှိသည်" ဟု ယုံကြည်မှု။

သတိ=ကုသိုလ်ကောင်းမှု ဆိုင်ရာ၌ အမှတ်ရမှု။

ဟိရီ=မကောင်းမှုဒုစရိုက်မှ ရှက်မှု။

ဩတ္တပ္ပ=မကောင်းမှုဒုစရိုက်မှ ကြောက်လန့်မှု၊

ဝီရိယ=ကုသိုလ်ကောင်းမှုကိစ္စ၌ အားထုတ်မှု။

သုတ=အကြားအမြင် များမှု။

ပညာ=အရာရာ၌ တတ်သိ လိမ္မာမှု။

၌ကား "သဒ္ဓမ္မ"ဟု ခေါ်အပ်သော သူတော်ကောင်းတရား ၇ ပါးတည်း။ [သူတော် ဥစ္စာ၌ကား သတိနှင့် ဝီရိယကို နှုတ်ပြီးလျှင် သီလ (သီလ စောင့်မှု), စာဂ (စွန့်ကြဲ လှူဒါန်းမှု) ထည့်၍ ရေတွက်ရသည်။]

ဘော ဇနေမတ္တညုတာ။ ။စားသောက်ရာ၌ မိမိနှင့် သင့်—မသင့် နှိုင်းချင့်၍ အတိုင်းအရှည် သိမှု။

ဇာဂရိယာနုယောဂ။ ။နိုးနိုးကြားကြား အိပ်မှု, အအိပ်အနေ နည်းမှု။

သီလ= ဆိုင်ရာသီလကို နေ့စဉ် စောင့်ထိန်းမှု။

ဣန္ဒြိယသံဝရ။ ။တွေ့မြင် ကြားသိသမျှ၌ လောဘ ဒေါသစသည် မဖြစ်စေဘဲ မျက်စိ နား နှာ စသော ဣန္ဒြေများကို ငြိမ်သက် အောင် စောင့်စည်းမှု။

ပဌမစျာန်, ဒုတိယစျာန်, တတိယစျာန်, စတုတ္ထစျာန်, ပေါင်း စရဏ ၁၅ ပါး ဖြစ်၏။

"ဝိဇ္ဇာ" ဟူသော အသိဉာဏ် ရှိသော်လည်း "စရဏ" ဟူသော အကျင့်မရှိက နိဗ္ဗာန်မရနိုင်၊ " စရဏ " အကျင့်သာ ရှိ၍ "ဝိဇ္ဇာ" ဟူသော အသိဉာဏ်မရှိလျှင် လမ်းမှန် မရောက်ဘဲ အလဲ့ကို ကျင့်နေသဖြင့် ခရီးမတွင်ဘဲ ရှိမည်၊ ရှင်တော်မြတ် ဘုရားကား အထွဋ် အထိပ်ဖြစ်သော ဝိဇ္ဇာဉာဏ်, စရဏအကျင့်နှင့် ပြည့်စုံတော် မူပါပေသည်။

တိုက်တွန်းချက်။ ။အရာရာ၌ အသိဉာဏ်ဖြင့် အမှန်ကိုကျင့်ကြံ အားထုတ်မှသာ ထမြောက်နိုင်သည်၊ ယခုအခါ၌ကား အသိဉာဏ် ရှိပါလျက် သိသလောက် ကျင့်ကြံ အားထုတ်မှု "စရဏ" မရှိသော ကြောင့် အောက်ကျနောက်ကျဖြစ်နေသူတွေ များလှ၏၊ ထို့ကြောင့် ဘုရားရှင်၏ " ဝိဇ္ဇာစရဏသမ္ပန္န " ဂုဏ်တော်ကို အာရုံ ပြုလျက် ကြည်ညိုကြပြီးလျှင် မိမိသန္တာန်၌ အသိရော အကျင့်ပါ ၂ ဖြာလုံး ပြည့်စုံအောင် ကြိုးစားသင့်ကြသတည်း။

သုဂတ ဂုဏ်တော်ဖွင့်

(ကျက်မှတ်ရန်)

(၄) သော ဘဂဝါ–ထို ရွှေဘုန်းတော်သခင်, ရှင်တော်မြတ်ဘုရားသည်၊ ဣတိပိ ဣမိနာစ ကာရဏေန – ဒီပင်္ကရာ, ထုတ်ချာသနင်း, ခြေတော်ရင်းမှ, မှန်ကင်း သိရိ, ဗောဓိမဏ္ဍိုင်, ခန်းဝါပိုင်အောင်, ဆယ်ခိုင်ပါရမီ, စုံဖြည့်ညီလျက်, သုံးလိဘဝ, များသတ္တာ၏, သုခစီးပွား, ကျင့်သောအားဖြင့်, မိုက်မှားအယူ, မိစ္ဆာဟူက, ဆံမြူတစိ, မကပ်ငြိဘဲ, သတိသမ္ပဇဉ်, မပြတ်ယှဉ်လျက်, သမ္ဗဉ်ညာဏ်တော်, ရကြောင်းရော်၍,ကြွတော်မူခဲ့သော ဤအကြောင်းကြောင့်လည်း၊ သုဂတော – သုဂတဟူသော ဂုဏ်တော်ကြီးဖြင့်, အံ့ချီး၍မကုန်, ဖြဟ္မာ့ဘုံတိုင်အောင် , ပျံ့လှိုင်ကျော်ကြား , ထင်ရှားတော်မူပေသည်တကား။

× × × × ×

ကြည့်ရှုရန် အဓိပ္ပါယ်

သုဂတ ဂုဏ်တော်သည် "ကောင်းစွာ ကြွတော်မူခဲ့၏" ဟူသော အနက်ကို ပြသည်။ [သု= ကောင်းစွာ + ဂတ= ကြွတော်မူခဲ့သည်။]

ထုတ်ချာသနင်း။ ။အထုတ်အထိပ် အချုပ်အချာ-မြင့်မြတ်သော ဘုရားရှင်။

မှန်ကင်းသိရီ။ ။ပြာသာဒ် စသည်တို့၏ အထုတ်၌ တပ်ထားအပ်သော တုရင်မှန်ကင်းကဲ့သို့ မိုမောက်နေသော မြေပေါ် ဝယ် ကြက်သရေရှိသော ဗောဓိပင်။

ဗောဓိမဏ္ဍိုင်။ ။ဗောဓိပင်ပေါက်ရာ မြေအရပ်သည် ဇမ္ဗူဒီပ်ကျွန်း၏ အလယ်ဗဟိုမဏ္ဍိုင် ဖြစ်သောကြောင့် ဗောဓိပင်ကိုလည်း "မဏ္ဍိုင်" ဟု ဆိုသည်၊ တနည်း- ဗောဓိပင်ကိုပင် သမ္ဗဉ္ဉုတဉာဏ်၏ ကြည်လင်ရာ ဖြစ်၍ ဗောဓိမဏ္ဍိုင်ဟု ဆိုသည်။[ဤနည်း၌ "ကြည်လင်ခြင်း" အနက်ကိုဟောသော "မဏ္ဍာ" ဟူသော ပါဠိမှ မဏ္ဍိုင်ဖြစ်လာသည်ဟု ကြံပါ။]

ခန်းဝါပိုင်အောင်။ ။အရောင်အဝါရှိသော ခန်းဆောင်နေရာကို "ခန်းဝါ"ဟု ခေါ်သည်၊ဤ၌ ဗောဓိပင်ကို အရောင်အဝါရှိသော အခန်းဆောင်ကဲ့သို့ ဥပမာပြုထားသည်၊ "ရောင်ဝါထိန်လျှမ်းသည့် အဆောင်ခန်းသို့ ရောက်လျှင် အင်မတန်အဖိုးတန်သော ရတနာကို ရသကဲ့သို့, သမ္ဗဉ္ဉုတဉာဏ်တည်းဟူသော အဖိုးတန် ရတနာကိုလည်း ဗောဓိမဏ္ဍိုင်တည်းဟူသော နေရာ၌ ရတော်မူသည် " ဟူလို။

ဘုရားရှင်သည် .ဘုရားဆု ပန်တော်မူရာ ဒီပင်္ကရာ ထုတ်ချာသနင်းတရားမင်း၏ ခြေတော်ရင်းမှစ၍ "ဗောဓိမဏ္ဍိုင်" တည်းဟူသော ခန်းဝါဆောင်နန်းကို စိုးပိုင် စံမြန်းတော် မူလျက် ဘုရားဖြစ်သည့်တိုင်အောင်(ကာမ ရူပ အရူပအားဖြင့် ဘဝသုံးပါး၌ရှိသော)သတ္တဝါအများ၏ စီးပွားချမ်းသာအလို့ငှါ ပါရမီဆယ်ပါးကို အစုံအညီ ဖြည့်ကျင့်တော်မူခဲ့ပေသည်။

ထို ဖြည့်ကျင့်စဉ်အခါ၌ မိုက်မှားသော မိစ္ဆာဒိဋ္ဌိ အယူဆိုးကြီးများလည်း ကိုယ်တော်၏သန္တာန်၌ တဆံခြည်မျှ မြူမှုန်ကလေးမျှ တစိုးတစိမကပ်ငြိရအောင် လေးအသချေနှင့် ကမ္ဘာတသိန်း

ပတ်လုံး ဘဝဆက်တိုင်း လွန်ကဲသော သတိ“သမ္မဇဉ်” ဟု ခေါ်အပ်သော ပညာတရားတို့ကို အမြဲလက်ကိုင်ထားတော်မူ၍ သမ္မဇညတာဉာဏ်တော်သခင် ဘုရားရှင်အဖြစ်သို့ ရောက်ဘို့ရန်သာ ဖြောင့်ဖြောင့်မှန်မှန် ကျင့်ကြံတော်မူခဲ့ပေသည်။ [ဤနေရာ၌ ရပ်တန့်၍ “ဘုရားရှင်သည် ပါရမီဖြည့်တော်မူစဉ်က မိစ္ဆာအယူကို မယူမိအောင် သတိနှင့် ဉာဏ် အမြဲရှိပုံကို အာရုံပြုလိုက်ပါ။]

တိုက်တွန်းချက်။ ။သာသနာပ အခါဝယ် မိစ္ဆာအယူမှားတွေ လွန်စွာ လွှမ်းမိုးလာမည်ဖြစ်၍ ဘုရားရှင်၏ သုဂတဂုဏ်တော်ကို ကြည်ညိုပြီးလျှင် မိမိတို့လည်း မိစ္ဆာအယူ ဟူသမျှ ဘဝဆက်တိုင်း မကပ်ငြို မယူမိအောင် သတိပညာတရားကို သန်သန်ကြီး ထားတတ်ဘို့ရန် “ကုသိုလ်ကံ အကုသိုလ်ကံ ရှိ၏၊ ထိုကံ၏ ကောင်းကျိုး မကောင်းကျိုး ရှိ၏” ဟု ကံနှင့်ကံ၏အကျိုးကို နားလည်သော “ကမ္မဿကတာဉာဏ်”ကို မိမိသန္တာန်၌ဖြစ်အောင် ပဌမ ကြိုးစားသင့်၏။

ထို့နောက် “ဤခန္ဓာကိုယ်၌ ရုပ်တရား နာမ်တရားသာ ရှိ၏” ဟု သိအောင် ဆရာသမား အထံ မေးမြန်း၍, ထို ရုပ်နာမ်၏ အနိစ္စ ဒုက္ခ အနတ္တဖြစ်ပုံကို နားလည်သော ဝိပဿနာဉာဏ် ဖြစ်အောင် ကြိုးစားပါ၊ ထိုသို့ သိလျှင် ပါရမီဖြည့်လိုသော, သို့မဟုတ် ကမ္မဋ္ဌာန်းအားထုတ်လိုသောဆန္ဒ ပြင်းပြ၍ မိစ္ဆာအယူသာ မက, ဂုဏ်ပကာသန စိတ်တွေပါ ကင်းဝေးသွားပါလိမ့်မည်။

လောကဝိဒူ ဂုဏ်တော်ဖွင့်

(ကျက်မှတ်ရန်)

(၅) သောဘဂဝါ– ထို ရွှေဘုန်းတော်သခင်, ရှင်တော်မြတ် ဘုရားသည်၊ လူတိပိ လူမိနာစ ကာရဏေန- သတ္တောကာသ, သခ်ါရ ဟု, လောကသုံးဘုံ, အလုံးစုံကို, အာရုံထင်စွာ, ပိုင်းခြားကာဖြင့်, ကောင်းစွာကုန်စင်, သိမြင်တော်မူသော ဤ အကြောင်းကြောင့်လည်း၊ လောကဝိဒူ-လောကဝိဒူ ဟူသော ဂုဏ်တော်ကြီးဖြင့်, အံ့ချီး၍ မကုန်, ဗြဟ္မာ့ဘုံတိုင်အောင်, ပျံလိုင် ကျော်ကြား, ထင်ရှားတော်မူပေသည် တကား။

× ⊠ × ⊠ ⊠

ကြည့်ရှုရန် အဓိပ္ပါယ်

လောကဝိဒူ ဂုဏ်တော်သည် “လောကအားလုံးကို သိမြင်တော်မူနိုင်ပေ၏” ဟူသော အနက်ကို ပြသည်။ [လောက = ကမ္ဘာလောကကြီးကို + ဝိဒူ = သိတော်မူနိုင်သည်။]

လောကသုံးပါး။ ။သတ္တလောက, ဩကာသလောက, သခ်ါရလောက ဟု လောကသုံးပါး ရှိ၏၊ သက်ရှိသတ္တဝါ အပေါင်းသည် သတ္တလောက မည်၏၊ သတ္တဝါတို့၏ တည်နေရာ ဘုံဌာနသည်ဂုဏ်း, ဘုံမရှိသော နေရာဌာန်သည်ဂုဏ်း, ဩကာသလောက မည်၏၊ ရုပ်တရား နာမ်တရားအားလုံးသည် သခ်ါရလောကမည်၏။

သတ္တလောက သိတော်မူပုံ။ ။“ဤ ကမ္ဘာလောကကြီး၌ အပါယ် ၄ ပါးတွင် ခြတောင်ပို့တခု၌ ခြသတ္တဝါပေါင်း များစွာ, ပရွက်တွင်း တတွင်း၌ ပရွက်သတ္တဝါပေါင်း များစွာ, ငါးအုံ တအုံ၌

ငါးသတ္တာလေးတွေ များစွာ, ပြိတ္တာသတ္တာတွေ များစွာ, ငရဲသတ္တာတွေ များစွာ, လူ နတ် ဗြဟ္မာ သတ္တာတွေ များစွာရှိသည်" ဟု သိမှုမှာ ဆန်းကြယ်လှသည် မဟုတ်ပါ၊ ဘုရားရှင်ကား ထို သိမှု မျိုးထက် လွန်၍ သတ္တာတယောက်ကို "ဤသူသည် စရိုက် အမျိုးမျိုးတွင် မည်သည့်စရိုက်က လွန်ကဲနေ၏၊ အနုသယ အမျိုးမျိုးတွင် မည်သည့် အနုသယက ထက်သန်နေ၏၊ ပင်ကိုယ်ဆန္ဒ ညံ့ဖျင်း၏, သို့မဟုတ် ထက်သန်၏, သဒ္ဓါစေသော ဣန္ဒြေ ၅ ပါးတွင် မည်သည့် ဣန္ဒြေက ထက်မြက်၍, မည်သည့်ဣန္ဒြေက ညံ့သေး၏" စသည်ဖြင့် သိတော်မူပါသည်။

ထို့သို့ သိတော်မူရာ၌ အတွေးအဆအားဖြင့် မှန်းဆ၍ သိတော်မူခြင်း မဟုတ်၊ ဆရာဝန်သည် ပြဒါးတိုင်ဖြင့် သူနာ၏ အပူဒီဂရီကို ချိန်ကြည့်သောအခါ တက်သော အပူဒီဂရီကို သိနိုင်သကဲ့သို့, ထို့သတ္တာ၏ အတွင်းခံတ် အခြေအနေအားလုံးကို ကွဲကွဲပြားပြားနှင့် ထင်ရှားစွာ သိမြင်တော်မူနိုင်ပါသည်။ [စရိုက်- အနုသယ- ဣန္ဒြေ တို့၏အကြောင်းများမှာအဘိဓမ္မာနှင့်သက်ဆိုင်သောကြောင့်မိမိတို့ လေ့လာနေကျ အဘိဓမ္မာ ကျမ်းစာများ၌ ရှာဖွေ ကြည့်ရှုရှင်၍, မေးမြန်း၍ပင်း သိကြပါလေ။]

သြကာသလောက သိတော်မူပုံ။ ။သတ္တာတို့နေရာ ကမ္ဘာလောကကြီး တည်နေပုံကို ပြရာ၌ ကျမ်းဂန်အဆိုသည် ယခုခေတ် လောကခေတ်ဆရာတို့၏ အယူအဆနှင့် မတူမျှဘဲရှိနေ၏၊ "ကမ္ဘာ့တည်နေဟန်ကို ပါဠိ ကျမ်းဂန်များ၌ ဆိုပုံကား— ဤ မြေကြီးသည် အထူ (အထူ)အားဖြင့် ယူဇနာပေါင်း ၂ သိန်း ၄ သောင်း ရှိ၏

အထက် တဝက်သည် ပကတိမြေးသား ဖြစ်၍ အောက် တဝက်မှာ ကျောက်မြေသားဖြစ်သတဲ့၊ ဤမြေကြီး၏အောက်၌ ယူဇနာ ၄ သောင်းထူသော ရေပြင်ကြီး တည်ရှိ၏၊ "ရေပြင်" ဟု ဆိုသော်လည်း အရည်ဟုတ်ဟန်မတူ, အလွန်အေး၍ ခဲနေသော ရေခဲတုံးကြီး ဖြစ်ဟန်ရှိ၏၊ မြေအထူထက် ၂ ဆလောက်ထူသော ရေခဲတုံးကြီးက မြေအပြင်ကြီးကို ပင့်မြှောက် ခံယူထားနိုင်သည်မှာ အံ့သြစရာ မရှိတော့ပြီ၊ ထိုရေပြင်ကြီးကိုကား ယူဇနာ ၉ သိန်း၆ သောင်းထူသော လေပြင်ကြီးက အောက်မကျအောင် ပင့်မြှောက် တိုက်ခတ်လျက်ရှိ၏၊ ဤ လေပြင်ကြီး၏အောက်၌လည်း မဆုံးနိုင်အောင် ဟင်းလင်းဟာလာ အာကာသကောင်းကင်ရှိလေသည်၊ ဤကား ကမ္ဘာမြေ၏ အောက်ပိုင်း မြေပုံတည်း။

စကြာဝဠာတခု ဟု သတ်မှတ်အပ်သော ဤ ကမ္ဘာမြေကြီး၏ အဝန်း ယူဇနာမှာ ၃ သန်း ၆ သိန်း ၁ သောင်း ၃ ရာ့၀ါးဆယ် ရှိ၏၊ကမ္ဘာမြေဝန်းကို ကျောက်တောင်ကြီးများကတံတိုင်းခတ်သလို ရံပတ်၍ နေ၏၊ ထို ကျောက်တောင်ကြီးများ ဆက်စပ်၍ ရံပတ်နေသည်ကိုပင် စကြာဝဠာ မဟာရုမ်တံတိုင်း ဟု ခေါ်စမှတ်ပြုကြ၏၊ ဤ ကမ္ဘာမြေဝန်း၏ အတွင်း၌ကား သမုဒ္ဒြာရေပြင်ကြီး ရှိ၏၊ ထို့ရေပြင်၏ အနက်ဆုံး နေရာသည် ယူဇနာ ၈ သောင်း ၄ ထောင် နက်၏၊ အလယ်ဗဟို တည့်တည့်၌ကား ရေ၏အထက်၌ ယူဇနာ ၈ သောင်း ၄ ထောင်,ရေ၏အတွင်း၌ ယူဇနာ ၈ သောင်း၄ ထောင် ရှိ၍ ယူဇနာပေါင်း တသိန်း ၆ သောင်း ၈ ထောင်မြင့်သော မြင့်မိုရ် တောင် တည်ရှိ၏၊ ထို မြင့်မိုရ်တောင်၏ ပတ်ဝန်းကျင်၌ " သီဒါ" ခေါ်သော မြစ်တခုခြား၍ မြင့်မိုရ်တောင်၏အောက်တဝက်လောက်

နိမ့်သော ယုဂန္ဓိုရ်တောင် တည်ရှိ၏၊ ဤနည်းအတိုင်း "သီဒါမြစ်" တခု ခြားကာခြားကာ တောင်စဉ်ခုနစ်ထပ် မြင့်မိုရ်တောင်ကို ရံပတ်၍ တည်လေသည်။

ထို မြင့်မိုရ်တောင်နှင့် တောင်စဉ် ၇ ထပ်တို့၏ လေးမျက်နှာ အရပ်ရှိ ရေလယ်ခေါင်၌ ကျွန်းကြီး ကျွန်းငယ် အသွယ်သွယ် ပေါ်ထွန်းလျက် ရှိ၏၊ ထို ကျွန်းမြေများသည်ပင် လူစသော သတ္ဒာတို့၏ တည်နေရာ မြို့ ရွာ တော တောင်များဖြစ်ကြလေသည်၊ အရှေ့ဘက်၌ ပေါ်ထွန်းသော ကျွန်းမြေကို အရှေ့ကျွန်း, တောင်ဘက် အနောက်ဘက် မြောက်ဘက်တို့၌ ပေါ်ထွန်းသော ကျွန်းမြေများကို တောင်ကျွန်း, အနောက်ကျွန်း, မြောက်ကျွန်းဟု ခေါ်သည်။

ထို မြင့်မိုရ်တောင်၏ ထက်ဝက်လောက်၌ ယုဂန္ဓိုရ်တောင်ထိပ်နှင့် ညီမျှသော အရပ်ဝယ် စာထုမဟာရာဇ် နတ်ပြည် တည်ရှိ၏၊ မြင့်မိုရ်တောင်ထိပ်လောက်၌ တာဝတိံသာနတ်ပြည် တည်ရှိ၏၊ ဤနတ်ပြည် ၂ ထပ်သာလျှင် မြေနှင့် ဆက်စပ်လျက် ရှိသည်၊ ယာမာ, တုသိတာ, နိမ္မာနရတိ, ပရနိမ္မိတဝသဝတ္တိ နတ်ပြည်နှင့် အထက်ဗြဟ္မာ့ဘုံတို့ကားမြေနှင့်မဆက်စပ်ဘဲ ကောင်းကင်အရပ်မှာပင် တည်ရှိကြ၏၊ ဤကား ကမ္ဘာ၏ အထက်ပိုင်းမြေပုံတည်း။[လောကဓာတ်ဆရာတို့၏ ကမ္ဘာမြေပုံကို လောကဓာတ်ကျမ်းစာများ၌ ရှုပါ။]

ဤ ဘုံအမျိုးမျိုးတို့ တည်နေဟန်နှင့်တကွ နတ်ဗြဟ္မာတို့ စံစားပုံကို ရိုက်နှိပ်ပြီး "သင်္ဂြိုဟ်ဘာသာဋီကာ" နှင့် ဒုတိယ အကြိမ်ရိုက် "ကိုယ်ကျင့် အဘိဓမ္မာ" တို့၌ ထည့်သွင်း ပြထားပြီ၊ ဤ ပြခဲ့သော ကမ္ဘာကဲ့သို့ အခြားသော စကြာဝဋ္ဌာ ကမ္ဘာကြီးများလည်း မရေ

တွက်နိုင်အောင် မြားမြောင်စွာရှိသေး၏၊ ဘုရားရှင်သည် ထို ပြအပ်ခဲ့သော စကြာဝဋ္ဌာ ကမ္ဘာလောကဓာတ်ကြီးများကိုလည်း အကုန်အစင် သိမြင်တော်မူနိုင်ပေသည်။

သင်္ခါရလောကကို သိမြင်တော်မူပုံ။ ။ ရုပ်နာမ် တရားတွေ ပေါင်းစပ်နေသည်ကို "ပုဂ္ဂိုလ်, သတ္ဒာ, သူ, ငါ, ယောကျ်ား, မိန်းမ, အထီး, အမ" စသည်ဖြင့် ခေါ်ဝေါ်ကြရသည်၊ ထို ရုပ်နာမ်ကို ဖယ်ထားလျှင်—သို့မဟုတ် ရုပ်နာမ်အားလုံး အဆုံးသတ် ချုပ်သွားလျှင် ပုဂ္ဂိုလ်, သတ္ဒာ, သူ, ငါ ဟူ၍ မရှိတော့ပြီ၊ ခန္ဓာကိုယ်၌ မြေဓာတ် ရေဓာတ် လေဓာတ် မီးဓာတ်ဟု အမာခံ ဓာတ်ကြီး ၄ ပါးရှိ၏၊ ထို အမာခံ ဓာတ်ကြီး ၄ ပါးကို မွမ်းမံ ခြယ်လှယ်သော အမှန်းတင်ရုပ်များလည်း ရှိ၏။

ထို ရုပ်အစိတ် အစိတ်ကလေးတွေ ပေါင်းစပ်၍နေသော အစုအခဲကို "ရုပ်ကလာပ်" ဟု ခေါ်၏၊ ရုပ်ကလာပ်မှုန့် တခုတခုသည် ပကတိ မျက်စိတို့ဖြင့် မမြင်ရလောက်အောင် သိမ်မွေ့ သေးငယ်၏၊ "လောကဓာတ်ဆရာတို့သည် သူတို့၏ မှန်ပြောင်းအားဖြင့် အသေးအမွှားဆုံး ရုပ်မှုန့် ကလာပ်များကို မြင်နိုင်၏" ဟု ဆိုသော်လည်း ကလာပ်တခုထည်းကို မြင်ရသည်မဟုတ်, ကလာပ်မှုန့် ကလေးတွေ အတော်များများ ပေါင်းစပ်နေသည်ကိုသာမြင်သည်၊ ကလာပ်တခုတခု၌ "ပထဝီ အာပေါ တေဇော ဝါယော ဝဏ္ဏ ဂန္ဓ ရသ ဩဇာ" ဤရုပ် ဂ ခု စုပေါင်းနေကြောင်း သိဘို့ကား လောကဓာတ်ပညာ၏ အရာ မဟုတ်တော့ပြီ၊ ဘုရားရှင်ကား ထိုကဲ့သို့ အသေးအမွှား ရုပ်ကလေးများအပြင်, ထိုရုပ်ကလေးများ ဖြစ်ပေါ်လာဘို့အကြောင်း

နှင့်တကွ လက္ခဏ ကိစ္စတို့ကိုပါ အကုန်အစင် သိမြင်တော်မူနိုင်ပေသည်။

ထို့ပြင်-ထို ရုပ်ကလာပ်ကလေးတွေ စုပေါင်းတွေခဲနေသဖြင့် သတ္ဒာ ဟု ခေါ်သော ဤခန္ဓာကိုယ်အတွင်း၌ စိတ်, စေတသိက်ဟူသော နာမ်တရားရှိသေး၏၊ ထို နာမ်တရား၏ အစွမ်းကြောင့် အဆင်းအသံ အနံ့ အရသာ အတွေ့နှင့် သိဘွယ် ဟူသမျှကို သိမြင်ကြရပေသည်၊ထို နာမ်တရားတို့၏အကြောင်းကိုကား လောကဓာတ် ပညာရှိတို့ ထိမိအောင် သိဘို့ကို မဆိုထားဘို့, ဖဿ ဝေဒနာ သညာစသော နာမည်မျှကိုပင် မသိမြင်နိုင်ကြတော့ချေ။

ရှင်တော်ဘုရားကား ထို နာမ်တရားတို့ ဖြစ်ခြင်း၏ အကြောင်းနှင့် တကွ လက္ခဏ ကိစ္စတို့ကိုပါ အကုန်အစင် သိမြင်တော်မူနိုင်ပေသည်၊ ဤသို့ ရှင်တော်ဘုရားသည် သတ္တလောက ဩကာသ လောက သခ်ါရလောကတို့ကို အကုန်အစင်သိမြင်တော်မူရကား "အလွန့်အလွန် သိနိုင်ပါပေ၏"ဟု ချီးကျူးရသော ဗြဟ္မာမင်းတို့ကုပင် ဘုရားရှင်ကို "လောကဝိဒူ-လောကအားလုံးကို သိမြင်တော်မူသောဘုရား"ဟုဥုးထိပ်ပေါ်တွင် မြှောက်တင် ကိုးကွယ်ကြပေသည်။

တိုက်တွန်းချက်။ ။ဘုရားရှင်၏ လောကသုံးပါး သိတော်မူရာ၌ သတ္တလောကကိုသိတော်မူခြင်းမှာ သတ္ဒာကို ချေချွတ်ဘို့အရေးဝယ် အလွန် အရာရောက်သော အချက်ပေတည်း၊ ဟောပြော ချေချွတ်တော်မူရာ၌ ထိုသတ္ဒာတို့၏ ပင်ကိုယ်စရိုက် အနုသယနှင့် ဣန္ဒြေအနုအရင့်ကိုနှိုင်းချင့်ပြီးမှ သင့်တော်သော တရားရေအေး

အမြိုက်ဆေးကို တိုက်ကျွေး၍ ချေချွတ်တော်မူပေသည်၊ ဥပမာ-ဆေးကု ကျွမ်းကျင်သော သမားတော်သည် သူနာ၏ ရောဂါကို အခြေအမြစ်နှင့်တကွသိပြီးမှသင့်တော်သောဆေးကိုတိုက်ကျွေးသကဲ့သို့တည်း၊ ထို့ကြောင့် ယခု သာသနာတော်တွင်း၌ တရားထူး မရကြသေးလျှင် နောင် ဘုရားရှင်တို့နှင့် တွေ့ကြုံသောအခါ လွယ်ကူစွာ ချေချွတ်ထိုက်သူ ဖြစ်အောင် ယခုနှယ်က ဆိုးဝါးသော အနုသယ ကိလေသာဓာတ်တွေကို ပါးလှပ်သည်ထက် ပါးလှပ်စေပြီးလျှင် သဒ္ဓါ ပညာ စသော ဣန္ဒြေများ ရင့်သန်ထက်မြက်ဘို့ရန် ကြိုးစားကြပါကုန်။

ဤနေရာဝယ် စာဖတ်ရင်းရပ်တန့်၍ ဘုရားရှင်၏ သပ္ပါယ်သောရုပ်ပုံတော်၏ အတွင်း၌ သန့်ရှင်းသော စိတ်တော်မှာ ယှဉ်နေသော သဗ္ဗညုတာဉာဏ်တော်ဖြင့် လောကအားလုံးကို သိတော်မူပုံ, မိမိကိုယ်တိုင် ဘုရားရှင်ကို ဖူးရလျှင် မိမိစိတ်ကိုကြည့်၍ မိမိနှင့် သင့်တော်သော တရားကို ဟောတော်မူမည့်ပုံ, ထိုတရားတော်နာရင်း တရားထူးရမည့်ပုံကိုပါ "မစားရ, ဝကမန်း" အာရုံပြုလိုက်စမ်းပါ၊ လောက၌ နေမင်းသာ ပေါ်ထွက်မလာလျှင် ခလုတ် ကန်သင်း ကုန်းကျင်း အရပ်တို့ကို ခွဲခြား၍ မသိနိုင်ဘဲ, သွားတိုင်းသွားတိုင်း တိုက်မိ ခိုက်မိ ကျင်းထဲကျဘွယ် ရှိသကဲ့သို့ ထို့အတူ ဘုရားရှင် နေမင်းသာ ပေါ်ထွက်၍မလာလျှင် ကုသိုလ် အကုသိုလ်ကို ခွဲခြား၍ မသိဘဲ အကုသိုလ်တွေကိုသာ ပြုမိကာ သတ္ဒာအများပင် အပါယ်လားဘို့ ရှိပါတော့သည်။

အနုတ္တရော ပုရိသဒမ္မ သာရထိ ဂုဏ်တော်ဖွင့်

(ကျက်မှတ်ရန်)

(၆) သောဘဂဝါ— ထို ရွှေဘုန်းတော်သခင်, ရှင်တော်မြတ်ဘုရားသည်၊ ဣတိပိ ဣမိနာစ ကာရဏေန — ဆုံးမသင့်ရန်, သတ္တဝါမှန်သော်, ချောက်တန်လျှင် ချောက်, မြောက်တန် မြောက်၍, အောက်အောက် ထက်ဂုဏ်, ဆင့်ဆင့် စုံဘို့, ဖုံဖုံ သင်ပေး, အစဉ်ဖေးလျက်, ယဉ်ကျေးလေအောင်, သွေးဆောင် ဆုံးမတော်မူတတ်သော ဤအကြောင်းကြောင့်လည်း၊ အနုတ္တရော ပုရိသဒမ္မ သာရထိ-အနုတ္တရော ပုရိသဒမ္မ သာရထိဟူသော ဂုဏ်တော်ကြီးဖြင့်, အံ့ခ်ီး၍ မကုန်, ဗြဟ္မာ့ဘုံ တိုင်အောင်, ပျံလိုင်ကျော်ကြား, ထင်ရှားတော်မူပေသည် တကား။

× × × × ×

ကြည့်ရှုရန် အဓိပ္ပါယ်

အနုတ္တရော ပုရိသဒမ္မ သာရထိ ဂုဏ်တော်သည် " ဆုံးမထိုက်သော သတ္တဝါများကို ယဉ်ကျေးအောင် ဆုံးမမှု၌ အတုမရှိ စွမ်းနိုင်ပါပေသည်" ဟူသော အနက်ကိုပြသည်။ [အနုတ္တရော + ပုရိသဒမ္မ + သာရထိ၊ အနုတ္တရော=အဘုမရှိမြတ်သည်+ပုရိသ = ယောကျ်ား (သတ္တဝါ) + ဒမ္မ=ဆုံးမထိုက်သူ+သာရထိ=ဆုံးမနိုင်သည်။]

အောက်အောက် ထက်ဂုဏ် ။ ။ အောက်အောက် သီလဂုဏ်နှင့် အထက် အထက် စျာန်မဂ်ဖိုလ် ဂုဏ်များကို အဆင့်ဆင့် စုံလင်အောင် အဖုံဖုံ သင်ပေးပြီးလျှင် အစဉ် မပြတ် ဖေးဖေးမမ စောင့်ရှောက်တော်မူသည်။

တောဆင်ရိုင်း မြင်းရိုင်းများကို ယဉ်ကျေးအောင် ဆုံးမမှုဌာန အတုမရှိ ကျွမ်းကျင်သော ဆင်ဆရာ မြင်းဆရာတို့သည် အလွန်ရိုင်းပျသော ဆင်-မြင်းများကို တဖြည်းဖြည်း ယဉ်ကျေးလာအောင် ဆုံးမပြီးလျှင် မင်းတို့၏ စီးတော်ဆင် စီးတော်မြင်းများ အဖြစ်သို့ ရောက်စေနိုင်သကဲ့သို့, ရှင်တော်မြတ်ဘုရားလည်း " လောကဝိဒူ ဂုဏ်တော်၌ပြခဲ့သည့်အတိုင်း သတ္တဝါတို့၏ အတွင်းစိတ်ကို ရွေနောက်ကုန်စင် သိမြင်တော်မူသောကြောင့် ဆုံးမဘို့ရန် သင့်တော်သော သတ္တဝါများကို တွေ့မြင်တော်မူသောအခါ ချောက်၍ ဆုံးမမှု အကျွတ်တရား ရမည့်သူ ဖြစ်လျှင် ချောက်၍ ဆုံးမတော်မူ၏၊ မြောက်ပင့်၍ ဆုံးမမှ အကျွတ်တရား ရမည့်သူဖြစ်လျှင် မြောက်ပင့်၍ ဆုံးမတော်မူသည်။

ထိုသို့ ဆုံးမရာ၌ ပင်ကိုယ်က သီလမရှိသူဖြစ်လျှင် သီလ၌ တည်စေတော်မူ၏၊ သီလရှိပြန်လျှင်လည်း အထက်အထက် စျာန်တရားမဂ်တရားတို့ကို ထိုသူ၏ ပါရမီအားလျော်စွာ တိုးတက်၍ရအောင် ဆုံးမတော်မူ၏၊ ထိုဘဝ၌ မည်သည့်တရားထူးကိုမျှ မရထိုက်လျှင် နောက်နောက်ဘဝ၌ အထိုပါအောင် ဆုံးမတော်မူ၏၊ ဘုရားရှင်၏ အဆုံးအမကို သီခြားခံယူရလျှင် မယဉ်ကျေး သူမရှိ, ယဉ်ကျေးသူ ချည်းသာ ဖြစ်ကြလေသည်။

ဤနေရာဝယ် ရပ်တန့်၍ ဘုရားရှင်၏ စိတ်တော် ကြည်လင်ပုံ, ဉာဏ်တော် ထက်မြက်ပုံ, ထိုဉာဏ်တော်ဖြင့် ဟောပြော ဆုံးမဘို့ရန် တရားမျိုးစုံကို သိတော်မူပုံ, ထိုတရားမျိုးစုံမှ သင့်တော်သော တရားတို့ကို ရွေးချယ်၍ သတ္တဝါတယောက်အား ဆုံးမတော်မူလျှင် တရား

အထူးရပုံကိုအာရုံပြုကာ ဘုရားရှင်၌ ကြည်ညိုစိတ် တိုးပွားအောင် ကြိုးစားကြပါလော။

တိုက်တွန်းချက် ။ ။ ဤစကားအစဉ်ဖြင့် " ဘုရားရှင်သည် တွေ့သမျှ သတ္တဝါတိုင်းကို အကျွတ်တရားရအောင် ဆုံးမတော်မူသည် မဟုတ်၊ အထိုက်အလိုက် တရားထူးရလောက်သော ပါရမီအခံရှိသူ ကိုသာ ဉာဏ်တော်ဖြင့် ကြည့်ရှု၍ အထူး ဆုံးမတော်မူသည် " ဟု နားလည်ကြပါ၊ ဘုရားရှင် လက်ထက်တော်၌ သာဝတ္ထိ ပြည့်ရှင် ဘုရင်ကောသလမင်းနှင့် မိဖုရားခေါင်ကြီးမလ္လိကာတို့သည် ဘုရား ကျောင်းဒကာ ကျောင်းအမဖြစ်၍ ဘုရားကို လွန်စွာ ကြည်ညိုကြ၊ တရားကိုလည်း မကြာမကြာ နာရပါလျက် မည်သည့်တရားထူးကိုမျှ ရကြသည်ဟု ကျမ်းဂန်၌ မတွေ့ရပါ။

ယခုကာလ၌ သဒ္ဓါလွန်၍ ပညာ နည်းပါးသူတို့က " ဘုရားနှင့် တွေ့လျှင်ပင် ကေန် တရားထူးရနိုင်မည် " ဟု မျော်လင့်နေကြရုံမက, ယခုဘဝမှာပင် အတော်အတန် တတ်သိနားလည်သူကို ဆည်းကပ် ရလျှင် " ထိုသူ၏တရားတွေ မိမိမှာ အလိုလို ကူးစက်လာလိမ့်မည် " ဟု တွေးဆကြ၏၊ ကိုယ်အားထုတ်မှ ကိုယ်ရနိုင်သည်ကိုကား မသိ ရှာကြကုန်၊ ထို့ကြောင့် နောင် ပွင့်တော်မူလာမည့် ဘုရားရှင်နှင့် တွေ့ရသော အခါ၌လည်း ဆုံးမထိုက်သော ပါရမီအခံ လုံလောက် ပြီးသူ ဖြစ်အောင် ယခုလို အတော်အတန် တတ်သိနားလည်သော ဘဝကောင်းက ဖြစ်ခွင့်ကြုံသော ပါရမီ အားလုံးကို သိမ်းကျုံး၍ ဖြည့်ကျင့်ကြပါကုန်။

သတ္တာဒေဝမနုဿာနံ အဖွင့်

(ကျက်မှတ်ရန်)

(၇) သောဘဂဝါ – ထို ရှေဘုန်းတော်သခင်, ရှင်ဗောဓိမြတ် ဘုရားသည်၊ ဣတိပိ ဣမိနာစ ကာရဏေန-သတ္ထဝါဟော်, ကုန်သည် ကျော်သည်, ဖေါ်လျော်ငယ်သား, နောက်ပါမျှားကို, ရေရှားဘေးခ, ကန္တာရမှ , ခေမ မြေဋ္ဌ , ထုတ်ကယ်ယူသို့ , ထို့တူတစိ , ခဲယဉ်းဘိ သည့်, ဇာတိဇရာ, မရဏာဟု, ကန္တာရကြမ်း, ခရီးလမ်းမှ, ရှေနှန်း မြေဋ္ဌ,ပြည်နိဗ္ဗူသို့, နတ် လူ ပြဟ္မာ, သတ္တဝါကို, ကောင်းစွာဆောင်ယူ, ကယ်တင်တော်မူတတ်သော ဤ အကြောင်းကြောင့်လည်း၊ သတ္တာ ဒေဝမနုဿာနံ—သတ္တာ ဒေဝမနုဿာနံဟူသော ဂုဏ်တော်ကြီးဖြင့်, အံ့ချီး၍မကုန်, ပြဟ္မာ့ဘုံတိုင်အောင်, ပျံလိုင် ကျော်ကြား, ထင်ရှား တော်မူပေသည် တကား။

× × × × ×

ကြည့်ရှုရန် အဓိပ္ပါယ်

သတ္တာ ဒေဝမနုဿာနံ ဂုဏ်တော်သည် " နတ် လူတို့၏ ရှေဆောင် ဥုံးစီး ကုန်သည်ကြီးနှင့် တူတော်မူ၏ " ဟူသော အနက်ကို ပြသည်။ [ဒေဝမနုဿာနံ = နတ် လူတို့၏ + သတ္ထာ = (ဆရာ ဖြစ်၍) ကုန်သည်ကြီးနှင့် တူတော်မူသည်။]

သတ္ထဝါဟော်, ကုန်သည်ကျော်သည် ။ ။ သတ္ထဝါဟ ဟူသော ပါဠိကို " သတ္ထဝါဟော် " ဟု စပ်ဆိုသည်၊ ကုန်သည်ငယ်များ၏ အကြီးအမှူးဖြစ်၍ ကူးသန်းရောင်းဝယ်မှုဌ် ကျွမ်းကျင်နားလည် သော " ကုန်သည်ကြီး " ဟူလို။

ကန္တာရမှ။ ။ခြသေ့် သစ် ကျား ခိုးသား ဒါးမြပေါများ၍ အစာရေစာ ရှားသောခရီးကို "ကန္တာရ" ဟု ခေါ်သည်၊ အသွားအလာ ခက်ခဲသောကြောင့် "ခရီးခဲ" ဟုလည်း ခေါ်သည်။ [ခေမ မြေငူ= ဘေးရန်မရှိသော ကုန်းမြင့်မြေ အရပ်။]

ဇာတိ ဇရာ, မရဏာဟု။ ။ဇာတိ=ပဋိသန္ဓေနေရမှု၊ ဇရာ=အိုရမှု၊ မရဏ = သေရမှုဟူသော ဘေးကြီးတို့ဖြင့် မရှောင်သာ မတိမ်းသာအောင် ကြမ်းတန်းသောသံသရာခရီး ကန္တာရကြီးမှ။

ရွှေနန်းမြေငူ, ပြည်နိဗ္ဗူသို့။ ။ရွှေထီးရွှေနန်း၌ စံမြန်းရသကဲ့သို့ အေးမြ ချမ်းသာသော နိဗ္ဗာန်ပြည် တည်းဟူသော မြေအငူသို့။

ရှေးအခါ၌ လှည်း မြင်းများစွာ ငါးရာ တထောင်စသည် စုပေါင်း၍ ကုန်များကို တင်ဆောင်လျက် ကူးသန်းရောင်းဝယ်လေ့ရှိကြ၏၊ အကြီးအမှူး ဖြစ်သော ကုန်သည်ကြီးလည်း ပါရှိရသည်၊ လမ်းစခန်း၌ ခြသေ့်, သစ်, ကျား, ဘီလူး, ခိုးသူ, ဒါးမြစသော ဘေးတို့ဖြင့် အလွန် ဆိုးဝါး၍ရင်း, အစာရေစာ ရှားပါး၍ရင်း, နေအလွန်ပူသော သဲပြင်ကြီး ဖြစ်၍ရင်း, အကူးအသန်း အသွားအလာခက်၍ "ကန္တာရ" ခေါ်သော ခရီးဆိုး ခရီးကြမ်းများလည်း ရှိတတ်လေသည်။

ကုန်သည်မှူးကြီးသည် ထို ခရီးဆိုးကြီးမှ လွတ်မြောက်၍ ဘေးမရှိရာသို့ ရောက်အောင် အဖေါ်ငယ်သား ကုန်သည်များကို ပို့ဆောင်သကဲ့သို့, ဘုရားရှင်ကိုယ်တော်မြတ်လည်း အိုရမှု နာရမှု သေရမှု စိုးရိမ်ပူဆွေး ငိုကြွေး မြည်တမ်း ပင်ပန်း ဆင်းရဲ တကွဲတပြား ဖြစ်ရမှု စသော ဘေးဒုက္ခတို့ဖြင့် မရှောင်သာအောင်

ဆိုးသွမ်းသော သံသရာ တည်းဟူသော ကန္တာရကြီးမှ သတ္ဒာအများကို ကယ်တင်၍ နိဗ္ဗာန်တိုင်အောင် ပို့ဆောင်တော်မူရကား ကုန်သည်ကြီးနှင့် တူတော်မူပါပေသည်။

တိုက်တွန်းချက်။ ။ဘုရား တဆူတဆူ ပွင့်တော်မူလာသောအခါ များစွာသော သတ္ဒာကို နိဗ္ဗာန်သို့ ပို့ဆောင်တော် မူပါလျက် ငါတို့တတွေ မလိုက်ပါနိုင်ဘဲ ကျန်ရစ်ခဲ့ကြရသည်မှာ လွန်စွာ ဝမ်းနည်းဘွယ် ကောင်းလှလေပြီ၊ သို့ပါလျက် ယခုခေတ်၌ သူတော်ကောင်း အခေါ်ခံရသူတို့မှာ ကိုယ့်တာဝန် ဖြစ်သော တရားအားထုတ်မှု ပါရမီဖြည့်မှုကို မကြိုးစားဘဲ "နိဗ္ဗာန်ကို မြန်မြန်ရလိုပါ၏" ဟု ဆုတောင်းတုန်းပင်၊ ထိုသို့ ဆုတောင်းရင်း ကျန်ရစ်ကြရသည် ကိုကား သတိရကြဟန် မတူ၊ သတိ ရ၍ ကြိုးစားလိုသူ့အတွက်မှာမူ ယခုလည်း အချိန်ရှိပါသေး၏။

ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီးနောက်မှ သတိရ၍ တရားတော်လာအတိုင်း ကြိုးစားသူတွေ အရှင် မဟိန္ဒထေရ် သံဃမိတ္တာထေရီ စသည်ကဲ့သို့ များစွာ ကျွတ်တမ်းဝင်ခဲ့ကြပါသည်၊ ထို့ကြောင့် ဘုရားကို အာရုံပြုရင်းဖြစ်လာသော နှစ်သက်မှု (ပီတိ) စိတ်ကို ပင် အနိစ္စ ဒုက္ခ အနတ္တဟု ဝိပဿနာကမ္မဋ္ဌာန်းရှုကာ မိမိ၏ ခန္ဓာကိုယ်နှင့်တကွ တလောကလုံးကို ငြီးငွေ့စရာဟု ဆင်ခြင်စမ်းပါလော့၊ ပီတိတခုကိုပင် အနိစ္စ ဒုက္ခ အနတ္တဟု မြင်လာသောအခါ တကိုယ်လုံးရှိ ရုပ်တရား နာမ်တရားတွေ ကိုလည်း ကူးစက်၍ အနိစ္စ ဒုက္ခ အနတ္တဟု မြင်လာနိုင်ပါသည်။

ဗုဒ္ဓ ဂုဏ်တော်ဖွင့်

(ကျက်မှတ်ရန်)

(ဂ) သောဘဂဝါ—ထို ရွှေဘုန်းတော်သခင်, ရှင်တော်မြတ်ဘုရားသည်၊ ဣတိပိ ဣမိနာစ ကာရဏေန — ဒုက္ခသမုဒယ, နိရောဓနှင့်, မဂ္ဂမည်သာ, လေးသစ္စာကို, ဥုးစွာပိုင်ပိုင်, သိမြင်နိုင်၍, သုံးဆိုင်ဝေနေ, များဗိုလ်ခြေကို, မသွေအတူ, သိစေတော်မူနိုင်သော ဤအကြောင်းကြောင့်လည်း၊ ဗုဒ္ဓေါ—ဗုဒ္ဓဟူသော ဂုဏ်တော်ကြီးဖြင့်, အံ့ချီး၍မကုန်, ဗြဟ္မာ့ဘုံတိုင်အောင်, ပျံ့လှိုင် ကျော်ကြား, ထင်ရှားတော်မူပေသည် တကား။

× × × × × × ×

ကြည့်ရှုရန် အဓိပ္ပါယ်

ဗုဒ္ဓ ဂုဏ်တော်သည် "ကိုယ်တော်တိုင်သိ၍, သူတပါးကိုလည်း သိစေတော်မူနိုင်သည်" ဟူသောအနက်ကို ပြ၏။

၁။ ဒုက္ခသစ္စာ။ ။(ဒုက္ခ= ဆင်းရဲခြင်း + သစ္စာ= အမှန်၊) ရုပ်ခန္ဓာနှင့် စိတ် စေတသိက်ဟူသော နာမ်ခန္ဓာတရားတွေပေါင်းစပ်နေသည်ကို "ခန္ဓာကိုယ်" ဟု ခေါ်၏၊ ဤ ခန္ဓာကိုယ်သည် ဒုက္ခတုံး ဒုက္ခခဲ ဆင်းရဲခြင်း အမှန်ဖြစ်၏၊ ဤခန္ဓာကိုယ်ကြီး ရှိလို့သာ စားဘို့ သောက်ဘို့ ဝတ်ဘို့ နေဘို့ ရှာဖွေ သွားလာရ၏၊ အိုရ နာရ သေရ ကြေရ၏၊ အရှာ အဖွေ အနေ မတရားသဖြင့် အပါယ်လေးပါးသို့ ကျရောက်ကာ ဒုက္ခခံရ၏၊ စိုးရိမ် ပူဆွေး ငိုကြွေးမြည်တမ်း ပင်ပန်း ဆင်းရဲရ၏၊ ထောင်တန်းကျသဖြင့် အရှက်တကွဲ အကျိုးနဲလည်း

ဖြစ်ကြရ၏၊ အလွန့်အလွန် စီးပွားတွေ စုဆောင်းပြီးမှ စွန့်ပစ်ထားခဲ့ရ၏၊ မခွဲချင်ဘဲနှင့် တကွဲတပြား ဖြစ်ရ၏၊ ခေတ္တခဏ ချမ်းသာသလို ထင်ရသော်လည်း အစအဆုံး ကြည့်လိုက်လျှင် ချမ်းသာစစ်စစ်ဟူ၍ မမြင်ရချေ။

"အလွန်ချမ်းသာသည်" ဟု ဆိုရသော နတ်ပြည် ဗြဟ္မာ့ပြည်များသို့လည်း ရောက်ဘို့ရန် အားထုတ်ရသော ဒုက္ခ, ရောက်ပြီးသည့်နောက်၌ ပျက်စီးသောအခါ ဒုက္ခ၊ [နတ်ပြည်၌ "ပျက်စီးလိမ့်မည်" ဟုစောစောကအချိုသိနှင့်ကြသဖြင့် "ဤမျှလောက်ကြီးကျယ်သော စည်းစိမ်ကို စွန့်ရတော့မှာပါတကား" ဟု ဇောချွေးများ ကျပြီးလျှင် အလွန့်အလွန် ဆင်းရဲရလေသည်။] ဤသို့ ဆင်းရဲ ကေန် စင်စစ်မှန်သောကြောင့် ငါ၏ခန္ဓာကိုယ်နှင့် သတ္တာအားလုံး၏ ခန္ဓာကိုယ်သည် ဒုက္ခသစ္စာချည်းပါတကား။

(၂) သမုဒယသစ္စာ။ ။ (သမုဒယ = ဒုက္ခဖြစ်ကြောင်း+ သစ္စာ=အမှန်၊)ထိုဒုက္ခ၏ အကြောင်းရင်းကား "တဏှာ လောဘ" ခေါ် သောနှစ်သက်ခင်မင်လိုချင်တောင့်တမှုသည် အကြောင်းအမှန်ဖြစ်တော့၏၊ ဒုက္ခသစ္စာ၌ ပြခဲ့သော ဒုက္ခဟူသမျှသည် ဤ လိုချင်တောင့်တမှုကိုအကြောင်းပြု၍ ဖြစ်၏၊ ထိုတောင့်တလိုချင်မှုကြောင့် တခါတရံ မတရားပြုမိ၍ ဤလောက၌ပင် မင်းပြစ် မင်းဒဏ်, နောင်သံသရာ၌ အပါယ်လေးပါးသို့ ကျရောက်လျက်, အတိုင်းမသိ ဆင်းရဲဒဏ်ကို ခံရသည်၊ သံသရာဝဋ္ဌဆင်းရဲမှ မလွတ်ဘဲ တဝဲလည်လည် ကျင်လည်ရချက်သည် ထိုထိုဘဝကို တောင့်တလိုချင်သော လောဘ တဏှာ၏ စနက်သာတည်း။

တောင့်တလိုချင်မှု ဟူသော တဏှာ လောဘလည်း တရားဖြင့် မချုပ်တည်းနိုင်သမျှသူ့ အလိုအလျောက်သာဖြင့် မည်သည့်အခါမျှ နောက်ဆုတ်လိမ့်မည် မဟုတ်၊ "သံပုရာသီး ကြီးလေ ချဉ်လေ" ဖြစ်သကဲ့သို့ဝင်း, "ငယ်စဉ်ကပေါက်သော နွားဥုးချိသည် ကြီးလေ ရှည်လေ" ဖြစ်သကဲ့သို့ဝင်း, "မီးသည်လောင်စာများလေမီးတောက် ကြီးလေ" ဖြစ်သကဲ့သို့ဝင်း, ဤတဏှာလောဘ၏သဘောသည်လည်း "ရလေ လိုလေ, ရဖန်များလေ လောဘတိုးလာလေပင်" ဖြစ်တော့သည်၊ တဏှာလောဘ ကြီးလာသလောက်လည်း ဒုက္ခကြီးကြီးပင် ရောက်ကြမည်သာ။

မန္တစ်စကြာမင်း ဝတ္ထု ။ ။ ဤကမ္ဘာ၏ အစပိုင်းလောက်က ဘုရားအလောင်းတော်သည် လေးကျန်းလုံးကို အစိုးရသော မန္တစ်စကြာမင်း ဖြစ်၏၊ တနေ့သ၌ စကြာရတနာဖြင့် ပရိသတ်ခြံရုံလျက် ကောင်းကင်ခရီး၌ လေးကျန်းလုံး လှည့်လည်စဉ် စာတုမဟာရာဇ် နတ်ပြည်၏ ကြီးကျယ် ခမ်းနားကြောင်းကို ကြားရ၍ အခြေအရံ ပရိသတ်များနှင့် တကွ စတုမဟာရာဇ် နတ်ပြည်သို့ ချီတက်လေသော်, စတုမဟာရာဇ်နတ်မင်းကြီး ၄ ပါးက ခရီးဥုး ကြိုဆိုလျက် နတ်ပြည်ကို ဆက်သကြ၏၊ ထိုအခါ နတ်စည်းစိမ်ကို ခံစားရသော်လည်း တဒေါတိ သာနတ်ပြည်သည် ဤနတ်ပြည်ထက်ပင် အဆတရာ မက သာလွန် ကြီးကျယ်ကြောင်း ကြားရပြန်၍ တဒေါတိ သာသို့ ချီပြန်လေသော်, စကြာရတနာနှင့် ပရိသတ်တို့ မလိုက်နိုင်ကြဘဲ လမ်းခုလပ်မှ လှည့်ပြည်သို့ပြန်ကြရလေသည်၊ ထိုအခါ တကိုယ်တည်း ကြွလာသော မန္တစ်မင်းအား သကြားကိုယ်တိုင် နတ်ပြည်ကို တစက်ခဲ၍ လွှဲအပ် စံစားစေလေသည်။

ထိုအခါ လူတို့၏ အသက်တမ်းမှာ အလွန် ရှည်ကြာသော အသင်္ချေတန်း အခါဖြစ်၍ ပကတိ သကြားပေါင်း ၃၄ ယောက် ပြောင်းလဲသည့်တိုင်အောင် ထို မန္တစ်စကြာမင်းသည် စုတေတော် မမူသေးဘဲ ခံစားမြဲခံစားနေရပါလျက် နတ်ပြည်တဝက်မျှ အုပ်စိုးရရုံဖြင့် တင်းတိမ်တော် မမူသောကြောင့် ရောက်ခါစ သကြားသစ်ကို သတ်ဖြတ်လိုသော အကြံဆိုး ပေါ်ပေါက်လာသဖြင့် ထိုနတ်ပြည်မှ ကွယ်ပျောက်ခဲ့၍ လူ့ပြည်သို့ အရောက်တွင် စုတေပဲ့ ဝင်ရဘူးလေသည်။[ဇာတကဋ္ဌကထာ၊ တိကနိပါတ်၊ သက်ပ္ပဝဂ်၊မန္ဓာတုဇာတ်။]

ဤဝတ္ထု၌ သကြားပေါင်း ၃၄ကျိပ် ၆ ယောက် ပြောင်းလဲအောင် နတ်စည်းစိမ်ကို စံရပါလျက် အားမရနိုင်သော လောဘ၏ ကြီးကျယ်ပုံကို မှန်းဆသင့်တော့သည်၊ ထို့ကြောင့် တဏှာလောဘမည်သည် တရားဖြင့် မချုပ်တည်းနိုင်သမျှ သူ့ အလိုအလျောက် မည်သည့် အခါမှ နောက်ဆုတ်လိမ့်မည်မဟုတ်၊ တဏှာလောဘ နောက်မဆုတ် သမျှလည်း ပြဲခဲ့သော ဒုက္ခအပေါင်းမှ လွတ်နိုင်ကြဥုးမည် မဟုတ်၊ ထို့ကြောင့် နှစ်သက် ခင်မင် လိုချင် တောင့်တမှု ဟူသော တဏှာလောဘသည် အားလုံးသော ဒုက္ခအပေါင်း၏ အကြောင်းရင်းခံ စင်စစ်မှန်သော သမုဒယသစ္စာပေတည်း။

(၃) နိရောဓသစ္စာ ။ ။ (နိရောဓ=ဒုက္ခ၏ ချုပ်ဆုံးရာ+သစ္စာ=အမှန်၊) ထိုဒုက္ခအားလုံး၏ ချုပ်ဆုံးရာ အမှန်ကား နိဗ္ဗာန်တည်း၊ ထိုနိဗ္ဗာန်၏ ဒုက္ခမရှိပုံ မည်ကဲ့သို့ ချမ်းသာပုံကိုမူ နိဗ္ဗာန်ကို မြင်နိုင်သောဉာဏ်ရမှသာ ကျနစ္စာ သိနိုင်ရာ၏၊ သောတာပန်အဖြစ် သို့ရောက်လျှင်ပင် နိဗ္ဗာန်၏အရသာကို သိမြင်နိုင်ပေပြီ၊သောတာပန်များသည် နိဗ္ဗာန်၏ အရသာကို ကျနစ္စာ သိမြင်ပြီးဖြစ်၍ ရဟန္တာ

အဖြစ်သို့ ရောက်အောင်သာ တိုးတက် အားထုတ် ကြတော့သည်၊ ပုထုဇဉ်အဖြစ်သို့ ဆုတ်နစ်ခဲ့သူမရှိ၊ ရဟန္တာဖြစ်၍ ပရိနိဗ္ဗာန် ဝင်စံခါနီးမှာလည်း ဒုက္ခ ရုပ်နာမ်ကို စွန့်ရတော့မည် ဖြစ်၍ ကြည်လင် ရှင်ပျတော်မူကြသည်။

နိဗ္ဗာန်သည် ယခု ပုထုဇဉ်တို့အတွေးမျိုးဖြင့် တွေးကာ ပျင်းစရာ ဖြစ်နေလျှင် နိဗ္ဗာန်ဝင်ခါနီး၌ မည်သူမျှ ရှင်ပျနိုင်ကြမည် မဟုတ်ပါ၊ မိမိတို့ သွားရမည့် နိဗ္ဗာန်၏ ချမ်းသာပုံကို ထို ပုဂ္ဂိုလ်မြတ် တို့၏ အာရုံ၌ ရှင်းရှင်းလင်းလင်း သိပြီးဖြစ်၍သာ ရှင်ပျတော်မူနိုင်ကြပေသည်၊ မိထွေးတော်ဂေါတမီ ပရိနိဗ္ဗာန် စံခါနီး၌ နတ်ရော လူပါ လွမ်းဆွတ် တသ ငိုပွဲကြီး ကျင်းပကြသော်လည်း မိထွေးတော်ကား အနည်းငယ်မျှ ဝမ်းနည်းခြင်းမရှိဘဲ "သားတော် သွီးတော်များ.... ဤ အခါမျိုးကား ငိုရမည့်အခါ မဟုတ်, ဝမ်းမြောက်ရမည့်အခါ ဖြစ်သည်" ဟု တရားချလျက် တန်ခိုးပင် ပြခဲ့ပေသေးသည်။

အမျိုးဇာတ် ဂုဏ်သိရ် စည်းစိမ်အားဖြင့် အထက်တန်း ကျ၍ ပါရမီကြီးမားလှသောရှင်တော်ဘုရားနှင့်သူတော်ကောင်းကြီးများ သွားရာ လမ်းကောင်းကို ငါတို့တတွေ အဘယ်မှာ မလိုက်လိုဘဲ ရှိသင့်အံ့နည်း၊ တပျော်တပါး မနားမနေ ပါရမီတွေကို ဖြည့်ကာ ဖြည့်ကာ ကောင်းစွာ စိုက်စိုက် လိုက်ကြဘို့ရာ ယခုနှယ်က ပြင်ဆင်ထားကြပါကုန်။

(၄) မဂ္ဂသစ္စာ။ ။(မဂ္ဂ=နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်း+ သစ္စာ=အမှန်၊) နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်း အမှန်ကား မဂ္ဂင်ရှစ်ပါးတည်း။

မဂ္ဂင် ရှစ်ပါး

သမ္မာဒိဋ္ဌိ =ကောင်းသော အလိမ္မာ ဉာဏ်ပညာ။

သမ္မာသင်္ကပ္ပ =ကောင်းသော အကြံအစည်။

သမ္မာဝါစာ =ကောင်းသောစကားကို ဆိုခြင်း။

သမ္မာကမ္မန္တ =ကောင်းသောအမှုကို ပြုခြင်း။

သမ္မာအာဇီဝ =ကောင်းသော အသက်မွေးခြင်း။

သမ္မာဝါယာမ =ကောင်းသော အားထုတ်ခြင်း။

သမ္မာသတိ =ကောင်းသော အမှတ်ရခြင်း။

သမ္မာသမာဓိ =ကောင်းသော တည်ကြည်ခြင်း။

[အပြစ်ကင်း၍ ကုသိုလ်ကြိယာနှင့် ဆိုင်သမျှကိုသာ "အကောင်း" ဟု ဆိုလိုသည်။]

[ဆောင်] အလိမ္မာဉာဏ်, ကောင်းအောင် ကြံ၍, အမှန် ပြောပြ, ပြုသမျှကောင်း, သက်မွေးကောင်းပင်, ကောင်းကောင်း အားစိုက်, စိတ်၌စွဲမှတ်, ကောင်းမြတ်တည်ကြည်, ကောင်း ရှစ်လီသည်,....ရွှေပြည်နိဗ္ဗာန် ရောက်ကြောင်းတည်း။

ဘုရားရှင်၏ သန္တာန်တော်၌.... "ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ, ဉာဏံ ဥဒပါဒိ, ပညာ ဥဒပါဒိ, ဝိဇ္ဇာ ဥဒပါဒိ, အာလောကော ဥဒပါဒိ" ဟူသော ဓမ္မစကြာနှင့်အညီ, ဘုရားမဖြစ်မီ ရှေးအခါက ကြားမျှမကြားအပ်ဘူးသော ဤ သစ္စာလေးပါးတရား တို့၌ သိမြင်နိုင်သော ပညာ, ဝိဇ္ဇာ အရောင်အလင်းဟူသော ဉာဏ်

စက္ခုသည် ဘုရား ဖြစ်တော်မူခါနီးဝယ် ထင်ရှားစွာ ပေါ်လာ၏၊ သစ္စာလေးပါးကို ကိုယ်တော်တိုင် သိတော်မူပြီးနောက် ဘုံသုံးပါး၌ ရှိကြသော ဝေနေယျ သတ္တဝါတို့ကိုလည်း ကိုယ်တော်ကဲ့သို့ သိကြဘို့ရာ ဟောပြတော်မူပေသည်။

[ယခုကာလ ဉာဏ်ထက်မြက်သူတို့သည် ရှေးက မသိဘူးသော အရာကို စူးစူးစိုက်စိုက်ကြံသောအခါ ထိုအရာကို သိနိုင်သောဉာဏ်များ ထင်ရှားပေါ်လာတတ်ပုံကို သတိထား၍ ဘုရားရှင်၏ သန္တာန်တော် ၌လည်း ရှေးက မရှိသော ဝိဇ္ဇာဉာဏ် ပေါ်လာပုံကို ယုံကြည်ပါကုန်။]

တိုက်တွန်းချက်။ ။ ဒုက္ခများစွာ သံသရာမှ လွတ်မြောက်၍ နိဗ္ဗာန်ရောက်ဘို့ရာ တဏှာလောဘကို တစတစ ပယ်ရှားလျက် မဂ္ဂင် ၈ ပါး တည်းဟူသော လမ်းကောင်းကြီးကိုသာ လိုက်သွားမိအောင် သတိတရား ကောင်းစွာထား၍ ကြိုးစားသင့်ကြသည်၊ ထိုသို့ ကြိုးစား ရာ၌ တကယ်တမ်း တောထွက်၍ အားတက်သရော မလိုက်နိုင်သေး လျှင် အိမ်သုံးမဂ္ဂင်များကို ကြိုးစားပါ။

အိမ်သုံးမဂ္ဂင်ရှစ်ပါး

သမ္မာဒိဋ္ဌိ။ ။ဘယ်ကိစ္စ၌မဆို ပြုသမျှ ကောင်းမှု မကောင်းမှု ကံတွေ့သည် ငါ၏သန္တာန်၌ အဖတ်တင်ရစ်သည်၊ နောင် အခါအခွင့် သင့်သလို ကောင်းကျိုး မကောင်းကျိုးကို တွေ့ကြုံရမည်-ဟု ကံနှင့် ကံ၏အကျိုးကို နားလည်သောဉာဏ် ဖြစ်ပါစေ၊ တခါတရံ၌ကား ရုပ် နာမ် ၂ ရပ် ပေါင်းစပ်၍ လူဟု ခေါ်ဆိုအပ်သော ခန္ဓာကိုယ်၏ ဒုက္ခများစွာနှင့်မကင်းပုံကို ဆင်ခြင်၍ ခန္ဓာကိုယ်၌ အပြစ်မြင်အောင် ဝိပဿနာဉာဏ် ဖြစ်ပါစေ။

သမ္မာသင်္ကပ္ပ။ ။မိမိအတွက် ဖြစ်စေ သူများအတွက် ဖြစ်စေ စိတ်သဘောကြီးကြီးထားလျက်အပြစ်မရှိဘဲ အကျိုးများမည့်အကြံ ကိုသာ ကြံပါ၊ သူတပါးတို့ ပျက်စီးသွားမည့်အကြံ ဆင်းရဲသွားမည့် အကြံများကို မကြံမိပါစေနှင့်၊ မေတ္တာ ကရုဏာထား၍ သနားပါ စောင့်ရှောက်ပါ၊ တခါတရံ၌ကား "လူ့လုပ်ငန်း ကိစ္စတို့ကို ဖြတ်၍ သင့်တော်ရာအရပ်၌ (ဥပုသ်ရက်ရှည်စောင့်ကာ) ဆိတ်ဆိတ်ငြိမ်ငြိမ် တရားကျင့်မည်" ဟု ကြံပါ။

သမ္မာဝါစာ။ ။မိမိမှာဖြစ်စေ သူ့မှာဖြစ်စေ အကျိုးများမည့် စကားကိုသာ ပြောပါ၊ မုသားစကား, ကြမ်းတန်းသော စကား, အပျက်အချော် အပြောင်အလှောင်စကားနှင့် ရန်တိုက်စကားတို့ကို မပြောမိပါစေနှင့်၊ အိပ်ရာဝင် အိပ်ရာထ အခါတို့၌ မိမိ ကျက်မှတ် ထားသော ဘုရား နှုတ်တော်ထွက် တရားစာများကို ရွတ်နိုင်လျှင် သာ၍ ကောင်းပါသည်။

သမ္မာကမ္မန္တ။ ။မိမိမှာဖြစ်စေ, သူများမှာဖြစ်စေ အကျိုး ရှိသော အလုပ်များကိုသာ ကျွန်ုပ်ကိုယ်ဖြင့် ပြုလုပ်မိပါစေ၊ သတ်မှု, ခိုးမှုစသော ကိုယ်နှင့်စပ်ဆိုင်ရာ မကောင်းမှုများကို မပြုမိပါစေနှင့်၊ အိပ်ရာဝင် အိပ်ရာထ၌ ဘုရားကိစ္စ (ရေလဲ ပန်းကပ်) စသည်ကို နေ့စဉ် ပြုမိပါစေ။

သမ္မာအာဇီဝ ။ ။မိမိ၏ အသက်မွေးဝမ်းကျောင်းအတွက် ပစ္စည်းရှာဖွေရာ၌ အပြစ် ကင်းပါစေ၊ သူတပါး မျက်ရည်ကျမှု မိမိ ဝမ်းဝမည့်အလုပ်ကို တသက်လုံး ရှောင်ကြဉ်ပါ၊ စွမ်းနိုင်လျှင် ရောင်းရေး ဝယ်ရေး၌ ဆင်းရဲသူများကို ညှာနိုင်သမျှ ညှာပါ။

သမ္မာဝါယာမ ။ ။ စီးပွားရှာရာ၌ ဖြစ်စေ, ကုသိုလ်ကိစ္စ၌ ဖြစ်စေ ဝီရိယ အမြဲရှိပါစေ၊ လောကီစီးပွားရေး ဖြစ်စေ, သံသရာ ကြီးပွားရေးဖြစ်စေ, မင်္ဂိုလ်နိဗ္ဗာန် ရဘို့အရေးဖြစ်စေ, "အေးအေး စက်စက်နှင့် ကံစီမံသလို ဖြစ်လိမ့်မည်" ဟု ကံတခုကို အားကိုးလို့ ရနိုင်ရိုးမရှိပါ၊ ရေလာ မြောင်းပေးဆိုသလို ဝီရိယဖြင့် ကူညီပေးမှ ရွေးကံတွေ့ အခွင့်သာ၍ သင့်ရာအကျိုးကို ပေးပါသည်။

သမ္မာသတိ။ ။နေ့စဉ် မြူစုနေကျဖြစ်သော ကုသိုလ်ကိစ္စကို မမေ့ပါနှင့်၊ အမြဲ သတိရပါစေ၊ သေခါနီးတိုင်အောင် ကုသိုလ်ကိစ္စ သတိရနေလျှင် ဂတိကောင်းကို မုချ ရပါတော့မည်။

သမ္မာသမာဓိ။ ။ စိတ်နေ စိတ်ထား တည်ကြည်ပါစေ, နှုတ် အပြောလည်း စဉ်းစဉ်းစားစား သတိထားလျက် တည်ကြည်စွာ ပြောပါ၊ မျက်နှာ အနေအထားနှင့် ကိုယ် အသွားအလာ အနေ အထိုင် ငြိမ်သက် တည်ကြည်နေလျှင် မြင်ရသူ လူအများက ခန့်ညား ကြည်ညိုလျှက် (မျက်နှာအနေ မတင်းသည့်အတွက်လည်း) တမျိုး ကြက်သရေတိုးကာ ချစ်ခင်စရာ ဖြစ်လာပါလိမ့်မည်။

ဤသို့လျှင် အိမ်မှာပင် နေထိုင်ရင်းဖြစ်နိုင်သော မဟာကုသိုလ် အကြမ်းစား အိမ်သုံး မဂ္ဂင်ရှစ်ပါးမှ အဆင့်ဆင့် တက်၍ ဈာန် မင်္ဂိုလ်မဂ္ဂင်များသို့ရောက်အောင် သမ္မာသတိကြီးစွာထားလျက် သမ္မာ ဝါယာမဖြင့် ကြိုးကြိုးစားစား အားထုတ်နေကြသူတို့မှာ အိပ်ရာဝင် အိပ်ရာထ၌ ဘုရားအာရုံပြုရင်း ဘုရားရှိခိုးရင်း ရေတော် ပန်းတော် ဆီမီးတော်ကပ်ရင်း ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းဖြစ်၍, ထို ကမ္မဋ္ဌာန်းတွင် မဂ္ဂင်ရှစ်ပါး ပါဝင်နေပုံကို ပြပါဦးမည်။

ဗုဒ္ဓါနုဿတိ မဂ္ဂင်ရှစ်ပါး

"အမျိုးသား အမျိုးသမီး လူကြီးသူမ တယောက်သည် ဘုရားကို ပန်း ရေချမ်းတို့ဖြင့် ရှင်လန်း ကြည်ဖြူ ပူဇော် ကန်တော့နေသည်" ဟု ဆိုကြစို့၊ ထိုအချိန်မှာ ထို သူတော်ကောင်း၏စိတ်ဝယ် နိဗ္ဗာန် ရောက်ကြောင်း လမ်းကောင်း မဂ္ဂင်ရှစ်ပါးလုံး ပါဝင်နေပုံကား—

သမ္မာဒိဋ္ဌိ ။ ။ ဘုရားရှင်သည် ငါတို့လို သတ္တဝါ အပေါ်မှာ မေတ္တာ ကရုဏာ ကြီးမားတော် မူသောကြောင့် ၄၅ ဝါ ကာလ ကြာအောင် မနေမနား တရားတော်များကိုလည်း ဟောပြ ဆုံးမ တော်မူခဲ့ပေ၏၊ ငါသည် ထို တရားတော်များကို တဆင့်ကြားနေရ သဖြင့် မကောင်းမှုများကို ရှောင်ရှား၍-ကောင်းမှု ကုသိုလ်များကို ပြုတတ်ပေသည်၊ ရှင်တော်မြတ်ဘုရား၏ တရားတော်များကြောင့် ငါသည် အပါယ် ၄ ပါးမှ လွတ်၍ ကောင်းရာဘဝနှင့် နိဗ္ဗာန်ကို အမှန် ရတော့မည်၊ ဘုရားရှင်သည် ငါ၏ ကျေးဇူးတော်ရှင် အစစ် ပေတည်း၊ ငါ့ကျေးဇူးရှင်ကိုရည်မှန်း၍ ငါသည် ပန်း ရေချမ်းတို့ကို လှူဒါန်း ပူဇော်နေပါတကား၊ ဤသို့ စိတ်ထဲ၌ အသိဉာဏ် ဖြစ်နေ ခြင်းသည် သမ္မာဒိဋ္ဌိမဂ္ဂင် ဖြစ်နေခြင်းပင်တည်း။

သမ္မာသင်္ကပ္ပ စသည် ။ ။ ပြခဲ့သည့်အတိုင်းပင် ဘုရားရှင်၏ ကျေးဇူးတော်များကို စဉ်းစား ကြံစည်၍နေခြင်းသည် မိမိ၏စိတ်၌ သမ္မာသင်္ကပ္ပမဂ္ဂင် ဖြစ်နေ၏၊ ဘုရားဂုဏ်တော်များကို ရွတ်ဆို ရှိခိုး နေခြင်းသည် သမ္မာဝါစာမဂ္ဂင် ဖြစ်နေ၏၊ ပန်း ရေချမ်း အမွှေးတိုင် ဆီမီးတို့ကို သန့်ရှင်းအောင် သားနားအောင် လှုပအောင် ပြုလုပ်

နေခြင်းသည် သမ္မာကမ္မန္တမဂ္ဂင် ဖြစ်နေ၏၊ ဘုရားကိစ္စကို ပြုလုပ်နေချိန်ဝယ် အသက်မွေးဝမ်းကျောင်းအတွက် မကောင်းသောစီးပွားရှာမှု မရှိသောကြောင့် သမ္မာအာဇီဝမဂ္ဂင်လည်း ဖြစ်နေသည် ဟု ဆိုသင့်ပေ၏၊ ဘုရားကိစ္စကို ပြုလုပ်အားထုတ်နေခြင်းသည်ပင် သမ္မာဝါယာမမဂ္ဂင် ဖြစ်နေ၏၊ ဘုရားရှင်၏ ဂုဏ်တော် ကျေးဇူးတော်များကို သတိရနေခြင်းသည် (ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း ပွားများနေခြင်းသည်) သမ္မာသတိမဂ္ဂင် ဖြစ်နေ၏၊ (တခြားကိစ္စကို အမှတ်မရတော့ဘဲ) ဘုရားကိစ္စ တခုဋ္ဌသာ စိတ်တည်နေခြင်းသည် သမ္မာသမာဓိမဂ္ဂင် ဖြစ်နေ၏။

ဤသို့လျှင် ဘုရားကို ရှိခိုးကန်တော့နေသောအခါ ပန်း ဆီမီးစသည်ဖြင့် ပူဇော်နေသောအခါ ဘုရားကို အာရုံပြု၍ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း စီးဖြန်းပွားများလျက် (ပုတီးစိပ်) နေသော အခါတို့၌ ထိုသူတော်ကောင်း၏စိတ်တွင် မဂ္ဂင် ရှစ်ပါး ပါဝင်နေပါသည်၊ ထို့မဂ္ဂင်ရှစ်ပါးကား နိဗ္ဗာန်ကို (မျက်စိဖြင့် မြင်ရသလို) မျက်မှောက်ပြုနိုင်ကြောင်းလမ်းကောင်းအမှန်ပင်ဖြစ်၏၊ မှန်သောလမ်းကိုမှန်မှန်သွားနေသူသည် ထိုလမ်းအဆုံးတွင် နိဗ္ဗာန်ကို မြင်ရတော့မည်သာ၊ ဤနေရာဝယ် ဘုရားအာရုံပြုသော မဂ္ဂင်လမ်းဖြင့် နိဗ္ဗာန်မြင်ရသော "ဗုဿဒေဝ" ရဟန်းတော်၏ ဝတ္ထုကို သတိပြုပါ။

ဗုဿဒေဝဝတ္ထု

ရှေးတုန်းက ရဟန်းတော်တပါးသည် စေတီအပြင်ကို တံမြက်လှည်းပြီးလျှင် သန့်ရှင်းသော စေတီအပြင်ကိုကြည့်ကာ သံတော်ထင်ရှား မြတ်စွာဘုရားကို အာရုံပြုလျက် နှစ်သက်သော(ပီတိ)စိတ်

ဖြစ်နေ၏၊ထိုအခါ မာရ်နတ်သည် နှောက်ယှက်လိုသော သဘောဖြင့် မျောက်ညိုကြီးဟန်ဆောင်၍ နွားချေးတွေ့ကို စေတီယင်ပြင်တော်၌ကြဲဖြန့်ပြေး၏၊ ထိုနှောက်ယှက်မှုကြောင့် ထိုနေ့၌ တရားထူးရအောင် အာရုံမပြုနိုင်တော့ချေ၊ ဒုတိယနေ့၌လည်း နွားအိုယောင်ဆောင်၍ နှောက်ယှက်ပြန်၏။

တတိယနေ့၌ကား အလွန် အရုပ်ဆိုးသော ယောကျ်ားယောင်ဆောင်၍ နှောက်ရှက်စဉ် "ဒီလူမျိုး ဒီနယ်မှာ မမြင်ဘူးချေ, မာရ်နတ် ဖြစ်လေသလား" ဟု စဉ်းစား၍ မေးလေရာ "မာရ်နတ်ဟုတ်ကြောင်း" ဝန်ခံလေသည်၊ "မာရ်နတ်ဖြစ်လျှင် ဘုရားရှင်၏ ပုံတော်ကိုဖန်ဆင်းပြစမ်းပါ" ဟုတောင်းပန်သောကြောင့် "တကယ်တူအောင်တော့ မဖန်ဆင်းနိုင်ပါ, အတုလောက်သာ ပြပါမည်" ဟုပြော၍ ဘုရားပုံတော်ကို ဖန်ဆင်းပြလေလည်း။

ထိုအခါ "အတုဖြစ်သော ပုံတော်သည်ပင် ဤမျှလောက်သပ္ပါယ်တော်မူသေး၏၊ အတုင်းစိတ်တော်၌ ရှာဂ ဒေါသ မောဟ စသော အညစ်အကြေးကင်း၍ သန့်ရှင်းသောဘုရားအစစ်မှာ ဘယ်လောက် သပ္ပါယ်တော် မူမည်နည်း" ဟု စိတ်ထဲ၌ တွေးတောကာ လွန်စွာ နှစ်သက် ကြည်ညိုသော (ပီတိ) စိတ် ဖြစ်လေရာ, ထို ပီတိစိတ်ကိုပင် စိတ်တခုပြီးတခု ပြောင်းလဲ၍ ဖြစ်သောကြောင့် မမြဲသော အနိစ္စတရား, စိတ်တခုတခု ချုပ်ဆုံးခြင်းသည်(လူတယောက် သေဆုံးခြင်းကဲ့သို့) ဆင်းရဲသော ဒုက္ခတရား, တခုပြီးတခု ပျက်နေသည့်အတွက် ခိုင်မြဲစရာ အနှစ်အသား (အသက်) မပါသော အနတ္တတရား ဟု ဝိပဿနာကမ္မဋ္ဌာန်း ရှုလေသည်။

ထိုအခါ ပီတိစိတ်ကို အနိစ္စ ဒုက္ခ အနတ္တ ဟု မြင်နေသကဲ့သို့ဝင်း, တကိုယ်လုံးလည်း အနိစ္စ ဒုက္ခ အနတ္တဟု ထင်နေရကား ထိုအချိန်မှာ အလွန်နက်နဲသော အသိ အမြင်မှန် (သမ္မာဒိဋ္ဌိမဂ္ဂင်) ဖြစ်နေသော ကြောင့် ထိုပီတိစိတ်၏ အနိစ္စ ဒုက္ခ အနတ္တ ဖြစ်ပုံကို အထပ်ထပ် အမှတ်ရနေသော သမ္မာသတိမဂ္ဂင်နှင့် တည်ကြည်နေသော သမ္မာ သမာဓိမဂ္ဂင်ကို လက်မလွှတ်ဘဲ သမ္မာဝါယာမမဂ္ဂင်ဖြင့်အစဉ်တစိုက် ကြိုးစားလေရာ, တခဏခြင်းပင် ရဟန္တာ ဖြစ်၍ နိဗ္ဗာန်ကိုလည်း မျက်မှောက်ပြုနိုင်လေတော့သည်၊ ထို့ကြောင့် ယခုအခါ ဤရဟန်း တော်၏ထုံးကို နှလုံးသွင်းကာ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း မဂ္ဂင်လမ်းဖြင့် နိဗ္ဗာန်သို့ လှမ်းနိုင်အောင် ကြိုးပမ်းကြပါကုန်။[ပရိဝါရအဋ္ဌကထာ၊ ဧကုတ္တရိကနယ၊ ပဉ္စကဝါရ။]

တိုက်တွန်းချက် ။ ။ ဘုရားကို အာရုံပြု၍ စီးဖြန်းရသော ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းသည် တရားမပေါက်သေးသော်လည်း မိမိ၏ စိတ်ကို အလွန်ထူးခြားသော ဘုရားအာရုံ၌ ချထားရသောကြောင့် အမြဲ ရှင်လန်းသော ပီတိသောမနဿစိတ်, အမြဲ ကြည်လင်သော သဒ္ဓါစိတ်များ ဖြစ်ပေါ်နေရကား ထိုသူ၏ မျက်နှာသည် အလွန် ကြည်လင်၏၊ မျက်နှာ ကြည်လင်သကဲ့သို့ တကိုယ်လုံး ရုပ်လည်း ကြည်လင်၏၊ ဤသို့လျှင် ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းသည် ကိုယ်ရော စိတ်ပါ ချမ်းသာစေနိုင်၏၊ ထိုသို့ချမ်းသာလျှင် အလွန်ကောင်းသော ကျန်းမာရေးကိုလည်း ရနိုင်သောကြောင့် ဤစာအုပ်ကို ကြည့်ရှုရှိ ဖြစ်စေ, စာအုပ်ကို မကြည့်ဘဲဖြစ်စေ မကြာခဏ အားလပ်ချိန် ရသမျှဝယ် မိမိစိတ်ကို ဘုရားအာရုံ၌ ချထားကြပါလေ။

ဘဂဝါ ဂုဏ်တော်ဖွင့်

(ကျက်မှတ်ရန်)

(၉) သောဘဂဝါ– ထို ရွှေဘုန်းတော်သခင်, ရှင်တော်မြတ် ဘုရားသည်၊ ဣတိပိ ဣမိနာစ ကာရဏေန – အဏုမြူ သဖွယ်, ပျောက်ကွယ် သိမ်မွေ့, မမြင်တွေ့အောင်, ရုပ်ဆောင် ဖန်ဆင်းနိုင် သော "အဏိမာ" ဘုန်းတော်,....

စိတ်၏အလား, ကောင်းကင်ဖျား၌, ပေါ့ပါး လျင်မြန်, စျာန်ပျံ ကြွ သွားနိုင်သော "လဃိမာ" ဘုန်းတော်,....

ကိုယ်တော်သဏ္ဌာန်, ပုံဟန်တိုင်းငြား, မနှိုင်းအားဘို့, ကြီးမားလေ အောင်, ရုပ်ဆောင် ဖန်ဆင်းနိုင်သော "မဟိမာ" ဘုန်းတော်,....

ဆီးတား ကွယ်ကာ, မရှိပါဘဲ, လိုရာတိုင်းပေါက်, တခဏလောက် ဖြင့်, ကြွရောက်နိုင်သော "ပတ္တိ" ဘုန်းတော်,....

အဆင်း အတန်တန်, ပုံသဏ္ဌာန်ကို, စီမံ ဖန်တီး, တခဏတည်းဖြင့်, ပြီးစီးနိုင်သော "ပါကမ္မ" ဘုန်းတော်,....

ကိုယ်တော်မြတ်၏, စိတ်ဓာတ်တော်မှ, စ၍မကြွင်း, လူ နတ်မင်းကို, ပိုင်နင်းအုပ်စိုး, လွှမ်းမိုးနိုင်သော "ဤသိတာ" ဘုန်းတော်,....

သမာပတ် စျာန်, အဘိညာဏ်ကို, ဝင်စံလိုက, တခဏခြင်းပိုင်, ဝင်စားနိုင်သော "ဝသိတာ" ဘုန်းတော်,....

ကိစ္စတခု, ပြုစုတုန်းပင်, ပြီးဆုံးချင်သော်, ဆောလျင်မသွေ, ပြီးဆုံး စေနိုင်သော "ယတ္ထကာမာဝသာယိတာ" ဘုန်းတော်,....

ရှစ်ဘော်အပြား , ဤသို့အားဖြင့် , ထင်ရှားလေဘိ "လူဆယ်ရိယ" ဘုန်းတော်,....

ကိလေသာရန်, ပယ်ဖျက်လှန်ဘို့, နိဗ္ဗာန်ဖိုလ်မင်, ကိုးချက် အပြား, လောကုတ္တရာတရားဟူသော "ဓမ္မ" ဘုန်းတော်,....

ဟုတ်တိုင်း မှန်စွာ, ဖြစ်ပေါ်လာ၍ , ကမ္ဘာတိုက်ပေါင်း, သောင်းလောကဓာတ်, ပဲ့တင်ထပ်မျှ, နှံ့စပ်သတင်း, ကျော်စောခြင်း, ဟူသော "ယသ" ဘုန်းတော်,....

ရွှေမျက်နှာတော်, လက် ခြေတော်မှ, စ၍မကြွင်း, ပင်လုံးဝင်းသည့်, ပန်းမင်း အနေ.... ကြက်သရေမင်္ဂလာ, စုဝေးကာဖြင့်, လွန်စွာ တင့်တယ်, သပ္ပါယ်တော်မူသော "သိရီ" ဘုန်းတော်,....

အလိုတော်အတိုင်း , တောင့်တတိုင်းပင်, မဆိုင်းမတွ, ပြီးစီးရသည့် "ကာမ" ဘုန်းတော်,....

တလောကလုံး,ညွှတ်ရုံးကိုးစား, အားထားဘို့ရာ, လွန်စွာကြိုးကုတ်, အားထုတ်တော်မူသော "ပယတ္တ"ဘုန်းတော်,....

ဤ ခြောက်ဖေါ်ဂုဏ်, ဘုန်းတော်ဟုန်နှင့် , ပြည့်စုံတော်မူသော ဤ အကြောင်းကြောင့်လည်း၊

ဘဂဝါ – ဘဂဝါဟူသော ဂုဏ်တော်ကြီးဖြင့် , အံ့ချီး၍ မကုန် , ပြဟ္မာ့ဘုံ တိုင်အောင် , ပျံလှိုင် ကျော်ကြား , ထင်ရှားတော်မူ ပေသည် တကား။

ကြည့်ရှုရန် အဓိပ္ပါယ်

ဘဂဝါ ဂုဏ်တော်သည် " ဘုန်းကံကြီးတော်မူ၏ " ဟူသော အနက်ကို ပြသည်။ [ဘဂ+ဝါ၊ ဘဂ=ဘုန်းကံ+ဝါ=ရှိသည်, ကြီးသည်။]

အဏိမာ ဘုန်းတော် ။ ။ ဘုရားရှင်သည် ဖန်ဆင်းတော်မူလို ပါလျှင် ကိုယ်တော်ကို အဏုမြူမှုန်မျှ အလွန်ငယ်အောင် ဖန်ဆင်းတော်မူပြီးလျှင် ပရိက္ခရာရှစ်ပါးကိုလွယ်တော်မူ၍ မုံညင်းစေ့အတွင်း စကြံ့ ကြွတော်မူ၏၊ ထိုအခါဝယ် သေးငယ်သော မှုန်အတွင်း၌ တိုက်ရိပ် အိမ်ရိပ် ထင်နေသလို ဘုရားရှင်ကို ဖူးမြင်ကြရ၏၊ အနီး အပါး၌ ရှိနေသူတို့မြင်ရအောင်လည်း ကိုယ်တော်ကို ကွယ်ဖျောက် တော်မူနိုင်၏။

ကွယ်ဖျောက်တော်မူသော ဝတ္ထု ။ ။ ဘုရားရှင် လက်ထက် တော်က "ဗက" မည်သော ပြဟ္မာမင်းကြီးသည် သူ့ကိုယ်သူ "အမြဲ တည်၍ တန်ခိုးအကြီးဆုံး" ဟု အထင်ကြီးရုံမက "ဤလောကကြီး နှင့်တကွ သတ္တဘုံပေါင်းကိုပင် သူ ဖန်ဆင်းထားသည်" ဟု အယူ ရှိနေ၏၊ လက်အောက် ပြဟ္မာငယ်များကလည်း ဤအတိုင်းပင် သူ့ အပေါ်မှာ ထင်နေကြသည်၊ ထိုအကြောင်းကို ရှင်တော်မြတ်ဘုရား သိတော်မူ၍ ပြဟ္မာ့ပြည်သို့ ကြွတော်မူပြီးလျှင် , ပြဟ္မာ့ ပရိသတ် အလယ်တွင် ဗကပြဟ္မာကြီးအား "အသင်သည် ရွှေနောက် အလုံး စုံကို အကုန်မသိနိုင်" စသော ခပ်နှိပ်နှိပ်စကားကို မိန့်တော်မူသော အခါ ပြဟ္မာကြီး ရှက်သဖြင့် ကြံမိကြံရာ ကြုံပြီးလျှင် "အသင်ရဟန်း ကြီးအား ကျွန်ုပ်တန်ခိုးသိရအောင် ကိုယ်ဖျောက်ပြမည်" ဟု ပြော ဆို၍ ကိုယ်ကို ဖျောက်စမ်းသော်လည်း မပျောက်နိုင်ရကား ဗိမာန်

အတွင်း ဝင်လိုဝင်, ပဒေသာပင်အောက် ပုန်းလိုပုန်း, တကိုယ်လုံး ပုပြီးလျှင် ငုတ်စုစု ဆောင့်ကြောင့်ထိုင်သော်လည်း ဘယ်နည်းနှင့်မျှ ပျောက်ကွယ် မသွားသဖြင့် အရှက်ကွဲရလေသည်။

ထို့နောက် ဘုရားရှင်က တဖန် "ကိုယ်တော်ကို ဖျောက်ပြမည်" ဟု မိန့်တော်မူပြီးလျှင် ထိုနေရာတွင်ပင် ဖျောက်လိုက်ရာ တခါထည်း ပျောက်သွားလေသည်၊ "တခြားမျှား ကြွသွားရော့သလား" ဟု ထင်မှတ်မည် စိုးသောကြောင့်....

"ဘဝေ ဝါဟံ ဘယံ ဒိသွာ, ဘဝဉ္ဉ ဝိဘဝေသိနံ၊
ဘဝံ နာဘိဝဒိ ကိဉ္စိ, နန္ဒိံ စ နဥပါဒိယိ"

ဟု ဂါထာကိုပင် ရွတ်ပြတော်မူ၍ တရားတော်၏အဆုံး၌ ပြဟ္မာ တသောင်းမျှ မဂ်ဖိုလ် ရကြလေ၏၊ ကျွှဲသို့ အနည်းငယ်မျှ သေးငယ် အောင်ရင်း, လုံးလုံး ပျောက်ကွယ်သွားအောင်ရင်း, ဖန်ဆင်းနိုင်သော ဘုန်းတော်ကို "အဏိမာ" ဘုန်းတော်ဟု ခေါ်သည်။

ဂါထာအနက်။ ။အဟံ — သင်လို ထပ်တူ, နတ် လူ ပြဟ္မာ, သတ္တဝါတို့၏, ဆရာစင်စစ်, ဖြစ်တော်မူသော ငါဘုရားသည်၊ ဘဝေ-ဖြစ်လျှင် ပျက်မြဲ, မလွဲတံထွာ, သံသရာနှောင်တုင်း, ထောင်အကျဉ်း၌၊ ဘယံ — အို နာ သေရေး, ဒုက္ခဘေးမှ, စ၍ ရန်စွယ်, အန္တရာယ်ဟု, ဘေးအစုကို၊ ဒိသွာဝေ-ကောင်းစွာပိုင်နင်း, သိမြင်တော်မူခြင်း ကြောင့်သာလျှင်၊ ဘဝဉ္ဉ — ကာမရူပ, အရူပဟု, လောက သုံးဘုံ, အလုံးစုံကိုဂုဏ်း၊ ဝိဘဝေသိနံ-ဘဝကင်းရာ, ရှာကြံပါလည်း, သုံးဖြာ ဘဝ, ကျင်လည်ရသည့်, မျှားလှသောင်းသောင်း, သတ္တဝါအပေါင်း ကိုဂုဏ်း၊ ဒိသွာ—ဆုံးစကုန်စင်, သိမြင်တော်မူသည်ဖြစ်၍၊ ကိဉ္စိဘဝံ-

လူ့ဘုံ နတ်ဘုံ, ပြဟ္မာဘုံဟု, သုံးဘုံဌာန, တစုံတခုသော ဘဝကို၊ နာဘိဝဒိ - စုံစုံမက်မက်, နှစ်သက်ခင်မင်, လိုချင်တောင့်တတော်မမူ၊ နန္ဒိံ စ- လူ့ဘုံ နတ်ဘုံ, ပြဟ္မာဘုံဝယ်, စုံစုံမက်မက်, နှစ်သက် တွယ်တာ, ဘဝတဏှာကိုလည်း၊ နဥပါဒိယိံ - စွဲလမ်း လွတ်ကင်း, အမြစ်ရင်းက, အလျင်းပြတ်စေ, ဖြတ်တောက်တော်မူခဲ့ပေသတည်း။[မူလ ပဏ္ဏာသ၊ စူဠဌယမကဝဂ်၊ ပြဟ္မနိမန္တနိကသုတ်။]

လဿိမာ ဘုန်းတော်။ ။စိတ်၏လျင်မြန်ခြင်းကဲ့သို့ ခန္ဓာကိုယ်တော်ကို ပေါ့ပါး လျင်မြန်အောင် ဖန်ဆင်းနိုင်သော ဘုန်းတော် ဖြစ်သည်။[ဈာန်ပျံ၍ ကြွတော်မူခြင်းမျိုးတည်း။]

မဟိမာ ဘုန်းတော် ။ ။ကိုယ်တော်ကို ပကတိ အနေထက် ကြီးမားအောင် ဖန်ဆင်းနိုင်သော ဘုန်းတော်ဖြစ်သည်။

ကြီးမားအောင် ဖန်ဆင်းတော်မူပုံ။ ။"ရာဟု" ခေါ်သော အသုရိန်နတ်ကြီးသည် အလွန်ကြီးမား၏၊ အမြင့်အားဖြင့် ယူဇနာ ၄ သောင်းရှစ်ထောင်ရှိသတဲ့၊ထိုမျှကြီးမားသော အသုရိန်ကြီးသည် ဘုရားရှင်၏ ဂုဏ်သတင်းတော်ကို ကြားရသဖြင့် သွား၍ ဖူးမျှော်လိုသော်လည်း "လူသားဖြစ်သော ဘုရားကို ငါသွား၍ ဖူးမျှော်ရလျှင် ငုံ့၍ပင် ကြည့်ရှုရ လိမ့်မည်" ဟု အထင်ရ၍ မဖူးမြင်ဘဲ နေခဲ့ရာ ဂုဏ်တော်ကြီးမားလှသဖြင့် သင့်သလိုပင် ဖူးမျှော်အံ့ ဟု ကြံပြီးလျှင် ဘုရားရှင်၏ အထံတော်သို့ ရောက်လာလေသည်၊ မြတ်စွာဘုရားက "မဟိမာ" ဘုန်းတော်ဖြင့် သူ့ထက်ကြီးမားအောင် ဖန်ဆင်းတော်မူလျက် လျောင်း၍ အဖူးမျှော် ခံတော်မူလေလျှင် လွန်စွာ မြင့်သော အသုရိန်ကြီးသည် တအားကုန် မော်၍ ဖူးမျှော်သော်လည်း ဘုရား

ရှင်၏ အထက်ပိုင်းအဆုံးကို မမြင်နိုင်ရှာချေ၊ ဤသို့ ပင်ကိုယ်အနေထက် ကြီးမားအောင် ဖန်ဆင်းနိုင်သော ဘုန်းတော်ကို "မဟိမာ" ဘုန်းတော်ဟု ခေါ်သည်။

[၏ ရာဟုအသုရိန်ကို ပြရာ၌ "မဟိမာ" ဘုန်းတော် မဟုတ်၊ ပါရမီတော် အစွမ်းသာ – ဟု ဋီကာမှာပင် အဆိုကွဲ၏]

ဣစ္ဆန္တော သာသပ ဂဗ္ဘေ, စက်မတိ ဣတောစိတော၊
ဣစ္ဆန္တော လောကဓာတုမှိ, အတ္တဘာဝေန ဆာဒယေ။

ဘဂဝါ-ရွှေဘုန်းတော်သခင်, ရှင်တော်မြတ်ဘုရားသည်၊ ဣစ္ဆန္တော-သေးငယ်လေဟန်, ပုံသဏ္ဌာန်သွင်း, ဖန်ဆင်းတော်မူလိုသည်ရှိသော်၊ သာသပ ဂဗ္ဘေ—သေးငယ်သိမ်မွေ့, မုံညင်းစေ့အတွင်း၌၊ ဣတော စိတော – တုံ့ပြန် ထိုဤ, လှည့်လည်တော်မူ လျက်လည်း၊ စက်မတိ – ပရိကွရာ ရှစ်တန်, ကိုယ်လုံး ရံ၍, စက်ြံ တွားတွား, ကြွသွားတော်မူနိုင်၏၊ ဣစ္ဆန္တော – ကြီးမားလေဟန်, ပုံသဏ္ဌာန်သွင်း, ဖန်ဆင်းတော်မူ လိုသည်ရှိသော်၊ လောကဓာတုမှိ – စကြာဝဋာ, ကမ္ဘာ စ ဆုံး, တခုလုံး၌၊ အတ္တဘာဝေန- ကြီးမားမြင့်မော်, ရွှေကိုယ်တော်ဖြင့်၊ဆာဒယေ-အကုန်သိမ်းကျုံး, လွှမ်းဖုံးတော်မူနိုင်သတည်း။

ပကတိ ကိုတ်တော်မှာ အဋ္ဌာရသ ဟတ္ထုဗ္ဗေဓ – တဆဲ့ရှစ်မိုက် အမြင့်တော်ရှိ၍ အတောင်အားဖြင့် ခြောက်တောင်ခန့် ရှိ၏၊ "တဆဲ့ရှစ်တောင်မြင့်တော်မူသည်" ဟု ဆိုသော စကားကို လူသားပကတိဖြစ်၍ အခြားလူများထက် ကြောက်မက်ဘွယ် ကောင်းလောက်အောင် မကွာခြားသင့်သောကြောင့် စဉ်းစားရာ၏" ဟု... .....

ပဌမရိုက်နှိပ်အပ်သော စာအုပ်၌ ကျမ်းဂန်ကို ဖေါ်ထုတ်၍ အကျယ်မရေးသားလို သောကြောင့် အထက်ပါအတိုင်း အကျဉ်းမျှသာ ရေးသားလိုက်သည့်အတွက် "အချို့မြို့ရွာတို့၌ ၁၈တောင်ယူသူတို့က တဖက်, ၁၈မိုက်ယူသူတို့က တဖက်ဖြင့် ငြင်းခုံချက် ရန်ပွား၍ စကားများကြသည်" ဟု ကြားရသောကြောင့် "အကျိုးလိုလို့ ညောင်ရေလောင်း, ပတ်ထမ်းတွေ" ဆိုသော စကားကဲ့သို့ "အများ အကျိုးရှိအောင် ရေးသားရာတွင် ထိုသူများအတွက် အကျိုးမဲ့ဖြစ်ရလေခြင်း" ဟုသံဝေဂဖြစ်မိပါသည်၊ယခုအခါ မိမိအယူကို အကျယ်ရေးမှပင် သင့်မည် ထင်သောကြောင့် ပါဋ္ဌိ- အဋ္ဌကထာ ဆိုစဉ်နှင့်တကွ ဉာဏ်မြင်သမျှ ထုတ်ဖေါ် ရေးပြပါအံ့။

အရပ်တော် အဆုံးအဖြတ်

ဘုရားရှင်၏ အရပ်တော်ကို ဗုဒ္ဓဝင်ပါဋ္ဌိတော်ကြီး၌ "သောဋ္ဌသ ဟတ္ထုဗ္ဗေဓ=၁၆ တောင်" ဟု ဆို၏၊ များစွာသော အဋ္ဌကထာတို့၌ "အဋ္ဌာရသ ဟတ္ထုဗ္ဗေဓ=၁၈ တောင်" ဟု ဆို၏၊ သုတ်မဟာဝါဋီကာ၌ "ဒွါဒသ ဟတ္တော=၁၂ တောင် မြင့်၏" ဟု အပရေ ဝါဒရှိ၏၊ ၁၈ တောင် ယူသူတို့က ဘယ်ဝါဒကို အတည်ပြုကြမည်နည်း၊ ၁၈ တောင် ဟူသည် တော်တော်မြင့်သော အိမ်၏ခေါင်မိုးလောက်ရှိ၏၊ ထိုအတိုင်းမှန်လျှင် ဘုရားရှင်ကို ဆွမ်းလောင်းလိုသောအခါ လှေခါးထောင်လျက် အတော်မြင့်အောင်တက်၍ လောင်းကြရပေလိမ့်မည်၊ ဘုရားအရပ်တော်ကို စဉ်းစားကြပါလေ။

သီဟိုဋ္ဌကျွန်းရှိ အချို့ မထေရ်တို့သည် "ဟတ္ထသဒ္ဒါ" အတွက် "မိုက်" ဟူသော အနက်ကိုယူ၍ "၁၈ မိုက် (ခြောက်တောင်) ရှိ၏"

ဟု ယူကြ၏။ [ပဌမရိုက်စာအုပ်၌ ထို သိဟိုဠ်ဝါဒအတိုင်း ရေးခြင်း ဖြစ်၏၊ ဤကျမ်းက ဟတ္ထသဒ္ဒါအတွက် "မိုက်" ဟူသော အနက်ကို ဝန်မခံ။]

" အော်လကောက် " အမည်ရှိသော အမေရိကန်သား ဗုဒ္ဓဘာသာဝင်တယောက် ရေးသားသော စာအုပ်၌ကား " ဂေါတမ မြတ်စွာဘုရားသည် ပကတိ လူများထက် ထူးခြားစွာ မမြင့် " ဟု ယုတ္တိပြလျက် ရေးသားလေ၏။

ယိုးဓျားပြည် သာသနာပိုင် ဆရာတော်လည်း " မြတ်စွာဘုရား အရပ်တော်သည် ပကတိလူများထက် ထူးခြားစွာမမြင့်" ဟအကျယ်တဝင့် ဆုံးဖြတ်ထား၏။

ဤ " ရတနာဂုဏ်ရည် " ကျမ်းကလည်း သူများ ယောင်လို့ ယောင်သည်မဟုတ်, ညွှန်ပြအပ်လတ္တံသော ကျမ်းဂန်ယုတ္တိများအရ "မြတ်စွာဘုရား အရပ်တော်သည် ပကတိလူများထက် ထူးခြားစွာ မြင့်တော်မူ" ဟုပင် ယူလိုပါသည်။ [ကျေးဇူးရှင် ဆရာတော်များလည်း ဤအတိုင်း ယူကြပါသည်။]

ထောက်ထားချက်များ

(၁) ဘုရားပရိနိဗ္ဗာန်စံတော်မူသည်မှာ နှစ်ပေါင်း ၂၄၆၇ နှစ် ကျော်ခဲ့ပြီဖြစ်၍ ထိုခေတ်က လူများသည် ယခုခေတ် လူများထက် အနည်းငယ် ကြီးမားချင် ကြီးမားပေလိမ့်မည်၊ သို့သော် ယခုကာလ ဆောင်ထောင်မောင်းမောင်း လူများထက် ၂ တောင် ၃ တောင် ပိုလွန်အောင်ကား မကွာခြားနိုင်ပါ။

ကျောက်စာဘက် ဌာနနှင့် စပ်၍ ရှေးဟောင်း အသုံးအဆောင် အရိုးများကိုတွေ့ရသူတို့ကား ဘုရားရှင်သီတင်းသုံးတော်မူဘူးသော ကျောင်းတော် တံခါးပေါက်များ၏ ယခု တံခါးပေါက်ထက် ပို၍ မကျယ်ဝန်းခြင်း, ဘုရား လက်ထက်တော်က သပိတ်များကိုလည်း ငယ်ငယ်ပင် တွေ့ရခြင်း, ထို ရှေးကလူရိုးများ၏ ယခုလူရိုးများထက် မကြီးမားခြင်း, ပဌမသံဂါယနာတင်ရာ စရည်းပင် လိုဏ်ဂူအပေါက်၏ (အထက် အောက် အားလုံး) ၆ ပေလောက်သာ ရှိခြင်းတို့ကို ထောက်၍ " ဘုရား လက်ထက်က လူများသည် ယခု လူတို့ထက် မမြင့်" ဟု အယူရှိကြသည်။

ဘုရားရှင်လည်း ထိုခေတ်က လူအများတွင် မားမားမတ်မတ် ပုဂ္ဂိုလ်တပါးပင်တည်း၊ အကယ်၍ မြတ်စွာဘုရားသည် ထိုခေတ်က လူများထက် ထူးခြားစွာ မြင့်တော်မူအံ့၊ "မည်း ဖြူ ဆူ ကြုံ, နိမ့် မြင့် တုံ့ မုတ်ကုန် ပြစ် ၆ ပါး " ဟူသော အပြစ်တို့တွင် မြင့်လွန်းသော အပြစ်ရှိရာ၏၊ စင်စစ်ကား ဘုရားရှင်၏ အရပ်တော်သည် မနိမ့် မမြင့် အဆင်သင့်ရုံသာ။

(၂) ဘုရားရှင်သည် နတ်အဖြစ် ဗြဟ္မာအဖြစ်ဖြင့် တန်ခိုးပြ၍ တရားဟောမည် ဆိုလျှင် ဖြစ်နိုင်ဘွယ် ရှိပါ၏၊ သို့သော် အများက တအံ့တသြ လိုက်နာကြမည် မဟုတ်ပါ၊ "နတ်ဘဲ ဟောနိုင်မှာပေါ့, ဗြဟ္မာဘဲ တန်ခိုးကြီးမှာပေါ့" ဟု ဆိုကြပေလိမ့်မည်၊ လူစင်စစ်မှန်း သိတို့ရာ မယ်တော် ခမည်းတော် ဆွေတော် မျိုးတော်များနှင့်တကွ သားတော်တပါး ရသည့်တိုင်အောင် ထီးနန်းစံပြီးမှ ဘုရားဖြစ်တို့ရာ တောထွက်တော်မူပါသည်၊ အကယ်၍ ၁၀ တောင်မျှ အရပ်တော်

မြင့်နေလျှင် " တန်ခိုး ကြီးမှာပေါ့ကွာ , အရုပ်တော်ကြီးကိုယ်က နဲတာမှမဟုတ်ဘဲ , လူသားစင်စစ် ဟုတ်ချင်မှလဲ ဟုတ်မှာ " ဟု ပြောစရာဖြစ်ပေလိမ့်မည်။.... [မဟာပဒါနသုတ် ဋီကာ။]

(၃) ဘုရားရှင်သည် မင်းသား ဖြစ်စဉ်က ကြင်ယာတော် မိဖုရားလောင်း ရွေးချယ်ဘို့ရာ အခွင့်ကြုံလာ၏၊ ထိုအခါ ခမ်းနားကြီးကျယ်သောမဏ္ဍပ်ကိုဆောက်လုပ်စေပြီးလျှင် သာကီဝင်မင်းသွေး များအား မင်းသား ကိုယ်တိုင် ဆုလာဘ် ပေးဘို့ရန် ခမည်းတော် သုဒ္ဓောဒနမင်းကြီးက စီမံလေသည်၊ ထို မဏ္ဍပ်အတွင်း၌ မင်းသားမှ တပါး အခြားယောကျ်ားတယောက်မျှ မရှိစေရ၊ သို့သော် မင်းချင်း ယောကျ်ားတို့အား ပြောသမျှစကားတို့ကို ချောင်း၍ နားထောင် ကြဘို့ရာ စေခိုင်းထားလေသည်။

ထိုအခါ သာကီဝင် မင်းသွေးအမျှားပင် တချိန်ထည်း ဆုလာဘ် တော်များကို လာယူကြသော်လည်း "ယသော်ခရာ" မင်းသွေးကား သူများနှင့် အတူမလာဘဲ တယောက်ထည်း နောက်ချန်၍ အများ ပြန်မှ မိမိအခြေအရံနှင့် ရောက်လာရာ ဆုလာဘ်တွေ့ ကုန်သွားပြီး ဖြစ်နေသောကြောင့် မင်းသွေးက ပြုံးကြည်သော မျက်နှာထားဖြင့် "ဘယ်နှယ်လဲ..... မောင်တော်က နှမတော်ကို မုန်းလို့ ဆုလာဘ် သနားဘို့ စာရင်း၌ မသွင်းဘဲ ထားတော်မူပါသလား"။

အလောင်းဘုရား။ ။ " မုန်းလို့ မဟုတ်ပါ, နောက်ကျနေသော ကြောင့် မရခြင်းဖြစ်ပါတယ်"ဟု ပြောပြီးလျှင် သိန်းပေါင်း များစွာ ထိုက်တန်သော လက်စွပ်ကို ချွတ်၍ သနားတော် မူသည်။

ယသော်မေ ။ ။ "ဒီ လက်စွပ်ကို တကယ်ဘဲ ယူသွားရမှာပါ လား"။

အလောင်းဘုရား ။ ။ "မောင်တော် တကိုယ်လုံးမှာ ဝတ်ဆင် ထားတဲ့ တန်ဆာအားလုံးကိုပင် ယူနိုင်ပါတယ်"။

ယသော်မေ ။ ။ "နှမတော်က မောင်တော်ကို တန်ဆာမဲ့ ဖြစ်အောင် မလုပ်ရက်ပါ၊ တကယ်ဆိုလျှင် နှမတော်က တိုး၍ ဆင်ပေးဘို့တာဝန်ရှိပါတယ်"ဟုပြောကာပြုံးရွှင်သောမျက်နှာ ကျေနပ်သောလက္ခဏာဖြင့်ပြန်သွားလေ၏။["လလိတဝိတ္ထာရ" ခေါ် မြောက်ပိုင်း ပုဒ္ဓဘာသာ သုတ္တန်။]

အကယ်၍ အလောင်းတော်မင်းသားသည် သူများထက် ထူးခြား၍ ၁၀ တောင်တိုင်အောင် မြင့်ငြားအုံ၊ ယသော်ခရာမင်းသွေးသည် ထိုကဲ့သို့သော စကားမျိုးကို မပြောဝံ့တန်ရာ၊ သူ့ လို– ကိုယ့်လို သက်တူရွယ်မျှ ဖြစ်သောကြောင့်သာ ပြောဆိုဝံ့ခြင်း ဖြစ်ရာ၏။

ထို့ပြင် အရုပ်တော် ၁၀ တောင်ရှိနေလျှင် ကိုယ်လုံးတော် ပမာဏ၏ ရွေ့ပိုင်း ထက်ဝက်မှာပင် ၄ တောင်ခန့် ရှိရာ၏၊ ထိုမျှ ကြီးကျယ် ခဲ့သော် ယခုကာလ မိန်းမများထက် အလွန် မကြီးမားသော မိဖုရားများနှင့် အတူ ထီးနန်းစံတော်မူလို့မှ သင့်လျော်ပါမည် လော၊ (ဤအရာ၌ တန်ခိုးတော်ဟု ဆိုကြဥူးမည်လား။)

(၄) "ဘုရားဖြစ်မှ အရုပ်တော် မြင့်သွားသည်၊ လူတုန်းကတော့ သူ့လို ကိုယ့်လိုပါဘဲ" ဟု ဆိုပြန်အုံ၊ ဘုရား ဖြစ်ပြီးမှလည်း ထူးခြား၍ မမြင့်ပါ၊ဘုရားဖြစ်ပြီး၍ မကြာမီပင် ဥပကာတက္ကဒန်း

ကြီးနှင့် လမ်းခရီးမှာတွေ့ဘူး၏၊ဥပက-က သပ္ပါယ်သောရဟန်း တပါးဟုသာ မှတ်ထင်လေသည်။ [မဇ္ဈိမပဏ္ဏာသ ပါဠိတော်, ရာဇဝဂ်, ဗောဓိရာဇ ကုမာရသုတ်။]

(၅) ပုဏ္ဏား တယောက်သည် ယဇ် ပူဇော်ပြီးနောက် ပုဏ္ဏားတို့အား ကြွင်းကျန်သော ယဇ်စာကို ကျွေးဘို့ရန် လိုက်အရှာတွင် ခေါင်းမြီးခြုံ၍ သစ်ပင်အောက်မှာနေသော ဘုရားရှင်ကို ပုဏ္ဏားထင်၍ အနီးသို့ ချဉ်းကပ်လေရာ, ခေါင်းမြီးခြုံကို ဖွင့်လိုက်မှ ရဟန်းမှန်း သိသဖြင့် ပြန်သွားမည် ပြုလေ၏၊ အကယ်၍ ၁၀ တောင်မြင့်အံ့၊ ထိုင်တော်မူနေသောဘုရားရှင်သည် မန္တလေးမြို့-မဟာမြတ်မုနီ ရုပ်ပွားတော်လောက် မြင့်ဘုယ် ရှိသောကြောင့် "ပုဏ္ဏားလေလား" ဟုအထင်မမှားထိုက်။[သံယုတ်ပါဠိတော်။]

(၆) ဘုရားရှင်သည် ကောသမ္ဗီပြည်မှ "ပါလိလေယျက" တောသို့ အကြွတွင် တောကျောင်း၌ သီတင်းသုံး နေထိုင်ကြသော အရှင် နန္ဒိယ အရှင်ကိမိလ အရှင်အနုရုဒ္ဓါ မထေရ် ၃ ပါးတို့ အထံ ဝင်တော်မူရာ, တောစောင့်ယောကျ်ားက "ရဟန်းကြီး....မဝင်ပါနှင့်၊ အမျိုးကောင်းသားတွေ တရားအားထုတ်နေပါသည်" ဟု တားမြစ်လေသည်၊ အကယ်၍ ၁၀ တောင် မြင့်ငြားအံ့၊ ထိုတောစောင့်ယောကျ်ားသည် ဘုရားရှင်ကို မတားဝံ့ရာ။ [ဥပရိပဏ္ဏာသ–ဥပက္ကိလေသသုတ် ပါဠိတော်။]

(၇) ပက္ကုသာတိမည်သော ဘုရင်သည် ဘုရားရှင်ကို မမြင်ဘူးဘဲ သတင်းကြားဖြင့် ကြည်ညိုု၍ ရဟန်းပြုပြီးလျှင် ဘုရားရှင် အထံ လာခဲ့လေရာ, ညဉ့်အခါ အိုးထိန်းသည် စရပ်မှာ ဘုရားနှင့်တွေ့

သော်လည်း ဘုရားမှန်းမသိသေး, ရဟန်းတပါးဟုသာ အထင်ရှိနေသေး၏၊ထို့နောက် တရားဟောမှ သဘောကျ၍ ဘုရားမှန်းသိလေသည်။[ဥပရိပဏ္ဏာသ, ဓာတုဝိဘင်္ဂသုတ် ပါဠိတော်။]

(၈) မာဂဏ္ဍိမည်သော ပုဏ္ဏားသည် သို့မီးချောအတွက် သားမက်လိုက်ရှာလေရာ ဘုရားရှင်ကို တွေ့လေသည်၊ အကယ်၍ သို့မီးနှင့် အရွယ် အရပ်ချင်း အလွန်အမင်းကွာခြား၍ နေလျှင် သားမက်ဖမ်းဘို့ မမှန်းတန်ရာ။ [ဓမ္မပဒအဋ္ဌကထာ, သာမာဝတီဝတ္ထု။]

(၉) ဘုရားရှင်သည် အရှင် မဟာကဿပနှင့် သင်္ကန်းချင်း လဲ၍ ဝတ်တော်မူဘူးပါသည်၊ အကယ်၍ ဘုရားရှင်သည် တဆယ့်ရှစ်တောင် မြင့်တော်မူငြားအံ့၊ အရှင်မဟာကဿပသည် ဘုရားရှင်၏ သင်္ကန်းတော်ကို ဝတ်ရုံ၍မဖြစ်ရာ ဘုရားရှင်လည်း အရှင်မဟာကဿပ၏ သင်္ကန်းကို မဝတ်ရုံလောက်ရာ။ [နိဒါနဝဂ္ဂ, ကဿပသံယုတ်၊ စီဝရသုတ် ပါဠိတော်။]

(၁၀) ပုဏ္ဏားတယောက်သည် မိမိဝတ်နေကျဖြစ်သော အဝတ်ကို ဘုရားရှင်အား လှူဘူး၏၊ ဘုရားဝတ်ရုံလောက်သည်သာ။[သုတ်မဟာဝဂ္ဂ,မဟာပရိနိဗ္ဗာနသုတ် ပါဠိတော်။]

(၁၁) ဘုရားရှင်၏ ညီတော် အရင်းဖြစ်သော အရှင်နန္ဒ (နန္ဒမင်းသား)သည်အခါတပါး၌ ဘုရားရှင်၏သင်္ကန်းတော်နှင့်ညီမျှသော သင်္ကန်းကို ဝတ်ရုံလာ၏၊ ထိုအခါရဟန်းတို့က အဝေးမှလာသည်ကို မြင်ရလျှင် ဘုရားဟု ထင်မှတ်၍ နေရာမှ ထကြ၏၊ အနားကျမှ အရှင်နန္ဒဖြစ်ကြောင်းကို သိကြလေ၏၊ ဤစကားကို ထောက်လျှင် မြတ်စွာဘုရားသည် အရှင်နန္ဒထက် မျှားစွာ မမြင့်

ဟု သိသာပြီ၊ ထို့ကြောင့် ပါဠိတော်၌ "စတုရင်္ဂလောမကော-
ရှင်နန္ဒက ဘုရားအောက် လက် ၄ သစ်သာ ငယ်သည် " ဟု မိန့်
တော်မူသည်။....[ဝိနည်း-ပါစိတ်ပါဠိတော်, ရတနဝဂ်။]

(၁၂) လူ့ပြည်လောကဝယ် ရှိကြသော ခြေရာတို့တွင် ဆင်သတ္တ၁
၏ခြေရာကို အကြီးဆုံးဟု ဘုရားရှင် ဟောတော်မူ၏၊ အကယ်၍
၁၈ တောင် မြင့်အုံ၊ ဘုရားရှင်၏ ခြေရာတော်သည် ၂ တောင်
ကျော်ကျော်ရှိမည်ဖြစ်၍ဆင်၏ခြေရာထက်ကြီးရာသောကြောင့်
"ငါဘုရား ခြေရာသည်သာအကြီးဆုံး"ဟု ဟောတော်မူသင့်၏။
[မူလပဏ္ဏာသ, မဟာဟတ္ထိပဒေါပမသုတ် ပါဠိတော်။]

(၁၃) ပရိနိဗ္ဗာန်စံတော်မူခါနီး၌ ကုသိနာရုံပြည်သို့ကြွ၍ အင်ကြင်း
ဥယျာဉ်အတွင်းဝယ်မလ္လာမင်းတို့အသုံးပြုနေကျ ညောင်စောင်း
(ခတင်ငယ်) ပေါ်မှာပင် လျောင်းတော်မူလေသည်၊ အကယ်၍
၁၈ တောင် မြင့်အုံ၊ ရိုးရိုးလူတို့ အသုံးပြုအပ်သော နေရာမှာ
မနေလောက်ရာ၊ တန်ခိုးတော်အရာလည်း မဟုတ်။ [ပရိနိဗ္ဗာန
သုတ် ပါဠိတော်။]

(၁၄) ပရိနိဗ္ဗာန်စံတော်မူခါနီး၌နတ်ဗြဟ္မာ အများတို့ အဖူးမျှော်
လာကြရာ, ရှင်ဥပဂုတ္တ မထေရ်က ရွှေတည့်တည့်မှ ကွယ်နေ
သောကြောင့် ဘုရားမျက်နှာတော်ကို မဖူးကြရသဖြင့် နတ်များ
က မထေရ်ကို ကဲ့ရဲ့ကြ၏၊ ၁၈တောင်မြင့်တော်မူလျှင် ထိုမထေရ်
က မျက်နှာတော်ကို မကွယ်နိုင်ရာ။[ပရိနိဗ္ဗာနသုတ်ပါဠိတော်။]

(၁၅) ပရိနိဗ္ဗာန် စံတော်မူပြီးနောက် ဗန္ဓုလစစ်သူကြီးကတော်
မလ္လိကာသည် သူ ဆင်မြန်းနေကျဖြစ်သော " မဟာလတာ "

တန်ဆာဖြင့် အလောင်းတော်ကို ပူဇော်လေရာ, ဥုံးခေါင်းတော်မှ
ခြေဖျားတိုင်အောင် ဖုံးလွှမ်းနိုင်သည် ဟု မဟာပရိနိဗ္ဗာနသုတ် အဋ္ဌ
ကထာ၌ ဆိုသည်၊ ၁၈ တောင် မြင့်ရိုးမှန်လျှင် ထို တန်ဆာသည်
အလောင်းတော်၏ တကိုယ်လုံးကို မဖုံးနိုင်ရာ။

ဤသို့ စသည်ဖြင့် ပဋ္ဌကတော်မှ ကောက်နှုတ်ဘုယ်ရာ များစွာ
ရှိပါသေးသည်၊ ကျယ်ဝန်းမည်စိုး၍ လျစ်လျူရှုရပါတော့သည်၊ဤ
ကောက်နှုတ်ချက်များ အရ " ဘုရားရှင်သည် ထိုခေတ် လူများထက်
တအုံတသြ ထူးခြားစွာ မြင့်တော် မမူ " ဟု အတိအလင်း ယူလိုပါ
သည်၊ ထိုခေတ်က လူအများမှာလည်း ယခုခေတ် ထောင်ထောင်
မောင်းမောင်း ရှိသူများထက် များစွာ မကွာခြားသင့်သောကြောင့်
" ဘုရားရှင်၏ အရပ်တော်သည် ၁၈ တောင်မြင့်၏ " စသော အယူ
ဝါဒ၌ ယုတ္တိယုတ္တာကို ရှာကြပါလေ။

ဘုရားရှင်သည် ဝါဝင်းသော အဆင်းတော် ရှိ၏၊ ကိုယ်တော်
မြတ်၏ ဝါဝင်းသော အရောင်တော်သည် ထက်ဝန်းကျင်နှင့်တကွ
အထက်သို့ တက်နေရာ, မှောင်သောအရပ်၌ ၁၈တောင် ၁၉တောင်
ခန့်ရှိသည်ဟု- ထင်ရပေမည်၊ ထို့ကြောင့် ပါဠိတော်နှင့် အဋ္ဌကထာ
တို့၌ အထက်သို့ အမြဲ တက်နေသော ကိုယ်ရောင်တော်နှင့် တကွ
မှန်းဆရေတွက်၍ ၁၈ တောင် ၁၉ တောင် မြင့်ကြောင်းကို မိန့်ဆို
ကြဟန်တူသည်-ဟု မိမိသဘောမှာ ထင်မိပါသတည်း။

အရပ်တော် အဆုံးအဖြတ်
ပြီး၏။

ပတ္တိဘုန်းတော်။ ။ ကြွတော်မူလိုရာ အရပ်သို့ ဆီးတားကယ်ကာခြင်း မရှိ, တခဏခြင်း ကြွရောက်နိုင်သော ဘုန်းတော်ဖြစ်သည်၊ဘုရားရှင်သည် ချေချွတ်ထိုက်သောသတ္တဝါကို မြင်တော်မူလျှင် နတ်ပြည်ပြဟ္မာ့ပြည်၌ပင် ဖြစ်စေကာမူ ထိုသူ၏အထံသို့ တခဏခြင်း အရောက်ကြွတော်မူနိုင်သည်။

ပါကမ္မဘုန်းတော်။ ။အဆင်းအမျိုးမျိုး ပုံသဏ္ဌာန် အမျိုးမျိုးကို ဖန်ဆင်းတော်မူလိုပါလျှင် တခဏတည်းဖြင့် ပြီးစေနိုင်သော ဘုန်းတော် ဖြစ်၏၊ ဘုရားရှင်သည် တခါတရံ မြောက်ကျန်းသို့ ကြွတော်မူပြီးလျှင် ထို ကျန်းသားတို့၏ ဘုရင်သဏ္ဌာန် ဖန်ဆင်းလျက် တရားဟောတော်မူသည်။

ဤသိတာဘုန်းတော်။ ။မိမိ၏စိတ်တော်ကိုငင်း, များစွာသော သတ္တဝါတွေကိုငင်း, အုပ်စိုးနိုင်သော ဘုန်းတော် ပေတည်း၊ ဤဘုန်းတော်ကြောင့်ပင် ဘုရားရှင်ကို များစွာသောသတ္တဝါတို့ကရိုသေခံညားကြရပေသည်။

ဝသိတာ ဘုန်းတော်။ ။ စျာန်သမာပတ် အဘိညာဉ်ကို ဝင်စားတော်မူလိုလျှင် အဆိုင်းအငုံ့ မရှိဘဲ တခဏခြင်းပင် ဝင်စားနိုင်သော ဘုန်းတော်ပေတည်း။

ယထ္ထကာမာဝသာယိတာဘုန်းတော်။ ။စျာန်ဝင်စားခြင်း ကောင်းကင်ပုံကြွခြင်းစသော ကိစ္စတစုံတခုကို ပြုတော်မူစဉ် ပြီးဆုံးစေတော်မူလိုသောအခါ ဆိုင်းငံ့တော်မမူရဘဲ ပြီးဆုံးစေလိုသည်နှင့် တပြိုင်နက် ထို ကိစ္စကို ပြီးဆုံးစေ နိုင်သော ဘုန်းတော် ပေတည်း။ [ယထ္ထကာမ - အလိုရှိရာခဏ၌+အာဝသာယိတာ - ပြီးစေနိုင်ခြင်း။]

(၁) ဣဿရိယဘုန်းတော်။ ။ ဤ ပြခဲ့သော ဘုန်းတော် ရှစ်ပါးသည် အများပြောဆိုအပ်သော ဘုန်းတော် ခြောက်ပါးတွင် "ဣဿရိယ" ဘုန်းတော်ချည်းသာတည်း။

(၂) ဓမ္မဘုန်းတော်။ ။တထောင့်ငါးရာ ကိလေသာ ရန်ဆူးရန်ငြောင့်တွေကို ပယ်ရှား သုတ်သင်နိုင်သော မဂ် ၄ ပါး ဖိုလ် ၄ ပါး နိဗ္ဗာန်အားဖြင့် ၉ ပါးသော လောကုတ္တရာ တရားတို့ကို " ဓမ္မ " ဘုန်းတော်ဟု ခေါ်သည်။

(၃) ယသဘုန်းတော်။ ။ပို့ချီနှံ့ကျော်စောသော ဂုဏ်သတင်းတော်ကို "ယသ" ဘုန်းတော်ဟု ခေါ်သည်၊ဘုရားရှင်၏ဂုဏ်သတင်းတော်သည် သူတကာတို့ကဲ့သို့ အသိုင်းအဝိုင်းတို့ဖြင့် မဟုတ်မမှန် လုပ်ကြံ၍ ဖြစ်ရခြင်းမျိုး မဟုတ်၊ ဟုတ်မှန်သော ဂုဏ်တော်ကြောင့် အလိုလို ထင်ပေါ်လျက် လူ့ပြည်လောကထက် နတ်ပြည်လောကဌာ သာ၍ နှံ့စပ် ကျော်စောပေသည်။ [အခြား စကြာဝဠာက နတ်ပြဟ္မာများလည်း ဤ စကြာဝဠာသို့ လာနိုင်သဖြင့် နတ် ပြဟ္မာ အချင်းချင်း ဂုဏ်သတင်းဖြန့်သောကြောင့် "စကြာဝဠာတသောင်းတိုင်အောင် ပို့ချီနှံ့၏၊ လူ့လောကဌား ထိုမျှလောက် ဂုဏ်သတင်း မပို့နှံ့"ဟု ဆိုလိုပါသည်။]

(၄) သိရီဘုန်းတော်။ ။ ကျမ်းအစဉ် ပြခဲ့သည့် အတိုင်း အလွန် ကြီးမားသော ပါရမီရှင် ဖြစ်ပေရကား, ဖူးမျော်၍ မဝနိုင်အောင် လှနှစ်စွာသပါယ်သော ကြက်သရေကို "သိရီ" ဘုန်းတော်ဟု ခေါ်သည်။[ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း စီးဖြန်းသောအခါ ဤ "သိရီ" ဘုန်းတော်ဖြစ်သော ရုပ်ပုံတော်ကိုလည်း အာရုံပြုနိုင်ပါသည်။]

ရှင်တော်ဘုရား၏ မျက်နှာဝယ် ညိုမှောင်သော မျက်ခုန်းတော်နှစ်သွယ်၏ အကြားဌာန် "ဥဏ္ဏလုံ" ဟု ခေါ်အပ်သော ဆွတ်ဆွတ်ဖြူသော အမွေးတော်သည် ဆန့်ထားလျှင် လက်မောင်းတဝက်ခန့် ရှည်၍ ပင်ကိုယ်အတိုင်း ထားလျှင် ငွေနှန်းမျှင်ကို ခွေထားသကဲ့သို့ လက်ဝဲရစ်ခွေလျက်, ကြက်သရေ အလှနှစ်ရှိပါပေ၏၊ ဝါဝင်းသော အရေပေါ်ဝယ် မျက်ခုန်း အမွေးတော်နှစ်ဘက်၏ မည်းနက်သော အရောင်တော်ကြောင့် ဆွတ်ဆွတ်ဖြူသော ဤ ဥဏ္ဏလုံမွေးရှင်တော်သည် သာလွန် ထင်ပေါ်၍ နေလေတော့၏၊ ဥဏ္ဏလုံမွေးရှင်တော်၏ အောက်နားဝယ် ဝဲယာ နှစ်ဘက်က မျက်တောင်တော်များလည်း အထက်သို့ အဖျားကောက်ကာ မွေးရှင်တော်ကို မော်၍ ဖူးမျှော်သလို ထင်ရပေသည်။

ပဒမြားလုံး တပ်ထားသကဲ့သို့ ခပ်မို့မို့ ထင်လင်းသည့် မျက်လုံးတော်အတွင်းဝယ် နှစ်သွယ်သော မျက်ဖြူတော်၏ အလယ်ချက်က မျက်နက်ဝန်းတော်မှာမူ ကုမုဒြာ ကြာဖြူပန်း အတွင်းမှ ပိတုန်းကလေးများ ထွက်ပြူနေသလို တင့်တယ်ပါပေသည်၊ မျက်လုံးတော်နှစ်သွယ်၏ အလယ်မှ အောက်သို့သက်သော နှာတံတော်သည်ကား မပိမပြား ထင်ရှားပေါ်လွင်၍ မျက်နှာတော်ကို တန်ဆာဆင်သလို ရှိပါပေ့သည်၊ နှုတ်ခမ်းတော် အစုံမှာ ဟသ်ပြဒါးရည် ပက်ဖျန်းသကဲ့သို့ နီမြန်းတော်မူပြီးလျှင် စိန်အစည် စီထားသလို ထင်ရသော သွားတော်အစဉ်၏ ဆွတ်ဆွတ်ဖြူပုံကိုပင် ပြုံးတော်မူသော အခါ ကြက်သရေချင်း ပြိုင်ယှဉ်မည်ကဲ့သို့ ထင်ရပေသည်၊ ဤသို့ အမြွက်မျှ ပြအပ်သော မျက်နှာတော်နှင့် ကိုယ်တော်၏ ကြက်သရေတော်သည် နှတ် လူ ပြဟ္မာတို့၏ မျက်လုံးကို ဆွဲငင်ထားသကဲ့သို့ ဖူးမျှော်၍ မဝ

(အဋ္ဌမအကြိမ်)

နိုင်အောင် ရှိပါပေသတည်း။.... [ဤအကြိမ်ရိုက် စာအုပ်၌ ဘုရားရှင်၏ ကြက်သရေတော်ကို ထင်ပေါ်အောင် ရေးဆရာတို့ ဖွဲ့စီအပ်သော လက္ခဏာတော်ကြီး ဘုရားရှိခိုး ထည့်ထားပါသည်။]

ဆက်ဥုံးအံ့– "ကြက်သရေ" ဆိုသည်မှာ အလှကို ဆိုလိုသည်မဟုတ်၊ မလှသော်လည်း တချို့မှာ ရုပ်အနေအထား အချိုးကျ၍ ဖြစ်စေ, အနေအထိုင် အပြောအဆို အချိုးကျ၍ဖြစ်စေ "ကြက်သရေရှိပါပေသည်" ဟု ချီးမွမ်းခံကြရပေသည်၊ ဘုရားရှင်ကား ပင်ကိုယ် အဆင်းလည်း တင့်တယ်၏၊ လှမ်းကြွတော်မူပုံ, နေထိုင်တော်မူပုံ, ဟောပြောတော်မူပုံ စသည်တို့မှာလည်း ရှုချိမဖြီး နာချိမငြီးအောင် ကြက်သရေကို ဆောင်တော်မူ၏၊ ထို့ကြောင့် လူမင်း နတ်မင်း ဗြဟ္မာမင်းတို့၏ ပရိသတ်အလယ်၌ ထိုင်တော်မူကာ တရားဓမ္မ ဟောပြတော်မူသော ဘုရားရှင်သည် ဝင်းစက် ညက်ညောသော အသားအရေပေါ်တွင် ကြည်လင်ပြတ်သားသော အသံတော်ကို တန်ဆာဆင်သလို ဖြစ်ရကား များစွာသော မင်းပရိသတ်ထက် ကြက်သရေသာလွန်၍ ထူးချွန် တင့်တယ်တော်မူပေသည်။

သေလသုတ်မှ ကောက်နှုတ်ချက် ။ ။ လုလင်ငယ် သုံးရာလောက်ကို စာပြနေသော ပြာဟ္မဏဇာတ်ရှိသူ "သေလ" မည်သော ကျောင်းအုပ်ဆရာကြီးတယောက်သည် အခါတပါးဝယ် ဘုရားရှင်အကြောင်းကို ကြားရ၍ တပည့်သုံးရာနှင့်အတူ ဘုရားရှင် အထံသို့ ရောက်လာလေရာ, ရှင်တော်ဘုရား၏ ကြက်သရေရှိလှသော ရုပ်အဆင်းတော်ကို မြင်ရုံမျှဖြင့် "ဤမျှလောက် ကြက်သရေ ရှိသော အရှင့်မှာ ရဟန်းပြုနေလို့ ဘာအကျိုး ရှိမှာလဲ, လေးကျန်းလုံးကို

(အဋ္ဌမအကြိမ်)

လွှမ်းမိုး၍ အုပ်စိုးနိုင်သော စကြာမင်းဖြစ်ဘို့ရာ ရှုပ် လက္ခဏာတွေ ပြည့်စုံနေပါတယ်၊ ထို့ကြောင့် ရဟန်းအဖြစ်၌ မနေဘဲ လူ့ဘောင် မှာနေ၍ မင်းတကာတို့ ရှိခိုးဥူးခိုက် ပူဇော်ထိုက်သော စကြာမင်း လုပ်တော်မူပါ"ဟု လျှောက်ထားလေသည်။ [သုတ္တနိပါတ်, မဟာ ဝဂ္ဂ, သေလသုတ် ပါဠိတော်။]

ဤ မျက်စိဖြင့် အလှအပတွေကို ကြည့်ရာ၌ မကောင်းစိတ်တွေ တိုးပွားရ၍ အကျိုး မများသော်လည်း ဘုရားရှင်၏ သပ္ပါယ်သော အာရုံကို ကြည့်ရှု ဖူးမျှော်ရာ၌ကား အကောင်းစိတ်တွေ တိုးပွားသဖြင့် အကျိုးများလှပေသည်၊ ဤမျှလောက် ကြီးကျယ်သော ကြက်သရေတော်အရှင်ကို ငါတို့ မဖူးမြင်လိုက်ရသည်မှာ များစွာ ဝမ်းနည်းဘွယ် ကောင်းလှပေသည် တကား။

(၅) ကာမဘုန်းတော်။ ။ရှင်တော်မြတ်၏ အလိုတော် ရှိလေသမျှ လုံးဝဥဿုံ အကုန် ပြီးစီးနိုင်ခြင်းကို "ကာမ" ဘုန်းတော်ဟု ခေါ်သည်၊ ဘုရားရှင်သည် ဘုရားဖြစ်၍ သတ္တဝါတို့ကို ချေချွတ်နိုင် ဘို့ရန် တောင့်တတော်မူခဲ့ရာ ထို တောင့်တတော်မူသည့် အတိုင်း ပြည့်စုံပေသည်။

(၆) ပယတ္တ ဘုန်းတော် ။ ။ ကြီးမားလှစွာသော လုံ့လ ဝီရိယတော်ကို "ပယတ္တ" ဘုန်းတော်ဟု ခေါ်သည်၊ ဤ ကျမ်းအစ "စရံ ယော ယဒိဝါ တိဋ္ဌံ" ဂါထာ၌ ပြခဲ့သည့်အတိုင်း နွေရော ညဉ့်ပါ အားလပ်ခွင့်ရတော်မမူဘဲ ဝေနေယျတို့၏အကျိုးငှါ လွန်စွာ အားထုတ်တော်မူပေသည်။

ဘုရားရှိခိုး ဂါထာဖွင့်

(ကျက်မှတ်ရန်)

ဧဝံ နဝဟိ ဂုဏေဟိ, လောကမှိ ကိတ္တိဗျာပိတံ၊
အတုလံ ဓမ္မရာဇာနံ, ဝန္ဒာမိ တီဟိ သာဒရံ။

ဧဝံ နဝဟိ ဂုဏေဟိ– ဤ အရဟတာ, အစလာသည့်, ကိုးဖြာသော ဂုဏ်တော်တို့ဖြင့်၊ လောကမှိ – ဘဝဂ်ဆုံးအောင်, ဘုံသုံးဆောင်၌၊ ကိတ္တိဗျာပိတံ – သိမ့်သိမ့်တုန်ခတ်, ပံ့တင်ထပ်မျှ, နှံ့စပ်ကျော်စောတော်မူထသော၊ အတုလံ–သီလခေါင်ထို, သမာဓိနှင့်, ကြီးဘိပညာ, လွန်ကဲသာ၍, ပြိုင်လာနိုင်းသူ, အတူလည်း ရှိတော်မမူထသော၊ ဓမ္မရာဇာနံ – သုံးဘုံမကိုင်၌, သုံးတိုက် သရဖူ, သုံးလူသင်းကျစ်, ဓမ္မရာဇ် ထူတ်ထား, ရှင်တော်မြတ်ဘုရားကို၊ တီဟိ– လက်အုပ်အဥ္ဇလီ, နှုတ်သံချီလျက်, ရှင်ကြည်မနော, သုံးပါးသော ဒွါရတို့ဖြင့်၊ သာဒရံ-လေးမြတ် ကြည်ညို, ရှိသေခြင်းရှိသည် ဖြစ်၍၊ ဝန္ဒာမိ-ဂုဏ်တော်ထုံမှုမ်း, ပုံတော်မှန်းလျက်, ချီးမွမ်းထောမနာ,.... ပဏာညတ်ကျိုး, လက်စုံမိုး၍, ရှိခိုး....ကန်တော့ပါ၏ ဘုရား။

× × × × × ×

ကြည့်ရှုရန် အဓိပ္ပါယ်

၁–အရဟံ ဂုဏ်တော်ကိုပင် သဒ္ဒါနည်းအရ "အရဟတာ"ဟု ဆိုသည်၊
၂– "ထောမနာ" ကား ချီးမွမ်းခြင်းကို ဟောသော ပါဠိစကား၊
၃–ကိုင်းညွှတ်ခြင်း = ရှိခိုးခြင်းကို ဟောသော "ပဏာမ" ပါဠိကိုပင် "ပဏာ"ဟု ဆိုထားသည်။

ဘဝဂ်ဆုံးအောင်, ဘုံသုံးဆောင်၌။ ။ဘုံဘဝတို့၏ အထက်ဆုံး ဖြစ်သော "နေဝသညာ နာသညာယတန"ဘုံကို "ဘဝဂ်" ဟု ခေါ်သည်၊ ကာမ, ရူပ, အရူပ, ဘုံသုံးဆောင်၏ အဆုံး ဘဝဂ် တိုင်အောင် ဘုရားရှင်၏ သိလဂုဏ် သမာဓိဂုဏ် ပညာဂုဏ်များသည် သူတပါးထက် ထိပ်ခေါင်ထိမျှ လွန်ကဲတော်မူပေသည်၊ ထို့ကြောင့် တိတ္ထိအများပင် ဘုရားရှင်ကို ပြိုင်လာနိုင်းလာကြသော်လည်း သီလ သမာဓိ ပညာဂုဏ်အားဖြင့် တစုံတယောက်မျှ တူတန်သူ မရှိခဲ့ကြပေ။

သုံးဘုံမကိုဋ္ဌ။ ။မင်း, မိဖုရားတို့၏ ဥုးခေါင်းဥ၌ ဆောင်းအပ်သော အရာကို "မကိုဋ္ဌ-သရဖူ"ဟု ခေါ်၏၊ နဖူးဥ၌ ရစ်ပတ်အပ်သော ရွှေပြားကို "သင်းကျစ်" ဟု ခေါ်၏၊ ဘုရားရှင်သည် ဥုးထိပ်တင်ကာ ရှိသေရာဖြစ်၍ သုံးဘုံသားတို့၏ မကိုဋ္ဌသရဖူ သင်းကျစ်နှင့်တူစွာ တရားမင်းကြီး ဖြစ်ပါပေသည်။

လက်အုပ်အဥ္ဇလီ။ ။လက်အုပ်ကို ပါဠိလို "အဥ္ဇလိ" ဟု ခေါ်၏၊ ကိုယ်ဖြင့် ရှိခိုးကြောင်းဖြစ်သော ကာယဝိညတ်ကို ကာယဒွါရဟု ခေါ်၏၊ နှုတ်ဖြင့် ရွတ်ဆိုရှိခိုးကြောင်း ဝစီဝိညတ်ကို ဝစီဒွါရဟု ခေါ်၏၊ ကိုယ် နှုတ် မပါဘဲ ဘဝနာပွားသကဲ့သို့ ဘုရားဂုဏ်တော်ကို အာရုံပြုနေသော ကုသိုလ်ဇောစိတ်ကို မနောဒွါရဟု ခေါ်၏၊ဂုဏ်တော်အပေါင်းဖြင့် ထုံမွှမ်းအပ်သော သက်တော်ထင်ရှား မြတ်ဘုရား၏ ရုပ်ပုံတော်ကို စိတ်ဖြင့် မှန်း၍ နှုတ်ဖြင့် ချီးမွှမ်းပြီးလျှင် ကိုယ်ဖြင့် ကိုင်းညွှတ်ကာ ထို့ဥ ဖြာသော ဒွါရတို့ဖြင့် ရှိခိုးပါ၏- ဟူလို။

ဂုဏ်တော် ၉ ပါးကို ဆက်သွယ်၍ အာရုံပြုနည်း

ဘုရားရှင်၏ ဂုဏ်တော်များကို အာရုံပြုလျက် ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း စီးဖြန်း ပွားများရာ၌ ရှေးဥုးပဌမ သမာဓိ မရသေးခင် ဂုဏ်တော် တပါးတည်းကိုသာ စွဲ၍ အထပ်ထပ် အာရုံပြုနေလျှင် ပျော်မွေ့ဘွယ် ကောင်းသော်လည်း ကျဥ်းမြောင်းသော ဥယျာဉ်တွင် ကြာရှည်စွာ မကြည့်ချင်သကဲ့သို့, ထို ဂုဏ်တော်တပါးတည်း၌ စိတ်အစဉ် မပျော်မွေ့ဘဲ ပုံလွှင့်နေတတ်ပါသည်၊ ဂုဏ်တော်ကိုးပါးကို တပါးနှင့်တပါး ဆက်သွယ်လျက် လွှဲကာ ဖယ်ကာ အာရုံပြုနေရသောအခါ သာယာ ကျယ်ဝန်း၍ ပန်းမျိုးစုံသော ဥယျာဉ်ကြီးတွင် ပျော်ပြီးရင်း ပျော်ရင်း ဖြစ်သကဲ့သို့, ဘုရားဂုဏ်တော်ကို အာရုံပြုသူတို့၏ စိတ်ဓာတ်လည်း မပြတ်ကြည်နူး ရွှင်မြူး ချမ်းမြေ့ရုံသာ မက, အတော်ကြာလျှင် ဂုဏ်တော် တပါးပါး၌ သမာဓိ စူးစိုက်လာပါလိမ့်မည်။

ထို့ကြောင့် ဤနည်းအတိုင်းပင် ဘုရားရှင်၏ ဂုဏ်တော်များကို ဆက်သွယ်၍ အာရုံပြုလိုကြသော အမျိုးသား အမျိုးသမီး တို့သည် ရှေးဥုးစွာ မိမိ၏ သီလကို ၅ ပါးဖြစ်စေ, ၈ ပါးဖြစ်စေ, ၁၀ ပါးဖြစ်စေ, အထူး လုံခြုံစွာ ရှိစေရမည်၊ ထို့နောက် ဆိတ်ငြိမ်သော အရပ်ကို ရစေရမည်၊ မိမိအိမ်မှာဖြစ်လျှင်လည်း အားလုံး တိတ်ဆိတ်သောအခါ ဖြစ်စေရမည်၊ ရုပ်ပွားတော် စေတီတော် အနီးအပါး ဖြစ်လျှင်လည်း ပွဲလမ်းအခါ မဟုတ်ဘဲ ဆိတ်ငြိမ်သောအခါ ဖြစ်စေရမည်၊ သို့သော် အမျိုးသမီးဖြစ်လျှင် မည်သည့်နည်းနှင့်မျှ ယုံကြည်

စိတ်ချလောက်သော အဖေါ်မပါဘဲ စေတီ ရုပ်ပွားအနီး, သို့မဟုတ်တော တောင်ပိတ်ပေါင်း ကမ္မဋ္ဌာန်းကျောင်းတို့၌ နေထိုင်၍ အာရုံမပြုသင့်ပါ၊ အရပ်ရပ် အပြစ်ကင်းသော နေရာကောင်းကို ရွေးချယ်ပြီးနောက် တကယ့် ယောဂီစိတ်ကို ရောက်စေလျက် မိမိရှေ့မှောက်၌ ဘုရားရှင် ရောက်တော်မူနေ သကဲ့သို့ ထင်မြင်စေကာ အောက်ပါအတိုင်း အာရုံပြုပါ။

၁။ ဗုဒ္ဓဂုဏ်တော် ။ ။ ဘုရားရှင်သည် အလောင်းတော် သုမေဓာဘဝက ဒီပင်္ကရာ ဘုရားရှင်ကို ဖူးတွေ့ခါစ၌ သတ္ဌာတို့ကို ကယ်တင်လိုသော ဆန္ဒတော် ပြင်းပြလှသဖြင့် "ဗုဒ္ဓေါ – ကိုယ်တိုင် သိရသောအခါဝယ်၊ ဗောဓေယ်ျံ– သတ္ဌာတို့ကိုလည်း သိစေတော်မူမည်" ဟု ဓိဋ္ဌာန်တော်မူခဲ့ပါသည်။

၂။ သုဂတဂုဏ်တော်။ ။ ထိုသို့ ဓိဋ္ဌာန်တော်မူခဲ့သည်အားလျော်စွာ အသက်ပေါင်းများစွာနှင့် စည်းစိမ်ပေါင်း များစွာတို့ကို စွန့်တော်မူလျက် သတိတရား ကြီးစွာထားပြီးလျင် အမှားမရှိအောင် ဉာဏ်ဖြင့်ရှောင်၍ ပါရမီတော်များကိုဖြည့်ကာဖြည့်ကာ ကောင်းစွာကြွတော်မူခဲ့ပါသည်။

၃။ ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်တော် ။ ။ ထိုကဲ့သို့ ပါရမီဖြည့်၍ ဘုရားဖြစ်တော့မည့်ဘဝ၌ သီလစောင့်ခြင်း, ဣန္ဒြေစောင့်စည်းခြင်း စသော ကိုယ်ကျင့်တရား စရဏ ၁၅ ပါးနှင့် ပြည့်စုံတော်မူရကား, ဘုရားမဖြစ်မီ ကဆုန်လပြည့် ညဉ့်ဥုးယာမ်ဝယ် ရှေးဖြစ်ဟောင်းကို အောက်မေ့နိုင်သော ပုဗ္ဗေနိဝါသာနုဿတိဉာဏ်တော်, သန်းခေါင်ယာမ်ဝယ် နတ်ဗြဟ္မာလောကရှိ သတ္ဌာများနှင့် ငရဲ ပြိတ္တာ သတ္ဌာ

ဟူသမျှကို မြင်နိုင်သော ဒိဗ္ဗစက္ခုဉာဏ်တော်, မိုးသောက်ယာမ်ဝယ် ကိုယ်တော်၏သန္တာန်၌ ကိလေသာ ဓာတ်ခိုး ဓာတ်ငွေ့များ လုံးဝခြောက်ခန်း စေနိုင်သော "အာသဝက္ခယ" ခေါ် အရဟတ္တမဂ်ဉာဏ်တော်ဟူသော ဉာဏ်တော်ကြီးများ အဆင့်ဆင့် ပေါ်ပေါက်လာပါသည်။

(၄) အရဟံ ဂုဏ်တော် ။ ။ ထို ဉာဏ်တော်များကြောင့် ဘုရားရှင်၏ စိတ်တော်အစဉ်သည် ကိလေသာ အနောက်အကျုမှ ကင်းစင်သဖြင့် အမြဲ ကြည်လင်တော်မူပါသည်။

(၅) သမ္မာသမ္ဗုဒ္ဓ ဂုဏ်တော်။ ။ ထိုကဲ့သို့ ကြည်လင်သော စိတ်တော်အစဉ်ဝယ် တွဲယှဉ်၍ မကြာ မကြာ ဖြစ်ပေါ်လာသော ဉာဏ်တော်ကား သိဘွယ်ဟူသမျှကို တစွန်းတစမျှ မကျန်အောင် လုံးဝကုန်စင် သိမြင်တော်မူနိုင်ပါသည်။

(၆) လောကဝိဒူ ဂုဏ်တော် ။ ။ ထိုကဲ့သို့ ကြီးကျယ်သော ဉာဏ်တော်ကြီးက စိတ်တော်အစဉ်ဝယ် တွဲယှဉ်၍ မကြာ မကြာ ပါဝင်သောကြောင့် ရှင်တော်မြတ်ဘုရားသည် ကမ္ဘာလောကဓာတ် အရပ်ရပ်ကိုငှင်း, သတ္ဌာအနန္တကိုငှင်း, ရုပ်နာမ်ဓမ္မ သင်္ခါရလောက ကိုငှင်း သိမြင်တော်မူပါသည်။

(၇) အနုတ္တရော ပုရိသဒမ္မ သာရထိ ဂုဏ်တော် ။ ။ သတ္တလောက (သတ္ဌာ ဟူသမျှ၏) လိုအင်ဆန္ဒနှင့် သဒ္ဓါ ပညာ စသော ဣန္ဒြေတို့၏ အနု အရင့်တို့ နှိုင်းချင့် ခွဲခြမ်း သိစွမ်းတော်မူရကား ထို သတ္ဌာအများ၏ အလိုကျအောင် သင့်လျော်သော တရားတော်ကို ဟောပြော ပြသ ဆုံးမတော်မူနိုင်ပါသည်။

(၈) သတ္ထာ ဒေဝမနုဿာနံ ဂုဏ်တော်။ ။ထိုကဲ့သို့ မိမိတို့အလို လိုက်၍ အကြိုက်ကျအောင် ဟောပြော ဆုံးမတော်မူသော ဘုရားရှင်ကို ဆရာမတင်လျှင် ဘယ်လိုပုဂ္ဂိုလ်မျိုးကို ဆရာတင်တော့မည်နည်း၊ ဘုရားရှင်သည်သာ မိမိတို့၏ ဆရာစင်စစ် ဖြစ်တော်မူပါပေသည်။

(၉) ဘဂဝါ ဂုဏ်တော်။ ။ထိုကဲ့သို့ လူရော နတ်ပါ ဗြဟ္မာပါ မလပ် အရပ်ရပ် ဆုံးမ၍ ယဉ်ကျေးကြသော သတ္တဝါတို့၏ တပါးထည်းသာဖြစ်သော ဆရာသခင် ဘုရားရှင်၏ဘုန်းတော် ဉာဏ်တော်ကြက်သရေတော် တန်ခိုးတော် ကြီးမားပုံကို အာရုံပြု၍ ကုန်နိုင်ဘွယ် မရှိတော့ပြီ တကား။

အားတက်ဘွယ်။ ။ထိုမျှလောက် ထူးခြားသော ဘုရားရှင်ကို ကိုးကွယ် ဆည်းကပ်မိကြသည်မှာ မိမိတို့ ရှေးက ကောင်းလှပေပြီ၊ ထို ဘုရားရှင်၏ ဂုဏ်တော်များကို အာရုံပြုနေရ အောက်မေ့နေရသည်မှာ စိတ်စက် ချမ်းသာလှပေ၏၊ ဘုရားရှင်ကို ရည်မှန်းလျက် လှူဒါန်း ပူဇော်နေရသည်မှာ အကျိုးကြီးမားလှပေ၏၊ ထို ဘုရားရှင် ဂုဏ်တော်များကို အာရုံပြုလိုက်ရလျှင် မိမိသန္တာန်မှာ ကိလေသာ အနောက်အကျုံကို ကင်းဝေးစေလျက် ကုသိုလ်စိတ်တွေ များလှသောကြောင့် အထပ်ထပ်အာရုံပြုနေပါမူ ကိလေသာတွေ နည်းပါးသည်ထက် နည်းပါးပေလိမ့်မည်၊ လုံးဝ လွတ်လပ်ခွင့်မရသေးသော အိမ်ရှင်တို့ကား အလုပ်ကိစ္စ အားလပ်တိုင်းမှာပင် သန့်ရှင်းသော အဝတ်ကို ဝတ်ဆင်ပြီးလျှင် ဘုရားရှေ့တော်မှာ ဖြစ်စေ, သို့မဟုတ် ဆိတ်ငြိမ်သော အိမ်ခန်းမှာ ဖြစ်စေ, ငြိမ်သက်စွာ နေလျက် ဘုရား

ဂုဏ်တော်များကို အထပ်ထပ် အာရုံပြုကြပါလေ၊ အာရုံ မပြုတတ်သေးပါလျှင် အားလပ်ခွင့် ရချိန်မှာ ဤဂုဏ်တော် ၉ ပါးလုံး ဆက်သွယ်၍ အာရုံပြုနည်းကို ကြည့်ရှု ရွတ်ဖတ်နေကြပါကုန်၊ လူမှုရေးရာကိစ္စ များပြားလှ၍ အချိန် မရလျှင်လည်း ဂုဏ်တော် ကပါးပါးကို စိတ်ထဲမှာ စွဲ၍ အလုပ်လုပ်ရင်း အာရုံပြုနေပါလျှင် လောကသံသရာ နှစ်ဖြာသော အကျိုးများကို ရနိုင်ပါသည်။

ဂုဏ်တော်ကို အာရုံပြု၍ အကျိုးရသော မိဖုရား စောလုံဝတ္ထု

ပုဂံပြည် "နရသီဟပတေ့" မင်း၏ "စောလုံ" မည်သော မိဖုရားသည် အပြစ်ကင်း၍ ကောင်းခြင်းအင်္ဂါ လက္ခဏာ အသွင်အပြင်နှင့် ပြည့်စုံသောကြောင့် မိဖုရားအများတွင် ဘုရင်အမြတ်နိုးဆုံး မိဖုရား တည်းပေတည်း၊ ထိုမင်းသည် နွေလအခါဝယ် ရောဝတီမြစ်ကမ်းတွင် စံနန်းတော် တည်၍ မောင်းမမီဆီ အခြေအရံများနှင့် အတူ ရေကစားတော်မူမြဲ ဖြစ်၏၊ အခါတပါးဝယ် မိဖုရား စောလုံကို ကျီစယ်လိုသဖြင့် မျက်နှာ ဆံပင်ပါမကျန် တကိုယ်လုံး ရွဲရွဲစိုအောင် ရေဖြင့် ပက်စေတော်မူသည်။

စောလုံ မိဖုရားလည်း ကျီစယ်သည်ကို အပြစ် ဟု ထင်မှား၍ ရန်ငြိုးထားပြီးလျှင် "မိန်းမတို့ဓမ္မတာ သာမန်အပြစ်မျိုးဖြင့် အငြိုးကြီးစာတ်သည် အားလျော်စွာ" အနာကြီး နာသောကြောင့် စားတော်ပွဲတွင် အဆိပ်ခတ်၍ ဆက်သစေ လေသည်၊ ဘုရင်မင်းလည်း ပွဲတော် မတည်ဆဲးဘဲ ခွေးကိုကျွေးစေရာတွင် တခဏခြင်း

ခွေးသေသည်ကိုမြင်၍ ပွဲတော်ဆက်သူကိုစစ်ဆေးသောအခါ မိဖုရားစောလုံအပေါ် ကျရောက်၏၊ မိဖုရားကို စစ်ဆေးပြန်ရာ "မိမိကို တကိုယ်လုံးစိုအောင်ရေပက်စေလျက် အရက်ခွဲသောကြောင့် မကျေနပ်သည့်အတွက် အသက်ကို လုပ်ကြံကြောင်း" ဟု ပြတ်တောင်းတောင်း ခပ်မာမာနှင့် သံတော်ဥုံးတင်သဖြင့် မင်းတို့မျက်စောင်းအကြောင်းမရှိတတ်သည့် အတိုင်း ဆိုင်းငံ့ စဉ်းစားခြင်း မရှိ, အမြတ်နိုးဆုံး မိဖုရားကိုပင် ထောက်ထားတော်မမူဘဲ ပန်းပဲသမားကို ခေါ်၍ သံကျပ်စင် (ကျပ်ခိုးစင်) ကို လုပ်စေပြီးလျှင် "မီးရဲရဲ ငြိသော ကျပ်စင်ပေါ်တင်၍ သတ်စေ" ဟု အမိန့်ချမှတ်လေသည်။

မိဖုရားလည်း ပန်းပဲသမားကို ငွေငွေမျှားစွာ ပေး၍ ခုနစ်ရက်ကြာအောင် ကျပ်စင်ကိုပြုလုပ်စေပြီးလျှင် တရားနာ၍နေ့ရောညဉ့်ပါသီလကိုဆောက်တည်လျက် ၇ ရက်ပတ်လုံး ဘုရားဂုဏ်တော် တရားဂုဏ်တော် သံဃာဂုဏ်တော်များကို ရွတ်ဖတ် အာရုံပြု၍ နေလျှက် ၇ ရက်စေ့သောအခါ ရဲရဲငြိသော သံကျပ်စင်ထက်သို့ မကြောက်မရွံ့တက်လေရာ, အလွန် အေးမြ မွေ့ကြိုင်လှသော ဂေါသီတ စန္ဒကူးကို ထည့်ခတ်လိုက်သလို တခါးထည်း မီးငြိမ်း၍ သွားလေသည်။

ဤနည်းအတိုင်း ရတနာသုံးပါး၏ဂုဏ်တော်များကို အာရုံပြုနေမှုကြောင့် သုံးကြိမ်တိုင်အောင် ထပ်ကာထပ်ကာ မီးငြိမ်းပြီးနောက် "ချမ်းသာခွင့်ရမည်မဟုတ်လျှင်တခဏခြင်းလောင်ကျွမ်းစေတော့" ဟု စိတ်ကို လျှော့ချခြင်္ဂဒန်သည့်အခါကျမှ တခဏခြင်း ကွယ်ပျောက်ရလေသည်၊ မိဖုရားမရှိသည့်နောက် ဘုရင်လည်း စက်တော်ခေါ်ရာ၌ ကဖယောင်းကတမ်းဖြစ်ပြီးလျှင် မိဖုရားကို တမ်းစာ၍ နေရစ်ရာ

လေသတည်း၊... [ဤဝတ္ထုတွင် ရာဇဝင်ဆရာတို့ ယူပုံနှင့် အနည်းငယ်ကွဲလွဲ၏၊ တွေ့ဘူးသောစာအတိုင်း ရေးသားလိုက်သည်။]

အထူး သတိပေးချက်။ ။ဤ ပြဆိုခဲ့ပြီးသော စကားအစဉ်ဖြင့် ဘုရားရှင်နှင့် စပ်၍ တတ်သိ နားလည်ထိုက်သော အချက်များကို အထိုက်အလျောက် နားလည်လောက်ပေပြီ၊ဗုဒ္ဓဘာသာဝင်တို့သည် သက်တော်ထင်ရှား ဘုရားရှင်ကို ရည်မှန်းလျက် ဆွမ်း ရေချမ်း ပန်းဆီမီး, နံ့သာတိုင်စသည်တို့ကို ပူဇော်လေ့ရှိကြ၏၊ ထိုသို့ ပူဇော်ရာ၌ ဝတ်ကျေ တန်းကျေ အိမ်နီးချင်း ရှိသေရုံသာဘော မထားဘဲ, ရှုပ်ပုံတော် စေတီတော်ကို ပူဇော်သောအခါ ဘုရား ကျောင်းတော်ကို သွား၍ သက်တော်ထင်ရှား ရှင်တော်ဘုရားအား လှူဒါန်း ပူဇော်ရသကဲ့သို့ စိတ်ထဲ၌ ထင်ယောင် မြင်ယောင် ဖြစ်လာအောင် ပူဇော်ရာ၏၊ ထိုသို့ ပူဇော်ရာဝယ် ဆွမ်းကို နေလဲ့သောအခါ ပူဇော်လျှင် အပြစ်တင်လေ့ရှိသကဲ့သို့ ထို့အတူ မြှောင်သောအခါ မြှောင်သော နေရာ မဟုတ်ဘဲ "နေ့လည်ကြောင်တောင်အခါ ဆီမီး ပူဇော်မှုကို ပြုသင့်သည်" ဟု မထင်ပေ။

ထို့ပြင် ရုပ်ပွားတော်တည်ရာ ဂူ လိုဏ်- အာရုံခံရာ တန်ဆောင်း စေတီ ယင်ပြင်တော် စသည်၌ ဖရောင်းစက်တွေ့ ဗလပွေကျအောင် ပူဇော်မှု, ပန်းတွေ့ကို ဖရိုဖရဲ ပစ်ထားခဲ့မှု, ရေတွေ့ ပုပ်နံအောင် ရက်ရှည်လများထားမှုကို ယခုအခါ တန်ခိုးကြီးသောဘုရားတိုင်းမှာ လိုပင် တွေ့မြင်ရ၏၊ ထိုအမှုများကို မိမိတို့အိမ်မှာ ပြုလျှင် ကျေနပ်နိုင်ကြမည် မဟုတ်ပါဘဲလျက် ဘဏ်အတွက် ဘုရားနှင့် စပ်သော အဆောက်အဦးမှာ ပြုဝံ့ကြ ပြုရက်ကြပါလိမ့်မည်နည်း၊ ထို့ကြောင့်

ပန်း ဆီမီး စသည်ကို ပူဇော်ရာ၌ မိမိတို့၏ ပစ္စည်းဝတ္ထု အတုက် ဘုရားနှင့်စပ်သော အဆောက်အဥ်း၌ မည်စ် မပေစေဘဲ ဖူးမြင်သူ လူအများတို့ သဒ္ဓါတိုးပွားအောင် သားနား သပ်ရပ်စွာ ပူဇော်ကြ မှသာ နော်ဝင်သံသရာ၌ အကျိုးပေး စင်ကြယ်နိုင်ပါသည်။

ထို့ပြင်— ဘုရားနှင့် စပ်သော အဆောက်အဥ်း များ၌လည်း ခမ်းနား သပ်ရပ်သော ဝတ္ထုမှတပါး တိုလီမိုက်စ မလှပသော ပစ္စည်းဝတ္ထုမရှိမှသာ ပို၍ ကြက်သရေရှိရာသောကြောင့် တယောက် ထည်း မတတ်နိုင်လျှင် လူအများစုပေါင်း၍ ကြီးကျယ်ခမ်းနားသော ဘုရား ကျောင်း စေတီတော်စသည်များကိုသာ တည်ထား ကိုးကွယ် ခြင်း, ကြည်ညိုဘွယ်မဖြစ်လောက်အောင် ပျက်စီး ယိုးယွင်းနေသော ဘုရား ကျောင်း စသည်များကို စုပေါင်း ပြုပြင်ခြင်း , ရှိပြီးနေရာ များ၌ နောက်ထပ် တည်ထားမည့်အစား , မရှိသေးသော နေရာ ဝယ် တည်ထား ကိုးကွယ်ခြင်း စသည်တို့ဖြင့် အရှည်ကို မြင်မြော်၍ ပူဇော် ကိုးကွယ်သင့်ကြသည်။

အမှာ။ ။ယခုအခါ တချို့ ကိုးကွယ်ပုံမှာ မိမိအတွက် ကုသိုလ် ရမှုတခုကိုသာ ရည်ရွယ်ဟန်တူ၏၊ ဘာသာသာသနာအသရေရှိမှုကို ရည်ရွယ်ဟန်မတူ၊ ထို့ကြောင့် ထိုသူ၏ အလှူဝတ္ထု ပူဇော်ကိုးကွယ်မှု အတွက် အမျိုးဘာသာ သာသနာမှာ ဂုဏ်မတက်ဘဲ ဂုဏ်ပျက်ရ ခဲလေသည်၊ ယခုခေတ်သည် သူတပါးအလုပ်ကို ဝေဘန်ကြသော ခေတ် ဖြစ်၏၊ ထို့ကြောင့် ဗုဒ္ဓဘာသာဝင်တို့သည် မိမိတို့၏ ရှင်ပြု ရဟန်းခံ ဘုန်းကြီးပျံ စသော အလုပ်တို့၌ သူတပါး၏ ဝေဘန်ခံနိုင် အောင် ပြုပြင်ကြဘို့ရန် တိုက်တွန်းပါသည်။

(အဋ္ဌမုအကြိမ်)

တရား ဂုဏ်တော်ဖွင့်

(ကျက်မှတ်ရန် ပါဠိတော်)

"သွာက္ခာတော ဘဂဝတာ ဓမ္မော,
သန္ဒိဋ္ဌိကော, အကာလိကော,
ဧဟိပဿိကော, ဩပနေယျိကော,
ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ"။

ကြည့်ရှုရန် အဓိပ္ပါယ်

ဘဂဝတာ ဓမ္မော-ကား ဂုဏ်တော်ကိုပြသော ပါဠိ မဟုတ်၊ "ဘုရားဟောအပ်သော တရား"ဟု တရားနာမည်တော်ကို ပြသော စကားတည်း၊ ထို့ပြင်— "တရား" ဟူသော အသုံးအနှုန်းလည်း ပို့ဆောင်ခြင်းအနက်ကို ဟောသော "ဓရ" ဟူသော ပါဠိမှ ကူး ပြောင်းခဲ့ဟန် တူသောကြောင့် "တရား"ဟု မရေးဘဲ "ဓရား" ဟု ရေးလျှင် သာ၍ ကောင်းမြတ်ဘွယ်ရှိ၏- ဟု ယူဆကြသည်။

တရား ဂုဏ်တော် ၆ ပါး

၁။ သွာက္ခာတ ဂုဏ်တော်
၂။ သန္ဒိဋ္ဌိက ။
၃။ အကာလိက ။
၄။ ဧဟိပဿိက ။
၅။ ဩပနေယျိက ။
၆။ ပစ္စတ္တံ ဝေဒိတဗ္ဗ ဝိညူဟိ ။

(အဋ္ဌမအကြိမ်)

သွာကွာတ ဂုဏ်တော်ဖွင့်

(ကျက်မှတ်ရန်)

ဘဂဝတာ – ဧရွေဘုန်းတော်သခင်, ရှင်တော်မြတ်ဘုရားသည်၊ ဓမ္မော – မဂ်ဖိုလ်နိဗ္ဗာန်, ဓမ္မကွန်ဟု , ဆယ်တန်သော တရားတော်မြတ်ကို၊ သွာကွာတော – ကြားနာရုံပင် , အပူ စင်၍ , ကျင့်လျှင်ချမ်းသာ, ကျင့်ပြီးခါလည်း, လွန်စွာငြိမ်းချမ်း, နိဗ္ဗာန်နှင့်, စခန်းသင့်အောင်, မှန်းလင့်ရည်ရော်, ကောင်းစွာ ဟောတော်မူအပ်ပါပေ၏။

× × × × × × ×

ကြည့်ရှုရန် အဓိပ္ပါယ်

သွာကွာတ ဂုဏ်တော်သည် "ကောင်းမွန်စွာ ဟောတော်မူအပ်၏" ဟူသော အနက်ကို ပြ၏။ [သု+ အက္ခာတ၊ သု = ကောင်းစွာ + အက္ခာတ= ဟောအပ်သည်။]

မဂ်ဖိုလ်နိဗ္ဗာန်, ဓမ္မကွန်။ ။မဂ် ၄ ပါး , ဖိုလ် ၄ ပါး, နိဗ္ဗာန် ၁, ဓမ္မကွန်ခွာဟု ခေါ်သော ပိဋကတော် ၁,ပေါင်း ၁၀ ပါးတည်း။

မဂ် ၄ ပါး	ဖိုလ် ၄ ပါး
(၁) သောတာပတ္တိမဂ်	(၁) သောတာပတ္တိဖိုလ်
(၂) သကဒါဂါမိမဂ်	(၂) သကဒါဂါမိဖိုလ်
(၃) အနာဂါမိမဂ်	(၃) အနာဂါမိဖိုလ်
(၄) အရဟတ္တမဂ်	(၄) အရဟတ္တဖိုလ်

ဤစကားအရ ယခုပြအပ်လတ်သော ဂုဏ်မျာ းနှင့် ပြည့်စုံသော တရားဟူသည် ဘုရားရှင် ဟောတော်မူအပ်သော ပိဋကပါဠိတော် အဋ္ဌကထာ အစဉ်နှင့် မဂ်တရား ဖိုလ်တရား နိဗ္ဗာန်တရား များသာ

ဖြစ်သည်ဟု မှတ်ပါ၊ စာအုပ် ပေစာတို့သည် ထိုတရားတော်များကို မှတ်သားဆောရာ "တရားဘဏ္ဍာတိုက်" များသောတည်း၊ "ဓမ္မစေတီတော်" ဟုလည်း ခေါ်၏၊ ထိုတရားတော်များကို ပို့ချသောပုဂ္ဂိုလ် များကား တရားဘဏ္ဍာတိုက်ကိုစောင့်သော ဘဏ္ဍာစိုးများ ဖြစ်၏။

ကြားနာရုံပင်, အပူစင်၍။ ။ ရှင်တော်ဘုရား၏ တရားတော် များသည် ၁- နာကြားရခြင်းတည်းဟူသော အစ၏ ကောင်းခြင်း, ၂–ကျင့်ကြံ အားထုတ်ခြင်းတည်းဟူသော အလယ်၏ကောင်းခြင်း, ၃- ကျင့်ပြီးသောအခါ တရားထူးကိုရ၍ ဒုက္ခခပ်သိမ်း အေးငြိမ်းရာ နိဗ္ဗာန်ကို မြင်ခြင်း တည်းဟူသော အဆုံး၏ ကောင်းခြင်းများနှင့် ပြည့်စုံရကား မကျင့်နိုင်သေးစေကာမူ ကြားနာရုံမျှဖြင့် ဟုန်းကန် ထနေသော ကိလေသာ မီးပူကြီးများကို ငြိမ်းစေနိုင်ပါသည်။

ကိလေသာမီး ၁၀ ပါး

၁။ လောဘ =လိုချင်မှုမီး။
၂။ ဒေါသ =စိတ်ဆိုးမှုမီး။
၃။ မောဟ =မသိ မလိမ္မာမှုမီး။
၄။ မာန =မာနကြီးမှုမီး။
၅။ ဒိဋ္ဌိ =အယူမှားမှုမီး။
၆။ ဝိစိကိစ္ဆာ =ဘုရား တရား သံဃာ ကံ–ကံ၏ အကျိုးများ၌ ယုံမှားမှုမီး။
၇။ ထိန =အိပ်ချင်အားကြီး ထိုင်းမှိုင်းမှုမီး။
၈။ ဥဒ္ဓစ္စ =ပျံလွှင့်မှု မတည်ကြည်မှုမီး။
၉။ အဟိရိက =အကုသိုလ် ဒုစရိုက်မှ မရှက်မှုမီး။
၁၀။ အနောတ္တပ္ပ =ဒုစရိုက်မှု မကြောက်လန့်မှုမီး။

ဤ ကိလေသာဆယ်ပါး မီးပူကြီးများသည် ငါတို့ ပုထုဇဉ်များ၏ သန္တာန်၌ လောင်မှန်းမသိ လောင်ကျွမ်းလျက်ရှိရာ, တခါတခါ သိသိသာသာ အပြင်းအထန် လောင်ကျွမ်းကာမှ " ဩော်.... တယ်ပူတဲ့ မီးပါတကား" ဟု အထင်အရှား သိကြရလေသည်။

လောဘမီးလောင်ပုံ။ ။ဘိက္ခုနီမတစု သိမ်တွင်းသို့ ဥပုသ်ပြုသွားကြရာ ဘိက္ခုနီမ တယောက်သည် သိမ်အပေါက်၌ ထားသော လုလင်ပျို၏ ရုပ်တုကို မြင်၍ စွဲလမ်းခင်မင် လောဘမီး ဝင်လာသောကြောင့် အများ ပြန်သော်လည်း မပြန်နိုင်သေးဘဲ ကြည့်ရှုမြဲ ကြည့်ရှုနေလေသော် အဖေါ် တယောက်က လာရောက် ခေါ်ငင်သောအခါ မတ်တတ်ရပ်လျက် အသက် မရှိတော့ဘဲ လက်ဆွဲ၍အခေါ်တွင် ဝုန်းကနဲ လဲကျသွားလေသည်။

ဒေါသမီး လောင်ပုံ။ ။နတ်ပြည်၌ နတ်တို့သည် မိမိတို့၏ အခြွေအရံများနှင့် ဥယျာဉ်သို့ တပျော်တပါး သွားတတ်ကြလေရာ, အခါတပါး၌ နတ်သားတယောက်သည် အခြွေအရံ များနှင့် ရထားစီး၍ ဥယျာဉ်သို့ သွားနေစဉ်, နောက် မလှမ်းမကမ်းမှ လိုက်လာသောနတ်သား မြင်၍ "ရှေကသွားနေသော နတ်သားသည် မဖြစ်စလောက် သူ့စည်းစိမ်ကလေးကို ရောမစည်းစိမ်ကြီး ထင်ကာ လွန်စွာ ဟန်ကြီးလေသည် " ဟု ကဲ့ရဲ့သော အသံကို ရှေက နတ်သား ကြား၍ တယောက်တခွန်း စကားများပြီးလျှင် နတ်သွီးတို့က တောင်းပန်တုန်းမှာပင် အလွန် နုနယ်သော နတ် ၂ ယောက်၏ ခန္ဓာကိုယ်သည် ဒေါသမီး အရှိန်ကြောင့် ဇီဝိန် ချုပ်ပျောက် ဆုံးခန်းရောက်ကြရရှာလေသည်။

(အဌမအကြိမ်)

အမှာ။ ၊ဝမ်းနည်းမှု = သောကမီး၊ ငိုကြွေးမှု = ပရိဒေဝမီး၊ ကိုယ်ဆင်းရဲမှု=ဒုက္ခမီး၊ စိတ်ဆင်းရဲမှု= ဒေါမနဿမီး၊ ရှိုက်ကာ ငင်ကာ ပြင်းစွာ ပူပန်ရမှု=ဥပါယာသမီးလည်း ဤ ဒေါသမီး၌ ပါဝင်လေပြီ။

ယခု လူ့ပြည်၌လည်း တစုံတခုပျက်စီးခြင်းကြောင့် သောကပရိဒေဝ ဟူသော ဒေါသမီးများ လောင်လျက် စိတ် ကတောက်ကတက် ဖြစ်ကာ မစားနိုင် မသောက်နိုင် တမှိုင်မှိုင်နေပြီးလျှင် အစဆုံး၍ ဘဝတုံးသူတွေ အများပင်ရှိလေသည်၊ ဤ ကိလေသာ မီးပူကို တရားတော်က ကြားနာရုံမျှဖြင့် အေးငြိမ်းအောင် ငြိမ်းနိုင်ပါသည်၊ ဤကား တရားတော်၏ "ကြားနာမှု" ဟူသော အစ၏ ကောင်းခြင်းတည်း။

ကျင့်လျှင် ချမ်းသာ။ ။များစွာသော လူအပေါင်းက "ဘုရား၏ တရားတော် လာသည့်အတိုင်း စောင့်စည်း ကျင့်ကြံ နေရလျှင် စိတ်ကျဉ်းကျပ်၍ ဆင်းရဲလိမ့်မည်၊ ဘုရားရှင်၏ အလိုတော်နှင့် ဆန့်ကျင်သော လောကီ အာရုံများကို လိုက်စား နေရမှသာ ပျော်ရွှင်ဘွယ်ရှိသည်" ဟု ထင်မှားနေတတ်ကြသည်၊ ဥပမာ-ညဉ့်အခါ၌ မီးထွန်းထားလျှင် မီးရောင်ကို ရွှေတောင် ထင်၍ ဝင်ရောက် တိုးဝှေ့သော ပိုးပရမ်ကောင်များနှင့် တူလှချေ၏။

စင်စစ်မှာ ထို ထင်ကြသည့်အတိုင်းမဟုတ်, ဘုရားရှင်အလိုတော်နှင့် ဆန့်ကျင်ဘက်ဖြစ်သော လောကီ အာရုံကို လိုက်စားမှုကြောင့် ယခုဘဝမှာပင် လူချင်းမတူ သူချင်းမမျှ , နလံ မထူနိုင်အောင် အောက်ကျသွားသူတွေကိုမြင်ကြရလေပြီ၊ ပါးနပ်လှ၍ ဤဘဝ၌

(အဌမအကြိမ်)

လူတွင်ကျယ်ဖြစ်နေစေကာမူ နောင်သံသရာဝယ် လူပါးလူလယ် လုပ်၍ ရတော့မည်မဟုတ်, မုချ ဆိုးဝါးသော ဒုက္ခကြီးနှင့် တွေ့ကြရတော့မည်။

ဘုရားရှင်၏ အလိုတော်ကျအောင် တရားကို လိုက်နာ ကျင့်ကြံ၍ နေထိုင်ပါမူ လွန်စွာ ချမ်းသာပေမည်၊သားသွီးနှင့်တကွ တအိမ်သားလုံး သူတော်ကောင်းချည်း ဖြစ်လျှင် မည်မျှ ချမ်းသာလိမ့်မည်၊ ထို့ထက် အလွန် စိတ်တူ သဘောတူ ပါရမီဖြည့်မှုကိုသာ လိုရင်းထားလျက် တရားဘက်လိုက်စား၍ အေးအေးဆေးဆေး နေနိုင်ကြပါလျှင် မည်မျှချမ်းသာလိမ့်မည်ကို ဆင်ခြင်တွေးဆ၍ ကြည့်ကြပါကုန်။

ဥဒယဘဒ္ဒဇာတ်တော်။ ။ဘုရားရှင်နှင့် ယသော်ဓရာ လောင်းလျာ နှစ်ပါးသည် ဥဒယဘဒ္ဒမင်းသား ဥဒယဘဒ္ဒါမင်းသွီး ဟူသော အမည်ဖြင့် "သုရုန္ဓန" ပြည်ကြီးကို အုပ်ချုပ်လျက် မင်း မိဖုရား ပြုလုပ်ခဲ့ဘူးကြလေသည်၊ပါရမီဖြည့်ဘက်များဖြစ်ကြသည်အား လျော်စွာ မည်မျှကျင်နာကြမည်ကိုကား စာဖြင့် ရေးသား၍ပင် ကုန်ဘွယ်ရာမရှိ၊ သို့သော် ဘတူ မိကွဲ မောင်နှမလည်း ဖြစ်ကြ, အသိအလိမ္မာတွင် အထွတ်အထိပ် ရောက်သော ပါရမီရှင်လည်း ဖြစ်ကြသည့်အတိုင်း မင်းမိဖုရားအဖြစ်ဖြင့် နေကြရသော်လည်း လောကီ လူ့ကိစ္စ လူ့ အာရုံများ၌ စိတ်စက် မညွှတ်ကြဘဲ နန်းဆောင်တခန်းတည်းမှာပင် ဖြူဖြူစင်စင် စံတော်မူကြသတဲ့၊ ထိုကဲ့သို့ စံနေစဉ် နောင်ရေး နောင်တာကို တွေး၍ တနေ့သ၌ "မင်းမိဖုရားနှစ်ပါးတွင် အလျင်နတ်ရွာစံသူက ရောက်ရာဘဝမှ

လာ၍ ပြောကြစတမ်း" ဟု (အချင်းချင်း မခွဲလိုသောကြောင့်) ကတိစကား သစ္စာထားကြလေသည်၊ထိုသို့ကတိထားပြီးနောက် ဘုရင်မင်းမြတ်က ရှေးဥုးစွာ နတ်ရွာစံနှင့်၍ တာဝတိံသာနတ် ပြည်ဝယ် သကြားမင်း ဖြစ်လေသည်။

ထို့နောက် အတော်ကြာမှ သတိရသဖြင့် မိဖုရားအထံသို့ လာ၍ နတ်ပြည်၌ သကြားမင်း ဖြစ်ကြောင်း ကိုယ် နှုတ် စိတ်များကို စောင့်စည်း၍ စွန့်ကြဲ လှူဒါန်းနေပါလျှင် အတူတကွ ဖြစ်ဘို့ရန် ရှိကြောင်းနှင့် တကွ သံဝေဂ တရားစကား များကို ပြောဆို ဆုံးမ၍ နတ်ပြည်သို့ ပြန်ကြွလေသော်, မိဖုရားလည်း ဆုံးမသည့် အတိုင်း လိုက်နာ၍ ကံ ကုန်သည့်အခါ သကြားမင်း၏ အထံ တော်၌ မိဖုရားပင်ဖြစ်လေသည်၊ ဤကား "ကျင့်ကြံမှု" ဟူသော အလယ်၏ ကောင်းခြင်းတည်း။

ကျင့်ပြီးခါလည်း,.... စခန်းသင့်အောင်။ ။ အစွမ်းကုန် ကျင့်ပြီး သည့် အခါလည်း ကိလေသာမီးများ တခါတည်း ချုပ်ငြိမ်း သဖြင့် ထီးနန်း စည်းစိမ်မက သာလွန် ငြိမ်းချမ်းသော နိဗ္ဗာန် နန်းနှင့် စခန်းသင့်အောင် ရွှေဉာဏ်တော်ဖြင့် ချိန်၍ ဟောတော် မူထားရကား ဟောတော်မူသည့်အတိုင်း ကျင့်လျှင် နိဗ္ဗာန်ကို ကေန်ရနိုင်ပေသည်၊ ဤကား "ကျင့်ပြီးခြင်း" ဟူသော အဆုံး၏ ကောင်းခြင်းတည်း။

တို့က်တွန်းချက်။ ။ယခုအခါ၌ အသိအလိမ္မာ နောက်ကျ၍ ဥစ္စာ စည်းစိမ် ဂုဏ်သိရ် ပျက်ပြီးခါမှရင်း, အကုသိုလ် ဒုစရိုက်တွေ တင်းကျပ်အောင် ပြည့်နေမှရင်း, နောင်တရ၍ အထိုက်အလိုက်

လိမ္မာသူတွေ ရှိကြပါပေ၏၊ တကယ်တမ်း ဒုက္ခနှင့် တွေ့ကြုံရသောအခါ ဘယ်လို ဖြေဖျောက်ရမှန်း မသိကြ၍ ကြံမိကြံရာ စိတ်နောက်ကိုယ်ပါ ကြဲလျက် အသက်ဆုံးအောင် စီမံရှာသူတွေကိုလည်း အများပင် ကြားဘူးလေပြီ၊ ထိုသို့အကြံဆိုး ပေါ်လာလျှင် ဆရာကောင်းထံ ချဉ်းကပ်၍ တရားကို နာပါတော့လား, ဘုရားရှင်၏ တရားတော်သည် သေချာစွာ သဘောကျလျှင် ယခုဘဝ တွေ့ကြုံကြရိုး ဒုက္ခမီးမျိုး ကိုလည်း ငြိမ်းစေနိုင်, သံသရာ၌တွေ့ရမည့် ဒုက္ခမီးကိုလည်း မုချ ငြိမ်းစေနိုင်ပါသည်။

ထို တရားတွေကို နားလည်ဘို့ရာလည်း ရဟန်းတော်များ စာသင်သလို ၁၀ နှစ်- အနှစ် ၂၀ မျှ လေ့လာနေကြရမည် မဟုတ်ပါ၊ တရားလမ်းကြောင်းသက်သက်ကို ဟောပြောပြသော ပညာရှိသူတော်ကောင်း, ယုံကြည် စိတ်ချရသော ဆရာသမား, တတ်သိနားလည်သော မိခင်ဘခင် အိမ်ရှင်အိမ်သူ၏ စကားကို လိုက်နာမှု,တရားလမ်းမှန်ရေးထားသော ပညာရှိတို့၏စာများကို စိတ်ပါလက်ပါ ကြည့်ရှုမှုဖြင့် သူတော်ကောင်း ပညာရှိကလေးများ ဖြစ်နိုင်ပါသည်၊ ထို့ကြောင့် "မိုးသီးကုန်မှ ထွန်ချခြင်း , မျက်စိကာဏ်းမှ ယက်ကန်းသင်ခြင်း, နေဝင်မှ စပါးလှန်းခြင်း, သူခိုးပြေးမှ ထိုးကွင်းထ၍, လူမိုက်နောက်မှ အကြံရခြင်းမျိုး" မဖြစ်စေဘဲ ဗုဒ္ဓဘာသာတရား၌ သိထိုက်သော လိုရင်းအချက်များကို လက်မလွှတ်ခင် စောစောက ကြိုတင်၍ သိရှိ နားလည်အောင် ကြိုးစားကြဘို့ရန် အထူး တိုက်တွန်းပါသည်။

သန္ဒိဋ္ဌိက ဂုဏ်တော်ဖွင့်

(ကျက်မှတ်ရန်)

ဓမ္မော— မဂ်ဖိုလ်နိဗ္ဗာန်, ကိုးတန်သော တရားတော်မြတ်သည်၊ သန္ဒိဋ္ဌိကော - ဟောပြသလောက်, ကျင့်တိုင်းပေါက်၍, မဂ်ရောက်ဖိုလ်ထိ, ပညာရှိသည့်, များ အရိယာ, သူတော်စွာတို့, သူတကာပြော, ယုံကြည်သောကြောင့်, သဘောချင်းထပ်, မဆည်းကပ်ဘဲ, တပ်အပ်ထင်ထင်, ကိုယ်တိုင်လည်း သိမြင်ထိုက်ပါပေ၏။

× × × × ×

ကြည့်ရှုရန် အဓိပ္ပါယ်

သန္ဒိဋ္ဌိက ဂုဏ်တော်သည် "ကိုယ်တိုင် သိမြင်တော်မူထိုက်၏"ဟူသော အနက်ကို ပြ၏။ [သံ= ကိုယ်တိုင်+ ဒိဋ္ဌ= သိမြင်ခြင်း+ ဣက=ထိုက်သည်။]

ဘုရားရှင် ဟောတော်မူအပ်သော တရားတော်သည် ဟောတော်မူထားသည့် အတိုင်းသာ ကျင့်ကြံ အားထုတ်ကြလျှင် မဂ်ဖိုလ် အထိပေါက်ရောက်နိုင်ပေ၏၊ မဂ်ဖိုလ်ရလျှင် နိဗ္ဗာန်ကို ကိုယ်တိုင်သိနိုင်၏၊ ထို့ကြောင့် များစွာသော အရိယာအပေါင်း သူတော်ကောင်းတို့သည် သူတကာ အပြောကောင်း၍ ယုံကြည်ကျေနပ် သဘောချင်းထပ်မိ၍ ဆည်းကပ် ကျင့်ကြံရသည် မဟုတ်ဘဲ , မဂ် ဖိုလ် နိဗ္ဗာန် ဟူသော လောကုတ္တရာတရားကိုးပါးကို တပ်အပ်ထင်ထင် ကိုယ်တိုင် သိမြင်နိုင်ကြပေသည်။

အမှာ။ ။ဓမ္မက္ခန္ဓာ တရားတော်များသည် ဘုရားရှင်၏ စကားတော် အစဉ်သာ ဖြစ်၍ ကိုယ်တိုင် သိရ မြင်ရ, ကိုယ့်သန္တာန်၌ ဖြစ်စေရမည့် တရား မဟုတ်သောကြောင့် ဤ သန္ဒိဋ္ဌိကဂုဏ်တော်၌ မပါဝင်ချေ။

တိုက်တွန်းချက်။ ။ဤ ဗုဒ္ဓဘာသာတရားတော်သည် ကိုယ်တိုင် ဒိဋ္ဌ သိမြင်နိုင်လောက်အောင် ထင်ရှားသောဂုဏ်တော်ရှိ၏၊ အခြား တရားများတွင် ဟိန္ဒူတရားဥ်သာ လောကီစျာန် အဘိညာဉ် ရစေ နိုင်သော အစီအစဉ်ရှိ၏၊ လောကီမှ လွတ်မြောက်ကြောင်းဖြစ်သော မဂ်တရားဖိုလ်တရားတို့ကား မရှိချေ၊အခြားသောဘာသာတို့၌ကား စျာန်အဘိညာဉ်ကိုမျှ ရနိုင်သော အစီအစဉ် မရှိချေ၊ သူတို့တရား တော့ကို မည်မျှလောက် ကျင့်နေသော်လည်း ကိုယ်တိုင်ဒိဋ္ဌ သိမြင် ရမည် မဟုတ်ချေ၊ တရားဟောဆရာတို့၏ အဟောဖြင့်သာ ကျေနပ် နေကြရပေမည်။

တရားတော်ကို ထားလိုက်ပါဦး၊ ထိုတရားကို ဟောပြ ပညတ် ခဲ့သော ဘုရားလုပ်သူကိုပင် အချို့ ဘာသာတို့၌ အထင် အရှား ပြနိုင်သော အစွမ်း မရှိကြ၊ ကောင်းကင်ဘုံမှာ နေသလိုလို ဟိုမှာ လိုလို သည်မှာလိုလိုနှင့် ရီးတီးရားတားဖြင့်သာ ကျေနပ်ကြရသည်၊ ထိုသူတို့ ဘုရား၌ "ဘုရားဖြစ်ဘို့ရာ မည်သည့် ကောင်းမှု ပါရမီကို ဆည်းပူး ဖြည့်ကျင့်လျက် မည်သည့် အမျိုးမြတ် အဆွေမြတ်တွင် ဖွားပြီးလျှင် မည်ကဲ့သို့ တရားအားထုတ်၍ မည်သည့်အရပ်၌ ဘုရား ဖြစ်ပြီးနောက် မည်မျှလောက် ကြာအောင် တရားဟော၍ မည်မျှ သတ္တဝါတွေကို အကျွတ်တရား ရစေသည်" ဟု ကျကျနန ပြစရာ မရှိပါချေ။

ဗုဒ္ဓဘာသာဝင်တို့၏ ရှင်တော်မြတ်အတွက်ကား ထိုအားလုံးကို စေ့စေ့ငင ပြသနိုင်သည်၊ လွန်ခဲ့သော နှစ်ပေါင်း နှစ်ထောင့်လေးရာ ခုနစ်ဆယ်ကျော် လောက်က အိန္ဒိယပြည်ဝယ် ငါတို့၏ ဘုရားရှင် ပွင့်ထွန်းတော် မူခဲ့ကြောင်းကို ဘုရားရှင်၏ သီတင်း သုံးတော်မူရာ

အရပ်နှင့် အဆောက်အဦး အစအနများ ယခုတိုင် ထင်ရှားရှိသေး သဖြင့် မည်သူမျှ ငြင်းဆန်ဘွယ် မရှိပြီ၊ သို့ဖြစ်၍ ဗုဒ္ဓဘာသာ ဘုရား သည် "လေဖမ်း ဒန်းစီး— ကောင်းကင်မှာ တိုက်ကြီးတည်သလို" ရီးတီးရားတား ဟိုလိုလို သည်လိုလိုနှင့် လှည့်ပတ်၍ ထားအပ်သော ကလီကမာ ဘုရား မဟုတ်ပါ၊ တကယ်ပင် ထင်ရှားရှိခဲ့သော ဘုရား ဖြစ်ပါသည်။

ထို ဘုရားရှင်၏ တရားတော်များလည်း ယခုတိုင် ထင်ရှားရှိကြ သေး၏၊ ထို တရားတော်လာသည့်အတိုင်း ကျင့်ပါလျှင် ကိုယ်တိုင် ဒိဋ္ဌ သိမြင်နိုင်၏၊ ကိုယ့်သန္တာန်မှာ မဂ်တရား ဖိုလ်တရား ဖြစ်ပေါ် နေသည်ကို ကိုယ်တိုင်သိနိုင်၏၊ ထို မဂ်ဖိုလ်ကိုရသောအခါ နိဗ္ဗာန်ကို ကိုယ်တိုင် မြင်နိုင်၏၊ ဤသို့ ကိုယ်တိုင် မြင်နိုင်သောတရား ဖြစ်ရကား အခြား ဘာသာတို့က လောကီဂုဏ်ကိုပြ၍ မည်မျှပင် သွေးဆောင် ကြသော်လည်း ကိုယ်ပိုင်ဉာဏ်ကို အသုံးပြု၍ငင်း, အခြား ပညာရှင် များနှင့် ဆွေးနွေးသောအားဖြင့်ငင်း, ယုံကြည်မှု သဒ္ဓါအစစ်ဖြစ်ကြ ပါစေ။

ဆက်ပါဦးမည်— ဗုဒ္ဓဘာသာ၌ ပဋိစ္စသမုပ္ပါဒ် (ကြောင်း ကျိုး ဆက်စပ်) တရားတော်မြတ်သည် သတ္တဝါတိုင်း၏ ဖြစ်ပျက်ပုံကို စုံစုံ လင်လင် ပြတော်မူ၏၊ ထို တရားတော်ကိုလည်း အတိဓမ္မာ အခြေခံ မရှိသူသည် ပိုင်ပိုင်နိုင်နိုင် နားမလည်ပါ၊ ထို တရားတော်ကို နား မလည်သမျှ ဤဘဝ နောင်ဘဝ အရေးကို အမှန်ကျအောင် မတွေး နိုင်ပါ၊ ထို့ကြောင့် အတိဓမ္မာကို အခြေရအောင် သင်ပြီးမှ ပညာရှိ များနှင့် ဆွေးနွေးကြလျှင် သာ၍ သဘောကျပါလိမ့်မည်။

အကာလိက ဂုဏ်တော်ဖွင့်

(ကျက်မှတ်ရန်)

ဓမ္မော— သောတာပတ္တိ, စသည် ဆင့်တက်, လေးချက် အပြား, မဂ်တရားသည်၊ အကာလိကော- ငါးရက် ခုနစ်ရက်, စသည်တက်၍, ငံ့လျက်ရှည်ဝေး, အကျိုးပေးရာ, အခါမင့်, အခြားမဲ့ ဖိုလ်, အကျိုးကိုလည်း, ပေးတော်မူတတ်ပါပေ၏။

× × × × ×

ကြည့်ရှုရန် အဓိပ္ပါယ်

အကာလိက ဂုဏ်တော်သည် "အကျိုးပေးဘို့ အချိန်ဆွဲ၍ ဖင့်နွဲခြင်းမရှိ" ဟူသော အနက်ကို ပြ၏။ [အ + ကာလ + ဣက၊ အ = မ + ကာလ= အချိန်+ဣက=ရှိ။]

ဤ "အကာလိက" ဂုဏ်တော်ကား မဂ် ၄ ပါးနှင့်သာ ဆိုင်၏၊ မဂ်တရား ဟူသည် ကုသိုလ်ကံတရားတည်း၊ ဖိုလ်တရားကား ထိုမဂ်ကုသိုလ်၏ အကျိုးတရားတည်း၊ ပုဂ္ဂိုလ်တဥုးသန္တာန်၌ မဂ်ရအောင်ကမ္မဋ္ဌာန်းအားထုတ်၍ မဂ်ကုသိုလ်စိတ် ဖြစ်လျှင် ချက်ခြင်း ဖိုလ်စိတ်တည်းဟူသော အကျိုးလည်း တဆက်ထည်း ပေါ်လာ၏၊ "လောကီကုသိုလ်ကံများကဲ့သို့ ၅ ရက် ၇ ရက် ၁ ဘဝ ၂ ဘဝ စသည်ဖြင့် အချိန်ဆွဲ၍ ဖင့်နွဲခြင်းမရှိ၊ ချက်ခြင်း အကျိုးပေးနိုင်သော ဂုဏ်ထူးရှိသည်" ဟူလို၊ ဤ "အကာလိက" ဂုဏ်တော်ကား အဘိဓမ္မာ သဘောတရားကို လေ့လာဘူးသူတို့သာ ကျကျနန သဘောကျနိုင်စရာ ရှိပါသည်။

ဟေပဿိက ဂုဏ်တော်ဖွင့်

(ကျက်မှတ်ရန်)

ဓမ္မော — မဂ်ဖိုလ် နိဗ္ဗာန်, ကိုးတန်သော တရားတော်မြတ်သည်၊ ဟေပဿိကော— ဝေဟာတက်ထွန်း, ယုဂန်စွန်း၌, လဝန်းအလား, ပဒမြား သဖွယ်, စင်ကြယ်ထင်ရှား, ရှိသည်များကြောင့်, အားရရှင်လန်း, လိုက်ခဲ့စမ်းပါ, ရှုစမ်းပါဟု, သံသာချိုမြ, ဖိတ်ခေါ်ပြဘို့, မုချကေန်, အမှန်သင့်လျော်, ထိုက်တန်တော်မူပါပေ၏။

× × × × ×

ကြည့်ရှုရန် အဓိပ္ပါယ်

ဟေပဿိက ဂုဏ်တော်သည် "လိုက်ခဲ့စမ်းပါ, ကြည့်ရှုလှည့်စမ်းပါ" ဟု ဖိတ်ခေါ်ထိုက်၏ဟူသော အနက်ကို ပြသည်။ [ဟေ + ပဿ+ ဣက၊ ဟေ= လိုက်ခဲ့ပါ+ ပဿ = ရှုလှည့်စမ်းပါ+ ဣက = ဤသို့ ဖိတ်ခေါ်ထိုက်။]

လောက၌ သေတ္တာ စသည်တို့၏ အတွင်းဝယ် ဘာမျှ မရှိလျှင် "လာစမ်းပါ ကြည့်စမ်းပါ" ဟု ခေါ်ယူ ပြသခြင်းငှါ မထိုက်၊ ရှိပင်ရှိသော်လည်း ထို ဝတ္ထုက ကြည့်ရှုဘွယ် ကောင်းလောက်အောင် အဖိုးထိုက် အဖိုးတန် လှပသော အရာဝတ္ထုမျိုး မဟုတ်ဘဲ သာမန်ဝတ္ထုမျိုး ဖြစ်နေပြန်လျှင်လည်း အရေးတကြီး ခေါ်ငင်ပြသခြင်းငှါ မထိုက်၊ ဘုရားရှင်၏ တရားတော်ကား ဝေဟာသ (ကောင်းကင်) ဗဟိုဝယ် ယုဂန္ဓိုရ်တောင်စွန်းမှ တက်ထွန်းလာသော လပြည့်ဝန်းကြီးအလား ပဒမြားရတနာ သဖွယ် အလွန် စင်ကြယ် သန့်ရှင်း၍ အပြစ်ကင်းသည့်အပြင် အမှန်ပင် ထင်ရှားရှိသောကြောင့် "လိုက်ခဲ့

စမ်းပါ, မည်မျှ အဖိုးတန်၍ အကျိုးများတဲ့တရားဟု ကိုယ်တိုင် သိရ အောင် ကျင့်ကြည့်စမ်းပါ" ဟု ခေါ်ငင်၍ ပြသ တိုက်တွန်းခြင်းငှါ ထိုက်တန်သောဂုဏ်တော် ရှိပါသည်။

တိုက်တွန်းချက် ။ ။ ဤ ဂုဏ်တော်၌ လောကုတ္တရာတရား ကိုးပါးသာ ကျမ်းဂန်တို့၌လာ၏၊ သို့သော် ဤ ဂုဏ်တော်ကို အတု လိုက်၍ စာပေ ပရိယတ် တရားတော်မြတ်ကိုငင်း, ကောင်းမွန်စွာ ကျင့်ကြံနေသော သံဃာတော်များကိုငင်း, "လိုက်ခဲ့စမ်းပါ–နာ ကြည့်စမ်းပါ, ဖူးမျှော်လှည့်စမ်းပါ" ဟု မိတ်ကောင်း ဆွေကောင်း များကို တိုက်တွန်းသင့်ပေသည်။

အလောင်းတော် ဇောတိပါလနှင့် ဃဋ္ဋီကာရ

"သိဒ္ဓတ်မင်းသား ဘုရားအလောင်း တောထွက်တော် မူလာ သောအခါ ဃဋ္ဋီကာရ ပြဟ္မာကြီးက သင်္ကန်း ကပ်လှူလာသည်" ဟု ပြောစမှတ် ပြုကြသော ဃဋ္ဋီကာရပြဟ္မာ အလောင်းသည် ကဿပ ဘုရား လက်ထက်တော်တုန်းက မျက်မမြင် မိဘတို့ကို ပြုစုနေသော ဃဋ္ဋီကာရ အိုးထိန်းသည် ဖြစ်၏၊ ဘုရားရှင်ကို အလှန် ကြည်ညိုသော သီတင်းသည် သူတော်ကောင်းကြီးပေတည်း။

ငါတို့ ဘုရားအလောင်းကား အမျိုးအားဖြင့် အထက်တန်းကျ၍ အလွန် မာနကြီးသော ဇောတိပါလလုလင် ဖြစ်လျက်, ထိုစဉ်က ဗုဒ္ဓ ဘာသာ မဟုတ်သေးဘဲ ဃဋ္ဋီကာရ၏ အသဲစဲ့ မိတ်ဆွေတယောက် ထည်း၊ ဃဋ္ဋီကာရသည် ဘုရားရှင်ကို ဖူးမျှော်ဘို့ရန် ဇောတိပါလကို

အတန်တန် တိုက်တွန်း၏၊ သို့သော် အမျိုးဂုဏ် မာန်တက်၍ ဘုရား ကိုပင် အဖက် မထင်သေးခဲ့၊။

ဃဋ္ဋီကာရကလည်း "ဘုရားအထံ မရောက်လျင် မနေ" ဟု အမြဲ ကြံစည်ကာ မြစ်ဆိပ်သို့ ရေချိုးဘို့ရန် ခေါ်သွားပြီးလျှင် "မိတ်ဆွေ.... ကဿပဘုရားရှင်သည် အနီးမှာပင် သီတင်းသုံးတော် မူနေ၏၊ ထို ဘုရားရှင်ကို ဖူးမြင်ရခြင်းသည် ကျွန်ုပ်စိတ်၌ အမြတ်ဆုံးဟု ထင်၏၊ လိုက်ခဲ့ပါ ဖူးချေကြစို့" ဟု သုံးကြိမ်တိုင်အောင် ခေါ်သော်လည်း ရှေးနည်းအတူ ပယ်ရှားရှေနေသဖြင့် နောက်ဆုံး၌ "မလိုက်လျင် မနေ ရ" ဟု ဆိပင်ကို အတင်းဆွဲ၍ ခေါ်လေသော်....

"ဩော် ဃဋ္ဋီကာရသည် အမျိုးအားဖြင့် ငါ၏ အောက်ကျသူ ဖြစ်ပါလျက် ဆိပင်ကို ဆွဲနှိုင်သည်မှာ အံ့ဩစရာကြီး ဖြစ်ပေသည်၊ ကောန် အကျိုးရှိ၍သာ မရမက ခေါ်ရှာပေသည်" ဟု သဘောကျ၍ ဘုရားအဲထံတော်သို့ လိုက်သွားပြီးလျှင် တရားတော်ကို နာရသော အခါ လွန်စွာအားရ နှစ်သက်လှသဖြင့် သာသနာ့ဘောင်သို့ ဝင်လေ သည်၊ ဤသို့ ဝမ်းမြောက်လောက်အောင် "ဟေပိယသိက" ဂုဏ်တော် နှင့် အထိုက်အလိုက် ပြည့်စုံပါလျှင် ယခုကာလ တရားဟောရာအရပ် နှင့် သံဃာတော်များ အထံသို့လည်း ခေါ်ငင် ပြသထိုက်ပေသည်။ [မဇ္ဈိမပဏ္ဏာသ, ရာဇဝဂ်, ဃဋ္ဋီကာရသုတ်။]

သို့သော် စဉ်းစားရန်တချက်မှာ– ယခုကာလ၌ ဘာသာအမျိုး မျိုးက မိမိတို့ဘာသာကိုသာ မှန်ကန်ကြောင်း, အခြား ဘာသာ များယွင်းကြောင်းကို ဟောပြောကြ၏၊ ဗုဒ္ဓဘာသာတရားတွင်လည်း "သူတို့ဂိုဏ်းက ကောင်းသည်, ငါတို့ဂိုဏ်းက ကောင်းသည်, သူ့

ကိုယ်တော်က ကြည်ညိုဘွယ်ကောင်း၏, ငါ့ကိုယ်တော်က ကြည်ညိုဘွယ်ကောင်း၏, ငါ့ကိုယ်တော်က စာတတ်၏, တရားဟောကောင်း၏, ကမ္မဋ္ဌာန်းပေး ကောင်း၏, "ဓာတ်ရိုက် ယတြာဆင် ကောင်း၏" စသည်ဖြင့် "(ဟေ) လိုက်ခဲ့စမ်းပါ, (ပဿ) ဖူးမျော်လှည့်စမ်းပါ" ဟု သွေးဆောင် ခေါ်ငင်ကာ ကိုယ့်ငါးချဉ်ကိုသာ ကိုယ်ချဉ်လျက် ရှိကြလေသည်။

ဤမျှလောက် ရွှပ်ထွေးသော လောကကြီးဝယ် ကိုယ်ပိုင်ဉာဏ်ကို အသုံးပြုနိုင်သူကလည်း နည်းပါးလှ၏၊ သာသနာတော် ဆိုင်ရာဝယ် များစွာသော ကိစ္စတို့၌ မာတုဂါမတွေသာ ခေါင်းဆောင်ဖြစ်နေကြ၏၊ မာတုဂါမဟူသည် မိမိက သူတပါးတို့ကို လှည့်ပတ်ရမည့်အရာ၌ လွန်စွာ ဉာဏ်များသလော်က်, သူတပါးက မိမိကို ဖြားယောင်းသည်ကိုလည်း ယုံကြည်လွယ်ရုံ မက, မပြောပလောက်သော ဂုဏ်ကလေးကိုပင် တကယ့် ဂုဏ်ကြီးဟု ထင်တတ်ကြလေသည်။

ထို့ကြောင့် မာတုဂါမတွေ ခေါင်းဆောင်၍နေသော သာသနာ့ကိစ္စ အဝဝတို့၌ မကျန မသန့်ရှင်းဘဲ ချွတ်ယွင်းသော အချက်တွေ အလွန်များနေတော့၏၊ အမှန်ကိုဟောပြလိုသူတို့မှာလည်း မိုးသီးခါးရေသောက် ကာလကြီးမို့ မတတ်နိုင်ဘဲ လက်မှိုင်ချရလေပြီ၊ သို့ဖြစ်၍ ယုံကြည်စိတ်ချရသော ပုဂ္ဂိုလ်များကို ဆည်းကပ်မိဘို့ရန်မှာ ရှေးကံကောင်းလှမှ ဖြစ်ရတော့မလောက် ရှိတော့သည်။

အချုပ်မျှ သတိပေးရလျှင်, ပုဂ္ဂိုလ်တပါးပါးကို ကိုးကွယ်မိက အသိ အလိမ္မာ ဉာဏ်ပညာနှင့် သူတော်ကောင်းစိတ်များ တိုးပွားမတိုးပွား စဉ်းစားကြပါလေ၊ တိုးပွားလျှင် ကိုးကွယ်သူမှာ အမြတ်

(အဋ္ဌမုအကြိမ်)

ရ၏၊ ကုသိုလ်မတိုးပွားဘဲ မိမိတို့နှင့် ဆန့်ကျင်ဘက် ပုဂ္ဂိုလ်များကို ပြိုင်ရဆိုင်ရ တိုက်ခိုက်ရသဖြင့် မတရားမှု ဒုစရိုက်တွေသာ တိုးပွား၍ အကုသိုလ် များနေပါလျှင် အရင်းပင် ဆုံးရှုံးသေး၏၊ တချို့ကား မြို့ပိုင်ရင်း ဆိုင်ရင်း ရန်ခိုက်ဒေါသ ဖြစ်ကြ၍ ရုံးသို့ ရောက်ရသော ကြောင့် ငွေကုန် လူပန်း စိတ်မချမ်းသာစရာတွေလည်း ဖြစ်ကြရဖြာသေး၏၊ ထို့ကြောင့် "ကိုးကွယ်ရာမှ ဘေးမဖြစ်အောင်" ကြိုးစား၍ သတိ ဆောင်ကြပါလေ။

ဘုရားချင်းပေါက် ။ ။ အဝမ်မြို့၌ ရှေးအခါက ရဟန်းတော် နှစ်ပါး ဒက္ခိဏာသာခါ ရုပ်တုတော်ကို ကိုးကွယ်ကြပြီးလျှင်, ရုပ်တုတော်ချင်း အသပွါယ်ပြိုင်စဉ် မခံချင်သဖြင့် "သတ္တိရှိလျှင် ဘုရားချင်း ပေါက်ကြစို့" ဟု ပြောဆိုကာ ရုပ်တုတော်ချင်း တယောက်တလှည့် ပေါက်ကြဘူး သတဲ့၊ ယခုကာလလည်း ဒကာကို ဆရာက မြှောက်, ဆရာကို ဒကာက မြှောက်၍ ဒကာချင်းပေါက် ဆရာချင်းပေါက် လျက် ကမောက်ကမ ဖြစ်နေကြသည်မှာ ဘာသာခြားတွေကို ရှက်ဘွယ်ကောင်းလှပေသည်။

ထို့ကြောင့် မိမိတို့ရပ်ရွာ မြို့နယ်၌ သံဃာချင်း ရပ်ရွာသားချင်း ဆန့်ကျင်ဘက် မဖြစ်ရအောင် စောင့်ရှောက်နိုင်လျှင် အကောင်းဆုံး ဖြစ်၏၊ မိမိမှာ ထိုကဲ့သို့ စောင့်ရှောက်နိုင် လောက်အောင် ဩဇာ မရှိလျှင် မည်သည့်ဘက်ကိုမျှ အရေးတကြီး အားမပေးဘဲ "ကိုယ့်ဝန် ကိုယ်ထမ်း၍ ကိုယ့်လမ်း ကိုယ်သွားရမည်" ကို နှလုံး သွင်းကာ အေးအေး နေနိုင်ခြင်းသာ အပြစ်ကင်းပေမည်၊ မနေသာ၍ ပါဝင်ရလျှင်လည်း အကောင်းဆုံးစိတ် ထားနိုင်အောင် သတိပြုပါလေ။

(အဋ္ဌမအကြိမ်)

ဩပနေယျိက ဂုဏ်တော်ဖွင့်

(ကျက်မှတ်ရန်)

ဓမ္မော – မဂ်ဖိုလ်နိဗ္ဗာန်, ကိုးတန်သော တရားတော်မြတ်သည်၊ ဩပနေယျိကော– မိမိစိတ်တွင်, တကြိမ်ထင်က, လေးခွင်အပါယ်, ဝဋ်မီးကွယ်သဖြင့်, ကိုယ်ဝယ်ဝတ်နှောင်, ဆံဥသျှောင်ကို,မီးလောင် သော်ငြား, မငြိမ်းအားဘဲ , တရား မျက်ရှင်, စိတ်စဲ့ ထင်အောင်, ကျင့်ဆောင်ခြင်းဌာ, ထိုက်တော်မူပါပေ၏။

× × × × ×

ကြည့်ရှုရန် အဓိပ္ပါယ်

ဩပနေယျိက ဂုဏ်တော်သည် "မိမိစိတ်သို့ ကပ်၍ ဆောင်ယူ ထိုက်၏" ဟူသော အနက်ကို ပြသည်။ [ဥပ+ နေယျ+ ဏ္ဏက၊ ဥပ= မိမိစိတ်သို့ ကပ်၍+နေယျ= ဆောင်ယူခြင်း+ ဏ္ဏက= ထိုက်သည်။]

မဂ်ဖိုလ် နိဗ္ဗာန် တရားတော်များသည် ပုထုဇဉ်တို့ သန္တာန်၌ တခါတရံမျှ မဖြစ်ခဲ့ဘူးပေ၊ မိမိ၏စိတ်တွင် တကြိမ်တခါမျှ အထင် အရှား ပေါ်လာလျှင်["သောတာပန်ဖြစ်လျှင်" ဟု ဆိုလိုသည်။] အပါယ် ၄ ပါး၌ ခံစားရမည့် ဝဋ်ဒုက္ခ အပူမီးတို့ကို တခါတည်း ငြိမ်းစေနိုင်သောသတ္တိ (မည်သည့်အခါမျှ အပါယ်သို့ မကျအောင် စောင့်ရှောက်နိုင်သော သတ္တိ) ရှိသောကြောင့် မဂ်ဖိုလ် ရအောင် ကမ္မဋ္ဌာန်းကို အားထုတ်နေတုန်းဝယ် ကိုယ်၌ ဝတ်ဆင်ထားသော အဝတ်ကို, သို့မဟုတ် ဥသျှောင် (ဆံထုံး)ကို မီးလောင်စေကာမူ ထိုမီးကို မငြိမ်းအားဘဲ ကမ္မဋ္ဌာန်းကိုသာ အတွင်းကြိုးစား၍ ပဒမြားမျက်ရှင်နှင့် အလားတူသော ထို မဂ်ဖိုလ်တရားတော်များ စိတ်ထဲ၌

စွဲလာအောင် ထင်မြင်လာအောင် (မဂ်ဖိုလ်ရအောင်) အားထုတ် ထိုက်ပါသည်၊ အပြင်မီးကို မငြိမ်းနိုင်သော်လည်း တခါသာ လောင် နိုင်မည်၊အတွင်း ကိလေသာမီးတွေကား မဂ်ဖိုလ်မရသေးလျှင် ဘဝ များစွာ လောင်နေကြမည်–ဟူလို။

တိဿမထေရ် ဝတ္ထု

သာဝတ္ထိပြည်၌ တိဿ မည်သော သူကြွယ် တယောက်သည် ရဟန်းဘောင်သို့ ဝင်ပြီးလျှင် တောကျောင်း၌ တရား အားထုတ် နေ၏၊ ခယ်မဖြစ်သူ (ညီမယား)က ခဲအို ရဟန်းတော် လူထွက် လာလျှင် အမွေ ခွဲပေးရမည် စိုးသောကြောင့် လူဆိုးများကို လာတ် ပေးလျက် ဖျောက်ဖျက် ခိုင်းလေသည်၊ လူဆိုးများက သွား၍ သတ်မည့်အကြောင်းကိုပြောကြရာ "သည်တည်ခိုမျှ ခွင့်ပေးကြပါ, အာမခံ ပေးပါမည်" ဟု ပြောလေသည်၊ "ကိုယ်တော်ကို အာမခံ မည့်သူ အဘယ်မှာ ရနိုင်မှာလဲ" ဟု ပြောကြလေသော် ကျောက်ခဲ ကြီးကိုယူကာ ခြေနှစ်ဖက်ကို ကိုယ်တိုင်ပေါက်ချိုး၍ ထွက်မပြေးနိုင် ကြောင်းကို အာမခံ ပေးလေသည်၊ ထို့နောက် သေလုမြောပါး နာကျင်သောခြေကို ဂရုမစိုက်အားဘဲ တရားကို အားထုတ်လေရာ အရှင်္ဂတက်ချိန်မှာ ရဟန္တာဖြစ်ပါသည်။ [ဒီဃနိကာယ်, မဟာဝဂ္ဂ, မဟာသတိပဋ္ဌာနသုတ် အဋ္ဌကထာ။]

တိုက်တွန်းချက်။ ။ဤ ဝတ္ထုဥ်၌ လာသည့်အတိုင်း အရေး ကြီးသော အချက်ဝယ် အသက်ကိုပင် ပမာဏ မထားဘဲ ကြိုးကြိုး စားစား အားထုတ်ထိုက်အောင် " တရားတော်မှာ ကောင်းသော ဂုဏ်တော် ရှိပေသည် " ဟု တရားတော်၏ ဤ ဩပနေယျိကဂုဏ်

တော်ကို အာရုံပြုကြပြီးလျှင် မိမိသန္တာန်၌လည်း "ဤ မင်္ဂိုလ်တရားများကို တဖြည်းဖြည်း ဖြစ်ပေါ်လာအောင် အားထုတ်ထိုက်သည်, အားထုတ်မှသာ အမှန် ချမ်းသာခွင့် ရတော့မည်" ဟု နှလုံးပြုကာ ရဟန်း သီလရှင် သူတော်စင်တို့တရားအားထုတ်ဖြစ်အောင် ကြိုးစား သင့်ကြပါသည်။

သူဝတ်ကြောင်များလည်း တသက်တာ တခဏမျှ အပျော်အပါး နှင့် မော်ကြွား သောက်စားဘို့အတွက် စက်ဆုပ်ဘွယ်ရာ မတရား သော နည်းတို့ဖြင့် ပစ္စည်း ရှာဖွေမှုများကို အရေးတကြီး သတိ ထားလျက် ပယ်ရှား ရှောင်ကြဉ်၍ , တရားတော် နည်းလမ်းအရ စည်းကမ်းကျအောင် ရှာဖွေ စုဆောင်းပြီးလျှင် ဆင်ခြင်တိုင်းထွာ၍ သုံးစွဲကာ မကြာ မကြာ အိမ်မှထွက်၍ ဥပုသ်ရက်ရှည် စောင့်ရင်း တရား အားထုတ်သင့်ကြပါသည်။

ထို့ပြင်– မိမိတို့ ယခုဘဝ၌ အစွမ်းကုန် ရှာဖွေ၍ရသော ဥစ္စာစုကား ယခုဘဝ၌သာ အကျိုးပေး၏။ ပါရမီစီးပွားမှာ နောင်သံသရာ တလျှောက်လုံး ကောင်းကျိုးပေးလိမ့်မည်၊ ထို့ကြောင့် "မိမိတို့မှာ ပင်ပန်းကြီးစွာ အားထုတ်ကြရာ၌ ယခုဘဝအတွက် စီးပွားစုမှုက များသလား, တသံသရာလုံးအတွက် ပါရမီကုသိုလ် စီးပွားစုမှုက များသလား" ဟု ကြပ်ကြပ်စဉ်းစားပြီးလျှင် "ကမ္မဿကာ- ကံသာ ကိုယ်ပိုင်ဥစ္စာ" ဟု သဘောပေါက်၍ သံသရာစီးပွားကဲ့သို့ ယခု တဘဝ စီးပွားထက် များအောင် ကြိုးစား၍ ပါရမီ ဖြည့်သင့်ကြပါသည်။ [အဟံ–ငါသည်၊ ကမ္မဿကောဝါ- ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိသည်၊ အမှို–ဖြစ်ပါတကား။]

(အဋ္ဌမအကြိမ်)

ပစ္စတ္တံ ဝေဒိတဗ္ဗဂုဏ်တော်ဖွင့်

(ကျက်မှတ်ရန်)

ဓမ္မော – မင်္ဂိုလ် နိဗ္ဗာန်, ကိုးတန်သော တရားတော်မြတ်ကို၊ စိညူဟိ–ပုထုဇန်နှင့်, မတန်သင့်စွာ, လေးသစ္စာကို, ကောင်းစွာ မြင်သိ, ပညာရှိအပေါင်း , အရိယာ သူတော်ကောင်းတို့သည်၊ ပစ္စတ်တံ ဝေဒိတဗ္ဗော- ကိုယ်စီကိုယ်ငှ, လိုတိုင်းရ၍, နိဗ္ဗာနဓာတ်, သမာပတ် ဖြင့်, မပြတ်သိပိုင်, ခံစားနိုင်ပါပေ၏။

× × × × × × ×

ကြည့်ရှုရန် အဓိပ္ပါယ်

ပစ္စတ်တံ ဝေဒိတဗ္ဗ ဂုဏ်တော်သည် " ကိုယ်စီ ကိုယ်ငှ သိအပ် ခံစားအပ်၏ " ဟူသော အနက်ကို ပြ၏။ [ပစ္စတ်တံ + ဝေဒိတဗ္ဗ၊ ပစ္စတ်တံ – ကိုယ်စီ ကိုယ်ငှ+ ဝေဒိတဗ္ဗ– သိနိုင် ခံစားနိုင်သည်။]

ဤ မင်္ဂိုလ် နိဗ္ဗာန် တရားတော်သည် ပုထုဇဉ် ပုဂ္ဂိုလ်များနှင့် မတန်မရာချေ၊ သစ္စာလေးပါး သိမြင်၍ အရိယာအဖြစ်သို့ ရောက်ပြီးသော သူတော်ကောင်းကြီးတို့သာ ကိုယ်စီ ကိုယ်ငှ အလိုရှိတိုင်း ရ၍, နိဗ္ဗာန်ကို အာရုံပြုကာ ဖလသမာပတ် ဝင်စားသောအားဖြင့် ခံစားကြရပေသည်။ [အခြားစိတ်တွေမပါစေဘဲ ဖိုလ်စိတ်ချည်းသာ ဆက်ကာဆက်ကာ ဖြစ်စေမှုကို "ဖလသမာပတ် ဝင်စားသည်" ဟု ခေါ်၏။] အရိယာတို့သည် ဖလသမာပတ်ကို ဝင်စား၍ နိဗ္ဗာန်ကို အာရုံပြုလေ့ရှိကြ၏၊ ထိုအခါ ပုထုဇဉ်များ စည်းစိမ်ခံစားသလောက်မက လွန်စွာ ချမ်းသာတော်မူကြသည်။

(အဋ္ဌမအကြိမ်)

တရားရှိခိုး ဂါထာဖွင့်

(ကျက်မှတ်ရန်)

ဣစ္ဆေဝံ ဆဟိ ဂုဏေဟိ, ပါကဋံ ဇိနပူဇိတံ၊
သမ္ဗတ္တိဒါယကံ ဓမ္မံ, ဝန္ဒာမိ တိဟိ သာဒရံ။

ဣစ္ဆေဝံ ဆဟိ ဂုဏေဟိ — ဤ သုဘကွာတတာ, အစလာသည့်, ခြောက်ဖြာသော ဂုဏ်တော်တို့ဖြင့်၊ ပါကဋံ–တိတ္ထိတို့ဘောင်, လွန်မြားမြောင်သည့်, ဟန်ဆောင်တရား, အစားစားထက်, မားမား စွင့်စွင့်, ဂုဏ်ရည်တင့်၍, ကြီးမြင့် ထင်ရှားပေထသော၊ ဇိနပူဇိတံ–ကိုယ်တိုင်သိဖြား, ကိုယ့်တရားလည်း, ငါးပါးမာရ်နှိမ်, မာရဇိန်ပင်, ကြိမ်ကြိမ်လေးမြတ်, မှီဝဲ ပူဇော်တော်မူအပ်ထသော၊ သမ္ဗတ္တိဒါယကံ–ကျင့်ကြံလိုက်နာ, ဝေနေယျအား, လူ့ရွာ နတ်ဌာန်, နိဗ္ဗာန်အထိ, သမ္ဗတ္တိကို, မိမိရရ, ပေးစွမ်းနိုင်ပေထသော၊ ဓမ္မံ – မဂ်ဖိုလ် နိဗ္ဗာန်, ဓမ္မက္ခန်ဟု, ဓာယ်တန်သော တရားတော်မြတ်ကို၊ တိဟိ – လက်အုပ်အခူလီ, နှုတ်သံချီ၍, ရှင်ကြည်မနော, သုံးပါးသော ဒွါရတို့ဖြင့်၊ သာဒရံ-လေးမြတ်ကြည်ညို, ရိုသေခြင်းရှိသည်ဖြစ်၍၊ ဝန္ဒာမိ – စိတ်ဖြင့် ဥူးတန်း, ဂုဏ်တော်မှန်းလျက်, ချိုးမှမ်း ထောမနာ, ပဏာဩတ်ကျိုး, လက်စုံမိုး၍, ရှိခိုး ကန်တော့ပါ၏ဘုရား။

[ဂုဏ်တော် ၆ ပါးကို တရားဂုဏ်တော်ဖွင့်အစ၌ ပြခဲ့ပြီ၊ ဗုဒ္ဓရှင်တော်မှာ ပုံသဏ္ဌာန် ထင်ရှားရှိသကဲ့သို့ တရားတော်မှာ ရုပ်ပုံသဏ္ဌာန် အထင်အရှား မရှိပါ၊ ထို့ကြောင့် "ဂုဏ်တော်ထုံမှမ်း, ပုံတော်မှန်းလျက်" ဟု မဆိုဘဲ "စိတ်ဖြင့်ဥူးတန်း, ဂုဏ်တော်မှန်းလျက်" ဟု ဆိုလိုက်ပါသည်။]

ကြည့်ရှုရန် အဓိပ္ပါယ်

တိတ္ထိတို့ဘောင်,.... ဟန်ဆောင် တရား ။ ။ ဗုဒ္ဓဘာသာမှ တပါးသော အယူရှိသူကို "တိတ္ထိ" ဟု ဆိုလိုပါသည်၊ ထို တိတ္ထိတို့သာသနာဘောင်၌ အလွန်များသော ဟန်ဆောင်တရားတွေ ရှိ၏၊ ပြောပုံ ဟောပုံကိုကြားရလျှင် များစွာ အားထားကိုးကွယ် ယုံကြည်ဘွယ် ကောင်းလှ၏၊ "ကမ္ဘာလောကကြီးနှင့် တကွ သတ္တဝါတွေကို ဗြဟ္မာမင်းကြီးက ဖန်ဆင်းသည်, သုခ ဒုက္ခကိုလည်း ထို ဗြဟ္မာမင်း အလိုအတိုင်း ခံစားကြရသည်" ဟု ယူဆ၍ ထို ဗြဟ္မာမင်းကြီးကား ဘယ်တော့မှ မသေနိုင်ဘဲ ခိုင်မြဲသော "ထာဝရ" ဟု ယူဆကြသည်။ [သီလက္ခန်ပါဠိတော်, ဗြဟ္မဇာလသုတ်။] ဤတရားကို ကြားရသော အခါ ဗြဟ္မာမင်းကြီးကို "အလွန် တန်ခိုးကြီးသော ဗြဟ္မာမင်းကြီး ဖြစ်ပါပေသည်" ဟု ဘုရားကဲ့သို့ အားထားမိကြ ကိုးကွယ်မိကြရှာ ပေလိမ့်မည်။

ဤ ကမ္ဘာလောကကို မဖန်ဆင်းမီ ထို ထာဝရဗြဟ္မာမင်းသည် ဘယ်ဆီမှာ နေသနည်း၊ "ကောင်းကင်ဘုံမှာ နေသည်" ဟု ဆိုလျှင် ထို ကောင်းကင်ကို ဘယ်သူ ဖန်ဆင်းသလဲ၊ ဗြဟ္မာမင်းဖန်ဆင်းလျှင် ကောင်းကင်ဘုံမရှိခင်က ဘယ်မှာနေသလဲ၊ ဤကမ္ဘာလောကကြီးကို ဖန်ဆင်းသည်မှာ ဘယ်မျှကြာပြီနည်း၊ အဘယ့်ကြောင့် အို နာ သေ ရေး ကြီးလေးသောဒုက္ခဘေးတွေကိုဖန်ဆင်းထားပါလိမ့်မည်နည်း၊ မည်သူမျှ မလွတ်နိုင်ပါချေတကား၊ ပဌမ ကမ္ဘာစစ်ကြီး အတွင်းက သတ်ကြ ဖြတ်ကြသူတွေမှာ ထာဝရဗြဟ္မာမင်း၏ တပည့်တွေချည်းသာ များပါတကား၊ ယခုအခါ၌ အလုပ်လက်မဲ့ ဖြစ်၍ အနောက်

နိုင်ငံ၌ ငတ်မြှတ်နေသူတွေကို တပည့်ရင်းများ ဖြစ်ပါလျက် ဘယ်အတွက် ကြည့်နေရက်ပါသနည်း၊ အနန္တ တန်ခိုးတော်ကို ဘယ်လို နေရာမှာ အသုံးချထားပါသနည်း၊ မိမိကို ကိုးကွယ်သော တပည့်များကိုသာ သေသောအခါ ကယ်တင်၍ အခြားဘာသာဝင်ကိုကား မကယ်တင်နိုင်ဘူး, သို့မဟုတ် မကယ်တင်ချင်ဘူးဟု ဆိုပါလျှင် ထိုဗြဟ္မာမင်း၏ကရုဏာ မေတ္တာသည် မျှမျှတတ လုံလုံလောက်လောက် မရှိပါ တကား။

မိဘတို့အစွမ်းကြောင့် အမိဝမ်း၌ အတော်ကြာညောင်းအောင် အောင်းခဲ့ပြီး၍ လက်သည်ဆရာမတို့ ကူညီချက်ဖြင့် ထွက်ခဲ့ရသည်ကို အများအသိ ဖြစ်ပါလျက် ဗြဟ္မာမင်း၏ ပယောဂကို အားကိုးနေရသည်မှာ သဘာဝ မကျပါ၊ ဖန်ဆင်းသောဗြဟ္မာ ဟူသည် ဘယ်လို အရာပါနည်း၊ ဤသို့ စသည်ဖြင့် ကြိတ်ကြိတ်နယ်နယ် သွယ်သွယ်ဝိုက်ဝိုက် ဆင်ခြင်လိုက်သောအခါ အကြိတ်အနယ်ကို မခံနိုင်ရကား ဘာသာခြားတရားသည် မျောက်ကလေးကို ပင်းမင်း ပေးသည်နှင့် တူလှချေ၏။

ဓမျောက် ပင်းမင်းပေးသည့်ပုံ ။ ။ ရှေးက မိန်းမကို အလွန် ကြောက်ရသည့်ပြင် အင်မတန်ချစ်ခင်သောယောကျ်ားကို ကိုယ်ဝန် အရင့်အမာရှိသော အိမ်ရှင်မက "ကလေးမျက်နှာမြင်သော အခါ ကစားဘို့ရာ ဒီမျောက်ကလေးကို ပင်းမင်းဆိုင် အပ်ချေပါ" ဟု ခိုင်းလိုက်သဖြင့် သွား၍ "မျောက်ကလေးကို ပင်းမင်း (ဆေး) ဆိုး ပေးပါ"ဟု ပြောဆို အပ်နှံလေသည်၊ ပင်းမင်းဆရာက "ခင်ဗျား၏ မျောက်ကလေးသည် လှအောင် ဆေးဆိုးခြင်းကိုသာ ခံနိုင်မည်၊

ဖြူအောင် ဖွပ်လျော်ဘို့ရာ အထုအရိုက် မခံနိုင်ပါ" ဟု ပြောသဖြင့် ပြန်ယူသွားရ သတဲ့၊ ထို့အတူ ဘာသာခြားတို့ တရားတော်သည် အပေါ်ယံ နားထောင် ကောင်းသလောက် ကြိတ်ကြိတ် နယ်နယ် စဉ်းစားခြင်းကိုကား မခံနိုင်ပါချေ။

မားမားစွင့်စွင့်, ဂုဏ်ရည် တင့်၍, ကြီးမြင့် ထင်ရှားပေထ သော။ ။ဘုရားရှင်၏ တရားတော်ကား အမျိုးမျိုးသော ထိုတိထ္ထိ ဘုရားတို့ တရားထက် ဂုဏ်အရည်အခြင်းအားဖြင့် မားမားစွင့်စွင့် ကြီးမြင့် ထင်ရှားပေသည်၊ ဗုဒ္ဓဘာသာ တရားတော်သည် ဉာဏ် ပညာ ကြီးမားသူတို့၏ ကြိတ်ကြိတ်နယ်နယ် စဉ်းစားမှုကို ခံနိုင်၏၊ တကယ် ဉာဏ်ကြီးသူမှန်လျှင် "ထမင်းအငတ်ခံ၍ ဥပုသ်စောင့်တာ ဘာအကျိုးရှိသလဲ, အုတ်ပုံကြီးနှင့် အရုပ်တွေကို ကိုးကွယ်နေစာ ဘာကျေးဇူး ရှိသလဲ" ဟု အော်ဂက်တန်း တရားကလေးတွေကို ဗုဒ္ဓ ဘာသာ အသေးစားကလေးများထံ စုံစမ်းမနေဘဲ တကယ့်ပညာရှိ အခေါ်ခံရမယော ဆရာတော်များအထံ ချဉ်းကပ်၍ အရေးကြီးသော အထက်တန်း တရားများကို စုံစမ်းကြပါလော။ [အုတ်ပုံ အတွင်း၌ ဘုရားရှင်၏ အရိုးဓာတ်တော်ရှိ၏၊ အရုပ်မှာ ဘုရားရှင်၏ပုံတော်ကို တတ်နိုင်သမျှ ပြုလုပ်အပ်သော ပုံတော်သာ ဖြစ်ပါသည်၊ ထိုပုံတော် များကို ဘုရားအစစ်နှင့် မတူသော်လည်း မှန်း၍ အာရုံပြုနိုင်အောင် ထုလုပ်ကြပါသည်။]

ငါးပါးမာရ်နှိမ်, မာရဇိန်။ ။မာရ်ငါးပါးကို နှိမ်နင်းတော် မူနိုင်သော, မာရ်ငါးပါးကို အောင်တော်မူသော ဘုရားရှင်။ [မာရ-မာရ်ကို+ဇိန် (ဇိန)—အောင်တော်မူသည်။]

မာရ်ငါးပါးကား

၁။ ဒေဝပုတ္တမာရ် =မာရ်နတ်မင်း။
၂။ ကိလေသမာရ် =တထောင့်ငါးရာ ကိလေသာ။
၃။ ခန္ဓမာရ် =ခန္ဓာကိုယ်။
၄။ မစ္စုမာရ် =သေခြင်း။
၅။ အဘိသင်္ခါရမာရ် =ကုသိုလ် အကုသိုလ်ကံတည်း။

ကြိမ်ကြိမ်လေးမြတ်, မှီဝဲ ပူဇော်တော် မူအပ်ထသော။ ။ ဘုရားရှင်သည် ဘုရား ဖြစ်တော်မူပြီးနောက် "လောကဋ္ဌ ရှိသေကိုင်းညွတ်ဘို့ရာ အကြီးအကဲ မရှိဘဲ နေခြင်းသည် မသင့်လျော်ချေ၊ ငါသည် ဘယ်သူ့ကို ဆည်းကပ်ရပါမည်နည်း" ဟု ဆင်ခြင်စောဉ်မူလေရာ, ဘုရားရှင်၏ ဆည်းကပ် ရှိသေမှု ခံနိုင်မည့်သူကို မြင်တော်မမူ၊ ထိုအခါ "ကိုယ်တော်တိုင် သိမြင်အပ်သော တရားတော်ကိုပင် အကြိမ်ကြိမ်အထပ်ထပ် ဆင်ခြင်သော အားဖြင့် လေးလေးမြတ်မြတ် ပူဇော်ရတော့မည်" ဟု ကြံတော်မူခဲ့ဘူးပါသည်။ [တရားတော်ကို မပြတ်ဆင်ခြင်၍ နေခြင်းကိုပင် "တရားပူဇော်သည်" ဟု ဆိုသည်။]

ကျင့်ကြံ လိုက်နာ.... ပေးစွမ်းနိုင်ပေ၏သော။ ။ တရားတော်သည် ကျင့်ကြံလိုက်နာသော ဝေနေယျအပေါင်းအား လူနတ်တို့၏ စည်းစိမ်ချမ်းသာဟူသော သမ္မတ္တိ, နိဗ္ဗာန်ချမ်းသာ ဟူသော သမ္မတ္တိကို ပေးစွမ်းနိုင်၏၊ တရားတော်ကို သိသော်လည်း မကျင့် မလိုက်နာလျှင် စည်းစိမ်ချမ်းသာကို ပေးဘို့ရန်တာဝန် မရှိချေ၊ "ကိုယ်ကျင့်မှ ကိုယ်ရမည်" ဟူလို။ [ကြွင်းသောအနက်၏ အဓိပ္ပါယ်များကို ဘုရားဂုဏ်စောဉ်အဖွင့်၌ ဖော်ခဲ့ပြီ။]

တရား ပူဇော်နည်း ။ ။ "ဘုရားရှင်နှင့် သံဃာတော်သည် ပုံသဏ္ဌာန် အထင်အရှား ရှိတော်မူသောကြောင့် ပူဇော်၍ ဖြစ်၏၊ တရားတော်ကား ပုံသဏ္ဌာန်မထင်ရှားသောကြောင့် မည်ကဲ့သို့ပူဇော်ရပါအံ့နည်း" ဟု အကြံဖြစ်၍ ပုန်းကားတယောက်သည် ဘုရားအထံ လျှောက်ဘူးလေ၏၊ ဘုရားရှင်ကလည်း "ပုန်းကား....တရားတော်ကို ပူဇော်လိုလျှင် တရားတော်ကို မျှားစွာ သိ၍ ဗဟုဿုတ ရှိသော ရဟန်းတော်ကို ပူဇော်လေ" ဟု မိန့်တော်မူသဖြင့် သံဃာမျှားအထံ ဗဟုဿုတ ရှိသော ရဟန်းတော်ကို မေးလျှောက်လေရာ, အရှင်အာနန္ဒာကိုညွှန်ပြကြသဖြင့် တရားတော်ကိုရည်မှန်း၍ တထောင်တန်သက်န်းဖြင့် လှူဒါန်း ပူဇော်လေသည်။

ထို့ကြောင့် ယခုကာလ၌ ဗုဒ္ဓဘာသာဝင် ဟူသမျှတို့သည် ကိုယ်စီကိုယ်ငှ ရဟန်းတော်များကို ဆည်းကပ် ကိုးကွယ်ကြရာ၌ ဘုရားရှင် ဟောပြတော်မူအပ်သော စာပေ ပရိယတ်ကို သင်ယူခြင်း, တတ်မြောက်၍ ပို့ချခြင်း, ဟောပြခြင်း, ကျမ်း ရေးခြင်းတို့ဖြင့် သာသနာ့တာဝန်ကို အမြဲ ထမ်းဆောင်နေသော ပုဂ္ဂိုလ်များကို ဆည်းကပ် ကိုးကွယ်၍ ဆွမ်း, သင်္ကန်း, ကျောင်း, ဆေးတို့ဖြင့် ထောက်ပံ့ပြုစု ဂရုစိုက်နေသူတို့မှာ "ငါတို့သည် တရားတော်ကိုလည်း အမြဲ ပူဇော်၍ နေရပေသည်၊ ငါတို့သာ မထောက်ပံ့လျှင် ငါတို့အရှင်သည် တတ်သိသော ပညာတော့ကို သူတပါးအား ရေးသား ဝေငှ ပို့ချနိုင်မည် မဟုတ်၊ ငါတို့၏ ကူညီမှုကြောင့်သာ အဆက်ဆက် တိုးပွားအောင် သာသနာ့ဝန်ကို ဆောင်နိုင်ပေသည်၊ ငါတို့အရှင် ရွက်ဆောင်သမျှ တာဝန်တော့ကို ငါတို့ကလည်း ကူညီထမ်းဆောင်ရာ ရောက်သဖြင့် ငါတို့အရှင် ရသမျှ ပညာပါရမီကို ငှါတို့လည်း မုချရတော့မည်" ဟု

ဟုတ်မှန်သည့် အတိုင်း ဉာဏ်ကို ခွဲထွင်၍ ဆင်ခြင် စဉ်းစားလျက် အားတက်သရော ရှိသင့်ကြပေသည်။

ထို့ကြောင့် – သာသနာကို ပြုစုနိုင်သော အင်အားရှိသူ ဒကာ ဒကာမတို့ကလည်း မိမိတို့ ရပ်ရွာ မြို့နယ်၌ စာချုနိုင်မည့် ပုဂ္ဂိုလ်ကို ရွေးချယ်၍ဖြစ်စေ, မြို့ကြီးပြကြီးမှ ယုံကြည် စိတ်ချရ လောက်သော စာချုပုဂ္ဂိုလ်ကို ပင့်၍ ဖြစ်စေ, အသီးအသီး စာသင်တိုက် တည်လျှင် စာသင်သားတွေ မြို့ကြီး ပြကြီးသို့ တက်၍ မသင်ရဘဲ မိဘ ဆရာတို့ အနီးမှာပင် သင်ကြရသဖြင့် ယခုလို အပျက်အစီး မများရကား သာသနာတော်ကြီးသည် အတော် သန့်ရှင်းလျက် တိုးတက်လာပေလိမ့်မည်၊ ထို့ကြောင့် ယခု ပြခဲ့သော တရားပူဇော်နည်းကို သတိထား၍ တရားတော်ကို ပူဇော်တတ်သော သာသနာ့ ဒါယကာ သာသနာ့ဒါယိကာမများ ဖြစ်ကြပါစေသား။

အထူး သတိပေးချက်။ ။ဤ ပြခဲ့ပြီးသော စကားအစဉ်ဖြင့် တရားစစ် တရားမှန်ကို အတော်အတန် ရိပ်မိလောက်ပေပြီ၊ ယခု အခါမြန်မာနိုင်ငံ၌ အများအပြား အသုံးပြုနေကြသော အချို့တရား စာအုပ်နှင့် တချို့သော တရားဟော ပုဂ္ဂိုလ်များ၏ ဟောပြချက် တွေကို "တရားလား မတရားလား" ဟု စဉ်းစားကြဘို့ရန် ထပ်မံ၍ သတိ ပေးလိုသည်မှာ ....

ဘုရားရှင် ပင့်တော်မမူမီ ရှေးက ဟိမဝန္တာမှ မျောချလာသော ပုဇွန်ဆဲလက်မကြီးတခုကို "ဒသာရဟ" မင်းတို့သည် မင်္ဂလာစည်တော် အဖြစ်ဖြင့် အသုံးပြုကြလေသည်၊ ထို စည်တော်ကြီး၏ အသံသည် ၁၂ ယူဇနာတိုင်အောင်ပင် ပျံ့နှံ့ပါသတဲ့၊ ထို့နောက် တရွေ့တရွေ့

ဆွေးမြည့်သဖြင့် စည်တော်ကြီးပေါက်တိုင်း ရွှေပြား ငွေပြားတို့ဖြင့် ဖါထေး လာခဲ့ရာ အတော်ကြာလျှင် ပုဇွန်လက်မ အသားကုန်၍ အဖါတွေချည်း ဖြစ်လေ၏၊ တီးခေါက်သောအခါ ၁၂ ယူဇနာကို မဆိုထားဘိ စည်တော်ကြီး၏ ထက်ဝန်းကျင် အနီးအပါး မှာပင် ကောင်းစွာ မကြားမတော့ချေ။

ထို့အတူ ဘုရားရှင်၏ တရားစစ်တွေကို လက်သစ် ဓမ္မကထိက တို့က အဆန်းတကြယ် ထည့်သွင်း ဖါထေးမှုကြောင့် အစစ်အမှန် အရင်းခံ တရားတော်တွေ ကွယ်ပျောက်ရချေပြီ၊ ထို ကွယ်ပျောက်သည့်အတိုင်း စည်ကြီးမှ အသံကောင်း မထွက်သလို ဓမ္မကထိကတွေ ဖါထေးထားသော တရားအတုမှ မဂ်ဖိုလ်နိဗ္ဗာန် အကျိုးရဘို့ကို မဆိုထားဘိ, အထိုက်အလျောက် လောဘ ဒေါသ နည်းပါး၍ အသိအလိမ္မာ တိုးပွားမှု အကျိုးကိုမျှ မရတော့ဘဲ အသံကျယ်သလောက် အဆန်မပါသော သင်္ကန်အမြောက်လို ဖြစ်ရလေတော့သည်။ [နိဒါန်ဝဂ်, ဩပမ္မသံယုတ်, အာဏာသုတ်။]

အို ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့ ဗုဒ္ဓဘာသာစစ်စစ် ဖြစ်လိုလျှင် အမြန် ပြုပြင်ကြလော၊ ဘုရား တရား သံဃာကိစ္စများနှင့် ဆိုင်ရာ၌ မဟာကုသိုလ် ဇသာမနဿဖြင့် ပျော်ရွှင်ဘို့သာ ရှိသည်၊ တဏှာသဘော လောဘဇော တိုက်တွန်းကာ "အသံက သာယာလိုက်ထာ ဘယ်ဂါထာရွတ်ပုံမှာ ဇာတ်မင်းသားတောင် မသာဘူး, ဘယ်အချက် စကားသုံးပုံလေးဟာ လွန်စွာ ထိတာဘဲ" စသော ချီးမွမ်းစကားသည် ပြောသူ မရှက်သော်လည်း ကြားရသူများမှာ နားရှက်ဘွယ် ကောင်းလှချေ၏။

သံဃာ့ဂုဏ်တော်ဖွင့်

(ကျက်မှတ်ရန် ပါဠိတော်)

သုပ္ပဋိပန္နော ဘဂဝတော သာဝက သံဃော – ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝက သံဃော – ဉာယပ္ပဋိပန္နော ဘဂဝတော သာဝက သံဃော – သာမိစိပ္ပဋိပန္နော ဘဂဝတော သာဝက သံဃော–(ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌ ပုရိသပုဂ္ဂလာ)၊ သေ ဘဂဝတော သာဝကသံဃော အာဟုနေယျော–ပါဟုနေယျော– ဒက္ခိဏေယျော – အဉ္ဇလိကရဏီယော – အနုတ္တရံ ပုညက္ခေတ္တံ လောကဿ။

× × × × ×

ကြည့်ရှုရန် အဓိပ္ပါယ်

သံဃ–ဟူသော ပါဠိစကားကို မြန်မာလို "သံဃာ" ဟု ခေါ်၏၊ အနက်အဓိပ္ပါယ်မှာ "အပေါင်းအစု – အသင်းအဖွဲ့" ဟု ဖြစ်၏၊ ထို့ကြောင့် အယူဝါဒ သိက္ခာအားဖြင့် တူကြသော ရဟန်းတော်တို့၏ အပေါင်းအစု အသင်းအဖွဲ့ကို "သံဃာ" ဟု မှတ်ပါ၊ သံဃာက မြောက်အောင် လှူဒါန်းရာ၌ တသင်းလုံး တဖွဲ့လုံး တသာသနာလုံးကို ရည်မှန်းရသည်။

သံဃာ့ဂုဏ်တော် ၉ ပါး

၁။ သုပ္ပဋိပန္နဂုဏ် ၅။ သာမိစိပ္ပဋိပန္နဂုဏ်
၂။ ဥဇုပ္ပဋိပန္နဂုဏ် ၆။ ပါဟုနေယျဂုဏ်
၃။ ဉာယပ္ပဋိပန္နဂုဏ် ၇။ ဒက္ခိဏေယျဂုဏ်
၄။ သာမီစိပ္ပဋိပန္နဂုဏ် ၈။ အဉ္ဇလိကရဏီယဂုဏ်
၉။ အနုတ္တရပုညက္ခေတ္တဂုဏ်

တရားဟော ပုဂ္ဂိုလ်ကလည်း ထိုကဲ့သို့ ချီးမွမ်းသံကို အရသာခံပြီးလျှင် အသံ သာအောင်လည်း ဂရုစိုက်ရာရ၏၊ လွဲမှားခဏ်း ဆွေးခဏ်းကိုလည်း မပါပါအောင် ထည့်သွင်းရာရ၏၊ ဘုရားဟော မဟုတ် ယုတ္တိလည်း မရှိသော သီဟိုဠ်ကျွန်းဖြစ် ဝတ္ထု များစွာနှင့် ဇင်းမယ် ပဏ္ဏာသတို့၌လာသော ဒဏ္ဍာရီဝတ္ထုတို့ကို များများကြီး အသုံးပြုရရှာ၏။

ဒုတိယကမ္ဘာစစ်ကြီးပြီးသော ယခုခေတ်၌ကား ကမ္ဘာ့ဌာန်းတရားတော့ပင် အတော်ပေါများ၍ လာပြန်၏၊ ထို တရားများဖြင့် တရားပေါက်သည်ဟု ဆိုကြသူများလည်း အတော်များများ ကြားသိရ၏၊ ထိုသို့ ကြားသိရာ၌ အတော် စဉ်းစားဘွယ်ကောင်းသော အချက်တခုကား တရားပေါက်သောအခါ ဘုန်းကြီးတော့ကို မကြည်ညိုနိုင်မလှူဒါန်းနိုင်သော အချက်ပင်တည်း၊ တရားအစစ် ပေါက်ပြီးဖြစ်သော ဝိသာခါသည် မကောင်းဘုန်းကြီးနှင့် တွေ့သောအခါ "ဒီလို မနေပါနှင့်" ဟုပြော၍ ရဟန်းတော်များကိုကား ကြည်ညိုမြဲကြည်ညိုခဲ့ပါပေသည်၊ ထို့ကြောင့် တရားပေါက်ခြင်းနှင့် သံဃာ မကြည်ညိုခြင်းကို စဉ်းစားသင့်ကြသည်။

ယခုအခါ သာသနာတော်ကြီး ဖြစ်နေပုံသည် ရေစုံ လေစုံမှာ ရွက်ကုန်ဆင်ပြီးလျှင် တက်ကုန် နှင်နေသော လှေ၏ သဘောကဲ့သို့ ကောင်းကောင်းကြီး မျောနေတော့၏၊ "ဘုရား သကြားမလို့" ငါတို့ လက်ထက်မှာ ပြုပြင်နိုင်သူများ ပေါ်ထွက်ပါစေသတည်း။

တရားဂုဏ်တော်ဖွင့် ဖြီးဖြီ။

ရှေးခေတ်က အရိယာသံဃာတော်သည် ထောင်သောင်းများစွာ ရှိကြပါသော်လည်း အမျိုးအားဖြင့် ဤ ရှစ်မျိုးတွင် အားလုံးပါဝင်ကြ၏၊ ထို့ကြောင့် "အရိယာ ရှစ်ယောက်" ဟု ပြောစမှတ် ပြုကြသော်လည်း စင်စစ်မှာ ရှစ်ယောက် မဟုတ်, ရှစ်မျိုးသာဖြစ်သည်။

တရားသဖြင့်, ဆုံးမသင့်ရာ ။ ။ ဘုရားရှင်၏ တပည့်အစစ် ဖြစ်မတော်မူကြသော အရိယာသံဃာ အပေါင်းသည် တရားသဖြင့် ဆုံးမရာ သာသနာတော်၌ သင့်လျော်အောင် ထုံးဟောင်းသက်သေ ပြု၍ ဆုံးမအပ်သော အဆုံးအမတော်ကို လုံးဝဥဿုံ အကုန်အစင် လိုက်နာ၍ ကောင်းမွန်စွာ ကျင့်ကြံတော်မူကြပေသည်၊ အနည်းငယ် အပြစ်ကိုပင် အလွန်ကြီးသောအပြစ် ဟု ထင်လျက် ရှောင်ကြဉ်တော် မူကြပေသည်၊ ထိုသို့ အဆုံးအမကို လိုက်နာသော အရိယာပုဂ္ဂိုလ် များလည်း ဘုရားလက်ထက်တော်မှစ၍ များစွာရှိခဲ့ဘူးပါသည်။

အရှင်သာရိပုတ္တရာဝတ္ထု

ယခုကာလ ဘုရားပွဲစသည် ကျင်းပသောအခါ ထိုထိုနေရာတို့၌ အလှူ မဏ္ဍပ်ဆောက်၍ နေ့ရက်များစွာ စာတုဒ္ဒိသာ ကျေးသကဲ့သို့, ရှေးလက်ထက်ကလည်း လူအများ စုပေါင်းလျက် ညှဉ်သည်များ အတွက် စာတုဒ္ဒိသာ ကျေးလေ့ရှိကြသည်၊ ထိုအရပ်၌ အချို့ရဟန်း တော်များ နေ့စဉ်နေ့စဉ် သွား၍ စားသောက်ကြသည့်အတွက် လူ တို့က ကဲ့ရဲ့ သောကြောင့် "ယနေ့ကစ၍ တရက်ထည်းသာ စားရ မည်" ဟု ဘုရားရှင် ပညတ်တော်မူသည်၊ အရှင် သာရိပုတြာသည် ဒေသစာရီလှည့်လည်ရင်း ထို စာတုဒ္ဒိသာရုံ၌ မကျန်းမမာဖြစ်နေ၏၊ ထိုအခါ တရက်စာ ဆွမ်းဘုဉ်းပေးတော်မူပြီးလျှင် နောက်ရက်၌

သုပ္ပဋိပန္နဂုဏ်တော်ဖွင့်

(ကျက်မှတ်ရန်)

(၁) ဘဂဝတော—ရွှေဘုန်းတော်သခင်, ရှင်တော်မြတ်ဘုရား ၏၊ သာဝကသံဃော—ဆုံးမထားဟန့်, တရားမှန်ကို, နာခံလိုက်နာ, အရိယာဟု, သခ်ျာရှစ်ဖေါ် , သံဃာတော် အပေါင်း , သူတော် ကောင်းသည်၊ သုပ္ပဋိပန္နော-တရားသဖြင့်, ဆုံးမသင့်ရာ, သာသနာ ဝယ်, လျော်စွာထုံးပြု, ဆုံးအမကို, လုံးဝ လိုက်နာ, ကောင်းမွန်စွာ သည်း, ကျင့်တော်မူတတ်ပါပေ၏။

× × × × ×

ကြည့်ရှုရန် အဓိပ္ပါယ်

သုဖွန္ဒိပန္နော ဂုဏ်တော်သည် " ကောင်းစွာ ကျင့်တော်မူတတ်၏ " ဟူသော အနက်ကို ပြသည်။ [သု= ကောင်းစွာ+ပဋိပန္နော=ကျင့်သည်။]

အရိယာ ဟု , ... သံဃာတော် အပေါင်း ။ ။ မဂ်ဖိုလ်၌ တည်သော (မဂ်ဖိုလ်ရပြီးသော)ပုဂ္ဂိုလ်ကို "အရိယာ" ဟု ခေါ်၏။ [အရိယ=မြတ်သူ၊ တနည်း=ဖြူစင်သူ။]

မဂ္ဂဋ္ဌ ၄ မျိုး	ဖလဋ္ဌ ၄ မျိုး
၁။ သောတာပတ္တိမဂ်ရ ပုဂ္ဂိုလ်	၁။ သောတာပတ္တိဖိုလ်ရ ပုဂ္ဂိုလ်
၂။ သကဒါဂါမိမဂ်ရ ပုဂ္ဂိုလ်	၂။ သကဒါမိဖိုလ်ရ ပုဂ္ဂိုလ်
၃။ အနာဂါမိမဂ်ရ ပုဂ္ဂိုလ်	၃။ အနာဂါမိဖိုလ်ရ ပုဂ္ဂိုလ်
၄။ အရဟတ္တမဂ်ရ ပုဂ္ဂိုလ်	၄။ အရဟတ္တဖိုလ်ရ ပုဂ္ဂိုလ်

လူအများက ကပ်လှူကြပါသော်လည် "ဘုရားရှင် တားမြစ်တော်မူသည်"ဟု ဘုဉ်းပေးတော်မမူဘဲ ရှောင်လွဲတော်မူကာ ဆုမ်းအပြတ်ခံတော်မူခဲ့ ရှာသည်၊ ထို့နောက် ဘုရားရှင် သိတော်မူ၍ မကျန်းမမာလျှင် နေ့စဉ် စားနိုင်ကြောင်းကို ထပ်လောင်း ခွင့်ပြုတော်မူရလေသည်။[ပါစိတ်, ဘေဇနဝဂ်, အာဝသထပိဏ္ဍသိက္ခာပုဒ်။]

ဤသို့လျှင် ဘုရားရှင်၏ တပည့်ကောင်းများသည် အဆုံးအမတော်ကို လုံးဝလိုက်နာလျက် ကျင့်တော်မူကြပေ၏၊ နောက်နောက် ဆရာအစဉ်အဆက်များလည်း "ကိစ္စတခု ကြုံတွေ့လာလျှင် အသက်ကိုသာ အသေခံပါ၊ သီလ သိက္ခာကိုတော့ မပျက်ပါစေနှင့်" ဟု ဆုံးမတော်မူကြရုံမက, ထိုအတိုင်းလည်း လိုက်နာခဲ့ကြပေသည်။

သတိထားဘွယ်။ ။ဤစကားစဉ်အရ ယခုပြအပ်လတ်သော ဂုဏ်နှင့် ပြည့်စုံသော သံဃာဟူသည် မဂ်ဖိုလ်ရပြီးသော သံဃာတော်များသာ ဖြစ်သည်၊ မဂ်ဖိုလ် မရသေးသော်လည်း မဂ်ဖိုလ်ရအောင် ပါရမီကို ဖြည့်ကျင့်နေကြသော သူတော်စင် ရဟန်းတော်များလည်း သောတာပန် အောက်တန်းတွင် ပါဝင်နိုင်ပါသေး၏၊ ဘုရားရှင်၏ အဆုံးအမတော်ကို ကောင်းမွန်စွာ မလိုက်နာဘဲ မွေ့မွေ့လျော့လျော့ ပေါ့ပေါ့ဆဆ နေထိုင်ကြသော ရဟန်းအပေါင်းကား ယခုပြအပ်လတ်သော သံဃာ့ဂုဏ်တော်များနှင့် လားလားမျှမဆိုင်၊ ထို့ကြောင့် သံဃာ့ဂုဏ်တော်ကို အာရုံပြုသောအခါ ရှေးရှေးက အဟုတ်အမှန် ကျင့်တော်မူကြသော အရိယာသံဃာတော် များနှင့် ယခုကာလ ကောင်းမွန်စွာ နေထိုင်တော်မူကြသော ပုထုဇဉ် သံဃာတော်များ၏ ဂုဏ်ကိုသာ မှန်းဆ၍ အာရုံပြုပါ။

ဥဇုပဋိပန္နဂုဏ်တော်ဖွင့်

(ကျက်မှတ်ရန်)

(၂) ဘဂဝတော-ဧရှဘုန်းတော်သခင်, ရှင်တော်မြတ်ဘုရား၏၊ သာဝကသံဃော-ဆုံးမထားဟန်, တရားမှန်ကို, နာခံလိုက်နာ, အရိယာဟု , သချ်ာရှစ်ဖေါ် , သံဃာတော်အပေါင်း , သူတော်ကောင်းသည်၊ ဥဇုပဋိပန္နော-စဉ်းလဲသမှု, မာယာစုံဖြင့်, ဖုဖုထစ်ထစ်, မကောက်ကျစ်ဘဲ, စင်စစ်နိဗ္ဗာန်, လမ်းဖြောင့်မှန်အောင်, လျော်ကန်ချင့်မျှော်, ကျင့်ကြံတော်မူတတ်ပါပေ၏။

× × × × ×

ကြည့်ရှုရန် အဓိပ္ပါယ်

ဥဇုပဋိပန္နဂုဏ်တော်သည် "ဖြောင့်မတ်စွာ ကျင့်တော်မူ၏" ဟူသော အနက်ကို ပြသည်။ [ဥဇု-ဖြောင့်မတ်စွာ + ပဋိပန္နော-ကျင့်သည်။]

မာယာသာဒ္ဒေယျ။ ။မိမိမှာ အပြစ်ရှိပါလျက် အပြစ်မရှိသူထင်အောင် ဖုံးကွယ်မှုကို "မာယာ"ဟု ခေါ်၏၊ ဥပမာ-ယောကျ်ားမသိအောင် အပြစ် ကျူးလွန်မိသော မိန်းမသည် ထို အပြစ်ကို မာယာဖြင့် လှည့်ပတ်သကဲ့သို့တည်း၊ မိမိမှာ ဥစ္စာဂုဏ် သီလဂုဏ် မရှိဘဲ ရှိဟန်ဆောင်မှုကို "သာဒ္ဒေယျ" ဟု ခေါ်၏၊ လူမရှိသောအခါ တော်သလိုနေ၍ လူလာသောအခါ ဟန်လုပ်နေသူကဲ့သို့တည်း။

အရိယာသံဃာတော်ကား သူတပါးတို့အထင်ကြီးအောင် ပစ္စည်းလာဘ်နှင့် ဒကာ ဒကာမ ပေါများအောင် ဟန်ဆောင်မှု ပရိယာယ် မာယာတို့ဖြင့် ဖုဖုထစ်ထစ် စဉ်းလဲ ကောက်ကျစ်ခြင်းမရှိဘဲ နိဗ္ဗာန်

လမ်းနှင့် ဖြောင့်တန်းအောင် ရိုးသားဖြောင့်မတ်စွာ ကျင့်တော်မူကြပေသည်၊ ထိုသို့ ဖြောင့်မတ်စွာကျင့်တော်မူသော အရှင်မြတ်များမှာ လွန်စွာ ပေါများခဲပါ၏။ သို့သော် ယခုအခါ မရိုးမသား ကျင့်သူများနှင့် ဝမ်းရေးအတွက် သာသနာတော်ကို ဖျက်သူတွေ အတော် ပေါများနေသဖြင့် စဉ်းစားတတ်ကြဘို့ရာ ကျမ်းဂန်လာ လှည့်ပတ်ပုံကို ပြပေအုံး။

အိုးစရည်း ရဟန္တာ။ ။ဘုန်းကြီးတပါးသည် မိမိအပေါ်၌ လူအများ အထင်ကြီးစေလို သောကြောင့် သူနေရာ ကျောင်းခန်း အတွင်းမှာ လူမမြင်နိုင်အောင် အိုးစရည်းကြီး (အိုးအကြီး) ကို မြှုပ်ထားလေ၏၊ အပြင်က ဒကာ ဒကာမများ လာသံကြားလျှင် ထို အိုးကြီးအတွင်း၌ ဝင်နေ၏၊ လူများက "ဘုန်းကြီး ဘယ်မှာလဲ" ဟု မေးလျှင် တပည့်များက "ကျောင်းခန်းတွင်းမှာ" ဟု ပြော၍ အခန်း တွင်းသို့ ဝင်ကြည့်သောအခါ မတွေ့ရသောကြောင့် "မရှိဘူး, ဘယ် ကြွသလဲ" ဟု မေးမြန်းလျှင် "ယခုတင်ကဘဲ အခန်းထဲမှာ ရှိပါသေး တယ်" ဟု ပြောသဖြင့် ထပ်၍ ကြည့်ကြပြန်လေရာ ညောင်စောင်း (ကုလားထိုင်)ပေါ်မှာ ထိုင်လျက်နေသည်ကို တွေ့ကြရ၍ "ဘယ်ကြွ နေပါသလဲဘုရား" ဟု လျှောက်ထားလျှင် "ရဟန်းဆိုတာ သည်လို ဘဲ အလိုရှိရာ ကြွနိုင်ကြတယ်" ဟု စျာန်အာဘိညာဉ်ရသည့်လေသံဖြင့် ပြောပြလေသော် အားလုံးကပင် "ရဟန္တာ" ဟု အထင်ကြီးကြ လေသည်။

တိုက်တွန်းချက် ။ ။ အို လူအပေါင်းတို့.... ဘုန်းကြီးဖြစ်စေ, လူဖြစ်စေ, မဖြူစင် မဖြောင့်မတ်ခြင်းကား ဆိုးဝါးလှ၏၊ မရိုးသား မဖြောင့်မတ်သူကို ဘယ်အခါယုံကြည်ထိုက်တော့မည်နည်း၊ သို့ဖြစ်၍

(အဋ္ဌမအကြိမ်)

မိမိတို့ ကိုးကွယ်အပ်သော ဘုန်းတော်ကြီးများကို စာမတတ်သော် လည်း အကျင့်သိက္ခာ လုံလောက်၍ ရိုးဖြောင့်လျှင် ကိုးကွယ်သင့်လှ ပေပြီ၊ စာမတတ်ဘဲနှင့် တတ်ဟန်ဆောင်သော ပုဂ္ဂိုလ်, အကျင့် မကောင်းဘဲနှင့် ကောင်းဟန် ဆောင်နေသော ပုဂ္ဂိုလ်များကိုကား လုံးလုံး မကိုးကွယ်ထိုက်ပါ။

ယခုအခါ၌ကား "ကြောင်သူတော်" ကဲ့သို့ အတော်အတန် ပညာ ရှိပါလျက် အတွင်းစိတ် မဖြောင့်မတ်သူတွေ များလှချေ၏၊ ထို့သို့ ပညာရှိ၍ မရိုးသားသူတို့ကား သာမန် မရိုးသားသူများ ထက်ပင် ကြောက်မက်ဘွယ် ကောင်းပါသေးသည်၊ သို့ဖြစ်၍ အတွင်း အပြင် မသိရဘဲ "ဆေးဝါးစွမ်းသလို, စာတတ်သလို, လုပ်ရပ်ပေါက်သလို" ညာနေသူများကို ယုံကြည်လွယ်သော မိန်းမသားတွေသာ မက, ပညာနည်းပါး၍ မစဉ်းစားတတ်သော ယောကျ်ားအများပင် သတိ ထားထိုက်လှပေသည်။

မိမိတို့ ကိုယ်တိုင်လည်း ရိုးဖြောင့်ဘို့ အရေးကြီးလှ၏၊ ပစ္စည်း မရှိဘဲ ရှိဟန်ဆောင်မှု, သိလမရှိဘဲ ရှိဟန်ဆောင်မှု, နားမလည်ဘဲ နားလည်ဟန် ဆောင်မှုတို့မှာ မရိုးသားသော သဘော ချည်းသာ ဖြစ်သည်၊ သို့ဖြစ်၍ အရိယာသံဃာတော်များ၏ "ဥဇုပွဋိပန္နဂုဏ် တော်ကို အာရုံပြုကြပြီးလျှင် မိမိတို့ ကိုယ်တိုင်ကလည်း ရိုးသားသူ ဖြောင့်မတ်သူ ဖြစ်အောင် မိမိနှင့် အဆက်အသွယ် ရှိသူတို့ကိုလည်း ရိုးသားသူများဖြစ်အောင် ညွှန်ပြကြပါ၊ မရိုးသားသူမှန်လျှင် ရဟန်း ရှင်လူ မည်သူမဆို စွမ်းနိုင်သမျှ ရှောင်ကြပါကုန်၊ မတတ်သာ၍ ဆက်ဆံရလျှင်လည်း ကိုယ်ပေါင်း စိတ်ခွါ ဆက်ဆံကြပါကုန်။

(အဋ္ဌမအကြိမ်)

ဉာယပ္ပဋိပန္ဓ ဂုဏ်တော်ဖွင့်

(ကျက်မှတ်ရန်)

(၃) ဘဂဝတော—ရွှေဘုန်းတော်သခင်, ရှင်တော်မြတ်ဘုရား၏၊ သာဝကသံဃော- ဆုံးမထားဟန်, တရားမှန်ကို, နာခံလိုက်နာ, အရိယာဟု, သင်္ချာရှစ်ဖေါ်, သံဃာတော်အပေါင်း, သူတော်ကောင်းသည်၊ ဉာယပ္ပဋိပန္ဓော – ကိုယ်ဝယ်ဝတ်နှောင်, ဆံဥသျှောင်ကို, မီးလောင်သော်ငြား, မငြိမ်းအားဘဲ, ကြီးမား လောင်မီး, ဒုက္ခကြီးတို့, အပြီးဧကန်, ငြိမ်းရာမှန်သည့်, နိဗ္ဗာန်အလို့ငှါ, ကျင့်တော်မူတတ်ပါပေ၏။

× × × × × × ×

ကြည့်ရှုရန် အဓိပ္ပါယ်

ဉာယပ္ပဋိပန္ဓ ဂုဏ်တော်သည် " နိဗ္ဗာန်အလို့ငှါ ကျင့်တော်မူ၏ " ဟူသော အနက်ကို ပြသည်။ [ဉာယ + ပဋိပန္ဓ၊ ဉာယ = နိဗ္ဗာန် + ပဋိပန္ဓ = ကျင့်သည်။]

အရိယာဖြစ်သော သံဃာတော်အပေါင်းသည် အလွန် ကြီးမားများပြားသော သံသရာဝဋ်ကြီး ဒုက္ခမီးတွေကို မြင်ကြပြီးဖြစ်၍ မိမိကိုယ်၌ ဆင်အပ်သောအဝတ် , ဥသျှောင် (ဆံထုံး) ကို မီးလောင်ဇေကာမူ မငြိမ်းအားဘဲ သံသရာဝဋ်ကြီး ဒုက္ခမီး၏ အပြီးချုပ်ငြိမ်းရာ နိဗ္ဗာန် အလို့ငှါ ကျင့်တော်မူကြ ပေသည်၊ ထို့ကြောင့် အရိယာဖြစ်ပြီးသောအခါ သံသရာထဲ၌ ကြာရှည်စွာ မကျင်လည်ရတော့ဘဲ ကာမဘုံ၌ အကြာဆုံး ခုနစ်ဘဝသာ နေပြီးလျှင် ပရိနိဗ္ဗာန် စံဝင်ကြရပေသည်။

ရဟန်းတပါးဝတ္ထု။ ။ရဟန်းတပါး သစ်ပင်ချိုင်ရာ၌ ဘုမ္မဇိုဝ်း နတ်သွီး၏ ကလေး နတ်ငယ်ကို ခုတ်ဖြတ်မိသောကြောင့် နတ်သွီးက ဘုရားထံ လျှောက်ထားသဖြင့် "ယနေ့ကစ၍ သာသနာတော်ထမ်း ရဟန်းမှန်လျှင် သစ်ပင်ကို မခုတ်ရ" ဟု ပညတ်တော်မူသည်၊ ဘုရား ပရိနိဗ္ဗာန် စံတော်မူပြီးနောက် ရဟန်းတော်တပါးကို ခိုးသူများက နွယ်ပင်ကလေးဖြင့် တုပ်နှောင်၍ တောထဲ၌ ထားခဲ့စဉ်, တောမီးလောင်လာလေသော်, နွယ်ပင်ကို ဖြတ်မည်ဆိုလျှင် ဖြစ်နိုင်လောက်သော်လည်း နွယ်ပင်ကိုဖြတ်လျှင် ပါစိတ်အာပတ် သင့်၏၊ အာပတ်သင့်လျှင် တရားရတော့မည် မဟုတ်၊ ထို့ကြောင့် ပညတ်တော်ကို စောင်စည်း၍ တရားကို နှလုံးသွင်းကာ ရဟန္တာ ဖြစ်ပြီးမှ တောမီးလောင်၍ ပရိနိဗ္ဗာန် စံဝင်တော်မူသည်။

တိုက်တွန်းချက်။ ။ဤသို့လျှင် တကိုယ်လုံး မီးလောင်သည်ကို လျစ်လျူရှု၍ နိဗ္ဗာန် အကျိုးငှါ ကျင့်တော်မူပုံကို ကြည်ညိုလျက် "အသက်တရာ မနေရသော်လဲ အမှုတရာတွေ့နိုင်သည်" ဟု ဆိုသည့် အတိုင်း မလွဲသာသဖြင့် ဒုက္ခ ကြုံလာခဲ့သော် " သက်သာရာမှ ရစေဟော့" ဟု ကြံ၍ မကောင်းမှုကို မပြုမိစေဘဲ "နိဗ္ဗာန်၌ ဤဒုက္ခမျိုး၏ တည်ရာ ရုပ်နာမ်ခန္ဓာကိုယ် မရှိ, ဤခန္ဓာကိုယ်ရှိနေလို့သာ သားတွေ သွီးတွေ ဆွေတွေ မျိုးတွေရှိရသည်၊ ထိုသို့ ရှိသောကြောင့် သားဒုက္ခ သွီးဒုက္ခ ဆွေမျိုးဒုက္ခကို တွေ့ရသည်၊ ထို ရုပ်နာမ်မရှိသော နိဗ္ဗာန်သည် ဧကန် အေးမြပေလိမ့်မည်" ဟု တွေးတောကာ သူလဲမပါငါလဲမရှိ, သန္တိသုခဖြင့် အေးမြမည့်နိဗ္ဗာန်ကို သိမြင်နိုင်အောင်သာ ကြိုးစားကြပါကုန်။

သာမိစိပ္ပဋိပန္ဒ ဂုဏ်တော်ဖွင့်

(ကျက်မှတ်ရန်)

(၄) ဘဂဝတော—ရွှေဘုန်းတော်သခင်, ရှင်တော်မြတ်ဘုရား၏၊ သာဝကသံဃော-ဆုံးမထားဟန်, တရားမှန်ကို, နာခံ လိုက်နာ, အရိယာဟု, သင်္ချာရှစ်ဖေါ်, သံဃာတော်အပေါင်း, သူတော်ကောင်းသည်၊ သာမိစိပ္ပဋိပန္ဒော – ရိုသေသမှု, လူတို့ပြုသည့်, သာမိစိကံ, လျော်ထိုက်တန်အောင်, ကျင့်ကြံတော်မူတတ်ပါပေ၏။

× × × × ×

(ကြည်ရှု ရန်အဓိပ္ပါယ်)

သာမိစိပ္ပဋိပန္ဒ ဂုဏ်တော်သည် " ရိုသေမှုနှင့်လျော်အောင် ကျင့်ပါပေ၏ " ဟူသောအနက်ကို ပြသည်။ [သာမိစီ= ရိုသေမှု + ပဋိပန္ဒ= လျော်အောင် ကျင့်သည်။]

ဒကာ ဒကာမတို့သည် မိမိတို့ မစားရက် မသောက်ရက် မသုံးရက်သော အစားအသောက် ကျောင်း အိပ်ရာ နေရာများကို ရိုသေသမှု ပြုစု လှူဒါန်းကြ၏၊ အရိယာဖြစ်ပြီးသော (အရိယာဖြစ်အောင် အားထုတ်နေသော) သံဃာတော်များကလည်း ထိုကဲ့သို့ ရိုသေသမှု ပြုစု လှူဒါန်းခြင်းနှင့် ထိုက်တန်အောင် ကျင့်ကြံ အားထုတ်တော်မူကြပါပေသည်။

အယျမိတ္တမထေရ် ဝတ္ထု ။ ။ ရှေးအခါက လိုဏ်ဂူ တခုဌ်နေသော " အယျမိတ္တ " မထေရ်ကို ဆွမ်းခံရွာ၌ ဒါယိကာမကြီး တယောက်က သားအရင်း အမှတ်ထား၍ လေးစားသမှု ပြုစုနေ၏၊

တနေ့သ၌ လုပ်ငန်းဆောင်တာ အတွက် နံနက်စောစော တောသို့ သွားခါနီးဝယ် "ချစ်သွီး.... မည်သည့်နေရာ၌ နှစ်ချို့ဆန်ကလေးနှင့် နွားနို့ ထောပတ် တင်လဲများ ရှိရစ်တယ်၊ သွီးမောင်တော် လာတဲ့အခါ ဆွမ်းချက်၍ ကပ်ပြီးလျှင် သွီးလဲ စားရစ်နော်" ဟု သွီးကို ပြောဆို မှာထား၏၊ "မေမေကော ဘာစားမလဲ" ဟု သွီးက မေးရာ "မေမေတော့ ပုန်းရည်ဟင်းနှင့် ညကကျန်တဲ့ထမင်းကြမ်းကိုစားပြီးပြီ" ဟု ပြော၏၊ "နေ့စာကော ဘာစားမလဲ မေမေ" ဟု ထပ်၍မေးလျှင် "နေ့စာတော့ သွီးရယ်.... ဟင်းရွက်ကလေးရောပြီး ဆန်ကွဲကို ယာဂု ကျိုထားလိုက်တာပါ့" ဟု ပြောဆို မှာထား၍ တောသို့ သွားရှာလေသည်။

ထို သားအမိနှစ်ယောက် ပြောဆိုသံကို အယျမိတ္တမထေရ် ဆွမ်းခံအလာတွင် ရွာအနီးမှကြား၍ မိမိကိုဆုံးမသည်မှာ "နားထောင်စမ်း အယျမိတ္တ.... ဒါယိကာမကြီးမှာ မိမိအတွက် ပုန်းရည်ဟင်း ထမင်းကြမ်းနှင့် ဟင်းရွက်တွဲသည့် ဆန်ကွဲယာဂုကို စားသောက်လျက် သင့်အတွက်မှာ နှစ်ချို့ ဆန်ကောင်းနှင့် နွားနို့ ထောပတ် တင်လဲကို ကပ်ဘို့ရန် မှာနေရှာသည်၊ သင်၏ အပေါ်၌ ဝတ်စား တန်ဆာနှင့် လယ်ယာမိုဃ်းမြေ ပစ္စည်းတွေကိုမြော်၍ ယခုလောက် ဂရုစိုက်သည် မဟုတ်၊ လူ နတ် နိဗ္ဗာန်ကို မှန်း၍သာ ဂရုစိုက်ခြင်း ဖြစ်သည်၊ သူရည်ရွယ်တဲ့ ချမ်းသာကို အသင် ပေးနိုင်ပါ့မလား၊ ကိလေသာ အာသဝေါ မကုန်သမျှ ဒကာမကြီးရဲ့ ဆွမ်းကို အသင် မစားထိုက်" ဟု ဆုံးမပြီးလျှင် ဆွမ်းခံမဝင်ဘဲ ပြန်၍ တရားကို အားထုတ်လေရာ, ပင်ကိုယ်က စင်ကြယ်သောသီလနှင့် အားထုတ်၍အသားကျနေသော

ပုရိသယုဂါနိ ပါဠိအဖွင့်

(ကျက်မှတ်ရန်)

စတ္တာရိ– မင်္ဂဖိုလ် နှစ်ပါး, အစုံအားဖြင့်, လေးပါးကုန်သော၊ ယဒိဒံ ပုရိသယုဂါနိ–အကြင် ယောကျ်ားအစုံတို့သည်၊ အဋ္ဌ-အသီး အခြား, ခွဲသောအားဖြင့်, ရှစ်ပါးကုန်သော၊ ပုရိသပုဂ္ဂလာ– ပုရိသ ပုဂ္ဂလ, ခေါ်ကြထိုထို, မြင့်မြတ်သော ပုဂ္ဂိုလ်တို့ပါပေတည်း။

× × × × ×

ကြည့်ရှုရန် အဓိပ္ပါယ်

ဤ "စတ္တာရိ ပုရိသယုဂါနိ" စသော စကားတို့ကား သံဃာ့ဂုဏ်တော်ကို ပြသော စကားမဟုတ်, သောတာပတ္တိမဂ်ကို ရသော ပုဂ္ဂိုလ်နှင့် သောတာပတ္တိဖိုလ်ကိုရသော ပုဂ္ဂိုလ်နှစ်ပါးတွဲလျှင် တစုံ, ဤသို့ စသည်ဖြင့် "မဂ်ဖိုလ်ကိုရသော ပုဂ္ဂိုလ်နှစ်ပါးကို တစုံစီတွဲလျှင် အရိယာလေးစုံဖြစ်၍ အသီးအခြားခွဲလျှင် ဂ မျိုးဖြစ်၏" ဟု ပြသော စကားတည်း၊ ထိုသို့ ပြခြင်းသည်လည်း မဂ်ကိုရလျှင် ချက်ခြင်း ဖိုလ်ရသောကြောင့် မဂ်ပုဂ္ဂိုလ်နှင့် ဖိုလ်ပုဂ္ဂိုလ်၏ တယောက်ထည်းသာ ဖြစ်ကြောင်းကို သိစေတော်မူလိုရင်း ဖြစ်ဟန်တူပါသည်။

အစုံ ၄ ပါးကား

၁။ သောတာပတ္တိမဂ်ရပုဂ္ဂိုလ်,	သောတာပတ္တိဖိုလ်ရ ပုဂ္ဂိုလ်။
၂။ သကဒါဂါမိမဂ်ရ ပုဂ္ဂိုလ်,	သကဒါဂါမိဖိုလ်ရ ပုဂ္ဂိုလ်။
၃။ အနာဂါမိမဂ်ရ ပုဂ္ဂိုလ်,	အနာဂါမိဖိုလ်ရ ပုဂ္ဂိုလ်။
၄။ အရဟတ္တမဂ်ရ ပုဂ္ဂိုလ်,	အရဟတ္တဖိုလ်ရ ပုဂ္ဂိုလ်။

ကမ္မဋ္ဌာန်းဘာဝနာ အစွမ်းကြောင့် သိပ်ကြာကြာ အားမထုတ်ရတဲ့ ချက်ခြင်းပင် ရဟန္တာ ဖြစ်လေသည်။

ထို့နောက် ဆွမ်းခံတို့ အချိန်ရှိသေး၍ ဆွမ်းခံ ဝင်လေသော်, ဧစာင့်မြှောင်နေသော နှမတော်က ဆွမ်းလောင်း အပြီးတွင် အထူး ကြည်လင်သော မျက်နှာကို မြင်လိုက်ရ၍ မိခင် ပြန်လာသောအခါ "မေမေ....ယနေ့ မောင်တော်ရဲ့ မျက်နှာ လွန်စွာ ကြည်လင်နေပါ တယ်" ဟု ပြောပြလေရာ, "ယနေ့ ငါ့သားကြီးမှာ ရဟန်းကိစ္စပြီးစီး လေပြီ" ဟု ပြောဆိုကာ ဝမ်းမြောက်ရှာသတဲ့၊ ဒါယိကာမကြီးနှင့် သွီးလဲ ရဟန္တာ အရှင်မြတ်ကို ဆွမ်းလှူရာ ရောက်ပေသည်။ [ဒီဃ နိကာယ, မဟာဝဂ္ဂ, မဟာသတိပဋ္ဌာနသုတ် အဋ္ဌကထာ။]

တိုက်တွန်းချက် ။ ။ ဤသို့လျှင် သူတော်စင် သံဃာတော် အပေါင်း၏ လူတို့ ရှိသမျှနှင့် ထိုက်တန်အောင် ကျင့်ကြံတော်မူကြ သည်ကို အာရုံပြုကာ ယခုကာလ ရဟန်းတော် အများလည်း မိမိတို့ ဘက်က မလိုရအောင် သတိထားနိုင်မှ တာဝန် ကျေကြပေမည်၊ " ငါ့လေ့ ငါထိုး ပဲခိုး ရောက်ရောက် " ဆိုတာလို ကိုယ်ထင်ရာကြဲ နေလျှင် နောင်သံသရာရေးကို မဆိုထားဘိ, ယခုဘဝ အရေးမှာပင် တဖြည်းဖြည်း မလယ်ကူသော အခြေအနေကို တွေ့ရတော့မည်၊ ယခု အခါ ~ ဟူသော ဝါဒ , ဘာသာ ရှိသော်လည်း အရေး ား ခေတ်စားလာပုံကို ဆင်ခြင်ကာ နောင်ရေး ဧဗဒင်မေးစရာ မလိုပါသဖြင့် "ပညာ ရှိသော် ား " သတိကြီးစွာ ထားကြပါရန် ထပ်မံ၍

အာဟုနေယျ ဂုဏ်တော်ဖွင့်

(ကျက်မှတ်ရန်)

(၅) ဘဂဝတော- ရွှေဘုန်းတော်သခင်, ရှင်တော်မြတ်ဘုရား၏၊ သေ ဧသော သာဝကသံဃော- အစုံလေးပါး, သီးခြားရှစ်ဖေါ်, သံဃာတော်အပေါင်း, ဤ အရိယာသူတော်ကောင်းသည်၊ အာဟုနေယျော – တို့ပြန် ကြီးလေး, အကျိုးပေးသဖြင့်, အဝေးမှယူ, ဆောင်၍မူလည်း, ကြည်ဖြူ လေးမြတ်, ပူဇော်အပ်သည့်, လာဘ်သပ်ပကာ, အဖြာဖြာကို, ကောင်းစွာ သိမ်းပိုက်, ခံယူခြင်းငှါလည်း ထိုက်တော်မူပါပေ၏။

× × × × ×

ကြည့်ရှုရန် အဓိပ္ပါယ်

အာဟုနေယျ ဂုဏ်တော်သည် "အဝေးမှ ယူဆောင်၍ ပူဇော်အပ်သော ပစ္စည်းကို ခံယူထိုက်၏" ဟုသော အနက်ကိုပြသည်။ [အာ+ ဟုန+ ဧယျ၊ အာ = အဝေးမှ ယူဆောင်၍ + ဟုန = ပူဇော်အပ်သော ပစ္စည်း+ဧယျ= ခံထိုက်သည်။]

အရိယာ သံဃာတော်သည် လှူဒါန်း ပူဇော်သူတို့အား အတုံ့ပြန်၍ ကြီးကျယ် မြင့်မြတ်သော သံသရာကျိုးကို ပေးစွမ်းနိုင်ကြသဖြင့် အနီးအပါးကို မဆိုထားဘိ, တနယ်တကျေး ဝေးသော မြို့ရွာတို့မှသော်လည်း လှူဘွယ်များကို တမင်္ဂလာ ဆောင်ယူ၍ ပေးလှူ ပူဇော်ခြင်းငှါ ထိုက်တန်တော်မူပေသည်၊ ထို့ကြောင့် ရှေးက ဒါန အကျိုး နားလည်ကြသော သူတော်ကောင်းတို့သည် ထို့သို့ ဆောင်ယူကာ များစွာ ပူဇော်ဘူးကြလေပြီ။

သကြားမင်းနှင့် သုဇာမိဖုရားတို့ဉာဏ်

နတ်ပြည်၌ နတ်အများ ရှိကြလေရာ သာသနာပ အခါက ဖြစ်နှင့်သော နတ်များထက် သာသနာတွင်းကျမှ ဖြစ်ရသော နတ်တို့က အစစ အရာရာ ခပ်သာသာ ဖြစ်နေ၏၊ အချို့နတ်များကား သကြားမင်းထက်ပင် ကိုယ်ရောင် အဆင်းနှင့် စည်းစိမ် အခြွေအရံ သာလွန်လျက် ရှိ၏။

ထို့ကြောင့် အခါတပါး၌ အရှင်မဟာကဿပမထေရ် နိရောဓသမာပတ်မှထတော်မူပြီးလျှင် ဆင်းရဲသူတို့၏နေရာ ရပ်ကွက်၌ဆွမ်းခံဝင်တော်မူလေရာ, သကြားမင်းနှင့် သုဇာ မိဖုရားတို့သည် အိုမင်းသော လူဆင်းရဲသို့မီးခင်ပွန်းယောင်ဆောင်၍ ထိုရပ်ကွက်၏အစဆုံး၌ အိမ်ငယ်တဆောင်ကို ဖန်ဆင်းလျက် နေနှင့်လေသည်၊ ရဟန္တာအရှင်မြတ်လည်း အထူးအထွေ ဆင်ခြင် စဉ်းစားတော်မမူဘဲ အိမ်ကုပ်ကလေး၌ အဖိုးအိုနှင့် အမယ်အိုတို့ အလုပ် လုပ်နေကြပုံကို မြင်၍ သနားသဖြင့် ရပ်တော်မူလေသည်။

အဖိုးကြီးသည် မျက်စိများကို ပွတ်ကာ သပ်ကာနှင့် "အိမ်ပေါက်မှာ ကိုယ်တော်တပါး ဆွမ်းရပ်နေပါကလား, ဒုက္ခ ဒုက္ခ, ဘာမှလဲ ရှိမယ်မထင်ဘူး" ဟု ညည်းညူလျက် အနားသို့ လာပြီးလျှင် "ဟင်– ဒို့ကိုယ်တော်ကြီးပါတကား, ဟေ့ ရှင်အဝှါ....ဘာများရှိသေးတုန်း" ဟုမေးရာ, အမယ်အိုကလည်း ထိုထို ဤဤ ရှာဖွေနေဟန်ဖြင့် အတန်ကြာမှ "ရှိသေးရဲ့တော့" ဟု ပြောပြောဆိုဆို လာ၍ ဆွမ်းလောင်းလေလျှင်, တရပ်လုံး မွေးကြိုင်သွားလေသည်။

ထိုအခါကျမှ သကြားမှန်း သိ၍ “ဆင်းရဲသူကို ချီးမြှောက်လို သဖြင့် ဆွမ်းခံဝင်ရာ၌ သင့်လိုသကြားက လူဆင်းရဲ လုပ်ရသလား” ဟု အပြစ်တင်တော်မူလျှင် “တပည့်တော်မှာ သာသနာပကဖြစ်ရတဲ့ သကြားမို့ စည်းစိမ်မကြီးပါ၊ သာသနာတော်တွင်းမှ ရောက်လာသော နတ်မင်းမျာ်းလောက် အရှိန် မတောက်သဖြင့် နတ်ဆင်းရဲပင် ဖြစ်ပါသည်” ဟု လျှောက်၍ “အဟောဒါနံ ပရမဒါနံ၊ ကဿပေ သုပ္ပတိဋ္ဌိတံ=ဝမ်းမြောက်စရာ အလှူဒါန, အလွန်မြတ်သော အလှူ ဒါနသည် အရှင်မဟာကဿပ၌ တည်လေပြီ”ဟု ဥဒါန်းကျူးလျက် နတ်ပြည်သို့ တက်သွားလေသည်၊ ဤသို့လျှင် အရိယာ သံဃာတော် မျာ်းသည် အဝေးရပ်မှ ယူဆောင်၍ ပေးလှူသမျှကို ခံယူထိုက်ကြ ပေသည်။

တိုက်တွန်ချက် ။ ။ ဤဝတ္ထုသွားကို ထောက်လျှင် ပညာရှိ မှန်သမျှသည် နတ်စည်းစိမ်ကို စံနေရသော်လည်း ဒါန အကျိုးကို သိမြင်ကြသဖြင့် ဝေးကွာသော နတ်ပြည်ခရီးမှပင် တမင်လာလျက် လှူဒါန်းကြသောကြောင့် ယခုကာလ စည်းစိမ်ရှင်မျာ်းလည်း ကံနှင့် ကံ၏အကျိုးကို နားလည်ကြပါမူ ကုသိုလ်ကောင်းမှုမျာ်းကို ကြိုးစား ပြုကျင့်ကြပါလော၊ တသက်လျာမျှ တဝမ်းဝတို့ စီးပွားအတွက် ယခု ဘဝတွင် ရရှိပြီးအခြေအနေမှ မလျော့ကျရအောင် နေ့စဉ် ကြိုးစား သကဲ့သို့ တသံသရာလုံး စီးပွားအတွက် အဆက်ဆက် တန်းမြင့်၍ ပါရမီရင့်အောင် ကြိုးစားကြပါ၊ ဤ လူ့ဘဝသည် ဗုဒ္ဓဘာသာဝင် သူတော်စင်မျာ်းအတွက် အလိုရှိရာရနိုင်သော ဘဝပဒေသာပင်ကြီး ဖြစ်ပါသည်။

ပါဟုနေယျ ဂုဏ်တော်ဖွင့်

(ကျက်မှတ်ရန်)

(၆) ဘဂဝတော-ရွှေဘုန်းတော်သခင်, ရှင်တော်မြတ်ဘုရား၏၊ သေ ဧသော သာဝကသံဃော - အစုံလေးပါး, သီးခြားရှစ်ဖော်, သံဃာတော်အပေါင်း, ဤ အရိယာသူတော်ကောင်းသည်၊ ပါဟု နေယျော- ဝေးရပ် မျိုးနွယ်, မျာ်းညွှေ့သည်ဘို့, ရည်ရွယ် မှန်းထား, ပစ္စည်းမျာ်းကို, ဘုရားတဆူ, ပဒုံတော်မူမှ, ဖော်လာကြသည့်, ကမ္ဘာ့ ညွှေ့ကောင်း, သူတော်ပေါင်းမို့, အဓိကြောင်းတိုက်စ်ာ, ပေးလှူခြင်း ငှါလည်း ထိုက်တော်မူပါပေ၏။

× × × × ×

ကြည့်ရှုရန် အဓိပ္ပါယ်

ပါဟုနေယျ ဂုဏ်တော်သည် “ညွှေ့သည်တို့ဘို့ စီမံအပ်သော ပစ္စည်းကို ခံယူထိုက်၏” ဟူသော အနက်ကို ပြသည်။ [ပ+အာ+ဟုန+ယျော၊ ပ = အရပ်တပါးမှ + အာ = လာသော ညွှေ့သည်တို့အား + ဟုန = ပူဇော်အပ်သောပစ္စည်း + ယျ = ခံယူထိုက်သည်။]

ယခုကာလ ရိုးရာ ညွှေ့သည်မျာ်းမှာ တွေ့ကြုံဘို့ လွယ်ကူပါ၏၊ ညွှေ့ဝတ်ပြုဘို့လည်း လွယ်ကူပါ၏၊ အရိယာသံဃာတော်မျာ်းကား ဘုရား တဆူတဆူ ပဒုံတော်မူမှ ပေါ်လာကြသဖြင့် တွေ့ကြုံခဲသော ကမ္ဘာ့ ညွှေ့သည်တော်ကြီးမျာ်း ဖြစ်ကြပေသည်၊ ထို့ညွှေ့သည်တော် မျာ်းသည် ရိုးရာ ညွှေ့သည်မျာ်းအတွက် ချက်ပြုတ် စီမံထားအပ်သော ပစ္စည်းမျာ်းကိုလည်း ခံယူထိုက်ကြပေသည်။

ဒက္ခိဏောယျ ဂုဏ်တော်ဖွင့်

(ကျက်မှတ်ရန်)

(၇) ဘဂဝတော-ရွှေဘုန်းတော်သခင်, ရှင်တော်မြတ်ဘုရား၏၊ သေဌေသော သာဝကသံဃော-အစုံလေးပါး, သီးခြားရှစ်ဖေါ်, သံဃာတော် အပေါင်း, ဤ အရိယာသူတော်ကောင်းသည်၊ ဒက္ခိဏောယျော-တမလွန် စခန်း, ကြီးပွားလမ်းဘို့, မြော်မှန်း ရည်ရွယ်, ပေးလှူဘွယ်ကို, ရည်ရွယ်သမျှ, အကျိုးရသဖြင့်, တစ မချန်, အလှူခံခြင်းငှါလည်း ထိုက်တော်မူပါပေ၏။

× × × × ×

ကြည့်ရှုရန် အဓိပ္ပါယ်

ဒက္ခိဏောယျ ဂုဏ်တော်သည် " အလှူကို ခံထိုက်၏ " ဟူသော အနက်ကို ပြသည်။ [ဒက္ခိဏာ + ယျေ။ ဒက္ခိဏာ = အလှူ (လှူဘွယ်ဝတ္ထု) + ယျေ = ခံယူထိုက်သည်။]

နောင် တမလွန်ဘဝ၌ ကြီးပွားချမ်းသာဘို့ ရည်မှန်း၍ လှူဒါန်း အပ်သော အလှူကို "ဒက္ခိဏာ" ဟု ခေါ်၏၊ အရိယာသံဃာတော်များသည် ရည်မှန်းတိုင်းသော အကျိုးကို ရစေနိုင်သောကြောင့် ထို ဒက္ခိဏာကို ခံယူခြင်းငှါ ထိုက်တန်တော်မူကြပေသည်၊ ထို ဒက္ခိဏာသည် မိမိအတွက် ချမ်းသာဘို့ရန် လှူဒါန်းခြင်းတမျိုး, သေလွန်သူ မိဘ ဆွေမျိုးများအတွက် လှူဒါန်းခြင်းတမျိုးဟု နှစ်မျိုးရှိ၏။

(၁) မိမိအတွက် အလှူသည် အခွင့်သာလျှင် သင့်ရာဘဝ၌ နိဗ္ဗာန်မရမခြင်း အကျိုးပေးမည်၊ ယခုအခါ ဗုဒ္ဓဘာသာဝင် မဟုတ် သူတို့ ကောင်းကျိုးခံစား နေကြရသည်မှာလည်း သူတို့သန္တာန်မှာ

ရှေးက ထို " ဒက္ခိဏာ " အလှူမျိုး ပါရှိခဲ့သောကြောင့် ဖြစ်သည်၊ ရှေးက ကုသိုလ်ကံဟောင်း၏ ကောင်းကျိုးကို ခံစား နေကြရသည်၊ ယခုဘဝ၌ပြုမိသော မကောင်းမှုများအတွက် နောက်နောက် ဘဝ၌ သိသာလတ်၊ ဧဝ ကမ္မာအတွင်းဝယ် မိစ္ဆာဒိဋ္ဌိ ဖြစ်ပါလျက် နတ်ပြည်သို့ ရောက်သူမှာ တယောက်သာ ဘုရားရှင် တွေ့မြင်တော်မူပါသတဲ့၊ [မိစ္ဆာဒိဋ္ဌိ ဟူရာ၌ သဲသဲမဲမဲ သူတို့အယူ၌ စဲ့လမ်းသူကိုသာ ဆိုလိုသည်၊ ဗုဒ္ဓဘာသာ မဟုတ်ရုံမျှကို မဆိုလို။]

(၂) သေလွန်သူ ဆွေမျိုးများကိုမှန်းလျက် လှူဒါန်းရာ၌ကား သေသူက ငရဲကျသော်ငင်း, တိရစ္ဆာန် အမိဝမ်း၌ ဖြစ်သော်ငင်း, အလွန်ဝေးသော တော, တောင်, မြစ်, သမုဒ္ဒရာကမ်း၌ ပြိတ္တာဖြစ်နေသော်ငင်း, လူ့အမိဝမ်း၌ ဖြစ်ရသော်ငင်း, နတ်ပြဟ္မာ ဖြစ်ရသော်ငင်း, ဤက လှူဒါန်းသော ကုသိုလ်ကို သူတို့ မသိနိုင်ကြ၊ သိနိုင်သော်လည်း သူတို့မှာ အကျိုးထူး မရကြ၊ သို့သော်လှူဒါန်းသူ ဆွေမျိုးတို့မှာကား ထုံးစံအတိုင်း ဒါနကုသိုလ် ဖြစ်ကြပါသည်။

သေလွန်သူသည် မိမိအိမ် ရှာ မြို့ အနီးအပါး အကြိုအကြား၌ သွားလာလျက် စားရမဲ့သောက်ရမဲ့ပြိတ္တာမျိုး(အစိမ်း တစ္ဆေ သူရဲ) ဖြစ်နေလျှင် ကျန်ရစ်သော ဆွေမျိုးများက ဆွမ်း-သင်္ကန်း စသည်ကို လှူဒါန်း၍ "ဤအလှူသည် သွားလေသူ အမိ(အဘ, ဆွေမျိုး)အတွက် ဖြစ်ပါစေသတည်း၊ သွားလေသူ အမိ(အဘ, ဆွေမျိုး)မည်သူမည်ဝါသည် ချမ်းသာပါစေ သတည်း".... "ဤ ကုသိုလ်ကို ဝမ်းမြောက်စွာ သာဓုခေါ်ပါလော, အညီအမျှ ကုသိုလ်ရအောင် အမျှယူပါလော, အမျှပေးပါ၏" ဟု ပြောဆို၍ အမျှဝေသောအခါ ထို ပြိတ္တာများ

တွေ့မြင် ကြားသိလျှင် သာဓုခေါ်၍ အဝတ်အစားတို့ကို နတ်သွီး နတ်သားများ ကဲ့သို့ပင် ရရှိနိုင်ကြသည်၊ မိမိအတွက် လှူဒါန်းနေသော်လည်း မမြင်မကြားရသဖြင့် သာဓုမခေါ်နိုင်လျှင် မရကြသေးး ထို့ကြောင့် သေလွန်သူကို ရည်မှန်း၍ "ဒက္ခိဏာ"ကို ပြုသောအခါ မပြုမီကပင် အချို့အရပ်၌ သုသာန် စသည်သွား၍ "ယနေ့ အလှူဒါနပြုမှာမို့ လိုက်ခဲ့ပါ"ဟု ဖိတ်မန်ကာ အိမ်သို့ ခေါ်လာကြသည်၊ ထိုကုသိုလ်ကို အလွန်ဝေးသော ရှေးရှေးဘဝက ပြိတ္တာဖြစ်ကြသော ဆွေမျိုးဟောင်းများလည်း သာဓုခေါ်နိုင်လျှင် အဘို့ရခွင့် ရှိပါ၏၊ ထို့ကြောင့် တစုံတယောက် ဆုံးသောအခါ ဆူဆူပူပူနှင့် ပကာသန အတွက် သုသာန်မှာ လှူခြင်းထက် မိမိအိမ်မှာပင် ဆုံးသည့်နေ့ကစ၍ လှူဒါန်းလျက် အမျှဝေသော နည်းသာ ကောင်းမြတ်ပါသည်။

ရက်လည်ဆွမ်း။ ။အချို့အရပ်၌ ဆွေမျိုးတယောက် အနိစ္စရောက်ပြီးသောအခါ ရက်လည်ဆွမ်းကျွေးမှုကို ပြုကြ၏၊ထိုသို့ပြုရာ၌ အကြောင်းရင်းကား "လူတယောက်သေဆုံးသောအခါ ကံပစ်ချရာ ဘဝသို့ ချက်ခြင်းမပြောင်းသေးဘဲ ဘဝဟောင်း၌ရှိရစ်သောအိမ်နှင့် ဆွေမျိုးများ၏ အနီးအပါးဝယ် တဝဲလည်လည်နှင့် လှည့်လည်ကြည့်ရှုကာ ခုနစ်ရက်ကြာအောင် နေသည်" ဟု အယူရှိကြ၏ ထို့ကြောင့် ခုနစ်ရက်ပြည့်သောအခါ "ဘဝတပါးသို့အပြောင်းတွင် ဘဝဟောင်းက ဆွေမျိုးများပြုသော ကုသိုလ်ကို ဝမ်းမြောက်စွာ သာဓုခေါ်ပြီးလျှင် ကောင်းရာဘဝသို့ရောက်ပါစေတော့"ဟုရည်စူးလျက် ၇ ရက်လည်မှ ဆွမ်းသွတ်ကြသည်။

နည်းလမ်း မဟုတ်။ ။စင်စစ်မှာ ထိုသို့ မှတ်ထင် စွဲလမ်းသည့် အဟိုင်း ၇ရက်မျှ မိမိအိမ်၏ အနီးအပါးတွင် စောင့်စား လှည့်လည်နေတော့သည် မဟုတ်ပါ၊ ကံစီမံရာဘဝသို့ ချက်ခြင်းပင် ပြောင်းကြရပါသည်၊ ငရဲ ရောက်မည့်သူကို ကံက ဆိုင်းငံ့ စောင့်စားနေမည် မဟုတ်၊ ချက်ခြင်း ပစ်ချလိမ့်မည်၊ နတ်ပြည် ရောက်မည့်သူကလည်း ဆွေမျိုးဟောင်းများကို ငဲ့ညှာနေမည် မဟုတ်၊ အိမ် အနီးအပါး၌ နေ၍ ဤဘဝ ဆွေမျိုးများကပြုမည့်ကုသိုလ်ကိုမြော်လင့်နေသူကား ပြိတ္တာဘဝ ရောက်နေသူသာတည်း၊ ထို့ကြောင့် ရက်လည်အောင် ဆိုင်းငံ့ခြင်းသည် နည်းမှန်မဟုတ်ပါ၊ ဆုံးသည့်နေ့ကစ၍ တတ်အားသမျှ ကုသိုလ်ပြု အမျှဝေခြင်းသာ နည်းလမ်းကျပါသည်။

ပြိတ္တာ ရှစ်သောင်းလေးထောင်။ ။ဤကမ္ဘာမှ ပြန်၍ရေတွက်သော် ၉၂ ကမ္ဘာထက်၌ "ဖုဿ" မည်သော ဘုရားရှင် ပွင့်တော်မူပါသည်၊ ထို ဘုရားရှင်၏ ညီတော် မင်းသား သုံးယောက်တို့သည် စည်းစိမ်များကို ဘဏ္ဍာရေးမင်းကြီးနှင့် အခွန်ဝန်အား လွှဲအပ်၍ အရပ်ရပ် ကိစ္စတို့ကို မှာထားပြီးလျှင် ကျွန်တော်ရင်း တထောင်နှင့် တကွ တဝါတွင်းလုံး * ဆယ်ပါးသီလ စောင့်ထိန်းလျက် ကျောင်းတော်မှာ နေကြလေသည်၊ လွှဲအပ်ခဲ့သော ဝန်ကြီးများက ဘုရားအမှူးရှိသော သံဃာတော်များနှင့်တကွ မင်းသားတို့၏ အခြွေအရံများအတွက်ပါ ချက်ပြုတ်၍ ပြုစုကြရ၏။

× × × × ×

*ဤစကားကို ထောက်၍ "ရှိရင်း ရွှေ ငွေကို တခါထည်း မပေး မစွန့်သော်လည်း သီလ စောင့်ခိုက်၌ မကိုင် မခံလျှင် ၁၀ ပါး သီလကို စောင့်ကောင်း၏" ဟု သိသာ၏။

ထိုအခါ ကိစ္စကြီးငယ် ရွက်ဆောင်ပြုလုပ် ချက်ပြုတ်ကြသူ ဝန်မင်းဆွေမျိုးတို့သည် ရှစ်သောင်း လေးထောင်ခန့် ရှိသတတ်၊ သူတို့သည် သံဃာတော်များအတွက် ချက်ပြုတ်ထားသော စားသောက်ဘွယ်မှ သံဃာတော်များ မကပ်ရခင် နေ့စဉ်မပြတ် သား သီးများကိုလည်း ကျေးမွေးကြ, မိမိတို့လည်း စားသောက်မိကြသဖြင့် ဤကမ္ဘာ၏အစ လောက်ကပင် အားလုံး ပြိတ္တာများဖြစ်ကြ၍ စားရမဲ့ သောက်ရမဲ့ နေကြရလေသည်။ [ဤဝတ္ထုကိုထောက်၍ သူများ ဒါနပြုရာ၌ မိမိတို့က ဥုံးဥုံးဖျားဖျားမစားမိအောင် ကလေးများကိုလည်းမကျေးမိအောင် သတိပြုကြပါ။]

ထို့နောက် ပွင့်တော်မူလာသော ရှေးဘုရားရှင်များ အထံတော်သို့ ချဉ်းကပ်လျက် စားသောက်ရမည့်ကာလကို လျှောက်ထားကြရာ, "ဂေါတမဘုရား ပွင့်တော်မူလျှင် သင်တို့၏ဆွေမျိုး ဖြစ်ခဲ့ဘူးသော အခွန်ဝန်သည် ဗိမ္ဗိသာရမင်းဖြစ်၍ ဒါနပြုသောအခါ သင်တို့အား အမျှပေးဝေလိမ့်မည်၊ ထိုအခါ၌ သင်တို့ စားသောက်ကြရပေလိမ့်မည်" ဟု မိန့်တော်မူခဲ့သဖြင့် အမြော်ကြီး မြော်လင့်၍ နေခဲ့ကြလေသည်။

ထို့နောက် ငါတို့ဘုရားရှင် ပွင့်တော်မူလာ၍ ဗိမ္ဗိသာရမင်းသည် ရှေးဥုံးစွာ လှူဒါန်း ကျေးမွေးသောအခါ အမျှ မဝေမိသဖြင့် အဖို့မရ၍ ညဉ့်အခါ အသံပြုလျက် ကိုယ်ထင်ပြကြလေသည်၊ ဗိမ္ဗိသာရမင်းလည်း ဘုရားအထံတော်လာ၍ အကြောင်းကို လျှောက်ထားရာ အကြောင်းစုံကို ဟောတော်မူသောကြောင့် နောက်ထပ် သင်္ကန်းဆွမ်းတို့ကို လှူ၍ အမျှပေးမှ သာဓု ခေါ်ကြသဖြင့် ပြိတ္တာ အဖြစ်မှ လွတ်မြောက်၍ နတ်အဝတ်အစားများ ပေါ်ပေါက်ရလေသတဲ့။

(အဋ္ဌမအကြိမ်)

သတိထားဘွယ်။ ။အမျှပေးဝေမှုနှင့် စပ်၍ သတိထားဘွယ်တရပ်ကို ဥပရိပဏ္ဏာသ ဒက္ခိဏာဝိဘင်္သုတ် အဋ္ဌကထာ၌ တွေ့ရ၏၊ မုဆိုးတယောက်သည် သေလွန်၍ ပြိတ္တာ ဖြစ်နေသော ဆွေမျိုးကို ရည်စူးလျက် သီလသိက္ခာမရှိသော (ရဟန်းအတု) ကိုယ်တော်အား ၂ ကြိမ်တိုင်အောင် အလှူပေး၍ အမျှပေးဝေသော်လည်း အမျှမရဘဲ ရှိရာ, ၃ ကြိမ်မြောက် ပေးလှူပြန်သောအခါ ပြိတ္တာက "ငါ့ဘို့ ဥစ္စာကို ဒုဿီလကြီးက လုယူထားသည်" ဟု အော်ဟစ် သတဲ့။ [ဒုဿီလကိုလှူ၍ အမျှ ပေးဝေသောကြောင့် "ငါ့မှာ အဖို့မရဘူး" ဟု ဆိုလိုသည်။]

ထို့ကြောင့် ဆွေမျိုးဟောင်းကို ရည်မှန်း၍ လှူဒါန်း ကြရာ၌ မိမိကိုယ်တိုင် သီလ ဆောက်တည်လျက် သီလရှိသူအား လှူဒါန်း၍ အမျှပေးဝေမှ အဖို့ရဘွယ်ရှိကြောင်း ကောင်းကောင်းကြီး သတိပြုသင့်ကြပေသည်၊ သီလရှိသော ပုဂ္ဂိုလ်ကို မရွေးချယ်တတ်လျှင်၎င်း, ရွေးချယ်ရမှာအား နာလျှင်၎င်း, သံဃာအကုန်ကိုရည်မှန်း လှူဒါန်း၍ အမျှဝေသင့်ပါသည်။

"သံဃာ" ဟူရာ၌ ရဟန်းတော်အများ စုမိမှ "သံဃာ" ဟု မမှတ်ရ၊ ရဟန်းတပါးပင် ဖြစ်သော်လည်း မိမိက "သံဃာအား လှူပါ၏" ဟု သံဃာကိုရည်စူး၍ ဆွမ်းတထပ်လှူလျှင်လည်း သံဃိက ဒါန ဖြစ်နိုင်ပါ၏၊ ရဟန်းတော်အများကို ပင့်၍ လှူရာ၌မူ အထူးပြောဘွယ် မလိုပါ၊ ထို့ပြင်— သေလွန်သူကို အကျိုးရစေလိုသော ဆန္ဒဖြင့် ကုသိုလ်ပြုရာ၌ မည်သည့်နည်းနှင့်မျှ ဂုဏ် ပကာသနတွေ့ မပါရအောင် သတိပြုသင့်ပါသည်။

(အဋ္ဌမအကြိမ်)

အဥ္ဇလိကရဏီယ ဂုဏ်တော်ဖွင့်

(ကျက်မှတ်ရန်)

(၈) ဘဂဝတော-ရွှေဘုန်းတော်သခင်, ရှင်တော်မြတ်ဘုရား၏၊ ဧသ ဧသော သာဝကသံဃော – အစုံလေးပါး, သီးခြားရှစ်ဖေါ်, သံဃာတော်အပေါင်း, ဤ အရိယာသူတော်ကောင်းသည်၊ အဥ္ဇလိကရဏီယော - တလောကလုံး, ကိုင်းညွှတ်ရုံးလျက်, ရှင်ပြုံး ကြည်ညို, ရိုသေမြတ်နိုး, လက်အုပ်မိုး၍, ရှိခိုးခြင်းကိုလည်း ထိုက်တော်မူပါပေ၏။

× × × × × × ×

ကြည့်ရှုရန် အဓိပ္ပါယ်

အဥ္ဇလိကရဏီယ ဂုဏ်တော်သည် "လက်အုပ်ချီမှုကို ပြုထိုက်၏" ဟူသော အနက်ကို ပြသည်။ [အဥ္ဇလိ = လက်အုပ်ချီမှု + ကရဏီယ = ပြုထိုက်သည်။]

အရိယာ သံဃာတော်အပေါင်းသည် တလောကလုံးရှိ လူ နတ် ဗြဟ္မာ သတ္ဒာတို့၏ ကြည်လင်ရွှင်ပျ မြတ်နိုးလှစွာ ကိုင်းညွှတ်ရိုသေမှု လက်အုပ်ကို နဖူးပေါ် ရောက်အောင် မိုးလျက် ရှိခိုးမှုကို ခံထိုက်ပေ၏၊ ပုထုဇဉ် သံဃာတို့ကား အရိုအသေခံထိုက်လောက်အောင် သီလသမာဓိ ပညာဂုဏ်မရှိပါလျှင် လူတို့က အရိုအသေပြုမှုကြောင့် မိမိတို့အပေါ်၌ ကြီးလေးသောတာဝန်များ တက်ရောက်လာဘွယ်ရှိသည်၊ ဝိသုဒ္ဓိမဂ်လာ အောက်ပါ ဂါထာသည် အလွန် သံဝေဂဖြစ်ဘွယ် ကောင်းသော ဂါထာပေတည်း။

ပိဏ္ဍောပိဿ အယောဂုဋ္ဌော,
အယောပဋ္ဌောဝ စီဝရံ၊
ဝိဟာရော အယောကုမ္ဘီဝ,
သတ္တိဝေဓောဝ အဥ္ဇလိ။

အဿ-ထို သီလသိက္ခာ, ကောင်းစွာ မစင်, ပုထုဇဉ်ဆိုး, ရဟန်းမျိုး၏၊ ပိဏ္ဍောပိ - ဒကာ ဒကာမ, သဒ္ဓါကြွ၍, ထာဝရ လှူဒါန်း, စားဘွယ် ဆွမ်းသည်လည်း၊ အယောဂုဋ္ဌောဝ – အရှိန်ရဲရဲ, မီးလျံစွဲသည်, သံခဲ သံလုံး, သံတုံးတွေနှင့် တူလှလေ၏၊ စီဝရံ- ကိုယ်ဝယ် ဆင်မြန်း, ဝတ်သက်နှင်းသည်၊ အယောပဋ္ဌောဝ – အရှိန် ကြီးမား, မီးလျံဝါးသည့်, သံပြားကြီးနှင့် တူလှလေ၏၊ ဝိဟာရော–သွား ရပ်ထိုင် လျောင်း, နေရာကျောင်းသည်၊ အယောကုမ္ဘီဝ – ဝန်းကျင်တောက်ပြောင်, ရဲရဲလောင်ညီး, သံအိုးကြီးနှင့် တူလှလေ၏၊ အဥ္ဇလိ- လူသူအားလုံး, များညွှတ်ရုံး၍, ရွှင်ပြုံးကြည်ညို, ရိုသေမြတ်နိုး, လက်စုံမိုး၍, ရှိခိုးကြခြင်းသည်၊ သတ္တိဝေဓောဝ-အရောင်လက်လက်, မြမြထက်သည့်, လှံရွက်ကိုမိုး, ဝိုင်း၍ထိုးသည်နှင့် တူလှလေသတည်း။

မိမိ၏ သီလသိက္ခာ မလုံလောက်လျှင် ရဟန်းအဖြစ်၌ နေထိုင်ဘို့ရန်ပင် မသင့်တော့ပြီ၊ ရဟန်းအဖြစ်ဟူသည် အလွန်ကြီးမားသော ဆုထူးကို ရည်ရွယ် မှန်းထားသော အဂ္ဂသာဝက မဟာသာဝက အလောင်း ဘုရားအလောင်း များနှင့်သာ, သို့မဟုတ် – နိဗ္ဗာန်ကို မြန်မြန်ရလို၍ သံသရာ၌ ငြီးငွေ့သော သူတော်ကောင်း တို့နှင့်သာ ထိုက်တန်၏၊ အမှတ်တမဲ့ နေသူတို့မှာ ဗုဒ္ဓသာသနာတော်နှင့် မတန်မရာချေ။

အနုတ္တရ ပုညခေတ္တ ဂုဏ်တော်ဖွင့်

(ကျက်မှတ်ရန်)

(၉) ဘဂဝတော—ရွှေဘုန်းတော်သခင်, ရှင်တော်မြတ်ဘုရား၏၊ သေ သေသော သာဝကသံဃော-အစုံလေးပါး, သီးခြားရှစ်ဖေါ်, သံဃာတော်အပေါင်း, ဤ အရိယာသူတော်ကောင်းသည်၊ လောက ဃ — လူ နတ် ဗြဟ္မာ, သတ္တဝါအပေါင်း၏၊ အနုတ္တရံ — အတူ မရှိ, မြတ်ခေါင်ထိသော၊ ပုညခေတ္တံ— ကုသိုလ် ကောင်းမှု, မျိုးစေ့စုစု၏, ကြီးထု မြင့်မား, စွင့်စွင့် ကားလျက်, ဖွင့်ထွား ဘွယ်ရာ, လယ်ယာ မြေကောင်းအတူ, ဖြစ်တော်မူပါပေ၏။

× × × × ×

ကြည့်ရှုရန် အဓိပ္ပါယ်

အနုတ္တရ ပုညခေတ္တ ဂုဏ်တော်သည် "ကောင်းမှုမျိုးစေ့ကို ကြဲချ စိုက်ပျိုးဘို့ရာ မြတ်သောလယ်ယာနှင့် တူတော်မူ၏" ဟူသော အနက်ကို ပြ၏။
[အနုတ္တရ= မြတ်သော+ ပုည= ကောင်းမှု+ ခေတ္တ = လယ်ယာ။]

အရိယာ သံဃာတော်သည် လယ်ယာ မြေကောင်းနှင့် တူ၏၊ ကောင်းမှုရှင်များကား လယ်ယာရှင်နှင့်တူသည်၊ ကောင်းမှုရှင်များ ပြုကြသော လှူဒါန်းမှု, ရဟန်းတော်များ၏အဆုံးအမအတိုင်း သီလ ဆောက်တည်မှု, ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းမှုမှာ အောင်အောင် မြင်မြင့် အနှစ်ပြည့်ဝသော မျိုးစေ့နှင့် တူသည်။

လယ်ယာ စိုက်ပျိုးရာ၌ မြက် သစ်ပင်စသော အနှောက်အယှက် ကင်း၍ သန့်ရှင်းသော လယ်ယာ၌ စိုက်ပျိုးသော မျိုးစေ့များသည် စည်ပင် ပြန့်ပွား ဖွင့်ထွား ကြီးမားသကဲ့သို့, ကောင်းမှုရှင်များသည်

သို့ပါလျက် အမြင်တိုသော ဆွေမျိုး များက "လူ့ဘောင်၌ တလေ လုပ်နေလျှင် အိမ်မှာ အနှောက်အယှက် ပေးလိမ့်မည်, ရုဇဝတ်မှု ကျူးလွန်လျှင် ထောင်ကျ၍ ဆင်းရဲလိမ့်မည်, ဘာမှ အလုပ်အကိုင် မတတ်လျှင် အသက်မွေး ခက်လိမ့်မည်၊ ဘုန်းကြီး လုပ်နေလျှင်ကား အစားအသောက် အနေအထိုင် မကြောင့်ကြရ, ဘာမျှ မလုပ်မကိုင်ဘဲ ဘုရားထူး ဥုံးချခံ၍ ဟန်ဟန် ပန်ပန်ကြီး နေနိုင်သည်" ဟု သူတို့တွက်ကိန်းအရ အိမ်၌ အသုံးကျပုံ မပေါ်သူကို ဘုန်းကြီးလုပ်ဘို့ တိုက်တွန်းလိုက်ကြသဖြင့် သာသနာ့ဝန်ကို မဆောင်နိုင်ဘဲ သာသနာတော်ကြီးကို "ဖိစီး" နေသော သာသနာ့ဝန်စီးတွေ ပေါများ၍ နေသည်မှာ လွန်စွာ ဝမ်းနည်းဘွယ်ကောင်း လှတော့၏။

လောက ကောင်းကျိုးကို ဆောင်ရွက်နေသော ပုဂ္ဂိုလ်ကောင်း များနှင့် ဆက်ဆံခွင့်မရသော ခေတ်လူငယ် တချို့က ထို သာသနာ့ဝန်စီးများကို ကြည့်၍ ဘာသာရေးကို ပစ်ပယ်လိုသော စိတ်ထား များလည်း ယခုအခါ ပေါ်ပေါက်လာသဖြင့် သာ၍ ကြောက်ဘွယ် ဘေးကြီးနှင့် ရင်ဆိုင်ရတော့မလို ဖြစ်နေချေပြီ၊ ဝန်ဆောင်ပုဂ္ဂိုလ် များသည် သာသနာသန့်ရှင်းရေးကို ကြိုးစားနိုင်ကြလျှင် ကြိုးစားဘို့ အချိန် ရောက်နေပါပြီ၊ မကြိုးစားနိုင်ကြလျှင်ကား တခြားနိုင်ငံက ဘုန်းကြီးများ၏ အခြေအနေသို့ ရောက်ဘို့ရန် အချိန်ကြာကောင်းမှု ကြာပေမည်။[တခြားနိုင်ငံ၌ ဘုန်းကြီးအခေါ် ခံရသူများကို အထက် တန်းမှာ မထားကြ၊ ထို ဘုန်းကြီးများလည်း သင့်တော်သလို ရှာ ဖွေ၍ အသက်မွေးကြရရှာသည်။]

လှူဒါန်းမှု အစရှိသော မျိုးစေ့တို့ကို ကိလေသာ အညစ်အကြေးတို့မှ ကင်းဝေး စင်ကြယ်ပြီးသော အရိယာသံဃာတော်၌ စိုက်ပျိုးကြဲချလိုက်မှသာ နောင် အချိန်ကျသောအခါ အလွန် ကြီးမားသော အကျိုးများကို စံစားကြရပါလိမ့်မည်။

ထို့ကြောင့် ယခုနှယ်အခါ အရိယာသံဃာဟူ၍ သိသိသာသာ မထင်ရှားရကား သံဃာအများနှင့် စပ်ဆိုင်သော ကထိန်သင်္ကန်း လှူဒါန်းမှု, နေ့စဉ် ဆွမ်းလောင်းမှု စသော ကိစ္စ၌ ပရိနိဗ္ဗာန် စံဝင်ပြီးသောသံဃာတော်များနှင့် တသာသနာလုံး သံဃာတော်များကို ရည်မှန်း၍ လှူဒါန်းကြပါ၊ တပါး နှစ်ပါးစသည် လှူဒါန်းရာ၌ကား သီလ သမာဓိ ပညာ, ကောင်းစွာ လုံလောက်သော ပုဂ္ဂိုလ်များကို ရွေးချယ်၍ လှူဒါန်းမှသာ အကျိုးများများ ရနိုင်မည်၊ ပုထုဇဉ် သူတော်ကောင်းများလည်း သောတာပန်လောက်နီးနီး ခရီးရောက်ကြပေသည်။

လာဇာနတ်သွီးဝတ္ထု။ ။ ဘုရားလက်ထက်တော်က ဆင်းရဲသူ အမျိုးသွီးတယောက်သည် လယ်တောစောင့်ရင်း သရည်စာ အဖြစ်ဖြင့် စားဘို့ရာ ပေါက်ပေါက်ကလေးများကို လှော်ထား၏၊ အရှင်မဟာကဿပမထေရ်မြတ်လည်း နိရောဓသမာပတ်မှ ထလျှင် ဆင်းရဲသူမကလေးကို မြင်သဖြင့် လယ်တောသို့ ဆွမ်းခံ ကြွတော်မူသည်၊ အမျိုးသွီးကလေးသည် မိမိစားဘို့ရာ ပေါက်ပေါက်ကလေးများကို လာရောက် လှူဒါန်းပြီးလျှင် ဝမ်းမြောက်ဝမ်းသာ မိမိ၏ အလှူကို အောက်မေ့လျက် လယ်စောင့်တဲသို့ အပြန်တွင် ကစင်း (ကန်သင်း) ရိုးမှ မြွေကိုက်သဖြင့် ချက်ခြင်းဆုံးလေသည်၊ ထိုအခါ မိမိကူသိုလ်ကို

ဝမ်းမြောက်သောစိတ်ကစွဲနေသဖြင့် အလွန် မဆင်းရဲဘဲ နတ်ပြည်သို့ ရောက်၍ ပေါက်ပေါက်ဇာတွေ တွဲရရွဲဆွဲနေသော ဘုံ၌ နတ်သွီး ဖြစ်ကာ "လာဇာနတ်သွီး" ဟု ထင်ရှားလေသည်။[ပေါက်ပေါက်ကို ပါဠိလို "လာဇာ" ဟု ခေါ်သည်။]

ထို့နောက် အရှင်မဟာကဿပ မထေရ်ကို ကျေးဇူး တင်လှ၍ ဝတ်ကြီး ဝတ်ငယ် ပြုစုလိုသောကြောင့် အရှင်မဟာကဿပ နေရာ လိုက်ဂူသို့ ဆင်းလာသောအခါ အရှင်မဟာကဿပက အပြုအစုမခံသဖြင့် ငိုငိုရီရီနှင့် နတ်ပြည်သို့အပြန်တွင် ဘုရားရှင် မြင်တော်မူ၍ တရားဟောတော်မူရာ "သောတာပန်" အဖြစ်သို့ ရောက်လေသည်၊ ဤသို့လျှင် အရိယာ သံဃာတော်သည် ကောင်းမှု တည်းဟူသော မျိုးစေ့ကို စိုက်ပျိုးဘို့ရာ အတုမရှိသော လယ်ယာမြေကောင်းနှင့် တူပါပေသည်။ [ဓမ္မပဒ အဋ္ဌကထာ, ပါပဝဂ်။]

ဤဝတ္ထု၌ အနည်းငယ်သော ပေါက်ပေါက် ကလေးများကို လှူဒါန်းမှုကြောင့် နတ်စည်းစိမ် ရရုံမျှမက, သောတာပန် ဖြစ်သည့် တိုင်အောင် ကြီးကျယ်သော အကျိုးထူးကို ရသည်မှာ ညောင်စေ့ ကလေးစိုက်ပျိုးလိုက်ရာ ညောင်ပင်ကြီးပေါက်လာသည်နှင့်တူသောကြောင့် "ညောင်စေ့လောက်လှူလိုက်လျှင် ညောင်ပင်ကြီးလောက်ရ၏" ဟု ပြောစမှတ်ပြုကြပေသည်။

တိုက်တွန်းချက်။ ။ယခုကာလ မိကောင်း ဘကောင်း သားသွီးတို့မှာ ရှေးကပြုခဲ့သော အကုသိုလ်တွေ ရှိစေကာမူ အကျိုးမပေးရလျှင် မနေနိုင်လောက်အောင် (အပါယ် ၄ ပါးသို့ မချရလျှင် မနေနိုင်လောက်အောင်)ကြီးကျယ်သောအကုသိုလ်ကံများကား အကျိုး

ပေးသင့်သမျှ ပေးပြီးဖြစ်၍ နောက်ထပ်အကျိုးပေးဘို့ရာ အကုသိုလ်ကံကြီးများ မရှိသလောက် နည်းပါးလေပြီ၊ ထို့ကြောင့် ယခုဘဝ၌ ကြီးကျယ်သော အကုသိုလ်ကံများကို နောက်ထပ် မဖြစ်ရအောင် စောင့်စည်း၍ ကြိုးကြိုးစားစား ပါရမီဖြည့်သွားလျှင် ကောင်းသော ဘဝသို့ ရောက်ဘို့ရန်မှာ မလွဲနိုင်တော့ပြီ၊ တကယ်တမ်း လိုချင်ပါမူ နိဗ္ဗာန်နှင့် နီးလှပေပြီ။

ယခုဘဝကား သေရေး ရှင်ရေးထက် အရေကြီးသော ဘဝပေတည်း၊ ယခုဘဝ၌ မေ့မေ့လျော့လျော့နှင့် ခပ်ပေါ့ပေါ့နေသွားကြလျှင် သံသရာမှကျွတ်လွတ်ဘို့အတွက် မြော်လင့်ချက် ဝေးလှ၏၊ ယခုဘဝ၌ အားရပါးရ ကြိုးစားကြလျှင်ကား အထက်တန်း ရောက်ဘို့လည်း မခက်, သံသရာမှ လွတ်ဘို့လည်း မခက်တော့ပြီ၊ သို့အတွက် ကိုယ်စီ ကိုယ်ငစိတ်ထား မြင့်မြတ်အောင် ပြုပြင်လျက် အကုသိုလ်များကို အထူးဆင်ခြင်ကြပြီးလျှင် ပြခဲ့သောဝတ္ထုကိုထောက်ထား၍ ကုသိုလ်ကောင်းမှုကို နေ့စဉ် ကြိုးစားကြပါ၊ ထိုကဲ့သို့ ကြိုးစား၍ စိတ်ကောင်းထားသူသည် ဘဝအဆက်ဆက်၌ သူတော်ကောင်းနှင့် တွေ့၍ ထို သူတော်ကောင်းအထံမှ ကောင်းသော ဩဝါဒကို ရနိုင်ပါ၏၊ ထိုဩဝါဒအတိုင်း နေထိုင်လျှင် အပါယ် မကျနိုင်တော့ဘဲ ပါရမီ အဆင့်ဆင့် ရနိုင်ပါသည်။

သူတော်ကောင်း ဆိုသည်မှာ – (၁) ငါးပါးသီလကို လုံခြုံသူ, (၂) ငါးပါးသီလ၌ မပါသေးသောဒုစရိုက်များကို ရှောင်လေ့ရှိသူ, (၃) ဣဿာ မစ္ဆရိယမဖြစ်အောင် သတိထားသူ, (၄) ဒါနစသော ပုညကြိယဝတ္ထုကို စွမ်းနိုင်သမျှ ပြုလေ့ရှိသူသာတည်း။

သံဃာ့ရှိခိုး ဂါထာဖွင့်

(ကျက်မှတ်ရန်)

ဧဝံ နဝဟိ ဂုဏေဟိ,
လောကမှိ ဝိဿုတံ ဂဏံ၊
သာသနံ စိရဓာတာရံ,
ဝန္ဒာမိ တီဟိ သာဒရံ။

ဧဝံ နဝဟိ ဂုဏေဟိ - ဤ သုပ္ပဋိပန္နတာ, အစလာသည့်, ကိုးဖြာသော ဂုဏ်တော်အပေါင်းတို့ဖြင့်၊ လောကမှိ - ဘဝဂ် ဆုံးအောင်, ဘုံ သုံးဆောင်၌၊ ဝိဿုတံ - တိတ္ထိတို့ဘောင်, လွန် မြားမြောင်သည့်, ဟန်ဆောင်သံဃာ, အဖြာဖြာထက်, အရာရာဖြင့်, ဂုဏ်ရည်တင့်၍, ကြီးမြင့် ထင်ရှားပေထသော၊ သာသနံ – ကမ္ဘာ့ကမ္ဘာ, လွန်လေပါလည်း, တခါတဖန်, ကြုံရန်ခဲကပ်, အမြတ်ရတနာ, ဤ သာသနာတော်မြတ်ကြီးကို၊ စိရဓာတာရံ-ဘုရားလက်ထက်, အဆက်ဆက်မှ, မပျက်ရအောင် ပို့ချသင်ယူ, ဆောင်ရွက်တော် မူလာပေထသော၊ ဂဏံ - အတွင်းစိတ်ဓာတ်, မြင့်မြတ်ကြည်လင်, သူတော်စင်ကောင်း, အရိယာသံဃာတော်အပေါင်းကို၊ တီဟိ - လက်အုပ်အဥ္ဇလီ, နှုတ်သံချီ၍, ရွှင်ကြည်မနော, သုံးပါးသော ဒွါရတို့ဖြင့်၊ သာဒရံ-လေးမြတ်ကြည်ညို, ရှိသေခြင်းရှိသည် ဖြစ်၍၊ ဝန္ဒာမိ – ဂုဏ်တော် ထုံမွမ်း, ပုံတော်မှန်းလျက်, ချီးမွမ်း ထောမနာ,....ပဏာညွတ်ကျိုး, လက်စုံမိုး၍ ရှိခိုး ကန်တော့ပါ၏ဘုရား။

× × × × ×

[ဂုဏ်တော် ၉ ပါးကို သံဃာ့ဂုဏ်တော့်ဖွင့်အစ၌ ပြခဲ့ပြီ။]

ကြည့်ရှုရန် အဓိပ္ပါယ်

တိတ္ထိတို့ဘောင် .... ကြီးမြင့် ထင်ရှားပေထသော။ ။ဘာသာ ဘိုင်းဌ ဘုရားအပြင် တပည့်သံဃာများလည်း ရှိကြရိုးပင် ဖြစ်ပေ၏၊ တိတ္ထိတပည့် ဟူသမျှတို့ထက် ဘုရားရှင်၏ အရိယာ ဖြစ်ပြီးသော တပည့်သံဃာတော်များက အရာရာ၌ ဂုဏ်အရည်အခြင်း သာလွန် ကျော်စောတော်မူကြပေသည်။

ရာဇဂြိုဟ် သဒ္ဒေးကြီး။ ။ဘုရားရှင် လက်ထက်တော်အခါ ရာဇဂြိုဟ်ပြည်၌ သဒ္ဒေးတဥုးသည် ရေချိုးရာမှ စန္ဒကူးနှံ့သာတုံးကို ရသဖြင့် သပိတ်လုပ်စေပြီးလျှင် ယခုကဲ့လ၌ ရဟန္တာတွေ အလှန် ပေါများနေပေသည်၊ "ရဟန္တာအစစ်ရှိလျှင် ဤသပိတ်ကို တန်ခိုးဖြင့် ဆောင်ယူပါလော" ဟု ကြော်ငြာပြီးလျှင် အတောင် ၆၀မြင့်သော ဝါးကြီးကို စိုက်ထောင်ကာ သပိတ်ကို ဆွဲထားလေသည်၊ ထိုအခါ တပည့် သံဃာများနှင့်တကွ တိတ္ထိဘုရား ဆရာကြီးများ ကိုယ်တိုင် လဲ၍ ဈာန်ပျံတော့မည့် ဟန်ကို ပြရာ, တပည့်များက " အရှင် ဘုရား ..... သပိတ်ကလေး တလုံးအတွက် အဖိုးများစွာ ထိုက်သော တန်ခိုးတော်ကိုပြတော်မမူပါနှင့်ဘုရား" ဟု ဆွဲကြင်ကြ တောင်းပန် ကြ၍ ဟန်ကိုပြလျက် ပြန်ကြလေသည်။

ဤနည်းအတိုင်းဟန်ပြလျက် အချိန်ကုန်ပြီးနောက် ၇ရက်မြောက် ၌ကား အရှင်မောဂ္ဂလ္လာန်၏ တိုက်တွန်းချက်အရ အရှင် ပိဏ္ဍောလ ဓမထေရ်သည် သုံးဂါဝုတ်လောက်ရှိသော ကျောက်ဖျာကြီးကို ခြေမ ဖြင့် တို့ယူ၍ ရာဇဂြိုဟ်ပြည်၏ အထက်ကောင်းကင်၌ ဈာန်ပျံလေရာ, တပြည်လုံး အုံးအုံးကြွက်ကြွက် ဆူကာ " အရှင်ဘုရား သတိထား

တော်မူပါ,..... ကျောက်ဖျာကြီး ကျလာပါမည်, သတိထားတော် မူပါ" ဟု လက်နှစ်ဘက်ဖြင့် ဥုးခေါင်းပေါ်မှာ ကွယ်ကာကြလျက် တောင်းပန်သူက တောင်းပန်, ဗန်း စကောစသည်ကိုဥုးခေါင်းပေါ် တင်၍ ကွယ်ကာသူက ကွယ်ကာ, အိမ်တွင်းမှာ ပုန်းသူက ပုန်းနှင့် တရုန်းရုန်း လှုပ်ရှားနေလေသည်။ [ဈာန်အဘိညာဉ်၏ တန်ခိုးသည် လေးသောအရာ ပေါ့, ပေါ့သောအရာ လေးအောင်ပြုနိုင်၏။]

ထို့နောက် အတောင်ကြာအောင် လှည့်ဝဲပြီးမှ သဒ္ဒေးကြီး၏ ပင့် လျောက်ချက်အရ ကျောက်ဖျာကြီးကို သူ့နေရာချ၍ ကောင်းကင်မှ ဆင်းသက်တော်မူခဲ့သည်၊ ဤသို့လျှင် ဘုရားရှင်၏သာဝကဖြစ်သော သံဃာတော်များသည် တိတ္ထိတို့၏ ဟန်ဆောင်သံဃာများနှင့် အနေ အထိုင်မှစ၍ ဂုဏ် အရည်အခြင်းအားဖြင့် အရာရာ ကွာခြားလျက် ကြီးကျယ် ထင်ရှားပါပေသည်။ [စူဠဝဂ္ဂပါဠိတော် - ခုဒ္ဒကဝတ္ထု ခန္ဓက။]

သာသနာ သုံးရပ်

(၁) ပရိယတ္တိသာသနာ = ပါဠိတော်နှင့် အဋ္ဌကထာကျမ်းစာများ။
(၂) ပတိပတ္တိသာသနာ = တရားတော်အတိုင်း ကျင့်ကြံအားထုတ်မှု။
(၃) ပတိဝေဓသာသနာ = မဂ်ဖိုလ် နိဗ္ဗာန်တရားကို သိကြ ရကြမှု။

သံဃာတော်သည် သာသနာတော်မဟုတ်, သာသနာ့ဝန်ဆောင် များသာတည်း၊ ထို သာသနာ့ဝန်ဆောင်ဖြစ်ကြသော သံဃာတော် များ၏ တာဝန်ကား အထက်ပါ သာသနာ သုံးမျိုးကို ကိုယ်တိုင် အားထုတ်ခြင်း, သူတပါးတို့ကို နားလည်အောင် ပို့ချ ဟောပြခြင်း အားဖြင့် ကွယ်ပျောက်မသွားအောင် စောင့်ရှောက်ရခြင်းတည်း။

ဘုရားလက်ထက်....ဆောင်ရွက်တော်မူ ။ ။ ဤ သာသနာသုံးရပ်ကို မကွယ်ပအောင် ဘုရားလက်ထက်တော်မှစ၍ ကျမ်းဂန်တတ်သိ ပညာရှိအပေါင်းတို့သည် အဆက်ဆက် **ဆောင်ရွက်**တော်မူလာခဲ့ကြပေသည်၊ အကယ်၍ ရှေးရှေးက သံဃာတော်များသည် ကိုယ်ကျိုးအတွက် သက်သက်ကြည့်၍ တရားကိုချည်း **အား**ထုတ်နေခဲ့ကြသော်၎င်း, ရဟန်းသံဃာများကို အဆက်ဆက် စာပေမပို့ချတဲ့အေးအေးနေခဲ့ကြ**သော်**၎င်း, ဒကာ ဒကာမတွေကိုသာ ဟောပြော၍ နေခဲ့ကြသော်၎င်း, ဤ သာသနာသုံးရပ်သည် ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီးနောက် မကြာခင် ကွယ်ပျောက်ခဲ့ရာ၏၊ စာချဆရာတော်တို့၏ အပင်ပန်းခံလျက် ကျမ်းဂန်ပြုခြင်း အဆက်ဆက် စာပို့ချခြင်းကြောင့်သာ ယခု တိုင်အောင်ပင် ဤသာသနာတော်ကြီးကို **အား**လုံး တွေ့ကြုံရပေသည်၊ သာသနာတော် တည်တံ့ရေးကို သတိပြုမိသောအခါ ကျမ်းပြု စာချဆရာတော်များ**သည်** အထူးကြည်ညိုစရာ ကောင်းလှပါပေသည်၊ ထို့ကြောင့် ကျမ်းဂန်တတ်သိ ပညာရှိများကို"ဘုရားအရာထား၍ ဘုရားရှင် ကိုယ်တော်စား သာသနာပြုပုဂ္ဂိုလ်များ"ဟု မြွောက်စားခဲ့ကြပေသည်။

သာသနာ ဆောင်ရွက်ခဲ့ပုံအစဉ်

ပဌမ သင်္ဂါယနာတင်ခြင်း။ ။ဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးနောက်၌ ၇ ရက်လောက် အကြာမှာ **အ**ရှင်**မ**ဟာကဿပ ရွှေတွင် ရဟန်းတပါးက မဖွယ်မရာ **စ**ကား**ဖြ**င့် ရှင်တော်ဘုရားကို ထိပါးပုတ်ခတ်ခြင်းကြောင့် ပရိနိဗ္ဗာန်စံပြီး၍ လေးလမြောက်မှာ အရှင်မဟာကဿပကိုယ်တိုင် ကြီးကြပ်၍ ပဝိဏကတော်များကို စီစဉ်ကာ

သင်္ဂါယနာ တင်ခဲ့ရသည်။ [အားလုံးပေါင်း၍ တညီတညွတ်ထည်းရွတ်ဆိုကြခြင်းကို " သင်္ဂါယနာတင်ခြင်း " ဟု ခေါ်ရသည်၊ သံ + ဂါယနာ၊ သံ=စုပေါင်း၍ + ဂါယနာ=ရွတ်ဆိုခြင်း။]

ဒုတိယသင်္ဂါယနာတင်ခြင်း။ ။ထို့နောက် အနှစ်တရာလောက်ကြာပြန်လျှင် ရဟန်းအချို့တို့ ငွေအလှူခံမှုကြောင့် " အရှင် မဟာယသ " တိုက်တွန်းချက်အရ ဒုတိယသင်္ဂါယနာ တင်ခဲ့ရပြန်သည်။ [မအပ်မရာ ငွေအလှူခံမှုကား သို့ကလောက်ပင် အရေးကြီး၏။]

တတိယ သင်္ဂါယနာတင်ခြင်း ။ ။ ထို့နောက် ဘုရားရှင် ပရိနိဗ္ဗာန်စံ၍ အနှစ် ၂၃၅ နှစ်မြောက်တွင် ဓမ္မာသောကမင်းကြီး၏ လက်ထက်မှာ သာသနာတော်ဝင်၍ တိတ္ထိတို့ နှောက်ရှက်မှုကြောင့် " အရှင် မောဂ္ဂလိပုတ္တတိဿ " **အ**မှူးပြုလျက် တတိယသင်္ဂါယနာ တင်ခဲ့ရပြန်သည်။

စတုတ္ထသင်္ဂါယနာတင်ခြင်း။ ။ထိုသင်္ဂါယနာ တင်ပြီးနောက် သာသနာတော်သည် သီဟိုဠ်ကျန်းနှင့်တကွ အရပ်ရပ် ပျံ့နှံ့လေရာ, သထုံပြည်တိုင်အောင် ရောက်လာလေသည်၊ သီဟိုဠ်ကျန်း၌ များစွာစည်ပင် ထွန်းကားစဉ် "ပြာဟ္မဏတိဿ" သူပုန်ဘေးကြီး ဖြစ်ပေါ်လာ၍ ပြည်ရှာ **မ**ငြိမ်သက်ရကား ရဟန်းအများပင် မဇ္ဈိမဒေသ အိန္ဒိယတက်သို့ ကူးသွားကြရလေသည်။

ထိုအခါ ကျမ်းတတ်အကျော် အချို့ဆရာတော်တို့သည် သီဟိုဠ်ကျန်းမှာ ကျန်ရစ်ခဲ့ကြ၍ လူအများလည်း တောထဲ၌ ပုန်းအောင်းနေရကား ဆွမ်းဘောဇဉ်ကို မျှတအော**င်** **မ**ဆို**ထား**ဘို့ စားကောင်း

ကြရာတွင် စာတတ်ပုဂ္ဂိုလ်ချည်းပင် သုံးရာကျော်လောက် ပါသွားသတဲ့၊ ထိုအခါ ကျန်ရစ်သော ရဟန်းတော်များက စာပေများကို စုဆောင်းကြရာ ဝိနည်းငါးကျမ်းတွင် ပရိဝါ ပါဠိတော်ကို ရှာဖွေမရဘဲ ရှိလေသော်, အတော်ကြာအောင် လိုက်၍ရှာကြမှ နှုတ်လွတ်ရသော တောကျောင်းဘုန်းတော်ကြီး "အရှင်ဒီပ" ကို တွေ့၍ ကူးယူကြရလေသတဲ့။

ထိုသို့ ကြိုးကြိုးစားစားနှင့် မြန်မာဆရာတော်များ ဆောင်ရွက်လာခဲ့ကြရာ မင်းတုန်းမင်းလက်ထက်မှာ "ပဋ္ဌမ သင်္ဂါယနာတင်" အနေသို့ရောက်အောင် တံဆိပ်ရ ဆရာတော်ကြီးများ ပြင်ဆင်လျက် ကျောက်ထက်အက္ခရာ တင်တော်မူခဲ့ကြ ပေသည်၊ ထို မင်းတရား၏ သာသနာကို မြောက်စား ချီးမြှင့်မှုကြောင့် ယခုအခါ မြန်မာနိုင်ငံ သာသနာတော်သည် အတိဓမ္မာ ဘက်နှင့် ဝိနည်း ဘက်၌ သိဟိုဠ် ယိုးဗျား တိဘက် ဂျပန် တရုပ်ပြည်၌ရှိသောသာသနာထက် သာလွန် ကောင်းမြတ်လျက် ရှိပေသည်။

ဤသို့ ဘုရားရှင် ပရိနိဗ္ဗာန် စံလွန်တော်မူသည်မှစ၍ သာသနာတော်ကြီး ကွယ်ပျောက်ဆင့်ပါလျက် မကွယ်ပျောက်ရလေအောင် ဆောင်တော်မူလာကြသော အရိယာ သံဃာတော်များနှင့် ပုထုဇဉ် ပညာရှိအပေါင်း သူတော်ကောင်းတို့သည် နောင်လာ နောက်သား ဗုဒ္ဓဘာသာဝင်များအဘို့မှာ လွန်စွာ ကျေးဇူးများကြပါပေသည်။

အထူး သတိပေးချက် ။ ။ ဤ ပြခဲ့သော စကားစဉ် အရ သံဃာ့ရတနာ၏ အကြောင်းအရာနှင့် တကွ သာသနာ့ဝန်ဆောင် ပုဂ္ဂိုလ်များကို ရွေးချယ်တတ်လောက်ပါပြီ၊ တရံတခါ သံဃာကုန်

ရာရာ သစ်သီးသစ်ရွက်ကိုမျှ မှန်မှန်လှူနိုင်သူ မရှိသဖြင့် ရံဖန်ရံခါ အစာအဟာရကို မရကြပါ။ သို့သော် နှုတ်တက်ဆောင်ထားသော ကျမ်းဂန်များကို မေ့မည်စိုးသောကြောင့် ရေစိုသော သဲပြင်ပေါ်မှာ ခွေလျောင်းပြီးလျှင် ရင်မှပူရအောင် ရင်ဘတ်ပေါ်မှာ သဲစိုတင်၍ ပိဋကတော်များကို ရွတ်အံသရဇ္ဈာယ်ကာ ဆောင်ရွက်ခဲ့ရှာကြ ပေသည်။ (လုံ့လတော်ကြီးမား၍ သာသနာတော်မှာ ကျေးဇူးတော်များကြပါပေစွဉ့်။)

ထို့နောက် သူပုန်ဗဟိုကြီး ငြိမ်းအေးသွားသောအခါ အားလုံးသံဃာတော်များသီဟိုဠ်ကျွန်းသို့ ပြန်ရောက်ကြသဖြင့် နောက်နောင်အခါ ယခုလိုဘေးကြီး ဖြစ်လာခဲ့လျှင် နောင်လာ နောက်သားတို့ ပိဋကတော်ကို နှုတ်တက်ဆောင်နိုင်ရန် ခဲယဉ်းမည်ကို မြင်တော်မူကြ၍ ပရိနိဗ္ဗာန် စံတော်မူပြီးနောက် အနှစ် ၄၅၀ လောက်မှာ ဝဋ္ဋဂါမဏိမင်း၏လက်ထက်၌ ပိဋကတော်များကို ပေရွက်ပေါ်ရေးသား စေ၍ စတုတ္ထသင်္ဂါယနာ တင်တော်မူခဲ့ရပြန်သည်။ [စတုတ္ထသင်္ဂါယနာ မတင်မီက ယခုကာလလို စာဖြင့် ရေးသား၍ မထားဘဲ နှုတ်တက်ရအောင် ဆောင်ခဲ့ကြပါသည်။]

ပဋ္ဌမ သင်္ဂါယနာတင်ခြင်း ။ ။ စတုတ္ထ သင်္ဂါယနာတင်ပြီးနောက် မြန်မာနိုင်ငံတွင် သထုံမှ — ပုဂံသို့ သာသနာဆက်၍ အဝနေပြည်တော်၌ "ရွှေနန်းကျောရှင် နရပတိ" မင်း၏ လက်ထက်ရောက်သောအခါ "သိဟန်ဘွား" ခေါ် ရှမ်းလူမျိုးက နှောက်ရှက်အုပ်စိုးလာသဖြင့် သာသနာတော် ကစဉ့်ကရဲ ဖြစ်ကာ ကျမ်းစာများကို မီးရှို့ပြီးလျှင် ရဟန်းတော် အမြောက်အများကို သတ်ဖြတ်

ရည်မှန်း၍ လူဒါန်းရာ၌ ပုဂ္ဂိုလ် ကောင်းဆိုးကို ရွေးချယ်ဘို့မလိုပါ, ပုဂ္ဂိုလ်ကို မမှန်းဘဲ သံဃာ အားလုံးကို မှန်းနိုင်ပါလျှင် သင်္ကန်း တထည်လောက်ဖြင့်လည်း သံဃိကဒါန မြောက်ပါ၏။

ကျောင်းကန် တိုက်တာ တည်ဆောက် ကိုးကွယ်ကြရာ၌ကား အတွင်း အပြင် စိတ်နေ သဘောထားနှင့်တကွ အနေအထိုင် ပညာ အရည်အချင်းတို့ကို အတော်ကြာအောင် စုံစမ်းပြီးမှ ကိုးကွယ်သင့် ပါသည်၊ မလုံလောက်သော ပုဂ္ဂိုလ်ကို ကိုးကွယ်မိလျှင် ကျောင်း ပေါ်က နှင်ချတို့လည်း အခက်, ဆက်လက်၍ လူဒါန်းနေတို့လည်း စိတ်မပါဘဲ "အေးစေတို့ တရားနာ, ပူဇော အကျိုး" ဖြစ်နေတတ် ပါသည်။

ယခုကာလ၌ကား အပြင်ပန်း အပြောကောင်းကို ရွေးကာ အသံ သာသာနှင့် ဂါထာကလေး ရွတ်တတ်, မိမိတို့နှင့် အလိုက်သင့် ပြောတတ် ဟောတတ်သူကို တကယ် ကျမ်းတတ်ကြီးဟု ထင်လျက် ဆက်လက်ကိုးကွယ်ကာ ပြင်၍မရအောင် "ဖွတ်ထွက်လာမှ တောင်ပို့ မှန်း" သိကြရလေသည်၊ ဒကာ ဒကာမတွေက အပြော အဟော ကောင်းကိုနှစ်သက်မှုကြောင့် ရိုးရိုးကုပ်ကုပ်နှင့် စာပေပို့ချနေသော သာသနာ့တာဝန်ဆောင် ပုဂ္ဂိုလ်များမှာ ပစ္စည်းလေးဖြာ နည်းပါး သလောက် ဟောပြောနိုင် အိမ်ပေါက်စေ့ လယ်နိုင်သော ပုဂ္ဂိုလ် များ၌ ပေါများ ပိုမောက်လျက် ရှိလေသည်။

ထင်ရှားသော တိုက်တာ၌ စာချုပ်နှုန်းတော်ကြီး ဖြစ်ဘို့ရန်မှာ ၁၀ နှစ် ၁၅ နှစ်ခန့်မျှ ပင်ပန်းကြီးစွာ ကြိုးစားရ၏၊ ထင်ရှားသော တရားဟောပုဂ္ဂိုလ် ဖြစ်ဘို့ရာကား ပင်ကိုယ်က အသံ ကောင်းလျှင်

(အဋ္ဌမအကြိမ်)

လပေါင်း အနည်းငယ်မျှဖြင့် လုံလောက်ဘွယ် ရှိ၏၊ စာချုပ်နှုန်းကြီး ဖြစ်သည့်တိုင်အောင် ထောက်ပံ့မည့် ဒကာ ဒကာမများ ရနိုင်ခဲ၏၊ ယခင် ပုဂ္ဂိုလ်များမှာ ရောက်လေရာ အရပ်တိုင်း၌ ထောက်ပံ့မည့်သူ မရှားတော့ချေ၊ ပစ္စည်းလေးပါး ချို့တဲ့သော စာချုပ်နှုန်းတော်ကြီး အချို့မှာ ယခင် ပုဂ္ဂိုလ်များ၏အောက်သို့ ကြို့ကြရ၏၊ ထို့ကြောင့် ယခုအခါဝယ် စာပေပို့ချလျက် သာသနာ့တာဝန်ကို ဆောင်ရွက် နိုင်မည့် ပုဂ္ဂိုလ်များ နည်းပါးရုံသာမက, ရှိသမျှ အချို့မှာလည်း သာသနာ့တာဝန်ကို ခရီးတွင်အောင် မဆောင်နိုင်တော့ချေ။

ထိုကဲ့သို့ဖြစ်ရာ၌ ချို့ယွင်းချက်မှာ ၂ ဘက်လုံး၌ပင် မကင်းဟု ထင်၏၊ စာချုပ်ပုဂ္ဂိုလ်များသည် စာကိုသာ ဖို့ချ၍ လုံးဝပင် မဟော လိုကြ၊ သာသနာတော်၏ အခြေအမြစ် အမှန်ကို နားလည်သူက မဟောပြလျှင် လူပုဂ္ဂိုလ်တို့ သိနိုင်ပါတော့ မည်လော၊ ထို့ကြောင့် စာချုပ်ပုဂ္ဂိုလ်များ၏ ဟောပြောမှုမရှိခြင်းသည် သာသနာ့ဝန်ဆောင် များအတွက် ချို့ယွင်းချက် တရပ်ပင် ဖြစ်၏၊ လူအများကလည်း တရားနာရာ၌ အသံကောင်းမှ နာယူလိုကြ၏၊ လူဒါန်းရာ၌လည်း သာသနာပြုလိုသောစိတ် မရှိကြ၊ သူတို့မှာ ဒါနဖြစ်လျှင် ပြီးရောဟု သဘောထားကြသည်၊ သာသနာတော်အကြောင်းကို ဟောပြော သော်လည်း ဂရုတစိုက် မနာလိုကြ၊ ဘုရားလက်ထက်တော်က နန္ဒိယ သံဌေး ကျောင်းရေစက်ချ၌ နတ်ပြည်မှာ ဘုံပေါက်ကြောင်းကို နာ ယူကာ သူတို့၏ တွေ့ကရဆောက်လုပ်လူဒါန်းသောကျောင်းအတွက် ဘုံပေါက်လိမ့်မည်ဟု မြော်လင့်ချက်ထားဟန် တူ၏၊ ဤနေရာဝယ် ဘာသာခြားတို့၏ သာသနာပြုကြပုံကို သတိပြုစေလိုပါသည်။

(အဋ္ဌမအကြိမ်)

ဩကာသ အဖွင့်

(ကျက်မှတ်ရန်)

ဩကာသ ဩကာသ, ကာယကံ ဝစီကံ မနောကံ တည်းဟူသော သုံးပါးသောကံတို့တွင်, တပါးပါးသောကံကို ပြုမှုးမိသည်ရှိသော် ပျောက်ပါစေခြင်းအကျိုးငှါ, ပဌမ ဒုတိယ တတိယ တကြိမ် နှစ်ကြိမ် သုံးကြိမ်မြောက်အောင် ဘုရားရတနာ တရားရတနာ သံဃာရတနာ ရတနာမြတ်သုံးပါးတို့ကို ရိုသေမြတ်နိုး လက်အုပ်မိုးချီ ရှိခိုး ပူဇော် ဖူးမျှော် မာန်လျှော့ ကန်တော့ပါ၏။.... ကန်တော့ရသော အကျိုး အားကြောင့် အပါယ်လေးပါး ကပ်သုံးပါး ရပ်ပြစ်ရှစ်ပါး ရန်သူမျိုး ငါးပါး ဝိပတ္တိတရား လေးပါး ဗျသနတရား ငါးပါးတို့မှ အခါ ခပ်သိမ်း ကင်းလွတ်ငြိမ်းသည် ဖြစ်၍ မင်္ဂလာရား ဖိုလ်တရား နိဗ္ဗာန် တရားတော်မြတ်ကို လျင်မြန်စွာ ရပါလို၏ဘုရား။

× × × × ×

ကြည့်ရှုရန် အဓိပ္ပါယ်

ဩကာသ ဩကာသ။ ။ပါဠိစကားတည်း၊ မြန်မာလို "အခွင့်" ဟူသော အနက်ကို ဟော၏၊ "ရှိခိုးပါရစေ, အခွင့်ပြုတော်မူပါ" ဟု ဆိုလိုရင်းဖြစ်သည်၊ ပါဠိတော်များ၌ကား " ဩကာသံ ကရောဟိ, ဩကာသံ ဒေဟိ " စသည်ဖြင့် လာ၏၊ "အခွင့်ပြုတော်မူပါ, အခွင့် ပေးတော်မူပါ, မေးလျှောက်ပါရစေ" ဟု တစုံတခုကို မေးလိုသော အခါ အသုံးပြုသော ပါဠိ ဖြစ်သည်၊ သီဟိဠ်ဋ္ဌကျန်း၌ အခွင့်တောင်း သောစကားကို " အဝကာသ် " ဟု သုံးစွဲကြ၏၊ ထိုစကားသည် "ဩကာသ"ဟူသော ပါဠိနှင့် အတူပင် ဖြစ်သည်၊ ထို့ကြောင့် ဤ

ဘာသာခြား အလှူရှင်တို့သည် ငွေ စသည်ကို လှူကြသောအခါ သာသနာကိုသာ လှူကြ၏၊ ပုဂ္ဂိုလ်ကို မလှူကြ၊ ဘုန်းကြီး သီလရှင် အခေါ်ခံသူတို့ကလည်း မိမိတို့၏ စား ဝတ် နေရေးထက် ပိုမို၍ မတောင့်တဘဲ ဆိုင်ရာ အလုပ်များကိုသာ တာဝန်ပေးသည့်အတိုင်း လုပ်ကြ၏၊ ထို့ကြောင့် သူတို့၏သာသနာသည် နေရာအနှံ့ပြန့်လျက် ရှိ၏၊ ဗုဒ္ဓဘာသာဝင်တို့ကား ပုဂ္ဂိုလ်ကို လှူကြ၏၊ အလှူ ပစ္စည်း၏ အသုံးကျ–မကျကိုမျှ မစဉ်းစားဘဲ အများလူနေကျ ပစ္စည်းကိုသာ လှူကြ၏၊ အလှူခံဘက်မှာလည်း သာသနာ ကြီးပွားရေး အလုပ်ကို လုပ်သောပုဂ္ဂိုလ်သည် တဖြည်းဖြည်း နည်းလာ၏၊ မိမိ၏ ကြီးပွားရေးကိုသာ လုပ်သူများကြသည်၊ သို့ဖြစ်၍ နောင်လာ နောက်သား စဉ်းစားတတ်သူများ လက်ထက်၌ နည်းလမ်းကျကျ ဒါန ပြုလျက် စည်းကမ်းကျကျ ဟောပြောသည်ကိုသာ ဂရုတစိုက် လိုက်နာသော သာသနာပြု ဒကာ ဒကာမများ, သာသနာ့ဝန်ဆောင် ဆရာသမား များ ပေါ်ထွန်းပါစေသား။

ဤမျှလောက် စကားအစဉ်ဖြင့် ဘုရား တရား သံဃာ ရတနာ ၃ ပါး၊ ဂုဏ်တော်များ၏ အကြောင်းကို ပြဆိုရာအခဏ်း ပြီးပေပြီ၊ ထို့နောက် ဆက်၍ အဏ္ဏား မှတ်သားဘွယ်ရာ ဩကာသ–စသော ရှိခိုးခဏ်းနှင့် သရဏဂုံသီလ စသော အခဏ်းများ ရှိပေသေး၏၊ ထို အခဏ်းများကို နားမလည်လျှင် ဘာသာရေးဘက်၌ အောက်ကျ နောက်ကျ ဖြစ်ရလိမ့်မည်၊ ထို့ကြောင့် ဘာသာရေးဘက်၌ အချက် ကျကျ နားလည်ဘို့ရာ ထိုအခဏ်းများကို ဆက်လက် လေ့လာကြပါ ကုန်လော။

ရှိခိုးခဏ်း၌ ပါသော "ဩကာသ" သဒ္ဒါသည် "အခွင့်" ဟူသော အနက်ကို "အခွင့်ပေးတော်မူပါ" ဟူသော အနက်ရှည်ကို ပြသော ပါဋိစကားတည်း၊ အလေးပြုသောအားဖြင့် "ဩကာသ ဩကာသ" ဟု ၂ ကြိမ်ဆိုခြင်း ဖြစ်သည်၊ အချို့အရပ်၌ ၃ ကြိမ် တိုင်အောင် ဆိုသေး၏၊ အပြစ်မရှိပါ။

ကာယကံ ဝစီကံ မနောကံ....ကံတို့တွင်။ ။(ကာယ= ကိုယ်+ ကံ=အမှု၊) ကိုယ်ပြုမှုကို "ကာယကံ" နှုတ်ပြောမှုကို "ဝစီကံ" စိတ်ကြံမှုကို "မနောကံ" ဟု ဆိုသည်၊ "ထို ကံသုံးပါးတို့တွင် တပါးပါး သော ကံကို ဘုရား တရား သံဃာများ၌ရင်း, ဆရာသွား မိဘ ဘိုး ဘွား အစရှိသော လူကြီးသူမ များ၌ရင်း , အပြုမှား အပြောမှား အကြံမှား ဖြစ်လို့ ရှိလျှင် ထိုအပြစ်များ ကင်းရှင်း ပြေပျောက်ပါစေ ခြင်းအကျိုးငှါ ရိုသေစွာ ကန်တော့ပါ၏" ဟူလို။

ပဌမ ဒုတိယ တတိယ။ ။ပါဋိစကားများပင် ဖြစ်၏၊ တကြိမ် နှစ်ကြိမ် သုံးကြိမ်ဆိုသောစကားနှင့် သဘောတူပင် ဖြစ်၏၊ တကြိမ် က- ၂ ကြိမ်, ၂ ကြိမ်က - ၃ ကြိမ်တိုင်အောင် ရှိခိုး ကန်တော့ခြင်း သည် အထူး လေးစားရာရောက်သဖြင့် "သုံးကြိမ်တိုင်အောင် ရှိခိုး ကန်တော့ပါ၏" ဟု ဆိုလိုသည်။

ဘုရားရတနာ။ ။"ရတန"သဒ္ဒါလည်း ပါဋိစကားပင်တည်း၊ "နှစ်သက် မွေ့လျော်ခြင်းကို ဖြစ်စေတတ်၏" ဟူသော အနက်, "အလေးအမြတ်ပြုအပ်၏" ဟူသောအနက်, "အဖိုးများစွာထိုက်တန်၏" ဟူသောအနက်, "အတုမရှိ မြတ်၏" ဟူသောအနက်, "အလွန်ရခဲ၏" ဟူသော အနက်, "မြင့်မြတ်သူ အထက်တန်း လူတို့၏ အသုံး

အဆောင်" ဟူသောအနက်များကို ဟော၏၊ ထို့ကြောင့် လောက၌ စိန် ကျောက်စသော အရာဝတ္ထု, ဆင် မြင်း စသော အရာဝတ္ထု, သားကောင်း သွီးကောင်းစသော အရာဝတ္ထုများကို "ရတနာ" ဟု ခေါ်ကြသည်၊ ထို ရတနာကို ရသူတို့မှာ နှစ်သက် မွေ့လျော် အပျော်ကြီး ပျော်ကြ၏၊ ရပြီးသော ရတနာကိုလည်း လွန်စွာ လေးမြတ်ကြ၏၊ အဖိုးများစွာ ထိုက်သည်အားလျော်စွာ ရဘို့ရန် လည်း ခဲယဉ်းလှ၏၊ ရှေးပုဉ်း ရှေးကံရှိသူတို့သာ ရနိုင်ကြ၏၊ ပုဉ်းကံ နည်းသူတို့မှာ မရနိုင်ပါ။

ထို့အတူ ဆိုင်ရာ ဂုဏ်တော်များနှင့် ပြည့်စုံကြသော ဘုရားစစ် တရားစစ်နှင့် အရိယာသံဃာတော် များသည်လည်း ရတနာပင် ဖြစ်တော်မူကြ၏၊ ကမ္ဘာများစွာ လွန်သော်လည်း တခါတရံ တွေ့ကြုံ ဘို့ရန် ခဲယဉ်းလှ၏၊ တွေ့ကြုံရသောအခါ လွန်စွာ ကြက်သရေရှိ၏၊ ကိုးကွယ် ဆည်းကပ်သူမှာလည်း ထို ရတနာသုံးပါးကြောင့် လွန်စွာ နှစ်သက်မွေ့လျော် ရွှင်ပျော်ရ၏၊ အတုအယောင်ရတနာ ရှိသကဲ့သို့ ဟန်ဆောင် ဘုရား တရား သံဃာများလည်း အလွန် ပေါများ၏၊ မမှန်သော ရတနာကို ကိုးကွယ်မိပြန်လျှင် ဤတဘဝတွင် ကိစ္စမရှိ လှသော်လည်း နောင် သံသရာအရေးမှာ ကြောက်ရွံ့ဘွယ် ကောင်း လှ၏၊ ထို့ကြောင့် ကိုယ်ပိုင်ဉာဏ်ဖြင့်ရင်း, တကယ် နားလည်သော ပညာရှိများနှင့်ရင်း, တိုင်ပင်၍ ကိုးကွယ်ရာ၏။

"ပညာရှိ" ဟူရာ၌လည်း လောကီအရာမှာ ပညာရှိသော်လည်း ကိုးကွယ်ဘို့အရေး၌ ပညာရှိချင်မှ ရှိမည်၊ ယခုခေတ်၌ အနောက် တိုင်းသားတို့သည် လောကီပညာရှိများ ဟုတ်ကြပေ၏၊ ကိုးကွယ်

ဆည်းကပ်မှု ပညာရှိကား လွန်စွာ နည်းပါးသည်၊ မကြာမီက မြန်မာ နိုင်ငံ၌ ဘုရင်ခံ လုပ်သွားသူသည် "မြန်မာများသည် စေတီ ပုထိုး ကိုးကွယ်ရာ၌ ကုသိုလ်ရသည် ဟု အယူရှိကြ၏" စသော စကားကို သူတို့နိုင်ငံမှာ ပြောလေ၏၊ မြန်မာတို့သည် စေတီ ပုထိုးကို ကိုးကွယ်ရာ၌ ဘာကိုရည်ရွယ်၍ ကိုးကွယ်ကြောင်းကို သူတို့ စစ်ဗိုလ်အရာရှိ သင်းချိုင်းသွား၍ အရိုအသေ ပေးခြင်းနှင့် နှိုင်းယှဉ်၍မျှ မကြည့်မိ ရှာလေ။

ရှိခိုး— ပူဇော်— ဖူးမျှော်— မာန်လျှော့— ကန်တော့ပါ၏။ ။ လက်အုပ်မိုး၍ ရှိခိုးပါ၏၊ ပစ္စည်းလေးပါး လှူသောအားဖြင့်ငှင်း, ဟောပြောသမျှကို လိုက်နာသောအားဖြင့်ငှင်း ပူဇော်ပါ၏၊ ကြည့်ရှု ဖူးမျှော်ပါ၏၊ ရတနာသုံးပါးနှင့်စပ်လျှင် ဟိတ်ဟန်မပြဘဲ မာန်မာန လျှော့၍ ကန်တော့ပါ၏၊ "အပြစ် ရှိလျှင် ပြေပျောက် ပါစေ သတည်း" ဟူလို။

အပြစ်ပြေ—မပြေ။ ။ထိုကဲ့သို့ ကန်တော့လျှင် အပြစ်ပြေနိုင်— မပြေနိုင်ကို စဉ်းစားရာ၏၊ ဆရာ မိဘ ဘိုးဘွား စသည်တို့နှင့် ရတနာ သုံးပါးအပေါ်၌ ပြစ်မှားမိသော သာမန် အပြစ်တွေမှာ ပြစ်မှားခံရ သူ၏ရှေ့၌ငှင်း, ထိုသူမရှိတော့လျှင် ထိုသူ၏သင်းချိုင်းသို့သွား၍ငှင်း, ထိုသို့ မသွားနိုင်လျှင် ဘုရားထံ သံဃာများ အထံ၌ငှင်း, နောင်တ- ရသဖြင့် စိတ်ပါ လက်ပါ မာန်မာန လျှော့၍ ကန်တော့ရိုး မှန်လျှင် ပြေပျောက်နိုင်၏၊ အင်မတန် ကြီးလေးသောအပြစ်နှင့် သူ့အသက် သတ်ခြင်း သူ့ဥစ္စာခိုးယူခြင်း စသော အပြစ်များကား တောင်းပန် ကန်တော့ရုံမျှဖြင့် မပြေပျောက်နိုင်၊ သို့သော် နောင်တ- ရသဖြင့်

ထို အကုသိုလ်မျိုး ထပ်၍မဖြစ်နိုင်အောင် ကုသိုလ်ကိုသာ အားထုတ် နေလျှင် အချို အကုသိုလ်များ အကျိုးပေးခွင့် မရတော့ဘဲ ပြေ ပျောက်တတ်ပါသည်။

ကန်တော့ရသော အကျိုးအားကြောင့် ။ ။ ဤ ကန်တော့ ရသော ကုသိုလ်၏ အကျိုးအား အစွမ်းကြောင့် ပြစ်မှားမိသော အပြစ်များ ပျောက်စေလိုသည့်အပြင်, အပါယ်လေးပါးမှ လွတ်ခြင်း စသော နောက်ထပ် အကျိုးကိုလည်း အလိုရှိ၍ ဆုတောင်းပြန်သော စကား ဖြစ်သည်။

အပါယ်လေးပါး

ငရဲ။ ။ကုသိုလ်ကောင်းမှု များစွာပြုခွင့် မရသော အရပ်ကို ပါဋ္ဌိလို "အပါယ" မြန်မာလို "အပါယ်" ဟု ခေါ်၏၊ အပါယ် ၄ ပါးကား—ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ်တည်း၊ ထိုတွင် ငရဲသည် ဤကမ္ဘာမြေကြီး၏အောက် ယူဇနာ တသောင်းငါးထောင် ကွာဝေးသော အရပ်၌ ဥမင်လိုဏ်ကြီးသဘွယ် ဖြစ်လျက် အစဆုံး သဉ္ဇိုစ်းငရဲ တည်ရှိ၏၊ ထို့အောက် အဆင့်ဆင့် ယူဇနာ တသောင်း ငါးထောင်စီ ကွာခြားလျက် ကာဋ္ဌသုတ်ငရဲ, သံဃာတငရဲ, ရောရုဝ ငရဲ, မဟာရောရုဝငရဲ, တာပနငရဲ, မဟာတာပနငရဲ, အဝီစိငရဲ ဟု ငရဲကြီးရှစ်ထပ် တည်ရှိသည်။

ထို ငရဲကြီးရှစ်ထပ်ဝယ် တထပ်တထပ်၌ ဘင်ပုပ်ငရဲ တထပ်, ပြာပူငရဲ တထပ်, လက်ပံတောငရဲ တထပ်, သန်လျက်ရွက်တော ငရဲ တထပ်, ကြေးနီရေတွေ စီးနေသော "ကြိမ်ပိုက်ချောင်း" ခေါ် ဝေတ္တရဏီငရဲ တထပ်အားဖြင့် ငရဲငယ် ငါးထပ် တံတိုင်းခတ်သလို

ရုံပတ်၍ နေကြလေသတဲ့။ [အကျယ်ကို သင်္ဂိုဟ် ဘာသာဋ္ဌီကာ၌ ပြထားသည်။]

တိရစ္ဆာန်— ပြိတ္တာ— အသုရကာယ်။ ။ဆင် မြင်း ကျဲ နွား ခွေး ကြက် ဌက် ငါး လိပ် စသော ကုန်းနေ ရေနေ အခြေ ၄ ချောင်း အခြေ ၂ ချောင်း သတ္တဝါတို့နှင့် မြေ စသော အခြေမရှိ သတ္တဝါတွေကို "တိရစ္ဆာန်" ဟု ခေါ်၏။ တစ္ဆေ မှင်စာ သူရဲ သားဘက် အစိမ်း ဖုတ်ကောင် ကျွတ်ကောင်များကို "ပြိတ္တာ" ဟု ခေါ်၏။ အသုရကာယ် ဟူသည်ကား ပြိတ္တာ အကြီးစားပင်တည်း၊ ထို့ကြောင့် အချို့ ကျမ်း စာများ၌ အပါယ် ၄ ပါး ဟု မပြဘဲ "ဗုဒ္ဓုပ္ပါဒေ တယောပါယာ" စသည်ဖြင့် အပါယ် ၃ ပါး ဟု ပြပေသည်၊ ထို တိရစ္ဆာန် ပြိတ္တာ အသုရကာယ်တို့၏ နေရာဘုံမှာ သီးခြားမရှိ၊ တိရစ္ဆာန်တို့ကား လူ၏ အနီးအပါးနှင့် တောတောင် စသည်၌ နေကြသည်။

ပြိတ္တာတို့တွင် အချို့ပြိတ္တာတို့မှာ သင်းချိုင်းစသော အရပ် ရေစကမ်းစ သား ငါး ရလောက်သော အရပ်၌ နေ၍ တချို့ကား သစ်ပင် အိမ် အကြို့အကြား စသည်၌ နေလျက် စိတ်နေစိတ်ထား ငယ်သော ယောကျ်ား မိန်းမ ကလေးသူငယ် စသူတို့ကို ချောက်လှန့် ပူးကပ်၍ တစ္ဆေစာ ပစ်သောအခါ စားသောက်ကြရ၏၊ တချို့ကား လူတို့၏ ထမင်းအကျန် ဟင်းအကျန် တံထွေး အန်ဖတ် အပုတ်အစပ်များကို ရှာဖွေ စားသောက်ရ၏။

အသုရကာယ်တို့ကား လူတို့နှင့် အတော်ဝေးကွာသော သမုဒ္ဒြာ မြစ်ကမ်းစတို့၌ နေတတ်ကြ၏၊ ရေနားမှာ နေရသော်လည်း ရေ မသောက်ရ၊ "ရေသောက်မည်" ဟု သွားလျှင် သူတို့၏ အကုသိုလ်ကံ

ကြောင့် ရေခန်းခြောက်နေသော သဲသောင်ကိုသာ တွေ့ရလေသည်၊ တချို့ ပြိတ္တာ အသုရကာယ်တို့မှာ ဘုရားတဆူနှင့် တဆူ အကြား၌ မစား မသောက်ရဘဲ အငတ်ခံ၍ နေရရှာသတဲ့။

ကဗ်သုံးပါး

ပျက်စီးခြင်းကို ပါဠိလို "ကမ္ပ" မြန်မာလို "ကပ်" ဟု ခေါ်၏၊ ထို့ပျက်ခြင်းသည် ကမ္ဘာကြီးတခုလုံး ပြုတ်ပြုတ်ပြုန်းအောင် ပျက်စီးခြင်းလည်း ရှိ၏၊ ကမ္ဘာကြီးမပျက်သေးဘဲ အကြားအကြား၌ တရား ကန်းမဲ့၍ အသေဆိုးသေရသော ပျက်စီးခြင်းလည်း ရှိ၏၊ ဤနေရာ၌ ကမ္ဘာကြီးမပျက်ခင် အကြား၌ သေခြင်းဆိုးနှင့်သေရခြင်းကို "ကပ်" ဟု ဆိုလိုသည်၊ "မည်သည့်မြို့ မည်သည့်ရွာ၌ ကပ်တိုက်နေတယ်" ဟု ပြောကြရသော ကပ်မျိုးတည်း၊ ထို ကပ်သည် "သတ္ထန္တရကပ် ရောဂန္တရကပ် ဒုဗ္ဘိက္ခန္တရကပ်" ဟု ၃ မျိုးရှိ၏၊ ထိုတွင် ဒုတ် ခါး သေနတ် ဗုံး အမြောက် စသော လက်နက်ဖြင့် ပျက်စီးရခြင်းသည် သတ္ထန္တရကပ်တိုက်ခြင်းပင်တည်း။

ပလိပ်ရောဂါ ကာလရောဂါ ကျောက်ရောဂါ အဖျားရောဂါ စသည်ဖြင့် မြို့နယ်အနှံ့ဖြစ်၍ ပျက်စီးရခြင်းသည် ရောဂန္တရကပ်တိုက်ခြင်းတည်း၊ မြို့နယ် အနှံ့အပြားတို့၌ အစားအသောက် ပြတ်ငတ်၍ (ရှေးကလို သရောကြီးခိုင်း၍) သေရခြင်းသည် ဒုဗ္ဘိက္ခန္တရကပ် တိုက်ခြင်းပင်တည်း၊ ဤကပ်များတွင် ၁၀ နှစ်တမ်း ကျရောက်သော အခါကပ်တမျိုးမျိုး တိုက်မည်ဟု ကျမ်းဂန်တို့၌ ဆိုသော်လည်းယခု အခါမှာပင် အချို့အခါ အချို့ တိုင်းပြည်များတွင် ထိုကပ်၃ပါးတို့ ခကြာမကြာတိုက်လျက် ရှိသည်။

ရပ်ပြစ်ရှစ်ပါး

အပြစ်ရှိသောအရပ်ကို မြန်မာတို့က "ရပ် - ပြစ်"ဟု ခေါ်ကြ၏၊ အပြစ်ဆိုသော်လည်း ထူးထူးခြားခြား ဆိုးဝါးသောအပြစ် မဟုတ်, ထိုအရပ်သို့ ရောက်နေလျှင် မင်္ဂဖိုလ်ရအောင် တရားအားထုတ်ခွင့်မရသောကြောင့် မင်္ဂဖိုလ်ရခွင့် မရှိခြင်းကို " အပြစ် " ဟု ဆိုသည်၊ ထို့ကြောင့် ဤ ရပ်ပြစ်ရှစ်ပါးကို ပါဠိတော်များ၌ " အက္ခဏ " ဟု မိန့်တော်မူသည်။ [အက္ခဏ = အခွင့်ကောင်း ခဏကောင်း မဟုတ်သော ကာလဒေသ။] ဤ ရပ်ပြစ်ရှစ်ပါးကို အမျိုးမျိုးပြသော်လည်း သုတ်ပါထေယျ ပါဠိတော်လာ တမျိုးကိုသာ ပြအံ့။

[ဆောင်] ဘုရား ပွင့်ခါ, ပါယ်သုံးရွာနှင့်, ဒီဃာယု နတ်, ဖြစ်လတ် ပစ္စန်, မိစ္ဆာဉာဏ်ရှိ, ဉာဏ်မရှိသား, ဉာဏ်ရှိငြားလည်း, ဘုရား မဖြစ်, ကျမ်းဂန် လှစ်သည်, ရပ်ပြစ်ရှစ်ပါး သရုပ် တည်း။

× × × × ×

(၁, ၂, ၃) ဘုရားပွင့်ခါ, ပါယ်သုံးရွာနှင့်။ ။ဘုရားပွင့်နေဆဲအခါ ငရဲ တိရစ္ဆာန် ပြိတ္တာ အပါယ်သုံးဘုံ၌ ဖြစ်ရသူများ။ (အသုရကာယ်ကို ပြိတ္တာမျိုး၌ သွင်းယူ။)

(၄) ဒီဃာယုနတ်။ ။အသက်ရှည်သော နတ်ပြဟ္မာကို"ဒီဃာယု နတ်" ဟု ဆိုသည်၊ ဘုရား ပွင့်ဆဲအခါ လွန်စွာ အသက်ရှည်၍ ဘုရားရှင်ကို မဖူးတွေ့နိုင်သော အသညသတ် ပြဟ္မာများနှင့် အရူပပြဟ္မာ များတည်း။[အသညသတ် ပြဟ္မာများသည် ခန္ဓာကိုယ်သာ ရှိ၍ စိတ်ဝိညာဉ် မရှိ၊ အရူပ ပြဟ္မာ

များကား စိတ်ဝိညာဉ်သာ ရှိ၏၊ ခန္ဓာကိုယ်မရှိ၊ ထို့ကြောင့် ထို ပြဟ္မာနှစ်မျိုးသည် ဘုရားပွင့်သော်လည်း တရားမနာနိုင် ရှာကြပေ။]

(၅) ဖြစ်လတ်ပစ္စန်။ ။ဘုရားရှင်နှင့် ရဟန်းတော်များ မရောက်နိုင်ရာ အစွန်အဖျား တောတောင်အကြား(ပစ္စန္တရာဇ်သား) လူရိုင်းများကိုဆို သည်။[ယခုအခါ၌ကား မြန်မာနိုင်ငံသည် ပစ္စန္တရာဇ် မဟုတ်။]

(၆) မိစ္ဆာဉာဏ်ရှိ ။ ။ ဘုရား ပွင့်ဆဲအခါ မိစ္ဆာဒိဋ္ဌိ ဉာဏ်ရှိသူများ။

(၇) ဉာဏ်မရှိသား။ ။ဘုရားပွင့်ဆဲအခါ တရားကို နားလည် လောက်သောဉာဏ် မရှိသူများ။ [ဤဆိုခဲ့သော ၇ မျိုးသည် ဘုရားပွင့်ဆဲအခါ၌ ဖြစ်သူများတည်း။]

(၈) ဉာဏ်ရှိငြားလည်း ဘုရားမဖြစ် ။ ။ တတ်သိ နားလည် လော့က်သော ဉာဏ် ရှိသော်ငြားလည်း ဘုရား မပွင့်သော အခါ လူဖြစ်ရသူများ။

× × × × ×

ရန်သူမျိုးငါးပါး။ ။၁–ရေ၊ ၂–မီး၊ ၃–ဆိုးသူ၊ ၄ – အမွေခံသားသမီးဆိုး၊ ၅–မင်းဆိုး၊ [မချစ်အပ်သောသူကို ရန်သူမျိုးငါးပါး၌ သွင်းမှားကြ၏၊ မိမိက မုန်းနေရုံဖြင့် ရန်သူမဟုတ်နိုင်၊ အမွေခံသားဆိုး သမီးဆိုးသာလျှင် (မိဘကို မကြာခဏ

ဒုက္ခပေးတတ်,စုဆောင်းထားသော ပစ္စည်းများကို ဖြုန်းသုံးပစ်တတ်သောကြောင့်)ရန်သူအစစ် ဖြစ်သည်။]

[ဆောင်] ရေ မီး-သူခိုး, မွေခံဆိုးနှင့်, မင်းဆိုး အပြား, ရန်မျိုးငါး, မှတ်သားလေကုံ, အမှန်တဲ့။

× × × × ×

ဝိပတ္တိတရား လေးပါး။ ။ဖေါက်ပြန် ချွတ်ယွင်းချက်ကို "ဝိပတ္တိ" ဟု ခေါ်၏၊ ဝိပတ္တိတရား လေးပါးကား....

၁။ ကာလဝိပတ္တိ။ ။မင်းဆိုး မင်းယုတ် အုပ်စိုးသောအခါ။

၂။ ဂတိဝိပတ္တိ။ ။အပါယ်လေးပါးတို့၌ ဖြစ်ရခြင်းကို မကောင်းသော ဂတိဖြစ်၍ "ဂတိဝိပတ္တိ"ဟု ဆိုသည်။

၃။ ဥပဓိဝိပတ္တိ။ ။ရုပ်အဆင်းအင်္ဂါကို "ဥပဓိ" ဟု ခေါ်သည်၊ အင်္ဂါချို့တဲ့ခြင်းကို "ဥပဓိဝိပတ္တိ"ဟု ဆိုသည်။

၄။ ပယောဂဝိပတ္တိ။ ။ကိုယ်မှု နှုတ်မှုကို "ပယောဂ"ဟု ဆို၏၊ အသိအလိမ္မာ မရှိ, သတိဝီရိယလည်း မရှိဘဲ ပြုမှု ပြောမှု ကြံစည်မှုကို "ပယောဂဝိပတ္တိ"ဟု ဆိုသည်။

[ဆောင်] ဖေါက်ပြန် ချို့ယွင်း,ပျက်စီးခြင်း, ခေါ်လျှင်း ဝိပတ္တိ။ ကာလ ဂတိ, ဥပဓိမှ , ပယောဂ , လေးဝ မှတ်လေဘိ။

× × × × × ×

ဗျသနတရား ငါးပါး။ ။ပျက်စီးခြင်း ဆုံးပါးခြင်းကို ပါဠိလို "ဗျသန"ဟု ခေါ်၏၊ ဗျသနတရား ငါးပါးကား....

(အဋ္ဌမအကြိမ်)

၁။ ဉာတိဗျသန=ဆွေမျိုးများ ပျက်စီးခြင်း။

၂။ ဘောဂဗျသန= စည်းစိမ်ဥစ္စာ ပျက်စီးခြင်း။

၃။ ရောဂဗျသန = အနာရောဂါဖြစ်ခြင်း။

၄။ ဒိဋ္ဌိဗျသန=မိစ္ဆာအယူကိုယူခြင်း။

၅။ သီလဗျသန=သီလ ပျက်ခြင်း။

[ဆောင်] ဆုံးရှုံးပျက်ပြား, ပြစ်မှုများ, ခေါ်ငြား ဗျသန။ ဉာတိ-ဘောဂ, ရောဂ-ဒိဋ္ဌိ, သီလထည့်, ငါးရှိ သရုပ်ပြ။

× × × × ×

အခါခပ်သိမ်း .... ရပါလို့။ ။ ဤ မကောင်းသောတရားတို့မှ အခါခပ်သိမ်း ဘဝတိုင်း ကင်းလွတ်ငြိမ်းသည်ဖြစ်၍..... "သံသရာ၌ ကြာရှည် မကျင်လည်ရဘဲ မဂ်ဖိုလ်နိဗ္ဗာန်ကို အမြန်ရပါလို့"ဟု ဆုတောင်းသည်။ [တောင်းတိုင်း ရ-မရကို ဆုပေးအဖွင့်၌ ပြမည်။]

သြကာသရှိခိုး အမျိုးမျိုး။ ။ ဤ "သြကာသ" ရှိခိုးပုံသည် ယခုအခါ မြန်မာနိုင်ငံ၌ အမျိုးမျိုးရှိနေ၏၊ စာလာပေလာ မဟုတ်သောကြောင့် "မည်သည့်နည်းကမှန်၍ မည်သည့်နည်းက မှားသည်" ဟု မဆိုသာ၊ အများနှင့်ဆိုင်အောင် ရှေးဆရာကြီးတို့ သင့်လျော်ရုံ ရေးပေးရာမှ တဝင်ကျယ်၍ သုံးစွဲလာဟန်တူသည်၊ ယခုအခါ ဘုရားရှိခိုးတိုင်း သီလခံယူတိုင်း၌ ဗုဒ္ဓဘာသာ မှန်လျှင် အားလုံးလိုပင် သုံးစွဲနေကြ၍သာ အဓိပ္ပါယ် ရေးလိုက်ရ ပါသည်၊ ကိုယ်တိုင်က ကျေနပ်လှ၍ရေးခြင်း မဟုတ်ပါ။

(အဋ္ဌမအကြိမ်)

လက်ထက်တော်က ရှိခိုးပုံ။ ။ဘုရားလက်ထက်တော်၌ကား ဘုရားအထံတော် သံဃာ့အထံတော်သို့ ဆည်းကပ် ရှိခိုးလာသော အခါ ရှိသေစွာ လက်အုပ်ချီပြီးနောက် သင့်ရာ အရပ်က ထိုင်လျက် လျှောက်ထားဘွယ် စကားများကို လျှောက်ထားကြရိုး ရှိပါသည်၊ ပြန်သောအခါလည်း ပင်ကိုယ်က ဘုရားတရားသံဃာကို ကိုးကွယ်သူ မဟုတ်ဘဲ ယခုမှ ကြည်ညိုသဖြင့် ကိုးကွယ်မည့်သူဖြစ်လျှင် "တပည့်တော်သည် ဘုရား တရား သံဃာများကို ကိုးကွယ် ဆည်းကပ်ပါ၏၊ ယနေ့မှစ၍ ရတနာသုံးပါးကို ဆည်းကပ် ကိုးကွယ်သူ ဥပါသကာ ဟူ၍ မှတ်တော်မူပါ"ဟု လျှောက်ထား၍ အရိုအသေပေးကာ ပြန်သွားလေ့ရှိကြသည်။

ယခုအခါ သင်္ကြန်တွင်း ဝါဆိုဥုံးစသော နေ့ကြီးရက်ကြီးများ၌ ဆရာမိဘ ဘိုးဘွားစသူတို့ကို ကန်တော့ကြရာမှာလည်း "သြကာသ=သြကာသ"ကစ၍ တချို့ကန်တော့ကြ၏၊ သူ့နေရာနှင့်သူ မသုံးတတ်ကြ၊ ထို့ကြောင့် အချို့၏တန်ဘိုးကို နားလည်ကြသော အမျိုးသား အမျိုးသမီးတို့သည် "သြကာသ" အစချီသော ရှိခိုးခြင်းကို နေရာတိုင်း အသုံးမပြုကြဘဲ ရှိသေစွာ အနားသို့ ချဉ်းကပ်ပြီးနောက် လျှောက်ထားဘွယ် နာယူဘွယ်များကို လျှောက်ထား နာယူပြီးလျှင် ရှိခိုးဝတ်ချ၍ ပြန်ဘို့ရာပင် ဖြစ်သည်၊ အထူး ရှိသေလောက်သော ဆရာသမား, သံဃာအမျာ့, ရှပ်ပွားစေတီတော် အထံမှ ပြန်သောအခါ ထို့ ဆရာသမား စသည်ကို ကျောပေး၍ မပြန်ဘဲ လက်အုပ်ချီကာ ခပ်စောင်းစောင်းပြန်လာပြီးနောက် သင့်တော်လောက်သောနေရာ ဧရာက်မှ ဖြောင့်ဖြောင့် ပြန်လှည့်ကြလျှင် သာ၍ပင် ယဉ်ကျေးရာ ဧရာက်ပါလိမ့်မည်။

ယခုကာလ များစွာသော မြို့ရွာတို့၌ကား ရှပ်ပွားတော် ဆရာတော်ကြီး စသော ရိုသေလောက်သော ဌာနကို ဖူးမျှော်ပြီးနောက် ရှပ်ပွားတော် ဆရာတော်ကြီးတို့၏ မျက်မှောက်မှာပင် ကျောပေး၍ ပြန်သွားတတ်ကြသည်၊ ထိုသို့ ပြန်သွားခြင်းကား လူမျိုးခြားများ၏ သူတို့ဘုရားကိုအရိုအသေပြုခြင်းနှင့်ကွာခြားလှသဖြင့် အဖက်ဖက်က လူမျိုးဘာသာ တန်းမြှင့်လိုသော အမျိုးဘီး အမျိုးသားတို့ ပြုပြင်သင့်ကြပါသည်။

အခါကြီးရက်ကြီးများ၌ ကန်တော့နည်း အမျိုးမျိုး

မိဘကို ကန်တော့ပုံ။ ။ မိခင်, ဘခင်, (မိဘ ၂ ပါး) တို့၏ မွေးကျွေးသုတ်သင် ပဲ့ပြင်ဆုံးမ စောင့်ရှောက်ခဲ့သမျှကျေးဇူးများကို ရည်စူး၍ ဤရေချမ်းဖြင့် (ဤမှုံဖြင့်)(ဤပန်းဖြင့်) (ဤ ဖယောင်းတိုင်ဖြင့်) ရှိသေလေးမြတ်စွာ ကန်တော့ပါ၏၊ ဤ ကန်တော့ရသော ကုသိုလ်ကောင်းမှုကြောင့် ပြစ်မှားမိသော အပြစ် တစုံတခုရှိခဲ့သော် ပြေပျောက်၍ ကိုယ်စိတ် ၂ ဖြာ ကျန်းမာ ချမ်းသာစွာ နေနိုင်သူ ဖြစ်ရပါလို၏။

မိဘကဆုပေး။ ။ဤ ကန်တော့ရသော ကောင်းမှုကြောင့် အမွေသား (သို့မဟုတ်) အဖေသား (သို့မဟုတ်)သည် တောင့်တသော်ဆုနှင့် ပြည့်စုံ၍ မိဘတို့၏အမျိုးအနွယ်ကိုမတိမ်ကောအောင် စောင့်ရှောက်နိုင်သော အမျိုးကောင်းသား (အမျိုးကောင်းသို့မဟုတ်) ဖြစ်နိုင်ဘို့ရာ လိမ္မာတတ်သိ ပညာရှိတယောက် ဖြစ်ပါစေသတည်း။

အဖိုး အဖွား ကန်တော့ ။ ။အဖိုးကို ကန်တော့လျှင် မိခင်ဘခင် နေရာ၌ "အဖိုး၏" ဟု ထည့်၊ အဖွားကို ကန်တော့လျှင် "အဖွား၏" ဟု ထည့်၊ ၂ ယောက်လုံးကို ကန်တော့လျှင် "အဖိုးအဖွား၏" ဟု ထည့်၍ မိဘကန်တော့တုန်းကအတိုင်း ဆိုပါ။

အဖိုး အဖွားက ဆုပေး။ ။ ဤ ကန်တော့ရသော ကုသိုလ်ကောင်းမှုကြောင့် အဖိုးရဲ့မြေး(အဖွားရဲ့မြေး)သည် တောင့်တသော ဆုနှင့်ပြည့်စုံ၍ အဖိုးအဖွားတို့၏အမျိုးအနွယ်ကို မတိမ်ကောအောင် စောင့်ရှောက်နိုင်သော အမျိုးကောင်းသား (သို့မဟုတ်) ဖြစ်နိုင်ဘို့ရာ လိမ္မာတတ်သိ ပညာရှိတယောက် ဖြစ်ပါစေသတည်း။

ဆွေမျိုးများ ကန်တော့။ ။ဥုးကြီး , ဥုးလေး , ဘကြီး , ဘထွေး, အဒေါ်, အရီး , အဖွားကြီး , အဖွားလေး , ဘိုးကြီး, ဘိုးလေးစသော ဆွေမျိုးများကို ကန်တော့ရာ၌လည်း ဥုးကြီး၏ (ဥုးလေး၏) စသည်ဖြင့်ဆို၍ ကန်တော့ပါ။

ဥုးကြီးက ဆုပေး။ ။ဤ ကန်တော့ရသော ကောင်းမှုကြောင့် ဥုးကြီးရဲ့ တူကြီး (တူမကြီး) သည် တောင့်တသောဆုနှင့် ပြည့်စုံ၍ ဥုးကြီးတို့၏ အမျိုးအနွယ် မတိမ်ကောအောင် စောင့်ရှောက်နိုင်သော အမျိုးကောင်းသား (အမျိုးကောင်းသို့မဟုတ်) ဖြစ်နိုင်ဘို့ရာ လိမ္မာတတ်သိ ပညာရှိတယောက် ဖြစ်ပါစေသတည်း။ [ဥုးလေး စသူတို့ကလည်း ဤအတိုင်း ဆုပေး။]

သက်ကြီး ဝါကြီး ကန်တော့ ။ ။ဆွေမျိုး မတော်စပ်သော သက်ကြီးဝါကြီးများကိုလည်း အဖိုး အဖွား ဥုးကြီး အဒေါ်စသည် ခေါ်၍.... "အဖိုး၏ ကြီးရင့်သောအသက်နှင့် ကိုယ်ကျင့် သိက္ခာကို

(အဋ္ဌမအကြိမ်)

ရည်စူး၍ (ဤအဝတ်ဖြင့် , ဤ စားဘွယ် သောက်ဘွယ် တို့ဖြင့်) လေးမြတ်စွာ ကန်တော့ပါ၏၊ ဤ ကန်တော့ရသော ကောင်းမှုကြောင့် စသည်ဆို။

သက်ကြီးဆုပေး။ ။ဤ ကန်တော့ရသောကောင်းမှုကြောင့် ငါ့မြေး (ငါ့တူ) သည် တောင့်တသော ဆုနှင့် ပြည့်စုံ၍ အမျိုးဘာသာ သာသနာအကျိုးကိုဆောင်နိုင်သော အမျိုးကောင်းသား (အမျိုးကောင်းသို့မဟုတ်) ဖြစ်နိုင်ဘို့ရာ လိမ္မာတတ်သိ ပညာရှိတယောက် ဖြစ်ပါစေသတည်း။

ပညာသင်ဆရာကို ကန်တော့။ ။ဆရာ၏ သွန်သင် ပြသ ဆုံးမခဲ့သော ကျေးဇူးများကို ရည်စူး၍....စသည်ဆို။

ဆရာက ဆုပေး။ ။ဤ ကန်တော့ရသော ကောင်းမှုကြောင့် ဆရာ၏တပည့်သည် အမျိုးဘာသာ.... စသည်ဖြင့် ဆက်ကြီး ဆုပေးအတိုင်း ပေးပါ။

ဆရာဘုန်းကြီး ကန်တော့ ။ ။ ဆရာတော်၏ သီလ သမာဓိ ပညာဂုဏ်ကို ရည်စူး၍ (ဤ လှူဘွယ်ဝတ္ထုဖြင့်) ရိုသေ လေးမြတ်စွာ ကန်တော့ပါ၏၊.... "ဤ ကန်တော့ရသော ကောင်းမှုကြောင့်" စသည်ဆက်၍ ဆို။

ဆရာဘုန်းကြီး ဆုပေး။ ။ ဤ ကန်တော့ရသော ကောင်းမှုကြောင့် တောင့်တအပ်တိုင်း ပြည့်စုံ၍ အမျိုးဘာသာ သာသနာ၏ အကျိုးကိုစွမ်းဆောင်နိုင်သော အမျိုးကောင်းသား(အမျိုးကောင်းသို့မဟုတ်)ဖြစ်နိုင်ဘို့ရာ လိမ္မာတတ်သိ ပညာရှိဖြစ်ပါစေသတည်း။

(အဋ္ဌမအကြိမ်)

လက်ထပ်မင်္ဂလာ ။ ။ လက်ထပ်မင်္ဂလာ ပြုကြရာ၌ လူကြီးမိဘတို့ကို ကန်တော့ကြ၏၊ ထိုအခါ လူကြီးမိဘတို့က ဆုပေးရန်.... "နို့ရည်နှင့် ရေကို ရောနှောသည့်အခါ ၂ မျိုး ၂ စား မကဲ့ပြားဘဲ တသားထည်း တည်နေသကဲ့သို့ ငါ့သား ငါ့သမီး (ငါ့မြေး, ငါ့တူ စသည်) ၂ ဥုးတို့လည်း မေတ္တာရေ မကဲ့ပြားဘဲ တသားထည်း တည်စေပြီးလျှင် အိမ်ရှင် အိမ်သူတို့၏ ကျင့်ဝတ်များကို မယွင်းချွတ် အောင် စောင့်ထိန်းလျက် စိတ်ရော ကိုယ်ပါ ချမ်းသာစွာဖြင့် ဥစ္စာ စည်းစိမ် တိုးစာက်အောင် ဆောင်ရွက်နိုင်ကြပါစေ သတည်း"။

ဤသို့ စသည်ဖြင့် နေရာဌာနလိုက်၍ ကန်တော့သင့်, ဆုပေးသင့် ကြသည်၊ ကုန်းဘောင်ရာဇဝင်၌ အလောင်းမင်းတရားကြီးကို သီဝိ ကညာဆက်၍ မင်းသီးက ကန်တော့သောအခါ "ကန်တော့ရသော ဤ ကောင်းမှုကြောင့် ငါမင်းမြတ်နှင့် အတူ တိုင်းသူပြည်သား လူ အမျိုးကို သနား စောင့်ရှောက် ချီးမြှောက် နိုင်ပါစေ" ဟူသော အဓိပ္ပါယ်မျိုးဖြင့် ဆုပေးသည်ကို သတိပြုလိုက်ဘူးပါသည်။

ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့ကား—

ဣစ္ဆိတံ ပတ္ထိတံ တုယ္ဟံ, ခိပ္ပမေဝ သမိဇ္ဈတု၊
သဗ္ဗေ ပူရေန္တု သင်္ကပ္ပါ, စန္ဒေါ ပန္နရသော ယထာ။

"သင်၏ အလိုရှိအပ် တောင့်တအပ်သော ဆုသည် လျင်မြန်စွာ ပြီးစီးပါစေ၊ တဆဲ့ငါးရက်လ၏ ပြည့်ဝခြင်းကဲ့သို့ ကောင်းသော အကြံမှန်သမျှ ပြည့်ဝပါစေ"ဟု ဆုပေးတော်မူကြသည်။

ဩကာသအဖွင့် ပြီး၏။

ငါးပါးသီလခံယူပုံ အစဉ်

အလှူကိစ္စစသည်၌ ရဟန်းတော်တပါးထံ(တရားမနာမီ ရေစက် မချမီ) ငါးပါးသီလကိုဆောက်တည်တတ်ကြ၏၊ထိုသို့ ဆောက်တည် ရာဝယ် ရည်ရွယ်ချက်ကား— ဒါနပြုရာ၌ အရင်းခံ သီလရှိမှ သာ၍ အကျိုးပေး စင်ကြယ်သောကြောင့် အရင်းခံ သီလရှိသူဖြစ်အောင် ဆောက်တည်ခြင်းဖြစ်သည်၊နဂိုရိက သရဏဂုံနှင့် သီလရှိသူဖြစ်လျှင် မဆောက်တည်သော်လည်း အကျိုးမယုတ်ပါ၊သို့ရာတွင် မြဲရာသံပတ် ဆိုသလို ထုံးစံအတိုင်း သီလယူကြစို့။

လူများ ။ ။"ဩကာသ ဩကာသ" စသည်ဖြင့် ထုံးစံအတိုင်း ရှိခိုး ဆုတောင်း။

ဘုန်းကြီး။ ။"ရှိခိုးပူဇော် ဖူးမျှော်မာန်လျှော့ ကန်တော့ရသော ကုသိုလ်ကံ စေတနာတို့ကြောင့်" စသည်ဖြင့် အလို ရှိရာ ဆုကိုပေး။

လူများ ။ ။"အဟံ ဘန္တေ တိသရဏေန သဟ" စသည် ဆို၍ သရဏဂုံ သီလတောင်း။ [တချို့နေရာ၌ ဤ အဟံ ဘန္တေကို ဘုန်းကြီးက ချပေးသည်။]

ဘုန်းကြီး။ ။"ယ မဟံ ဝဒါမိ, တံ ဝဒေထ"

လူများ ။ ။"အာမ ဘန္တေ"။

ဘုန်းကြီး။ ။"နမော တဿ ဘဂဝတော အရဟတော" စသည် တခေါက်ချ။

လူများ ။ ။"နမော တဿ ဘဂဝတော" စသည် ၃ ခေါက် လိုက်ဆို။

ဘုန်းကြီး။ ။"ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ" စသည် ချပေး။

လူများ ။ ။လိုက်ဆို။

ဘုန်းကြီး။ ။"ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ" စသည် ချပေး။

လူများ ။ ။လိုက်ဆို။

ဘုန်းကြီး။ ။"တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ" စသည် ချပေး။

လူများ ။ ။လိုက်ဆို။

ဘုန်းကြီး။ ။"သရဏဂမနံ ပရိပုဏ္ဏံ"။

လူများ ။ ။"အာမ ဘန္တေ"။

ဘုန်းကြီး။ ။"ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ" ဟု ချပေး။

လူများ ။ ။လိုက်ဆို။ [အစဉ်အတိုင်း "အဒိန္နာဒါနာ" စသည် ချပေး, လိုက်ဆို။]

ဘုန်းကြီး။ ။"တိသရဏေန သဟ ပဉ္စသီလံ သာဓုကံ ကတ္ဝာ အပ္ပမာဒေန သမ္ပာဒေထ"။

လူများ ။ ။"အာမ ဘန္တေ"။

ဆုပေး အဖွင့်

သီလ ခံယူရာ၌ ရှေးဥုးအစ "ဩကာသ" စသော ရှိခိုးစဉ်ကို ဖွင့်ပြခဲ့၍, ထို ဩကာသစသည်ကို ဆိုပြီးနောက် ဘုန်းကြီးက "ရှိခိုးပူဇော် ဖူးမျှော် မာန်လျှော့ ကန်တော့ရသော ကုသိုလ်ကံ စေတနာတို့ကြောင့်" စသည်ဖြင့် ဆုပေး၏၊ ထို ဆုပေးတိုင်း ရ–မရကို ပဌမ စဉ်းစားသင့်၏၊ ဇာတ် ဝတ္ထုများ၌ ပစ္စေကဗုဒ္ဓါ ရဟန္တာ စသော အရှင်များအား တစုံတရာဝတ္ထုကို လှူဒါန်းပြီးနောက် အလှူ့ရှင် ကိုယ်တိုင် မိမိလိုရာဆုကို တောင်း၏၊ ထို တောင်းသောဆုများကား သံသရာ၌ ထူးထူးခြားခြား ဖြစ်လိုခြင်း, ထို ပစ္စေကဗုဒ္ဓါ ရဟန္တာတို့ ကဲ့သို့ သစ္စာ ၄ ပါးကို သိမြင်လိုခြင်းများတည်း၊ အလှူခံဖြစ်သော ပစ္စေကဗုဒ္ဓါ ရဟန္တာအရှင်မြတ်တို့ကလည်း ထို တောင်းသောဆုကို ပင် "တောင့်တတိုင်း ပြည့်စုံပါစေ" ဟု ပေးတော်မူခဲ့ကြသည်။

ထိုသို့ အလှူဒါန တခုခုကိုပြု၍ လိုလိုချင်ချင် တောင်းအပ်သော ဆုကား ထို တောင့်တတိုင်းပင် သင့်လျော်သောဘဝ၌ အကျိုးပေး တတ်ပါ၏၊ဤကဲ့သို့ အကျိုးပေးရာ၌ ဆုပေးမှုကြောင့်အကျိုးရသည် မဟုတ်, သူ၏ကုသိုလ်ကံကြောင့် အကျိုးရခြင်းဖြစ်သည်-ဟု မှတ်ပါ။

ယခုကာလ၌ကား "ဩကာသ" စသည်ဖြင့် ရှိခိုးပြီးနောက် "အပါယ် ၄ ပါး ကပ် ၃ ပါး" စသည်မှ လွတ်မြောက်၍ မဂ်ဖိုလ် နိဗ္ဗာန်ကို လျင်မြန်စွာ ရလိုပါကြောင်း ဆုတောင်းကြ၏၊ ဆုပေး သော ဘုန်းကြီးကမူ "အသက်ရှည်ခြင်း, အဆင်းလှခြင်း" စသည်ဖြင့် မတောင်းသောဆုကိုပါ အပိုပေး၏၊ ဆုတောင်းတိုင်း ဆုပေးတိုင်း (ကောင်းကောင်းမကျင့်ဘဲ) အကျိုးရနိုင်-မရနိုင်ကို စဉ်းစားလျှင်

မရနိုင် ဟုပင် မှတ်ပါ၊ မိမိတောင်းသော ဆုနှင့် ထိုက်တန်အောင် (အပါယ်လေးပါး စသည်မှ လွတ်အောင်) ဒုစရိုက်ကို ရှောင်ကြဉ်၍ သုစရိုက်ကုသိုလ် ပုညကြိယဝတ္ထု ကုသိုလ်မျှားကို ပြုမှသာ (နိဗ္ဗာန် မြန်မြန်ရအောင် ကမ္မဋ္ဌာန်းကို အားထုတ်မှ, သို့မဟုတ် ပါရမီကို ကြိုးစားဖြည့်မှသာ) ဆုတောင်းအားလျော်စွာ အကျိုးရနိုင်မည်။

အကယ်၍ ဆုတောင်းတိုင်း ဆုပေးတိုင်းရမည်ဆိုလျှင် ရွေးရွေး ဘဝတိုင်၌လည်း တောင်းဘူးလှသည်သာ မက, ယခုဘဝ၌ ယုံကြည် လောက်သော ဘုရားဒကာ ကျောင်းအမ လူဝင်စားတွေ့မှာလည်း လှန်ခဲ့သောဘဝက အကြိမ် ရာထောင်မက ဆုတောင်းခဲ့လှပြီဖြစ်၍ ထို ဆုတောင်းအား လျော်စွာ ယခုဘဝ၌ ကြွယ်ဝ ချမ်းသာသော ရွှေသဌေးတွေ ဖြစ်နေဘွယ်ရှိသည့် အပြင်, ယနေ့ နက်ဖန် ဆိုသလို မင်ဖိုလ်နိဗ္ဗာန်ကို (အလျင်အမြန်) ရသူတွေ ဖြစ်ပေရာ၏၊ သို့ရာတွင် ယခုအခါ၌ ထိုသို့ ဖြစ်သူကို မတွေ့မြင် မကြားသိရပါ တကား..... "နိဗ္ဗာန်ကို မြန်မြန်ရမည်" ဟု ဆိုလျှင်လည်း သူတို့တတွေ လိုချင် ကြမည် မဟုတ်ပါခြေ။

ထို့ကြောင့် စိတ် မပါ့တပါနှင့် တောင်းသောဆု, ဘုန်းကြီးက နှုတ်တက်ချပေးသော ဆုများကို အားကိုးနေကြခြင်းထက် "မိမိတို့ ကိုယ်တိုင် ပိုင်ပိုင်ကြီး အလုပ်လုပ်ခြင်းက အကျိုးရမည်" ဟု မှတ်ပါ၊ သို့သော် အများနှင့် မဆန့်ကျင်အောင် ထုံးစံအတိုင်း "ဩကာသ" ရှိခိုးပြီးနောက် ဆုတောင်း၍ ဘုန်းကြီးပေးသောဆုကိုလည်း "အာမ ဘန္တေ" လိုက်ကြပါလေတော့။ [အပြစ်မရှိသော ကိစ္စ၌ အများနှင့် မဆန့်ကျင်သင့်ပါ။]

သရဏဂုံနှင့် ငါးပါးသီလတောင်းအဖွင့်

(ကျက်မှတ်ရန်)

(၁) အဟံ ဘန္တေ, တိသရဏေန သဟ, ပဉ္စသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတ္ဝာ, သီလံ ဒေထ မေ ဘန္တေ။

(၂) ဒုတိယမ္ပိ, အဟံ ဘန္တေ.....မေ ဘန္တေ။

(၃) တတိယမ္ပိ, အဟံ ဘန္တေ.....မေ ဘန္တေ။

× × × × ×

ကြည့်ရှုရန် အဓိပ္ပါယ်

(၁) ဘန္တေ- အရှင်ဘုရား၊ အဟံ- တပည့်တော် (တပည့်တော်မ)သည်၊ တိသရဏေန – သရဏဂုံသုံးပါးနှင့်၊ သဟ – တကွ၊ ပဉ္စသီလံ-ငါးပါးသီလဟူသော၊ ဓမ္မံ-သိက္ခာပုဒ်တရားတော်ကို၊ ယာစာမိ-တောင်းပါ၏၊ ဘန္တေ–အရှင်ဘုရား၊ မေ– တပည့်တော် (တပည့်တော်မ)အား၊ အနုဂ္ဂဟံ-ချီးမြှောက်ခြင်းကို၊ ကတ္ဝာ–ပြု၍၊ သီလံ–သီလကို၊ ဒေထ– ပေးတော်မူပါကုန်ဘုရား။

(၂) ဒုတိယမ္ပိ–နှစ်ကြိမ်မြောက်လည်း၊ ဘန္တေ-အရှင်ဘုရား, စသည်.....ရွေ့အတိုင်းဆို။

(၃) တတိယမ္ပိ-သုံးကြိမ်မြောက်လည်း၊ ဘန္တေ-အရှင်ဘုရား, စသည်.....ရွေ့အတိုင်းဆို။

ဤ သီလတောင်းပုံ၌ မြန်မာလို ဆိုလိုရင်းမှာ– "အရှင်ဘုရား.... တပည့်တော်သည် သရဏဂုံသုံးပါးနှင့်တကွ ငါးပါးသီလကိုတောင်းပါ၏၊ တပည့်တော်အား သနားသဖြင့် သီလ ပေးတော်မူပါ" ဟု ဆိုလိုရင်း ဖြစ်၏၊ အလေးပြုရာ ရောက်အောင် သုံးကြိမ်တောင်းရိုးပြုကြသည်၊ ပါဠိလို မဆိုဘဲ "တပည့်တော်အား သီလ ပေးတော်မူပါ" ဟု မြန်မာလို ရိုးရိုးတောင်းလျှင်လည်း ပြီးစီးနိုင်၏။ [ယခုအခါ အချိန်တိုတိုနှင့် လိုရာကိစ္စ၏ ပြီးစီးခြင်းကို လိုလားသောအခါ ဖြစ်ကြောင်းကို သတိပြုသင့်ပြီ။]

လူတို့က သီလတောင်းပြီး အဆုံး၌ သီလပေး ကိုယ်တော်က.... "ယ မဟံ ဝဒါမိ, တံ ဝဒေထ" ဟု ဆိုပြန်၏၊ ယံ-အကြင် စကားကို၊ အဟံ–ငါသည်၊ ဝဒါမိ–ဆို၏၊ တံ–ထို ငါဆိုသွားသောစကားကို၊ ဝဒေထ-လိုက်၍ ဆိုကြကုန်၊ "ငါဆိုတာကို လိုက်ဆိုကြ" ဟု ဆိုလိုသည်၊ ထို့နောက် လူတို့က "အာမ ဘန္တေ" ဟု လိုက်ကြ၏၊ ဘန္တေ–အရှင်ဘုရား၊ အာမ– အမိန့်တော် အတိုင်းပါ၊ "မှန်ပါ အရှင်ဘုရား ဆိုသွားသမျှကို လိုက်၍ဆိုပါမည်" ဟု ဝန်ခံခြင်းဖြစ်သည်။

ဤစကားဖြင့် "သင်တို့သည် သရဏဂုံကိုလည်း ကိုယ့်ဘာသာ မဆောက်တည်တတ်ကြ၊ သီလကိုလည်း မယူတတ်ကြ၊ ထို့ကြောင့် ငါက–ရှေက ဆိုပေးမည်, လိုက်ဆိုကြ" ဟု ဆိုရာရောက်၏၊ ဗုဒ္ဓသာသနာတော် ရောက်စက သရဏဂုံ – သီလကိုမျှ မဆောက်တည်တတ်, မခံယူတတ်၍ နှုတ်ဖြင့် ချပေးရသောအခါမှ ဖြစ်လာခဲ့သော စကား ဖြစ်ဟန်တူသည်၊ ကိုယ့်ဘာသာကိုယ် ဆိုတတ်လျှင် ယခုလို နှုတ်တက်ချပေးဘွယ်မလိုပါ၊ သီလတောင်းများကိုလည်း ဆိုဘွယ်မလိုပါ။

သီလပေးမှု။ ။ရဟန်း တပါးပါးက "သီလပေးသည်" ဟူရာ၌ ထိုရဟန်းက မိမိမှာရှိသော သီလကို "ဝေဌပေးတဲ့" အပေးမျိုးမဟုတ်၊ သီလတောင်းပုံကို မဆိုတတ်၍ "ချပေးတဲ့" အပေးမျိုးဖြစ်သည်၊ ထို့ကြောင့် လူအချင်းချင်းလည်း သီလပေးကောင်း၏၊ ကိုယ့်ဘာသာ ဆိုတတ်လျှင် ရုပ်ပွားတော် စေတီတော် အထံ၌ မိမိဘာသာလည်း သရဏဂုံသီလကို ဆောက်တည်ကောင်း၏၊ ထိုသို့ မိမိဘာသာ သီလယူရာ၌ "ယ မဟံ ဝဒါမိ, တံ ဝဒေထ" ဟု မိန့်တော်မမူသောကြောင့် "အာမ ဘန္တေ" လိုက်နေဘွယ်မလို။

ထို့နောက် သီလပေးပုဂ္ဂိုလ်က – "နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ" ဟု ချပေး၍ လူအများက ၃ ခေါက် လိုက်ဆိုကြပြန်၏၊ ဤ "နမော တဿ ဘဂဝတော" စသည်ကို ရှေးက သူတော်ကောင်းများ ဘုရားရှင်ကို သတိရသောအခါ ရွတ်ဆိုလေ့ရှိသောကြောင့် ယခုကာလနေရာတိုင်းမှာ မင်္ဂလာရှိသောစကား တမျိုးအနေဖြင့် အသုံးပြုကြပေသည်။

နမော တဿ အနက်။ ။အရဟတော – ပူဇော်သမျှကို ခံယူတော်မူထိုက်သော၊ သမ္မာသမ္ဗုဒ္ဓဿ – အလုံးစုံသော တရားတို့ကို မဖေါက်မပြန် ကိုယ်တော်တိုင်သိတော်မူသော၊ တဿ ဘဂဝတော-ထို မြတ်စွာဘုရားအား၊ နမော-ရှိခိုးပါ၏။

ရှေးထုံးကိုမပယ်။ ။ "ဩကာသ ဩကာသ" မှ စ၍ "နမော တဿ" တိုင်အောင် စကားများသည် သရဏဂုံသီလ ဆောက်တည်ရာ၌ အရေးတကြီး သက်ဆိုင်သော စကားများ မဟုတ်၊ ရှေးဆရာတို့သိုင်းသိုင်းဝိုင်းဝိုင်း ရှိအောင် စီစဉ်ခဲ့သော စကားများသာ ဖြစ်၏၊

သို့သော် အပြစ်လည်း မရှိ၊ ဩကာသ စသည်ကို ရွှတ်ဆိုခိုက်၌ ထိုက်သင့်သမျှ ကုသိုလ်ရဘွယ်လည်း ရှိသောကြောင့် ယခုအခါ စဉ်းစားဉာဏ် ရှိသူတို့က (အပိုမှန်း သိပါလျက်) မပယ်ဖျက်ကြဘဲ ရှေးစဉ်လာအတိုင်း လိုက်နေကြသည်။

ဗုဒ္ဓဂိုဏ်းနှင့် ဘန်းဂိုဏ်း

ရှေးအခါက အောက်နိုင်ငံမှာ အဟံ ဘန္တေ ဟု ဘန္တေကစသော ကြောင့် "ဘန်းဂိုဏ်း" ဟုဝင်း, ဗုဒ္ဓံ သရဏံဟု ဗုဒ္ဓံက စသောကြောင့် "ဗုဒ္ဓဂိုဏ်း" ဟုဝင်း, ၂ ဂိုဏ်း ကွဲဘူးသတဲ့၊ သရဏကို သီလကို ဆောက်တည်သောအခါ ဘန်းဂိုဏ်းဝင်သူများသည် "အဟံ ဘန္တေ တိသရဏေန" က စပြီး ယခု ဆိုရိုးအတိုင်း ဆို၍ ဗုဒ္ဓဂိုဏ်း ဝင်သူများက "အဟံ ဘန္တေ" စသည်ကို မဆိုတော့ဘဲ "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ" က စ၍ ဆိုလေ့ရှိကြသတဲ့၊ ဤ ၂ နည်းတွင် ဗုဒ္ဓဂိုဏ်းနည်းက လိုရင်းပြီးအောင် အကျဉ်းရုံး၍, ဘန်းဂိုဏ်းနည်းက ရှေးစနစ်အတိုင်း လိုက်သောနည်းဖြစ်သည်။

အမှာ။ ။အပြစ်မရှိသော ရှေးနည်းကို လိုက်သင့်ပါ၏၊ သို့သော် သြဇာအာဏာနှင့် ပညာရှိသူ ဖြစ်လျှင် အကျိုး မများသော ရှေးစံနစ်တို့ကိုပြင်ရမည်သာ၊ ထိုသို့ ပြင်သည့်အတွက် အငြင်း ပွားခြင်းခိုက်ရန်မများအောင်အုပ်စီးနိုင်ဘို့ကား အရေးကြီး၏၊ မအုပ်စီးနိုင်ဘဲ ရှေးစနစ်ကိုပြင်လျှင်ကား မိမိလည်း ကုသိုလ် မရ, လူအများလည်း အကုသိုလ်ပွားခြင်း အကျိုးမဲ့သာ ဖြစ်ပါလိမ့်မည်။

သရဏံ အဖွင့်

(ကျက်မှတ်ရန်)

(၁) ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ, ဓမ္မံ သရဏံ ဂစ္ဆာမိ, သံဃံ သရဏံ ဂစ္ဆာမိ။
(၂) ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ, ဒုတိယမ္ပိ....ဂစ္ဆာမိ။
(၃) တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ, တတိယမ္ပိ....ဂစ္ဆာမိ။

× × × × × × ×

ကြည့်ရှုရန် အနက်နှင့် အဓိပ္ပါယ်

(၁) ဗုဒ္ဓံ - မြတ်စွာဘုရားကို၊ သရဏံ - ကိုးကွယ် လည်းလျှောင်း ပုန်းအောင်း မှီခိုရာဟူ၍၊ ဂစ္ဆာမိ-မှီဝဲ ဆည်းကပ်, သိမှတ်ပါ၏၊ ဓမ္မံ - တရားတော်မြတ်ကို၊ သရဏံ - ဟူ၍၊ ဂစ္ဆာမိ - ၏။ သံဃံ - အရိယာ သံဃာတော်မြတ်ကို၊ သရဏံ - ဟူ၍၊ ဂစ္ဆာမိ-၏။
(၂) ဒုတိယမ္ပိ-နှစ်ကြိမ်မြောက်လည်း....ရှေအတိုင်း ဆို။
(၃) တတိယမ္ပိ-သုံးကြိမ်မြောက်လည်း....ရှေအတိုင်းဆို။

သရဏံဂုံ။ ။"သရဏ + ဂမန" ဟူသော ပါဠိမှ "သရဏံဂုံ" ဟု မြန်မာစကား ဖြစ်လာသည်၊ (သရဏ = ကိုးကွယ်ရာ ဟူ၍ + ဂမန = အသိအမှတ် ပြုလျက် ဆည်းကပ်ခြင်း။) "ဘုရား တရား အရိယာသံဃာသည် ကိုးကွယ်ရာအစစ် ဖြစ်၏" ဟု အသိအမှတ် ပြုလျက် ရှိသေလေးမြတ် ဆည်းကပ် လိုသော ကုသိုလ် စေတနာကို "သရဏံဂုံ" ဟု ခေါ်၏၊ ၁-ဘုရားကိုးကွယ်မှု, ၂-တရားကိုးကွယ်မှု, ၃- အရိယာသံဃာ ကိုးကွယ်မှုအားဖြင့် ၃ ပါးရှိသည်၊ "သရဏံဂုံ

၃ပါး”ဟု ယခုကာလ ခေါ်ကြသည်မှာလည်း ဤ ၃ပါးပင်တည်း၊ မိမိသန္တာန်၌ ထို ရတနာ ၃ ပါးကို ဆည်းကပ် ကိုးကွယ်လိုသော စိတ်စေတနာဖြစ်နေကြောင်းထင်ရှားပြတို့ရာ“ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ” စသော ပါဠိစကားကို ဖြစ်စေ, “ ဘုရား ကိုးကွယ်ပါ၏ ” စသော မြန်မာစကားကို ဖြစ်စေ, ရွတ်ဆိုခြင်းသည် သရဏကုံဆောက်တည်ခြင်းမည်၏၊ ထိုသို့ ဆောက်တည်ရာ၀ယ်....

ဗုဒ္ဓံ။ ။ဗုဒ္ဓံ - အရ ဘုရားဟု ဆိုရာ၌ ရူပ်ပုံ ရူပ်ပွား ဆင်းတုစေတီတော်များလေ၀ယ်တွင် စိတ်မထားဘဲ ဘုရားဂုဏ်တော်ဖွင့်၌ ပြခဲ့သော“ဘုရားရှင်”ကို ရည်မှန်း၍ ထားရာ၏။

ဓမ္မံ။ ။ဓမ္မံ-အရ တရားဟု ဆိုရာ၌ ယခုကာလ ဓမ္မကထိကတွေ သံရွေသံတိုဆွဲ၍ ယပ်လှုယပ်ထောင်တရားများနှင့် စာအုပ်ပေစာတွေ လော်က်တွင် စိတ်မထားဘဲ ဓမ္မစကြာ အနုတ္တလက္ခဏသုတ် မဟာသတိပဋ္ဌာန် စသော ဘုရားဟော ပါဠိတော် အဋ္ဌကထာကျမ်းစာအစဉ်နှင့် မဂ်ဖိုလ်နိဗ္ဗာန်တရားကို ရည်မှန်းထားရာ၏။

သံဃံ။ ။သံဃံ - အရ သံဃာ ဟု ဆိုရာ၌ ယခုကာလ ရဟန်းသံဃာလော်က်တွင် စိတ်မထားဘဲ သံဃာ့ဂုဏ်၌ပြခဲ့သော အရိယာသံဃာကို ရည်မှန်းထားရာ၏၊ ဤသို့ ရည်မှန်းနိုင်မှသာ “သရဏကုံ” အစစ်အမှန်ကို ရမည်။

ကိုး — ကွယ် — လည်းလျောင်း — ပုန်းအောင်း — မှီခိုရာ။ ။ ရတနာမြတ်သုံးပါးသည် အပါယ်ဆင်းရဲ သုံ့သရာ ဆင်းရဲတို့၌ မကျ မရောက်အောင် ဟောတော်မူသော အားဖြင့် စောင့်ရှောက်တော်မူပေရကား....

(အဋ္ဌမအကြိမ်)

ကိုး=ရတနာသုံးပါးကို ကိုးစားရာ (အားကိုးစရာ) ဟူ၍၎င်း,

ကွယ်=ဘေးရန်ပေါ်လာလျှင် ကာကွယ်တို့ရာဟူ၍၎င်း,

လည်းလျောင်း = (မိဘအပေါ်မှာ ယုံကြည်၍ သားသျှီးများ လဲလျောင်း အိပ်နေသလို) ရတနာသုံးပါးကို ကောင်းစွာ ယုံကြည်၍ လဲလျောင်းတို့ရာဟူ၍၎င်း,

ပုန်းအောင်း = အပါယ်ဘေး မရောက်အောင် ပုန်းအောင်းနေတို့ရာ ဟူ၍၎င်း,

မှီခို=မိဘကို သားသျှီးက မှီခိုသကဲ့သို့ မှီခိုတို့ရာဟူ၍၎င်း, အသိအမှတ်ပြုလျက်“နှစ်နှစ်သက်သက် မှီဝဲ ဆည်းကပ်ပါ၏” ဟု ဆိုလိုသည်။

တကြိမ်ဆောက်တည် တသက်တည် ။ ။ ဤသို့ ယုံကြည်လေးမြတ်စွာ တကြိမ်လော်က် ဆောက်တည်ထားလျှင် ယုံကြည်စိတ် မပျက်သမျှ တသက်လုံး “ သရဏကုံတည်သူ ” မည်တော့၏၊ ထပ်ခါထပ်ခါ ဆောက်တည်နေဘွယ် မလိုပါ၊ ယခုကာလ၌ကား သီလဆောက်တည်တိုင်း ထပ်၍ သရဏကုံ ဆောက်တည်လေ့ ရှိကြသည်၊ သို့သော် အပြစ်မရှိ၍ ထိုနည်းကို မပယ်ဖျက်လိုပါ။

သရဏကုံတင်ကြပုံ။ ။ရတနာသုံးပါးကို မကိုးကွယ်လိုသော အခါနှင့် အသက်ဆုံးသော အခါ၌ သရဏကုံပျက်၏၊ ထို့ကြောင့် တစုံတယောက် အနီစွရောက်သောအခါ “ ရောက်ရာဘ၀က သတိရနေလျှင် သရဏကုံ ယူပါစေတော့ ” ဟု ရည်မှန်း၍ အလောင်းကို

(အဋ္ဌမအကြိမ်)

သရဏကုံ တင်ရိုးပြုကြသည်၊ စိတ်မရှိသော အလောင်းအတွက်ကား သရဏကုံတင်သော်လည်း သရဏကုံ မရပါ။

သတိပြုဘွယ်။ ။ယခုကာလ သရဏကုံ ဆောက်တည်သူတို့တွင် တချို့မှာ "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ" စသော ပါဠိကို ရွတ်နေသော်လည်း မြန်မာလို ဘာကိုဆိုလိုကြောင်း မသိကြ၊ ဗုဒ္ဓံ ဓမ္မံ သံဃံ ဟု နှုတ်က ရွတ်နေသော်လည်း ဘုရား တရား သံဃာ အစစ်ကို နားမလည်ကြချေ၊ ထိုသို့ နားမလည်သူတို့မှာ ဉာဏ်နှင့် ယှဉ်သော ဉာဏသမ္ပယုတ် မဟာကုသိုလ် သရဏကုံ မရနိုင်၊ အတော်အတန် နားလည်သူ ဘုရား တရား သံဃာကို ကိုးကွယ်လိုစိတ် ရှိသူ၌ကား ဉာဏဝိပ္ပယုတ် သရဏကုံမျှသာ ရဘွယ်ရှိ၏၊ လုံးလုံး နားမလည်သူ ထို့ထက်မှာ သရဏကုံကိုမျှ လုံးလုံးရဘွယ် မရှိ၊ သရဏကုံ မတည်လျှင် ဗုဒ္ဓဘာသာဝင် မဟုတ်သေး၊ ထို့ကြောင့် သရဏကုံ အကြောင်းကို ကောင်းကောင်း နားလည်အောင် လေ့လာကြပါကုန်။

ရတနာ ၃ ပါး နှင့် စပ်၍ မှတ်ဘွယ်

ဘုရား တရား။ ။ယခုအခါ စဉ်းစားလေ့ရှိသူတို့သည် "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ" စသော သရဏကုံ၌ "သက်တော်ထင်ရှား မြတ်စွာဘုရားကို ကိုးကွယ်ရမည်၊ စေတီတော်များကား ဘုရားရှင်၏ အရိုးဓာတ်တော်ကို ထားပန်းထားရာ ဖြစ်၍ငင်း, ရုပ်ဖုံ ဆင်းတုတော်များမှာ ဘုရားရှင်၏ ပုံတော်ကို စွမ်းနိုင်သမျှ အတုပြုလုပ်ထားသော ပုံတော်များဖြစ်၍ငင်း, ဘုရားရှင်ကို ရည်မှန်း၍ ကိုးကွယ် ပူဇော်ရာ ဌာနများ ဖြစ်ကြသည်" ဟု နားလည်ကြပေပြီ၊ တရားကို ကိုးကွယ်

ရာ၌လည်း ကိလေသာ အညစ်အကြေးတို့ကို ပယ်ရှားနိုင်သော မဂ် တရား–ဖိုလ်တရား– နိဗ္ဗာန်တရားတော်များနှင့် ဘုရားဟောတော် မူအပ်သော တရားစစ် တရားမှန်များကိုသာ ကိုးကွယ်ရမည်" ဟု နားလည်ကြပေပြီ။

သံဃာ။ ။"သံဃာကို ကိုးကွယ်ပါ၏" ဟု သရဏကုံ ဆောက်တည်ရာ၌ကား စိတ်ထဲမှာ **ရဟန်း** သံဃာအမျိုးမျိုး ပေါ်လာသောကြောင့် ကျေကျေနပ်နပ် ဆည်းကပ် ကိုးကွယ်လိုစိတ် မဖြစ်နိုင်ကြ၊ ထိုသို့ ဖြစ်ရာ၌, ဘုန်းကြီးတို့ ကလေးအရွယ်က စိတ်နေ စိတ်ထားကို ပြန်၍သတိရတော့သည်၊ ဘုရားရှိခိုးရာ၌ကလေး၏စိတ်သည် ရှေ့မှာ ရှိသော စေတီတော် ဆင်းတုတော်ထက် ပိုလွန်၍ ဘုရားရှင် အစစ် တိုင်အောင် မမှန်းနိုင်ခဲ့ပါ၊ အထက်တန်းစာကို သင်ရသော အခါကျမှ စေတီတော် ဆင်းတုတော်များကို ရှိခိုးတိုင်း ဘုရားရှင် အစစ် ရောက်အောင် ထွင်းဖောက်၍ အာရုံပြုနိုင်ပါသည်။

ထို့အတူ ပုထုဇဉ် ရဟန်းသံဃာများကို စေတီတော် ဆင်းတုတော်များကဲ့သို့သဘောထား၍ အရိယာဖြစ်ပြီးသော ရဟန်းသံဃာများကို ဘုရားအစစ်လို သဘောထားလျက် စဉ်းစား ကြည့်သော အခါ အတော်စိတ်ရှင်းသွားပါလိမ့်မည်၊ စေတီတော် ဆင်းတုတော်များကို ရွှေတိုဂုံ– မဟာမြတ်မုနိတို့ကဲ့သို့ အလွန် အဆင့် အတန်းမြင့်နေသည်ကိုလည်း ဖူးတွေ့ကြရ၏၊ ဘုရားဒကာ ဘုရားအမှန့် ကိုးကွယ်သူ ရွာသားတို့ အပြုအပြင်မတတ်မူကြောင့် မသပ်ပြိယ်သော စေတီတော် ဆင်းတုတော်များကိုလည်း (မလဲ့မရှောင်သာ) မြင်ရတွေ့ရ၏။

သပ္ပါယ်သော စေတီတော် ဆင်းတုတော်များကို ဖူးမျှော်ရသော အခါ လွန်စွာ အားရ၍ သက်တော်ထင်ရှား ဘုရားကိုလည်း သတိရ သကဲ့သို့, အဆင့်အတန်းမြင့်မြင့်နှင့် တရားကျင့်နေသော, သာသနာ့ တာဝန်ကို အားသွန် ကြိုးစားနေသော ရဟန်း သံဃာတော်များကို ဖူးမျှော်ရသောအခါ "ဩော်..... ဘုရားလက်ထက်တော်၌ အရှင် မဟာကဿပစသော သံဃာတော်များသည် ဤသို့ ကျင့်တော်မူကြ ပေလိမ့်မည်၊ အရှင် သာရိပုတ္တရာ, အရှင်မောဂ္ဂလ္လာန်, အရှင်ဥပါလို, အရှင်အနုရုဒ္ဓါ, အရှင်အာနန္ဒာ, အရှင်ရာဟုလာစသော သံဃာတော် များသည် ဤသို့ပင် သာသနာ့တာဝန်ကို အားသွန် ကြိုးစားတော် မူကြပေလိမ့်မည်" ဟု အရိယာသံဃာတော်များ ထင်မြင်လာအောင် နှစ်သက်ခြင်းကိုဆောင်နိုင်ကြပါလိမ့်မည်၊ ထို့ကဲ့သို့ ထင်လာမြင်လာ အောင်လည်း သတိထားမိကြပါစေ။

မသပ္ပါယ်သော စေတီ ဆင်းတုတော်များကို တွေ့ရသောအခါ "ဒီရပ်သူနယ်သားတွေ အသိအလိမ္မာ နည်းသေးလို့ ယခုလို စေတီ ဆင်းတုတော်များ မသပ္ပါယ် မတင့်တယ်ဘဲ ရှိနေကြရသည်၊ ရပ်သူ နယ်သားတို့ အသိအလိမ္မာ တိုးပွားလာလျှင် ဤစေတီ ဆင်းတုတော် များကို သားနား သပ္ပါယ်အောင် ခြယ်လှယ်နိုင်ပေလိမ့်မည်" ဟု ရပ်သူ နယ်သားတို့၏ အသိဉာဏ်ကို မြှင့်တင်လိုသော စိတ်ဆန္ဒသာ ဖြစ်ပေါ်လာ၍ ဆင်းတု စေတီတော်များ၏ မသပ္ပါယ်မှုကို အပြစ် မမြင်နိုင်တော့သကဲ့သို့, ထို့အတူ အဆင့်အတန်း မမြင့် မကြွယ် မသပ္ပါယ်သော ရဟန်း သံဃာတော်များကို တွေ့ရပြန်လျှင်လည်း သာသနာကို ကိုးကွယ်သော လူတစုံ၏ အသိဉာဏ် နည်းမှုကိုသာ

(အဋ္ဌမအကြိမ်)

အပြစ်တင်ကာ မတော်မလျော် သွားလာ နေထိုင်သူတို့ အပေါ်မှာ အပြစ်မတင်သာဘဲ ရှိပါလိမ့်မည်။

ဘုရားပေးသော သရဏကုံ ။ ။ ဘုရားရှင်သည် "ဆတ္တ" မည်သော တက္ကသိုလ် ကျောင်းသား တယောက်အား ဗုဒ္ဓ – ဓမ္မ သရဏကုံ ပေးတော်မူပြီးနောက် သံဃာ့သရဏကုံ ပေးတော်မူရာ၌ "အရိယာသံဃာတော်ကို ကိုးကွယ်ဆည်းကပ်လော" ဟု မိန့်တော်မူ ပါသည်၊ (ဆတ္တမာဏဝက ဝိမာနဝတ္ထု၊) ထို့ကြောင့် ယခုအခါ "သံဃံ သရဏံ ဂစ္ဆာမိ = သံဃာတော်ကို ဆည်းကပ် ကိုးကွယ်ပါ၏" ဟု သရဏကုံ ဆောက်တည်ရာ၌ အရိယာ သံဃာကိုသာ ရည်မှန်း၍ ဆောက်တည်ကြပါလေ၊ သံဃာနုဿတိ ကမ္မဋ္ဌာန်း စီးဖြန်းသော အခါလည်း သုပ္ပဋိပန္နတာ စသော ဂုဏ်တော်များနှင့် ပြည့်စုံပြီးသော အရိယာသံဃာတော် များကိုသာ အာရုံပြုရပါသည်၊ သံဃာ့ဂုဏ်တော်ဖွင့်၌ အရိယာ သံဃာတော်များချည်း ပါဝင်ပုံကို ပြန်၍ သတိပြုပါ၊ ရတနာ့သုတ် ပရိတ်တော်လာ သံဃာ့ဂုဏ်ကို ပြဆ၌ လည်း အရိယာသံဃာတော်များသာ ဖြစ်ပါသည်။

ပုထုဇဉ်သံဃာလည်း မလွတ်။ ။သက်တော်ထင်ရှား ဘုရား မရှိသော ယခုအခါ၌ ဘုရားရှင်ကို လှူဒါန်း ပူဇော်လိုလျှင် ဘုရားကို ရည်မှန်း၍ စေတီတော် ဆင်းတုတော်ကိုသာ လှူဒါန်း ပူဇော်ရတော့ သကဲ့သို့, ထို့အတူ အရိယာသံဃာကို ရည်မှန်း၍ လှူဒါန်း ပူဇော် လိုလျှင် တွေ့ရှုကြုံရာ ပုထုဇဉ် သံဃာကိုလည်း လှူဒါန်း ပူဇော်ကြရ တော့သည်၊ "အနုတ္တရံ ပုညက္ခေတ္တံ = အရိယာ သံဃာတော်သည် အတူမရှိ ကောင်းသော လယ်ယာမြေပင်တည်း" ဟု မိန့်တော်မူချက်

(အဋ္ဌမအကြိမ်)

အရ ပဌမတန်း လယ်ယာမြေကို မရလျှင် ဒုတိယတန်း လယ်ယာမြေမှာပင် စိုက်ပျိုးရသကဲ့သို့, ပဌမတန်းသံဃာကို မရလျှင် သီလသမာဓိ ပညာအားဖြင့် ဒုတိယတန်း ပုထုဇဉ် သံဃာတော်ကို ရှာ၍ကိုးကွယ် ဆည်းကပ်ဘို့တာဝန်မှာ တိုင်းသူပြည်သားတို့ အသိဉာဏ်ပေါ်၌သာ တည်၏၊ အချုပ်မှာ — ပုဂ္ဂိုလ်ကောင်းကို ရွေးချယ်၍ ကိုးကွယ်နိုင်မှသာ အကျိုးများများရမည်ဟု ဆိုလိုပါသည်။

ဒုတိယတန်း လယ်ယာမြေမရှိလျှင် တတိယတန်း လယ်ယာမြေ၌လည်း စိုက်ပျိုးကြရသကဲ့သို့, ထို့အတူ တတိယတန်း ပုထုဇဉ် သံဃာများကိုလည်း (သံဃာကိုရည်မှန်း၍ လှူဒါန်းပူဇော်နိုင်လျှင်) ထိုက်သင့်သမျှ အကျိုးရမည့် အကြောင်းကိုလည်း ချဲ့ထွင် စဉ်းစားကြပါလေ၊ သာသနာ ဆုတ်ယုတ်သည်ထက် ဆုတ်ယုတ် လာသော အခါ "လည်ပင်း၌ သက်နှံး ပတ်ထားသော ရဟန်း အတုကိုပင် သံဃာမှန်း၍ လှူဒါန်းနိုင်လျှင် မရေမတွက်နိုင်အောင် အကျိုးရနိုင်၏"ဟု ဒက္ခိဏာဝိဘင်္ဂသုတ်၌ ဟောတော်မူပါသည်။

ဤ သရဏဂုံကို ဆောက်တည်ပြီးသည့် အဆုံး၌ သီလပေးကိုယ်တော်က...."သရဏဂမနံ ပရိပုဏ္ဏံ"ဟု ဆို၏၊ သရဏဂမနံ— သရဏဂုံသည်၊ ပရိပုဏ္ဏံ — သင်တို့သန္တာန်မှာ ပြည့်စုံပြီ၊ "သရဏဂုံတည်ပြီ"ဟု ဆိုလိုသည်၊ ထို့နောက် လူများက"အာမ ဘန္တေ-မှန်ပါဘုရား"ဟု လိုက်ကြပြန်၏၊ ဘုရားရှေ့မှာ မိမိဘာသာ သရဏဂုံကို ဆောက်တည်ရာ၌ကား ရုပ်ပွားတော်က "သရဏဂမနံ ပရိပုဏ္ဏံ"ဟု မိန့်တော် မမူသောကြောင့် "တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ" အဆုံး၌ "အာမ ဘန္တေ"ဟု ဆိုဘွယ် မလိုတော့ပါ။

ငါးပါးသီလ

(ကျက်မှတ်ရန် သိက္ခာပုဒ်များ)

(၁) ပါဏာတိပါတာ, ဝေရမဏိသိက္ခာပဒံ, သမာဒိယာမိ။

(၂) အဒိန္နာဒါနာ, ဝေရမဏိသိက္ခာပဒံ, သမာဒိယာမိ။

(၃) ကာမေသုမိစ္ဆာစာရာ, ဝေရမဏိသိက္ခာပဒံ, သမာဒိယာမိ။

(၄) မုသာဝါဒါ, ဝေရမဏိသိက္ခာပဒံ, သမာဒိယာမိ။

(၅) သုရာ—မေရယ မဇ္ဇပမာဒဋ္ဌာနာ, ဝေရမဏိသိက္ခာပဒံ, သမာဒိယာမိ။

× × × × ×

(ကြည်ရှု ရန်အဓိပ္ပါယ်)

ဤ သိက္ခာပုဒ်ငါးပါးကို "ငါးပါးသီလ" ဟူ၍၎င်း, လူတို့အမြဲစောင့်ထိန်းကြရသောကြောင့် "နိစ္စသီလ" ဟူ၍၎င်း, တသက်လုံးမကျိုးမပေါက်ရအောင် သူတော်ကောင်းတို့အလေးပြုရမည့်အကျင့် ဖြစ်သောကြောင့် "ဂရုဓမ္မသီလ"ဟူ၍၎င်း, အမျိုးမျိုးပင် ခေါ်ကြပါသည်၊ သရဏဂုံတည်သူ (ရတနာသုံးပါး ဆည်းကပ် ကိုးကွယ်သူ) ကို ဥပါသကာ- ဥပါသိကာမဟု ခေါ်၏၊ ထို့ဥပါသကာ ဥပါသိကာမ မှန်လျှင် ၅ ပါးသီလကို လုံခြုံစေမှသာ သင့်လျော်ပါသည်၊ ထို့ကြောင့် သူတော်ကောင်းပီသအောင် ၅ ပါးသီလကိုလည်း လုံခြုံစေရပါသည်။

၁။ ပါဏာတိပါတ အဖွင့်

ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

ကြည့်ရှုရန် အနက်နှင့် အဓိပ္ပါယ်

ပါဏာတိပါတာ— သူတပါးအသက်ကို သတ်ခြင်းမှ၊ ဝေရမဏိ သိက္ခာပဒံ-ရှောင်ကြဉ်ရကြောင်း, ကောင်းမြတ်သော သိက္ခာပုဒ်ကို၊ သမာဒိယာမိ—စိတ်၌မြဲစွာ, ဆောက်တည်ပါ၏၊ "သူတပါးအသက် သတ်ခြင်းမှ ရှောင်ကြဉ်ပါ၏" ဟူလို။

သူတပါးအသက် သတ်ခြင်းမှ— ဟူရာ၌ လူ၏ အသက်ချည်းသာ မက, မိမိမှတပါး အသက်ရှိသော သတ္ဒာအားလုံး၏ အသက်ကို "သူတပါးအသက်" ဟု ဆိုလိုသည်၊ ထို့ကြောင့် သက်ရှိသတ္ဒာ မှန်လျှင် တိရစ္ဆာန်အမျိုးမျိုး, ကြမ်းပိုး, သန်းဥ, ခရု, ယောက်သွား, ကျွဲ, နွား, စသည်တို့၏ အသက်ဟူသမျှကို မသတ်ရ။

သတ်— ဟူရာ၌ တကယ် သေစေလို၍ ကိုယ်တိုင် သော်ဂင်း, သူတပါးကို စေခိုင်း၍သော်ဂင်း သတ်မှသာ သတ်ရာရောက်သည်၊ လမ်းသွားရင်း မတော်တဆ နင်းမိ၍ သေသွားခြင်း စသည်များမှာ သတ်ရာ မရောက်ပါ။

ရှောင်ကြဉ်ရကြောင်း, ကောင်းမြတ်သော— ဟူရာ၌ ဤ သိက္ခာပုဒ်ကို ဆောက်တည်ထားလျှင် သူ့အသက် သတ်မှုမှ ရှောင်ကြဉ်ရသည်၊ မရှောင်ကြဉ်လျှင် သိက္ခာပုဒ် ပျက်၏၊ ထို့ကြောင့် ဤသိက္ခာပုဒ်သည် သူ့အသက်ကိုသတ်ခြင်းမှ ရှောင်ကြဉ်ရခြင်း၏ အကြောင်းဖြစ်သည်။

သိက္ခာပုဒ်။ ။ကုသိုလ်အကျင့်ကို "သိက္ခာ" ဟု ခေါ်သည်၊ ပုဒ်-ဟူသည်ကား မြန်မာလို "တည်ရာ" ဟူသောစကားနှင့် အဓိပ္ပါယ် တူသော (ပဒ) ပါဠိပျက် စကားတည်း၊ ထို့ကြောင့် များစွာသော ကုသိုလ်အကျင့်တို့၏ တည်ရာကို "သိက္ခာပုဒ်" ဟု မှတ်ပါ၊ ဤသိက္ခာပုဒ်တပါး လုံခြုံလျှင် ကုသိုလ်အကျင့်တွေ များစွာ တိုးတက်၍ရမည် ဖြစ်သောကြောင့် "များစွာသော ကုသိုလ်တရား၏တည်ရာ အခြေခံ ဖြစ်သော အကျင့်သိက္ခာ" ဟု ဆိုလိုသည်။

ဆောက်တည်ပါ၏။ ။"ဤသိက္ခာပုဒ်ကို လုံခြုံအောင် စောင့်ထိန်းမည်" ဟု (ခိုင်မြဲအောင် အိမ်ကြီး တိုက်ကြီး များကို မြေ၌ ဆောက်စိုက် တည်ထားသလို) စိတ်ထဲ၌ စွဲစွဲမြဲမြဲ နှလုံး သွင်းထားခြင်းကို "ဆောက်တည်" ဟု ခေါ်သည်၊ ထို့ကြောင့် သူတပါးထံသို့ မသွားဘဲလည်း မိမိဘာသာ "ပါဏာတိပါတာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ" ဟု ပါဠိလို ရွတ်ဆို၍ဖြစ်စေ, "သူ့အသက်သတ်ခြင်းမှရှောင်ကြဉ်ပါ၏" ဟု မြန်မာလိုရွတ်ဆို၍ဖြစ်စေ, ဆောက်တည်ကောင်း၏။ [ဇနကမင်းသားလေး ပင်လယ်ကြောဌ် မျောနေစဉ်က ကိုယ့်ဘာသာ ဆောက်တည်၍ ၇ ရက်ပတ်လုံး ဥပုသ် စောင့်သုံးခဲ့ပါသည်။]

ယခုကာလ၌ကား "ဘုရားရှေ့တော် ရဟန်း သံဃာတော်များရှေ့၌ ဆောက်တည်မှ သီလရသည်" ဟု ထင်နေကြ၏၊ သို့သော် ဘုရားရှေ့တော် ရဟန်းသံဃာ၏ ရှေ့၌ ဆောက်တည် ထားလျှင် ဘုရားနှင့် သံဃာကို ရှိသေသော အားဖြင့် သိက္ခာပုဒ်ကို လုံခြုံအောင် အထူး စောင့်ရှောက်ဘွယ် ရှိရကား စေတီတော် ရုပ်ပွားတော်နှင့် သံဃာ

တော်ရှေ့၌ ဆောက်တည်ခြင်းသည် သာ၍ ခိုင်မြဲဘွယ်ရှိသောကြောင့် ယခုကာလ ဆောက်တည်ကြပုံကိုလည်း အပြစ် မရှိ၍ ကောင်းလှပါပေသည်။

မဆောက်တည်သူ လွန်ကျူးပြစ် ။ ။ ဤ သိက္ခာပုဒ်ကို မဆောက်တည်ဘဲ သူ့အသက်ကိုသတ်လျှင် အပြစ်ရှိ—မရှိ စဉ်းစားရာ၏၊ ငါးပါးသီလ ခေါ်သော သိက္ခာပုဒ်များသည် ဆောက်တည်သည်ဖြစ်စေ, မဆောက်တည်သည်ဖြစ်စေ, လွန်ကျူးလျှင် အပါယ် ၄ပါးသို့ ကျရောက်စေနိုင်သောကြောင့် မည်သူမဆို အမြဲစောင့်ထိန်းရမည့် ကိုယ်ကျင့်တရား ဖြစ်သည်၊ "ဝိကာလဘောဇန, နစ္စ—ဂီတ" စသော အခြား သိက္ခာပုဒ်များ ကိုကား မဆောက်တည် နိုင်လျှင် အပြစ်မကြီးလှ, အပါယ်သို့ မကျစေနိုင်၊ ဆောက်တည်နိုင်လျှင်ကား ဆောက်တည်ထားသော သိက္ခာပုဒ်ကို အကြောင်းပြု၍ အကုသိုလ် ဖြစ်ခွင့် မရတော့ဘဲ ကုသိုလ်တရားသာ တိုးပွားဘွယ်ရှိသောကြောင့် မည်သည့် သိက္ခာပုဒ်မဆို ဆောက်တည်နိုင်လျှင် အကျိုး များ၏၊ အပြစ်နှင့် အကျိုးကို ပြသော အောက်ပါ ဆောင်ပုဒ်ကို နှုတ်တက် ဆောင်ထားပါ။ [နောက် သိက္ခာပုဒ်များ၌ တူသော ပါဠိများ၏ အဓိပ္ပါယ်ကို မရေးတော့ဘဲ ထူးရာကိုသာ ရေးတော့မည်။]

[ဆောင်] ပါဏာတိပါတ်, သူ့သက် သတ်က, ချို့တတ် အင်္ဂါ, မဲ့ပြာ ရုပ်သွင်, အားအင် ချို့ယွင်း, လျင်ခြင်းလည်း ဝေး, ဘေးကို ကြောက်တတ်, အသတ်ခံရာ, အနာ များလျက်, ခြေရုံ ပျက်၍, အသက် တိုလျှ, ပြစ်များ စွဲသည်, ...ရှောင်ကာ အပြုန် အကျိုးတည်း။

ကြည့်ရှုရန် အဓိပ္ပါယ်

ပါဏာတိပါတပြုလျက် သူ့အသက်ကို သတ်လို့ရှိက....

၁။ မျက်စိ-နား—နှာ-အင်္ဂါ ခြေလက် ချို့ယွင်းတတ်ခြင်း။
၂။ ဖြစ်ရာဘဝ၌ အရွယ်-အသွင် မဲ့ပြာခြောက်ညှိုး၍ စိုစိုပြေပြေ မရှိတတ်ခြင်း။
၃။ အားအင် ချို့ယွင်းခြင်း, (အားနည်းခြင်း)။
၄။ လျင်မြန် ဖြတ်လတ်ခြင်းလည်း ကင်းဝေးခြင်း။
၅။ ဘေးရန် ပေါ်ပေါက်လျှင် ကြောက်ရွံ့တတ်ခြင်း။
၆။ သူများ အသတ်ကို ခံရတတ်ခြင်း, ကိုယ့်ကိုယ်တိုင် အဆိပ် စသည် စားလျက် သေရတတ်ခြင်း။
၇။ အနာရောဂါ များတတ်ခြင်း။
၈။ အခြေအရံ ပျက်စီးတတ်ခြင်း။
၉။ အသက်တိုတတ်ခြင်း, ဤသို့စသည်ဖြင့် အပြစ်တွေ့များပြား လှလေ၏။

မူရင်းအပြစ်။ ။ပြခဲ့သောအပြစ်တို့မှာ ဝဋ်လိုက်သော အနေ အားဖြင့် ဖြစ်လေရာဘဝ၌ ရတတ်သော အဖျားအနား အပြစ်များ တည်း၊ ထို အပြစ်များအပြင် ငရဲ၌ကျရခြင်း စသော ကြီးလေးသော အပြစ်လည်း ရှိသေး၏၊ ရှေးတုန်းက အိမ့်ရှင်မ တယောက်သည် ညှဉ်သည်အတွက် ချက်ပြုတ် ကျွေးဘို့ရာ ဟင်းလျာ မရှိသောကြောင့် အိမ်မှာရှိသော သိုးမကလေးကိုသတ်လျက် ချက်ပြုတ်ကျွေးခဲ့၏၊ ထို

မကောင်းမှု ပါဏာတိပါတကံကြောင့် သေသောအခါ ထို သိုးမကလေး၏ အမွေး အရေအတွက်နှင့်အမျှ နှစ်ပေါင်းကြာအောင် ငရဲ၌ ကျက်ခဲ့ရ၏၊ ငရဲမှ လွတ်သောအခါလည်း ဘဝများစွာ သူတပါး အသတ်ခံရ၍ သေရလေသည်။

အပြစ်ကြီး အပြစ်ငယ်။ ။ အမြစ် အကြီး အငယ်မှာ အသတ်ခံရသော သတ္တဝါ၏ ခန္ဓာကိုယ် ပမာဏနှင့် ဂုဏ်ကို လိုက်၍ ဖြစ်၏၊ ခန္ဓာကိုယ်ငယ်လျှင် သတ်ဖြတ်ရာ၌ အားစိုက်မှု နည်းသောကြောင့်၎င်း, ဂုဏ်မရှိလျှင် သူ၏ဂုဏ်သိက္ခာကို များစွာ ဖျက်ဆီးရာမရောက်သောကြောင့်၎င်း, သတ်ဖြတ်သူမှာ အပြစ်သက်သာ၏၊ အသတ်ခံရသူက ခန္ဓာကိုယ်ကြီးလျှင် သတ်ဖြတ်ရာ၌ လုံ့လ များစွာစိုက်ရသောကြောင့်၎င်း, ဂုဏ်ကြီးလျှင် သူ၏ ဂုဏ်သိက္ခာအများကို ဖျက်ဆီးရာရောက်သောကြောင့်၎င်း , သူ့အသက် သတ်သူမှာ ကြီးလေးသော အပြစ်ကို ခံရမည်။

ရှောင်က အပြန် အကျိုးတည်း။ ။ ရှောင်ကြဉ်လို့ ရှိက ဤ အပြစ်တွေမှ ပြန်၍.... ၁– ကိုယ်လက်အင်္ဂါ ပြည့်စုံခြင်း, ၂– အရွယ်အဆင်း စိုပြေလှပခြင်း, ၃-လျင်မြန် သွက်လက်ခြင်း, ၄-ဘေးရန်ကို မကြောက်ရွံ့ခြင်း, ၅– သူများလက်ချက်ဖြင့် အသက်မသေရခြင်း, ၆-အနာရောဂါကင်းခြင်း, ၇-အခြေအရံမပျက်စီးခြင်း, ၈-အသက်ရှည်ခြင်းစသော အကျိုးများကို ရနိုင်ပေသည်၊ လူတယောက်ကို မြင်လျှင် ဤအကျိုး အပြစ် ရပုံကို ကြည့်၍ ရှေးက ပါဏာတိပါတကံ ရှိ-မရှိကို သိနိုင်ပါသည်၊ ဤ အကျိုးအပြစ်တွေကိုဆင်ခြင်၍ ကြိုးစား ရှောင်ကြဉ်ကြပါကုန်။

၂။ အဒိန္နာဒါန အဖွင့်

အဒိန္နာဒါနာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။

ကြည့်ရှုရန် အနက်နှင့် အဓိပ္ပါယ်

အဒိန္နာဒါနာ - မပေးအပ်သော သူ့ဥစ္စာကို ခိုးယူခြင်းမှ၊ ဝေရမဏိ သိက္ခာပဒံ - ကို၊ သမာဒိယာမိ-ပါ၏၊ "သူတပါးဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ပါ၏" ဟူလို။

မိမိမှတပါး အခြားသော လူနတ် တိရစ္ဆာန်ဟူသမျှကို သူတပါး ဟုချည်း မှတ်ပါ၊ ထို သူတပါးဥစ္စာကို ခိုးယူခြင်း, ဒါးမြှောက်ယူခြင်း, ညာဖြန်း လှည့်ပတ်ယူခြင်း, ကူးသန်း ရောင်းဝယ်ရာ၌ တင်းတောင်း ချိန်ခွင် အလေး စသည်ဖြင့်၎င်း, ရောင်းကုန်တိုးအောင် ရေထိုးခြင်း စသည်ဖြင့်၎င်း မရိုးမသား ယူခြင်းသည် အဒိန္နာဒါနချည်းတည်း။

[ဆောင်] အဒိန္နာဒါ , ခိုးမိပါမူ , ဥစ္စာနည်းမဲ့, ဆင်းရဲ တော်ဘိ , လိုရှိမရ, ဘောဂပျက်စီး, ရေ–မီး- သူခိုး, မွေခံဆိုးနှင့်, မင်းဆိုး အပြား, ရန်မျိုးငါးကြောင့် , ပျက်ပြား ဥစ္စာ, ပြစ်များစွာသည်,....ရှောင်ခါ အပြန် အကျိုးတည်း။

ကြည့်ရှုရန် အဓိပ္ပါယ်

၁။ အဒိန္နာဒါနကို ပြုမိသူသည်....မဲ့တတ်ခြင်း။။

၂။ ဆင်းရဲတတ်ခြင်း။....၃။ ငတ်မွတ်ခြင်း။

၄။ အလိုရှိသော အရာကို မရနိုင်ခြင်း။

၅။ ကူးသန်းရောင်းဝယ်မှု မတတ်ခြင်း စသည်တို့ကြောင့် စည်းစိမ်ပျက်စီးတတ်ခြင်း။

၃။ ရေ မီး သူခိုး အမွေခံ သားသမီးဆိုး မင်းဆိုးဟူသော ရန်သူ မျိုး ၅ ပါး၏ ဖျက်ဆီးမှုကြောင့် ဥစ္စာ ပျက်ပြားရခြင်း, ဤ မကောင်းကျိုးများကို ရတတ်၏။

မူရင်းအပြစ်။ ။ ဤ ပြခဲ့သောအပြစ်တို့ကား ဝဋ်လိုက်သော အားဖြင့် ဖြစ်ရာဘဝ၌ ရတတ်သော အပြစ်များတည်း၊ ထို အပြစ် များထက် ကြီးလေးစွာ ငရဲ ပြိတ္တာတို့၌လည်း ဖြစ်တတ်သည်သာ၊ ရှေးတုန်းက စျေးသည် မိန်းမ ၄ ယောက်တို့သည် အလေး ချိန်ခွင် စဉ်းလဲခြင်း စသည်ဖြင့် ပစ္စည်းများကို စုဆောင်းပြီးနောက် အရွယ် ကောင်းတုန်းမှာပင် သေကြ၍ ပြိတ္တာ ဖြစ်ကြလေသော်, မိမိတို့၏ ရှေးဟောင်း နှောင်းဖြစ်တွေကို မြင်ကြရုံသာ မက, ကျန်ရစ်သော ယောကျ်ားတို့က နောက်မယား ယူကြ၍ မိမိတို့ စုဆောင်းထား ခဲ့သော ပစ္စည်းတွေ သုံးဖြုန်းနေကြသည်ကို မြင်ရသဖြင့် မခံနိုင်ကြ သောကြောင့် "တရားရော မတရားရော ငါတို့ စုဆောင်းထားခဲ့တဲ့ ပစ္စည်းတွေကို နောက်သား နောက်မယားတွေက အပင်းဆို့ နေကြ သဟဲ့၊ ငါတို့တော့ ဒုက္ခရောက်ကုန်ပြီ" ဟု မြို့ရိုးပေါ်ကနေပြီး ဟစ် အော်ကြသတဲ့။

ဤသို့ စသည်ဖြင့် အဒိန္နာဒါနအတွက် အပြစ်များစွာရှိ၏။။ ဥစ္စာ ရှင်က ဂုဏ်ရှိသလောက် အပြစ်ပို၍ ကြီးလေး၏၊ ဥစ္စာ၏ တန်ဖိုး အလိုက်လည်း အပြစ် အကြီးအငယ် ကွဲပြားသည်၊ ရှောင်ကြဉ်လျှင် ဤ အပြစ်မျိုးမှလွတ်ကင်း၍ "ဥစ္စာပေါခြင်း" စသော အပြန် အကျိုး (၆)ပါး စသည်ကို ရနိုင်၏၊ အကျိုးအပြစ်ကို သတိထား၍ ကြိုးစား စောင့်ထိန်းကြပါကုန်။

၃။ ကာမေသုမိစ္ဆာစာရအဖွင့်

ကာမေသုမိစ္ဆာစာရာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။

ကြည့်ရှုရန် အနက်နှင့် အဓိပ္ပါယ်

ကာမေသုမိစ္ဆာစာရာ — ကာမဂုဏ်တို့၌ ကဲ့ရဲ့ထိုက်စွာ, ယုတ် မာသောအကျင့်မှ၊ ဝေရမဏိသိက္ခာပဒံ - ကို၊ သမာဒိယာမိ - ပါ၏၊ "သူ့မယားကို လွန်ကျူးခြင်း(ကိုယ့်လင်မှ တပါးသော ယောကျ်ား နှင့် ဖေါက်ပြားခြင်းမှ) ရှောင်ကြဉ်ပါ၏" ဟူလို။

ကာမဂုဏ်။ ။ မိန်းမ ယောကျ်ား နှစ်ဦးသားတို့ ပျော်ပါး ရှင်မြူး ကြည်နူး ပေါင်းဘက်ခြင်းကို "ကာမဂုဏ်" ဟု ဆိုသည်၊ ဤသို့ ဆက်ဆံမှုကို မပြုမကျင့် ရှောင်ကြဉ်၍ စင်စင် ကြယ်ကြယ် နေနိုင်က အကောင်းဆုံး ဖြစ်၏၊ သို့ဘာတဂုဏ်တော် အဖွင့်၌ ပြခဲ့သော ဥဒယဘဒ္ဒမင်းသား မင်းသမီးတို့ကို အတုလိုက်၍ကျင့်ရာ၏၊ မရှောင်ကြဉ်နိုင်ပါမူ ကိုယ်ပိုင် အိမ်သူ အိမ်ရှင် (ဇနီးမောင်နှံချင်း) မှေ့လျော်၍ တင်းတိမ်ရောင့်ရဲရာ၏၊ ထိုသို့မှေ့လျော်ခြင်းကိုလောက အလိုက် ပညာရှိတို့ မကဲ့ရဲ့ထိုက်ပါ။

ကဲ့ရဲ့ ထိုက်စွာ ယုတ်မာသောအကျင့် ။ ။ ကိုယ်ပိုင် ဇနီး မောင်နှံချင်းမှ လွန်ကျူး ဖေါက်ပြား၍ သူများပိုင် ဇနီးနှင့်ငင်း, ဆွေနီးမျိုးစပ်တို့ စောင့်ကြပ် ထိန်းသိမ်းထားသော အမျိုးသမီးများ နှင့်ငင်း အချင်းချင်း သဘောတူသည် ဖြစ်စေ, မတူသည်ဖြစ်စေ, လွန်ကျူး ဖေါက်ပြားသော ယောကျ်ား၏ အကျင့်, မိမိကို ပိုင်သော ယောကျ်ားမှ ဖေါက်ပြား လွန်ကျူး၍ တပါးသော ယောကျ်ားနှင့်

ပျော်မြူးသောမိန်းမ၏ အကျင့်သည် ကဲ့ရဲ့ဘွယ်ရာ ယုတ်မာသော အကျင့်တည်း။

[ဆောင်] မိစ္ဆာစာရ, ကျူးလွန်ကလည်း, ... မုန်းကြသူများ, ရန်သူပွားရ၍, ရွားပါး လာဘ်တိတ်, ချမ်းသာဆိတ်၏၊ ဣတ္ထိ ပဏ္ဍုက်, မျိုးယုတ် ခါခါ, မျက်နှာ မလှ, အရှက်ရလျက်, လက္ခဏာ ဣန္ဒြေ, ယွင်းသွေ ချို့သိမ့်, စိုးရိမ် များစွာ, ချစ်သူ ကွာသည်, ... ရှောင်ခါ အပြန် အကျိုးတည်း။

× × × × ×

ကြည့်ရှုရန် အဓိပ္ပါယ်

၁။ ကာမေသုမိစ္ဆာစာရ အားကြီးသောသူ၌ မလိုမုန်းထားသူ ပေါများခြင်း။

၂။ မုန်းရုံမက ရန်သူလည်း များခြင်း။

၃။ လာဘ်ပစ္စည်းများ ရွားပါးတိတ်ဆိတ်ခြင်း။

၄။ ချမ်းသာမှ ကင်းဆိတ်ခြင်း။

၅။ မိန်းမ ဖြစ်ရခြင်း။

၆။ မိန်းမ မဟုတ် ယောကျ်ား မဟုတ် ပဏ္ဍုက်ဖြစ်ရခြင်း။

၇။ ယောကျ်ား ဖြစ်လျှင်လည်း အမျိုးယုတ်၌ ဖြစ်ရခြင်း။

၈။ မျက်နှာပျက်၍ အရှက်ကွဲရတတ်ခြင်း။

၉။ အင်္ဂါလက္ခဏာ ဣန္ဒြေတို့ ယွင်းချို့ သေးသိမ်ခြင်း။

၁၀။ စိုးရိမ်ကြောင့်ကြ အားကြီးရခြင်း။

၁၁။ ချစ်သူနှင့် ကွေကွင်း ကွဲကွာရခြင်း။

(အဋ္ဌမုအကြိမ်)

မူရင်းအပြစ်။ ။ဤပြခဲ့သော အပြစ်တို့သည် ဝဋ်လိုက်သော အားဖြင့် ဖြစ်ရာဘဝ၌ တွေ့ကြုံရတတ်သော အပြစ်များသာတည်း၊ ထိုအပြစ်များအပြင် ငရဲ၌လည်း ဖြစ်ကြရသေး၏၊ ကာမေသုမိစ္ဆာစာရ အားကြီးသော သဒ္ဒေးသား လေးယောက်တို့၏ "လောဟကုမ္ဘီ" ခေါ် သံရည်ပူရဲမှ "ဒု–သ–နှ–သော" ဟု ဟစ်အော်ကြပုံကိုလည်း လူအများပင် ကြားဘူးကြလေပြီ၊ အထူး ဆင်ခြင်ဘွယ်ကောင်းသော အရှင် အာနန္ဒာအလောင်း၏ ဖြစ်ပုံလည်း ရှိသေး၏၊ အရှင် အာနန္ဒာအလောင်းသည် ကမ္ဘာ တသိန်းမျှ ပါရမီ ဖြည့်ပြီးနောက် ကျွတ်တမ်းဝင်တော့မည့် ဤကမ္ဘာမှာပင် တခုသော ဘဝ၌ ရွှေပန်းတိမ်သည်သား ဖြစ်၏၊ ထို ဘဝ၌ကား လူလေ လူလယ်တို့နှင့် ပေါင်းမိ၍ ကာမေသုမိစ္ဆာစာရ အမှုကို ပြုလေသည်။ [လူမိုက်နှင့် ပေါင်းခြင်းကား ဤမျှလောက် အပြစ်များ၏။]

ထို အကုသိုလ်ကံကြောင့် ရောရဝငရဲ၌ နှစ်ပေါင်းများစွာ ကျက်ပြီးနောက် လွတ်မြောက်လာသော အခါ မျောက်ဖြစ်၍ ဝှေးစေ့ကို ကိုက်ဖေါက် ခံရ၏၊ ထို့နောက် တဘဝ၌ နွားဖြစ်၍ သင်းကုပ် (ဝှေးစေ့ အထုတ်) ခံရ၏၊ ထို့နောက် လူဖြစ်သော်လည်း မိန်းမ မဟုတ်, ယောကျ်ား မဟုတ် ပဏ္ဍုက်ဖြစ်ရ၏၊ ထို့နောက် ၅ ဘဝ မြောက်၌ ကုသိုလ်ကံ အခွင့်ရ၍ နတ်ပြည်၌ ဖြစ်ရသော်လည်း ထို ကာမေသုမိစ္ဆာစာရကံ နှောက်ရှက်မှုကြောင့် နတ်သား မဖြစ်ဘဲ နတ်သီးချည်း ငါးဘဝလုံးလုံး ဖြစ်ရသေး၏၊ ထိုဘဝတို့ နောက်၌ လူ့ပြည်မှာ ဘုရင့်သီး ဖြစ်ရပြန်၏၊ ထိုဘဝ နောက်မှ ယောကျ်းဘဝကို ပြန်၍ရလေသည်။

(အဋ္ဌမအကြိမ်)

ဤသို့လျှင် ကာမေသုမိစ္ဆာစာရကံအတွက် ပါရမီရှင်ကြီးသော်မှ ငရဲကျရ, ဘဝများစွာပင် အောက်ကျနောက်ကျ ဖြစ်ရသေးသည်ကို သတိပြုလျက် တသံသရာလုံးက ပါလာခဲ့သော ဝါသနာဆိုးကြီးကို တရားဖြင့် မထိန်းသိမ်းနိုင်လျှင် တကယ်တမ်းကြည်ဖြူ၍ ချစ်သွေးတူသော အိမ့်ရှင် အိမ်သူချင်းသာ ပေါင်းသင်းမိတို့ရာ သတိပြုသင့်လှ တော့သည်။

အိမ်ထောင်စုံ ၄ မျိုး။ ။ ၁ – မြင့်မြတ်သော ယောကျ်ားက သီလလုံ၍, အိမ်သူ မယားက သီလ မလုံခြုံလျှင် နတ်သားလင်နှင့် သူသော မယားတို့ ပေါင်းသင်းခြင်းနှင့် တူ၏၊ [သီလ မရှိသူသည် အသက်ရှင်နေသော်လည်း သေသူနှင့် မထူးပြီ၊] ၂ –ယောကျ်ားက သီလမစင်ကြယ်ဘဲ အိမ်ရှင်ဇနီးက သီလစင်ကြယ်နေလျှင် သူသော လင်နှင့် အိမ့်ရှင်နတ်သိမ်းတို့ ပေါင်းသင်းခြင်းနှင့်တူ၏၊ ၃-နှစ်ယောက်လုံး သီလမစင်ကြယ်မူ သူသေချင်း ပေါင်းသင်းရခြင်းနှင့် တူ၏။

၄- ဇနီးမောင်နှံ နှစ်ဦးလုံး သဒ္ဓါ သီလ သုတ စာဂ ပညာ ဟိရီ ဩတ္တပ္ပဟူသော သူတော်ကောင်းဥစ္စာ ၇ ပါးနှင့် ပြည့်စုံ၍ စိတ်တူ သဘောတူ ကြည်ကြည်ဖြူဖြူနှင့် နေထိုင်ကြလျှင် ယခုဘဝ၌လည်း စည်းစိမ်ဥစ္စာ အရှိန်အဝါ တိုးတက်လျက် နောင် သံသရာ၌လည်း ချစ်စည်းမပြေဘဲ ဘုရားအလောင်း ဥဒယဘဒ္ဒမင်းသား မင်းသိမ်းနှင့် မဟာကပ္ပိနမင်း အနော်ဇာမိဘုရားတို့ကဲ့သို့ နိဗ္ဗာန်ကိုပင် အတူတကွ စံမြန်းရလိမ့်မည်ဖြစ်၍ ယခုအခါ နတ်သိမ်းနတ်သားအသွင် ကြည်လင်ရွင်မြူး တဥုးကို တဥုး လှုန်ကျူး ဖေါက်ပြားခြင်း မရှိပါလျှင် ပြခဲ့သောအပြစ်မှ ပြောင်းပြန်ပြန်၍ အကျိုးအတန်တန်ကို စံရပေလိမ့်သတည်း။

(၁) လင်နှတ်သားနှင့် မယားသူသော

*ဓိမိုင်း ရာဇ, သီလ ကျင့်ဝတ်, ဆွတ်ဆွတ် စင်ဖြူ, အိမ်သူ မယ်လျှ, သီလ မစင်, ဖြစ်ချေလျှင်မူ, လင်ကား နတ်သား, မယားသူသော, မည်ရှာပေ၏။ [*ဓိမိုင်း=အထွဋ်အထိပ် အမြတ်။]

(၂) သူသေလင်နှင့် အိမ်ရှင် နတ်သိမ်း

ဘုန်းဝေနတ်ရှင်, မစင် သီလ, နန်းမ နေသူ, ဖြူသည့် သီလ, ဖြစ်ချေကမူ, ဘဝ သခင်, သူသေ တွင်လျက်, အိမ့်ရှင် ဇနီး, နတ်သိမ်း အနေ, တည်ရှာလေ၏။

(၃) သူသေ လင်မယား

နှစ်ဆွေလင်မိတ်, သီလဆိတ်မူ, ကောင်းဟိတ်မဖွေ, သူသေချင်းသာ, မေတ္တာမျှဝေ, ကြည်ရှာလေ၏။

(၄) နတ်သား နတ်သိမ်း ဇနီးမောင်နှံ

လူ့မြေရပ်ခွင်, အိမ့်ရှင် အိမ်သူ, မြတ်ရည် တူလှမှက်, ဆုယူညီမျှ, လှူဒါနနှင့်, သီလ မယိုင်, သဒ္ဓါပြိုင်မူ, ဘုန်းလှိုင် ကျော်ကြား, မိုဃ်းနတ်သားနှင့်, ဆွေဝါးအနီး, နတ်သိမ်းသို့, ကောင်းချီးအံ့ရာ, စုမိရှာလျက်, သံသာရနောင်လည်း, ချစ်စည်းမပြေ, ရှည်ကြာလေ၏၊ ဘုန်းဝေပြည့်ရှင်, မောင့်သခင်လည်း, အင်ခွင် မသုံ, တန်ခိုးဂုဏ်နှင့်, သုရှုခွန, ပြည်လုံး ခသည့်, ဥဒယ ဘဒ်, မင်းမြတ်ထွတ်ချာ, မဟာကပ္ပိန်, နရိန်တို့လို, မှည့် သဒ္ဓါ, မကွာ သီလ, မျှားသုတနှင့်, စာဂင်စွာ, ပညာမကွေ, အနေတော်သင့်, ချစ်ပန်းပွင့်သည်, ...နတ်နှင့် တူစေချင်လှသော၀်။.... [ပဉ္စာဝုဓပ္ပါ။]

၄။ မုသာဝါဒ အဖွင့်

မုသာဝါဒါ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

ကြည့်ရှုရန် အဓိပ္ပါယ်

မုသာဝါဒါ–မဟုတ် မမှန်သောစကားကို ပြောဆိုခြင်းမှ၊ ဝေရမဏိသိက္ခာပဒံ– ကို၊ သမာဒိယာမိ – ပါ၏၊ "လိမ်လည် လှည့်ပတ်ခြင်းမှ ရှောင်ကြဉ်ပါ၏" ဟူလို၊ မဟုတ်မမှန်သောစကား–ဟူရာ၌ နှုတ်ဖြင့်ဂင်း, စာဖြင့် ရေးရှုဂင်း, ကိုယ် လက်စသည်ကို လှုပ်ပြရှဂင်း, လိမ်သမျှ ညာဖြန်းသမျှ ပါဝင်၏။

သို့သော် သူတပါး အကျိုးပျက်သွားအောင် လိမ်သော မုသားမျိုးသာ အပါယ်ရောက်ကြောင်း ဖြစ်၏၊ ကိုယ့်ဥစ္စာ မပေးလိုရှ် လိမ်လည်သော မုသားမျိုး, ပြက်ရယ် ပြောင်လှောင်သော မုသားမျိုး, သူတပါး၏ အကျိုးစီးပွားကို မပျက်စေဘဲ မိမိ အပြစ်လွတ်အောင် လိမ်ရသော မုသား, မိမိ၏သားသီးများ ပဲ့လမ်း စသည်သို့ သွားလျှင် အပြစ်ဖြစ်မည်ကိုမြင်ရှ် မသွားချင်အောင် လှည့်ပတ်ပြောဆို အကျိုးလိုသောမိဘ၏ မုသားမျိုးမှာ ပြောလောက်အောင်အပြစ်မကြီးပါ၊ သို့သော် သိက္ခာပုဒ်ကား ပျက်ဘွယ် ရှိ၏။

[ဆောင်] မုသား စကား, ပြောဆိုခြားမူ, စကားမပြို, သွား မညီတည်း, ပုပ်ညှီပါးစပ်, ခြောက်ကပ် ကိုယ်ရေ, ဣန္ဒြေနောက်, ပုံယွင်းဖေါက်၏၊ မရောက် ဩဇာ, နှုတ် လျှာကြမ်းထော်, လျှပ်ပေါ် လောလီ, စိတ်မတည်သည်,....
ရှောင်ကြဉ် အပြုန် အကျိုးတည်း။

(အဋ္ဌမအကြိမ်)

ရှေးက မုသားအားကြီးသူသည်....

၁။ ယခုဘဝ၌ စကား ပြိုပြိုသသ မပြောတတ်ခြင်း။
၂။ သွားများ မညီမညွတ် ရှိခြင်း။
၃။ ခံတွင်း ပါးစပ် ပုပ်ညှီခြင်း။
၄။ ကိုယ် အရေအသား ပူရှိန် ခြောက်ကပ် စိုစိုဖပ်ဖပ် မရှိခြင်း။
၅။ မျက်စိ–နား–စသော ဣန္ဒြေများ နောက်ကျကျ ရှိခြင်း။
၆။ ပုံဟန်မလှဘဲ ဆိုးဝါးချတ်ယှင်း ဖေါက်ပြန်ခြင်း။
၇။ သူတပါးအပေါ် ၌ ဩဇာအာဏာ မတည်ခြင်း။
၈။ အပြောအဆို နှုတ်လျှာများ ထော်လော် ကြမ်းတန်းခြင်း။
၉။ စိတ်မတည်ဘဲ လျှပ်ပေါ် လော်လီတတ်ခြင်း၊ ဤသို့စသည်ဖြင့် အပြစ်များ၏။ [မုသား ပြောသူသည် ဘယ်ကိစ္စ၌မျှ မယုံကြည်ရသောကြောင့် အကြီးအကဲ မဖြစ်နိုင်။]

မူရင်းအပြစ်။ ။ဤ ပြခဲ့သောအပြစ်တို့ကား ဝဋ်လိုက်သော အားဖြင့် ရောက်လေရာဘဝ၌ ရတတ်သောအပြစ်များတည်း၊ တခြို့ မုသားစကားမှာ ငရဲရောက်အောင်ပင် အပြစ်ကြီး၏၊ အမျှင်ဒေဝဒတ်သည် သံဃာအသင်းခွဲရာ၌ မုသားပြော၍ ခွဲရ၏၊ ထိုမုသားကြောင့် အဝီစိငရဲသို့ ရောက်ရလေသည်၊ ဤသို့လျှင် တခြို့ မုသားများသည် ငရဲသို့ ပစ်ချနိုင်လောက်အောင် သတ္တိကြီးမားလေသည်။

(အဋ္ဌမအကြိမ်)

စေတိယဇာတ်

ဤကမ္ဘာ၏ ရှေပိုင်းလောက်က စေတိယတိုင်းပြည်ဝယ် "ဥပဇရ" ခေါ် စေတိယမင်း၏ မုသားစကားမှာ ဖြူစင်သော ကောင်းကင်၌ ဥိုမြှင်းသောတိမ်တိုက်ပမာ တကမ္ဘာလုံး သစ္စာတည်သောအခါဝယ် ရှေးဥုံးစွာ ပေါ်လာသော မုသားဖြစ်၍ နှစ်နှစ်ကာကာ လွန်စွာ ဆိုးဝါးလျက်ယခုတိုင်အောင်ပင် ထင်ရှားခဲ့လေသည်၊ ထိုမင်းကား သာမန်မဟုတ်, ကောင်းကင် ပျံနိုင်ခြင်း, နတ်သား လေးယောက် သက်တော်စောင့်ရခြင်း, ကိုယ်မှ စန္ဒကူးနံ့မွှေးခြင်း, ခံတွင်းမှလည်း ကြာညိုနံ့မွှေးခြင်းဟူသော တန်ခိုး ၄ မျိုးနှင့် ပြည့်စုံသူတည်း၊ တက္က သိုလ်၌ ပညာသင်တုန်းက ပုရောဟိတ်ကြီး၏ ညီဖြစ်သော ကောရ ကလမ္ဘသည် အကျွမ်းတဝင် ချစ်ခင်ရင်းနှီးသူ ဖြစ်၏၊ မိမိ ရှင်ဘုရင် ဖြစ်လျှင် ကောရကလမ္ဘကိုပင် ပုရောဟိတ်ရာထူး တင်မည်ဟု ဝန်ခံခဲ့၏၊ သို့သော် ရှင်ဘုရင်ဖြစ်သောအခါ၌ကား ပုရောဟိတ်ဟောင်းကို ရာထူးမှ မချနိုင်၊ ပုရောဟိတ်ဟောင်းကမူ သူ၏ရာထူးကို သားအား လွှဲအပ်၍ ရသေ့ ရဟန်း ပြုသွားလေသည်။

ကောရကလမ္ဘသည် ပုရောဟိတ်ရာထူးကို မရသောကြောင့် သူ၏ နောင်တော် ပုရောဟိတ်ဟောင်းအပေါ်မှာ ရန်ငြိုးဖွဲ့၏၊ ထိုးစိုအား ဖြင့်လည်း ပုရောဟိတ်ရာထူးမှာ နောင်တော်သာ လက်ကိုင် ဖြစ်၏၊ ထို့ကြောင့် နောင်တော်က အခွင့်မပြုသမျှ ထို ရာထူးကို အတင်း မပြောင်းလွှဲနိုင်ချေ၊ သို့ဖြစ်၍ ထို ရာထူးအတွက် ဘုရင်နှင့် ကောရ ကလမ္ဘ (သူငယ်ချင်း ၂ ယောက်တို့မှာ) အခက် ကြုံကြရတော့၏၊ တနေ့သ၌ကား – ထို ရာထူးအတွက် စဉ်းစားရင်း ဘုရင်က သူ၏ သူငယ်ချင်းကို ပြောသည်မှာ....

ဘုရင်။ ။ကောရကလမ္ဘ.... ရာထူးအတွက် မပူနှင့်, ငါ့ကိုယ်တိုင် ပရိသတ်အလယ်မှာ "သင့်ကို အကိုကြီး, သင်၏ နောင်တော်ကို အငယ်" ဟု မုသားပြောမည်၊ သည်လိုဆိုလျှင် သင်က အကြီး ဖြစ်၍ ရာထူးကို ရခွင့်ရှိသည်။

ကောရ။ ။မင်းမြတ်.... သည်အကြံဟာ ကောင်းပါ၏၊ သို့သော် နောင်တော်က တန်ခိုးကြီးသူ ဖြစ်၏၊ ယခုလို မုသားပြောလျှင် နောင်တော်က အရှင်မြတ်၏ တန်ခိုးတော်ကို (တကယ် မကုယ်ဘဲ) ကုယ်ပျောက်သလို ဖြစ်အောင် လုပ်ပါလိမ့်မည်၊ မြေကြီး ထဲသို့ တကယ် မဝင်ဘဲနှင့် ဝင်သလိုဖြစ်နေအောင် လုပ်ပါလိမ့်မည်၊ ထိုအခါ၌ အရှင်မင်းမြတ်က မုသားစကား မတည်ဘဲ စကားပြောင်းလဲသွားလျှင် အကျိုးမရှိနိုင်ပါ။

[ဤကား– နောင်ဖြစ်ခဲ့လျှင် ဘုရင် စိတ်မပျက်ရအောင် ကြိုစောင့်၍ တုပ်နှောင်သော စကားများတည်း။]

ဘုရင်။ ။ကောရ....သည်လို စကားပြောင်းလိမ့်မည်ဟု မထင်ပါ နှင့်, မုသားကို ငါ ပြောမြဲ ပြောမည်။

ကောရ။ ။ဘယ်အခါ ပြောမည်နည်း။

ဘုရင်။ ။ယနေ့မှ နောက် ၇ ရက်မြောက်၌ ပြောမည်။

ဤသို့ ဘုရင်နှင့် ကောရကလမ္ဘတို့ တိုင်ပင်ကြသော စကားသည် တမြို့လုံး ပြန့်နှံ့သွား၏၊ ထိုအခါကား မုသားကို မကြားဘူးကြ, အထူး သစ္စာ တည်သောအခါ ဖြစ်၍ ဘုရင်ပြောမည့် မုသား ဆိုတာ ဘယ်လိုဟာပါလိမ့် "ညိုညိုလား – ရွှေရွှေလား" ဟု

မုသား၏ အဆင်းအရောင် အကောင်အထည်ကိုပင် ကြိုတင်၍ စဉ်းစားကြလေ၏၊ထိုမျှလောက် သတင်းကြီးနေသော မုသားကို ကြည့်ရှု ကြားသိလိုကြသော မြို့သူမြို့သားတို့သည် ဘုရင် မုသား ပြောမည့်ဌာနဌ ခတင် ကြီး ငယ် အသွယ်သွယ် ခင်းလျက် အလု အယက် နေရာယူကာ ၇ ရက်မြောက် နေ့ဝယ် စောစောကပင် ပရိသတ်တွေ ပြည့်ကျပ် ကျိတ်ခဲနေလေသည်၊ ထိုသို့ ပရိသတ် စုံညီဝယ် အခြေအရံများနှင့် တကွ ဘုရင်နှင့် ကောရကလမ္ဘတို့ အပြင် ပုရောဟိတ်ဟောင်း ရသေ့လည်း စျာန် အဘိညာဉ်ဖြင့် ကောင်းကင်မှ ဆိုက်ရောက်လာ၏၊ ထိုအခါ....

ရသေ့။ ။မင်းမြတ်..... အငယ်ကို အကြီး , အကြီးကို အငယ်ဟု မုသားပြောမည်ဆိုတာ မှန်ပါသလား။

ဘုရင်။ ။မှန်ပါတယ်။

ရသေ့။ ။မင်းမြတ်..... မုသာဝါဒဆိုတာ လွန်စွာ အပြစ်ကြီးပါ တယ်, ရှိသမျှဂုဏ်ကို ဖျက်ဆီးပစ်ရုံမက , အပါယ်သို့ပင် ချတတ် ပါတယ်၊ မုသာဝါဒ ပြောဆိုသူမှန်လျှင် မိမိကိုယ်ကျင့်တရားကို သတ်ပစ်ရာ ရောက်ပါတယ်၊ ကိုယ်ကျင့်တရားတွေ သတ်ပစ်တဲ့ သူဟာ မိမိကိုယ်လဲ မိမိ သတ်ရာ ရောက်ပါတယ်၊ မုသားပြော သူကို ကိုယ်စောင့်နတ်များလဲ မစောင့်လိုကြပါ၊ ခံတွင်းက အပုပ်နံ့များလဲ ထွက်တတ်ပါတယ်၊ ရာထူးလဲ လျှောတတ်ပါ တယ်။ [ထိုစကားကို ကြားလျှင် ဘုရင်သည် ကြောက်ရွံ့လာ၏၊ ထို့ကြောင့် သူ၏သူငယ်ချင်း ကောရကလမ္ဘကို (ဘယ့်နှယ်လဲဟု မေးသောသဘောဖြင့်) ကြည့်ရှုလေသည်။]

ကောရ။ ။မင်းမြတ်....အစတုန်းကပင် သည်လို ပြောပါလိမ့်မည် ဟု တင်ကြို သံတော်ဥူးတင်ခဲ့သည် မဟုတ်ပါလား။

ဘုရင်။ ။(အနည်းငယ် ရဲလာ၍ ပုရောဟိတ်ရသေ့ကို ပြောသည် မှာ) အရှင်ရသေ့....အရှင်က အငယ်, ကောရကလမ္ဘက အကြီး ဖြစ်တယ်။

ဤ မုသားကား ယခုကမ္ဘာတွင် ပဌမဆုံး မုသားတည်း၊ ထိုမုသား စကား ပြောလိုက်သည်နှင့် တပြိုင်နက် ဘုရင်ကို စောင့်နေကျ ဖြစ်သော သက်တော်စောင့် နတ် ၄ ယောက်တို့ သန်လျက်ကို ပစ်ချ၍ ကွယ်ပျောက်ကြတော့၏၊ ဘုရင်၏ ခံတွင်းမှ ကြာညှိနံ့ ကွယ်ပျ၍ ကြက်အု အပုပ်နံ့ ထွက်လာ၏၊ တကိုယ်လုံးမှာလည်း စန္ဒကူးနံ့ ကွယ်ပျောက်၍ အိမ်သာနံ့ကြီး ပေါ်ပေါက်လာလေ သည်၊ ကောင်းကင်မှာလည်း မသွားနိုင်တော့ဘဲ မြေပေါ်သို့ ကျရောက်ရှာလေသည်၊ ထိုအခါ....

ရသေ့။ ။(သနားကြင်နာသော မျက်နှာဖြင့်) မင်းမြတ်....မုသား မပြောပါနှင့်၊ အမှန်ကို ပြင်၍ပြောလျှင် တန်ခိုးကျွတ်ခြင်းများ မူလ အတိုင်း ရှိပါလိမ့်မည်။

ဘုရင်။ ။“ အသင်ရသေ့တို့က ငါ့ကို တန်ခိုးဖြင့် လှည့်ပတ်ကြ သည်၊ ငါတော့ နောက်ဆုတ်လိမ့်မည် မဟုတ်၊ သင် ရသေ့က အငယ်, ကောရကလမ္ဘက အကြီးဘဲ” ဟု မုသား ပြောပြန်၏။ [ဤ ဒုတိယ မုသားပြောသည့် အတွက် ခြေမျက်စိ ထိအောင် ခြေ ၂ ချောင်း မြေသို့ဝင်သွားလေသည်၊ “မြေမျိုစ ပြုလေပြီ” ဟု ဆိုလိုသည်။]

ရသေ့။ ။မင်းမြတ်..... မုသား မပြောပါနှင့်, မုသားပြောလျှင် မိုးသံးလေမျှားလဲ့ မမှန်မကန်ဖြစ်ကာ သတ္တဝါများ ဆင်းရဲတတ်ပါသည်၊ မှန်မှန်ပြောပါ, ဘယ်သူ အကြီးပါလဲ။

ဘုရင်။ ။" ငါ့နန်း ငါထိုင်, မခိုင် ကျိုးဟ " ဆိုသော သဘော မျိုးဖြင့် " သင်က အငယ်, ကောရကလမ္ဘက အကြီးဘဲ " [ဤ တတိယ မုဘားအပြောတွင် ဒူးဆစ်ထိအောင် မြေသို့ ဝင်သွားလေသည်။]

ရသေ့။ ။မင်းမြတ်.....မုသားပြောသူမှာ မြွေများလို လျှာ ၂ခွ ဖြစ်တတ်ပါတယ်၊ မှန်မှန် ပြင်ပြောလျှင် နဂိုရှိအတိုင်း ဖြစ်နိုင်ပါသေးတယ်, မှန်မှန်ပြောပါ, ဘယ်သူက အကြီးပါလဲ။

ဘုရင်။ ။ " ငါ့လေ ငါထိုး, ပဲခိုးရောက်ရောက် " ဆိုတဲ့ သဘော မျိုးဖြင့် " သင်ရသေ့က အငယ်, ကောရကလမ္ဘက အကြီးဘဲ " [ဤ စတုတ္ထ မုသားအပြောတွင် ခါးထိအောင် မြေသို့ ဝင်သွားလေသည်။]

ရသေ့။ ။မုသားပြောသူတို့မှာ ဖြစ်လေရာဘဝ၌ စကားပြိုပြိုသသ ဖြစ်အောင် မိပြောတတ်ဘဲ စကားထစ်အသူ ဖြစ်တတ်ပါတယ်၊ မှန်မှန်ပြောပါ, ကျွန်ုပ်တို့ ၂ ယောက်တွင် ဘယ်သူက အကြီးပါလဲ။

ဘုရင်။ ။ " ငါ့မြင်း ငါစိုင်း, စစ်ကိုင်း ရောက်ရောက် " ဆိုတဲ့ သဘောဖြင့် " သင်ရသေ့က အငယ်, ကောရကလမ္ဘက အကြီးဘဲ "ဟု ပြောပြန်၏။ [ဤ ပဉ္စမအကြိမ် မုသားအပြောတွင် ချက်ထိအောင် မြေပ်သွားလေသည်။]

ရသေ့။ ။မင်းမြတ်..... မုသားပြောသူတို့မှာ ဖြစ်လေရာဘဝ၌ သားရတနာ မထွန်းကားဘဲ သို့မိ မိန်းမသာ ရတတ်ပါသည်၊ မှန်မှန်ပြောလျှင် နဂိုရှိအတိုင်း ပြန်ဖြစ်နိုင်ပါသေးသည်, မှန်မှန်ပြောပါ, ဘယ်သူ အကြီးပါလဲ။

ဘုရင်။ ။ " ပေါက်တဲ့နဖူး မထူးဘူး " ဆိုတဲ့သဘောဖြင့် " သင် ရသေ့က အငယ်, ကောရကလမ္ဘက အကြီး "ဟု ပြောပြန်သည်။ [ဤ ဆဋ္ဌအကြိမ် မုသားအပြောတွင် သားမြတ်ထိအောင် မြေပ်သွားလေသည်။]

ရသေ့။ ။မင်းမြတ်..... မုသားပြောသူတို့မှာ ဖြစ်လေရာ ဘဝ၌ သားရသော်လည်း သားများက ကျေးဇူးမသိတတ်ဘဲ တော်ရာ အရပ်သို့ ရှောင်လွဲ၍ နေတတ်ပါသည်၊ မှန်မှန်ပြောလျှင် နဂိုရှိအတိုင်း ဖြစ်နိုင်ပါသေးသည်၊ မှန်မှန်ပြောပါ, ဘယ်သူ အကြီးပါလဲ။

ဘုရင်။ ။ " သန်းခေါင်ထက်ဖြင့်, ညဉ့် မနက်တော့ဘူး " ဆိုတဲ့ သဘောဖြင့် "သင်ရသေ့က အငယ်, ကောရကလမ္ဘက အကြီး" ဟု ပြောပြန်၏။ [ဤ သတ္တမအကြိမ် မုသားအပြောတွင် အဝီစိမှ မီးတောက် မီးလျှံတို့က အဝီစိတိုင်အောင် ယူဆောင် သွားလေသည်။] [အဋ္ဌကနိပါတ်, စေတိယဇာတ်။]

ဝတ္ထုမှတ်ချက်။ ။ဤဝတ္ထု၌ မုသာဝါဒ၏အပြစ်ကား လွန်လွန်းလှ၏-ယူ မှတ်ထင်ကြပေလိမ့်မည်၊ မလွန်လွန်းပါ၊ ထို စေတိယ မင်း၏ မုသားပြောသော အချိန်ကား တစုံတယောက်မှ မုသားပြောသူ မရှိသေး, အာဒုံး သစ္စာတည်သောအခါ ဖြစ်သည်၊

ညစ်စုတ်ပေတေနေသော လက်ခွန်း၌ အိုးမဲထိသော်လည်း မထူးဖြူစင်သော ပုဝါ၌ကား မြူမှုန်လောက် အကွက် ကလေးပင် ထင်ရှားသကဲ့သို့ အားလုံး သစ္စာတည်ကြသော ကာလ၌ ပဌမဖြစ်သော ထိုမုသားသည် အလွန်ထင်ရှား၍အပြစ်လည်းကြီးမားလေသည်၊ ယခုခေတ်ကား အချို့ လူကြီးလူကောင်း ပညာရှိသူတော်ကောင်းတွေပင် "မုသားမပါ လက်ဘမချော" ဟူသော စကားကို လက်ကိုင်ပြုလျက် မုသားကို ရေလဲနှင့် သုံးစွဲနေကြသောခေတ် ဖြစ်၏။

သို့ကလောက် မုသားပေါသောခေတ်၌ မုသားပြောသူတိုင်း မြေမျိုရလျှင် မြေကြီးပင် အားလပ်ခွင့်ရတော့မည် မဟုတ်ချေ၊ ထို့ပြင်-ကမ္ဘာဥုံး၌မုသားလောက်ကြီးသောအပြစ်မျိုးလည်းမရှိသေး၊ ယခုခေတ်၌ကား မုသားလောက် အပြစ်မျိုးကို အပြစ် ဟုပင် မဆိုသာ၊ ထို့ထက်ဆိုးဝါးသော အပြစ်ကြီးတွေက လွှမ်းမိုးနေသဖြင့် မုသားလောက်အပြစ်မှာ သာမန်အပြစ်မျှ ဖြစ်ရသည်။

သို့ရာဝယ် ခေတ်အလျောက် မုသားအပြစ်က မျက်မှောက် ဘဝ၌ အကျိုး မထင်ရှားစေကာမူ သံသရာ၌ ဝဋ်လိုက်သောအပြစ်မှာ စေတိယမင်း၏ အပြစ်မျိုးထက် သက်သာလှမည် မဟုတ်သည့်အပြင်, တကယ့် သူတော်စင် ပါရမီ ရှင်မှန်လျှင် သစ္စာပါရမီကို လိုလိုချင်ချင် ဖြည့်ရမည် ဖြစ်သောကြောင့် မုသား မှန်သမျှကို အသေးအဖဲ့ကစ၍ ရှောင်ကြဉ်ကာ သစ္စာပါရမီကိုသာ နှစ်နှစ်သက်သက် ဖြည့်ကျင့်ကြပါလျှင် မိမိ၌တည်သော သစ္စာကြောင့် အလိုလို အရှိန်အဝါ တက်လာပါလိမ့်သတည်း။

၅။ သုရာမေရယ အဖွင့်

သုရာမေရယ မဇ္ဇပွမာဒဋ္ဌာနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ

ကြည့်ရှုရန် အနက်နှင့် အဓိပ္ပါယ်

သုရာမေရယ မဇ္ဇပွမာဒဋ္ဌာနာ-မေ့လျော့ပေါ့ဆခြင်း၏အကြောင်းစင်စစ်, မူးယစ်စေတတ်သော, သေရည်အရက်ကို သောက်စားခြင်းမှ၊ ဝေရမဏိသိက္ခာပဒံ - ကို၊ သမာဒိယာမိ - ပါ၏၊ "သေရည်အရက် သောက်ခြင်းမှရှောင်ကြဉ်ပါ၏။" ဟူလို။ [သုရာ-သေရည်+မေရယ= အရက် + မဇ္ဇ = မူးယစ်စေတတ် + ပမာဒ = ကုသိုလ် ကောင်းမှုဌ် မေ့လျော့ခြင်း၏+ ဌာန= အကြောင်း။]

သေရည် အရက်။ ။မူးယစ်စေတတ်သော အဆောက်အဦ ထည့်ခပ်၍ စီရင်အပ်သော ထန်းရည် ပေရည် ဓနိရည် စသည်ကို "သေရည်" ဟု ခေါ်၏၊ မူးယစ်အောင် စီရင်အပ်သော ပန်းပွင့်ရည် စပျစ်ရည် စသည်ကို "အရက်" ဟု ခေါ်၏၊ သေရည် အရက်သာမက, ယခုကာလ သုံးစွဲနေကြသော ကဇော် ဘိန်း ကုတ်ကင်း ဆေးခြောက် မာဖိယား စသော အားလုံးကိုလည်း ဤ သိက္ခာပုဒ်၌ ယူကြသည်။

ထို သေရည်အရက်ကို သောက်စားမိလျှင် မူးယစ်၍ တွေးချင်ရာ တွေးကာ ကုသိုလ်ကောင်းမှုနှင့် အလုပ်ကိစ္စတို့၌ မေ့လျော့တတ်၏၊ ထို့ကြောင့် သေရည်အရက်နှင့် ဘိန်း ကဇော်စသော အစာမျိုးကို "မေ့လျော့ခြင်း၏ အကြောင်း" ဟု ဆိုသည်။

[ဆောင်] သေရည်သောက်လင့်, သင့် မသင့်၌, ရေးခွင့် မသိ, ပျင်းရိ မေ့ရူး, ကျေးဇူးမဆပ်, ဟိရောတ္တပ်ကင်း, ခပင်းများထို, အကုသိုလ်ကို, မငြိုလွှယ်စွာ, ပြုကျင့်ရာသည်, ...ရှောင်ခါ အပြန် အကျိုးတည်း။

သေရည် အရက်စသည်ကို သောက်စားမိလျှင်....

၁။ အရေးအခွင့် သင့် မသင့်ကို မသိတတ်ခြင်း။

၂။ ပျင်းရိတတ်ခြင်း။

၃။ မေ့လျော့ မူးရူးတတ်ခြင်း။ [နောက်ဘဝ အဆက်ဆက်၌ အရူးအနှမ်းလည်း ဖြစ်တတ်ခြင်း။]

၄။ သူများက ပြုဘူးသော ကျေးဇူးကို မသိတတ်ခြင်း။

၅။ ဟိရီ ဩတ္တပ္ပဟူသော အရှက်အကြောက်မှ ကင်းခြင်း။

၆။ သေရည် အရက်ကိုသောက်မိလျှင် မည်သည့် အကုသိုလ်မှ မရှောင်ကြဉ်ဘဲ အလုံးစုံ မကောင်းမှုကို ပြုမိလွယ်ခြင်း။

ကာမေသုမိစ္ဆာစာရကဲ့သို့ ဤသေရည်အရက်သောက်မှုကို မိစ္ဆာစာရ တမျိုးဟု ကျမ်းဂန်တို့၌ ဆိုထားသည်၊ ထို့ကြောင့် သေရည် အရက်သောက်ခြင်း၌ အပြစ်ရှိသည်မှာ သေချာပြီ၊ သို့သော် မည်မျှ လောက် အပြစ်ရှိနိုင်ပါလိမ့်မည်နည်း ဟုကား စဉ်းစားဘွယ် ရှိ၏၊ ယခုခေတ် အချို့ ဆေးရည်များ၌ မထင်မရှား အရက် ပါတတ်၏၊ သုရာမေရယ သိက္ခာပုဒ်၌ ဟင်းလျာ ကောင်းစေလိုသဖြင့် ဟင်း၌ သေရည် အနည်းငယ်မျှ ခတ်၍ ချက်ရာဝယ် (သေရည်အနံ့ မထင်

ရှားလျှင်) ထိုဟင်းကို ရဟန်းများပင် စားကောင်း၏ ဟု ခွင့်ပြုတော်မူ၏၊ အမျိုးသမီးများကို ဆရာဝန်တို့က အရက်ချို တမျိုး ပေးကြ၏၊ တကယ့်ကိုယ် ဆေးအဖြစ်ဖြင့် သောက်ကြရ၏၊ တချို့လူများကား အရက်ကို သောက်ချင်လို့ပင် သောက်ကြ၏။

ဤစကားစုကိုကောက်ချက်ချလိုက်လျှင်, ၁-မထင်မရှား သေရည် အရက်ပါသော ဟင်း ဆေးများကို စားသောက်မှု, ၂–မလွဲသာ၍ ဆေးအဖြစ်ဖြင့် သောက်မှု, ၃ – သောက်ချင်၍ သောက်မှု ဟု ၃ မျိုး ထွက်လာ၏၊ ထို ၃ မျိုးတွင် ၁ နံပါတ်သောက်ခြင်းမျိုးသည် လုံး၀ အပြစ်မရှိ၊ ၂ နံပါတ် သောက်ခြင်းမျိုးကား တကယ် အရက် ဟုတ်-မဟုတ်, သောက်ခြင်းကြောင့် မူး - မမူးကို ပဌမဆုံး စဉ်းစားသင့်၏၊ သက္ကတ ဆေးကျမ်းတို့၌ ကြာမြင့်စွာ စိမ်ထားသော စိမ်ရည်ကို "အာသဝ" ဟု ခေါ်၏၊ ထိုအာသဝကို မြန်မာလို "အရက်=စိမ်ရည်" ဟုပင်ပြန်ဆိုကြ၏၊ထို့ကြောင့် မျက်နှာမြင်ပြီးစအမျိုးသမီးတို့ သောက်ရသော အရက်ချိုသည် မူးလျှင် အရက်စစ်, မမူးလျှင် စိမ်ရည်အမျိုးအစားတည်း၊ အရက်အစစ် ဖြစ်လျှင် ဤ သုရာမေရယ သိက္ခာမုဒ် ပျက်ဘွယ်ရှိသည်၊ သို့သော် မလွဲသာ၍ ဆေးအဖြစ် သောက်ရသော ကြောင့် အပြစ်ကြီးလှမည် မဟုတ်ပါ။

အရက်အစစ်ကို တကယ်သောက်ချင်၍ သောက်သော ၃ နံပါတ် သောက်ခြင်း၌ မည်မျှအထိ အပြစ်ကြီးသည်ကို ရှင်တော်ဘုရားသာ သိမြင်တော်မူပေလိမ့်မည်၊ ဘုရား လက်ထက်တော်က ရှင်သာဂတ မည်သော မထေရ်သည် ဈာန်အဘိညာဉ်ရပြီးသော ပုထုဇဉ်တပါး ပေတည်း၊ အခါတပါး၌ သရက်ပင်ဆိပ်ဝယ် နဂါးကြီးနှင့် တန်ခိုး

ပြိုင်လေရာ နဂါးကို အနိုင်ရကြောင်း ကောသမ္မီပြည်သူတို့ ကြား သဖြင့် လွန်စွာကြည်ညိုကြ၍ ဆွမ်းခံဝင်လာသောအခါ အိမ်ပေါက် စေ့လိုပင် သေရည်ကိုကပ်လှူကြ၏၊ ထိုအခါ သိက္ခာပုဒ် ပညတ်တော် မမူသေးသောကြောင့် ကပ်လှူသမျှ သေရည်များကို အရှင်သာဂတ သောက်လေရာ သေရည်မူးသဖြင့် စျာန်အဘိညာဉ် ကွယ်ပလျက် မြို့ပေါက်ဝတွင် လဲရှာလေ၏၊ ထို့နောက် ဘုရားရှင် တွေ့မြင်တော် မူ၍ တွဲခေါ်ဘို့ရန် အမိန့်ပေးသဖြင့် ရဟန်းတော်များ တွဲယူလာ ပြီးလျှင် ဘုရားရှင်ဘက်သို့ ဥုးခေါင်းလှည့်၍အချတွင် ဥုးခေါင်းကို ပြောင်းပြန် ပြန်လျက် ဘုရားဘက်သို့ ခြေလှည့်ထားလေသည်။

ဤမျှလောက် တန်ခိုးရှင်ကိုပင် အရှက်တကွဲ အကျိုးနဲဖြစ်အောင် ပြုတတ်သော သေရည် အရက်သည် ယခုခေတ် သာမန်လူမျိုးကို အဘယ်မှာအကျိုးများအောင်ပြုနိုင်တော့အံ့နည်း၊ရှေးအခါတုန်းက ဘုရင်တဥုးသည် သေရည်မူးခိုက်၌ အသားဟင်းမပါသော ပွဲတော် စာကို ဆက်လာသဖြင့် ရင်ခွင်ထက်က သားငယ်ကို သတ်၍ ချက်စေ အပ်ဘူးလေသည်၊ သောက်ချင်၍သောက်သူမှာ တခါ ၂ ခါသောက် ရုံမျှဖြင့် တင်းတိမ်မည် မဟုတ်၊ သောက်စရှိလျှင် သောက်ချင်ချင်ပင် ဖြစ်လိမ့်မည်၊ တိကအင်္ဂုတ္တိုရ်ပါဠိတော်၌ "သေရည်အရက်သောက်မှု, မေထုန်မှု, အိပ်မှု" ဤ၃ ခုကို မတင်းတိန်နိုင် အားမရနိုင် မဝနိုင်သော အမှုများ ဟု ဟောတော်မူသည်၊ ထို့ပြင် " သေရည်အရက် များစွာ သောက်သူသည် အပါယ် ကျတတ်၏, အပါယ်မှ လွတ်၍ လူဖြစ် လာသော် အရူးအနှမ်း ဖြစ်တတ်၏ " ဟုလည်း ဟောတော်မူ၏၊ ထို့ကြောင့် သိက္ခာရှိသူဖြစ်လိုလျှင် ဘုရား မကြိုက်သော သေရည်ကို ရှောင်ကြဉ်ထိုက်ပါသည်။

(အဋ္ဌမအကြိမ်)

အေ, စီ, ဆလ်မုန်းမည်သော ဆရာဝန်ကြီး၏
"ပါဏာဝုဓ" ဆေးကျမ်းမှ ထုတ်နှုတ်ချက်"

၁။ အရက်သောက်ခြင်းသည် မူရင်းရှိ မေတ္တာကို လျော့ပါး စေ၍ သား လင်တို့၏ ဝတ္တရားကို တိမ်းပါးစေပါသည်၊ မိမိအလုပ် အကိုင်၌ ညံ့ဖျင်းစေပြီး, ခိုးခြင်း လုယက်ခြင်း စသော ရာဇဝတ်မှု များကို ကျူးလွန်စေပါသည်၊ ရောဂါ အချို့ထို့မှာ – သွက္ခာပါဒ (အင်္ဂါသေခြင်း), အစာအိမ်ရောင်ခြင်း, အသဲ ကျောက်ကပ် အဆုပ် ရောင်ခြင်း, ချောင်းဆိုး သွေးပါနှင့် ရူးသွပ်တတ်သော ရောဂါများ ဖြစ်ပွားစေပါသည်။

၂။ အရက်သောက်သူတို့က "အရက်သောက်ခြင်းသည် မိမိတို့ စိတ်ကူးကို ထက်မြက်စေသည်" ဟု ထင်မြင်တတ်ကြ၏၊ မုချအားဖြင့် အရက်သောက်စ ၁၀ မိနစ်လောက်၌ စိတ်ကူးသွက်လာဟန် ရှိသော် လည်း သူ၏ ထင်မြင်ချက်နှင့် နှုတ်ထွက် စကားတို့မှာ ဘရမ်းဘတာ မလိမ်မာသောအနက်ကို ပေးကြသည်၊ နှုတ်စောင့်စည်းသူ အကျင့် ကောင်းသူပင် မူးယစ်လာသောအခါ လုံးလုံး တမျိုးဖြစ်သွားသည်၊ စကားနည်းသူ အရက်သောက်လျှင် စကား ပေါလာ၏၊ အရက် သောက်ပြီး မူးဝေ ခေါင်းလေးသဖြင့် အိပ်ချင်လာ၏။

၃။ အရက်သည် သောက်သူ၏ သားသွီးများကိုလည်း ရောဂါ ဖြစ်စေတတ်၏၊ ကလေးအရူးထောင်တွင် တရာလျှင် ၄၁ ယောက် သည် အရက်သမား၏ သားသွီးများ ဖြစ်ကြ၏၊ အရက်သမားသည် မသောက်သူတို့ထက် ၂ ဆလောက် ရောဂါထူကြောင်းကို တွေ့ရ၏၊ များမကြာမီကာလတုန်းက ဆေးဆရာတို့သည် ရောဂါကို သက်သာ

(အဋ္ဌမအကြိမ်)

စေလိမ့်မည် အထင်နှင့် အရက်ကိုပေးကြ၏ သို့သော် အရက်သည် ရောဂါကို မသက်သာစေသည့် အပြင် သာ၍ တိုးတက်စေကြောင်း သိကြရ၏၊ ဤသို့စသည်ဖြင့် အရက်၏ အပြစ်များကို ရေးသားထား ပေသည်။

× × × × ×

[ဤသိက္ခာပုဒ်အဆုံး၌ ငါးပါးသီလပေး ကိုယ်တော်က..... "တိသရဏေန သဟ, ပဥ္စသီလံ, သာဓုကံကတ္ဝာ, အပ္ပမာဒေန သမ္ပါဒေထ "ဟု ဆို၏။]

အနက်။ ။တိသရဏေန— သရဏကုံသုံးပါးနှင့်၊ သဟ— တကွ၊ ပဥ္စသီလံ - ငါးပါးသီလကို၊ သာဓုကံ - လေးလေးစားစား၊ ကတ္ဝာ- ပြု၍၊ အပ္ပမာဒေန-မမေ့မလျော့သော သတိတရားဖြင့်၊ သမ္ပါဒေထ- ကောင်းစွာ ပြီးစီးစေကြကုန်လော၊.... ယခု ဆောက်တည်အပ်သော သရဏကုံသုံးပါးနှင့်တကွ ငါးပါးသီလအကျင့်ကို လေးလေးစားစား ပြု၍ စောင့်ထိန်းကြ"ဟု တိုက်တွန်းသောစကား ဖြစ်သည်။

ထို့နောက်.... လူများက " အာမဘန္တေ "ဟု လိုက်ဆိုကြပြန်၏၊ " မှန်ပါ ဘုရား, စောင့်ထိန်းပါမည် "ဟု ဝန်ခံသောစကား ဖြစ်၏၊ ထို့ကြောင့် ဘုရားရှေတော်မှာ ကိုယ့်ဘာသာ သီလယူရာ၌ ရုပ်ပွား တော်က တိုက်တွန်းစကားကို မိန့်တော် မမူသောကြောင့် " အာမ ဘန္တေ "ဟု ဆိုဘွယ်မလို၊ အချုပ်မှာ - ဘုရားရှေ သီလယူရာ၌ " အာမ ဘန္တေ " ဟူသော စကားကို "မည်သည့်နေရာ၌မျှ ထည့်သွင်းဘွယ် မလိုတော့"ဟု မှတ်ပါ။

ဥပုသ်သီလတောင်းအဖွင့်

(ကျက်မှတ်ရန်)

အဟံ ဘန္တေ, တိသရဏေန သဟ, အင်္ဂဒ် သမန္နာဂတံ, ဥပေါသထသီလံ, ဓမ္မံယာစာမိ၊ အနုဂ္ဂဟံ ကတ္ဝာ, သီလံ ဒေထ မေ ဘန္တေ။

ဒုတိယမို့, အဟံ ဘန္တေ....မေ ဘန္တေ....စသည် ဆက်ဆို။

(ကြည့်ရှု ရန်အဓိပ္ပါယ်)

(၁) ဘန္တေ-အရှင်ဘုရား၊အဟံ-တပည့်တော်(တပည့်တော်မ) သည်၊ တိသရဏေန — သရဏကုံသုံးပါးနှင့်၊ သဟ — တကွ၊ အင်္ဂဒ် သမန္နာဂတံ-ရှစ်ပါးသောအင်္ဂါနှင့်ပြည့်စုံသော၊ ဥပေါသထသီလံ— ဥပုသ်သီလ တည်းဟူသော၊ ဓမ္မံ—သိက္ခာပုဒ်တရားတော်ကို၊ ယာစာ မိ—တောင်းပါ၏၊ ဘန္တေ-အရှင်ဘုရား၊ မေ- တပည့်တော် (တပည့် တော်မ)အား၊ အနုဂ္ဂဟံ— ချီးမြှောက်ခြင်းကို၊ ကတ္ဝာ-ပြု၍၊ သီလံ- သီလကို၊ ဒေထ — ပေးတော်မူပါကုန် ဘုရား၊..... " အရှင်ဘုရား တပည့်တော်သည် သရဏကုံသုံးပါးနှင့် တကွ အင်္ဂါရှစ်ပါး ရှိသော ဥပုသ်သီလကိုတောင်းပါ၏, တပည့်တော်အား သနားသဖြင့် သီလ ပေးတော်မူပါ" ဟု ဆိုလိုသည်။

ဤသို့ စသည်ဖြင့် ငါးပါးသီလ၌ ပြခဲ့သည့်အတိုင်း သိရှု၏၊ သရဏကုံ ဆောက်တည်ပုံ တိုင်အောင် မထူးပါ၊ " အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော"ဟူရာ၌ "ပါဏာတိပါတာ ဝေရမဏိ"စသော သိက္ခာ ပုဒ်ရှစ်ပါးကို "အင်္ဂါရှစ်ပါး" ဟု ဆိုသည်။

ရှစ်ပါးသီလ

(ကျက်မှတ်ရန် သိက္ခာပုဒ်များ)

၁။ ပါဏာတိပါတာ, ဝေရမဏိသိက္ခာပဒံ, သမာဒိယာမိ။

၂။ အဒိန္နာဒါနာ, ဝေရမဏိသိက္ခာပဒံ, သမာဒိယာမိ။

၃။ အဗြဟ္မစရိယာ, ဝေရမဏိသိက္ခာပဒံ, သမာဒိယာမိ။

၄။ မုသာဝါဒါ, ဝေရမဏိသိက္ခာပဒံ, သမာဒိယာမိ။

၅။ သုရာမေရယ မဇ္ဇပ္ပမာဒဋ္ဌာနာ, ဝေရမဏိသိက္ခာပဒံ, သမာဒိယာမိ။

၆။ ဝိကာလဘောဇနာ, ဝေရမဏိသိက္ခာပဒံ, သမာဒိယာမိ။

၇။ နစ္စ-ဂီတ-ဝါဒိတ္တ-ဝိသူကဒဿန-မာလာ-ဂန္ဓ-ဝိလေပန-ဓာရဏ- မဏ္ဍန - ဝိဘူသနဋ္ဌာနာ, ဝေရမဏိသိက္ခာပဒံ, သမာဒိယာမိ။

၈။ ဥစ္စာသယန မဟာသယနာ, ဝေရမဏိသိက္ခာပဒံ, သမာဒိယာမိ။

× × × × ×

[၁-၂-၄-၅ သိက္ခာပုဒ်များ၏ အဓိပ္ပါယ်ကို ပြခဲ့ပြီ။]

(အဋ္ဌမအကြိမ်)

၃။ အဗြဟ္မစရိယ အဖွင့်

အဗြဟ္မစရိယာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

ကြည့်ရှုရန် အနက်နှင့် အဓိပ္ပါယ်

အဗြဟ္မစရိယာ-မမြတ်သော မေထုန်အကျင့်မှ၊ ဝေရမဏိသိက္ခာပဒံ-ကို၊ သမာဒိယာမိ-ပါ၏၊ "မေထုန်အကျင့်မှ ရှောင်ကြဉ်ပါ၏" ဟူလို၊ "မမြတ်သော မေထုန်အကျင့်" ဟူရာ၌ "မေထုန" ဟူသော ပါဠိကို မြန်မာလို "မေထုန်" ဟု ခေါ်သည်၊ "အချင်းချင်းကိစ္စ" ဟု အဓိပ္ပါယ်ရ၏၊ ထို့ကြောင့် မိန်းမ-ယောကျ်ား နှစ်ဥုးတို့၏ ပျော်မြူးပေါင်းဘက် ဆက်ဆံခြင်းကို " မမြတ်သော မေထုန်အကျင့် " ဟု မှတ်ပါ။

ကာမေသုမိစ္ဆာစာရအတွက်မှာ မိမိတို့ သီးခင်ပွန်း အချင်းချင်း ပေါင်းသင်း ဆက်ဆံခွင့် ရသေး၏၊ ဤ အဗြဟ္မစရိယ သိက္ခာပုဒ်ကို စောင့်ရှောက်သူကား သီး ခင်ပွန်းချင်း ဆက်ဆံမှုကိုသော်မှ ရှောင်ကြဉ်ရသည်၊ ထို့ကြောင့် ဥပုသ်စောင့်သူများသည် ကာမေသုမိစ္ဆာစာရ သိက္ခာပုဒ်အရာ၌ အဗြဟ္မစရိယသိက္ခာပုဒ်ကို ဆောက်တည်ကြရ၏၊ အိမ်ထောင် မရှိသော သူတော်စင်များကား ကာမေသုမိစ္ဆာစာရသိက္ခာပုဒ်ကို အထူး မဆောက်တည်တော့ဘဲ ဤ အဗြဟ္မစရိယ သိက္ခာပုဒ်ကို ဆောက်တည် ထားလျှင် သာ၍ အကျိုး များ၏။ [ဆောက်တည်ပုံကို နောက်၌ ပြထားသည်။]

ညီမခုနစ်ဖေါ်။ ။ကဿပဘုရားရှင် လက်ထက်တော်၌ ခေမာထေရီ, ဥပလဝဏ်ထေရီ, ပဋ္ဌာစာရီ, ဓမ္မဒိန္နာ, ကုဏ္ဍလကေသီ, ကိသာဂေါတမီ, ဝိသာခါတို့၏ အလောင်းအလျာများဖြစ်ကြသော

(အဋ္ဌမအကြိမ်)

ညီမခုနစ်ဖေါ် ကိကီမင်း၏ သို့မေတ်တို့သည် ငယ်စဉ်ကပင် အနှစ် ၂ ဆောင်းတိုင်အောင် ငယ်သွေးငယ်မူ ဖြူဖြူစင်စင်ဖြင့် ဤသိက္ခာပုဒ်ကို စောင့်သုံးလျက် အသက်ထက်ဆုံး နေခဲ့ကြလေသည်၊ ဤအကျင့်မျိုးကို မိန်းမများ၌ "ကောမာရိဗြဟ္မစရိယ" ဟု ခေါ်၍၊ ယောကျ်ားများ အတွက် "ကောမာရဗြဟ္မစရိယ" ဟု ခေါ်၏၊ (ကောမာရ= ငယ်သွေးငယ်မူ ဖြူစင်သူတို့၏ ဥစ္စာဖြစ်သော + ဗြဟ္မစရိယ=ကောင်းမြတ်သောအကျင့်။)

ဤမေထုန်အကျင့်မျိုးသည် လူ့ဘဝ၌သာ ရှိသည်မဟုတ်, နတ်ပြည်မှာလည်း ခမ်းနားစွာ ရှိ၏၊ အောက်တန်းကိုကြည့်လျှင် ရေနေ-ကုန်းနေ-ကောင်းကင်နေသော တိရစ္ဆာန်တွေမှာလည်းရှိ၏၊ မျက်စိဖြင့် ကြည့်၍မမြင်နိုင်လောက်အောင် သေးငယ်သောပိုးမွှားကလေး များမှာလည်း ရှိကြပေသည်၊ ဤအကျင့်ကို မစွန့်နိုင်ကြ၍ သံသရာဆင်းရဲ၌ တဝဲလည်လည် နေရရုံမက, ယခုမျက်မြင်ပင် ရိုက်နှက်သတ်ပုတ် ထိုးခုတ် လုယက်မှုကြောင့် ထောင်တန်းကျရ, အသက်ဆုံးရသူတွေအများပင် ရှိကြသည်၊ဆင်းရဲဟူသမျှသည် ဤအကျင့်ကို မရှောင်နိုင်မှုမှ စ၍ဖြစ်၏။

တကယ် သူတော်ကောင်းဖြစ်သူတို့ကား ဤအကျင့်၏ ဆိုးဝါးပုံကို အလုံးစုံ မြင်ကြသဖြင့် ရပြီးသော အာရုံများကို စွန့်လွှတ်၍ တောထွက်တော် မူကြသည်၊ သွာကွာတဂုဏ်အဖွင့်၌ ပြအပ်ခဲ့သော ဥဒယဘဒ္ဒ မင်းသား မင်းသမီး အလောင်းတော်ကြီး ၂ ပါးကား ထီးနန်းစည်းစိမ်ကြီး၏အလယ်မှာ ခန်းဆောင်ကြီး တခုထည်းဝယ် စက်တော်ခေါ် ရပါသော်လည်း ကျူးကျော် ဖေါက်ပြားခြင်း မရှိ, ပကတိ ခိုင်မြဲသော မေတ္တာစိတ်ခတ်ဖြင့် ရစ်ပတ် ဖွဲ့နှောင်လျက်

အသက်ဆုံးသည့်တိုင်အောင် စောင့်စည်း၍ နေကြသည်မှာ လွန်စွာနည်းယူဘွယ် ကောင်းပါပေသည်၊ ထို့ကြောင့် သူတော်စင်တို့စက်ဆုပ်ဘွယ်ရာ ယုတ်မာသော ဤအကျင့်ကို ယခုလို လူ့ဘဝ၌ ကျေကျေနပ်နပ် ရှောင်ရှား၍ ပါရမီကိုသာ အားရပါးရ ဖြည့်ကျင့်လျက် အဆင့်ဆင့် မြင့်မြတ်အောင် အထူး သတိဆောင်နိုင်မှ ပါရမီ ရှင် မြီသကြေလိမ့်မည်။

ကောမာရဗြဟ္မစရိယ သီလ ဆောက်တည်ပုံ

အဟံ ဘန္တေ, တိသရဏေန သဟ , ကောမာရဗြဟ္မစရိယ သီလံ, ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံကတွာ သီလံဒေထ မေ ဘန္တေ၊ ဒုတိယမ္ပိ.... တတိယမ္ပိ, ဆက်ဆို။

အနက်။ ။"ကောမာရဗြဟ္မစရိယသီလံ – ငယ်သွေး ငယ်မူ, ဖြူစင်သူတို့၏ မြတ်သော အကျင့်သီလဟူသော၊ ဓမ္မံ – သိက္ခာပုဒ် အကျင့်ကို" ဟု အနက်ဆိုပါ၊ ဤမှနောက်၌ ငါးပါးသီလအတိုင်း ဆို၍ ကာမေသုမိစ္ဆာစာရနေရာ၌ အဗြဟ္မစရိယကို ထည့်၍ ဆိုရုံသာ ထူးသည်။

အမှာ။ ။ပါဠိလိုမဆိုတတ်လျှင် မြန်မာလို "တပည့်တော်မသည် အဗြဟ္မစရိယကို ရှောင်ကြဉ်သော ငါးပါးသီလကို ဆောက်တည်ပါ၏" ဟု ဘုရားရှေ့မှာ ဆိုပါ၊....သဒ္ဒါနည်းမှန်မှန်ဆိုလိုလျှင် အမျိုးသို့မျှားအတွက် "ကောမာရိဗြဟ္မစရိယသီလံ ဓမ္မံ ယာစာမိ" ဟု ဆိုပါ။

ဝိကာလဘောဇန အဖွင့်

ဝိကာလဘောဇနာ ဧဝရမဏိသိက္ခာပဒံ သမာဒိယာမိ။

ကြည့်ရှုရန် အနက်နှင့်အဓိပ္ပါယ်

ဝိကာလဘောဇနာ— နေလွဲအခါ စားခြင်းမှ၊ ဧဝရမဏိသိက္ခာပဒံ-ကို၊ သမာဒိယာမိ-ပါ၏၊ "နေလွဲညစာ စားခြင်းမှ ရှောင်ကြဉ်ပါ၏" ဟူရာ၌ နွေလည် မွန်းတည့် ၁၂ နာရီ အချိန်မှ နောက်ကို "နေလွဲ—မွန်းလွဲ"ဟု ဆို၏၊ ထို နေလွဲသည်ကစ၍ ညဉ့်အတွက် စားခြင်းသာ မက အရုဏ်တက်သည့် တိုင်အောင် အဖျော်ရည် ဆေးစတုမဓူ စသည်တို့မှတပါး ထမင်း ဟင်းလျာ ကွမ်း ဆေး လဘက်သစ်သီးဟူသမျှ မစားရတော့ပြီ။

ထမင်း ဟင်း (ဟင်းချက်၍ရသော, သရည်စာဖြစ်သော)အသီးအရွက်မျှားကို စားလျှင် ဤ ဝိကာလဘောဇန သိက္ခာပုဒ် ပျက်၏၊ အကြောင်းမရှိဘဲ ဖျော်ရည် စတုမဓူ ထန်းလျက် သကြား ဂျင်းသုပ် ကွမ်း ဆေးစသည်ကိုစားသောက်လျှင် ဤသိက္ခာပုဒ် ညှိုး၏, လုံးလုံးကား မပျက်ပါ၊ သစ်ပင်ညှိုးလျှင် အသီးနည်းသကဲ့သို့ ဥပုသ်ညှိုးလျှင် အကျိုးရ နည်း၏။

ဆာလောင် မွတ်သိပ်လျှင် မန်ကျည်းဖျော်ရည် ဘိလပ်ရည် စသော အရည်ကို သောက်ကောင်း၏၊ အဖတ်ကို မစားကောင်း၊ မိမိအိမ်မှာစိမ်သော မန်ကျည်းဖျော်ရည်စသည်ကို အမှုန် အဖတ်မပါအောင် စင်ကြယ်စွာ စစ်ပြီးမှ သောက်ရသည်၊ လေနာသော်ငင်း, အခြားသော တစုံတရာ ရောဂါရှိသော်ငင်း , စတုမဓူ ထန်းလျက်

သကြားစသော ဆေးဘက်ဝင်သည့် အရာဝတ္ထုနှင့် ဆေးအမျိုးမျိုးကိုသာ စားသောက် ကောင်း၏၊ ထိုသို့ စားသောက်ခြင်းကြောင့် သီလညှိုးသည် ဟု မမှတ်ပါနှင့်၊ နေမလွဲခင်၌ကား မည်သည့်အရာမဆို စားသောက်ကောင်းပါသည်။

ညစာ မစားခြင်းအကျိုး။ ။ဤ ဝိကာလဘောဇနသိက္ခာပုဒ်အရ "ညစာ မစားဘဲ ကျင့်ခြင်းသည် ဘာအကျိုးရှိသနည်း, ထမင်းအငတ်ခံခြင်းကိုပင် ဥပုသ်စောင့်သည်-ကျင့်သည်ဟု ဆိုလိုသလား" ဟု မေးကြ၏၊ ညစာမစားဘဲ ရှောင်ကြဉ်ခြင်းသည် အင်္ဂါရှစ်ပါးရှိသော ဥပုသ်သီလတွင် တပါးမျှသာ ဖြစ်၏၊ ညစာ မစားမှု တခုတည်းကို "ဥပုသ်စောင့်"ဟု မဆိုနိုင်၊ ထို ညစာမစားမှုသည် ရှစ်ပါးသီလတွင် အပေါ့ဆုံးအကျင့်မျှသာဖြစ်သည်၊ထိုသီလ၏ရည်ရွယ်ချက်အကျိုးကား.... ၁—ကိစ္စနည်း၍ တရားအာရုံပြုဘို့ရန် အချိန်များစွာရစေခြင်း, ၂-လောကီအာရုံ ကာမဂုဏ်သို့ စိတ်စက်မဝင်စားအောင် ချုပ်တည်းပြီးသား ဖြစ်ခြင်း, ဤ ၂ မျိုးတည်း။

ထင်ရှားအောင်ပြပါဦးမည်၊—ညစာစားဘို့ ချက်ပြုတ်မှုစသော အလုပ်သည် အတော် ကိစ္စများသောအလုပ် ဖြစ်၏၊ ထို အလုပ်များကို လုပ်ကိုင် စားသောက်နေရာ အချိန်အတွင်း၌ ဘုရား အာရုံ တရားအာရုံ စသည်တို့ကို အာရုံပြုနိုင်ဘို့ရာ အချိန်မရတော့၊ (ယခု အခါ အများစောင့်နည်း မဟုတ်ဘဲ) တကယ် စောင့်ရမည့် အရိယ ဥပုသ်ကား သီလဆောက်တည်ပြီးနောက် ဘုရားအာရုံစသော အာရုံတမျိုးမျိုးကိုသာ အာရုံပြုနေရသည်၊ ထို့ကြောင့် ညစာ မစားခြင်းသည် ကိစ္စနည်း၍ တရားအာရုံကိုယူနေရာ၌ အချိန်များစွာရစေခြင်း

အကျိုးရှိသည်၊ ထိုသို့ ညစာ မစားဘဲ ရှောင်ကြဉ် နေသော်လည်း ဆာလောင်လျှင် ဖျော်ရည် စသည်ကို စားသောက် နိုင်သေးသော ကြောင့် မှတ်သိပ် ဆာလောင်လျက်နှင့် အငတ် ခံနေရမည်လည်း မဟုတ်ပါ။

ထို့ပြင်—လူအများထုံးစံမှာ နံနက်စာနှင့် ညစာတို့ငင် နံနက်စာကို သင့်တော်ရုံသာ စီမံ၍ ညစာကိုကား အထူးတလည် စီမံ စားသောက် ရိုးရှိသည်ဟု ကျမ်းဂန်တို့၌ ဆို၏၊ [ယခုအခါ ဟော်တယ်များ၌ ညစာက တန်ဘိုး များသည်ကိုလည်း သတိပြုရာ၏၊] "ထိုသို့ ညစာ ကိုမှ အထူးတလည် စီမံ စားသောက်ခြင်းသည် အဘယ် အကျိုးငှါ နည်း" ဟု စဉ်းစားသော် (မကွယ်မထောင့် ဖြောင့်ဖြောင့် ဖြေဆိုရ လျှင်) ကောင်းမွန်သော အစားအသောက်များကို စား၍ ပျော်ပါး ဘို့ပင် ဖြစ်၏။

ထို့ကြောင့် ညစာမစားမှသည် လောကီအာရုံ ကာမဂုဏ်ဘက် ကိုသာ စိတ်စက် ညှိတ်စေတတ်ရကား အပြဟ္မစရိယသိက္ခာပုဒ်တော် ထိန်း၍ မေထုန် စောင့်စည်းလျှင် ညဉ့်စာ စားမှုကိုလည်း ရှောင်နိုင် မှသာ အမြိုးအမောက် အဖုံးအပိတ် ညီသော အကျင့်ကို ကျင့်ရာ ရောက်ပေမည်။ [အစာအာဟာရ ကောင်းကောင်းစားရလျှင် ကာမ စိတ်ကို အားပေးတတ်၏။]

ထို့ကြောင့် ဣရိယာပထသောဇနသိက္ခာပုဒ်သည် ၁-ကိစ္စနည်း၍ တရားကို အာရုံပြုရာ၌ အချိန်များစွာ ရစေခြင်း, ၂—လောကီအာရုံ ကာမဂုဏ်ဘက်သို့ စိတ်စက် မဝင်စားရအောင် ချုပ်တည်းပြီးသား ဖြစ်ခြင်းဟူသော အကျိုးနှစ်မျိုးကို ရစေနိုင်သည်ဟု မှတ်ပါ။

၇။ နစ္စ ဂိတ သိက္ခာပုဒ်

နစ္စ ဂိတ ဝါဒိတ္တ ဝိသူကဒဿန မာလာ ဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ, ဝေရမဏိသိက္ခာပဒံ, သမာဒိယာမိ။

ကြည့်ရှုရန် အနက်နှင့် အဓိပ္ပါယ်

နစ္စ ဂိတ ဝါဒိတ္တ ဝိသူကဒဿန, မာလာ ဂန္ဓ ဝိလေပန, ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ-အကုသိုလ်များကြောင်းမကောင်းမှုဖြစ်သော ကခြင်း, သီဆိုခြင်း, တီးမှုတ်ခြင်း, ဘုရား အဆုံးအမတော်၏ ဆန့်ကျင် ဘက် စို့ပမာ ဖီလာဖြစ်သော ကြည့်ရှုနားထောင်ခြင်း, ပန်းပန်ခြင်း, နံ့သာပျစ်ကို နိမ့်ရာအရပ်သို့ ဖိုသိပ်ခြင်း, နံ့သာရည် နံ့သာမှုန့်တို့ကို လိမ်းကျံ ခြယ်လှယ်ခြင်းမှ၊ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ—၏။

နစ္စ=ကိုယ်တိုင်ကခြင်း, သူတပါးကိုအကခိုင်းခြင်း။[မျောက်, ဒေါင်း စသော တိရစ္ဆာန်များ၏ ကခြင်းများကိုပါ ယူ။]

ဂိတ=ကိုယ်တိုင် သီဆိုခြင်း, သူတပါးကို အဆိုခိုင်းခြင်း။

ဝါဒိတ္တ=ကိုယ်တိုင် တီးမှုတ်ခြင်း, သူတပါးကို တီးမှုတ်ခိုင်းခြင်း။

ဝိသူကဒဿန = [ဝိသူက = ဘုရား အဆုံးအမ၏ ဆန့်ကျင်ဘက် စို့ပမာ ဖီလာဖြစ်သော + ဒဿန = ကြည့်ရှု နားထောင်ခြင်း။] သူတပါးတို့ အလိုအလျောက် သော်၎င်း, အခြားသူက ခိုင်း၍ သော်၎င်း, က— ဆို— တီးမှုတ်နေသည်ကို တမင်လာ သွား၍ ကြည့်ရှု နားထောင်ခြင်း။ [မိမိဘာသာ နေစဉ် မြင်လောက် ကြားလောက်သောအရပ်သို့ လာ၍ ကပြ သီဆို တီးမှုတ်သံကို ကြည့်ရှုမိ— နားထောင်မိ၍သော်၎င်း, အခြား အလုပ်ကိုစွဖြင့်

သွားရင်း လာရင်း တွေ့မြင်နေသော်ငင်း , သီလ မပျက်ပါ၊ သို့သော် မမြင်-မြင်အောင် တမင်လာလှည့်၍မကြည့်ရ။[မာလာ ဂန္ဓ စသည်၌ "မာလာနှင့် ဓာရဏာ, ဂန္ဓနှင့် မဏ္ဍန, ဝိလေပနနှင့် ဝိဘူသန"ကို အစဉ်အတိုင်း တွဲ၍ငင်း, ဖြစ်သင့်သလို တွဲ၍ငင်း အဓိပ္ပါယ် ယူကြသည်။]

မာလာ=ပန်းအမျိုးမျိုး+ဓာရဏာ=ပန်ဆင်ခြင်း။

ဂန္ဓ= နိမ့်ရာအရပ်၌ ဖို့သိပ်၍ ရကောင်းသော သနပ်ခါး စသော နံ့သာပျစ်—နံ့သာပျောင်းကို+မဏ္ဍန=ကျောက်ပေါက်မစသော နိမ့်ရာအရပ်၌ ဖို့သိပ်ခြင်း။

ဝိလေပန= လိမ်းကျံ ခြယ်လှယ်ခြင်းငှါငင်း , အနံ့ ထုံခြင်းငှါငင်း , ရကောင်းသောအရောင်တင်ဆေး,ရေမွှေး နံ့သာဆီ မျက်နှာချေ ပေါင်ဒါကို+ ဝိဘူသန = လိမ်းကျံခြယ်လှယ်ခြင်း, အနံ့ထုံခြင်း၊ [ဆပ်ပျာမွှေးလည်း မတိုက်ကောင်း။]

ဌာနာ=ကာမစိတ်ဓာတ် တိုးပွားခြင်း၏ အကြောင်း။

အမှာ။ ။ဤ နံ့သာလိမ်းမှု စသည်ကို သာယာသောအားဖြင့် မပြုကောင်း၊ အနာရောဂါရှိသော် လိမ်းကျံကောင်း၏၊ အနာရောဂါ ဆိုသော်လည်း ထို နံ့သာများနှင့် သင့်မြတ်သောရောဂါ ရှိမှ လိမ်းကောင်းသည်၊ မဖြစ်လောက်သောရောဂါကို ရိုးမယ်ဖွဲကာ မျက်နှာစသော မဆိုင်ရာအရပ်၌ နံ့သာမလိမ်းကောင်း၊သို့သော် ရဟန်းများ၌ ကိုယ်နံ့မကောင်းလျင် နံ့သာ (ရေမွှေးဆပ်ပျာ စသည်) ကို ခွင့်ပြုသောကြောင့် ဥပုသ်သည် များလည်း ကိုယ်၌ အနံ့မကောင်းသောအခါ ထိုအနံ့ကို ကာကွယ်ဘို့ရာ လိမ်းကောင်း, ဆပ်ပျာမွှေးကို သုံးကောင်းသည်ဟု ဆိုသင့်သည်။

၈။ ဥစ္စာသယန မဟာသယနအဖွင့်

ဥစ္စာသယန မဟာသယနာ, ဝေရမဏိသိက္ခာပဒံ, သမာဒိယာမိ။

ကြည့်ရှုရန် အနက်နှင့် အဓိပ္ပါယ်

ဥစ္စာသယန မဟာသယနာ - မြင့်သောနေရာ မြတ်သောနေရာ၌ အိပ်ခြင်း နေထိုင်ခြင်းမှ၊ ဝေရမဏိသိက္ခာပဒံ-ကို၊ သမာဒိယာမိ-၏။

ဥစ္စာသယန=မြင့်သောနေရာ၌ အိပ်ခြင်း နေထိုင်ခြင်း။ [အခြေတတောင့်ထွာထက် ရှည်သော အိပ်ရာ ခတင် ကုလားထိုင်ကြီးများတည်း၊ "လူကြီးက အောက်အနိမ့်မှာ နေလျှင် ဥပုသ်သည် လူငယ်က အထက်အမြင့်၌ မနေကောင်း" ဟူသော အမြင့်များမဟုတ်။]

မဟာသယန = မြတ်သောနေရာ၌ အိပ်စက် နေထိုင်ခြင်း။ [ဤ နေရာများကား စည်းစိမ်အားလျော်စွာ ခံစား စံစားလေ့ ရှိကြသော စည်းစိမ်ရှင်ကြီးများ၏ အိမ်ဝယ် ရှိတတ်သော လက်လေးသစ်မက အမွေးရှည်သော သားမွေးအခင်း, ခြေသုံ့ သစ် ကျား အရုပ်များဖြင့် ခမ်းနား ဆန်းကြယ်သော သားမွေးအခင်း, ရွှေချည် ငွေချည်တို့ဖြင့် ချုပ်လုပ်အပ်သော ပိုးအခင်း (ရိုးရိုး ပိုးအခင်း မဟုတ်၊) လဲ ဝါဂွမ်းများ သွတ်ထားသော မွေ့ရာတည်း။]

မှတ်ချက်။ ။ဤမွေ့ရာကို ယခုကာလ ဥပုသ်သည်များ သုံးစွဲနေကြသည်မှာ မသင့်တော်ပါ၊ အုန်းဆံသွတ် မွေ့ရာ , အဝတ်အဆာ ပိုး ချည် အဆာပါသော မွေ့ရာကိုကား သုံးကောင်းပါ၏၊ သင်ဖြူး ချောချော ကော်ဇောနုနု စသည်နှင့် ရဟန်းသံဃာ ဂုဏ်ဝါကြီးသူတို့၏နေရာ စသည်များကို ဤသိက္ခာပုဒ်အရ "မြတ်သောနေရာ" ဟု မဆိုထိုက်။

ဥပုသ်စောင့်ပုံ အစီအစဉ်

ဥပုသ်စောင့်ပုံ။ ။"ဥပုသ်" ဟူသော စကားသည် "ဥပေါသထ" ဟူသော ပါဠိမှ ကူးစက်လာသော ပါဠိပျက် စကားတည်း၊ "ဥပ + ဝသထ" ဟု ပုဒ်ခဲ့၊ ဥပ = ညစာ မစားခြင်း, သူ့အသက် မသတ်ခြင်းစသော အကျင့်ကောင်းနှင့် ပြည့်စုံ၍ + ဝသထ = နေခြင်း၊ ညစာမစားခြင်း, သူ့အသက် မသတ်ခြင်းစသော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသောသီလကို ခံယူ ဆောက်တည်၍ ဘုရားဂုဏ်တော်, တရားဂုဏ်တော်စသော အာရုံများကို အာရုံပြုကာ (ဘာဝနာပွားလျက်) အကုသိုလ်စိတ်များ မဖြစ်စေဘဲ စိတ် စင်ကြယ်အောင် စောင့်စည်းနေထိုင်မှုကို "ဥပုသ်စောင့်" ဟု ခေါ်သည်။

[ဆောင်] မိမိစိတ်မှာ, စင်ကြယ်လာအောင်, အင်္ဂါရှစ်တန်, သီလခံ၍, ခြိုးခြံအောင့်အည်း, တဖြောင့်တည်းဖြင့်, စောင့်စည်း အားထုတ်, တရားကုတ်, ဥပုသ်စောင့် ဟု မှတ်။

၁။ နက်ဖန် ဥပုသ်စောင့်မည်ဟု ကြံစည်သော သူတော်စင်သည် ဥပုသ် စောင့်သည့်အခိုက်၌ အိမ်မှကိစ္စတွေကို ရှက်ဆောင်ခြင်းငှါ မလျော်သောကြောင့် ယနေ့လိုအခါကပင်အိမ်မှကိစ္စများကို တာဝန်ရှိသမျှ ပြီးစီးအောင် စီမံထားရာ၏။

၂။ ချက်ပြုတ် ကျွေးမွေးမည့်သူ အဆင်သင့်ရှိလျှင် နက်ဖန် မိမိစားဘို့အတွက် ပြောပြ စီစဉ်ထားရာ၏။ [ဥပုသ်စောင့်ခိုက် ခါတိုင်းထက် ကောင်းကောင်းစားဘို့ကား မစီမံသင့်။]

ဥပုသ်သီလများ၌ စဉ်းစားဘွယ်။ ။ဥပုသ်စောင့်သောအခါ ရိုးရိုး ငါးပါးသီလထက် အပိုယူကာ ကာမေသုမိစ္ဆာစာရ အရာ၌ အပြုဟူစရိယကို သွင်း၍ ဆောက်တည်ရ၏၊ ထို့နောက် ဝိကာလ ဘောဇန-နစ္စ-ဂီတ - ဥစ္စာသယန သိက္ခာပုဒ်များကို ဆောက်တည်ရ၏၊ ဤသိက္ခာပုဒ် ၄ ပါးကို ခြုံ၍ စဉ်းစားလျှင် ဥပုသ်စောင့်သော အခါ မဖြစ်အောင် ထိန်းရမည့် အကုသိုလ်စိတ်များ ထင်ရှားစွာ ပေါ်လာသည်၊ ထိုစိတ်များကား ကာမဂုဏ်စိတ် (ကိလေသာတဏှာ စိတ်) ပင်တည်း။ ထင်ရှားစေအံ့ — ခမ်းနားသော အိပ်ရာ နေရာ၌ အိပ်စက်နေထိုင်ခြင်း, ဖီးလိမ်းပန်ဆင်ခြင်း, ကပြ သီဆို တီးမှုတ်ခြင်း, ညစာထမင်းစားခြင်းတို့သည် ကိလေသာ (တဏှာလောဘ) စိတ်ကို သွေးဆောင် ခေါ်ယူသော အပြုအမူများတည်း။

ထို့ကြောင့် တဏှာလောဘ ကိလေသာ ကာမစိတ်ကို ဆို့ပိတ်ဘို့ရာ ဥစ္စာသယန သိက္ခာပုဒ်ဖြင့် ခမ်းနားသော အိပ်ရာ နေရာတို့၌ အိပ်စက် နေထိုင်ခြင်းကို တားမြစ်၏၊ နစ္စ ဂီတ သိက္ခာပုဒ်ဖြင့် ကပြ သီဆို တီးမှုတ်မှုနှင့် တကွ ဖီးလိမ်းပန်ဆင်မှုများကို တားမြစ်၏။ ဝိကာလ ဘောဇန သိက္ခာပုဒ်ဖြင့် ညစာထမင်း စားမှုကို တားမြစ်၏၊ ထို သိက္ခာပုဒ် ၃ ရပ်ဖြင့် ကာမစိတ်ဓာတ်ကို တွန်းလှန် ပိတ်ဆို့မှသာ အပြုဟူစရိယ သိက္ခာပုဒ်တော်အရ မေထုန်အမှုမှ ကျကျနန ရှောင်ကြဉ်နိုင်မည်၊ ထို့ကြောင့် ဥပုသ်စောင့်သောအခါ အပြုဟူစရိယ စသော သိက္ခာပုဒ်တော်များကို (ငါးပါးသီလထက် ပို၍) ထိန်းခြင်းသည် အဖုံးအပိတ် ညီညွတ်သော အကျင့်ကောင်းဖြစ်ပေသတည်း။

၃။ ချက်ပြုတ်ကျွေးမွေးမည့်သူမရှိလျှင် နက်ဖန် ကိစ္စနည်းအောင် ပြီးစီးကောင်းသော စားဘွယ်သောက်ဘွယ်များကို ပြီးစီးအောင် စီမံထားရာ၏။

၄။ နက်ဖန်နံနက် အရုဏ်တက်ချိန်ကပင် ကိုယ် လက်များကို စင်ကြယ်အောင်ပြု၍ စိတ်ကြည်လင်ရုံမျှ သန့်ရှင်းသော အဝတ်ကို ဝတ်ဆင်ရာ၏။

၅။ ပန်းပန်မှု, နံ့သာလိမ်းမှုနှင့် အထူးတလည် ပြင်ဆင်မှုကို မပြုရာ။

၆။ ထို့နောက် ခပ်စောစောကပင် သီလ ဆောက်တည်ရာ၏။ [သီလဆောက်တည်သောအခါ ပါဋိဠိလို နားမလည်လျှင် မြန်မာလို ဆောက်တည်နိုင်ပါသည်၊ ရှစ်ပါးသီလနှုတ်တက် မရလျှင် "ဘုရား ပညတ်တော်မူအပ်သော ဥပုသ်သီလကို ဆောက်တည်ပါ၏" ဟု နှုတ်က မိမိဘာသာဆို၍လည်း ဆောက်တည်နိုင်၏။]

၇။ သီလ ဆောက်တည်ပြီးလျှင် ကျွေးမွေးလှူဒါန်းဘွယ် ကိစ္စ ရှိက ထိုကိစ္စကို ပြုလုပ်၍, မရှိက မိမိအတွက် သင့်တင့်ရုံသာ စီမံ၍ စားသောက်ရာ၏။ [တထပ်သာ မက ညစာမစားဘဲ နေနိုင်လောက် အောင်ပင် စားသောက်ခွင့်ရှိ၏။]

၈။ ကျွေးမွေးစားသောက်မှုပြီးလျှင် ကိုယ်လက် မစင်ကြယ်က ရေချိုးရာ၏။ [ကိုယ် စင်ကြယ်မှ စိတ်ကြည်လင်, စိတ်ကြည်လင်မှ တရားအာရုံပြု၍ ကောင်းသည်။]

၉။ ထို့နောက် မိမိတကိုယ်တည်း နေသင့်သူဖြစ်လျှင် တကိုယ်တည်း နေ၍, အဖော်နှင့် နေသင့်သူဖြစ်က သဘောတူ အဖော်နှင့်

(အဋ္ဌမအကြိမ်)

တကွ သင့်တော်သော ဆိတ်ငြိမ်ရာဌာနဌ၌ ဗြဟ္မဥပုသ်ကိုစောင့်လိုလျှင် ဘုရားဂုဏ်တော်ကို အာရုံပြု၍ နေရာ၏။

၁၀။ တာရည်စွာ ဆင်ခြင်၍ မနေနိုင်လျှင် တရားစာကိုလည်း ကြည့်ရှု ရွတ်ဖတ်နေရာ၏။ [ထိုင်၍ချည်း နေရမည်ဟု မဆိုလို, လှဲကာ စကြံသွားကာ အမျိုးမျိုး မျှတအောင် နေစေလို၏။]

၁၁။ နည်းလမ်းကျကျ ဟောပြောမည့်ပုဂ္ဂိုလ်ရှိလျှင် တရားနာ ရာ၏။

၁၂။ အ ားလည်း တရားစကား ဆွေးနွေးမေးမြန်းစုံစမ်း ရာ၊

၁၃။ ညဉ့်အချိန်သို့ ရောက်သောအခါ မိမိ၏ သီလကို ပြန်၍ ဆင်ခြင်ပြီးလျှင် အရိယာ သူတော်ကောင်း ရဟန္တာ အပေါင်းနှင့် ယနေ့အတွက် မိမိတူမျှပုံကို အောက်မေ့ရာ၏။

အောက်မေ့ပုံ။ ။ "ရဟန္တာအရှင်မြတ်သည် သူ့အသက်ကို သတ်ခြင်း, သူ့ဥစ္စာကို ခိုးယူခြင်း, လောကီအာရုံ ကာမဂုဏ်တို့မှ ရှောင်ကြဉ်၍ ညဉ့်စာ စားမှု, ပန်း နံ့သာ စသည် လိမ်းကျံမှုမျှားကို မပြုသကဲ့သို့, ငါသည်လည်း ယနေ့အဘို့၌ ထို အမှု အမျိုးမျိုးကို ရှောင်ကြဉ်သဖြင့် ရဟန္တာ အရှင်မြတ်များနှင့် တူပေသည် တကား" ဟု မိမိကိုယ်ကို အလှန်မြှောက်တင်ကာ ရဟန္တာယောကျ်ား ရဟန္တာ မိန်းမစိတ်ကို ဖြစ်စေပြီးလျှင် ယခုလို အသက်ထက်ဆုံး စောင့်စည်း နေပါလျှင် မကြာခင် ဒုက္ခခပ်သိမ်း ငြိမ်းပေလိမ့်မည် ဟု ဆင်ခြင်ရာ၏။

(အဋ္ဌမအကြိမ်)

၁၄။ နံနက် အရုဏ်တက်၌ မိမိ ရည်မှန်းထားသော အချိန်စေ့သောအခါ အလိုအလျောက် ရှစ်ပါးသီလ မရှိတော့ဘဲ ငါးပါးသီလသာ ကျန်ရစ်တော့သည်။ [ယခုကာလ အချို့ အရပ်မှာလို့ ငါးပါးသီလယူကာ ဥပုသ်ခေနဘွဲ့ဖြစ် မလိုပါ။] ဤကား ဥပုသ် စောင့်ပုံ အစီအစဉ်တည်း။

ဥပုသ်ကာလ အပိုင်းအခြား ။ ။ ဥပုသ်သည် ကာလပိုင်း၍ စောင့်အပ်သော ဥပုသ် - အသက်ထက်ဆုံး စောင့်အပ်သော ဥပုသ် ဟု ၂ မျိုးရှိ၏၊ ကာလပိုင်း၍ စောင့်အပ်သော ဥပုသ်မှာ ၂ ရက် ၃ ရက် စသည်ဖြစ်စေ, တနေ့ တည့်လုံးဖြစ်စေ, နေ့ဝက် ညဉ့်ဝက် ဖြစ်စေ, တခဏမျှ (တရားနာခိုက်) ဖြစ်စေ, စောင့်ကောင်းပါသည်၊ အနာထပိဏ်သဒ္ဒေး၏ အလုပ်သမား တယောဓ်သည် ဥပုသ်နေ့၌ လယ်ထွန်သွားပြီးနောက် ပြန်လာ၍ သူများ ဥပုသ်စောင့်ကြောင်း သိရကား ထမင်းကို မစားတော့ဘဲ နေ့တဝက်မျှ ဥပုသ်စောင့်စဉ် လေနာထ၍ စုတေလေသော် ရုက္ခဒိုဝ်းနတ် ဖြစ်ရသည်၊ ထို့ကြောင့် တသက်လုံး မစောင့်နိုင်လျှင် လ, ရက်, အချိန် ပိုင်းခြား၍လည်း စောင့်ကောင်းပါသည်။

သို့သော် ယခုကာလ အချို့တရားပွဲ အလှူမဏ္ဍပ် စသည်၌ကား "မဏ္ဍပ်က မထွက်ခင် ဂ ပါးသီလ ဆောက်တည်ကြ" ဟု ဆိုပြီးလျှင် ဖီးလိမ်းပြင်ဆင် ထားသူတို့အား မာလာဂန္ဓ ဝိလေပနစသော သိက္ခာပုဒ်ကို ဓမ္မကထိကတို့က ချပေးကြ၏၊ "ဥပုသ်မစောင့်ခင်က ဖီးလိမ်း ထားမှုကြောင့် မာလာဂန္ဓ ဝိလေပနသိက္ခာပုဒ် မပျက်" ဟုလည်း ပြောဆိုကြပြန်သေး၏၊ ထိုအားလုံးကို နည်းလမ်းကျ-မကျ စဉ်းစားကြပါလေ။

ဥပုသ်အမျိုးမျိုး ။ ။ ဥပုသ်သည် အချုပ်အားဖြင့် အရိယ (မြတ်သော) ဥပုသ်, ဂေါပါလ (နွားကျောင်းသား စောင့်နည်း) ဥပုသ်ဟု ၂ မျိုးရှိ၏၊ ထိုတွင် အရိယဥပုသ်သည် ပြဟ္မဥပုသ် ဓမ္မဥပုသ် စသည်ဖြင့် အမျိုးမျိုးရှိ၏။

၁။ ပြဟ္မဥပုသ်။ ။ဘုရားရှင်သည် "ပြဟ္မ" မည်တော်မူ၏၊ ရှစ်ပါးသီလ ယူပြီးလျှင် ထို ပြဟ္မမည်သော ဘုရားရှင်ကို အာရုံပြုနေခြင်းကို "ပြဟ္မဥပုသ်" ဟု ခေါ်၏၊ အလွတ် အာရုံမပြုတတ်လျှင် ဘုရားဂုဏ်တော်ဖွင့်ကို ရွတ်ဖတ် ကြည့်ရှုနေရာ၏။

၂။ ဓမ္မဥပုသ်။ ။ဥပုသ်သီလကို ခံယူပြီးလျှင် တရားတော်၏ ဂုဏ်တော်တပါးပါးကို အာရုံပြု၍ငင်း, တရားဂုဏ်တော် အဖွင့်ကို ကြည့်ရှု ရွတ်ဖတ်၍ငင်း, နေခြင်းကို "ဓမ္မဥပုသ်" ဟု ခေါ်သည်။

၃။ သံဃဥပုသ် ။ ။ ဥပုသ်သီလကို ခံယူပြီးလျှင် သံဃာ့ဂုဏ်တော်တပါးပါးကို အာရုံပြု၍ငင်း, သံဃာ့ဂုဏ်တော် အဖွင့်ကို ကြည့်ရှု ရွတ်ဖတ်၍ငင်း, နေခြင်းကို "သံဃဥပုသ်"ဟု ခေါ်သည်။

၄။ သီလဥပုသ်။ ။ သီလ ယူပြီးလျှင် မိမိ သီလ၏ မကျိုး မပေါက် မပြောက် မကျားပုံကို အာရုံပြု၍ ဝမ်းမြောက်စွာ နေထိုင်ခြင်းကို "သီလဥပုသ်" ဟု ခေါ်သည်။

မကျိုး = ရှစ်ပါးသော သိက္ခာပုဒ်တို့တွင် အစ သိက္ခာပုဒ်သော်ငင်း, အဆုံး သိက္ခာပုဒ်သော်ငင်း, ပျက်စီးလျှင် "ဥပုသ်ကျိုး"သည် မည်၏၊ ထိုသို့ မပျက်စီးလျှင် ဥပုသ် မကျိုး မပြတ်သည် မည်၏။

[ဆောင်] အင်္ဂါရှစ်ပါး, စွန့်အဖျားက, တပါးပါးကျိုး, ဥပုသ်မျိုး, "အကျိုး အပြတ်"ခေါ်။

မပေါက်= အဝတ်၌ အလယ်က ပေါက်သကဲ့သို့ သိက္ခာပုဒ်တို့တွင် အလယ်က တပါးပါးပျက်လျှင် "ပေါက်သည်" ဟု ခေါ်၏။ ထိုသို့ မပျက်လျှင် "မပေါက်" သည် မည်၏။

[ဆောင်] အင်္ဂါရှစ်ပါး, အလယ်ကြားက, ဈပါးပါးပျက်, ဥပုသ်တွက်, "ပေါက်ပျက်" သည်ဟု ခေါ်။

မပြောက်— ရှစ်ပါးသော သိက္ခာပုဒ်တို့တွင် အလယ်၌ တပါးလည်း မက, အစဉ်အတိုင်း တဆက်တည်းလည်း မဟုတ်ဘဲ, နှစ်၌ "ဝါစေ့" ပြောက်ကဲ့သို့, အဒိန္နာဒါနနှင့် မုသာဝါဒသော်၎င်း, အဖြဟ္မစရိယနှင့် သုရာမေရယသော်၎င်း, ဤသို့ ပြောက်ကျား ပြောက်ကျား ပျက်သည်ကို "ပြောက်သည်" ဟု ခေါ်၏။

[ဆောင်] အင်္ဂါရှစ်ပါး, တမျိုးအားဖြင့်, ကျိုးကျား-ပြိုးပြောက်, ယွင်းသွေဖေါက်, "အပြောက်" ဥပုသ် ခေါ်။

မကျား— ရှစ်ပါးသောသိက္ခာပုဒ်တို့တွင် ပါဏာတိပါတနှင့် အဒိန္နာဒါန ဆက်၍၎င်း, အဖြဟ္မစရိယနှင့် မုသာဝါဒဆက်၍၎င်း, ဤသို့ နှစ်ပါး သုံးပါး ဆက်၍ ပျက်သည်ကို နွားကြောင် နွားကျား ကဲ့သို့ "အကျားထင်သော ဥပုသ်" ဟု ခေါ်၏။

[ဆောင်] နွားကြောင်- နွားကျား, ပုံအလားသို့, နှစ်ပါး သုံးပါး, အများဆက်လျက်, တရားပျက်, "ကျား ကွက်" သည်ဟု ခေါ်။

ဤသို့သော နည်းဖြင့် မိမိဥပုသ်၏ မကျိုး မပေါက် မပြောက် မကျားပုံကို အာရုံပြု၍ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေခြင်းကိုပင် "သီလဥပုသ်" ဟု ခေါ်သည်။

(အဋ္ဌမအကြိမ်)

မှတ်ချက်။ ။ယခုကာလ သီလဆောက်တည်တုန်းက တပါးစီခဲ့၍ ဆောက်တည်ကြသောကြောင့် ရှစ်ပါးသီလတွင် တပါးပါးပျက်သော်လည်း ကျန်သီလအတွက် အကျိုးရှိသေး၏၊ တပါးပျက်ရုံဖြင့် အားလုံးပျက်သွားသည် ဟု မမှတ်နှင့်။

၅။ နတ်ဥပုသ်။ ။သီလယူပြီးလျှင် နတ်တို့ကို ပမာဏမရှိ မိမိသန္တာန်၌ရှိသော သဒ္ဓါသီလစသော သူတော်ကောင်းတရားများကို အောက်မေ့ဆင်ခြင်လျက် ကြည်လင် ဝမ်းမြောက်နေခြင်းကို "နတ်ဥပုသ်" ဟု ခေါ်သည်။

ဆင်ခြင်ပုံ။ ။"နတ်ပြည် ဗြဟ္မာ့ပြည်တို့၌ရှိသော နတ် ဗြဟ္မာတို့သည် လူ့ပြည်တုန်းက သဒ္ဓါ သီလ သုတ စာဂ ပညာ ဟိရိဩတ္တပ္ပဟူသော သူတော်ကောင်းတရားတို့နှင့် ပြည့်စုံကြသောကြောင့် ဘဝအသစ် ကူးသောအခါ နတ်ပြည် ဗြဟ္မာ့ပြည်၌ ချမ်းသာစွာ ဖြစ်ကြရသည်၊ ထို့ သူတော်ကောင်း ဥစ္စာများသည် ငါ့မှာလည်း ရှိ၏၊ ဗုဒ္ဓမြတ်စွာ၏ တရားတော်နှင့်ညီစွာ မိတ ဆရာတို့၏ အဆုံးအမကြောင့် ဤသို့ သူတော်ကောင်း ဖြစ်ရခြင်းသည် နောင်ရေး နောင်တာ သံသရာအတွက် စိတ်ချဘွယ်ရာ လွန်စွာ လူဖြစ်ကျိုး နပ်ပါပေစွတကား" ဟု ကိုယ့်ဂုဏ်တော်တို့ကို အာရုံပြုကာ ဝမ်းမြောက်စွာ ဆင်ခြင်ရာ၏၊ ရံဖန်ရံခါ ဆင်ခြင်ရုံမျှဖြင့် အားမရသေးဘဲ အလွန့်အလွန် ဝမ်းမြောက်လာအောင် အောက်၌ ပြထားသော ဥဒါန်းဂါထာကို ကျူးရင့်ရာ၏။

ယေဟိ သဒ္ဓါဒိဂုဏေဟိ, ဒေဝတာ ဒေဝတ္တံ ဂတာ၊
မယုံပိ တေ သံဝိဇ္ဇန္တိ, အဟော မေ ဂုဏဝန္တတာ။

(အဋ္ဌမအကြိမ်)

ဒေဝတာ—စတုမဟာ, ဝတိံသာနှင့်, နတ်ရွာခြောက်လီ, ဗြဟ္မာ့ပြည်ဝယ်, ကိုယ်စီစံစား, နတ်ဗြဟ္မာ အများတို့သည်၊ ယေဟိ သဒ္ဓါဒိ ဂုဏေဟိ—သဒ္ဓါ သီလ, များသုတနှင့်, စာဂ ပညာ, စဉ်လာပြည့်စုံ, အကြင် ဂုဏ်တို့ကြောင့်၊ ဒေဝတ္တံ — ရောဂါမကပ်, ဥပါဒ် မတွယ်, စားသောက်ဘွယ်ရေး, ဝတ်ဆင်ရေးနှင့်, မင်းဘေးစိုးတာ, ကင်းစင်ကွာလတ်, ဗြဟ္မာနတ်၏အဖြစ်သို့၊ ဂတာ — ဤ လူ့ပြေမှ, စုတေကြလျှင်, ခဏမနေ, ကပ်ရောက်ကြရလေ ကုန်ပြီ၊ တေ ဂုဏာ — နတ်ဗြဟ္မာနန်း, ကပ်ခါမြန်းဘို့, အစွမ်းလောက်လုံ, ထိုကဲ့သို့ ဂုဏ်တို့သည်၊ မယ့ပိ— ဘုရားအကြိုက်, တရားလိုက်၍, အားစိုက်နှစ်လို, ဤ ငါ့ကိုယ်မှာလည်း၊ သံဝိဇ္ဇန္တိ — အမြဲမပြတ်, သတိချပ်သဖြင့်, မလပ်ပုံသေ, ရှိကြပေကုန်၏၊ မေ—ငါ၏၊ ဂုဏဝန္တတာ-သဒ္ဓါ သီလ, များသုတနှင့်, စာဂ ပညာ, စဉ်လာလောက်လုံ, ဂုဏ်ပေါင်းစုံသူတို့၏ အဖြစ်သည်၊ အဟောဝတ — တမလွန်အရေး, ကြံတိုင်း အေးဘို့, လေးလေးပင်ပင်, အစဉ်မျိုးမှန်, ဩော်....အဖိုးတန်လေစွာ့တကား။

ဤသို့ ဥဒါန်းကျူးကာ နတ်တို့ကို သက်သေအရာ၌ ထားလျက် မိမိ၏ သူတော်ကောင်းဖြစ်ပုံကိုအာရုံပြု၍ ဝမ်းမြောက်နေခြင်းသည် "နတ်ဥပုသ်" မည်၏၊ ဤ ဗြဟ္မဥပုသ် စသည်ကို ပုဗ္ဗာရုံတိုက်အမဝိသာခါအား ဘုရားရှင် ဟောတော်မူသည်၊ တိတ္ထိ တက္ကဒွန်းတို့ စောင့်ကြသော နိဂဏ္ဌဥပုသ် တမျိုးလည်း ရှိသေး၏၊ အများနှင့် မဆိုင်၍ မရေးတော့၊ ဗုဒ္ဓဘာသာဝင်တို့ စောင့်အပ်သော ဥပုသ်ကား အရိယဥပုသ် ဖြစ်လျှင်ဖြစ်, မဖြစ်လျှင် ဂေါပါလဥပုသ်သာ ဖြစ်စရာရှိသည်။.... [တိကအင်္ဂုတ္တိုရ်။]

ဥပုသ်အကျိုး။ ။ဤသို့ ကျနစ္ဆာ စောင့်သုံးအပ်သော အရိယဥပုသ်မျိုး၏အကျိုးမှာ ဇမ္ဗူဒိပ်တကျွန်းလုံးကို အုပ်စိုးရသော မင်းမိဖုရားအဖြစ်မျိုးထက် ကြီးကျယ် ခမ်းနားသည်ဟု ဟောတော်မူ၏၊ မှန်၏ — မင်းမိဖုရား အဖြစ်ဖြင့် ဇမ္ဗူဒိပ်ကျွန်းကို အုပ်စိုးရခြင်းမှာ လူ့စည်းစိမ်မျှသာ ဖြစ်၍ နတ်စည်းစိမ်ကိုထောက်လျှင် အောက်ကျ နောက်ကျ သေးနုပ်လှ သေး၏၊ ထို စည်းစိမ်လည်း တဘဝသာ၊ ကျနစ္ဆာ စောင့်ထိန်းအပ်သောဥပုသ်၏အကျိုးကား လူမင်း နတ်မင်းစည်းစိမ် အကြိမ်အများပင်တည်း၊ ထို့ကြောင့် ကောင်းမွန်စွာစောင့်အပ်သော ဥပုသ်၏အကျိုးကို "ဇမ္ဗူဒိပ်တကျွန်းလုံး အုပ်စိုးရခြင်း ထက်ပင် သာ၏" ဟု ဟောတော်မူပေသည်။

ကောင်းစွာစောင့်မှ အကျိုးရ။ ။ ဥပုသ် စောင့်ရာ၌ ရှစ်ပါး သီလ စောင့်ရုံမျှဖြင့် အကျိုး များသင့်သလောက် မများသေးပါ, သီလကို စောင့်ထိန်းပြီးနောက် မိမိစိတ်ကို စင်ကြယ် သန့်ရှင်းနေအောင် အားထုတ်နိုင်မှသာ အကျိုး များပါသည်။ [တိကင်္ဂုတ္တရ ဒုတိယပံ, မဟာဝဂ္ဂဋ္ဌ။] ဥပမာ—ဥုးခေါင်းကို တန်ဆာဆင်လိုသော အမျိုးသွီးသည် ဆံပင်ကို စင်ကြယ်အောင် ခေါင်းလျှော်ရ၏၊ ခေါင်းမလျှော်ဘဲ ဖီးလိမ်းပြင်ဆင်လျှင် အနှံ့မကောင်း၊ ထို့အတူ သီလ တန်ဆာဖြင့် ဆင်ထားသူသည် မိမိ၏စိတ်ကို လောဘ (တဏှာ ရာဂ)-ဒေါသ— မာန်မာန—ဣဿာ—မစ္ဆရိယစသော ကိလေသာ အညစ်အကြေးတို့မှ စင်ကြယ်အောင် ဗြဟ္မဥပုသ်ကိုဖြစ်စေ ဓမ္မဥပုသ် စသည်တို့တွင် တမျိုးမျိုး ဖြစ်စေ စောင့်သုံးနိုင်မှသာ ရသင့်သမျှ အကျိုးကို အပြည့်အစုံ ရနိုင်ပါသည်။

အာဇီဝဋ္ဌမကသိလ အဖွင့်

(ကျက်မှတ်ရန် ဆောက်တည်ပုံအစဉ်)

အဟံ ဘန္တေ တိသရဏေန သဟ , အာဇီဝဋ္ဌမကသီလံ ဓမ္မံ ယာစာမိ , အနုဂ္ဂဟံကတ္တာ , သီလံ ဒေထ မေ ဘန္တေ၊ " ဒုတိယမ္ပိ အဟံ ဘန္တေ" စသည်ဖြင့် ၅ ပါးသီလတောင်းပုံအတိုင်း "တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ"တိုင်အောင် ဆိုပါ။

၁။ ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၂။ အဒိန္နာဒါနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၃။ ကာမေသုမိစ္ဆာစာရာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၄။ မုသာဝါဒါ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၅။ ပိသုဏဝါစာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၆။ ဖရုသဝါစာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၇။ သမ္ဖပ္ပလာပါ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၈။ မိစ္ဆာဇီဝါ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

× × × × ×

ကြည့်ရှုရန် အဓိပ္ပါယ်

ဘန္တေ – အရှင်ဘုရား၊ အဟံ - တပည့်တော် (တပည့်တော်မ) သည်၊ တိသရဏေန – သရဏကုံသုံးပါးနှင့်၊ သဟ– တကွ၊ အာဇီဝဋ္ဌမကသီလံ–အာဇီဝဋ္ဌမကသီလဟူသော၊ ဓမ္မံ– သိက္ခာပုဒ် အကျင့်

ထို့ကြောင့် နဂိုရင်က (လောဘ) ကြီးသူ ဖြစ်လျှင် ဥပုသ်စောင့်ရင်း ထို လောဘကြောင့် ယခုဘဝ တွေ့ခဲ့ရ (တွေ့တတ်ကြသော) အပြစ်ကိုငဲ့၊ နောက်ဘဝ၌ အပါယ်ငရဲ အထိ ဖြစ်နိုင်သည့် အပြစ်များကိုငဲ့ ဆင်ခြင်၍ လောဘနည်းအောင် အထူး ကြိုးစား၍ ဘုရားဂုဏ်တော်စသည်ကို ပွားများ နေပါလော့၊ ထိုသို့ ဥပုသ်စောင့်ပြီးနောက် ဥပုသ်ထွက်သော အခါလည်း လောဘကြောင့် အမှားအယွင်း မရှိရအောင် နေ့စဉ် သတိထားပါလော၊ ဤသို့ ကြိုးစားလျှင် မကြာခင် လောဘနည်းသူ (တဏှာရာဂ နည်းသူ) ဖြစ်လာပါလိမ့်မည်၊ ဒေါသ– မာန – ဣဿာ– မစ္ဆရိယ အားကြီးသူများ လည်း ဤနည်းအတိုင်း ကြိုးစားပါ။

နွားကျောင်းသား ဥပုသ်။ ။ထိုကဲ့သို့ ကျနစ်စာ မစောင့်နိုင်ဘဲ "ယနေ့ မည်သည့်နေရာ၌ နွားများ ရသောက်ကြ၏၊ နက်ဖန် မည်သည့်နေရာ၌ မြက်စား၍ မည်သည့်နေရာ၌ ရသောက်လိမ့်မည်" ဟု နွားကျောင်းသား၏ ကြံစည်ခြင်းကဲ့သို့ " ယနေ့ မည်သည့်စားဘွယ်ကို စား၍ နက်ဖန် မည်သည့် စားဘွယ်ကို စားသောက်မည် " ဟု အစားအသောက်နှင့် လောကီရေးရာ ကိုသာ ကြံစည်နေသောဥပုသ်သည် "ဂေါပါလဥပုသ်"(နွားကျောင်းသား ဥပုသ်) မည်၏၊ ဤ နွားကျောင်းသားဥပုသ်ကို လုံးလုံး အကျိုးမရှိဟု မဆိုရ သော်လည်း အကျိုးမများလှဟု ဟောတော်မူသည်။

သတိပေးချက်။ ။ထို့ကြောင့် နွားကျောင်းသားဥပုသ် မဖြစ်စေဘဲ အရိယဥပုသ်မျိုးဖြစ်အောင်ကြိုးစားလျက် စောင့်သုံးမှသာ လောကအကျိုး သံသရာအကျိုး ၂ ပါးစုံ တိုးပွားရှိ၏၊ ယခုအခါ၌ကား ဥပုသ်စောင့်ရင်း စားကြ သောက်ကြ ပျော်ရွှင်ကြသဖြင့် စဉ်းစားတတ်သူအတွေ့မှာ စိတ်ပျက် စရာ ကောင်းလှသည့်အပြင် ဘာသာခြားတို့ကမူ မျှားစ့ာသော မြန်မာတို့ ဥပုသ်စောင့်ပုံကိုကြည့်ကာ "ဆင်ခြင် စဉ်းစားဉာဏ် မရှိသော လူမျိုး" ဟု အထင်သေးကြပေ လိမ့်မည်၊ ထို့ကြောင့် အမျိုးဘာသာ အဆင့်အတန်း မြင့်ရေးကိုတွေးကာ စည်းကမ်းကျကျ ဥပုသ်စောင့်ဘို့ သတိပေးပါသည်။

ကို၊ ယာစာမိ-တောင်းပါ၏၊ ဤသို့ စသည်ဖြင့် ရှေ့အတိုင်း ဆိုပါ၊ ပါဏာတိပါတာ စသည်၏ အနက်ကိုလည်း ၅ ပါးသီလ အတိုင်း ဆိုပါ၊ ပိသုဏဝါစာ—ပိသုဏဝါစာမှ၊ ဖရုသဝါစာ-ဖရုသဝါစာမှ၊ သမ္ဖပ္ပလာပါ — သမ္ဖပ္ပလာပမှ၊ မိစ္ဆာဇီဝါ- ယုတ်မာသော အသက်မွေးမှုမှ၊ ဝေရမဏိသိက္ခာပဒံ— ရှောင်ကြဉ်ရကြောင်း ကောင်းမြတ်သော သိက္ခာပုဒ်တော်ကို၊ သမာဒိယာမိ—စိတ်၌မြဲစွာ ဆောက်တည်ပါ၏။

သတိပြုရန်။ ။ရဟန်းများထံ သီလမတောင်းဘဲ မိမိဘာသာ ရုပ်ပွားတော် စေတီတော် ရှေဝယ် ဆောက်တည်ကြရာ၌ "အဟံ ဘန္တေ" စသော သီလတောင်းများကို ဆိုဘွယ်မလို၊ "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ"က စ၍ "မိစ္ဆာဇီဝါ ဝေရမဏိ" တိုင်အောင် ဆိုပါလေ၊ ငါးပါးသီလ—ရှစ်ပါးသီလ တမျိုးမျိုးကို ယူပြီးမှ ဤ အာဇီဝဋ္ဌမက သီလကို ဆက်၍ ဆောက်တည်ရာ၌ကား မုသာဝါဒါ ဝေရမဏိ တိုင်အောင် ရှေ သီလများ၌ ပါဝင်ပြီးဖြစ်၍ နောက်ထပ် ဆိုဘွယ်မလို၊ "ပိသုဏဝါစာ ဝေရမဏိ"က စ၍ နောက်သိက္ခာပုဒ် ၄ ပါးကိုသာ ဆက်၍ဆိုရာ၏။

ဤ အာဇီဝဋ္ဌမကသီလလည်း တကြိမ်လောက် ဆောက်တည်ပြီးဖြစ်လျှင် အသက်မွေးစင်ကြယ်သမျှ, ပိသုဏဝါစာ စသည်ကို မပြော ဆိုသမျှ သီလမပျက်သောကြောင့် နေ့စဉ် ဆောက်တည်ဘွယ် မလို၊ အခြားသော ၅ ပါး၊ ၈ ပါး သီလများလည်း မကျိုး မပျက်သမျှ ထပ်၍ ဆောက်တည်ဘွယ် မလို၊ သို့သော် ထပ်၍ ဆောက်တည်ခြင်း ကြောင့်ကား အပြစ်မရှိပါ။

အာဇီဝဋ္ဌမက။ ။ အသက်မွေးဝမ်းကြောင်း အတွက် ပစ္စည်းဥစ္စာ ရှာဖွေရသော အလုပ်အကိုင် အရောင်း အဝယ် ဟူသမျှကို ပါဠိလို "အာဇီဝ" ဟု ခေါ်၏။ မတရားသော ပစ္စည်းရှာဖွေမှုကို "မိစ္ဆာဇီဝ" ဟု ခေါ်၏၊ ထို မိစ္ဆာဇီဝမှ ရှောင်ကြဉ်လျက် တရားသဖြင့် ပစ္စည်းရအောင် ရှာဖွေမှုကို "သမ္မာအာဇီဝ" ဟု ခေါ်၏၊ ရှစ်ပါးမြောက် သိက္ခာပုဒ်တော်ကို ပါဠိလို " အဋ္ဌမ " ဟု ခေါ်၏၊ ပါဏာတိပါတာ ဝေရမဏိမှ စ၍ ရေတွက်လျှင် မိစ္ဆာဇီဝါ ဝေရမဏိသည် ရှစ်ပါးမြောက် သိက္ခာပုဒ်တည်း၊ ထို့ကြောင့် မိစ္ဆာဇီဝမှ ရှောင်ကြဉ်မှုလျှင် ရှစ်ပါးမြောက်ရှိသော သီလကို "အာဇီဝဋ္ဌမက သီလ" ဟု ခေါ်သည်။

ဤ အာဇီဝဋ္ဌမကသီလ ဆောက်တည်ပုံကို ပါဠိတော်နှင့် အဋ္ဌကထာတို့၌ တိုက်ရိုက် မပြကြ၊ ငါးပါးသီလ စသည် ဆောက်တည်ပုံကို နည်းယူ၍ ရှေးပညာရှိတို့ ဆောက်တည်ပုံကို ပြထားကြသည်၊ "ပါဏာတိပါတာ ပတိဝိရမာမိ" စသည်ဖြင့်လည်း ဆောက်တည်နိုင်ပါ၏၊ ထိုသိက္ခာပုဒ် ရှစ်ပါးတွင် ၁ နံပါတ်မှစ၍ ၇ နံပါတ် အထိ သိက္ခာပုဒ်တို့မှာ သုစရိုက် ၁၀ ပါးတွင် ကာယကံ ၃ ပါးနှင့် ဝစီကံ ၄ ပါးတည်း၊ ထို ၇ ပါး လုံခြုံပြီးသော သူတော်ကောင်း၌ အသက်မွေးဝမ်းကြောင်းနှင့် ဆိုင်သော အရောင်း အဝယ် အလုပ်အကိုင် များလည်း စင်ကြယ်ပါမူ အာဇီဝဋ္ဌမကသီလ ဆောက်တည်သည် ဖြစ်စေ, မဆောက်တည်သည် ဖြစ်စေ, အမြဲ လုံခြုံနေပါသည်။ [ထို သိက္ခာပုဒ်များတွင် ၁-၂-၃-၄ နံပါတ် သိက္ခာပုဒ်များကို ငါးပါးသီလ၌ ဖွင့်ပြခဲ့ပြီ၊ ၅ — ၆ — ၇ နံပါတ် သိက္ခာပုဒ်များကို ဒုစရိုက် သုစရိုက်အဖွင့်ကျမှ ပြမည်။]

မိစ္ဆာဇီဝအဖွင့်

မုဆိုး တံငါအလုပ်တို့ဖြင့် သူ့အသက်ကို သတ်၍ ပစ္စည်း ရှာဖွေရသော ပါဏာတိပါတမှု, သူခိုး ဒါးမြှောင်လုပ်၍ ပစ္စည်းရှာဖွေရသော အဒိန္နာဒါန်မှု, သူတပါးက ပစ္စည်းဥစ္စာပေးသဖြင့် ဖျက်ဆီးရသော ကာမမှု, မတရားရွေနေ မတရားသက်သေလိုက်၍ဖြစ်စေ, လိမ်လည်လှည့်ပတ် ရောင်းဝယ်၍ ဖြစ်စေ, ပစ္စည်းရှာရသော မုသာဝါဒမှု, ပစ္စည်းရအောင် ရန်တိုက်ပေးရသော ပိသုဏဝါစာမှု, ကုက်စိပ်စာပြောဆရာ လူပျက် အလုပ်တို့ဖြင့် မဟုတ်မမှန် အကျိုး မရှိသော (ကြားရသူတို့ ပျော်ရွှင်ရန်ရုံ စိတ်လေလွင့်ရုံသာ ဖြစ်သော) ဒဏ္ဍာရီဇာတ်ဝတ္ထုများကို ပြောဆိုသော သမ္ဖပ္ပလာပမှုများသည် မိစ္ဆာဇီဝမှုများတည်း၊ ဤမိစ္ဆာဇီဝမျိုးကို ပါဏာတိပါတာဝေရမဏိစသော ရွှေ သိက္ခာပုဒ် ၇ ပါးဖြင့် ရှောင်ကြဉ်ပြီး ဖြစ်တော့သည်၊ သို့သော် "မြဲရာသံပတ်" ဆိုသလို ရွှေသိက္ခာပုဒ်များဖြင့် ရှောင်ကြဉ်ရာဝယ် သာ၍ ခိုင်မြဲအောင် ဤ မိစ္ဆာဇီဝါ ဝေရမဏိသိက္ခာပုဒ်ဖြင့်လည်း ရှောင်ကြဉ်ရသည်။

ရွှေ သိက္ခာပုဒ် ၇ ပါးဖြင့် မရှောင်ကြဉ်ရသေးသော မိစ္ဆာဇီဝများလည်း ရှိသေး၏၊ ထို မိစ္ဆာဇီဝများကား—သတ္တဝါကိစ္စာ-ဒါးလှံ သေနတ် ပိုက်ကွန်စသော လက်နက်ရောင်းမှု၊ သတ္တဝါကိစ္စာ-လူသတ္တဝါကို သွေးဆောင် ခေါ်ယူလျက် သူတပါးထံ ကျွန်အဖြစ်ဖြင့် ရောင်းမှု၊(ပြည့်တန်ဆာများကိုမွေး၍ခေါင်းလုပ်မှုများလည်းပါဝင်၏၊)မံသဝါကိစ္စာ-နွားကျွဲ, ဝက်, ဆိတ်, ကြက်, ငှက် စသည်တို့ကို

ငါးပါးသီလကို ဆောက်တည်သည်ဖြစ်စေ, မဆောက်တည်သည်ဖြစ်စေ, လွန်ကျူးလျှင် အပြစ်ရှိသကဲ့သို့, ဤ အာဇီဝဋ္ဌမကသီလကို လည်း ဆောက်တည်သည်ဖြစ်စေ — မဆောက်တည်သည် ဖြစ်စေ လွန်ကျူးလျှင် အပြစ်ရှိ၏၊ ငါးပါးသီလသည် သူတော်ကောင်းတို့ အမြဲ စောင့်ထိန်းရမည့် ကိုယ်ကျင့်သိလ ဖြစ်သကဲ့သို့, ဤ အာဇီဝဋ္ဌမကသီလလည်း အထက်တန်း သူတော်စင်တို့ အမြဲ ထိန်းရမည့် ကိုယ်ကျင့်သိလ ဖြစ်သည်၊ ဤ အာဇီဝဋ္ဌမကကို ကျမ်းဂန်၌ အာဒိ ပြဟ္မစရိယကသိလ ဟုလည်း ခေါ်သေး၏။ [ပြဟ္မစရိယ— မဂ္ဂ ပြဟ္မ စရိယ၏+ အာဒိ= အစဖြစ်သော သီလ။] ဤ အာဇီဝဋ္ဌမက သီလ လုံခြုံမှ မဂ်ဖိုလ်ကိုရနိုင်၏၊ အာဇီဝဋ္ဌမကသီလ မလုံခြုံလျှင် မဂ်ဖိုလ် မရနိုင်၊ ထို့ကြောင့် " ဤ အာဇီဝဋ္ဌမက သီလသည် မဂ်ဟူသော မြတ်သောအကျင့်၏ အစ အခြေခံသီလဖြစ်သည်" ဟု မှတ်ပါ။

အမှာ။ ။ဤ အာဇီဝဋ္ဌမကသီလကို စောင့်ကောင်း — မစောင့်ကောင်း ငြင်းခုံကြ၏၊ မစောင့်ကောင်းစကားအကြောင်းကို ရှာ၍ မရပါ၊ ပါဠိတော်မှာ တိုက်ရိုက်သီလအဖြစ်ဖြင့် မပြသော်လည်း အာဇီဝ စင်ကြယ်ဘို့ နည်းလမ်းနှင့် အာဇီဝ စင်ကြယ်ခြင်း၏ (သမ္မာအာဇီဝဖြစ်ခြင်း၏) အကျိုးကို များစွာ ပြရုံမျှမက, ဝိသုဒ္ဓိမဂ် အဋ္ဌကထာဋီကာတို့ဋ္ဌကား အာဇီဝဋ္ဌမကသီလကို "ပုဗ္ဗေဝ ခေါ ပနဿ ကာယကမ္မံ ဝစီကမ္မံ အာဇီဝေါ သုပရိ သုဒ္ဓေါ ဟောတိ" ဟူသော ပါဠိစကားအရ အကျယ်ထုတ်ပြလျက် ရှိ၏၊ ထို့ကြောင့် အာဇီဝဋ္ဌမကသီလကို အမြဲလုံခြုံအောင် စောင့်ထိန်း သင့်ကြပါသည်။

မွေးရ၍ အသားစားဘို့ရာ သတ်ဖြတ်သူအား ရောင်းမှု၊ မဇ္ဈဝါဏိဇ္ဇာ-ထန်းရည် အရက် ဘီန်း စသည်ကို ရောင်းမှု၊ (ဘုံဆိုင် တည်မှု)၊ ဝိသဝါဏိဇ္ဇာ-အဆိပ်ရောင်းမှုဟု ကျမ်းဂန်၌ ၅ မျိုးလာ၏၊ ထို ၅မျိုးကို ရတနာသုံးပါး ကိုးကွယ်သူ ဥပါသကာ ဥပါသိကာမတို့ မပြုရဟုလည်း ဆိုသည်၊ ထို့ပြင်-မြင်းလောင်း နွားလောင်း ကျဲတိုက် ဖဲရိုက်၍ ပစ္စည်း ရှာမှုမျိုးလည်း မိစ္ဆာဇီဝပင်တည်း၊ မိမိကိုယ်တိုင် မိစ္ဆာဇီဝမှုဖြင့် ပစ္စည်းမရှာပါသော်လည်း စီးပွားတူဖြစ်သော ညီအစ်ကို မောင်နှမတို့၏ မိစ္ဆာဇီဝကို ဝမ်းမြောက် သဘောတူလျှင် မိစ္ဆာဇီဝပင်ဖြစ်၏၊ သဘောမတူလျှင် မိမိမှာ မိစ္ဆာဇီဝ မဖြစ်။

ဓမ္မိယလဒ္ဓပစ္စည်းနှင့် သမ္မာအာဇီဝ။ ။ပြခဲ့သော မိစ္ဆာဇီဝမှ ရှောင်ကြဉ်၍ တရားသဖြင့် ရရှိသော ပစ္စည်းဥစ္စာကို "ဓမ္မိယလဒ္ဓ" ပစ္စည်းဟု ခေါ်သည်။ [ဓမ္မိယ = တရားနှင့်လျော်စွာ + လဒ္ဓ=ရအပ်သော ပစ္စည်း။] မိဘ စသူတို့အထံမှ အမွေအနှစ်ရသောပစ္စည်း, ကူလီလုပ်၍ စာရေး စာချီလုပ်၍ ကျောင်းဆရာလုပ်၍ လယ်လုပ်၍ အတိုးအပွားချ၍ရသောပစ္စည်းသည်များသောအားဖြင့် ဓမ္မိယလဒ္ဓပစ္စည်းတည်း ထိုပစ္စည်းဖြင့် အသက်မွေးသူ၏ သမ္မာအာဇီဝဖြစ်ကြောင်းမှာ ဆိုဘွယ်ရာမရှိပြီ၊ အချို့ကား နားမလည်ခင် မတရား ပစ္စည်းရှာ၍ နားလည်သောအခါ ထို ပစ္စည်းဖြင့် စားသောက် နေထိုင်ရသော ကြောင့်" မိမိ၏ အသက်မွေးမှုသည် သမ္မာအာဇီဝ ဖြစ်လေသလား, မဖြစ်လေသလား" ဟု စဉ်းစားတတ်ကြပေသည်။

သမ္မာအာဇီဝ ၂ မျိုး။ ။သမ္မာအာဇီဝသည် သုတ္တန် ပါဠိတော်၌လာသော သမ္မာအာဇီဝ, အဘိဓမ္မာ ပါဠိတော်၌လာသော

သမ္မာအာဇီဝဟု ၂ မျိုးရှိ၏၊ ထိုတွင် တရားသဖြင့်ရအပ်သောပစ္စည်းမျှားကို စားသောက်သုံးစွဲခြင်း - တရားလမ်းအတိုင်း ပစ္စည်းရှာဖွေခြင်းသည် သုတ္တန် သမ္မာအာဇီဝမည်၏၊ မတရားသဖြင့် ပစ္စည်းရတို့အခွင့်ကြုံလာလျှင် ထိုပစ္စည်းရမည့် လုပ်ငန်းကို မလုပ်ဘဲ ရှောင်ကြဉ်နေခြင်းသည် အဘိဓမ္မာ သမ္မာအာဇီဝ မည်၏၊ ထို့ကြောင့် နားမလည်ခင်က မတရားသဖြင့်ရအပ်သောပစ္စည်းမျှားကို သုံးစွဲနေသော်လည်း နားလည်သောအခါ ထိုကဲ့သို့မတရားမှုမျှားကို ရှောင်ကြဉ်နေလျှင် အဘိဓမ္မာ သမ္မာအာဇီဝဖြစ်သေး၏၊ ဆိုလိုရင်းကား-"မတရားသဖြင့် ရခဲ့သောပစ္စည်းဥစ္စာကို သုံးစွဲနေရာ၌ သုတ္တန်အလို မိစ္ဆာဇီဝဖြစ်သော်လည်း နောက်ထပ်တွေ့ကြုံသော မတရား ပစ္စည်းရှာမှုကို ရှောင်ကြဉ်နိုင်လျှင် အဘိဓမ္မာ သမ္မာအာဇီဝ ဖြစ်နိုင်ပါသေး၏"ဟု ဆိုလိုသည်။

ထို့ကြောင့် သုတ္တန် သမ္မာအာဇီဝဖြစ်အောင် မတတ်နိုင်ပါလျှင် အဘိဓမ္မာ သမ္မာအာဇီဝဖြစ်နိုင်အောင် နောက်ထပ် မတရားပစ္စည်းရှာမှုမှ ရှောင်ကြဉ်၍ ဤ အာဇီဝဋ္ဌမက သီလကို ထိန်းသိမ်းနိုင်ပါသေး၏၊ ဘုရားလက်ထက်တော်တုန်းက "ကုက္ကုဋ္ဌမိတ္တ" မုဆိုးသည် တသက်လုံး မုဆိုးလုပ်၍ အသက်မွေးခဲ့သောကြောင့် သူ၏ အသက်မွေးမှုမှာ မိစ္ဆာဇီဝပင်တည်း၊ သို့သော် ဘုရားနှင့် တွေ့သောအခါ တရားတော်ကိုနာရ၍ သား ၇ယောက် ချွေးမ ၇ ယောက်တို့နှင့်အတူ သောတာပန် ဖြစ်လေသည်၊ ထိုသူတို့သည် ရှေးက မိစ္ဆာဇီဝဖြင့် ရခဲ့သော ပစ္စည်းတွေကို ရှောင်ကြဉ် စွန့်ပစ်သည်ဟု ကျမ်းဂန်တို့၌ မလာချေ၊ စွန့်ပစ်မည်လည်း မဟုတ်၊ ထို့ကြောင့် တတ်သိနားလည်သောအခါမှစ၍ မိစ္ဆာဇီဝကို ရှောင်လျှင် ဤ အာဇီဝဋ္ဌမကသီလ

လုံခြုံနိုင်သည်ဟု ဆိုထိုက်ပေသည်၊ သူတော်ကောင်း ဖြစ်လိုသူများသတိပြုပါလေ၊ မိစ္ဆာဇီဝဖြင့် ရရှိအပ်သော ပစ္စည်းများကို လှူဒါန်းရာ၌လည်း အကျိုးမရဟု မမှတ်ရ၊ ထိုက်တန်သမျှ အကျိုးရသည်သာ၊ သို့သော် ဓမ္မိယလဒ္ဓ ပစ္စည်းများလောက်ကား အကျိုးပေး မထက်သန်လှချေ။

ရဟန်းများ၏ အာဇီဝ။ ။ရဟန်းများ၌ကား **မတရားသဖြင့်** ရအပ်သော ပစ္စည်းများကို လုံးဝ စွန့်ပစ်နိုင်မှသာ **သမ္မာအာဇီဝ** ဖြစ်သည်၊ **ဆေးကုမှု** ဗေဒင်ဟောမှု ကြည်ညိုအောင် ဟိတ်ဟန်ဆောင်မှုစသော **မတရားမှုဖြင့်** ရအပ်သောပစ္စည်းကို **သုံးစွဲ**နေလျှင် သုံးတိုင်း သုံးတိုင်း **အာပတ်သင့်**ရုံ **မက**, ထို ပစ္စည်း**များ**ကို **အခြား**ရဟန်းတော်များ သုံးလျှင်လည်း **အာပတ်သင့်**သည်သာ၊ ထို့ကြောင့် ရဟန်းတော်များ၏ မိစ္ဆာဇီဝသည် လူတို့၏ မိစ္ဆာဇီဝထက် သာ၍ အပြစ်ကြီးသည်ဟု မှတ်ပါ။

ထို့ကြောင့် တကယ်စင်စစ် သူတော်ကောင်းဖြစ်လိုသူ မှန်လျှင် လူဖြစ်စေ, ရဟန်းဖြစ်စေ, မိစ္ဆာဇီဝကို အထူး ရှောင်ကြဉ်လျက် သမ္မာအာဇီဝဖြစ်အောင် အသက်မွေးကာ ဤအာဇီဝဋ္ဌမကသီလကို စောင့်ထိန်းမှသာ အစစ်အမှန် သူတော်ကောင်း ဟု ဆိုထိုက်ရကား သူတပါးမြင်လို့ ကောင်းရုံကောင်းသော သူတော်ကောင်း မဟုတ်ဘဲ အစစ်အမှန် သူတော်ကောင်းဖြစ်အောင် ကိုယ်တိုင် ကြိုးစားကြပါကုန်။

(အဋ္ဌမုအကြိမ်)

နဝင်္ဂုပုသ်သီလ အဖွင့်

(ကျက်မှတ်ရန် ဆောက်တည်ပုံ)

အဟံ ဘန္တေ, တိသရဏေန သဟ, နဝင်္ဂ သမန္နာဂတံ, ဥပေါသထသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတ္တာ, သီလံ ဒေထ မေ ဘန္တေ၊ ဒုတိယမ္ပိ – တတိယမ္ပိ စသည်ကို ဆက်၍ ဥစ္စာသယန မဟာသယန တိုင်အောင် ရွှစ်ပါးသီလအတိုင်း ဆိုပါ၊ ထို့နောက်.... "ယထာဗလံ မေတ္တာသဟဂတေန စေတသာ သဗ္ဗာဝန္တံ လောကံ ဖရိတ္ဝာ ဝိဟရာမိ" ဟု ဆောက်တည်ရာ၏။

× × × × ×

ကြည့်ရှုရန် အနက်နှင့် အဓိပ္ပါယ်

"နဝင်္ဂ သမန္နာဂတံ – အင်္ဂါ၉ပါးနှင့် ပြည့်စုံသော" ဟု ဆိုပါ၊ ထို့နောက် ရွှစ်ပါးသီလအတိုင်းဆို၍ မေတ္တာအတွက် "ယထာဗလံ-စွမ်းနိုင်သလောက်၊ မေတ္တာသဟဂတေန-မေတ္တာနှင့်တကွဖြစ်သော၊ စေတသာ - စိတ်ဖြင့်၊ သဗ္ဗာဝန္တံ- အလုံးစုံသတ္တဝါ**အပေါင်း**ရှိသော၊ လောကံ- သတ္တလောကကို၊ ဖရိတ္ဝာ- ပြန့်နှံ့စေ၍၊ ဝိဟရာမိ - နေပါအုံ" – "စွမ်းနိုင်သမျှ မေတ္တာစိတ်ဖြင့် သတ္တဝါတို့အပေါ် ၌ ဖြန့်၍နေပါမည်" ဟု ဆိုလိုသည်။

အမှာ။ ။တချို့ကား "မေတ္တာသဟဂတေန စေတသာ သဗ္ဗပါဏဘူတေသု ဖရိတ္ဝာ ဝိဟရဏံ သမာဒိယာမိ" ဟု ဆောက်တည်ပုံကို ပြကြ၏၊ ဤကျမ်း၌ကား ပါဠိတော်နှင့် ညီနိုင်သမျှ ညီအောင် "သဗ္ဗာဝန္တံ လောကံ ဖရိတ္ဝာ ဝိဟရာမိ" ဟု ပြလိုက်ပါသည်။

(အဋ္ဌမအကြိမ်)

နဝင်္။ ။ [နဝ+အင်္။ နဝ = ၉ပါး + အင်္ = အစိတ်အပိုင်း၊ အစိတ်အပိုင်းအားဖြင့် ၉ ပါးရှိသော သိက္ခာပုဒ်များ။] ဤ အင်္ါ ၉ ပါးရှိသော ဥပုသ်ကို " နဝင်္ဥပုသ် " ဟု ခေါ်သည်၊ ယခုကာလ အများစောင့်သုံးရိုး ရှစ်ပါးသီလတွင် မေတ္တာဘကိုထည့်လျင် ၉ ပါးသီလ " နဝင်္ဥပုသ် " ဖြစ်၏၊ ဤ နဝင်္ဥပုသ်မှာ နဝကအင်္ဂံတို့၌ ပါဋ္ဌိတော်၌ တိုက်ရိုက်လာ၏၊ ဤ နဝင်္ဥပုသ်၌ မေတ္တာကို ထည့်ထားခြင်းမှာလည်း ထို ခေတ်က ဥပုသ်သည်တို့၏ အလိုကျအောင် ထည့်ရခြင်းဖြစ်သည်။

စင်စစ်မှာ – ပါဏာတိပါတ စသော သိက္ခာပုဒ်များကဲ့သို့ မေတ္တာသည် သိက္ခာပုဒ်တပါး မဟုတ်ပါ၊ " ပါဏာတိပါတမှ ရှောင်ကြဉ်ပါ၏ " ဟု ဆောက်တည်ရာ၌ တနေ့လုံး ရှောင်ကြဉ်နိုင်သလို " မေတ္တာဖြင့် နေပါမည် " ဟု ဆောက်တည်သူသည် တနေ့လုံး မေတ္တာစိတ်ဖြင့် မနေနိုင်၊ ထို့ကြောင့် မေတ္တာသည် သိက္ခာပုဒ် မဟုတ်၊ သို့သော် မေတ္တာကို အမှန်းတင်လျက် စောင့်အပ်သော ဥပုသ်သည် ရိုးရိုး ဥပုသ်ထက် အကျိုးများသောကြောင့် ဒမတ္တာနှင့်တကွသော နဝင်္ဥပုသ်ကို ဘုရားလက်ထက်တော်မှာပင် အချို့ စောင့်သုံးကြသည်

စောင့်ထိန်းရပုံ။ ။ ဤ နဝင်္ဥပုသ်ကို စောင့်သုံးလိုသူသည် သီလ ဆောက်တည်ပြီးနောက် စားဘွယ် သောက်ဘွယ်ကို စားသောက်ပြီးလျင် ဆိတ်ငြိမ်ရာအရပ်၌ မေတ္တာကမ္မဋ္ဌာန်းကို စီးဖြန်း ပွားများနေမှသာ နဝင်္ဥပုသ်ကို ကျနစ္စာ စောင့်သုံးရာ ရောက်မည်၊ ယခု ဗွေ့ရသလောက်ကား နဝင်္ဥပုသ်ကို ခံယူပြီးနောက် အိမ်ရောက်လျင် သားသို့မီး စသူတို့ကို ဆူပူ ကြိမ်းမောင်းလျက် ဒေါသထွက်ရ၏၊ မိမိနှင့် မတဲ့သူများကို တွေ့ရ မြင်ရ၍ ဒေါသဖြစ်ရ၏၊ " မေတ္တာ " ဆိုသည်ကား ဒေါသနှင့် ဆန့်ကျင်ဘက်တည်း၊ ထို့ကြောင့် အမှတ်တမဲ့ ဒေါသဖြစ်လျင် ဆောက်တည်မှု မပျက်ရအောင် " ယထာဗလံ = စွမ်းနိုင်သမျ မေတ္တာဖြင့် နေပါမည် " ဟု ယထာဗလံပုဒ်ကို ထည့်၍ နဝင်္ဥပုသ် ဆောက်တည်ပုံကို ပြလိုက်ရပါသည်။

ဆယ်ပါးသီလ အဖွင့်

(ကျက်မှတ်ရန် ခံယူဆောက်တည်ပုံ)

အဟံ ဘန္တေ တိသရဏေန သဟ , ဒသ ဂဟဋ္ဌသီလံ ဓမ္မံယာစာမိ , အနုဂ္ဂဟံ ကတ္ဝာ , သီလံ ဒေထ မေ ဘန္တေ၊ ဒုတိယမ္ပိ စသည် ဆက်၍ဆိုပါ၊ ဝိကာလဘောဇနတိုင်အောင် ရှေသိက္ခာပုဒ် ၆ ပါးကို ဂ ပါးသီလအတိုင်း ဆိုပါ။

၇။ နစ္စ ဂီတ ဝါဒိတ္တ ဝိသူကဒဿနာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။

၈။ မာလာ ဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၉။ ဥစ္စာသယန မဟာသယနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၁၀။ ဇာတရူပရဇတ ပဋိဂ္ဂဟဏာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

ကြည့်ရှုရန် အနက်နှင့် အဓိပ္ပါယ်

ဘန္တေ–အရှင်ဘုရား၊ အဟံ-သည်၊ တိသရဏေန–နှင့်၊ သဟ–တကွ၊ ဒသဂဟဋ္ဌသီလံ – လူတို့၏ ဆယ်ပါးသီလ ဖြစ်သော၊ ဓမ္မံ–သိက္ခာပုဒ်တရားတော်ကို၊ ယာစာမိ-တောင်းပါ၏၊ နစ္စ ဂီတစသည် တို့၏အနက်ကို ရှစ်ပါးသီလ၌ ပြခဲ့ပြီ၊ ဇာတရူပရဇတ ပဋိဂ္ဂဟဏာ–ရွှေငွေကို ကိုင်ခြင်း, ခံယူခြင်း, စီမံခြင်းမှ၊ ဝေရမဏိသိက္ခာပဒံ- ကို၊ သမာဒိယာမိ–ပါ၏။ [ဥစ္စာသယန မဟာသယနအထိ ဂ ပါးသီလ၌ ဖွင့်ပြခဲ့ပြီ။]

နစ္စ ဂိတနှင့် မာလာဂန္ဓ ခွဲခြင်း အကြောင်း

နစ္စ ဂိတ သိက္ခာပုဒ်အရ ကခြင်း , သီဆိုခြင်း , တီးမှုတ်ခြင်း, ကြည့်ရှုနားထောင်ခြင်းတို့သည်တခုနှင့်တခု သဘောချင်းဆက်သွယ်နေ၏၊ ထို့ကြောင့် ထိုအမှုများမှရှောင်ကြဉ်ခြင်းကို သိက္ခာပုဒ်တပါး အဖြစ်ဖြင့် ထားသည်၊ မာလာ ဂန္ဓ သိက္ခာပုဒ်အရ ပန်းပန်မှုစသည်တို့လည်း တခုနှင့်တခု သဘောချင်းဆက်သွယ်လျက်ရှိ၏၊ ထို့ကြောင့် ပန်းပန်မှု စသည်မှ ရှောင်ကြဉ်ခြင်းကို သိက္ခာပုဒ်တပါး အဖြစ်ဖြင့် ထားရသည်၊ နစ္စ ဂိတ သိက္ခာပုဒ်၌ ပါဝင်သောအမှုများနှင့် မာလာဂန္ဓသိက္ခာပုဒ်၌ ပါဝင်သော အမှုများကား တခုနှင့်တခု သဘောချင်း မဆက်သွယ်လှ၊ ထို့ကြောင့် နစ္စ ဂိတနှင့် မာလာဂန္ဓဆိုင်ရာကို ခွဲခြားး၍ သိက္ခာပုဒ် ၂ ပါး ဖြစ်ရပေသည်။

ရှစ်ပါးသီလ၌ကား နစ္စ ဂိတ ဆိုင်ရာ မာလာ ဂန္ဓ ဆိုင်ရာ ၂ ရပ်လုံးကိုပင် (ရှစ်ပါးဖြစ်အောင်) ပေါင်းစပ်ထားရသည်၊ ဆိုလိုရင်းကား-နစ္စ ဂိတနှင့် မာလာ ဂန္ဓတို့ သိက္ခာပုဒ် ၂ ပါးအဖြစ်ဖြင့် ကေန်ခွဲခြားသင့်၏၊ သို့သော် ရှစ်ပါးသီလ၌ကား ရှေးရိုးစဉ်လာ ထုံးစံအားဖြင့် ၉ ပါးမဟုတ်, ၈ ပါးသာဖြစ်၍ ထို ရှစ်ပါးတွင် အားလုံးပါဝင်ဘို့ရာ နစ္စ ဂိတနှင့် မာလာ ဂန္ဓကို ပေါင်း၍ ဆောက်တည်ရသည်ဟု ဆိုလိုသည်၊ ဤကား ဤကျမ်း၏ အကြံတည်း၊ သည့်ထက်ကောင်းမွန်၍ သေချာသော အကြံကိုလည်း ပညာရှိတို့ကြံစည်ကြပါလေ။

(အဋ္ဌမအကြိမ်)

ဇာတရူပသိက္ခာပုဒ် အဖွင့်

ဇာတရူပရဇတ ပဋိဂ္ဂဟဏာ။ ။[ဇာတရူပ = ရွှေ+ ရဇတ= ငွေ+ ပဋိဂ္ဂဟဏ= ခံယူခြင်း။] ဇာတရူပအရ ရွှေတုံး ရွှေခဲသာမက, ရွှေဖြင့် ပြုလုပ်ထားသော အဝတ်တန်ဆာ အားလုံးကိုပင် မခံယူရ၊ ရဇတ အရလည်း ငွေအသပြာသာ မက , ရောင်းဝယ် သုံးစွဲရိုးဖြစ်သော ငွေစက္ကူ။ ပိုက်ဆံ အားလုံးကိုပင် မခံယူရ၊ ပဋိဂ္ဂဟဏအရ လက်ဖြင့်ကိုင်ခြင်း, ခံယူခြင်းသာမက , ရှောင်ကြဉ်ဘွယ် ၅ မျိုးကို ကျမ်းဂန်တို့၌ ပြသည်၊ ဤနေရာ၌ လူနှစ်ဦး ထင်ရှား ပြတ်သားသော လယ်တီ ဆရာတော်ဘုရားကြီး၏ သီလဝိနိစ္ဆယ အခက်း တခက်းကို ထုတ်ပြပါအံ့။

ရွှေ ငွေ ရတနာနှင့်စပ်၍ ဝိနည်းတော်၌ ပယ်တော်မူသော အမှု ၅ ပါးရှိ၏၊ ဥဂ္ဂဟတပါး, ဥဂ္ဂဟာပဏတပါး, ဥပနိက္ခိတ္တ သာဒယနတပါး, ဒုဋ္ဌိစာရဏတပါး, အာမသနတပါး၊ ထိုတွင်....

၁။ အရှင် မရှိသော ရွှေ ငွေ ရတနာကို တွေ့မြင်၍ ကိုယ်တိုင် ကိုင်ယူခြင်းသည်၎င်း , လက်ရောက် လူသည်ကို ကိုယ်တိုင် ခံယူခြင်းသည်၎င်း , ဥဂ္ဂဟ မည်၏။ [ဥဂ္ဂဟ = ကိုယ်တိုင် ခံယူခြင်း။]

၂။ အရှင် မရှိသော ရွှေ ငွေ ရတနာကို တွေ့မြင်၍ (သို့မဟုတ် လာလှူ၍) မိမိဘို့ရာ သူတပါးကို အယူခိုင်းခြင်းသည်၎င်း, မိမိဘို့ရာ သူတပါးကိုအလှူခိုင်းခြင်းသည်၎င်း, ဥဂ္ဂဟာပဏ မည်၏။ [ဥဂ္ဂဟာပဏ = ယူစေခြင်း။]

(အဋ္ဌမအကြိမ်)

၃။ ဒါယကာက ရွှေ ငွေ ရတနာကို ယူဆောင်ခဲ့၍ ရဟန်း၏ ရွေ့၌ချထားပြီးလျှင် ဤ ရွှေ ငွေကို အလိုရှိရာ သုံးဆောင်တော်မူပါဟုဆိုခြင်း, သင်္ကန်းဘိုးပါ, ဘိုနပ်ဘိုးပါ, ရထားခပါ, သင်္ဘောခပါဟုဆိုခြင်း, လျှောက်၍လှူသည်ကို ကိုယ် နှုတ်ဖြင့် မပယ်ဘဲ စိတ်ဖြင့်သာခံယူခြင်းသည်ဆိုခြင်း, ဒါယကာက မိမိ၏ အိမ်တွင်သော်ငြား, တပါးသော ဌာန၌သော်ငြား, ရှိ၍နေသော ရွှေ ငွေကို ကိုယ်တော် အလိုရှိသော အခါ ယူပါ, သုံးပါ ဟူ၍ လှူသည်ကို ကိုယ် နှုတ်ဖြင့် မပယ်ဘဲ စိတ်ဖြင့် သာယာ ခံယူခြင်းသည်ဆိုခြင်း, ဥပနိက္ခိတ္တ သာဒယန မည်၏။ [ဥပနိက္ခိတ္တ = ဘဏ်စသည်၌ ထားအပ်, အနီး၌ ထားအပ်သည်ကို + သာဒယန = သာယာခြင်း။]

၄။ ကပ္ပိယနည်းလမ်းဖြင့် ရှိနေသော (ကပ္ပိယထံ ဝိနည်းတော် နှင့်အညီ အပ်နှံထားသော) ရွှေ ငွေကို "ဤ ရွှေ ငွေဖြင့် ဘယ်ဟာ ဝယ်ချေလော, ဘယ်လောက် ပေးလိုက်လော, သေတ္တာထဲမှာ ထားလိုက်လော, ထုတ်လိုက်လော, ယူလိုက်လော" အစရှိသည်ဖြင့် စီမံခြင်းသည် ဒုဿီစာရဏ မည်၏။ [ဒုး = မကောင်းသော (ဝိနည်းတော်နှင့် မလျော်သော) + ဝိစာရဏ = စီမံခြင်း။]

၅။ သူတပါးဥစ္စာဖြစ်သော ရွှေ ငွေကိုပင် သာယာသောစိတ်ဖြင့် ထိပါး သုံးသပ်ခြင်းသည် အာမသန မည်၏၊ (ကိုယ့် ဥစ္စာကို သုံးသပ် ကိုင်ရာ၌ကား ပြောဘွယ်မလို၊) [အာမသန = သုံးသပ် ထိပါးခြင်း၊ မသာယာဘဲ မတော်တဆ ထိမိလျှင် အပြစ်မရှိပါ။]

ရဟန်း သာမဏေတို့မှာ ဤ ၅ ပါးစလုံးကို လွတ်ကင်းစေရ၏၊ လူဖြစ်စဉ်ကရှိနေသော ရွှေ ငွေ ရတနာ, ကပ္ပိယနည်းလမ်းဖြင့် ရဟန်းဖြစ်မှရသော ရွှေ ငွေ ရတနာတို့ကို ထို အချက်တို့မှ လွတ်ကင်းစေ၍ ကပ္ပိယနည်းလမ်းဖြင့် နေရာတကျ ပြုပြင်ပြီးလျှင် အသက်ထက်ဆုံး စိတ်ဖြင့်သာယာ၍ ထို ရွှေ ငွေမှဖြစ်သော ကပ္ပိယဘဏ္ဍာ (အပ်သော ပစ္စည်း) များကို သုံးဆောင်၍ နေခြားသော်လည်း ဝိနည်းတော်နှင့် အပြစ်ဆိုခွင့်မရှိပြီ၊ ဆယ်ပါးသီလ စောင့်ထိန်းကြသူတို့မှာလည်း ထို ၅ ပါးသော အမှုတို့ကို လွတ်ကင်းစေလျှင် ပြီးတော့သည်၊ နဂိုရင်းရှိ၍နေသော ရွှေ ငွေ ရတနာတို့ကို စိတ်သက်သက်ဖြင့် အာရုံပြုကာ (ငါ့ရွှေ ငါ့ငွေ) ဟု သာယာသော်လည်း အပြစ်မရှိ, သိက္ခာပုဒ် မပျက်၊ ဤကား လယ်တီဆရာတော် ဘုရားကြီး၏ သီလဝိနိစ္ဆယမှ ထုတ်နှုတ် ဖော်ပြချက်တည်း။

ဤအချက်ကိုထောက်၍ ဆယ်ပါးသီလစောင့်သူ လူတို့သည် မိမိ၌ရှိသော ရွှေ ငွေကို ယုံကြည်လောက်သူ အထံ အပ်၍ ထားရမည်၊ ဆယ်ပါးသီလ စောင့်ထိန်းသည့် အတောအတွင်းမှာ ထို ရွှေ ငွေကို မကိုင်ရ၊ ဘယ်ထားလိုက်ပါ, သိမ်းထားလိုက်ပါ ဟုလည်း မပြောရ၊ ထို ရွှေ ငွေဖြင့် "ဘာဝယ်လိုက်ပါ" စသည်ကိုလည်း မပြောရ၊ မိမိ အသုံးလိုနေသော ပစ္စည်းကိုသာ "ဘာလိုချင်သည်, ဘာစားချင်သည်" စသည်ဖြင့် ပြောဆိုရမည်၊ သူတပါးက ငွေ လာပေးခဲ့သော်ထို ငွေကို ကိုယ်တိုင်လည်းမယူရ, သူများကိုလည်းမခိုင်းရ, နားလည်သူတယောက် (သို့မဟုတ် ကပ္ပိယလုပ်သူက) ယူထားလျှင် မိမိမှာ အပြစ်မရှိပါ၊ စာတိုက်မှ မန်းနီးအော်ဒါလာလျှင် ငွေ ရရှိကြောင်း လက်မှတ်ထိုးရုံဖြင့် အပြစ် မရှိပါ၊ လက်မှတ်ထိုးပြီးနောက် စာပို့က

ပေးသောဧည့်ကိုသာ ကိုယ်တိုင်လည်း မကိုင်မယူနှင့်, သူများကိုလည်း အယူမခိုင်းနှင့် , နားလည်သူ ကပ္ပိယကယူထားလျှင် မိမိမှာ အပြစ် မရှိပါ၊ ၁၀ ပါးသီလ စောင့်ထိန်းနေသောအခါ ရွှေငွေသာ မက, စိန် ကျောက် ပုလဲ ပဒမြားစသော ရတနာများကိုလည်း မကိုင် မခံ ရချေ။

ဤ ၁၀ ပါးသီလနှင့် စပ်၍ စောင့်ကောင်း—မစောင့်ကောင်း ဝါဒကဲ့ပြား၏၊ အချို့က သစ်ခေါက်ဆိုး ဝတ်၍ အမြဲ စောင့်နိုင်မှ စောင့်ကောင်းသည်-ဟု ဆိုကြ၏၊ အချို့ကလည်း မိမိ၌ ရှိနေသော ရွှေ ငွေ ဥစ္စာများကို စွန့်ပစ်နိုင်မှ စောင့်ကောင်းသည် ဟု ဆိုကြ၏၊ သို့သော် ဒက္ခိဏေယျ သံဃာ့ဂုဏ်တော်၌ပြုခဲ့သော မင်းသားတို့ကား မိမိ၌ ရှိနေသော ရွှေ ငွေ ပစ္စည်းများကို တခါတည်း ပြတ်အောင် သူတပါးအား အပိုင်မပေးကြဘဲ ကပ္ပိယထံ အပ်နှံထားရုံမျှဖြင့်(တစုံ တခုကိုမျှလည်း မစီမံတော့ဘဲ) ဆယ်ပါးသီလ စောင့်ကြပေသည်။

ထို့ကြောင့် ရွှေ ငွေ ဥစ္စာကို လုံးဝမစွန့်ပစ်ဘဲ ကပ္ပိယထံ အပ်နှံ ထားရုံမျှဖြင့် တနေ့ တရက်ဖြစ်စေ ဆယ်ပါးသီလ စောင့်ကောင်း ကြောင်းကို ဆရာများ ဆုံးဖြတ်ကြသည်၊ အဘိဓမ္မာ သဘောဖြင့် စဉ်းစားလျှင်လည်း ကုသိုလ်စိတ် ပို၍ ဖြစ်ဘွယ်ရာ ရှိသဖြင့် မစောင့် ကောင်းစရာ အကြောင်း မမြင်ပါ၊ သို့သော် လက်မှာ ရွှေလက်စွပ် စသည်ကို ဝတ်ခြင်း နားမှာလည်း ပန်ဆင်ခြင်းသည် မာလာဓာရဏ တွင် ပါဝင်သောကြောင့် ဆယ်ပါးသီလကို မဆိုထားဘိ, ရှစ်ပါး သီလနှင့်ပင် မသင့်လျော်ချေ။

ဒုစရိုက်—သုစရိုက် အဖွင့်

[ဒု = မကောင်းသော + သု= ကောင်းသော + စရိတ = စရိုက် (အကျင့်)။] ထို ဒုစရိုက် သုစရိုက်ကား ၁၀ ပါးစီ ရှိ၏၊ ထို့တွင်....

ဒုစရိုက် ကာယကံ ၃ ပါး

၁။ ပါဏာတိပါတ =သူ့အသက်သတ်မှု။

၂။ အဒိန္နာဒါန =သူ့ဥစ္စာ ခိုးမှု။

၃။ ကာမေသုမိစ္ဆာစာရ =ကာမဂုဏ် တို၌ ယုတ်ယုတ် မာမာ ကျင့်မှု။

ဒုစရိုက် ဝစီကံ ၄ ပါး

၄။ မုသာဝါဒ =မုသားပြောမှု။

၅။ ပိသုဏဝါစာ =ချောပစ် ကုန်းတိုက်မှု၊ [ချစ်သူ ၂ ဦး ကွဲသွားအောင်, သို့မဟုတ် မိမိအား ချစ်ခင် လာအောင် ချစ်သူ ၂ ဦးကို ရန်တိုက်ပေးမှု။]

၆။ ဖရုသဝါစာ =အယုတ်တမာ ဆဲဆိုမှု။

၇။ သမ္ဖပ္ပလာပ =ပိန်ဖျင်းသောစကားကို ပြောဆိုမှု။

စပါးပိန် စပါးဖျင်းသည် အတွင်း၌ အနှစ်အဆန် မရှိသကဲ့သို့, အနှစ် လည်း မဖက်, အနက်အဓိပ္ပါယ်လည်း မဟုတ်မမှန် , ဒဏ္ဍာရီ ဝတ္ထုသွား “ရွှေယုန်နှင့် ရွှေကျားတို့ သက်ကယ်ရိတ် သွားရောတဲ့” စသော စကား တည်း၊ မဟုတ်သော်လည်း ဥပမာသဘောဖြင့် အကျိုး ရှိအောင် ပြောဆို ရေးသားမှုမျိုးမှာ “သမ္ဖပ္ပလာပ” မဖြစ်ပါ။

ဒုစရိုက် မနောကံ ၃ ပါး

၈။ **အဘိဇ္ဈာ** = သူတပါး၏ စည်းစိမ်ကို "ငါ့ဟာ ဖြစ်လျှင် ကောင်းလေစ" ဟု မတရားကြံစည်မှု၊ [တောင်းရှိ ငှါးရှိ ဝယ်ရှိယူမည်ဟု ကြံစည်မှုမှာ **အဘိဇ္ဈာ** အပြစ်မရှိ။]

၉။ ဗျာပါဒ = သေကြေ ပျက်စီးသွားလျှင် ကောင်းလေစဟု သူတပါးကို ပြစ်မှားမှု။

၁၀။ မိစ္ဆာဒိဋ္ဌိ = **အယူမှားမှု**၊ [ကံ ကံ၏အကျိုး မယုံမှု။]

ဤ ဒုစရိုက် ၁၀ ပါးကို "**အကုသလကမ္မပထ**" ၁၀ပါးဟုလည်း ခေါ်၏၊ "**အပါယ်ရောက်ကြောင်း** မကောင်းသော လမ်းဖြစ်သော **အကုသိုလ်ကံများ**" ဟူလို၊ ထိုဆယ်ပါးကို....၁-ကိုယ်တိုင်ပြုလုပ်ခြင်း "**သဟတ္ထိက**"၊ ၂- သူတပါးကို အပြုခိုင်းခြင်း "**အာဏတ္တိက**"၊ ၃- ဒုစရိုက်ပြုလျှင် ရနိုင်မည့် **လောကီကျိုး**ကို ပြောပြခြင်း "**ဝဏ္ဏ ဘာသန**"၊ ၄-သူတပါးတို့ အလို့ အလျောက်ပြုနေသည်ကို သဘော တူခြင်း "**သမနုည**"၊ ဤ ၄ မျိုးဖြင့်မြောက်လျှင် ဒုစရိုက် ၄၀ဖြစ်၏။

[ဆောင်] ၁။ သက်သတ် ခိုးမှု, **ကာမေသု**, သုံးခု **ကာယကံ**။

၂။ လှည့်စား, ရန်တိုက်, မိုက်မိုက်**ကာဏ်းကာဏ်း**, နှုတ်ကြမ်းလေခြင်း, ပိန်ဖျင်းစကား, ပြောဆိုခြင်း, လေးပါး **ဝစီကံ**။

၃။ သူ့ဥစ္စာမှန့်, မတရားကြံ၍, ဖေါက်ပြန် သေကြေ, ပျက်စေလိုခြင်း, **အယူမှား**, သုံးပါး **မနောကံ**။

သုစရိုက် ကာယကံ ၃ ပါး

၁။ ပါဏာတိပါတာဝေရတိ=ပါဏာတိပါတမှ ရှောင်ကြဉ်မှု။

၂။ အဒိန္နာဒါနာဝေရတိ=အဒိန္နာဒါနမှ ရှောင်ကြဉ်မှု။

၃။ ကာမေသုမိစ္ဆာစာရာဝေရတိ= ကာမေသုမှ ရှောင်ကြဉ်မှု။

သုစရိုက် ဝစီကံ ၄ ပါး

၄။ မုသာဝါဒာဝေရတိ=မုသာဝါဒမှ ရှောင်ကြဉ်မှု။

၅။ ပိသုဏာဝါစာဝေရတိ=ပိသုဏာဝါစာမှ ရှောင်ကြဉ်မှု။

၆။ ဖရုသဝါစာဝေရတိ=ဖရုသဝါစာမှ ရှောင်ကြဉ်မှု။

၇။ သမ္ဖပ္ပလာပဝေရတိ=သမ္ဖပ္ပလာပမှ ရှောင်ကြဉ်မှု။

သုစရိုက် မနောကံ ၃ ပါး

၈။ **အနဘိဇ္ဈာ**=**အဘိဇ္ဈာ**ကို မပြုခြင်း။

၉။ **အဗျာပါဒ**=ဗျာပါဒကို မပြုခြင်း။

၁၀။ သမ္မာဒိဋ္ဌိ=ကောင်းသော**အယူ**ကို ယူခြင်း။

ဤ သုစရိုက် ၁၀ ပါးကို "**ကုသလကမ္မပထ**" ၁၀ ပါးဟုလည်း ခေါ်၏၊ [**ပထ**=လူ့ပြည် နတ်ပြည်သို့ရောက်**ကြောင်း**။] ၁-ကိုယ်တိုင် ပြုခြင်း, ၂-သူများကိုပြုဘို့ရန် စေခိုင်ခြင်း, ၃-သုစရိုက်၏**အကျိုး**ကို ပြောပြခြင်း, ၄-သူတပါးတို့ အလိုအလျောက်ပြုနေသည်ကို သဘော တူခြင်း, ဤ ၄ မျိုးဖြင့် မြောက်လျှင် ၄၀ ဖြစ်၏။

[ဆောင်] ဒုစရိုက်နှင့်, သုစရိုက်ပြို့င်, ဤဆယ်ခိုင်းကို, ကိုယ်တိုင်ပြုခြင်း, သူများ ခိုင်းတို့, ဂုဏ်ကို ပြောပြ, ဝမ်းမြောက်ကြပြန်, လေးဆယ်မှန့်, မြောက်ဟန် သဘောပိုက်။

ပုညကြိယဝတ္ထု အဖွင့်

[ကြိယ=ပြုထိုက်သော + ဝတ္ထု= စီးပွားချမ်းသာ၏ တည်ရာ။]
စီးပွားချမ်းသာ နောင်သံသရာအကျိုး၏တည်ရာဖြစ်၍ စင်စစ် ပြုထိုက်သော ကုသိုလ်ကောင်းမှုများလည်း ၁၀ ပါးပင် ရှိ၏။

၁။ ဒါန =စွန့်ကြဲပေးကမ်း လှူဒါန်းမှု။
၂။ သီလ =ဆိုင်ရာသီလများကို စောင့်ထိန်းမှု။
၃။ ဘာဝနာ =ဘုရားဂုဏ်တော် စသည်ကို အာရုံပြုနေမှု၊ (ကမ္မဋ္ဌာန်းအားထုတ်မှု)။
၄။ အပစာယန =ရိုသေထိုက်သူကို ရိုသေမှု။
၅။ ဝေယျာဝစ္စ =သူတပါး၏ ကုသိုလ်ကိစ္စ၌ ကူညီမှု။
၆။ ပတ္တိဒါန =မိမိ ကုသိုလ်အဖို့ကို အမျှဝေမှု။
၇။ ပတ္တာနုမောဒန =သူတပါးက အမျှ ပေးဝေသောအခါ ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်မှု။
၈။ ဓမ္မဿဝန =တရားစကားကို နားထောင်မှု။
၉။ ဓမ္မဒေသနာ =ပစ္စည်းလာဘ် မငဲ့ဘဲ တရားဟောမှု။
၁၀။ ဒိဋ္ဌုကမ္မ =အယူကို ဖြောင့်မှန်စွာ ယူမှု။ [ကံ-ကံ၏အကျိုးကို ယုံကြည်မှု။]

အမျှဝေ—သာဓုခေါ်။ ။ ပတ္တိဒါန ပတ္တာနုမောဒန ဖြစ်ပုံကား—ကုသိုလ်ကောင်းမှုပြုရာ၌ မိမိ ကုသိုလ်ရသကဲ့သို့ အခြားလူတို့လည်း မိမိနှင့် အညီအမျှ ကုသိုလ်အဖို့ရစေရန် ဝေဠုခြင်းကို "ပတ္တိဒါန = အမျှဝေခြင်း" ဟု ခေါ်သည်၊ ထို အမျှဝေသံကို ကြားရသူ

တို့က ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်လျှင် ကောင်းမှုရှင်နှင့်အလားတူစွာ ကုသိုလ်အဖို့ ရ၏၊ ပြိတ္တာ ဖြစ်နေသူတို့ သာဓု ခေါ်ရာ၌ကား ချက်ခြင်း အကျိုးခံစားကြရ၏၊ ဝမ်းမြောက် ဝမ်းသာ မဟုတ်ဘဲ ဝတ်ကြေတမ်းကြေ ခေါ်လျှင် တော်ရုံသာ အဖို့ရ၏၊ သူတပါးလှူနိုင်သည်ကို မနာလိုလျှင် "ကလသာ" အကုသိုလ်ဖင် ဖြစ်သေး၏။

ပြခဲ့သော ပုညကြိယဝတ္ထု ဆယ်ပါးကို ကိုယ်တိုင်ပြုခြင်း စသော ၄မျိုးဖြင့် မြောက်လျှင် ၄၀ ဖြစ်၏၊ တနည်း — ဤ ၁၀ ပါးကို ပုဗ္ဗစေတနာ, မုဉ္စစေတနာ, အပရစေတနာဟူသော စေတနာ၃တန်ဖြင့် မြောက်လျှင် ပုညကြိယဝတ္ထု၃၀ ဖြစ်၏၊ မပြုခင်ရှေးအဘို့၌ဖြစ်သော စေတနာကို "ပုဗ္ဗစေတနာ" ဟု ခေါ်၏။ ပြုတုန်း စွန့်လွှတ်တုန်း၌ ဖြစ်သော စေတနာကို "မုဉ္စစေတနာ" ဟု ခေါ်၏၊ ပြုပြီးနောက်၌ ဝမ်းမြောက်မှုကို "အပရစေတနာ" ဟု ခေါ်သည်။

ငါးပါးသီလနှင့် အာဇီဝဋ္ဌမကသီလကို စောင့်ထိန်း၍ ဒုစရိုက် ၁၀ပါးကို ရှောင်ကြဉ်ပြီးလျှင် သုစရိုက် ၁၀ပါး, ပုညကြိယဝတ္ထု ၁၀ပါးကို တွေ့ကြုံရာ၌ ပြုကျင့် အားထုတ်၍ နေသူသည် ကောင်းသူတော်ကောင်းဖြစ်၍ စင်စစ် သုဂတိဘဝကို ရပေလိမ့်မည်။

[ဆောင်] ၁။ ဒါန သီလ, ဘာဝနာနှင့်, အပစာယနာ, ရိုသေစွာ, ဝေယျာဝစ္စဖြင့်။
၂။ ပတ္တိဒါန—အမျှပေးဝေ, ခေါ်လေသာဓု-ပတ္တာနုမော, ဟောလေသမျှ-နာယူက, ဓမ္မသဝနနှင့်။
၃။ ကိုယ်တိုင် ဟောပြ—ဓမ္မဒေသနာ, ဖြောင့်စွာယူမှု—ဒိဋ္ဌုကမ်, ဤဆယ်တန်, မှတ်ရန် အဆင့်ဆင့်။

ကံ ကံ၏အကျိုး အဖွင့်

ဘုရားရှင် လက်ထက်တော်တုန်းက "သုဘ" လုလင်သည် လူချင်းတူပါလျက် တဥုးနှင့်တဥုး အကျိုးပေး ထူးခြားပုံကို မြင်ရသဖြင့် မရှင်းလင်းသည့်အတွက် မေးလျှောက်အပ်သော ပြဿနာ တဆယ့်လေးချက်ကို ဘုရားရှင်ဖြေတော်မူပုံမှာ ယခုခေတ်လူတို့ နားလည်ဘို့ကောင်းလှသောကြောင့် ပါဠိတော် အတိုင်းဝယ် အနည်းငယ်မျှ ရွှေနောက်ထား၍ အတိုချုပ် ရေးသားပေအံ့။

[ဆောင်] ထောက်မှန်ပေါ်တင်, ကိုယ့်အသွင်ကို, ဆင်ပြင်သမှု, နှေ့စဉ်ရှူသို့, ယခုအခဏ်း, မှန်လို မှန်း၍, ရှုစမ်းစေချင်, စိတ်အစဉ်ကို, ဆင်ပြင်လေကဲ့, နှေ့စဉ်တဲ့။

(က) သုဘလုလင်၏ အမေး

၁-လူချင်းတူပါလျက် အဘယ့်ကြောင့် အချို့မှာ အသက်တို၍,

၂-အချို့က အသက်ရှည်ပါသနည်း။....

ဘုရားရှင်၏ အဖြေ

၁။ ဤလောကဌ်အချို့သော မိန်းမ ယောကျ်ားတို့သည် သတ္တဝါတို့အပေါ်၌ သနားကြင်နာ ကရုဏာ ကင်းလျက် ရက်စက် ဆိုးဝါး သူများအသက်ကို သတ်ဖြတ်လေ့ရှိကြ၏၊ ထိုသူမျိုးသေလျှင် ငရဲသို့ ရောက်ရတတ်၏၊ (ရှေးက ကုသိုလ်ကံတစုံတခု၏ ထောက်ပံ့မှုကြောင့်) ငရဲသို့မကျဘဲ လူ့ပြည်သို့ရောက်ရလျှင် ကြာရှည်နေခွင့် မရ, အသက်တိုရလေသည်။

၂။ ဤလောကဌ်အချို့သော မိန်းမယောကျ်ားတို့ကား သတ္တဝါတို့အပေါ်၌ သနားကြင်နာ ကရုဏာ အားကြီးလျက် သူ့အသက် သတ်ခြင်းမှ ရှောင်ကြဉ်ကြ၏၊ ထိုသူမျိုး စုတေလျှင် နတ်ပြည်သို့ ရောက်ရတတ်၏၊ နတ်ပြည်မရောက်ဘဲ လူ့ပြည်သို့ ရောက်လျှင်လည်း အသက်ရှည်စွာ တည်နေရပေသည်။

(ခ) ၃ – အဘယ့်ကြောင့် အချို့မှာ အနာရောဂါများ၍,

၄–အချို့မှာ အနာရောဂါ ကင်းရှင်းပါသနည်း။....

၃။ ဤလောကဌ်အချို့သော မိန်းမ ယောကျ်ားတို့သည် တပါးသော သတ္တဝါကို လက်ဖြင့်သော်၎င်း, ခဲ ဒုတ် ဒါး စသော လက်နက်ဖြင့်သော်၎င်း ညှဉ်းဆဲလေ့ရှိကြ၏၊ (သေအောင်ကား မသတ်၊) ထိုသူမျိုးသေလျှင် ငရဲကျတတ်၏၊ ငရဲမကျဘဲ လူ့ပြည်သို့ရောက်ရလျှင် ရောဂါထူပြော အနာပေါလေသည်။

၄။ ထိုကဲ့သို့ ညှဉ်းဆဲ နှိပ်စက်လေ့ မရှိသူသည် စုတေလျှင် နတ်ပြည်သို့ ရောက်ရတတ်၏၊ နတ်ပြည်မရောက်ဘဲ လူ့ပြည်ရောက်လျှင်ကား အနာရောဂါ ကင်းရှင်းရပေသည်။

(ဂ) ၅ – အဘယ့်ကြောင့် အချို့မှာ အရပ်ဆိုး၍,

၆ – အချို့မှာ အဆင်းလှပါသနည်း။....

၅။ ဤလောကဌ် အချို့သော မိန်းမယောကျ်ားတို့သည် အလွန်ဒေါသ ကြီးကြ၏၊ အနည်းငယ် စကားပြောစရာရှိလျှင် သူတပါးကို ထိပါးပုတ်ခတ်၍ ပြောဆိုလေ့ရှိကြ၏၊ ထိုလူမျိုးသေလျှင် ငရဲကျတတ်

၏၊ ၎ရဲမကျဘဲ လူ့ပြည်သို့ရောက်ရလျှင် မျက်နှာပုပ်သိုး အရှုပ်ဆိုး တတ်လေသည်။

၆။ ထိုကဲ့သို့ ဒေါသမထွက်ဘဲ စိတ်စက်ကြည်လင် အစဉ်အေးမြသူသည် စုတေလျှင် နတ်ပြည်သို့ရောက်ရတတ်၏၊ နတ်ပြည်မရောက်ဘဲ လူ့ပြည်သို့ ရောက်ရလျှင်လည်း ကြည်လင်လှပသော အဆင်းကို ရပေသည်။

(ဃ) ၇ – အဘယ့်ကြောင့် အချို့မှာ ခြေရံစိုးမိုး တန်ခိုးအာဏာ နည်းပါး၍,

၈ – အချို့မှာ တန်ခိုးအာဏာ ကြီးမားပါသနည်း။

၇။ ဤလောကဌာန်အချို့သောမိန်းမ ယောကျ်ားတို့သည် ဣဿာ အားကြီးကြ၏၊ ထိုသူမျိုးသေလျှင် ၎ရဲသို့ ကျတတ်၏၊ ၎ရဲ မကျဘဲ လူ့ပြည်သို့ ရောက်ရလျှင် ခြေရံစိုးမိုး တန်ခိုး နည်းပါးလေ၏။

၈။ ထိုကဲ့သို့ ဣဿာမရှိသူသည် စုတေလျှင် နတ်ပြည်သို့ ရောက်တတ်၏၊ နတ်ပြည်မရောက်ဘဲ လူ့ပြည်သို့ ရောက်ရပြန်လျှင် နာမည်ကျော်ကြား ခြေရံများ၍ တန်ခိုးအာဏာ သြဇာကြီးမားပေသည်။

မှတ်ချက်။ ။သူတပါး၏ ကံ ဉာဏ် ဝီရိယအား လျော့စေခြင်း, စည်းစိမ်ဥစ္စာပေါခြင်း, ဂုဏ်သိရှိကြီးမားခြင်း, ထင်ရှားကျော်စောခြင်း, တတ်သိလိမ္မာခြင်း စသည်ကို မနာလိုမှု, စောင်းမြောင်းမှု, (မျက်စောင်းထိုး၍ကြည့်မှု) ငြူစူမှု, (သည်လိုယုန်တော့ ချုံတိုင်းရှိရဲ – ဇီးကွက်လောက်တော့ ငှက်တိုင်းလှရဲ) စသည်ဖြင့် နှုတ်ခမ်းစူ၍ ပြောဆိုမှုမျှားသည် အတွင်းကဣာ၏ အစွမ်းပင်တည်း။

(အဋ္ဌမုအကြိမ်)

(ငါ) ၉ – အဘယ့်ကြောင့် အချို့မှာ ဥစ္စာမဲ့မဲ့ ဆင်းရဲ၍,

၁၀ – အချို့မှာ ဥစ္စာပြည့်စုံ ကုံလုံကြွယ်ဝပါသနည်း။....

၉။ ဤလောကဌာန် အချို့သော မိန်းမယောကျ်ားတို့သည်စွန့်ကြဲပေးကမ်း လှူဒါန်းလေ့မရှိကြ, မစ္ဆေရတရား အလွန်အားကြီးကြ၏၊ ထိုလူမျိုးသေလျှင် ၎ရဲ၌ဖြစ်တတ်၏၊ ၎ရဲမကျဘဲ လူ့ပြည်သို့ရောက်ရလျှင် ဥစ္စာမဲ့မဲ့ ဆင်းရဲရလေ၏။

၁၀။ ထိုသို့ မစ္ဆေရ မရှိဘဲ စွန့်ကြဲ ပေးကမ်း လှူဒါန်းလေ့ရှိသူသည် စုတေလျှင် နတ်ပြည်သို့ရောက်ရတတ်၏၊ နတ်ပြည် မရောက်ဘဲ လူ့ပြည် ရောက်ပြန်လျှင်လည်း ဥစ္စာပြည့်စုံ ကုံလုံကြွယ်ဝပေသည်။ [မိမိ၌ရှိသောပစ္စည်း, မိမိနှင့်ဆိုင်သော ပစ္စည်းမျှားကို သူတပါးနှင့် မဆက်ဆံစေလိုမှု, မပေးကမ်း မလှူဒါန်းရက်မှု ကိုဌင်း, မိမိ၏ စည်းစိမ်ဂုဏ်သိရှိမျိုးကို သူတပါးရမှာစိုးခြင်းကိုဌင်း, "မစ္ဆေရ" ဟု ခေါ်သည်။]

(စ) ၁၁ – အဘယ့်ကြောင့် အချို့မှာ အမျိုးယုတ်၍,

၁၂ – အချို့မှာ အမျိုးမြတ်ပါသနည်း။....

၁၁။ ဤလောကဌာန် အချို့သော မိန်းမ ယောကျ်ားတို့သည် အလွန်မာနကြီးကြ၏၊ (သူတပါးကို အထင်သေး၏၊ ကိုယ့်ကိုယ်ကို အထင်ကြီး၏၊) ရှိသေ လေးစားထိုက်သူကိုမျှ ရှိသေ လေးစားရမှန်း မသိတတ်၊ ထိုလူမျိုးသေလျှင် ၎ရဲသို့ ကျရတတ်၏၊ ၎ရဲ မကျဘဲ လူ့ပြည်သို့ ရောက်ရလျှင်လည်း အောက်ကျနောက်ကျနှင့် ယုတ်ညံ့သော အမျိုး၌ ဖြစ်ရတတ်သည်။

(အဋ္ဌမအကြိမ်)

၁၂။ ထိုသို့ မာန်မာန မကြီးဘဲ ရိုသေ လေးစားထိုက်သူကို ရိုသေ လေးစားလေ့ရှိသူသည် နတ်ပြည်သို့ ရောက်ရ၏၊ နတ်ပြည်သို့ မရောက်ဘဲ လူ့ပြည်သို့ ရောက်ရလျှင်လည်း မြင့်မြတ်သော အမျိုးဥစ္စာ ဖြစ်ရရိုးရှိသည်။

(ဆ) ၁၃—အဘယ့်ကြောင့် အချို့မှာ အသိအလိမ္မာ ဉာဏ်ပညာ နည်းပါး၍,

၁၄—အချို့မှာ ဉာဏ်ပညာ ကြီးမားပါသနည်း။

၁၃။ ဤ လောကဌ် အချို့သော မိန်းမ ယောကျ်ားတို့သည် ပညာရှိအထံသို့ ချဉ်းကပ်၍ ကုသိုလ် အကုသိုလ်ကိုငင်း, အပြစ်ရှိ-မရှိ, မိမိ မှိုင်ထိုက်-မမှိုင်ထိုက်သော အရာ, နောင် သံသရာဝယ် ရှည်ကြာလေးမြင့် ဖွင့်ဖွင့်ဖြိုးဖြိုး အကျိုးပေးမည့် တရားအချက်တို့ကိုငင်း, မေးမြန်းလေ့ မရှိကြ၊ ထိုလူမျိုးသည် ထင်မိထင်ရာ ပြု၍ ဒုစရိုက်များသဖြင့် သေလျှင် ငရဲသို့ သွားရတတ်၏၊ ငရဲသို့ မကျဘဲ လူ့ပြည်သို့ ရောက်ရလျှင် အသိအလိမ္မာ ဉာဏ်ပညာကင်း လူဖျင်း လူအ လူမိုက်ဖြစ်ရလေသည်။

၁၄။ ထိုကဲ့သို့သော တရားအချက်ကို နှစ်သက်ကြည်ဖြူ နာယူ မေးမြန်းလေ့ရှိသူတို့ကား စုတေလျှင် နတ်ပြည်သို့ ရောက်ရတတ်၏၊ နတ်ပြည်သို့ မရောက်ဘဲ လူ့ပြည်ရောက်ရလျှင်လည်း အသိအလိမ္မာ ဉာဏ်ပညာထက်မြက်သူ ဖြစ်ရတတ်ပေသည်။

လိုရင်းအချုပ်မှာ — "ဘယ်သူ မပြု မိမိမှု" ဟူသည်နှင့် အညီ, ရှေးက မိမိပြုခဲ့သော ကံအားလျော်စွာ ကောင်းကျိုး — မကောင်း ကျိုးကို ရကြပေသည်၊ ဤကား အကျဉ်းမျှသာ ဟောအပ်သော

ပါဠိဋီတော်အရတည်း၊ ဤ ပြခဲ့သော အမေး အဖြေများကို စဉ်းစား ပြီးလျှင် ဆုတောင်းရုံမျှဖြင့် လိုရာအကျိုးကို မရနိုင်သောကြောင့် ဆုတောင်း အားလျော်စွာ သတိထားလျက် ကြိုးစား၍ ပြင်ဆင်ကြ ပါကုန်။

နံပါတ်စဉ်အတိုင်း ဆောင်ပုဒ်များ

၁။ သူများအသဲက်, သတ်သည့်တွက်, အသက် ကိုယ့်မှာတို့။
၂။ မသတ်ရှောင်ရှား, ထိုသူမျှား, ရှည်လျား အသက်ကို။
၃။ နှိပ်စက်ကလူ, ညှဉ်းဆဲသူ, ပြောထူ ရောဂါဆို့။
၄။ သနားစိတ်သွင်း, မနှိမ်နင်း, ကင်းရှင်း ရောဂါကို့။
၅။ ထန်ပြင်းဒေါသ, ကြီးတတ်က, အလှ ပျက်မည်ဆို့။
၆။ ဒေါသကင်းစင်, မေတ္တာယှဉ်, ကြည်လင် လှသကို့။
၇။ မနာလိုပြန်, ဣဿာထန်, ခြံရံ ကင်းမည်ဆို့။
၈။ ဣဿာ မထား, ဝမ်းမြောက်ဩး, ပေါများ ခြွေရံကို့။
၉။ မလှူမဒါန်း, မပေးကမ်း, ခြောက်ခန်း ဥစ္စာဆို့။
၁၀။ စွန့်ကြဲလေ့တုံ, ပြုပါကုန်, ကုံလုံ ကြွယ်ဝလို့။
၁၁။ မာန်မာနကြွယ်, ထိုသူဝယ်, မျိုးနွယ် ညံ့မည်ဆို့။
၁၂။ ထိုက်သူရိုကျိုး, မာန်ကိုချိုး, အမျိုးမြတ်သကို့။
၁၃။ သိဘွယ်ဟူသမျှ, မမေးက, ဖျင်း အ—ပညာဆို့။
၁၄။ ကြားမြင်များအောင်, မေးလေ့ဆောင်, ခုနောင် တတ်သိလို့။

ကံ ဉာဏ် ဝိရိယ အဖွင့်

ကံ– ကံ၏ အကျိုးကို ရေးသားပြီးနောက်, ဉာဏ် ဝိရိယ တို့၏ အကြောင်းကို မရေးသားလျှင် မစုံလင်သေးသောကြောင့် ကံ ဉာဏ် ဝိရိယ သုံးပါးစုံပေါင်းလျက် အကျဉ်းအမြွက်မျှ ရေးသားဥုံးအံ့။

ကံအကြောင်း။ ။ ကမ္မ–ဟူသော ပါဠိစကားကို မြန်မာလို "ကံ"ဟု ခေါ်၏၊ ထို့ခကြောင့် ကိုယ်ဖြင့်ပြုလုပ်မှု,နှုတ်ဖြင့် ပြောဆိုမှု, စိတ်ဖြင့် ကြံစည်မှုများကို "ကံ" ဟု မှတ်ပါ၊ ထိုကံသည် ရှေးရှေး ဘဝ၌ ပြုအပ်ခဲ့သောကံ, ယခုဘဝမှ ပြုအပ်သောကံဟု နှစ်မျိုးရှိ၏၊ ထိုနှစ်မျိုးတို့တွင် အကျိုးတခုကို ပေးရာ၌ ရှေးရှေးကံသည် လိုရင်း အကြောင်းတည်း၊ ယခုတဝကံမှာ ယခုဘဝအတွက် ရှေးကံ အခွင့် ရအောင်, သို့မဟုတ် အားရှိအောင် ကူညီ ထောက်ပံ့ရုံသာ၊ နောက် ဘဝများ၌ကား ဆိုင်ရာအကျိုးကို ကိုယ်တိုင်ပေးခွင့် ရှိသည်။

ထို ရှေးကံများသည် အလွန် အားကောင်းသော ကံ, သာမန် လောက်သာ အားရှိသောကံဟု နှစ်မျိုးရှိပြန်၏၊ ထိုတွင် ၁-ကံမျိုး၏ အကျိုးပေးပုံသည် အလွန် ထင်ရှား၏၊ ဥပမာ–ရှင်ဘုရင် သဒ္ဒေး မှူးမတ်စသည်ကို ဖြစ်စေနိုင်၏၊ ဆင်းရဲသားအမျိုး၌ ဖြစ်ရစေကာမူ တနည်းနည်းဖြင့် ကြွယ်ဝ ချမ်းသာစေနိုင်၏၊ ၂–ကံမျိုး၏ အကျိုး ပေးပုံမှာ မထင်ရှားလှ၊ သူများနဲတူ အကျိုးမျိုးကိုသာ ရစေနိုင်၏၊ ထိုကံများသည် ဤလူ့ပြည်လောက၌ မိမိတို့ချည်းသက်သက်အကျိုး ပေးဘို့ ခဲယဉ်းသဖြင့် အကျိုးပေးခွင့်ရအောင် ဉာဏ် ဝိရိယနှင့် သတိ ဟူသော ပယောဂကို ကူညီပေးရသည်။

(အဋ္ဌမအကြိမ်)

ဉာဏ်အကြောင်း။ ။အဘိဓမ္မာနည်းအရ အကုသိုလ် အပြစ် မရှိသော တတ်သိ လိမ္မာမှုကိုသာ "ဉာဏ်" ဟု ဆိုရသော်လည်း, ကံ အကျိုးပေးခွင့် သာအောင် ကြံဆောင်ရသည့် အရာဌ်မှု အပြစ် ရှိသည်ဖြစ်စေ, မရှိသည်ဖြစ်စေ တတ်သိမှု, ပါးနပ်မှု, ဖြတ်လတ် သွက်လက် ချက်ချက်ချာချာနှင့် အရာရာ နှံ့စပ်မှုမျှားကို "ဉာဏ်" ဟုပင် ခေါ်ရပေသည်၊ ထိုဉာဏ်သည် ၁–မိမိဘာသာ တတ်သိ လိမ္မာသော "ဇာတိဉာဏ်" ၂–နောက်မှ ဖြစ်ပေါ်လာသော "ပဝတ္တိဉာဏ်"ဟု နှစ်မျိုးရှိပြန်သည်။

ထိုနှစ်မျိုးတွင် "ဇာတိဉာဏ်" ရှိသူမှာ ပြောဘွယ်မလို၊ ဇာတိ ဉာဏ်ကို အခြေခံ၍ ပဝတ္တိဉာဏ်လည်း တိုးပွားအောင် ကြိုးစား ပါလျှင် လူတွင်တယောက် ဆိုရလောက်အောင် ထွန်းတောက်လတံ့၊ ဇာတိဉာဏ် မရှိသူတို့ အတွက်မှာမူ ကျမ်းစာ အမျိုးမျိုးကို ကြည့်ရှု သင်ယူခြင်း, မိမိထက် တတ်သိနားလည်သော ပညာရှိထံ ဆည်းကပ် ခြင်းတို့ဖြင့် ပဝတ္တိဉာဏ်ဖြစ်ပေါ်လာအောင် ကြံဆောင် အားထုတ် ရာ၌ ယခုအခါ စာသင်ခြင်း, ဒေသန္တရ ဗဟုသုတ ရှိခြင်းတို့ကြောင့် ပဝတ္တိဉာဏ် တိုးပွားလျက် လောကီ ကြီးပွားရေး သံသရာ ကြီးပွား ရေး၌ ထိပ်တန်းရောက်နေသူများကို ကြည့်ပါ။

[နိဂုံး] ကောင်းစွာမရှောင်, နားထောင်သူကား, အကြားအမြင်, မြားမြောက်စင်၏၊ ဂုဏ်အင်ပွား၍, ပညာလွေ့မှု, အောက်မေ့ ဉာဏ်ဖြင့်, ဆင့်ဆင့် မနား, ကျိုးစီးပွားကို, ထောက်ထား စာနာ, သိလိမ္မာ၏၊ သိပါသူသည်, အရှည်ချမ်းသာ, မင်္ဂလာ ကို, အခါလေးမြင့်, ဆောင်နိုင်သင့်။

(အဋ္ဌမအကြိမ်)

အသိ အလိမ္မာ ဉာဏ်ပညာနှင့် ကံရှိပါသော်လည်း လုံ့လ မရှိလျှင် မည်သည့်အကျိုးကိုမျှ မပြီးစေနိုင်၊ ဟိ-ထိုစကား မှန်ကြောင်းကား၊ သုတ္တဿ– အပျင်း အားကြီး၍ တအိပ်ထည်း အိပ်နေသော၊ သိ ဟဿ– ခြင်္သေ့၏၊ မုခေ– ပါးစပ်ထဲသို့၊ မိဂါ– သမင်တို့သည်၊ နပဝိသန္တိ – အလို့အလျောက် မရောက်လာကုန်၊ "ထ၍ ဖမ်းမှ လုံ့လပြုရဉ်းမည်"ဟူလို။.... [ဟိတောပဒေသ။]

ဝီရိယအကြောင်း။ ။ကိစ္စတခု ပေါ်ပေါက်လျှင် မကြောက်မရွံ့ စွန့်စွန့်စားစားအားထုတ်မှုကို "ဝီရိယ-လုံ့လ"ဟု ခေါ်၏၊ ဤဝီရိယသည် ၁-ပင်ကိုယ် "ဇာတိဝီရိယ" ၂- နောက်မှ ဖြစ်ပေါ်လာသော "ပဝတ္တိဝီရိယ"ဟု နှစ်မျိုးရှိ၏၊ ရှေးရှေးဘဝက ဝီရိယအထုံပါခဲ့သဖြင့် ဇာတိဝီရိယရှိသူမှာ ဉာဏ်ရှိပါလျှင် သူတကာနှင့် မယှဉ် သာအောင် အကျိုး ခံစားရမည်၊ ဇာတိဝီရိယ မရှိသူကား ပဝတ္တိဝီရိယရှိအောင် ပြုပြင်ရပေလိမ့်မည်။

[ဆောင်] အကျိုး အပြစ်, အမျိုး စစ်လျက်, ဆိုးညစ် ရိပျင်း– သူကို ကွင်း၍, ထန်ပြင်း လုံ့လ, ရှိသူခမူ,... ဝီရိယ ကေန် တိုးမည်တည်း။

၁။ လုံ့လ ဝီရိယရှိလျှင် ရနိုင်မည့်အကျိုး။

၂။ လုံ့လ ဝီရိယမရှိလျှင် ဤဘဝ နောက်ဘဝ၌ အောက်ကျ နောက်ကျ ဖြစ်ရမည့်အပြစ်။

၃။ ငါတို့ အမျိုးသည် အထက်တန်း ကျ၍ ထက်မြက်သော အမျိုး ဖြစ်ခဲ့၏၊ ငါတို့လက်ထက်ကျမှ အောက်မကျထိုက်ဟု အမျိုးအရိုးကို စိစစ် ဆင်ခြင်ရသည်။

၄။ ပျင်းရိသူများကို မပေါင်းဘဲ ရှောင်ရမည်၊ ထိုသူများနှင့် အပေါင်းများလျှင် " တံငါနားနီး တံငါ " ဟူသကဲ့သို့, အပျင်းဓာတ် ကူးစက်၍ အပျင်းဘက်၌ ပါနေတတ်သည်။

၅။ လုံ့လပြင်းထန်သူကို ဆည်းကပ် ခ-ယခြင်းပြုလျှင် "ဘုရား ဒကာနားနီး ဘုရားဒံကာ" ဟူသကဲ့သို့ ဝီရိယဓာတ် ကူး၍ အထူး အားတက်တတ်သည်။

ငါးသုံးကောင်ဝတ္ထု

မြစ်တစင်း၌ ကံယုံ, ဉာဏ်ယုံ, ဝီရိယယုံ, ငါးသုံးကောင် ရှိရာ အခါတပါး၌ တံငါသည်များ ရောက်လာလျှင် ဝီရိယယုံငါးသည် စောစောက တင်ကြို၍ အဝေးသို့ ပြေးလေ၏၊ ဉာဏ်ယုံ ငါးသည် စောစောကမပြေးဘဲတံငါသည်များအမိတွင် သေချင်ဟန်ဆောင်၍ နေပြီးလျှင် "သေပြီ"ဟူသော အမှတ်ဖြင့် ကုန်းပေါ် ရောစ၌ တံငါသည်တို့ ချထားသောအခါ ရေနက်ရာသို့ အမြန် ဆင်းပြေးလေ၏၊ "ကံရှိသလို ဖြစ်လိမ့်မည်"ဟု ကံတခုကိုသာယုံသော ကံယုံငါးကား တံငါသည်များ၏ ပြုသမျှကိုခံကာ အသက် ဆုံးရှာလေသည်။

ဤ ငါးသုံးကောင်တို့တွင် ဝီရိယယုံငါး၌ လွတ်လောက်သော ကံလည်း ရှိ၏၊ ပြေးလျှင် လွတ်မည်ဟု ဉာဏ်လည်းရှိ၏၊ ထို့ကြောင့် ဝီရိယ ထုတ်၍ ပြေးသည့်အတွက် လွတ်၏၊ ဉာဏ်ယုံ ငါးမှာလည်း လွတ်လောက်သော ကံနှင့် ဉာဏ်သာ မက , ရေထဲသို့ ဆင်းပြေးမှု လုံ့လကိုလည်း ပြု၏၊ ထို့ကြောင့် လွတ်၏၊ ကံယုံငါးမှာ (ကံရှိစေကစမူ) ဉာဏ်နှင့် လုံ့လကို အသုံးမချသောကြောင့် အသက်ဆုံးရလေသည်။

ထို့ကြောင့် ကံပေးသမျှ ပဋိသန္ဓေ နေခဲ့ရပြီးနောက် တစုံတခု ကောင်းကျိုးပေးရာ၌ ကံသည် ဝေးသောအကြောင်း, ဉာဏ်သည် အလယ် အကြောင်း, ဝိရိယသည် အနီးဆုံးသော အကြောင်း ဟု သဘောကျပြီးလျှင် ရှေးကံ၏ အကျိုးပေးမှုကို အလေးဂရု မမြှော်လင့်ဘဲ လောဂီ.လောကုတ္တရာ ဆိုင်ရာ၌ အသိအလိမ္မာ ဉာဏ်ပညာ တိုးပွားအောင် ကြိုးစား၍ ကိုယ်နှင့်တန်သော လုံ့လကို အသုံးချ ပါမူ ကြက်သရေမင်္ဂလာ အလိုအလျောက် ပေါ်ပေါက်လာပါလိမ့်မည်။ [ဥယျောဂိနံ—ကြိုးစား အားထုတ်လေ့ရှိသော၊ ပုရိသသီဟံ— ယောကျ်ားမြတ်သို့၊ လက္ခဏ — ကြက်သရေမင်္ဂလာသည်၊ ဥပေတိ — ကပ်ရောက်လာ၏။— ဟိတောပဒေသ။]

သတိအကြောင်း။ ။ကံ အကျိုးပေးခွင့်ရအောင် ဉာဏ် ဝိရိယ သာမက, ထိုထိုကိစ္စ၌ အမြဲအမှတ်ရသော သတိလည်း အရေးကြီး၏၊ ပြုဘွယ်ကိစ္စကို အမှတ်မရဘဲ မေ့နေလျှင် ဉာဏ်နှင့် ဝိရိယကို အသုံးမပြုနိုင်တော့၊ ထို့ကြောင့် ပယောဂသမ္ဘတ္တိကို ပြုရာ၌ ဉာဏ် ဝိရိယ သတိ ၃ မျိုးလုံးကို ပြသင့်ပါသည်။ [ပယောဂ — ကိုယ်မှု နှုတ်မှု စိတ်မှု၏+ သမ္ဘတ္တိ— ပြည့်စုံခြင်း။]

မဃဒေဝလက်ဘမှ ထုတ်နှုတ်ချက်

၁။ ကံဟု မူလ, သမ္ဘဒ္ဓတို့, ဟောပြသည်မှာ, အရင်းသာရှင့်။

၂။ ဥစ္စာဘောဂ, ဇီဝိတနှင့်, သုခပွားရန်, ဤလူ့ထံ၌, ဉာဏ် ဝိရိယ, ပယောဂတည်း။

၃။ ကာလ ဒေသ, ပုဂ္ဂလကို, နှိုင်းဆ အပ်တုံ, ကံကို ယုံ၍, မီးပုံအတွင်း, မဆင်းထိုက်စွာ၊ ကျားရဲရာလည်း, ကြမာ အကြောင်း, မရိုးကောင်းဟု, သူဟောင်း ရှေးက, ဆိုကုန်ကြ၏။

၄။ လုံ့လမထူ, ဉာဏ်မကူဘဲ, အယူတစောင်း, ကံတကြောင်းမျှ, မကောင်းလည်း ကံ, ကောင်းလည်းကံဟု, ကံကိုချည်းသာ, မကိုးရာဘူး။

၅။ ပညာဉာဏ်ဖြင့်, သင့်-မသင့်ကို, အခွင့်ရှု၍, အပြု လုံ့လ, ရှိအပ်စွတည့်၊ တံငါ့လက်တွင်း, ရောက်လျှင်း တုံငြား, သုံးကောင် ငါးကို, မှတ်သား ဝမ်းထဲ, နည်းယူစွဲလော။

၆။ ကံမဲ့ဉာဏ်နှံ့, မလုံ့မလ, နတ် မ-မဘူး, အလသမျိုး, အကျိုးယုင်းယို, အလို ရော့ရည်း, မကျော့ကျည်းနှင့်၊ ကိုယ်လည်း လုံ့လ, နတ်လည်း မ၍, တောင့်တကြံရာ၊ မြန်မကြာလျှင်, လွယ်ကာ ကိစ္စ, ပြီးနိုင်ကြ၏။

၇။ အန္ဓ ဗာလ, လူ့ထိုမျှတို့, ကမ္မ ဝိရိယ, မယုံကြဘူး၊ သိဝ မဟေ, ပရမေသွာ, ဗြဟ္မာဗိဿကိုး, ကမ္ဘာစိုးနှင့်, တန်ခိုးကြီးမား, နတ်ဘုရားတို့, ပေးစား ဖန်ဆင်း, ဖြစ်တုံလျှင်းဟု, ချတ်ယှင်းသမှ, အမှားရှုသည်,.... တောင်သူ့ ယူလေ့ယူလာတည်း။

၅၂၊ ခန္ဓာကိုယ်ကြီး၏ အတွင်း၌ ကောင်းမြတ်သောအရာ မြဲခိုင်သောအရာဟူ၍ ဘာတခုမျှ မရှိပါ၊ အလိမ္မာစသော ဂုဏ်များကား အလွန် စင်ကြယ်၏၊ မစင်ကြယ်သော ခန္ဓာကိုယ်ကြီးဖြင့် စင်ကြယ်သော ဂုဏ်သတင်းများကိုရအောင် အားထုတ်လိုက်ကြလော။

ငါတို့ ဗုဒ္ဓဘာသာဝင်များသည် မအို မသေ အမြဲနေရာ နိဗ္ဗာန်ကိုပင် မြော်မြင်မှန်းဆ၍ မရ-ရအောင် အားထုတ်ကြကုန် သေး၏၊ ယခုဘဝ ကြီးပွားရေး စီးပွားရေး ပညာရေးလောက်ကို ပစ္စာမူ၍ ကြောက်ရမည်နည်း၊ လုံ့လ ဝီရိယကင်း၍ အဖျင်းစား အပေါစား လုပ်နေသော်လည်း ဤခန္ဓာကိုယ်ကြီး ပို၍ မကျန်းမာ, ပို၍ အသက် မရှည်တော့ပြီ။

စင်စစ်သော်ကား ပျင်းနေသည့် အတွက် ခန္ဓာကိုယ်မှ အခိုး အငွေ့တွေ အပြင်သို့ မထွက်ရသောကြောင့် အေးစက်စက် ဖြစ်ကာ ပို၍ မကျန်းမာ ဖြစ်သေး၏၊ ထို မကျန်းမာမှုကြောင့် အပျင်းထူသူမှာ၊ အသက်တိုတွယ်သာ များ၏၊ ပျင်း၍ အလုပ်-မလုပ်သူသည် သာ၍ ပျင်းစရာဖြစ်နေပါလိမ့်မည်၊ လုံ့လ ဝီရိယ မှန်မှန်ဖြင့် အလုပ် လုပ်နေသူကို လူတွေကလည်း ကြည်ဥိ, နတ်တွေကလည်း စောင့် ရှောက်လို၏၊ ရှေးကံတွေကလည်း အကျိုးပေးခွင့် သာ၍ လှလှပပ အကျိုးပေးကြသည်၊ ထို့ကြောင့် လုံ့လရှိသူတို့ အဖို့မှာ လောက ကြီး၌ ပျော်စရာကိုသာ တွေ့ရပါလိမ့်မည်။

တနေ့အဘို့၌ ၁—ကုသိုလ်, ၂- ဥစ္စာ, ၃— ကျန်းမာရေး, ၄— အတတ်ပညာ, ၅— တန်ခိုးဂုဏ်သိရ်, ဤ ၅ မျိုးတွင် တမျိုးမျိုးမှ အကျိုးမရဲတဲ့ ကုန်သွားသောနေ့သည် ဝမ်းနည်းစရာ လွန်စွာ အသုံး မကျ, မသေခင်က အသေဖြစ်ရသော နေ့ပင်တည်း။

[ဆောင်] ကုသိုလ်ဥစ္စာ, ကျန်းခဲ့သာ၍, ပညာတန်ခိုး, တမျိုးမျိုးမှ, အကျိုး မထွက်, ထိုနေ့တွက်, သက်သက် ဝမ်းနည်းဘွယ်။

ဆုတောင်းခဏ်း အဖွင့်

ယခုကာလ အမြီးအမောက် ရှေ့နောက် မတည့်တဲ့ ရောက်မိ ရောက်ရာ ဆုတောင်း ရွာကြပုံတို့ကို ကြားသိရသဖြင့် အမျှားနှင့် သင့်လျော်စွာ သံသရာစခန်းဝယ် နိဗ္ဗာန်နှင့် ဖြောင့်တန်းအောင် ဆုတောင်းခဏ်း ထည့်သွင်း၍ အကျဉ်းမျှ ပြပေအံ့။

[ဆောင်] ဓဲတ်မရိုက်ခင်, ကောင်းစွာပြင်မှ, ပုံတွင်ကျန်, ရှုပ်သွင်လှသို့, မုချမှန်စွာ, သံသရာဟု, ကမ္ဘာရပ်ခွင်, ဓာတ်အပြင်၌, စိတ်စဉ်ကျန, ရှုပ်သွင် လှ၍, ခေမ မြို့နန်း, အရောက်မြန်းဘို့,ပြင်စမ်းစေချင်, ဆုပန်းစင်ကို, ပန်ဆင်လေကွဲ့—နွေစဉ်တဲ့။

၁။ ပုညေနာ၊နေန စညေန, သိဝံ ပတ္ထေ တဒန္တရေ၊
ဓိရံ ပဿေ သုဏေ ဓိရံ, ဓိရေန သဟ သံဝသေ။

အနေန ပုညေန—ယခုဓဏ, ပြုစုရသည့်, သုခအကျိုး, ကောင်းမှုမျိုးကြောင့်ငင်း၊ **အ**ညေနစ-ရှေးရှေးကပြု, ကောင်းမှုထိုထို, ကုသိုလ်မူလ, ဟူသမျှကြောင့်ငင်း၊ သိဝံ-အရိယာအဆပါင်း, သူတော်ကောင်းတို့, ပျော်အောင်းရာမှန် , **အေး** နိဗ္ဗာန်ကို၊ ပတ္ထေ, ပတ္ထေယျာမိ—ရည်ရွယ်လိုအင် , ဆုထူးဆင်လျက် , ဆောလျင် မြန်စွာ , ပန်ထွာ ဆုတောင်းပါ၏၊ တဒန္တရေ— ဆုထူး ဂုဏ်အင်, မစုံလင်၍, ကြုံတင်ပြန်ရ, ၁၀ဝဖန်ခါ, သံသရာ၌၊ ဓိရံ- ရိုးသားထက်မြက်, အချက်ချက်၌, သွက်လက် ပေတောင်း , ပညာရှိ သူတော်ကောင်းကို၊ ပဿေ, ပဿေယျာမိ — ထို ဤ ဘုံဝယ်လေ့, ကြုံသရွေ့ပင်, တွေ့မြင်ရပါလို၏၊

ဓီရံ– ပညာရှိများ, ဆိုစကားကို၊ သုဏေ, သုဏေယျာမိ - နှစ်သက်ကြည်ညို, နာယူရပါလို၏၊ ဓီရေန-ရိုးသားထက်မြက်, အချက်ချက်၌, သွက်လက်ပေတောင်း, ပညာရှိသူတော်ကောင်းနှင့်၊ သဟသံဝသေ-ရေစက်ဟောင်းချင်း, အကြောင်းရင်းကြောင့်, ပေါင်းသင်း နေထိုင်ရပါလို၏။

[ပညာရှိ သူတော်ကောင်း ပညာရှိ သူယုတ်မာဟု နှစ်မျိုးရှိရာ ဤဂါထာဖြင့် (၁) နိဗ္ဗာန်ကို လိုအပ်သောဆုဖြင့် ရဘို့ရန်, (၂) ပညာရှိ သူတော်ကောင်းကို တွေ့မြင်ဘို့ရန် , (၃) ထိုသူ၏ စကားကို နာယူဘို့ရန် , (၄) ထို ပညာရှိ သူတော်ကောင်းနှင့် ပေါင်းသင်း ဆက်ဆံမိဘို့ရန် ဆုတောင်းသည်၊ မရိုးမသား ဆိုးဝါးသော ပညာရှိသူ များကား သူယုတ်မာထက်ပင် ကြောက်စရာကောင်း၏။]

၂။ ဓီရော အဿံ သယံစာပိ, ဝီရော ကုသလ ကရဏေ၊
ဥစ္စေ အမ္ဗေစ အခဏ္ဍ–ပဥ္ဇသီလောဝ ဇာတိယာ။

သယံစာပိ – မိမိကိုယ်တိုင်ကလည်း၊ ဓီရော- ရိုးသာထက်မြက်, အချက်ချက်၌, သွက်လက် ပေတောင်း, ပညာရှိ သူတော်ကောင်းသည်၊ အဿံ – စင်စစ်မကွာ , ဖြစ်ရပါလို၏၊ ကုသလ ကရဏေ – ကုသိုလ်ပြုရန်, ပေါ် ပေါက်ပြန်သည်ရှိသော်၊ ဝီရော- မကြောက်မရွံ့, နောက် မတွန့်ဘဲ, သက်စွန့် ကြိုးပန်း , ရဲစွမ်း သတ္တိ , လုံ့လရှိသည်ဖြစ်၍၊ ဇာတိယာ – မီးရှူးသန့်စင်, ဖွားမြင်သည်မှစ၍၊ အခဏ္ဍ ပဥ္ဇသီလောဝ – ကိုယ်ဝတ်သဘွယ်, မကွယ် မပ, ငါးဝ ပဥ္ဇသီ, အစဉ်တည်လျက်သာလျှင်၊ ဥစ္စေစ– ဂုဏ်သိရ် မောက်မိုး, မြင့်မြတ်သော

အမျိုး၌ဌင်း၊ အမ္ဗေစ - ဥစ္စာ ပြည့်ဖြိုး, ကြွယ်ဝသော အမျိုး၌ဌင်း၊ အဿံ - တမြင့်ထဲမြင့်, ဆင့်ကဲတင့်၍, အသင့်မကွာ, ဖြစ်ရပါလို၏။

[ဤဂါထာဖြင့် (၁) မိမိကိုယ်တိုင်လည်း ပညာရှိသူတော်ကောင်းဖြစ်ဘို့ရန်, (၂) ကုသိုလ်ကောင်းမှုပြုစုရေး၌ ရဲရင့်ဘို့ရန်, (၃) မြင့်မြတ်သော အမျိုး, (၄) ကြွယ်ဝသော အမျိုး၌ ဖြစ်ဘို့ရန်, (၅) ဝတ်ဆင်ထားအပ်သော အဝတ်ကဲ့သို့ ငယ်စဉ်က စ၍ ငါးပါးသီလ မြဲဘို့ရန် ဆုတောင်းသည်၊ (အမျိုးမသန့်လျှင် စိတ်ဓာတ်လည်း ညံ့တတ်၏။)]

၃။ ဒဒတော မေ နခီယေထ, ဒတ္ဒာ နာနု တပေယျဟံ၊
ဒဒံ စိတ္တံ ပသာဒေယျံ, အဒိန္နံ နဗလံ ဟရေ။

မေ-တပည့်တော်၏၊ ဓနံ-စည်းစိမ်ဥစ္စာ, ရတနာသည်၊ ဒဒတော-စွန့်ကြဲပေးကမ်း, လှူဒါန်းပါသော်လည်း၊ နခီယေထ- မကုန်ခန်းနိုင်ပါစေသတည်း၊ ဒတ္ဒာ-စွန့်ကြဲပေးကမ်း, လှူဒါန်းပြီး၍လည်း၊ နာနု တပေယျံ- နောင်တ တဖန် မပူပန်ရပါလို၊ အဟံ- တပည့်တော်သည်၊ ဒဒံ-စွန့်ကြဲ ပေးကမ်း, လှူဒါန်းဆဲအခိုက်မှာလည်း၊ စိတ္တံ- မိမိစိတ်ကို၊ ပသာဒေယျံ - ကြည်လင် ရွှင်လန်း, ဝမ်းမြောက်စေနိုင်ရ ပါလို၏။ အဒိန္နံ-ကိုယ်ထိ လက်ရောက်, မျက်မှောက်ကြည်ဖြူ, မလှူ မပေးအပ်သည်ရှိသော်၊ နဗလံ ဟရေ - အနိုင်အထက် , နှိပ်စက်ကလူ , မယူ မဖျက်, မခိုးဝှက်နိုင်ပါစေသတည်း။

[ဤဂါထာဖြင့် (၁) စွန့်ကြဲ လှူဒါန်း၍ မကုန်ခန်းနိုင်ဘို့ရန် (၂) ပေးကမ်း လှူဒါန်းပြီးနောက် "လှူဒါန်း ပေးကမ်းမိတာ မှားလေခြင်း" ဟု နောင်တ တဖန် မပူပန်ဘို့ရန်, (၃) လှူဒါန်းပေးကမ်းဆဲ အခိုက်မှာလည်း ဝမ်းမြောက်ဝမ်းသာ ရှိဘို့ရန်, (၄) ကြည်ကြည်ဖြူဖြူ မပေးဘဲ ရန်သူများ မဖျက်ဆီးနိုင်ဘို့ရန် ဆုတောင်းသည်။]

၄။ ဖုသိတေ လောကဓမ္မေဟိ,
ယထာကမ်ံ ဘဝါ ဘဝေ၊
ယေန စိတ္တေန ကမ္မေန်၊
တံ စိတ်ံ နမယီ ဝသေ။

ဘဝါဘဝေ – ဘဝကြီးငယ်, အသွယ်သွယ်၌၊ ယထာကမ်ံ – ရှေးရှေးက ဖန်, အကြောင်းကံအား လျော်စွာ၊ လောကဓမ္မေဟိ – ဖြစ်က ပျက်တုံ့, တွေ့ကြုံရရိုး, လောကဓမ်ံ တရားမျိုးတို့သည်၊ ဖုသိတေ – တန္ခေမထိ, တန္ခေထိဖြင့်, တွေ့ထိ နှိပ်စက်အပ်သည်ရှိသော်၊ ယေန စိတ္တေန – မတည်တံ့နိုင်, မခံခိုင်လတ်, အကြောင်သို့သော စိတ်ဓာတ်ကြောင့်၊ ကမ္မေန်-တရားမမြင်, နားမဝင်ဘဲ, အားအင်ရိန္ဒမ်း, ပင်ပန်း တုန်လှုပ်ကြရလေကုန်၏၊ တံ စိတ်ံ - ထိုကဲ့သို့သော စိတ်မျိုးသည်၊ မယီ - တပည့်တော်၏သန္တာန်၌၊ နဝသေ – တရံတဆစ်မျှ, မဖြစ်ရပါစေသသည်း။

[ဤဂါထာဖြင့် ဆွေမျိုးဥာတိ စည်းစိမ်ဥစ္စာတို့၏ ပျက်စီးခြင်း ဟူသော လောကဓမ်နှင့် တွေ့ကြုံလျှင် မတုန်လှုပ်ဘို့ ဆုတောင်းသည်။]

၅။ အဘိဇ္ဈာ ဣဿာ မစ္ဆေရ-
မိစ္ဆာဒိဋ္ဌိဘိ ပါပတော၊
မာနကောဓာ ကာမလောလာ,
ယာပျရောဂါ ဂတော သဒါ။

ပါပတော - အပါယ်လေးတန်, ရောက်ရန်ညစ်ကျဉ်, မကောင်းမှုဖြစ်သော၊ အဘိဇ္ဈာစ-သူများစည်းစိမ်ကို မတရား လိုချင်တတ်သော လောဘမှုဝင်း၊ ဣဿာစ - သူများဂုဏ်သိရ်, သူ့စည်းစိမ်ကို, မမြိန်

နိုင်တောင်း, စောင်းမြောင်း ငြူစူတတ်သော ဣဿာမှုဝင်း၊ မစ္ဆေရ မိစ္ဆာဒိဋ္ဌိဘိစ - ကိုယ့်စည်းစိမ်ကို, ဝန်တိုတတ်ခြင်း, မှားယွင်းသော အယူတို့မှုဝင်း၊ မာနကောဓာ – မောက်မာတက်ကြွ, မာန်မာနနှင့်, ဒေါသထန်ပြင်း, ကြမ်းတန်းခြင်းမှုဝင်း၊ ကာမလောလာ-ကာမဂုဏ်ပုက်, အာရုံတွက်ကြောင့်, ရောက်ရက်ခတ်ပျော်, လျှပ်ပေါ်လော်လီခြင်းမှုဝင်း၊ ယာပျရောဂါ-ကုစားဖေးမ, မအေးရအောင့်, ဘေးဘယစုံ, အဖုံဖုံသော ရောဂါမျိုးမှုဝင်း၊ သဒါဂတော-ပိန်းကြောဖက်ပြင့်, ရေမတင်သို့, ကင်းစင် လွှင့်ပျောက်, မကပ်ရောက်ပါစေသတည်း။

[ဤဂါထာဖြင့် အဘိဇ္ဈာ ဣဿာ မစ္ဆရိယ မိစ္ဆာဒိဋ္ဌိ မာန ဒေါသတို့နှင့် ကာမဂုဏ်အတွက် လျှပ်ပေါ်လော်လီခြင်း, အနာရောဂါ များခြင်းမှ ကင်းဘို့ရန် ဆုတောင်းသည်။]

၆။ ပါယေန ပေါရာဏာ သန္တာ,
နေက္ခမ္မာ-ဘိရတာ သဒါ၊
တသ္မာ နေက္ခမ္မ နိန္နော-မှိ,
သုဒိဋ္ဌာ-ဒီနဝေါ ဃရေ။

ပေါရာဏာ - ရှေးအထက်က, ဖြစ်ပေါ်ကြကုန်သော၊ သန္တာ – ပါရမီနှင့်, ညာညီတင့်၍, အရင့်အမာ, လောင်းလျာ ဂိုဏ်းဝင်, သူတော်စင်တို့သည်၊ ပါယေန - တွေ့ကြ ဆုံကြ, ဘုံဘဝဝယ်, ကြုံရလေငြား, များသောအားဖြင့်၊ သဒါ-ဖြစ်ရဖန်ခါ, သံသရာဟု, ခန္ဓာဖြင့် ပိုင်း, ဘဝတိုင်း၌၊ နေက္ခမ္မာ ဘိရတာ - ရွှင်ဟောင်း ကျကြေ, ရွှင်သစ်ဝေသည့်, အောင်မြေရဂုံ ရိပ်မြုံခင်တန်း, ကျောင်းသခ်မ်း၌, ရွှင်လမ်းမှေ့ လျော်, စံပျော်တော်မူကြလေကုန်ပြီ၊ တသ္မာ-ရှေးသော

ခါတွင်, သူတော်စင်တို့, တောဝင် အောင်းခို, ဗြဟ္မစိုရ်ဖြင့်, အလို ပြည့်ဝ, ဖြည့်တော်မူကြလေ သောကြောင့်၊ ဃရေ – စားသောက် နေရေး, ဖွေရှာရေးနှင့်, မင်းဘေးစိုးတာ, လွန်စွာမြားမြောင်,လူတို့ ဘောင်၌၊ သုဒိဋ္ဌာဒီနဝေါ-ပစ္စည်းဥစ္စာ,အရာရာဝယ်,မရှာမကောင်း, ရှာမကောင်းနှင့်, မစုဆောင်းခက်, စုဆောင်းခက်သည့်, သက်သက် ဖြစ်ခြေ, အပြစ်တွေကို, စစ်လေ ရိပ်မိ, တွေးတိုင်းသိသည် ဖြစ်၍၊ နေက္ခမ္မ နိန္ဒော - အခွင့် အခါ, မသင့်ပါလည်း, ချင့်စာ ရော်ယမ်း, တောကိုမှန်းသည်၊ အမှိ-စင်စစ်မကွာ, ဖြစ်ရပါလို၏။

[သူတော်ကောင်းတို့သည် လူ့ဘောင်၌ နေရသော်လည်း မပျော်မွေ့ကြ၊ ထို့ကြောင့် ဤဂါထာဖြင့် တောထွက်ခွင့် မရစေကာမူ ဘဝတိုင်း တောထွက်လိုသောစိတ် ဖြစ်ဘို့ရန် ဆုတောင်းသည်။]

၇။ သံသာရမှာ သာမညေန,
နမုစ္စေယျ တဟိံ တဟိံ၊
ဂတိံ ဂတိံ ဘဥ္ဇနတ္ထာပိ,
သဥ္ဇယဿာမိ ပါရမိံ။

တဟိံ တဟိံ – တွေ့ကြ ဆုံကြ,ဘုံဘဝဝယ်, ကြုံရလေတောင်း, သောင်းပြောင်း အာရုံ, အဖုံဖုံ၌၊ သာမညေန – သူများ နည်းတူ, သူ့မူ မပျက်, သူ့ထက်မသာ, လိမ္မာဟန်ပြ, စံမပြလောက်သေးပါ မူကား၊ သံသာရမှာ - မဟာဗြဟ္မေ,လျှာ ကုဋ္ဌေဖြင့်, ရှာဖွေ မှန်းဆ, ဂဏန်း ပြဘို့, နှမ်းမျှ မလွယ်, တကယ် မှန်စွာ, မကြံသာသည့်, သံသရာခရီး, ကန္တာကြီးမှ၊ နမုစ္စေယျ-ဘုန်းစ ကံချန်, သမ္ဘာမွန်၍,

(အဋ္ဌမအကြိမ်)

တံခွန်ဆောက်ကိုင်, မလွန် မြောက်နိုင်သေးရာ၊ အမုတ္တတ္တာ- လွတ်ဘို့ ဝေးရှဲ, မတွေးနဲ့တော့, ဘေး တကဲ့စုံ, အဖုံဖုံ ဇာတ်ပြား၍, ထပ် မနား အပါယ်ခရီး၌, တလယ်တည်း လယ်နေရမည့်အရေးကြောင့်၊ ဂတိံ ဂတိံ - ဒေဝ မနုဿ, နိရယနှင့်, ပေတ တိရစ္ဆာန်, လားရန် အရှိ, ငါးတန် ဂတိကို၊ ဘဥ္ဇနတ္ထာပိ – ကောင်းရာ မြန်းလင့်, စခန်း တင့်လည်း, ငြမ်းဖြင့် တက်ပြီး, ငြမ်းဖျက်နည်းသို့, ဖျက်ဆီးလွန် မြောက်, နိဗ္ဗာန်ရောက်ဘို့ အကျိုးငှါ၊ ပါရမိံ -နိဗ္ဗာန်နန်းခွင်, စခန်း ဝင်ဘို့, လမ်းစဉ် အကျ, ဒါန စသည်, ပါရမီ အကျိုး, ကောင်းမှုမျိုး ကို၊ သဥ္ဇယိဿာမိ – တမြင့်ထဲ မြင့်, ဆင့်ကဲ တင့်ဘို့, အသင့် မကွာ, ချင့်စာတိုးပွား, တမျိုးအားဖြင့်, ကြိုးစား ဖြည့်ကျင့်ပါတော့မည် ဘုရား။

[ဤဂါထာ၌ သာမည အနေမျိုးဖြင့် သံသရာမှ လွတ်မြောက်၍ နိဗ္ဗာန် မရောက်နိုင်သောကြောင့် ငြမ်းဖြင့် အထက်ရောက်အောင် တက်ပြီးလျှင် အထက်သို့ ရောက်က ငြမ်းကို ဖျက်ချလိုက် သကဲ့သို့, အထက်တန်း ဂတိကောင်း ဂတိမြတ်၌ဖြစ်လျက် ပါရမီကို ဖြည့်ပြီးလျှင် ပါရမီပြည့်က ဂတိကောင်းတွေကိုပင် ဖျက်ဆီးကာ နိဗ္ဗာန် ရောက်ဘို့ရန် အရာရာ သတိထားလျက် အများထက် သာအောင် ပါရမီ ဖြည့်ပါမည် – ဟု ဝန်ခံသည်။]

ဤကား ဖြည်းဖြည်းသက်သာ ဆုတောင်းဘို့ရာ အများနှင့် ဆက်ဆံသော ဆုတောင်းတည်း၊ ထိုထို ကောင်းမှုကို ပြုတုန်းအခါ ကြည်ညိုလျက် ပရိသတ်အလယ်မှာ ဖြစ်လျှင် တိုးတိုးရွတ်ဆို၍ ဆု တောင်းရန် အကျဉ်းချုပ်ကား....

(အဋ္ဌမအကြိမ်)

ဆွမ်းလှူသောအခါ ဆုတောင်း

ရသာ မွေးကြူ, ဆွမ်းဖွေးဖြူကို, ပေးလှူပါရ, ဤ ပုညကြောင့်, ဘဝတိုင်းဝယ်, ပညာကြွယ်လျက်, မြန္ဒယ်ရွှေနှင့်, အနေတင့်, ဆင့်ဆင့် မြင့်ရလို။

ပန်းလှူသောအခါ ဆုတောင်း

အနံ့လည်းသင်း, အဆင်းလည်း လှ, ပန်းလှူရ၍, ဘဝတိုင်းဝယ်, ပညာ ကြွယ်လျက်, သွယ်သွယ် ဂုဏ်နှင့်, အစုံတင့်, ထုံသင့် ကြိုင်ရလို။

ရေချမ်းလှူသောအခါ ဆုတောင်း

ကြည်လင်အေးမြ, ရေလှူရ၍, ဘဝတိုင်းဝယ်, ပညာကြွယ်လျက်, ကိုယ်ဝယ် တွင်းပြင်, ညစ်ကြေးစင်, ကြည်လင် အေးမြလို။ [ကိလေသာကို "အတွင်း အညစ်အကြေး" ဟု ဆိုသည်။]

ဆီမီးလှူသောအခါ ဆုတောင်း

ထွန်းလင်း တောက်ပ, မီးလှူရ၍, ဘဝတိုင်းဝယ်, ပညာကြွယ် လျက်, လနှယ် နေနှင့်, အသရေ တင့်, ဆင့်ဆင့် ထွန်း တောက်လို။

နံ့သာတိုင်လှူသောအခါဆုတောင်း

သင်းပျံ့ လွှမ်းကြိုင်, ဤပန်းတိုင်ကို, လှိုင်ပစေဟူ, ပူဇော်ပါရ, ဤ ပုညကြောင့်, ဘဝ စဉ်လာ, မယွင်သာအောင်, ပညာ ဆင်းနုံ, သတင်းနံ့, သင်းပျံ့ ကြိုင်ရလို။

ဆုတောင်းမှု။ ။ဆုတောင်းဟူသည် မိမိလိုသော အကျိုးကို စိတ်ဖြင့် မှန်းဆ၍ဖြစ်စေ, နှုတ်ဖြင့် တမ်းတ၍ဖြစ်စေ, တောင်းဆိုခြင်း ဖြစ်သည်၊ ကောင်းမှုကိုလည်းပြု, ဆုကိုလည်း တောင်းလျင် လိုရာ အကျိုး ပြီးစီးတတ်၏၊ တောင်းသော ဆုနှင့် ထိုက်တန်အောင်ကား ကုသိုလ်ကောင်းမှုကို ပြုကြရပေမည်၊ ဘုရားအဖြစ်ကို အလိုရှိလျှင် လေးအသင်္ချေနှင့် ကမ္ဘာတသိန်း တိုင်အောင်, အရှင် သာရိပုတြာ ကဲ့သို့ အဂ္ဂသာဝက အဖြစ်ကို အလိုရှိလျှင် တသင်္ချေနှင့် ကမ္ဘာ တသိန်းတိုင်အောင်, အရှင် မဟာကဿပ အရှင် အာနန္ဒာ စသည် ကဲ့သို့ မဟာသာဝက အဖြစ်ကိုဂင်း, မိထွေးတော် ဂေါတမီ-ခေမာ-ဥပ္ပလဝဏ်ထေရီမတို့ ကဲ့သို့ ထင်ရှားသော ရဟန္တာမိန်းမ အဖြစ် ကိုဂင်း, အလိုရှိလျှင် ကမ္ဘာတသိန်း တိုင်အောင် ပါရမီ ဖြည့်ကြရ လိမ့်မည်။

အထူးအထေ ဂုဏ်ထူးကို မလိုလားဘဲ သာမည အနေမျိုးဖြင့် နိဗ္ဗာန်ကို အမြန်လိုချင်သူကား ကြိုးကြိုးစားစား အားထုတ်ပါမူ ယခု ဘဝမှာပင် ရနိုင်ခွင့် ရှိပါ၏၊ မရနိုင်သေးလျှင် ဤ ဘုရားရှင်၏ သာသနာမှာပင် ရခွင့်ရှိ၏၊ အရိမေတ္တေယျ ဘုရားရှင်၏ လက်ထက် တော်ကျလျှင်ကား မုချ ရနိုင်စရာရှိ၏၊ ဆုတောင်းသောအခါလည်း မိမိ အလိုရှိရာ ဆုကို မိမိဘာသာ တောင်းခြင်းသာလျှင် လမ်းမှန် ကျ၏၊ ယခုကာလ၌ကား ကောင်းမှု ပြုရာဝယ် ဘုန်းတော်ကြီးက ရေစက်ချခွင့် ဆုတောင်းကို ချပေးသောကြောင့် ဘုန်းကြီးနှုတ်တက် ရသော ဆုတောင်းနှင့် အလှူရှင်၏ အလိုမှာ သဘောတူဘို့ ခဲယဉ်း၏၊ စိတ်မပါဘဲ လိုက်နေရလျှင်လည်း ပြည့်စုံဘို့ ခဲယဉ်းလှ၏။

အောက်နိုင်ငံ ရှင်ပြုတခဏ်တော်တော်နာမည်ကြီးသော ဘုန်းကြီးတပါး ရေစက်ချပေးရာဝယ် အဂ္ဂသာဝက မဟာသာဝကကြီးများရသမျှ အကျိုးဂုဏ်များကို အလှူဒကာ တဥုးထည်းက အစုံအလင်ရဘို့ရန် ရေစက်ချ၍ (ဆုတောင်း) ပေးသောကြောင့် အတော်နားလည်သော ဒကာ တယောက်က "တကယ့် ရဟန္တာကြီးများတောင်မှ တမျိုးစီသာ ရနိုင်ကြတဲ့အကျိုးကို အရှင်ဘုရား ဒကာမှာ အားလုံးစုံ ရနိုင်ပါမည်လား ဘုရား" ဟု လျှောက်ထားသဖြင့် ထို ဆရာတော်မှာ မျက်နှာညှို့၍ အလိုမကျဘဲ ရှိဘူးသတဲ့။

ရွှေတိဂုံ ကုန်းတော်ပေါ် ကဲ့သို့ အချို့သော မြို့ကြီးများ၏ ဘုရားဥကား ရေလူ ပန်းလူသည့်အခါမှ စ၍ ဆုတောင်းကို ရေသည်အားငေ့ပေး၍ခိုင်းကြသေး၏၊ အားလုံးလုပ်ငန်းများ နည်းလမ်းမကျချေ၊ ရှေးက အလောင်းအလျာတို့ ကောင်းမှုပြုကြရာ၌ ရေအဆင်သင့်ရှိလျှင် ရေစက်သွန်းချ၍, ရေမရှိလျှင် ရေစက်ပင် မချတော့ဘဲ လိုရာဆုကို အတိုချုပ်မျ တောင်းကြ၏၊ ယခုကာလလို "ဘန္တေ - အရှင်ဘုရား၊ မယံ-အကျွန်ုပ်တို့သည်" ဟု တခမ်းတနား သွယ်ဝိုက်နေသည်မဟုတ်၊ ထို့ကြောင့် မိမိဘာသာ လိုရာဆုကို တောင်းခြင်းသာလျှင် ရှေးထုံးကျသဖြင့် ဘုန်းကြီးချပေးတိုင်း လိုက်ဆိုရသော ယခုကာလ ဆုတောင်းနည်းကို ရှောင်ကြဉ်သင့်ကြ ပေသည်။

ရေစက်ချ စဉ်းစားဘွယ်။ ။ ယခုခေတ် အလှူဒါန ပြုကြသောအခါ ရေဖလား ရေကရား စသည်၌ ရေထည့်၍ အောက်ခံ ခွက်တခုပေါ်မှာ ရေတစက်တစက် ချရင်း ဘုန်းကြီးချပေးသော "ဘန္တေ- အရှင်ဘုရား၊ မယံ-တပည့်တော် တို့သည်၊ သံသာရဝဋ္ဋ ဒုက္ခတော - သံသရာ ဝဋ်ဆင်းရဲမှ" စသော စာတမ်းကို လိုက်၍ ဆိုကြရ၏၊ ထိုသို့ ရေတစက်တစက် ချရင်း

(အဋ္ဌမအကြိမ်)

ဆိုနေခြင်းကိုပင် "ရေစက်ချ" ဟု ခေါ်တွင်နေသည်၊ ထို ရေစက်ချနည်းကို ဘုန်းကြီး မသက်ဘဲသလို ဖြစ်နေသောကြောင့် ကျမ်းစာများကို ကြည့်ရှုပို့ချရင်း ကျမ်းစာ အသုံးအနှုန်းများကို သတိထားလေ့ရှိရာ....

၁။ ဝေဿန္တရာဇာတ်ဝယ် ဆင်ဖြူတော် လှူခဏ်း၌ " သုဂန္ဓောဒက ပူရိတံ သုဝဏ္ဏဘိင်္ကာရံ ဂဟေတွာ ဟတ္ထိသောဏ္ဍံ ဂဟေတွာ တေသံ ဟတ္ထေ ထပေတွာ ဥဒကံ ပါတေတွာ အဒါသိ= နံ့သာရေဖြင့်ပြည့်သော ရွှေကရားကို ယူ၍ ဆင်ဖြူတော်၏ နှာမောင်းကို ကိုင်ပြီးလျှင် ထို ပုန်ဏားတို့ လက်၌ထား၍ ရေကို ကျစေလျက် လှူပြီ" ဟု တွေ့ရ၏၊ သားတော် သို့းတော် လှူခဏ်း မဒ္ဒီမိဖုရားကို လှူခဏ်း၌လည်း ဤနည်းပင်တည်း။

၂။ ဝိနည်းမဟာဝဂ်, စီဝရက္ခန္ဓကအဖွင့် ဝိမတိဋ္ဌိကာ၌ " ပဌမံ ဥဒကံ ပါတေတွာ ပစ္ဆာ ဒေန္တိ = ရေကို ပဌမ ကျစေ၍ နောက်မှ (သင်္ဃန်းတို့ကို) လက်ဆောက် လှူကုန်၏" ဟုငင်း, ပဥ္စက အင်္ဂုတ္တိုရ်- ဗြာဟ္မဏဝဂ် ဋ္ဌိကာ၌ " ဥဒကံ ပါတေတွာ ဒေန္တိတိ - ဗြာဟ္မဏသာ ဟတ္ထေ ဥဒကံ အာသိဉ္စန္တာ ဒေန္တိ = ပုန်ဏား၏ လက်၌ ရေကို လောင်းထည့်၍ (သတို့သမီးကို) ပေးလှူကုန်၏" ဟုငင်း တွေ့ရ၏။

၍အားလုံးကို ကောက်ချက်ချလိုက်လျှင် ရှေးအခါက အလှူဒါန ပြုရာတိုင်းဝယ် ကြည်လင်အေးမြသော လက္ခဏာကို ဖော်ပြတို့ရာ ရေကို အလှူခံပုဂ္ဂိုလ်၏ လက်၌ လောင်းထည့် သွန်ချ၍ ပေးလှူလေ့ရှိကြဟန် တူသည်၊ ယခုကာလ တစက်တစက် ချနေသော ရေစက်ချသည် ထိုထုံးစံကို လိုက်ဟန် ရှိသော်လည်း ထို ရှေးစံနစ်နှင့် မတူချေ၊ ထို့ကြောင့် ဘာသာရေးကိစ္စ၌ သဘာဝကျကျ ပြုပြင်လိုသော အမျိုးသား အမျိုးသမီးတို့သည် ဘုန်းကြီးက ချပေးတိုင်း လိုက်ဆိုရသော ဆုတောင်းနှင့် တစက်တစက် ချရသော ရေစက်ချနည်းကို ပြုပြင်၍ ကြည်လင်သောရေကို အလှူခံပုဂ္ဂိုလ်၏ လက်ပေါ်မှာ ဖြစ်စေ, မြေပေါ်မှာဖြစ်စေ, သွန်းလောင်း၍ အလိုရှိရာဆုကို ကိုယ့်ဘာသာ တောင်းသော ရှေးအကျဆုံး မူဟောင်းကိုသာ လိုက်သင့်ကြပါသည်။

(အဋ္ဌမအကြိမ်)

ဘုရား အဖြစ်တော်စဉ်
နိဒါန်း

ဤမျှလောက်သော စကားအစဉ်ဖြင့် ဘုရား ဖြစ်တော်မူသော အခါ ရရှိသော ဂုဏ်တော်များနှင့် တရား သံဃာတော် အပြင် ဗုဒ္ဓဘာသာဝင်တို့၏ကျင့်စဉ်သိဘုယ် အသွယ်သွယ်သောအချက်များကို ထင်ရှားပြခဲ့ပြီ၊ ထိုကဲ့သို့ ဂုဏ်ရှိသော တရား သံဃာတော်တို့၏ အရှင် ဗုဒ္ဓဘာသာဝင်အပေါင်း၏ အားထားကိုးကွယ်ရာ "မြတ်စွာဘုရား" ဟူသည် "လူလော— နတ်လော— ဗြဟ္မာလော , အဘယ်အရပ်မှာ ဖွားမြင်သော ဘယ်အမျိုးသားဖြစ်သနည်း, ဘုရားဖြစ်ဘို့ရာ အဘယ် မျှလောက် အခြိန်ကစ၍ အဘယ် အရာများကို အားထုတ်တော်မူခဲ့ သနည်း, ထိုသို့ အားထုတ် ဆည်းပူးတော်မူအပ်သောအရာကို အခြား သော လူ— နတ် — ဗြဟ္မာတို့က ထို ဘုရားရှင်နှင့် တန်းတူအောင် အားထုတ်နိုင်မည်လော , ဘုရားဖြစ်အောင် အားထုတ်တော်မူခြင်း သည် သံသရာမှာ ကြာရှည်စွာ နေလို၍ပေလော , သို့မဟုတ် ဂုဏ် ပကာသန အတွက် သူတပါး အထက်က သက်သက် ကိုးကွယ်ခံလို၍ ပေလော" ဤသို့သော မေးမြန်းဘွယ် စဉ်းစားဘွယ် အချက်တွေကို ဖြေဆို ရှင်းလင်းပြီးဖြစ်အောင် ထိုထို ကျမ်းဂန်တို့မှ ထုတ်ဆောင်၍ "ဘုရား အဖြစ်တော်စဉ်"ကို ပြဦးအံ့။

× × × × ×

[အချို့ မကြားနာဘူး ထူးဆန်းသော စကားများကို မြောက်ပိုင်း ဗုဒ္ဓဘာသာဝင် တို့၏ " လလိတဝိတ္ထာရ သုတ္တန်စကား " ဟု မှတ်ပါ။]

သဒ္ဓေးသား သုမေဓာ

ဤကမ္ဘာမှပြန်၍ ရေတွက်သည်ရှိသော် လေးအသင်္ချေနှင့် ကမ္ဘာ တသိန်း အထက်၌ "အမရဝတီ" မင်းနေပြည်တော်ဝယ် သဒ္ဓေး အမျိုးအရိုး အစဉ်အဆက်မှ ဆင်းသက်၍ လာခဲ့သော သတ္တိသား တယောက်သည် "သုမေဓာ"ဟူသော အမည်ဖြင့် ထင်ရှားခဲ့လေ၏၊ ထိုသတ္တိသားငယ်စဉ်ကပင် မိဘများကွယ်လွန်ကြသဖြင့် ရွှေ ငွေ စိန် ကျောက် အစရှိသော ရတနာတိုက်ပေါင်း များစွာကို ဘဏ္ဍာတော် ထိန်း အမတ်က ထိန်းသိမ်း စောင့်ရှောက်ထားရလေသည်။

ထို သတ္တိသားသုမေဓာသည် အတတ်ပညာကို သင်ကြားလေရာ ၁၆ နှစ် အရွယ်မှာပင် ဆိုင်ရာ အားလုံးတို့ကို ပြီးဆုံး လုံလောက် တဘက်ကမ်းရောက်မျှ တတ်မြောက်ပြီးဖြစ်၍ ပစ္စည်းများကို စာရင်း နှင့်တကွ ပစ္စည်းထိန်းအမတ်က လွှဲအပ်သည်ကို လက်ခံပြီးနောက် ပစ္စည်းရှင်ဖြစ်ကြသော မိဘ ဘိုးဘွားတို့ အဆက်ဆက် ကွယ်လွန်ကြ ကာ ပစ္စည်းတွေသာ ကျန်ရစ်ပုံကို အကြောင်းပြုလျက် ပင်ကိုယ်က ပညာပါရမီဓာတ်ခံ ရင့်သန်ပြီး အပေါ်ဝယ် သင်ယူ တတ်မြောက် ထားသော ကျမ်းစာ အသိတို့ကိုပါ ရောစွက်၍ ဆိတ်ငြိမ်ရာ အရပ် အုပ်တို့က်၏ အထက်ထပ်သို့ တက်ပြီး ကမ္မဋ္ဌာန်း အားထုတ်သည့် အသွင် တင်ပလ္လင်ဖွဲ့ခွေ ထိုင်နေလျက် လေးနက်စွာ စဉ်းစားလေ သည်။ [ပင်ကိုယ်ဉာဏ် ရှိ၍ ကျမ်းစာတတ်သိသူ၌ ထူးထူးခြားခြား စဉ်းစားဉာဏ် ပေါ်လာတတ်သည်မှာ ထုံးစံ ဖြစ်၏၊ သို့သော် သင်ယူ အပ်သော ပညာသည် လမ်းမှန်ကို ညွှန်ပြနိုင်သောပညာ ဖြစ်မှ အမှန်ကို စဉ်းစားနိုင်ပေမည်။]

စဉ်းစားတော်မူခဏ်း

အိုကြရ,နာဖျားကြရ, မိန်းမော တွေဝေလျက် သေကြေပျက်စီးကြရ, သေလွန်ပြီးနောက် ပဋိသန္ဓေ တည်နေကြရသဖြင့် ဤ သတ္တလောကကြီးသည် သက်သာခွင့် မရလောက်အောင် ဆင်းရဲလှပါတကား၊ ငါသည်လည်း ဤ ဆင်းရဲမျိုးမှ မလွတ်သေး၊ ဤ ဆင်းရဲမျိုးမှ လွတ်ရာလွတ်ကြောင်းဖြစ်၍ ကောင်းမြတ်သော သဘောတမျိုးကား ဧကန်မုချ ရှိရပေလိမ့်မည်၊ အပူရှိလျှင် အအေးလည်းရှိရ, မကောင်းမှုရှိလျှင် ကောင်းမှုလည်းရှိရ, ဆင်းရဲရှိလျှင် ချမ်းသာလည်း ရှိရသကဲသို့, အို နာ သေရေး ဒုက္ခဘေးတို့ဖြင့် ကြီးလေးစွာ ဆင်းရဲခံနေရသော ဤခန္ဓာကိုယ်ရှိလျှင် မအို မနာ မသေရာဖြစ်သော ဓာတ်တမျိုးလည်း ဧကန် ရှိသင့်သေး၏၊ ထို တရားထူးကို မရမနေ ရှာဖွေတော့အံ့။

ထင်ရှားရှိသော တရားကို မရှာဘဲနေခြင်းသည် တရား၏ အပြစ်မဟုတ်၊ မရှာသူ၏ အပြစ်သာတည်း၊ မိဘ ဘိုးဘွား အဆက်ဆက် ဆွေမျိုးများသည် စီးပွား ဥစ္စာတွေကို ရှာဖွေ စုဆောင်းပြီးလျှင် အနည်းငယ်မျှ မယူနိုင်ဘဲ စွန့်ခဲ့ကြရကုန်ပြီ၊ ငါ၏ ဆွေမျိုးများသည် ပစ္စည်းကို ရှာသာ ရှာတတ်၍ မယူတတ်ကြပေ၊ ငါကား ဤပစ္စည်း ဥစ္စာတွေကို စွန့်ကြဲ ပေးကမ်းသောအားဖြင့် ယူသွားတော့အံ့၊ ဤသို့ ကြံစည် စဉ်းစားလေသည်။ ["လူဒါန်း ပေးကမ်းလျှင် မိမိသန္တာန်၌ ဒါနကုသိုလ် ကျန်ရစ်၏၊ ထိုဒါနဖြင့် နောက်နောက်ဘဝ၌ ဤကဲ့သို့သော ပစ္စည်းများကို ရနိုင်သည်" ဟု ကြံစည်လိုရင်း ဖြစ်သည်၊ ထိုသို့ ကြံစည်ပုံကို ထောက်လျှင် "ကမ္မဿကတာ သမ္မာဒိဋ္ဌိဉာဏ်" ရနေပြီဟု သိသာ၏။]

တောထွက်၍ ဈာန်အဘိညာဉ် ရတော်မူခဏ်း

ဤသို့လျှင် သတို့သား သုခမိန်သည် မအို မနာ မသေရာကို ရှာလိုသော ဇောဆန္ဒက ပြင်းထန် ကြီးမားလှသောကြောင့် မရေမတွက်နိုင်အောင် မြားမြောင်လှသော စည်းစိမ်တွေ အပေါ်မှာ အနည်းငယ်မျှ တွယ်တာတော်မမူဘဲ ရွှေ ငွေဘဏ္ဍာ ရတနာအပြည့်ဖြစ်သော တိုက်ကြီးများကို ဖွင့်လှစ်ကာ "အလိုရှိရာကို ယူရစ်ကြတော့" ဟု စွန့်ကြဲတော်မူပြီးနောက် ဝတ်ဆင်မြဲ အဝတ်တစုံမျှဖြင့် ဟိမဝန္တာသို့ မြန်းကြွပြီးလျှင် ဝိသကြုံနတ်သား ဖန်ဆင်း၍ထားနှင့်သော ကျောင်းသင်္ခမ်းနှင့် ရဟန်း ပရိက္ခရာတို့ကို တွေ့မြင်၍ ရသေ့ရဟန်းအသွင်ကို ယူတော်မူလေသည်။

ထို့နောက် ကမ္မဋ္ဌာန်းကို အားထုတ်လေရာ ပင်ကိုယ် ထက်မြက်သော ဉာဏ်ပါရမီနှင့် သင်ကြား တတ်မြောက်ထားသော ကျမ်းစာတို့၏ အစွမ်းအပြင် ဈာန်အဘိညာဉ်တို့အထက် ဟိုဘက် နိဗ္ဗာန်ကို ရှာကြံလိုသော ဆန္ဒတော်ကြောင့် * လောကီ ဈာန်အဘိညာဉ် အတွက်မှာ ရက်များစွာ မကြာဘဲ ခုနစ်ရက်အတွင်းဝယ် အလွယ်တကူ ထမြောက်တော်မူလေသည်။

× × × × ×

*အဘိညာဉ်၏အစွမ်းကား မြေလျှိုး-မိုးပုံ, ပုံသဏ္ဌာန်အမျိုးမျိုး ဖန်ဆင်းခြင်းနှင့်တကွ ဝေးဝေးလန်လန် သေးငယ်သောအသံကို ကြားနိုင်ခြင်း, သေးငယ်သော အဆင်း , ငရဲသူ ငရဲသား ပြိတ္တာများနှင့် အထတ်နတ်များကို မြင်နိုင်ခြင်း စသည်တည်း။

ထို့နောက် ရအပ်ပြီးသော စျာန်အဘိညာဉ်ဖြင့် မွေ့လျော်ကာ နိဗ္ဗာန်ကို ရှာကြံသော်လည်း ကောင်းစွာ အထမမြောက်သေးချေ၊ သို့သော် ပင်ကိုယ် ပညာပါရမီခံ ရင့်သန်ပြီး ဖြစ်သည့်အပြင် စျာန်အဘိညာဉ်တို့၏အတွက် တိုးတက်လာသော ဘာဝနာ ဉဏ်အစွမ်းကြောင့် အနည်းငယ်မျှ သဲလွန်စရလျှင် နိဗ္ဗာန်ကို ဘွားကနဲ မြင်နိုင်ဘို့ရာ ကောင်းကောင်းကြီး လုံလောက်သော အခြေအနေသို့ ရောက်လေပြီ။

ဘုရားဆု ပန်တော်မူခဏ်း

ထိုသို့ စျာန်အဘိညာဉ်ဖြင့်မွေ့လျော်ကာ တရံတခါ ကောင်းကင်ခရီးဖြင့် လှည့်လည်တော်မူလေရာ, နှစ်ပေါင်း အတော်ကြာလျှင် "ဒီပင်္ကရာ" ဘုရားရှင်လည်း ပွင့်တော်မူလာသောကြောင့် "ရမ္မာ" နေပြည်တော်သားတို့သည် ဘုရားရှင်ကို ပင့်ဖိတ်လျက် ကြွတော်မူရန် လမ်းပြင်နေကြသည်ကို မြင်သဖြင့် ကောင်းကင်မှ ဆင်းသက်၍ မေးမြန်းလေလျှင်, အကြောင်းအရာကို ကောင်းစွာသိရသည့်အတွက် နှစ်သက် ဝမ်းမြောက်ခြင်း ပြင်းစွာဖြစ်ရကား မိမိလည်း လမ်းပြင်လိုကြောင်း ခွင့်တောင်းလေသည်၊ ထိုအခါ "ဤရသေ့သည် တန်ခိုးကြီးသူဖြစ်၏၊ တန်ခိုးဖြင့် လမ်းကိုပြင်လိမ့်မည်, ရှုံညွှန်ရှိသောနေရာကို ပေးကြစို့ရဲ့" ဟု တိုင်ပင်လျက် အပြုအပြင်ခက်သော နေရာကို ပေးကြလေ သတဲ့။

အရှင်ရသေ့သည် တန်ခိုးဖြင့် ပြင်ဆင်လျှင် လွယ်ကူစွာ ပြီးနိုင်သော်လည်း ကိုယ်ဖြင့် ပင်ပန်းခံ၍ ပြုမှ သာ၍ အကျိုးများဘွယ်ရှိသောကြောင့် သူများနည်းတူ မြေကိုထမ်း၍ ရှုံညွှန်ဘွက်ကို ဖို့နေစဉ်

ရဟန္တာ ၄ သိန်း အခြံအရံဖြင့် ဘုရားရှင် ကြွတော်မူလာလေသည်၊ ထိုအခါ ဘုရားရှင်၏ ကြက်သရေတော်ကို ဖူးမျှော်ရ၍ လွန်စွာ ဝမ်းမြောက်လှသဖြင့် ယခင်က မပြီးသေးသော ရှုံညွှန်အပြင်ဝယ် ဘုရားရှင်နှင့်တကွ နောက်ပါ ရဟန္တာအပေါင်းကို နင်းတော်မမူစေဘဲ မိမိအပေါ်၌ နင်း၍ ကြွတော်မူရန် တံတားအသွင် ခင်းလျက် ဝပ်စင်းနေလေသည်။

ထို့နောက် မိမိဥုးခေါင်းရင်းသို့ ဘုရားရှင် ရောက်တော်မူလာသောအခါ ဆင်ခြင် စဉ်းစားတော်မူသည်မှာ "ငါသည် တကိုယ်ရေတကာယဖြင့် နိဗ္ဗာန်ကို အလိုရှိလျှင် ယခုပင် ကိလေသာအာသဝေါတို့ကို ကုန်ခန်းစေလျက် ရဟန္တာအဖြစ်သို့ ရောက်နိုင်လောက်ပေပြီ၊ သို့သော် အို နာ သေရေး ဒုက္ခဘေးတို့ဖြင့် နစ်မွန်း မျောပါးနေကြရရှာသော သတ္တာတွေကို ကယ်ဆယ်နိုင်လောက်သော စွမ်းရည်သတ္တိရှိသူတယောက်က မကယ်မယူ လျစ်လျူ ပစ်ထား၍ ကိုယ်လွတ်ရုန်း သွားခြင်းကို တရားနည်းလမ်း ကျသည် ဟု မဆိုနိုင်ချေ၊ ဥပမာ – လူပေါင်းများစွာ ပင်လယ်ကြောဝယ် မျောနေကြရာ၌ ကိုယ်ပိုင်သင်္ဘောဖြင့် လာသူက မကယ်ဆယ်ဘဲ ရှောင်လွှဲ၍ သွားသကဲ့သို့ ရှိရာ၏" ဟု ကြံတော်မူသည်။ [ဤအကြံသည် သတ္တာများအပေါ်၌ ကရုဏာအားကြီးသူမှန်လျှင် ဧကန်ဖြစ်ထိုက်သော အကြံတည်း။]

ဤသို့လျှင် အရှင် ရသေ့သည် ရှေးတုန်းက မိမိ အတွက်သာ နိဗ္ဗာန်ကို ရှာခဲ့ပါသော်လည်း နိဗ္ဗာန်ကို ညွှန်ပြမည့် ဘုရားရှင်နှင့် တွေ့ရသောအခါ သတ္တာအပေါင်းကို ကယ်တင်နိုင် လောက်သော ဘုရားရှင်၏ အသရေတော်ကိုလည်း ဖူးမျှော်ရ, အပါယ်လေးပါး၌

အလှန်အမင်း ဆင်းရဲနေကြရှာသော သတ္တဝါတွေကို အဘိညာဉ် အစွမ်းဖြင့် မျက်ဝါးထင်ထင် လှမ်းမြင်လည်း မြင်ရ, မိမိ၏ စွမ်းရည်ကိုလည်း ယုံကြည် စိတ်ချသောကြောင့် သတ္တဝါတို့၌ လှန်မင်းစွာ သနားတော်မူသော မဟာကရုဏာတော်က အားကြီးလှသဖြင့် ဆန္ဒတော် တမျိုးတက်ကာ ကြာပန်း ၅ စည်းကို လူပြီးလျှင် ဘုရားဆုကို ပန်ဆိုတော်မူလေသည်။

အမှာ။ ။ဒီပင်္ကရာဘုရားရှင်ကို ဖူးမျှော် ကန်တော့ရန် ထုတ်လာကြသော အမျိုးသမီးများတွင် "သုမိတ္တာ"မည်သော အမျိုးသမီးသည် အလောင်းတော် ရှင်ရသေ့ကို မြင်လျှင် မြင်ခြင်း ရေစက်မကင်းသည့်အတွက် ထူးခြားသော မေတ္တာစနက်ဖြင့် သွယ်ဆက်မိလေသည်၊ ထို့ကြောင့် မိမိမှာပါသော ကြာပန်းရွှစ်စည်းတွင် မိမိပူဇော်ဘို့ ၃ စည်း ချန်ထား၍ အလောင်းတော် ရသေ့အား ကြာ ၅ စည်းကို ဆက်ကမ်းလေ သတဲ့။

ဗျာဒိတ် ရတော်မူခြင်း

ဒီပင်္ကရာဘုရားရှင်သည် အရှင်ရသေ့၏ ဥုးခေါင်းရင်း၌ ရပ်တန့်တော်မူပြီးလျှင် နောင်ရေးနောင်တာကို ဆင်ခြင်တော်မူရာ ရသေ့၏ ဘုရားအလောင်း ဖြစ်ကြောင်းကို မြင်တော်မူသောကြောင့် "မိမိကိုယ်ကို တံတားလို ခင်းလျက် ထက်မြက်သောအကျင့်ဖြင့် တင့်တယ်သော ဤရသေ့ကို ကြည့်ရှုကြလော၊ ဤရသေ့သည် လေးအသခြေနှင့် ကမ္ဘာတသိန်း လွန်သောအခါ ဂေါတမ ဗုဒ္ဓ" ဟူသော အမည်ဖြင့် ဘုရားတဆူ ဖြစ်လိမ့်မည်၊ ဤရသေ့နှင့် အတူ ကြာပန်းပူဇော်သူအမျိုးသမီးကား ပါရမီကို ကူညီဖြည့်ဆက် အသက်

ပမာ ကြင်ရာတော် ဖြစ်လိမ့်မည်" ဟု ဘုရားတံဆိပ် ဗျာဒိတ်တော် မြတ်ကို ခပ်နိုပ်တော်မူပြီးလျှင် ယခင် ကြာပန်းရွှစ်စည်းဖြင့် ရသေ့အပေါ် ကြဲဖြန့်ကာ ရသေ့၏နံပါးမှ ရှောင်လွဲ၍ ကြွတော်မူသည်။

ဗျာဒိတ်တော်ပွဲသို့ ရောက်လာကြသော လူရောနတ်ပါ ဗြဟ္မာ အပေါင်းလည်း ကောင်းချီးဩဘာ မင်္ဂလာစကားကို အသီးအသီး ပြောဆို ချီးကျူးရုံသာမက, ရှေးရှေးက ဗျာဒိတ်ပွဲကိုနွှဲလိုက်ဘူးသော ဗြဟ္မာမင်းတို့ကမူ မိမိတို့တွေ့ဘူးသော စနည်း တဘောင် အထောက်အထားတို့ဖြင့် "ကောန်မုချ ဗုဒ္ဓ ဖြစ်ပါလိမ့်မည်" ဟု အားပေးကြလေသည်။

ပါရမီတော်များကို ဆင်ခြင်တော်မူခြင်း

အလောင်းတော်သည် ဗျာဒိတ်ရတော်မူပြီးနောက် ညှနေပြောင်းမှ ထတော်မူ၍ တင်ပလ္လင်ဖွဲ့ခွေ ထိုင်နေတော်မူကာ စဉ်းစား ဆင်ခြင်သည်မှာ - "များစွာသော သတ္တဝါအပေါင်းကို သံသရာ ရေအယဉ်မှ ကယ်တင်ဘို့ရာ လှန်စွာ မြင့်မြတ်သော ဘုရားအဖြစ်သည် သာမန် ကောင်းမှုပါရမီဖြင့် ပြည့်နိုင်သော အဖြစ်မျိုး မဟုတ်၊ ဘုရားဖြစ်ဘို့ အကြောင်း ကောင်းမှု ပါရမီတော်ကား ဘယ်လောက် များပါလိမ့်မည်နည်း" ဤသို့ စဉ်းစား ဆင်ခြင်တော်မူရာ....

ဒါနံ သီလဉ္စ နေက္ခမ္မံ, ပညာ ဝီရိယပဉ္စမံ၊
ခန္တီ သစ္စာ အဓိဋ္ဌာနံ, မေတ္တု - ပေက္ခာတိမာ ဒသ။

ဟူသော ဤပါရမီဆယ်ပါးကို အစဉ်အတိုင်း မြင်တော်မူလေသည်၊ "ပါရမီ" ဟူသည် မြင့်မြတ်သူတို့၏ နိဗ္ဗာန်ကို ရည်မှန်း၍

လူဒါန်းမှု သီလစောင့်မှု စသည်တို့သာတည်း၊ **လောကီ စည်းစိမ်** ချမ်းသာကို ရည်မှန်း၍ လူဒါန်းမှုစသည်ကို ပါရမီကုသိုလ် ဟု မဆို ထိုက်၊ ထို ပါရမီများတင်....

၁။ ဒါနဟူသည် စွန့်ကြဲ ပေးကမ်း လူဒါန်းခြင်းတည်း။

၂။ သီလဟူသည် ၅ ပါး ၈ပါး ၁၀ ပါးစသော ဆိုင်ရာ သီလ များကို စောင့်ထိန်းမှုတည်း။

၃။ နေက္ခမ္မဟူသည် စည်းစိမ်ကို စွန့်ခွာ၍ တောထွက်မှုတည်း။

၄။ ပညာဟူသည် အရာရာ၌ တတ်သိ နားလည်မှုတည်း။

၅။ ဝီရိယ ဟူသည် ကုသိုလ်ကိစ္စတို့၌ မကြောက်မရွံ့ သက်စွန့် ကြိုးပမ်း အားထုတ်မှုတည်း။

၆။ ခန္တီ ဟူသည် သူတပါးက နှိပ်စက်လျှင် သည်းညည်းခံနိုင် မှုနှင့် အအေး အပူစသောဒဏ်ကို ခံနိုင်မှုတည်း။

၇။ သစ္စာ ဟူသည် မှန်ကန် ဖြောင့်မတ်စွာ ပြောဆို လုပ်ကိုင် မှုတည်း။

၈။ အဓိဋ္ဌာန ဟူသည် မိမိ ရည်မှန်းအပ်သော ကောင်းသော အလုပ်၌ "မဖြစ်မနေ" ဟု စွဲစွဲမြဲမြဲ ဇွဲကောင်းမှုတည်း။

၉။ မေတ္တာ ဟူသည် သတ္တဝါတို့အပေါ်၌ ချစ်ခင်သောအားဖြင့် ကောင်းကျိုး လိုလားမှုတည်း။

၁၀။ ဥပေက္ခာ ဟူသည် မုန်းအောင့် ပြုသည်ကိုလည်း မမုန်း , ချစ်အောင့်ပြုသည်ကိုလည်း မချစ်ဘဲ လျစ်လျူရှုမှုတည်း။

ဤ ဆယ်ပါး၌ သာမန် ဖြည့်ကျင့်မှုကို " ပါရမီ " ဟု ခေါ်၏၊ မျက်စိ နား နှာ အစိုး ခြေ လက်တို့ အပျက်အစီးခံ၍ ဖြည့်ကျင့်မှုကို "ဥပပါရမီ" ဟု ခေါ်၏၊ အသက်ကိုပင် မငဲ့ညှာဘဲ လွှန်စွာ ဖြည့်ကျင့် မှုကို "ပရမတ္ထပါရမီ" ဟု ခေါ်၏၊ ယခင် ဆယ်မျိုးကို ဤ ၃ မျိုးဖြင့် မြှောက်လျှင် ပါရမီ ၃၀ ဖြစ်၏၊ ထို ပါရမီများ၏ အရေးတကြီး ဖြည့်ကျင့်ထိုက်ကြောင်းကို ဉာဏ်မြင်သည့်အတိုင်း ပြပါဦး၊မည်။

ဒါနပါရမီ။ ။သတ္တဝါ အပေါင်းကို ပိုင်နှင်း အုပ်စိုး လွှမ်းမိုး ဆုံးမလိုလျှင် စွန့်ကြဲ ပေးကမ်း လူဒါန်းမှု၌ အထူး ရက်ရောမှ သင့် လျော်၏၊ ပေးကမ်းမှုဟူသည် မယဉ်ကျေးသူကို ယဉ်ကျေးစေနိုင်၏၊ ရန်သူပင် ဖြစ်သော်လည်း ထိုက်တန်သော ဝတ္ထုကို ပေးလျှင် မိမိ အလိုသို့ပါလာရ၏ ပေးကမ်းမှုတခုဖြင့် များစွာသော အကျိုးကို ပြီးစေနိုင်၏၊ အားရပါးရ ပေးကမ်း စွန့်ကြဲနေရခြင်းသည် အလွန် ပျော်စရာကောင်း၏၊ ပေးသူကလည်း အားရ, ရသူကလည်း ရွှင်ပျသဖြင့် ဤဘဝ၌ အရှိန်အဝါ ဩဇာအာဏာ တိုးတက်လျက် ဂုဏ် သတင်း ပြန့်နှံ့ဘို့အချက်မှာ ပေးကမ်းမှုထက်သာသောအရာ မရှိခဲ့၊ သံသရာဝယ် ကြီးကျယ် ခမ်းနား ပေါများလေသမျှ၌ ဤ ဒါနမှု၏ လက်ရာ ခြေရာတွေ့သာ များပေသည်။

" အူမတောင့်မှ သီလ စောင့်နိုင်သည် " ဟု ပြောဆိုရိုးအတိုင်း ဒါန မရှိလျှင် သီလပါရမီကိုပင် လုံခြုံအောင် စောင့်ဘို့ ခဲယဉ်း၏၊ ပညာပါရမီ ဖြည့်ဘို့ရာ လုံလောက်သော အထက်တန်း ပညာကို ရှာလျှင်လည်း ဒါနချိုင့် ပစ္စည်းမဲ့သူမှာ တော်ရာက မျော်ရှာရ၏၊ ပစ္စည်းမရှိလျှင် သူတပါးက ရိုးရိုးသားသား ပြောသည်ကိုပင် အလွဲ

ထင်လျက် မခံချင်တတ်သဖြင့် ခန္ဓိပါရမီ ပြည့်ဘို့ရန် အနှောက်အရှက် များလှ၏၊ “ဥစ္စာ မရှိ – ကတိ မတည်” ဆိုသည့်အတိုင်း “ကတိသစ္စာ” ခေါ်သော သစ္စာပါရမီပြည့်ဘို့ အရေးမှာ သာ၍ ဝေးလေတော့၏၊ မိမိက အောက်ကျနောက်ကျ နေပြန်လျှင်လည်း “ကိုယ့်ထက်သာ မနာလိုတတ်သည့်အတိုင်း” တွေ့သမျှ အပေါ်မှာ မေတ္တာပါရမီရောက်ဘို့ ခဲယဉ်းပြန်၏၊ ထို့ကြောင့် “ဒါနပါရမီသည် ပါရမီအားလုံး၏ အခြေခံ” ဟု ဆိုထိုက်ရကား အလောင်းတော် အရှင်ရသေ့သည် ဖြည့်ကျင့်ဘွယ် အများတွင် ဤဒါနပါရမီကို ပဌမ မြင်တော်မူသည်။

သီလပါရမီ။ ။မည်သူမဆို ကောင်းသော သုဂတိဘဝသို့ ရောက်ဘို့အတွက် သီလကိုသာ အားထားရ၏၊ ဒါန အဆောက် အဦးက မည်မျှကြီးကျယ်နေသော်လည်း သီလမလုံခြုံလျှင်(ဒုစရိုက် မလုံခြုံလျှင်) အပါယ်လေးဘုံက တက်နိုင်ဘွယ် မရှိချေ၊ အပါယ် လေးပါး၌ ဖြစ်သမျှသည် သီလကင်းမဲ့မှု၏ လက်ချက်သာတည်း၊ မြောက်ကျန်းသူ ကျန်းသားတို့သည် ၅ ပါးသီလ အမြဲ လုံခြုံနေကြ သောကြောင့် တစုံတယောက်မျှ အပါယ် မကျပေ၊ သီလအတွက် ဂုဏ်ကောင်းသို့ ရောက်ပြီးမှ ဒါနက စည်းစိမ်ဥစ္စာကို ကြွယ်ဝ ချမ်းသာစေသည်၊ ထို့ကြောင့် မြင့်မြတ်လိုသူ မှန်လျှင် ဤ သီလ ပါရမီကိုလည်း အရေးတကြီး အားထုတ်ရမည် ဖြစ်သောကြောင့် ဒါန၏ အခြားမဲ့၌ သီလပါရမီကို ဆက်၍ မြင်တော်မူကာ ကိုယ် နှုတ် နှလုံး သုံးပါးလုံးကို ကောင်းစွာ စောင့်သုံးလျက် လုံခြုံသော ကိုယ်ကျင့်သီလဖြင့် နေထိုင်ဘို့ရာ ဆုံးဖြတ်တော်မူသည်။

(အဋ္ဌမုအကြိမ်)

နေကွမ္မပါရမီ။ ။လောကီအာရုံ ကာမဂုဏ်ထူထပ်သော လူတို့၏အာရုပ်၌ အလွန်မြင့်မြတ်သော အထက်တန်းတရားကို မရနိုင်၊ လူသူ မခို မြိုင်ညိုစိမ့်စမ်း တောတောင်တန်း၌ ပန်းရနံ့တကြူကြူနှင့် သမာဓိကို မွေးမြူပြီးလျှင် ဖြူစင်သော သီလဖြင့် တကယ်တမ်း အားထုတ်မှ အထက်တန်းတရားကို ရနိုင်၏၊ ထို့ကြောင့် “နေက္ခမ္မ” ဟု တောထွက်မှုကိုလည်း ဂရုတစိုက် ပြုကျင့်ထိုက်သည်-ဟု ဆုံးဖြတ် တော်မူသည်။

ပညာပါရမီ။ ။အသိအလိမ္မာ ပညာဉာဏ် ရှိမှသာ ဒါန သီလစသော ပါရမီများ၏ အကျိုးကို သိမြင်၍ ဖြည့်ကျင့်လိုသော စိတ်များ ဖြစ်ပေါ်နိုင်ပေမည်၊ “ပညာရဲရင့် ပဲ့လယ်တင့်” ဆိုသည့် အတိုင်း တကယ့် ပညာရှိသူတို့၏အလယ်မှာ တကယ် ပညာရှိသူသာ တင့်တယ်နိုင်သည်၊ ဗူးလုံး နားမထွင်း အဖျင်း အ-အ ပညာပိုင်းက အောက်တန်းကျနေလျှင် စည်းစိမ်ရှင်ပင် ဖြစ်သော်လည်း အထက် တန်းသို့ မတက်လှမ်းနိုင်၊ ကမ္ဘာကိုလှမ်းမိုး၍ အုပ်စိုးနိုင်သော သတ္တိ မှာ ဉာဏ်ပညာသာတည်း၊ မြေလျှိုးမိုးပုံနိုင်သော ဈာန်အဘိညာဉ် ဟူသည်လည်း ဤဉာဏ်ပင်ဖြစ်၏။

တသံသရာလုံးက ပါလာသော ကိလေသာ အာသဝေါတွေကို ကုန်ခန်းစေနိုင်သောတရား ဟူသည်လည်း မဂ်ပညာ ဖိုလ်ပညာပင် ဖြစ်၏၊ အချုပ်အားဖြင့် ဘုရားအဖြစ် ဟူသည်မှာ သဗ္ဗညုတဉာဏ် ပညာတော်ကြီးပင် ဖြစ်၏၊ ဤ ပညာပါရမီ ရင့်သန်လာအောင်ကား ထိုထို ကောင်းမှုကို ပြုတိုင်းလည်း မိမိစိတ်က ဉာဏ်ပညာဘက်သို့ ညွတ်ကိုင်း တောင့်တလျက်ရှိရမည်၊ တကယ့် ပညာရှိထံ ချဉ်းကပ်၍

(အဋ္ဌမအကြိမ်)

မပြတ်မလတ် စုံစမ်းမေးမြန်းလေ့ ရှိရမည်၊ ထို့ကြောင့် အလောင်းတော် အရှင်ရသေ့သည် ဤ ပညာဓါရမီကိုလည်း ၄ ကြိမ်မြောက်မြင်တော်မူ၍ ကောင်းစွာဖြည့်ကျင့်ဘို့ ဆုံးဖြတ်တော်မူပြန်သည်။

ဝီရယပါရမီ။ ။ပညာက မည်မျှလောက် ရှိနေသော်လည်း လုံ့လဝီရိယ ကင်းမဲ့ပြန်လျှင် စိတ်ကူးနေရုံမျှဖြင့် မည်သည့် အကျိုးကိုမျှ ရလိမ့်မည် မဟုတ်ပါ၊ ယခင်က ပညာတော်သည် ဝီရိယအဖော်ကောင်းမှသာ လိုရာအကျိုးကို ပြီးစေနိုင်ပါသည်၊ အထက်တန်းရောက်သူဟူသမျှ ဝီရိယကင်းသည့် အပျင်းသမား အပြောသမား မဟုတ်ကြချေ၊ ထို့ကြောင့် ပညာနှင့် အတူ ဝီရိယပါရမီ ကိုလည်း ဖြည့်ကျင့်တော်မူဘို့ရန် ၅ ကြိမ်မြောက် ဆုံးဖြတ်တော်မူပြန်သည်။

ခန္တီပါရမီ။ ။မြင့်မြတ်သော အထက်တန်းကို ရည်မှန်းသော ပုဂ္ဂိုလ်သည် ဆန့်ကျင်ဘက် ရန်သူနှင့် မတွေ့နိုင် ဟူ၍ မမှတ်သင့်၊ ကိုယ့်ထက်သာလျှင် မနာလိုလေ့ ရှိကြသော ဤ သံသရာကြီးထဲမှာ သာ၍ပင် တွေ့ကြုံတတ်သေး၏၊ မိမိ၏ ဆန့်ကျင်ဘက်တွေ့ကို တုပြိုင်နေပြန်လျှင်လည်း ခရီးတွင်မည် မဟုတ်ပါ၊ မိမိကို မနာလိုသူဟူသမျှ ရန်သူဟု သဘောမထားဘဲ ခန္တီပါရမီပြည့်အောင် တဖက်တလမ်းက ကူညီနေသူဟုသာ သဘောထားလျှင် အလွန် စိတ်သက်သာပါသည်၊ ထို့ကြောင့် ခန္တီပါရမီကိုလည်း တွေ့ကြုံရာတိုင်း၌ ဖြည့်ကျင့်ဘို့ရန် ၆ ကြိမ်မြောက် ဆုံးဖြတ်တော်မူပြန်သည်။

သစ္စာပါရမီ။ ။ ဤ လောကဝယ် သစ္စာ မရှိသူလောက်ကြောက်စရာကောင်းသူ မရှိပါ၊ "လူရုံသတ် သေတတ်" ဟူသော စကားသည် သစ္စာမတည်သူများကို စွဲ၍ဖြစ်လာသော စကားတည်း၊

သစ္စာမရှိသူသည် မည်သည့်အခါမျှ အထက်တန်းသို့ မရောက်နိုင်၊ သစ္စာတရားသည် လွန်စွာ အစွမ်းထက်မြက်၏၊ လောင်လာသော်မီး, တိုးလာသောရေ, တက်နေသော အဆိပ်ကိုပင် သစ္စာ စကားဖြင့် လျှော့ကျစေနိုင်—ရပ်တန့်စေနိုင်သည်၊ တကယ် မြင့်မြတ်သူမှန်လျှင် ကောန် သစ္စာရှိထိုက်ရကား သစ္စာပါရမီ ဖြည့်ဘို့ရန်ကိုလည်း ၇ ကြိမ်မြောက် ဆုံးဖြတ်တော်မူပြန်သည်။

အဓိဋ္ဌာနပါရမီ။ ။မြင့်မြတ်သောအကျိုးကို မြော်ကိုးသူသည် တော်တော်တန်တန်နှင့် စိတ်မပျက်ဘဲ စွဲစွဲမြဲမြဲ ဇွဲကောင်းကောင်းနှင့် အားထုတ်ရ၏၊ ထိုသို့အားထုတ်မှသာ ထိထိရောက်ရောက်ပြီးမြောက်နိုင်၏၊ ထို့ကြောင့် ကုသိုလ်ကောင်းမှု၌ ဇွဲကောင်းဘို့ရန် အဓိဋ္ဌာန်ပါရမီကိုလည်း ရှစ်ကြိမ်မြောက် ဆုံးဖြတ်တော်မူပြန်သည်။

မေတ္တာပါရမီ။ ။မြင့်မြတ်သောအဖြစ်ကို ရလိုပါလျှင် သတ္တဝါတိုင်း၏ အပေါ်၌ မေတ္တာကင်းမဲ့လို့ မတော်ပါ၊ အချို့အပေါ်မှာ အကျိုးလိုလား မေတ္တာပွားလျက် အချို့အတွက်မှာ မေတ္တာကင်းပြီးလျှင် ကွက်တိ ကွက်ကျား မေတ္တာပွားသူကို မြင့်မြတ်သူဟု မဆိုထိုက်ပါ၊ ထို့ကြောင့် အားလုံး သတ္တဝါတို့၏ အကျိုးကို အညီအမျှ လိုလားသော မေတ္တာပါရမီ ကိုလည်း ကြိုးစား ဖြည့်ကျင့်ဘို့ရန် ၉ ကြိမ်မြောက် ဆုံးဖြတ်တော်မူပြန်သည်။

ဥပေက္ခာပါရမီ။ ။မြင့်မြတ်သော တရားထူးကို ကြိုးစား၍ ရှာဖွေသူသည် မိမိကို ဂရုစိုက်ကာ အရေးပါနေသူများ အတွက် နောက်ဆံတင်းလျက် မခွါရက်အောင် ဗျာပါရ များနေလို့လည်း မဖြစ်, မလိုမုန်းထားသူများ ကိုလည်း ဂရုတစိုက် အရေးမယူထိုက်၊

လေသည်၊အကြံကို သကြားမင်းသိသဖြင့် မျက်မမြင်ပုန်ကားယောင်ဟန်ဆောင်ပြီးလျှင် မျက်လုံးစဖက်ကို အလှူခံရန် လာလေသော်၊ “ငါ၏အကြံ အထမြောက်တော့မည်”ဟု ဝမ်းမြောက်တော်မူလျက် သမားတော်ကို ခေါ်စေပြီးလျှင် မျက်လုံး တဖက်ကိုသာ အလှူခံသော်လည်း ၂ ဖက်လုံးကို ထုတ်၍ ဆက်သဘို့ရန် အမိန့်ပေးတော်မူသောအခါ.....

သမားတော်။ ။အရှင်မင်းမြတ်....မျက်လုံးတော်ကို မလှူသင့်ပါ၊ အခြားသော နည်းဖြင့် ဤ ပုန်ကားကို ချမ်းသာအောင် ထားနိုင်ပါသည်၊ ဘုရင်မင်းမြတ်ဆိုသည်မှာ မျက်လုံး ကွယ်နေလို့ မတင့်တယ်ပါ။

မင်းတရား။ ။သမားတော်.... စကားမများနဲ့, မျက်လုံးကိုသာ ထုတ်၍ဆက်ပါ။ [အမျိုးမျိုးသော နည်းဖြင့် တောင်းပန်သော်လည်း မရသောကြောင့် သမားတော်သည် မျက်လုံး အစုံကို ဆေးဖြင့် သုတ်လိမ်း လိုက်ရာ တခါထည်းဖြင့် မျက်လုံးများ စူ၍လာလေသည်။]

သမားတော်။ ။အရှင်မင်းမြတ်.... ပင်ကိုယ်အတိုင်း ဖြစ်အောင် တတ်နိုင်ပါသေးသည်၊ စဉ်းစားတော်မူပါ။

မင်းတရား။ ။သမားတော်....စကားမများနဲ့, ထုတ်သာထုတ်လိုက်၊ [ထို့နောက် ဆေးဖြင့် ထပ်၍ တို့လိုက်ပြန်ရာ မျက်လုံးတော် ၂ ဖက် အပြင်သို့ထွက်၍ မျက်ကြောမျှင်များဖြင့် အောက်သို့ ကျလာလေသည်။]

(အဋ္ဌမအကြိမ်)

ပန်း နံ့သာ တင်သ၍နေသော်လည်း ဝမ်းမသာ, မစင်ဘင်ပုပ် စွန့်ချသူးသည်ကိုလည်း အရေးမကြီးသော မဟာပထဝီ မြေကြီးကဲ့သို့ မုန်းချစ်မပြု လျစ်လျူ ရှုနိုင်ရပေသည်၊ ထို့ကြောင့် ဥပေက္ခာပါရမီကိုလည်း အခွင့်အားလျော်စွာ ဖြည့်ကျင့်ဘို့ရန် ၁၀ ကြိမ်မြောက် ဆုံးဖြတ်တော်မူပြန်သည်။

အလောင်းဘုရားသည် ဤ ပါရမီတော်များအပြင် ဆင်ခြင်သော်လည်း ဖြည့်စရာ မြင်တော်မမူသောကြောင့် ဤ ပါရမီဆယ်ပါးကို အစက အဆုံး , အဆုံးက အစ , ထပ်ကာ ထပ်ကာ ဆင်ခြင်တော်မူပြန်ရာ လွန်စွာ အားရတော် မူလှသဖြင့် ဆင်ခြင်တော် မူသော ဉာဏ်တော်၏ အစွမ်းကြောင့် ဤ မဟာပထဝီ မြေကြီးသည် (မြေစောင့်နတ်သည်) ကောင်းချီးမင်္ဂလာ သြဘာပေးသော အနေဖြင့် ယန္တရားစက်ကို လှည့်လိုက်သကဲ့သို့ သွက်သွက်ခါအောင် တုန်လှုပ်ရလေသည်၊ အလောင်းဘုရားလည်း ထို ပါရမီများကို ဖြည့်ကျင့်ဘို့ရန် ဟိမဝန္တာသို့ ပြန်ကြွတော်မူလေသည်၊ ထိုဘဝမှ စုတေသော် ဖြဟ္မာ့ပြည်သို့ ရောက်၍ ထိုနောက် ကမ္ဘာပေါင်း များစွာ၌ သင့်ရာသင့်ရာ ပါရမီတော်များကိုလည်း ထူးထူးခြားခြား ဖြည့်ကျင့်တော်မူခဲ့ပေသည်။

သိဝိဇာတ်တော်နှင့် ဒါနပါရမီ။ ။ အလောင်းဘုရားသည် သိဝိမင်းဘဝ၌ နွေစဉ်နှင့်အမျှ သိန်းပေါင်း များစွာကို အကုန်ခံ၍ လှူနေရသော်လည်း တင်းတိမ် အားရတော် မမူနိုင်သောကြောင့် “ငါ့မှာ လှူရိုးလှူစဉ် ဒါန၌ မလှူဘူးတာ မရှိတော့ပြီ၊ ယခုအခါ မျက်လုံးကို အလှူခံလာလျှင် လှူချင်စမ်းပါဘိတော့” ဟု အကြံဖြစ်

(အဋ္ဌမအကြိမ်)

သမားတော်။ ။အရှင်မင်းမြတ်.... စဉ်းစားတော်မူပါ၊ ပင်ကိုယ်အတိုင်း ဖြစ်အောင် တတ်နိုင်ပါသေးသည်။

မင်းတရား။ ။ (ဆတ်ဆတ်တုန်အောင် နာကျင်သည်ကိုမျှ ဂရုစိုက်တော်မမူဘဲ) စကားမများနဲ့ သမားတော်, ဖြတ်သာဖြတ်လိုက်ပါ။

ထို့နောက် မည်သည့်နည်းနှင့်မျှ တောင်းပန်၍ မရသောကြောင့် မျက်ကြောများကို ဒါးဖြင့်ဖြတ်လျက် မျက်လုံး ၂ ဖက်ကို ဆက်ရရှာလေသည်၊ ထိုအခါ မင်းတရားသည် မျက်စိမမြင်တဲ့လျက် နှစ်သက်ရွှင်ပျစွာ မျက်လုံးတော် ၂ ဖက်ကို ပုန်းကားလက်သို့ လှူတော်မူရှာသည်။ [သိဝိမင်းကား ဘုရားအလောင်း, သမားတော်ကား အရှင်အာနန္ဒာအလောင်းတည်း။]

ဤသို့လျှင် မျက်လုံးကို ထုတ်၍ထုတ်၍ လှူခဲ့သည်မှာ မိုးပေါ်ကကြယ်တွေထက်ပင် များပါသေး၏၊ အသားတော်ကို လှူခဲ့သည်မှာ ဤ မဟာပထဝီ မြေကြီးထက်ပင် များပါသေး၏၊ အသွေးတော်ကို လှူခဲ့သည်မှာ သမုဒ္ဒရာရေထက်ပင် များပါသေး၏၊ ဝေဿန္တရာမင်းအဖြစ်၌ကား ဘုရားရှင်၏ ဒါနတော်ကို ကြည်ညိုး၍ အားမရအောင် ရှိပါတော့သတည်း။

သခ်ပါလ နဂါးမင်းနှင့် သီလပါရမီ ။ ။ ဘုရား အလောင်းတော်သည် သခ်ပါလနဂါးမင်း ဖြစ်စဉ်က "ငါ၏ အရေ အသားအကြော အရိုးများကို အလိုရှိသူ ယူစေတော့"ဟု မိမိကိုယ်ကို စွန့်၍ လူတို့ သွားလာရာ လမ်း၏အနီး တောင်ပို့ကြီး အပေါ်မှာ သီလ

ဆောက်တည်၍ နေလေသည်၊ မုဆိုး၏ သားတို့သည် ထို နဂါးမင်းကို မြင်လျှင် အနီးသို့ချဉ်းကပ်၍ အချို့က လုံဖြင့်ထိုး, အချို့က စို့ဖြင့် နှက်, နှာခေါင်းနှစ်ဖက်ကိုထိုး၍ နဖားကြိုးတပ်သူကတပ်ပြီး ဆိုင်းဖြင့် ထမ်းဆောင် သွားကြလေရာ, ရန်မူလိုပါလျှင် နှာခေါင်းမှ လေကို မှုတ်လိုက်ရုံမျှဖြင့် တော တောင်နှင့်တကွ သမုဒ္ဒရာ ရေအပြင်ကိုပါ မီးဟုန်းဟုန်း ထစေနိုင်ပါသော်လည်း အသက်ကို စွန့်၍ သီလကို စောင့်တော်မူရှာ ပေသည်၊ ဤသို့ သီလပါရမီ ဖြည့်ကျင့်တော်မူရာ ဇာတ်တော်ပေါင်း များစွာကိုလည်း ကြည်ညိုး၍ အားမရနိုင်အောင် ရှိပါတော့သတည်း။

မဟာဇနကဇာတ်တော်ကဲ့သို့ ထီးနန်း စည်းစိမ်ကြီးကိုပင် စွန့်ခဲ့၍ တော်မူလျက် တောသို့ ထွက်ကြွ၍ နေကွမ်မပါရမီကို ဖြည့်ကျင့်တော်မူပုံ, မဟောသဓ ဇာတ်တော်ကဲ့သို့ ပညာပါရမီတော် အစွမ်းဖြင့် သတ္တဝါများ ချမ်းသာအောင် ရွက်ဆောင်တော် မူခဲ့ပုံတို့မှာ အားကျဘွယ်ရာ ကြည်ညိုဘွယ်ရာ ကောင်းလှပါပေသည်။

စီရိယပါရမီနှင့် မဟာဇနက။ ။အလောင်းဘုရားသည် မဟာဇနကမင်းသား ဖြစ်စဉ်က ၁၆ နှစ်အရွယ်၌ ကြီးကျယ်သော ရွက်သင်္ဘောကြီးဖြင့် လူပေါင်း ခုနစ်ရာနှင့်အတူ သမုဒ္ဒရာကို ကူးတော်မူလေသည်၊ ခုနစ်ရက်လောက် အကြာ၌ လှိုင်းလေဟုန် အတွက် ရွက်သင်္ဘောကြီး ပျက်သဖြင့် လှိုင်းဂရက် အလယ်မှာ လူပေါင်း ခုနစ်ရာလုံး ပြုတ်ပြုတ်ပြုန်းလျက် လုံးလုံးကြီး ငါး လိပ်တို့၏ အစာဖြစ်ကြလေသည်၊ ကျယ်ဝန်းသော ရေအပြင်သည် သွေးချင်းချင်းနီနေ၏၊ အလောင်းတော့်ကလေးကား အနည်းငယ်မျှ ကြောက်ရွံ့

တန်ဆာဆုတ်ခြင်း မရှိဘဲ ဝိရိယသန်သန်ဖြင့် မှန်မှန်ကြီး ကူးတော်မူကာ ဝိရိယအစွမ်းကို ပြတော်မူခဲ့ပါသည်။

ဓမ္မပါလ ဇာတ်တော်နှင့် ခန္တီပါရမီ ။ ။ ဘုရားအလောင်းတော်၏ ဓမ္မပါလမင်းသားကလေးဘဝတုန်းက ခန္တီပါရမီဖြည့်ကျင့်တော်မူပုံမှာ ကြားရသူတို့၏ စိတ်နှလုံးကို တုန်လှုပ်စေ ပါသည်၊ ခမည်းတော်သည် ဒေဝဒတ်အလောင်း ဖြစ်သော မဟာပတာပမင်း ဖြစ်၍, မယ်တော်ကား မိထွေးတော်ဂေါတမီအလောင်း ဖြစ်သော စန္ဒာဒေဝီ မိဖုရားတည်း။

တနေ့သ၌ မိဖုရားသည် ၇ လ အရွယ်မျှသာ ရှိသေးသော သားတော်ကလေးကို ရေမိုးသံးချိုးပေးကာ နံ့သာလိမ်းကျံ၍ အလှန် ပျော်ရွှင်စွာဖြင့် ချော့မြှူနေတုန်းဝယ် မိမိအဆောင်တော်သို့ မဟာပတာပမင်း ရောက်လာသည်ကို ခရီးဥုံးကြို မပြုမိချေ၊ ထိုအခါ၌ “သူ့သား ငယ်စဉ်ကပင် ငါ့ကို ဂရုမစိုက်လျှင် သူ့သား ကြီးရင့်သောအခါ ငါ့ကို လူထင်တော့မှာ မဟုတ်” ဟု မဆိုင်သော သားအပေါ်မှာ ရန်သူလုပ်လျက် ပြင်းစွာ အမျက်ထွက်၍ မိမိ အဆောင်တော်သို့ ပြန်သွားပြီးလျှင် သူသတ်ယောကျ်ားအာဏာသားတို့ကို ခေါ်၍ သားတော်ကို အယူခိုင်းပြီးနောက် နန်းကြမ်းပြင်မှာ ချထားစေလေသည်။

မိဖုရားသည်လည်း ရှင်ဘုရင်စိတ်ဆိုးသွားသည်ကို သိ၍ ပြင်းစွာငိုကြွေးလျက် သားတော်ကလေးနောက်မှ လိုက်လာ၍ အမျိုးမျိုး တောင်းပန်တုန်းမှာပင် လက်ကလေးနှင့် ခြေကလေးများကို အဖြတ်ခိုင်းလေ၏၊ ထိုအခါ မိဖုရားက လက်ပြတ် ခြေပြတ်ကလေးများကို

ကောက်ယူလျက် ရင်ခွင်မှာ ထားပြီးလျှင် “ကိုင်း..... ယခုမှဖြင့် သားတော်ကလေးက အရှင်မင်းကြီးကို ရန်မပြုနိုင်တော့ပါ၊ သည်ကလေးနှင့်ပင် တော်ရာကို သွားပြီး လုပ်ကိုင် စားသောက်ပါရစေတော့” ဟု ပြောဆိုကာ သားတော်ကို တောင်းရှာလေသည်။

သားကလေးကား မိမိတခင် ရှင်ဘုရင့်အပေါ်မှာ စိတ်မျှ မပြစ်မှား, လက် ခြေကို ဖြတ်ထားသော်လည်း သနားစဘွယ် မျက်ရည်မျှ မလယ်မူ၍ တင့်တယ်သော မျက်နှာဖြင့် သည်းခံခြင်း တရားကိုသာ များများကြီး အသုံးပြုတော်မူရှာပေသည်။ [အို.... အလောင်းတော်ကလေး ဘုရာ့ “အားရပါးရ နှိပ်စက်သောဒဏ်ကို သည်းခံ၍ နေရခြင်းသည် ခန္တီပါရမီတမျိုး ပြည့်တာဘဲ” ဟု စိတ်ထဲ၌ တွေးကာ စိတ်မနာဘဲ ဝမ်းသာတော်မူပါသလား ဘုရာ့၊ ဤမျှလောက် ဒုက္ခကြီးကိုပင် ပါရမီပြည့်မဲ့ အရေးကို တွေးကာ ကျေနပ်တော်မူနေပါသလား ဘုရာ့။]

ထိုမျှနှင့် အားမရသေးဘဲ ဥုံးခေါင်းကို အဖြတ်ခိုင်းပြန်လေရာ, မယ်တော်မှာ မခံသာလှ၍ “မိမိ၏ ဥုံးခေါင်းကိုသာ ဖြတ်လိုက်ပါတော့”ဟု အာဏာသားအထံ ချဉ်းကပ်ကာ ဥုံးခေါင်းကို စင်းထားလေ၏၊ သို့သော် မိဖုရားကို မဖြတ်ဘဲ သားတော်ကလေးကို အဖြတ်လိုက်တွင် မိဖုရား အသဲကွဲ၍ စုတေပဲ့ ဝင်ရှာလေသည်၊ မိဖုရားကြီး စုတေပြီးနောက် ရှင်ဘုရင်လည်း မနေတတ်မထိုင်တတ်ဖြစ်ကာ ရာဇပလ္လင်ပေါ်မှဆင်း၍ နန်းကြမ်းပြင်သို့ လျှောက်လေရာ ပျဉ်ချပ်တွေကွဲရာမှ မြေသို့အကျတွင် မြေတွင်းသို့ဝင်ကာ အဝီစိသို့ သွားရလေတော့သည်။

မဟာသုတသောမဇ္ဈတ်နှင့် သစ္စာပါရမီ ။ ။ **အလောင်း**တော်၏ မဟာ သုတသောမမင်း ဖြစ်စဉ်တုန်းက သစ္စာပါရမီကို ဖြည့်ကျင့်ဆော်မူပုံမှာလည်း အတုယူစရာ ကြည့်ဥိစရာ **ကောင်း**လှပေသည်၊ ဗြဟ္မဒတ်မင်း **အ**ဖြစ်ဖြင့် တိုင်းပြည်ကို အုပ်ချုပ်နေရာမှ လူသားစားမှုအတွက် တိုင်းပြည်က နှင်ထုတ်ခံရ၍ "ပေါရိသာဒ" ဟု ထင်ရှားခဲ့သော နန်းကျဘုရင်သည် ပြည်ညောင်ပင်**အောက်**မှာ နေလျက် တောသွား တောလာလူများကို ဖမ်းယူ စား**သောက်**လေ့ရှိ၏၊ အခါတပါး၀ယ် အတော် ၀ဖြိုးသော ပုန်ကား**ကို** ဖမ်းယူ၍ ပြေးစဉ် ရှားပုတ်တိုးသဖြင့် မသွားနိုင်၍ လူသား**ကို** မစား**ရသော**ကြောင့် ညောင်ပင်စောင့်နတ်**အား** "**အ**ရှင်နတ်**မင်း**....ကျွန်ုပ် **အနာ**ပျောက်**အောင်** စောင့်ရှောက်တော်မူပါ, ၇ ရက်**အ**တွင်း **အနာ**ပျောက်လျှင် တရားတယောက်သော မင်းတို့၏ အသွေးအသား**ဖြင့်** ယဇ်ပူဇော်ပါမည်" ဟု တိုင်ကြား**လေ**သည်၊ **အ**စာ**မစား**ရ**သ**ဖြင့် ၇ ရက်**အ**တွင်းမှာ **အနာ**သွေ့ခြောက်၍ အလိုလို ပျောက်သည်**ကို** ညောင်ပင်စောင့် နတ်က ကယ်မသည် ဟု ထင်သဖြင့် မဟာသုတသောမမင်းမှတပါး အခြားသောမင်းများ**ကို** ဖမ်းယူပြီး**လျှင်** *ယဇ်ပူဇော်ရန် ပြင်ဆင်၍ ထား**လေ**သည်။

× × × × ×

*ရှင်ဘုရင်များ**ကို** ဖမ်းရာ၌ ရှေးဘ၀က မိတ်ဆွေ ဖြစ်ခဲ့ဘူး**သော** ဘီလူးထံမှ မန္တန်**ကို** ရ၍ ထို မန္တန်**အ**စွမ်းဖြင့် အလွယ်တကူ ဖမ်းယူနိုင်သည်၊ သုတသောမမင်း **ကို**ကား တက္ကသိုလ်ပြည်၌ ပညာ သင်စဉ်တုန်း**က** မိတ်ဆွေလည်း ဖြစ်, လက်ထောက် ဆရာလည်း ဖြစ်ဘူး**သော**ကြောင့် မဖမ်းယူဘဲ ချန်ထား**လေ**သည်။

ထို့နောက် ညောင်ပင်စောင့် နတ်ကလည်း မင်း**တို့**၏ **အ**သွေး**အ**သား**များ**ကို ပူဇော် မခံလို**သော**ကြောင့် သကြားမင်း၏ **အ**ကြံပေးချက်**အ**ရ ကိုယ်ထင်ပြလျက် သုတသောမမင်း မပါလျှင် သင်၏ **အ**ပူဇော် မခံနိုင်ကြောင်း**ကို** ပြောပြ**လေ**သော်, ထို့စကား**အ**ရ သုတသောမမင်း**ကို** မဖမ်းလျှင် မဖြစ်တော့၊ ထို့ကြောင့် သုတသောမမင်း ခေါင်းဆေးမင်္ဂလာ ပြုမည့်နေ့၌ မင်္ဂလာ ကန်တော့ **အ**တွင်း၀ယ် ပုန်း**အော**င်းလျက် ရေသုံးသပ်**အ**ပြီးတွင် ဖြုံးကနဲ ထွက်၍ "ငါဟာ—ပေါရိသာဒတဲ့" ဟု ကျယ်စွာသော**အ**သံ**ကို** ပြုလျက် သန်လျက်**ကို** ၀င့်ကာ သုတသောမမင်း**ကို** ထမ်း၍ စစ်တပ်**အ**ကြားမှ ထွက်သွား**လေ**သည်။[ထို**ခေတ်က** ပေါရိသာဒဆိုလျှင် **အ**ား**လုံး**လိုလို လန့်**နေ**ကြ**သော**ခေတ်ဖြစ်၍ မည်သူမျှမလှုပ်၀့ံတဲ့ပြားပြား၀ပ်နေကြသတဲ့။]

သုတသောမမင်း ခေါင်းဆေးမင်္ဂလာပြုရန် ထွက်လာစဉ်တုန်း**က** ပုန်ကား**တ**ယောက်သည် တဂါထာလျှင် တရာ တန်သော ဂါထာ ၄ ပုဒ်**ကို** ရွတ်ဆိုကြော်ငြာ၍ "ခေါင်းဆေးမင်္ဂလာ ပြုပြီး နောက်တရက်မှ ကြားနာပါမည်" ဟု ၀န်ခံထား၏၊ ပေါရိသာဒက**ဖ**မ်းသွား**စ**ဉ် ထို ၀န်ခံချက်**ကို** သတိရ၍ ညောင်ပင်**အော**က်သို့ ရောက်သော**အ**ခါ ထို**ဂ**ါထာ**ကို**နာယူပြီး**လျှင်** ပြန်လာခဲ့ပါမည်ဟု ယုံကြည်လော**က်အော**င် ပြောပြ၍ ပေါရိသာဒထံမှ ခွင့်ရ**လေ**သည်။

ထို့နောက် တိုင်းပြည်သို့ ပြန်သွား၍ ဂါထာများ**ကို** နာယူ**ကာ** တဂါထာ**ကို** တထောင်ကျ ဆုတော်များ**ကို** ပေးသနား**လေ**သည်၊ ထို့နောက် တိုင်းပြည်**ကို** ခမည်းတော်ထံ **အ**ပ်နှံ၍ တိုင်းသူပြည်သား

လူအများတို့က တားကြသော်လည်း "ပြန်လာပါမည်" ဟူသော ကတိသစ္စာကို မဖျက်ဘဲ "ကေန် သတ်မှာဘဲ" ဟု သိတော်မူပါ လျက်နှင့် ပေါရိသာဒအထံသို့ ဆက်ဆက်ကြီး ပြန်လာတော် မူခဲ့ ပေသည်။ [ဤနေရာ၌ အသက်စွန့်၍ သစ္စာပါရမီ ဖြည့်ပုံကို သတိ ထားရာ၏။]

ပေါရိသာဒလည်း မကြောက်မရွံ့ ရဲဝံ့စွာ ပြန်လာပုံကို အံ့သြ၍ "ဘယ်အတွက် မကြောက်ပါလိမ့် မည်နည်း" ဟု စဉ်းစားရာ ထို နာယူခဲ့သော ဂါထာ၏ တန်ခိုးများပင် ဖြစ်လေရာ့သလား ဟု အောက်မေ့၍ ထိုဂါထာများကို နာယူလိုကြောင်း ခွင့်တောင်းလေ သည်၊ ထိုဂါထာများကို နာယူပြီးသောအခါ စိတ်ပြောင်းသွားကာ "ထိုဂါထာများကို ဟောပြသည့်အတွက် အလိုရှိရာဆုကို ယူပါ" ဟု တောင်းပန်လေသော်....သုတသောမမင်းသည် ဖမ်းထားသော မင်း အများကို လွှတ်ဘို့နှင့်တကွ အခြားဆုများကို တောင်း၏၊ ထိုအခါ အစက ငြင်းသော်လည်း တဖြည်းဖြည်း စိတ်ပြောင်းကာ တရားသော မင်းအပေါင်းကို လွှတ်ပြီးနောက် သုတသောမမင်း၏ အဆုံးအမကို နာခံ၍ လူသားစားမှုကိုပါ ရှောင်ကြဉ်လေသည်၊ ထို့နောက် မူလ တိုင်းပြည်သို့ ပြန်ရောက်၍ မင်းအဖြစ်ကို ရပြီးနောက်မှ တရားသော မင်းများလည်း ဆိုင်ရာတိုင်းပြည်သို့ ပြန်သွားကြလေသည်။

အမှာ။ ။ဤဇာတ်၌ အလောင်းတော်၏ သစ္စာပါရမီသည် အသက်ကိုစွန့်၍ ဖြည့်ကျင့်အပ်သော ပါရမီတော်တည်း၊ ထို ပါရမီ တော်၏ အစွမ်းကြောင့် အားလုံးသော မင်းများလည်း လွတ်လပ် ချမ်းသာခွင့် ရကြလေသည်။

အဓိဋ္ဌာန်ပါရမီ စသည်။ ။အလောင်းတော်၏ တေမိမင်းသား ဘဝတုန်းက တောထွက်လိုသော ဆန္ဒတော်ကြောင့် "အ-ယောင့် ခွန်ယောင့် နားပင်းယောင် ဆောင်မည်" ဟု အဓိဋ္ဌာန် ပြုပြီးလျှင် တဆယ့်ခြောက်နှစ် တိုင်အောင် စမ်းသပ်မှု အမျိုးမျိုးကို သည်းခံ အောင့်အည်းလျက် အဓိဋ္ဌာန်ပါရမီကို ဖြည့်ကျင့်တော်မူပုံမှာလည်း အံ့သြဘွယ် ကောင်းလှပါသည်။

မေတ္တာပါရမီ ဥပေက္ခာပါရမီကို ဖြည့်ကျင့်တော် မူခဲ့ရသည် မှာလည်း ဘဝပေါင်း များစွာတည်း၊ ထို ပါရမီ ၁၀ ပါးကို လေး အသချေါနှင့် ကမ္ဘာတသိန်းတိုင်အောင် ဖြည့်ကျင့်တော် မူပြီးနောက် ဝေဿန္တရာမင်းအဖြစ်သို့ အရောက်မှာ ပြည့်စုံ လုံလောက်ပြီ ဖြစ်၍ ထိုမှတဖန် တုသိတာနတ်ပြည်၌ နတ်မင်း အဖြစ်ဖြင့် စိုးစံတော်မူ လေသည်။

ပဋိသန္ဓေ တည်နေတော်မူခြင်း ။ ။ နတ်သက် စေ့သော အခါ တသောင်းသော စကြာဝဠာမှ နတ်ပြဟ္မာ အပေါင်းတို့သည် "လူ့ပြည်၌ ပဋိသန္ဓေ တည်နေတော်မူလျက် ဘုရား ဖြစ်တော်မူ၍ သတ္တဝါအများကို ကယ်ဆယ်တော်မူပါရန် တောင်းပန် ကြသဖြင့် ကပိလဝတ် * နေပြည်တော်ဝယ် "မယ်တော်မာယာ" မိဖုရား၏ ဝမ်းတိုက်၌ စွဲပိုက်သန္ဓေ တည်နေတော်မူလေသည်။

× × × × ×

*ကပိလဝတ်နေပြည်တော်ကား ယခုအခါ အိန္ဒိယမြောက်ပိုင်း နီပေါ နယ်တွင်းမှာ ရှိ၏၊ ဟိမဝန္တာနှင့် တော်တော်နီးသတဲ့၊ ထိုစဉ်က ကပိလဝတ် နေပြည်ကို သုဒ္ဓေါဒနမဟာရာဇာသည် "မာယာဒေဝီ, ဂေါတမီ" ဟူသော ညီမတော် ၂ ပါးကို ဆိမ်းပိုက်၍ စိုးစံတော် မူလေသည်၊ ကမ္ဘာဥုံးက

မီးရှူး သန့်စင်တော်မူခဏ်း ။ ။ ဝါဆိုလပြည့်နေ့ဝယ် ပဋိသန္ဓေ နေတော်မူခဲ့၍ ဆယ်လစေ့ရာ ကဆုန်လပြည့်နေ့၌ မယ်တော် မဘယာသည် ဆွေတော် မျိုးတော်များနေထိုင်ရာ ဒေဝဒဟပြည်သို့ သွားလိုပါကြောင်း သုဒ္ဓေါဒနမင်းထံခွင့်တောင်း၍ မင်းခမ်းမင်းနား ခင်းကျင်းလျက် ထွက်တော်မူခဲ့ပြီးလျှင် " လုမ္ဗိနီ " ခေါ် အင်ကြင်း ဥယျာဉ်တော်၏ သာယာပုံကို မြင်တော်မူသဖြင့် ရှုစားတော်မူရန် ခေတ္တ ဝင်တုန်းမှာပင် ကမ္ဘာလေ လှုပ်ရကား အင်ကြင်း ခက်ကို လက်တဖက်ဖြင့် ကိုင်ကာ ကောင်းမွန်စွာ ရပ်ဒတော်မူနေရင်းမှာပင် အလောင်းဘုရားကို မိးရှူးသန့်စင်ပွားမြင်တော်မူလေသည်။*

သန့်စင်သောအခါ သုဒ္ဓါဝါသဘုံသား ရဟန္တာ ဗြဟ္မာမင်း များက ဇာတဘက်ဖြင့် ခံယူ၍ မယ်တော်၏ရှေ့၌ ပြကာ " အရှင် မိဖုရား....ဝမ်းမြောက်တော်မူပါ, သားရတနာကို ပွားမြင်ပါပြီ" ဟု

× × × × ×

မင်းမျိုး အစဉ်အဆက်မှ ဆင်းသက်လာခဲ့သော သာကီဝင်မင်းမျိုး ဖြစ်၍ အမျိုးအားဖြင့် အမြတ်ဆုံးဟု ထင်ရှားကျော်စောလေ၏၊ မြန်မာများလည်း ထို သာကီဝင်မင်းမျိုးနှင့် အဆက်အနွယ်တူသည်ဟု ရာဇဝင်က ယူရုံသာ မက, လူပုံပန်းနှင့် တချို့စကားသုံးများ ခပ်ဆင်ဆင် ဖြစ်ပုံကိုထောက်၍ ယုံမှား မရှိသင့်။

*အချို့က ဘုရားအလောင်းကို နားမပွားသည်ဟု ထင်ကြလေသည်၊ မြောက်ပိုင်း ဗုဒ္ဓဘာသာကျမ်းစာဋ္ဌကား လက်ျာနံပါးမှပွားသည် ဟု ဆို၏၊ မဟုတ်ပါ၊ ထုံးစံအတိုင်းသာတည်း၊ ဘုရားအလောင်း ပွားမြင်ပြီးနောက် ၇ ရက်မြောက်မှာ မယ်တော်မာယာ နတ်ရွာစံ၏၊ သို့သော် ပွားမြင်ရခြင်း ကြောင့် စံရသည်မဟုတ်၊ ကံကုန်၍ စံရခြင်းဖြစ်သည်။

ပြောဆိုကြလေ၏၊ ထို့နောက် စတုမဟာရာဇ် နတ်မင်းကြီးများက သစ်နက် သားအမွေးထည်ဖြင့် လှမ်းယူ၍ လူတို့လက်သို့ လှမ်းလိုက် လေသည်၊ ထို့နောက် လူတို့လက်မှ ဆင်းလျက် မြေ၌ တည့်မတ်စွာ ရပ်တော်မူ၍ အရပ်ဆယ်မျက်နှာကို ရှုစားတော်မူလေရာ အားလုံး သော နတ် ဗြဟ္မာတို့က အရိုအသေ ပေးကြသဖြင့် မြောက်အရပ်သို့ ခုနစ်လှမ်းလောက် ကြွလှမ်းပြီးလျှင် " အဂ္ဂေါဟ မသ္မိ လောကဿ= တလောကလုံး၌ ငါသာလျှင် အမြတ်ဆုံး " ဟူသော စကားသံကို ခန့်ခန့်ညားညား မိန့်မြွက်တော်မူလေသည်။

အကျိုးအားလုံးကိုပြီးစီးစေနိုင်သောကြောင့် အလောင်းဘုရားကို " သိဒ္ဓတ္ထ " ဟု နာမည်တော် တင်သကြလေသည်၊ ထို့နောက် ရှုပ် လက္ခဏာကို ကြည့်ရှုစစ်ဆေးကြသော ပုရောဟိတ် ပုန်ဏားတို့တွင် ပုန်ဏားခုနစ်ယောက်တို့က လက် ၂ ချောင်း ထောင်ပြလျက် " လူ့ ဘောင်မှာ နန်းစံလျှင် စကြာမင်း, တောထွက်တော် မူလျှင်ကား ဘုရား ဖြစ်လိမ့်မည် " ဟု ဟောကြ၍, အညာသိကောဏ္ဍညမထေရ် အလောင်းဖြစ်သော အငယ်ဆုံးပုန်ဏားကမူ လက်တချောင်းသာ ထောင်ပြလျက် " ကေန်မုခ္ဍ ဗုဒ္ဓဖြစ်လိမ့်မည် " ဟု ဟောလေသည်။ [ထို အဟောကို အခြား ပုရောဟိတ် တို့ကလည်း သဘောတူကြ လေသည်။]

ကြင်ယာတော် ရွေးခဏ်း

အလောင်းဘုရားသည် ၁၆ နှစ် အရွယ်သို့ ရောက်သောအခါ သာကီဝင် မင်းမျိုး အားလုံးကပင် တောထွက် သွားမည်ကို စိုးရိမ် ကြ၏၊ စကြာမင်း စည်းစိမ်ကြီးဖြင့် လေးကျွန်းလုံးကို အုပ်စိုးလျက်

သာကီဝင် တမျိုးလုံး အထက်တန်းက နေလိုကြ၏၊ ထို့ကြောင့် တန္ခေသဒ္ဒ သုဒ္ဓေါဒနမင်းကြီးထံ ညီလာခံရင်း စကားစပ်မိကြသဖြင့် "အလောင်းဘုရားကို သင့်လျော်သော ကြင်ယာတော်နှင့် ဖက်စပ်၍ ထီးနန်းကိုအပ်နှင်းမှ သာ၍စိတ်ချရမည်၊ သို့မဟုတ်လျှင် တောထွက်သွားလိမ့်မည်" ဟု ပြောဆိုကြရာ, သီးခြားဖြစ်သော မင်းကြီးအများကပင် မိမိ၏သီးတော်နှင့်သင့်လျော်ကြောင်းကို အသီးအသီးပြောဆိုကြသတဲ့။

ထိုအခါ သုဒ္ဓေါဒနမင်းက "သားတော်၏အလိုကို သိဘို့ခဲယဉ်းပေသည်၊ သားတော်၏ အလိုမကျလျှင် သင့်လျော်မည် မဟုတ်၊ သားတော်ကို စုံစမ်းကြရမည်" ဟု အမိန့်တော်ရှိ၍ အလောင်းဘုရားအထံ စုံစမ်းကြလေရာ, ရှေးဥုံးစွာ "ထီးနန်း မစံလိုကြောင်း ငြင်းပယ်သော်လည်း အမျိုးမျိုးတောင်းပန်ကြသဖြင့် "ဤဂုဏ်အင်္ဂါများနှင့် ပြည့်စုံသော ကြင်ယာတော်ကို ရလျှင် ထီးနန်း လက်ခံပါမည်" ဟု ခမည်းတော်ထံ သံတော်ဥုံးတင်လေသည်။

× × × × ×

ကြင်ယာတော်၏ ဂုဏ်အင်္ဂါများ

၁။ အဆင်းအရွယ် တင့်တယ် လှပခြင်း,

၂။ အလှဆုံး ဖြစ်သော်လည်း ရုပ်အဆင်းအတွက် မာန် မာန မတက်ခြင်း,

၃။ မိမိ အပေါ်မှာ မိခင်အလား မေတ္တာစိတ် များများဖြင့် လေးလေးစားစား ယုယတတ်ခြင်း,

(အဲဒ္ဌမုအကြိမ်)

၄။ စွန့်ကြဲပေးကမ်း လှူဒါန်းနေရသည်ကိုပင် အလွန်ပျော်စရာဟု မှတ်ထင်လေ့ရှိခြင်း,

၅။ သူတပါးကို မထီလေးစား မပြုသည့်ပြင် မာယာသာဒေယျ အမှုမှလည်း ကင်းရှင်းခြင်း, [မိမိမှာရှိသော အပြစ်ကို မရှိဟန်ဆောင်ခြင်းကို "မာယာ" ဟု ခေါ်၍, မရှိသောဂုဏ်ကို ရှိဟန်ဆောင်ခြင်းကို "သာဒေယျ" ဟု ခေါ်သည်။

၆။ မာန် မာန မကြီးရသော်လည်း သူတပါး၏ အစေအပါး ကဲ့သို့ အောက်ကျနောက်ကျလည်း မရှိရခြင်း, [အားလုံး အပေါ်၌ သဘောထားကြီးကြီးဖြင့် ခန့်ခန့်ကြီး နေတတ်ရမည်-ဟူလို။]

၇။ လောကီအာရုံ ကာမဂုဏ်၌ မက်မက်မောမော မရှိရခြင်း,

၈။ မိမိ၏ စီးပွားဥစ္စာ, မိမိ၏ အရှင်သခင်နှင့်သာ တင်းတိမ်ရခြင်း,

၉။ ယောကျ်ားတပါးနှင့် ဆိုလျှင် အိပ်မက်ကိုသော်မျှ မမက်မိအောင် စောင့်စည်းရခြင်း,

၁၀။ သစ္စာကတိ ကောင်းစွာရှိ၍ တရားပြည့်ဝခြင်း,

၁၁။ ကိုယ် နှုတ် နှလုံး သုံးပါးလုံး စောင့်စည်းလေ့ ရှိရခြင်း, ဤသို့စသော ဂုဏ်အင်္ဂါများတည်း။

ဤဂုဏ်တို့နှင့် ပြည့်စုံသော မင်းသမီးကို လှည့်လည် ရှာဖွေစေရာ သုပ္ပဗုဒ္ဓမင်း၏ အိမ်တော်သို့ ရောက်သောအခါ "ယသော်မရာ" အမည်ရှိသော မင်းသမီးကို တွေ့လေလျှင် မင်းသမီးက စတင်၍ စုံစမ်း

(အဋ္ဌမအကြိမ်)

ကျေနပ်ဘွယ် ကောင်းလှပြီ ဖြစ်၍ အထွဋ်အထိပ် ရောက်နေသော ယခုဘဝမှာ အပြစ် ရှာသော်လည်း တွေ့ရတော့မည် မဟုတ်ပါ၊ အချုပ်အားဖြင့် ဆိုရလျှင် "အမျိုးသို့အားလုံး၏ စာမျိုးစိ တမျိုးစိ အစွမ်းကုန်ရှိနေသော ဂုဏ်အင်္ဂါတွေကို ယသော်ဓရာ တယောက် ထည်း၌ အပြည့်အစုံ ခြုံပြီးဖြစ်နေသည်" ဟု ဆိုလိုပါသည်။

ထီးနန်း စံတော်မူခဏ်း

ခမည်းတော် သုဒ္ဓါဒန မင်းသည် ပြခဲ့သော ဂုဏ် အင်္ဂါတို့နှင့် ပြည့်စုံသောယသော်ဓရာမင်းသို့ကို သာကီဝင်မင်းသို့လေးသောင်း တို့၏ ထိပ်ထား မိဖုရားခေါင်အရာ၌မြောက်စား၍ အလောင်းတော် ဘုရားနှင့်အတူ ဘိသိက်ခံစေတော်မူပြီးလျှင် ဆောင်းဥတုအခါတွင် စံမြန်းတော်မူရန် "ရမ္မ"မည်သော ၉ ဆင့် တိုက်နန်းကိုဂုင်း, နွေဥတု အခါတွင် စံမြန်းတော်မူရန် "သုရမ္မ" မည်သော ၅ ဆင့် တိုက်နန်း ကိုဂုင်း, မိုးဥတုအခါတွင် စံမြန်းတော်မူရန် "သုဘ" မည်သော ၇ဆင့် တိုက်နန်းကိုဂုင်း, ခမ်းနားစွာ တည်ဆောက်စေတော်မူသည်။ [ဇိနာလင်္ကာရဋီကာ။]

ဆောင်း နွေ မိုးသုံး ဥတုသုံးပါးအလိုက် သိုက်မြိုက်သော အသုံး အဆောင် ဥယျာဉ် ရေကန်တို့ကို တည်ဖန်ပြီးနောက် နွေဥတု ရောက် သောအခါ စိတ်ကြည်နူးဘွယ်ရာ ရေပြွန်တို့မှ ရေပန်းတို့ကို ထုတ်ဖြာ စေလျက် အထက် ကောင်းကင်၌လည်း သားရေများ ကြက်ပြီးလျှင် ထို သားရေ မျက်နှာကြက်တို့ အပေါ်၌ မိုးသံရွာသံ ထင်ရအောင် ကျောက်ခဲကလေး များဖြင့် အသံပေးကာ ဥယျာဉ်၏ အလယ်မှာ စိတ်ခတ်ကို လွှန်စွာ အေးမြစေသည့် အပြင်, နန်းတော်၏ အရှေ့

လာသောအမတ်တို့ကို လောကွတ်ပျူငှါပြုလျက် "မည်သည့်ကိစ္စဖြင့် အိမ်တော်သို့ ကြွလာကြပါသလဲ" ဟု မေး၍ အကြောင်းစုံကို သိရ လေသော်.....တော်တော်သွက်လက်သော အာဇာနည်မင်းသို့ ဖြစ်သည်အား လျော်စွာ ဂုဏ်အင်္ဂါတို့ကို တောင်းယူ ကြည့်ရှုပြီးလျှင် "ဤဂုဏ်များနှင့် ပြည့်စုံသူမှာ မိမိတယောက်သာ ရှိကြောင်းကို" မောင်တော်ဘုရားအား သံတော်ဥူးတင်လိုက်ကြပါ၊ "မောင်တော် ဘုရားမှာ ဂုဏ်မဲ့သိရှိကင်း ညံ့ဖျင်း ရိုးအသော ကြင်ယာနှင့်အတူ ထီးနန်းစံနေတာကို မမြင်ပါရစေနှင့်" ဟု မှာထား ပြောဆိုလိုက် လေသည်။

မှတ်ချက်။ ။ယသော်ဓရာ မင်းသို့းကား သာမည ပါရမီ ရှင် မဟုတ်ပေ၊ ဘုရားအလောင်း သုမေဓာဘဝက ကြာပန်းများကို ဆက်ပြီးလျှင် အတူ ဆုပန်လာခဲ့သော "သုမိတ္တာ" အမျိုးသို့းပင် ဖြစ်သည်၊ လေးအသင်္ချေနှင့် ကမ္ဘာတသိန်းတိုင်အောင် အလောင်း တော်၏ပါရမီကို ကူညီခဲ့ရသဖြင့် သူ့အတွက် ပါရမီတွေ့မှာ ပိုလွန်၍ နေလေပြီ၊ ပရိနိဗ္ဗာန်စံခါနီး၌ မိန်းမအများတွင် မိမိသည် အလှဆုံး အချောဆုံးဟု ထုတ်ဖော်၍ ပြောဆိုသွားသဖြင့် ရုပ်အဆင်းဘက်က "မိန်းမ အားလုံးတို့၏ မျက်နှာဖုံး" ဟု ဆိုရပေမည်။

ပါရမီတော် ဖြည့်စဉ် အခါဝယ် အလောင်းတော် ဘုရား၏ တတွတ်တွတ် သွန်သင်ပြသ ဆုံးမသံတွေကို စိတ်ရောကိုယ်ပါ နာခံ ခဲ့ရလှသဖြင့် လိမ္မာရေးခြား ပါးပါးနပ်နပ် ဖျပ်လပ်သည့်ဘက်ကမူ မည်သူနှင့်မျှ မတူနိုင်ပါ၊ ဣန္ဒြေ စောင့်စည်းသည့်ဘက်ကမူ ဆိုလျှင် အမရာဒေဝီ ကိန္နရီနှင့် မဒ္ဒီမိဖုရား စသော ဘဝတုန်းကပင် အားရ

အနောက် ကန်တော်ကြီးတို့၌ ပျံသန်း ပျော်မြူးကြသော ငှက်တို့၏ အသံက ထပ်မံ အေးမြစေသည့် အတွက် အထက် နတ်နန်း၌ စံမြန်းရသည့်ပမာ လွန်စွာ ချမ်းမြေ့စေတော် မူပေသည်။

နန်းဧော်ကြီး၏ အတွင်းမှာလည်း မကင်းစကောင်းသော ဆန္ဒ အမတ်တို့လို အမတ်အချို့က လွဲ၍ အားလုံးသောနေရာ၌ တင့်တယ် လှပသော အမျိုးသမီးများကိုသာ အမှုတော်ထမ်းစေရုံမက, "သူအို သူနာ သူသေတို့ကိုမြင်လျှင် တောထွက်လိမ့်မည်" ဟု နိမိတ်ဖတ်ထား သဖြင့် ထို သူအိုစသူတို့ကို မမြင်ရအောင် နန်းတော်၏အနီးအပါး၌ အစောင့်အကြပ်များ ထားသည့်ပြင်, တိတ်တဆိတ် ထွက်သွားမည် စိုးသဖြင့် လူတထောင်ဖွင့်မှပွင့်နိုင်မည့်မြို့တံခါးကြီးကိုလည်း လဲလှယ် တပ်ဆင်ထားလေသည်။

သုဒ္ဓေါဒနမင်းကြီး၏စိမံချက်အရ အလောင်းဘုရား၏ ရှေးဘုန်း ရှေးကံကြောင့် စိုးစံတော်မူရသောစည်းစိမ်ကား ကြီးကျယ်လှ ပါပေ သည်၊ သာကီဝင် မင်းသွေးအပေါင်းတို့၏ အလယ်မှာ ယသော်ဓရာ မိဖုရား၏ ထူးခြားသော အသရေတော်သည် ကြယ် အပေါင်းတို့၏ အလယ်၌ လရတနာ တင့်တယ်သလို ရှိပါပေ၏၊ ကြီးမားသော မေတ္တာဖြင့် အရာရာ ယုယလေ့ရှိသော ယသော်ဓရာ မိဖုရားကြောင့် အလောင်းဘုရား၏ နေကွမ္မဓာတ် မြင့်မြတ်သော စိတ်တော်သည် အိပ်ပျော်နေသကဲ့သို့ ထင်စရာရှိပေ၏။

သို့သော် အလောင်းဘုရားကား ထိုမျှနှိုးနှိုး လှုံ့စည်းစိမ်ကြီးကို ဘဝပေါင်းများစွာ၌ စွန့်ခဲ့ပေါင်း များပြီးဖြစ်၍ ထိုကဲ့သို့ စည်းစိမ် ကြီးများကို စွန့်ခွါရာ၌ လွန်စွာ ကျင့်သားရပြီး ဖြစ်၏၊ မူလဓာတ်ခံ

(အဋ္ဌမအကြိမ်)

မှာလည်း သတ္တဝါတို့ကို ချမ်းသာအောင် ကယ်တင်လိုသော မဟာ ကရုဏာဓာတ်တော်ကြီး ပေတည်း၊ ထို မဟာကရုဏာတော် အလို ကျအောင် သတ္တဝါ အများကို မကယ်ရသေးသမျှ အေးအေးလူလူ စည်းစိမ်ခံစားနိုင်မည် မဟုတ်ပါ၊ အထက်မြစ်ညာမှ အဟုန်ပြင်းစွာ စီးလာသော ရေအယဉ်သည် လမ်းတွင်တွေ့သမျှ အရာဝတ္ထုတွေ့ကို ဒလဟော တိုက်လှဲ့၍ သမုဒ္ဒရာရောက်အောင် စီးသကဲ့သို့ ဘုရား အလောင်း၏ သဗ္ဗညုတာဉာဏ် ဘုရားဖြစ်ရန်အကြောင်း စုဆောင်း ခဲ့သော ပါရမီတော် အဟုန်သည်လည်း ကာမဂုဏ် စည်းစိမ်ကြီးကို အပြီးသတ် တိုက်လှဲ့၍ တောထွက်ခွင့်ရဘို့ရန် စီမံပါလိမ့်မည်။

× × × × ×

သံဝေဂ ယူတော်မူခက်း

အလောင်းဘုရားသည် ပြခဲ့သော ထီးနန်းစည်းစိမ်ကြီးကို ခံစား တော်မူစဉ် သက်တော် ၂၉ နှစ်အရွယ်သို့ ရောက်သောအခါ များစွာ သော အခြေအရံတို့ဖြင့် ဥယျာဉ်သို့ ထွက်တော်မူလေသော် ..... အလောင်းဘုရား၏ တောထွက်ဘို့အခွင့်အခါကို မကြာခဏ ကြည့်ရှု နေကြသော ဗြဟ္မာမင်းတို့က သူအို သူနာ သူသေ ရဟန်းဟု ၄ ပါး သော နိမိတ်ကြီးများကို အစဉ်အတိုင်း ဖန်ဆင်းလျက် အလောင်း ဘုရားနှင့် ရထားထိန်းမြင်ရုံမျှ ပြကြလေသည်။

ထိုအခါ သူအို သူနာ သူသေတို့ကိုတကြိမ်တခါမျှမမြင်ခဲ့ရဘူးသော အလောင်းဘုရားသည် ကိုယ်တော်နှင့် တကွ ဆွေတော် မျိုးတော် အားလုံးပင် အိုကြရ နာကြရ သေကြရဥုံးမည့်အချက်ကို ဆင်ခြင် တွေးဆ သံဝေဂဖြစ်တော်မူတုန်းဝယ် သပ္ပါယ်သောရဟန်းတော်ကို

(အဋ္ဌမအကြိမ်)

ထိုအခါ နန်းတော်၏ အတွင်း အပြင်၌ နတ် ဗြဟ္မာအများတို့ ရောက်နေကြ၏၊ နန်းတော်တွင်းရှိ လူများနှင့်တကွ တမြိုလုံး မနိုးကြအောင် နတ်များက စီမံထား၏၊ ကဏ္ဍကမြင်းတော်ကို ဆက်သဘို့ရန် ဆန္နသည် အတော် ဝန်လေး၏၊ တောထွက်မည်ကို အမှန်ပင် မလိုလား၊ သူ၏သခင် စကြာရှင်ဖြစ်သည်ကိုသာ မြင်လို၏၊ သို့သော် အမိန့်တော်ကို မလွန်ဆန့်ဝံ့ရှိသာ မက, မည်သူမျှလည်း မနိုးကြသဖြင့် ကဏ္ဍကစီးတော်မြင်းကို ပြင်ဆင်ရရှာလေသည်။

အလောင်းဘုရားသည် တောသို့ ထွက်ခွါတော် မူခါနီးဝယ် သားတော်ကို ရှုစားတော်မူလိုသောကြောင့် ယသော်ဓရာ မိဖုရား၏ အဆောင်တော်သို့ ကြွတော်မူလေသည်၊ ထိုအခါ အဆောင်တော် အတွင်းဝယ် နံ့သာတိုင်များကို ညှိထွန်းထား၏၊ ယသော်ဓရာမိဖုရား သည် မြလေးပန်းတိုဖြင့် ရောပြွမ်းနေသော သလွန်ပေါ်၌ သားတော် ကလေး၏ ဥုးခေါင်းပေါ်မှာ ရွှေလက်တော်တင်လျက် စက်တော် ခေါ်နေ၏။

အလောင်းဘုရားသည် အဆောင်တော်၏ တံခါးခုံအတွင်းသို့ ချင်းနင်းမိသောအခါ လွန်စွာ ကြက်သရေရှိသော တိုက်ခန်းဝယ် တင့်တယ်သော သလွန်တော်ထက်၌ မြလေးပန်းတို့၏ အလယ်တွင် ရင်သေးတော် ရတနာနှင့် ကြင်ယာတော် မိဖုရား စက်တော်ခေါ် နေပုံကို ရှုစားတော်မူရသောအခါ တော်တော်တန်တန် ပါရမီ ရှင် ဆိုလျှင် ထိုနေရာတချက်နှင့် တောထွက်ဘို့ အထမြောက်တော့မည် မဟုတ်ပါခေျ။

မိဖုရားကား ရှိသမျှ အမျိုးသီး တို့တွင် အသာဆုံး ဖြစ်ရုံသာ မက, လေးအသခြေနှင့် ကမ္ဘာတသိန်းထက်ကစ၍ ပါရမီကို ကူညီ

ဖူးမျော်ရသောအခါ ကမ္ဘာအဆက်ဆက်က နုစ်သက်ခဲ့သော အသွင် ဖြစ်ပေရကား အားရ ရွှင်လန်းလျက် ရဟန်း ပြုဘို့ရန် အဓိဋ္ဌာန် ပြုတော်မူလေသည်၊ ထို့နောက် ညနေချမ်း၌ ဥယျာဉ်တော်မင်္ဂလာ ရေကန်မှ ရထားစီး၍ပြန်တော်မူလေသည်၊ထိုပြန်ခါနီး၌ သားတော် ရတနာ ဖွားမြင်တော် မူကြောင်းကို သံတော်ဥုး တင်လာသဖြင့် *"ရာဟုဇာတော=အနှောင်အဖွဲ့ ဖြစ်ပါပကော"ဟု ငြိုးတွားတော် မူလေသည်။

× × × × ×

တောထွက်တော်မူရန် အစီအစဉ်

အလောင်းဘုရားသည် နန်းတော်သို့ ရောက်တော်မူပြီးနောက် ကချေသည် မောင်းမတို့ ကပြ တီးမှုတ်လျက် ဖြေဖျော်ကြသည်ကို ရှေးကလိုစိတ်ဝင်စားတော်မမူဘဲ သလွန်တော်၌ လျောင်းစက်တော် မူလေသည်၊ ထိုအခါ ကချေသည် မောင်းမအပေါင်းလည်း သီဆို တီးမှုတ်မှုများကိုရပ်တန့်၍ အိပ်ပျော်နေကြစဉ်, ဒူးပေါ် ပေါင်ပေါ် စသည်တို့ဖြင့် မလျော်သော အိပ်ပျော်နေကြပုံကို အလောင်းဘုရား စက်တော်ခေါ်ရာမှ အထတွင် မြင်တော်မူရ၍ ရှေးကထက် သံဝေဂ ရပြီးလျှင် " ယနေ့ညပင် တောထွက်တော့အံ့ " ဟု ကြံတော်မူကာ ငယ်ကျွန်တော်ရင်း ဆန္နအမတ်မင်းကို နှိုးလျက် ကဏ္ဍကမြင်းကို ဆက်ဘို့ရန် အမိန့်ပေးလေသည်။

× × × × × × ×

*ရာဟုဇာတော—ဟူသော စကားတော်ကြောင့် သားတော်ကို "ရာဟုလာ"ဟု နာမည်မှည့်ကြလေသည်။

ပြီးလျှင် , အချို့က ဘုန်းတော်ဘွဲ့ သီချင်းနှင့် တူရိယာမျိုးစုံတို့ကို တီးမှုတ် သီဆိုကာ လွန်စွာ ကြည်နူးဘွယ် ကောင်းပါပေသည်။

ရဟန်းပြုတော်မူခြင်း

ထို အစီအစဉ်ဖြင့် ထွက်တော်မူလာရာ အနောက်မာ မြစ်ကမ်းသို့ ရောက်တော်မူလျှင် မြင်းတော်ကို အချက်ပေး၍ ရှစ်ဉသဘလောက် ဝေးသော ဟိုဘက်ကမ်းသို့ ပျံသန်း စေပြီးနောက် ထိုဘက်ကမ်း အရောက်တွင် ငှေ့သားအဆင်းရှိသော သဲသောင်ပြင်ဝယ် ထိုင်တော်မူ၍ သန်လျက်ဖြင့် ဆံတော်ကို ကိုယ်တိုင် ပယ်တော်မူ လေသည်၊ ထို့နောက် ဆံတော်ကို ကောင်းကင်သို့ မြှောက်လိုက်သော အခါ သကြားမင်း ခံယူ၍ တာဝတိ်သာ နတ်ပြည်၌ " စူဠာမဏိစေတီ " တည်ထားလေသည်၊ ထို့နောက် ဃဋ္ဋီကာရ ဗြဟ္မာမင်းက ကပ်လှူအပ်သော ရဟန်း ပရိက္ခရာတို့ကို ဆင်မြန်းတော်မူပြီးလျှင် ဝတ်လဲတော်ကို ကောင်းကင်သို့ မြှောက်ပြန်ရာ ဃဋ္ဋီကာရဗြဟ္မာမင်း ခံယူ၍ ဗြဟ္မာ့ပြည်၌ " ဒုဿစေတီ " တည်ထား ကိုးကွယ်လေသည်။

အလောင်းဘုရားသည် ရဟန်း ပြုတော်မူပြီးနောက် ဆန္နအား တိုင်းပြည်သို့ ပြန်ဘို့ရန် အမိန့်ပေးသံကို ကဏ္ဍကမြင်းတော် ကြားရသဖြင့် မိမိ၏သခင်နှင့် ခွဲခွါရမည့် အချက်ကြောင့် စိတ်မသက်သာ နှလုံးနာဖြင့် စုတေရှာပြီးနောက် တာဝတိ်သာ နတ်ပြည်သို့ ရောက်လေ၏၊ ဆန္နအမတ်လည်း မိမိသခင်ကို ခွဲရမှာကတဖက်, မြင်းတော် စုတေသည်က တဖက်နှင့် အခက်ကြုံကာ တိုင်းပြည်သို့ မပြန်လိုပါသော်လည်း အရှင်၏ အာဏာကို မလွန်ဆန်ဝံ့သော ကြောင့်သာ တိုင်းပြည်သို့ မြန်ရရှာလေသည်။

လာခဲ့ရှာသူဖြစ်သည့်ပြင် မီးရှူးသန့်စင်ပြီးခါစ အားတော် ခပ်နွဲ့နွဲ့ဖြင့် သားတော်ကလေး အပေါ် လက်တော် တင်လျက် တောထွက်မည့် အကြောင်းကို လုံးလုံးမသိရှာဘဲ စက်တော်ခေါ် နေ၏၊ သားတော် ကလေးကား ရင်သွေးတော်ရတနာ စကြာမင်းလောင်းလျာကလေး ဖြစ်ရုံသာမက , တခါမျှလည်း အားရပါးရ ရှုစားတော်မမူရသေး၊ ရင်သွေးတော်ရတနာကို အားရပါးရ ပွေ့ယူတော်မူလိုသော်လည်း မိဖုရား နိုးတော်မူလျှင် ထွက်ခွင့်ဘို့ လမ်းမမြင်သောကြောင့် " ဘုရား ဖြစ်မှ သားချစ်ကို ရှုတော့အံ့ " ဟု အာရုံတော် ရပ်သိမ်း၍ အဆောင် တော်မှ ထွက်ခွါပြီးလျှင် မင်္ဂလာမြင်းတော်ထက်သို့ ရွှေစက်တော် တင်ရလေသည်။

တောထွက်တော်မူခြင်း

မင်္ဂလာ မြင်းတော်ထက်သို့ ရောက်ပြီးနောက် ကဆုန်လပြည့် သန်းခေါင်အချိန်မှာ နတ်ဗြဟ္မာများ ခြံရံလျက် ဖွားဘက်တော် ဆန္နအမတ်အား မြင်းမြီးကို ကိုင်ဆွဲစေပြီးလျှင် မြို့တော် တံခါးအနှိုးသို့ ရောက်သောအခါ မြို့တံခါးစောင့်နတ်များက အဆင်သင့် တံခါးကို ဖွင့်ကြလေသည်၊ ထိုအခါ မာရ်နတ်မင်းက " အသင်မင်းသား.....တောထွက်ဘို့ မလိုပါ၊ မကြာခင် ၇ ရက်မြောက်၌ စကြာရတနာ ဆိုက်ရောက်ပါလိမ့်မည် " ဟု ပြော၍ တားသော်လည်း ဂရုမပြု, စကြာမင်း စည်းစိမ်ကိုပင် လျစ်လျူရှုတော်မူလျက် မင်္ဂလာတံခါးမှ ထွက်တော်မူလေသည်။

ထိုအခါ အချို့ နတ်ဗြဟ္မာတို့သည် မီးရောင်စုံများကို ရွှေနောက်ဝဲ ယာ ညှိထွန်းလျက် , အချို့က ပန်း နံ့သာများကို ကြဲဖြန့် ပူဇော်

နန်းတော်၌ ဖြစ်ပျက်ပုံ

အလောင်းဘုရား တောထွက်သွားတော်မူပြီးနောက် အလင်းသို့ ရောက်သောအခါ အလောင်းဘုရားကို မတွေ့မြင်ရ၍ ယသော်ဓရာ မိဖုရား ရုတ်ခနဲ တ-သ ငိုကြွေးလိုက်သော အသံကို မောင်းမအများ ကြားသဖြင့် ဆင့်ကာဆင့်ကာ ငိုကြွေးကြလေရာ အလောင်းဘုရား၏ တနန်းတော်လုံး ဆူညံသွားလေသည်၊ အလောင်းဘုရား၏ စံနန်းက ဆူညံသံကို ခမည်းတော်မင်းကြီး ကြားသဖြင့် ချက်ခြင်း စေလွှတ်၍ မေးမြန်းစေရာ, အလောင်းဘုရားမရှိကြောင်းကိုကြားတော်မူရလျှင် မြို့တံခါးတို့ကို အပိတ်ခိုင်း၍ လိုက်လံ ရှာဖွေကြစဉ် မိထွေးတော် ဂေါတမီသည် လူးကာလှိမ့်ကာနှင့် သားတော်ကိုရှာပေးရန် သုဒ္ဓေါဒနမင်းကြီးထံပူဆာလေသည်၊ သုဒ္ဓေါဒနမင်းကြီးလည်း မိဖုရားကြီး ပူဆာသည်က တတန် , ယသော်ဓရာ စုဖုရားတို့ လှိုက်လှိုက် လှဲလှဲ ငိုသံက တဖက် , သားတော် ထွက်သွား၍ ရတက်မအေးရသည်က တဖုံနှင့် ဝိုင်းအုံ၍နေသော ဒုက္ခတွေ အကြားဝယ် မြင်းလျှင်တော် များကို ဆင့်ခေါ်စေ၍ သားတော်ကို မတွေ့-တွေ့အောင် ရှာဘို့ရန် အမြန် စေခိုင်းတော်မူရလေသည်။

မြင်းလျှင်တော်များသည် မဂ်လာတံခါးမှ အထွက်တွင် ညဉ့်က ပူဇော်ကြသောပန်းတွေကိုမြင်၍ လမ်းစဉ်အတိုင်း လိုက်သွားကြရာ, ပြန်လာသော ဆန္နအမတ်နှင့် တွေ့ကြသဖြင့် အကြောင်းစုံကို သိကြရသောကြောင့် အတင်းပင့်သော်လည်း လိုက်တော့မည် မဟုတ်ဟု ဆန္နဆီပြောချက်အရ တိုင်းပြည်သို့ပြန်ခဲ့ကြရလေသည်၊ ဆန္နအမတ် ညဘျာဉ်တော်သို့ရောက်လျှင်သုဒ္ဓေါဒနမင်းကြီးနှင့်တွေ့၍ အလောင်း

ဘုရားက ခမည်းတော် မယ်တော်များထံ မှာလိုက်သောစကားနှင့် အဖြစ်အပျက်ကို သံတော်ဥုံးတင်ပြီးနောက် အလွန် ပူဆွေးနေသော ယသော်ဓရာကို သက်သာနိုင်သမျှ သက်သာစေဘို့ရာ ယသော်ဓရာ စံနန်းသို့ ဆက်လက် သွားလေသည်။

ယသော်ဓရာ တမ်းတခက်း

အလောင်းဘုရား တောထွက် သွားသော်လည်း ယသော်ဓရာ မိဖုရား၏စိတ်၌ "သုဒ္ဓေါဒနမင်းကြီး အရှာခိုင်းလိုက်သော မြင်းလျှင် တော်များနှင့်အတူ ဆန္နရော အလောင်းတော်ဘုရားပါ ပြန်ပါလာ လိမ့်မည်" ဟု မြော်လင့်ချက်ဖြင့် စိတ်သက်သာခွင့် ရရှာပေသေး၏၊ ထိုကဲ့သို့ မြော်လင့်ချက်ဖြင့် အလောင်းဘုရား ပြန်လာမည့် လမ်းသို့ စိတ်အားထက်သန်စွာ မျှော်နေစဉ် ဆန္နတယောက်ထည်း ပြန်လာ သည်ကို မြင်လိုက်ရလျှင်ပင် ရှေရင်မှာ အပူခွေ့သဖြင့် မျှောမှေ့၍ သွားရှာတော့သည်၊ ရံရွေတော်များက နှာတော်ဆက်သ၍ သတိရ သောအခါ အလောင်းဘုရား၏ဂုဏ်ကိုဖွဲ့ဆို၍ ပြင်းစွာငိုကြွေးလျှက် "ညဉ့်အခါတုန်းက မောင်တော်ဘုရား တောထွက်တော့မည် ဟု မြင်းတော်ကို တောင်းတဲ့အခါ အနှိုးတော် မဆက်ကောင်းလား" ဟု ဆန္နကို အပြစ်တင်လေသော်....

ဆန္နအမတ်က သံတော်ဥုံးတင်သည်မှာ— သခင်မဘုရား.... ညဉ့် အခါ၌ ဖြစ်ပျက်ခဲ့ရပုံကို အလုံးစုံ သံတော်ဥုံး တင်ပါမည်, ရှေနား ဆင်တော်မူပါ၊ သန်းခေါင်ယာမ်အချိန်လောက်တွင် အားလုံးသော ရံရွေတော်များ အိပ်ပျော်နေကြစဉ်ဝယ် ဘုရာ့ကျွန်ကို ခေါ်တော် မူ၍ "ကဏ္ဍက မြင်းတော်ကို ဆက်ရမည်" ဟု အမိန့်ပေးပါသည်၊

ထိုအခါတုန်းက သလွန်ပေါ်မှာ စက်တော်ခေါ်နေသော သခင်မ ဘုရားကို ဘုရာ့ကျွန် အမှန်ပင် အနှိုးတော်ဆက်ပါသည်၊ သို့ရာဝယ် နတ်အများက ပိတ်ချုပ်ထားသဖြင့် မည်သူတယောက်မျှမနိုးကြပါ၊ "သခင်မဘုရား.... ငိုကြွေးခြင်းဖြင့် အကျိုးမရှိတော့ပါ၊ အမြတ်ဆုံး ဘုရား အဖြစ်ကို မကြာခင် ရပါတော့မည်၊ ထို ဘုရားအဖြစ် ကျမှ အားရပါးရဖူးမျှော်ဘို့ရာ ဤ ရွှေနန်းတော်ကနေ၍ မြှော်လင့်တော် မူပါ"ဟု သံတော်ဥုးတင်လေသည်။

လလိတဝိတ္ထာရ ကျမ်းလာ
ယသော်ဓရာ တမ်းတပုံ

ဟာ မယှ ပီတိ ဇနနာ, ဟာ မမ နရပုဂ်ဝါ၊
ဟာ မမ သုရူပ ရူပါ, ဟာ မမ ဝရလက္ခဏာ။

မယှံ—မဒ္ဒီအဖြစ်, မောင့်ကိုချစ်၍, တောပြစ်ကိုခံ, တောမှာစံလျက်, တောဒဏ်ဖြင့်ပျော်, နှမတော်၏၊ ပီတိဇနနာ— အသုံးယဉ်ယဉ်, မမုန်းချင်အောင်,ပြုံးရွှင်စေတတ်,အို....မောင်တော်မြတ်ဘုရား၊ ဟာ— ယခုမှပင်, မပျော်ရွှင်အောင်, တမင်ရှောင်လျက်, တော တောင်သာခန်း, မောင်တော်လှမ်း၍,မြန်းရက်လေခြင်းဘုရား။

မမ-ကိန္နရီဘဝတုန်းက, ချုံးချုံးချလျက်, တမ်းတနှောင့်နှေး,မောင့် အရေးကြောင့်, တွေးကာတွေးကာ, ငိုကြွေးရပါသော နှမတော် ၏၊ နရပုဂ်ဝါ-လူ နတ် ကောင်းအောင်, သောင်း အထောင်၏, ခေါင်းဆောင်ရှေသွား , အို....မောင်တော်မြတ်ဘုရား၊ ဟာ— တဖန်ယခု, ငိုအောင်ပြုလျက်, စုစုကို ရှောင်, တောတောင်သာ ခန်း, မောင်တော်လှမ်း၍, မြန်းရက်လေခြင်း ဘုရား။

မမ — အမရာမည်, အခါဆီဝယ်, သာကြည်ရွှင်ပျော်, အရှင်ကျော် အောင်, ထင်ပေါ်စေမှု, ကူညီ၍ ပြုခဲ့ရသော နှမတော်၏၊ သုရူပ ရူပါ - ပန်းတော်အင်ကြင်း, ပင်လုံးဝင်းမျှ, ပွင့်လင်း ယှက်ဝေ, ကြက်သရေမင်္ဂလာ, စုဝေးကာဖြင့်, လွန်စွာ ရှုပျော်, အို .... မောင်တော်မြတ်ဘုရား၊ ဟာ - သွေးတော်နုနု , သားရွှေဥမျှ, မရှုနိုင်အောင်, တမင် ရှောင်လျက်, တော တောင် သာခန်း, မောင်တော်လှမ်း၍, မြန်းရက်လေခြင်း ဘုရား။

မမ - လေးသင်္ချေထက်, ဟို့ဟိုဘက်က , မပျက်နှစ်ကိုယ်, မောင် တော့်ကိုပြု, မောင်တော် ရှုလျက်, ယခု ယသော်, နှမတော်၏၊ ဝရလက္ခဏာ- ယောကျ်ားမြတ်၏, အမှတ် တံဆိပ်ဖြင့်, ခတ်နှိပ် စုံလင်, ဂုဏ်အင်ပြည့်မော်, အို....မောင်တော်မြတ်ဘုရား၊ ဟာ- တရားအသစ်, ဘုရားဖြစ်မှ, သားချစ်နှင့်အတူ,နာယူမည် မှန်းဆ လျက်,တမ်းတကာ တကိုယ်ရေးဖြင့်, ငိုကြွေး၍ ကျန်ရစ်ရချေပေါ့ ဘုရား။

အမှာ။ ။ကျမ်းရင်းက မဖွင့်သော်လည်း တမ်းတပုံ သရုပ်ပေါ် အောင် အမရာ, ကိန္နရီ, မဒ္ဒီဘဝနှင့် ယသော်ဓရာ ဘဝတို့ကို တန်ဆာဆင်လျက် အနက်ရေးထားသည်။

ထို့နောက် ယသော်ဓရာမိဖုရားသည် အလောင်းဘုရား ဝတ်စား နေထိုင်တော်မူပုံကို မေးလေရာ ညဉ့်စာ မစား, ပန်းနံ့သာ မဆင်, ခမ်းနားသော အိပ်ရာတွင် မအိပ်ကြောင်းကို ကြားရသောကြောင့် အလောင်းဘုရားကို အတုလိုက်ပြီးလျှင် ညဉ့်စာ အတွက် ပွဲတော် တည်မှု, ပန်း နံ့သာလိမ်းကျံမှု, ကြီးကျယ် ခမ်းနားသော အိပ်ရာ

နေရာ၌ စက်တော်ခေါ်မှု ဟူသော ဝိကာလဘောဇန, နစ္စ ဂီတ, ဥစ္စာသယန မဟာသယန သိက္ခာပုဒ်တော်များကို စောင့်ထိန်းကာ ၂၉ နှစ် အရွယ်တော်မှာပင် ဥပုသ်သည်ကလေးဖြစ်၍ နေရစ်ရှာလေသတည်း။

*ဒုက္ကရစရိယာ ကျင့်တော်မူခဏ်း

ဘုရားအလောင်းတော်သည် ရဟန်း ပြုပြီးနောက် ဒေသစာရီ လှည့်လည်တော်မူစဉ် အာဠာရနှင့် ဥဒကရသေ့တို့ထံ ဝင်၍ တရား ထူးကို စုံစမ်းတော်မူရာ လောကီစျာန်လောက်ကိုသာ ထို ရသေ့တို့ အထံမှ ရရှိသဖြင့် တင်းတိမ် အားရတော်မမူသေးသောကြောင့် ဥရု ဝေဠုတောသို့ ကြွ၍ ဒုက္ကရစရိယာအကျင့်ကို ကျင့်တော်မူသည်။

× × × × ×

*ဒုက္ကရ = ပြုကျင့်နိုင်ခဲသောအကျင့်ကို+စရိယာ = ပြုကျင့်ခြင်း၊ အခြားသူတို့ ပြုကျင့်နိုင်ခဲသောအကျင့်ကို ကျင့်တော်မူခြင်းသည် "ဒုက္ကရစရိယာ" မည်၏၊ "ဒုက္ခစရိယာ"ဟု ပြောကြသည်မှာ ကျမ်းဂန်လာ မဟုတ်ပါ။

အလောင်းတော်၏ ၆ နှစ်မျှ ခန္ဓာကိုယ်ကို အလွန် ပင်ပန်းစေလျက် ကျင့်တော်မူခြင်းသည် စင်စစ် လမ်းမှန်ကျသော အကျင့် မဟုတ်ပါ၊ ထိုစဉ်က ခန္ဓာကိုယ် ပင်ပန်းခဲနိုင်သော (အတ္တကိလမထ) အကျင့်ဖြင့် အသားယူ၍ ဘုရားတဆူ လုပ်နေကြသော ခေတ်ကြီးပေတည်း၊ အလောင်းတော်လည်း ဇောတိပါလဘဝက ကဿပ ဘုရားရှင်အား "ဗောဓိဉာဏ်နှင့် ဝေးပါသေးရဲ့"ဟု နှုတ်ကြွေးတော် ဝစီပြစ်ကြောင့် ထို အတ္တကိလမထ အကျင့်မှားကိုပင် ကျင့်မိတော် မူလေသည်၊ ..... ဇောတိပါလ, ဖြစ်စဉ်ကလျှင်, ကဿပဘုန်းရှိ, စောမုနိကို, ဗောဓိဉာဏ်ရေး, အလွန်ဝေး — ဟု, နှုတ်ကြွေး တင်လစ်, ဝစီပြစ်ကြောင့်, ခြောက်နှစ်ဒုက္ကရ, ကျင့်လွဲရ၏။

ကျင့်တော်မူပုံ အစီအစဉ်မှာ — ရှေးဥုးစွာ "သေနာ"မည်သော နိဂုမ်းသို့ ဆွမ်းခံဝင်ကာ ဆွမ်း ဘုဉ်းပေးတော်မူပြီးလျှင် မေတ္တာဘာဝနာကို ပွားများလျက် ထိုနေ့ကာလကို လွန်စေတော်မူသည်၊ ထို့နောက် ဆွမ်း အာဟာရကို သုံးဆောင်တော်မမူတော့ဘဲ အလို့အလျောက် ကြွေကျလာသော သစ်သီးကိုသာ ကောက်ယူ၍ ဘုဉ်းပေးတော်မူ၏၊ ထို့နောက် ထိုထို ဤဤ သစ်ပင်အောက် လှည့်လည် ကောက်ယူ၍ စားရခြင်းကိုပင် အလုပ်ပျက်သည် ဟု အယူရှိသဖြင့် ကိုယ်တော်မြတ်နေရာ သစ်ပင်အောက်၌သာ ကြွေကျသော သစ်သီးများဖြင့် မျှတတော်မူလေသည်။

ထို့နောက် အစာအာဟာရ စားသောက်နေရခြင်းကိုပင် အလုပ်ပျက်သည်ဟု ထင်တော်မူ၍ လုံးလုံး အစာမစားဘို့ရန် ကြံစည်သော်လည်း "အစာမစားဘဲနေလျှင် နတ်ဩဇာ သွင်းပေးမည်"ဟု နတ်တို့က လျှောက်ထားကြသဖြင့် နတ်ဩဇာအသွင်းလည်း မခံ လိုသောကြောင့် တလက်ခုပ်လောက် ပဲရည်-ဆီးသီးကလေးမျှကို ဘုဉ်းပေးတော်မူလေသည်။

ထိုသို့ အာဟာရလည်းဆုတ်ယုတ်, တရားကိုလည်း အားထုတ်မှုကြောင့် အလောင်းဘုရား၏ ရွှေအဆင်းသို့ ဝါဝင်း ပြည့်ဖြိုးသော ကိုယ်တော်သည် ညိုမဲ ခြောက်ကပ်၍ နေလေတော့၏၊ သွေးသားဟူ၍ မရှိတော့ဘဲ အရိုးနှင့် အရေသာ ကျန်လေတော့သည်၊ ထိုကဲ့သို့ ခြောက်ကပ်မှုကြောင့် ဝစ္ဆမဂ် (စအို)သည် အတွင်းသို့တွန့်နေရကား ကျင်ကြီး စွန့်လိုသောအခါ မစွန့်နိုင်ဘဲ မူးမိုက်၍ ထိုင်နေရာမှာပင် လဲရှာလေသည်။

ဤသို့သော နည်းများဖြင့် ၆ နှစ်ခန့်ကြာအောင် ဒုက္ကရစရိယာ ကျင့်တော်မူသော်လည်း တရားထူးကို မရနိုင်သောကြောင့် အတိုင်း ထက်အလွန် ခန္ဓာကိုယ်ကို အပင်ပန်းခံခြင်းသည် သမာဓိ ရဘို့ရန် နည်းလမ်းမဟုတ်သေးသဖြင့် နောက်တဖန် သေနာနိဂုမ်း၌ ဆွမ်းခံ၍ အာဟာရကို မှီဝဲပြန်ရာ မကြာခင် အားအင်တိုးပွား၍ ပင်ကိုယ်က အရေ အသားများ ဖြစ်ပေါ် လာလေသည်။

မာရ်နတ်ကို အောင်မြင်တော်မူခဏ်း

ဘုရားအလောင်းတော်သည် ၂၉ နှစ် အရွယ်တွင် တောထွက်တော်မူ၍ ၆ နှစ်ပါတ်လုံး ဒုက္ကရစရိယာကို ကျင့်တော်မူပြီးနောက် ၃၅ နှစ် အရွယ်တော်သို့ ရောက်တော်မူရာ, ကဆုန်လပြည့်နေ့ဝယ် သေနာနိဂုမ်းသူ သဌေးကတော်ကလေး သုဇာတာ၏ * နို့ဃနာ ဆွမ်းကို ရွှေခွက်ပါ ခံယူတော်မူ၍ နေရဥ္ဇရာမြစ်ကမ်း၌ ၄၉ လုတ်မျှ ဘုဉ်းပေးတော်မူပြီးလျှင်..... "ယနေ့ ဘုရားဖြစ်မည်မှန်လျှင် ဤ ရွှေခွက်သည် ရေညာသို့ ဆန်တက်စေသား" ဟု ဓိဋ္ဌာန်၍ မျှောလိုက်ရာ, ရွှေခွက်လည်း ဝမ်းဘဲအလား ရေညာသို့ ဆန်သွား၍ ကာဋ္ဌ

× × × × ×

* သုဇာတာသည် အပျိုဘဝတုန်းက "အမျိုးတူ သဌေးသားနှင့် ရ၍ သားဥုးဖွားအောင် စောင်မလျှင် အရှင် နတ်မင်းအား နှစ်စဉ်ပူဇော်ပါမည်" ဟု ဝန်ခံခဲ့၍ သူတောင့်တတိုင်း အကျိုးရသောကြောင့် ညောင်ပင်စောင့်နတ်က မ-စ သည်ဟု ထင်၍ နှစ်စဉ် ညောင်ပင်ကို ပူဇော်၏၊ ထိုနှစ်၌ ဘုရားအလောင်းနှင့် တွေ့၍ ညောင်ပင်စောင့်နတ် ဟုပင် မှတ်ထင်လျက် နို့ဃနာကို ရွှေခွက်ပါ ပူဇော်သွားလေသည်။

(အဋ္ဌမုအကြိမ်)

နဂါးမင်း ဗိမာန်တွင်းသို့ သက်ဆင်း နစ်မြုပ်လျက် ရှေးဘုရားရှင်တို့ ရွှေခွက်အောက်၌ တည်လေသတဲ့။

ထို့နောက် ဘုရား အလောင်းသည် နေရဥ္ဇရာ မြစ်ကမ်းဝယ် အင်ကြင်းဥယျာဉ်၌ နေ့အဘို့ သီတင်းသုံး၍ ညနေချိန်တွင် ဗောဓိပင်သို့ ကြွတော်မူစဉ် လမ်းခရီးအကြား မြက်ရိတ်သွား ပုန်ဏားအထံမှ မြက်ရှစ်ဆုပ်ကို အလှူခံလျက် ဗောဓိညောင်ပင်အောက်သို့ ရောက်သောအခါ ထို မြက်များကိုပင် * ခင်းတော်မူကာ ထက်ဝယ် ဖွဲ့ခွေ ထိုင်နေတော်မူသည်။

ထိုကဲ့သို့ နွေကာလဝယ် စိမ်းစိုသော မြက်အခင်းပေါ်မှာ အေးမြသာယာသော ဗောဓိညောင်ပင်ရိပ်၌ "ဘုရားမဖြစ်သမျှ ဤထက်ဝယ် တင်ပလ္လင်ကို မဖျက်တော့အံ့" ဟု ဓိဋ္ဌာန်၍ ထိုင်နေသော့ အခါ သကြားမင်းသည် "ဝိဇယုတ္တရ" မည်သော ခရုသင်းကြီးကိုမှုတ်လျက် အောင်သံပေးနေ၏၊ ပဉ္စသီခနတ်သားကား "ဗေဋ္ဌုဝ" မည်သော စောင်းကြီးကို တီးလျက် နေ၏၊ သုယာမ နတ်မင်းနှင့် သန္တုသိတ နတ်မင်းတို့ကမူ သားမြီးယပ်နှင့်ပဒမြားယပ်များကိုတငြိမ့်ငြိမ့်ခတ်၍ နေ၏၊ သဟမ္ပတိဗြဟ္မာမင်းမှာ ထီးဖြူတော်ကို ဆောင်းမိုးနေ၏၊ ကာဋ္ဌနဂါးမင်း၏ကိုယ်ရံတော် နဂါးပျိုမကလေးများက ဘုန်းတော်

× × × × ×

* ဤနေရာ၌ "မြက်ရှစ်ဆုပ်ကို ဖြန့်ခင်းသောအခါ ၁၄ တောင်မြင့်သော ပလ္လင်တော် ပေါက်လာသည် ဟုဋ္ဌင်း, ၁၄ တောင် ပြန့်ကျယ်သော ပလ္လင်ဖြစ်နေသည် ဟုဋ္ဌင်း" ဝါဒကွဲပြားလျက် ရှိသည်၊ အမြင့်မဟုတ်, အကျယ်ဖြစ်ကြောင်းကို သီလက္ခန် ဋီကာသစ် ဗြဟ္မဇာလသုတ် အဖွင့်၌ ဆုံးဖြတ်၏။

(အဋ္ဌမအကြိမ်)

ဘွဲ့များကို သာယာစွာ ရွတ်ဆိုနေကြ၏၊ အခြားသော နတ် ဗြဟ္မာ အပေါင်းတို့သည် ပန်းနံ့သာ အမျိုးမျိုးဖြင့် ပူဇော်ကာ ကောင်းချီးပေးကြလေသည်။

ထိုကဲ့သို့ အခြင်းအရာကို မာရ်နတ်မင်း မြင်လျှင်မြင်ခြင်း နတ်ပြည်တက်၍ မိမိ စစ်သည်တပ်သားများကို စုရုံးလျက် မိမိကိုယ်တိုင်က လက်နက်အမျိုးမျိုး စွဲကိုင်သော လက်ရုံးတထောင် ဖန်ဆင်းပြီးလျှင် "ဂိရိမေခလာ" မည်သော ဆင်ပြောင်ကြီးကိုစီးနင်းကာ ဗောဓိပင်သို့ ချေးရှလာ၍ မိမိစစ်သည်များကို "တော်ကြလော၊ လက်ရဖမ်းကြလော" ဟု တိုက်တွန်းဆော်သြလေသည်၊ သို့သော် ဗောဓိပင်နားသို့ မကပ်ဝံ့ကြ၊ အဝေးကနေ၍သာ အမျိုးမျိုးသော လက်နက်များဖြင့် ပစ်ခတ်ကြလေသည်။

မာရ်နတ်၏ စစ်သည်များ တက်လာခါစကပင် ဗြဟ္မာ သကြားစသည်တို့လည်း ဝေးရာအရပ်မှ ရှောင်လွဲ၍ အောင်ပွဲကို ကြည့်ရှုနေကြ၏၊ ဘုရားအလောင်းတော်မှာ တပါးတည်း ကျန်ရစ်တော်မူသော်လည်း အနည်းငယ်မျှ စိုးရွံ့တော်မမူဘဲ "သားသည် မိခင်သည် ရင်ခွင်ထဲမှာနေသော သားငယ်က ဆံပင်ကို ဆွဲ, မျက်နှာကို ကုပ်, ပါးကို ပုတ်လျက်, တလှုပ်လှုပ် နှိပ်စက်သော်သည်း မပျက်နိုင်သော အချစ်မျိုးဖြင့် တိုးရှသာ ပွေ့ပိုက်သကဲ့သို့" ထို့အတူ မာရ်နတ်ကို မေတ္တာမကင်းဘဲ သနားသော ကြည့်ခြင်းဖြင့် ကြည့်တော်မူလျက် နှစ်သက်ဘွယ် စကားများကို တုန့်ပြန် ပြောဆိုတော်မူပြီးလျှင် "ဤပလ္လင်နေရာကို ရဘို့အတွက် မရေမတွက်နိုင်သော ကာလတုန်းက စွန့်လွှတ်ခဲ့ရသည်ကို ထားလိုက်ပါဦးတော့, နောက်ဆုံးဖြစ်သော ဝေဿန္တရာ ဘဝဝယ် ကြင်ယာတော်မြောက်သား မဒ္ဒီမိဖုရားကို

လှူတုန်းက ဤ မဟာပထဝီမြေကြီးသည် ပဲ့တင်ဟီးလျက် ရိုက်တီးဆော်ခတ် အသိအမှတ် ပြုခဲ့ဘူးလေပြီ" ဟု မိန့်တော်မူလျက် လက်တော်ဖြင့် မြေကို သုံးသပ်တော်မူသောအခါ ယန္တရားစက်ခလုတ်ကို ဖြုတ်လိုက်သည့်ပမာ ပြင်းစွာ တုန်လှုပ်လေသည်။ [ဤနေရာဝယ် လလိတဝိတ္ထာရသုတ္တန်က "မြေစောင့်နတ်သားသည် ကိုယ်တဝက်မျှ ဖေါ်ထွက်ပြ၍ သက်သေခံသည်" ဟု ဆို၏၊ ထိုအဆိုအတိုင်းပင် ဘုရားပရဝုဏ်အတွင်း၌ "ဝသုန္ဓရအရှပ်" လုပ်ထားကြလေသည်။]

မဟာပထဝီ မြေကြီး၏ တုန်လှုပ်သံမှာ ပဲ့တင်ထပ်မျှ တောသံတောင်သံတို့ပြင်းစွာ ဆူညံသည့်အပြင် ကောင်းကင်တပြင်လုံးလည်း တဂျုံးဂျုံး ထစ်ကြိုးလျက် မိုးသံကြိုးများ ကျရောက်လေ၏၊ ထိုသို့ တပြိုင်နက် အကြီးအကျယ် ကြောက်မက်ဘွယ်များ ဖြစ်ပေါ်သော အခါ "ဂိရိမေခလာ" ဆင်ပြောင်ကြီးသော်မှ မကြည့်ရှုအားတော့ဘဲ လက်ရုံးပေါင်းတထောင်ကို ဖယ်ရှား၍ မာရ်နတ်ကြီး ထွက်ပြေးလေရာ, နောက်လိုက်နောက်ပါ စစ်သည်တော်အားလုံးလည်း အစုအရုံး ပျက်ပြား၍ ဝသဝတ္တိနတ်ပြည်သို့ တက်ပြေးကြလေသော်, သကြားဗြဟ္မာတို့၏ အောင်သံဖြင့် ဆူညံ၍ သွားလေသတည်း။

ဘုရားဖြစ်တော်မူခန်း

အလောင်းဘုရားသည် "ဒေဝပုတ္တမာရ" ဟု ခေါ်အပ်သော မာရ်နတ်၏ရန်ကို နေ့မဝင်မီ အောင်မြင်တော်မူ၍, တရားတော်ကို အားထုတ်တော်မူရာ ညဉ့်ဦးယာမ် အချိန်၌ ချေးမြွှစ်ဟောင်းကို အောက်မေ့နိုင်သော ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ကို ရတော်မူ၏၊ ထို့နောက် သန်းခေါင်ယာမ် အချိန်ဝယ် တလောကလုံး၌ ရှိသော

သတ္တာအပေါင်းတို့ကို မျက်ဝါးထင်ထင် သိမြင်နိုင်သော ဒိဗ္ဗစက္ခု ဉာဏ်ကို ရတော်မူ၏၊ ထို့နောက် အတွင်းသန္တာန်က တထောင့် ငါးရာ ကိလေသာမာရ် သူပုန်ရန်ကို အနည်းငယ်မျှ မကျန်ရအောင် ဖြိုဖျက်နိုင်ဘို့ရာ သဒ္ဓါ ပညာ ဝီရိယ သမာဓိ သတိ ဟူသော တရား ၅ ဥုးကို ဗိုလ်မှူးတင်၍ မင်္ဂလေးပါး တည်းဟူသော စက်အမြောက် များကို အသုံးပြုလျက် ဖြိုဖျက်တော်မူလေရာ, အရုဏ်တက်မည့်ဆဲဆဲ အချိန်မှာ ကိလေသာအားလုံး ပြုတ်ပြုတ်ပြုန်းသဖြင့် သုံးလောက ခပင်း အမင်းမင်းတို့၏ ဝပ်စင်း ပူဇော်ရာ သဗ္ဗညုတာ ဉာဏ်ပညာ တည်းဟူသော ထီးဖြူတော်ကို စိုက်ထူဆောင်နွဲ၍ အောင်ပွဲယင်တော် မူသတည်း။

မှတ်ချက်။ ။ဘုရားဖြစ်တော်မူပြီးနောက် နတ်ဗြဟ္မာတို့ ပူဇော် ရာတွင် "အချို့က မြေပြင်ကို ကောင်းစွာ ရှင်းလင်း၍ နံ့သာရေဖြင့် သွန်းဖြန်းလျက် ပန်းများဖြင့်ပူဇော်ကြသည်၊အချို့က ဗောဓိပင်နှင့် တကွ ဘုရားရှင်ကို ရေသပွါယ်ကြ၍ ဘုရားရှင်မှ ကျလာသောရေဖြင့် မိမိတို့ကိုယ်ကို သုတ်လိမ်းကြသည်" ဟု လလိတဝိတ္ထာရက ဆို၏၊ ထိုအဆိုကို လိုက်၍ ယခုအခါ သင်္ကြန်တွင်း၌ ရေသပွါယ်ကြခြင်း, ကဆုန်ညောင်ရေ သွန်းခြင်းကို ပြုကြဟန်တူသည်။

ဥုံ နမော တေ ဝိဇေတုံ မေ, ဇယတော ဒဒတော ဇယံ၊
နဋ္ဌထမ္ဘံ သဗ္ဗသန္တံ, ကရ မေ ဇယမင်္ဂလံ။

ဥုံ-အန္တရာယ်ကင်း, ရန်စွယ်ရှင်း၍, ကောင်းခြင်းစဉ်ကာ, မယှဉ် သာအောင်, မင်္ဂလာကြီး ဖြစ်ပါစေသတည်း၊.... နဋ္ဌထမ္ဘံ-ထောက်ပံ့ မည့်လူ, ကူညီမည့်နတ်, ရံပတ် ဝဲ ယာ, ဗြဟ္မာလည်း မရှိပါဘဲ၊ သဗ္ဗ

သန္တံ — ကိုယ်နေ ရှိန်မပျက် , တသိရ်ထွက်ဘို့, ငြိမ်သက် ဖွေးဖြူ, အေးအေးလူလူသာလျှင်၊ ဇယတော — ပါရမီ စက်ဟုန်, လက်နက် စုံဖြင့်, ချက်ကုန်မလွဲ, ပွဲတိုင်းမရှောင်, နွဲတိုင်းပင် အောင်တော်မူပေ ထသော၊ ဇယံ ဒဒတော-အောင်ရာစည်းကမ်း, အောင်နည်းလမ်း၌, မှီးငြမ်းမလစ်, အသစ်အဆန်း, တစ်ဂဏန်းက, မှန်းဆ၍မြော်, ပန်းရ အောင်လည်း, လမ်းပြ ပေးသနားတော်မူပေထသော၊ တေ တဝ-မကိုင်ရောင်လျှံ, သျှောင်ပျံမှာ, အောင်လံ စွင့်စွင့်, လွှင့်တလူလူ,.... အောင်တော်မူမြတ်ဘုရားအား၊မေ-မအောင်သေးခင်, အောင်ကြွေး တင်၍, အောင်မြင်ရန်မြော်, တပည့်တော်၏၊ ဝိဇေတုံ — မရှောင် ခပင်း, အခေါင်နင်း၍, အောင်ခြင်းကြီး အောင်ပါရခြင်းအကျိုးငှါ၊ နမော— အောင်ခဲ့သည့် တန်ခိုးဂုဏ်ကို, အမျိုးစုံ မှန်းဆ၍, တမ်းတ ရှိခိုးပါ၏ ဘုရား၊ မေ — မအောင်သေးခင် , အောင်ကြွေး တင်၍, အောင်မြင်ရန်မြော်, တပည့်တော်အား၊ ဇယမင်္ဂလံ — အောင်ရန် အတိတ်, အောင်နိမိတ်ဖြင့် , အောင် ဘိသိက်သွင်း , အောင်ဟိတ် ကျင်း၍, အောင်ခြင်းဆင်ကာ, မင်္ဂလာကို၊ ကရ-သပြေအနု, ငွေခရု ဖြင့်, ဇေယတုပုံ, မေရုတုန်အောင်, အဖုံဖုံ အမှုအေးဘို့, ပြုပေးတော် မူပါ့....အောင်တော်မူ အရှင်မြတ်ဘုရား။

အမှာ။ ။ပါဠိရော အနက်ပါ ဤဂါထာကို ကောင်းစွာ နှုတ်တက် အရကျက်၍ ဘုရားရှင်၏ အောင်မြင်တော်မူပုံကို အာရုံပြုကာ အိပ်ရာဝင် အိပ်ရာထ ရွတ်ဆိုကြပါလေ။

ဘုရားအဖြစ်တော်စဉ် ပြီး၏။

ကျမ်းပြီး နိဂုံး

ယခုအခါ ဗုဒ္ဓဘာသာဝင်ဟူသမျှတို့ မသိလျှင် မတော်, သိမှသာ လျော်မည်ဖြစ်သော ဘာသာရေးနှင့် ဆိုင်ရာတို့ကို လုံလောက်စွာ စီစဉ်ပြီးပေပြီ၊ ဤကျမ်း၏ ညွှန်ပြချက်များကို လိုက်နာမှု မလိုက်နာမှုမှာ ဗုဒ္ဓဘာသာဝင်တို့၏ တာဝန်သာ ဖြစ်၏၊ အို....ဗုဒ္ဓဘာသာဝင် အပေါင်းတို့.... "ငါတို့ လေးမြတ် ကိုးကွယ်အပ်သော ဗုဒ္ဓရှင်တော် ဘုရား" ဟူသည် ဘာသာခြား ဘုရားကဲ့သို့ "အရေးပေါ်မှ ကိုယ်တော်တိုင် ကယ်ဆယ်မည်" ဟု တာဝန်ခံထားသော ဘုရား မဟုတ်၊ စောစောစီးစီးက ကိုယ်စီကိုယ်ငါ ကျင့်ကြဘို့ရန် လမ်းမှန် ကမ်းမှန် ညွှန်ပြတော်မူသော ဘုရားဖြစ်သည်၊ ထိုကဲ့သို့ ညွှန်ပြတော်မူသဖြင့် အားရသင့်သော အချက်ကို အမြွက်မျှ ပြဥုးအံ့။

သမုဒ္ဒဝါဏိဇဇာတ်

ရှေးတုန်းက ကုန်သည်တထောင်ကို ခေါင်းဆောင်နှစ်ယောက်ခွဲ၍ ငါးရာစီ အုပ်ချုပ်ပြီးလျှင် သမုဒြာအလယ် ကျွန်းငယ် တခုကို တွေ့၍ ပျော်မွေ့စွာ နေထိုင်စဉ်, အတော်ကြာလျှင် ကျွန်းပေါ်မှာ အညစ်အကြေးတွေ ပြန့်နှံ့လျက် မသန့်မရှင်း နေထိုင်ကြခြင်းကြောင့် ကျွန်းစောင့်နတ်တို့ အမျက်ထွက်သဖြင့် စည်းဝေး တိုင်ပင်သော အခါ ပင်လယ်ရေကို လွှမ်းမိုးစေပြီးလျှင် တကျွန်းလုံး ဆေးကြောလျက် လူတွေကို မျှောပစ်ဘို့ရန် ဆုံးဖြတ်ကြလေသည်။

ထို့နောက် တရားစောင့်သော ဓမ္မနတ်သားက မြောက်ဘက်ကောင်းကင်မှ ကိုယ်ထင်ပြ၍ "နောက် ၁၅ ရက်လောက်ကြာလျှင် ပင်လယ်ရေလွှမ်းသဖြင့် နစ်မွန်း မျှောပါကုန်လိမ့်မည်၊ စောစောက

တင်ကြိုလျက် လှေများကို အဆင်သင့် ပြင်ထားကြကုန်လော" ဟု ပြောဆို၍ကွယ်သွားပြီးနောက် လူအများလည်း ညှိုးငယ်စွာကျန်ရစ်ကြလေသည်။

ထို့နောက် အဓမ္မနတ်သားက တောင်အရပ်မှ ကိုယ်ထင်ပြ၍ "ယခင် နတ်သား ပြောသွားတဲ့စကားဟာ မဟုတ်ဘူး၊ အသင်တို့ ပျော်ပျော်ပါးပါး နေမြဲတိုင်းသာ နေကြပါ" ဟု ပြောဆိုပြီးနောက် ကွယ်ပျောက်သွားလေသော်, ခေါင်းဆောင်လူကြီး ၂ ယောက်တွင် တယောက်က "ပဌမ နတ်သားသည် ငါတို့ကို သက်သက် လာ၍ ချောက်လှန့်ခြင်း ဖြစ်သည်၊ သင်တို့ ပျော်ပျော်ပါးပါးသာ နေကြ" ဟု ပြောဆိုလျက် မည်သည့်ကိစ္စကိုမျှ မဆောင်ရွက်ဘဲ နောက်လိုက် ငါးရာနှင့်အတူ နေမြဲတိုင်း နေလေသည်။

ခေါင်းဆောင်တယောက်ကမူ မိမိနောက်လိုက်များကို ပြောဆိုသည်မှာ "အမောင်တို့ လှေများ တက်များကို အဆင်သင့် ရှာထားကြစို့ရဲ့, ဒုတိယနတ်သား၏ စကားက မှန်လျှင်လည်း လှေ တက်များကို ရှာရသည့်အတွက် ငါတို့မှာ တာဝန် မတက်လှပါ၊ အလိုရှိသောအခါ အသုံးချစရာ ဖြစ်ပါလိမ့်မည်၊ ပဌမနတ်သား၏ စကား မှန်လျှင် ပြင်ဆင်ထားသော လှေ တက်များဖြင့် အဆင်သင့် ထွက်သွားကြရလိမ့်မည်။

ဤသို့ ပြောဆိုပြီးလျှင် လပြည့်နေ့အချိန်ဝယ် ခါတိုင်းထက်ပိုမို၍ ရေတက်လာကတည်းက အသင့်ရှာထားသောလှေပေါ် သို့ တက်ကြပြီးလျှင် ရေလွှမ်း၍အလာတွင် လွတ်ရာကို ထွက်သွားကြလေသည်၊ အခြား ခေါင်းဆောင်နှင့် နောက်လိုက် ငါးရာတို့ကား ရေပို၍တက်

အလာတွင် မျက်လုံးများ ပြူးကာ ကိုးကွယ်ရာမရဘဲ သမုဒ္ဒရာထဲသို့ မျောရွာကြလေသည်။

ဤဇာတ်တော်၌ ဓမ္မနတ်သား၏ **လမ်း**မှန်ကို ညွှန်ပြမှုအတွက် မည်မျှ ချမ်းသာခွင့်ရ၍, အဓမ္မနတ်သား၏ **လမ်း**များညွှန်ပြမှုအတွက် မည်မျှ **အ**သက် ဆုံးရှုံးရပုံကို စဉ်းစားပြီးလျှင်, ဘာသာခြားတို့ ဘုရားက "ကယ်တင်မည်" ဟု ဝန်ခံရာ, ဝန်ခံသည့်**အ**တိုင်း ကယ်တင်မည် မှန်ပါလျှင် တော်တန်**ဘ**ို့ ရှိပါသေး၏၊ **အ**ချက်ကျမှ မကယ်တင်နိုင်လျှင် အားလုံးပင် ခက်ရှာကြတော့မည်။

ငါတို့ ဘုရားကား "**ကယ်တင်မည်**" ဟု ဝန်မခံပေ၊ ကိုယ်တိုင်ကျင့်လျှင် ရနိုင်သော **အ**ကျိုးများကို **အ**ဆင့်ဆင့် ညွှန်ပြတော်မူ၏၊ လူ့ချမ်းသာ နတ်ချမ်းသာ ငြိမ်ဝှာချမ်းသာတို့ အပြင် နိဗ္ဗာန်**ကို**ပင် လိုချင်သော ဆုထူးဖြင့် ရနိုင်သော လမ်းစဉ်ကို ညွှန်ပြတော်မူသည်၊ **အ**ပါယ်**လေး**ပါးသွားရမည့် လမ်းဆိုးများကို**လည်း** မသွားမိ**အော**င် ညွှန်ပြတော်မူ၏၊ ကယ်တင်မည်ဟု ဝန်ခံထား**အ**ပ်သော ဘုရား**က** ကယ်တင်နိုင်တယ်ဘဲ ဆိုဉာဏ်တော့, သူနှင့် **အ**လားတူ ဖြစ်**အော**င် ဘယ်တော့မှ မကယ်, သူ့**အော**က် ရောက်ရှိသာ ကယ်တင်မည်၊ ငါတို့ဘုရား**က**ား တကယ် ကျင့်နိုင်လျှင် ကိုယ်တော်**နှ**င့် **အ**လားတူ ဘုရားတဆူ ဖြစ်**အော**င်ပင် ညွှန်ပြတော်မူ၏၊ ထိုမျှလောက် **အ**ဆိုး**အ**ကောင်းကို **အ**ကျိုး**အ**ကြောင်း စုံစွာဖြင့် ညွှန်ပြတော်မူခြင်းထက် သာလွန် လုံလောက်သော**အ**ချက် ရှိဉာဏ်မည်လော။

ယခု**က**ာလ၌ သေမည့်ဘေးမှ တခါလောက် ကယ်ဆယ်ဘူးလျှင် " **အ**ငှ်မတန့် **အ**သက်သခင် ကျေးဇူးရှင်ကြီး**ပေ** " ဟု ပြော**ဆို**ကာ

လွန်စွာ **အ**ားထားကြ, မြတ်နိုးကြ, **အ**သက်ကိုပင် **အ**ပ်နှံခဲ့ကြ၏၊ **ဘုရား**ရှင်ကား တသက် တဘဝ လောက်ကိုသာ ကယ်ဆယ်သည် မဟုတ်သေး၊ ဘဝပေါင်းများစွာ စာသံသရာလုံး ကယ်**မ**ှု နိဗ္ဗာန်ရသည့် ဘဝတိုင်**အော**င် စောင့်ရှောက်ရာကျသဖြင့် **အ**သက်ပေါင်း **များ**စွာ၏ ကျေးဇူးရှင်**ကြီး**ပေတည်း။

ဤနေရာ၌ " ကယ်တင်**မ**ည် " ဟူသော စကားနှင့် " ကိုယ်တိုင်ကျင့် " ဟူသော စကားနှစ်ရပ်ကို လေးနက်စွာ စဉ်းစားပြန်လျှင် ကယ်တင်**မ**ည် ဆိုသော စကား**က** အဓမ္မ နတ်သား၏ " **အေး**အေးနေကြ " ဟူသော စကားမျိုး ဖြစ်၍ " ကိုယ်တိုင်ကျင့် " ဟူသော စကား**က** ဓမ္မနတ်သား၏စကားမျိုးဖြစ်၏၊ ကိုယ်တိုင်ကျင့်ခြင်းသည် လော့ တက်များကို **အ**ဆင်သင့် ရှာထားခြင်းနှင့် တူ၏၊ ထိုကဲ့သို့ ကိုယ်တိုင်ကျင့်**ရ**သည့်**အ**တွက် တဘဝန်လည်း မတက်လှပါ။

လော့တက်များကို ရှာကြရသကဲ့သို့, မကောင်းမှုတို့မှ ရှောင်ရှား, ကောင်းမှုတို့ကို ပြုကျင့်နေရသောကြောင့် **အ**နည်းငယ် တဘဝန်တက်သည်မှာ မှန်ပါ၏၊ သို့သော် ထို တဘဝန်တက်မှုသည်ကား ဤဘဝ**အ**တွက် လူ**ကော**င်း သူ**ကော**င်းဖြစ်ဘို့**အ**ချက်သာ ဖြစ်၍ **အ**ချည်းနှီး**အ**ကျိုးမဲ့မဖြစ်ဘဲ ကောင်းကျိုးရဘို့**အ**ကြောင်းသာ ဖြစ်ပါပေသည်၊ ထို့ကြောင့် ဘုရားရှင်၏ **အ**လိုတော်ကျ ဤကျမ်း၏ ညွှန်ပြချက်ကို ဥုံးထိပ်ရွက် ပန်ဆင်ကာ မိမိလိုရာ ဆုထူးဖြင့် နိဗ္ဗာန် ကူးလိုလျှင် ကယ်တင်မည့်သူကို **အ**ားမကိုးဘဲ **အ**ဖိုးတန် ပါရမီတရား သော်လော့ တက်များကိုသာ သားနားသည်ထက် သားနား**အော**င် အပြီး**အ**စီး တည်ထောင်ထားနှင့်ကြစေ-ခလို့။

နိဂုံးချုပ် လင်္ကာ

ကျမ်းပြီး မှတ်ထုံး, ကမ္ဘတ်ဖုံးရှ်, နိဂုံးအရာ, အကျဉ်းမှာပိမ့်၊ မြန်မာ
ဘို့ဆွေ, မွန်တို့တွေကား, တို့မြေ ဌာနီ, နေပါပြီလည်း, မဆီ
မဆိုင်, မသီနိုင်ဘဲ, ဤတိုင် အောက်ကျ, ဖြစ်ကုန်ရ၍, ဒေသ
ဘာသာ, သာသနာလည်း, အာဏာ တန်ခိုး, ညှိုးကြီး ညှိုးခဲ့။

လူမျိုး ကွယ်ပျောက် , အပါယ်ရောက်ဘို့ , အနောက် တိုင်းသား,
ဘာသာများက, ထိပါး ထို ဤ, လွှမ်းမိုးပြီမို့, ကိုယ်စီဆောင်
စွမ်း, တာဝန်လမ်းကို , ထမ်းမှ သင့်မည်, ထင်မိသည်ကြောင့်,
တိုင်းပြည် အတွက် , ဘာသာဘက်က , ရာသက်ပန်မှ, ကောင်း
အောင် ပြုဘို့, ဂရုတစိုက်, ရေးသားလိုက်၏။

သိထိုက် သိရာ, သိပြီးခါဝယ် , စဉ်လာ ထင်မြင် , ပြင်ကာ ဆင်၍,
စည်ပင်သာယာ,သာသနာနှင့်, ဘာသာအမျိုး, တိုးကြီး တိုးဘို့,
ကိုယ်ကျိုးလည်းအောင်, သူ့ကျိုး ဆောင်လျက်, နောက်နောင်
ဂတိ, ကောင်းစေဘိလော။

မရှိမခက် , မသိ ခက်မို့ , သိချက် ဖွယ်ဖွယ်, ဖွင့် သွယ်သွယ်ကို,
ဘယ်ဝယ် မလပ် , စဉ်တိုင်းလှပ်၍, လင်္ကာထပ်ပြီးစ, ဇနီးလှသို့,
ကျန စေ့ငှ, တွေ့တိုင်း ရှုက, သိမှုကုန်စင်, ခန်းတိုင်းမြင်မည်,....
ဤတွင် မှာတမ်း နိဂုံးတည်း။

ရတနာ့ဂုဏ်ရည် ဖြီးဖြီ။

လင်္ကာတော်ကြီး ဘုရားရှိခိုး

နိဒါန်း

လင်္ကာ။ ။"လင်္ကာ" ဟူသော ပါဠိစကားသည် မြန်မာလို "အမှတ်အသား" ဟု အဓိပ္ပါယ် ထွက်၏။ ထို အမှတ်အသား သည် ရှေးဘဝက ကံနှင့် ဆိုင်၏၊ မျက်လုံး, မျက်ခုန်း, လက်, ခြေ,စသော ကိုယ်ခန္ဓာ အစိတ်အပိုင်းနှင့် တကိုယ်လုံး ပုံသဏ္ဌာန်တို့ဝယ် ရှေး ကံအားလျော်စွာ ကောင်း-မကောင်း အမှတ်အသားများ ပါရှိ၏၊ ထို အမှတ်အသားကို ကြည့်၍ ဝေဒသိမြင် ဗေဒင် ပညာရှိ တို့သည် ယောကျ်ားမြတ်— ယောကျ်ားယုတ် , မိန်းမမြတ် — မိန်းမယုတ် ဟု အတာ ဟော၍နိုင်ကြကုန်၏။ [ယခုအခါ လက် ခြေကိုသာ ကြည့်၍ ဟောခြင်းမှာ မပြည့်စုံသေးပါ။]

ဗုဒ္ဓလင်္ကာ။ ။ဝေဒကျမ်းတို့၌ ဗုဒ္ဓဖြစ်ထိုက်သော(သို့မဟုတ်-စကြာမင်း ဖြစ်ထိုက်သော) ယောကျ်ားမြတ်၏ လင်္ကာများကို ဖေါ်ပြထား၏၊ ထို့ကြောင့် ဗုဒ္ဓမြတ်စွာကို ဖူးမြင်ရသော သေလ မည်သော ဝေဒပညာရှိသည် ဗုဒ္ဓကို မြင်သောအခါ " စကြာမင်း ဖြစ်ထိုက်သော ပုဂ္ဂိုလ်ပါတကား, စကြာမင်း လုပ်တော်မူပါ" ဟု လျှောက်ထားလေသည်။

သပ္ပါယ်ခြင်း၏ အကြောင်း။ ။ဗုဒ္ဓမြတ်စွာ၏ သပ္ပါယ်တော် မူခြင်းသည် ယခု ပြအပ်လတ္တံ့သော လင်္ကာတော်ကြီး — လင်္ကာ တော်ငယ် များကြောင့်သာ ဖြစ်ရကား ထို လင်္ကာတော်များ အကြောင်းအရာတို့ကို ကောင်းကောင်းသိလေ "ငါတို့ဘုရား" ဟု

လက္ခဏာတော်ကြီး ဘုရားရှိခိုး

သုပ္ပတိဋ္ဌိတ ပါဒတာ လက္ခဏာတော်

၁။ ပုဗ္ဗေ ပုညေသု သမ္ဘုဒ္ဓေါ, သမာဒါနေန ဒဋ္ဌတော၊
သုပ္ပတိဋ္ဌိတ ပါဒေါစ, အက္ခမ္တိယောစ တံ နမေ။

ယော သမ္ဘုဒ္ဓေါ-အကြင်မြတ်စွာဘုရားသည်၊ပုဗ္ဗေ-ဘဝများစွာ, ရှေးရှေးအခါ၌၊ ပုညေသု – ဒါန သီလ, စသည် ပေါင်းစု, ကုသိုလ်ကောင်းမှုတို့၌၊ ဒဋ္ဌတော – မတွန့်ဆုတ်ဘဲ, ခိုင်မြဲသော အားဖြင့်၊ သမာဒါနေန-အားရရွှင်ပျော်, ဆောက်တည်တော်မူခဲ့ခြင်းကြောင့်၊ သုပ္ပတိဋ္ဌိတပါဒေါစ- ခြေတော်ချရာ, ရပ်တိုင်းမှာဝယ်, ကောင်းစွာအညီ, တည်သော ခြေတော်ရှိသည်ဌင်း၊ အက္ခမ္တိယောစ - ရလတံ့ရပြီး, ကျိုးသီးသီးဝယ်, ဘယ်ရန်သူမျှ, ခွါ၍ မချနိုင်သည်ဌင်း၊ ဟောတို့-အကြောင်းအလိုက်, အကျိုးဆိုက်၍, သိုက်မြိုက်ထင်ပေါ်, ဖြစ်ထွန်းတော်မူ၏၊ တံ သမ္ဘုဒ္ဓံ - သုပ္ပတိဋ္ဌိတ, ပါဒတာခေါ်, လက္ခဏာတော်ကြီးနှင့် ပြည့်စုံတော်မူသော ထို မြတ်စွာဘုရားကို၊ အဟံ-ဘုရား၊တပည့်တော် (တပည့်တော်မ)သည်၊ နမေ, နမာမိ - ယုံကြည်မြတ်နိုး, လက်စုံမိုး၍, ရှိခိုး ကန်တော့ပါ၏ ဘုရား။

× × × × ×

အကြောင်းကောင်းမှု ။ ။ ဗုဒ္ဓမြတ်စွာသည် အလောင်းအလျာဖြစ်ခဲ့သော ဘဝများစွာတို့၌ ကုသိုလ်ကောင်းမှု ကိစ္စစုကို ပြုလုပ်ရာဝယ် လွန်စွာခိုင်မြဲတော်မူ၏၊ မိမိပြုနေသောကောင်းမှုကို အခြားသူတို့က နောက်ဆုတ်အောင် ပြောကြသော်လည်း မည်သည့်အခါမျှ တွန့်ဆုတ်ခြင်းမရှိချေ၊

အားရပါးရ ကိုးကွယ်၍ကောင်းလေ ဖြစ်ရုံသာမက, ဗုဒ္ဓါနုဿတိ ဘာဝနာ ကမ္မဋ္ဌာန်းကို ကြိုးပမ်းသော ယောဂီပုဂ္ဂိုလ်အတွက်လည်း ဗုဒ္ဓမြတ်စွာကိုအာရုံပြု၍ အလွန် ထင်လွယ်သောကြောင့် ယောကျ်ားမြတ်၏ ၃၂ ပါးသော အထိမ်းအမှတ် လက္ခဏာတော်များကို ဘုရားရှိခိုးအဖြစ်ဖြင့် ရှေးဆရာတို့ ရေးသားတော်မူခဲ့ကြ ပါသည်။

ဗုဒ္ဓါနုဿတိ ဘာဝနာ ။ ။ ထို လက္ခဏာတော်ကြီး ဘုရားရှိခိုးကို ရွတ်ဆို၍ ဘုရားရှိခိုးသောအခါ ဗုဒ္ဓမြတ်စွာ၏ ထူးခြားသော လက္ခဏာတော်ကို စိတ်ထည်း၌ အလွန် ထင်မြင်လာပါလိမ့်မည်၊ ထိုသို့ ထင်မြင်လာသောအာရုံကို အာရုံပြုနေခြင်းသည် ဗုဒ္ဓမြတ်စွာ၏ သီရိဘုန်းတော်ကို အာရုံပြုခြင်း ဖြစ်သောကြောင့် အလွန် လွယ်ကူစွာဖြင့် ဗုဒ္ဓါနုဿတိဘာဝနာကို ပွားများရာလည်း ရောက်ပါသည်၊ ထို့ကြောင့် ဤ လက္ခဏာတော်ကြီးဘုရားရှိခိုးကို နှုတ်တက်ရအောင် မကျက်နိုင်သေးလျှင် စာအုပ်ကိုကြည့်၍ ရွတ်ဆို ရှိခိုးကြပါလေ။

မိုရာကျမ်းဂန်။ ။ ရှေးဆရာတော် များသည် ဤ လက္ခဏာတော်ကြီး ဘုရားရှိခိုးကိုရေးသားခဲ့ရာ၌ သုတ်မဟာဝဂ္ဂ-မဟာပဒါန သုတ် ပါဠိတော်နှင့် အဋ္ဌကထာတို့ကိုငင်း, သုတ်ပါထေယျ-လက္ခဏာသုတ် ပါဠိတော်နှင့် အဋ္ဌကထာ တို့ကိုငင်း အမှီပြုခဲ့ကြရ ပါသည်၊ ထို့ကြောင့် ဤ ဘုရားရှိခိုးသည် အလွန် အခြေခံ ကောင်းရကား မိမိငယ်စဉ်က သင်ခဲ့ရသည်ကို ကျေးဇူးဆပ်သော အားဖြင့် အကူးအပြောင်းများ၍ မှားနေသောအချို့ကို ပြင်ဆင်၍ငင်း, ဘုရားရှိခိုးမူရင်းကို အဓိပ္ပါယ်ပေါ် လွင်အောင် တန်ဆာဆင်၍ငင်း စီစဉ်ထားသဖြင့် သူတော်ကောင်းများကို အားရ နှစ်သက်စေပါလိမ့်မည်။

ဤသို့ ကုသိုလ်ကောင်းမှု ကိစ္စစုဥ် နောက် မဆုတ်ဘဲ ခိုင်မြဲတော်မူခြင်းသည် ဗုဒ္ဓမြတ်စွာ၏ ရှေးရှေးအကြောင်း ကောင်းမှုတော်တပါး ဖြစ်ပါသည်။

အကျိုးလက္ခဏာတော်။ ။ထိုကဲ့သို့ ကုသိုလ်ကောင်းမှု ကိစ္စစုဥ် ခိုင်မြဲစွာ ဆောက်တည် ခဲ့ခြင်းကြောင့် ဘုရား ဖြစ်တော်မူမည့် နောက်ဆုံး ဘဝ၌ ခြေတော်၏ခိုင်မြဲစွာတည်ခြင်းဟူသော(သုပ္ပတိဋ္ဌိတပါဒတာလက္ခဏာတော်) အကျိုးကို ရတော်မူသည်၊ မြတ်စွာဘုရား၏ ခြေတော်သည် မည်သည့်အရပ်၌ မဆို နင်းတော်မူ သောအခါ ဖနောင့်တော် ဘက်ကလည်း အလျင်မကျ၊ ခြေဖျားတော်ဘက်ကလည်း အလျင်မကျ၊ ခြေဖဝါးတပြင်လုံး တပြိုင်နက်ကျ၍ တည်ရာအရပ်၌ ဖဝါးတော်တပြင်လုံး ထိတော်မူ၏၊ ယခုလူများ၏ ခြေဘဝါးကဲ့သို့ အလယ်၌ ဟာ၍ ဟိုက်၍မနေ။ [သုပ္ပတိဋ္ဌိတ— ကောင်းစွာ တည်သော၊ ပါဒတာ— ခြေတော်ရှိခြင်း။]

လက္ခဏာတော်၏ အကျိုးဆက်။ ။ပြအပ်ပြီးသော လက္ခဏာတော်သည် ရှေးကံအတွက် ရအပ်သော အကျိုးရင်းတည်း၊ ထို လက္ခဏာတော်ကို ရတော်မူခြင်း၏ အကျိုးအဆက်မှာ အကျိုးပေးဘို့ရန် ရှေးရှုနေသော အကျိုးကို မာရ်နတ် တိတ္ထိဆရာကြီးစသော မည်သည့်ရန်သူမျှ မတားမြစ်နိုင်ခြင်း, ပေးအပ်ပြီးသော အကျိုးကိုလည်း မည်သည့်ရန်သူမျှ ဖယ်၍ ခွာ၍ မချနိုင်ခြင်းတည်း။

တိုက်တွန်းချက်။ ။ဤသို့ အကြောင်း ကုသိုလ်ကောင်းမှု, အကျိုး လက္ခဏာတော်, လက္ခဏာတော်၏ အကျိုးဆက်, ဤသုံးချက်ကို စဉ်းစားကာ ဗုဒ္ဓမြတ်စွာ၏ သုပ္ပတိဋ္ဌိတပါဒတာ လက္ခဏာတော်ကို အာရုံပြု၍ ဗုဒ္ဓါနုဿတိ ဘာဝနာကို ပွားများကြပြီးလျှင် မိမိတို့လည်း ကုသိုလ်ကောင်းမှု ကိစ္စစုဝယ် ပြုဘို့ရန် အခွင့်ရောက်လာလျှင် နောက်မဆုတ်ဘဲ ခိုင်မြဲအောင် ကြိုးစားကြပါလေ။

စက္ကေနင်္ကိတပါဒတာ လက္ခဏာတော်

၂။ သပရိဝါရက ဒါနေန, တထာဂတော ပုရေဘဝေ၊
စက္ကေနင်္ကိတပါဒေါစ, ပရိဝါရောစ တံ နမေ။

ယော တထာဂတော-အကြင် မြတ်စွာဘုရားသည်၊ပုရေဘဝေ-ဘဝများစွာ, ရှေးရှေးအခါ၌၊ သပရိဝါရက ဒါနေန-ဆိုင်ရာ မချန်, အခြံအရံနှင့်တကွ, ပြုအပ်ခဲ့သော အလှူဒါနကြောင့်၊ စက္ကေန-တရာ့ရှစ်ကွက်, ခြေတော်စက်ဖြင့်၊ အင်္ကိတပါဒေါစ — အမှတ်တံဆိပ်, ခပ်နှိပ်အပ်သော ခြေတော်ရှိသည်၎င်း၊ ပရိဝါရောစ — ဗြဟ္မာ လူ နတ်, ပရိသတ်တို့, မပြတ်မှန်မှန်, အခြံအရံရှိသည်၎င်း၊ ဟောတိ — အကြောင်းအလိုက်, အကျိုးဆိုက်၍, သိုက်မြှိုက်ထင်ပေါ်, ဖြစ်ထွန်းတော်မူ၏၊ တံ တထာဂတံ - စက္ကေနင်္ကိတ, ပါဒတာခေါ်, လက္ခဏာတော်နှင့် ပြည့်စုံတော်မူသော ထို မြတ်စွာဘုရားကို၊ အဟံ - ဘုရား တပည့်တော် (တပည့်တော်မ)သည်၊ နမေ နမာမိ-ယုံကြည်မြတ်နိုး, လက်စုံမိုး၍ ရှိခိုး ကန်တော့ပါ၏ဘုရား။

× × × × ×

အကြောင်း ကုသိုလ်ကောင်းမှု။ ။ဗုဒ္ဓမြတ်စွာသည် ကမ္ဘာများစွာ ဖြစ်ခဲ့ရာ၌ များစွာသော ဘဝတို့ဝယ် အလှူဒါန ပြုသောအခါ မူလဒါန၏ အခြံအရံအဖြစ်ဖြင့် ဆိုင်ရာပစ္စည်းကိုပါ ထည့်၍ လှူလေ့ရှိတော်မူ၏၊ ဥပမာ— သင်္ကန်းလှူသောအခါ အခြံအရံအဖြစ်ဖြင့် ဆွမ်းကိုထည့်၍လှူခြင်း, ကျောင်းလှူသောအခါ ကျောင်းအသုံးအဆောင်ကိုပါ ထည့်၍လှူခြင်းတည်း။

အကျိုး လက္ခဏာတော်။ ။ထိုကဲ့သို့ အခြံအရံနှင့်တကွ ပေးလှူလေ့ရှိခဲ့ခြင်းကြောင့် ဘုရား ဖြစ်တော်မူမည့် နောက်ဆုံးဘဝ၌ ခြေဖဝါးတော် အပြင်ဝယ် ခြေတော်၏ အခြံအရံ အဖြစ်ဖြင့် စက် လက္ခဏာတော်များ

ပေါ်ထင်၍လာခြင်း တည်းဟူသော အကျိုးကို ရတော်မူသည်၊ မြတ်စွာ ဘုရား၏ ခြေဖဝါး အပြင်တော်၌ စက်ဝိုင်းပုံသဏ္ဌာန် ပါသော အရပ်ဝယ် အမျိုးမျိုးသော အရုပ်များ ပေါ်လွင် ထင်ရှားနေသည်ကို စက္ကလက္ခဏ (စက်လက္ခဏာ)ဟု ခေါ်၏၊ ထို စက်လက္ခဏာသည် လူအများ၏ ခြေဖဝါး၌ မပါဘဲ ဘုရားအလောင်း စကြာမင်းလောင်းတို့၌သာ ပါနိုင်သော ထူးခြားသော လက္ခဏာတော်တည်း။ [စက္ကေန – စက်လက္ခဏာဖြင့် + အင်္ကိတ ပါဒတာ – အမှတ်တံဆိပ် ခတ်နှိပ်အပ်သော ခြေတော်ရှိခြင်း။]

လက္ခဏာတော်၏ အကျိုးအဆက်။ ။ဤ ပြအပ်ပြီးသော လက္ခဏာတော်သည် ရှေးကံအတွက် ရအပ်သော အကျိုးရင်းတည်း၊ ထို လက္ခဏာတော်ကို ရတော်မူခြင်း၏ အကျိုးဆက်မှာ လူ့အဖြစ်၌ များစွာသော လူ အခြံအရံတို့ကို ရခြင်း, ဗုဒ္ဓဖြစ်သော အခါလည်း ဗြဟ္မာ နတ် လူ, ဘိက္ခု ဘိက္ခုနီ ပရိသတ်ဟူသော များသော အခြံအရံတို့ကို ရတော်မူခြင်းတည်း။

တိုက်တွန်းချက် ။ ။ ဤသို့ အကြောင်းကုသိုလ်ကောင်းမှု, အကျိုး လက္ခဏာတော်, လက္ခဏာတော်၏ အကျိုးဆက်, ဤ ၃ ချက်ကို စဉ်းစားကာ ဗုဒ္ဓမြတ်စွာ၏ စက်လက္ခဏာတော်ကို အာရုံပြု၍ ဗုဒ္ဓါနုဿတိဘာဝနာကို ပွားများပြီးလျှင် မိမိတို့လည်း ကုသိုလ်ပြုရာအခါ၌ ကုသိုလ်ဒါန၏ အခြံအရံပါအောင် သတိပြုကြပါလေ။

မှတ်ချက်။ ။ဤ စက်လက္ခဏာတို့ ပါသော ခြေတော်ရာသည် နင်းတော်မူရာ အရပ်တိုင်း၌ ထင်တော်မမူပါ၊ ဘုရားရှင်က ထင်စေတော် မူလိုမှသာ ထင်ပါသည်၊ ထိုသို့ စက်လက္ခဏာအပြည့်အစုံ ထင်တော်မူခြင်း မှာလည်း သုပ္ပတိဋ္ဌိတပါဒတာ လက္ခဏာတော်အတွက် ခြေချတော်မူရာ အရပ်၌ ခြေဖဝါးအပြင်တော်၏ အညီအမျှ ထိတော်မူခြင်းကြောင့်သာ ဖြစ်ပါသည်၊ ယခုလူတို့ကဲ့သို့ အလယ်၌ ဟာနေလျှင် စက်လက္ခဏာများ ထင်နိုင်မည်မဟုတ်ပါ၊ ဤသို့ လက္ခဏာတော် ၂ ရပ် ဆက်စပ် နေပုံကို သတိပြုပါ။

(အင္ဌမုအကြိမ်)

ဒီဃပဏ္ဍိတာ, အာယတင်္ဂုလိတာ
ဗြဟ္မုဇုဂတ္တတာ လက္ခဏာတော် ၃ ပါး

၃။ ပါဏဃာတ ဝိရတိယာ, ဒီဃပဏ္ဍိ ယတင်္ဂုလိ၊
ဗုဒ္ဓေါ ဗြဟ္မုဇုဂတ္တောစ, ဒီဃာယုကောစ တံ နမေ။

ယော ဗုဒ္ဓေါ– အကြင် မြတ်စွာဘုရားသည်၊ (ပုရေဘဝေ- ဘဝများစွာ, ရှေးရှေးအခါ၌၊) ပါဏဃာတဝိရတိယာ - သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ခဲ့ ခြင်းကြောင့်၊ ဒီဃပဏ္ဍိစ – ရှည်သော ဖနောင့်တော်ရှိသည်ငှင်း၊ အာယတင်္ဂုလိစ – ရှည်သွယ်သော လက်ချောင်းတော် ရှိသည်ငှင်း၊ ဗြဟ္မုဇုဂတ္တောစ–ဗြဟ္မာမင်းလို, ဖြောင့်မတ်သော ကိုယ်တော် ရှိသည်ငှင်း၊ ဒီဃာယုကောစ – ရှည်သော အသက်တော် ရှိသည်ငှင်း၊ ဟောတိ - အကြောင်းအလိုက်, အကျိုးဆိုက်၍, သိုက်မြိုက်ထင်ပေါ်, ဖြစ်ထွန်းတော်မူ၏၊ တံ ဗုဒ္ဓံ – ဒီဃပဏ္ဍိတာ, အစဖြာသည့်, လက္ခဏာ ၃ ဘော်, ပြည့်စုံတော်မူသော ထို မြတ်စွာဘုရားကို၊ အဟံ- ဘုရားတပည့်တော် (တပည့်တော်မ) သည်၊ နမေ နမာမိ – ယုံကြည်မြတ်နိုး, လက်စုံမိုး၍, ရှိခိုး ကန်တော့ပါ၏ ဘုရား။

× × × × ×

အကြောင်း ကောင်းမှု။ ။ဗုဒ္ဓမြတ်စွာသည် ကမ္ဘာများစွာ ဖြစ်ခဲ့ရာ၌ များစွာသော ဘဝတို့ဝယ် ပါဏာတိပါတမှ ရှောင်ကြဉ်တော်မူ၏၊ [ဘဝတိုင်း ရှောင်ကြဉ်တော်မူခဲ့သည် ဟု မဆိုလိုသော်လည်း များစွာသော ဘဝတို့၌ ရှောင်တော်မူခဲ့သည် ဟု ဆိုလိုပါသည်၊] ဤသို့ ပါဏာတိပါတမှ ရှောင်တော်မူခြင်းသည် ဗုဒ္ဓမြတ်စွာ၏ ရှေးရှေးအကြောင်း ကောင်းမှုတော် တပါးဖြစ်၏။

(အင္ဌမအကြိမ်)

အကျိုးလက္ခဏာတော် ။ ။ ထိုသို့ ပါဏာတိပါတမှု ရှောင်တော်မူခဲ့ခြင်းကြောင့် ဘုရားဖြစ်တော်မူမည့် နောက်ဆုံးဘဝ၌ (၁) ဖနောင့်တော် ရှည်ခြင်းဟူသော ဒီဃပဏှိတာ လက္ခဏာတော်, (၂) ရှည်သွယ်သော လက်ချောင်းရှိခြင်း ဟူသော အာယတင်္ဂုလိတာ လက္ခဏာတော်, (၃) ဖြောင့်မတ်သောကိုယ် ရှိခြင်းဟူသော ဗြဟ္မုဇုဂတ္တတာ လက္ခဏာတော်, ဤ လက္ခဏာတော် ၃ ပါးကို ရတော်မူသည်။

ဖနောင့်တော်ရှည်ပုံ။ ။ပါဏာတိပါတကို ပြုသူတို့သည် ချောင်း၍ သူတပါးကို သတ်သောအခါ ခြေသံကြားမည် စိုးသောကြောင့် ခြေဖျားထောက်၍ သွားရတတ်၏၊ ထိုသို့ ခြေဖျားထောက်သောအခါ ခြေတို့သည် ကောက်၍သော်လည်း နေတတ်၏၊ ဖနောင့်တို့၍သော်လည်း နေတတ်၏၊ ဗုဒ္ဓမြတ်စွာ အလောင်းတော်သည် ထိုကဲ့သို့ ခြေဖျားထောက်၍ သွားလျက် သူတပါးကို မသတ်ခဲ့ကြောင်း ထင်ရှားအောင် ခြေဖနောင့်တော်သည် ရှည်တော်မူ၏၊ ဖနောင့်တော် အစွန်းသည် လုံးဝိုင်းသော ပုံသဏ္ဌာန်ဖြင့် လွန်စွာ တင့်တယ်တော်မူ၏။ [ခြေတော်ကို ၄ ဘို့ခွဲလျှင် နောက် တဖို့သည် ဖနောင့်တော်ဖြစ်၏၊ ဒုတိယတဖို့သည် ခြေသလုံးပေါ်ထွက်ဘို့ နေရာဖြစ်၏၊ ရှေ့၂ဖို့သည် ခြေသလုံးနေရာ၏ ရှေ့ဘက်ဖြစ်၏။]

လက်ချောင်းများ ရှည်သွယ်ပုံ။ ။ ပါဏာတိပါတကို ပြုသောအခါ လက်နက်ကို ဆုပ်ကိုင်ရ၏၊ ထိုသို့ ဆုပ်ကိုင်ရသဖြင့် လက်ချောင်းတို့သည် တို့သကဲ့သို့ဖြစ်ကုန်၏၊ ဗုဒ္ဓမြတ်စွာ၏အလောင်းတော်ကား ထိုကဲ့သို့ လက်နက်ကို ဆုပ်ကိုင်၍ မသတ်ခဲ့ကြောင်း ထင်ရှားအောင် လက်ချောင်း တို့သည် အများလူတို့၏ လက်ချောင်းတို့ထက် ရှည်လည်းရှည်၍ အရင်းမှ အဖျားတိုင်အောင် သွယ်လည်း သွယ်တော်မူသည်။

ဖြောင့်မတ်သော ကိုယ်တော်ရှိပုံ ။ ။ ပါဏာတိပါတ ပြုတို့ရန် သွားသောအခါ သူတပါး မြင်မည် စိုးသောကြောင့် ကိုယ်ကို မတ်မတ် မထားဘဲ ပုအောင် နိမ့်အောင်လုပ်၍ ကောက်လျက် ကွေးလျက် သွားရ၏၊

ဗုဒ္ဓမြတ်စွာ အလောင်းတော်သည် ထိုကဲ့သို့ ပုအောင် နိမ့်အောင် လုပ်၍ မသွားခဲ့ရကြောင်း ထင်ရှားတို့ရာ ကိုယ်အရပ်တော်သည် ကောက်ကွေး၍ မနေဘဲ ဗြဟ္မာမင်း၏ ကိုယ်ကဲ့သို့ ဖြောင့်ဖြောင့်စင်းစင်း မားမား မတ်မတ် ထောင်ထောင်မောင်းမောင်း ရှိတော်မူရကား လွန်စွာ တင့်တယ် သပ္ပါယ်တော်မူသည်။

လက္ခဏာတော်၏ အကျိုးဆက်။ ။ပြခဲ့သော လက္ခဏာတော် ၃ ပါးသည် ရှေးကံအတွက် ရအပ်သော အကျိုးရင်းတည်း၊ ထို လက္ခဏာတော် ၃ ပါးအတွက် အကျိုးဆက်မှာ အသက်တော် ရှည်ခြင်း ဟူသော အကျိုးတည်း။ [ဗုဒ္ဓမြတ်စွာ ကိုယ်တော်တိုင် ခွတ်ထိုက်သော ဝေနေယျသတ္တဝါ ရှိသေးလျှင် သက်တော် ၈၀ ကျော်သည့် အပြင် အာယုကပ်ကုန်အောင်ပင် တည်နိုင်ပါ၏၊ သို့သော် ဘုရားခွတ်မှ ကွတ်မည့် ဝေနေယျများ ပြည့်စုံပြီဖြစ်သောကြောင့် သက်တော် ရှစ်ဆယ် ပြည့်ရုံမျှဖြင့် ပရိနိဗ္ဗာန် စံတော်မူပါသည်။]

တိုက်တွန်းချက်။ ။ဤသို့ အကြောင်းကောင်းမှု, အကျိုး လက္ခဏာ, လက္ခဏာတော်၏အကျိုးဆက်, ဤ ၃ ချက်ကို စဉ်းစားကာ– ဗုဒ္ဓမြတ်စွာ၏ လက္ခဏာတော် ၃ ပါးကို အာရုံပြု၍ ဗုဒ္ဓါနုဿတိဘာဝနာကို ပွားများကြပြီးလျှင် မိမိတို့လည်း သန်းအုံ ကြမ်းပိုးအုံ ပိုးမွှားကလေးကိုမျှ ပါဏာတိပါတအမှု မပြုမိအောင် ရှောင်ကြပါလေ။

ဆက်ပါဦးမည်၊ — ပါဏာတိပါတ အမှုကို ပြုရာ၌ အသက်မွေးမှု ချောင်လည်အောင်ပြုခြင်း, အခြားနည်းဖြင့် အသက်မွေးစရာမရှိ၍ မရှောင်သာသောကြောင့် ပြုရခြင်း, သက်သက် နှိပ်စက်လိုသောကြောင့် ပြုခြင်းဟု ၃ မျိုးရှိ၏၊ ထို ၃ မျိုးတွင် မည်သည့် ပါဏာတိပါတမဆို ငရဲသို့ ချနိုင်၏၊ ပြိတ္တာလည်း ဖြစ်စေနိုင်၏၊ ထို့ကြောင့် ဘုရားအလောင်းသည် မည်သည့် အကြောင်းကြောင့်မျှ ဘဝများစွာဝယ် ပါဏာတိပါတကို မပြုခဲ့ပါ။

သတ္တုဿဒတာ လက္ခဏာတော်

၄။ ပရတောဇနဒါနေန, ဗုဒ္ဓေါ ပုရိမ ဇာတိယံ၊
ဟောတိ သတ္တုဿဒေါစေဝ, ဝရတောဇိစ တံ နမေ။

ယော ဗုဒ္ဓေါ—အကြင် မြတ်စွာဘုရားသည်၊ ပုရိမဇာတိယံ-ဘဝ များစွာ, ရွေးရွေးအခါ၌၊ ဝရတောဇနဒါနေန—စွန့်ဘွယ် ခဲဘွယ်, လျက်ဘွယ်နှင့်, သောက်ဘွယ်ဖြာဖြာ, ပေးလှူရာဝယ်, သြဇာပြည့်ဝ, မွန်မြတ်သော အာဟာရကို ပေးလှူခဲ့ခြင်းကြောင့်၊ သတ္တုဿဒေါ စေဝ — လက်ဖမိုးတော် ၂ ဖက်, ခြေဖမိုးတော် ၂ ဖက်, ပခုံးတော် ၂ ဖက်, လည်ကုပ်တော်အားဖြင့်, ခုနစ်ပါးသော အရပ်တို့၌ ပြည့်ဖြိုးသော အသားတော်ရှိသည်ၵင်း၊ ဝရတောဇိစ-ခဲဘွယ်ဘောဇဉ်, ချိုချဉ်ရသာ, မွန်မြတ်သောအစာကို ရတော်မူသည်ၵင်း၊ ဟောတိ-အကြောင်းအလိုက်, အကျိုးဆိုက်၍, သိုက်မြိုက်ထင်ပေါ်, ဖြစ်ထွန်း တော်မူ၏၊ တံ ဗုဒ္ဓံ — သတ္တုဿဒတာ , လက္ခဏာနှင့်, ကောင်းစွာ ကုံလုံ, ပြည့်စုံတော်မူသော ထို မြတ်စွာဘုရားကို၊ အဟံ — ဘုရား တပည့်တော် (တပည့်တော်မ)သည်၊ နမေ, နမာမိ-ယုံကြည်မြတ်နိုး, လက်စုံမိုး၍, ရှိခိုး ကန်တော့ပါ၏ ဘုရား။

× × × × × ×

အကြောင်း ကောင်းမှု။ ။ဗုဒ္ဓမြတ်စွာသည် ကမ္ဘာများစွာ ဖြစ်ခဲ့ရာ၌ များစွာသော ဘဝတို့ဝယ် စားဘွယ် မုံ ခဲဘွယ် သောက်ဘွယ် လျာဖြင့် လျက်ဘွယ်ဖြစ်သော အစာအာဟာရတို့ကို ပေးလှူသောအခါ မိမိ တတ်နိုင် ပါလျှင် အဆီ သြဇာ အရသာရှိသော အစာ အာဟာရတို့ကိုသာ ပေးလှူ တော်မူ၏၊ အဆီသြဇာ ခြောက်ခန်းသော အာဟာရတို့ကို မပေးမလှူခဲ့ချေ။ [အကောင်း မလှူနိုင်သော အခါ၌ကား ထိုကဲ့သို့ အညံ့ကိုလည်း လှူရပေ

(အဋ္ဌမအကြိမ်)

လိမ့်မည်။] ဤသို့ မွန်မြတ်သော အာဟာရတို့ကို ပေးလှူတော်မူခဲ့ခြင်းသည် ဗုဒ္ဓမြတ်စွာ၏ ရွေးရွေးအကြောင်း ကောင်းမှုတော်တပါး ဖြစ်သည်။

အကျိုး လက္ခဏာတော်။ ။ထိုသို့ ဘဝများစွာ၌ အဆီ သြဇာ အရသာ ရှိသော အစာအာဟာရတို့ကို ပေးလှူတော်မူခဲ့သောကြောင့် ဘုရားဖြစ်တော် မူမည့်ဘဝ၌ သတ္တုဿဒတာလက္ခဏာတော်ကို ရတော်မူသည်၊ ဗုဒ္ဓမြတ်စွာ၏ လက်ဖမိုးတော် ၂ ဖက်သည် ပြားချပ်ချပ် မနေဘဲ အသားအရေ ပြည့်၍ မိုမိုမောက်မောက် ရှိတော်မူ၏၊ ခြေဖမိုးတော် ၂ ဘက်လည်း ပိပိပြားပြား မနေဘဲ အသားအရေ ပြည့်ဖြိုး၍ မိုမောက်တော် မူ၏၊ ပခုံးတော် ၂ ဖက် လည်း ချိုင့်လျက် မနေဘဲ အသားအရေ ပြည့်ဖြိုးတော် မူ၏၊ လည်ကုပ် တော်လည်း အရိုး မထင်ပေါ်ဘဲ အသားအရေ ပြည့်ဖြိုးတော်မူ၏၊ ဤသို့ လျှင် ၇ ပါးသော အရပ်တို့၌ သူတပါးတို့ထက် အသားအရေ ပြည့်ဖြိုး၍ မိုမိုမောက်မောက် ရှိတော်မူခြင်းကို သတ္တုဿဒတာ လက္ခဏာတော် ဟု ခေါ်သည်။ [သတ္တ – ၇ ပါးသော အရပ်တို့၌၊ ဥဿဒတာ — အသားတို့၏ များသည်၏အဖြစ် (ပြည့်ဖြိုးခြင်း)။]

လက္ခဏာတော်၏ အကျိုးဆက် ။ ။ပြအပ်ပြီးသော သတ္တုဿဒတာ လက္ခဏာတော်သည် ရှေးကံအတွက် ရအပ်သော အကျိုးရင်းပင်တည်း၊ ထို လက္ခဏာတော်အတွက် မွန်မြတ်သော အဆီသြဇာ အရသာရှိသော စားဘွယ် ခဲဘွယ် သောက်ဘွယ် လျက်ဘွယ်ဟူသော အကျိုးဆက်ကိုလည်း ရတော်မူ ပေသည်။

တိုက်တွန်းချက်။ ။ဤသို့ အကြောင်းကုသိုလ်, အကျိုးလက္ခဏာတော်, လက္ခဏာတော်၏ အကျိုးဆက်, ဤ ၃ ချက်ကို စဉ်းစားကာ ဗုဒ္ဓမြတ်စွာ၏ သတ္တုဿဒတာ လက္ခဏာတော်ကို အာရုံပြု၍ ဗုဒ္ဓါနုဿတိ ဘာဝနာကို ပွားများပြီးလျှင် မိမိတို့လည်း တတ်နိုင်ပါမူ အဆီသြဇာ ရှိသော မွန်မြတ် သော အာဟာရတို့ကိုသာ စွန့်ကြဲ ပေးကမ်း လှူဒါန်းကြပါလေ။

(အဋ္ဌမအကြိမ်)

မုဒုတလုဏ ဟတ္ထပါဒတာနှင့် ဇာလဟတ္ထပါဒတာ လက္ခဏာတော် ၂ ပါး

၅။ ဇနသင်္ဃတော ပုဗ္ဗေ, မုဒုဟတ္ထပဒေါ ဇိနော၊
ဇာလဟတ္ထပဒေါစေဝ, သုသင်္ဃဇနော နမေ။

ယော ဇိနော-အကြင် မြတ်စွာဘုရားသည်၊ ပုဗ္ဗေ-ဘဝများစွာ, ရှေးရှေးအခါ၌၊ ဇနသင်္ဃတော—သင်္ဃ ၄-ပါးဖြင့်, လူအများကို ချီးမြှောက်ခဲ့ခြင်းကြောင့်၊ မုဒုဟတ္ထပဒေါစေဝ — နုပျိုသော လက်ခြေတော်ရှိသည်၎င်း၊ ဇာလဟတ္ထပဒေါစေဝ — ဇာကွန်ယက် ပမာ, ညီစွာတည်သော လက်ချောင်း ခြေချောင်းတော် ရှိသည်၎င်း၊ သုသင်္ဃဇနောစ—မခွဲမခွါ, အမြဲပါအောင်, ကောင်းစွာ သိမ်းသွင်းအပ်သော အခြေအရံရှိသည်၎င်း၊ ဟောတိ— အကြောင်း အလိုက်, အကျိုးဆိုက်၍, သိုက်မြိုက်ထင်ပေါ်, ဖြစ်ထွန်းတော်မူ၏၊ တံ ဇိနံ— မုဒုဇာလ, ဟတ္ထပါဒတာ, လက္ခဏာတော် ၂ ပါးနှင့် ပြည့်စုံတော်မူသော ထို မြတ်စွာဘုရားကို၊ အဟံ— ဘုရား့တပည့်တော် (တပည့်တော်မ) သည်၊ နမေ နမာမိ — ယုံကြည်မြတ်နိုး, လက်စုံမိုး၍, ရှိခိုးကန်တော့ပါ၏ ဘုရား။

× × × × ×

အကြောင်းကျောင်းမူ။ ။ဗုဒ္ဓမြတ်စွာသည် ကမ္ဘာများစွာ ဖြစ်ခဲ့ရာ၌ များစွာသော ဘဝတို့ဝယ် လူတို့ကို သင်္ဃ ၄ ပါးဖြင့် ချီးမြှောက်ခဲ့ပေသည်၊ ချီးမြှောက်ဟု ဆိုသော်လည်း မိမိကို မမှန်းအောင် ချစ်ခင်အောင် သိမ်းသွင်းခြင်းပင်ဘည်း၊ ထို သိမ်းသွင်းနည်းသည် ၄ မျိုး ရှိ၏၊ ထို ၄ မျိုးကား ဒါန — ပိယဝါစာ — အတ္ထစရိယာ - သမာနတ္တတာတည်း၊ ဤ ၄ မျိုးကိုပင် သင်္ဃဝတ္ထု ၄ ပါးဟုလည်း ခေါ်သည်။

ဒါနဖြင့် သိမ်းသွင်းပုံ။ ။အချို့လူများသည် ပစ္စည်းဥစ္စာ မရှိ, ဆင်းရဲနွမ်းပါး၏၊ ထိုလူတို့သည် ပေးကမ်းခြင်းကို သဘောကျ၏၊ ထိုလူတို့အား ဘုရားအလောင်းသည် စွန့်ကြဲ ပေးကမ်းခြင်းဖြင့် မိမိကို မမှန်းအောင် ချစ်ခင်အောင် သိမ်းသွင်းခဲ့ပါသည်။

ပိယဝါစာဖြင့် သိမ်းသွင်းပုံ ။ ။ အချို့လူတို့သည် အထိုက်အလိုက် ပြည့်စုံရကား စွန့်ကြဲပေးကမ်းမှုကို မမြော်လင့်ကြ၊ ချစ်ခင်ဘွယ်ရာ ချိုသာသောစကားဖြင့် ပြောဆို ဆက်ဆံမှုကိုသာ အလိုရှိကြ၏၊ ဘုရားအလောင်းတော်သည် ထိုသူတို့ကို သင့်တော်သော စကား အသုံးအနှုန်းဖြင့် ချိုချိုသာသာ သုံးနှုန်း၍ မိမိကိုမမှန်းအောင် ချစ်ခင်အောင် သိမ်းသွင်းခဲ့ပါသည်။

အတ္ထစရိယာဖြင့် သိမ်းသွင်းပုံ။ ။[အတ္ထ – အကျိုးစီးပွား တိုးတက်အောင်+ စရိယာ– ပြုကျင့်ခြင်း။] အချို့လူတို့သည် စွန့်ကြဲပေးကမ်းခြင်းကိုလည်း မလိုလား၊ ပိယဝါစာဖြင့် ပြောဆိုခြင်းကိုလည်း အရေးတကြီး ဟုသဘောမထား၊ လောကကြီးပွားရေး နေ့ဝင်တမလွန် ချမ်းသာရေးကိုသာ နည်းပေး လမ်းပြ ညွှန်ပြ ပြောဆိုခြင်းကို အလိုရှိကြ၏၊ ဘုရားအလောင်းတော်သည် ထိုသူတို့ကို ပစ္စုပ္ပန် ကြီးပွားရေး တမလွန် ချမ်းသာရေး တို့ကို နည်းပေး လမ်းပြသောအားဖြင့် သိမ်းသွင်းခဲ့ပါသည်။

သမာနတ္တတာဖြင့် သိမ်းသွင်းပုံ။ ။[သမာန– မိမိနှင့် တန်းတူသော၊ အတ္တတာ–သဘောရှိသူ၏ အဖြစ်။] အချို့လူတို့သည် စွန့်ကြဲ ပေးကမ်းခြင်းကိုလည်း မတောင့်တ၊ ပိယဝါစာကိုလည်း မတောင့်တ၊ အတ္ထစရိယာကိုလည်း ညွှန်ပြဘွယ် မလို၊ သူတို့ဘာသာ ပြည့်စုံပြီးဖြစ်ကြသည်၊ ထိုသူတို့သည် အထူသွား အတူလာ အထူနေ အထူစားခြင်း စသည်ဖြင့် မိမိကို မနှိမ်ချဘဲ တန်းတူထား၍ ဆက်ဆံခြင်းကို အလိုရှိကြ၏၊ ဘုရားအလောင်းတော်သည် ထိုသူတို့ကို အရာရာ၌ တန်းတူထား၍ သိမ်းသွင်းခဲ့ပါသည်။

အကျိုး လက္ခဏာတော် ။ ။ ပြအပ်ခဲ့သည့်အတိုင်း သူတပါး စိတ်ချမ်းသာအောင် စိတ်နှည့်အောင် အချိုးမျိုးသောနည်းလမ်းဖြင့် ချီးမြှောက်

သိမ်းသွင်းခဲ့ သောကြောင့် ဘုရားဖြစ်တော်မူမည့် ဘဝ၌ မုဒုတလုဏဟတ္ထ ပါဒတာနှင့် ဇာလဟတ္ထပါဒတာ လက္ခဏာတော် ၂ ပါးကို ရတော်မူသည်။

မုဒုတလုဏ ဟတ္ထပါဒတာ ဖြစ်ပုံ ။ ။ မြတ်စွာဘုရား၏ လက်တော် ခြေတော် တို့သည် များစွာသော လူတို့၏ လက် ခြေကဲ့သို့ မကြမ်းတန်းဘဲ (မုဒု) နုနုညံ့ညံ့ ရှိတော်မူ၏၊ သက်တော် ရွယ်တော် ကြီးရင့်သော်လည်း နုပျို့တော်မူ၏၊ ဤသို့ လက်တော် ခြေတော်တို့၏ နုပျို့ခြင်းကို မုဒုတလုဏ ဟတ္ထ ပါဒတာဟု ခေါ်သည်။ [မုဒု– နုညံ့သော+ တလုဏ – နုပျို့သော + ဟတ္ထ ပါဒတာ–လက် ခြေတော်ရှိခြင်း။]

ဇာလဟတ္ထပါဒတာ ဖြစ်ပုံ ။ ။ မြတ်စွာဘုရား၏ လက်မ ခြေမမှ တပါးသော လက်ချောင်း ခြေချောင်းတော်တို့သည် အရွှဲညပမာဏအားဖြင့် ညီမျှကြကုန်၏၊ အလွန်ကျွမ်းကျင်သော လက်သွားသည် လေသာပြူတင်း ပေါက်၌ ဇာကွန်ယ့ကို တပ်သောအခါ အဖျားညီညီ စီရရီရှိအောင် တပ်၏၊ ထို့ကြောင့် ဗုဒ္ဓမြတ်စွာ၏ လက်ချောင်း ခြေချောင်းတော် ညီပုံကို လေသာပြူတင်းဝယ် ဇာကွန်ယ့ကန့် တူ၏–ဟု ဥပမာပြုကြသည်။

လက္ခဏာတော်၏ အကျိုးဆက်။ ။ပြအပ်ပြီးသော မုဒုတလုဏ ဟတ္ထ ပါဒတာလက္ခဏာ ဇာလဟတ္ထပါဒတာ လက္ခဏာတော် ၂ ပါးသည် ရှေးက ကြောင့် ရအပ်သော အကျိုးရင်းတည်း၊ ထို လက္ခဏာတော် ၂ ပါးအုပ်စုက် ရအပ်သော အကျိုးဆက်ကား မခဲ့မခဲ့ အမြဲပါအောင် ကောင်းစွာ သိမ်း သွင်းအပ်ပြီးသော ပရိသတ် အခြံအရံ ရှိခြင်းတည်း။

တိုက်တွန်းချက်။ ။ဤသို့ အကြောင်း ကောင်းမှု, အကျိုး လက္ခဏာ, လက္ခဏာအတွက် အကျိုးဆက်, ဤ ၃ ချက်ကို စဉ်းစားကာ ဗုဒ္ဓမြတ်စွာ၏ လက္ခဏာတော် ၂ ပါးကို အာရုံပြု၍ ဗုဒ္ဓါနုဿတိဘာဝနာကို ပွားများပြီး လျှင် မိမိတို့လည်း မိမိဆိုင်ရာ လူအများကို သင်ဟ ၄ ပါးဖြင့် ချီးမြှောက်နိုင် သိမ်းသွင်းနိုင်အောင် အမြဲ သတိထား၍ ကြိုးစားကြပါလေ။

ဥဿဒ်ပါဒတာ, ဥဒ္ဓဂ္ဂလောမတာ လက္ခဏာတော် ၂ ပါး

၆။ ဗုဒ္ဓေါ ဥဂ္ဂတဝါစာယ, ဘာသတုဿဒ်ပါဒကော၊
ဥဒ္ဓဂ္ဂလောမကောစေဝ, လောကဂ္ဂေါစာပိ တံ နမေ။

ယော ဗုဒ္ဓေါ-အကြောင် မြတ်စွာဘုရားသည်၊ ပုရိမဇာတိယံ-ဘဝ များစွာ, ရွေးရွေးအခါ၌၊ ဥဂ္ဂတဝါစာယ – လူအများတို့, စီးပွားမြင့်လျက်, တိုးတက်ကြောင်း တရားစကားကို၊ ဘာသတော–ဟော ပြောတော်မူခဲ့ခြင်းကြောင့်၊ ဥဿဒ်ပါဒကောစ- အောက်သို့မသက်, အထက် တက်သည့် , ဖမျက် အံနေ, ခြေတော် ရှိသည်ဌင်း၊ ဥဒ္ဓဂ္ဂ လောမကောစေဝ-ရွှေမျက်နှာတော်, ဖူးမျှော်လိုဘိ, မော်၍ ကြည့်သို့, အဖျားလှည့်မော်, မွေးညှင်းတော်ရှိသည်ဌင်း၊ လောကဂ္ဂေါစာ ပိ-သတ္တလောက, ဟူသမျှဝယ်, အစစအရာရာ,အသာဆုံး အမြတ်ဆုံး သည်ဌင်း၊ ဟောတိ-အကြောင်းအလိုက်,အကျိုးဆိုက်၍,သိုက်မြိုက် ထင်ပေါ်, ဖြစ်ထွန်းတော်မူ၏၊ တံ ဗုဒ္ဓံ – ဥဿဒ်ပါဒ, ဥဒ္ဓဂ္ဂလောမ တာ , လက္ခဏာတော် ၂ ပါးနှင့် ပြည့်စုံတော်မူသော ထို မြတ်စွာ ဘုရားကို၊ အဟံ- ဘုရား့တပည့်တော် (တပည့်တော်မ)သည်၊ နမေ နမာမိ- ယုံကြည်မြတ်နိုး, လက်စုံမိုး၍, ရှိခိုး ကန်တော့ပါ၏ ဘုရား။

× × × × × ×

အကြောင်း ကောင်းမှု ။ ။ ဗုဒ္ဓမြတ်စွာသည် ကမ္ဘာများစွာ ဖြစ်ခဲ့ ရာ၌ များစွာသောဘဝတို့ဝယ် ဆရာမိဘအဖြစ် မိတ်ဆွေအဖြစ်ဖြင့် တပည့် တို့အားဌင်း, သား သမီးတို့အားဌင်း, မိတ်ဆွေတို့အားဌင်း ဤဘဝ နောက် ဘဝ၌ ကြီးမြင့်ကြောင်း ကောင်းသော တရားစကားကိုသာ ဟောလေ့ ပြောလေ့ ရှိခဲ့ပေသည်၊ ဤကား ရွေးရွေး ကောင်းမှုတော်တပါး ဖြစ်သည်။

အကျိုးလက္ခဏာတော် ။ ။ ထိုကဲ့သို့ မြင့်မြတ်သော တရားစကားကို ပြောဟောတော် မူခဲ့ခြင်းကြောင့် ဘုရားဖြစ်တော်မူမည့် နောက်ဆုံး ဘဝ၌ ဥဿဒ်ပါဒတာနှင့် ဥဒ္ဒဂ္ဂလောမတာ, လက္ခဏာတော် ၂ ပါးကို ရတော်မူသည်။ [၃ + အထက်သို့ မြင့်တက်သော၊ သဒ်တာ – ဖမျက်တော်ရှိခြင်း၊ ဥဒ္ဒဂ္ဂ – အထက်သို့ အဖျားလှည့်သော၊ လောမတာ – မွေးညှင်းတော်ရှိခြင်း။]

မြင့်သော ဖမျက်တော်ရှိပုံ။ ။ များစွာသော လူတို့၌ ခြေမျက်စိဟု ခေါ်အပ်သော ဖမျက်သည် ခြေဖမိုးနှင့် နီးကပ်၍ အနည်းငယ် အောက်ကျ လျက် ရှိ၏၊ ဗုဒ္ဓမြတ်စွာ၏ ဖမျက်တော်သည်ကား ခြေဖမိုးအထက်၌ လက် ၂ သစ် (လက် ၄ သစ်) လောက် မြင့်တက်နေ၏၊ ထိုသို့ မြင့်တက်နေသော်လည်း ဗုကြီးအဖြစ်ဖြင့် ထင်ရှား၍ မနေ၊ မသိမသာ ပြေနေ၏။

မွေးညှင်းတော်တို့၏ အထက်သို့ အဖျားလှည့်ပုံ ။ ။ များစွာသော လူတို့၏ မွေးညှင်းတို့သည် အောက်ဘက်သို့ အဖျားလှည့်ကုန်၏၊ ဗုဒ္ဓမြတ်စွာ၏ မွေးညှင်းတော်များကား မျက်နှာတော်ကို မော်၍ ကြည့်သကဲ့သို့ အထက်သို့ အဖျားလှည့်၍ နေကုန်၏။

လက္ခဏာတော် ၂ ပါး၏ အကျိုးဆက်။ ။ ပြခဲ့သော လက္ခဏာတော် ၂ ပါးသည် ရှေးကံအတွက် ရအပ်သော အကျိုးရင်းတည်း၊ ထို လက္ခဏာတော် ၂ ပါးအတွက် ရအပ်သော အကျိုးဆက်မှာ လူ နတ် ဗြဟ္မာ သတ္တဝါ သမျှထက် အသာဆုံး အမြတ်ဆုံး ဖြစ်ရခြင်းတည်း။

တိုက်တွန်းချက်။ ။ဤသို့ အကြောင်းကောင်းမှု, အကျိုးလက္ခဏာ, လက္ခဏာတော်အတွက် အကျိုးဆက်, ဤ ၃ ချက်ကို စဉ်းစားကာ ဗုဒ္ဓမြတ်စွာ၏ အထက်သို့ မြင့်တက်သော ဖမျက်တော်နှင့် အထက်သို့ အဖျားလှည့်သော မွေးညှင်းတော် ဟူသော လက္ခဏာတော် ၂ ပါးကို အာရုံပြု၍ ဗုဒ္ဓါနုဿတိ ဘာဝနာကို ပွားပြီးလျှင် မိမိတို့လည်း လက်အောက်ငယ်သား တို့အား မြင့်မြတ်သော သြဝါဒစကားကို ပြောပြကြပါလေ။

ဏှိဇယ်တာ လက္ခဏာတော်

၇။ သက္ကစ္စံ သိပ္ပဝါစေတာ, တေနေဏှိဇယ် လက္ခဏေ၊
အနုစ္ဆဝိကလာဘောစ, သမ္မုဒ္ဒေါ ဟောတိ တံ နမေ။

ယော သမ္မုဒ္ဒေါ—အကြင် မြတ်စွာဘုရားသည်၊ ပုရိမဇာတိယံ—ဘဝများစွာ, ရှေးရှေးအခါ၌၊ သက္ကစ္စံ – တပည့်အပေါင်း, ကြာမညောင်းဘဲ, နည်းကောင်း ခြယ်လှယ်, တတ်သိလွယ်မှု, ကောင်းစွာ ပြု၍၊ သိပ္ပံ–ဝိဇ္ဇာသိပ္ပ, စရဏနှင့်, ကမ္မသကတာ, ဉာဏ်မညာ အထိ, သိဘွယ် တတ်ဘွယ်, ကျင့်ဘွယ် အပေါင်း, အတတ် ကောင်းကို၊ ဝါစေတာ— မေတ္တာ ကရုဏာ, ရှေးရှုကာဖြင့်, ဆရာအနေ, ပို့ချခဲ့ပေ၏၊ တေန-ထိုသို့ လေးလေးစားစား, အတတ်များကို, သင်ကြားပြသ, ပို့ချခဲ့ခြင်းကြောင့်၊ ဏှိဇယ် လက္ခဏောစ— ဏှိဇမည်သော သားကောင်၏ သလုံးအသွင်, အစဉ်အထက်, လုံး၍ တက်သော ခြေသလုံးတော် ရှိသည်၎င်း၊ အနုစ္ဆဝိကလာဘောစ— ရဟန်းတော်နှင့်, သင့်လျော်လျောက်ပတ်, ကောင်းသောလာဘ် ရှိတော်မူသည်၎င်း၊ ဟောတိ — အကြောင်းအလိုက်, အကျိုးဆိုက်၍, သိုက်မြိုက်ထင်ပေါ်, ဖြစ်ထွန်းတော်မူ၏၊ တံ သမ္မုဒ္ဒံ—ဏှိဇယ်တာ, လက္ခဏာတော်နှင့် ပြည့်စုံတော်မူသော ထို မြတ်စွာဘုရားကို၊ အဟံ- ဘုရား တပည့်တော် (တပည့်တော်မ)သည်၊ နမေ နမာမိ-ယုံကြည်မြတ်နိုး, လက်စုံမိုး၍, ရှိခိုး ကန်တော့ပါ၏ ဘုရား။

× × × × ×

အကြောင်း ကောင်းမှု။ ။ဗုဒ္ဓမြတ်စွာသည် ကမ္ဘာများစွာ ဖြစ်ခဲ့ရာ၌ များစွာသော ဘဝတို့ဝယ် ဆရာသွား အဖြစ်ဖြင့် အတတ်ပညာကို သင်ပေးသောအခါ မိမိ တပည့်အပေါင်းကို ဒူးတုပ်စေခြင်း အားဖြင့်၎င်း, အစေ

အပါး ခိုင်းခြင်းအားဖြင့်ငုင်း, ဒူးတို့ကို ညောင်းစေ၍ ကြာရှည်စွာ မသင်ရဘဲ တတ်လွယ်အောင် နည်းကောင်း လမ်းကောင်း စည်းမျဉ်းကောင်း တို့ကို ညွှန်ပြလျက် သင်ပေးခဲ့၏၊ ဤသို့ တတ်လွယ်အောင် သင်ပေးတော်မူခဲ့ခြင်းသည် ဗုဒ္ဓမြတ်စွာ၏ ရှေးရှေး ကောင်းမှုတော်တပါး ဖြစ်သည်။

အကျိုး လက္ခဏာတော်။ ။ ထိုသို့ အတတ်ပညာ တတ်လွယ်အောင် သင်ပေးခဲ့သော ကောင်းမှုကြောင့် ဘုရားဖြစ်တော်မူမည့် နောက်ဆုံးဘဝ၌ ဧဏီဇင်္ဃ လက္ခဏာတော်ကို ရတော်မူ၏။ [ဧဏီဇင်္ဃ – ဧဏီ မည်သော သားကောင်၏ ခြေသလုံးနှင့်တူသော ခြေသလုံးတော်။]

သလုံးမြင်းခေါင်း၏ တင့်တယ်ပုံ။ ။ များစွာသော လူတို့၏ ခြေသလုံးသည် နောက်ဘက်က ဆန်အိတ်ကလေးကဲ့သို့ တွဲ၍ ရှေဘက်၌ အရိုး ချောင်း ချောင်း ပေါ်ထင်နေ၏၊ ဘုရားရှင်သည်ကား ထို ခြေသလုံးကို မညောင်းစေအောင် အတတ်ပညာ သင်ပြခဲ့သောကောင်းမှုကြောင့် ရှေရော နောက်ပါ အသားမျှလျက် တခဲနက် လုံးဝန်း၍နေ၏၊ ထိုကဲ့သို့ လုံးဝန်း၍ နေပုံကို ဧဏီ မည်သော တောဆိတ်နက်၏ ခြေသလုံးဖြင့် ဥပမာပြုကြသည်။

လက္ခဏာတော်၏ အကျိုးဆက်။ ။ပြခဲ့ပြီးသော လက္ခဏာတော်သည် ရှေးကံအတွက် ရအပ်သော အကျိုးရင်းတည်း၊ ထို လက္ခဏာတော်အတွက် အကျိုးဆက်ကား မင်းဖြစ်လျှင် မင်းနှင့် ထိုက်တန်သော အသုံးအဆောင်ကို ရ၍ ရဟန်း ဖြစ်လျှင် ရဟန်းတော်နှင့် ထိုက်တန်သော ပစ္စည်းလာဘ်ကို ရတော်မူခြင်းတည်း။

တိုက်တွန်းချက်။ ။ဤသို့ အကြောင်း ကုသိုလ်, အကျိုး လက္ခဏာ, လက္ခဏာတော် အတွက် အကျိုးဆက်, ဤ ၃ ချက်ကို စဉ်းစားကာ ဗုဒ္ဓမြတ်စွာ၏ ထို ဧဏီဇင်္ဃတာ လက္ခဏာတော်ကို အာရုံပြု၍ ဗုဒ္ဓါနုဿတိ ဘာဝနာကို ပွားပြီးလျှင် မိမိတို့လည်း ဆရာ ဖြစ်သောအခါ တပည့်တို့အား တတ်လွယ်အောင် သင်ပြကြပါလေ။

သုခုမစ္ဆဝိတာ လက္ခဏာတော်

၈။ ပရိပုစ္ဆနတော ပုဗ္ဗေ, ပဏ္ဍိတံ ကုသလာဒိကံ၊
သုခုမစ္ဆဝိကော ဗုဒ္ဓေါ, မဟာပညောစ တံ နမေ။

ယော ဗုဒ္ဓေါ - အကြင် မြတ်စွာဘုရားသည်၊ ပုရိမဇာတိယံ-ဘဝများစွာ, ရှေးရှေးအခါ၌၊ ပဏ္ဍိတံ - လောကဓမ္မ, ၂၄ဘုန်၌, ကျန မြင်သိ, ပညာရှိ ပုဂ္ဂိုလ်ကို၊ ကုသလာဒိကံ – ကုသိုလ် အကုသိုလ်, ထိုထိုများစွာ အကြောင်းအရာကို၊ ပရိပုစ္ဆနတော – အမှန်သိရေး, အဖန်ဖန် မေးခဲ့ခြင်းကြောင့်၊ သုခုမစ္ဆဝိကော – နုညံ့ သိမ်မွေ့သော အသားအရေတော် ရှိသည်ငုင်း၊ မဟာပညောစ – ကြီးကျယ်သော ပညာတော် ရှိသည်ငုင်း၊ ဟောတိ – အကြောင်း အလိုက်, အကျိုး ဆိုက်၍ သိုက်မြိုက်ထင်ပေါ်, ဖြစ်ထွန်းတော်မူ၏၊ တံ ဗုဒ္ဓံ- သုခုမစ္ဆဝိတာ, လက္ခဏာတော်နှင့် ပြည့်စုံတော်မူသော ထိုမြတ်စွာဘုရားကို၊ အဟံ – ဘုရား့တပည့်တော် (တပည့်တော်မ)သည်၊ နမေ နမာမိ– ယုံကြည်မြတ်နိုး, လက်စုံမိုး၍, ရှိခိုး ကန်တော့ပါ၏ဘုရား။

× × × × ×

အကြောင်း ကောင်းမှု။ ။ဗုဒ္ဓမြတ်စွာသည် ကမ္ဘာများစွာ ဖြစ်ခဲ့ရာ၌ များစွာသောဘဝတို့ဝယ် ပညာရှိပုဂ္ဂိုလ်အထံ ချဉ်းကပ်၍ "ကုသိုလ်တရား ဟူသည် အဘယ်ပါနည်း၊ အကုသိုလ်တရား ဟူသည် အဘယ်ပါနည်း၊ အဘယ်တရားကို ပြုကျင့်လျှင် မကောင်းကျိုးကိုရ၍, အဘယ်တရားကို ပြုကျင့်လျှင် ကောင်းကျိုးကို ရပါသနည်း" ဟု သိမ်မွေ့သော အကြောင်း အရာတို့ကို မေးမြန်းလေ့ ရှိ၏၊ ထိုသို့ မေးမြန်းခြင်းသည် ဗုဒ္ဓမြတ်စွာ၏ ရှေးရှေး အကြောင်း ကောင်းမှုတော်တပါး ဖြစ်သည်။

သုဝဏ္ဏဝဏ္ဏတာလက္ခဏာတော်

၉။ သုခုမဝတ္ထဒါနေန, အက္ကောဓေန ပုရေဘဝေ၊
ဟေမဝဏ္ဏော ဇိနော လာဘီ, မုဒုဝတ္ထာနဥ္စ တံ နမေ။

ယော ဇိနော - အကြင်မြတ်စွာဘုရားသည်၊ ပုရေဘဝေ — ဘဝများစွာ, ရှေးရှေးအခါ၌၊ သုခုမဝတ္ထဒါနေန - သိမ်မွေ့ နုညံ့သော အဝတ်အရုံ,အခြုံအခင်းတို့ကို ပေးလှူခဲ့ခြင်းကြောင့်၎င်း၊ အက္ကောဓေနစ- အမျက်ဒေါသ, မထွက်ရအောင်, နိစ္စချုပ်တည်း, စောင့်စည်းခဲ့ခြင်းကြောင့်၎င်း၊ ဟေမဝဏ္ဏော — ရွှေအဆင်းကဲ့သို့, ဝါဝင်းသော အဆင်းတော် ရှိသည်၎င်း၊ မုဒုဝတ္ထာနံ — နုညံ့သော အဝတ်အရုံ, အခြုံ အခင်းတို့ကို၊ လာဘီစ - ရခြင်း ရှိတော်မူသည်၎င်း၊ ဟောတိ- အကြောင်းအလိုက်,အကျိုးဆိုက်၍, သိုက်မြိုက်ထင်ပေါ်, ဖြစ်ထွန်း တော်မူ၏၊ တံ ဇိနံ — သုဝဏ္ဏဝဏ္ဏတာ, လက္ခဏာတော်နှင့် ပြည့်စုံတော်မူသော ထိုမြတ်စွာဘုရားကို၊ အဟံ — ဘုရား တပည့်တော်, (တပည့်တော်မ)သည်၊ နမေ နမာမိ — ယုံကြည်မြတ်နိုး, လက်စုံမိုး၍ ရှိခိုး ကန်တော့ပါ၏ ဘုရား။

× × × × ×

အကြောင်းကောင်းမှု။ ။ဗုဒ္ဓမြတ်စွာသည် ကမ္ဘာမျှားစွာ ဖြစ်ခဲ့ရာ၌ မျှားစွာသော ဘဝတို့ဝယ် အဝတ်ကို လှူသောအခါ လှူဘို့ရန် အဆင်သင့် ရှိသျှင် နုညံ့သော အဝတ်အရုံခြုံထည် အခင်းတို့ကို ပေးလှူလေ့ရှိ၏၊ [ထိုသို့ အနုအညံ့ မရှိလျှင်ကား ကြမ်းသောအဝတ်ကိုလည်း ပေးလှူရပေလိမ့်မည်။] ထို့ပြင် — များစွာသောဘဝတို့၌ အမျက်ဒေါသကို မဖြစ်အောင်, ဖြစ်ပြန် လျှင်လည်း အပြင်မထွက်အောင်, စောင့်စည်းချုပ်တည်းလေ့ ရှိခဲ့ပေသည်။] ဤသို့ နုညံ့သောအဝတ်တို့ကို ပေးလှူခဲ့ခြင်းနှင့် အမျက်ဒေါသ မဖြစ်ရအောင်,

အကျိုးလက္ခဏာတော်။ ။ထိုကဲ့သို့ မိမိထက်တတ်သိသော ပညာရှိ အထံ၌ သိမ်မွေ့သော အကြောင်းအရာ တရားစကားကို မေးမြန်းခဲ့ခြင်း ကြောင့် ဘုရားဖြစ်မည့် နောက်ဆုံးဘဝ၌ သုခုမစ္ဆဝိတာ (သိမ်မွေ့သော အသားအရေတော် ရှိခြင်းဟူသော) လက္ခဏာတော်ကို ရတော်မူပေသည်။ [သုခုမ – သိမ်မွေ့သော နုညံ့သော၊ ဆဝိတာ– အသားပေါ်က အရေတော် ရှိခြင်း။]

သိမ်မွေ့သော အရေတော်ရှိပုံ ။ ။ များစွာသော လူတို့၏ အသား အရေသည် သိမ်မွေ့နုညံ့ခြင်း မရှိလှ၊ တချို့မှာ ကြမ်းရှပ်ပင် နေသေး၏၊ စိုစို ပျိုပျိုလည်း မရှိ၊ မဲခြောက်ခြောက် ဖြစ်နေတတ်၏၊ ဗုဒ္ဓမြတ်စွာ၏ အသား အရေတော်ကား သိမ်မွေ့သော အကြောင်းအရာကို မေးမြန်း၍ ကျင့်လည်း ကျင့်ခဲ့သော ကုသိုလ်ကံကြောင့် သိမ်မွေ့ နုညံ့တော်မူပေသည်။

လက္ခဏာတော်၏အကျိုးဆက်။ ။ ပြခဲ့သော လက္ခဏာတော်သည် ရှေးကံအတွက် ရအပ်သော အကျိုးရင်းတည်း၊ ထို လက္ခဏာတော်အတွက် အကျိုးဆက်မှာ အရာရာ၌ သူတပါးထက် သာအောင် ကြီးကျယ်သော ဉာဏ်ပညာ ရှိတော်မူခြင်းတည်း။

တိုက်တွန်းချက် ။ ။ ဤသို့ အကြောင်းကုသိုလ်, အကျိုးလက္ခဏာ, လက္ခဏာတော်အတွက် အကျိုးဆက်, ဤ၃ချက်ကို စဉ်းစားကာ ဗုဒ္ဓမြတ်စွာ၏ ထို သုခုမစ္ဆဝိတာ လက္ခဏာတော်ကို အာရုံပြု၍ ဗုဒ္ဓါနုဿတိ ဘာဝနာကို ပွားများပြီးလျှင် မိမိတို့လည်း ပညာရှိမျှားအထံ ချဉ်းကပ်၍ ကုသိုလ် အကုသိုလ်ကံနှင့် ထိုကံ၏ အကျိုးရပုံကို မေးမြန်းကြပါလေ။

ကံနှင့် ကံ၏အကျိုးအဖွင့်၌ အောက်ပါလင်္ကာကို ဆိုခဲ့ပါသည်။

၁။ သိရန် မှန်သမျှ, မမေးက, ဖျင်း အ ပညာဆို။
၂။ ကြားမြင် မျှားအောင်, မေးလေ့ဆောင်, ခုနောင် တတ်သိလို။

ဖြစ်ပြန်လျှင်လည်း အပြင် မထွက်ရအောင် စောင့်စည်းချုပ်တည်းခဲ့ခြင်းသည် ဗုဒ္ဓမြတ်စွာ၏ ရှေးရှေးအကြောင်း ကောင်းမှုတော် တပါးဖြစ်သည်။

အကျိုးလက္ခဏာ။ ။ထိုကဲ့သို့သော ကောင်းမှုကြောင့် ဘုရားဖြစ်တော်မူမည့် နောက်ဆုံးဘဝ၌ သုဝဏ္ဏဝဏ္ဏတာ လက္ခဏာတော်ကို ရတော်မူသည်၊ များစွာသော လူတို့၏ အရေအဆင်းသည် အမျိုးမျိုး ရှိကြသော်လည်း ရွှေအဆင်းရှိသူကား နည်းပါးလှ၏၊ ဗုဒ္ဓမြတ်စွာ၏ အရေအဆင်းတော်သည် ဇမ္ဗူရုဒ်ရွှေ သိင်္ဂီရွှေ နာရဏီရွှေ အဆင်းတို့ကဲ့သို့ ဝင်းဝင်းဝါဝါ လွန်စွာ တင့်တယ်တော်မူသည်။

အမှာ။ ။ဆွမ်း စသော အာမိသ အကောင်းအမွန်ကို ပေးလှူခဲ့ခြင်း, ဘုရားတန်ဆောင်း အတွင်း ကျောင်းဝိုင်း အတွင်းတို့၌ ဖြစ်စေ, လူအများ သွားလာရာလမ်း၌ ဖြစ်စေ, သန့်သန့်ရှင်းရှင်းရှိအောင် တံမြက်လှည်းလေ့ ရှိခြင်းကြောင့်လည်း ထိုကဲ့သို့ ရွှေအဆင်းရှိသူများ ဖြစ်တတ်ပါသည်။

လက္ခဏာတော်၏ အကျိုးဆက်။ ။ ပြခဲ့သော လက္ခဏာတော်သည် ရှေးကံအတွက် ရအပ်သော အကျိုးရင်းတည်း၊ ထို လက္ခဏာတော်အတွက် အကျိုးဆက်ကား နုည့် သိမ်မွေ့သော အဝတ် အရံ အခြံ အခင်းတို့ကို ရတော်မူခြင်းတည်း။

ဘိုက်တွန်းချက်။ ။ ဤသို့ အကြောင်းကုသိုလ် အကျိုးလက္ခဏာ, လက္ခဏာတော်အတွက် အကျိုးဆက်, ဤ၃ချက်ကိုစဉ်းစားကာ ဗုဒ္ဓမြတ်စွာ၏ ရွှေအဆင်းကဲ့သို့ ဝါဝင်းသော ကိုယ်တော်ရှိပုံကို အာရုံပြု၍ ဗုဒ္ဓါနုဿတိ ဘာဝနာပွားပြီးလျှင် မိမိတို့လည်း တတ်နိုင်ပါလျှင် နုည့်သော အဝတ်အရံ အခြံအခင်းတို့ကို ပေးလှူနိုင်အောင် ကြိုးစားကြပါလေ၊ ထိုသို့ ပေးလှူရာ၌ ရွှေအဆင်းရတို့ အရေးကို တွေးတော၍ ဆုမတောင်းမိစေဘဲ နိဗ္ဗာန်ကိုသာ ရည်စူးကြပါလေ။

(အဋ္ဌမအကြိမ်)

ကောသောဟိတဝတ္ထုယှ အာ လက္ခဏာတော်

၁၀။ ဉာတိမိတ္တေ သမာနေတာ, ပုဗ္ဗေ တေန တထာဂတော၊
ကောသောဟိတ ဝတ္ထုယ္ဟော, ဗဟုပုတ္တောစ တံ နမေ။

ယော တထာဂတော - အကြင် မြတ်စွာဘုရားသည်၊ ပုဗ္ဗေ- ဘဝများစွာ, ရှေးရှေးအခါ၌၊ ဉာတိမိတ္တေ-အမိတခြား, သားတခြားသို့, ကဲ့ပြား၍နေ, ဆွေမျိုးမိတ်ဆွေတို့ကို၊ သမာနေတာ-ပြန်၍ပေါင်းဆုံ, တွေ့ကြုံမိအောင်, ပို့ဆောင်တော်မူ၏၊ တေန – ထိုသို့ ပြန်၍တွေ့အောင်, ပို့ဆောင်ခဲ့ခြင်းကြောင့်၊ ကောသောဟိတဝတ္ထုယျောစ– ဥသဘနွားမြတ်, အစ်ဇာတ်သို့, အအိမ်ဖြင့်ဖုံးအပ်သောအင်္ဂါဇာတ်တော်ရှိသည်ငင်း၊ ဗဟုပုတ္တောစ- များသော သားတော်ရှိသည်ငင်း၊ ဟောတိ- အကြောင်းအလိုက်, အကျိုးဆိုက်၍, သိုက်မြိုက်ထင်ပေါ်, ဖြစ်ထွန်းတော်မူ၏၊ တံ တထာဂတံ-ကောသောဟိတ, ဝတ္ထုယျတာ, လက္ခဏာတော်နှင့် ပြည့်စုံတော်မူသော ထိုမြတ်စွာဘုရားကို၊ အဟံ-ဘုရား၊ တပည့်တော် (တပည့်တော်မ)သည်၊ နမေ နမာမိ – ယုံကြည်မြတ်နိုး, လက်စုံမိုး၍, ရှိခိုး ကန်တော့ပါ၏ ဘုရား။

× × × × ×

အကြောင်းကောင်းမှု။ ။ ဗုဒ္ဓမြတ်စွာသည် ကမ္ဘာများစွာ ဖြစ်ခဲ့ရာ၌ များစွာသော ဘဝတို့ဝယ် မိဘနှင့်ကဲ့နေသော သားသမီးတို့ကိုငင်း, သားသမီးနှင့် ကဲ့နေသော မိဘတို့ကိုငင်း, ကဲ့နေသော ဆွေမျိုးတို့ကိုငင်း, အချင်းချင်း ပြန်၍တွေ့အောင် ကိုယ်တိုင်လည်း ပို့ဆောင်ခဲ့၏၊ ရှင်ဘုရင် စသည် ဖြစ်သောအခါ ကဲ့နေသူတို့ကို ပြန်၍တွေ့အောင် ဆောင်ပေးဘို့ရာ မြို့တံခါးပေါက် စသော အရပ်တို့၌ မှင်းချင်းယောကျ်ား အစေအပါးတို့ကို ထားပေးခဲ့၏၊ ဤကား ဗုဒ္ဓမြတ်စွာ၏ ရှေးကောင်းမှုတည်း။

(အဋ္ဌမအကြိမ်)

အကျိုး လက္ခဏာတော်။ ။ထို ကုသိုလ်ကောင်းမှုကြောင့် ဗုဒ္ဓဖြစ်မည့် နောက်ဆုံးဘဝ၌ နွားလားဥသဘ၏ အင်္ဂါဇာတ်ကဲ့သို့ အအိမ်ဖြင့် ဖုံးအပ်သော အင်္ဂါဇာတ်တော်ရှိ ခြင်းဟူသော လက္ခဏာတော်ကို ရတော်မူသည်၊ ဆက်ဥုံးအံ့၊ – သားသို့နှင့် မိဘ, ဆွေမျိုးအချင်းချင်း တို့သည် တယောက်အပြစ်ကို တယောက် ကာကွယ် ဖုံးထားလေ့ရှိ၏၊ ထို့ကြောင့် ဆွေမျိုးအချင်းချင်း ပေါင်းမိအောင် ဆောင်တော်မူခြင်းသည် အပြစ်ကို ကာကွယ်နိုင်ခြင်း၏ အကြောင်းကို ပြုရာရောက်၏၊ လူတို့ အင်္ဂါဇာတ်လည်း မမြင်အပ်သော အပြစ်တမျိုး ပင်တည်း၊ ထိုအင်္ဂါဇာတ်ကို တိုးလိုတဲ့လဲ မနေစေဘဲ နွားလား ဥသဘ၏ အင်္ဂါဇာတ်ကဲ့သို့ အိမ်ဖြင့် ဖုံးထားခြင်းသည် အပြစ်ကို ဖုံးကွယ်ရာ ရောက်၏၊ ထို့ကြောင့် ဤလက္ခဏာတော်သည် အများယောကျ်ားတို့ထက် ထူးခြားသော လက္ခဏာတော် ဖြစ်ရပေသည်။။ [ကောသ-အအိမ်၌၊ ဩဟိတ-ထားအပ်သော၊ ဝတ္ထဂုယ္ဟ-အင်္ဂါဇာတ်။]

လက္ခဏာတော်၏အကျိုးဆက်။ ။ ပြခဲ့သော လက္ခဏာတော်သည် ရှေးကံအတုက် ရအပ်သော အကျိုးရင်းတည်း၊ ထို လက္ခဏာတော်အတုက် အကျိုးဆက်မှာ သားရတနာ များစွာနှင့် ပြည့်စုံခြင်းတည်း၊ မှန်၏– လူမင်းဖြစ်လျှင် တဖက် စစ်တပ်ကို အလွယ်တကူ နှိမ်နင်းနိုင်သော သားပေါင်းတထောင်နှင့် ပြည့်စုံနိုင်၏၊ ဗုဒ္ဓမြတ်စွာ ဖြစ်သောအခါလည်း အရှင်သာရိပုတြာအစရှိသော သားရတနာ များစွာနှင့် ပြည့်စုံတော်မူသည်။

တိုက်တွန်းချက်။ ။ ဤသို့ အကြောင်းကုသိုလ်, အကျိုးလက္ခဏာ, လက္ခဏာတော်အတုက် အကျိုးဆက်, ဤ ၃ ချက်ကို စဉ်းစားကာ ဗုဒ္ဓမြတ်စွာ၏ ကောသောဟိတဝဝတ္ထဂုယ္ဟတာ လက္ခဏာတော်ကို အာရုံပြု၍ ဗုဒ္ဓါနုဿတိဘာဝနာကို ပွားပြီးလျှင် မိမိတို့လည်း ဆွေမျိုးချင်း သားအမိ သားအဖချင်း သို့မဟုတ်ပန်းချင်း ကဲ့နေသည်ကို မြင်ရသောအခါ ပြန်၍ပေါင်းမိအောင် စွမ်းနိုင်သမျှ ရွက်ဆောင်ကြပါလေ။

နိဂြောဓပရိမဏ္ဍလ, ဇာဏုပရာမသန လက္ခဏာတော် ၂ ပါး

၁၁။ ဂုဏာနုရူပ ကာရတော, နိဂြောဓပရိမဏ္ဍလော၊
ဠီတော၁ါမသန္တော ဇာဏု, မဟာဒ္ဓနော စတံ နမေ။

ယော တထာဂတော-အကြင် မြတ်စွာဘုရားသည်၊ ပုဗ္ဗေ-ဘဝများစွာ, ရှေးရှေးအခါ၌၊ ဂုဏာနုရူပ ကာရတော– သူ၏ ဂုဏ်နှင့်, လျော်ကန်သင့်အောင်, ခြီးမြှင့်မှုကို, ပြုခဲ့ခြင်းကြောင့်၊ နိဂြောဓပရိမဏ္ဍလော စ – ဝန်းဝိုင်းသော ပင်ညောင်ပင်ကဲ့သို့, ကိုယ်တော်နှင့် အလံ, လျော်ကန်ညီညီ, ဝန်းဝိုင်းတော်မူသည်၎င်း၊ ဠီတော၁ဝ – မကိုင်းမညှတ်, မတ်မတ်ရပ်တော်မူလျက်သာလျှင်၊ ဇာဏု– ပဆစ်ဒူးဝန်း, ၂ ဖက်တို့ကို၊ အာမသန္တော–သုံးသပ်တော်မူနိုင်သည်၎င်း၊ မဟာဒ္ဓနော စ–ပြည့်စုံရုံမျှ, မကတိုးပွား, အလွန်များသော, လောကီလောကုတ္တရာ ဥစ္စာရှိသည်၎င်း၊ ဟောတိ – အကြောင်း အလိုက်, အကျိုးဆိုက်၍, သိုက်မြိုက်ဆင်ပေါ်, ဖြစ်ထွန်းတော်မူ၏၊ တံ တထာဂတံ – နိဂြောဓပရိမဏ္ဍလတာ, ဇာဏုပရာမသန လက္ခဏာတော် ၂ ပါးနှင့် ပြည့်စုံတော်မူသော ထို မြတ်စွာဘုရားကို၊ အဟံ– ဘုရား တပည့်တော် (တပည့်တော်မ)သည်၊ နမေ နမာမိ-ယုံကြည် မြတ်နိုး, လက်စုံမိုး၍, ရှိခိုး ကန်တော့ပါ၏ ဘုရား။

× × × × ×

အကြောင်း ကောင်းမှု။ ။ဗုဒ္ဓမြတ်စွာသည် ကမ္ဘာများစွာ ဖြစ်ခဲ့ရာ၌ များစွာသော ဘဝတို့ဝယ် သူတပါး၏ဂုဏ်ကို အမှန်အတိုင်း သိတော်မူရကား ဂုဏ်ထူးရှိသူတို့ကို ဂုဏ်ထူးအလိုက် ပေးကမ်း ချီးမြှောက်ခဲ့၏၊ လျော့၍

လည်း မချီးမြှောက်, ပို၍လည်း မချီးမြှောက်ပါ၊ ဥပမာ– တကျပ် တန်သူအား ငါးမူးလည်း မပေး, ၂ ကျပ်လည်း မပေး, တကျပ်သာ ပေးသကဲ့သို့တည်း၊ ဤသို့ သူ၏ ဂုဏ်အားလျော်စွာ ချီးမြှောက်ခြင်းသည် ဗုဒ္ဓမြတ်စွာ၏ ရှေးရှေးအကြောင်း ကောင်းမှုတော်တပါး ဖြစ်သည်။

အကျိုးလက္ခဏာတော် ၂ ပါး။ ။ ထို အကြောင်း ကောင်းမှုကြောင့် ဗုဒ္ဓ ဖြစ်မည့် နောက်ဆုံးဘဝ၌ နိဂြေဓပရိမဏ္ဍလ လက္ခဏာနှင့် ဇာဏုပရာမသနလက္ခဏာတော် ၂ ပါးကို ရတော်မူ၏၊ အရပ်တော် ၄ တောင် ရှိလျှင် လက် ၂ ဖက် အလံတော်လည်း ကိုယ်လုံးနှင့်တကွ ၄ တောင်ပင် ရှိ၏၊ ဤသို့ အရပ်တော်နှင့် အလံတော် ညီမျှခြင်းကို အဝန်းညီမျှဆော ပင်ညောင်ပင်နှင့် တူသောကြောင့် နိဂြောဓပရိမဏ္ဍလလက္ခဏာ ဟု ခေါ်၏၊ [ပင်ညောင်ပင်သည် အမြင့် အတောင်ငါးဆယ် ရှိလျှင် ဘေးပတ်ဝန်းကျင် အပြန့်လည်း အတောင်ငါးဆယ်ပင် ရှိ၏။] ထို့ပြင်—ဗုဒ္ဓမြတ်စွာသည် မကိုင်းမညွှတ်ဘဲ မတ်မတ် ရပ်တော်မူလျက် ပုဆစ်ဒူးဝန်း ၂ ဖက်တို့ကို လက်တော် ၂ ဖက်ဖြင့် ထိအောင် သုံးသပ်တော်မူနိုင်၏။

လက္ခဏာတော်၏ အကျိုးဆက် ။ ။ ပြအပ်ပြီးသော လက္ခဏာတော် ၂ ပါးသည် ရှေးကံအတွက် ရအပ်သော အကျိုးရင်းတည်း၊ ထို လက္ခဏာတော် ၂ ပါးအတွက် အကျိုးဆက်မှာ လူမင်းဖြစ်လျှင် လောကီ ဥစ္စာရတနာတို့နှင့် ပြည့်စုံခြင်း, တရားမင်း ဘုရားဖြစ်လျှင် သဒ္ဓါ သီလ စသော လောကုတ္တရာ ရတနာတို့နှင့် ပြည့်စုံခြင်းတည်း။

ဘိုက်တွန်းချက်။ ။ ဤသို့ အကြောင်းကုသိုလ်, အကျိုးလက္ခဏာ, လက္ခဏာတော် အတွက် အကျိုးဆက်, ဤ ၃ ချက်ကို စဉ်းစားကာ ဗုဒ္ဓမြတ်စွာ၏ လက္ခဏာတော် ၂ ပါးကို အာရုံပြု၍ ဗုဒ္ဓါနုဿတိ ဘာဝနာကို ပွားများ ပြီးလျှင် မိမိတို့လည်း ကိုယ့်အောက် ငယ်သားတို့ကို ဂုဏ်အားလျော်စွာ ချီးမြှောက်တတ်ကြပါစေ။

(အဌမအကြိမ်)

ဝတ္တက္ခန္ဓတာ, စိတန္တရတာ, သီဟပုဗ္ဗဒ္ဓကာယတာ လက္ခဏာတော် ၃ ပါး

၁၂။ မဟာဇနတ္ထကာမေန, ဝတ္တက္ခန္ဓောစိတန္တရော၊
သီဟပုဗ္ဗဒ္ဓကာယောစ, အဟာနိယောစ တံ နမေ။

ယော တထာဂတော—အကြင် မြတ်စွာဘုရားသည်၊ ပုရေဘဝေ-ဘဝ များစွာ, ရှေးရှေး အခါ၌၊ မဟာဇနတ္ထကာမေန – သတ္ဝာအပေါင်း,ကြီးပွားကြောင်းကို,ငဲ့စောင်းလိုလား, ကြိုးစားတော်မူခဲ့ခြင်းကြောင့်၊ ဝတ္တက္ခန္ဓောစ – ရှေမရိုးစည်ကဲ့သို့, အညီပတ်ဝင်း, လုံးသော လည်ပင်းတော် ရှိသည်ဌင်း၊ စိတန္တရောစ – လက်ပြင်ရိုး ၂ ဖက်အကြား၌ စီ၍ထားသကဲ့သို့ ပြည့်သော အသားတော်ရှိသည်ဌင်း၊ သီဟပုဗ္ဗဒ္ဓကာယောစ—ခြသေ့်မင်း၏ ရှေထက်ဝက် ကိုယ်ကဲ့သို့ အထက် အောက် ၂ ဌာန၌ ပြည့်ဝသော ကိုယ်တော် ရှိသည်ဌင်း၊ အဟာနိယောစ – သဒ္ဓါစသည်, အလီလီနှင့်, လောကီဓန, ဟူသမျှလည်း,လျှောကျ ဆုတ်ယုတ်ခြင်းမရှိသည်ဌင်း၊ဟောတိ-အကြောင်း အလိုက်, အကျိုးဆိုက်၍, သိုက်မြိုက်ထင်ပေါ်, ဖြစ်ထွန်းတော်မူ၏၊ တံ တထာဂတံ– ဝတ္တက္ခန္ဓ, စိတန္တရနှင့်, သီဟပုဗ္ဗဒ္ဓကာယာ, ၃ ဖြာသော လက္ခဏာတော်နှင့် ပြည့်စုံတော်မူသော ထို မြတ်စွာဘုရားကို၊ အဟံ—ဘုရားတပည့်တော် (တပည့်တော်မ)သည်၊ နမေ, နမာမိ—ယုံကြည်မြတ်နိုး, လက်စုံမိုး၍, ရှိခိုး ကန်တော့ပါ၏ဘုရား။

× × × × ×

အကြောင်း ကောင်းမှု။ ။ဗုဒ္ဓမြတ်စွာသည် ကမ္ဘာများစွာ ဖြစ်ခဲ့ရာ၌ များစွာသော ဘဝတို့ဝယ် သတ္ဝာများ၏ ကြီးပွားချမ်းသာကြောင်းကို အလို

(အဌမအကြိမ်)

အကြောများ မထင်ရှားဘဲ မိုးသံခြိမ်းသကဲ့သို့ အသံတော်လည်း ဟိန်း၍ နေပါသည်။

လက်ပြင်ရိုး ၂ ဖက်အကြား၌ အသားပြည့်ပုံ။ ။ နောက်ကြောပြင် ဝယ် လည်ကုတ်၏ အောက်၌ ပေါ်ထွက်၍နေသော အရိုး ၂ ဖက် ရှိ၏၊ လက်ပြင်ရိုးဟု ခေါ်၏၊ များစွာသောလူတို့၏ လက်ပြင်ရိုး ၂ ဖက် အကြား၌ များသောအားဖြင့် အသားမပြည့်ခဲ့၍၊ ဘုရားအလောင်းမှာ ခါးမှ အထက် ပခုံး တိုင်အောင် အသားလှာ ပြည့်နေသောကြောင့် ထို လက်ပြင် ၂ ဖက် အကြား၌လည်း ရွှေပျဉ်ပြားကဲ့သို့ အသားပြည့်လျက် ရှိပေသည်။

ခြင်္သေ့မင်း၏ကိုယ်နှင့် တူပုံ။ ။ခြင်္သေ့မင်း၏ ရွှေပိုင်းကိုယ်သာ တုတ်ခိုင်၏၊ နောက်ပိုင်း ကိုယ်ကား သေးငယ်သည်၊ ဗုဒ္ဓမြတ်စွာကား အထက်ပိုင်း အောက်ပိုင်း ၂ ပိုင်းလုံးမှာပင် တုတ်တုတ်ခိုင်ခိုင် ရှိတော်မူ၏။ [“တုတ်တုတ်ခိုင်ခိုင်” ဟု ဆိုသော်လည်း ကြည့်ရှုရ၍ မလှုပအောင် ဝဝ ဖိုင့်ဖိုင့် ဘုတ်ထိုင်းထိုင်း မဟုတ်ပါ၊ ပြည့်ပြည့်ဖြိုးဖြိုး ပြေပြေပြစ်ပြစ် သွက်သွက်လက်လက် သာတည်း။]

လက္ခဏာတော်၏ အကျိုးဆက်။ ။ ပြအပ်ပြီးသော လက္ခဏာတော် ၃၂ ပါးသည် ရှေးကံအတွက် ရအပ်သော အကျိုးရင်းတည်း၊ ထို လက္ခဏာတော် ၃၂ ပါးအတွက် အကျိုးဆက်မှာ လူဖြစ်လျှင် ပြည့်စုံပြီးသော ရွှေငွေ့ စသော ရတနာတို့မှ မဆုတ်ယုတ်ခြင်း, တရားမင်း ဖြစ်သောအခါ သဒ္ဓါ စသော ဥစ္စာတို့မှ ယုတ်လျော့၍ မသွားခြင်းတည်း။

တိုက်တွန်းချက်။ ။ဤသို့ အကြောင်းကုသိုလ်, အကျိုးလက္ခဏာတော်, လက္ခဏာတော်အတွက် အကျိုးဆက်, ဤ ၃ ချက်ကို စဉ်းစားကာ ဗုဒ္ဓမြတ်စွာ၏ လက္ခဏာတော် ၃၂ ပါးကို အာရုံပြု၍ ဗုဒ္ဓါနုဿတိဘာဝနာ ပွားများပြီး လျှင် မိမိတို့လည်း လူအများ၏အကျိုးစီးပွားကို လိုလိုလားလား ဆောင်ရွက်ကြပါလေ။

ရှိတော်မူရကား ပြုလေ့သမျှ ကိစ္စ အဝဝတို့၌ ပရဟိတ အမှုကိုသာ ပြုကျင့်တော်မူခဲ့ပေသည်၊ လောက ကြီးပွားရေးသာမက သဒ္ဓါ သီလ သုတ စသော သူတော်ကောင်း ဥစ္စာတို့၏ တိုးပွားရေးကိုလည်း မြှော်တွေး၍ ဟောပြောပြသ ဆုံးမတော်မူခဲ့ပေသည်၊ ဤကား ဗုဒ္ဓမြတ်စွာ၏ ရှေးရှေး အကြောင်းကောင်းမှုတော်တပါး ဖြစ်သည်။

စရိယာ ၂ ပါး ။ ။ ဗုဒ္ဓမြတ်စွာ၏ စရိယာ ၃ ပါးတွင် အလောင်းအလျာ ဘဝတုန်းက ဉာတတ္ထစရိယာ – ဆွေမျိုးတို့၏ စီးပွားကို ကျင့်ခြင်း, လောကတ္ထစရိယာ – ဆွေမျိုး ဟု မခွဲခြားဘဲ သတ္တဝါအများ၏ စီးပွားကို ကျင့်ခြင်း, ဤ ၂ ပါးကို များစွာသောဘဝတို့၌ ပရဟိတအကျိုးငှါ ကျင့်တော်မူခဲ့ပါသည်။

အကျိုး လက္ခဏာတော် ၃၂ ပါး။ ။ ထို အကြောင်းကောင်းမှုကြောင့် ဗုဒ္ဓ ဖြစ်မည့် နောက်ဆုံးဘဝ၌ ဝတ္ထကွန္ဓတာ လက္ခဏာ , စိတန္တရတာ လက္ခဏာ , သီဟပုဗ္ဗဒ္ဓကာယတာ လက္ခဏာအားဖြင့် လက္ခဏာ ၃ ပါးကို ရတော်မူသည်။ [ဝတ္ထ– လုံးသော၊ ခန္ဓတာ– လည်ပင်းတော်ရှိခြင်း၊ စိတ– အသားတွေကို စီထားသကဲ့သို့ ပြည့်သောအသား ရှိသော၊ အန္တရတာ – လက်ပြင်ရိုး ၂ ဖက်၏ အကြားရှိခြင်း၊ (လက်ပြင်တော် ၂ ဖက်၏ အကြား၌ အသားတော် ပြည့်ခြင်း)၊ သီဟပုဗ္ဗဒ္ဓ – ခြင်္သေ့မင်း၏ ရွှေထက်ဝက် ကိုယ်ကဲ့သို့ အထက်ပိုင်း အောက်ပိုင်း ၂ ပိုင်းလုံး၌ ပြည့်ဖြိုးသော ကိုယ်တော် ရှိခြင်း။]

လုံးသော လည်ပင်းတော်ရှိခြင်း ။ ။ အချို့သူတို့၏ လည်ပင်းသည် ကြိုးကြော (ဂျိုးဂျော)၏ လည်ပင်းကဲ့သို့ ရှည်၍ နေတတ်၏၊ အချို့လည်ပင်းကား ဗျိုင်း၏ လည်ပင်းကဲ့သို့ ကောက်၍ နေတတ်၏၊ အချို့ လည်ပင်းမှာ တောဝက်၏ လည်ပင်းကဲ့သို့ ပြန့်ကျယ်၍ နေတတ်၏၊ ဘုရားအလောင်း၏ လည်ပင်းသည် လည်ကုတ်တော် လှပရကား ကောင်းစွာ လုံးအပ်သော ရွှေမရိုးစည်ကဲ့သို့ တင့်တယ်တော်မူ၏၊ စကား ပြောသောအခါ လည်ပင်း

ရသဂဟိတာ လက္ခဏာတော်

၁၃။ အဝိဟေဌနတော ပုဗ္ဗေ, ပါဏိနံ ပါဏိအာဒီနာ၊
ဇိနော ရသဂဟိစ, အပ္ပါဟာဓောစ တံ နမေ။

ယော ဇိနော—အကြင် မြတ်စွာဘုရားသည်၊ ပုဗ္ဗေ-ဘဝများစွာ, ရှေးရှေးအခါ၌၊ ပါဏိနံ—သတ္တဝါတို့ကို၊ ပါဏိအာဒီနာ—**လက် အစ**ရှိသည်ဖြင့်၊ အဝိဟေဌနတော—မည်ညှဉ်းဆဲခဲ့ခြင်းကြောင့်၊ **ရသဂဟိစ**— အရသာကို ဆောင်ယူနိုင်သော အကြောတို့တွင် အမြတ်ဆုံးဖြစ်သော ခုနစ်ထောင်သော အကြောတော်ရှိသည်၌ပင်၊ အပ္ပါဟာဓောစ — အနာရောဂါ, များစွာလွတ်ကင်း, ကျန်းမာခြင်း ရှိသည်၌ပင်၊ ဟောတိ- အကြောင်းအလိုက်, **အ**ကျိုးဆိုက်၍, သိုက်မြိုက်ထင်ပေါ်, ဖြစ်ထွန်းတော်မူ၏၊ တံ ဇိနံ — ရသဂဟိတာ, လက္ခဏာတော်နှင့်, ပြည့်စုံတော်မူသော ထို မြတ်စွာဘုရားကို၊ အဟံ — ဘုရား့တပည့်တော် (တပည့်တော်မ) သည်၊ နမေ နမာမိ — ယုံကြည် မြတ်နိုး, လက်စုံမိုး၍, ရှိခိုး ကန်တော့ပါ၏၊ ဘုရား။

× × × × ×

အကြောင်းကောင်းမှု။ ။ဗုဒ္ဓမြတ်စွာသည် ကမ္ဘာများစွာ ဖြစ်ခဲ့ရာ၌ များစွာသော ဘဝတို့ဝယ် လက်ဖြင့်ဝင်း, လက်နက် တစုံတခုဖြင့်ဝင်း, သတ္တဝါတို့ကို မညှဉ်းဆဲမိ မနှိပ်စက်မိအောင် ရှောင်ကြဉ်တော်မူ၏၊ ညှဉ်းဆဲ နှိပ်စက်လျှင် ညှဉ်းဆဲခံရသူ၏အကြောတို့သည် ပျက်စီးကုန်၏၊ အကြောတွေ ပျက်စီးလျှင် စားအပ်သမျှ အစာထို့၏ အရသာကို ကောင်းစွာ မခံယူနိုင်၊ မနှိပ်စက်မညှဉ်းဆဲခြင်းကြောင့်ကား ထို အကြောတို့ကို မပျက်စီးစေ, အကြောများ မပျက်စီးလျှင် စားလိုက်သမျှ အစာတို့၏ အရသာကို ခံယူနိုင်၏၊ ဤကား ဗုဒ္ဓမြတ်စွာ၏ ရှေးရှေးအကြောင်း ကောင်းမှုတော်တည်း။

အကျိုး လက္ခဏာတော် ။ ။ ထို အကြောင်း ကောင်းမှုကြောင့် ဗုဒ္ဓဖြစ်မည့် နောက်ဆုံးဘဝ၌ စားအပ်သမျှ အစာ၏ အရသာကို ကောင်းစွာ ဆောင်ယူနိုင်သော အကြောပေါင်း ခုနစ်ထောင်သည် အထက်သို့ အဖျားလှည့်၍ လည်ပင်းမှာ စုပ်ထားသကဲ့သို့ တည်ကုန်၏၊ ထို အကြောပေါင်း ခုနစ်ထောင်ကြောင့် နှမ်းတစေ့မျှလောက်သော အာဟာရကို လျှာဖျား၌ တင်၍ ဝါးလိုက်လျှင် အရသာ၏ အဆီ ဩဇာသည် တကိုယ်လုံး နှံ့အောင် ပြန့်နှံ့နိုင်ပါသတဲ့၊ ထို့ကြောင့် ဒုက္ကရစရိယာကျင့်တော်မူသောအခါ၌ ဆီးသီးတလုံး, ပဲပြုတ်ရေတခွက် စသော အာဟာရဖြင့် မျှတတော် မူနိုင်ပါသည်။ [ရသ – အရသာကို၊ ဂဟ = ဆောင်နိုင်သော အကြောတို့တွင်၊ အဂ္ဂ — မြတ်သော အကြောတော်များ။]

လက္ခဏာတော်၏ အကျိုးဆက် ။ ။ ပြအပ်ပြီးသော လက္ခဏာတော်သည် ရှေးကံအတွက် ရအပ်သော အကျိုးရင်းတည်း၊ ထို လက္ခဏာတော်အတွက် အကျိုးဆက်မှာ အနာရောဂါကင်း၍ ကျန်းမာခြင်းတည်း။

မှတ်ချက်။ ။ယခုအခါ များစွာသောလူတို့၏ အသီး အရွက် အစာ၌ ချက်ရိုးချက်စဉ်အားဖြင့် အရသာ မရှိသောကြောင့် အရသာ ရှိစေအောင် သားငါးတို့ကို များစွာထည့်၍ ချက်ကြရ၏၊ ထိုကဲ့သို့ ချက်ပါလျက်လည်း အရသာ မရှိ၊ ထိုသို့ အရသာမရှိခြင်းသည် အစာကြောင့်ချည်း မဟုတ်ပါ၊ အစာကလည်း ရှေးကလောက် အဆီ အရသာမရှိခြင်း, မိမိမှာရှိသောအကြော များကလည်း ချို့ယွင်းခြင်း, ဤ ၂ မျိုးကြောင့်ဖြစ်သည်ဟု မှတ်ပါ။

တိုက်တွန်းချက် ။ ။ ဤသို့ အကြောင်း ကုသိုလ်, အကျိုး လက္ခဏာတော်, လက္ခဏာတော်အတွက် အကျိုးဆက်, ဤ ၃ ချက်ကို စဉ်းစားကာ ဗုဒ္ဓမြတ်စွာ၏ လက္ခဏာတော်ကို အာရုံပြု၍ ဗုဒ္ဓါနုဿတိဘာဝနာကို ပွားပြီးလျှင် မိမိတို့လည်း သတ္တဝါတို့ကို မညှဉ်းဆဲမိအောင် သတိထားကြပါလေ။

အဘိနီလနေတ္တာ, ဂေါပခုမတာ လက္ခဏာတော် ၂ ပါး

၁၄။ သြလောကနေန သတ္တာနံ, ပိယက္ခိနာ နီလက္ခိကော၊
ဗုဒ္ဓေါ ဂေါပခုမော စေဝ, ပိယဒဿောစ တံ နမေ။

ယော ဗုဒ္ဓေါ— အကြင် မြတ်စွာဘုရားသည်၊ ပုရေဘဝေ— ဘဝ များစွာ, ရှေးရှေးအခါ၌၊ သတ္တာနံ— တွေ့ရာ မြင်ရာ, သတ္တဝတ္ထိုကို၊ ပိယက္ခိနာ — ချစ်ဘွယ်သော မျက်လုံးတော်ဖြင့်၊ သြလောကနေန— မေတ္တာ အပြည့်, ကြည့်တော်မူခဲ့ ခြင်းကြောင့်၊ နီလက္ခိကောစ — အောက်မဲဥိုပင့်, နှမ်းကြတ်ပင့်သို့ , ညိုသင့် ထိုထို, ရွှမ်းရွှမ်းစိုမျှ , ညိုသောမျက်လုံးတော်ရှိသည်ဌင်း၊ဂေါပခုမောစေဝ-မွေးစအရွယ်, နွားနီငယ်၏, တင့်တယ်ကြည်အေး, မျက်လုံးကလေးသို့, မျက်မွေး စီရရှိ, အလွန်ကြည်သောမျက်လုံးတော် ရှိသည်ဌင်း၊ ပိယဒဿောစ-ချစ်ခင်ကြည်နူး, ဖူးရွှမဝ, လှပတင့်တယ်, အလွန်သပ္ပါယ်သည်ဌင်း၊ ဟောတိ—အကြောင်းအလိုက်, အကျိုးဆိုက်၍, သိုက်မြိုက်ထင်ပေါ်, ဖြစ်ထွန်းတော်မူ၏၊ တံ ဗုဒ္ဓံ— နီလနေတ္တာ, ဂေါပခုမတာ, လက္ခဏာ တော် ၂ ပါးနှင့်ပြည့်စုံတော်မူသော ထို မြတ်စွာဘုရားကို၊ အဟံ— ဘုရားတပည့်တော် (တပည့်တော်မ)သည်၊ နမေ နမာမိ— ယုံကြည် မြတ်နိုး, လက်စုံမိုးရွှေ, ရှိခိုး ကန်တော့ပါ၏ ဘုရား။

× × × × ×

အကြောင်း ကောင်းမှု။ ။ဗုဒ္ဓမြတ်စွာသည် ကမ္ဘာများစွာ ဖြစ်ခဲ့ရာ၌ များစွာသော ဘဝတို့ဝယ် တွေ့ရာ ကြုံရာ သတ္တဝတ္ထိုကို ကြည့်သောအခါ မေတ္တာအပြည့် ချစ်ဘွယ်သော မျက်စိဖြင့် ကြည့်လေ့ ရှိတော်မူခဲ့၏၊ ဤသို့

ကြည့်တော်မူခြင်းကား ဗုဒ္ဓမြတ်စွာ၏ ရှေးရှေးအကြောင်း ကောင်းမှုတော် တပါးပေတည်း။

အကျိုးလက္ခဏာတော် ၂ ပါး။ ။ထို အကြောင်း ကောင်းမှုကြောင့် ဗုဒ္ဓဖြစ်မည့် နောက်ဆုံးဘဝ၌ မျက်လုံးတော်၏ညိုသင့်ရာအရပ်ဝယ် အောက်မဲ ညိုပန်း နှမ်းကြတ်ပန်း အသွေးကဲ့သို့ ညိုသော မျက်လုံးတော်လည်း ရှိတော် မူ၏၊ မွေးဖွားခါစ နွားနီငယ်၏ မျက်လုံးကဲ့သို့ မျက်တောင်မွေး စီရရှိဖြင့် အလွန် ကြည်လင်သောမျက်လုံးလည်း ရှိတော်မူ၏။ [အဘိနီလ- ညိုသင့်ရာ အရပ်၌ အလွန်ညိုသော၊ နေတ္တာတာ—မျက်လုံးတော်ရှိခြင်း၊ ဂေါပခုမတာ- မွေးဖွားခါစ နွားနီငယ်၏ မျက်တောင်မွေးနှင့် တူသော မျက်တောင်မွေး တော် ရှိခြင်း။]

လက္ခဏာတော်၏ အကျိုးဆက်။ ။ပြအပ်ပြီးသော လက္ခဏာတော် ၂ ပါးသည် ရှေးကံအတွက် ရအပ်သော အကျိုးရင်းတည်း၊ ထို လက္ခဏာ တော် ၂ ပါးအတွက် အကျိုးဆက်မှာ ဖူးမြင်၍ မဝအောင် လှပ တင့်တယ် သပ္ပါယ်တော်မူခြင်းတည်း။

တိုက်တွန်းချက်။ ။ဤသို့ အကြောင်းကုသိုလ် , အကျိုးလက္ခဏာ, လက္ခဏာတော်အတွက် အကျိုးဆက် , ဤ ၃ ချက်ကို စဉ်းစားကာ ဗုဒ္ဓ မြတ်စွာ၏ လက္ခဏာတော် ၂ ပါးကို အာရုံပြု၍ ဗုဒ္ဓါနုဿတိ ဘာဝနာကို ပွားများပြီးလျှင် မိမိတို့လည်း ချစ်ဘွယ်သောမျက်လုံးဖြင့် သူတပါးကို ကြည့် မိအောင် မေတ္တာဘာဝနာအလုပ်ကို အားထုတ်ကြပါလေ။

ဆက်ပါဥုံးမည်— သတ္တာအများကို ချမ်းသာစေတို့ရန် နေ့စဉ်မှန်မှန် မေတ္တာပို့ နေ— မေတ္တာဘာဝနာ ပွားများနေပါလျှင် ရှေးဥုံးစွာ မိမိစိတ် ကြည်လင်၏၊ စိတ် ကြည်လင်သောအခါ စိတ်ကြောင့်ဖြစ်သော ရုပ်လည်း ကြည်လင်၏၊ ဤနည်းအားဖြင့် မျက်နှာတရုပ်လုံး ကြည်လင်ရကား သူတပါး တို့ကို ကြည်လင်သောစက္ခုဖြင့်သာ ကြည့်ရှုလေ့ ရှိရပါတော့သည်။

ဥဏှိသသီသတာ လက္ခဏာတော်

၁၅။ ဒါနာဒိ ပုညကမ္မေသု, ပုဗ္ဗင်္ဂမော တထာဂတော၊
တေန ဥဏှိသသီသော စ, ဇနာနုဝတ္တိစ တံ နမေ။

ယော တထာဂတော-အကြင် မြတ်စွာဘုရားသည်၊ပုရေဘဝေ-ဘဝများစွာ, ရှေးရှေးအခါ၌၊ ဒါနာဒိ ပုညကမ္မေသု–ဒါန စသည့်, အလိုလိုသော ကုသိုလ် ကောင်းမှုတို့၌၊ ပုဗ္ဗင်္ဂမော – တက်တက်ကြွးကြွး, ရှေ့ကသွား၍, အများလိုက်အောင်, ခေါင်းဆောင်တော်မူ၏၊ တေန – ထိုသို့ ကုသိုလ်ကောင်းမှု, ကိုစွဲစုဥ်၌, လူထုပါအောင်, ခေါင်းဆောင်တော်မူခဲ့ခြင်းကြောင့်၊ ဥဏှိသသီသော စ – သင်းကျစ်အပြား, ဖွဲ့ပတ်ထားသို့, သီးခြားဆန်းထူး, မဟာနဖူးကြောင့်, ဖူးရှင်ပျော့, လုံးသော ဥုးခေါင်းတော်ရှိသည်၎င်း၊ ဇနာနုဝတ္တိစ – လူနတ် ဗြဟ္မာ, သတ္တဝါတို့, နောက်မှာစိုက်စိုက်, လိုက်ပါခြင်းရှိသည်၎င်း၊ ဟောတိ – အကြောင်းအလိုက်, အကျိုးဆိုက်၍, သိုက်မြိုက်ထင်ပေါ်, ဖြစ်ထွန်းတော်မူ၏၊ တံ တထာဂတံ – ဥဏှိသသီသတာ လက္ခဏာနှင့် ပြည့်စုံတော်မူသော ထို မြတ်စွာဘုရားကို၊ အဟံ-ဘုရား တပည့်တော် (တပည့်တော်မ) သည်၊ နမေ, နမာမိ-ယုံကြည်မြတ်နိုး, လက်စုံမိုး၍, ရှိခိုး ကန်တော့ပါ၏ ဘုရား။

× × × × ×

အကြောင်း ကောင်းမှု။ ။ဗုဒ္ဓမြတ်စွာသည် ကမ္ဘာများစွာ ဖြစ်ခဲ့ရာ၌ များစွာသော ဘဝတို့ဝယ် ဒါန် အစရှိသော ကုသိုလ်ကောင်းမှုကို ပြုသော အခါ ခေါင်းဆောင်၍ ပြုလေ့ရှိ၏၊ ကောင်းသော အလုပ်ဝယ် ရှေသွား ခေါင်းဆောင် ဖြစ်သောကြောင့်လည်း ပရိသတ်အပေါင်းဝယ် ဥုးခေါင်း

တမော်မော်နှင့် ပျော်ပျော်ကြီး လှည့်လည်နိုင်ခဲ့၏၊ ဤကား ဗုဒ္ဓမြတ်စွာ၏ ရှေးရှေးအကြောင်း ကောင်းမှုတော်တပါး ဖြစ်သည်။

အကျိုး လက္ခဏာတော်။ ။ထို အကြောင်း ကောင်းမှုကြောင့် ဥုးခေါင်းတော်၏ လှပတင့်တယ်ဘို့ရာ နဖူးတော်အပြင်ဝယ် သင်းကျစ်ပြား ဖွဲ့ပတ်ထားသကဲ့သို့ လွန်စွာ တင့်တယ်တော်မူ၏၊ ထင်ရှားစေအံ့ – လက်ျာနားအစွန်းမှ စ၍ တက်သော အသားလှ်ာသည် အထက်သို့ တက်ပြီးလျှင် နဖူးတော့် အပြင်ကိုပြည့်စေလျက် လက်ဝဲနားအစွန်းတိုင်အောင် တည်တော့်မူ၏၊ ထို့ကြောင့် ဗုဒ္ဓမြတ်စွာ၏ နဖူးတော်သည် လွန်စွာ တင့်တယ်တော်မူ၏၊ ထို တင့်တယ်ပုံကို အတုပြု၍ ယခုအခါ အချို့ဆင်းတုတော်၏ နဖူးတော်၌ ၎င်း, ရှင်ဘုရင်တို့၏ နဖူး၌၎င်း, သင်းကျစ်အပြားကို ဖွဲ့တပ်ထားကြသည်၊ နဖူးတော်၌သာ မက ထို နဖူးတော်ကို အကြောင်းပြု၍ ဥုးခေါင်းတော် တရပ်လုံးလည်း ပွတ်ဆောက်အဖျားဖြင့် လှည့်ပတ်၍ ပွတ်ခံ ထားသကဲ့သို့ ရေပွက်လုံးကလေးပမာ လွန်စွာ လုံးဝန်းတော်မူပါသည်။

လက္ခဏာတော်၏ အကျိုးဆက်။ ။ပြအပ်ခဲ့ပြီးသော လက္ခဏာတော်သည် ရှေးကံအတွက် ရအပ်သော အကျိုးရင်းတည်း၊ ထို လက္ခဏာတော်အတွက် အကျိုးဆက်မှာ လူ နတ် ဗြဟ္မာ သတ္တဝါတို့၏ နောက်တော်ပါးက ခစားမကွာ လိုက်ပါရခြင်းတည်း။

တိုက်တွန်းချက်။ ။ဤသို့ အကြောင်းကုသိုလ်, အကျိုးလက္ခဏာတော်, လက္ခဏာတော်အတွက် အကျိုးဆက်, ဤ ၃ ချက်ကို စဉ်းစားကာ ဗုဒ္ဓမြတ်စွာ၏ ဥဏှိသသီသတာလက္ခဏာတော်ကို အာရုံပြု၍ ဗုဒ္ဓါနုဿတိ ဘာဝနာကို ပွားများပြီးလျှင် မိမိတို့လည်း ကုသိုလ်ကောင်းမှု ကိုစွဲစုဥ် ခေါင်းဆောင်နိုင်လျှင် ခေါင်းဆောင်၍, ခေါင်းမဆောင်နိုင်လျှင် မခိုမကပ်ဘဲ တက်တက်ကြွကြွ ကြိုးစားကြပါလေ။

ဧကေကလောမတာ, ဥဏ္ဏာလောမတာ လက္ခဏာတော် ၂ ပါး

၁၆။ မုသာဝါဒဝိရတိယာ, ဗုဒ္ဓေါ ဧကေကလောမကော၊
သောဒါတ ဥဏ္ဏလောမောစ, ဇနောပဝတ္တိ တံ နမေ။

ယော ဗုဒ္ဓေါ-အကြင် မြတ်စွာဘုရားသည်၊ ပုဗ္ဗေ-ဘဝများစွာ, ရှေးရှေးအခါ၌၊ မုသာဝါဒ ဝိရတိယာ—မဟုတ် မတရား, မုသား ပြောခြင်းမှ ရှောင်တော်မူခဲ့ခြင်းကြောင့်၊ ဧကေကလောမကောစ—မွေးတွင်းတတွင်းလျှင်, တပင်စီ တပင်စီသော အမွေးတော်ရှိသည်ဌင်း၊ သောဒါတ ဥဏ္ဏလောမောစ-မျက်ခုန်းတော် ၂ပါး, အလယ်ကြား၌၊ ထူးခြား ပေါ်လွင်, အလွန် ဖြူစင်သော မွေးရှင်တော်ရှိသည်ဌင်း၊ ဇနောပဝတ္တိစ — လူအများပင်, ဘုရားရှင်၏, အစဉ်လိုသမျှ, လိုက်ပါရခြင်း ရှိသည်ဌင်း၊ ဟောတိ- အကြောင်း အလိုက်, အကျိုးဆိုက်၍, သိုက်မြိုက်ထင်ပေါ်, ဖြစ်ထွန်းတော်မူ၏၊ တံ ဗုဒ္ဓံ—ဧကေကလောမ, ဥဏ္ဏာလောမတာ, လက္ခဏာတော် ၂ ပါးနှင့် ပြည့်စုံတော်မူသော ထိုမြတ်စွာဘုရားကို၊ အဟံ- ဘုရား့တပည့်တော် (တပည့်တော်မ)သည်၊ နမေ နမာမိ- ယုံကြည်မြတ်နိုး, လက်စုံမိုး၍, ရှိခိုး ကန်တော့ပါ၏ ဘုရား။

× × × × × × ×

အကြောင်းကောင်းမှု။ ။ဗုဒ္ဓမြတ်စွာသည် ကမ္ဘာများစွာ ဖြစ်ခဲ့ရာ၌ များစွာသောဘဝတို့ဝယ် မုသာဝါဒမှ ရှောင်ကြဉ်တော်မူ၍ မှန်ကန်သော သစ္စာစကားကိုသာ ပြောဆိုတော်မူခဲ့သည်၊ ဟိုတမျိုး — သည်တမျိုး စကား ၂မျိုးကို ပြောလေ့မရှိခဲ့ပါ၊ ဤသို့ မုသာဝါဒမှရှောင်ခြင်းသည် ဗုဒ္ဓမြတ်စွာ၏ ရှေးရှေးအကြောင်း ကောင်းမှုတော်တပါးတည်း။

အကျိုးလက္ခဏာတော်။ ။ထို အကြောင်း ကောင်းမှုကြောင့် ဘုရား ဖြစ်တော်မူမည့်ဘဝ၌ မွေးညှင်းတော်တို့သည် မွေးညှင်းတတွင်းလျှင် တပင်စီသာ ပေါက်ခြင်း ဟူသော ဧကေကလောမတာ လက္ခဏာတော် ကိုဌင်း, ဥဏ္ဏလုံမွေးရှင်တော်ဟူသော ဥဏ္ဏလောမထာ လက္ခဏာတော်ကိုဌင်း ရတော်မူသည်။

ဥဏ္ဏလုံမွေးရှင်တော် ။ ။ ဥဏ္ဏာလောမဟူသော ပါဠိကို မြန်မာလို "ဥဏ္ဏလုံ" ဟု ပြန်ဆိုကြသည်၊ ထို အမွေးတော်သည် မျက်ခုန်းတော် ၂သွယ်၏ အလယ်ဗဟိုဝယ် နှာခေါင်းတော်၏ အဆုံး အထက်၌ ပေါက်တော်မူပြီးလျှင် အထက်သို့တက်၍ နဖူးအလယ်မှာ လဲဝါဂွမ်းအစုကဲ့သို့ အလွန်ဖွေးဖွေးဖြူလျက် တင့်တယ်တော်မူ၏၊ ဆွဲ၍ဆန့်လိုက်သောအခါ လက်ျာရစ် လည်၍ လုံးသွားပြီးလျှင် အထက်သို့ အဖျားလှည့်လျက် တည်တော်မူသောကြောင့် အသက်ရှင်နေသကဲ့သို့ ထင်ရ၏၊ ထို့ကြောင့် "ဥဏ္ဏလုံမွေးရှင်တော်" ဟု ခေါ်စမှတ်ပြုကြသည်၊ ရွှေအဆင်းရှိသော နဖူးတော် အပြင်၌ တည်ရကား နံနက်စောစောအခါ အရုဏ်ရောင် ဖြာခိုက်ဝယ် သောကြာ ကြယ်ကဲ့သို့ လွန်စွာ တင့်တယ်တော်မူပါသတဲ့။

လက္ခဏာတော်၏ အကျိုးဆက်။ ။ ပြအပ်ခဲ့ပြီးသော လက္ခဏာတော်သည် ရှေးကံအတွက် ရအပ်သော အကျိုးရင်းတည်း၊ ထိုလက္ခဏာတော်အတွက် အကျိုးဆက်မှာ နောက်တော်ပါးက ခစားမကွာ လိုက်ပါသူဟူသမျှတို့၏ ဘုရားအလိုတော်ကျအောင် နေကြ ကျင့်ကြခြင်းတည်း။

တိုက်တွန်းချက်။ ။ဤသို့ အကြောင်းကုသိုလ်, အကျိုးလက္ခဏာတော်, လက္ခဏာတော်အတွက် အကျိုးဆက်, ၏၃ ချက်ကို စဉ်းစားကာ ဗုဒ္ဓမြတ်စွာ၏ လက္ခဏာတော် ၂ ပါးကို အာရုံပြု၍ ဗုဒ္ဓါနုဿတိ ဘာဝနာကို ပွားများပြီးလျှင် မိမိတို့လည်း မုသားမှရှောင်ကြဉ်၍ စကား ၂ခွ မပြောကြဘဲ သစ္စာစကားကိုသာ ပြောမိအောင် သတိပြုကြပါလေ။

စတ္တာလီသဒန္တာ, အဝိရဠဒန္တာ လက္ခဏာတော် ၂ ပါး

၁၇။ ပေသုညဝိရမဏတော, သမစတ္တာလီသ ဒန္တော၊
ဇိနော အဝိရဠဒန္တောစ, အဘဇ္ဇပရိသော နမေ။

ယော ဇိနော – အကြင် မြတ်စွာဘုရားသည်၊ ပုရေဘဝေ-ဘဝ များစွာ, ရှေးရှေးအခါ၌၊ ပေသုညဝိရမဏတော – ချစ်ခင်သူများ, ကွဲ၍သွားလျက်, ကိုယ့်အား ချစ်အောင်, ချောပစ် ကုန်းတိုက်ခြင်းမှ ရှောင်တော်မူခြင်းကြောင့်၊ သမစတ္တာလီသဒန္တော-အမျှလေးဆယ်, လှုန်တင့်တယ်သော, သွားတော် ရှိသည်ရင်း၊ အဝိရဠဒန္တောစ – ချွေပြားအပြင်, ဝရဇိန်တင်သို့, အစဉ်မကွဲ, မကျဲသော သွားတော်ရှိ သည်ရင်း၊ အဘဇ္ဇပရိသောစ-မပျက်မကွဲ, သံဖြင့်တဲသို့, တခဲနက်လုံး, စည်းရုံးသော ပရိသတ်ရှိသည်ရင်း၊ ဟောတိ- အကြောင်း အလိုက်, အကျိုးဆိုက်၍ သိုက်မြိုက် ထင်ပေါ်, ဖြစ်ထွန်းတော်မူ၏၊ တံ ဇိနံ - သမစတ္တာလီသဒန္တ, အဝိရဠဒန္တတာ, လက္ခဏာတော် ၂ ပါးနှင့် ပြည့်စုံတော်မူသော ထိုမြတ်စွာဘုရားကို၊ အဟံ-ဘုရား့တပည့်တော် (တပည့်တော်မ)သည်၊ နမေ နမာမိ-ယုံကြည်မြတ်နိုး, လက်စုံမိုး၍, ရှိခိုး ကန်တော့ပါ၏ ဘုရား။

× × × × × × ×

အကြောင်းကောင်းမှု။ ။ဗုဒ္ဓမြတ်စွာသည် ကမ္ဘာများစွာ ဖြစ်ခဲ့ရာ၌ များစွာသော ဘဝတို့ဝယ် ချစ်သူ ၂ ယောက် ကွဲအောင်ရင်း, ထိုသို့ ကွဲပြီး နောက် မိမိကို ချစ်အောင်ရင်း, ကုန်းတိုက်ခြင်း ဟူသော ပိသုဏဝါစာမှ ရှောင်တော်မူ၍ သူတပါးတို့ ညီညီမျှမျှ ချစ်ခင်နေသည်ကို မြင်လျှင်

(အဋ္ဌမအကြိမ်)

ဝမ်းမြောက် နှစ်သက်ခဲ့၏၊ ချစ်ခင်နေသူများကို ကွဲ၍ မသွားစေသည့်ပြင် စည်းလုံးညီညွတ်ခြင်း၏ အကျိုးကိုသာ ဟောပြောလေ့ ရှိ၏၊ ဤသို့ ပိသုဏ ဝါစာမှ ရှောင်ကြဉ်တော်မူခဲ့ခြင်းသည် ဗုဒ္ဓမြတ်စွာ၏ ရှေးရှေးအကြောင်း ကောင်းမှုတော် တပါးတည်း။

အကျိုးလက္ခဏာတော်။ ။ပိသုဏဝါစာမှ မရှောင်ဘဲ ချစ်သူတွေ စည်းစည်း လုံးလုံး မနေနိုင်အောင် ကုန်းတိုက်ခဲ့သူတို့၏ သွားတို့သည် မပြည့် မစုံ ဖြစ်ရုံသာ မက ကျိုးတိုကျဲတဲလည်း ဖြစ်တတ်၏၊ များစွာသော လူတို့၏ သွားသည် အများဆုံးအားဖြင့် ၃၂ ချောင်းသာရှိ၏၊ ဗုဒ္ဓမြတ်စွာသည်ကား ပါရမီဖြည့်စဉ်အခါဝယ် သူတပါးကို ကွဲပြားအောင် ကုန်းတိုက် စကားကို မပြောမဆိုဘဲ အချင်းချင်းညီညွတ်အောင် ပြောဆိုခဲ့ခြင်းကြောင့် ဗုဒ္ဓဖြစ်မည့် ဘဝ၌ သွားတော် ၄၀ တိတိ ပြည့်ပြည့်စုံစုံရှိခြင်း ဟူသော သမစတ္တာလီသ ဒန္တတာ, သွားအကြားတိုင်း၌ မကဲ့သော အဝိရဠဒန္တတာ လက္ခဏာတော် ၂ ပါးကို ရတော်မူသည်။ [ဤနေရာ၌ သမ သဒ္ဒါသည် ၄၀ အတိအကျ အပြည့်ဟူသော အနက်ကိုဟော၏၊ သင်္ဂိုဟ်၌လာသော သမဝီသတိ မဂ္ဂစိတ္တာနိ၌ သမသဒ္ဒါကဲ့သို့တည်း။]

လက္ခဏာတော်၏အကျိုးဆက်။ ။ပြအပ်ပြီးသော လက္ခဏာတော်သည် ရှေးကံအတွက် ရအပ်သော အကျိုးရင်းတည်း၊ ထို လက္ခဏာတော် ၂ ပါး အတွက် အကျိုးဆက်ကား အခြေအရံ ပရိသတ်တို့ မကွဲမပြားဘဲ တသားတည်း စည်းစည်းလုံးလုံး ရှိကြခြင်းတည်း။

တိုက်တွန်းချက်။ ။ဤသို့ အကြောင်းကုသိုလ်, အကျိုးလက္ခဏာတော်, လက္ခဏာတော်အတွက် အကျိုးဆက်, ဤ၃ချက်ကို စဉ်းစားကာ ဗုဒ္ဓမြတ်စွာ၏ ဤလက္ခဏာတော် ၂ ပါးကို အာရုံပြု၍ ဗုဒ္ဓါနုဿတိ ဘာဝနာ ပွားများ ပြီးလျှင် မိမိတို့လည်း ကုန်းတိုက်ခြင်း ပိသုဏဝါစာမှ ရှောင်ကြဉ်မိအောင် အမြဲ သတိပြုကြပါလေ။

(အဋ္ဌမအကြိမ်)

ပဟူတဇိဒ္ဓတာ, ဗြဟ္မဿရတာ လက္ခဏာတော် ၂ ပါး

၁၀။ ဖရှုသဝါစာ ဝိရတိယာ, ပုဗ္ဗေ ပဟူတဇိဝှကော၊
ဗြဟ္မဿရော စ သမ္ဘုဒ္ဓေါ, အာဒေယျဝစနော နမေ။

ယော သမ္ဘုဒ္ဓေါ – အကြင် မြတ်စွာဘုရားသည်၊ ပုဗ္ဗေ – ဘဝများစွာ, ရှေးရှေးအခါ၌၊ ဖရှုသဝါစာဝိရတိယာ - စိတ်ကြမ်း နှုတ်ကြမ်း, ငေါက်ငမ်းဆဲမှု, ဖရှုသဝါစာမှ ရှောင်တော်မူခဲ့ခြင်းကြောင့်၊ ပဟူတဇိဝှကောစ – ရှည်လျား နုနယ်, ပြန့်ကျယ်သော လျှာတော်ရှိသည်ၵင်း၊ ဗြဟ္မဿရော စ - ဗြဟ္မာမင်း၏အသံကဲ့သို့ သာယာနာပျော့, အသံတော် ရှိသည်ၵင်း၊ အာဒေယျဝစနော စ – အများ ကြည်ဖြူ, နာယူဘွယ် စကားတော်ရှိသည်ၵင်း၊ ဟောတိ-အကြောင်းအလိုက်, အကျိုးဆိုက်၍, သိုက်မြိုက်ထင်ပေါ်, ဖြစ်ထွန်းတော်မူ၏၊ တံ သမ္ဘုဒ္ဓံ-ပဟူတဇိဝှ, ဗြဟ္မဿရတာ, လက္ခဏာတော် ၂ ပါးနှင့် ပြည့်စုံတော်မူသော ထိုမြတ်စွာဘုရားကို၊ အဟံ– ဘုရား့တပည့်တော် (တပည့်တော်မ)သည်၊ နမေ နမာမိ – ယုံကြည် မြတ်နိုး, လက်စုံမိုး၍, ရှိခိုးကန်တော့ပါ၏ ဘုရား။

× × × × × × ×

အကြောင်းကောင်းမှု ။ ။ ဗုဒ္ဓမြတ်စွာသည် ဘဝများစွာ ဖြစ်ခဲ့ရာ၌ များစွာသောဘဝတို့ဝယ် သူတပါးတို့စိတ်ကို ထိခိုက်အောင် ဆဲဆိုငေါက်ငန်းကြမ်းတန်းသော ဖရှုသဝါစာမှ ရှောင်တော်မူ၍ ကြားရသူတို့ ချမ်းသာဘွယ်ရာ နုညံ့သော စကားဆိုသာ ပြောဆိုတော်မူခဲ့၏၊ ဤသို့ ဖရှုသဝါစာမှ ရှောင်တော်မူခဲ့ခြင်းသည် ဗုဒ္ဓမြတ်စွာ၏ ရှေးရှေးအကြောင်း ကောင်းမှုတော် တပါးပေတည်း။

အကျိုးလက္ခဏာတော်။ ။ဖရှုသဝါစာမှ မရှောင်ဘဲ ဆဲဆိုခဲ့သူတို့၏ လျှာသည် တစုံတခုဖြင့် ဖွဲ့ထားသကဲ့သို့ လေးတွဲတွဲ ဖြစ်နေ၏၊ အချို့လျှာကား တိုနေသကဲ့သို့ဖြစ်၏၊ အချို့မှာ စကားပြောရာ၌ လျှာ ဒရွတ်ဆွဲလျက် မန်းစွဲသကဲ့သို့ ဖြစ်နေ၏၊ ဗုဒ္ဓမြတ်စွာ သည်ကား ဖရှုသဝါစာမှ ရှောင်၍ နုညံ့သောစကားကို ပြောဆိုခဲ့သောကြောင့် ဘုရားဖြစ်မည့်ဘဝ၌ လျှာတော်၏ နုနုညံ့ညံ့ ပြန့်ပြန့်ကျယ်ကျယ် ရှိတော်မူခြင်း ဟူသော ပဟူတဇိဝှတာ လက္ခဏာတော်နှင့်, နုညံ့သောစကားသံကို ပြောဆိုခဲ့ခြင်းကြောင့် သာယာသော အသံတော်ရှိခြင်း ဟူသော ဗြဟ္မဿရတာ လက္ခဏာတော် ၂ ပါးကို ရတော်မူသည်။ [သာယာနာပျော်သောအသံကို “ ဗြဟ္မာမင်း၏ အသံနှင့် တူသော အသံ” ဟု ပြောစမှတ်ပြုကြသည်။]

လက္ခဏာတော်၏ အကျိုးဆက် ။ ။ ပြခဲ့ပြီးသော လက္ခဏာတော် ၂ ပါးသည် ရှေးကံအတွက် ရအပ်သော အကျိုးရင်းတည်း၊ ထို လက္ခဏာတော် ၂ ပါးအတွက် အကျိုးဆက်မှာ ပြောဟောသမျှ၌ ယုံကြည်ထိုက်သော စကားတော် ရှိခြင်းတည်း။

တိုက်တွန်းချက်။ ။ဤသို့ အကြောင်းကုသိုလ်, အကျိုးလက္ခဏာတော်, လက္ခဏာတော်အတွက် အကျိုးဆက်,ဤ ၃ ပါးကိုစဉ်းစားကာ ဗုဒ္ဓမြတ်စွာ၏ လက္ခဏာတော် ၂ ပါးကို အာရုံပြု၍ ဗုဒ္ဓါနုဿတိ ဘာဝနာကို ပွားများစေပြီးလျှင် မိမိတို့လည်း ဖရှုသဝါစာမှ ရှောင်ကြဉ်ဘို့ရန် အမြဲ သတိပြုကြပါလေ။

ဆက်ဥုးအံ့၊ – ဖရှုသဝါစာသည် ၁၀ စီဒုစရိုက် ၄ ပါးတွင် ဒေါသကို အရင်းခံ၍ဖြစ်ရသော ဒုစရိုက် ၁ ပါးတည်း၊ နဂိုရိုက ဒေါသစရိုက် ဓာတ်ခံရှိသော ပုဂ္ဂိုလ်သည် ဒေါသဖြစ်စရာ ကိစ္စ ကြုံလာတိုင်း ဖရှုသဝါစာဖြင့် ပြောဆိုတတ်ရကား နောက်နောက်ဘဝ၌ ဒေါသနည်းအောင် ယခုဘဝက မေတ္တာကို လေ့လာကြပါလေ။

သီဟဟနုတာ လက္ခဏာတော်

၁၉။ သမ္ဖပ္ပလာပဝိရတော, ပုရေ တေန တထာဂတော၊
မိဂိန္ဒဟနုရူပေါစ, အဓံသိယောစ တံ နမေ။

ယော တထာဂတော — အကြင် မြတ်စွာဘုရားသည်၊ ပုရေ — ဘဝများစွာ, ရှေးရှေးအခါ၌၊ သမ္ဖပ္ပလာပဝိရတော — သုခ မဖက်, စီးပွားပျက်ဘို့, သက်သက်အပျော်, ပျက်ချော် ပြောင်လှောင်, ပိန်ဖျင်းသောစကားကိုရှောင်တော်မူ၏၊ တေန-ထိုသို့ ပိန်ဖျင်းသော စကားကို ရှောင်တော်မူခဲ့ခြင်းကြောင့်၊ မိဂိန္ဒဟနုရူပေါစ — ခြသေ့်မင်း၏, အောက်မေးအလား, ထက်အောက် အားဖြင့်, ၂ ပါး ထင်ပေါ်, ပြည့်ဝသောမေးတော် ရှိသည်ငှင်း၊ အဓံသိယောစ-ရပြီး ရာထူး, ဂုဏ်အထူးမှ, တဥုးတယောက်မျှ, မဖယ်ချ မဖျက်ဆီးနိုင် သည်ငှင်း၊ ဟောတိ-အကြောင်းအလိုက်, အကျိုးဆိုက်၍, သိုက်မြှိုက် ထင်ပေါ်, ဖြစ်ထွန်းတော်မူ၏၊ တံ တထာဂတံ — သီဟဟနုတာ လက္ခဏာတော်နှင့် ပြည့်စုံတော်မူသော ထိုမြတ်စွာဘုရားကို၊ အဟံ-ဘုရာ့းတပည့်တော် (တပည့်တော်မ)သည်၊ နမေ, နမာမိ-ယုံကြည် မြတ်နိုး, လက်စုံမိုး၍, ရှိခိုး ကန်တော့ပါ၏ ဘုရား။

× × × × ×

အကြောင်း ကောင်းမှု။ ။ဗုဒ္ဓမြတ်စွာသည် ကမ္ဘာများစွာ ဖြစ်ခဲ့ရာ၌ များစွာသောဘဝတို့ဝယ် သမ္ဖပ္ပလာပမှ ရှောင်တော်မူ၏။ [အကျိုးလည်း မရှိ မှန်လည်း မမှန်ဘဲ ပျော်ရရုံ ရယ်မောရရုံမျှသာ ဖြစ်သော အပျက်အချော် စကား အပြောင်အလှောင်စကားကို ပြောဆိုခြင်းကို "သမ္ဖပ္ပလာပ" ဟု ခေါ်သည်။] ဤသို့သော သမ္ဖပ္ပလာပမှ ရှောင်ကြဉ်တော်မူခြင်းသည် ဗုဒ္ဓ မြတ်စွာ၏ ရှေးရှေးအကြောင်း ကောင်းမှုတော်တပါး ဖြစ်သည်။

(အဌမအကြိမ်)

အကျိုး လက္ခဏာတော်။ ။ သမ္ဖပ္ပလာပမှ မရှောင်ဘဲ မေးကလေး လှုပ်ခါလှုပ်ခါ အပျက်အချော် ပြောဆိုခဲ့သူတို့၏ မေးသည် အတွင်းသို့ ပု၍ သော်လည်း ဝင်နေတတ်၏၊ ကောက်၍သော်လည်း နေတတ်၏၊ အတွင်းသို့ ချိုင့်၍သော်လည်း နေတတ်၏၊ ဗုဒ္ဓမြတ်စွာသည်ကား ထို သမ္ဖပ္ပလာပမှ ရှောင်တော်မူခဲ့ ခြင်းကြောင့် ခြသေ့်မင်း၏ မေးနှင့် တူစွာ ပြည့်သောမေး ရှိတော်မူ၏၊ ဆက်ဥုးအံ့ — ခြသေ့်မင်း၏ မေးသည် အောက်ဘက်၌သာ ပြည့်၏၊ ဘုရားရှင်၏ မေးတော်ကား အောက်ဘက် အထက်ဘက် ပြည့်၍ နေသောကြောင့် လဆန်း(၁၂)ရက် ညဉ့်အခါ၌ ထွက်ပေါ်လာသောလနှင့် တူတော်မူ၏၊ ထို့ကြောင့် ခြသေ့်မင်း၏မေးထက်ပင် သာ၍ တင့်တယ်တော် မူပါသည်။

လက္ခဏာတော်၏ အကျိုးဆက်။ ။ပြအပ်ပြီးသော လက္ခဏာတော် သည် ရှေးကံအတွက် ရအပ်သော အကျိုးရင်းတည်း၊ ထို လက္ခဏာတော် အတွက် အကျိုးဆက်မှာ ရအပ်ပြီးသောဂုဏ်, ရအပ်ပြီးသော ဌာနန္တရရာထူး ကို မည်သည့်ရန်သူမျှ မဖျက်ဆီးနိုင်ခြင်းတည်း။

တိုက်တွန်းချက်။ ။ဤသို့ အကြောင်းကုသိုလ်, အကျိုးလက္ခဏာ, လက္ခဏာတော်အတွက် အကျိုးဆက်, ဤ ၃ ချက်ကို စဉ်းစားကာ ဗုဒ္ဓ မြတ်စွာ၏ (၁၂) ရက်ညဉ့်၌ ထွက်သောလကဲ့သို့ ပြည့်ဝသော မေးတော်ကို အာရုံပြု၍ ဗုဒ္ဓါနုဿတိဘာဝနာကို ပွားစေပြီးလျှင် မိမိတို့လည်း အကျိုးမရှိ သော အပျက်အချော် အပြောင်အလှောင် စကားကို ရှောင်ကြဉ်မိအောင် သတိထားကြပါလေ။

ဆက်ဥုးအံ့— အတွင်း၌ အနှစ်အဆန်မပါသော စပါးခွံကို "ဖွဲ့, အနုပ် အဖွဲ့, အဖျင်း" ဟု ခေါ်၏၊ ထို့အတူ ပြောအပ်သောစကား၌ အကျိုးမရှိ အနက်မမှန်ဘဲ ပြောင်လှောင်သောစကားကိုလည်း "ပိန်ဖျင်းသောစကား" ဟု ခေါ်သည်၊ ဝစီဒုစရိုက် တပါးပင်တည်း။

(အဌမအကြိမ်)

သမဒန္တာ, သုသုက္ကဒါဠတာ
လက္ခဏာတော် ၂ ပါး

၂၀။ မိစ္ဆာဇီဝ ဝိရတိယာ, သမဒန္တော တထာဂတော၊
ဟောတိ သုသုက္ကဒါဠော၀, ဝိသုဒ္ဓပရိသော နမေ။

ယော တထာဂတော—အကြင် မြတ်စွာဘုရားသည်၊ ပုရေ-ဘဝ များစွာ, ရှေးရှေးအခါ၌၊ မိစ္ဆာဇီဝဝိရတိယာ— ကိုယ် နှုတ် ဖေါက် ပြား, ဒုစရိုက်များဖြင့်, မှားမှားယွင်းယွင်း, အသက်မွေးခြင်းတို့မှ ရှောင်တော်မူခဲ့ခြင်းကြောင့်၊ သမဒန္တော၀စ - ဝရဇိန်များ, စီ၍ထား သို့ ထက်ဖျား စီရရီ, ညီသောသွားတော် ရှိသည်၎င်း၊ သုသုက္ကဒါဠော စ — သောကြာ ကြယ်ဝန်း, ထွန်းသည့်အသွင့်, အလွန် ဖြူစင်သော စွယ်တော်ရှိသည်၎င်း၊ ဝိသုဒ္ဓပရိသော၀စ - စင်ကြယ်သပ်ရပ်, လွန်စွာ မြတ်သည့်, ပရိသတ် အခြံအရံရှိသည်၎င်း၊ ဟောတိ — အကြောင်း အလိုက်, အကျိုးဆိုက်၍, သိုက်မြိုက်ထင်ပေါ်, ဖြစ်ထွန်းတော်မူ၏၊ တံ တထာဂတံ — သမဒန္တတာ, သုသုက္ကဒါဠတာ, လက္ခဏာတော် ၂ ပါးနှင့် ပြည့်စုံတော်မူသော ထို မြတ်စွာဘုရားကို၊ အဟံ— ဘုရား တပည့်တော် (တပည့်တော်မ) သည်၊ နမေ နမာမိ- ယုံကြည်မြတ်နိုး, လက်စုံမိုး၍, ရှိခိုး ကန်တော့ပါ၏ ဘုရား။

× × × × × × ×

အကြောင်းကောင်းမှု။ ။ ဗုဒ္ဓမြတ်စွာသည် ကမ္ဘာများစွာ ဖြစ်ခဲ့ရာ၌ များစွာသော ဘဝတို့ဝယ် မိစ္ဆာဇီဝမှ ရှောင်ကြဉ်တော်မူ၏၊ [ပါဏာတိ ပါတစသော ကာယဒုစရိုက်သုံး ပါး တပါးပါးဖြင့်ဖြစ်စေ, မုသာဝါဒစသော ဝစီဒုစရိုက် ၄ ပါး တပါးပါးဖြင့်ဖြစ်စေ ပစ္စည်းဥစ္စာရှာ၍ အသက်မွေးမှုကို မိစ္ဆာဇီဝ ဟု ခေါ်သည်။] ဤသို့သော ဒုစရိုက်တို့မှ ရှောင်ကြဉ်တော်မူ၍

လယ်ယာလုပ်ကိုင်ခြင်း တရားသဖြင့် ကူးသန်းရောင်းဝယ်ခြင်း ကိုယ့်တုက် သူ့တုက် မျှအောင် အတိုးအပွား ချထားခြင်း ဟူသော သမ္မာအာဇီဝဖြင့် အသက်မွေးခြင်းသည် ဗုဒ္ဓမြတ်စွာ၏ ရှေးရှေးအကြောင်း ကောင်းမှုတော် တပါး ဖြစ်သည်။

အကျိုး လက္ခဏာတော် ။ ။ မိစ္ဆာဇီဝဖြင့် အသက်မွေးသူ တို့သည် ညစ်နွမ်းသော အသက်မွေးမှုကို ပြုရာရောက်၏၊ သူ့တုက် ကိုယ့်တုက် မညီ မမျှသော အသက်မွေးရာလည်း ရောက်၏၊ ထိုကဲ့သို့ အသက်မွေးခဲ့သူတို့၏ သွားသည် အတို အရှည် အနိမ့် အမြင့် ဖြစ်နေတတ်၏၊ ဖြူဖြူစင်စင်လည်း မရှိဘဲ ညစ်ပုတ်ပုတ် ဖြစ်နေတတ်၏၊ ဗုဒ္ဓမြတ်စွာသည်ကား သန့်ရှင်း စင်ကြယ် စွာ သူ့ဘို့ကိုယ့်ဘို့မျှအောင် အသက်မွေးခဲ့ခြင်းကြောင့် သွားတော် စွယ်တော် တို့သည် ဧရွန်အင်းပျဉ်ပေါ် ဝယ် ဝရဇိန်တင်၍ စီထားသကဲ့သို့ နီမြန်းသော သွားဖုံးတော်ဝယ် ဖွေးဖွေးညီညီ စီရရီ ရှိတော်မူ၏။

လက္ခဏာတော်၏ အကျိုးဆက်။ ။ ပြအပ်ပြီးသော လက္ခဏာတော် သည် ရှေးကံအတုက် ရအပ်သော အကျိုးရင်းတည်း၊ ထို လက္ခဏာတော် အတုက် အကျိုးဆက်မှာ သန့်ရှင်း စင်ကြယ်သော ရဟန်းတော် ပရိသတ်, ဥပါသကာ, ဥပါသိကာပရိသတ် ရှိတော်မူခြင်းတည်း။

တိုက်တွန်းချက်။ ။ဤသို့ အကြောင်းကုသိုလ်, အကျိုး လက္ခဏာတော်, လက္ခဏာတော် အတုက် အကျိုးဆက် , ဤ ၃ ချက်ကို စဉ်းစားကာ ဗုဒ္ဓ မြတ်စွာ၏ ဖွေးဖွေးညီညီ စီရရီရှိသော သွားတော် စွယ်တော်များကို အာရုံ ပြု၍ ဗုဒ္ဓါနုဿတိဘာဝနာကို ပွားစေပြီးလျှင် မိမိတို့လည်း မတရားသဖြင့် အသက်မွေးခြင်းဟူသော မိစ္ဆာဇီဝကို ရှောင်ကာ တရားသဖြင့် အသက်မွေး ခြင်း ဟူသော သမ္မာအာဇီဝဖြင့်သာ အသက်မွေးကြပါလေ။

လက္ခဏာတော်ကြီး ဘုရားရှိခိုး ပြီးပြီ။

(၈၀)သော လက္ခဏာတော်ငယ်

အမှာ။ ။ဇိနာလင်္ကာရဋီကာ ဝိဇာတမင်္ဂလာအဖွင့်၌ တွေ့ရသော ဗုဒ္ဓမြတ်စွာ၏ လက္ခဏာတော်ငယ် (၈၀) တို့ကို ပြပါဥုးမည်။

၁။ စိတင်္ဂုလိတာ- စီ၍ ထားအပ်သကဲ့သို့ လက်ချောင်း ခြေချောင်းတော်များ၏ တင့်တယ်တော်မူခြင်း။

၂။ အနုပုဗ္ဗင်္ဂုလိတာ - တချောင်းစီ တချောင်းစီမှာလည်း အရင်းက စ၍ အစဉ်အတိုင်းသွယ်လျက် တင့်တယ်သော လက်ချောင်း ခြေချောင်းတော် ရှိခြင်း။

၃။ ဝဋ္ဌင်္ဂုလိတာ – (လူအများ၏ လက်ချောင်း ခြေချောင်းများ ကဲ့သို့ ခပ်ပြားပြား မနေဘဲ) လုံးသော လက်ချောင်း ခြေချောင်းတော် ရှိခြင်း၊.... ဤကား လက်ချောင်း ခြေချောင်းတော်၏ လက္ခဏာတော်ငယ် ၃ ပါးတည်း။

၄။ တမ္ဗနခတာ- နီသော လက်သည်း ခြေသည်းတော်ရှိခြင်း။ [လက်သည်း ခြေသည်းတော်အတွင်းက အသားတော်များသည် နီ၍ နေသောကြောင့် ထို အရောင်ဟပ်သဖြင့် ခြေသည်း လက်သည်းတော်များလည်း နီရောင်သန်းလျက် ရှိရပေသည်။]

၅။ တုင်္ဂနခတာ - ရှည်သော လက်သည်းတော် ရှိခြင်း။ [များစွာသော လူတို့၏ လက်သည်းသည် များစွာ မရှည်လှ၊ တချို့ လက်သည်း များမှာ တို့၍ပင် နေသေး၏၊ ဗုဒ္ဓမြတ်စွာ၏ လက်သည်းတော်ကား တင့်တင့်တယ်တယ် သပ္ပါယ်ရုံမျှ ရှည်တော်မူသည်၊ ထို လက်သည်း ရှည်ခြင်းကို သဘောကျ၍ အချို့သော အမျိုးသွီး များသည် လက်သည်း မဖြတ်ဘဲ ရှည်အောင် ထားတတ်ကြပါသေးသည်။]

၆။ သိနိဒ္ဓနခတာ – ညက်ညက်ညောညော ချောမောသော လက်သည်း ခြေသည်းတော် ရှိခြင်း။ [များစွာသော လူတို့၏ လက်သည်း ခြေသည်းသည် ချောချောမောမော မရှိသည့်ပြင် ခပ်ကြမ်းကြမ်း ဖြစ်နေပါသေးသည်။] .....ဤကား လက်သည်း ခြေသည်းတော် အတွက် လက္ခဏာတော်ငယ် ၃ ပါးတည်း။

၇။ နိဂုဋ္ဌဂေါပ္ဖကတာ-များစွာသောလူတို့၏ ဖမျက်ကဲ့သို့(ထင်ထင်ရှားရှား ပေါ်ထွက်၍ မနေဘဲ) အသားတော် အတွင်းဝယ် မြုပ်လျက် မထင်ရှားသော ဖမျက်တော် ရှိခြင်း။ ..... ဤကား ဖမျက်တော် အတွက် လက္ခဏာတော်ငယ် တပါးတည်း။

၈။ သမပါဒတာ– ညီညီမျှမျှ လှပသောခြေတော် ရှိခြင်း။ [လူအများ၏ ခြေကဲ့သို့ အလယ်၌ ဟိုက်မနေဘဲ ညီ၍နေသည်ကို ဆိုလိုဟန် တူပါသည်၊ ဇာလဟတ္ထပါဒတာ လက္ခဏာတော်နှင့် ယှဉ်ကြည့်ပါ။] ဤကား ခြေ၏ပုံသဏ္ဌာန် လက္ခဏာတပါးတည်း။

၉။ ဂဇသမာနက္ကမတာ- ဆင်၏ ခြေလှမ်းပုံနှင့်တူစွာ ညင်ညင်သာသာ ခြေလှမ်းတော် ရှိခြင်း။ (ခြေသံမကြားရ-ဟူလို။)

၁၀။ သီဟသမာနက္ကမတာ - ခြသေ့်မင်း၏ ခြေလှမ်းနှင့်တူစွာ ဣန္ဒေရရ လှမ်းကြွတော်မူခြင်း။

၁၁။ ဟံသသမာနက္ကမတာ – ဟင်္သာမင်း လှမ်းပုံကဲ့သို့ မကျဲ မစိပ်သော ခြေလှမ်းတော်ရှိခြင်း။

၁၂။ ဥသဘသမာနက္ကမတာ – နွားလားဥသဘ၏ ခြေလှမ်းပုံကဲ့သို့ ခြေအချင်းချင်း မထိမိဘဲ ရှင်းလင်းသော ခြေလှမ်းတော်ရှိခြင်း။

၁၃။ ဒက္ခိဏာဝဋ္ဌဂတိတာ-လက်ျာရစ်လည်သည့်ပမာ လက်ျာခြေတော်ကို စ၍ ကြွတော်မူခြင်း။.... ဤကား ခြေလှမ်းခြင်းနှင့် စပ်၍ လက္ခဏာတော်ငယ် ၅ ပါးတည်း။

၁၄။ သမန္တတော စာရဏာဏု မဏ္ဍလတာ–ပုဆစ်ဒူးဝန်း၏ ဝန်းကျင်အရပ်ဝယ် တင့်တယ် ဝန်းဝိုင်းတော်မူခြင်း။.... ဤကား ပုဆစ်ဒူးဝန်းတော်အတွက် လက္ခဏာတော်ငယ် တပါးတည်း။

၁၅။ ပရိပုဏ္ဏပုရိသ ဗျဥ္ဇနတာ–ယောကျ်ားအင်္ဂါဇာတ်၏ အောင်မြင် ပြည့်ဝလှပတော်မူခြင်း၊.... ဤကား အင်္ဂါဇာတ်တော်အတွက် လက္ခဏာတော်ငယ် တပါးတည်း။

၁၆။ အစ္ဆိဒ္ဒနာဘိတာ–ချက်တော်၌ အပေါက်မရှိခြင်း။

၁၇။ ဂမ္ဘီရနာဘိတာ– (အပေါ်သို့ စူ၍မထွက်) နက်သော ချက်တော် ရှိခြင်း။

၁၈။ ဒက္ခိဏာဝဋ္ဋနာဘိတာ – လက္ခဏာရစ် လည်သော ချက်တော် ရှိခြင်း၊ ဤကား ချက်တော်၏ လက္ခဏာတော်ငယ် ၃ ပါးတည်း။

၁၉။ ဒ္ဝိရဒကရသဒိသဥ္ဇရုဘုဇတာ– ဆင်၏ အရင်း၌တုတ်၍ အဖျားသေးသော နှာမောင်းသဘွယ် သွယ်တန်းသောပေါင်တော် လက်မောင်းတော် ရှိခြင်း။..... ဤကား ပေါင်တော် လက်မောင်းတော်၏ လက္ခဏာတော်ငယ် တပါးတည်း၊ [ဒ္ဝိ + ရဒ = ၂ ချောင်းသော အစွယ်ရှိသော ဆင်၊ ကရ–လက်၊ ဝါ–နှာမောင်း။]

၂၀။ သုဝိဘတ္တ ဂတ္တတာ — ဆိုင်ရာ ကိုယ်အင်္ဂါတို့၌ သူ့အပိုင်းနှင့် သူ ကောင်းစွာ ဝေဘန်အပ်သော ကိုယ်တော်ရှိခြင်း။

၂၁။ အနုပုဗ္ဗဂတ္တတာ– ဥုးခေါင်းနှင့် လည်ပင်းတော် လိုက်လျောခြင်း, လည်ပင်းတော်နှင့် ပခုံးတော် လိုက်လျောခြင်း, စသည်ဖြင့် ကိုယ်အင်္ဂါအစိတ်အပိုင်းတို့ လိုက်လျောသော ကိုယ်တော် ရှိခြင်း။ [ပုဗ္ဗ= ရှေအင်္ဂါအား (အထက် အင်္ဂါအား) + အနု – လိုက်လျောသော နောက် (အောက်) အင်္ဂါတော် ရှိခြင်း။]

၂၂။ မဒ္ဒဂတ္တတာ – အင်္ဂါ အစိတ်အပိုင်းတိုင်းမှာပင် ပြေပြစ် ညက်ညော ချောမောသောကိုယ်တော် ရှိခြင်း၊ [ဤကဲ့သို့သော ပုဂ္ဂိုလ်မျိုးကို "လူချောကြီး" ဟု ခေါ်ကြသည်။]

၂၃။ အနုဿန္နာနုဿန္နဂတ္တတာ–တကိုယ်လုံးဝယ် အသားနည်းသင့်ရာဌာန၌ နည်း၍ များသင့်ရာဌာန၌ များသောကိုယ်တော် ရှိခြင်း။ [များမှ ကြည့်ကောင်းမည့်နေရာ၌ အသားများ၍ နည်းမှ ကြည့်ကောင်းမည့်နေရာ၌ အသားနည်းခြင်း– ဟူလို။]

၂၄။ အလီနဂတ္တတာ – လူအများ စုမိရာဝယ် တိမ်မြုပ် ငုပ်၍ မနေဘဲ ပေါ်လွင် ထင်ရှားသောကိုယ်တော် ရှိခြင်း။ [လူအများ စုမိရာတွင် ဤကဲ့သို့သော ကိုယ်မျိုးကိုသာ ပဌမဆုံး မြင်ကြရသည်။]

၂၅။ တိလကာဒိဝိရဟိတ ဂတ္တတာ – မွဲပြောက် တင်းတိတ် ဝက်ခြံ အစ ရှိသော အညစ်အကြေးတို့မှ ကင်း၍ သန့်ရှင်းသော ကိုယ်တော် ရှိခြင်း။

၂၆။ အနုပုဗ္ဗရူဗိရဂတ္တတာ – ကိုယ်အင်္ဂါ အစိတ်အပိုင်းဝယ် ရှေ့ နောက် လိုက်လျော တင့်တယ်သောကိုယ်တော် ရှိခြင်း။

၂၇။ ဝိသုဒ္ဓဂတ္တတာ— အလွန် ဖြူစင်သောကိုယ်တော် ရှိခြင်း။.... ဤကား ကိုယ်တော်နှင့် တိုက်ရိုက် သက်ဆိုင်သော လက္ခဏာတော်ငယ် ၉ ပါးတည်း။

၂၈။ ကောဋ္ဌိ သဟဿ ဟတ္ထိဗလ ဓာရဏတာ — ကုဋေ တထောင်သော ကာဋ္ဌဝဂ ဆင်ပြောင်အားကို ဆောင်သော အားခွန် ရှိခြင်း။ [ယခုခေတ်၌ အနုမြူတို့၏အားကို သိကြရသကဲ့သို့ ဗုဒ္ဓမြတ်စွာ၌ လည်း သာမန်လူတို့ထက် ထူးခြားသောဓာတ်အားတော်ရှိကြောင်းကို သိနိုင်ပါသည်။] .... ဤကား ကာယဗလအားတော် အတွက် လက္ခဏာတော်ငယ် တပါးတည်း။

၂၉။ တုဂ်နာသတာ– အချို့ လူတို့၏ နှာတံသည် နိမ့်၍ဂုင်း , အဖျား၌ ပု၍ဂုင်း နေတတ်သော်လည်း ဗုဒ္ဓမြတ်စွာ၏ နှာတံတော်ကား ထိုသို့ မနိမ့် မပုဘဲ မြင့်မြင့်မားမား ရှည်လျားတော် မူခြင်း။.... ထိုကဲ့သို့ မြင့်ခြင်းကို ဆင်ထိန်းသော ချွန်းနှင့် တူသောကြောင့် " နာသာ ဟေမဂ်ုသော–မပိမပြား, ရွှေချွန်းလားသို့" ဟု အလင်္ကာကျမ်း၌ ဆိုသည်၊..... ဤကား နှာတံတော်အတွက် လက္ခဏာတော်ငယ် တပါးတည်း။

၃၀။ သုရတ္တဒိဇမံသတာ– အလွန် နီသော သွားဖုံးတော်ရှိခြင်း။....ဤကား သွားဖုံးတော် အတွက် လက္ခဏာတော်ငယ် တပါးတည်း။ [ဒိဇ မံသ–သွား၏ အသား၊ ဝါ–သွားဖုံး။]

၃၁။ သုဒ္ဓဒန္တတာ– စင်ကြယ်သောသွားတော် ရှိခြင်း။

၃၂။ သိနိဒ္ဓဒန္တတာ – ညက်ညော ချောမောသော သွားတော် ရှိခြင်း။.... ဤကား သွားတော်၏ လက္ခဏာတော်ငယ် ၂ ပါးတည်း။

၃၃။ ဝိသုဒ္ဓဣန္ဒြိယတာ– မျက်စိ နား နှာခေါင်း လျှာဟူသော ဣန္ဒြေတို့၏ သန့်ရှင်း စင်ကြယ်ခြင်း။ [ကာယိန္ဒြေအတွက်မှာ ရှေ့၌ "ဂတ္တ" ဟူသောနာမည်ဖြင့် ဆိုခဲ့ပြီ။]

၃၄။ ဝဋ္ဌဒါဌတာ–လုံးသော စွယ်တော်ရှိခြင်း။ ["လုံး" ဟူရာ၌ မြတ်လေး ပန်းငုံကဲ့သို့ လုံးခြင်းဟု မှတ်ပါ။] .... ဤကား စွယ်တော်အတွက် လက္ခဏာတော်ငယ် တပါးတည်း။

၃၅။ ရတ္တသြဋ္ဌတာ— နီမြန်းသော နှုတ်ခမ်းတော် ရှိခြင်း။.... [ဤကား နှုတ်ခမ်းတော်အတွက် လက္ခဏာတော်ငယ်တပါးတည်း၊ "အဓရော ရဋ္ဌိတာရုဏော– နှုတ်ခမ်းအစုံသည် ဆေးမဆိုးရဘဲ အရုဏ်ရောင် အသွေးကဲ့သို့ နီတွေးတော်မူသည်" ဟု သုဗောဓာလင်္ကာရကျမ်း၌ ဆိုသည်၊ ဤစကားအရ ဆေးဆိုးထားသဖြင့် ရဲနေအောင် နီသော အနီမျိုး မဟုတ်ဟု မှတ်ပါ။]

၃၆။ အာယတဝဒနတာ – ရှည်လျား၍ ကျယ်ပြန့်သော ခံတွင်းတော် ရှိခြင်း။ .... ဤကား ခံတွင်းတော်အတွက် လက္ခဏာတော်ငယ် တပါးတည်း။

၃၇။ ဂမ္ဘီရပါဏိလေခတာ — လက်၌ အရေးအသားတို့၏ နက်ခြင်း။ [လက္ခဏာ ဟု ခေါ်အပ်သော အရေးအသားတို့သည် အချို့ လူများ၌ မထင်ရှားဘဲ တိမ်၍ နေတတ်၏၊ ဘုရားရှင်၏ လက် အရေး အကြောင်းတို့ကား ထိုသို့ တိမ်၍မနေဘဲ နက်သည်၊ – ဟူလို။]

၃၈။ အာယတနလေခတာ – ရှည်သော လက်အရေးအကြောင်း ရှိတော် မူခြင်း။ [လက္ခဏာဟု ခေါ်သော အရေးအသားတို့သည် အချို့ ပုဂ္ဂိုလ်တို့၌ ခပ်တိုတိုနှင့် ပြတ်၍ နေတတ်၏။]

၃၉။ ဥဇုကလေခတာ – ဖြောင့်မတ်သော အရေးအကြောင်းရှိခြင်း။

၄၀။ သုရုစိရသဏ္ဌာနလေခတာ — လက္ခဏာ အရေး အကြောင်းတို့၏ အလွန်တင့်တယ်သော ပုံသဏ္ဌာန်ရှိခြင်း။ .... ဤကား လက္ခဏာ ဟု ခေါ်ရသော အရေးအကြောင်းတို့၏ လက္ခဏာတော်ငယ် ၄ ပါးတည်း။

၄၁။ ပရိမဏ္ဍလကာယ ပဘာဝန္တတာ — ကိုယ်တော်၏ ပတ်ဝန်းကျင်၌ တလံမျှလောက် အရောင်အဝန်းရှိခြင်း။ ဤကား ကိုယ်တော် အရောင်၏ လက္ခဏာတော်ငယ် တပါးတည်း။

၄၂။ ပရိပုဏ္ဏကပေါလတာ – ပြည့်ဖြိုးသော ပါးစောင်တော် ရှိခြင်း။ .... ဤကား ပါးတော်အတွက် လက္ခဏာတော်ငယ် တပါးတည်း။ [အချို့ လူတို့၏ ပါးစောင်သည် မိုမိုမောက်မောက် မရှိဘဲ ပြားချပ်ချပ် နေတတ်၏။]

၄၃။ အာယတဝိသာလနေတ္တတာ – ရှည်လည်းရှည် ကျယ်လည်းကျယ်သော မျက်လုံးတော်ရှိခြင်း။

၄၄။ ပဋ္ဌပသာဒဝန္တနေတ္တတာ – အကြည်ဓာတ် ၅ မျိုးပါသော မျက်လုံးတော်ရှိခြင်း။ [ရောင်ခြည်တော်ဖွင့် ဂါထာ၌ ပြခဲ့သည့်အတိုင်း နီလ ပီတ လောဟိတ သြဒါတ မဉ္ဇိဋ္ဌအရောင် ၅ မျိုးပါသည်ကို ဆိုလိုဟန် တူပါသည်။] ..... ဤကား မျက်လုံးတော် အတွက် လက္ခဏာတော်ငယ် ၂ ပါးတည်း။

၄၅။ အာကုဋ္ဌိတဂ္ဂပခုမတာ — ကော့၍ အထက်သို့ အဖျားလှည့်သော မျက်တောင်မွေးတော်ရှိခြင်း။ ....ဤကား မျက်တောင်မွေးတော် အတွက် လက္ခဏာတော်ငယ် တပါးတည်း။

၄၆။ မုဒုတနုကရတ္တဇိဝှတာ — နုလည်းနု ပါးလည်းပါး နီလည်းနီသော လျှာတော်ရှိခြင်း။ .... ဤကား လျှာတော်၏ လက္ခဏာတော်ငယ် တပါးတည်း။

၄၇။ အာယတရူစိရကဏ္ဍတာ – ရှည်သော တင့်တယ်သော နားရွက်တော် ရှိခြင်း။ .... ဤကား နားရွက်တော် အတွက် လက္ခဏာတော်ငယ် တပါးတည်း။ ["ရှည်"ဟု ဆိုသော်လည်း အချို့ ဆင်းတုတော်များ၌ ထုထားသကဲ့သို့ ပခုံးတော်ထောက်အောင် ရှည်လျားသည် မဟုတ်ပါ၊ ကျို၍ မသွားအောင် ရုပ်တုတော် ပြုလုပ်သော ဆရာတို့က ထောက်ထားဟန် တူပါသည်။]

၄၈။ နိဂ္ဂဏ္ဌိသိရတာ – အဖုအထစ်မရှိသော အကြောတော် ရှိခြင်း။

၄၉။ နိဂ္ဂူဠ္ဍသိရတာ — အသားအထက်၌ ပေါ်တက်၍မနေဘဲ အသားအတွင်း၌ မြုပ်နေသော အကြောတော်ရှိခြင်း။ [များစွာသော လူတို့၏ အကြောကား ပေါ်ထင်နေသည်။]

၅၀။ ဝဋ္ဋဆတ္တနိဘစာရုသီသတာ – လုံးဝိုင်းသော ထီးကဲ့သို့ အရောင်ဖြင့် တင့်တယ်သော ဥုးခေါင်းတော်ရှိခြင်း = ဥုးခေါင်းတော်၌ ထီးဝိုင်းကဲ့သို့သော အရောင်ဝိုင်းရှိတော်မူခြင်း။ [သီဟိုဠ်ရေးရုပ်တုတော်များ၌ ဤကဲ့သို့သော အရောင်ဝိုင်းပုံသဏ္ဌာန် ဥုးခေါင်းတော်၌ ပါရှိသည်။] .... ဤကား ဥုးခေါင်းတော်၏ လက္ခဏာတော်ငယ် တပါးတည်း။

၅၁။ အာယတပုထုနလာဋ္ဌ သောဘတာ – ရှည်လျားပြန့်ကျယ်သော နဖူးတော်ဖြင့် တင့်တယ်တော်မူခြင်း။ ဤကား နဖူးတော်၏ လက္ခဏာတော်ငယ် တပါးတည်း။

၅၂။ သုသဏ္ဌာနဘမုကတာ – ကောင်းသောပုံသဏ္ဌာန်ရှိသော မျက်ခုန်းတော် ရှိခြင်း။ [သုဗောဓာလင်္ကာရကျမ်း၌ " သမာနတာ ဘမုစာယံ, ဇိနာ နဝဋ္ဌိတာ တဝ – (အို မြတ်စွာဘုရား) ရှင်တော်ဘုရား၏ မျက်ခုန်းတော်သည် မဆွဲမငင်အပ်ပါဘဲ လ၏ အရေးကဲ့သို့ ကွေး၍နေပါသည် ဘုရား"ဟု ဆိုသည်။]

၅၃။ သဏှဘမုကတာ – သိမ်မွေ့သော မျက်ခုန်းတော်ရှိခြင်း = မျက်ခုန်းမွေးများ မကြမ်းတန်းဘဲ သိမ်မွေ့သော မျက်ခုန်းတော်ရှိခြင်း။

၅၄။ အနုလောမဘမုကတာ – အရင်း အဖျား လျော်သော မျက်ခုန်းတော် ရှိခြင်း။

၅၅။ မဟန္တဘမုကတာ – ကြီးသော မျက်ခုန်းတော်ရှိခြင်း။

၅၆။ အာယတဘမုကတာ – ရှည်သော မျက်ခုန်းတော် ရှိခြင်း။ ..... ဤကား မျက်ခုန်းတော်၏ လက္ခဏာတော်ငယ် ၅ ပါးတည်း။

၅၇။ သုခုမာလဂတ္တတာ – ကိုယ်တော်၏ အလွန်နုပျိုခြင်း။ [သက်တော်ကြီးစေကာမူ အိုရုပ် ပုံသဏ္ဌာန် မပေါ်, နုပျိုသော ပုံသဏ္ဌာန် ရှိတော်မူခြင်း။]

၅၈။ အတိဝိယ သောမ္မဂတ္တတာ – အလွန် အေးမြသော ကိုယ်တော်ရှိခြင်း။

၅၉။ အတိဝိယ ဥဇ္ဇလိတ ဂတ္တတာ — ညိုညို မှိန်မှိန် မဟုတ်ဘဲ အလွန် တောက်ပသော ကိုယ်တော်ရှိခြင်း။

၆၀။ ဝိမလဂတ္တတာ – ညစ်ကြေးမတင် သန့်စင်သော ကိုယ်တော်ရှိခြင်း။

၆၁။ ကောမလဂတ္တတာ – နုညံ့သော ကိုယ်တော်ရှိခြင်း။ ["ပါဒေ တုမှံ နမဿာမိ, ဒုဝေ ကမလကောမလေ – အရှင်ဘုရားတို့၏ ကြာပဒုမ္မာကဲ့သို့ နုညံ့သော ခြေတော်တို့ကို ရှိခိုးပါ၏" ဟု ရှေးပညာရှိတို့ စပ်ဆိုကြသည်။]

၆၂။ သိနိဒ္ဓဂတ္တတာ – ပြေပြစ် ညက်ညော ချောမောသော ကိုယ်တော်ရှိခြင်း။

၆၃။ သုဂန္ဓတနုတာ – ကောင်းသောအနံ့ရှိသော ကိုယ်တော်ရှိခြင်း။ .... ဤကား ကိုယ်တော်၏ဂုဏ်နှင့်စပ်၍ လက္ခဏာတော်ငယ် ၇ ပါး တည်း။ [ရှေ့၌ ကိုယ်ဖြင်နှင့်စပ်၍ လက္ခဏာတော်ငယ် ၈ပါးကို ပြခဲ့သည်။]

၆၄။ သမလောမတာ – အနိမ့်အမြင့် ညီမျသော မွေးညှင်းတော်ရှိခြင်း။ [များစွာသော လူတို့၏ မွေးညှင်းများသည် အနိမ့်အမြင့် မညီကြချေ။]

၆၅။ ကောမလလောမတာ – နုညံ့သော အမွေးတော်ရှိခြင်း။ [တချို့ လူများ၏ အမွေးသည် ကြမ်းနေ၏။]

၆၆။ ဒက္ခိဏာဝဋ္ဋလောမတာ–လက်ျာရစ်လည်သော အမွေးတော်ရှိခြင်း။

၆၇။ ဘိန္နဥ္ဇန သဒိသနီလကောမလတာ – ကွဲသော မျက်စဉ်းကျောက် အဆင်းနှင့်တူသော ညိုသော အမွေးတော်ရှိခြင်း။

(အဋ္ဌမအကြိမ်)

၆၈။ ဝဋ္ဋလောမတာ – လုံးသော အမွေးတော်ရှိခြင်း။

၆၉။ သိနိဒ္ဓလောမတာ – ညက်ညောသော မွေးညှင်းတော်ရှိခြင်း။ ..... ဤကား မွေးညှင်းတော်၏ လက္ခဏာတော်ငယ် ၆ ပါးတည်း။

၇၀။ အတိသုခုမအဿာသ ပဿာသဝေရဏတာ – အလွန် သိမ်မွေ့သော ထွက်သက် ဝင်သက်ကို ဆောင်တော်မူခြင်း၊ " အသက် အရှူ အရှိုက် မကြမ်း " ဟူလို၊ .... ဤကား အဿာသ ပဿာသ၏ လက္ခဏာတော်ငယ် တပါးတည်း။

မှတ်ချက် ။ ။ အာနာပါနကမ္မဋ္ဌာန်း အားထုတ်သော ပုဂ္ဂိုလ်များ၏ ထွက်သက် ဝင်သက်များလည်း တဖြည်းဖြည်း ငြိမ်သက်၍ ကမ္မဋ္ဌာန်း အသားကျသောအခါ ရှူမှုန်းရှိုက်မှုန်း မသိရလောက်အောင် ငြိမ်သက်ကြပေသည်။

၇၁။ သုဂန္ဓမုခတာ – ကောင်းသောအနံ့ရှိသော ခံတွင်းတော်ရှိခြင်း။ .... ဤကား ခံတွင်းတော်၏ လက္ခဏာတော်ငယ် တပါးတည်း။ [သဒ္ဓမ္မဒေသနာကာလေ, သာဓု သာဓူတိ ဘာသတော၊ မုခတော ဇာယတေ ဂန္ဓော, ဥပ္ပလံဝ ယထောဒကေ = သူတော်ကောင်းတရားကို ဟောတော်မူသောအခါ "သာဓု" ခေါ်သော ကောင်းမှုသည် နောက်ဘဝ၀ယ် အာခံတွင်းမှ ကြာညိုပန်းနံ့သင်းပါသတဲ့။]

၇၂။ သုဂန္ဓမုဒ္ဓနတာ–ဥုးထိပ်တော်၏ မွေးကြိုင်သော အနံ့ရှိခြင်း။..... ဤကား ဥုးထိပ်တော်၏ လက္ခဏာတော်ငယ် တပါးတည်း။

၇၃။ သုနီလကေသတာ – အလွန်ညိုသော ဆံတော်ရှိခြင်း။

၇၄။ ဒက္ခိဏာဝဋ္ဋကေသတာ – လက်ျာရစ်လည်သော ဆံတော်ရှိခြင်း။

၇၅။ သုသဏ္ဌာနကေသတာ – ကောင်းသော ပုံသဏ္ဌာန်ရှိသော ဆံတော် ရှိခြင်း။

(အဋ္ဌမအကြိမ်)

၂၆။ သိနိဒ္ဓသဏ္ဌ ကေသတာ– ညက်ညော သိမ်မွေ့သော ဆံတော်ရှိခြင်း။
[စာအုပ်တို့၌ "သိနဒ္ဓကေသတာ, သဏ္ဌကေသတာ" ဟု ၂ ပုဒ် ခွဲလျက်ရှိသည်။]

၂၇။ အလုဋ္ဌိတကေသတာ – မရှုပ်သော ဆံတော်ရှိခြင်း။

၂၈။ သမကေသတာ – အနိမ့် အမြင့် ညီမျှသော ဆံတော်ရှိခြင်း။

၂၉။ ကောမလကေသတာ – နုညံ့သော ဆံတော်ရှိခြင်း။ ..... ဤကား ဆံတော်၏ လက္ခဏာတော်ငယ် ၂ ပါးတည်း။

၃၀။ ကေတုမာလာရတနဝိစိတ္တတာ–"ကေတုမာလာ"ဟု ခေါ်အပ်သော ရတနာရောင်ဖြင့် လွန်စွာသပ္ပါယ် ဆန်းကျယ်တော်မူခြင်း။

မှတ်ချက်။ ။ဥုးခေါင်းတော်မှထွက်၍ အထက် ဥုးထိပ်၌ အစုံဖြစ်လျက် ထင်းလင်းနေသော အရောင်ကို "ကေတုမာလာရောင်"ဟု ခေါ်ကြ၏၊ ထို အရောင်တော်ကို ပုံသဏ္ဌာန်ပေါ်အောင် ယခုခေတ် ဆင်းတုတော်များ၏ ဥုးထိပ်တော်၌ စုနေသောအရောင်ပုံကို ထုလုပ်ကြ၏၊ သို့သော် ထို အရောင်ပုံသည် များသော အားဖြင့် ဆံပင်တော် အရောင်ကဲ့သို့ ညိုမှောင်နေရကား တချို့က "ယောင်ပုံ-ယောင်ထုံးပုံ"ဟု ထင်မှားကြလေသည်၊ ထိုသို့ မထင်မှားရအောင် ဥုးထိပ်တော်၌ အရောင်အဝါ စုနေပုံကို ပြနိုင်လျှင် သာ၍ သဘာဝကျပေလိမ့်မည်။

လက္ခဏာတော်ငယ် (၈၀) ပြီး ပြီ။

တိုက်တွန်းချက်။ ။ ဤ လက္ခဏာတော်ငယ်များကိုလည်း တပါးစီ တပါးစီ စဉ်းစား၍ ဗုဒ္ဓါနုဿတိဘာဝနာကို ပွားများကြပါလေ၊ ဤနေရာ ဝယ် ရတနာဂုဏ်ရည်၏ အစွဲ့ ပြအပ်ခဲ့သော အောက်ပါ ဂါထာကိုလည်း အနက်နှင့်တကွ ဘုရားအာရုံရအောင် ရွတ်ကြ ဖတ်ကြပါလေ။

ပစ္ဆိမံ ဖလဒါနေန,
ဗဟုံ ပစိတပါရမီ၊
တဿ ဝေသံ သုမာပေန္တိ,
ကေနာပိ အသမံ သမံ။

ဗဟုံ – ဤ၍ ဤမျှ, ဂဏန်းချ၍, မရနိုင်းညို, အတိုင်းမရှိရလေအောင်၊ ပစိတပါရမီ–လေးသခြေကိန်း, ကပ်တသိန်းက, ထိန်းသိမ်းစုဆောင်း, ပါရမီ တော်အပေါင်းတို့သည်၊ ပစ္ဆိမံ ဖလဒါနေန– ဖြစ်ပျက်ဖန်ခါ, သံသရာဝယ်, ခန္ဓာကိုယ်ရေး, အဆုံးစွန် အကျိုးပေးသောအားဖြင့်၊ တဿ ဘဂဝတော– ထို ရွှေဘုန်းတော်သခင်, ရှင်တော်မြတ်ဘုရား၏၊ ဝေသံ–ရွှေမျက်နှာတော်, လက် ခြေတော်နှင့်, ကိုယ်တော်သဏ္ဌာန်, ပုံဟန်ထင်ပေါ်, အသွင်အပြင်တော်ကို၊ ကေနာပိ–လူမင်း နတ်မင်း, ဗြဟ္မာမင်းဝယ်, ဘယ်သူတယောက်နှင့်မျှ၊ အသမံ – လက္ခဏာတော် ကြီးငယ်, အသွယ်သွယ်ဖြင့်, ဘယ်ဝယ်တိုင်းကာ, မနှိုင်းသာသည်ဖြစ်၍၊ သမံ – တကိုယ်တော်လုံး, ရွှေတုံးရွှေနှစ်, ဇမ္ဗူရာဇ်သိုက်, နာရဏီမျှ, သာကီစင်သွေး, အယဉ်ကျေးဆုံးဖြစ်ရလေအောင်၊ သုမာပေန္တိ– တက်သစ်နေဝန်း, ထွန်းသစ် လစန်း, ပွင့်သစ်ပန်းသို့,.... ဆန်းအဖုံဖုံ, ခန်းစုံအောင်, အစွမ်းကုန် ဖန်ဆင်းလိုက်ကြမေသည် တကား။

အရှင် ဇနကာဘိဝံသ၏ ရိုက်နှိပ်ပြီး ကျမ်းစာမျှား

၁။ ရတနာဂုဏ်ရည်။
၂။ အခြေပြုသဒ္ဒါ။
၃။ ဝိထိနှင့် ၃ ချက်စုဘာသာဋီကာ။
၄။ ပါတိမောက်ဘာသာဋီကာ
၅။ ကစ္စည်းဘာသာဋီကာ (ပ, ဒု)
၁၁။ ရူပ်ပုံ ရှင်ကျင့်ဝတ်။
၁၃။ ပြဟ္မဇာလသုတ် မြန်မာပြန်
၁၅။ ဗုဒ္ဓဝင် အမေး အဖြေ။
၁၆။ မူလတန်းသဒ္ဒါနှင့် ပါဠိသိက္ခာ။
၁၇။ ကခ်ါဘာသာဋီကာ (ပ, ဒု)
၁၈။ အလက်ာဘာသာဋီကာ
၁၉။ ဘုရားဥပဒေတော်ကြီး
၂၀။ ဘာသာသေး
၂၁။ ပါရာဇိကဏ်ဘာသာဋီကာ (ပ, ဒု, တ, စ)
၂၂။ သဒ္ဒတ္ထဘေဒစိန္တာ ဘာသာဋီကာ
၂၃။ ကစ္စာယနသာရ ဘာသာဋီကာ } ၂ အုပ်တွဲ
၂၄။ ဋီကာကျော် နိဿယ
၂၅။ ပါစိတ်ဘာသာဋီကာ
၂၆။ မဟာဝဂ္ဂ ဘာသာဋီကာ
၂၇။ စူဠဝဂ္ဂ ဘာသာဋီကာ
၂၈။ ပရိဝါရဘာသာဋီကာ
၂၉။ အဋ္ဌသာလိနီဘာသာဋီကာနှင့် } ပ, ဒု, တ, စ
၃၀။ မူလဋီကာနိဿယ
၃၁။ သီလက္ခန်ဘာသာဋီကာ (ပ, ဒု, တ, စ)
၃၂။ ခုဒ္ဒသိက္ခာ ဘာသာဋီကာ

၄။ အခြေပြုသင်္ဂီဟ်။
၉။ သင်္ဂီဟ်ဘာသာဋီကာ။
၆။ ကိုယ်ကျင့် အဘိဓမ္မာ။
၈။ ရူပသိဒ္ဓိဘာသာဋီကာ-ပ, ဒု
၁၀။ အနာဂတ်သာသနာရေး
၁၂။ အခြေပြုမင်္ဂလသုတ်။
၁၄။ သာမညဖလသုတ် မြန်မာပြန်

၁၉၃၉–ခု၊
အင်္ဂမအာကြိမ်, အုပ်ရေ (၂၀၀၀)။

ထုတ်ဝေသူ— (မောင်အောင်ခန့်)
မှတ်ပုံတင်နံပါတ် (၀၁၆၂၄၄)။
အမှတ်(၅၀၃), ဂ၂ လမ်း၊ ၃၆/၃၃ လမ်းကြား, မန္တလေးမြို့။

ပုံနှိပ်သူ—"လွင်"ပုံနှိပ်တိုက် မြို(၀၂၀၀၄)။
အမှတ် (၅၀၃), ဂ၂-လမ်း, ၃၆/၃၃ လမ်းကြား, မန္တလေး။

[သရိုင်စာပေမှ ထုတ်ဝေသည်။]

နွင်ဖြူချက်အမှတ် [၉၁၄၀]

စာဝန်ခံ ဖြန့်ချီသူ—

မောင်အောင်ခန့်–(နယူးဘားမား စာအုပ်ချုပ်လုပ်ငန်း)
အမှတ် (၅၀၃), ဂ၂-လမ်း, မန္တလေး။

[redacted]

အရှင်ဇနကာဘိဝံသ

[redacted]

[redacted]

ရုပ်ပုံ ရှင်ကျင့်ဝတ်

အခြေခံ နိဒါန်း

ရှင်သာမဏေအစ။ ။ဟုရားပွင့်တော်မူစဉ် သာသနာ့ဝင်လို့ သူများသည် ရှင်သာမဏေ ဘဝ၌ ရပ်နားခြင်းမရှိဘဲ တခါတည်း ရဟန်းဘဝသို့ ရောက်ကြကုန်၏၊ နောက်မှသာ "အသက်-၂၀ မပြည့်လျှင် ရဟန်းမပြုရ"ဟု ပညတ်တော်မူသောကြောင့် ရှင်သာမဏေများ ဖြစ်ပေါ်လာရပေသည်။ ထိုအခါ သာမဏေအရွယ် အစားစား ရှိနေပြန်ရာ အမျိုးတမျိုး၌ "အဟိဝါတ" မည်သော ကူးစက်တတ်သော ရောဂါကြောင့် တမျိုးလုံး သေဆုံး၍ သားအဘ ၂-ယောက်သာ ကျန်ရစ်သဖြင့် ထိုသားအဘ ၂-ယောက်လုံးပင် ရှင်ရဟန်း ပြုကြလေသည်။

ထိုနောက် နံနက်အခါ ဆွမ်းခံသွားလတ်သော် အဘ ရဟန်းအား ဆွမ်းလောင်းသောအခါ နောက်ကျန်ရစ်သော သား ကိုရင်ကလေးသည် ပြေးလာ၍ "အဘော....အဲဒီဘရတဲ့ ထမင်းကို ကျုပ်လဲ ပေးပါဦး"ဟု တောင်းရှာ၏၊ ထိုသို့ဖြစ်ပုံကို မြင်၍ သနားတတ်သူတို့က သနားကြမည် ဖြစ်သော်လည်း အတွေးနက်သူတို့ကမူ "ဤရဟန်းတွေဟာ မေထုန်ကို မရှောင်ကြဉ်၊ ဒီ ကိုရင်ကလေးလဲ ဘိက္ခုနီမက မွေးတာဘဲ" ဟု အလဲထင်၍ ပြစ်တင် ကဲ့ရဲ့ကြလေသည်။ ထိုအကြောင်းကို ဟုရားရှင်

အားကိုးရာမဲ့ပုံကို ငဲ့တော်မူသောကြောင့် ဖြစ်၏၊ ယခုကာလ ဤကား ဤ ခွင့်ပြုတော်မူချက်အရ အရွယ်ကို ပမာဏ မထား တော့ဘဲ ရှင်ပြုလေ့ရှိကြ၏၊ သို့သော် အရွှင်အာနန္ဒာကဲ့သို့ ဆရာကောင်း ဖြစ်သူတို့က အမြဲ ကြည့်ရှုနိုင်မှ ရှင်ပြုရကျိုး နပ်ပေလိမ့်မည်၊ ထိုသို့ မကြည့်ရှုနိုင်လျှင်ငင်း, ကြည့်ရှုနိုင် သော်လည်း ကိုရင်ကလေးက မလိုက်နာလျှင်ငင်း ယခုပြမည့် ရှင်ကျင့်ဝတ်နှင့် ပြဒါး တလမ်း သံတလမ်း ဖြစ်ဘွယ်ရှိရကား မိမိသားငယ် တပည့်ငယ်များကို လောကဓမ္မ မနစ်နာရအောင် (သနားစဘွယ် ငယ်လွန်းသောကလေးများကို ကျောင်းသား ဖိုးသူတော်အဖြစ်ဖြင့် ထိန်းသိမ်းထား၍) ရှင်ကျင့်ဝတ်အတိုင်း နေနိုင်လောက်မှသာ ရှင်ပြုပေးသင့်ကြပါသည်၊ ဤသို့ တိုက် တွန်းရခြင်း အကြောင်းကို အောက်ပါအချက်များဖြင့် ရှင်းပြ ပါဦးမည်။

၁။ လွတ်လပ်ပြီးသော ပြည်ထောင်စု မြန်မာနိုင်ငံတော် ဝယ် ဌာနတိုင်း၌ စံနစ်တကျရှိအောင် ရှေးဦးစွာ ထူထောင်ပြီးလျှင် စံနစ်တကျရှိပြီးသော ဌာနကို လည်း ဆင့်တက်တိုးပွါးအောင် ကြိုးစားဘို့ အရေး ကြီးပါသည်၊ ထို ဌာနပေါင်း များစွာတို့တွင် ဗုဒ္ဓ မြတ်စွာ၏ သာသနာရှေးဌာနလည်း အပါအဝင် ဖြစ်၏၊ ဤဌာနကို စံနစ်တကျ ဖြစ်စေပြီးနောက် တိုးတက်အောင် ပြုပြင်နိုင်ပါလျှင် နိုင်ငံတော်မှာ လွန်စွာ ကျေးဇူးများသော အထွတ်အထိပ်ဌာန ဖြစ်နိုင်ပါသည်။

ကြားသိတော်မူ၍ " တဆယ့်ငါးနှစ် အသက်ပြည့်မှ ကိုရင်ဝတ် ပေးရမည်"ဟု ပဌမ ပညတ်တော်မူသည်။

ကျီးချောက်နိုင်လျှင် ရှင်ပြုတော့။ ။ထိုသို့ပညတ်တော်မူပြီး နောက် အရွှင်အာနန္ဒာ၏ ဒါယကာ အမျိုးလည်း ထို"အဟိဝါတ" ရောဂါဆိုးကြောင့် ပင် ပျက်စီးခြေလေရာ လူမမယ်ကလေး ၂-ယောက်သာ ကျန် ရစ်၏၊ ထိုကလေး ၂-ယောက်သည် မိဘများ လက်ထက်က ရဟန်းများနှင့် အရောတဝင်နေလေ့ရှိသည့်အတိုင်း ထိုအချိန် မှာ ရဟန်းတော်များကို သာ၍ အားကိုးရှာသဖြင့် ရဟန်း တော်များ မြင်လျှင် ပြေးလာကြကုန်၏၊ ထိုအခါ ကရုဏာ ကင်းမဲ့သော ရဟန်းတို့က ငေါက်ငမ်းကြသော ကြောင့် ကလေးတွေ ငိုကြရှာလေသည်။

ထိုဖြစ်ပုံကို အရွှင်အာနန္ဒာ မြင်ရ၍ သနားခြင်း ပြင်းပြ သော်လည်း တဆယ့်ငါးနှစ် မပြည့်သေးရကား ရှင်ပြုပေးလိုပါ လျက် မပေးသာသောကြောင့် ဘုရားရှင်အား အကြောင်းစုံ ကို လျှောက်ရလေသည်၊ ထိုအခါ "ကျီးချောက်နိုင်လောက်ပြီ လား=(မိမိရှေ့၌ ချထားသော ဆွမ်းကို ကျီးမနှိုက်အောင် ခြောက်၍ စားနိုင်လောက်ပြီလား)" ဟု မေးတော်မူ၍ "ခြောက်နိုင်လောက်ပါပြီ" ဟု လျှောက်ထားသဖြင့် "ကျီး ခြောက်နိုင်လောက်သော ကလေးကို တဆယ့်ငါးနှစ် မပြည့် သေးသော်လည်း ရှင်ပြုပေးနိုင်၏"ဟု ခွင့်ပြုတော်မူသည်။

ကျင့်နိုင်ခြင်းသာ ပဓာန။ ။ဤ ခွင့်ပြုတော် မူချက်သည် သနားစဘွယ် ကလေးများ၏

မှန်၏ – များစွာသော တိုင်းသူပြည်သားတို့သည် ဗုဒ္ဓမြတ်စွာဘုရား၏ တရားတော်ကို လေးစားသော ဗုဒ္ဓဘာသာဝင် **တို့သာ** ဖြစ်ကြသည်၊ ထို ဗုဒ္ဓဘာသာဝင် အများ**တို့သည်** ကောင်းမွန်စွာ နေထိုင်သော ရဟန်းသံဃာတော်များ**ကို** ကြည်ညိုကိုး**စား** အား**ထား**ကြသဖြင့် ထို သံဃာတော်များ**၏** သြဝါဒကိုလည်း လေးစား ယုံကြည်**ကြ**တုန်းပင် ဖြစ်**သည်**။

၂။ **ယခုအခါ** နိုင်ငံတော်၌ **ကိုယ်**ကျင့်စာရိတ္တ ပြုပြင်ဘို့**ရာ** ကျယ်**လောင်**စွာ **ကြွေး**ကြော်လျက်**ရှိ**၏၊ ဗုဒ္ဓရှင်တော်မြတ်၏ သြဝါဒဒေသနာတော်**သည်** ထို စာရိတ္တပြုပြင်မှုကို အခြေ**အ**မြစ်**ကစ**၍ တိကျပြတ်သား**စွာ** ညွှန်ပြတော်မူ၏၊ ထို**ဝါ**ဒအတိုင်း မလိုက်နာသူ, **သို့**မဟုတ် ပင်ကိုယ်**ကောင်း**မဟုတ်သူသည် ထိုစာရိတ္တကို ပြုပြင်**ထား**စေ**ကာ**မူ "**ခွေး**မြီး**ကောက်** ကျည်တောက်**စွပ်**" သကဲ့သို့ မကြာမီပင် နဂိုရိပျက်မြဲတိုင်း ပျက်ဘွယ်ရှိ၏၊ ဗုဒ္ဓရှင်တော်မြတ်၏ သြဝါဒကို လိုက်နာသူကား တမင်လာ ဖျက်**စေ**ကာမူ **စာ**ရိတ္တမပျက်ရုံသာ မက, ဆ**တက်**တိုး ထမ်းပိုး သာ၍ မြှောင်ပါလိမ့်**မည်**၊ [ပင်ကိုယ်**ကောင်း**နေသူလည်း မည်**သည့်** ဘာသာဝင်**မ**ဆို ဘုရားအလိုတော်နှင့် သင့်လျော်ပြီးသူပင် ဖြစ်၏။]

၃။ သြဝါဒကို **အ**ခြေအမြစ်ကစ၍ ထိ**နှး**သိမ်း**စေ**ာင့်ရှောက်ရသော ဆရာတော် သံဃာတော်များသည် တိုင်းသူပြည်**သား**တို့၏ စာရိတ္တပြုပြင်မှု၌ အထူး ကြောင့်ကြစိုက်ကြပါမူ တိုင်းသူပြည်သား**တို့**သည် အဘယ်မှာ

စာရိတ္တမကောင်းဘဲ ရှိနိုင်**ပါ**မည်နည်း၊ သို့သော် "တိုင်းသူပြည်သား**တို့**၏ စာရိတ္တကို ပြုပြင်ကြတော့**မည်**"ဟု ကြံစည်သည်နှင့် တပြိုင်နက် မိမိ**တို့**၏ စာရိတ္တကိုလည်း အဘက်ဘက်က အချက်ကျအောင် ပြုပြင်ပြီး ဖြစ်**မှသာ** အပြုပြင်ခံ**ရ**သော တိုင်းသူပြည်သား**တို့** လိုက်နာလိုကြပေမည်၊ မိမိ**တို့** စာ**ရိတ္တက** မလုံလောက်ပါဘဲ "**ငါ**ဆို-မဆို**နဲ့**, နင်ဆို-ဆို" ဟူသော ပြောဟော ပြုပြင်ခြင်းမျိုးကား အကျိုးမရသည့်**ပြင်** အပြစ်တင်သာ ခံရတတ်**ပါ**သည်။

အတ္ထာနမေဝ ပဌမံ၊ ပဋိရူပေ နိဝေသယေ။
အထညမနုသာသေယျ၊ န ကိလိဿေယျ ပဏ္ဍိတော။

ပဌမ ရှေးဦး**စွာ** မိမိကိုယ်**ကို** သင့်**တော်သော** ဂုဏ်၌ သွင်း**ထား**ရမည်၊ ထို့နောက်မှ သူတပါး**ကို** မိမိကဲ့သို့ ဖြစ်အောင် သွန်သင် ဆုံး**မ** နည်းလမ်း**ပြ**ရမည်၊ မိမိသော်မှ မပြုနိုင်သော ကိစ္စဝယ် သူတပါး**ကို** တိုက်တွန်းလျှင် အကျိုးမရဘဲ သူတပါးအထံမှ အကဲ့ရဲ**ကို**သာ ခံရတတ်သည်၊ အကြောင်းအကျိုး မြင်သိသော ပညာရှိသည် ထို့သို့ အကဲ့ရဲခံရခြင်း**ဖြင့်** **မိမိကိုယ်ကို** မပင်ပန်းပါစေလင့်။ (ဓမ္မပဒ, အတ္တဝဂ်, ဥပနန္ဒ ဝတ္ထု)

၄။ ထို့ကြောင့် တိုင်းသူပြည်**သား**တို့ အကိုးကွယ်ကို ခံယူကာ ဆရာလုပ်၍ နေကြရ**သော** ရဟန်း သံဃာတော်များသည် မိမိ**တို့**၏ ကိုယ်ကျင့် စာရိတ္တကို ပဌမဦး**စွာ** ပြုပြင်ရာ၌ ရှင်သာမဏေဘဝမှ စ၍ ပြုပြင်သင့်သော

ကိုယ်ကျင့်များကို ပြုပြင်နှင့်ဘို့ရာ ရှေး ဆရာတော်များသည် "ရှင်ကျင့်ဝတ်" ဟူသော နာမည်ဖြင့် (ရဟန်းတော်များလည်း ကျင့်ရမည့်) "သေခိယသိက္ခာပုဒ်"များကို ဝိနည်းပါဠိတော်ကြီးမှ ထုတ်ဖော်ညွှန်ပြခဲ့ကြပေသည်၊ ထို ရှင်ကျင့်ဝတ်၌ သင်္ကန်း ဝတ်ပုံ ရုံပုံ စားပုံ သောက်ပုံ မြို့ရွာအတွင်း နေထိုင်ပုံ မှစ၍ စုံလင်စွာပင် ဘုရားရှင် ပညတ်တော်မူထားပေသည်။

၅။ ထို ရှင်ကျင့်ဝတ်အတိုင်းသာ နေထိုင် သွားလာ စားသောက်ကြပါလျှင် "ရဟန်းကျင့်ဝတ်၊ တပါးတတ်က၊ လူ နတ် ဦးခိုက်၊ ရှိခိုးထိုက်၏" ဟု ရှေး ဆရာမြတ်တို့ မိန့်တော်မူအပ်သည်နှင့် အညီ လူကြီး လူကောင်း အများပင် ရှိခိုးဦးချချင်စရာ လွန်စွာ ကြည်ညိုဘွယ် ကောင်းသော ရှင်သာမဏေကလေးတပါး ဖြစ်ပါလိမ့်မည်။

၆။ ထို ရှင်ကျင့်ဝတ်များကို တပါးတလေ ချုတ်ယွင်းနေပြန်လျှင်လည်း "ရဟန်းကျင့်ဝတ်၊ တပါးချုတ်က၊ လူ နတ် မကြိုက်၊ ကဲ့ရဲ့ထိုက်၏" ဟူသော ရှေး ဆရာတော်ကြီးများ၏ အမိန့်တော်နှင့်အညီ မြန်မာတိုင်းဘွား ဗုဒ္ဓဘာသာဝင်များပင် ကြည်ညိုချင်ဘွယ် မကောင်းသော မောင်ရှင်ကလေး ဖြစ်မည်သာမက နိုင်ငံခြားသားတို့ကမူ ပြည်ထောင်စုအမျိုးသား အားလုံးကိုပင် သိမ်းကျုံး၍ "ဤ လူမျိုးကား အဝတ်ဝါ ဝတ်သူတွေကို ရှိခိုးဦးချ ကိုးကွယ်ကြသောလူမျိုး" ဟု လက်ညှိုးထိုးကြပါလိမ့်မည်။

၇။ ဤ ပြခဲ့သော အကြောင်းများကို အခြေခံထားပြီး လျှင် ရှင်သာမဏေဘဝမှ စ၍ နေပုံ ထိုင်ပုံ ဝတ်ပုံ စားပုံအား ဖြင့် သာသနာတော်နှင့် အမျိုး၏ကျက်သရေဆောင် ဖြစ်ကြစေလိုခြင်း၊ ထိုသို့ ကျက်သရေဆောင် သံဃတော်များ၏ ဩဝါဒကို နာယူရသော အမျိုးသား အမျိုးသမီးများ၏ ကိုယ်ကျင့် စာရိတ္တ မြင့်စေလိုခြင်းကြောင့် "ရှင်ကျင့်ဝတ်" ဟု ထင်ရှားပြီးသော သိက္ခာပုဒ်များကို လေးစားသောစိတ်ဖြင့် သားနှားသစ်လွင်အောင် ရှပ်ပုံပေါင်းများစွာ တန်ဆာဆင်၍ "ရှပ်ပုံ ရှင်ကျင့်ဝတ်"ဟူသော အမည်သစ် ထွင်ကာ စီစဉ် ရေးသားလိုက်ရပါသည်။

ရေးသားပုံ အစီအစဉ်

(က) ရှေးဦးစွာ ခေါင်းရိတ်မှုမှစ၍ ပါဠိတော်နှင့် အဋ္ဌကထာလာသည့်အတိုင်း မြန်မာလို နားလည်အောင် ရေးသားထား၏၊ စိတ်ဝင်စားဘွယ် ကောင်းသော တချို့ အချက်၌ ရှပ်ပုံများကိုလည်း ပြထား၏၊ [ရှပ်ပုံများကို သားသား နားနားနှင့် များများထည့်မည်ဟု ရည်ရွယ်သော်လည်း ရည်ရွယ်ချက် မကိုက်ဘဲ ဖြစ်နေပါသည်။]

(ခ) ထို့နောက် ရှင်သာမဏေများ အတုယူဘွယ်ကောင်း၍ (အလှူကြီးမှ မပေးရလျှင် ကိုရင် မဝတ်ကောင်း

သလောက် အထင်ရောက်နေရှာသော) မိဘတို့လည်း သတိပြုဘွယ်ကောင်းသော ရှေးရှေးက ရှင်သာမဏေများ၏ ဝတ္ထုကြောင်းကိုလည်း ပြထား၏။

(၇) ထို့နောက် ရှင်သာမဏေများကို ဩဝါဒပေးရမည့် ဆရာသမားတို့အတွက် လေးနက်သော မှတ်ချက် အဓိပ္ပါယ်များကို နောက်ဆက်တွဲအနေအားဖြင့် ပါဠို, အဋ္ဌကထာ, ဋီကာတို့မှ ထုတ်ဖော်ညွှန်ပြထား၏။

(၈) ထို့နောက် အမြဲနေနိုင်လောက်သော ရဟန်းလောင်း သာမဏေများနှင့် ဝိနည်းစာပြန်ပဲ့များအတွက် လက်မလွတ်ရအောင် ရှင်ကျင့်ဝတ် ပါဠိအနက် စသည်ကိုလည်း ပြထားပါသည်။

(၉) ဤသို့ စုံလင်စွာ ပြထားသဖြင့် ဤရုပ်ပုံ ရှင်ကျင့်ဝတ် ကျမ်းစာသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကို မြှင့်တင်ရာဝယ် သာသနာရေးဌာနအတွက် လေးနက်သော အထောက်အပံ့ ဖြစ်ပါစေသတည်း။

အရှင် ဇနကာဘိဝံသ

ကဆုန်လဆန်း ၅-ရက်
၁၃၁၄-ခုနှစ်။

မာတိကာ

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
၁။	**ခေါင်းရိတ် ဆံချခဏ်း**	
(က)	သံဃာ့အထံ ခွင့်ပန်ခြင်း	၁
(ခ)	ကမ္မဋ္ဌာန်း ပြောပြပုံ	၅
(ဂ)	ခေါင်းရိတ်ပြီးနောက် နှံသာဖြင့် ပွတ်တိုက်ပေးခြင်း	ဂ
၂။	**သင်္ကန်း ဝတ်ပေးခဏ်း**	
(က)	ဆရာ့အထံ သင်္ကန်းကပ်ခြင်း	၉
(ခ)	ဆရာ့ထံမှ သင်္ကန်းကို ပြန်၍တောင်းခြင်း	၁၁
(ဂ)	သင်္ကန်းဝတ်ခါနီး ဩဝါဒပေးခြင်း.	၁၂
(ဃ)	သင်္ကန်း ဝတ်ပေးပုံ	၁၂
၃။	**သရဏဂုံပေးခဏ်း**	
(က)	သရဏဂုံနှင့် သီလတောင်းခြင်း	၁၆
(ခ)	သရဏဂုံ ပေးခြင်း	၁၈
(ဂ)	ဆယ်ပါးသီလ ပြောပြခြင်း	၂၀
(ဃ)	ဥပဇ္ဈာယ် ယူစေခြင်း	၂၂

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
၄။	**ပစ္စည်း ၄-ပါး ဆင်ခြင်ပုံ သင်ပြခဏ်း**	
	(က) သဏ်နှင်းလက်ာ (အဓိပ္ပါယ်နှင့်တကွ)	၂၅
	(ခ) ဆွမ်းလက်ာ	၂၇
	(ဂ) ကျောင်းလက်ာ	၂၉
	(ဃ) ဆေးလက်ာ	၃၁
၅။	**လိင်ဆယ်ပါး ဒဏ်ဆယ်ပါး သင်ပြခဏ်း**	
	(က) လိင်ကျခြင်း	၃၅
	(ခ) ဒဏ်ထိုက်ခြင်း	၃၇
၆။	**သေခိယ သိက္ခာပုဒ်များကို သင်ပြခဏ်း**	
	(က) ပရိမဏ္ဍလဝဂ် သိက္ခာပုဒ်ဆယ်ပါး	၄၁
	(ခ) ဥဇ္ဇဂ္ဂိကဝဂ် သိက္ခာပုဒ် ဆယ်ပါး	၅၀
	(ဂ) ခမ္မကတဝဂ် သိက္ခာပုဒ် ဆယ်ပါး	၅၁
	(ဃ) သက္ကစ္စဝဂ် သိက္ခာပုဒ် ဆယ်ပါး	၅၄
	(င) ကဗ္ဗဝဂ် သိက္ခာပုဒ် ဆယ်ပါး	၆၂
	(စ) သုရုသုရုဝဂ် သိက္ခာပုဒ် ၁၀-ပါး	၆၅
	(ဆ) ပါဒုကဝဂ် သိက္ခာပုဒ် ၁၅-ပါး	၆၉
၇။	**ခန္ဓကဝတ် ၁၄-ပျိုးကို သင်ပြခဏ်း**	၇၂
၈။	**ကိုယ်ကျင့်တရားတော်များ**	
	ဒသဓမ္မသုတ် ပါဠိ-အနက်	၉၃

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
၉။	**ကမ္မဋ္ဌာန်းဘာဝနာကို သင်ပြခဏ်း**	၉၇
	၃၂-ကောဋ္ဌာသ ကမ္မဋ္ဌာန်း	၁၀၃
၁၀။	**ရှင်သာမဏေများ ဝတ္ထု**	
	(က) ရှင်ရာဟုလာ အကြောင်း ...	၁၂၇
	(ခ) ရှင်ရေဝတ အကြောင်း	၁၃၉
	(ဂ) ရှင်ပဏ္ဍိတ အကြောင်း	၁၄၄
၁၁။	**ဆရာများအတွက် မှတ်ဘွယ်**	၁၅၄
၁၂။	**ရှင်ကျင့်ဝတ် ပါဠိ-အနက် စသည်**	၁၈၈
၁၃။	**ကျမ်းပြီး နိဂုံး**	၂၃၇

ရုပ်ပုံရှင်ကျင့်ဝတ်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

၁-ခေါင်းရိတ်ခဏီး

(ရှင်လောင်း ကျက်ရန်)

တစပဥ္စက ကမ္မဋ္ဌာန်းလက်ာ

ငါ၏ကိုယ်မှာ၊ နှံသာမွေးကြိုင်၊ မြဲခိုင်လှစွာ၊ ကောင်းရာမမြင်၊ ဆံပင်သာရှိ၊ အမွေးရှိ၍၊ ရှိသည့်လက်သည်း၊ ခြေအသည်းနှင့်၊ သွားလည်းတဆေ့၊ အရေတမျိုး၊ ညှဉ်နှံ့ဆိုးသည်၊ အသိုးအပုပ်ချည်းပါတကား။

သံဃာ့အထံ ခွင့်ပန်ခြင်း။ ။ရှင် သာမဏေလောင်းအား ဥပဇ္ဈာယ် ရိတ်ပေးခြင်းကို "ဆံချခြင်း" ဟုခေါ်၏၊ "ဆံပင်ကို အောက်သို့ရိတ်ချခြင်း" ဟု ဆိုလိုသည်၊ ထိုသို့ ဆံမချမီ သာသနာတော်မှာ ထုံးစံတခု ရှိသေး၏၊ ထို ထုံးစံကား-ကျောင်းတိုက်ရှိ သံဃာတော်အများထံ ရှင်လောင်းကို ဆံချမည့်အကြောင်း လျှောက်ထားခွင့်ပန်ရခြင်းတည်း။

ရွှေပန်းထိမ်သည်သား ဝတ္ထု

ဘုရားလက်ထက်တော်၌ ရွှေပန်းထိမ်သည်၏သားကလေး တယောက်သည် မိဘနှင့်စိတ်ဆိုး၍ ကျောင်းသို့ ထွက်ပြေးကာ ရှင်သာမဏေ ပြုနေ၏၊ မိဘတို့သည် ကျောင်းတိုက်သို့ လာ၍ ကလေး၏ ပုံသဏ္ဌာန်ကို ပြောပြပြီးလျှင် "သည်လို ပုံသဏ္ဌာန် ရှိသော ကလေးတယောက်ကို မမြင်ကြပါဘူးလား ဘုရား" ဟု လိုက်၍ မေးကြလေသည်၊ ရဟန်းတော်များကလည်း အမှန်ပင် မမြင်သောကြောင့် "မမြင်ဘူး" ဟု ပြောလိုက်ကြလေသည်။

ထို့နောက် လိုက်၍ရှာသော မိဘတို့သည် ရှင်သာမဏေ ဖြစ်နေသည်ကိုတွေ့ရသောအခါ "ကိုယ်တော်တွေ့လိမ်တယ်" ဟု ကဲ့ရဲ့ကြလေသည်၊ ထိုဝတ္ထုကို အကြောင်းပြု၍ ဆံချခါနီး၌ ဆံချမည့်အကြောင်းကို (သို့မဟုတ် ရှင်ပြုမည့်အကြောင်းကို) သံဃာများထံ ခွင့်ပန် လျှောက်ထားဘို့ရာ ဘုရားရှင် ပညတ်တော်မူလေသည်။ [ဝိနည်းမဟာဝါ, မဟာခန္ဓက, ကမ္မာရဘဏ္ဍု ဝတ္ထု။]

ထိုသို့ ခွင့်ပန်ရာ၌—

(၁) ရဟန်းသံဃာ နည်းပါးသောကျောင်းဖြစ်လျှင် ထိုရဟန်းတော်များ နေရာအသီးအသီးသို့ (ရဟန်းတပါးပါး ဖြစ်စေ, သာမဏေတပါးပါးဖြစ်စေ) ရှင်လောင်းကို ခေါ်သွား၍ "ဤကလေးကို ဆံချမလို့ပါ" ဟု ဖြစ်စေ, "ဤကလေးကို ရှင်သာမဏေ ဝတ်ပေးမလို့ပါ" ဟု ဖြစ်စေ လျှောက်ထားရသည်။

(၂) သံဃာများသော ကျောင်းတိုက်ဖြစ်လျှင် သံဃာတော် အားလုံးကို တနေရာ၌ စုဝေးစေ၍ ရှေးနည်းအတိုင်း လျှောက်ထား ခွင့်ပန်နိုင်၏။

(၃) ရှင်လောင်းကို သံဃာ့အထံ မခေါ်ဘဲလည်း ရဟန်းတပါးပါး, သို့မဟုတ် ကိုရင်တပါးပါးကို စေလွှတ်၍ "မည်သည့်ကလေးကို ရှင်ပြုပေးမလို့ပါ" စသည်ဖြင့် ရှေးနည်းအတိုင်း ခွင့်ပန်နိုင်၏။

(၄) သာ၍များသော ကျောင်းတိုက်ဖြစ်၍ အားလုံးကို ခွင့်ပန်ဘို့ ခဲယဉ်းလျှင် ကျောင်းတိုက်အတွင်းရှိ "ခဏ္ဍသိမ်" ခေါ်သော သိမ်အတွင်းသို့ ခေါ်သွား၍လည်း မည်သူကိုမျှ ခွင့်မပန်ဘဲ ဆံချနိုင်၏။ [ထိုသိမ်၌ ရဟန်းရှိလျှင်ကား ထို ရဟန်းကို ခွင့်ပန်ရဦးမည်။]

(၅) အိမ်တုန်းကပင် ဆံချပြီးခဲ့သူ သို့မဟုတ် လက်နှစ်သစ်မျှ ဆံပင် မရှည်သေးသူဖြစ်လျှင် ဆံချဘွယ်မလို့၊ ဆံကို ထပ်၍ ရိတ်စကာမူ ခွင့်ပန်ဘွယ်လည်း မလို့။ [ရဟန်းသာမဏေများမှာ ဆံပင်ကို လက်၂သစ်ထက်ရှည်အောင် မထားရ။]

တစပဉ္စက ကမ္မဋ္ဌာန်း။ ။သံဃာ့အထံ ခွင့်ပန်ပြီးနောက် ရှင်လောင်းကို ဆံချခါနီး၌ ဆရာ့ရှေ့မှာ ရိုသေစွာ ထိုင်စေ၍ တစပဉ္စက ကမ္မဋ္ဌာန်းကို ပြောပြပါ၊ ထိုသို့ ပြောပြခိုက်၌ မိဘ ဉာတိများ လာနိုင်လျှင် မိဘ ဉာတိတို့ သဒ္ဓါတရားဖြစ်အောင် အနားမှာ နေပါစေ၊ မအား၍ မလာနိုင်သူကိုကား မခေါ်ပါနှင့်။

ကမ္မဋ္ဌာန်း အကျဉ်းမျှ ပြောပုံ။ ။(ရှင်လောင်း**၏** နာမည် ခေါ်၍) "မောင်ဌေး.... မင်းကိုယ်တွင်းမှာ ဘာတွေ ရှိသလဲလို့ ခဏလောက် **စဉ်း စား**လိုက်**စမ်း**၊ ဆံပင်ရှိတယ်၊ လက်မောင်းတို့ ခြေသလုံး တို့မှာ **အ**မွေးအမျှင်ရှိတယ်၊ ခြေသဲ့, လက်သဲရှိတယ်၊ **သွား** တွေရှိတယ်၊ တကိုယ်လုံးမှာ ဖုံးထားတဲ့ အရေရှိတယ်၊ အဲဒီ အားလုံးကိုစုပြီး ခွက်တခုထည့်မှာ ထည့်ထားလျှင် ဒီဟာ တွေဟာ **ရှံစရာ**တွေလား သိမ်းထား**စရာ**တွေလား"။

မောင်ဌေး။ ။**ရှံစ**ရာတွေပါဘုရား။

ဆရာ။ ။**ဧ**း **ဧ**း, အားလုံး **ရှံ**စရာတွေဘဲ၊ **ဒီ** အား လုံး**ရဲ့** အဆင်းအရောင်တွေကလဲ မလှဘူး၊ အနံ့ကလဲ မကောင်း**ဘူး**၊ ဤ "ဆံပင် အမွေး ခြေသည်း, လက်သည်း သွား အရေ" တို့လို့ မကောင်းတာတွေ သင်**၏** ကိုယ်ထဲမှာ ပြည့်နေတာဘဲ၊ နံ့သာတို့ အမွှေးအကြိုင်တို့ ဘာတခုမျှ မရှိဘူးနော်။

မောင်ဌေး။ ။**မှ**န်ပါ့ဘုရား။

ဆရာ။ ။အဲဒီမကောင်းတာတွေ စုပေါင်းနေတဲ့မင့်ကိုယ် ဟာလဲ ခိုင်မြဲတဲ့အနှစ်တုံး မဟုတ်ဘူး၊ တ**ဖြေး** ဖြေး ရွှတ်တွ ယိုယွင်း အိုမင်း ဆွေး**မြေ**ရမယ်၊ ဒါ**ကြောင့်** ခေါင်းရိတ်နေတုန်း**မှာ** အစဉ် ပြခဲ့ သော ကမ္မဋ္ဌာန်းလက်ဝကလေးကို ရွတ်ရင်း စိတ်ထဲမှာ စဉ်းစားနေပါကွယ်။

အမှာ။ ။"ကောသာ လောမာ နခါ ဒန္တာ တစော"ဟု တစောကို **အ**ဆုံးထားသော ငါးပါးကို "တစပဉ္စက=**တ**စလျှင် ငါး**ခ**မြောက်ရှိသော အစု" ဟု ခေါ်၏၊ ထို ကမ္မဋ္ဌာန်းကို ပါဠိလို နားလည်မည် မဟုတ်သောကြောင့် မြန်မာလိုသာ အကျဉ်းမျှ နားလည်အောင် ပြောပြပါလေ။



ဝတ်ကျေနပ်ပြီးသော ရဟန်းတော်တို့ ဆရာ့ကို ဦးချပြီး ပြန်ခွင့်တောင်းနေပုံ။

အမှာ။ ။ဤ တစပဥ္ဇက ကမ္မဋ္ဌာန်း လက်ာကလေးကို အရ မကျက်ရသေးလျှင် လက်ရေးကောင်းကောင်းနှင့် ရေးပေး၍ ဖြစ်စေ၊ ဤ ရှင်ကျင့်ဝတ် စာအုပ်ကို ကြည့်၍ ဖြစ်စေ၊ ခေါင်းရိတ်တုန်းမှာ ခပ်တိုးတိုး ရွတ်ဆိုနေပါစေ။

ကမ္မဋ္ဌာန်းအကျိုး။ ။ဤ ကမ္မဋ္ဌာန်းအကျိုးကို ဝိနည်းမဟာဝါ အဋ္ဌကထာ၌ အလွန်အားတက်ဖွယ်ရာ ညွှန်ပြလျက် ရှိ၏၊ ရှေးရှေးဘဝများစွာက ကမ္မဋ္ဌာန်း အခြေခံ ပါလာသူဖြစ်လျှင် မိုးကြိုးစက်သည် ကျောက်တောင်ကို ခွဲဖျက် လိုက်သကဲ့သို့ ကလေးမှာရှိသော ကိလေသာ အတုံးအခဲတွေ အမှုန့်အမှုန့်ပြိုကွဲကာ ခေါင်းရိတ်အပြီးမှာပင် ရဟန္တာဖြစ်နိုင်ပါ သည်၊ ဘုရားလက်ထက်တော်၌ ခေါင်းရိတ်အဆုံးမှာ ရဟန္တာ ဖြစ်သွားသော သာမဏေတို့သည် ဤကဲ့သို့ ကမ္မဋ္ဌာန်းပေး၍ ခေါင်းရိတ်ကြသော ဆရာကောင်းများကို အမှီရကြသူများ သာ ဖြစ်ပါသည်။

ထို့ကြောင့် ခေါင်းရိတ်ခါနီး၌ ဤ တစပဥ္ဇက ကမ္မဋ္ဌာန်း မျှကို ပြောပြပါလေ-ဟု အဋ္ဌကထာဆရာတို့ တိုက်တွန်းကြပါ သည်၊ ယခုခေတ် ကလေးများသည် ရှေးရှေးဘဝက ကမ္မဋ္ဌာန်း အထုံမရ၍ ရဟန္တာမဖြစ်စေကာမူ ဤ ကမ္မဋ္ဌာန်းသည်ပင် သာမဏေဘဝ၌ နေသမျှ နှလုံးသွင်းကာ အထုံပါစေရမည် ဖြစ်၍ နောက် သာသနာအတွက် အဆက်ကောင်း ရဘို့ရာ ယခုခေတ် ဆရာကောင်းဖြစ်သူများသည် ယခုခေတ် ကလေး များအား ပြောပြဖြစ်အောင် ကြိုးစားကြပါလေ။



ကမ္မဋ္ဌာန်း ရှိတ်ဆိုရှိ ခေါင်းရိတ်ခံနေပုံ။

ခေါင်းရိတ်ပြီးနောက်။ ။တချို့ မိဘများသည် ရှင်လောင်းကို ကျောင်းပို့သောအခါ ကလေးကို ပန်းနုံသာတို့ဖြင့် လိမ်းကျံ ပြင်ဆင်ကာ ပို့တတ်ကြ၏၊ ထိုအခါ ကလေး၏ကိုယ်၌ လူတို့၏ အမွှေးအကြိုင် အနံ့တွေ ရှိနေရကား ဦးခေါင်းရိတ်ပြီးသောအခါ ထို အနံ့တွေ ပျောက်ကင်းအောင် ဦးခေါင်းနှင့်ဘက္ခ ကိုယ်ကို နန္ဒင်းမှုန့်ဖြင့် ဖြစ်စေ နုံသာမှုန့်ဖြင့် ဖြစ်စေ ပွတ်တိုက်ပေးရမည်-ဟု မဟာပါ အဋ္ဌကထာ (ပဗ္ဗဇ္ဇကထာ)၌ ဆိုထားပါသည်၊ [နုံသာမှုန့်ဟူရာ၌ ကား သနပ်ခါးမှုန့် ပေါင်ဒါမှုန့်မျိုး စသော လူသုံးအမှုန့်မျိုး မဟုတ်တန်ရာ၊ ယခုခေတ်အတိုင်းဆိုသော် ဆပ်ပြာမွှေးဖြင့် ပွတ်တိုက်၍ ရေချိုးပေးလိုက်လျှင် လူနုံ့ပျောက်သွားဘွယ်ရှိ၏၊ ဤအချိန်မှာ နုံသာမှုန့် စသည်ကို ပွတ်တိုက်ပေးသော်လည်း ကိုရင် မဝတ်ရသေး၍ မာလာဂန္ဓ သိက္ခာပုဒ်အရ အပြစ်မရှိသေးပါ။]

နိဂုံး။ ။ဤမျှသော စကားအစဉ်ဖြင့် ဆံချခြင်းနှင့်ဆိုင်ရာ အစီအစဉ်များ ပြီးပါပြီ၊ ကလေး၏ မိဘများသည် သာသနာတော်၏ ထုံးစံအတိုင်း ကမ္မဋ္ဌာန်းရွတ်ဆိုလျက် ဆံချ (ခေါင်းရိတ်) ခံနေသော ကလေး၏ မြင့်မြတ်သော အခြေအနေကို မရ, ရအောင် ကြိုးစားကြပါလေ၊ သားကလေး အတွက် ဤ ကုသိုလ်ကား နောက် သာသနာတော်ဝယ် ရဟန္တာဖြစ်ဘို့အကြောင်း အလွန်ကောင်းသော အထုံဖြစ်ပါသည်၊ မိမိတို့ကိုယ်တိုင်လည်း ဤ အချက်ကို အလွန်နှစ်သက်ကြည်နူးပါမူ ဤ အထုံသည် မဏ္ဍပ်ကြီးထိုး၍ အလှူပေးရခြင်းမျိုးထက် သာလွန်သော ကုသိုလ် ဖြစ်ကြောင်း ကို ကောင်းကောင်းကြီး ယုံကြည်ကြပါလေ။

၂-သင်္ကန်းဝတ်ပေးခဲ့ပုံး

(ရှင်လောင်း ကျက်ရန်)

သင်္ကန်းကပ်လှူရန် ပါဠို

သကလ ဝဠ္ဍဒုက္ခ နိဿရဏ နိဗ္ဗာနဿ သစ္ဆိ-
ကရဏတ္ထာယ ဣမံ ကာသာဝံ ဂဟေတ္ဝာ ပဗ္ဗာဇေထ
မံ ဘန္တေ, အနုကမ္ပံ ဥပါဒါယ။

သင်္ကန်းကပ်မြန်မာ။ ။**အရှင်ဘုရား....အလုံးစုံသော ဝဋ်ဒုက္ခ၏ လွတ်မြောက်ရာ နိဗ္ဗာန်ကို မျက်မှောက်ပြုပါရခြင်းအကျိုးငှါ တပည့်တော်၏လက်၌ ရှိသော ဤသင်္ကန်းကို ယူတော်မူ၍ တပည့်တော်ကို သနားစောင့်ရှောက် ချီးမြှောက်သောအားဖြင့် ရှင်သာမဏေ ပြုပေးတော်မူပါကုန်ဘုရား။**

[ဤသို့ဆိုပြီးလျှင် ရှင်သာမဏေလောင်း၏လက်မှာရှိသော သင်္ကန်းကို ဆရာဘုန်းတော်ကြီး၏လက်သို့ ကပ်လိုက်ရသည်။]

အမှာ။ ။မိဘစသူတို့ ဝယ်ပေးထားသဖြင့် ရှင်လောင်းပိုင် သင်္ကန်းပင်ဖြစ်သော်လည်း ဆရာဖြစ်သော ဘုန်းတော်ကြီးက ဝတ်ခွင့် မပြုလျှင် မိမိဘာသာ သင်္ကန်း မဝတ်ကောင်းသောကြောင့် မိမိလက်မှာရှိသောသင်္ကန်းကို ဆရာထံကပ်ပြီးမှ ပြန်တောင်း၍ ဝတ်ရသည်။



ရုပ်ပုံလုံးနှစ်ထပ်ကြီးတွင် ပေါ်ပေါက်လာသော ဘုရားရှင်တော်ကြီး။

(ရှင်လောင်း ကျက်ရန်)

သင်္ကန်းတောင်းပါဦး။ ။သကလ ဝဠုဒုက္ခ နိဿရဏာ နိဗ္ဗာနဿ သစ္ဆိကရဏတ္ထာယ တေံ ကာသာဝံ ဒတ္ဝာ, ပဗ္ဗာဇေထ မံ ဘန္တေ, အနုကမ္ပံ ဥပါဒါယ။

သင်္ကန်းတောင်းမြန်မာ။ ။အရှင်ဘုရား....အလုံးစုံသော ဝဋ်ဒုက္ခ၏ လွတ်မြောက်ရာ နိဗ္ဗာန်ကို မျက်မှောက် ပြုပါရခြင်းအကျိုးငှါ အရှင်ဘုရား လက်ဦးရှိသော ထိုသင်္ကန်းကို ပေးတော်မူ၍ တပည့်တော်ကို သနားစောင့်ရှောက် ချီးမြှောက်သောအားဖြင့် ရှင်သာမဏေ ပြုပေးတော်မူပါကုန်ဘုရား။

[ဤသို့ ဆိုစေပြီးလျှင် ဆရာက မိမိလက်မှာရှိသောသင်္ကန်းကို ရှင်လောင်းအား ပေးလိုက်ရသည်။]

အမှာ။ ။ဤသင်္ကန်းကပ်နှင့် သင်္ကန်းတောင်းကိစ္စသည် အရေးကြီးသောကိစ္စ မဟုတ်သေးပါ၊ ဘာမျှ အထူးမဆိုဘဲ ဆရာက "ဝတ်တော့" ဟု ခွင့်ပြုလိုက်လျှင်ပင် ကိုယ့်ဘာသာ ဝတ်ကောင်းပါသည်၊ ထို့ကြောင့် ဤသင်္ကန်း ကပ်မှု, သင်္ကန်းတောင်းမှုကို မြန်မာလို ဆိုနိုင်သည်ဟု ယုံကြည်စွာ မှတ်ပါလေ၊ ကျက်ချိန်ရသော ကလေးများကို မြန်မာလိုသာ ကျက်ပါစေ၊ ကျက်ချိန်မရသော ကလေးတို့အား မြန်မာလိုသာ ချပေးကြပါလေ၊ သို့သော် ပါဠိကို ဆိုစေရမှ ကျေနပ်မည့် ပုဂ္ဂိုလ်များအတွက် ပါဠိကို အထက်က ပြထားပါသည်။

(ရှင်လောင်း ကျက်ရန်)
ချမ်းပူကို ပယ်ဖျောက်၍ အရှက်အကြောက်ကို ဖုံးလွှမ်းခြင်းငှါ ဤသင်္ကန်းကို ဝတ်ရုံပါ၏။

သင်္ကန်းဝတ်ခါနီး ဩဝါဒ။ ။သင်္ကန်းကို ရှင်လောင်းအား ပေးပြီးနောက် သင်္ကန်းဝတ် ခါနီး၌ ဆင်ခြင်ဘို့ရန် ဆရာက ပြောပြဘွယ် ရှိပါသေးသည်၊ (နာမည်ကို ခေါ်၍) မောင်ဌေး ...ဤသင်္ကန်းသည် **အဇ**း အပူကိုလည်း ကာကွယ်နိုင်၏၊ မှက် ခြင် လေ နေတို့ကိုလည်း ကာကွယ်နိုင်၏၊ သင်္ကန်းမဝတ်ဘဲ ကိုယ်တုံးလုံးနေလျှင် ရှက်စရာ ကိုယ်အင်္ဂါတွေ ပေါ်**နေ**၏၊ ထို ရှက်စရာ ကိုယ်အင်္ဂါကို လည်း ဤသင်္ကန်းသည် ဖုံးထားနိုင်၏၊ **ထိုအဇ**း, အပူ, လေ, နေတို့**နှင့်** ရှက်စရာ ကိုယ်အင်္ဂါကို ကွယ်ကာဖုံးလွှမ်းဘို့ရာ ဤသင်္ကန်းကို ဝတ်ရုံပါသည်၊ လှပအောင် ဝတ်ဆင်ခြင်း မဟုတ်ပါ-ဟု စိတ်ထဲမှာ ဆင်ခြင်ပါ၊ ဒီလို ဆင်ခြင်ပြီးဝတ်မှ အပြစ်လွတ်ကင်းတယ်။

သင်္ကန်းဝတ်ပုံ။ ။အထက်၌ ပြထားသော **စ**ကား အတို ကလေးအတိုင်း စိတ်**ကလ**ည်း ဆင်ခြင်နှုတ်**ကလ**ည်း ရွတ်စေပြီးမှ သင်္ကန်းကို **ဝတ်ပါစေ**၊ ဆရာကိုယ်တိုင် ဝတ်ပေးဘို့ရန် **အာ**းလပ်ခွင့် ရပါလျှင်လည်း ကိုယ်တိုင် ဝတ်ပေးပါ၊ သို့မဟုတ် **ကောင်းမွန်စွာ** ဝတ်**ပေး**တတ်သော ရဟန်း, ကိုရင်, လူဝတ်ကြောင်**တ**ယောက်ယောက်ကို ဝတ်ပေးဘို့ရန် စေခိုင်းပါ၊ သို့မဟုတ် ရှင်သာမဏေ**လောင်း**ကိုယ်တိုင် ညီညွတ်စွာ ဝတ်တတ်လျှင်**လ**ည်း "ဝတ်တော့"ဟု ခွင့်ပြုလိုက်ပါ။



ရဟန်းတော်တို့က သင်္ကန်းဝတ်ပေးနေပုံ။

၁ – လေ့ကျင့်ခဏ်း မေးခွန်း

က။ (ဘုရားလက်ထက်တော်မှ စ၍) ရှင်လောင်းကို ဆံချခါနီး၌ အဘယ် ကမ္မဋ္ဌာန်းကိုပေး၍ ဆံချလေ့ရှိပါသနည်း။

ခ။ ဆံချခါနီးပေးသော ကမ္မဋ္ဌာန်း လက်ဘကလေးကို ရွတ်ပြပါ။ [စာဖြင့်ရေး၍ ပုစ္ဆာထုတ်ရာ၌ "ရေးပြပါ"ဟု ပြောင်ပါ။]

ဂ။ ရှင်သာမဏေလောင်းတို့သည် ဆရာက "ဝတ်တော့"ဟု ခွင့်မပြုဘဲ (သို့မဟုတ် ရဟန်းတပါးက ဝတ်မပေးဘဲ) မိမိ ဘာသာ သင်္ကန်းကို ဝတ်ကောင်းပါသလော။

ဃ။ မည်ကဲ့သို့ဆိုခြင့် မိမိလက်မှာရှိသော သင်္ကန်းကို ဆရာ့အား ကပ်ရသနည်း၊ ဆိုပုံ စကားပြောင်ကို ပြပါ။

င။ မည်ကဲ့သို့ဆိုခြင့် ဆရာ့လက်မှ သင်္ကန်းကို ပြန်၍ တောင်းရသနည်း၊ ဆိုပုံ စကားပြောင်ကို ပြပါ။

စ။ သင်္ကန်းဝတ်သောအခါ မည်ကဲ့သို့ ဆင်ခြင်၍ ဝတ်ရသနည်း၊ ဆင်ခြင်ပုံ စကားအစဉ်ကလေးကို ပြပါ။

ဆ။ သင်္ကန်းဝတ်သောအခါ မည်ကဲ့သို့ ဝတ်ရမည်နည်း။

အမှာ။ ။သင်္ကန်း ဝတ်ပြီးသောအခါ လက်အုပ် ချီလျက် ဆောင့်ကြောင့် ထိုင်ပါစေ၊ ထို့နောက် (၁) အဟံ ဘန္တေ-စသော သရဏဂုံနှင့် သီလတောင်း၊ (၂) နမော တဿ ဘဂဝတော-စသော ဘုရားရှိခိုး၊ (၃) သရဏဂုံ၊ (၄) ဆယ်ပါး သီလတို့ကို အစဉ်အတိုင်း ဆိုပါစေ။



။ပုံပြနေစဉ် ယူပြောင်ထားနိုင်ပါသည်။

၃-သရဏကုံပေးခဏ်း

(ရှင်လောင်း ကျက်ရန်)

သရဏကုံ သီလတောင်း

၁။ အဟံ ဘန္တေ တိသရဏေနသဟ ဒသသာမဏေရ ပဗ္ဗဇ္ဇသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

၂။ ဒုတိယမ္ပိ အဟံ ဘန္တေ....မေ ဘန္တေ။

၃။ တတိယမ္ပိ အဟံ ဘန္တေ....မေ ဘန္တေ။

မြန်မာပြန်

၁။ အရှင်ဘုရား....တပည့်တော်သည် သရဏကုံ သုံးပါးနှင့် တကွ ရှင်သာမဏေ၏ ဆယ်ပါးသီလကို တောင်းပါ၏၊ တပည့်တော်အား သနားသောအားဖြင့် ဆယ်ပါးသီလ ပေးတော်မူပါကုန်ဘုရား။

၂။ အရှင်ဘုရား....တပည့်တော်သည် သရဏကုံသုံးပါးနှင့် တကွ ရှင်သာမဏေ၏ ဆယ်ပါးသီလကို ၂-ကြိမ်မြောက် တောင်းပါ၏၊ တပည့်တော်အား သနားသောအားဖြင့် ဆယ်ပါးသီလ ပေးတော်မူပါကုန်ဘုရား။

၃။ အရှင်ဘုရား....တပည့်တော်သည် သရဏကုံသုံးပါးနှင့် တကွ ရှင်သာမဏေ၏ ဆယ်ပါးသီလကို ၃-ကြိမ်မြောက် တောင်းပါ၏၊ တပည့်တော်အား သနားသောအားဖြင့် ဆယ်ပါးသီလ ပေးတော်မူပါကုန်ဘုရား။

(က) ဆရာ။ ။ယမဟံ ဝဒါမိ၊ တံ ဝဒေဟိ။
(ရှင်လောင်းအမျှားဖြစ်လျှင် "တံ ဝဒေထ" ဟု ဆို။)

(ခ) ရှင်လောင်း။ ။အာမ ဘန္တေ။

(ဂ) ဆရာ။ ။နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

(ဃ) ရှင်လောင်း။ ။လိုက်၍ ၃-ခေါက်ဆို။

မြန်မာလို အဓိပ္ပါယ်

(က) ယမဟံ ဝဒါမိ-အကြောင်စကားကို ငါဆို၏၊ တံ ဝဒေဟိ-ထိုစကားကို လိုက်၍ဆို၊ "ငါဆိုတာကို လိုက်၍ဆို"။

(ခ) အာမ ဘန္တေ=မှန်ပါအရှင်ဘုရား။

(ဂ) အရဟတော၊ ပူဇော်အထူးကို ခံတော်မူထိုက်သော။ သမ္မာသမ္ဗုဒ္ဓဿ၊ မဖောက်မပြန် ကိုယ်တော်တိုင်သာ သိတော်မူနိုင်သော။ တဿ ဘဂဝတော၊ ထို မြတ်စွာဘုရားအား။ နမော၊ ရှိခိုးပါ၏။

အမှာ။ ။"အဟံ ဘန္တေ တိသရဏေန"မှစ၍ "နမော တဿ"တိုင်အောင် ဤစကားစုလည်း ရှင်သာမဏေ ဖြစ်မှုနှင့် အရေးတကြီး မဆိုင်သေးပါ၊ ထို့ကြောင့် ဌာန်ကရိဏ်း မကျန သော်လည်း ပြီးနိုင်ပါ၏၊ နောက်၌ လာမည့် သရဏဂုံပါဠိသာ အရေးအကြီးဆုံး ဖြစ်ပါသည်။

သရဏဂုံပေးခြင်း

ဆရာ။ ။ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
သံဃံ သရဏံ ဂစ္ဆာမိ။

ရှင်လောင်း။ ။ဆရာဆိုသလို လိုက်၍ဆို။

ဆရာ။ ။ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

ရှင်လောင်း။ ။ဆရာဆိုသလို လိုက်၍ဆို။

ဆရာ။ ။တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

ရှင်လောင်း။ ။ဆရာဆိုသလို လိုက်၍ဆို။

ဆရာ။ ။သရဏဂမနံ ပရိပုဏ္ဏံ။(သရဏဂုံ ပြည့်စုံပြီ။)

ရှင်လောင်း။ ။အာမ ဘန္တေ။

အမှာ။ ။ဘုရား တရား သံဃာ (ဤ ရတနာ) ၃-ပါး သာ ကိုးကွယ်ရာ အစစ်အမှန်ဟု သိတတ်သော စိတ်ကို

သရဏဂမန (သရဏဂုံ)ဟု ခေါ်၏၊ မိမိမှာ ထို သရဏဂုံစိတ် ရှိနေပါသည် ဟု ဝန်ခံသောအားဖြင့် "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ" စသည်ဖြင့် ရွတ်ဆိုမှုကို "သရဏဂုံ ဆောက်တည်ခြင်း"ဟု ခေါ်ကြ၏၊ သာ၍ လေးစားရာ ရောက်အောင် ၃-ခေါက် ဆိုကြရသည်။

ဤသရဏဂုံပါဠိဝယ် "ဒွံ,ဓမ်,သံ,စ္ဆာ" တို့၌ ခပ်ပြင်းပြင်း ရွတ်ရကြောင်း သိတို့ရန် စာလုံးမဲဖြင့် ပြထား၏၊ ရွတ်ပုံကို ဆရာက သင်ပြပါ၊ ဤသရဏဂုံ ၃-ပါးကို ပီပီသသ ရွတ်နိုင်လျှင် "တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ"လဲဆုံးရော ရှင်သာမဏေလဲ ဖြစ်ရော ဟု မှတ်၊ သို့သော် ဆရာရော တပည့်ပါ ၂-ဦးလုံး ပီတို့ အရေးကြီး၏၊ တဦးက မပီလျှင်လည်း ရှင်သာမဏေအစစ် မဖြစ်သေး၊ ထို့ကြောင့် ဤသရဏဂုံနှင့်စပ်၍ လေးလေးနက်နက် မှတ်ဘွယ်တွေ များသေးသောကြောင့် နောက်၌ "သရဏဂုံနှင့်စပ်၍ မှတ်ဘွယ်"ဟု အခဏ်း သီးခြား ပြထားပါသည်။

၂-လေ့ကျင့်ခဏ်း မေးခွန်း

က။ သရဏဂုံနှင့် သီလတောင်းသော ပါဠိကို ရွတ်ပြပါ။

ခ။ ထို သရဏဂုံနှင့် သီလဘောင်းပုံကို မြန်မာလို ပြောပြပါ။

ဂ။ "ယမဟံ ဝဒါမိ, တံ ဝဒေထ" ပါဠိကို မြန်မာလို ပြောပြပါ။

ဃ။ "အာမ ဘန္တေ"ဆိုသော ပါဠိကို မြန်မာလို ပြောပြပါ။

၄။ "နမော တဿ"စသော ပါဠိကို မြန်မာလို ပြောပြပါ။

၅။ သရဏာဂုံ သီလတောင်းနှင့် "နမော တဿ" စသော ပါဠိကို ဌာန်ကရိဏ်းကျအောင် မရွတ်တတ်လျှင် ကိုရင် ဖြစ်ပါ့မလား။

၆။ "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ" စသည်ဖြင့် သရဏာဂုံယူရာ၌ ခပ်ပြင်းပြင်းရွတ်ရမည့် အက္ခရာ(စာလုံး)များကို ဖော်ပြပါ။

ဆယ်ပါးသီလ ပြောပြခြင်း

အမှာ။ ။သရဏာဂုံ ပေးပြီးနောက် အောက်ပါအတိုင်း ၁၀-ပါးသီလ ပြောပြပါ၏လေ၊ ရအောင် ကျက်ချိန် ရလျှင် တဖြည်းဖြည်းပါဠိရော မြန်မာလိုပါ အရကျက်ပါ၊ "သိက္ခာပဒံ သမာဒိယာမိ"မပါခြင်း၏ အကြောင်းကိုကား နောက်ဆက်တွဲမှာ ကြည့်ပါ။

၁။ ပါဏာတိပါတာ ဝေရမဏိ= သူအသက် သတ်ခြင်းမှ ရှောင်ကြဉ်ရခြင်း။

၂။ အဒိန္နာဒါနာ ဝေရမဏိ=သူဥစ္စာကို ခိုးဝှက်တိုက်ခိုက် လုယူခြင်းမှ ရှောင်ကြဉ်ရခြင်း။

၃။ အဗြဟ္မစရိယာ ဝေရမဏိ= မေထုန်အကျင့်မှ ရှောင်ကြဉ်ရခြင်း။

၄။ မုသာဝါဒါ ဝေရမဏိ = လိမ်လည် လှည့်ပတ်ခြင်းမှ ရှောင်ကြဉ်ရခြင်း။

၅။ သုရာ မေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏိ=မူးယစ်စေတတ်၍ မေ့လျော့ခြင်း၏ အကြောင်း ဖြစ်သော သေရည်အရက်ကို သောက်စားခြင်းမှ ရှောင်ကြဉ်ရခြင်း။

၆။ ဝိကာလဘောဇနာ ဝေရမဏိ=မွန်းလွဲအခါ၌ ထမင်းမုံ့ စသောအစာကို စားခြင်းမှ ရှောင်ကြဉ်ရခြင်း။

၇။ နစ္စ ဂီတ ဝါဒိတ ဝိသူကဒဿနာ ဝေရမဏိ=(နစ္စ) ကိုယ်တိုင် ကခြင်း သူတပါးကို အကခိုင်းခြင်း၊ (ဂီတ) ကိုယ်တိုင် သီချင်းဆိုခြင်း သူတပါးကို အဆိုခိုင်းခြင်း၊ (ဝါဒိတ) ကိုယ်တိုင် တီးမှုတ်ခြင်း သူတပါးကို တီးမှုတ်ခိုင်းခြင်း၊ (ဝိသူကဒဿန) ဘုရား အဆုံးအမတော်၏ ဆန့်ကျင်ဘက် စိုးပမာ ဖိလာဖြစ်သော ကြည့်ရှု နားထောင်ခြင်းမှ ရှောင်ကြဉ်ရခြင်း။

၈။ မာလာ ဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ ဝေရမဏိ=(မာလာဓာရဏ) ၎ပန်း ငွေပန်းမှ စ၍ ပန်းအမျိုးမျိုးကို ပန်ဆင်ခြင်း၊ (ဂန္ဓမဏ္ဍန) နံ့သာပြစ် တို့ဖြင့် နှိမ့်ရာ အရပ်၌ ပြည့်ဖြိုးအောင် သိပ်ခြင်း၊ (ဂန္ဓ ဝိလေပန ဝိဘူသန) အရောင်တင်ဆေး ရေမွှေးနံ့သာဆီ မျက်နှာချေ ပေါင်ဒါမှုန့်တို့ကို လိမ်းကျံခြယ်လှယ်ခြင်းဟူသော (ဌာန)ကိုလေ-သာပွါးကြောင်းအမှုတို့မှ ရှောင်ကြဉ်ရခြင်း။

၉။ ဥစ္စာသယနမဟာသယနာ ဝေရမဏိ= မြင့်သော နေရာ ကြီးကျယ်ဆန်းပြား ခမ်းနားသော နေရာ၌ နေထိုင် အိပ်စက်ခြင်းမှ ရှောင်ကြဉ်ရခြင်း။

၁၀။ ဇာတရူပ ရဇတ ပဋိဂ္ဂဟဏာ ဝေရမဏိ=ရွှေ ငွေကို ခံယူခြင်းမှ ရှောင်ကြဉ်ရခြင်း။

[ဤဆယ်ပါးသီလ၌ မှတ်ဘွယ်ကို နောက်ဆက်တွဲမှာ ပြထားသည်။]

ဥပဇ္ဈာယ် ယူစေခြင်း

[ဆယ်ပါးသီလကို ပြောပြပြီးနောက် ဥပဇ္ဈာယ်ဆရာ၏အကြောင်းကို ပြောပြ၍ ဥပဇ္ဈာယ်ယူပါစေ၊ ဥပဇ္ဈာယ်ယူရခြင်း၏ အကြောင်းကို နောက်ဆက်တွဲ၌ အကျယ်ပြထားသည်။]

ကိုရင်.... "ဥပဇ္ဈာယော မေ ဘန္တေ ဟောတိ" ဤသို့ ၃-ခေါက်ဆို၍ ဥပဇ္ဈာယ်ယူပါ၊ [မြန်မာလို– "တပည့်တော်၏ ဥပဇ္ဈာယ်ဆရာ ဖြစ်တော်မူပါဘုရား"—ဟု ဆိုလိုသည်။]

ဆရာ...."ပါသာဒိကေန သမ္ပာဒေဟိ"ဤသို့ ဆရာကဆို၍ ဥပဇ္ဈာယ်ယူခြင်းကို လက်ခံလိုက်ရသည်၊ [မြန်မာလို– ကြည်ညိုဘွယ်ကို ဆောင်သော ကိုယ်အမူအရာ နှုတ်အမူအရာဖြင့် သီလ သမာဓိ ပညာ သိက္ခာ ၃-ပါးကို ပြည့်စုံစေလော"–ဟု ဆိုလိုသည်၊ တပည့် ၂-ပါး ၃-ပါးစသည်များလျှင် "သမ္ပာဒေထ"–ဟု ဆိုပါ။]

ဤမျှသော အစဉ်ဖြင့် ရှင်သာမဏေပြုပေးခြင်းနှင့် စပ်သော ကိစ္စများ ပြီးပေပြီ၊ ထို့နောက် ရှင်သာမ

ဏေဘဝ၌ ပြုကျင့်ရမည့် တာဝန်များကို ဆက်လက် သင်ပြပါဦး။

လေ့ကျင့်ခဏ်း မေးခွန်း

က။ ဆယ်ပါးသီလကို ပါဠိလိုသက်သက် ရေတွက်ပြပါ။

["ပါဏာတိပါတာ ဝေရမဏိ"စသည်ဖြင့် ရေတွက်ပါစေ။]

ခ။ ဆယ်ပါးသီလတွင် "ဝိကာလဘောဇနာ ဝေရမဏိ" အထိ ၆-ပါးကို မြန်မာလိုသက်သက် ပြောပြပါ။

ဂ။ နစ္စ, ဂီတ, ဝါဒိတ ၃-မျိုးကို မြန်မာလို ပြောပြပါ။

ဃ။ ဝိသူကဒဿနကို မြန်မာလို ပြောပြပါ။

င။ မာလာ, ဂန္ဓ, ဝိလေပန ၃-ပုဒ်ကို ဓာရဏ, မဏ္ဍန, ဝိဘူသန ၃-ပုဒ်နှင့်တွဲ၍ မြန်မာလို ပြောပြပါ။

စ။ ဥစ္စာသယန မဟာသယန သိက္ခာပုဒ်ကို မြန်မာလို ပြောပြပါ။

ဆ။ ရှင်သာမဏေများသည် အဘယ်သိက္ခာပုဒ်ကြောင့် ရွှေ, ငွေ ပိုက်ဆံကို အလှူမခံကောင်းပါသနည်း။

ဇ။ ရှင်သာမဏေများသည် အဘယ်သိက္ခာပုဒ်ကြောင့် ပွဲ မကြည့်ရ, မကရ, သီချင်းမဆိုရပါသနည်း။

ဈ။ ဥပဇ္ဈာယ်ယူပုံကို ပြပါ။

၄-ပစ္စည်း ၄-ပါး ဆင်ခြင်ပုံ သင်ပြခဏ်း

ရှင်သာမဏေများနှင့် ရဟန်းတော်များ၏ အရေးတကြီး လိုလားအပ်သော (မရှိလျှင်မဖြစ်သော) ပစ္စည်းများသည် သင်္ကန်း, ဆွမ်း, ကျောင်း, ဆေး အားဖြင့် ၄-ပါး ရှိ၏။ ထို ပစ္စည်းလေးပါးသည် မိမိကိုယ်တိုင် လုပ်ကိုင်ရှာဖွေ၍ ရသော ပစ္စည်းများမဟုတ်ကြ၊ လူဝတ်ကြောင်များက ("ငါတို့ထက် ကောင်းမွန်စွာ နေထိုင်ကြသည်"ဟု ယုံကြည်၍) ပေးလှူ အပ်သော ပစ္စည်းများ ဖြစ်ကြသည်၊ ထို့ကြောင့် ထို ပစ္စည်း များကို သုံးစွဲသောအခါ အမှတ်တမဲ့ သုံးစွဲလျှင်ရင်း အဆင်း လှပအောင် သုံးစွဲလျှင်ရင်း သုံးစွဲသော ရဟန်းသာမဏေတို့မှာ အပြစ်မကင်းတော့ချေ။

"ဣဏပရိဘောဂ=ကြွေးယူ၍ သုံးစွဲခြင်း"ဟု ကျမ်းဂန် တို့၌ ဆို၏၊ ကြွေးတင်လျှင် ကြွေးဆပ်ရ၏၊ မဆပ်နိုင်လျှင် ထောင်ချခံရသကဲ့သို့ နောက်သံသရာရေးအတွက် တာဝန် တက်လျက် ရှိလေသည်၊ ထို့ကြောင့် ပစ္စည်း ၄-ပါးနှင့်စပ်၍ ဆင်ခြင်သုံးစွဲတို့ရာ ဗုဒ္ဓမြတ်စွာသည် "ပစ္စဝေက္ခဏာ"ဟု ခေါ်သော ၄-ပုဒ်ကို ဟောပြတော်မူ၏၊ ထို ၄-ပုဒ်ကို ရှေးရှေး သာမဏေတို့သည် ပုတီးစိပ်ရင်း ဆင်ခြင်ကြသောကြောင့် ပုတီးစိပ် ၄-ပုဒ်ဟုလည်း ခေါ်ကြသည်၊ ထို ၄-ပုဒ်အတွက် ဤနေရာ၌ ဆရာတော်ကြီးများ၏ လင်္ကာကို အဓိပ္ပါယ်နှင့် တကွ ပြ၍ နောက်ဆက်ဘွဲကျမှ ပါဠိအနက်ကို ပြပါမည်။

(အရကျက်ရန် သင်္ကန်းလင်္ကာ)

ချမ်းပူကိုဖျက်၊ ခြင် မှက် လေ နေ၊ ကင်းမြွေ လွှဲသုဉ်၊ ဟိရီ ဂုဏ်ကို၊ ကုန်စေတတ်စွာ၊ ကိုယ်အင်္ဂါကို၊ လုံပါစေလို၊ ကိုယ်ကို စံပါယ်၊ ဆင်ပြင်မယ်ဟု၊ စိတ်ဝယ်မမှန်း၊ ဤသင်္ကန်းကို၊ဖုံးလွှမ်း ဝတ်ရုံပါသတည်း။

လင်္ကာ၏ အဓိပ္ပါယ်ပြ ဖတ်စာ

(က) ငါသည် အချမ်း အဇေးကို ပယ်ဖျောက်၍ နွေးစေခြင်း အကျိုးငှါ ဤသင်္ကန်းကို ဝတ်ပါသည်။

(ခ) ငါသည် မီးနှင့်စပ်သော အပူနှင့် လေပူ နေပူကို ကွယ် ကာခြင်းအကျိုးငှါ ဤသင်္ကန်းကို ဝတ်ပါသည်။

(ဂ) ငါသည် မှက် ခြင်နှင့် မြွေကင်းတို့ကို ကွယ်ကာခြင်း အကျိုးငှါ ဤသင်္ကန်းကို ဝတ်ပါသည်။

(ဃ) ရှက်သင့်သော အရာဌာန၌ ရှက်တတ်ခြင်းကို ပါဠိလို "ဟိရီ"ဟု ခေါ်၏။ ထိုသို့ ရှက်တတ်ခြင်းကား အမျိုး ကောင်းသားသမီးတို့၏ ဂုဏ်တမျိုး ဖြစ်လေသည်။

(င) လူတို့၏ ကိုယ်အင်္ဂါအရပ်ရပ်တွင် အင်္ဂါဇာတ် ပေါ်နေ လျှင် ထိုဟိရီဂုဏ်ကို ကုန်စေ ပျက်စေတော့၏။

(စ) ငါသည် ထို ဟိရီဂုဏ်ကို ကုန်စေ ပျက်စေ တတ်သော ကိုယ်အင်္ဂါကို လုံခြုံစေခြင်း အကျိုးငှါ ဤသင်္ကန်းကို ဝတ်ပါသည်။

(ဆ) ငါသည် ဤသင်္ကန်းကို ဝတ်၍ ကိုယ်ကို လှပ တင့်တယ်အောင် ဆင်ပြင်မယ် ဟူသော ရည်ရွယ်ချက်ဖြင့် ဝတ်ခြင်းမဟုတ်ပါ။

သူ့နေရာနှင့်သူ အတိုချုပ် ဆင်ခြင်ပုံ

ဧ၍ ချမ်း၍ သင်္ကန်းခြုံလိုလျှင် – "အဧး အချမ်းကို ကွယ်ကာတို့ရာ ဤသင်္ကန်းကို ဝတ်ပါ၏"–ဟု ဆင်ခြင်ပါ။

လေပူ နေပူကြောင့် ခြုံလိုလျှင် – "အပူကို ကွယ်ကာတို့ရာ ဤသင်္ကန်းကို ဝတ်ပါ၏"–ဟု ဆင်ခြင်ပါ။

မှက် ခြင် ကိုက်၍ ခြုံလိုလျှင် – "မှက် ခြင်ကို ကွယ်ကာတို့ရာ ဤသင်္ကန်းကို ဝတ်ပါ၏"–ဟု ဆင်ခြင်ပါ။

အပူ အဧး မှက် ခြင် မရှိဘဲ ဝတ်သောအခါ – "အရှက်အကြောက်ကို ဖုံးလွှမ်းခြင်းငှါ ဤသင်္ကန်းကို ဝတ်ပါ၏"–ဟု ဆင်ခြင်ပါ။

ဤသို့ သူ့နေရာနှင့် သူ ဆင်ခြင်သွားလျှင် နောက်ထပ် မဆင်ခြင်သော်လည်း အပြစ်မရှိတော့ပါ၊ သို့သော် ဘုရား ဝတ်တက်သော အခါဖြစ်စေ၊ ပုတီးစိပ်ရင်းဖြစ်စေ ပြခဲ့သော သင်္ကန်းလက်ာကို ဖြည်းဖြည်းရွတ်၍ ရှင်သာမဏေကလေးများ ဆင်ခြင်ပါစေ။

(အရကျွက်ရန် ဆွမ်းလက်ာ)

ဤသည့်စားဘွယ်၊ အမယ်မယ်ကို၊ မြူးရယ် မာန်ကြွ၊ လှပရေဆင်း၊ ပြည့်ဖြိုးခြင်းငှါ၊ မသုံးပါဘူး၊ ၄-ဖြာဓာတ်ဆောင်၊ ဤကိုယ်ကောင်သည်၊ ရှည်အောင်တည်လျက်၊ အသက်မျှတမ်း၊ မမောပန်းသား၊ ဘုရားသာသနာ၊ ကျင့်နှစ်ဖြာကို၊ ကျင့်ပါနိုင်စေ၊ ဝေဒနာဟောင်းသစ်၊ မဖြစ်စေရ၊ ယာပိုဍ်မျှလစ်၊ ခပ်သိမ်းပြစ်ကို၊ မဖြစ်လေအောင်၊ ချမ်းမြေ့အောင်ဟု၊ သုံးဆောင် မှီဝဲပါသဘည်း။

လက်ာ၏ အဓိပ္ပါယ်ပြဖတ်စာ

(က) ငါ၏ရှေ့မှောက် ရောက်ရှိနေသော ဤစားသောက်ဘွယ် အမယ်မယ်ကို မြူးတူးပျော်ပါးခြင်း ရယ်ရွှင်ခြင်း မာန်မာနတက်ကြွ၍ အရေအဆင်း လှပပြည့်ဖြိုးခြင်းငှါ စားသောက်သည် မဟုတ်ပါ။

(ခ) ပထဝီ အာပေါ တေဇော ဝါယော ဟူသော ဓာတ်ကြီးလေးပါးတို့ စုပေါင်း ဆောင်ရွက်လျက် ရှိသော ဤ ကိုယ်ကောင်၏ တာရှည် တည်နေ နိုင်အောင် အကျိုးငှါ စားသောက်ပါသည်။

(ဂ) အသက်တမ်းပြည့်အောင် တည်နေသမျှ ကျမ်းစာပိဋကတ်ကို သင်အံလေ့ကျက် ဆောင်ရွက်ပို့ချခြင်း ဟူသော ဂန္ထဓုရ တာဝန်ကိုငင်း၊ ဘာဝနာကမ္မဋ္ဌာန်းစီးဖြန်းခြင်းဟူသော ဝိပဿနာဓုရ တာဝန်ကိုငင်း မမောမပန်း ထမ်းဆောင်နိုင်ခြင်း အကျိုးငှါလည်း သုံးဆောင်စားသောက်ပါသည်။

(ဃ) မစားသောက်ဘဲနေလျှင် ရောဂါဝေဒနာ အဟောင်း, အသစ် ဖြစ်ပေါ်လာတတ်သောကြောင့် ထိုရောဂါ အဟောင်း, အသစ် တို့ မဖြစ်စေနိုင်ခြင်းငှါဝင်း၊ ဣရိယာပုထ် ၄-ပါးဌာ မျှတ၍ ရောဂါအပြစ်, ကိလေသာ အပြစ်တို့ မဖြစ်စေဘဲ ချမ်းမြေ့ကြည်လင်စွာ နေနိုင်ခြင်းငှါဝင်း သုံးဆောင်စားသောက်ပါသည်။

ဆွမ်းစားသောအခါ အတိုချုပ် ဆင်ခြင်ပုံ

"မွတ်သိပ်ဆာလောင်ခြင်းကို ပယ်ဖျောက်၍ သာသနာ့ဝန်ကို ထမ်းဆောင်နိုင်ခြင်းအကျိုးငှါ ဤ ခဲဘွယ် ဘောဇဉ်ကို သုံးဆောင်စားသောက်ပါသည်"။

ဆွမ်း မုံ ခဲဘွယ် မျှားကို စားခါနီးဖြစ်စေ၊ စားနေတုန်းဖြစ်စေ၊ စားပြီးနောက်မှဖြစ်စေ၊ ဤ စကားစဉ်အတိုင်း နှုတ်ဖြင့် တိုးတိုးရွတ်၍ဖြစ်စေ၊ နှုတ်က မရွတ်ဘဲ စိတ်ထဲမှာဖြစ်စေ ဆင်ခြင်ပါ၊ ဤသို့ တကြိမ်တခါ ဆင်ခြင်ပြီးလျှင် နောက်ထပ် မဆင်ခြင်သော်လည်း အပြစ်မရှိတော့ပါ၊ သို့ရာတွင် ဘုရားဝတ်တက်ရင်းဖြစ်စေ၊ ပုတီးစိပ်ရင်းဖြစ်စေ ပြအပ်ခဲ့သော ဆွမ်းလက်ဝကို ဖြည်းဖြည်း ရွတ်ဆို၍လည်း ဆင်ခြင်ပါစေ။

(အရကျက်ရန် ကျောင်းလက်ဝ)

ချမ်းပူကိုဖျက်၊ ခြင် မှက် လေ နေ၊ ကင်း မြွေ ဝေးမှု၊ ဥတု ဘေးဘျမ်း၊ မသန်း ကင်းစင်၊ စိတ်ကြည်လင်ကြောင်း၊ နေရာကျောင်းကို၊ ကိန်းအောင်း မှီခိုပါသတည်း။

လက်ဝ၏ အဓိပ္ပါယ်ပြု ဖတ်စာ

(က) ချမ်းဧသောအခါ ကျောင်းတွင်းသို့ ဝင်နေလျှင် အချမ်းသက်သာ၏၊ ပူသောအခါလည်း ကျောင်းအောက်စသည်မှာနေလျှင် အပူသက်သာ၏။

(ခ) ခြင် မှက်ကိုက်သောအခါ ကျောင်းတံခါးကို ပိတ်၍ ကျောင်းတွင်းမှာနေလျှင် ခြင် မှက် မကိုက်နိုင်၊ လေပူ လေအေးနှင့် နေပူတို့ကိုဌင်း၊ မြွေကင်းတို့ကိုဌင်း ကျောင်းသည် ကာကွယ်နိုင်၏။

(ဂ) တခုံတခါ မခံသာအောင် ဥတုဖောက်ပြန်လာသဖြင့် အပူလွန်ခြင်း အဧးလွန်ခြင်းမျှားကိုလည်း ကာကွယ်နိုင်၏။

(ဃ) ထိုသို့ အချမ်းအပူမှစ၍ ဥတုဘေးရန် အန္တရာယ်တို့ကို ကာကွယ်နိုင်ခြင်း, မိမိ၌ မကပ် မရောက် မယှက်မသန်းနိုင်ခြင်းအကျိုးငှါ ဤကျောင်းကို သုံးဆောင်မှီခိုပါ၏။

(ငံ) ကျောင်းတွင်း၌ နေထိုင်ရသောအခါ ပြခဲ့သော ဘေးရန်အန္တရာယ်တို့မှ လွတ်ကင်းသောကြောင့်

စိတ်ကြည်လင်၏၊ ထိုသို့ စိတ်ကြည်လင်ခြင်း၏ အကြောင်းဖြစ်သောကြောင့်လည်း ဤကျောင်း၌ ကိန်းအောင်းမှီခိုပါသည်။

သူ့ဒုနရာနှင့်သူ အတိုချုပ် ဆင်ခြင်ပုံ

ဒေး၌ ချမ်း၌ ကျောင်းထဲသို့ ဝင်ချင်လျှင် "အဒေး အချမ်းကို ကွယ်ကာဘို့ရာ ဤကျောင်းကို သုံးစွဲပါသည်" –ဟု ဆင်ခြင်ပါ။

လေပူ နေပူ၌ ကျောင်းထဲသို့ ဝင်လိုလျှင် "အပူကို ကွယ်ကာဘို့ရာ ဤကျောင်းကို သုံးစွဲပါသည်"ဟု ဆင်ခြင်ပါ။

မှက် ခြင်စသည်တို့ ကိုက်မည်စိုး၍ ကျောင်းထဲသို့ ဝင်သောအခါ "ခြင် မှက်စသော ဘေးရန်ကို ကွယ်ကာဘို့ရာ ဤကျောင်းကို သုံးစွဲပါသည်"ဟု ဆင်ခြင်ပါ။

ဤသို့ သူနေရာနှင့်သူ ဆင်ခြင်သွားလျှင် နောက်ထပ် မဆင်ခြင်သော်လည်း အပြစ်မရှိတော့ပါ၊ သို့သော် ဘုရားဝတ်တက်သောအခါဖြစ်စေ ပုတီးစိပ်ရင်းဖြစ်စေ ပြခဲ့သော် ကျောင်းလက်ံကို ဖြည်းဖြည်းရွတ်၍ ဆင်ခြင်ပါစေ။

(အရကျက်ရန် ဆေးလက်ံ)

ကျင်နာခံခက်၊ နှိပ်စက်ဖိစီး၊ ဖြစ်ပြီးဖြစ်လာ၊ ဝေဒနာကို၊ စွန့်ခွါပယ်လျင်း၊ ဆင်းရဲကင်း၍၊ လူမင်းမြတ်စွာ၊ သာသနာကို၊ ကြည်သာရွှင်လန်း၊ ဖြည့်ကျင့်စွမ်းနိုင်ဘို့၊ ရည်မှန်း သုံးဆောင်ပါသတည်း။

လက်ံ၏ အဓိပ္ပါယ်ပြု ဖတ်စာ

(က) လျက်ဆားစသော ဆေးနှင့် ထောပတ်, ဆီဦး, ဆီ, ပျားရည်, သကြား, သကာ, ထန်းလျက်များကို "ဆေး" ဟု ခေါ်ပါသည်။

(ခ) ထိုဆေးများကို လေနာ၍ အခံခက်အောင် ကျင်နာခြင်း, အားနည်းသော ရောဂါတို့၏ နှိပ်စက် ဖိစီးခြင်း ရှိမှသာ သုံးဆောင်ကောင်းပါသည်။

(ဂ) ထိုကဲ့သို့ ရောဂါဝေဒနာ တခုခုဖြစ်နေခြင်း, သို့မဟုတ် ဖြစ်လာတော့မည်ဟု သိသာ ထင်ရှားခြင်း ဟူသော အကြောင်းရှိလျှင်လည်း သုံးစွဲကောင်းပါသည်။

(ဃ) ထိုရောဂါဝေဒနာကို စွန့်ခွါ ပယ်ရှင်း၍ ဆင်းရဲ ဒုက္ခ ကင်းရှင်းစွာဖြင့် ဗုဒ္ဓမြတ်စွာ သာသနာတော်ကို ကြည်သာ ရွှင်လန်း ဖြည့်ကျင့်စွမ်းနိုင်ဘို့ အကျိုးငှါသာ ဤဆေးများကို သုံးစွဲ ကောင်းပါသည်။

(င) မှတ်သိပ် ဆာလောင်ရုံ သက်သက်ဖြင့် ထန်းလျက် ကြံသကာ ချိုချဉ် သကြားလုံး စသည်များကို နေလွဲ အခါ၌ မသုံးဆောင်ကောင်းပါ၊ ထန်းလျက်ရည်

သကြားရည် ဘိလပ်ရည်နှင့် သန့်ရှင်း စင်ကြယ်စွာ စစ်ထားသော (မီးနှင့် ချက်ထားသည်လည်း မဟုတ်သော)ဖျော်ရည်ကိုသာ သောက်ကောင်းပါသည်။

(စ) ယခုအခါ တချိုနေရာ၌ ဆီ ကြက်သွန် စသည်ဖြင့် ရောစပ်၍ ညချင်းသုတ်ကို စားသောက်လေ့ရှိပါသည်၊ ထိုချင်းသုတ်ကား လက်သုတ် သရည်စာတမျိုးဖြစ်နေသောကြောင့် လုံးလုံး မစားအပ်ပါ၊ ချင်းနှင့် သင့်မြတ်သော ရောဂါရှိလျင်ကား ချင်းရည်နှင့် ချင်းသက်သက်ကိုသာ သောက်စားအပ်ပါသည်။

သူ့နေရာနှင့်သူ အတိုချုပ် ဆင်ခြင်ပုံ

(ဖျော်ရည် ဘိလပ်ရည် စသည်ကို သုံးဆောင်သောအခါ–မွတ်သိပ် ဆာလောင်ခြင်းကို ပယ်ဖျောက်၍ သာသနာ့ဝန်ကို ထမ်းဆောင်နိုင်ခြင်းအကျိုးငှါ ဤဖျော်ရည်(ဘိလပ်ရည်)ကို သုံးဆောင်ပါ၏။)

လေနာခြင်း အစာမကြေခြင်း စသည်တို့ကြောင့် ဆေးကို သုံးဆောင်သောအခါ–(ဤရောဂါ ကင်းပျောက်၍ သာသနာ့ဝန်ကို ထမ်းဆောင်နိုင်ခြင်းအကျိုးငှါ ဤဆေးကို သုံးဆောင်ပါ၏။)

ဤဆေးအတွက်ကား သူ့နေရာနှင့်သူ မဆင်ခြင်ဘဲ မသုံးစွဲရ၊ အကြောင်းမရှိဘဲ စားသောက်မိလျှင် ရဟန်းများမှာ အာပတ်သင့်၍ ကိုရင်များမှာ ဒဏ်ထိုက်၏၊ ထို့ကြောင့် ဆေးကို စားခါနီး၌ "ဘာ့ကြောင့် စားပါသည်" ဟု အကြောင်း

ကို ဆင်ခြင်မိအောင် သတိပြုပါ၊ ထိုသို့ ဆင်ခြင်ပြီးသော်လည်း ဘုရားဝတ်တက်ရင်း ပုတီးစိပ်ရင်း ပြခဲ့သော ဆေးလက်ာကို ဖြည်းဖြည်းရွတ်၍ ဆင်ခြင်ပါစေ။



ထိုရှင်များ ထောင်ပြန်ကျ ဘဲ့ရှင်းနေရာ ပစ္စည်း ၄-ပါး ဆင်ခြင်ပုံ

လေ့ကျင့်ခဏ်း မေးခွန်း

က။ သင်္ကန်းကို ဆင်ခြင်သော လင်္ကာကို ပြပါ။

ခ ။ ချမ်း၍ သင်္ကန်းခြုံလိုသောအခါ အဘယ်သို့ ဆင်ခြင်မည်နည်း။

ဂ ။ လေ နေပူကြောင့်—သင်္ကန်းခြုံလိုသောအခါ အဘယ်သို့ ဆင်ခြင်မည်နည်း။

ဃ။ အပူ အအေး မှက် ခြင် မရှိဘဲ ရိုးရိုးသင်္ကန်းဝတ်သောအခါ အဘယ်သို့ ဆင်ခြင်မည်နည်း။

င ။ ဆွမ်းကို ဆင်ခြင်သော လင်္ကာကို ပြပါ။

စ ။ ဆွမ်းစားသောအခါ အတိုချုပ် ဆင်ခြင်ပုံကို ပြပါ။

ဆ။ ကျောင်းကိုဆင်ခြင်သော လင်္ကာကို ပြပါ။

ဇ ။ ချမ်း၍ ကျောင်းထဲသို့ဝင်လျှင် အဘယ်သို့ ဆင်ခြင်မည်နည်း။

စျ ။ ပူ၍ ကျောင်းထဲသို့ဝင်လျှင် အဘယ်သို့ ဆင်ခြင်မည်နည်း။

ဉ ။ ဆေးကို ဆင်ခြင်သော လင်္ကာကို ပြပါ။

ဋ ။ ဆာ၍ ဖျော်ရည် ဘိလပ်ရည် စသည်ကို သောက်လိုလျှင် အဘယ်သို့ ဆင်ခြင်မည်နည်း။

ဌ ။ ရောဂါကြောင့် ဆေးကို သုံးဆောင်သောအခါ အဘယ်သို့ ဆင်ခြင်မည်နည်း။

ဍ ။ တစုံတခုမျှ အကြောင်းမရှိဘဲ ဖျော်ရည် ဘိလပ်ရည် သောက်ကောင်းသလား။

ဎ ။ ရောဂါမရှိဘဲ စတုမဓု,ထန်းလျက်,ကြံသကာ,သကြားလုံး စသည်တို့ကို စားကောင်းသလား။

ပစ္စည်း ၄-ပါး ဆင်ခြင်ပုံ ပြီး၏။

၅-လိင် ၁၀-ပါး ဒဏ် ၁၀-ပါးကို သင်ပြခဏ်း

လိင်ကျခြင်း။ ။ရှင်သာမဏေ၏ အသွင်ကို ပါဠိလို "လိင်"ဟု ခေါ်၏၊ "သူအသက်ကိုသတ်မှု"စသော ပြစ်မှု ဆယ်ပါးတွင် တပါးပါးကို ပြုကျင့်သော သာမဏေသည် ထို ရှင်သာမဏေ အသွင်ဖြင့် (သင်္ကန်းဝတ်လျက်)မနေကောင်း၊ ထိုသာမဏေ၏ အသွင်ကို ဖျက်၍ လူဝတ်လဲပေးရသည်၊ ထိုသို့ လူဝတ်လဲရလောက်အောင် ပြစ်မှုကျူးလွန်မိခြင်းကို "လိင်+ကျသည်"ဟု ခေါ်ကြသည်။ ပြစ်မှုဆယ်ပါးကား—

၁။ ပါဏာတိပါတ=သူအသက်ကို သတ်ခြင်း။ [ပိုးကောင်ကလေးများကိုသော်လည်း မသတ်ရ။]

၂။ အဒိန္နာဒါန=သူဥစ္စာကို ခိုးခြင်း။ [မြက်တပင်ကိုသော်မှ လိမ်၍ ညာ၍ ခိုး၍ လု၍ မယူရ။]

၃။ အဗြဟ္မစရိယ=မေထုန်အကျင့်ကို ကျင့်ခြင်း။[တိရစ္ဆာန်မ၌သော်မှ မမှီဝဲရ။]

၄။ မုသာဝါဒ=မုသားပြောခြင်း။ [ပြောင်လှောင် ကျီစားလို၍သော်မှ လိမ်၍ မပြောရ။]

၅။ သုရာမေရယ=သေရည်အရက်ကို သောက်ခြင်း။

၆။ ဗုဒ္ဓဿ အဝဏ္ဏ ဘာသန=ဗုဒ္ဓမြတ်စွာ၏ အပြစ်ကို ပြောခြင်း။ [ဘုရားမဟုတ်ဘူး, အလုံးစုံကို မသိနိုင်ဘူး စသည်ဖြင့် မပြောရ။]

၇။ ဓမ္မဿ အဝဏ္ဏ ဘာသန=တရားတော်၏ အပြစ်ကို ပြောခြင်း။ [ဤ တရားအတိုင်း ကျင့်လို့ ဝဋ်ဆင်းရဲမှ မလွတ်နိုင်ဘူး စသည်ဖြင့် မပြောရ။]

၈။ သံဃဿ အဝဏ္ဏ ဘာသန=သံဃာတော်၏ အပြစ်ကို ပြောခြင်း။ [အရိယာ ဖြစ်ပြီးသော သံဃာတော်ကို "ကောင်းမွန်စွာ ကျင့်သူ မဟုတ်ဘူး" စသည်ဖြင့် သံဃာတော်ကို ထိခိုက်၍ မပြောရ။]

၉။ မိစ္ဆာဒိဋ္ဌိ=မိစ္ဆာအယူရှိခြင်း။ [ကံနှင့် ကံ၏ အကျိုးကို မယုံခြင်း, "မည်သူမဆို ဤဘဝမှ သေလျှင် ဘဝ ပြတ်တော့၏၊ နောက်ထပ် မဖြစ်ရ" ဟု ဥစ္ဆေဒဒိဋ္ဌိ စသော အယူရှိခြင်း။]

၁၀။ ဘိက္ခုနီဒူသန=ဘိက္ခုနီမ၌ မေထုန်ကျင့်ခြင်း။

မှတ်ချက်။ ။ဤပြစ်မှု ၁၀-ပါးတွင် တပါးပါးကို ကျူးလွန်လျှင် ရှင်သာမဏေ အစစ် မဟုတ်တော့, ရှေးကယူထားသော သရဏဂုံ ပျက်တော့၏။ သင်္ကန်း ဝတ်နှင့်နေသော်လည်း သရဏဂုံမတည်တော့၊ ထို့ကြောင့် ပြောဆိုဆုံးမ၍ ရမည့်သူမဟုတ်လျှင် လူဝတ်လဲစေ၍ ကျောင်းမှ နှင်ထုတ်ရမည်၊ ပြောဆိုဆုံးမ၍ ရလောက်သူဖြစ်လျှင်ကား လူဝတ် မလဲဘဲ ချက်ချင်း သရဏဂုံထပ်၍ ယူစေရမည်။ယခု ခေတ်၌ မကြာ မကြာ သရဏဂုံ ထပ်ယူလေ့ ရှိသည်ကား ထိုပြစ်မှုမျိုးကို မကျူးလွန်မိဘဲ ထပ်လျှင် အကျိုးမထူးလှ၊ ကျူးလွန်မိ၍ နောက်ထပ် မဖြစ်အောင် စောင့်စည်းမည့်သူ

ဖြစ်လျှင် အပြစ်ရှိသည်နှင့်တပြိုင်နက် ဆရာ့အထံသွား၍ သရဏဂုံထပ်သင့်သည်။ [လိင် ဆယ်ပါး ပါဠိနှင့် အနက်ကို နောက်ဆက်တွဲကျမှ ပြမည်။]

ရှင်းလင်းချက်။ ။ပြခဲ့သော ပြစ်မှုဆယ်ပါးတွင် ရှေးငါးပါး သည် ဆယ်ပါးသီလတွင် ပါဝင်သော သိက္ခာပုဒ်မျိုးတည်း၊ ဘိက္ခုနီမကို မေထုန်ကျင့်မှုသည် ဥနံပါတ် (အပြဟ္မစရိယ) သိက္ခာပုဒ်နှင့် ထပ်နေသော်လည်း ဘိက္ခုနီမ၌ ကျင့်မှု၏ သာ၍ အပြစ်ကြီးကြောင်း ပြလိုသော ကြောင့် သီးခြားပညတ်ထားတော်မူသည်။

မှန်၏—အပြဟ္မစရိယ ရိုးရိုးကို ပြုကျင့်သူသည် နောင်ခါ စောင့်စည်းလိုသောစိတ် ရှိလျှင် ရှင်သာမဏေ ထပ်၍ ဖြစ်ခွင့်ရ၏၊ အသက်စေ့လျှင် ရဟန်းပြုခွင့်လည်း ရ၏၊ ဘိက္ခုနီမ၌ ကျင့်မိသူကား (ရဟန်းပြုဘို့ မဆိုထားဘိ) ရှင်သာမဏေ ထပ်၍ ပြုခွင့်မျှ မရတော့ချေ။)

ဒဏ်ထိုက်ခြင်း။ ။ ရေဒဏ် ဆယ်ခေါက် ထမ်းရမည်, သဲဒဏ် ငါးခေါက် ထမ်းရမည်, ကျောင်းဝိုင်း အတွင်း၌ အမှိုက်ရှင်းရမည်" စသည်ဖြင့် အပြစ်ပေးမှု (နောင်မမြူဝံ့အောင် နှိပ်ကွပ်မှု)ကို "ဒဏ်ပေးခြင်း" ဟု ခေါ်၏၊ ထိုသို့ ဒဏ်ပေးခံရလောက်အောင် ပြစ်မှု ကျူးလွန်မိခြင်းကို "ဒဏ်ထိုက်သည်" ဟုခေါ်၏၊ "ဒဏ်ပေးခြင်းဌာန+ထိုက်သည်" ဟု ဆိုလိုသည်၊ ထို ဒဏ်ထိုက်လောက်သော ပြစ်မှု ဆယ်ပါးကား—

၁။ ဝိကာလဘောဇန သိက္ခာပုဒ်ကို **မစောင့်ရှောက်ခြင်း**။

၂။ နစ္စ ဂီတ **သိက္ခာပုဒ်ကို မစောင့်ရှောက်ခြင်း**။

၃။ **မာလာဂန္ဓ သိက္ခာပုဒ်ကို မစောင့်ရှောက်ခြင်း**။

၄။ ဥစ္စာသယန မဟာသယန သိက္ခာပုဒ်ကို **မစောင့်ရှောက်ခြင်း**။

၅။ ဇာတရူပ သိက္ခာပုဒ်ကို **မစောင့်ရှောက်ခြင်း**။
[ဤ ငါးပါးသည် ဆယ်ပါးသီလတွင် ပါဝင်သော သိက္ခာပုဒ်များ**တည်း**။]

၆။ ရဟန်း**တော်**များကို **လာဘ်မရအောင် အား**ထုတ်ခြင်း။ [ဆွမ်း သင်္ကန်း စသည်ကို မလှူချင်အောင် **မဟုတ်မမှန်**သော **အပြစ်ကို** လုပ်ကြံ၍ လူတို့အား ပြောဆိုခြင်း။]

၇။ **ရဟန်း**တော်များကို နေမြဲ ကျောင်း၌ **မနေနိုင်**အောင် အားထုတ်ခြင်း။ [တစုံတခုသော အမှုအပြစ်ကြောင့် ထိုကျောင်းမှ ထွက်သွားရ**အောင်** အားထုတ်ခြင်း, ကောင်းမွန်စွာ **မ**နေသူကို ထွက်သွား**အောင်** ပြုလုပ်ခြင်း၌ ဒဏ်**မ**ထိုက်။]

၈။ ရဟန်း**တော်**များကို **အ**ကျိုးမဲ့ (**အ**ကျိုး**မ**ရှိ) ဖြစ်**အောင်**(**ဘေးအန္တရာယ်**ဖြစ်**အောင်**)**အား**ထုတ်ခြင်း။

၉။ **ရဟန်း**တို့ကို ဆဲခြင်း, **ရိုက်**မည် **နှက်**မည် စသည်ဖြင့် ခြိမ်းချောက်ခြင်း။

၁၀။ ရဟန်းတော်ချင်း ကွဲပြား**အောင်** (မတွဲ**အောင်**) ဂုံး တိုက်ခြင်း=ရန်တိုက်ခြင်း။

ဤ ဆယ်ပါးတွင် တပါးပါးကျူးလွန်**သော** ရှင်သာ**မ**ဏေ ကို "ဤကျောင်းသို့ မလာနှင့်"ဟု တား**မြစ်**သော **အား**ဖြင့်ဂင်း, သဲဒဏ် **ရေဒဏ်** ပေး**သော**အား**ဖြင့်ဂင်း** နှိပ်ကွပ် ဆုံး**မ** ရမည်။[ဒဏ် ၁၀-ပါး ပါဠိအနက်ကို **နော**က်ဆက်တွဲ ကျမှ ပြမည်။]

လေ့ကျင့်ခက်း မေးခွန်း

က။ လိင်ဆယ်ပါးကို ရေတွက်ပြပါ။

ခ ။ လိင်ဆယ်ပါးတွင် ဆယ်ပါးသီလနှင့်တူသော **သိ**က္ခာများကို ပြပါ။

ဂ ။ ဒဏ်ဆယ်ပါးကို ရေတွက်ပြပါ။

ဃ။ ဒဏ်ဆယ်ပါးတွင် ဆယ်ပါးသီလနှင့်တူသော သိက္ခာများကို ပြပါ။

င ။ **လိင်**ဆယ်ပါးတွင် **တ**ပါးပါး ကျူး**လွန်**သူကို **အ**ဘယ်**သို့ ပြု**ရမည်နည်း။

စ ။ ဘိက္ခုနီမ၌ မေထုန်ကျင့်မှုသည် အပြဟ္မစရိယနှင့် တူပါလျက် ဘာ**ကြောင့်** သီးခြားပြရသနည်း။

ဆ။ ဒဏ်ဆယ်ပါး**တွင်** တပါးပါး ကျူး**လွန်**သူကို **အ**ဘယ်**သို့ ပြု**ရမည်နည်း။

၆-သေခိယသိက္ခာပုဒ်များကို သင်ပြခြင်း

သေခိယခေါ်ပုံ။ ။"သေခိယ" ဟူသော ပါဠိစကားသည် "သင်ထိုက်,ကျင့်ထိုက်"ဟူသော အနက်ကို ဟော၏၊ "ယခုပြမည့် ကျင့်ဝတ်များကို ရဟန်းတော်များနှင့် ရှင်သာမဏေများပါ နားလည်အောင် ဆရာ့အထံ၌ ပဌမဆုံး သင်ယူရမည်၊ နားလည်သောအခါ ထို သိက္ခာပုဒ်များအတိုင်း ကျင့်ရမည်"ဟု ဆိုလိုသည်၊ ထို့ကြောင့် ဤ သေခိယသိက္ခာပုဒ်တော်များကို ရှင်သာမဏေတို့အား အရကျက်ရုံမျှဖြင့် ကိစ္စမပြီးစေဘဲ အမှန်နားလည်အောင် ဆရာကိုယ်တိုင် လက်ထပ်သင်ပြထိုက်ပါသည်။

တိုက်တွန်းချက်။ ။ယခု ခေတ်သည် ရွေးချယ် စိစစ်လေ့ ရှိသော ခေတ်ဖြစ်၏၊ ဤခေတ်မျိုး၌ ရဟန်း သာမဏေများသည် သေခိယကျင့်ဝတ်အတိုင်း သွားလာ နေထိုင်ကြမှသာ လူအများ၏ လေးစားခြင်းကို ဆက်လက် ရရှိကြပေလိမ့်မည်၊ ဤအတိုင်း မနေကြလျှင်ကား ကောန်မုချ အထင်သေး ခံကြရမည်သာ မက၊ လောကီဘက်က တိုးတက် လာသလောက် သာသနာဘက်က တဖြည်းဖြည်း ဆုတ်ယုတ် ပြီးလျှင် နှစ်ပေါင်းအင်္ဂတေါ်ကြာသော် အောက်တန်းလူများ၏ ကိုးကွယ်ရာလောက်သာ ဖြစ်သွားစရာ ရှိပါသည်၊ ထို့ကြောင့် မိမိတို့ အခြေအနေကို ခိုင်မြဲစေဘို့ရန် အချိန် မလွန်ခင်က ဤ သေခိယသိက္ခာပုဒ်အတိုင်း ပြင်ဆင်ကြပါစို့။

က။ ပရိမဏ္ဍလဝဂ်

အမှာ။ ။သိက္ခာပုဒ်အစုကို ပါဠိလို "ဝဂ္ဂ"ဟု ခေါ်၍ မြန်မာလို "ဝဂ်=အပေါင်းအစု"ဟု ခေါ်၏၊ ပရိမဏ္ဍလသိက္ခာပုဒ်ကို အစထားသောဝဂ်ကို "ပရိမဏ္ဍလဝဂ်"ဟု ခေါ်၏၊ ဤဝဂ်၌ သိက္ခာပုဒ်ပေါင်း ဆယ်ပါးရှိသည်၊ ဤသေခိယသိက္ခာပုဒ်များကို ကိုရင်ကလေးများအတွက် ဖတ်စာ ဖြစ်အောင် ရေးထားပါသည်၊ ကိုရင်ကလေးများကို အဖတ်ခိုင်းရှု ဆရာဘုန်းကြီးက အဓိပ္ပါယ်နားလည်အောင် သင်ပြပါလေ၊ ကျောက်သင်ပုန်းမှာ ဖြစ်စေ ဗလာစာအုပ်မှာဖြစ်စေ အကူးခိုင်းရှု ဖတ်စေလျှင် လက်ရေးသင်ပြီးလည်း ဖြစ်နိုင်ပါသည်။ [ကိုရင်၏ နာမည်ကို "ဗုဒ္ဓရက္ခိတ"ဟု မှည့်ထားကြပါစို့။]

ပရိမဏ္ဍလသိက္ခာပုဒ် ၂-ပါး

သင်းပိုင်ဝတ်ပုံ။ ။ကိုရင် ဗုဒ္ဓရက္ခိတ....ခါးမှာ ဝတ်အပ်သော အဝတ်ကို "သင်းပိုင်"ဟု ခေါ်သည်၊ အဲဒီသင်းပိုင်ကို ဝတ်သောအခါ ချက်ကို ဖုံးမိအောင် ဝတ်ရ၏၊ ခါးဘက်က အပေါ်မှာတက်နေရှု ချက်ဘက်က အောက်လျှောကျနေအောင် မဝတ်ရပါ၊ အောက်ပိုင်းမှာလဲ ဒူးဆစ်အောက် လက်ရှစ်သစ်လောက်ချပြီး ရွှေရောနောက်ရော(ကတ်ကျေးနှင့် ညှိရှု ဖြတ်ထားသလို) ဝိုင်းနေအောင် ဝတ်ရသည်၊ အဲဒီလို ဝတ်ခြင်းကို "ပရိမဏ္ဍလဖြစ်အောင် ဝတ်ခြင်း"ဟု ခေါ်ပါသည်၊ [ပရိ=အထက် အောက် ပတ်ဝန်းကျင်+မဏ္ဍလ= ဝိုင်းနေသည်။]

ကိုရင် ဗုဒ္ဓရက္ခိတ..... ပရိမဏ္ဍလ ဖြစ်အောင် သင်းပိုင်ဝတ်ထားသော ကိုရင်ကလေးများ၏ ပုံကို ကြည့်ပြီး သင်းပိုင်ကို ဝတ်စမ်းပါ။

(၁) သင်းပိုင်အစ ၂-ဖက်ကို ညီညီထားပါ။

(၂) မခေါက်ခင် ဗိုက်နှင့်ကပ်နေသော သင်းပိုင်၏ ယာဘက် အဖျားကို အထက်သို့ နဲနဲဆွဲတင်ပါ။

(၃) ၂-လွှာ ပူးထားသော သင်းပိုင်ကို ၂-ခေါက်ဖြစ်အောင် ခေါက်၍ ဗိုက်မှာ ကပ်ပါ။

(၄) ထိုအခေါက်၏ အဖျားကို ညီညီကိုင်ပြီး အထက်သို့ နဲနဲ ဆွဲ၍ လိပ်ပါ။

(၅) လိပ်သောအခါ ဒူးဆစ်အောက် လက်ရှစ်သစ်လောက် ကျနေအောင် မှန်းပြီး လိပ်ပါ။

အမှာ။ ။အလိပ်မှာ ၂-လိပ် သို့မဟုတ် ၃-လိပ်လောက်သာ တော်၏၊ ထို့ထက် များနေလျှင် ဘုကြီး ဖြစ်နေ၍ ကြည့်လို့လည်း မကောင်း, နေလို့လည်း မကောင်းပါ၊ ထို့ကြောင့် သင်းပိုင်က ရှည်လွန်းလျှင် ကိုရင်နှင့် သင့်တော်အောင် ဖြတ်ပေးကြပါလေ။

ကေသီကိုလည်း ကိုရင်နှင့် အရွယ်တော်သော ကေသီကိုသာ ဝတ်ပါစေ၊ အလွန်ရှည်နေသော ကေသီကို ညီအောင် ရန်းသော်လည်း ညီညီ ညွတ်ညွတ်ဖြစ်အောင် မရန်းနိုင်ကြသဖြင့် အချိုးမကျဘဲ ဖြစ်ပါလိမ့်မည်။



သင်းပိုင်ကို အထက် အောက် ညီနေအောင် ဝတ်ထားပုံ။

ကေသီ ရန်းပုံ။ ။ကိုရင် ဗုဒ္ဓရက္ခိတ....**ကိုယ်**မှာ ခြုံထားသော သက်နှံးကို "**ကေသီ**" လို့ ခေါ်သည်၊ ကိုယ်ပေါ်မှာ ကေသီခြုံထားခြင်းကို "သက်နှံးရန်းခြင်း" ဟု ခေါ်သည်။

(၁) ကေသီ၏ **အထက်ပိုင်းအဖျားကို** လက် ၂-ဖက်ဖြင့် ခပ်စုစုကိုင်၍ ဆန့်တန်းပါ၊ **အောက်မှာလဲ** ညီနေပါ**စေ**။

(၂) ကေသီ ဝဲယာ ၂-ဖက်၏ အလယ်ပိုင်းလောက်သည် ကျောနှင့် တည့်နေပါစေ။

(၃) ညာဘက်အစကို (ချိုင်း**အောက်**) သွင်းပြီး ဝဲဘက် ပခုံးပေါ် တင်ပါ။

(၄) ဝဲဘက်အစကိုလည်း ဝဲဘက်ပခုံးပေါ် ထပ်၍ **တင်**ပါ။

(၅) ဤသို့ ရန်းထားသော**သက်နှံး**သည် **အောက်**ပိုင်း**မှာ** လည်း သင်းပိုင်အထက်၌ လက် ၄-သစ်လောက် တက်လျက် ပတ်ဝန်းကျင် ညီနေပါစေ၊ ဤကား ယခုခေတ် သက်နှံးရန်းပုံ ဖြစ်၏။ (စာ၌ပါသော ရန်းပုံတမျိုးကို**မူ** နားလည်**သော**ဆရာများထံ သင်ကြပါလေ။)

ညီစ္ဆာဝတ်ရမည့်ဌာန။ ။"ဝန်းဝိုင်း ညီညွတ်အောင် သင်းပိုင် ကေသီကို ဝတ်ရမည်" ဟု ပညတ်တော်မူသည့်အတိုင်း (တပါးတည်းနေသောအခါ အိပ်သော အခါ စသည်တို့၌ ညီစ္ဆာ မဝတ်နိုင် မရန်းနိုင်သော်လည်း) သံဃာ့အစည်းအဝေး, ဘုရားဝတ်တက်, စာတက်, ဆွမ်းစား ကျောင်း, ဘုရားရှေတော်, ဆရာသမားနှင့်, မထေရ်ကြီးများ **အထံသို့** သွား**သော**အခါတို့၌ ဤသိက္ခာပုဒ် ၂ ပါးနှင့်ညီ **အောင်** ဝန်းဝိုင်း ညီညွတ်စွာ ဝတ်ရ ရန်းရပါသည်။



သင်းပိုင် ကေသီကို ညီစ္ဆာဝတ်ထားပုံ။

သုပ္ပဋိစ္ဆန္နသိက္ခာပုဒ် ၂-ပါး။ ။ကိုရင် ဗုဒ္ဓရက္ခိတ.... မြို့တွင်း ရွာတွင်းသို့ သွားသောအခါ သင်္ကန်းရုံ၍ သွားရသည်၊ "သင်္ကန်းရုံ" ဆိုသည်မှာ – လည်ပင်း၏နောက်ပိုင်းကိုလည်း ဖုံးမိအောင်, လက်ကောက်ဝတ်အထိ လက်ကိုလည်း ဖုံးမိအောင် ဧကသီခြုံခြင်းတမျိုးကို ဆိုလိုသည်၊ သင်းပိုင်ဝတ်ပုံမှာ ပရိမဏ္ဍလသိက္ခာပုဒ်အတိုင်းပင်ဖြစ်သည်။

သင်္ကန်းရုံပုံ။ ။ကိုရင် ဗုဒ္ဓရက္ခိတ..... သင်္ကန်းရုံသောအခါ ဧကသီကို သိပ်လဲ မပွစေရ၊ သိပ်လဲ မကြပ်စေရ၊ "ဂုတ်ပိုး"ဟု ခေါ်သော လည်ပင်းအဖုံးကိုလည်း မပွမကြပ်စေရ၊ လက်လိပ်ကိုလည်း လက်အောက်မှာ အရှည်ကြီးတွဲ၍ မကျစေရ၊ အကောင်းဆုံးရုံတတ်သော ရဟန်းသာမဏေများထံ နည်းခံ၍ သပ်သပ်ယပ်ယပ်ဖြစ်အောင် သင်္ကန်းရုံပုံကို သင်ပါ။

သင်္ကန်းရုံ၍ ထိုင်ပုံ။ ။ကိုရင် ဗုဒ္ဓရက္ခိတ....မြို့တွင်း ရွာတွင်း၌ ထိုင်နေသောအခါ သိက္ခာပုဒ်တော်နှင့် ညီညွတ်အောင် ထိုင်ရသည်၊ လည်ပင်းအထက်ကဦးခေါင်း၊ လက်ကောက်ဝတ်ပြင်ဘက်က လက်ဖျား၊ခြေသလုံးကြွက်သားပြင်ဘက်က ခြေအဖျား ဤ ၃-နေရာလောက်သာ ဖော်ထား၍ ကျန်သောကိုယ်အစိတ်အပိုင်း ဖုံး၍ ထိုင်ခြင်းကို "သုပ္ပဋိစ္ဆန္န သိက္ခာပုဒ်တော်နှင့်အညီ ထိုင်ခြင်း"ဟု ခေါ်သည်၊ [သု=ကောင်းစွာ+ပဋိစ္ဆန္န=ကိုယ်ကို ဖုံးထားခြင်း။] (ထိုင်ပုံကို ဆရာက သင်ပြပါ။)

သုသံဝုတသိက္ခာပုဒ် ၂-ပါး။ ။ကိုရင် ဗုဒ္ဓရက္ခိတ....မြို့တွင်း ရွာတွင်းသို့ သွားသောအခါ လက်ရော ခြေရော ဟိုယမ်း သည်ယမ်းနှင့် လက်ဆော့ခြေဆော့ လုပ်မသွားရ၊ ထိုင်တဲ့အခါလည်း လက် ခြေတို့ကို ငြိမ်ငြိမ်သက်သက်ထား၍ ထိုင်ရသည်။ [သု=ကောင်းစွာ+သံဝုတ=လက် ခြေတို့ကို စောင့်စည်းသူ။]

ဩက္ခိတ္တစက္ခုသိက္ခာပုဒ် ၂-ပါး။ ။ကိုရင် ဗုဒ္ဓရက္ခိတ....မြို့တွင်း ရွာတွင်းသို့သွားသောအခါ ဟိုကြည့် သည်ကြည့် မကြည့်ရ၊ ရထားထမ်းပိုး၏ တပြန်လောက်သာ(၄-တောင်ခန့်လောက်သာ)ကြည့်၍သွားရသည်၊ ဤနည်းဖြင့် သွားခြင်း ထိုင်ခြင်းကို "စက္ခုနွေ့ချပြီး သွားခြင်း ထိုင်ခြင်း"ဟု ခေါ်သည်။ [ဩက္ခိတ္တ=အောက်၌ ချအပ်သော+စက္ခု=မျက်စိ ရှိသူ။]

ဥက္ခိတ္တကသိက္ခာပုဒ် ၂-ပါး။ ။ ကိုရင် ဗုဒ္ဓရက္ခိတ....မြို့တွင်း ရွာတွင်းသို့ သွားသောအခါ သင်းပိုင်ကိုဖြစ်စေ ဧကသီကိုဖြစ်စေ အထက်သို့ မြောက်ပင့်၍ (စွန်တောင်ဆွဲ၍)မသွားရ၊ ထိုင်ခါနီးမှာလည်း ဧကသီကို ခါးပေါ်နေအောင် မြောက်ပင့်၍ မထိုင်ရ။ [ဥက္ခိတ္တ=မြောက်ပင့်။]

အမှာ။ ။သွားခြင်းအတွက် ၁-ပါး၊ထိုင်ခြင်းအတွက် ၁-ပါး၊ ဤသို့အားဖြင့် သုပ္ပဋိစ္ဆန္န သိက္ခာပုဒ်မှ စ၍ ၂-ပါးစီ ရှိသည်။

လေ့ကျင့်ခဏ်း မေးခွန်း

က။ ဘာကြောင့် "သေခိယ"ဟု ခေါ်သနည်း။

ခ ။ သေခိယ ကျင့်ဝတ်များကို မသင်ဘဲနေလျှင် အပြစ်ကင်းပါမည်လော။

ဂ ။ သင်းပိုင်ကို ဝတ်သောအခါ ဒူးဆစ်အောက်၌ ဘယ်လောက်ချပြီး ဝတ်ရမည်နည်း။

ဃ။ သင်းပိုင်ကို ပရိမဏ္ဍလ(ထက်ဝန်းကျင်ဝိုင်းဝိုင်းစက်စက်)ဖြစ်အောင် ဘယ်လိုဝတ်ရမည်နည်း။

င ။ ကေသီကို ပရိမဏ္ဍလဖြစ်အောင် ဘယ်လိုရန်းရမည်နည်း။

စ ။ မြို့ရွာအတွင်းသို့ သွားသောအခါ သုပ္ပဋိစ္ဆန္နသိက္ခာပုဒ်နှင့် ညီအောင် ဘယ်လိုသွားရမည်နည်း။

ဆ။ မြို့ရွာအတွင်း၌ ထိုင်သောအခါ သုပ္ပဋိစ္ဆန္န သိက္ခာပုဒ်နှင့် ညီအောင် ဘယ်လိုထိုင်ရမည်နည်း။

ဇ ။ မြို့ရွာအတွင်း၌ သွားလာနေထိုင်သောအခါ ဩက္ကိတ္တစက္ခုသိက္ခာပုဒ်နှင့် ညီအောင် ဘယ်လိုသွားရ ထိုင်ရသနည်း။

ဈ။ မြို့ရွာအတွင်း၌ သွားလာနေထိုင်သောအခါ သင်းပိုင်ကေသီကို မြွေကပ်ငှက်ကောင်းသလော၊ ဘယ်သိက္ခာပုဒ်က မမြွေကပ် မပင့်ဘို့ရန် တားမြစ်ပါသနည်း။



ပြည်ထောင်စုနိုင်ငံတော် ဗုဒ္ဓသာသနာပြုတက္ကသိုလ်မှ ဆရာတော်ဘုရားကြီးများ ကျောင်းသားများနှင့်အတူ ရုပ်ပုံ။

ခ။ ဥဇ္ဇင်္ဂိကဝဂ်

ဥဇ္ဇင်္ဂိက သိက္ခာပုဒ် ၂-ပါး။ ။ကိုရင် ဗုဒ္ဓရက္ခိတ .... မြို့တွင်း ရွာတွင်း၌ သွားသောအခါ ကျယ်လောင်စွာရယ်၍ မသွားရ၊ ထိုင်သောအခါဇနည်း ကျယ်လောင်စွာ ရယ်မနေရ၊ အကယ်၍ ရယ်စရာတွေ့ကြုံလျှင် ပြုံးရုံသာ ပြုံးရသည်၊ [ဥ=ကျယ်စွာ+ဇင်္ဂိက=ရယ်ခြင်း။]

အပွသဒ္ဒသိက္ခာပုဒ် ၂-ပါး။ ။ကိုရင် ဗုဒ္ဓရက္ခိတ .... မြို့တွင်း ရွာတွင်း၌ သွားသောအခါ (အချို့လူတွေ ကျယ်လောင် ကျယ်လောင်နှင့် စကားပြော သလို)ရဟန်း သာမဏေ အချင်းချင်း အသံကျယ်စွာ မပြော ရ၊ ထိုင်နေသောအခါလည်း အသံကျယ်စွာ စကားပြော၍ မနေရ၊ စကားပြောစရာကိစ္စရှိလျှင် အနီးအပါး ကြားလောက် ရုံသာ ပြောရသည်၊ တရားကိုကား အများကြားအောင် ဟောကောင်းပါ၏။ [အပွ=တိုးသော+သဒ္ဒ=အသံ။]

ကာယပွစာလကသိက္ခာပုဒ် ၂-ပါး။ ။ကိုရင် ဗုဒ္ဓရက္ခိတ .... မြို့တွင်း ရွာတွင်း၌ သွားသောအခါ ကိုယ်ကို လှုပ်၍ ယမ်း၍ မသွားရ၊ ထိုင်သော အခါလည်း ကိုယ်ကို မလှုပ်မယှက် ငြိမ်သက်စွာထား၍ ထိုင်ရ သည်၊ "ကိုယ်"ဆိုသော်လည်း သွားတဲ့အခါ တကိုယ်လုံးကို မဆိုလို၊ အထက်ပိုင်းကိုယ်ကိုသာ ဆိုလိုသည်။ အောက်ပိုင်း ကိုယ်ကား လှုပ်လှုပ်ရှားရှား သွားနိုင်ပါသည်။ [ကာယ= ကိုယ်+ပစာလက=အမျိုးမျိုးလှုပ်စေ၍။]

ဗာဟုပွစာလက သိက္ခာပုဒ် ၂-ပါး။ ။ကိုရင် ဗုဒ္ဓရက္ခိတ....မြို့တွင်း ရွာ အတွင်း၌ သွားသောအခါ လက်ရုံးလက်မောင်းကို မလှုပ်မရှား ငြိမ်သက်စွာ ထား၍ သွားရသည်၊ ထိုင်သောအခါလည်း လက်ရုံး လက် မောင်းကို မလှုပ်မရှားဘဲ ထိုင်ရသည်၊ [ဗာဟု=လက်ရုံး လက်မောင်း။]

သီသပွစာလက သိက္ခာပုဒ် ၂-ပါး။ ။ကိုရင် ဗုဒ္ဓရက္ခိတ.... မြို့တွင်း ရွာတွင်း၌ သွားသောအခါ ဦးခေါင်းကိုလှုပ်၍ ခါ၍ သွားလည်း မသွားရ, ထိုင်လည်း မထိုင်ရ၊ ဦးခေါင်းကို ငြိမ်ငြိမ်သက်သက်ထား၍ သွားရ ထိုင်ရသည်။ [သီသ=ဦးခေါင်း]

ဂ။ ခမ္မကတဝဂ်

ခမ္မကတ သိက္ခာပုဒ် ၂-ပါး။ ။ကိုရင် ဗုဒ္ဓရက္ခိတ....မြို့တွင်း ရွာတွင်း၌ သွားသောအခါ ခါးကို လက်ဖြင့် ထောက်၍ မသွားရ၊ ထိုင်သောအခါလည်း ခါးထောက်၍ မထိုင်ရ၊ [ခမ္မကတ=ခါးထောက်ခြင်း။]

ဩဂုဏ္ဌိတ သိက္ခာပုဒ် ၂-ပါး။ ။ကိုရင် ဗုဒ္ဓရက္ခိတ....မြို့တွင်း ရွာတွင်း၌ သွားသောအခါ ဦးခေါင်းကို ခြုံ၍ မသွားရ၊ ထိုင်သောအခါလည်း ခေါင်းမြီး ခြုံ၍ မထိုင်ရ၊ [ဩဂုဏ္ဌိတ=ခြုံအပ်သော ဦးခေါင်းရှိသူ။]

ဥက္ကုဋိက သိက္ခာပုဒ်။ ။ကိုရင် ဗုဒ္ဓရက္ခိတ....ခြေဖျားဖြင့်သာ မြေ၌ နင်း၍ ခြေဖနောင့်က မြေ၌

မထိဘဲ(ခြေဖျားထောက်၍) သွားခြင်း, ခြေဖနောင့်ဖြင့်သာ မြေ၌နင်း၍ ခြေဖျားက မြေ၌မထိဘဲ(ခြေဖနောင့်ထောက်၍) သွားခြင်းကို "ဖဝါးအစွန်ဖြင့် နင်းခြင်း" ဟု ခေါ်သည်၊ မြို့တွင်း ရွာတွင်း၌ သွားသောအခါ ထိုကဲ့သို့ ဖဝါးစွန်နင်း၍ မသွားကောင်း။ [ဥ=အထက်၌+ကုဋ္ဌိက=အစွန်းရှိသည်။]

ပလ္လတ္ထိက သိက္ခာပုဒ်။ ။ကိုရင် ဗုဒ္ဓရက္ခိတ....အချို့လူများ ထိုင်သောအခါ ဒူး ၂-ဖက်ကို ထောင်ပြီးလျှင် ထိုဒူးကို လက် ၂-ဖက်ဖြင့် ပတ်၍ဖြစ်စေ အဝတ်ဖြင့် ပတ်၍ဖြစ်စေ အဝတ်ကို ကျစ်ထားသော ကြိုးဖြင့် ပတ်၍ဖြစ်စေ ထိုင်လေ့ရှိကြသည်၊ထိုသို့ ထိုင်ခြင်းကို "လက်အာယောဂပတ်, ပုဆိုး (အဝတ်) အာယောဂပတ်" ဟု ခေါ်ကြ၏၊ မြို့တွင်း ရွာတွင်း၌ ထိုကဲ့သို့ ပတ်၍ မထိုင်ကောင်းပါ။ [ပလ္လတ္ထိ=ပတ်ဖွဲ့ခြင်း။

သက္ကစ္စ ပတိဂ္ဂဟဏ သိက္ခာပုဒ်။ ။ကိုရင် ဗုဒ္ဓရက္ခိတ....ဆွမ်းခံသောအခါ ဆွမ်းကို ဖြစ်စေ ဟင်းကိုဖြစ်စေ မလိုချင်သလို သွန်ပစ်ချင်သလို အနေမျိုးဖြင့် မခံယူရ၊ ဆွမ်းကိုဖြစ်စေ ဟင်းကိုဖြစ်စေ လေးလေးစားစား ခံယူရပါသည်။ [သက္ကစ္စ = ကောင်းစွာပြု၍+ပတိဂ္ဂဟဏ=ခံယူခြင်း။]

ပတ္တသညီ ပတိဂ္ဂဟဏ။ ။ကိုရင် ဗုဒ္ဓရက္ခိတ....ဆွမ်းခံသောအခါ ဟိုကြည့်သည်ကြည့် မကြည့်ရ၊ငေး၍ လည်း မနေရ၊ဟိုကြည့်သည်ကြည့်ကြည့်နေလျှင်ငေး၍နေလျှင် ဆွမ်းလောင်းနေမှန်းလဲ မသိ၊ ဆွမ်းလောင်းပြီးမှန်းလဲ မသိဘဲ

ဖြစ်တတ်သည်၊ ထို့ကြောင့် သပိတ်၌ အမှတ်သညာထား၍ (သပိတ်၌ စိတ်စိုက်၍) ဆွမ်းခံရသည်။ [ပတ္တသညီ=သပိတ်၌ သညာရှိသည် ဖြစ်၍+ပတိဂ္ဂဏဟ=ခံယူခြင်း။]

သမသူပက သိက္ခာပုဒ်။ ။ကိုရင် ဗုဒ္ဓရက္ခိတ....ဣန္ဒိယနိုင်ငံ၌ ကုလားလူမျိုး တို့သည် ပဲဟင်းကို လက်ဖြင့် ကော်ယူလျှင် ရလောက်အောင် မပြစ်မကဲချက်၍ ထို ပဲဟင်းဖြင့် ထမင်းစားလေ့ရှိကြ၏၊ သံဃာတော်အားလည်း ပဲဟင်းကိုပင် လောင်းလေ့ရှိကြသည်။

ဆွမ်းခံရာ၌ ထို ပဲဟင်းမျိုးကို ခံယူသောအခါ အလွန်များစွာ မခံယူရ၊ ဆွမ်း၏ ၄-ပုံလျှင် တပုံလောက်သာ ခံယူရသည်၊ ပဲဟင်းမှ တပါးသော သားဟင်း ငါးဟင်းများကိုကား တတ်နိုင်သူတို့က လောင်းတာဖြစ်၍ အလိုရှိသလောက် ခံယူကောင်းပါသည်။ [သမ=ဆွမ်းနှင့်မျှသော+သူပက=ပဲဟင်းရှိအောင်။]

သမတိတ္ထိက သိက္ခာပုဒ်။ ။ကိုရင် ဗုဒ္ဓရက္ခိတ.....သပိတ်မှာ အတွင်းနှစ်း အပြင်နှစ်း ၂-မျိုး ရှိ၏၊ အတွင်းနှစ်းထက် အပြင်နှစ်းက မြင့်သည်၊ ဆွမ်းခံသောအခါ သပိတ်၏ အတွင်းနှစ်းနှင့် ညီရုံသာ ခံရသည်၊ အတွင်းနှစ်းက ပို၍ မို့မောက် လျံတက်နေအောင် မခံရ။ [သမတိတ္ထိက=သပိတ်၏ အတွင်းနှစ်းနှင့် ညီမျှသော ဆွမ်းရှိသည်။]

လေ့ကျင့်ခဏ်း မေးခွန်း

က။ မြို့တွင်း ရွာတွင်း၌ ကျယ်လောင်စွာရယ်ကောင်းသလား၊ အသံ ကျယ်ကျယ်နှင့် ရဟန်း သာမဏေ အချင်းချင်း စကားပြောကောင်းသလား။

ခ ။ မြို့ ရွာ အတွင်း၌ ကိုယ်, လက်မောင်း, ဦးခေါင်းတို့ကို လှုပ်ရှား၍ သွားကောင်း ထိုင်ကောင်းသလော။

ဂ ။ မြို့ ရွာ အတွင်း၌ ခါးကို ထောက်၍ သွားကောင်း ထိုင်ကောင်းသလော။

ဃ။ မြို့ရွာအတွင်း၌ ခေါင်းမြီးခြုံ၍ မနေဘို့ရန် ဘယ်သိက္ခာပုဒ်က တားမြစ်သနည်း။

င ။ ဘယ်လိုနင်း၍ သွားခြင်းကို "ဖဝါးအစွန် နင်းခြင်း" ဟု ခေါ်သနည်း။

စ ။ ဘယ်လိုထိုင်နေမှုကို "အာယောဂပတ်" ဟု ခေါ်သနည်း၊ လက် အာယောဂပတ်နှင့် အဝတ် အာယောဂပတ်ကို ခွဲခြားပြပါ။

ဆ။ ဆွမ်းခံသောအခါ ဘယ်လိုဆွမ်းခံမှ သက္ကစ္စဖြစ်၍၊ ဘယ်လို ဆွမ်းခံမှ ပတ္တသညီပတိဂ္ဂဟဏ ဖြစ်သနည်း။

ဇ ။ လက်ကော်ရ ပဲဟင်းကို ဆွမ်း၏ ဘယ်နှစ်ပုံလောက်သာ ခံယူကောင်းသနည်း။

ဈ။ ဆွမ်းခံသော အခါ သပိတ်အပေါ် မောက်တက်နေအောင် ခံကောင်းသလော၊ ဘယ်လောက် အထိသာ ခံကောင်းသနည်း။



ပုံ။ ။ ခြေနှစ်ဖက်ကို ကွေးထားပြီး ဝမ်းဗိုက်ကို ခြေထောက်နှင့် ဖိထားခြင်း။

ဃ။ သက္ကစ္စဝဂ်

[ဤမှ နောက်၌ ဆွမ်းစားမှုနှင့် စပ်သော သိက္ခာပုဒ်များ လာလိမ့်မည်။]

သက္ကစ္စဘုဥ္ဇနသိက္ခာပုဒ်။ ။ကိုရင် ဗုဒ္ဓရက္ခိတ....မကျန်းမာသူ တို့သည် ထမင်းစားသော အခါ မစားချင့် စားချင် စားလေ့ရှိကြ၏၊ ရဟန်း သာမဏေတို့မှာ ကျန်းမာနေလျှင် ထိုကဲ့သို့ မစားချင့် စားချင် မစားဘဲ ကောင်းမွန်စွာ (စိတ်ပါလက်ပါ) စားရသည်၊ [သက္ကစ္စ=လေး လေးစားစား+ဘုဥ္ဇန=စားခြင်း]

ပတ္တသညီဘုဥ္ဇနသိက္ခာပုဒ်။ ။ကိုရင် ဗုဒ္ဓရက္ခိတ.... ဆွမ်းစား သောအခါ ဟိုကြည့်သည်ကြည့် ကြည့်၍ရင်း, ငေး၍ရင်း မစားရ၊ ဟိုကြည့် သည်ကြည့် ကြည့်၍ရင်း, ငေး၍ရင်း စားနေလျှင် သပိတ်ထဲသို့ ဆွမ်း ဖြစ်စေ ဟင်းဖြစ်စေ ထည့်နေသည်ကိုလည်း မသိ၊ ထည့်ပြီး သည်ကိုလည်း မသိဘဲ ဖြစ်တတ်သည်၊ ထို့ကြောင့် သပိတ်၌ အမှတ်သညာ ထား၍ စားရသည်၊ [ပတ္တသညီ=သပိတ်၌ သညာရှိသည်ဖြစ်၍+ဘုဥ္ဇန=စားခြင်း။]

သပဒါန သိက္ခာပုဒ်။ ။ကိုရင် ဗုဒ္ဓရက္ခိတ.... ဆွမ်းစားသော အခါ သပိတ်ထဲမှာရှိသော(ပန်းကန် ပြားထဲမှာ ရှိသော) ဆွမ်းကို ဟိုနားကယူလိုက် သည်နားက ယူလိုက်နှင့် မစားရ၊ အစမှစ၍ အစဉ်အတိုင်း ယူစားရသည်၊ သူတပါးအား ပေးလိုလျှင်ကား ယူချင်တဲ့ အပိုင်းကို ယူ၍ ပေးနိုင်ပါသည်။ [သပဒါန=အစဉ်အတိုင်း။]

သမသူပကသိက္ခာပုဒ်။ ။ကိုရင်ဗုဒ္ဓရက္ခိတ....ဆွေမျိုးလည်း မဟုတ်၊အလိုရှိတာကို တောင်းပါ ဟု ဖိတ်ထားသူလည်း မဟုတ်သော လူများက လှူသော ဆွမ်းကို စားသောအခါ လက်ကော်၍ရအောင် ချက်ထား သော ပဲဟင်းကို ဆွမ်း၏ ၄-ပုံ-တပုံလောက်သာ စားရသည်၊ အလွန် များများ မစားရ၊ ဆွေမျိုးနှင့် ဖိတ်ထားသူတို့ ဆွမ်း ကျွေးသောအခါ၌ကား ပဲဟင်းကို များများစားသော်လည်း အပြစ်မရှိ။ [သမ=ဆွမ်းနှင့် တော်လောက်ရုံဖြစ်သော+ သူပက=ပဲဟင်းရှိသည်။]

တူပကသိက္ခာပုဒ်။ ။ကိုရင်ဗုဒ္ဓရက္ခိတ....ဆွမ်းခွက် အလယ် ဗဟိုက မိုမောက်နေသော နေရာကို "ဆွမ်းဦး ဆွမ်းထိပ်"ဟု ခေါ်၏၊ ဆွမ်းစားသောအခါ ထို ဆွမ်းဦးဆွမ်းထိပ်ကို နှိပ်၍(နှိုက်၍)မယူဘဲ, အစမှစ၍ အစဉ် အတိုင်းယူပြီး စားရသည်။ [တူပက=မိုမောက်သောနေရာ။]

ပဋိစ္ဆာဒနသိက္ခာပုဒ်။ ။ကိုရင်ဗုဒ္ဓရက္ခိတ....ဆွမ်းလောင်းသူ ဆွမ်းလိုက်သူတို့သည် ဟင်းမရသေး သော ကိုယ်တော်ကို သာ၍ လောင်းချင်ကြ၏၊ ထို့ကြောင့် ရပြီးသော ပဲဟင်း သားငါးဟင်းတို့ကို လောင်းသူ ဟင်းလိုက် သူတို့ မမြင်ရအောင် နောက်ထပ်အလိုရှိသည်ဖြစ်၍ ဆွမ်းဖြင့် ဖုံးမထားရ၊ သူတို့ဘာသာ လူမြင်မှာစိုး၍ နွားသားစသည်ကို ဖုံးပြီးလောင်းလိုက်လျှင်ကား အပြစ်မရှိ။ [ပဋိစ္ဆာဒန = ဖုံးခြင်း။]

သူပေါဒနဝိညတ္တိသိက္ခာပုဒ်။ ။ကိုရင်ဗုဒ္ဓရက္ခိတ .... ဆွေမျိုး လည်း မဟုတ်၊ ပစ္စည်းလေး

ပါးအလိုရှိလျှင် တောင်းတော်မူပါ-ဟု ဖိတ်မန်ထားသူလည်း မဟုတ်သော လူတို့အား ဆွမ်းကိုဖြစ်စေ ဟင်းကိုဖြစ်စေ မတောင်းကောင်း မဖိတ်ကောင်းပါ၊ ဟင်း-ဆွမ်းသာမက အခြားပစ္စည်းများကိုလည်း မတောင်းကောင်း။[သူပေါဒန=ဟင်း ဆွမ်းကို+ဝိညတ္တိ=တောင်းခြင်း။]

မှတ်ချက်။ ။ဆွမ်း ဖြစ်စေ အခြားပစ္စည်းကို ဖြစ်စေ (ရေကို ဖြစ်စေ) အလိုရှိလျှင် ဆွမ်းရပ်သလို သူတို့၏ အနားသို့ သွား၍ ရပ်ရသည်၊ "ဘာ အလိုရှိပါတုန်း"ဟု မေးမှ ဆွမ်းအလိုရှိသည်, ဟင်းအလိုရှိသည်, ဆေးအလိုရှိသည် စသည်ဖြင့် ပြောရသည်၊ ထို့သို့ ပြော၍ လှူလျှင် အပြစ် မရှိပါ၊ မလှူလျှင် လှူချင်လာအောင် ဆက်၍ မပြောကောင်း၊ ထို့သို့ ထပ်၍ ပြောမှ ရအပ်သောပစ္စည်းကား ရဟန်းသာမဏေဟူသမျှ မသုံးကောင်းတော့ချေ၊ ဤသိက္ခာပုဒ်တော်ကို ရဟန်းသာမဏေများသာမက၊ သာသနာ့ဒါယကာဖြစ်သော ဗုဒ္ဓဘာသာဝင်တိုင်း နားလည်သင့်ကြပေသည်။

ဥဇ္ဈာနသညီသိက္ခာပုဒ်။ ။ကိုရင်ဗုဒ္ဓရက္ခိတ....ဆွမ်းခံပြန်လာသောအခါ တခြို့က ကဲ့ရဲ့လို၍ သူများသပိတ်ကို ကြည့်တတ်ကြ၏၊ ဆွမ်းတို့ ဟင်းတို့ နည်းနေလျှင် လျော်လိုပြောင်လိုခြင်း, ဆွမ်းတို့ ဟင်းတို့ များနေလျှင် "ဒကာ ဒကာမတို့ကို ကြည်ညိုအောင် ပေါင်းတတ်လို့ ဆွမ်းတွေ ဟင်းတွေ ရတာဟေ့"ဟု ကဲ့ရဲ့လိုခြင်း ဤသို့ ယုတ်မာသော စိတ်ဖြင့် ကြည့်ခြင်းကို "ကဲ့ရဲ့လို၍ ကြည့်ခြင်း"ဟု ဆိုသည်၊ ထို့သို့ ကဲ့ရဲ့လိုသောစိတ်ဖြင့် သူသပိတ်ကို မကြည့်ကောင်းပါ၊ ဆွမ်းမရလျှင် ပေးလိုသော စိတ်, များလျှင် အလှူခံလိုသော

စိတ်ဖြင့်ကား ကြည့်ကောင်း၏။ [ဥဇ္ဈာနသညီ=ကဲ့ရဲ့ခြင်း၌ သညာရှိသည်။]

အတိမဟန္တသိက္ခာပုဒ်။ ။ကိုရင် ဗုဒ္ဓရက္ခိတ....ဆွမ်းစားသောအခါ ဆွမ်းလုပ်ကို အလွန်ကြီးကြီးပြုလုပ်၍ မစားရ၊ မိမိ ပါးစပ်အတွင်းမှာ တော်ရုံလောက်မှန်း၍ ဆွမ်းလုပ်ကို ပြုလုပ်ရသည်၊ ကျမ်းစာတို့၌ "ဒေါင်းဥလောက် မကြီးစေရ"ဟု သတ်မှတ်၏၊ သို့သော် "ပါးစပ်ထဲ၌ ပြည့်သိပ်နေအောင် မစားရ"ဟုသာ မှတ်ပါ။ [အတိမဟန္တ=အလွန်ကြီးသည်။]

ပရိမဏ္ဍလအာလောပ။ ။ကိုရင် ဗုဒ္ဓရက္ခိတ.... ဆွမ်းလုပ်ကို ရှည်ရှည် လျားလျား မဖြစ်စေဘဲ ခပ်ဝိုင်းဝိုင်းနေအောင် ပြင်ပြီးမှ ပါးစပ်တွင်းသို့ သွင်းရသည်၊ ထို့ကြောင့် ဆွမ်းစားသောအခါ ဆွမ်းလုပ်ကို လက်ထဲ၌ ထည့်ပြီးလျှင် လက်မကလေးနှင့် လှည့်ပတ်၍ ပြင်လိုက်ပါ၊ ဆွမ်းလုပ်ပြင်ရင်း (ရှေးဦးပြခဲ့ပြီးသော ပစ္စဝေက္ခဏာကိုလည်း အတိုချုပ် ဆင်ခြင်နိုင်ပါသေးသည်၊)ဤကဲ့သို့ ဆွမ်းလုပ်ပြင်၍ စားလေ့ရှိသော ရဟန်းသာမဏေများကို လူတို့က အလွန်ကျေနပ်ကြည်ညိုကြသည်။ [ပရိမဏ္ဍလ=ထက်ဝန်းကျင် ဝိုင်းသော+အာလောပ=ဆွမ်းလုပ်။]



ဆွမ်းစားသောအခါ ပစ္စဝေက္ခဏာ ဆင်ခြင်၍ ဆွမ်းလုပ်ပြင်နေပုံ။

လေ့ကျင့်ခဏ်း မေးခွန်း

က။ ဆွမ်းစားသောအခါ အဘယ်သို့စားမှ သက္ကစ္စ(လေးစားသော)စားခြင်း ဖြစ်သနည်း။

ခ ။ ဆွမ်းစားသောအခါ ဆွမ်းကို ဟိုနားကယူ သည်နားကယူ ယူ၍ စားကောင်းသလော၊ ဘယ်သို့ ယူ၍ စားရမည်နည်း။

ဂ ။ ဆွမ်းစားခွက်၏အလယ်ဗဟို မိုမောက်နေသော နေရာကစ၍ နှိုက်ကောင်းပါသလော၊ ဘယ်သို့ ယူ၍ စားရမည်နည်း။

ဃ။ များများလိုချင်၍ ရပြီးဟင်းကို မရသေးဘူးထင်အောင် ဆွမ်းဖြင့် မဖုံးကောင်းဟု ဘယ်သိက္ခာပုဒ်က တားမြစ်သနည်း။

င ။ ဆွေမျိုးလည်း မတော် အလိုရှိရာ တောင်းပါဟု ဖိတ်လည်း မဖိတ်သူထံ ဆွမ်းကိုဌင်း ဟင်းကိုဌင်း တောင်းကောင်းသလား။

စ ။ ဆွမ်းကို ဖြစ်စေ ဟင်းကို ဖြစ်စေ အလိုရှိလျှင် ဝိနည်း တော်နှင့် လျော်အောင် ဘယ်သို့ ပြုလုပ်ရမည်နည်း။

ဆ။ ဆွမ်းလုပ်ကို အလွန် ကြီးကြီးလုပ်၍ စားကောင်းသလော၊ ဘယ်လောက်သာ ကြီးစေရမည်နည်း။

ဇ ။ ဆွမ်းလုပ်ကို လူများ စားသလို မပြင်ဘဲနှင့် စားကောင်းသလား၊ ဘယ်လို ပြင်၍ စားရမည်နည်း။

c။ ကဗဇ္ဇဝဂ်

ကဗဇ္ဇသိက္ခာပုဒ်။ ။ကိုရင် ဗုဒ္ဓရက္ခိတ....ဆွမ်းစားသောအခါ ပါးစပ်ပေါက်နားသို့ ဆွမ်းလုပ်မရောက်ခင် ပါးစပ်ကို ဖွင့်ဟထားခြင်းသည် မယဉ်ကျေးသော အမူအရာဖြစ်၏၊ ထို့ကြောင့် ပါးစပ်ပေါက်သို့ ဆွမ်းလုပ်မရောက်မီ ပါးစပ်ပေါက်ကို ဖွင့်၍(ဟ၍)မထားရ။ [ကဗဇ္ဇ=ဆွမ်းလုပ်။]

ဘုဉ္ဇမာနသိက္ခာပုဒ်။ ။ကိုရင် ဗုဒ္ဓရက္ခိတ....ဆွမ်းစားသောအခါ လက်ချောင်းများကို (တချောင်းတလေမျှ)ခံတွင်းသို့ မသွင်းရ။ [ခံတွင်းဆိုသည်မှာ နှုတ်ခမ်း, သွားတို့၏ အတွင်းဘက်ကို ဆိုလိုသည်။]

သကဗဇ္ဇသိက္ခာပုဒ်။ ။ကိုရင် ဗုဒ္ဓရက္ခိတ....ခံတွင်းထဲ၌ ဆွမ်းလုပ်ရှိနေတုန်းမှာ စကားမပြောရ၊ စကားပြောချင်လျှင် ခံတွင်းမှာရှိသော ဆွမ်းလုပ်ကို မျိုချပြီးမှ ပြောရသည်၊ ခံတွင်းထဲ၌ နဲနဲပါးပါးရှိ၍ စကားလုံးပီအောင် ပြောနိုင်လျှင်ကား ပြောကောင်းပါ၏။

ပိဏ္ဍုက္ခေပကသိက္ခာပုဒ်။ ။ကိုရင် ဗုဒ္ဓရက္ခိတ....ဆွမ်းစားသောအခါ ဆွမ်းအခဲကိုဖြစ်စေ ဆွမ်းလုပ်ကိုဖြစ်စေ ပါးစပ်တွင်းသို့ မြှောက်၍(ပစ်၍)မသွင်းရ၊ ပါးစပ်နား တေ့မိမှသာ ဆွမ်းလုပ်ကို သွင်းရသည်။ [ပိဏ္ဍ=ဆွမ်း+ဥက္ခေပက=မြှောက်၍။]

ကဗဇ္ဇဝဝေစ္ဆဒက။ ။ကိုရင် ဗုဒ္ဓရက္ခိတ....တချို့လူများသည် ထမင်း ပူပူနွေးနွေးကို ဆုပ်ပြီးလျှင် ကိုက်ဖြတ်၍ စားတတ်ကြ၏၊ ရဟန်း သာမဏေတို့ကား

ဆွမ်းလုပ်(ဆွမ်းဆုပ်)ကို ကိုက်ဖြတ်၍ မစားကောင်း။ [**အဝစ္ဆေဒက**=ကိုက်ဖြတ်၍။]

အဝဂဏ္ဍကာရက။ ။ကိုရင်ဗုဒ္ဓရက္ခိတ....မျောက်သတ္တဝါမျိုးသည် အစာစားသောအခါ ပါးစောင်ကို ဖောင်းနေအောင် ထား၍ စားလေ့ရှိကြ၏၊ တချို့လူများလည်း ထိုကဲ့သို့ စားတတ်ကြသည်၊ ရဟန်းသာမဏေတို့မှာ ထိုကဲ့သို့ မစားကောင်းပါ၊ ခံတွင်းအလယ်မှာ ထား၍ စားရသည်၊ သစ်သီးစားရာ၌ကား ပါးစောင်ကို ဖောင်းနေအောင် ထား၍ စားကောင်းပါ၏။ [**အဝ**=ယုတ်ညံ့စွာ+**ဂဏ္ဍကာရက**=ပါးစောင်ကိုပြု၍။]

ဟတ္ထနိဒ္ဓုနက။ ။ကိုရင် ဗုဒ္ဓရက္ခိတ.....တချို့လူများသည် ထမင်းစားသောအခါ လက်ကို ခါ၍ ခါ၍ စားတတ်ကြ၏၊ ရဟန်းသာမဏေတို့မှာ ထိုကဲ့သို့လက်ကို ခါ၍ မစားကောင်း၊ လက်မှာ ပေနေလျှင် မခါဘဲ လက်မဖြင့် အသာဖယ်၍ ချရသည်။ [**ဟတ္ထ**=လက်ကို+**ဓုနက**=ခါ၍။]

သိတ္ထာဝကာရက။ ။ကိုရင်ဗုဒ္ဓရက္ခိတ....ဆွမ်းစားသောအခါ ဆွမ်းလုံးများကို ဟိုကြဲ သည်ကြဲနှင့် ကြဲဖြန့်၍ မစားကောင်း။ [**သိတ္ထာဝကာရက**=ဆွမ်းလုံးတို့ကို ကြဲဖြန့်၍။]

ဇိဝှါနိစ္ဆာရက။ ။ကိုရင် ဗုဒ္ဓရက္ခိတ....တချို့မိန်းမများသည် ပါးစပ်နားရောက်လာသော ထမင်းလုပ်ကို လျှာထုတ်၍ ကော်ယူတတ်ကြ၏၊ ရဟန်းသာမဏေတို့ကား ဆွမ်းကိုငင်း ဟင်းကိုငင်း လျှာဖြင့် ထုတ်၍ ကော်မယူကောင်း။ [**ဇိဝှါနိစ္ဆာရက**=လျှာထုတ်၍။]

စပုစပု ကာရက။ ။ကိုရင်ဗုဒ္ဓရက္ခိတ....တချို့မိန်းမများသည် ထမင်းစားသောအခါ စပ်စပ်=ပျပ်ပျပ် နှင့် အသံမြည်စေတတ်ကြ၏၊ ရဟန်းသာမဏေတို့မှာ ထိုကဲ့သို့ ပျပ်ပျပ်သံမြည်အောင် မစားကောင်း။ [စပုစပု = စပ်စပ် ပျပ်ပျပ်+ကာရက=ပြု၍။]

လေ့ကျင့်ခဏ်း မေးခွန်း

က။ ဆွမ်းစားသောအခါ ပါးစပ်ပေါက်သို့ ဆွမ်းလုပ်မရောက်ခင် ပါးစပ်ပေါက်ကို ဘယ်လိုလုပ်၍ မထားရသနည်း။

ခ ။ ဆွမ်းစားသောအခါ လက်ချောင်းများကို **အဘယ်သို့** မထည့်သွင်းဘဲ စားရသနည်း။

ဂ ။ ခံတွင်းထဲ၌ ဆွမ်းလုပ်ရှိနေတုန်းမှာ ဘာကို မလုပ်ရသနည်း။

ဃ။ ဆွမ်းစားသောအခါ ဆွမ်းလုပ် ဆွမ်းခဲကို ပါးစပ်တွင်း**သို့** ဘယ်လိုလုပ်၍ မသွင်းရသနည်း။

င ။ ဆွမ်းစားသောအခါ ဆွမ်းလုပ်ကို ဘယ်လိုလုပ်၍ **မစား** ရသနည်း။

စ ။ ဆွမ်းလုပ်ကို ပါးစောင်တဖက်၌ ထား၍ **စား**ကောင်းသလော၊ အဘယ်မှာထား၍ စားရမည်နည်း။

ဆ။ လက်၌ ပေနေသော ဆွမ်း ဟင်းများကို ခါ၍ ပစ်ကောင်း**သ**လော၊ ဘယ်လို လုပ်ရမည်နည်း။

ဇ ။ ဆွမ်းလုပ်ကို လျှာထုတ်၍ ကော်ယူကောင်းသလော။

ဈ ။ ပျပ်ပျပ်မည်အောင် ဆွမ်း**စား**ကောင်း**သ**လော။

စ။ သုရုသုရုဝဂ်

သုရုသုရု သိက္ခာပုဒ်။ ။ကိုရင် ဗုဒ္ဓရက္ခိတ.... ဟင်းရည်ကို ဖြစ်စေ၊ နွားနို့-လက်ဘက်ရည်ကို ဖြစ်စေ သောက်သောအခါ "ရှရှူး=ရှရှူး" လို့ အသံမြည်အောင် မသောက်ရ၊ ပါးစပ်ကို နဲနဲမော့ပြီး အသံမမြည်အောင် **အ**သာကလေး မျှောချရသည်။ [သုရု သုရု=ရှရှူး ရှရှူးဟု + ကာရက=ပြု၍။]

ဟတ္ထ နိလ္လေဟက။ ။ကိုရင် ဗုဒ္ဓရက္ခိတ.... အောက်တန်းကျသော တချို့လူများသည် ထမင်း စားသောအခါ လက်ချောင်းမှာ ကပ်နေသော ဟင်း**စ**-ထမင်း**စ** တို့ကို လျှာဖြင့် လျက်၍ လျက်၍ စားတတ်ကြ၏၊ ရဟန်းသာမဏေတို့မှာ ထိုကဲ့သို့ လျက်၍ လျက်၍ မစားကောင်းပါ။ [ဟတ္ထ=လက်+နိလ္လေဟက=လျက်၍။]

ပတ္တ နိလ္လေဟက။ ။ကိုရင် ဗုဒ္ဓရက္ခိတ....တချို့ ကလေးများသည် ထမင်းမလောက်မင ဖြစ်နေလျှင် ထမင်းခွက်မှာ ကျန်နေသော ဟင်း အစအန ထမင်း**အစအန** တို့ကို လက်ဖြင့် ရသမျှ ခြစ်ချူတ်၍ စားတတ်ကြ၏၊ ရဟန်းသာမဏေတို့မှာ ထိုကဲ့သို့ သပိတ်(ဆွမ်းစားခွက်-ပန်း**က**န်ပြား) တို့ကို ခြစ်ချူတ်၍မစားကောင်းပါ၊ ကုန်ခါနီး၌ ဆွမ်းအားလုံးကို **သိမ်း**ယူမှုကိုကား ပြုကောင်းပါသည်။ [ပတ္တ=သပိတ်, ခွက်။]

ဩဇ္ဇ နိလ္လေဟက။ ။ကိုရင် ဗုဒ္ဓရက္ခိတ....တချို့ လူများသည် ထမင်း စားသော အခါ နှုတ်ခမ်းမှာ ကပ်နေသော ဟင်း**အ**စအနကို လျှာဖြင့် လျက်၍ လျက်၍

စားလေ့ရှိကြ၏၊ ရဟန်း သာမဏေတို့မှာ ထိုကဲ့သို့ လျှာဖြင့် လျက်၍ မစားကောင်းပါ။ [သြဠာ=နှုတ်ခမ်း။]

ပါနီယတ္ထာလက။ ။ကိုရင် ဗုဒ္ဓရက္ခိတ.... တချို့ လူမျိုးသည် ထမင်းစားတုန်း ဖြစ်စေ၊ ထမင်းစားပြီး ခါစ ဖြစ်စေ ရေသောက်လိုလျှင် ထမင်း ဟင်း သရည်စာတွေ ပေနေသော လက်ဖြင့် သောက်ရေခွက်ကို ကိုင်တတ်ကြသည်၊ ထိုသို့ ကိုင်သည့်အတွက် နောက်တယောက် မသောက်ချင် လောက်အောင် သောက်ရေခွက်မှာ ရွံစရာ ဖြစ်နေတော့၏၊ ထို့ကြောင့် ရဟန်း သာမဏေတို့မှာ ပေနေသော လက်ဖြင့် သောက်ရေခွက်ကို မကိုင်ကောင်းပါ။[ပါနီယ=သောက်ရေ+ ထာလက=ခွက်။]

မှတ်ချက်။ ။သောက်ရေခွက်ကို ကိုင်ချင်လျှင် မပေသော အခြားလက်တဘက်ဖြင့် ကိုင်ရမည်၊ သို့မဟုတ် ပေနေသော လက်ဖြင့် သောက်ရေခွက်ကို ကိုင်ပြီးနောက် ထိုရေခွက်ကို ဆေးမည် ဟူသော ရည်ရွယ်ချက်ဖြင့်လည်း ကိုင်နိုင်ပါ၏၊ သောက်ရေခွက် မဟုတ်သော တခြား ဆေးရေ ခွက်ကိုကား ပေနေသောလက်ဖြင့်ပင် ကိုင်ကောင်းပါ၏။

သသိတ္ထကသိက္ခာပုဒ်။ ။ ကိုရင် ဗုဒ္ဓရက္ခိတ.... ရွေး ရဟန်း သာမဏေ များသည် ဆွမ်းခံပြီး သောအခါ မြို့တွင်း ရွာတွင်းမှာရှိသော စရပ်၌ ဆွမ်းစား တတ်ကြသည်၊ ဤ သိက္ခာပုဒ်ကို ပညတ်တော်မမူမီက ဆွမ်း စားပြီးနောက် သဖိတ်ဆေးသောအခါ ဆွမ်းလုံးတွေနှင့်တကွ သပိတ်ဆေးရေကို ထိုမြို့တွင်း ရွာတွင်းမှာ သွန်ခဲ့သောကြောင့် (“ကိုယ်တော်တွေနှယ် ဆွမ်းလုံးတွေကို သပိတ်ဆေးရေနှင့်

အတူ သွန်ပစ်ထားလိုက်ကြတာ, ကြည့်လို့လဲ အမြင်မတော် ဘူး၊ နင်းမိပြန်ရင်လဲ မကောင်းဘူး” စသည်ဖြင့်) ကဲ့ရဲ့ကြ သည်၊ ထို့ကြောင့် ဤ သိက္ခာပုဒ်ကို ပညတ်တော်မူရသည်၊ မြေပေါ်၌ မသွန်ဘဲ ထွေးခံ လက်ဆေးခံထဲမှာတော့ သွန် ကောင်းပါ၏၊ ဆွမ်းတခြား ရေတခြားခွဲပြီး ဆွမ်းလုံးတွေကို တနေရာမှာ စုပုံပြီးမှ ရေချည်းသက်သက်လည်း သွန်ကောင်း ပါ၏။ [သ=တက္ခ+သိတ္ထက=ဆွမ်းလုံး။]

(ဆွမ်းစားမှုနှင့်စပ်သော သိက္ခာပုဒ် ၂၆-ပါး ပြီး၏။)

[ဤမှ နောက်၌ တရားဟောမှုနှင့် စပ်ဆိုင်သော သိက္ခာပုဒ်များ လာလိမ့်မည်။]

ကိုရင် ဗုဒ္ဓရက္ခိတ....တရားဟောမှုသည် တရားနာသူတို့ကို တတ်သိ နားလည်အောင် ပြောပြရသော အလုပ်ဖြစ်၍ အလွန် မြင့်မြတ်သော အလုပ်တမျိုးဖြစ်သည်၊ မြင့်မြတ်သောအလုပ်ကို လုပ်သူသည် မြင့်မြတ်သော အနေမျိုးဖြင့်သာ ပြုလုပ်သင့်၏၊ တရားနာသူတို့၏ အောက်ကျ နောက်ကျ အနေမျိုးဖြင့် နေ၍ မဟောသင့်။

ထို့ကြောင့် တရားနာသူသည် လက်၌....

(က) ထီးကို ကိုင်ထားလျှင်၎င်း၊

(ခ) ၄-တောင်လောက်ရှိသော ဒုတ် တောင်ဝှေးကို ကိုင်ထားလျှင်၎င်း၊

(၇) ခား-ရိုက်နှက်ဘို့ ဒုတ်-သေနတ်စသော လက်နက် ဘစုံတခုကို ကိုင်ထားလျှင်၎င်း၊

(၈) လေး-မြှားတို့ကို ကိုင်ထားလျှင်၎င်း ထိုသူတို့အား တရားမဟောကောင်းပါ။

လေ့ကျင့်ခဏ်း မေးခွန်း

က။ ဟင်းရည် နွားနို့ လက်ဘက်ရည်များကို ဘယ်လိုအသံ မြည်အောင် မသောက်ကောင်းသနည်း။

ခ။ လျှာဖြင့် အဘယ်သို့ လုပ်၍ မစားကောင်းသနည်း။

ဂ။ ခွက်မှာ (သပိတ်မှာ) ကပ်နေသော ဆွမ်း-ဟင်း အစ အနမျှားကို ဘယ်လိုလုပ်၍ မစားရသနည်း။

ဃ။ နှုတ်ခမ်းမှာကပ်နေသော အစအနကို ဘယ်လိုလုပ်၍ မစားရသနည်း။

င။ ဆွမ်းစားပြီးသောအခါ ရေသောက်လိုလျှင် ဘယ်လို လက်ဖြင့် ရေခွက်ကို မကိုင်ကောင်းသနည်း။

စ။ ဆွမ်းလုံးပါသော သပိတ် (ခွက်) ဆေးရေကို ဘယ်မှာ မသွန်ကောင်းသနည်း။

ဆ။ ထီး, ဒုတ်, ခား, လေးမြှား, သေနတ် ကိုင်နေသူအား ဘာမလုပ်ကောင်းသနည်း။

ဆ။ ပါဒုကဝဂ်

[ဟိန္ဒူလူမျိုးများ စီးလေ့ရှိသော သဲကြိုးမပါဘဲ အဖျားခွံ ဗုကလေးတပ်ပြီးလျှင် ထိုဗုကို ခြေဖျားဖြင့် ညှပ်၍ စီးရသော သစ်သားဘိနပ်(ခုံဘိနပ်)ကို "ပါဒုက=ခြေနင်း"ဟု ခေါ်၏၊ ထိုဘိနပ်မှ ကြွင်းသော သဲကြိုးတပ် နောက်ပိတ်ဘိနပ်စသော ဘိနပ်များကို "ဥပါဟန=ဘိနပ်"ဟု ခေါ်၏။]

ကိုရင် ဗုဒ္ဓရက္ခိတ .... ကျန်းမာပါလျက် (က) ခြေနင်း စီးထားသူ၊ (ခ) ဘိနပ်စီးထားသူများအား တရား မဟော ကောင်း။

(၇) လှည်း လှေ ရထား သင်္ဘော မော်တော်ကားစသော ယာဉ် အမျိုးမျိုး စီးနေသူအား မိမိက ယာဉ် အောက်၌ နေလျက် တရားမဟောကောင်း။

(၈) ကျန်းမာလျက် အိပ်ရာပေါ်၌ လျောင်း၍ (ဟန်ကြီး ပန်ကြီးနှင့်)တရားနာသူအား မိမိက ထိုင်၍ဖြစ်စေ ရပ်၍ဖြစ်စေ တရားမဟောကောင်း။

(င) ကျန်းမာပါလျက် လက်ဖြင့် ဖြစ်စေ အဝတ်ဖြင့် ဖြစ်စေ ဒူး ၂-ဘက်ကို ပတ်၍ မရှိမသေ ထိုင်နေသူအား မိမိက ရိုးရိုးထိုင်၍ဖြစ်စေ ရပ်၍ဖြစ်စေ အိပ်၍ဖြစ်စေ တရားမဟောကောင်း။

(စ) ဆံစ မပေါ်အောင် ဦးခေါင်းကို ရစ်ပတ် ဖုံးအုပ်၍ ခေါင်းပေါင်း ပေါင်းထားသူ ဦးထုပ် ဆောင်းထားသူ အား တရားမဟောကောင်း၊ ဟောလိုလျှင် ခေါင်း ပေါင်း ဦးထုပ်ကို ချွတ်စေပြီးမှ၎င်း, ဆံစ ပေါ်ရုံ

ဖော်စေပြီးမှငင်း ဟောရ၏။[မြန်မာတို့ ခေါင်းပေါင်း ပုံမှာ ဆံစ ပေါ်နေသောကြောင့် ဟောကောင်း၏။]

(ဆ) ခေါင်းမြီး ခြုံထားသူအားလည်း တရား မဟော ကောင်း၊ ဟောလိုလျှင် ခေါင်းမြီးခြုံကို ဖွင့်စေပြီးမှ ဟောရမည်။

(၈) တရားဟောပုဂ္ဂိုလ်သည် အခင်းမပါသော မြေပေါ် ကြမ်းပေါ်၌ ထိုင်၍ ကျန်းမာလျက်နှင့် အခင်းပေါ်မှာ ထိုင်နေသူအား တရားမဟောကောင်း။

(စျ) တရားဟောပုဂ္ဂိုလ်သည် နိမ့်သောနေရာ၌ ထိုင်၍ ကျန်းမာလျက်နှင့် မြင့်သောနေရာ၌ ထိုင်နေသူအား တရားမဟောကောင်း။

(ည) တရားဟောပုဂ္ဂိုလ်သည် နောက်မှ လိုက်၍ ကျန်းမာ ပါလျက် ရှေက သွားနေသူအား တရား မဟော ကောင်း။

(ဋ) တရားဟောပုဂ္ဂိုလ်သည် လမ်းဘေးက လိုက်၍ ကျန်း မာပါလျက် လမ်းပေါ်၌ သွားနေသူအား တရား မဟောကောင်း။

မှတ်ချက်။ ။တရားမဟောကောင်းသော သိက္ခာပုဒ် ၁၆-ပါး၌ မကျန်းမမာသူဖြစ်လျှင် ဘယ်လိုနေနေ ထိုသူအား တရားဟောကောင်း၏၊ "တရား"ဟူရာ၌လည်း ပါဠိတော်နှင့် အဋ္ဌကထာတို့၌ တိုက်ရိုက်လာသောပါဠိစကား ကိုသာ တားမြစ်သည်၊ အခြား ဘာသာစကားဖြင့် တရား ဟောခြင်းကို မတားမြစ်ပါ။

ကိုရင် ဗုဒ္ဓရက္ခိတ....ကျန်းကျန်းမာမာရှိလျှင်—

(က) မတ်မတ်ရပ်၍ ကျင်ကြီးကျင်ငယ် မစွန့်ကောင်း။

(ခ) စိမ်းစိုု၍ ရှင်နေသောမြက်ပင် သစ်ပင် သစ်ကိုင်း သစ်ခက် သစ်ရွက်ပေါ်၌လည်း ကျင်ကြီး ကျင်ငယ် မစွန့် ကောင်း, တံထွေးနှပ်တို့ကိုလည်းမထွေးမည့်စကောင်း။

(ဂ) သောက်၍ သုံး၍ ဖြစ်လောက်သော ရေတွင်း ရေကန် စသော ရေထဲ၌လည်း ကျင်ကြီး ကျင်ငယ် နှပ် တံထွေး တို့ကို မစွန့်ကောင်း၊ မြစ်ကြီး ချောင်းကြီးတို့၌ကား စွန့်သည့်အတွက် ရေမပျက်သောကြောင့်၎င်း, လှေ သင်္ဘောစီးသွားစဉ် ရေလွှတ်သော ကုန်းနေရာကို မရနသောကြောင့်၎င်း စွန့်ကောင်းပါ၏။

လွတ်ကျင့်ခဏ်း မေးခွန်း

က။ အဘယ်ကို စီးနင်းထားသူ, အဘယ်ပေါ်၌ ရောက်နေသူ အား မိမိက ထိုင်၍ ရပ်၍ တရားမဟောကောင်းသနည်း။

ခ ။ အဘယ်သို့ နေသူများအား တရားမဟောကောင်း သနည်း။

ဂ ။ မိမိက အခင်းမပါသော နေရာ၌ ထိုင်၍ ဘယ်လိုနေသူ အား တရားမဟောကောင်းသနည်း။

ဃ။ ကျန်းမာလျှင် ဘယ်လိုနေ၍ ကျင်ကြီးကျင်ငယ် မစွန့် ကောင်းသနည်း။

င ။ ဘယ်လိုနေရာများ၌ ကျင်ကြီး ကျင်ငယ် နှပ် တံထွေး တို့ကို မပြုကောင်းသနည်း။

သေခိယသိက္ခာပုဒ်များ ပြီး၏။

၇-ခန္ဓကဝတ် ၁၄-ပါးကို သင်ပြခဏ်း

[စူဠဝဂ္ဂ-ဝတ္ထုက္ခန္ဓကဋ္ဌလာသော ဤကျင့်ဝတ်များကိုလည်း ဖတ်စာလုပ်၍ ရေးပါမည်၊ ရှင်သာမဏေများကို ဖတ်စာအဖြစ်ဖြင့် ဖတ်ပါစေ၊ တတ်နိုင်လျှင် လက်ရေးစာအဖြစ်ဖြင့် အကူးခိုင်းပြီးမှ ဖတ်ပါစေ။]

(က) အာဂန္တုကဝတ်

ကိုရင် ဗုဒ္ဓရက္ခိတ....သူတပါး၏ ကျောင်းတိုက်သို့ ခေတ္တ ခဏသွားသော ရဟန်းသာမဏေကို "အာဂန္တုက=ည့ဉ်သည်" ဟု ခေါ်သည်၊ ထို အာဂန္တုကပုဂ္ဂိုလ်သည် သူတပါး၏ ကျောင်းတိုက် အာရာမ်တွင်းသို့ ဝင်လိုသောအခါ—

(၁) ဘိနပ်စီး၍ ထီးဆောင်းလာသူဖြစ်လျှင် ကျောင်းသို့ မဝင်မီ ဘိနပ်ကိုလည်း ချွတ်ရ, ထီးကိုလည်း ချုပ်ရသည်။

(၂) ဦးခေါင်းခြုံလာလျှင် ထိုခေါင်းခြုံကို ဖွင့်၍ သင်္ကန်းကို ကောင်းမွန်စွာ ရုန်းပြီးမှ ဝင်ရမည်။

(၃) ကျောင်းတိုက်တွင်းသို့ ရောက်ပြီးနောက် ကျောင်းနေ ပုဂ္ဂိုလ်က မိမိထက်ကြီးလျှင် ထိုပုဂ္ဂိုလ်ကို ရှိခိုးပြီးမှ သင့်တော်သောနေရာ၌ ထိုင်ရသည်။ [မိမိကကြီးလျှင် ရှိမခိုးဘဲ သင့်တော်ရာ၌ ထိုင်ရသည်။]

(ခ) အာဝါသိကဝတ်

ကိုရင် ဗုဒ္ဓရက္ခိတ....မိမိတို့ နေမြဲကျောင်း၌ အတော်ကြာကြာ နေသော ရဟန်းသာမဏေကို "အာဝါသိက=ကျောင်းနေ ပုဂ္ဂိုလ်"ဟု ခေါ်သည်၊ ထိုအာဝါသိကပုဂ္ဂိုလ်သည်—

(၁) မိမိထက် ကြီးသော အာဂန္တုကပုဂ္ဂိုလ် လာသည်ကို မြင်လျှင် သူမှာပါသော သပိတ်သင်္ကန်းစသော အရာဝတ္ထုကို လှမ်း၍ ယူရသည်၊ နေရာခင်းပေးရသည်၊ ခြေဆေးလိုလျှင် ခြေဆေးပေးရသည်။

(၂) "သောက်ရေ အလိုရှိပါသလား"ဟု လျှောက်၍ အလို ရှိလျှင် ကိုယ်တိုင်သော်လည်း သောက်ရေ ကပ်ရသည်၊ သို့မဟုတ် တယောက်ယောက်ကိုသော်လည်း အကပ် ခိုင်းရသည်။

(၃) အာဂန္တုကရဟန်းက မိမိအောက် ငယ်လျှင် သပိတ် သင်္ကန်းထားဘို့ နေရာကို "မည်သည့်နေရာမှာ ထား" ဟု ညွှန်ပြရသည်၊ ထိုင်ဘို့ နေရာကို "မည်သည့်နေရာမှာ ထိုင်"ဟု ညွှန်ပြရသည်၊ ခြေဆေးလိုလျှင် ခြေဆေးဘို့ နေရာကို ညွှန်ပြရသည်၊ သောက်ရေ အလိုရှိလျှင် သောက်ရေထားသော နေရာကို ညွှန်ပြရသည်။

(၄) ထို့နောက် တည်းခိုဘို့နေရာနှင့် ဝစ္စကုဋိ ပဿာဝကုဋိ (ကျင်ကြီးအိမ် ကျင်ငယ်အိမ်) စသည်ကို ပြောပြရသည်။

(၈) ဂမိကဝတ်

ကိုရင် ဗုဒ္ဓရက္ခိတ.... ခရီးသွားမည့် ရဟန်း သာမဏေကို "ဂမိကပုဂ္ဂိုလ်"ဟု ခေါ်၏၊ ထိုဂမိကပုဂ္ဂိုလ်သည်—

(၁) မိမိသုံးစွဲနေသော သံဃိက (သံဃာအများပိုင်) သစ်ဘဏ္ဍာ မြေဘဏ္ဍာ (သစ်သားဖြင့် လုပ်အပ်သော ခုတင် ကုလားထိုင် စားပွဲစသည်နှင့် မြေဖြင့် ပြုလုပ်အပ်သော အိုးခွက် ပန်းကန်စသော ဘဏ္ဍာ)များကို သိမ်းရသည်။

(၂) မိမိတပါးတည်း နေသော ကျောင်းဖြစ်လျှင် ကျောင်း ခန်းတံခါးနှင့် လေသောက်ပြူတင်းတို့ကို ပိတ်ရသည်။

(၃) ကျောင်းမှာရှိသော အကြီးအကဲနှင့် သီတင်းသုံးဘော် များကို "မည်သည့်အရပ် သွားပါဦးမည်"ဟု ပန်ပြော ရသည်။

(၄) ထိုတာဝန်ဝတ္တရားများကို ပြုလုပ်ပြီးမှ ခရီးသွားရသည်၊ ထိုဝတ္တရားများကို မပြုလုပ်ဘဲသွားလျှင် ရဟန်းများမှာ အာပတ်သင့်၍ သာမဏေများ၌ ဒဏ်ထိုက်သည်။

---

(၈) အနုမောဒနာဝတ်

ကိုရင် ဗုဒ္ဓရက္ခိတ.... ကျောင်းတိုက်တွင်းမှာဖြစ်စေ မြို့ရွာတွင်းမှာဖြစ်စေ ဆွမ်းကျေးပြီးသောအခါစသည်၌ ဒါယကာတို့အား ဝမ်းမြောက်ဝမ်းသာရှိအောင် တရားဟောခြင်းကို "အနုမောဒနာပြုခြင်း"ဟု ခေါ်သည်။ [အနု=အဖန်ဖန်+မောဒနာ=ဝမ်းမြောက်စေခြင်း။]ထိုသို့ ဆွမ်းတရားဟောမှုနှင့်

အလှူမဏ္ဍပ်၌ တရားဟောမှု စသော အနုမောဒနာ ပြုမှုသည် အကြီးဆုံးပုဂ္ဂိုလ်၏ တာဝန်ဖြစ်၏၊ ထို့ကြောင့်=

(၁) အကြီးဆုံးပုဂ္ဂိုလ်သည် ကိုယ်တိုင်စွမ်းနိုင်လျှင် ကိုယ်တိုင် အနုမောဒနာ ပြုရသည်။

(၂) ကိုယ်တိုင်မစွမ်းနိုင်လျှင် စွမ်းနိုင်သူ တပါးပါးကို(ကိုရင် ကလေးဖြစ်စေ) အနုမောဒနာပြုပါဟု တိုက်တွန်းရ သည်။

(၃) အကြီးဆုံးက မတိုက်တွန်းဘဲ မည်သူမျှ အနုမောဒနာ မပြုရ။

(၄) အကြီးဆုံးပုဂ္ဂိုလ်သည် ဝတ်တရားကို နားမလည်၍ မိမိကိုယ်တိုင်လည်း မဟော၊ သူတပါးကိုလည်း မတိုက် တွန်းလျှင် စွမ်းနိုင်သောပုဂ္ဂိုလ်က အကြီးဆုံးထံ ခွင့် ပန်၍ တရားဟောနိုင်ပါသည်။

(၅) ဒါယကာက သူကြည်ညိုသော ပုဂ္ဂိုလ်အား တရား ဟောဘို့ရန် လျှောက်ထားလျှင်လည်း အကြီးဆုံး မထေရ်ကြီးအား ခွင့်ပန်ဘုယ် မလိုတော့ပါ။

---

(၉) ဘတ္တဂ္ဂဝတ်

ကိုရင် ဗုဒ္ဓရက္ခိတ.... ဆွမ်းစားရာ ဌာနဖြစ်သော ကျောင်းကို ဖြစ်စေ စရပ်ကိုဖြစ်စေ အိမ်ကိုဖြစ်စေ "ဘတ္တဂ္ဂ" ဟု ခေါ်၏။ [ဘတ္တ=ဆွမ်း+ဂ=ယူရာ ဌာန။] ဘုရားလက်ထက်တော်၌ ရှာတွင်းမှာလည်း ဆွမ်းစားစရပ်ရှိသည်၊ ထို့ကြောင့်—

(စ) ပိဏ္ဍစာရိကဝတ်

ကိုရင် ဗုဒ္ဓရက္ခိတ....ဆွမ်းခံသွားသော ရဟန်းသာမဏေများကို "ပိဏ္ဍစာရိက"ဟု ခေါ်၏ [ပိဏ္ဍ=ဆွမ်းအလိုင့်၊+စာရိက=လှည့်လည်သူ။]ထိုဆွမ်းခံသွားမည့် ပုဂ္ဂိုလ်သည်—

(၁) ရှေးဦးစွာ သိမ်းစရာရှိသော သစ်ဘဏ္ဍာ မြေဘဏ္ဍာတို့ကို သိမ်းဆည်းရသည်။

(၂) သပိတ်ကို သန့်ရှင်းစင်ကြယ်စွာ ဆေးရသည်။ [မသန့်ရှင်းဘူး ထင်လျှင် ရဟန်းတို့မှာ သပိတ်ကို အကပ်ခံရသည်။]

(၃) သေခိယသိက္ခာပုဒ်များနှင့် ညီစွာ သက်နှံးရုံခြင်းစသော ကျင့်ဝတ်များကို ကျင့်ရသည်။

(၄) ဆွမ်းရပ်သောအခါ၌လည်း ဆွမ်းလောင်းသော နေရာနှင့် မဝေးလွန်းမနီးလွန်းအောင် ရပ်ရသည်၊ အလွန်ကြာကြာလည်း မရပ်ရ၊ အလွန်မြန်စွာလည်း ပြန်၍ မလှည့်ရ။

(၅) ရပ်နေတုန်း၌ "လောင်းမည်, မလောင်းမည်"ကို အကဲခပ်တတ်ရသည်။

(၆) ဆွမ်းလောင်းသူ၏မျက်နှာကိုလည်း မော်၍မကြည့်ရ။

(၇) အိမ်မှ ပြန်ထွက်သောအခါလည်း မနှေးလွန်းမမြန်လွန်း ပြန်ထွက်ရသည်။

(၁) ရှာတွင်းရှိ ဆွမ်းစားစရပ်သို့ သွားသော ပုဂ္ဂိုလ်သည် သေခိယ သိက္ခာပုဒ်များနှင့် ညီညွတ်အောင် သက်နှံးရုံခြင်း စသော ကျင့်ဝတ်များကို စောင့်ထိန်း၍ သွားရသည်၊ ပြန်လာသောအခါလည်း သေခိယသိက္ခာပုဒ်တော်များနှင့် ညီစွာ ပြန်လာရသည်။

(၂) ကျောင်းတိုက် အတွင်း၌ ရှိသော ဆွမ်းစားကျောင်းသို့ သွားသော ပုဂ္ဂိုလ်လည်း သက်နှံးကို ညီညာစွာဝတ်၍ ရန်း၍ သွားရသည်။

(၃) မည်သည့် ဆွမ်းစားရာဌာန၌မဆို မထေရ်ကြီးများ၏ အနီး အပါး၌ အလွန်နီးကပ်စွာ မထိုင်ရ။ [ထိုသို့ အလွန်နီးကပ်စွာ ထိုင်ခြင်းသည် မရိုသေရာရောက်သည်။]

(၄) မိမိအောက် ငယ်သားများကိုလည်း ရှိနေသော နေရာကို (မထိုင်နှင့်-ဟု) မတားမြစ်ရ။

(၅) ဆွမ်းစားသော အခါ၌လည်း သေခိယ သိက္ခာပုဒ်တော်နှင့် ညီစွာ စားသောက်ရသည်။

(၆) ဆွမ်းစားခါနီးဖြစ်စေ ဆွမ်းစားပြီးနောက် ဖြစ်စေ လက်စသည်ကို ဆေးသောအခါ ရေသံ ပလုပ်ကျင်းသံ စသည်မကြားရအောင် ငြိမ်သက်စွာ ဆေးရသည်။

(၇) အနီးအပါး-ပုဂ္ဂိုလ်များကို ရေမစဉ်ရအောင် သတိထား၍ လက်ဆေးခံ-ထွေးခံတို့၌သာ ဆေး-ထွေးရသည်။

(ဆ) အာရည်ကဝတ်

ကိုရင် ဗုဒ္ဓရက္ခိတ....တောကျောင်း၌ နေသော ပုဂ္ဂိုလ်ကို "အာရည်က ပုဂ္ဂိုလ်"ဟု ခေါ်၏။ [အရည=တောင်×ဣက=နေလေ့ရှိသူ။] ထို တောနေပုဂ္ဂိုလ်သည်—

(၁) သူခိုး, ဓားပြ, သူပုန်စသူတို့က တောင်းလာလျှင် အဆင့်သင့် မရခဲ့သော် ဘေးရန်အန္တရာယ် ပြုတတ်သော ကြောင့် အဆင်သင့်ရတို့ရာ သောက်ရေ သုံးရေများကို တည်ထားရသည်။

(၂) မီးကိုသော်လည်း အဆင်သင့် ထည့်ထားရသည်၊ မီး မထည့်လျှင် (မီးပွတ်၍ ရသော) ပွတ်ခုံ ပွတ်ကျည်ကို ထားရသည်။[ယခုခေတ်၌ ပွတ်ခုံပွတ်ကျည်မသုံးသော ကြောင့် ထို ပွတ်ခုံ ပွတ်ကျည်အစား မီးခြစ်ဗူးကို ထားရမည်။]

(၃) မိမိသွားတဲ့လာတဲ့အခါ လွယ်ကူအောင် တောင်ဝှေးကို လည်း ထားရသည်။

(၄) ခိုးသူတို့က မေးလာလျှင် ပြောပြရအောင် အရှေ့အနောက် စသော အရပ်မျက်နှာတို့ကိုလည်း, နက္ခတ် တာရာတို့၏ အကြောင်းအရာကိုလည်း သိထားရသည်၊ (သိအောင် လေ့လာရသည်-ဟူလို။)

(ဇ) သေနာသနဝတ်

ကိုရင် ဗုဒ္ဓရက္ခိတ....ကျောင်းကိုလည်း, အိပ်ရာ နေရာကိုလည်း "သေနာသန"ဟု ခေါ်၏။ [သေန=အိပ်ရာ+အာသန=နေရာ။] ရဟန်း သာမဏေတို့သည် မိမိနေရာ ကျောင်းနှင့် အိပ်ရာ နေရာများကို သန့်ရှင်းအောင် သုတ်သင် ရှင်းလင်း ကြရသည်။ ထို့ကြောင့်—

(၁) ညောင်စောင်းအင်းပျဉ်ဟု ရှေးက ခေါ်ရသော ခုတင် ထိုင်ခုံ စားပွဲ ကုလားထိုင် စသည်တို့ကို ဖုံသုတ်မှု, တခါ တခါ နေလှန်းမှု စသည်ကို ပြုရသည်။

(၂) ကျောင်းပရိဝိုင်းဟုခေါ်သော ကျောင်းဝိုင်း တိုက်ဝိုင်း ကိုလည်း, ရေချိုးအိမ် ကျင်ငယ်အိမ် ကျင်ကြီးအိမ် စသည်ကိုလည်း အမှိုက်ရှင်းလျှင် တံမြက်လှည်းရသည်၊ မြေပြင်ဝယ် တံမြက်လှည်းသောအခါ၌ ဖုံမထအောင် ရေဖျန်း၍ လှည်းရသည်။ [တံမြက်လှည်း၍ ဖုံထလျှင် ထို ဖုံတွေသည် ကျောင်းအုတ်း၌လည်း ကျောင်းအပြင် နံရံ စသည်၌လည်း ငြိကပ်မည်စိုးသော ကြောင့် ရေဖျန်း၍ လှည်းဘို့ရန် ပညတ်တော်မူသည်။]

(၃) ကျောင်းခန်းအတွင်းကို ရှင်းလင်းသောအခါ မသုတ်သင်မီ အတွင်းမှာရှိသော သပိတ်, သင်္ကန်း, ခေါင်းအုံး, စောင်, ခုတင်, စားပွဲ, ကုလားထိုင် စသော အသုံးအဆောင် အားလုံးကို အပြင်သို့ ထုတ်၍ သင့်တော်သော နေရာ၌ ထားရသည်၊ ထိုသို့ အသုံးအဆောင် အားလုံးကို အပြင်သို့ ထုတ်ပြီးမှ ပင့်ကူမျှင် ရှိလျှင်

(ပိုးကောင်ကလေးများကိုမထိမိအောင်ရှောင်လျက်) အထက် မျက်နှာကြက်မှစ၍ တံမြက်လှည်းရသည်၊ လေသောက်ပြူတင်းပေါက် အနားတို့ကို ပွတ်သုတ်ရသည်၊ အင်္ကျီတေ ဆေးသုတ်ထားသော နေရာများ၌ကား အဝတ်ကို ရေဆွတ်၍ ညှစ်ပြီးလျှင် ဆေးရောင်မပျက်အောင် သာသာယာယာ ပွတ်တိုက်ရသည်။

(၄) အမှိုက်များကို စုပြီးနောက် သင့်တော်ရာ၌ စွန့်ပစ်ရသည်၊ အပြင်သို့ ထုတ်ထားသော သင်္ကန်း ခုတင် စသည်ကို ဖုံခါရသည်၊ ဖုံခါသောအခါ ရဟန်းတော်များ၏အနီး ကျောင်းတဆောင်ဆောင်၏အနီး သောက်ရေ သုံးရေအိုးတို့၏ အနီး၌ မခါရ၊ လေလာသောဘက်(လေတင်)ကလည်း မခါရ၊ လေအောက်သို့ ဖုံသွားအောင် ခါရသည်၊ ထိုသို့ ခါသင့်သည်ကို ဖုံခါပြီးမှ သုတ်သင့်သည်ကို ပွတ်သုတ်ပြီးမှ နေလှန်းသင့်သည်ကို နေလှန်းပြီးမှ အသုံးအဆောင်များကို ကျောင်းတွင်းသို့ ပြန်၍ သွင်းရသည်၊ ပြန်ထားသော အခါလည်း နဂိုရှိအတိုင်း ထားတတ်အောင် အပြင်ထုတ်စဉ်ကပင် ထားပုံကို သေချာစွာ မှတ်သား၍ ထုတ်ရမည် ဟု မိန့်တော်မူသည်။

(၅) လေတိုက်ဆောအခါ၌ ရိုးရိုး လေညှင်းလာလျှင်(မိမိကလည်း လေညှင်းခံလိုလျှင်)တံခါးများကို ပိတ်ဘွယ်မလိုပါ၊ သို့သော် တရံတခါ မြူမှုန်နှင့်ရော၍ လေလာတတ်၏၊ ထိုအခါ ကျောင်းတွင်း၌ မြူမှုန် မဝင်ရ

အောင် လေလာသောဘက်မှ တံခါးပေါက်နှင့် လေသောက်ပြူတင်းများကို ပိတ်ထားရသည်။

(၆) သောက်ရေ သုံးရေများကို သန့်ရှင်းစွာ တည်ထား၍ (သောက်ရေခွက်ကိုလည်း နေ့စဉ် ပွတ်တိုက်) ရသည်။

(၇) မိမိထက် သိတင်းကြီးသူနှင့်အတူ တကျောင်းတည်း၌ နေလျှင် "စာသင်မှု, ပြဿနာမေးမှု, စာအံမှု, တရားဟောမှု, မိုးထွန်းမှု, တံခါးဖွင့်မှု, ပိတ်မှုမျှားကို ထိုသိတင်းကြီးသူအား ခွင့်တောင်းပြီးမှ ပြုရသည်။ [နဂိုရှိကပင် မထေရ်ကြီးက ထိုကိစ္စအားလုံးကို (သင့်တော်သလို ပြုကြတော့ဟု)ခွင့်ပြုထားလျှင်ကား ခွင့်တောင်းဘွယ် မလိုပါ၊ ဤသို့ မထေရ်ကြီးက ခွင့်မပြုဘဲ ငယ်ရွယ်သူတို့ ကိုယ်လုပ်ချင်ရာလုပ်လျှင် ရဟန်းတို့မှာ အာပတ်သင့်၍ သာမဏေတို့မှာ ဒဏ်ထိုက်သည်။] ဤကား အလွန်သိထိုက်သော သေနာသန ဝတ်များတည်း၊ ပါဠိတော်၌ကား သည့်ထက် ကျယ်ဝန်းစွာ ပါရှိလေသည်။

တိုက်တွန်းချက်။ ။မြတ်စွာဘုရားသည် ကျောင်း–အိပ်ရာနေရာတို့ကို နေ့စဉ် သုတ်သင် ရှင်းလင်းဘို့ရာ ပညတ်တော် မူထားသည့် အတိုင်း ကျောင်းတွင်း ကျောင်းဝိုင်းများကို နေ့စဉ် ရှင်းလင်းပါမူ ရဟန်းတော်များ၏ နေရာသည် အသာယာဆုံး ကြည်နူးဘွယ် အကောင်းဆုံး ရောက်လာသူတို့၏ စိတ်နှလုံးကို ယူကျုံးနိုင်ဆုံး ဖြစ်လောက်ရာ၏၊ ယခုမူကား အများအားဖြင့် ထိုကဲ့သို့ သုတ်သင်ရမည့်

အစား ညစ်ပေ ရှုပ်ပွေအောင် ထားကြသဖြင့် ဂုဏ်ယူရမည့် နေထုဝယ် ဂုဏ်ပျက်ဘွယ် ဖြစ်ရပါတော့သည်၊ ထိုသို့ မဖြစ်ရ အောင် နောက်ခေတ်ပုဂ္ဂိုလ်များ ကြိုးစားနိုင်ကြပါစေသား။

လေ့ကျင့်ခန်း မေးခွန်း

က။ ဘယ်လိုပုဂ္ဂိုလ်ကို "အာဂန္တုက" ဟု ခေါ်သနည်း၊ အာဂန္တုကဝတ်များကို ပြပါ။

ခ ။ ဘယ်လိုပုဂ္ဂိုလ်ကို "အာဝါသိက" ခေါ်သနည်း၊ အာဝါသိက ဝတ်များကို ပြပါ။

ဂ ။ ဘယ်လိုပုဂ္ဂိုလ်ကို "ဂမိက" ဟု ခေါ်သနည်း၊ ဂမိကဝတ်များကို ပြပါ။

ဃ။ ဘယ်လို ပြုခြင်းကို "အနုမောဒနာ ပြုခြင်း" ဟု ခေါ်သနည်း၊ ထိုအနုမောဒနာဝတ်ကို ပြပါ။

င ။ ဘယ်လိုနေရာကို "ဘတ္တဂ္ဂ"ဟု ခေါ်သနည်း၊ဘတ္တဂ္ဂဝတ်ကို ပြပါ။

စ ။ ဘယ်လိုပုဂ္ဂိုလ်ကို"ပိဏ္ဍစာရိက ပုဂ္ဂိုလ်"ဟု ခေါ်သနည်း၊ ထို ပိဏ္ဍစာရိကဝတ်ကို ပြပါ။

ဆ။ ဘယ်လို ပုဂ္ဂိုလ်ကို "အာရညိက"ဟု ခေါ်သနည်း၊ ထို အာရညိကဝတ်ကို ပြပါ။

ဇ။ အဘယ်ကို "သေနာသန"ဟု ခေါ်သနည်း၊ ထိုသေနာသနဝတ်များကို မှတ်မိသမျှ ပြပါ။

စျ ။ သေနာသနဝတ်ကို မပြုသော ကျောင်းတိုက်သည် ရောက်လာသော ရဟန်း ရှင်လူတို့၏ စိတ်ကို နှစ်သက်စေနိုင်မည်လော။

(စျ) ဇန္ဓာသရဝတ်

ကိုရင် ဗုဒ္ဓရက္ခိတ....ဆီးနှင်း အားကြီး၍ အအေးများသော အရပ်ဒေသတို့၌ ကိုယ်လက်တောင့်တင်းသော မကျန်းမမာမှုနှင့် အအေးမိသော ရောဂါများ ဖြစ်တတ်ကြသည်၊ ထို မကျန်းမမာမှုများ မဖြစ်ရအောင် ကိုယ်ခန္ဓာကို နွေးနွေးစေခြင်းအကျိုးငှါ မီးဖိုပါသော ရေချိုးအိမ်များကို ဆောက်လုပ်ကြရသည်၊ ထိုရေချိုးအိမ် ကျောင်းငယ်ကလေးကို "ဇန္ဓာဃရ=ဇရုံးအိမ်"ဟုငင်း "မီးတင်းကုပ်"ဟုငင်း "ရေချိုးအိမ်" ဟုငင်း ခေါ်ကြ၏။

ထို ရေချိုးအိမ်၌ မီးပူကို ခံနိုင်အောင် မျက်နှာကို မြေညက်ဖြင့် သုတ်လိမ်း၍ အတွင်းသို့ ဝင်ပြီးလျှင် ဆပ်ပြာဖြင့် တကိုယ်လုံး ပွတ်တိုက်ကာ ရေချိုးလေ့ရှိကြ၏၊ တပါး ၂-ပါး သာ မက, တပြိုင်နက် ရဟန်းသာမဏေအများဝင်၍ ရေချိုးလေ့ရှိကြသည်၊ ထို့ကြောင့် မီးဖို၌ ပြာရှိလျှင် ထိုပြာကို စုန်းပစ်ခြင်း, တံမြက်လှည်းခြင်း, ဆပ်ပြာမှုန့်ရှိလျှင် (ရေဖြင့် နယ်၍) အခဲလုပ်ခြင်းစသော ကျင့်ဝတ်များကို ပြုလုပ်ကြရသည်။

(၉) ဝစ္စကုဋိဝတ်

ကိုရင် ဗုဒ္ဓရက္ခိတ....ကျင်ကြီးစွန့်သော နေရာကို "ဝစ္စကုဋိ"ဟုဎ်း "ကုဋိအိမ်"ဟုဎ်း ခေါ်သည်၊ ထို ကုဋိအိမ်ဆည် ကျောင်းတိုက် ဟူသမျှ၌ မရှိလျှင် မဖြစ်နိုင်သောနေရာတမျိုးတည်း၊ ထို့ကြောင့် ကုဋိအိမ်၌ ပြုကျင့်ရမည့် ဝတ်ကို လည်း အထူးမှတ်ပါ။

(၁) ကုဋိအိမ်သို့ ဝင်မည့်ကြံလျှင် အတွင်း၌ လူရှိ–မရှိ သိရအောင် မဝင်မီ "အဟမ်း"ဟု ချောင်းဟန့်လိုက်ပါ၊ အတွင်းမှာရှိလျှင် ထိုသူက ပြန်၍ ချောင်းဟန့်ပါလိမ့်မည်။

(၂) လူမရှိလျှင် အပေါ် ကေသီကို အပြင် သက်နှံးတန်း၌ ချထားပြီးမှ တံခါးကို ဖွင့်၍ မနှေးလွန်း မမြန်လွန်း အတွင်းသို့ ဝင်ပါလေ။ [ကုဋိ အပြင်ဘက်၌ သက်နှံးထားဘို့ရန် တန်းရှိစေရမည်။]

(၃) အတွင်းသို့ ရောက်သောအခါ ခြေနင်းခုံပေါ်၌ ခြေစုံရပ်ပြီးမှ သင်းပိုင်ကို (မ)ရသည်၊ မဝင်မီက သင်းပိုင်ကို (မ)၍ မဝင်ပါလေနှင့်။

(၄) ကျင်ကြီးစွန့်နေစဉ် "အင်းအင်း"ဟု ညည်းသံ ညစ်သံ မမြည်ပါစေနှင့်။

(၅) ကျင်ကြီး စွန့်နေတုန်းမှာ ပါးစပ်ဖြင့် ဒန်ပူကို ကိုက်၍ မထားပါနှင့်။

(၆) ကျင်ကြီးခွက် ကျင်ငယ်ခွက် (ကျင်ကြီးပေါက် ကျင်ငယ်မြောင်း) တို့၏ အောင်း၌ မရောက်စေဘဲ ခွက်တဲ့တဲ့ အပေါက်တဲ့တဲ့)ကျအောင် စွန့်ပါ။

(၇) ကျင်ငယ်မြောင်း(ကျင်ငယ်ခွက်)ထဲ၌ နှပ် တံထွေးကို မညှစ်-မထွေးပါနှင့်။

(၈) ကြမ်းသော ပုပ်သော ဆွေးသော ကနုတံ (ဒုတ်ချောင်း) ဖြင့် မသုတ်ပါနှင့်၊ သုတ်ပြီး ကနုတံကို ကျင်ကြီးတွင်း (ကျင်ကြီးခွက်) ထဲ၌ မကျပါစေနှင့်။

(၉) ဖင်ဆေးရေကို "သန့်သက်ရေ"ဟု ခေါ်၏၊ ထို သန့်သက်ရေကို ရွေးခေတ်၌ ကုဋိအတွင်း မထားဘဲ သီးခြားအခန်းမှာ ထားသည်။ ယခုခေတ်၌ကား ကျင်ကြီးစွန့်ရာ အခန်းမှာပင် ထားသည်၊ ထို သန့်သက်ရေဆေးသောအခါ အသံမမြည်အောင် ဆေးပါ၊ သန့်သက်ရေခွက်ထဲ၌ ရေကို ချန်မထားခဲ့ပါနှင့်။ (ခွက်ကို မှောက်ထားပါ။)

(၁၀) ကျင်ကြီးစွန့်ပြီးသောအခါ ခြေနင်းခုံပေါ်၌ ရပ်နေတုန်းမှာပင် ပင့်ထားသော သင်းပိုင်ကို ချလိုက်ပါ၊ သင်းပိုင် (မ) လျက် ကုဋိပြင်ဘက်သို့ မထွက်ခဲ့ပါနှင့်။

(၁၁) ကုဋိ၌ ကျင်ကြီးပေနေလျှင် ရေဖြင့် ဆေးပါ၊ ကနုတံပုံး ပြည့်နေလျှင် ကနုတံများကို အပြင်ဘက် သင့်တော်သော နေရာ၌ စွန့်ပစ်ပါ၊ ကုဋိ၌ အမှိုက်ရှုပ်နေလျှင် တံမြက်လှည်းပါ၊ သန့်သက်ရေအိုး၌ ရေမရှိလျှင် ရေထည့်ပါ။

(၁၂) ပြခဲ့သော ကျင့်ဝတ်များကို မကျင့်လျှင် ရဟန်းများမှာ အာပတ်သင့်၍ သာမဏေများမှာ ဒဏ်ထိုက်ပါသည်၊ ထို့ကြောင့် ကေန် ကျင့်ရမည့် ဝတ်များ ဖြစ်ကြောင်းကို နားလည်ပါ။

(၄) ဥပဇ္ဈာယဝတ်

ကိုရင် ဗုဒ္ဓရက္ခိတ....မိဘတို့သည် သားသမီးတို့ အပေါ်၌ အမြဲကြည့်ရှု၍ သွန်သင်ဆုံးမသကဲ့သို့ တပည့်အပေါ်၌ အမြဲကြည့်ရှု၍ သွန်သင်ဆုံးမသော ဆရာကို "ဥပဇ္ဈာယ်ဆရာ" ဟု ခေါ်၏၊ ထို့ကြောင့် ရှင်သာမဏေပြုပြီးလျှင် ပြီးခြင်း မိမိဆရာအရင်းကို "ဥပဇ္ဈာယော မေ ဘန္တေ ဟောတိ=တပည့်တော်၏ ဥပဇ္ဈာယ် ဖြစ်တော်မူပါဘုရား" ဟု ၃-ခေါက် ဆို၍ ဥပဇ္ဈာယ် ယူထားကြရသည်၊ ထို ဥပဇ္ဈာယ် ဆရာသည် သာသနာတော်မှာ မိဘရင်းကဲ့သို့ အရင်းဆုံး ဖြစ်သည်၊ ထို့ဥပဇ္ဈာယ်ဆရာ၌ အတူနေတပည့်က ပြုရမည့်ဝတ္တရားတွေလည်း အများအပြားပင် ရှိ၏၊ ထို့ကြောင့် ဥပဇ္ဈာယ်နှင့် အတူနေသော တပည့်သည် မိမိကိုယ်တိုင် နေဆိုင်ကောင်းလျှင်....

(၁) နံနက်စောစောထ၍ ကိုယ်ဝတ်ကောသိုက်ကို လက်ကတော့တင်ပြီးလျှင် မျက်နှာသစ်ရေနှင့် ဒန်ပူ ကပ်ရသည်။

(၂) ယာဂုဖြစ်စေ အုတ်မုံးဖြစ်စေ ရှိလျှင်လည်း ကပ်ရသည်။

(၃) ဥပဇ္ဈာယ်ဆရာ၏ ကျောင်း အိပ်ရာ နေရာတို့ကို တံမြက်လှည်း ရသည်။

(၄) အိပ်ရာခင်း စသည်ကို နေလှန်းသင့်လျှင် နေလှန်း၍ ထိုင်ဘို့နေရာ စသည်ကိုလည်း ခင်းပေးရသည်၊ ဤသို့ စသည်ဖြင့် ဥပဇ္ဈာယ်ဆရာ၌ ပြုကြရသော ဝတ္တရားတွေ များစွာ ရှိပေသည်။

မှတ်ချက်။ ။ဥပဇ္ဈာယ်ဆရာ၌ တပည့်အများရှိရာတွင် တပါးပါးက "ဥပဇ္ဈာယ်ဆရာ၏ ဝတ်ကြီး ဝတ်ငယ်များကို တပည့်တော်ပြုပါမည်"ဟု တာဝန်ယူထားသော်ငင်း ဥပဇ္ဈာယ်ဆရာကိုယ်တိုင်က "ငါ့မှာ ဝတ်ပြုမည့်သူ ရှိပြီ၊ သင်တို့ချမ်းသာစွာနေ၍ ပရိယတ် ပဋိပတ်ကို အားထုတ်ကြ" ဟု ခွင့်ပြုထားသော်ငင်း ဝတ်ကြီးဝတ်ငယ် မပြုဘဲ နေခွင့်ရပါသည်၊ ဥပဇ္ဈာယ်ဆရာမှာ ဝတ်ပြုမည့်သူလည်း မရှိ၊ ခွင့်ပြုချက်လည်း မရှိပါဘဲ ဝတ်မပြုသော ရဟန်းသာမဏေတို့မှာ အာပတ်သင့်ခြင်း၊ ဒဏ်ထိုက်ခြင်းဟူသော အပြစ်ရှိသည်။

(၅) သဒ္ဒိဝိဟာရိကဝတ်

ကိုရင် ဗုဒ္ဓရက္ခိတ .....ဥပဇ္ဈာယ်ယူထားသော တပည့်ကို "သဒ္ဒိဝိဟာရိက=အတူနေတပည့်" ဟု ခေါ်၏။ [သဒ္ဒိ = အတူ+ဝိဟာရိက = နေလေ့ရှိသူ။] ဥပဇ္ဈာယ်ဆရာ့အတွက် တပည့်မှာသာ တာဝန်ဝတ္တရားရှိသည် မဟုတ်သေး၊ ဥပဇ္ဈာယ်ဆရာမှာလည်း တပည့်အပေါ် ပြုရသော ဝတ္တရားတွေ ရှိသေး၏၊ ထိုဝတ္တရားအချို့ကား—

(၁) စာချပေးခြင်း ဆုံးမသြဝါဒပေးခြင်းတို့ဖြင့် သင်္ဂြိဟ် ချီးမြှောက်ရသည်။

(၂) တပည့်မှာ သံပိတ် သက်နှံး စသော ပရိက္ခရာမရှိ၍ ဥပဇ္ဈာယ်မှာ အပိုရှိလျှင် ထို သပိတ် သက်နှံး စသည်ကို ပေးခြင်းဖြင့် ချီးမြှောက်ရသည်။

(၃) ဥပဇ္ဈာယ်မှာ အပိုမရှိလျှင် "ဘယ်လိုနည်းဖြင့် တပည့်မှာ သပိတ် သက်နှံး ရပါ့မလဲ"ဟု ကြောင့်ကြစိုက်ရသည်။

(၄) တပည့် မကျန်းမမာဖြစ်သော အခါ၌ကား ဒန့်ပူပေးခြင်း, မျက်နှာသစ်ရေပေးခြင်း, ယာဂုပေးခြင်း, တပည့် နေရာ၌ အမှီက်ရွှဲပ်လျှင် တံမြက်လှည်းခြင်းစသော ဝတ်မျှားကို (တပည့်က ဆရာ့အပေါ်၌ အမြဲပြုရသကဲ့သို့ ဆရာကလည်း တပည့်အပေါ်၌) ပြုရသည်။

(၃) အာစရိယဝတ်

ကိုရင် ဗုဒ္ဓရက္ခိတ....ဆရာ ၄-မျိုးအပေါ်၌ တပည့် ၄-မျိုးက ပြုရသောဝတ်ကို "အာစရိယဝတ်"ဟု ခေါ်၏၊ ဆရာ ၄-မျိုးကား—

(၁) ရှင်ပြုတုန်းက သရဏဂုံပေးသော "ပဗ္ဗဇ္ဇာစရိယ=ရှင်ပြုပေးသော ဆရာ"။

(၂) ရဟန်းပြုတုန်းက ကမ္မဝါစာရတ်ဘတ်သော "ဥပသမ္ပဒါစရိယ=ရဟန်းပြုပေးသော ဆရာ"။

(၃) စာချပေးသော "ဓမ္မာစရိယ"။

(၄) နိဿယပေးသော "နိဿယာစရိယ"တို့တည်း။

ထိုဆရာ ၄-မျိုးခဲ့၌ တပည့် ၄-မျိုးက ပြုရသော တာဝန်ဝတ္တရားတို့မှာ ဥပဇ္ဈာယဝတ်နှင့် အများအားဖြင့် တူ၏၊ ထို့ကြောင့် ဆရာ ၄-ပါးအပေါ်၌ တပည့် ၄-ပါးတို့က မျက်နှာသစ်ရေကပ်ခြင်း, ယာဂုကပ်ခြင်းစသော ကျင့်ဝတ်မျှားကို ပြုကြရသည်။

(၄) အန္တေဝါသိကဝတ်

ကိုရင် ဗုဒ္ဓရက္ခိတ....ဆရာ ၄-ပါး ရှိသကဲ့သို့ တပည့် ၄-ပါး ရှိ၏၊ ထိုတပည့်မျှားကို "အန္တေဝါသိက=အနီးနေတပည့်"ဟု ခေါ်သည်၊ ထို ၄-ပါးကား—

(၁) "ပဗ္ဗဇ္ဇန္တေဝါသိက=ရှင်ပြုပေးအပ်သော တပည့်"။

(၂) "ဥပသမ္ပဒန္တေဝါသိက = ပဉ္စင်း ပြုပေးအပ်သော တပည့်"။

(၃) "ဓမ္မန္တေဝါသိက=စာချပေးအပ်သော တပည့်"။

(၄) "နိဿယန္တေဝါသိက= နိဿယည်း ယူ၍ နေသော တပည့်"။

ဤ တပည့် ၄-မျိုး အပေါ်၌ ဆရာ ၄-မျိုးက ပြုရသော တာဝန် ဝတ္တရားများလည်း ဥပဇ္ဈာယ်က သဒ္ဓိဝိဟာရိက တပည့် အပေါ်၌ ပြုရသော ဝတ္တရားနှင့် သဘောတူ၏၊ ထို့ကြောင့် ဆရာ ၄-မျိုးတို့သည် တပည့်၄-မျိုးတို့ အပေါ်၌ စာချခြင်း, ဆုံးမသြဝါဒပေးခြင်း, သပိတ်သက်နှံး စသည်ကို ပေးခြင်း, မကျန်းမမာသောအခါ ပြုစုခြင်း စသော ဝတ္တရားများကို ပြုကြရသည်။

အမှာ။ ။ဥပဇ္ဈာယ်နှင့် အတူမနေရသော ရဟန်းငယ်တို့သည် အရည်အချင်းရှိသော ဆရာ့အထံ၌ "အာစရိယော မေ ဘန္တေ ဟောဟိ, အာယသ္မတော နိဿာယ ဝစ္ဆာမိ=အရှင်ဘုရား.... တပည့်တော်၏ ဆရာဖြစ်တော်မူပါ။ အရှင်ဘုရားကို မှီခိုရ၍ နေပါအံ့" ဟု ၃-ခေါက်ဆို၍ နိဿယည်းယူနေရသည်။

ဝတ်ကြေမှသာ နိဗ္ဗာန်နောက်

ကိုရင် ဗုဒ္ဓရက္ခိတ.....ဤပြခဲ့သော ကျင့်ဝတ် ၁၄-ပါးကို ဝိနည်း ပါဠိတော် စူဠဝဂ္ဂခန္ဓကဋ္ဌ လာသောကြောင့် "ခန္ဓကဝတ်" ဟု ခေါ်ကြသည်၊ ဤကျင့်ဝတ်များ မကြေလျှင် အာပတ်သင့်– ဒဏ်ထိုက်သောကြောင့် သီလမပြည့်စုံသူ ဖြစ်၏၊ သီလမစင်ကြယ်လျှင် စိတ် မတည်ကြည်နိုင်၊ စိတ်ပျံ့လွင့်၍ မတည်ကြည် သူသည် (တရားအားထုတ်သော အခါ) တရားကို မမြင်နိုင်ပါ။

"သံသာရ ဝဋ္ဋဒုက္ခတော မောစနတ္ထာယ ပဗ္ဗဇ္ဇံ ယာစာမိ=သံသရာဝဋ်ဒုက္ခမှ လွတ်မြောက်ခြင်း အကျိုးငှါ ရှင်ပြုပေးပါရန် တောင်းပန်ပါ၏" ဟု ရှင်ပြုတုန်းကဆိုခဲ့သော်လည်း တရားမမြင်သမျှ သံသရာဝဋ်ဒုက္ခမှ မလွတ်နိုင်၊ ထို့ကြောင့် ဘုရားအဆုံးမတော်ကို လိုက်နာသော ဘုရားသားကောင်း ရဟန်းသာမဏေ အပေါင်းသည် ပြခဲ့သော ဆိုင်ရာ ကျင့်ဝတ်များကို မချွတ်မယွင်းရအောင် ပြုကျင့်ရမည်၊ ထိုသို့ ပြုကျင့်မှသာ နိဗ္ဗာန်သို့ ရောက်နိုင်သည်။

တိုက်တွန်းချက်။ ။မိကောင်း ဘခင်တို့သည် မိမိတို့သားသမီးများကို ပညာတတ်အောင် စာသင်ကျောင်းသို့လည်း ပို့ရ, အရာရာ၌ လိမ္မာအောင်လည်း ပြောဆိုသင်ပြရသကဲ့သို့ ထို့အတူ ဆရာကောင်းတို့သည်လည်း မိမိတပည့်များကို ပညာတတ်အောင်လည်း သင်ပြတို့တာဝန်, အဝတ်အစား အနေအထိုင် အပြော အဟော တတ်အောင်လည်း သင်ပြတို့ တာဝန် ရှိကြောင်းမှာ ဤပြခဲ့သော ကျင့်ဝတ် များဖြင့် ထင်ရှားပါသည်။

ဝိနည်းမဟာဝဂ္ဂအဋ္ဌကထာ မဟာခန္ဓက ပဗ္ဗဇ္ဇာဝိနိစ္ဆယ ခဏ်း၌လည်း "ရှင်သာမဏေ အသစ်ကို သင်္ကန်းဝတ်နည်း, ရုန်းနည်း, သပိတ်ကိုင်နည်း, စားသောက်နည်း စသည်၌ အချို့မကျေးသမျှ ဆွမ်းစားကျောင်း စသော အများစုပေါင်းရာ အရပ်သို့ သွား၍ မစားမသောက် မနေမထိုင် စေသေးဘဲ ဆရာ၏ အနီးအပါး၌သာ အရာရာ သင်ပြ၍ အချို့ကျအောင် ပြုပြင်ကြပါလေ" ဟု တိုက်တွန်းချက် ရှိပါသည်၊ ထို့ကြောင့် ဤပြခဲ့သော ကျင့်ဝတ်များကို နားလည်အောင် ပြောပြတော်မူကြစေလိုပါသည်။

ထိုသို့ နားလည်ပြီးသော အခါလည်း ရဟန်းသာမဏေ ဘဝ၏ စိတ်ဆားမွန်မြတ်ရုံ ထင်ရှားစေခြင်းငှါငင်း, အကယ်၍ လူထွက် သွားစေကာမူ သာသနာတော်၏ အကြောင်းကောင်းကောင်း နားလည်၍ သာသနာကို ပြုစုတတ်သော သူတော်ကောင်း ဒါယကာတယောက် ဖြစ်စေခြင်းငှါငင်း ယခု ညွှန်ပြမည့် အဘိဏှဒသစမ္မ သုတ်တော်နှင့် အတိုချုပ် ကမ္မဋ္ဌာန်း ဘာဝနာကိုလည်း သင်ပြ၍ ကြည်ညိုဘွယ် နည်း

ယူဘွယ် ကောင်းလှသော ရွေးသာမဏေ သူတော်ကောင်း တို့၏ အကြောင်းအရာကိုလည်း ဖတ်စာလုပ်၍ ဖတ်ကြစေ ဘို့ရန် တိုက်တွန်း တောင်းပန်ပါသည်။

လေ့ကျင့်ခန်း မေးခွန်း

က။ အဘယ်ကို "ဇန္တာဃရ" ဟု ခေါ်သနည်း၊ ထို့ဇန္တာဃရကို မြန်မာလို ဘယ်သို့ ခေါ်သနည်း၊ ဇန္တာဃရဝတ်ကို ပြပါ။

ခ။ အဘယ်ကို "ဝစ္စကုဋီ" ဟု ခေါ်သနည်း၊ ထို့ဝစ္စကုဋီ ဝတ်ကို ပြပါ။

ဂ။ ယခုအခါ၌ ဧကသီကို အပြင်ဘက်မှာမထားခဲ့ဘဲ ဝစ္စကုဋီ အတွင်းသို့ ရှုန်း၍ ဝင်သွားခြင်းသည် ထို့ဝစ္စကုဋီဝတ်နှင့် ညီပါသလား၊ ထို့ဝတ်နှင့်မညီလျှင် ဘယ်အပြစ် သင့်သနည်း။

ဃ။ အဘယ်ပုဂ္ဂိုလ်ကို "ဥပဇ္ဈာယ်" ဟု ခေါ်သနည်း၊ ထို့ ဥပဇ္ဈာယဝတ်ကို ပြပါ။

င။ အဘယ်ပုဂ္ဂိုလ်ကို "သဒ္ဒိဝိဟာရိက" ဟု ခေါ်သနည်း၊ ထို့ သဒ္ဒိဝိဟာရိကဝတ်ကို ပြပါ။

စ။ အဘယ်ပုဂ္ဂိုလ်ကို "အာစရိယ" ဟု ခေါ်သနည်း၊ ထို့ အာစရိယသည် ဘယ်နှစ်မျိုး ရှိသနည်း၊ ရေတွက်ပြပါ။

ဆ။ အဘယ်ပုဂ္ဂိုလ်ကို "အန္တေဝါသိက" ဟု ခေါ်သနည်း၊ ထို့ အန္တေဝါသိကသည် ဘယ်နှစ်မျိုး ရှိသနည်း၊ ရေတွက်ပြပါ။

ဇ။ ပြခဲ့သော ဝတ်များကို မကြေသော ရဟန်း သာမဏေ သည် အဘယ် အပြစ်ရှိပါသနည်း။

ခန္ဓကဝတ်သင်ပြခန်း ပြီး၏။

၈-ကိုယ်ကျင့်တရားတော်များ

ဒသဓမ္မသုတ် ပါဠိတော်နှင့် နိဿယ

(ကျက်မှတ်ရန်)

ဒသယိမေ ဘိက္ခဝေ ဓမ္မာ ပဗ္ဗဇိတေန အဘိဏှံ ပစ္စဝေက္ခိတဗ္ဗာ။ ကတမေ ဒသ—

(၁) ဝေဏ္ဏယိမှိ အဇ္ဈုပဂတောတိ ပဗ္ဗဇိတေန အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ။

(၂) ပရပဋိဗဒ္ဓါ မေ ဇီဝိကာတိ ပဗ္ဗဇိတေန အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ။

(၃) အညော မေ အာကပ္ပေါ် ကရဏီယောတိ ပဗ္ဗဇိတေန အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ။

ဘိက္ခဝေ၊ ဘိက္ခုတို့။ ဒသ၊ ၁၀-ပါးကုန်သော။ ဣမေ ဓမ္မာ၊ ဤတရားတို့ကို။ ပဗ္ဗဇိတေန၊ သာသနာ့ဝန်ထမ်း ရဟန်း သာမဏေသည်။ အဘိဏှံ၊ နေ့စဉ်မပြတ်။ ပစ္စဝေက္ခိတဗ္ဗာ၊ ဆင်ခြင်ထိုက်ကုန်၏။ ကတမေ-ဒသ၊ အဘယ် ၁၀-ပါးတို့နည်း—

(၁) (အဟံ၊ ငါသည်။) ဝေဏ္ဏယိ၊ ဖောက်ပြန်သော အဆင်းရှိသူ၏ အဖြစ်သို့။ အဇ္ဈုပဂတော၊ ကပ်ရောက်ရသည်။ အမှိ၊ ဖြစ်ပါတကား။ ဣတိ၊ ဤအကြောင်းကို။ ပဗ္ဗဇိတေန၊ သည်။ အဘိဏှံ၊ ပြတ်။ ပစ္စဝေက္ခိတဗ္ဗံ၊ ဆင်ခြင်ထိုက်၏။

(၂) မေ၊ ငါ၏။ ဇီဝိကာ၊ အသက်မွေးမှုသည်။ ပရပဋိဗဒ္ဓါ၊ သူတပါးတို့၌ ဆက်စပ်နေပါတကား။ ဣတိ၊ ကို။ ပဗ္ဗဇိတေန၊ သည်။ အဘိဏှံ၊ ပြတ်။ ပစ္စဝေက္ခိတဗ္ဗံ၊ ၏။

(၃) မေ၊ ငါသည်။ အညော၊ လူတို့၏ အပြုအမူမှ တမျိုး တခြား သော။ အာကာပ္ပေါ်၊ အပြုအမူကို။ ကရဏီယော၊ ပြုထိုက်ပါ

(၄) ကစ္စိ နု ခေါ် မေ အတ္တာ, သီလတော နု ဥပဒေ-တိတိ ပဗ္ဗဇိတေန အာဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ။

(၅) ကစ္စိ နု ခေါ် မံ အနုဝိစ္စ, ဝိညူ သဗြဟ္မစာရီ သီလ-တော နု ဥပဝဒန္တိတိ ပဗ္ဗဇိတေန အာဘိဏှံ ပစ္စ-ဝေက္ခိတဗ္ဗံ။

(၆) သဗ္ဗေဟိ မေ ပိယေဟိ မနာပေဟိ နာနာဘာဝေါ ဝိနာဘာဝေါတိ၊ ပဗ္ဗဇိတေန အာဘိဏှံ ပစ္စဝေက္ခိ-တဗ္ဗံ။

တကား။ ဣတိ၊ကို။ ပဗ္ဗဇိတေန၊ သည်။ အာဘိဏှံ၊ ပြတ်။ ပစ္စဝေက္ခိတဗ္ဗံ၊ ၏။

(၄) ကစ္စိ၊ အသို့နည်း။ မေ၊ငါ၏။ အတ္တာ၊ စိတ်သည်။ ဝါ၊ ကိုယ်တိုင်။ သီလတော၊ သီလအားဖြင့်။ နု ဥပဝဒတိ နု ခေါ်၊ မစ္ဆပ်စွဲပါ၏လော။ ဣတိ၊ ဤ အကြောင်းကို။ ပဗ္ဗဇိတေန၊ သည်။ အာဘိဏှံ၊ ပြတ်။ ပစ္စဝေက္ခိတဗ္ဗံ၊ ၏။

(၅) ကစ္စိ၊ အသို့နည်း။ မံ၊ငါ့ကို။ အနုဝိစ္စ၊ ဉာဏ်ဖြင့် သက်ဝင်၍။ ဝိညူ၊ ပညာရှိကုန်သော။ သဗြဟ္မစာရီ၊ သီတင်းသုံးဘော်တို့သည်။ သီလတော၊ သီလအားဖြင့်။ နု ဥပဝဒန္တိ နု ခေါ်၊ မစ္ဆပ်စွဲပါကုန်၏လော။ ဣတိ၊ကို။ ပဗ္ဗဇိတေန၊ သည်။ အာဘိဏှံ၊ ပြတ်။ ပစ္စဝေက္ခိတဗ္ဗံ၊ ၏။

(၆) မေ၊ ငါ၏။ သဗ္ဗေဟိ၊ အလုံးစုံကုန်သော။ ပိယေဟိ၊ ချစ်အပ်ကုန်သော။ မနာပေဟိ၊ မြတ်နိုးအပ်ကုန်သော ဆွေမျိုးရင်းခြာ ဗါယကာ ဒါယိကာမတို့နှင့်။ နာနာဘာဝေါ၊ ဇာတ်ချင်းမတူ အမူကွဲပြား တသီးတခြားဖြစ်ရခြင်းသည်။ ဝိနာဘာဝေါ၊ မပြန်တမ်း သေခြင်းဖြင့် ကွေကွင်း၍ ဖြစ်ရ

(၇) ကမ္မဿကောမှိ ကမ္မဒါယာဒေါ်, ကမ္မယောနိ ကမ္မဗန္ဓု ကမ္မပဋိသရဏောဟ၊ ယံ ကမ္မံ ကရိဿာမိ ကလျာဏံ ဝါ ပါပကံ ဝါ၊ တဿ ကမ္မဿ ဒါယာဒေါ် ဘဝိဿာမိတိ၊ ပဗ္ဗဇိတေန အာဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ။

(၈) ကထံဘူတဿ မေ ရတ္တိန္ဒိဝါ၊ ဝိတိဝတ္တန္တိတိ ပဗ္ဗဇိတေန အာဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ။

(၉) ကစ္စိ နု ခေါ် အဟံ သုညာဂါရေ အဘိရမာမိတိ၊ပဗ္ဗဇိ-တေန အာဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ။

ခြင်းသည်။ ဟောတိ၊ ဖြစ်ပါတကား။ ဣတိ၊ ကို။ ပဗ္ဗဇိ-တေန၊ သည်။ အာဘိဏှံ၊ ပြတ်။ ပစ္စဝေက္ခိတဗ္ဗံ၊ ၏။

(၇) (အဟံ၊ ငါသည်။) ကမ္မဿကော၊ ကံသာလျှင် ကိုယ်ပိုင် ဥစ္စာရှိသည်၊ ကမ္မဒါယာဒေါ်၊ ကံပေးအပ်သော အမွေကို ခံယူရသည်။ ကမ္မယောနိ၊ ကံဟူသော အကြောင်းရှိသည်။ ကမ္မဗန္ဓု၊ ကံဟူသော ဆွေမျိုးရှိသည်။ ကမ္မပဋိသရဏော၊ ကံဟူသော လည်းလျောင်းရာရှိသည်။ အမှိ၊ ဖြစ်ပါတကား။ ကလျာဏံ ဝါ၊ ကောင်းသည်မူလည်းဖြစ်သော။ ပါပကံ ဝါ၊ မကောင်းသည်မူလည်းဖြစ်သော။ ယံကမ္မံ၊ အကြင် ကံကို။ ကရိဿာမိ၊ပြုလိုက်အံ့။ တဿကမ္မဿ၊ထို ကံကောင်း ကံဆိုး အမျိုးမျိုး၏။ ဒါယာဒေါ်၊ အမွေခံသည်။ ဘဝိဿာမိ ဖြစ်ရမှာပါတကား။ ဣတိ၊ကို။ ပဗ္ဗဇိတေန၊ သည်။ အာဘိဏှံ၊ ပြတ်။ ပစ္စဝေက္ခိတဗ္ဗံ၊ ၏။

(၈) မေ၊ ငါသည်။ ကထံဘူတဿ၊ အဘယ်သို့ ဖြစ်၍ ဖြစ်စဉ်။ ရတ္တိန္ဒိဝါ၊ ည၌ နေ့ တို့သည်။ ဝိတိဝတ္တန္တိ၊ လွန်သွားပါကုန်လိမ့်မည်နည်း။ ဣတိ၊ကို။ ပဗ္ဗဇိတေန၊သည်။ အာဘိဏှံ၊ ပြတ်။ ပစ္စဝေက္ခိတဗ္ဗံ၊ ၏။

(၁၀) အတ္ထိ နု ခေါ မေ၊ဥတ္တရိမနုဿဓမ္မော အလမရိယဉာဏ-ဒဿနဝိသေသော အဓိဂတော၊ ယော ခေါဟံ ပစ္ဆိမေ ကာလေ, သဗြဟ္မစာရီဟိ ပုဋ္ဌော, နု မက်ုံ ဘဝိဿာမီတိ၊ ပဗ္ဗဇိတေန အဘိဏ္ဍံ ပစ္စဝေက္ခိတဗ္ဗံ။

ဣမေ ခေါ ဘိက္ခဝေ ဒသဓမ္မာ ပဗ္ဗဇိတေန အဘိဏ္ဍံ ပစ္စဝေက္ခိတဗ္ဗာ။

---

(၉) ကစ္စိ၊ အသ္ဆိနည်း။ အဟံ၊ငါသည်။ သုညာဂါရေ၊ ဆိတ်ငြိမ်သော ကျောင်း၌။ အဘိရမာမိ နု ခေါ၊ မ္ဇေလျော်နိုင်ပါ၏လော။ဣတိ၊ကို။ပဗ္ဗဇိတေန၊သည်။အဘိဏ္ဍံ၊နေ့စဉ်မပြတ်။ ပစ္စဝေက္ခိတဗ္ဗံ၊ ဆင်ခြင်ထိုက်၏။

(၁၀) ယော အဟံ၊အကြင် ငါသည်။ ဝါ၊အကြင် ငါ့ကို။ ပစ္ဆိမေ ကာလေ၊ သေချိန်ရောက်ရာ နောက်အခါ၌။ သဗြဟ္မစာ-ရီဟိ၊ သီတင်းသုံးဘော်တို့သည်။ ပုဋ္ဌော၊ မေးအပ်သည်။ (သမာနော၊ ဖြစ်လတ်သော်။) မက်ုံ၊ မျက်နှာ မသာယာသည်။ နု ဘဝိဿာမိ၊ မဖြစ်ရလိမ့်အံ့။ တဿမေ၊ထို ငါ၏။ ဝါ၊ထို ငါသည်။ အဓိဂတော၊ သိအပ်ရအပ်ပြီးသော။ အလ-မရိယဉာဏဒဿနဝိသေသော၊ ကိလေသာကို ဖျက်ဆီး ခြင်း၌ စွမ်းနိုင်သော မြတ်သော ဉာဏ်အမြင် အထူးရှိသော။ ဥတ္တရိမနုဿဓမ္မော၊ မြတ်သော စျာယီအရိယာ လူတို့၏ဥစ္စာဖြစ်သော စျာန်မဂ်ဖိုလ်တရားသည်။ အတ္ထိ နု ခေါ၊ ရှိလေသလော။ ဣတိ၊ ဤ အကြောင်းကို။ ပဗ္ဗဇိ-တေန၊သာသနာ့ဝန်ထမ်း ရဟန်းသာမဏေသည်။အဘိဏ္ဍံ၊ နေ့စဉ်မပြတ်။ ပစ္စဝေက္ခိတဗ္ဗံ၊ ဆင်ခြင်ထိုက်၏။

ဘိက္ခဝေ၊ ဘိက္ခုတို့။ ဒသ၊ ၁၀-ပါးကုန်သော။ ဣမေ ဓမ္မာ၊ ဤ တရားတို့ကို။ ပဗ္ဗဇိတေန၊ သာသနာ့ဝန်ထမ်း ရဟန်း သာမဏေသည်။ အဘိဏ္ဍံ၊ နေ့စဉ်မပြတ်။ ပစ္စဝေက္ခိတဗ္ဗာ၊ ဆင်ခြင်ထိုက်ကုန်၏။

၉-ကမ္မဋ္ဌာန်းဘာဝနာ သင်ပြခဏ်း

ဘာဝနာအကျိုး

ဆရာ။ ။ကိုရင် ဗုဒ္ဓရက္ခိတ...."ဘာဝနာ"ဆိုတာကို နား လည်ရှဲလား။

ကိုရင်။ ။နားမလည်သေးပါ အရှင်ဘုရား။

ဆရာ။ ။မိမိစိတ်ကို(သေးသေး သိမ်သိမ် မဖြစ်စေဘဲ) တိုး တက်ကြီးပွါးလာအောင်ကြိုးစားမှုကို"ဘာဝနာ" ဟု ခေါ်တယ်။ [ဘာဝနာ=တိုးပွါးစေခြင်း။] တနည်း-မိမိစိတ်အစဉ်ကို ကမ္မဋ္ဌာန်းအာရုံ တပါး ပါးဖြင့် ထုံမွန်း၍ ထားမှုကို "ဘာဝနာ"လို့ ခေါ်တယ်။ [ဘာဝနာ=ထုံမွန်းခြင်း။]

ကိုရင်။ ။"ထုံမွန်း"ဆိုတာ ဘယ်လိုဟာဘာလဲ အရှင် ဘုရား။

ဆရာ။ ။အဝတ်ကို နံ့သာတို့ဖြင့် ဆွတ်ဖျန်းထားခြင်း အဝတ်အခေါက်ထဲမှာ နံ့သာမှုန့်တို့ကို သွင်းထား ခြင်းကို "နံ့သာဖြင့် ထုံမွန်းခြင်း"လို့ ခေါ်တယ်၊ ထို့အတူ စိတ်ကို ကမ္မဋ္ဌာန်းအာရုံ တပါးပါးဖြင့် ကောင်းမွန်စွာထားခြင်းကိုလဲ "စိတ်ကို ကမ္မဋ္ဌာန်း ဖြင့် ထုံမွန်းထားခြင်း"လို့ ခေါ်ရတယ်။

ကိုရင်။ ။ဒီလို ထုံမွှန်းထားတော့ ဘာအကျိုးရှိပါသလဲ အရှင်ဘုရား။

ဆရာ။ ။အဝတ်ကို အမွှေးနံ့သာတို့ဖြင့် ထုံထားတဲ့အခါ အဝတ်မှာ မွှေးရန့် သင်းပျံ့နေသလို စိတ်ကို ကမ္မဋ္ဌာန်းအာရုံကောင်းဖြင့် ထုံမွှန်းထားသော အခါ စိတ်အစဉ်မှာ စိတ်ကောင်းစိတ်မြတ်ချည်း ဖြစ်နေတဲ့အကျိုးကို ရနိုင်တယ်၊ မွှေးရန့်ထုံနေသော အဝတ်မှာ မကောင်းနံ့တွေ မဝင်နိုင်သလို ကမ္မဋ္ဌာန်းဖြင့် ထုံထားသော စိတ်အစဉ်မှာလဲ မကောင်းသော စိတ်အညစ်အကြေးတွေ မကပ်နိုင်တဲ့အကျိုးကိုလဲ ရနိုင်တယ်။

ကိုရင်။ ။ဒီလို စိတ်အညစ်အကြေးတွေ မကပ်ရောက်ဘဲ စိတ်ကောင်း စိတ်မြတ် ဖြစ်နေတော့ ဘယ်လို အရသာရှိပါသလဲ အရှင်ဘုရား။

ဆရာ။ ။စိတ်အညစ်အကြေးတွေ မကပ်ရောက်တော့ စိတ်အစဉ်ဟာ အမြဲကြည်လင်ပြီး အေးမြချမ်းသာတဲ့ အရသာကို ခံစားရတယ်၊ ဒီလို စိတ်အေးမြတာကိုပင် "စိတ္တသုခ=စိတ်ချမ်းသာမှု" လို့ ဆိုရတယ်၊ စိတ်ချမ်းသာတော့ ခန္ဓာကိုယ်လဲ ကျန်းမာ ချမ်းသာတဲ့ ကာယသုခအရသာကို ခံစားရတယ်၊ ဒါ့ကြောင့် "ဘာဝနာ"ဆိုတာ စိတ်ရော ကိုယ်ပါ ချမ်းသာသုခ အရသာကို ပေးနိုင်တဲ့တရားမျိုးလို့ အမြဲမှတ်ထားရမယ်။

ကိုရင်။ ။ကမ္မဋ္ဌာန်းဆိုတာနဲ့ ဘာဝနာဆိုတာ ထူးပါသေးသလား အရှင်ဘုရား။

ဆရာ။ ။မထူးတဲ့နည်းလဲ ရှိတယ်၊ ထူးတဲ့နည်းလဲ ရှိတယ်၊ "ကမ္မ=ရှေးရှေးဘာဝနာအလုပ်သည်ပင်+ဌာန=နောက်နောက်ဘာဝနာ၏ တည်ရာ" လို့ ဆိုလျှင် ရှေးရှေးဘာဝနာကိုပင် "ကမ္မဋ္ဌာန=ကမ္မဋ္ဌာန်း" လို့ ခေါ်တယ်၊ ဒီလိုဆိုတော့ ဘာဝနာနဲ့ ကမ္မဋ္ဌာန်းဟာ ရွှေနောက်သာ ကွဲတယ်၊ သဘောတော့ မထူးဘူး။

"ကမ္မ= ဘာဝနာအလုပ်၏+ဌာန=တည်ရာ" လို့ ဆိုလျှင်တော့ ဘာဝနာစိတ်အစဉ်၏ တည်ရာဖြစ်သော ကသိုဏ်း အာရုံတို့ ဘုရားအာရုံတို့လို အာရုံများကို "ကမ္မဋ္ဌာန်း"လို့ ခေါ်ရတယ်၊ ဒီလို ဆိုလျှင် ဘာဝနာက စိတ်အစဉ်, ကမ္မဋ္ဌာန်းက စိတ်၏ အာရုံဖြစ်၍ ဘာဝနာနဲ့ ကမ္မဋ္ဌာန်းဟာ ထူးတယ်။

ဘာဝနာ ၂-မျိုး

ကိုရင်။ ။အဲဒီ ဘာဝနာဟာ ဘယ်နှစ်မျိုးရှိပါသလဲ အရှင်ဘုရား။

ဆရာ။ ။သမထဘာဝနာ, ဝိပဿနာဘာဝနာဟု ဘာဝနာ ၂-မျိုး ရှိတယ်။

ကိုရင်။ ။သမထ ဘာဝနာဆိုတာ ဘယ်လို ဟာမျိုးပါလဲ အရှင်ဘုရား။

ဆရာ။ ။သမထဘာဝနာဆိုတာ ကမ္မဋ္ဌာန်းအာရုံ တခုခုအပေါ်မှာ စိတ်ကိုတည်နေအောင် ကြည်နေအောင် ငြိမ်နေအောင် ထားရတဲ့ ဘာဝနာဖြစ်တယ်။ [သမထ= ငြိမ်သက်တည်ကြည်စေတတ်သော (သမာဓိ)။]

ကိုရင်။ ။ကမ္မဋ္ဌာန်းအာရုံတခုခုအပေါ်မှာ စိတ်တည်ကြည်ငြိမ်သက်နေလျှင် ဘာအကျိုးရှိပါသလဲ အရှင်ဘုရား။

ဆရာ။ ။လူတွေရဲ့စိတ်ဟာ မတည်ကြည်လို့ မငြိမ်သက်လို့ ဟိုဟာ လိုချင် ဒီဟာ လိုချင်နှင့် လောဘ ဖြစ်ရတယ်၊ လိုချင်တာ မရတော့ စိတ်ဆိုးခြင်း စိတ်မချမ်းသာခြင်း စိတ်မကျေနပ်ခြင်းဆိုတဲ့ ဒေါသ ဖြစ်ရတယ်၊ ကိုယ့်ထက်သာနေတဲ့သူကို မနာလိုတဲ့ ဣဿာ ဖြစ်ရတယ်၊ သူတပါးတို့ ကိုယ့်လို ကြီးပွါးချမ်းသာမှာစိုးတဲ့ မစ္ဆရိယ ဖြစ်တယ်၊ စိတ်ကြီးဝင်တတ် ဟန်ကြီးပန်ကြီး လုပ်တတ်တဲ့ မာန်မာနလဲ ဖြစ်ရတယ်၊ ကမ္မဋ္ဌာန်းအာရုံ တခုခုအပေါ်မှာ စိတ်က တည်ကြည် ငြိမ်သက်နေပလား ဆိုလျှင် အဲဒီလို ယုတ်မာဆိုးဝါးတဲ့ စိတ်မျိုးမဖြစ်တော့ဘဲ အလွန် ချမ်းသာအေးမြ သုခရှိသော စိတ်များသာ ဖြစ်နေတော့တယ်၊ ဒါ့ကြောင့် ကိုရင်တို့စိတ်ဟာ တည်ကြည်အောင် စိတ်ချမ်းသာအောင် သမထ ဘာဝနာကမ္မဋ္ဌာန်းကို လေ့လာကြရမယ်။

ကိုရင်။ ။ဝိပဿနာဘာဝနာ ဆိုဒါကတော့ ဘယ်လိုဟာ မျိုးပါလဲ အရှင်ဘုရား။

ဆရာ။ ။ဝိပဿနာဘာဝနာဆိုတာကတော့မိမိခန္ဓာကိုယ်နှင့် တကွ တလောကလုံးရှိ အရာဝတ္ထုတွေကို အနိစ္စ ဒုက္ခ အနတ္တ (မမြဲပုံ, မကောင်းပုံ, အနှစ် အတ္တ မဟုတ်ပုံကို) သိအောင် မြင်အောင် ရှုရ ဆင်ခြင်ရတဲ့ ဘာဝနာ ဖြစ်တယ်။ [ဝိ= အထူးထူး အထွေထွေ (အနိစ္စ ဟုဋင်း၊ ဒုက္ခ ဟုဋင်း၊ အနတ္တ ဟုဋင်း) ပဿနာ=ရှုတတ်သော ဉာဏ်။]

ကိုရင်။ ။ဒီလို ဝိပဿနာ ရှုနေတာကတော့ ဘာအကျိုးရှိပါသလဲ အရှင်ဘုရား။

ဆရာ။ ။ဒီလို ရှုတတ်တဲ့ဉာဏ် အမြင်သန်လာတော့ လောကကြီး တခုလုံး ဘာအသုံးမှ မကျပါတကားလို့ သိမြင်လာတယ်၊ အဲဒီလို သိမြင်လာတဲ့အခါ မိမိကိုယ်နှင့်တကွ လောကကြီးဟာ ငြီးငွေ့စရာ စက်ဆုပ်စရာလို့ ထင်မြင်လာတယ်၊ ဒီလို ထင်မြင်လာတဲ့ အခါကြမှ လောကကြီးနှင့် တဘက်တလမ်းဖြစ်ပြီး ခိုင်မြဲသော ချမ်းသာသော အေးမြသော နိဗ္ဗာန်ကို သဘောပေါက်လာတယ်၊ ဒီလို ဝိပဿနာဉာဏ်မရှိသမျှ "နိဗ္ဗာန်မြန်မြန်ရပါလို၏" ဟု ဆုသာတောင်းကြတာ၊ အဟုတ်တော့ မလိုချင်ပါဘူး၊ ဒါ့ကြောင့် ဝိပဿနာ ရှုခြင်းဟာ နိဗ္ဗာန်ကို မြန်မြန် မြင်ရခြင်း အကျိုးရှိတယ်။

ကိုရင်။ ။သမထဘာဝနာ ဆိုတာ ဘယ်လောက် များပါသလဲ အရှင်ဘုရား။

ဆရာ။ ။သမထဘာဝနာ ဆိုတာ ပါဠိတော်မှာ ၃၈-မျိုး ရှိပါတယ်၊ အဋ္ဌကထာမှာတော့ ၄၀-ရှိတယ်။*

ကိုရင်။ ။အဲဒီ အားလုံးကိုဘဲ တပည့်မျိုး အားထုတ်ရမှာ ပါလား အရှင်ဘုရား။

ဆရာ။ ။အဲဒီ ကမ္မဋ္ဌာန်းအားလုံးတော့ မလိုသေးပါဘူး၊ ကိုရင်များနှင့် သင့်တော်ရုံဖြစ်တဲ့ **ကောဋ္ဌာသ** ကမ္မဋ္ဌာန်းကို အားထုတ်သင့်ပါတယ်။

ကိုရင်။ ။ဒီ ကောဋ္ဌာသ **ကမ္မဋ္ဌာန်း**ကို ဘယ်လို အားထုတ်ရမှာပါလဲ အရှင်ဘုရား။

ဆရာ။ ။(၁) "**ကေသာ လောမာ**"စသော ပါဠိကို ပဌမ ကျက်ပါ။ (၂) "ဆံပင် မွေးညှင်း" စသော မြန်မာကို ဒုတိယ ကျက်ပါ။ (၃) ထို့နောက် သရုပ် ဖော်ထားသော အနက် အကျယ်ကို ကျက်ပါ၊ ဤမှ နောက် အစီအစဉ်ကို **ကမ္မဋ္ဌာန်း** အားထုတ်နည်း၌ ညွှန်ပြမည်။

---

* မမ္မသင်္ကိပါဠိတော်၌ အာကာသနှင့် အာလောက ကသိုဏ်း ၂-ပါး မပါ၊ အဋ္ဌကထာတို့၌သာ ပါသည်။

အမှာ။ ။"ကေသာ, လောမာ=ဆံပင်, မွေးညှင်း" အစချီသော ၃၂-စုတွင် တစုစုကို သတိရနေခြင်းကို "**ကာယဂတာသတိ ကမ္မဋ္ဌာန်း**"ဟု ခေါ်၏။ [ကာယ=ဆံပင် စသော အစု၌+ဂတာ=ဖြစ်နေသော (အာရုံပြုနေသော) + သတိ=အမှတ်ရမှု။] အဲဒီ **ကမ္မဋ္ဌာန်း**ကို "**ကောဋ္ဌာသ ကမ္မဋ္ဌာန်း**"လို့လည်း ခေါ်၏။ [ကောဋ္ဌာသ=အစု။] ဆံပင်တစု မွေးညှင်း တစုံ စသည်ဖြင့် ၃၂ - ပါးရှိသောကြောင့် "ဒ္ဒတ္တိံသာကာရ **ကမ္မဋ္ဌာန်း**"လို့လည်း ခေါ်၏၊ ဒ္ဒတ္တိံသ=၃၂+ အာကာရ=အပြား။] ဤ **ကမ္မဋ္ဌာန်း**ကို ကိုရင်များနှင့် လျော်သော ကြောင့် ရှေးဆရာတော်ကြီးများ သင်ပြပေးတော်မူလေ့ရှိကြသည်။

ကျက်မှတ်ရန် ၃၂-ကောဋ္ဌာသပါဠို

အတ္ထိ ဣမသ္မိံ ကာယေ....

၁။ ကေသာ လောမာ နခါ ဒန္တာ တစော။
၂။ မံသံ နှာရု အဋ္ဌိ အဋ္ဌိမိဉ္ဇံ ဝက္ကံ။
၃။ ဟဒယံ ယကနံ ကိလောမကံ ပိဟကံ ပပ္ဖါသံ။
၄။ အန္တံ အန္တဂုဏံ ဥဒရိယံ ကရီသံ မတ္ထလုင်္ဂံ။
၅။ ပိတ္တံ သေမှံ ပုဗ္ဗော လောဟိတံ သေဒေါ မေဒေါ။
၆။ အဿု ဝသာ ခေဠော သိင်္ဃာဏိကာ လသိကာ မုတ္တံ။

၃၂-ကောဋ္ဌာသ မြန်မာပြန်

ဤ ငါ၏ကိုယ်မှာ....

၁။ ဆံပင် မွေးညှင်း ခြေသည်း လက်သည်း သွား အရေ။
၂။ အသား အကြော အရိုး ရိုးတွင်းခြင်ဆီ အညှို့။
၃။ နှလုံး အသည်း အမြှေး အပျဉ် (အဖျဉ်း) အဆုပ်။
၄။ အူမ အူသိမ် အစာသစ် အစာဟောင်း ဦးနှောက်။
၅။ သည်းခြေ သလိပ် ပြည် သွေး ချေး အဆီခဲ။

၆။ မျက်ရည် ဆီကြည် တံထွေး နှပ် အစေး ကျင်ငယ် တို့သာ ရှိကုန်သည်တကား။

သရုပ်ဖော် အနက်ကျယ်

ဤမည်မှီ ကာယော၊ တွင်းပ ဝန်းကျင် မစင်မကြယ် ရွံဘွယ် ပြည့်လျှမ်း အရေလွှမ်းဖုံး ဤ ငါ၏တကိုယ်လုံး၌။

ကေသာ – ဦးခေါင်းထက်နေ တွက်ရေမျှားဖြင် ဆံပင်အစု တို့သည်။ အတ္ထိ၊ ပုဂ္ဂိုလ်သတ္တဝါ ငါသူတပါး လားလား မဟုတ် စက်ဆုပ်ဘွယ်သာ ထင်ရှားရှိပါကုန်သည် တကား။

လောမာ – ကိုယ်လုံးထက်အောက် အနှံ့ပေါက်သည့် မြွား မြောက်စွာဟု မွေးညှင်းအစုတို့သည်။ အတ္ထိ၊ ပုဂ္ဂိုလ် သတ္တဝါ ငါသူတပါး လားလားမဟုတ် စက်ဆုပ် ဘွယ်သာ ထင်ရှား ရှိပါကုန်သည်တကား။

နခါ – လက် ခြေ ၂-ပါး အဖျားဌ်တွယ် နှစ်ဆယ်သော လက်သည်း ခြေသည်းတို့သည်။ အတ္ထိ၊ ပုဂ္ဂိုလ် သတ္တဝါ ငါသူတပါး လားလားမဟုတ် စက်ဆုပ်ဘွယ်သာ ထင်ရှားရှိပါကုန်သည် တကား။

ဒန္တာ – သွားဖုံးဌ်တွယ် သုံးဆယ့်နှစ်ချောင်း သွားအပေါင်း တို့သည်။ အတ္ထိ၊ ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး လားလားမဟုတ် စက်ဆုပ်ဘွယ်သာ ထင်ရှား ရှိပါ ကုန်သည်တကား။ ။ [သွားအပြည့်အစုံ ပေါက်သူ မှာ ၃၂-ချောင်း ရှိ၏။]

တစော – ကိုယ်လုံးရစ်ပတ် အောက်ထပ်အထူ အပေါ်မူအပါး နှစ်မျိုးခြားလျက် အသားပေါ်နေ အရေအစုသည်။ အတ္ထိ၊ ပုဂ္ဂိုလ်သတ္တဝါ ငါ သူတပါး လားလားမဟုတ် စက်ဆုပ်ဘွယ်သာ ထင်ရှားရှိပါသည် တကား။

မံသံ – အဆင်းနီရင့် ကသစ်ပွင့်ပမာ ကိုးရာသော အသား တစ် အစုသည်။ အတ္ထိ၊ ပုဂ္ဂိုလ်သတ္တဝါ ငါ သူတပါး လားလားမဟုတ် စက်ဆုပ်ဘွယ်သာ ထင်ရှားရှိပါ သည် တကား။

နှာရု – လည်မှဆင်းသက် ဝဲ ယာ ယှက်၍ ကိုယ်လက်နှံ့ဖြာ ကိုးရာသော အကြောအစုသည်။ အတ္ထိ၊ ပုဂ္ဂိုလ်သတ္တဝါ ငါ သူတပါး လားလားမဟုတ် စက်ဆုပ်ဘွယ်သာ ထင် ရှားရှိပါသည် တကား။

အရေ။ ။အပေါ်ရေ အတွင်းရေဟု ၂-မျိုးရှိ၏၊ အပေါ်ရေသည် ပါး၏၊ အတွင်းရေသည် ထူ၏၊ ထို့ကြောင့် အရေထူ အရေပါးဟုလည်း ခွဲခြားကြသည်၊ ထို အရေထူ အရေပါး ၂-မျိုးလုံးကိုပင် တစော အရဋ္ဌ ယူရသည်။

အသား။ ။အရိုးတို့ကို လိမ်းကျံကပ်ငြို၍ အရေ၏အတွင်းဌ် တည်သော အသားမျှားတည်း၊ အဆင်းအား ဖြင့် ကသစ်ပွင့်ကဲ့သို့ အနီရင့်အဆင်း ရှိ၏၊ အသားတစ်ပေါင်း ၉-ရာ ရှိသတတ်၊ လူရုပ်လုပ်သည့်အခါ အတွင်းက ဝါးခြမ်း တွေခံ၍ အပေါ်ယံမှာ နွားချေးမျှား မွမ်းမံထားသကဲ့သို့ အတွင်းခံ အရိုးတွေ အပေါ်ဌ် အသားတွေ လိမ်းကျံကပ်ငြို နေသည်။

အဋ္ဌိ – ခြေဖျားမှတက် ဦးခေါင်းထက်သို့ ဆက်ကာ ဆက်ကာ သုံးရာသော အရိုးအစုသည်။ အတ္ထိ၊ ပုဂ္ဂိုလ်သတ္တဝါ ငါ သူတပါး လားလားမဟုတ် စက်ဆုပ်ဘွယ်သာ ထင်ရှားရှိပါသည် တကား။

အဋ္ဌိမိဉ္ဇံ–အရိုးတွင်းခေါင်း အဆန်ပေါင်းသို့ ပြော့ပျောင်းဖြူနု ခြင်ဆီအစုသည်။ အတ္ထိ၊ ပုဂ္ဂိုလ်သတ္တဝါ ငါ သူတပါး လားလားမဟုတ် စက်ဆုပ်ဘွယ်သာ ထင်ရှားရှိပါသည် တကား။

အကြော။ ။အကြောမကြီးနှင့် အကြောသေးဟု ၂-မျိုးရှိ၏၊ လည်ပင်းမှစ၍ အကြောမကြီး တို့သည် တကိုယ်လုံးကို မြေးယှက်လျက် ရှေဘက်မှ ငါးသွယ် နောက်ဘက်မှ ငါးသွယ် လက်ယာဘက်မှ ငါးသွယ် လက်ဝဲဘက်မှ ငါးသွယ်ဖြာလျက် အောက်သို့ သက်ဆင်းကြကုန်၏။ လက်တံ၌လည်း ရှေဘက်ငါးသွယ် နောက်ဘက်ငါးသွယ်စီ (ဝဲ-ယာ လက် ၂-ဘက်လုံးမှာ) မြေးယှက်၍ တည်ကုန်၏၊ ခြေတံ ၂-ဘက်၌လည်း ဤနည်းအတိုင်း တဘက်လျှင် ရှေငါးသွယ် နောက်ငါးသွယ်စီအားဖြင့် ၂၀-သော အကြောတို့ မြေးယှက်၍ တည်ကုန်၏၊ ဤကား အကြောမကြီး ၆၀-တည်း၊ အရိုးအသားတို့ကို ဖွဲ့တုပ် မြေးယှက်၍နေသော အကြောကလေးများလည်း ကြိုးကလေးများကဲ့သို့ တကိုယ်လုံး၌ အနှံ့အပြားတည်ရှိကြလေသည်၊ အကြောသေး အကြောမ အားလုံးပေါင်းလျှင် ၉-ရာ ရှိသတတ်။

ဝက္ကံ – ၂-လုံး သရက် ညှာ တခက်၌ ဖြာလျက် တည်ဟန်လည်တံ သက်လျှော အကြောကြီးမှ ၂-ဖြာခွ၍ ဟဒယပတ်လည် ဇဉ်ငယ်နီသော အညှို ၂-ခုသည်။ အတ္ထိ၊ ပုဂ္ဂိုလ်သတ္တဝါ ငါ သူတပါး လားလားမဟုတ် စက်ဆုပ်ဘွယ်သာ ထင်ရှားရှိပါသည် တကား။

ဟဒယံ – အောက်သို့ မှောက်ခုံ ကြာပဒုံ၏ အငုံသဘွယ် ရင်လည်မှာတည် အဆင်းနီသော နှလုံးသားသည်။

အရိုး။ ။လက်ရိုး ၆၄-ချောင်း, ခြေရိုး ၆၄-ချောင်း စသည်ဖြင့် ဦးခေါင်းအခွံရိုး ၉-ခုတိုင်အောင် အရိုးပေါင်း ၃-ရာခန့် ရှိသတတ်။

ခြင်ဆီ။ ။ထို အရိုး ၃-ရာခန့်၏ အတွင်း၌ "ခြင်ဆီ = အဆန်" ခေါ်သော ကောဋ္ဌာသ တမျိုး ရှိ၏၊ ကြက် စသော သတ္တဝါများ၏ အရိုးကို ထုခွဲလိုက်သည့်အခါ အတွင်းမှာရှိသော အရာဝတ္ထုမျိုးပင် ဖြစ်၏။

အညှို။ ။ဤ အညှိုသည် လည်ပင်းမှ သက်ဆင်းသော အကြောမမှ ၂-ဖြာခွ၍ တည်သော အသား ၂-ခု တွဲတည်း၊ ပုံသဏ္ဌာန်အားဖြင့် အညှာတခု၌ တွဲနေသော သရက်သီး ၂-လုံးပြွတ်သဏ္ဌာန်ရှိ၏၊ အဆင်းအားဖြင့် အနည်းငယ်နီ၏၊ နေရာအားဖြင့်(နောက်၌ပြမည့်)နှလုံးသားကို ရံ၍ တည်၏။

နှလုံး။ ။ဤ"နှလုံး"သည် အသားတမျိုးပင်တည်း၊အဆင်းအားဖြင့် နီ၏၊ ပုံသဏ္ဌာန်အားဖြင့် အပြင်ဘက် အဖတ်တို့ကိုဖယ်၍ အောက်သို့ စောက်ထိုးထားအပ်သော

အတ္ထိ၊ ပုဂ္ဂိုလ်သတ္တဝါ ငါ သူတပါး လားလားမဟုတ် စက်ဆုပ်ဘွယ်သာ ထင်ရှားရှိပါသည်တကား။

ယကနံ – ကုမုဒြာ ကြာနီပွင့်ဖတ် ကြောရပ်သဘွယ် ဇဉ်ငယ်နီလျက် ကသစ်ရွက်သို့ အစဘက် တဖုံ ဖျားအစုံ ဖြင့် ရင်ခုံလယ်ဗေ့ ယာမှာနေသော အသဲလွှာသည်။ အတ္ထိ၊ ပုဂ္ဂိုလ်သတ္တဝါ ငါ သူတပါး လားလားမဟုတ် စက်ဆုပ်ဘွယ်သာ ထင်ရှားရှိပါသည်တကား။

ကိလောမကံ – အဝတ်လွှာဖြူ ပမာတူသို့ နှလုံးအည္ဆိုကို ဖုံးဆို့၍ တည် တလီအသား အရေကြား၌ အသားယှက်ထွေး ၂-မျိုးသော အမြေးသည်။ အတ္ထိ၊ ပုဂ္ဂိုလ်သတ္တဝါ ငါ သူတပါး လားလားမဟုတ် စက်ဆုပ်ဘွယ်သာ ထင်ရှားရှိပါသည်တကား။

ပဒုမ္မာကြာငုံသဏ္ဌာန် ရှိ၏၊ အပြင်ဘက်၌ ချောင့် အတွင်းဘက်၌ ခဝဲသီး(တနည်း-သပွတ်သီး)အတွင်းသားနှင့် တူ၏၊ ဉာဏ်ပညာရှိသူများ၏ နှလုံးသားသည် အနည်းငယ် ပွင့်၍ ဉာဏ်ပညာ နုံ့သူတို့၏ နှလုံးသားကား အငုံအတိုင်းပင်ဖြစ်၏၊ ထိုအငုံအတွင်းဝယ် တွင်းငယ်တခု ရှိ၏၊ ထို တွင်းငယ်၌ တလက်ခုပ်၏ တဝက်လောက် သွေးများ တည်ရှိလေသည်၊ ထို နှလုံးသားသည် သားမြတ် ၂-ခု၏ အလယ်၌ တည်ရှိသတတ်။

အသဲ။ ။ဤ အသည်း(အသဲ)ဟူသည် အသားလွှာ တမျိုး တည်း၊ ကုမုဒြာကြာနီပွင့်ဖတ်၏ ကျောပြင်ကဲ့သို့ အဆင်း နီဖြော့ဖြော့ရှိ၏၊ ပုံသဏ္ဌာန်အားဖြင့် ကသစ်ရွက်ကဲ့သို့

ပိဟကံ – ကြောင်ပန်းပွင့်လို အဆင်းညို၍ နွားညိုလျှာဟန် ပုံသဏ္ဌာန်ဖြစ် ခုနစ်သစ်ရှည်လျား နှလုံးသားနှင့် ဝဲဘက်သင့်လျက် စာအိမ်ထက်ဝယ် သရက်ရွက်တွင် ဘေအပျဉ်(အဖျဉ်း)မည်ငြား ဝမ်းလျှာအသားသည်။ အတ္ထိ၊ ပုဂ္ဂိုလ်သတ္တဝါ ငါသူတပါး လားလားမဟုတ် စက်ဆုပ်ဘွယ်သာ ထင်ရှားရှိပါသည်တကား။

အရင်း၌ တခုတည်းဖြစ်၍ အဖျားကျမှ ၂-မြှောက်သွား၏၊ ထို အသည်းသည် ဉာဏ်ထိုင်းသူတို့၌ တခုတည်း ကြီးကြီးမားမား ရှိ၍ ဉာဏ်ထက်သူတို့၌ ၂-ခု ၃-ခု ရှိသတတ်၊ တည်ရာအားဖြင့် သားမြတ် ၂-ခုအလယ်မှာ လက္ခဏာဘေးကို မှီ၍ တည်ရှိလေသည်။

အမြေး။ ။ဖုံးလွှမ်းသော အမြေး, **မဖုံးလွှမ်းသော** အမြေး အားဖြင့် ၂-မျိုးရှိ၏၊ အဆင်းအားဖြင့် အဝတ် ဖြူလွှာကဲ့သို့ ဖြူ၏၊ ဖုံးလွှမ်းသော အမြေးကား တကိုယ်လုံးရှိ အသားတွေကို မြေးယှက်တည်၏၊ ထိုအမြေး၏ အပေါ်၌ အရေတည်ရသည်၊ အမဲသား စသည်၌ ထို အမြေးကလေး များကပ်၍ ပါနေသည်ကို မြင်နိုင်ကြသည်။

အပျဉ်။ ။ဤ အပျဉ်ကို ကျမ်းစာ၌ "ဥဒရ ဇိဝှါမံသံ=ဝမ်း လျှာအသား" ဟု ဆို၏၊ အဆင်းအားဖြင့် ကြောင်ပန်းပွင့်ကဲ့သို့ ညို၏။ ပုံသဏ္ဌာန်အားဖြင့် နွားညိုကလေး၏ လျှာသဏ္ဌာန် ရှိ၏၊ လက် ၃-သစ်ရှည်၏၊ ဤအပျဉ် (အဖျဉ်း)ကို "သရက်ရွက်" ဟုငင်း "ဝမ်းလျှာ" ဟုငင်း "ဘေ" ဟုငင်း ခေါ်သည်၊ နေရာအားဖြင့် နှလုံးသား၏ လက်ဝဲဘက်မှာ

ပပ္ပါသံ–သဖန်းရွှင်းပြင်း အဆင်းနိုနိ မည်ပြတ်ခဲ့ မုံပြတ်နဲ့ သို့ အသဲနှလုံး တွဲရရွဲဖုံးတွယ် သုံးဆယ်နှင့် နှစ် အသားတစ်ဟူသော အဆုပ်သည်။ အတ္ထိ၊ ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး လားလားမဟုတ် စက်ဆုပ် ဘွယ်သာ ထင်ရှားရှိပါသည်တကား။

အန္တံ – ယောကျ်ားတို့ဝယ် သုံးဆယ်နှင့် နှစ် မိန်းမ ဖြစ်မူ နှစ်ဆယ့်ရှစ်တောင် ဖြူရောင်အဆင်း သွေးစကျင်းနေ ခေါင်းပြတ် မြွေလို လည်မျိုမှ သက် ဝစ္စမဂ်ဝယ်

ရှိ၍ အစာသစ်အိမ်ဟု ခေါ်ရသော အိမ်၏ အထက်ထိပ် ဘေးစောင်းကို မှီလျက် တည်၏၊ သူမှာ တစုံတခု အတွယ်မရှိ ရက္ခား ခြေဖြင့်ကန်ခြင်း စသည်ကြောင့် သူနေရာ၏အပြင်ဘက် ထွက်သွားလျှင် ချက်ခြင်း သေနိုင်၏။ [“အဖျဉ်း”ဟုလည်း ခေါ်၏။]

အဆုပ်။ ။အသားတုံးကလေး ၃၂-တုံး ပေါင်းစပ်ထား သော အသားစုကို “အဆုပ်”ဟု ခေါ်သည်၊ အဆင်းအားဖြင့် မမှည့်လွန်းသော သဖန်းသီး အသွေးကဲ့သို့ နီ၏၊ ပုံသဏ္ဌာန်အားဖြင့် မည်မည္ဆတ် ဖြတ်ထားသော ပြစ်ခဲ သော မုန့်နှင့် တူ၏၊ ယခုကာလ “ဝက်သဲ ဝက်ဆုပ်”စသော အသားများ၌ ပါသော အဆုပ်ပင်တည်း၊ နေရာအားဖြင့် သားမြတ် ၂-ခုတို့၏ အလယ်ဝယ် နှလုံးနှင့် အသည်းကို အပေါ်က လှမ်းဖုံးကာ၍တွဲလျားကျလျက် တည်လေသည်။

အူမ။ ။အအကြီးစားကိုပင် “အူမ”ဟု ခေါ်၏၊ ယောကျ်ား ဘို့၏အူမသည် ၃၂-တောင် ရှိ၏၊ မိန်းမတို့၏ အူမ

နှစ်ဆယ်တတွန့် လိမ်တွန့်ရစ်နေ အူမခွေအစုသည်။ အတ္ထိ၊ ပုဂ္ဂိုလ်သတ္တဝါ ငါသူတပါး လားလားမဟုတ် စက်ဆုပ်ဘွယ်သာ ထင်ရှားရှိပါသည်တကား။

အန္တဂုဏံ–ကြာသိမ်မြစ်ဟန် ဆင်းသဏ္ဌာန်နေ အူမခွေကို နေရာတကျ မလျော်ကျအောင် ဖွဲ့နှောင်ချည်တုပ် ခြေသုတ်ကြိုးဝယ် ကြိုးငယ်အလား အူကြွားမှာ တည် အသိမ်မည်သော အူအနုသည်။ အတ္ထိ၊ ပုဂ္ဂိုလ် သတ္တဝါ ငါသူတပါး လားလားမဟုတ် စက်ဆုပ် ဘွယ်သာ ထင်ရှားရှိပါသည်တကား။

ကား ၂၀-တောင် ရှိ၏၊ လည်မျိုနှင့် ကျင်ကြီးလမ်းပေါက် အတွင်းဝယ် နှစ်ဆယ့်တစ်ဌာနတို့၌ အတွန့်အတွန့် အခွေအခွေ ဖြစ်၍ တည်နေ၏၊ ပုံသဏ္ဌာန်အားဖြင့် သွေးစားကျင်း တခု၌ ဦးခေါင်းပြတ်သော မြွေကို ခွေထားပုံနှင့် တူ၏၊ အဆင်းအား ဖြင့် အက်တေ (ကန်ကရစ်) လုပ်ထားသော ကျောက်ပြုတ် ကလေးများ၏ အဆင်းကဲ့သို့ ဖြူ၏။

အူသိမ်။ ။အူအသေးစားကိုပင် “အူသိမ်”ဟု ခေါ်၏၊ ပြခဲ့ သော အူမခွေတို့ကို လျော်ကျ၍ မသွားအောင် ဖွဲ့တုပ်ထားသော အူကလေးများတည်း၊ အဆင်းအားဖြင့် ကြာသိမ်မြစ်ကဲ့သို့ ဖြူ၏၊ တည်ရာအားဖြင့် (ခြေသုတ်ကြိုး၏ အကြား၌ ကြိုးခွေတခုနှင့် တခုကို ဖွဲ့ချည်ထားသော ကြိုးသေး ကလေးများကဲ့သို့) အူမခွေတို့၏ အကြား၌ တည်၏။

ဥဒရိယံ–စားသည့်အစာ ဆင်းစုံသာတည်း လျော့စွာဖွဲ့တုပ် ဆန်ထုပ်မယွင်း စာအိမ်တွင်း၌ စားလိုက်သမျှ လုံးဝ စုလျက် ခွေးစားခွက်ဝယ် ထွေးဟက်စွန့်လတ် ခွေး အန်ဖတ်အတု အစာသစ် အစုသည်။ အတ္ထိ၊ ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး လားလားမဟုတ် စက်ဆုပ် ဘွယ်သာ ထင်ရှားရှိပါသည်တကား။

အစာသစ်။ ။ရေလဲ အဝတ် တထည်ကို လူ ၂-ယောက် တဘက်စီကိုင်၍ ညှစ်သောအခါ အလယ်၌ ဖောင်းနေသော အဝတ်စိပေါင်းကဲ့သို့ ဖောင်းနေသောအူမကို "ဥဒရ=ဝမ်းအိမ်၊ ဝါ-အစာအိမ်" ဟု ခေါ်၏။ ထိုအစာအိမ်၏ အတွင်းဘက်သည် ပုပ်ပွနေသော ပိန်းနဲသီးခဲ့၏ အတွင်းသားနှင့် တူ၏၊ အပြင်ဘက်ကား ညက်ညော ချောမော၏၊ (ယခု ကာလ နွားဆိတ်တို့၏ ဝမ်းတွင်းသားမျိုးပင်တည်း၊) ထို အစာအိမ်၌ ၃၂-မျိုးသော ပိုးကောင်ကလေးများလည်း ရှိကြသတတ်။

စားသမျှ အစာသည် ထိုအစာသစ်အိမ်၌ ကျရောက်ရ၏၊ စားအပ်သော အစာအတိုင်း အဆင်းအမျိုးစုံ ရှိ၏၊ ပုဝါ ရေစစ်အတွင်း၌ ဆန်ကို ခပ်လျော့လျော့ ထုပ်ထားသော ဆန် များတည်နေပုံကဲ့သို့ ထိုအစာသစ်များသည် အစာအိမ်အတွင်း၌ တည်နေကြ၏။ သွားဖြင့် ကြိတ်ခြေ၍ မျိုအပ်သောကြောင့် ထိုအစာသစ်များ ကြေမွနေရကား ခွေးအန်ဖတ်နှင့် တူပုံကိုလည်း သိနိုင်၏၊ ထိုအစာသစ်များကို ငါးပုံပုံ၍ တပုံသည် ပြခဲ့

ကရီသံ–စာသစ် အိမ်ထက် ဓာတ်မီး ချက်၍ ညက်ညက် ကြေမွ သက်လျှောကျသော် အူမ အဆုံး ဝါးလုံး အဆစ် လက်ရှစ်သစ်မျှ ပမာဏချိန် စာဟောင်း အိမ်ဝယ် စုတွယ်နေလျက် မြေညက်အတု အစာ ဟောင်းအစုသည်။ အတ္ထိ၊ ပုဂ္ဂိုလ်သတ္တဝါ ငါသူတပါး လားလားမဟုတ် စက်ဆုပ်ဘွယ်သာ ထင်ရှားရှိပါ သည် တကား။

သောပိုးတို့၏ အစာဖြစ်၏၊ တပုံကား ဝမ်းမီးလောင်ရာတွင် ကုန်သွား၏၊ ကျန် ၃-ပုံတွင် တပုံသည် ကျင်ကြီး, တပုံကား ကျင်ငယ် ဖြစ်၏၊ နောက်ဆုံး တပုံသာ အဆီအနှစ်အဖြစ်ဖြင့် ကျန်၍ သွေးသားများကို တိုးပွါးစေသတည်း။

အစာဟောင်း။ ။ကျင်ကြီး(မစင်) ကိုပင် "အစာဟောင်း" ဟု ဆိုသည်၊ချက်၏အောက်နှင့် ကျောက် ကုန်းဆူးရိုးတို့၏ အတွင်းဝယ် အူမကြီးအဆုံး၌ အစောက်လက် ၈-သစ်ခန့် ရှည်လျားသော ဝါးကျည်တောက်နှင့် သဏ္ဌာန် တူသော အစာဟောင်းအိမ် ရှိ၏၊ အစာသစ်အိမ်၌ ကျရောက် သမျှ အစားအစာတွေသည် ဝမ်းမီးကြောင့် ညက်ညက် ကြေမွအောင် ကျက်၍ အူမကြီး၏ အခေါင်းမှ လျှောသက် ပြီးလျှင် အစာဟောင်းအိမ်ဝယ် (ဝါးဆစ် အတွင်း၌ ထည့်ထား အပ်သော မြေဝါညက်နှင့်တူစွာ)စုပေါင်းမိကြလေသည်၊ ထိုသို့ ကြေကျက်စုပေါင်းသော အစာဟောင်းကိုပင် "ကရီသ= ကျင်ကြီး" ဟု ခေါ်၏၊ အရပ်ဒေသအားဖြင့် အစာသစ်သည်

မတ္ထလုင်္ဂံ – ဦးခေါင်းခုံတွင်း မို့ဖြူးဆင်းသို့ ရှိရင်းဦးဆက် လေးခဏ်းထက်ဝယ် မုံ့ညက်ဆိုင်အတု ဦးနှောက် အစုသည်။ အတ္ထိ၊ ပုဂ္ဂိုလ်သတ္တဝါ ငါ သူတပါး လား လား မဟုတ် စက်ဆုပ်ဘွယ်သာ ထင်ရှားရှိပါသည် တကား။

ပိတ္ထံ – မယ်ဇယ်ဆီနဲ့ ပြစ်ခွဲခွဲနှင့် အသဲကိုမှီ အိမ်ခွံတည်သော ဗဒ္ဓသည်းခြေ, ရေတွင်ဆီများ ပြန့်နှံ့ သွားသို့ ကိုယ် သားကိုယ်ရေ အနှံ့ နေလျက် ဝါရွှေညိုးနွမ်း ပျဉ်းပွင့် ပန်းအတု အဗဒ္ဓသည်းခြေ အစုသည်။ အတ္ထိ၊ ပုဂ္ဂိုလ် သတ္တဝါ ငါသူတပါး လားလားမဟုတ် စက်ဆုပ် ဘွယ်သာ ထင်ရှားရှိပါသည်တကား။

အထက်ပိုင်းမှာ တည်ရှိ၍ **အစာဟောင်းက** အောက်ပိုင်းမှာ တည်ရှိလေသည်။

ဦးနှောက်။ ။အရိုးအတွင်း၌ "အင်္ဂမိဉ္ဇ=ရိုးတွင်းခြင်ဆီ" ရှိသကဲ့သို့ ဦးခေါင်းခုံရိုး အတွင်းမှာလည်း ခြင်ဆီအမျှားစုလျက် ရှိ၏၊ ထိုခြင်ဆီအစုကိုပင် "ဦးနှောက်" ဟု ခေါ်သည်၊ အဆင်းမှာ မို့ဖြူးအဆင်းကဲ့သို့ ဖြူ၏၊ ဦးခေါင်းခုံ အတွင်း၌ ဦးခေါင်းခုံအဆက် ၄-ခုကို မှီ၍ ပေါင်းစုတည်နေ ရကား မုံညက်အခဲ ၄-ခုနှင့် သဏ္ဌာန်တူ၏။

သည်းခြေ။ ။ဗဒ္ဓ သည်းခြေ, အဗဒ္ဓ သည်းခြေဟု ၂-မျိုး ရှိ၏၊ အိမ်ဖြင့်ဖွဲ့ထားအပ်သော သည်းခြေကို "ဗဒ္ဓသည်းခြေ" ခေါ်၏၊ နှလုံးသားနှင့် အဆုပ်တို့၏ အကြားခံ့ အသည်းကို မှီ၍ တည်သော "သည်းခြေအိမ်" ရှိ၏၊ ခဝဲသီး

သေမုံ – ဝက်ခြေးဘနဲ့ ရွက်ရည်ခွဲသို့ ပြစ်ခွဲဖြူလျက် စာအိမ် ထက်ဝယ် တစလယ်ခန့် ကျယ်ပြန့်ပြစ်ထု သလိပ်အစု သည်။ အတ္ထိ၊ ပုဂ္ဂိုလ်သတ္တဝါ ငါသူတပါး လားလား မဟုတ် စက်ဆုပ်ဘွယ်သာ ထင်ရှားရှိပါသည်တကား။

အကြီးစားအိမ်နှင့် တူ၏၊ ထိုအိမ်အတွင်း၌ ဗဒ္ဓသည်းခြေ တည်နေသည်၊ အဆင်းအားဖြင့် ပြစ်ခွဲသော မယ်ဇယ်ဆီ အဆင်းနှင့် တူ၏၊ ဤဗဒ္ဓသည်းခြေ ပျက်လျှင် သတ္တဝါတို့သည် မပြုသင့်တာကိုပြု၊ မပြောသင့်တာကိုပြော၊ မကြံသင့်တာကို ကြံလျက် သည်းခြေရူး ဖြစ်ကြရတော့၏။

အိမ်ဖြင့်မဖွဲ့အပ်သော (အိမ်မရှိသော) သည်းခြေကို "အဗဒ္ဓ သည်းခြေ" ဟု ခေါ်၏၊ အဆင်းအားဖြင့် ညှိုးနေသော ပျဉ်း ပန်းပွင့် အဆင်းနှင့် တူ၏၊ **တ**ကိုယ်လုံးစိုသော အသားရှိရာ တိုင်းမှာ (ဆီပေါက်သည် ရေပေါ်မှာ ပြန့်နှံ့သကဲ့သို့) ပြန့်နှံ့၍ တည်၏၊ ဤအဗဒ္ဓသည်းခြေပျက်လျှင်မျက်လုံးမှာ ဝါရွှေသော အဆင်းရှိ၍ ချာချာလည်သကဲ့သို့ ဖြစ်၏၊ ကိုယ်တုန်လှုပ်၏၊ ယား၏။

သလိပ်။ ။တစလယ်သားလောက်ရှိ၏၊ ဝက်ခြေးဘနဲ့အရွက် ရည်ကဲ့သို့ ပြစ်ခွဲ၍ဖြူ၏၊ အစာ**သစ်**အိမ်အထက်မှာ တည်၏၊ မှော်ရှိသော ရေပြင်၌ ဒုတ် စသည်ကို ချသောအခါ မှော်တွေ ၂-ဖြာကဲ့သွားပြီးနောက် ပြန်၍ ဖုံးမြဲဖုံးနေသကဲ့သို့ အစာအိမ်၌ အစားအသောက် ကျသောအခါ သလိပ်တွေ ၂-ဖြာကဲ့သွား၍ အစာအိမ်ထဲရောက်လျှင် ဖုံးမြဲဖုံးနေ၏၊ [မှော် နေပုံနှင့် သလိပ်နေပုံ တူ၏၊] သလိပ်နည်းသောအခါ ကြက်ဥ

ပုဗ္ဗော – အနာဖြစ်သော် သွေးပုပ်ပေါ်၍ ရွက်ရော်ဆင်းရောင် ပုပ်ဟောင်နံညီ ပြည်အစုသည်။ အတ္ထိ၊ ပုဂ္ဂိုလ်သတ္တဝါ ငါသူတပါး လားလားမဟုတ် စက်ဆုပ်ဘွယ်သာ ထင်ရှားရှိပါသည်တကား။

လောဟိတံ – ချိပ်ရည်ပြစ်ဆင်း တစလယ်ခင်းမျှ ရင်တွင်း အဆုတ်ညှိနှလုံးတို့ထက် တစက်စက်ကျ အသဲမှလျှင် အောက်တွင်ပြည့်စေ စုတည်နေသော သန္ဓိစိတသွေး, ကျဲသောချိပ်ရည် ပမည်ပိုက်ကျုံး ကိုယ်လုံးအနှံ့ ရောက် အကြောလျှောက်သော သံသရဏ သွေးသည်။ အတ္ထိ၊ ပုဂ္ဂိုလ်သတ္တဝါ ငါ သူတပါး လားလား မဟုတ် စက်ဆုပ်ဘွယ်သာ ထင်ရှားရှိပါသည် တကား။

သေဒေါ – မီးပူ နေပူ ဥတုပူမှု စ၍အလီလီ ပူမည်၍ နှမ်းဆီ အဆင်း ဆံမွေးတွင်းမှ ယိုဆင်း သက်လျှော ချွေး

ပုပ်ကဲ့သို့ အစာအိမ်အတွင်းမှ အပုပ်နံ့သည် အပြင်သို့ ထွက်လာ၏၊ ထို သလိပ်တွေ့ မျှားနေပြန်လျှင်လည်း အစာအိမ် အတွင်း၌ အပုပ်နံ့သည်(ကျင်ကြီးခွက်ကို ပိတ်ထားသကဲ့သို့) ဖြစ်၏။

ပြည်။ ။ပုပ်သောသွေးကိုပင် "ပြည်" ဟု ခေါ်ရ၏၊အဆင်းမှာ ဖက်ရွက်ရော်(ဖြူဝါ)အဆင်း ရှိ၏၊ သူသေကောင်၌ ရှိသော ပြည်ကား ပြစ်ခဲပုပ်နေသော ထမင်းရည်နှင့်တူ၏။

သွေး။ ။စုနေသောသွေး, သွားနေသောသွေးဟု ၂-မျိုး ရှိ၏၊ စုနေသောသွေးသည် ကျက်၍ ပြစ်နေသောချိပ်ရည်

မည်သော ကောဋ္ဌာသသည်။ အတ္ထိ၊ ပုဂ္ဂိုလ်သတ္တဝါ ငါ သူတပါး လားလားမဟုတ် စက်ဆုပ်ဘွယ်သာ ထင်ရှားရှိပါသည် တကား။

မေဒေါ – ထက်ခြမ်းခဲ့သည့် နှန့်ခဲအတူ ဝဖြိုးသူအား အရေ အသား၏ အကြားတိုင်းသာ ပိန်ဆုံမှာမူ မျှားရာ အသား အရေကြားတည် အဆီခဲမည်သော ကောဋ္ဌာသသည်။ အတ္ထိ၊ ပုဂ္ဂိုလ်သတ္တဝါ ငါ သူတပါး လားလားမဟုတ် စက်ဆုပ်ဘွယ်သာ ထင်ရှားရှိပါသည် တကား။

အဆင်း ရှိ၏၊ သွားနေသောသွေးကား ကြည်သော(ကျဲသော) ချိပ်ရည်အဆင်း ရှိ၏၊ ဤသွားနေသောသွေးသည် သွေးကြော မျှားကို အစဉ်လျှောက်၍ တကိုယ်လုံး၌ ပြန့်နှံ့တည်နေ၏၊ စုနေသောသွေးကား အသဲ၏အောက်ပိုင်းကို ပြန့်နှံ့လျက် နှလုံးအညှိအဆုတ်တို့၏အထက်၌ တည်၏၊ တစလယ်လောက် ရှိ၏၊ ထိုအသဲ၏ အောက်ပိုင်းနှင့် နှလုံးအညှိ အဆုတ်တို့ကို အမြဲစိုအောင် တစက်စက် ယိုကျနေ၏၊ အညှိနှလုံးစသည် တို့ကို မစိုစေလျှင် သတ္တဝါတိုင်းပင် ရေဆာတတ်လေသည်။

ချွေး။ ။ခန္ဓာကိုယ်၌ သွေးသည် အမြဲတည်ရှိသကဲ့သို့ "ချွေး" ခေါ်သော ကောဋ္ဌာသသည် အမြဲတည်ရှိသည် မဟုတ်၊ မီးပူ နေပူ နွေအခါ ဥတုအပူဓာတ်တို့ကြောင့် ခန္ဓာကိုယ်ပူအိုက်သောအခါ အပူငွေ့မှ အရည်ဓာတ်သို့ ပြောင်း

အဿု – မီးခိုးမြူဝင် ရယ်ရွှင်ငိုကြွေး စပ်ပူရေးကြောင့် ချွေးသို့ အဆင်း မျက်စိတွင်းတည် မျက်ရည်မည်သော ကောင်္ဂဿသည်။ အတ္ထိ၊ ပုဂ္ဂိုလ်သတ္တဝါ ငါ သူတပါး လား**းမဟုတ်** စက်ဆုပ်ဘွယ်သာ ထင်ရှား**ရှိပါသည်** တကား။

လျက် မွေးညှင်းပေါက် ဆံပင်ပေါက်တို့မှ ထွက်လာသော အာပေါဓာတ် (အရည်) တမျိုးကို "**သေဒ=ချွေး**" ဟု ခေါ်သည်၊ အဆင်းအား**ဖြင့်** အထူးကြည်သော နှမ်း**ဆီအ**ဆင်း ရှိ၏။

အဆီခဲ။ ။ပြစ်ခဲ့နေသော အဆီကိုပင် "အဆီခဲ" ဟု ခေါ်၏၊ အဆင်းအား**ဖြင့်** နန္ဒင်းတက်ကို ခဲ့ခြင်း လိုက်သော**အခါ** အထဲက နန္ဒင်းကဲ့သို့ ဝါဝင်းသော အဆင်း ရှိ၏၊ ဝဖြိုးသူတို့၏ တကိုယ်လုံးဝယ် အရေနှင့် **အ**သား**တို့**၏ အကြားတိုင်းမှာ တည်ရှိသည်၊ ဝါသော ပိုးသားပုဆိုးလွှာ ကလေးနှင့် တူ၏၊ ပိန်သူတို့ဌ်ကား ခြေသလုံးသား ပေါင်သား ကျောက်ကုန်းသား ဝမ်းပြင်းသား စသော အသားများရာကို မှီ၍ (၂-ထပ် ၃-**ထပ်** ခေါက်အပ်သော ပိုးပုဆိုးဝါကလေး ကဲ့သို့) တည်၏။

မျက်ရည်။ ။မျက်စိတို့မှ ယိုစီးသော အရည် တမျိုးကို "မျက်ရည်" ဟု ခေါ်၏၊ အဆင်းအား**ဖြင့်** အထူးကြည်သော နှမ်း**ဆီ**အဆင်း ရှိ၏၊ သည်း**ခြေ**အိမ်ဌ် သည်း**ခြေ**သည် အမြဲတည်ရှိသကဲ့သို့ ထို့အတူ ဤ မျက်ရည် သည် အမြဲတည်ရှိသည် မဟုတ်၊ အလှန်ဝမ်းမြောက်၍ အကြီး

ဝသာ – မီးပူနေပူ ဥတုပူမှု **စ၍ အလိလိ ပူမည်၍** အုန်း**ဆီ** ဆင်း**နေ** လက်**ခြေနှာစုန်း** ပုခုံး**စုန်း**မှီ ဆီ**ကြည်** မည်သော ကောင္ဂဿသည်။ အတ္ထိ၊ ပုဂ္ဂိုလ်သတ္တဝါ ငါ သူတပါး လား**လား**မဟုတ် စက်ဆုပ်ဘွယ်သာ ထင်ရှား**ရှိပါသည်**တကား။

အကျယ် ရယ်**သောအခါ** အလွန်စိတ်မချမ်းသာ၍ ငိုသော**အခါ** ငရုပ်သီး စသည်ကို စား**သောအခါ** မျက်လုံး**၌ မီး**ခိုး မြူမှုန် စသည်တို့ ထိခိုက်မိသော**အခါတို့၌** ထို အလွန်ဝမ်း မြောက်ခြင်း အလွန်စိတ်မချမ်းသာခြင်း စသော အကြောင်း ကြောင့် မျက်လုံး**အိမ်**တွင်း**၌** ပြည့်၍သော်လည်း တည်နေ၏၊ ယိုစီး**သော်**လည်း ယိုစီး၏။ [မျက်ရည်ကို မှန်း၍ ကမ္မဋ္ဌာန်း ရှုသော ပုဂ္ဂိုလ်သည် မျက်လုံးတည်ရာ တွင်းငယ်**၌** ပြည့်နေသော မျက်ရည်ကိုမှန်း၍ ရှုရသည်။]

ဆီကြည်။ ။"မေဒေါ=အဆီခဲ"ဟုရှိခဲ့သော**ကြောင့်** ဝသာကို "ဆီကြည်"ဟု ခေါ်ကြသည်၊ အဆင်းအား**ဖြင့်** အုန်းဆီ အဆင်း**ရှိ၏**၊ များသော**အား**ဖြင့် လက်ဖဝါး ခြေဖဝါး လက်ဖမိုး ခြေဖမိုး နှာခေါင်းဘု နဖူး ပုခုံး**စုန်း**တို့၌ တည်၏၊ "ဆီကြည်"ဟု ဆိုသော်လည်း အမြဲ ကြည်နေသည် မဟုတ်၊ မီးပူ နေပူ နွေပူစသည်တို့နှင့် ကြုံကြိုက်သော**အခါ**ကျမှ အကြည်ရည် ဖြစ်လာသည်၊ ထို**အခါ**ဝယ် ထို**ဆီ**ကြည်သည် လက်ဖဝါး**စော**သော အရပ်တို့၌ ပြန့်နှံ့နေ၏၊ မီးပူ စသည်တို့နှင့် မကြုံကြိုက်ဘဲ နဂိုရ**အတိုင်း** အား**ဖြင့်**ကား ဆောင်း**အခါ** အုန်းဆီခဲကလေးကဲ့သို့ ပြစ်ခဲ့ ခဲနေသည်၊ နှာခေါင်းဘုကို

ခေဋ္ဌော–ချဉ်ငန်စပ်ခါး အရသာများကို စားသော်မြင်သော် အကြံပေါ်၍ နာသော်နှလုံး ရှုံ့မုန်းမယုင်း ရေမြုပ်ဆင်းသို့ လျှာရင်းပြစ်ခဲ့ လျှာဖျားကဲ့ကြည် လျှာရည်ဖြစ်သော တံထွေးသည်။ အတ္ထိ၊ ပုဂ္ဂိုလ်သတ္တဝါ ငါ သူတပါး လားလားမဟုတ် စက်ဆုပ်ဘွယ်သာ ထင်ရှားရှိပါသည်တကား။

ဖျစ်ညှစ်ကြည့်သောအခါ–**ထို** အဆီပြစ်ကလေးများ ထွက်လာတတ်ပါသည်။

တံထွေး။ ။ပါးစပ်အတွင်း၌ အမြဲပ်ကလေးများ ထနေသော အရည်တမျိုးကို "တံထွေး"ဟု ခေါ်၏၊ အဆင်း ဖြူ၏၊ ရေမြုပ်သဏ္ဌာန် ရှိ၏၊ တည်ရာအားဖြင့် ပါးစောင် ၂-ဘက်တို့မှ လျှာသက်၍ လျှာပေါ်၌ တည်၏၊ ဤတံထွေးသည် အမြဲ တည်ရှိနေသည် မဟုတ်၊ အချဉ် အခါးစသော သွားရည် ယိုလောက်သော အစာကို ခံတွင်း၌ ထားသောအခါ အချဉ် စသည်ကို မြင်သောအခါ အမှတ် ရသော အခါတို့၌သာ ပါးစောင် ၂-ဘက်မှ လျှာသက်၍ လျှာ၌ တည်လာသည်၊ ဝမ်းဗုံးငုံး နှလုံးမကောင်းသောအခါ ရှုံ့ဘွယ်ရာ ဝတ္ထုကို မြင်၍ စက်ဆုပ် ရွံရှာခြင်း ဖြစ်သောအခါ၌လည်း တံထွေး ဖြစ်လာတတ်၏၊ ခဲဘွယ် ဘောဇဉ်ကို စားသောအခါ၌ကား (မြစ်ကမ်းပါး၌ လက်ယက်တွင်းကလေးဝယ် ရေမကုန်နိုင်သကဲ့သို့) ထိုတံထွေးသည် မကုန်နိုင်ဘဲ အစားအစာများကို စိုစေနိုင်သောအစွမ်း ရှိလေသည်။

သိသံ်ကိုကာ–ငရုပ်စသည် စားမိသည်နှင့် တလိုင်ငြား ခတ်ချောက်ချား၍ ထက်ဖျားဦးနှောက် အရည် ဖောက်လျက် ဦးခေါင်းထက်မှ ဆင်းသက် အာစောက် အထက်ပေါက်ဖြင့် လျှောလျှောက်နှာဘု နှုပ်အစုသည်။ အတ္ထိ၊ ပုဂ္ဂိုလ်သတ္တဝါ ငါသူတပါး လားလားမဟုတ် စက်ဆုပ်ဘွယ်သာ ထင်ရှားရှိပါသည်တကား။

လသိကာ–တရာ့ရှစ်ဆယ် ကိုယ်ဝယ်အောက်ထက် အရိုးဆက်တည် နယ်ဆီအတု ပြစ်ခဲ့သောအစေးအစုသည်။ အတ္ထိ၊ ပုဂ္ဂိုလ်သတ္တဝါ ငါ သူတပါး လားလားမဟုတ် စက်ဆုပ်ဘွယ်သာ ထင်ရှားရှိပါသည် တကား။

နှပ်။ ။ဦးနှောက်မှ ယိုစီးလာသော မသန့်ရှင်းသောအရည် အရွဲကို "နှပ်"ဟု ခေါ်၏၊ ဤနှပ်သည်လည်း အမြဲတည်ရှိသော ကောင္ဘသ မဟုတ်၊ ငိုသောအခါဖြစ်စေ မသင့်သောအစာ မသင့်သော ဥတုကြောင့် ခတ် ၄-ပါးတို့ ချောက်ချား ပျက်ပြားသောအခါဖြစ်စေ ဦးခေါင်း အတွင်းမှ ဦးနှောက်သည် သလိပ်ပုပ်အဖြစ်ဖြင့် ယိုစီးကာ အာခေါင်အထက်ပေါက်မှ နှာခေါင်းသို့ သက်လျှောရွ၍ နှာခေါင်းဘူ၌ တန့်ရပ်၍သော်လည်းနေ၏၊ နှာခေါင်းဘူမှ ယိုစီး၍သော်လည်း ကျလာ၏၊ ထိုနှပ်ကို ကမ္မဋ္ဌာန်းရှုသူကား နှာခေါင်းဘူ၌ ပြည့်နေသောနှပ်ကို မှန်း၍ ကမ္မဋ္ဌာန်း ရှုရသည်။

အစေး။ ။တရာ့ရှစ်ဆယ်သော အရိုးတို့၏ တခုနှင့် တခု အဆက်အစပ်၌ ခြေနယ်ဆီကဲ့သို့ တည်ရှိသော အစေးတမျိုးတည်း၊ အဆင်းအားဖြင့် မဟာလှေကားပန်း၏

မုတ္တံ–စားသောက်သမျှ အာဟာရမှ ရသည့်မသွေ အရေတခွဲ ဆီးအိမ်သို့လျှင် စိမ့်၍ဝင်သော ကျင်ငယ်အစုသည်။ အတ္ထိ၊ ပုဂ္ဂိုလ်သတ္တဝါ ငါ သူတပါး လားလားမဟုတ် စက်ဆုပ်ဘွယ်သာ ထင်ရှားရှိပါသည်တကား။

အစေးနှင့်တူသော အဆင်းရှိ၏၊ ထို အစေးနည်းပါးနေသူမှာ ထလိုက် ထိုင်လိုက်သောအခါ သွားလာသောအခါ ကွေးလိုက် ဆန့်လိုက်သောအခါတို့၌ အရိုးအဆက်တို့သည် (လက်ချောင်းကို ချိုးသောအခါ မြည်သော အသံမျိုးကဲ့သို့) အသံမြည်၏၊ ထိုအစေးနည်းသူသည် ဝါယောဓာတ်ပျက်လွယ်သောကြောင့် ခရီးများများ သွားရလျှင် ပင်ပန်း၏၊ ထို အစေး များသူမှာကား ထလိုက် ထိုင်လိုက်သောအခါ စသည်၌ အသံလည်း မမြည်၊ ဝါယောဓာတ် မပျက်လွယ်သောကြောင့် ခရီးရှည် သွားသော်လည်း မပင်ပန်း။

ကျင်ငယ်။ ။စည်ပေါင်း(ဆီးအိမ်)၏ အတွင်း၌ တည်သော အာပေါဓာတ်ကို "ကျင်ငယ်" ဟု ခေါ်သည်၊ [မစင်ကို "ကျင်ကြီး" ဟု ခေါ်သောကြောင့် ဤ အရည်ကို "ကျင်ငယ်"ဟု ခေါ်သည်၊] ဆီးအိမ်မှာ ဝင်စရာအပေါက် မရှိ၊ ခွက်ဆေးရည်စသည်ကို သွန်ထား၍ ပွက်ဖြစ်နေသော တံစည်းအိုင်၌ အပေါက်မရှိသော အိုးငယ်တလုံးကို ချထားသောအခါ ထိုအိုးငယ်အတွင်းသို့ တံစည်းပွက်ရေသည် စိမ့်ဝင်သကဲ့သို့ ထို့အတူ ခန္ဓာကိုယ်၌ရှိသော (စားသောက်သမျှ အစာမှ) အရည်တချို့သည် ထို ဆီးအိမ်တွင်းသို့ စိမ့်၍ ဝင်ရ၏၊ ထို ဆီးအိမ်၌ ဆီးပြည့်လာသောအခါ ကျင်ငယ်စွန့်ချင်စိတ် ဖြစ်

တိုက်တွန်းချက်။ ။ဤ အနက်ကို ကြေအောင် ကျက်ပါ၊ ထိုသို့ ကြေနေမှသာ ဝမ်းတွင်း၌ရှိသော ကောဋ္ဌာသတို့ စိတ်ထဲ၌ ထင်လာနိုင်မည်၊ ဥပမာ–ဤအနက်ကို မကြေလျှင် "အဋ္ဌိမိဉ္ဇံ-ရိုးတွင်းခြင်ဆီ" ဆိုတာ ဘာဆိုမှန်း မသိဘဲ၊ "ဝက္ကံ-အသွို" ဆိုတာ ဘယ်နေရာမှာ ရှိမှန်း မသိဘဲ နေလိမ့်မည်၊ ထို့ကြောင့် ဤအနက်မြန်မာပြန်အတိုင်း စဉ်းစား၍ ကြည့်ဘို့ရန် ဤ အနက်မြန်မာပြန်ကို အစုံမ်းကုန် ကြေနေအောင် ကျက်ပါလေ။

အားထုတ်နည်း။ ။ဤ ကမ္မဋ္ဌာန်း အားထုတ်နည်းကို ဝိသုဒ္ဓိမဂ်၌ စျာန်ရသည်အထိ အကျယ်ညွှန်ပြထားသည်၊ သို့သော် သာသနာတော်၌ မွေ့လျော်ခြင်း, လောကီအာရုံ ကာမဂုဏ်အတွက် လှုပ်လှက်စိတ် မရှိခြင်း, ပစ္စည်း လာဘ်လာဘကို မငဲ့ကွက်ခြင်း, ဂုဏ် ပကာသနကို မတောင့်တခြင်း, နေရာတိုင်းမှာ ဣန္ဒြေသိက္ခာရှိသော ရဟန်း သာမဏေတပါး ဖြစ်ခြင်း တည်းဟူသော သာသနာတော်၏ အခြေခံအကျိုးကို မြော်၍ ဤကမ္မဋ္ဌာန်းကို ဤရှင်ကျင့်ဝတ်၌ ထည့်သွင်းခြင်း ဖြစ်သောကြောင့် ထိုအကျိုးများ ရလောက်သော အစီအစဉ်မျှကိုသာ အကျဉ်းညွှန်ပြပါမည်။

၁။ **နှုတ်ရွတ်။** ။ဤ ကမ္မဋ္ဌာန်းကို အားထုတ်သော ပုဂ္ဂိုလ်သည် ရှေးဦးစွာ "ကေသာ လောမာ နခါ ဒန္တာ တစော"စသည်ဖြင့် ပါဠိလိုဖြစ်စေ- "ဆံပင်, မွေးညှင်း, ခြေသည်း လက်သည်း, သွား, အရေ" စသည်ဖြင့် မြန်မာလို

ပေါ်လာသည်၊ ထို့ကြောင့် ထိုဆီးအိမ်၌ ဝင်ပေါက်မရှိသော်လည်း အောက်မှ ထွက်ပေါက်ကား ထင်ရှားရှိပေသည်။

ဖြစ်စေ နှုတ်ဖြင့် ရွတ်ဆိုနိုင်ပါသည်။ [မြန်မာလူမျိုးအတွက် မြန်မာလို ရွတ်ခြင်းက သာ၍ ထင်ရှားပါသည်။]

အမှာ။ ။ဤသို့ ရွတ်ဆိုရာ၌ "ဆံပင်"ဟု ရွတ်သည်နှင့်တပြိုင်နက် စိတ်ကလည်း ဆံပင်မှာ ရောက်လျက် အာရုံပြုလျက်ရှိရမည်၊ "မွေးညှင်း"စသည်ကို ရွတ်သောအခါလည်း ဤနည်းပင်တည်း၊ ထို့ကြောင့် ရွတ်ဆိုသောအခါ နှုတ်တက် သလို မြန်မြန် မရွတ်ဆို၍၊ အသံထွက်သည်နှင့် တပြိုင်နက် သရုပ်ထင်လာအောင် မနှေး မမြန် ခပ်မှန်မှန် ရွတ်ရမည်၊ တခါ တခါ ပြခဲ့သော အနက်မြန်မာပြန်ကို ရွတ်ဆိုပါလေ။

၂။ စိတ်ရွတ်။ ။နှုတ်ဖြင့် ရွတ်၍ ၃၂-ကောဋ္ဌာသလုံး အတော် ထင်ရှားသောအခါ (နှုတ်ရွတ်သည့် အစဉ်အတိုင်း) စိတ်ဖြင့် စဉ်းစားပါ၊ [ဤသို့ ဆင်ခြင်ဘန်များသောအခါ "ဆံပင်"ကို ဆင်ခြင်လိုက်လျှင် "ဆံပင်"တည်းဟူသော အထည်ဒြပ်ပေါ် တွင် စိတ်မနားဘဲ "ဆံပင်၏ စက်ဆုပ်ရွံရှာ မသတီစရာ" တိုင်အောင် စိတ်ရောက်သွားပါလိမ့်မည်၊ ထိုအတိုင်း "ကျင်ငယ်၏ စက်ဆုပ်ရွံရှာ မသတီစရာ" အထိ စိတ်ရောက်အောင် မှန်မှန်ကြိုးစားပါလေ။]

ရွတ်၍ ကမ္မဋ္ဌာန်းပေါက်။ ။ရှေးတုန်းက "မဟာရေဝ"ဆရာတော်ကြီးထံ၌ မထေရ် ၂-ပါး ကမ္မဋ္ဌာန်းတောင်းကြသည်၊ ဆရာတော်ကြီးသည် ဤကောဋ္ဌာသကမ္မဋ္ဌာန်းကိုဗင် လေးလလုံးလုံး ရွတ်ဆိုနေဘို့ရန် မိန့်တော်မူ၏၊ ထိုမထေရ် ၂-ပါးသည် နိကာယ် ၂-ပါး ၃-ပါး ဆောင်ထားသော စာတတ်ပုဂ္ဂိုလ်များ ဖြစ်ကြသော်လည်း ဆရာတော်ကြီးစကားကို လေးစားသောအားဖြင့် ရွတ်ဆိုနေ

ရင်းပင် ၃၂-ပါးသော ကောဋ္ဌာသတို့ အလွန် ထင်ရှားလာရကား လေးလအတွင်း၌ သောတာပန်များ ဖြစ်ကြလေသည်၊ [တတိယသံဂါယနာ၏ ခေါင်းဆောင် ရဟန္တာအရှင် မောဂ္ဂလိပုတ္တတိဿထေရ်လည်း ဤ ကောဋ္ဌာသကမ္မဋ္ဌာန်းဖြင့်ပင် သာမဏေဘဝ၌ သောတာပန် ဖြစ်ခဲ့ပေသည်။]

(က) ယထေဝ မတသရီရံ၊ ဇီဝံပိ အသုဘံ တထာ။
အာဂန္တုကာလက်ာရေန၊ ဆန္နတ္တာ တံ န ပါကဋံ။

မတသရီရံ၊ ဥဒ္ဓုမာတက စသည်မြားမြောင် သူသေကောင်သည်။ အသုဘံ ယထေဝ၊ စက်ဆုပ်ရွံဘွယ် မတင့်တယ်သကဲ့သို့။ တထာ၊ပုံစံထားယူ မခြားအတူသာလျှင်။ ဇီဝံပိ၊ ဝတ်စား ဆင်ပြင် အသက်ရှင်ဆဲ ကိုယ်သည်လည်း။ အသုဘံ အသုဘံယေဝ၊ စက်ဆုပ် ရွံဘွယ် မတင့်တယ်သည် သာတည်း။ အာဂန္တုကာလက်ာရေန၊ ညစ်ကြေးသုတ်သင် အင့်ဝါးဆင်၍ ပြုပြင်ဖန်ထား တန်ဆာများဖြင့်။ ဆန္နတ္တာ၊ မဖွယ်ရာကို ကွယ်ကာဖုံးထားအပ်သည်၏ အဖြစ်ကြောင့်။ တံ၊ ထို ရွံဘွယ်ညစ်ပေအသုဘ သဘောတေ့သည်။ န ပါကဋံ၊ အမြင်အားဖြင့် မထင်ရှားဘဲ ရှိရလေသတည်း။

(ခ) ဣမံ ဟိ သုဘတော ကာယံ၊ ဂဟေတ္ဝာ တတ္ထ မုစ္ဆိတာ။
ဗာလာ ကာရောန္တာ ပါပါနိ၊ ဒုက္ခာ န ပရိမုစ္စရေ။

ဣမံ ဟိ ကာယံ၊ အသုဘသဘော ရွံဘွယ်ပေါသည့် ကိုယ်ရောသူပါ ဤခန္ဓာကိုပင်။ သုဘတော၊ စွဲမက်သဘွယ် လွန်တင့်တယ်၏ ဟူ၍။ ဂဟေတ္ဝာ၊ ရှိရင်းပြောင်းပြန် မမှန်ကန်

အောင် ကြံဖန်စဲလမ်းကြကုန်လျက်။ တတ္ထ၊ ထိုအယုတ်တမာ များစွာပြည့်လျောင် အပုပ်ကောင်၌။ မုစ္ဆိတာ၊ စရိုက်မလေ့ အမိုက်ငွေဖြင့် အတွေ့ကြီးတွေ့ မေ့ကြီးမေ့ကြကုန်သည်ဖြစ်၍။ ဗာလာ၊ ရာဂစရိုက်ပွါး ငမိုက်သားတို့သည်။ ပါပါနိ၊ မိစ္ဆာစာရ စသည်ညစ်ကျူ ယုတ်မာမှုတို့ကို။ ကရောန္တာ၊ အမဲရိုး၌ ခွေးငတ်ကြိုက်သို့ နှစ်ခြိုက်ရှင်မြူး လွန်ကျူးကြကုန်လျက်။ ဒုက္ခာ၊ အပါယ်လေးဖြာ အိုနာသေရေး ဆင်းရဲဘေးမှ။ နပရိမုစ္စရေ၊ ကရွတ်ကင်းလျောက် ထပ်ပြန်ရောက်သဖြင့် လွတ်မြောက်ခွင့် မရကြလေကုန်။

(၇) တသ္မာ ပဿေယျ မေဓာဝီ၊ ဇီဝတော ဝါ မတဿ ဝါ။ သဘာဝံ ပူတိကာယဿ၊ သုဘဘာဝေန ဝဇ္ဇိတံ။

တသ္မာ၊ ထိုသို့အသုဘပင် သုဘထင်သမျှ ဒုက္ခဝဋ်တွင်းမှ **မလွတ်**ကင်းနိုင်ကြလေသောကြောင့်။ မေဓာဝီ၊ သတိတမန် ပညာဉာဏ်ဖြင့် လမ်းမှန်မြော်မြင် သူတော်စင်သည်။ ဇီဝ-တော ဝါ၊ ဝတ်စားဆင်ပြင် အသက်ရှင်သူမူလည်း ဖြစ်သော။ မတဿ ဝါ၊ ဥဒ္ဓုမာတက စသည်မြားမြောင် အသေကောင် မူလည်းဖြစ်သော။ ပူတိကာယဿ၊ အပုပ်တွေလျောင် ဤကိုယ်ကောင်၏။ သုဘဘာဝေန၊ အမှန်စင်စစ် တင့်တယ်သော အဖြစ်မှ။ ဝဇ္ဇိတံ၊ လုံးဝအစဉ် ရှောင်ကြဉ်အပ်ပြီးဖြစ်သော။ သဘာဝံ၊ မတင့်မတယ် ခွံဘွယ်စင်စစ် မူလအဖြစ်ကို။ ပဿေ-ယျ၊အမိုက်ကင်းပျောက် အလင်းရောက်အောင် ထွင်းဖောက် ရှုစားသင့်ပေတော့သတည်း။

ကမ္မဋ္ဌာန်း သင်ပြခဏ်း ပြီး၏။

ရှင်သာမဏေများ ဝတ္ထု

မှာထားချက်။ ။အို ကိုရင်များ.... ပြခဲ့သော ဤကမ္မဋ္ဌာန်း တရားမျိုးကို ကြိုးစား၍ နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြုသွားကြသော အမျိုးကောင်းသားသမီးတွေ့ ဤဘုရားသာသနာတော်မှာပင် မရေမတွက်နိုင်အောင် များခဲ့ပေပြီ၊ **ကို**ရင်တို့လဲ ထိုအမျိုးကောင်း**သား**တွေ့ နောက်သို့ ထပ်ကြပ်မကွာ လိုက်ပါနိုင်အောင် ကြိုးစားစေလိုလှသောကြောင့် ကိုရင်တို့ အားကျဘို့ရာ ယခု ညွှန်ပြမည့် ကိုရင်ကလေးများ၏ ဝတ္ထုကိုလည်း ဆက်လက် ဖတ်ရှုကြပါလေ။

ရှင်ရာဟုလာ အကြောင်း
ရှင်သာမဏေ ပြုခဏ်း

ဘုရားရှင်၏ သားတော်ဖြစ်သော ရှင်ရာဟုလာသည် စကြာမင်းဖြစ်လောက်သော ရုပ်လက္ခဏာဖြင့် လှနိုစွာ တင့်တယ်ပါပေသည်၊ ထိုသားတော်ရာဟုလာ ဖွားမြင်တော်မူပြီးနောက် ညဉ့် သန်းခေါင် အချိန်လောက်မှာပင် ဘုရား အလောင်း တောထွက်တော်မူခဲ့သည်၊ ဘုရားဖြစ်၍ မိဂဒါဝုန်၌ တဝါဆိုပြီးနောက် ရာဇဂြိုဟ်မြို့ရောက်၍ တပေါင်းလလောက်မှာ ကပိလဝတ်ပြည်သို့ ကြွတော်မူလာသောအခါ သက်တော် ၃၆-နှစ်လောက်သာ ရှိသေး၍ ရာဟုလာလည်း ၇-နှစ်အရွယ်သာ ရှိလေသည်။

နေပြည်တော်ရောက်၍ ငါးရက်လောက်အကြာတွင် ဘုရား ရှင်သည် ခမည်းတော်သုဒ္ဓါဒနမင်းကြီး၏ နန်းတော်၌ သံဃာ

တော်မျှားနှင့်အတူ ဆွမ်းဘုဉ်းပေးတော်မူစဉ် ယသော်ဓရာမိဖုရားသည် သားတော်ကို အဝတ်တန်ဆာဆင်၍ ပြောပြသည်မှာ—

"သားတော်....ဟောဟိုမှာ ကြည့်စမ်း၊ ရွှေအဆင်းကဲ့သို့ ဝါဝင်းသော အဆင်းရှိတဲ့ ရဟန်းတော်ကို မြင်ရဲလား၊ အဲဒီ ရဟန်းတော်ဟာ သားတော်ရဲ့ ခမည်းတော်ဘုရား ဖြစ်တယ်၊ သားတော်ရဲ့ ခမည်းတော်မှာ သုံးစဲ့လို့ မကုန်နိုင်အောင် ကြီးကျယ်သော ရွှေအိုး ၄-လုံးရှိတယ်၊ တောထွက်သွားတဲ့ အခါကစ၍ ရွှေအိုးကြီးမျှားကို မတွေ့ရတော့ဘူး၊ သွားပြီးတော့ အဲဒီ ရွှေအိုးကြီးမျှားကို "အမွေပေးပါ"ဟု တောင်းချေ၊" ဤသို့ သင်ပြ၍သ ားတော်ကို ဘုရားအထံသို့ လွှတ်လိုက်လေသည်။

သားတော် ရာဟုလာသည် "ခမည်းတော်" ဟူသော ချစ်ခြင်းဖြင့် ရဲတင်းစွာ ဘုရားအထံတော်သို့ လာ၍ "ခမည်းတော်ရဲ့ အရိပ်ဟာ သိပ်ပြီးတော့ အေးချမ်းသာယာပါတယ်" စသည်ဖြင့် တွတ်တီးတွတ်တာ ပြောဆိုလျက် အမွေတောင်းလေသည်၊ မြတ်စွာဘုရားသည် ဆွမ်းဘုဉ်းပေးတော် မူပြီးသောအခါ ကျောင်းတော်သို့ ကြွတော်မူ၏၊ ရာဟုလာမင်းသားလည်း ဘုရားရှင်၏ နောက်တော်မှ အမွေတောင်းရင်း လိုက်ပါလာလေ၏၊ ကျောင်းတော်သို့ ရောက်သောအခါ "သားတော်အား လွှဲကုတ္တရာအမွေ ပေးတော်မူမည်"ဟု မိန့်တော်မူပြီးလျှင် အရှင်သာရိပုတြာကို ခေါ်တော်မူ၍ ရှင်သာမဏေ ပြုပေးဘို့ရန် အမိန့်တော်ရှိလေသည်။



ရေခွက်ကို အမျိုးမျိုးပြ၍ မုသားမပြောဘို့ရန် ရာဟုလာအား သြဝါဒပေးတော်မူပုံ။

ဘုရားရှင်ကြွ၍ သြဝါဒပေးတော်မူခြင်း

ရာဇဂြိုဟ်မြို့တော်ဝယ် ဗိမ္ဗိသာရမင်းကြီး လျှုဒါန်းအပ်သော ဝေဠုဝန်တိုက်တော်ကြီး၏ အစွန်အဖျားဌ ကမ္မဋ္ဌာန်းကျောင်းကလေး တည်ရှိလေသည်၊ ထို ကမ္မဋ္ဌာန်းကျောင်း အနီးဌ သရက်ပင်ပျိုကလေးလည်း ရှိ၏၊ ထို သရက်ပင်ပျိုကို "အမ္မလဋ္ဌိကာ" ဟု ခေါ်၏၊ ကမ္မဋ္ဌာန်းကျောင်းကလေးလည်း သရက်ပင်ပျိုကို အကြောင်းပြု၍ "အမ္မလဋ္ဌိကာကျောင်း" ဟုပင် နာမည်တွင်လေသည်။

ဆူးမှန်လျှင် ပေါက်ခါစမှ စ၍ အဖျားထက်သက့်သို့ ရှင်ရာဟုလာလည်း ၇-နှစ်သားအရွယ် ငယ်ငယ်ကလေးကပင် သူတော်ကောင်းဘက်ဌ ထက်ထက်မြက်မြက် ရှိလှ၏၊ ထို့ကြောင့် ဆိတ်ငြိမ်သော နေရာဝယ် တပါးတည်း နေလိုရကား ကျောင်းတိုက်ကြီး၏ အစွန်အဖျားဖြစ်သော ထို ကမ္မဋ္ဌာန်းကျောင်းကလေးမှာ နေလေသည်၊ဗုဒ္ဓမြတ်စွာသည် ညနေချမ်းအခါဝယ် ရှင်ရာဟုလာအား သြဝါဒ ပေးတော်မူလိုသောကြောင့် ထို အမ္မလဋ္ဌိကာ ကမ္မဋ္ဌာန်းကျောင်းကလေးသို့ ကြွတော်မူလေသည်။ [လိမ်၍ ပြောသော စကားကို "မုသား" ဟု ခေါ်၏၊ ငယ်ရွယ်သူတို့သည် မုသား ပြောတတ်ကြ၏၊ ထို့ကြောင့် ၇-နှစ်သားအရွယ် ရှင်ရာဟုလာအား မုသား မပြောဘို့ရန် သြဝါဒ ပေးတော်မူသည်။]

ဗုဒ္ဓမြတ်စွာသည် ထိုင်တော်မူပြီးလျှင် ရေခွက်ထဲ၌ ရေ အနည်းငယ်ကို ချန်ထား၍ ရှင်ရာဟုလာကို မေးတော်မူသည်မှာ–"ရာဟုလာ....ရေခွံက်ထဲ၌ ရေအနည်းငယ်ကို မြင်ရဲ့လား"။

ရာဟုလာ။ ။မြင်ပါသည် အရှင်ဘုရား။

ဘုရားရှင်။ ။"ရာဟုလာ....မုသားပြောဆိုဘို့ရန် မရှက်တတ်သော ရဟန်း သာမဏေတို့မှာလဲ (ဟောဒီရေနဲ့နေသလို) ကိုယ်ကျင့်တရား နဲနဲကလေးသာ ရှိတယ်" လို့ မှတ်ထား။

ထို့နောက် ဗုဒ္ဓမြတ်စွာသည် ရေခွက်ထဲမှ အနည်းငယ်သော ရေကို သွန်ပြီးလျှင် ရှင်ရာဟုလာကို မေးတော်မူပြန်သည်မှာ— "ရာဟုလာ....ရေခွက်ထဲ၌ ကျန်နေသော ရေအနည်းငယ်ကို သွန်ပစ်လိုက်ထာ မြင်ရဲ့လား။"

ရာဟုလာ။ ။မြင်ပါသည် အရှင်ဘုရား။

ဘုရားရှင်။ ။"ရာဟုလာ....မုသားပြောရမှာကို မရှက်တတ်သော ရဟန်း သာမဏေတို့မှာလဲ (ရေကျန်နဲနဲကလေးကို သွန်ပစ်လိုက်သလို) ကိုယ်ကျင့်တရားကို သွန်ပစ်ရာရောက်တယ်" လို့ မှတ်ထား။ ["သူမှာ ကိုယ်ကျင့်တရား ဘာမျှမရှိတော့ဘူး" ဟု မိန့်တော်မူလိုသည်။]

ထို့နောက် ဗုဒ္ဓမြတ်စွာသည် ရေခွက်ကို မှောက်လိုက်ပြီးလျှင်–ရှင်ရာဟုလာကို မေးတော်မူပြန်သည်မှာ–"ရာဟုလာ....ဟောဒီရေခွက် မှောက်နေတာကို မြင်ရဲ့လား။"

ရာဟုလာ။ ။မြင်ပါတယ် အရှင်ဘုရား။

ဘုရားရှင်။ ။"ရာဟုလာ....မုသားပြောရမှာကို မရှက်တတ်သော ရဟန်း သာမဏေတို့မှာလဲ (ဟောဒီရေခွက်ကို မှောက်ထားသလို) ကိုယ်ကျင့်တရားတွေကို မှောက်ပစ်လိုက်ရာရောက်တယ်" လို့ မှတ်ထား။

ထို့နောက် ဗုဒ္ဓမြတ်စွာသည် ရေခွက်ကို လှန်ပြီးလျှင် ရှင်ရာဟုလာကို မေးတော်မူပြန်သည်မှာ– "ရာဟုလာ....လှန်ထားသော ရေခွက်ထဲမှာ ဘာမျှမရှိတာကို မြင်ရဲ့လား။"

ရာဟုလာ။ ။မြင်ပါသည် အရှင်ဘုရား။

ဘုရားရှင်။ ။"ရာဟုလာ.... မုသားပြောရမှာကို မရှက်တတ်သော ရဟန်းသာမဏေတို့မှာလဲ (ဟောဒီ ရေခွက်ထဲ၌ ဘာမျှ မရှိတော့သလို) ကိုယ်ကျင့်တရား ဘာမျှမရှိတော့ဘူး" လို့ မှတ်ထား။

ရာဟုလာ....မုသား ပြောရမည်ကို မရှက်တတ်သူသည် ဘယ်မကောင်းမှုမှ မပြုဝံ့တာ မရှိတော့၊ မကောင်းမှုဟူသမျှ ပြုဝံ့တော့၏။ ထို့ကြောင့် "မုသားဆိုလျှင် ပြောင်သလို လှောင်သလိုတောင်မှ မပြောမိအောင် ရှောင်ကြဉ်မည်"ဟု သတိထား၍ ကြိုးစားပြီး ကျင့်ရမယ်။

မှန် ဥပမာပြ၍ ဩဝါဒပေးတော်မူခြင်း

ဘုရားရှင်။ ။ရာဟုလာ....မှန်ဖြင့် ဘာလုပ်ကြသလဲ။

ရာဟုလာ။ ။မှန်ဖြင့် မျက်နှာ၌ အပြစ်ရှိ-မရှိ ကြည့်ကြပါတယ်။

ဘုရားရှင်။ ။ရာဟုလာ.... မှန်ကို ကြည့်၍ မျက်နှာကို ပြုပြင်ကြသလို, ကိုယ်မှု နှုတ်မှု စိတ်မှုများကိုလည်း ပြုသင့်–မပြုသင့် နှိုင်းချင့်ပြီးမှ ပြုသင့်တာကိုသာ ပြုရသည်။

ကိုယ်ဖြင့် ပြုမည့်ကြံလျှင် ဆင်ခြင်ပါ

ရာဟုလာ.... တစုံတခု အမှုကိစ္စကို ကိုယ်ဖြင့်ပြုချင်လျှင် ဆင်ခြင်စဉ်းစားလိုက်ပါဦး.... "ဘယ်လို ဆင်ခြင်စဉ်းစားရမလဲ" ဆိုလျှင် "ယခု ငါပြုချင်တဲ့ အမှုကိစ္စသည် ကိုယ့်ကိုယ်ကို ညှဉ်းဆဲရာရောက်မှာလား၊ သူတပါးကို ညှဉ်းဆဲရာရောက်မှာလား၊ မိမိရော သူတပါးရော ၂-မျိုးလုံးကို ညှဉ်းဆဲရာရောက်မှာလား၊ မကောင်းသော အကုသိုလ်မှုဖြစ်၍ ဒုက္ခအကျိုးပေါ်းတိုးစေမှာလား"ဟု ဆင်ခြင် စဉ်းစားလိုက်ပါ။

ထိုသို့ စဉ်းစားသောအခါ "တဦးဦးကို ညှဉ်းဆဲရာရောက်မည့် အလုပ်ကိစ္စ, မကောင်းသော အကုသိုလ်မှုဖြစ်၍ ဒုက္ခအကျိုး ပေါ်းတိုးစေမည့်ကိစ္စ"ဟု သိလျှင် ထိုအလုပ်ကိစ္စကို စင်စစ် ကေန်အမှန်မပြုဘဲ ရှောင်လိုက်ပါ။

ရာဟုလာ.... ထိုသို့ စဉ်းစားသောအခါ "မိမိကိုဝင်း, သူတပါးကိုဝင်း, ၂-မျိုးလုံးကိုဝင်း ညှဉ်းဆဲရာမရောက်၊ ကောင်းသော ကုသိုလ်အမှုဖြစ်၍ သုခအကျိုး ပေါ်းတိုးစေနိုင်မည့်ကိစ္စ" ဟု သိလျှင် ထိုကိစ္စကို ကိုယ်ဖြင့် ပြုပါလေ။

ကိုယ်ဖြင့် ပြုနေစဉ်လည်း ဆင်ခြင်ပါ

ရာဟုလာ.... တစုံတခု အမှုကိစ္စကို ကိုယ်ဖြင့် ပြုနေတုန်းမှာလည်း ဆင်ခြင်စဉ်းစားပါ၊ "ဘယ်လို ဆင်ခြင်စဉ်းစားရမလဲ" ဆိုလျှင် "ယခု ငါပြုနေသော အလုပ်ကိစ္စသည် ကိုယ့်ကိုယ်ကို ညှဉ်းဆဲရာရောက်သလား၊ သူတပါးကို ညှဉ်းဆဲရာရောက်သလား၊ ၂-ဦးလုံးကို ညှဉ်းဆဲရာ ရောက်သလား၊

မကောင်းသော အကုသိုလ်မှုဖြစ်၍ ဒုက္ခအကျိုး ပွါးတိုးစေမည်လား" ဟု စဉ်းစားလိုက်ပါ။

ထိုသို့ စဉ်းစားသောအခါ "မိမိကို ဖြစ်စေ, သူတပါးကို ဖြစ်စေ, ၂-ဦးလုံးကို ဖြစ်စေ ညှဉ်းဆဲရာ ရောက်နေသည်၊ မကောင်းသော အကုသိုလ်မှုဖြစ်၍ ဒုက္ခအကျိုး ပွါးတိုးစေလိမ့်မည်" ဟု သိလျှင် ထိုလုပ်နေတဲ့ အလုပ်ကိစ္စကို ရပ်သိမ်းလိုက်ပါ။

မိမိပြုနေသောအမှုကို စဉ်းစားသောအခါ "မိမိကိုငင်း, သူတပါးကိုငင်း, ၂-ဦးလုံးကိုငင်း ညှဉ်းဆဲရာမရောက်၊ကောင်းသော ကုသိုလ်အလုပ်ဖြစ်၍ သုခအကျိုး ပွါးတိုးစေနိုင်သည်" ဟု သိလျှင် ထိုအလုပ်ကို ထပ်၍ ထပ်၍ ပြုလုပ်ပါလေ။

ကိုယ်ဖြင့် ပြုပြီးသောအခါလည်း ဆင်ခြင်ပါ

ရဟုလာ.... တစုံတခု အမှုကိစ္စကို ကိုယ်ဖြင့် ပြုပြီးသော အခါလည်း ပြန်၍ ဆင်ခြင် စဉ်းစားပါ၊ "ဘယ်လို ဆင်ခြင် စဉ်းစားရမလဲ" ဆိုလျှင် "ယခု ငါပြုပြီးသော အမှုကိစ္စသည် ကိုယ့်ကိုယ်ကို ညှဉ်းဆဲရာရောက်သလား၊သူတပါးကို ညှဉ်းဆဲရာ ရောက်သလား၊ ၂-ဦးလုံးကို ညှဉ်းဆဲရာ ရောက်သလား၊ မကောင်းသော အကုသိုလ်မှုဖြစ်၍ ဒုက္ခအကျိုး ပွါးတိုးစေသလား"ဟု စဉ်းစားပါ။

ထိုသို့ပြန်၍ စဉ်းစားသောအခါ"မိမိကိုဖြစ်စေ,သူတပါးကို ဖြစ်စေ, ၂-ဦးလုံးကို ဖြစ်စေ ညှဉ်းဆဲရာ ရောက်နေသည်၊ မကောင်းသော အကုသိုလ်မှုဖြစ်၍ ဒုက္ခအကျိုး ပွါးတိုးစရာ ရှိသည်"ဟု သိလျှင် ထိုကိုယ်ဖြင့် ပြုမိခဲ့သောအမှုကို(ဖုံးမထား

ဘဲ) ဆရာသမား အထံ၌ ဖြစ်စေ, တတ်သိ နားလည်သော (သီတင်းသုံးဘော်) မိတ်ဆွေအထံ၌ ဖြစ်စေ ထင်ရှားအောင် ပြောပေးပါ၊ ထိုသို့ ဖွင့်ဖော်ပြောပြပြီးနောက် ထိုအမှုမှားမျိုးကို နောင်တဖန် မပြုမိအောင် စောင့်စည်းပါ။

မိမိပြုခဲ့သော အမှုကို ပြန်၍ စဉ်းစားသောအခါ "မိမိကိုငင်း, သူတပါးကိုငင်း, ၂-ဦးလုံးကိုငင်း ညှဉ်းဆဲရာ မရောက်၊ ကောင်းသော ကုသိုလ်အလုပ်ဖြစ်၍ သုခအကျိုး ပွါးတိုးဘွယ်သာရှိသည်" ဟု သိလျှင် မိမိပြုခဲ့သော အလုပ်ကို တွေးတော ဆင်ခြင်၍ ကြည်ရွှင်ဝမ်းမြောက်သော စိတ်ဖြင့် နေ့ရော ညဉ့်ပါ ကုသိုလ်တရားတို့၌ တိုးပွါးအောင် ကျင့်ပါ။

အမှာ။ ။နှုတ်မှုဆိုင်ရာ ဝစီကံ, စိတ်မှုဆိုင်ရာ မနောကံတို့၌ ဤကာယကံကို ဆင်ခြင်စဉ်းစားသကဲ့သို့ မပြုခင် ပြုတုန်း ပြုပြီး ၃-ဌာနတို့၌ ဆင်ခြင်စဉ်းစား၍ အကုသိုလ်ဖြစ်မည့်အရာ၌ မပြောဘို့ မကြံဘို့ တားမြစ်၍ ကုသိုလ်ဖြစ်မည့် အရာ၌သာ ပြောဘို့ ကြံဘို့ ဩဝါဒပေးတော်မူသည်။

ရှေး ခု နောင်ခါ ဤနည်းသာ

ရဟုလာ....မိမိ၏ ကိုယ်မှု နှုတ်မှု စိတ်မှုကို သန့်ရှင်းအောင် ပြုခဲ့သော ရှေးရှေးက ရဟန်းပုဏ္ဏားတို့သည် ဤနည်းအားဖြင့် (မပြုခင်-ပြုတုန်း-ပြုပြီး အချိန်မှာ ဆင်ခြင် စဉ်းစားသော အားဖြင့်) သန့်ရှင်းအောင် ပြုခဲ့ကြသည်၊ နောက်နောက်အခါ မိမိ၏ ကိုယ်မှု နှုတ်မှု စိတ်မှု တို့ကို သန့်ရှင်းအောင် ပြုကြမည့် ရဟန်းပုဏ္ဏားတို့လည်း ဤနည်းအားဖြင့် သန့်ရှင်းအောင် ပြုကြလိမ့်မည်၊ ယခုအခါ မိမိ၏ ကိုယ်မှု နှုတ်မှု စိတ်မှုတို့ကို

သန့်ရှင်းအောင်ပြုနေသော ရဟန်းပုဏ္ဏားတို့လည်း ဤနည်းအားဖြင့် သန့်ရှင်းအောင် ပြုနေကြသည်။

ထို့ကြောင့် အသင်ရဟုလာလဲ "မပြုခင် ပြုတုန်း ပြုပြီး ၃-ဌာနဌ် စဉ်းစဉ်းစားစား သတိထားလျက် ကိုယ်မှု နှုတ်မှု စိတ်မှုကို သန့်ရှင်းအောင် ပြုမည်"ဟု အလေ့အကျင့်ပြုရမည်။

ဤသို့ ၇-နှစ်သားအရွယ် ငယ်သေးသော ရှင်ရာဟုလာအား သူအရွယ်နှင့် တန်ရုံဖြစ်သော ဩဝါဒကို ပေးတော်မူသည်။

ရှင်ရာဟုလာ သဘောကောင်းပုံ

ရှင်ရာဟုလာသည် အမျိုးအားဖြင့် မင်းမျိုးအစစ်မှာ ဖွားမြင်ခဲ့၏၊ မိမိကိုယ်တိုင်လည်း စကြာမင်းဖြစ်လောက်သော ဘုန်းကံပါရှိ၍ ရုပ်အဆင်းအားဖြင့် ကြော့ရှင်းခန့်ညား အများကြည်နူးလောက်အောင် ကျက်သရေကို ဆောင်၏၊ ရှင်သာမဏေဘဝသို့ ရောက်လာသောအခါ ဗုဒ္ဓမြတ်စွာ၏ ရင်သွေးတော်ရတနာဖြစ်သောကြောင့်လည်း ရဟန်းတော်အများပင် လေးစားမြတ်နိုးကြရုံမက ကောသလမင်း အနာထပိဏ္ဍိသာခါ စသော မင်းပိုင်း သူဌေး သူကြွယ်ပိုင်းကလည်း ကိုင်းရှိုင်း ကြည်ညို ရှိသော ချစ်ခင်ကြလေသည်၊ ဤအခြေအနေကို ဆင်ခြင် စဉ်းစားလျှင် စိတ်ကြီးဝင်စရာ ဟန်ကြီးပန်ကြီး လုပ်ချင်စရာ လွန်စွာကောင်းပါသော်လည်း စိတ်ကြီးမဝင်သည့်ပြင် နူးညံ့ပြော့ပျောင်း၍ အလွန် စိတ်သဘောကောင်းသည်။

ရဟန်းတော်များသည် ရှင်ရာဟုလာ သဘောကောင်းကြောင်း ကျော်ကြားလှသဖြင့် စမ်း၍ ကြည့်လိုရကား ရှင်ရာဟုလာ လာနေတာကို အဝေးကမြင်လျှင် သူလာမည့်လမ်း၌ တံမြက်စည်းကိုဖြစ်စေ အမှိုက်ကျုံးတောင်းကိုဖြစ်စေ ပစ်ထားကြ၏၊ ရှင်ရာဟုလာ လွန်သွားသောအခါ တပါးပါးက "ဒီ တံမြက်စည်းကို လမ်းမှာ ဘယ်သူထားသလဲ"ဟု မေးလျှင် အခြား ရဟန်းများက "ရှင်ရာဟုလာတော့ ဒီလမ်းက လာတာဘဲ"ဟု ပြောကြကုန်၏။

ထိုစကားကို ကြားလျှင် "တပည့်တော် မသိဘူး၊ တပည့်တော် မထားဘူး"ဟု ငြင်းမနေဘဲ ထိုတံမြက်စည်းကို သိမ်းဆည်း၍ ရဟန်းတော်များကို "သည်းခံကြပါဘုရား"ဟု တောင်းပန်၍ သွားရှာသေးသည်၊ ဤမျှလောက် စိတ်သဘောကောင်းသော ရှင်ရာဟုလာသည် ရဟန်းဖြစ်သောအခါ တဝါမျှ မရသေးခင် ရဟန္တာ ဖြစ်လေသည်။

မှတ်သားဘွယ်

ကိုရင်များ .... ဘုရားသားတော် ရှင်ရာဟုလာ၏ ဝတ္ထုကြောင်းကို ဖတ်ပြီးတဲ့အခါ ကိုရင်တို့အတွက် "ဘာများမှတ်သားစရာ ပါသလဲလို့" စဉ်းစားကြစမ်းပါ။

၁။ ကိုရင်ရာဟုလာကလေးဟာ ၇-နှစ်အရွယ် ငယ်ငယ်ကလေးနှင့် ကမ္ဘာဘန်းကျောင်းကလေးမှာ တပါးတည်း နေတယ် မဟုတ်လား၊ ဒါ့ကြောင့် ကိုရင်တို့လဲ တပါးတည်း အေးအေးဆေးဆေးနေ၍ စာကို တိုးတိုး

အံတတ်အောင် တရားအားထုတ်၍ နေတတ်အောင် ကြိုးစားကြပါ။

၂။ စာကို တိုးတိုး အံခြင်းဖြင့် မိမိ သမာဓိကို တိုးပွါးစေနိုင်၏၊ စာကြည့်, စာချ တရားနှလုံးသွင်းနေသော အခြား ပုဂ္ဂိုလ်များကိုလည်း သမာဓိ မပျက်စေနိုင်ပါ၊ ယဉ်ကျေးသော စာသင်ကျောင်းတို့၌ စာကို တိုးတိုး အံကြရပါသည်။

၃။ ဗုဒ္ဓမြတ်စွာသည် သားတော် ရာဟုလာကို မုသားပြော တတ်တဲ့အရွယ်မှာ မုသား မပြောမိဘို့ရန် အထူး ဆုံးမ တော်မူတယ်၊ ဒါ့ကြောင့် ကိုရင်တို့လဲ မုသားမပြောမိ အောင် အထူးသတိထားကြပါ၊ မုသားပြောတဲ့ ကိုရင်ဟာ လိင်ကျတယ်၊ လိင်ကျလျှင် လူနဲ့မထူးတော့ဘူး။

၄။ "အလုပ်တခုခု ပြုမည်ကြံလျှင် မိမိကိုဖြစ်စေ သူတပါးကို ဖြစ်စေ နှိပ်စက်ရာမရောက်မှ (ဒုက္ခ မပေးမှ) ပြုရမည်" ဟူသော ဘုရားအမိန့်တော်ကို လေးစားသော အားဖြင့် ကိုရင်တို့လဲ သူမျှားဒုက္ခပေးမည့် အလုပ်, မိမိကို ပြန်ပြီး ဒုက္ခပေးမည့်အလုပ်ကို မပြုမိကြပါစေနှင့်၊ ကိုရင် ရာဟုလာကလေးမှာ စိတ်ကောင်း နှလုံးကောင်း ရှိသလို ကိုရင်တို့လဲ စိတ်ကောင်း နှလုံးကောင်းရှိအောင် ကြိုးစား၍ ဆရာတို့ ဆုံးမသမျှကို လိုက်နာကြပါ။

၅။ အမျိုးကောင်း၍ ဖြစ်စေ မိဘက ပစ္စည်းဥစ္စာ ပေါ၍ ဖြစ်စေ ဉာဏ်ပညာထက်၍ဖြစ်စေ (ရှင်ရာဟုလာကဲ့သို့) မာန်မာန မရှိစေဘဲ ကိုယ့်အောက်ကျသူများကို ညာ

တာ၌ မိမိကိုယ်ကို "ရှင်ရာဟုလာ၏ ညီတော်တပါး" ဟု ဆိုရလောက်အောင် သာသနာ့ကျက်သရေကို ဆောင်ကြပါ။

ရှင်ရေဝတ အကြောင်း

မယ်တော်ကြီး စဉ်းစားခြင်း။ ။အရှင် သာရိပုတြာ မထေရ်မြတ်မှာ ညီအစ်ကို မောင်နှမ ၇-ယောက် ရှိ၏၊ "စုန္ဒ, ဥပသေန" ဟူသော ညီတော် ၂-ယောက်နှင့် "စာလာ, ဥပစာလာ, သီသုပစာလာ" မည်သော နှမတော် ၃-ယောက်တို့သည် ရဟန်းပြု၍ ရဟန္တာ ဖြစ်နှင့်ကြလေပြီ၊ "ရေဝတ" မည်သော အငယ်ဆုံး ညီတော် တယောက်သာ လူ့ဘောင်၌ ကျန်တော့၏၊ မယ်တော် ပုဏ္ဏေးမကြီးကား ထိုအချိန်မှာ ဗုဒ္ဓဘာသာ မဖြစ်သေး၊ ထို့ကြောင့် သူ၏ ရှစ်ဆယ့်ခုနစ်ကုဋေသော ဥစ္စာတွေကို အမွေခံရစ်မည့်သူ မရှိမည်စိုးသောကြောင့် အငယ်ဆုံးသားကို ၇-နှစ်အရွယ်ကပင် လက်ထပ်ထားရန် ကြံစည်လေသည်။

လက်ထပ်ခြင်း။ ။ထို့နောက် အခြား တရွာ၌ရှိသော အမျိုးအဆွေ ၈ဝတ်ချင်းတူသော သတို့သမီး ကလေးတယောက်၏ မိဘများထံ လက်ထပ်ဘို့ရန် ပြောဆို၍ လက်ထပ်မည့်နေ့ ရောက်သောအခါ ရေဝတ သတို့သားကို အဝတ်တန်ဆာ ဆင်ပြီးလျှင် ထိုရွာသို့ သွားကြလေသည်။

လက်ထပ်ခြင်းကိစ္စပြီးသောအခါ အသက် တရာ့နှစ်ဆယ်ရှိသော အဖွားကြီးကို သတို့သမီးကလေးအား ကန်တော့ခိုင်း၍ "ဤ ဖွားဖွားကြီးကဲ့သို့ အသက် ရာကျော် ရှည်ပါစေ" ဟု ဆွေမျိုးအားလုံးက ဝိုင်း၍ ဆုတောင်းကြလေသည်။



အဖွားကြီးနှင့် သတ္တိသမီးကို နှုိင်းယှဉ်၍
ရေဝတ သတ္တိသား စဉ်းစားနေပုံ။

ရှင်ရဟန်းပြုလိုခြင်း။ ။ထိုဆုတောင်းသံကို ကြားရသော သတ္တိသား ရေဝတသည် သတ္တိသမီး ကလေးနှင့် အသက်တရာ့နှစ်ဆယ် အဖွားကြီးကို နှိုင်းယှဉ်၍ ကြည့်မိ၏၊ အဖွားကြီးကား သွားကျိုး ဆံဖြူ နားအူ မျက်စိမှုန်၍ အသားအရေများလည်း တွန့်တွဲနေလေပြီ၊ နုနုဖပ်ဖပ် ၇-နှစ် သမီးကလေး၏ ဒီအဖွားကြီးကဲ့သို့ အိုရမည့်အရေးကို တွေးမိကာ လွန်စွာ စိတ်ပျက်လေသည်၊ ငါ၏ နောင်တော်ကြီးသည် "ဤကဲ့သို့ အိုမင်းရွတ်တွ ဖြစ်ကြရဦးမည့် အကြောင်းကို ကောင်းကောင်းသိလို့သာ ဒီလို လက်ထပ်မှုကို စောစောကြီး စွန့်သွားတာ ဖြစ်လိမ့်မည်" ဟု တွေးကာ နောင်တော် အမတော်များကို လှမ်းဆွတ်သည့် အသွင်ဖြင့် ရဟန်း ပြုလုပ်ချင်သောဆန္ဒ ပြင်းပြစွာ ဖြစ်လာလေသည်။

ထွက်ပြေးခြင်း။ ။ထို့နောက် သတ္တိသမီးကို လှည်းယာဉ်ပေါ်တင်၍ သတ္တိသားနှင့်အတူ နေရပ်သို့ ခေါ်ယူလာသောအခါ သတ္တိသားသည် (ကျင်ကြီးကျင်ငယ်စွန့်လိုသည့် ဟန်ဖြင့်) လှည်းပေါ်မှဆင်း၍ ချုံကွယ်ရာသို့သွား၏၊ အတော်ကြာမှ ချုံကထွက်၍ လှည်းပေါ်တက်၏၊ ဤနည်းအားဖြင့် (ခဏတ်ပျက်သော ရောဂါ ဖြစ်သည့်ပမာ) မကြာမကြာဆင်း၏၊ နောက်ဆုံး၌ကား "လှည်းကို မောင်းနှင်ကြ၊ လိုက်ခဲ့မည်ဟု" ပြော၍ ဆင်းပြန်၏၊ ဆေမျိုးများလည်း စိတ်ချ၍ လှည်းကို ခပ်ဖြည်းဖြည်း မောင်းနှင်သွားကြ၏၊ သတ္တိသားသည် အခွင့်ကောင်းရသဖြင့် ရဟန်းတော်များ နေထိုင်ရာ ကျောင်းသို့ ထွက်ပြေး၍ အရှင်သာရိပုတြာ၏ ညီတော် ဖြစ်ကြောင်း ရှင်သာမဏေပြုလိုကြောင်း လျှောက်လေသည်။

ရှင်ပြုပေးကြခြင်း။ ။အရှင်သာရိပုတြာသည် စောစော ကပင် "မိမိဆွေမျိုးများသည် မိစ္ဆာဒိဋ္ဌိ ဖြစ်သောကြောင့် တယောက်တလေ ရှင်ရဟန်းပြုဘို့ ခွင့်တောင်းလာလျှင် သူတို့မိဘကို ခွင့်ပန်နေဘွယ် မလိုပါ၊ မိမိသည်ပင် မိဘဖြစ်ပါသည်"ဟု ရဟန်းများအား ပြောထားပြီး ဖြစ်၏၊ ထို့ကြောင့် ရဟန်းတော်များသည် အရှင်သာရိပုတြာ၏ ညီငယ်ဟု ကြားသည်နှင့် တပြိုင်နက် ဝမ်းသာအားရ ရှင်သာမဏေ ပြုပေးကြလေသည်။

ရဟန္တာဖြစ်ခြင်း။ ။ကိုရင် ရေဝတသည် ရှင်သာမဏေပြုပြီး နောက် မိဘများ လိုက်ရှာလျှင် တွေ့သွားမည် စိုးသောကြောင့် ရဟန်းများထံ ကမ္မဋ္ဌာန်းအစီအစဉ်ကို သင်ယူကာ ထိုနေရာမှ အလွန်ဝေးကွာသော ရှားတောသို့ ကြွသွား၍ တရားအားထုတ်လေရာ, ဝါလမကျွတ်မီ အတွင်း၌ ရဟန္တာ ဖြစ်လေသည်၊ ဤသို့ ၇-နှစ်အရွယ် သာမဏေငယ် ရှင်ရေဝတသည် ရဟန္တာဖြစ်၍ ဝါကျွတ်လတ်သော် ဘုရားရှင်နှင့် အရှင်သာရိပုတြာတို့သည် ရဟန်းတော်ငါးရာနှင့် အတူ သာမဏေ ရှင်ရေဝတ၏နေရာ ရှားတောကမ္မဋ္ဌာန်းကျောင်းသို့ ကြွတော်မူကြလေသည်။

မှတ်သားဘွယ်

ကိုရင်များ....အရှင်သာရိပုတြာ၏ ညီတော် အငယ်ဆုံး ရှင်ရေဝတ၏ ဝတ္ထုကြောင်းကို ဖတ်ပြီးသောအခါ ကိုရင်တို့အတွက် "ဘာများ မှတ်သားစရာ ပါသလဲ"လို့ စဉ်းစားကြစမ်းပါ။

၁။ မိဘများဟာ သူတို့ပစ္စည်းကို အမွေခံမည့်သူ မရှိရစ်မှာစိုးလို့ သားကောင်း ကလေးများကို ရဟန်းမပြုစေချင်တဲ့ အကြောင်း တွေ့ရတယ် မဟုတ်လား၊ ဒါပေမဲ့ ယခုအခါ အိမ်မှာ အသုံးကျပုံ မရတဲ့ အဖျင်း အအ သားကိုတော့ ရဟန်းပြုစေချင်ကြပါတယ်။

၂။ အရှင်သာရိပုတြာလို သာသနာတော် ဂုဏ်ရှိစေလိုသော ရဟန်းတော်များကလဲ ဉာဏ်နဲ့ လုံ့လဝီရိယနဲ့ ပြည့်စုံသော အမျိုးသားကလေးများကိုသာ ရဟန်း သာမဏေဖြစ်စေချင်ကြတယ်၊ ဒါမှ သာသနာတော် အဆင့်အတန်းမြင့်မယ်။

၃။ သတို့သားရေဝတက အဖွားကြီးနှင့် သူငယ်မကို နှိုင်းယှဉ်ကြည့်ပြီး စိတ်ပျက်တယ်မဟုတ်လား၊ လောကကြီးဟာ စိတ်ပျက်စရာချည်းဘဲ၊ အသက်မရှည်တဲ့ သန့်သန့်မာမာ အရွယ်၌ သေတော့လဲ ကုသိုလ်နဲ့လို့ အသက်ငယ်ငယ်နဲ့ သေရသတဲ့၊ ကုသိုလ်ကောင်းလို့ အသက်ကြီးကြီး နေရပြန်တော့လဲ သွားကျိုး ဆံဖြူ နားအူ မျက်စိမဲ့ အသားအရေတွေ တွန့်တဲ့၍ မစားနိုင် မအိပ်နိုင်အောင် အိုခြင်းဆင်းရဲကို ခံရပြန်တယ်၊ ဒီတော့ လောကကြီး တခုလုံးကိုက မကောင်းလောက ဖြစ်သည့်အတွက် ငယ်ငယ် သေရလဲ မကောင်း၊ ကြီးအောင် နေရလဲ မကောင်းဘူး။

၄။ ဒါကြောင့် ကိုရင်များလဲ ကိုရင်ရာဟူလာ ကိုရင်ရေဝတတို့ကို အားကျပြီး သူတော်ကောင်းလို့နေ၍ သူတော်ကောင်းလို့ သေရတာဟာ အမြတ်ဆုံးလို့မှတ်ထားကြပါ။

ရှင်ပဏ္ဍိတ အကြောင်း

မဟာဒုဂံ။ ။ကဿပမြတ်စွာဘုရားလက်ထက်တော်၌ အလွန်ဆင်းရဲလှသဖြင့် "မဟာဒုဂ္ဂတ(မဟာဒုဂံ)"ဟု ထင်ရှားသော သူဆင်းရဲတယောက်သည် ကဿပဘုရားရှင်အား ငါးကြင်းသားဖြင့် ဆွမ်းလှူရသော ကောင်းမှုကြောင့် ထိုဘဝမှာပင် သူဌေးကြီးဖြစ်ရသည့်တိုင်အောင် ကောင်းမှု၏ အကျိုးကို ခံစားရလေသည်။

ဒါနရှင်သန္ဓေတည်ပုံ။ ။တဘဝလုံး အလှူဒါနပြုကာ စုတေသောအခါဝယ် နတ်ပြည်သို့ ရောက်လေသည်၊ နတ်ပြည်၌ အကြိမ်ကြိမ် အဖန်ဖန် ဖြစ်ပြီးနောက် ငါတို့၏ ဘုရားလက်ထက်တော်သို့ ရောက်သောအခါ သဝတ္ထိမြို့တော်ဝယ် အရှင်သာရိပုတြာကို ကိုးကွယ်သော သူဌေးမျိုး၌ပင် ပဋိသန္ဓေတည်နေလာလေသည်။

မိခင် ချင်ခြင်းဖြစ်ပုံ။ ။ထိုသူငယ် ကိုယ်ဝန်ရှိနေစဉ် မိခင်အမျိုးသမီးသည် အရှင်သာရိပုတြာနှင့်တကွ သံဃာတော်ငါးရာကို ငါးကြင်းသားဟင်းဖြင့် ဆွမ်းကပ်ပြီးလျှင် မိမိကိုယ်တိုင်လည်း သင်္ဘန်းရောင်အဝတ်ကိုဝတ်၍ သံဃာတော်များ၏ အစွန်ဆုံးနေရာ၌နေကာ ဆွမ်းအကျန်ကို စားလိုသောဆန္ဒ ပြင်းပြစွာ ဖြစ်လေသည်။ [ထိုပြင်းပြသော အလိုဆန္ဒကို "ချင်ခြင်း"ဟု ခေါ်၏။]

မောင်ပဏ္ဍိတ။ ။ထိုသို့ဆန္ဒဖြစ်ပုံကို မိဘများအား ပြောပြ၍ ထိုဆန္ဒအတိုင်းပင် ငါးကြင်းသားဟင်းဖြင့် ဆွမ်းကပ်ပြီးနောက် အမျိုးသမီးလည်း အကြွင်းအကျန်ကို စားသောက်လေသည်၊ ထိုသူငယ် ကိုယ်ဝန်တည်ခိုန်မှစ၍

အိမ်သားအားလုံး အခိုင်းအစေများပါ အထူးအလိုက်သိကြအထူးအသိဉာဏ်ရှိကြသောကြောင့် ရက် လ စေ့၍ ဖွားမြင်သောအခါ သတို့သားကို "ပဏ္ဍိတ"ဟု နာမည်ပေးကြလေသည်။ [ပဏ္ဍိတ=ဉာဏ်ရှိသူ၊ ဝါ–လူလိမ္မာ။]

မိခင်သည် သားကလေးကို ချစ်လွန်းလှသဖြင့် "သား၏အလိုဆန္ဒကို အမြဲလိုက်မည်"ဟု စိတ်ပိုင်းဖြတ်ထား၏၊ သားကလေးကိုလည်း လူကောင်း သူကောင်း ဖြစ်စေလိုသောကြောင့် ငယ်စဉ်ကပင် ငါးပါးသီလသိက္ခာပုဒ်ကို အရှင်သာရိပုတြာထံ ယူစေ၍ အရှင်သာရိပုတြာကလည်း သိက္ခာပုဒ်များကို ချပေးထားလေသည်။

ရှင်ပြု လိုခြင်း။ ။ပဏ္ဍိတသတို့သားကလေးသည် အရှင်သာရိပုတြာနှင့် လွန်စွာရင်းနှီးနေရကား ၇-နှစ်အရွယ် ရှိသောအခါ ရှင်သာမဏေပြုလုပ်လိုကြောင်း မိခင်အားပြောပြလေ၏၊ မိခင်သည် သားနှင့်မခွဲလိုသော်လည်း "သား၏စိတ်ကြိုက်ကို လိုက်မည်"ဟု စိတ်ပိုင်းထားသောကြောင့် "ကောင်းပြီ, သင်္ဘန်းဝတ်ရစေမည်"ဟု ဝန်ခံ၍ နံနက်အခါ ကြွလာသော အရှင်သာရိပုတြာအား ဆွမ်းကပ်ပြီးလျှင် "ကလေးက ရှင်သာမဏေပြုလိုသောကြောင့် ညနေကျလျှင် ကျောင်းတော်သို့ ပို့လာပါမည်"ဟု လျှောက်လိုက်လေသည်။

ကျောင်းပို့ခြင်း။ ။ထို့နောက် ဆွေမျိုးတို့ကို ဖိတ်ခေါ်၍ သားငယ်အား လူ့ဘောင်၌ပြုထိုက်သော အရေးပါမှုကို အစွမ်းကုန်ပြုပြီးလျှင် ညနေချမ်းအချိန်၌

ဇေတဝန်ကျောင်းတော်သို့ ပို့၍ အရှင်သာရိပုတြာထံ အပ်နှံလေသည်။

အမှာ။ ။[ကျမ်းဂန်၌ "မည်ကဲ့သို့ အရေးပါသည်" ဟု သေချာစွာ မပြသော်လည်း ဝတ်ကောင်း စားကောင်း ဆင်ပြင် ကျွေးမွေးခြင်း "ဂိဟိကာလေ ကတ္တာဗ္ဗသက္ကာရံ အဇ္ဇေဝ ကရိဿာမ=လူ့ဘောင်၌ ပြုထိုက်သော သက္ကာရကို တနေ့တည်းဖြင့် အပြီးပြုမည်" ဟု ဆိုလိုဟန် တူသည်။]

ရှင်သာမဏေပြုခြင်း။ ။ကျောင်းတော်သို့ ရောက်လာသော အခါ တစပဉ္စက ကမ္မဋ္ဌာန်းကို ပြော ပြ၍ ထို ကမ္မဋ္ဌာန်းကို ဆင်ခြင်စေလျက် ခေါင်းရိတ်ပေးကာ ရှင်သာမဏေပြုပေးတော်မူလေသည်။ [ရှင်ပြုဘို့ ခေါင်းရိတ် ခါနီး၌ တစပဉ္စက ကမ္မဋ္ဌာန်းကို ထို ရှေးခေတ်ကပင် သင်ပေး လေ့ ရှိသည်။]

အလှူပေးခြင်း။ ။မိဘတို့ကလည်း ၇-ရက်ပတ်လုံး ဇေတဝန် ကျောင်းတိုက်မှာပင် နေလျက် ဘုရား အမှူးရှိသော သံဃာတော်တို့အား ငါးကြင်းသားဟင်းဖြင့် ဆွမ်းကပ်ပြီးမှ အိမ်သို့ ပြန်ခဲ့ကြလေသည်။ [မိဘတို့ မပြန်ခင် ၇-ရက်အတွင်း၌ ရှင်ပဏ္ဍိတကလေးမှာ စိတ်နေ စိတ်ထား ပြုပြင်နည်းမျှား အတော်ရပြီး ဖြစ်နေလောက်ပေပြီ။]

ရေတွေကို မေးခြင်း။ ။ရှစ်ရက်မြောက် နံနက်၌ အရှင်သာရိ ပုတြာသည် ၇-နှစ်သားအရွယ် ပဏ္ဍိတ သာမဏေငယ်နှင့် အတူ ဆွမ်းခံ ကြွတော်မူလေသော်....လမ်း ခရီးအကြား၌ ရေမြောင်း တခုကို ကိုရင်ပဏ္ဍိတ မြင်၍....

"အရှင်ဘုရား....ဒီဟာကို ဘာခေါ်ပါသနည်း" ဟု မေးလေသည်။

အရှင်သာရိပုတြာ။ ။ရေမြောင်းခေါ်တယ်, ကိုရင်။

ကိုရင်။ ။ဒီရေမြောင်းနဲ့ ဘာလုပ်ကြရပါတုန်း အရှင်ဘုရား။

အရှင်။ ။ဒီရေမြောင်းက ရေတွေကို လယ်ထဲသို့ သွင်းယူပြီး လယ်လုပ်ကြရတယ်, ကိုရင်။

ကိုရင်။ ။အဲဒီရေတွေဟာ လူတွေလို စိတ်ရှိပါသလား။

အရှင်။ ။စိတ်မရှိဘူး, ကိုရင်။

ကိုရင်။ ။ဒီလို စိတ်မရှိတဲ့ရေကို ကိုယ်လိုချင်ရာယူလို့ ရနိုင်ပါသလား အရှင်ဘုရား။

အရှင်။ ။အေး ရနိုင်တာပေါ့, ကိုရင်။

ဤသို့ မေးမြန်းပြီးနောက် ကိုရင်ပဏ္ဍိတ စဉ်းစားသည်မှာ– "စိတ်မရှိတဲ့ ရေတောင် ကိုယ်လိုချင်တဲ့နေရာ ယူဆောင်လို့ရသေးလျှင် စိတ်ရှိတဲ့လူတွေဟာ ဘာပြုလို့ ကိုယ့်သဘော ကျသလိုထား၍ တရားအားမထုတ်နိုင်ဘဲ ရှိရမှာလဲ" ဤသို့ စဉ်းစားမိလေသည်။

မြားဖြောင့်ပုံကို မေးခြင်း။ ။ဤသို့ စဉ်းစားရင်း ရွှေသို့ သွားပြန်သော် လေးသမားတွေ မြားအကောက်ကို မီးကင်၍ ဖြောင့်အောင် ပြင်နေကြသည်ကို မြင်ပြန်သဖြင့် အရှင်သာရိပုတြာကို မေးပြန်လေရာ အရှင်သာရိပုတြာလည်း ကောက်သော မြားကို ဖြောင့်အောင် ပြင်နေကြကြောင်း မိန့်တော်မူလေသည်၊ ထိုအခါ

လည်း "စိတ်မဲ့ရှိသော မြွေးအကောက်ကိုတောင် ဖြောင့်အောင် ပြင်လို့ရသေးလျှင် စိတ်ရှိသူ လူတွေသည် မိမိ စိတ်ကို ကိုယ့်အလိုကျအောင် ထား၍ ဘာ့ကြောင့် တရားအားမထုတ်နိုင်ဘဲ ရှိရအံ့နည်း" ဟု စဉ်းစားမိပြန်လေသည်။

လှည်းဘီးလုပ်ပုံကို မေးခြင်း။ ။ဤသို့ စဉ်းစားရင်း ရှေ့သို့ သွားပြန်လေသော် သစ်သားတို့ကို လှည်းဘီးလုပ်ဘို့ရန် ပြုပြင်နေသော လက်သမားတို့ကို မြင်ရပြန်၍ အရှင်သာရိပုတြာကို မေးပြန်ရာ အရှင်သာရိပုတြာလည်း အကြောင်းစုံကို မိန့်တော်မူလေသည်၊ ထို့အခါ၌လည်း "စိတ်မရှိသော သစ်သားတွေကိုပင် အမျိုးမျိုးဖြစ်အောင် ပြုပြင်၍ ရနိုင်သေးလျှင် စိတ်ရှိနေသူ လူတွေသည် မိမိ စိတ်ကို ကိုယ့်အလိုကျအောင် ထား၍ ဘာ့ကြောင့် တရားအားမထုတ်နိုင်ဘဲ ရှိရအံ့နည်း" ဟု စဉ်းစားမိပြန်လေသည်။

ကျောင်းသို့ ပြန်ခြင်း။ ။ဤသို့ ၃-ကြိမ်တိုင်တိုင် စဉ်းစားမိသောအခါ တရား အားထုတ်လိုသောဆန္ဒက ပြင်းပြလှသဖြင့် အရှင်သာရိပုတြာထံ ဆွမ်းခံမလိုက်တော့ဘဲ ကျောင်းတိုက်သို့ ပြန်နှင့်ရန် ခွင့်ပန်လေသည်၊ အရှင်သာရိပုတြာမထေရ်မြတ်လည်း "ကျောင်းဆောင် အပြင်ဘက်နေလျှင် မတော်တဆ တစုံတခုဖြစ်မည်" စိုးသောကြောင့် သံကောက်ကို ပေးလိုက်၍ "ကျောင်းခန်းအတွင်းမှာ နေလေ" ဟု မှာထားပြီးမှ ပြန်လွှတ်လိုက်လေသည်၊ [ရှေးခေတ်က အတွင်း၌ရှိသော ကန့်လန့်(မင်းတုပ်)ကို ပိတ်လို ဖွင့်လိုလျှင် သံကောက်ဖြင့် လှည့်၍ ဖွင့်ရ ပိတ်ရသည်၊ ယခုခေတ် "သော့" မျိုးပင်တည်း။]



ဘုရား, သိကြား, နတ်မင်းများ အစောင့်အရှောက်ဖြင့် ကိုရင်ပဏ္ဍိတ တရား အားထုတ်နေပုံ။

တရားအားထုတ်ခြင်း။ ။ကိုရင်ပဏ္ဍိတသည် ကျောင်းတိုက်သို့ရောက်၍ အရှင်သာရိပုတြာ၏ ကျောင်းခန်းအတွင်းသို့ ဝင်ပြီးလျှင် မိမိခန္ဓာကိုယ်အတွင်း၌ (အနိစ္စ, ဒုက္ခ, အနတ္တ-ဟု ရှုဆင်ခြင်တတ်သော) ဝိပဿနာကို သွင်း၍ အပူတပြင်း ကြိုးစားလေတော့သည်။ [ထိုအခါနှင်မှာ ကိုရင်ကလေးသည် ဘာအစာကိုမျှ မစားရသေး၊ အရှင်သာရိပုတြာ ဆွမ်းခံပြန်မှ ဆွမ်းစားရတော့မည်၊ တရားအားထုတ်၍ မပြီးမီ အရှင်သာရိပုတြာပြန်ရောက်၍ ဆွမ်းကျွေးလျှင်လည်း တရား၏ အနှောက်အရှက်ဖြစ်ရှာတော့မည်၊ တရားရပြီးမှ ဆွမ်းစားလျှင်လည်း မွန်းလွဲသွားစရာ ရှိသည်။]

နတ်သိကြားတို့စောင့်ရှောက်ပုံ။ ။ကိုရင်ကလေး၏ တန်ခိုးအရှိန်သည် တာဝတိံသာနတ်ပြည်က သိကြားမင်းကို အသိပေးသကဲ့သို့ ဖြစ်နေ၏၊ ထို့ကြောင့် သိကြားမင်းသည် ကိုရင်ကလေး၏ အကြောင်းအရာကို ဆင်ခြင်သောအခါ တရားအားထုတ်နေပုံမှ စ၍ အလုံးစုံကို မြင်ရကား စတုမဟာရာဇ်နတ်မင်းကြီး ၄-ယောက်ကို ခေါ်၍ (အသံကြားလျှင် သမာဓိ ပျက်မည်စိုးသောကြောင့်) ကျောင်းအနီး၌ ၄ဂ်သံစသည်ကို မကြားရအောင် စောင့်ရှောက်စေသည်။

ထို့နောက် မွန်းလွဲသွားမည်စိုးသဖြင့် လနတ်သားနှင့် နေနတ်သားကိုလည်း သူတို့ဗိမာန်များကို ရွှေတိုးမသွားရအောင် စောင့်ရှောက်ကြဘို့ အမိန့်ပေး၍ မိမိကိုယ်တိုင်ကမူ ကျောင်းတံခါးပေါက် အနီးအပါး၌ ရပ်တည်ကာ သစ်ရွက်ကြွေသံကိုမျှ မကြားရအောင် စောင့်ရှောက်လေသည်။

ဘုရားစောင့်ရှောက်ပုံ။ ။မြတ်စွာဘုရားသည် ထိုနေ့၌ ခပ်စောစော ဆွမ်းဘုဉ်းပေးတော်မူပြီးလျှင် တရားအားထုတ်နေသော ကိုရင်ပဏ္ဍိတကို ဆင်ခြင်တော်မူလတ်သော် "ယနေ့ပင် ရဟန္တာဖြစ်လိမ့်မည်" ဟု မြင်တော်မူလေသည်၊ သို့သော် အရှင်သာရိပုတြာပြန်လာ၍ တရားအားထုတ်နေသော သာမဏေကို ဆွမ်းကျွေးလျှင် တရားအပြီးအဆုံးမရောက်မည်ကိုလည်း မြင်တော်မူသောကြောင့် အရှင်သာရိပုတြာလာမည့် တံခါးပေါက်သို့ကြွ၍ နေတော်မူနှင့်လေသည်။

အရှင်သာရိပုတြာဆွမ်းခံပြန်လာပုံ။ ။အရှင်သာရိပုတြာလည်း ကိုရင်ကလေးကို ပြန်လှတ်ပြီးနောက် ဆွမ်းခံဝင်တော်မူလေသည်၊ ကိုရင်ကလေး၏ ရှေးဘုန်း ရှေးကံကြောင့် အရှင်သာရိပုတြာကို အထူးကြည်ညိုသော အိမ်၌ ငါးကြင်းသားဟင်းဖြင့် ဆွမ်းကပ်ရန် မျှော်နေစဉ် အရှင်သာရိပုတြာကို မြင်၍ ကြည်လင်ဝမ်းမြောက်စွာ ဆွမ်းကပ်လေသော် အရှင်သာရိပုတြာသည် အိမ်မှာ မဘုဉ်းပေးဘဲ ကျောင်းတော်သို့ ယူသွားမည့်အခြင်းအရာကို ပြလေသည်။

အိမ်သူ အိမ်သားတို့လည်း "အရှင်ဘုရား....ဒီမှာ ဘုဉ်းပေးတော်မူပါ၊ ပြန်ကြွတော့လည်း ထည့်လိုက်ပါဦးမည်" ဟု လျှောက်ကြသဖြင့် ဘုဉ်းပေးတော်မူပြီးလျှင် နောက်ထပ် ထည့်လှူအပ်သော ငါးကြင်းသားဟင်းနှင့် ဆွမ်းကို ယူ၍ ပြန်ကြွတော်မူလာလေသော် တံခါးမုခ်ပေါက်၌ ဘုရားရှင်နှင့် တွေ့သဖြင့် ရုတ်တရက် ရွှေတိုး၍ မကြွသာဘဲ ဖြစ်ရလေသည်၊

ကိုရင်ပဏ္ဍိတလည်း ထိုအချိန်မှာ သောတာပန် သကဒါဂါမ် အနာဂါမ်တိုင်အောင် ဖြစ်ပြီး၍ ရဟန္တာဖြစ်အောင် ကြိုးစားနေခိုက် ဖြစ်လေသည်။

ရဟန္တာဖြစ်ခြင်း။ ။ထို့ကြောင့် ဘုရားရှင်သည် အရှင်သာရိပုတြာ မကြွသာအောင် အချိန်ဆွဲထားတော်မူလို၍ ပြဿနာ ၄-ရပ်ကို မေးတော်မူလေသည်၊ အရှင်သာရိပုတြာလည်း (ဘုရားနှင့် စပ်လာလျှင် အောင်မြင်မည်သာဟု ယုံကြည်ရင်းစွဲရှိသောကြောင့်) ဘုရားမေးအပ်သော ပြဿနာ ၄-ရပ်ကို ဖြည်းဖြည်းပင် ဖြေဆိုတော်မူလေ၏၊ထိုပြဿနာကို ဖြေဆို၍ ပြီးချိန်မှာပင် ကိုရင်ကလေးလည်း ရဟန္တာ ဖြစ်လေသည်၊ [ထုံးစံအတိုင်းဆိုလျှင် ထိုအချိန်မှာ မွန်းလွဲလောက်ပြီ၊ သို့သော် နေနတ်သားနှင့် လနတ်သားတို့က နေဗိမာန်နှင့် လဗိမာန်ကို တားထားသောကြောင့် မွန်းမလွဲသေး။]

ဆွမ်းကျွေးခြင်း။ ။အရှင် သာရိပုတြာလည်း ဘုရားထံမှ သွားခွင့်ရ၍ ကျောင်းသို့ သွားပြီးလျှင် ကျောင်းတံခါးကို ခေါက်လိုက်ရာ ပွင့်သစ်စ ပဒုမ္မာကြာပန်းအသွင် အလွန်ကြည်လင်စွာ ထွက်လာသော ၇-နှစ်အရွယ် ရဟန္တာ သာမဏေငယ်ကို မြင်ရ၍ ရှင်ပျသော မိဘသဘွယ် သာမဏေကို ယုယစွာ ဆွမ်းကျွေးတော်မူသည်၊ [ကိုရင်ကလေး ဆွမ်းစားပြီးလျှင် ပြီးခြင်း လနေတို့ကို ဆိုင်ရာ နတ်သားတို့က လှုတ်လိုက်သောအခါ အတော်မွန်းလွဲသောအချိန် သို့ ရောက်ပြီးဖြစ်လေသည်။]

မှတ်သားဘွယ်

ကိုရင်မျိုး....ပဏ္ဍိတသာမဏေ၏ ဝတ္ထုကြောင်းကို ဖတ်ပြီးတဲ့အခါ ကိုရင်တို့အတွက် "ဘာတွေ မှတ်စရာ ပါသလဲ" လို့ စဉ်းစားကြစမ်းပါ။

၁။ မဟာဒုဂ်ဘဝတုန်းက ငါးကြင်းသားဟင်းနဲ့ ဆွမ်းကပ်ခဲ့လို့ ဒီဘဝမှာ နေရာတိုင်း၌ ငါးကြင်းသားဟင်း အကျိုးပေးတယ် မဟုတ်လား။

၂။ ရှေးက ကုသိုလ်ကံပါလာလို့ သူဌေးမျိုးမှာ ဖြစ်ပြီး ဉာဏ်ပညာနှင့် စဉ်းစားဉာဏ်လဲ အရာရာမှာ ထက်တယ်။

၃။ ရှေးဘုန်းရှေးကံ ပါလို့ တရားအားထုတ်တဲ့ နေရာမှာတောင် နတ်သိကြားတို့သာမက ဘုရားရှင်၏ စောင့်ရှောက်တော်မူခြင်းကို ခံရတယ်။

၄။ ဒါလောက် အဆင့်အတန်းမြင့်တဲ့ ကိုရင်ပဏ္ဍိတ ရှင်ပြုတုန်းက (ယခုကာလလို) မဏ္ဍပ်ကြီးလဲ မထိုးခဲ့ရ၊ ဘိသိက်လဲ မခံခဲ့ရ၊ ဒါပေမဲ့ ၇-နှစ်သားအရွယ် ငယ်ငယ်ကလေးနဲ့ ရဟန္တာဖြစ်ရတယ်။

၅။ ကိုရင် ပဏ္ဍိတကို အားကျပြီးတော့ ကိုရင်တို့လဲ ကုသိုလ်များများ ပြုကြပါ၊ ကိုရင်များနှင့် ထိုက်တန်သော ကမ္မဋ္ဌာန်း တမျိုးမျိုးကို နေ့စဉ် ကြိုးစားကြပါ။

ရှင်သာမဏေကလေးများဝတ္ထု ပြီး၏။

ဆရာများအတွက် မှတ်ဘွယ်
သင်္ကန်းဝတ်ခြင်းနှင့် စပ်၍ မှတ်ဘွယ်

ဥပဇ္ဈာယ်ဆရာ အင်္ဂါ။ ။ဥပဇ္ဈာယ်ပေး၍ တပည့်ံ ပရိသတ်ကို မေးမြန်းသော ဆရာသည်....၁–ဆယ်ဝါ ရပြီးဖြစ်ခြင်း၊ ၂–ဘိက္ခုဝိဘင်း ဘိက္ခုနီဝိဘင်းဟု ခေါ်သော (ပါတိမောက် သိက္ခာပုဒ်များကို အကျယ်ဖွင့်ပြသော) ဝိဘင်း ၂-မျိုးကို တတ်သိ နားလည်ခြင်း၊ ၃–ကံကြီး ကံငယ် ပြုလုပ်နည်းကို နားလည်ခြင်း၊ ၄–မဟာဝါ စူဠဝါခန္ဓကဌ် လာသော သိက္ခာပုဒ်များကို နားလည်ခြင်း၊ ၅–နာမ်တရား ရုပ်တရားတို့ကို ဟောပြောနိုင်ခြင်း ဤသို့ အင်္ဂါ ၅-ပါးနှင့် ပြည့်စုံစေရသည်၊ ဤ အင်္ဂါ ၅-ပါးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်သာ ဥပဇ္ဈာယ်ဆရာ ဂုဏ်အင်္ဂါနှင့် ညီညွတ်သည်။

[ဆောင်] ဆယ်ဝါပြည့်တင်း ဝိဘင်း ၂-ဖြာ ကမ္မာကမ္မ ခန္ဓကပုဒ် နာမ်ရုပ်ပိုင်ပိုင် ဟောပြနိုင် ကျောင်းထိုင် ငါးအင်္ဂါ။

ရှင်သာမဏေ ဝတ်ပေးမှု။ ။ရှင်သာမဏေ ပြုပေးရာ၌.... ၁–ခေါင်းရိတ်မှု၊ ၂–ဆင်္ကန်း ဝတ်ပေးမှု၊ ၃–သရဏဂုံပေးမှု ဤ ၃-ခုလုံးကို "ရှင်ပြုပေးခြင်း" ဟု ခေါ်၏။ ["ကေသစ္ဆေဒန ကာသာယစ္ဆာဒန သရဏဒါနာဒိနိ ပဗ္ဗာဇနံ နာမ"–ဝိမတိဋီကာ ပဗ္ဗဇ္ဇာခန္ဓက။] ထိုကိစ္စ ၃-မျိုးလုံးကို ဥပဇ္ဈာယ်ကိုယ်တိုင် တတ်နိုင်လျှင် ကိုယ်တိုင် ပြုသင့်၏၊ **အခြားကိစ္စများသဖြင့်** အားလပ်ခွင့် မရလျှင်လည်း ရဟန်းငယ် တပါးပါးကို (ရှင်ပြုပေးလိုက်ပါ) ဟု စေခိုင်းနိုင်၏။ ["သစေ

ဩကာသော ဟောတိ, သယံ ပဗ္ဗာဇေတဗ္ဗော၊ သစေ ဥဒ္ဒေသ ပရိပုစ္ဆာဒီဟိ ဗျာဝဋော ဟောတိ, ဩကာသံ နလဘတိ၊ ဧကော ဒဟရဘိက္ခု ဝတ္တဗ္ဗော–(တေံ၊ ဤရှင်လောင်းကို။ ပဗ္ဗာဇေဟိ၊ ဆံချ သင်္ကန်းဝတ် သရဏဂုံပေးကာ ရှင်ပြုပေးလိုက်ပါ။) ဣတိ ဝတ္တဗ္ဗော"–ပဗ္ဗဇ္ဇာခန္ဓကဋ္ဌကထာနှင့် ဝိမတိဋီကာ။]

ဥပဇ္ဈာယ်ကိုယ်စား ရှင်ပြုပေးခြင်း ဥပဇ္ဈာယ် ဆရာကပင် မခိုင်းသော်လည်း "ရဟန်းငယ်က ဥပဇ္ဈာယ်ကို ရည်စူး၍ (ဥပဇ္ဈာယ်ကိုယ်စား) ရှင်သာမဏေပြုပေးလျှင်လည်း အပ်၏"ဟု အဋ္ဌကထာဆို၏၊ ထို့ကြောင့် ယခုအခါ ဥပဇ္ဈာယ် ဂုဏ်အင်္ဂါနှင့် မညီသေးဘဲ ရှင်သာမဏေ ပြုပေးကြရသော ရဟန်းငယ်များသည် မိမိ၏ဥပဇ္ဈာယ်ဆရာကို ရည်စူး၍ ဥပဇ္ဈာယ်၏ ကိုယ်စားအနေဖြင့်သာ ရှင်သာမဏေ ပြုပေးသင့်ကြသည်၊ ရှင်သာမဏေ ပြုပေးပြီးနောက်လည်း ဥပဇ္ဈာယ်ရှိရာ သွား၍ ဥပဇ္ဈာယ်ယူစေသင့်ကြသည်။

သာမဏေနှင့် လူဝတ်ကြောင်က သင်္ကန်းဝတ်ပေးမှု ဥပဇ္ဈာယ် ဆရာသည် (ကျောင်း၌ ခိုင်းဘို့ရာ ရဟန်းငယ် မရှိ၍သော်ငင်း ရှိစေကာမူ မခိုင်းလို၍သော်ငင်း) သာမဏေ တပါးပါးကို "ဤကလေးအား ခေါင်းရိတ်၍ သင်္ကန်းဝတ်ပေးလိုက်ပါ"ဟု စေခိုင်းနိုင်၏၊ သာမဏေကို မခိုင်းဘဲ သင်္ကန်းဝတ်ပေးတတ်သူ လူဝတ်ကြောင် တယောက်ယောက်ကိုလည်း ခိုင်းနိုင်၏၊ ထိုသို့ ခိုင်းသောအခါ အခိုင်းခံရသူသည် ခေါင်းရိတ်၍ သင်္ကန်းပေးပြီးလျှင် ဝတ်ပေးကောင်း၏၊ ထိုသို့ သာမဏေနှင့် လူဝတ်

ကြောင်ကို စေခိုင်းရာ၌ သင်္ကန်းဝတ်ပြီးသောအခါ သရဏကုံ ကိုကား ဥပဇ္ဈာယ်ဆရာကိုယ်တိုင် ပေးရမည်။

ကိုယ့်ဘာသာမဝတ်ကောင်း။ ။ဥပဇ္ဈာယ်ဆရာသည် မည်သူ့ကိုမျှ မခိုင်းဘဲ သူ့ဘာသာ ဝတ်တတ်သော ရှင်လောင်းအား သင်္ကန်းပေး၍ "သင့်ဘာသာ ဝတ်တော့" ဟု ခွင့်ပြုလျှင်လည်း ရှင်လောင်းကိုယ်တိုင် သင်္ကန်းဝတ်ကောင်း၏၊ ရှင်သာမဏေလောင်းသည် ဥပဇ္ဈာယ်ဆရာက "ဝတ်တော့" ဟု ခွင့်မပြုဘဲ (သူပိုင်သင်္ကန်း ဖြစ်စေကာမူ) ကိုယ့်ဘာသာ သင်္ကန်းယူ၍ မဝတ်ကောင်းကြောင်း ရှေးအစဉ် မှာထားခဲ့ပြီ၊ ထိုသို့ ကိုယ့်ဘာသာယူ၍ ဝတ်လျှင် ရှင်သာမဏေ မဖြစ်ဟု ဆိုကြ၏၊ ထို့ကြောင့် နားမလည်၍ ကိုယ့်ဘာသာဝတ်ထားသူကို သင်္ကန်းချွတ်စေ၍ ဥပဇ္ဈာယ်ဆရာက ထပ်မံပြီး သင်္ကန်းပေးရ၏၊ ["ဘိက္ခုနာ ဟိ သဟာတ္ထေန ဝါ အာဏတ္တိယာ ဝါ ဒိန္နမေဝ ကာသာဝံ ဝဋ္ဋတိ၊ အဒိန္နံ န ဝဋ္ဋတိ"–ပဗ္ဗဇ္ဇာခန္ဓကဋ္ဌကထာ။]

သင်္ကန်းကပ်, သင်္ကန်းတောင်း ဖြစ်ပေါ်လာပုံ ပြခဲ့သော စကားစဉ်အရ ဥပဇ္ဈာယ်ဆရာက သင်္ကန်းပေးမှ ဖြစ်စေ၊ ဥပဇ္ဈာယ်ဆရာက တဆင့် အခိုင်းခံရသူ ပေးမှဖြစ်စေ သင်္ကန်းဝတ်ကောင်း၍ (ကိုယ်ပိုင်သင်္ကန်း ဖြစ်စေကာမူ) ကိုယ့်ဘာသာ မဝတ်ကောင်းသောကြောင့် ယခုအခါ၌ မိမိလက်မှာရှိသော ကိုယ်ပိုင်သင်္ကန်းကို ဆရာ့လက်သို့ ကပ်ရခြင်း, ဆရာ့လက်မှ ပြန်၍ တောင်းရခြင်း ဟူသော ထုံးစံ ၂-ခု ဖြစ်ပေါ်လာပေ

သည်။ [ယခုကာလ၌ "သကလ ဝဠု ဒုက္ခ နိဿရဏ နိဗ္ဗာနဿ" စသော စကားသည် ဝိမတိဋ္ဌိကာကို မှီ၍ ရှေးဆရာတို့ စီစဉ်အပ်သော စကားမျှသာ ဖြစ်သည်။] အကယ်၍ ဆရာကိုယ်တိုင် ဝတ်ပေးလျှင်ကား ထို သင်္ကန်းက၀် သင်္ကန်းတောင်းများလည်း မလိုပါ။ ["ကာသာယာနိ တိက္ခတ္တုံ ဝါ ဒ္ဒိက္ခတ္တုံ ဝါ သကိံ ဝါ ပဋိဂ္ဂါဟာပေတဗ္ဗော = သင်္ကန်းတို့ကို ရှင်လောင်းလက်သို့ ၃-ကြိမ်, ၂-ကြိမ်, တကြိမ်ဖြစ်စေ အပ်နှင်းရမည်၊ အထာပိဿ ဟတ္ထေ အဒတ္ဝာ အာစရိယော ဝါ (သရဏကုံ ဆရာသည်သော်၎င်း)ဥပဇ္ဈာယော ဝါ သယမေဝ အစ္ဆာဒေတိ၊ ဝဋ္ဋတိ"–ပဗ္ဗဇ္ဇာခန္ဓကဋ္ဌကထာ။]

သရဏကုံနှင့်စပ်၍ မှတ်ဘွယ်

သရဏကုံ သီလတောင်း နမော တဿ ယခုခေတ်၌ သရဏကုံ မယူမီ "အဟံ ဘန္တေ" စသော သရဏကုံ သီလတောင်းနှင့် တကွ "နမော တဿ" အထိ ဆိုကြရသေး၏၊ ထို အားလုံးသည် ပါဠိတော် အဋ္ဌကထာတို့၌ တိုက်ရိုက်လာသော စကားများ မဟုတ်ကြ၊ ရှေးဆရာတို့ သင့်တော်အောင် စီစဉ်အပ်သော စကားများသာ ဖြစ်သည်၊ ထို့ကြောင့် ထိုစကားများကို ပါဠိလိုမဆိုဘဲ မြန်မာလိုလည်း ဆိုနိုင်၏၊ သို့သော် ပါဠိလို မဆိုရလျှင် ပေါ့ဆဆနိုင်သည်ဟု ထင်မည်စိုးသောကြောင့် ပါဠိ မြန်မာ ၂-မျိုးလုံး ပြခဲ့ပါသည်၊ မြန်မာလိုပင် ဆိုကောင်းသေးရကား (ခနိတအက္ခရာကို ပြင်းပြင်းရွတ်ကာ) ဌာန်ကရိုဏ်း ကျနတို့သည်း အရေးမကြီးသေးပါ။

သရဏာကုံ။ ။ရှင်သာမဏေ ပြုသောကိစ္စ၌ "ဆံချ, သင်္ကန်း ဝတ်, သရဏာကုံပေး" ဤ ၃-ချက် အရေး အကြီးဆုံးဟု ကျမ်းဂန်၌ ဆိုပါသည်၊ ထို ၃-မျိုးတွင်လည်း သရဏာကုံသည် သာ၍ အရေးကြီး၏၊ ထို သရဏာကုံ၌ "ဥဘတောသုဒ္ဓိ=(ပီပီသသရွတ်ဆိုသောအားဖြင့်) ဆရာနှင့်တပည့် ၂-ဘက်လုံး သန့်ရှင်းမှု" ဖြစ်မှ သရဏာကုံ အထမြောက်သည်၊ ဆရာက ပီ၍ တပည့်ကမပီလျှင်၎င်း, တပည့်က ပီသော်လည်း သွားကျိုးနေခြင်းစသော အကြောင်းကြောင့် ဆရာက မပီလျှင်၎င်း သာမဏေစစ်စစ် မဖြစ်နိုင်ပါ၊ ထို့ကြောင့် ယခုအခါ ရှင်လောင်းများအား စောစောက တင်ကြို၍ ရွတ်ဆိုနည်းကို တချို့ ဆရာသမားတို့ သင်ပြလေ့ရှိကြသည်။

အဋ္ဌကထာ။ ။ပဗ္ဗဇ္ဇာယ ပန ဣမာနိ တီဏိ သရဏာနိ ပုကာရ ဓကာရာဒီနံ ဗျဉ္ဇနာနံ ဌာနကရဏသမ္ပဒံ အဟာပေန္တေနေဝ အာစရိယေနာပိ အန္တေဝါသိကေနာပိ ဝတ္တမ္ပဒါနိ၊ သစေ အာစရိယော ဝတ္တုံ သက္ကောတိ, အန္တေဝါသိကော နံ သက္ကောတိ။ပ။ နံ စဒ္ဒတိ။ (မဟာဝါ ပဗ္ဗဇ္ဇာခန္ဓက။)

တင်းတင်းရွတ်ရသော အက္ခရာများ။ ။ပါဠိအက္ခရာများကို ရွတ်ဆိုရာ၌ အသံ၏ ဖြစ်ရာဌာနနှင့် အသံထွက်ပုံ တူနေလျှင် ရှေ့အက္ခရာကို ရိုးရိုး ရွတ်၍ နောက် အက္ခရာကို တင်းတင်း မာမာ ရွတ်ရ၏၊ ထိုသို့ ရွတ်မှလည်း "အသံတူ ၂-လုံးတွင် မည်သည့်အက္ခရာကို ရွတ်သည်" ဟု နားထောင်သူတို့မှာ ကွဲကွဲပြားပြား ကြားရ၍

ထိုပါဠိ၏ အနက်မှန်ကို နားလည်နိုင်သည်၊ ဌာန်တူ အသံတူ အက္ခရာများကား—

က နှင့် ခ။....ဂ နှင့် ဃ။....စ နှင့် ဆ။....ဇ နှင့် ဈ။
ဋ နှင့် ဌ။....ဍ နှင့် ဎ။....တ နှင့် ထ။....ဒ နှင့် ဓ။
ပ နှင့် ဖ။....ဗ နှင့် ဘ။

ထိုဆယ်စုံတွင် ရှေ့ အက္ခရာကို ရိုးရိုးအသံဖြင့် ရွတ်၍ နောက် အက္ခရာကို တင်းတင်းမာမာ ရွတ်ကြရသည်၊ "တင်းတင်းမာမာ" ဆိုသော်လည်း ငေါက်ငန်းသလို ပြင်းပြင်းထန်ထန် ရွတ်ရမည်ဟု မဆိုလို၊ က အသံနှင့် ခ အသံ, ဂ အသံနှင့် ဃ အသံ ကဲ့ပြားရုံသာ ရွတ်ရမည်ဟု ဆိုလိုသည်၊ ထို့ကြောင့် "ဗုဒ္ဓံ, ဓမ္မံ, သံဃံ" ပုဒ်တို့ကို ရွတ်ရာ၌ "ဒံ, ဒမ်, ဂံ" တို့နှင့် မရောရုံ "ဒ္ဓံ, ဓမ်, ဃံ" တို့ကို တင်းတင်းမာမာ ရွတ်ရမည်။

ရွတ်နည်း ၂-မျိုး။ ။ဤသို့ အက္ခရာတလုံးစီ ပီသအောင် ရွတ်တတ်ပြီးနောက် "ဗုဒ္ဓံ+သရဏံ" တို့၌ နိဂ္ဂဟိတ် (သေးသေးတင်)ဆုံးသော နိဂ္ဂဟိတန္တရွတ်နည်း "ဗုဒ္ဓမ်+သရဏမ်"ဟု (မ်) အက္ခရာဆုံးသော မကာရန္တရွတ်နည်း ၂-မျိုးတွင် တမျိုးမျိုး ပီသအောင် ရွတ်တတ်ဘို့ အလေ့အလာ ပြုကြရသေးသည်၊ ခဲ့ဦးအုံ—နိဂ္ဂဟိတ်နှင့် ရွတ်နည်း၌ "ဒ္ဓံ" ဟု ရွတ်ရာဝယ် ဒ္ဓ နှင့် နိဂ္ဂဟိတ်တို့သည် အသရ တလုံးတည်းကို မှီရသောကြောင့် ("ဒ္ဓံ့" ဟု အလယ်က သရတလုံးတည်းကို ရွေ့ဒ္ဓဗျည်းနှင့် နောက် နိဂ္ဂဟိတ်ဗျည်းတို့ မှီရသောကြောင့်) ဒ္ဓ အသံနှင့် နိဂ္ဂဟိတ်အသံကို ခွဲ၍ မရဘဲ တစပ်တည်း တသံတည်း ဖြစ်အောင် ရွတ်ရသည်၊ "ဏံ, မံ, သံဃံ" တို့၌လည်း နည်းတူ။

မကာရန္တ ရွတ်နည်း၌ကား "ဒွမ်" ဟု ရွတ်ရာဝယ် ဒွ သည် အသရကိုမှီ၍ (မ်) ဗျည်းက ထို အသရကို မမှီသောကြောင့် ဒွသံနှင့် (မ်) သံကို တစပ်တည်းရွတ်၍ မရ၊ "ဒွ" ဟု ရွတ်ပြီးမှ (မ်) ကို တမတြာဝက်သံ ကလေးမျှ သီးခြား ရွတ်ရသည်၊ "M" ဟူသော အင်္ဂလိပ်စာလုံးကို ရွတ်တတ် သူအား အရွတ်ခိုင်းပါ၊ သီတာနှင့် ရာမကို "သီတာရာမ်" ဟု မကာရန္တ ရွတ်သော ဟိန္ဒူသံကိုလည်း နားထောင် ကြည့်ပါလေ။ "ဓမ္မမ်, ဏမ်, ဃမ်" တို့၌လည်း နည်းတူ။

များသောအားဖြင့် မြန်မာလူမျိုးတို့သည် နိဂ္ဂဟီတန္တ အသံကိုသာ ရွတ်တတ်ကြ၏၊ (မ်)ကာရန္တအသံကို ကျနစ္စာ ရွတ်တတ်သူ နည်းပါးလှ၏၊ ဟိန္ဒူများကား (မ်)ကာရန္တကို လည်း လွယ်ကူစွာ ရွတ်နိုင်သောကြောင့် သရဏဂုံ၌ နိဂ္ဂဟီ တန္တ မကာရန္တ ၂-မျိုးလုံးပင် ဟိန္ဒူနိုင်ငံ ဣန္ဒိယ၌ ခွင့်ပြု တော်မူခဲ့ရင်း ဖြစ်သည်။ [ဤ ရွတ်ပုံနှင့်စပ်၍ မြန်မာနိုင်ငံ၌ အခြားနည်းများလည်း ရှိပေသေး၏။]

အဋ္ဌကထာ။ ။ဣမာနိ စ ပန ဒဒမာနေန "ဗုဒ္ဓံ သရဏံ ဂစ္ဆာမီ"တိ ဧဝံ ဧကသမ္ဗန္ဓာနိ အနုနာသိ-ကန္တာနိ ဝါ ကတွာ ဒါတဗ္ဗာနိ၊ "ဗုဒ္ဓမ် သရဏမ် ဂစ္ဆာမီ"တိ ဧဝံ ဝိစ္ဆိန္ဒိတွာ မကာရန္တာနိ ဝါ ကတွာ ဒါတဗ္ဗာနိ။— ပဗ္ဗဇ္ဇခန္ဓက။

ထို့ပြင်–ဓံ, ဓမ်, အသံတို့ ဖြစ်ရာဌာနသည် သွားရင်း ဖြစ်၏၊ ထို သွားရင်းကို လျှာဖျားဖြင့် တို့၍ ရွတ်ရသည်၊ ဤသို့ ရွတ်မှသာ "ဝံ–ဝမ်" အသံနှင့် ကွဲပြား၏၊ သရဏံ၌ ဏ-အသံ၏ ဖြစ်ရာဌာနသည် အာထိပ်(အာခေါင်တွင် ထိပ်ဘု)

ဖြစ်၏၊ ထို အာထိပ်ကို လျှာဖျား၏ အတွင်းနဲနဲကျသော အရပ်ဖြင့် ထိကပ်၍ ရွတ်မှသာ အသံပီ၍ နငယ်နှင့် ကွဲပြား သည်၊ ဤကဲ့သို့ သေချာအောင် ဆရာ အစဉ်အဆက် ရွတ် ဖတ်နည်း မရလျှင် ဆရာ့ကိုယ်တိုင်ပင် သရဏဂုံပီဘို့ ခဲယဉ်း လှ၏၊ ရှင်သာမဏေလောင်းအတွက်မှာ ပြောဘွယ် မလို တော့ပါ။ [ဤသရဏဂုံပေးခါနီး၌ဖြစ်စေ စောစောက သင်ပြ ခိုက်ဖြစ်စေ ဘုရား တရား အရိယာသံဃာများအကြောင်းကို အတော်အတန် နားလည်အောင် ပြောကြပါလေ။]

သာမဏေအတု ဖြစ်ရကျိုး။ ။ယခုခေတ်အလိုက် သာမဏေ အစစ်ဖြစ်ဘို့ ခဲယဉ်းနေသော် လည်း သာမဏေအတုကား ဖြစ်ပါပြီ၊ ထို သာမဏေအတုသည် ရှင်သာမဏေများ၏ ကျင့်ဝတ်တို့ကို ရှိသေစွာ စောင့်ထိန်း၍ နေထိုင်ပါမူ လောကမှာလည်း ကဲ့ရှဲဘွယ် အပြစ်မရှိပါ၊ နောင် သံသရာမှာလည်း မကောင်းကျိုး မရ, ကောင်းကျိုးသာ ရဘွယ်ရှိပါသည်၊ သာမဏေ အတုကလေးမျှသာ ဖြစ်၍ ပစ်စလက်ခတ် တော်စွာ လျော်စွာနှင့် သာမဏေ၏ သိက္ခာကို မစောင့်ရှောက်ပါမူကား ဘာသာခြားတို့ အထင်သေးဘွယ်ရာ ဗုဒ္ဓမြတ်စွာ၏ သာသနာတော်ကို အသရေမဲ့အောင် ပြုရာ ရောက်သောကြောင့် ယခုဘဝလည်း အပြစ်မကင်း, သံသရာ မှာလည်း အပါယ် ၄-ပါး အစာသာ ဖြစ်ရှာတော့မည်။

ထို့ကြောင့် မည်သည့် ဆရာ မိဘမဆို သိက္ခာကို မစောင့် ထိန်းနိုင်သေးသော (စောင့်ထိန်းနိုင်သော်လည်း သဒ္ဓါတရား မရှိသော)ကလေးသူငယ်များကို "သင်္ကန်းချီရလျှင် ပြီးရော" ဆိုတဲ့ သဘောဖြင့် သင်္ကန်းဝတ်ပေးကာ ဗုဒ္ဓမြတ်စွာ၏ အထွတ်

အထိပ် သာသနာတော်ကို ကလေးကစားသလို မပြုကြဘို့ အကြောင်း ထပ်လောင်း၍ သတိပေးပါသည်။

ဆယ်ပါးသီလနှင့်စပ်၍ မှတ်ဘွယ်

ဝေရမဏိတွင် ထားရပုံ။ ။သရဏဂုံယူပြီး၍ ရှင်သာမဏေ ဖြစ်လျှင် သိက္ခာပုဒ်ဆယ်ပါးကို အထူးဆောက်တည်ဘွယ် မလို၊ အလိုလိုဆောက်တည်ပြီး ဖြစ်တော့၏၊ ဥပမာ—သိမ်အတွင်း၌ ရဟန်းဖြစ်လျှင်ဖြစ်ခြင်း ဝိနည်း သိက္ခာပုဒ်တော်အားလုံး အထူး မဆောက်တည်ရသဲ့ အလိုလိုဆောက်တည်ပြီး ဖြစ်နေသကဲ့သို့တည်း၊ ထို့ကြောင့် ဤ ရှင်သာမဏေပြုပေးခဏ်းဝယ် ပါဠိတော်အဋ္ဌကထာများ၌ "သိက္ခာပဒံ သမာဒိယာမိ" ဆိုသော (သိက္ခာပုဒ်ဆောက်တည်ပုံပြု) စကားကို မသုံးစွဲဘဲ "ပါဏာတိပါတာ ဝေရမဏိ" တိုင်ရှိသာ အသုံးပြုလေသည်။

အဋ္ဌကထာ။ ။တွေ့ဝဝတာ ဟိ သာမဏေရဘူမိယံ ပတိဋ္ဌိတော ဟောတိ၊ သစေ ပန ဂတိမာ ဟောတိ ပဏ္ဍိတဇာတိကော၊ အထဿ တသ္မိံယေဝ ဌာနေ သိက္ခာပဒါနိ ဥဒ္ဒိသိတဗ္ဗာနိ=သရဏဂုံ ယူပြီးချိန်တိုင်အောင် ဤမျှလောက် ဖြင့် ရှင်သာမဏေအဆင့် တည်ပြီးဖြစ်တော့၏၊ အကယ်၍ ထိုသာမဏေသစ်သည် ဉာဏ်ထက်သူဖြစ်လျှင် ထိုသူအား ထိုသရဏဂုံယူရာ အရပ်၌ပင် သိက္ခာပုဒ်တို့ကို (ဆရာက)ရွတ်ပြထိုက်ကုန်၏၊ (သိက္ခာပုဒ်တို့ကို ရွတ်ပြ၍ ရအောင်ချပေးရမည်-ဟူလို)။ [ဝိနည်းမဟာဝါ ပဗ္ဗဇ္ဇာန္ဒက။]

ဆက်ဦးအံ့—ဤအဋ္ဌကထာ၌ "ဉာဏ်ထက်လျှင် ထိုနေရာမှာပင် ချပေးလိုက်" ဟု ညွှန်ပြသဖြင့် "ဉာဏ်မထက်၍ တခဏနှင့်ရမည့်သူ မဟုတ်လျှင် ဖြည်းဖြည်းမှရအောင် ကျက်ပါစေ" ဟု ခွင့်ပြုရာရောက်၏၊ ထိုသိက္ခာပုဒ်ဆယ်ပါးကိုလည်း ဘုရားမိန့်တော်မူသည့်အတိုင်း ချပေးရမည်ဟု ဆို၏၊ ဘုရားမိန့်တော်မူပုံကား— အနုဇာနာမိ ဘိက္ခဝေ သာမဏေရာနံ ဒသသိက္ခာပဒါနိ တေသု စ သာမဏေရေဟိ သိက္ခိတုံ၊ ပါဏာတိပါတာ ဝေရမဏိံ ။ပ။ ဇာတရူပ ရဇတပဋိဂ္ဂဟဏာ ဝေရမဏိံ" ဤသို့ မိန့်တော်မူသည်။

မှတ်ချက်။ ။ပါဠိတော်၌ "ဝေရမဏိံ" ဟု ရတွဲ့ကဲ့သို့ ဒုတိယာဝိဘတ်ဖြင့် ပြထားသည်မှာ "အနုဇာနာမိ+သိက္ခာပဒါနိ=သိက္ခာပုဒ်တို့ကို+ခွင့်ပြုတော်မူ၏" ဟူသော အပေါင်းဝါကျ၌ သိက္ခာပဒါနိနှင့် လိုက်အောင် ထားခြင်းဖြစ်သည်၊ သိက္ခာပုဒ် ၁၀-ပါးသရုပ်ကို ရေတွက်၍ ပြရာ၌ကား "ဝေရမဏိ" ဟု ပဌမာဝိဘတ်ဖြင့်သာ ပြခွင့်ရှိသည်၊ ပါဠိတော်အတိုင်း အတိအကျ သင်ပြလိုလျှင်လည်း ပါဠိမြန်မာ ၂-မျိုးလုံး သင်ပြသင့်ပါသည်။

ပါဠိလိုချည်း သင်ပြခြင်းကား ပါဠိကို နားမလည်သော မြန်မာကလေးများအတွက် အကျိုးမရပါ၊ ထို့ကြောင့် အဋ္ဌကထာ၌ "တာနိ ပါဠိယံ အာဂတနယေန ဥဂ္ဂဟေတုံ အသက္ကောန္တာသ ယာယ ကာယစိ ဘာသာယ အတ္ထဝသေနပိ အာစိက္ခိတုံ ဝဋ္ဋတိ=ထိုသိက္ခာပုဒ်တို့ကို ပါဠိတော်လာသော နည်းဖြင့် သင်ယူခြင်းငှါ မစွမ်းနိုင်သော သာမဏေများအတွက် မည်သည့်ဘာသာနှင့်မဆို အနက်အဓိပ္ပါယ်အား

ဖြင့်လည်း ပြောပြသင့်၏" ဟု မိန့်တော်မူသည်၊ ထို့ကြောင့် ဤကျမ်းငယ်၌ သိက္ခာပုဒ် ၁၀-ပါးကို ပါဠိမြန်မာ ၂-မျိုးလုံး တဲ့ဘက်၍ ပြထားသော်လည်း မြန်မာလို သက်သက်လည်း ပြောနိုင်, ရှမ်းလူမျိုးဖြစ်လျှင် ရှမ်းလို ဘာသာပြန်၍လည်း ပြောနိုင်ကြောင်းကို သိကြပါလေ။

သိက္ခာပဒံသမာဒိယာမိ မထည့်ရ။ ။အဋ္ဌကထာ၌ "ပါဏာတိပါတာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ= ပါဏာတိပါတမှ ရှောင်ကြဉ်ကြောင်း သိက္ခာပုဒ်ကို ဆောက်တည်ပါ၏" ဟု လူအများ ဆောက်တည်သလို ဆောက်တည်ပုံကို ပဌမပြထားသော်လည်း ထိုနည်းကို "ပါဠိတော်နှင့် ရှေးအဋ္ဌကထာတို့၌ မရှိ" ဟု အဋ္ဌကထာ ဆရာကိုယ်တိုင် ပယ်ခဲ့လေပြီ။ [အနန္တကဋ္ဌကထာယံ ပန "**အဟံ ဘန္တေ ဣတ္ထန္နာမော ယာဝဇီဝံ ပါဏာတိပါတာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ**" တိ ဧဝံ သရဏဒါနံ ဝိယ သိက္ခာပဒဒါနံပိ ဝုတ္တံ၊ တံ နေဝ ပါဠိယံ နာ အဋ္ဌကထာသု အတ္ထိ၊ တသ္မာ ယထာပါဠိယာဝ ဥဒ္ဒိသိတဗ္ဗာနိ၊ ပဗ္ဗဇ္ဇာ ဟိ သရဏဂမနေဟေဝ သိဒ္ဓါ၊ သိက္ခာပဒါနိ ပန ကေဝလံ သိက္ခာပရိပူရဏတ္ထံ ဇာနိတဗ္ဗာနိ။ အဋ္ဌကထာ။]

ပယ်လည်း ပယ်ထိုက်ပေ၏၊ ဘာ့ကြောင့်နည်း.... သာမဏေများမှာ လူတို့ကဲ့သို့ သိက္ခာပုဒ် ၁၀-ပါးကို တမင်လာ ဆောက်တည်ဘွယ် မလိုသောကြောင့်တည်း၊ ဤစကားကို သတိထား၍ ယခုခေတ် ရှင်ပြုပေးရာ သရဏကုံ ထပ်စေရာတို့၌ "သိက္ခာပဒံ သမာဒိယာမိ" မထည့်ဘဲ "ဝေရမဏိ"လောက်တွင်သာ ဆို

စေသင့်ကြပါသည်။ [အဋ္ဌကထာဝယ် လိင်္ဂနာသန ခဏ်း၌ "ဧဝံ သန္တေပိ။ပ။ ပုန ဒါတဗ္ဗာနိ" ဟု လာရာ၌လည်း ဒါတဗ္ဗာနိအရ ဤပြခဲ့သည့်အတိုင်း ၁၀-ပါး သီလချပေးသော အပေးကိုသာ ယူပါ။] ပါဏာတိပါတ-စသော သိက္ခာပုဒ်များကို လိင် ၁၀-ပါး မှတ်ဘွယ်ကျမှ ပြပါမည်။

ဝိကာလဘောဇနာ။ ။နံနက်စောစော အာရုဏ်တက်သည်မှစ၍ နေ့လည် မွန်းတည့်တိုင်အောင် အချိန်သည် ရဟန်းသာမဏေနှင့် ဥပုသ်သည်တို့ ဆွမ်းခံဘွယ် သောက်ဘွယ်တို့ကို စားသောက်နိုင်ရာ အချိန်ကာလမည်၏၊ မွန်းလွဲသည်မှစ၍ နောက် အာရုဏ်တိုင်အောင် ကာလသည် "ဝိကာလ"မည်၏၊ "စားသောက်ဘို့ရာ အချိန်လာလ မဟုတ်" ဟု ဆိုလိုသည်၊ ထိုဝိကာလ၌ ဆွမ်းခံဘွယ်နှင့် လက်ဘက်ရည်စသည်ကို မစားမသောက်ကောင်း၊ စားသောက်လျှင် ဤဝိကာလဘောဇန သိက္ခာပုဒ် ပျက်တော့၏၊ နေ့လွဲအခါ၌ မွတ်သိပ် ဆာလောင်လျှင် ဘိလပ်ရည် ထန်းလျက်ရည်နှင့် ဖျော်ရည်ကို သောက်ကောင်း၏၊ ကြွင်းသော မှတ်ဘွယ်ကို ဆေးပစ္စည်းခဏ်း၌ ပြခဲ့ပြီ။

ပါဠိတော်။ ။ယာမကာလိကံ၊ (မွန်းတည့် သည်မှစ၍ နောက်ဆုံး ညဉ့်ယာမ်ကာလ တိုင်အောင် သောက်ထိုက်သော) ဖျော်ရည်စသည်ကိုဂင်း။ သတ္တာဟကာလိကံ၊ (၇-ရက် ပတ်လုံး စားသုံးထိုက်သော) စတုမဓုစသည်ကိုဂင်း။ ယာဝဇီဝိကံ၊ (အသက်ထက်ဆုံး စားသုံးထိုက်သော) ဆေးကိုဂင်း။ အာဟာရတ္ထာယ၊ အာဟာရ အကျိုးငှါ။

(အကြောင်းထူးမရှိဘဲ စားချင်လို့)။ ပဋိဂ္ဂဏ္ဍာတိ၊ခံယူအံ့။ (အကပ်ခံအံ့။) အာပတ္တိ ဒုက္ကဋ္ဌဿ၊ ဒုက္ကဋ္ဌ်အာပတ်သင့်၏။ အဇ္ဈောဟာရေ အဇ္ဈောဟာရေ၊မျိုတိုင်းမျိုတိုင်း၌။ အာပတ္တိ-ဒုက္ကဋ္ဌဿ၊၏။ပ။ပစ္စယေ၊(ယာမကာလိကအတွက် ဆာလောင်မွတ်သိပ်ခြင်း ငတ်ခြင်း, သတ္တာဟနှင့် ယာဝဇီဝိကအတွက် အနာရောဂါ)အကြောင်းသည်။ သတိ၊ရှိလျှင်။ပရိဘုဥ္ဇတိ၊သုံးဆောင် စားသောက်အံ့။ အနာပတ္တိ၊အာပတ် မသင့်။ ["အာပတ်"ဟူရာဝယ် ရှင်သာမဏေ၌ ဒဏ်ထိုက်၏၊ ဥပုသ်သည်၌ သီလညှိုး၏။]

နစ္စ ဂီတ။ပ။ ဝိသူက ဒဿန။ ။ရဟန်းသာမဏေ ဥပုသ်သည်တို့မှာ ကိုယ်တိုင်မကကောင်း, သီချင်းမဆိုကောင်း, မတီးမှုတ်ကောင်းသည့်ပြင် (ကလေးစသော) သူတပါးကိုလည်း အက, အဆို, အတီး အမှုတ် မခိုင်းကောင်းကြောင်းကို "နစ္စ, ဂီတ, ဝါဒိတ" ဟူသော စကား ၃-ခွန်းဖြင့် ပြ၏၊ သူတို့ဘာသာ ဖြစ်စေ အဖိုးအခပေး၍ ဖြစ်စေ က-ဆို တီးမှုတ်ရာအရပ်သို့ သွား၍ မကြည့်ကောင်းကြောင်း နားမထောင်ကောင်းကြောင်းကို ကား "ဝိသူကဒဿန"ဟူသောစကားဖြင့် ပြသည်။

ဋီကာ။ ။အတ္တနာ နစ္စန နစ္စာပနာဒိဝသေန နစ္စာ စ ဂီတာ စ ဝါဒိတ္တာ စ အန္တမသော မယူရနစ္စာဒိဝသေနာပိ ပဝတ္တာနံ နစ္စာဒီနံ ဝိသူကဘူတာ ("သဗ္ဗပါပဿ အကရဏံ" ဟူသော ဘုရား အဆုံးအမတော်နှင့် မလျော်သဖြင့် ဆန့်ကျင်ဘက် စို့သဘွယ် ဖြစ်သော) ဒဿနာ စ ဝေရမဏီတိ

ဝေမေယ္ယ အတ္ထော ဒဋ္ဌဗ္ဗော။ တေရသကဏ် မဟာခန္ဓက အဖွင့်။

မိမိနေရာအရပ်သို့ ရောက်လာလျှင်ကား ရဟန်းသာမဏေတို့မှာ ကြည့်ရှုနားထောင်သည့် အတွက် သိက္ခာပုဒ်ကား မပျက်ပေ၊ သို့သော် စိတ်ထည်းမှာ သာယာလျှင် (ခုကာလ ပြောသလို) သီလညှိုးဘွယ်ရှိသောကြောင့် မျက်စိအောက် ရောက်လာစေကာမူ ဂရုစိုက်၍ မကြည့်ဘဲ ရှောင်လွှဲနိုင်မှသာ သီလ စင်ကြယ်သည်ဟု ဆိုရပေမည်။ [ဌိတနိသိန္နသယနော-ကာသေ ပန အာဂတံ ဂစ္ဆန္တဿ ဝါ အာပါတဂတံ ပဿတော သိယာ သံကိလေသော နဝီတိက္ကာမော"–ဋီကာ။]

မာလာဂန္ဓ....ဌာန။ ။"မာလာ+ဂန္ဓ+ဝိလေပန" ၃-ပုဒ်ကို "ဓာရဏ+မဏ္ဍန+ဝိဘူသန" ၃-ပုဒ်နှင့် အစဉ်အတိုင်းတွဲ၍ "မာလာဓာရဏ=ပန်းကိုဆောင်ခြင်း ပန်ခြင်း"နိမ့်ရာအရပ်ကို ပြည့်လာအောင် ဖို့သိပ်ကောင်းသော သနပ်ခါး စသည်ကို "ဂန္ဓ=နံ့သာ"ဟု ခေါ်၍ ထိုနံ့သာဖြင့် ကျောက်ပေါက်ရာ စသည်၌ ဖို့သိပ်ခြင်းကို "ဂန္ဓ မဏ္ဍန"ဟု ခေါ်၏။

ရေမွေးစသော မွေးကြိုင်သော အနံ့, အရေအဆင်း ကြည်လင်လှပအောင် လိမ်းကျံခြယ်လှယ်ရသော မျက်နှာချေ ပေါင်ဒါမှုန့် စသည်ကို "ဝိလေပန"ဟု ခေါ်၍ ထိုရေမွေး မျက်နှာချေ စသည်တို့ဖြင့် ဆွတ်ဖျန်း လိမ်းကျံခြင်းကို "ဝိလေပန ဝိဘူသန"ခေါ်၏၊ ထိုသို့ ပန်းပန်ခြင်း, နံ့သာပြစ်တို့ဖြင့် နိမ့်ရာအရပ်ကို ဖို့သိပ်ခြင်း, ရေမွေး မျက်နှာချေ စသည်တို့ဖြင့် ဆွတ်ဖျန်း လိမ်းကျံခြင်း၏ အကြောင်းရင်း

ဖြစ်သော စေတနာကို "ဌာန"ဟု ခေါ်သည်။ [ဤကား အများယူရိုးဖြစ်၏၊ ဤကျမ်းအယူကို နောက်၌ မှတ်ချက် ပြအံ့။]

အဋ္ဌကထာ။ ။မာလာတိ ယံ ကိဉ္စိ ပုပ္ပံ။ ဂန္ဓန္တိ ယံ ကိဉ္စိ ဂန္ဓ-ဇာတံ။ ဝိလေပနန္တိ ဆဝိရာဂ ကရဏံ။ တတ္ထ ပိဋ္ဌန္ဓန္တော ဓာရေတိ နာမ=ပန်းပန်သူသည် ပန်းကိုဆောင်သူ မည်၏။ ဦနဋ္ဌာနံ ပူရေန္တော မဏ္ဍေတိ နာမ=သနပ်ခါးနံ့သာ ပြစ်တို့ဖြင့် နိမ့်ရာအရပ်ကို ပြည့်အောင် ဖို့သိပ်သူသည် အသား အရေကို တန်ဆာဆင်သူမည်၏။ဂန္ဓဝသေန ဆဝိရာဂဝသေန စ သာဒယန္တော ဝိဘူသေတိ နာမ=အနံ့ကိုဖြစ်စေ အသားအရေ တပ်စွဲဘွယ်ရှိအောင်ဖြစ်စေ သာယာသူသည် လိမ်းကျံ ခြယ် လှယ်သူ မည်၏။ [သီလက္ခန်စသည်။]

မှတ်ချက်။ ။ဤအဋ္ဌကထာ၌ "ပိဋ္ဌန္ဓန္တော ဓာရေတိ နာမ" ကို ထောက်၍ မာလာနှင့် ဓာရဏတွဲ၍ အနက် အဓိပ္ပါယ် ယူရမည်မှာ သေချာ၏၊ ထို့အတူပင် ဂန္ဓနှင့် မဏ္ဍန, ဝိလေပနနှင့် ဝိဘူသနကိုလည်း တွဲစပ်၍ အနက်အဓိပ္ပါယ် မှတ်လေ့ ရှိကြ၏၊ ထိုမှတ်သားမှုကိုကား စဉ်းစားသင့်၏၊ ထင်ရှားစေအံ့—ဂန္ဓန္တိ ဝါသစုဏ္ဏဓူမာဒိကံ (နံ့သာအမှုန့်, နံ့သာအခိုး=အမွေးတိုင်အစရှိသော) ဝိလေပနတော အညံ ယံကိဉ္စိ ဂန္ဓဇာတံ (ဝိလေပနတွင် မပါဝင်သော အမွေးအကြိုင် ဟူသမျှ=ရေမွေးနံ့သာဆီစသည်၊) ဝိလေပနန္တိ ဝိလေပနတ္ထံ (လိမ်းဘို့ရာ) ပိသိတွာ ပဋိယတ္တံ(ကြိတ်ချေ၍ စီမံအပ်သော) ယံကိဉ္စိ ဆဝိရာဂကရဏံ (သူကို လိမ်းလျှင် အရေအဆင်း

လှပသော သနပ်ခါး, မျက်နှာချေ, ပေါင်ဒါမှုန့်) – [တေရသ-ကဏ်ဋီကာ။]

"ဦနဋ္ဌာနံ ပူရေန္တော မဏ္ဍေတိ နာမ" အရ ကျောက် ပေါက်ခွက်စသော နိမ့်ရာအရပ်ကို ဖြည့်သိပ်ရာ၌ နံ့သာအမှုန့် စသော ပြခဲ့သော ဂန္ဓများဖြင့် ဖို့သိပ်၍ မဖြစ်၊ ဝိလေပနတွင် ပါဝင်သော သနပ်ခါးနံ့သာအပြစ်တို့ဖြင့်သာ ဖို့သိပ်၍ ဖြစ် စရာရှိ၏၊ "ဂန္ဓဝသေန ဆဝိရာဂဝသေန စ သာဒယန္တော ဝိဘူ-သေတိ နာမ"၌လည်း ဂန္ဓဝသေနကို ထောက်၍ ဂန္ဓနှင့်ရော ဝိလေပနနှင့်ရော ဝိဘူသနကို တွဲစေလိုကြောင်း ထင်ရှား၏။

ထို့ကြောင့် "မာလာ+ဂန္ဓ+ဝိလေပန" ၃-ပုဒ်၌ "ဓာရ-ဏ+မဏ္ဍန+ဝိဘူသန"၃-ပုဒ်နှင့် အစဉ်အတိုင်း တွဲစပ်ရသော ယထာသင်္ချာနည်းဟု မယူဘဲ ရသင့်သလို တွဲစပ်ရသော ယထာ လာဘယောဇနာနည်းဟုသာ ယူသင့်မည် ထင်သည်။ [ခုဒ္ဒက အဋ္ဌကထာ၌ "မာလာဒီသု ဓာရဏာဒီနိ ယထာသင်္ချံ ယော-ဇေတဗ္ဗာနိ" ဟူသော အဖွင့်ကိုလည်း မဟာခန္ဓကအဖွင့် တေရသကဏ် ဤဋီကာသည်ပင် နှစ်သက်ဟန် မတူ၊ ထို့ ကြောင့် "ခုဒ္ဒကဋ္ဌကထာယံ။ပ။ ဧတ္တကမေဝ ဝုတ္တံ=ခုဒ္ဒက အဋ္ဌကထာ၌ (သေချာစွာ ရှင်း၍ မဖွင့်ဘဲ) အစဉ်အတိုင်း တွဲစပ်ရမည်ဟု ဤမျှလောက်သာ ဆိုသည်"ဟု မနှစ်သက်သံ ဖြင့် ဖွင့်သွားလေသည်။]

ဥစ္စာသယန မဟာသယန။ ။"ဥစ္စာသယန= မြင့်သောနေ ရာ" ဟူသည် တတောင့်ထွာ ထက် မြင့်သော ခြေရှိသော ထိုင်ခုံ ခုတင်စသော နေရာ များတည်း၊ အခြေတတောင့်ထွာထက်ပိုနေလျှင် ထိုပိုသော

အခြေကို ဖြတ်ပြီးမှသာ ထိုင်ကောင်း အိပ်ကောင်းသည်၊ အခြေခွဲ ခြေသေ့ရုပ် ကျားရုပ်စသော တောကောင် သားရဲ ရုပ်ပါသော ပလ္လင်လည်း ဥစ္စာသယနဟုပင် (ခုဒ္ဒသိက္ခာဋ္ဌီကာ ဋ္ဌ) ဆိုသတတ်၊ "မဟာသယန"ဟူသည် ရဟန်းသာမဏေတို့ "မထိုင်ကောင်း မအိပ်ကောင်း" ဟု ဘုရားပညတ်တော် မူထားသော အခမ်းအနား ဆန်းကြယ်သော အခင်းများ တည်း။

ထို မဟာသယနတချို့ကား–ဂေါနက=လက် ၄-သစ်ထက် လွန်အောင် အမွေးရှည်သော ကော်ဇောကြီး၊ စိတ္တက= အကွက်အပြောက်တို့ဖြင့် ဆန်းကြယ်စွာ ချုပ်အပ် ယက်အပ် သော သားမွေးအခင်း၊ ပဋိက=ဆေးရောင်အမျိုးမျိုးမဆိုးဘဲ အဖြူထည်သက်သက် သားမွေးဖြင့် ယက်အပ်သော အခင်း၊ ပဋလိက=ပန်းပြောက်ခြယ်လျက် သားမွေးဖြင့် ယက်အပ် သောအခင်း၊ တူလိက=လဲဝါကွမ်း အဆာသွတ်ထားသော အခင်း၊ ဤသို့စသည်ဖြင့် မဟာသယန များစွာရှိ၏။

မှတ်ချက်။ ။ယခုခေတ် သိုးမွေးကော်ဇော အခင်းများ သည်ဤမဟာသယနဥ္စာပါဝင်နေသောကြောင့် ခုတင် ကုလားထိုင်ပေါ်၌ခင်း၍ ရဟန်းသာမဏေ ဥပုသ်သည် တို့ မအိပ်မထိုင်ကောင်း၊ ကြမ်းပြင်ပေါ်၌ကား ခင်း၍ ထိုင် ကောင်း အိပ်ကောင်းပါ၏၊ လဲသွတ်ထားသော မွေ့ရာဖုံ (ထိုင်စရာ) ကိုမူ ဘယ်မှာမှ မအိပ် မထိုင်ကောင်း၊ ["အနု-ဇာနာမိ ဘိက္ခဝေ အာသန္ဒိယာ ပါဒေ ဆိန္ဒိတ္ဝာ ပရိဘုဉ်္ဇိတုံ

။ပ။ အဝသေသံ ဘူမတ္ထရဏံ(မြေပြင် ကြမ်းပြင်ပေါ်၌ အခင်း ကို) ကာတုံ" [သေနာသနက္ခန္ဓက ပါဠိတော်။]

တရံတခါ ဆွမ်းကျွေး တရားနာစသော ကိစ္စများ၌ လူတို့ က ခုတင် ကုလားထိုင်ပေါ်မှာ ခင်းပေးသော်လည်း လဲဝါကွမ်း အဆာသွတ်သော အခင်း၌ မထိုင်ကောင်း၊ ဂေါနက စသော ကော်ဇောများ၌ကား ထိုင်ကောင်း၏၊ ထို ဂေါနက စသည် ၌လည်း လဲလျောင်းရှိကား မအိပ်ကောင်း။ ["အနုဇာနာမိ ဘိက္ခဝေ ထပေတ္ဝာ တိဏိ (အာသန္ဒိံ ပလ္လင်္ကံ တူလိကံ) ဂိဟိဝိကတံ အဘိနိသီဒိတုံ၊ နတ္ထေဝ အဘိနိပဇ္ဇိတုံ"။]

ဇာတရူပ ရဇတ ပဋိဂ္ဂဟဏ။ ။ဇာတရူပ = ရွှေ+ရဇတ= ငွေ၊ "ငွေ"ဟူသော စကား၌ အရောင်းအဝယ်လုပ်နိုင်သော ငွေစက္ကူများလည်း ပါဝင်၏၊ "ပဋိဂ္ဂဟဏ = ခံယူခြင်း" ဟူရာ၌ ငွေလှူလျှင် ကိုယ်တိုင် အလှူခံခြင်း, သို့မဟုတ် ကပ္ပိယ တယောက်ယောက်ကို (ယူလိုက်ပါ စသည်ဖြင့်) ခံယူစေခြင်း, "အရှင်ဘုရားအား လှူပါ၏ဟုပြော၍ အနီး၌ ချထားသည်ကို (တနေရာ၌ အပ်နှံ ထားသည်ကို) စိတ်ဖြင့် သာယာခြင်း ဤ ၃-မျိုးလုံး ပါဝင်၏၊ ရဟန်းများ၌ ခံယူလျှင် ပါစိတ်အာပတ်သင့်၏၊ ကိုင်လျှင် (အနာမာသဒုက္ကဋ်) အာပတ်သင့်၏၊ ရှင်သာမဏေနှင့် ၁၀-ပါးသီလ ဥပုသ်သည်များမှာ ဤသိက္ခာပုဒ် ပျက်၏။

အဋ္ဌကထာ။ ။ဇာတရူပန္တိ သုဝဏ္ဏံ။ ရဇတန္တိ ကဟာ-ပဏော၊ (ကျပ်) လောဟမာသကော (ကြေး ပဲပိုက်ဆံ) ဇတုမာသကော (ခဲပိုပဲပိုက်ဆံ) ဒါရုမာသကော (သစ်သားပဲပိုက်ဆံ) ယေ ဝေါဟာရံ ဂစ္ဆန္တိ (ရောင်းဝယ်၍

ဖြစ်နိုင်သမျှအားလုံး) တဿ ဥဘယဿာပိ ပဋိဂ္ဂဟဏာ ပဋိဝိရတော၊ နေဝ နံ ဥဂ္ဂဏ္ဍာတိ (ကိုယ်တိုင်လည်း မယူ)၊ နဥဂ္ဂဏ္ဍာပေတိ (သူတပါးကိုလည်း ခံယူဘို့မခိုင်း)၊ နဥပ-နိက္ခိတ္တံ သာဒယတိ (အနီး၌ချထား၍, တနေရာ၌ အပ်နှံထား၍ လှူသည်ကိုလည်း မသာယာ၊) သီလက္ခန် ဗြဟ္မ-ဇာလသုတ်။

ဥပဇ္ဈာယ်ယူပုံနှင့်စပ်၍ မှတ်ဘွယ်

ဥပဇ္ဈာယ်ဆရာ။ ။သရဏဂုံပေးသော ဆရာကို ပဗ္ဗဇ္ဇာစရိယ (ရှင်ပြုပေးသော ဆရာ) ဟု ခေါ်၏၊ သာမဏေ ဖြစ်ပြီးသောအခါ ဥပဇ္ဈာယ် ယူစေရသေး၏၊ မယူစေလျှင် "နဘိက္ခဝေ အနုပဇ္ဈာယကော ပဗ္ဗာဇေတဗ္ဗော, ယော ပဗ္ဗာဇေယျ၊ အာပတ္တိ ဒုက္ကဋ္ဌဿ" ဟူသော ပညတ်တော်အရ ရှင်ပြုပေးသူမှာ ဒုက္ကဋ္ဌ အာပတ်သင့်၏၊ "ဥပဇ္ဈာယ်ဆရာ" ဟု "စိတ်ထည်း၌ မှတ်ယူထားခြင်းကို ဥပဇ္ဈာယ်ယူခြင်း" ဟု ခေါ်၏၊ ထိုသို့ ဥပဇ္ဈာယ် ယူသောအခါ "ပါသာဒိကေန သမ္ပာဒေဟိ (သမ္ပာဒေထ)" ဟု ဆိုရှ် ဥပဇ္ဈာယ်ဆရာဖြစ်ကြောင်း အသိပေးခြင်းကို "ဥပဇ္ဈာယ်ပေးခြင်း" ဟု ခေါ်၏။

လူတို့၌ မိဘသည် အရေးကြီးဆုံး ဖြစ်သကဲ့သို့ သာသနာတော်၌လည်း ဥပဇ္ဈာယ်ဆရာသည် အရေးကြီးဆုံး ဖြစ်၏၊ မိဘသည် သားသမီး၏ အပြစ်ကြီး အပြစ်ငယ်ကို အမြဲ ကြည့်ရှုဆုံးမသကဲ့သို့ ဥပဇ္ဈာယ် ဆရာလည်း တပည့်၏ အပြစ်ကြီး အပြစ်ငယ်များကို အမြဲမပြတ် ကြည့်ရှုဆုံးမရသည်၊ (ဥပ= အမြဲကပ်၍ + ဈာယ = ကြည့်ရှု ဆုံးမ တတ်သော ဆရာ)၊

သရဏဂုံပေးသောဆရာကား လောက၌ ဘကြီး ဘထွေးများကဲ့သို့ ဥပဇ္ဈာယ် ကွယ်ရာ၌ ဖြစ်တတ်သော အပြစ်များကို ကြည့်ရှု ဆုံးမရသည်။

ဥပဇ္ဈာယ်ပေးရာ၌ ဆိုဘွယ်များ။ ။တပည့်က "ဥပဇ္ဈာယော မေ ဘန္တေ ဟောဟိ" ဟု ၃-ခေါက်ဆိုရှ် ဥပဇ္ဈာယ်ယူသောအခါ "သာဟု(ကောင်းပြီ)" ဟုဋင်း, လဟု(သင့်ကို ကြည့်ရှုဆုံးမဘို့ရာ ငါ့မှာ ဝန်မလေးပါ, ပေါ့ပါ၏)ဟုဋင်း, ဩပါယိကံ (သင်၏ ဥပဇ္ဈာယ်ယူခြင်းသည် နည်းလမ်းကျပါ၏)ဟုဋင်း, ပဋိရူပံ (သင်၏ ဥပဇ္ဈာယ်ယူခြင်းသည် သင့်လျော် လျောက်ပတ်ပါ၏)ဟုဋင်း, "ပါသာဒိကေန သမ္ပာဒေဟိ" ဟုဋင်း ဤ ၅-မျိုးတွင် အလိုရှိရာ တမျိုးမျိုးကို ဆိုရှ် ဥပဇ္ဈာယ်ပေးနိုင်၏၊ ယခုအခါ၌ကား နောက်တမျိုးကိုသာ ဆိုရှ် ဥပဇ္ဈာယ်ပေးလေ့ ရှိကြပါသည်။

ပါသာဒိကေန။ ။"ပါသာဒိကေန" ကို "ပသာဒါဝဟေန ကာယဝစီပယောဂေန" ဟုဋင်း, "သမ္ပာ-ဒေဟိ" ကို "တိဝိဓသိက္ခံ နိပ္ပါဒေဟိ" ဟုဋင်း တေရသကဏ် ဋီကာ ဖွင့်သောကြောင့် ထိုအဖွင့်အတိုင်း "ကြည်ညိုဘွယ်ကို ဆောင်သော ကိုယ်အမူအရာ နှုတ်အမူအရာဖြင့် ၃-ပါးသော သိက္ခာကို ပြီးစီးစေလော" ဟု မြန်မာပြန်ပါ၊ "ပါသာဒိကေန-ကြည်ညိုဘွယ်ကို ဆောင်သော ကိုယ်အမူအရာ နှုတ်အမူအရာ နှင့်၊ သမ္ပာဒေဟိ–ပြည့်စုံစေလော" ဟု အနက်ပေးကြသည်မှာ သဒ္ဒါစည်းကမ်း မကျချေ။

ဆက်ဦးအံ့–သမ္ပာဒေဟိကို "နိပ္ပါဒေဟိ(ပြီးစီးစေလော)" ဟု ဖွင့်သော ဋီကာ အလိုအားဖြင့် သံပုဗ္ဗ ပဒဓာတ် ကာရိတ်

ဏေပစ္စည်းဖြင့် ပြီးသော သမ္ပာဒေဟိပုဒ်သည် "သမ္ပန္နံ-သမန္နာ-ဂတံ" တို့ကဲ့သို့ ဤနေရာ၌ သဟာဒိယောဂကို ငဲ့သော သဟာ-ဒိယောဂဝန္တပုဒ် မဟုတ်၊ "ပါသာဒိကေန သမ္ပာဒေဟိ–ကြည်ညိုဘွယ်ကိုဆောင်သော ကိုယ် နှုတ်အမူအရာဖြင့် ၃-ပါးသော သိက္ခာကို ပြီးစီးစေလော=ပြီးစီးအောင် အားထုတ်လော" ဟုသာ တိုက်တွန်းခြင်းဖြစ်သည်၊ အများသုံးရိုး အနက်အားဖြင့် "သမ္ပာဒေဟိ– ပြည့်စုံစေလော" ဟု ပေးစေကာမူ "တိဝိဓသိက္ခံ" ဟူသော ကာရိတ်ကံကိုကား ထည့်ရမည်သာ၊ "အပ္ပမာဒေန သမ္ပာဒေထ" ဟု လာရာ၌လည်း ဤနည်းပင်တည်း။

အာမဘန္တေ။ ။ဥပဇ္ဈာယ်ဆရာက "ပါသာဒိကေန သမ္ပာ-ဒေဟိ" ဟု ဆို၍ ဥပဇ္ဈာယ်ပေးပြီးသော အခါ ယခုခေတ်၌ "အာမ ဘန္တေ" ဟု တပည့်က ဝန်ခံစကား ဆိုကြသေး၏၊ ထိုစကားသည် လိုရင်းမဟုတ်၊ တပည့်က ဥပဇ္ဈာယ်ယူခြင်း, ဆရာက ဥပဇ္ဈာယ်ပေးခြင်း ဤ ၂-မျိုးသာ လိုရင်းဖြစ်သည်၊ ထို့ကြောင့် မဟာဝါအဋ္ဌကထာ (ဥပဇ္ဈာယ-ကထာ)၌ "အာယာစနဒါနမတ္တေန ဟိ ဂဟိတော ဟောတိ ဥပဇ္ဈာယော=တပည့်က ဥပဇ္ဈာယ်ဆရာ ဖြစ်တော်မူပါဟု တောင်းပန်ခြင်း၊ ဆရာက ဥပဇ္ဈာယ်ပေးခြင်းမျှဖြင့် ဥပဇ္ဈာယ်ယူပြီး (ဥပဇ္ဈာယ်ဆရာဟု အသိအမှတ်ပြုပြီး)ဖြစ်တော့သည်၊ န ဧတ္ထ သမ္ပဋိစ္ဆနံ အင်္ဂံ=ဤ ဥပဇ္ဈာယ်ယူရာ၌ တပည့်က "သာဓု" ဟု ဆို၍ ဖြစ်စေ "အာမ ဘန္တေ" ဟု ဆို၍ ဖြစ်စေ ဝန်ခံခြင်းသည် လိုရင်းအင်္ဂါမဟုတ်" ဟု မိန့်တော်မူသည်။

မှတ်ချက်။ ။ဥပဇ္ဈာယ်ဆရာသည် မိဘကဲ့သို့ အမြဲ ကြည့်ရှု ဆုံးမရမည့် ဆရာရင်းဖြစ်ကြောင်း ပြခဲ့ပြီ၊ ယခုအခါ၌ကား ရဟန်းခံခါနီးဝယ် ဥပဇ္ဈာယ်အင်္ဂါနှင့် ပြည့်စုံ၍ အမြဲ အတူနေမည့် ဆရာရင်းရှိပါလျက် အတူနေမဟုတ်သော ဂုဏ်ကြီး ဝါကြီး မထေရ်ကြီများကို ဥပဇ္ဈာယ်ပြု၍ ရဟန်းခံလေ့ရှိကြ၏၊ ထို အငှါးဆရာနှင့် တပည့်ရဟန်းတို့သည် အတော်ကြာလျှင် (စောင့်ရှောက် ဆုံးမဘို့ကို မဆိုထားဘိ) ကိုယ့်တပည့်မှန်းပင် မသိတော့ချေ၊ ထို့ကြောင့် အငှါးဆရာထက် အရင်းဆရာကိုသာ(အင်္ဂါလုံလောက်ပါလျှင်)ဥပဇ္ဈာယ်ပြုသင့်ကြသည်။

ဥပဇ္ဈာယ်ပြောင်းနိုင်ပုံ။ ။န ဘိက္ခဝေ အညဿ ပရိသာ အပလာဋ္ဌေတဗ္ဗာတိ ဧတ္ထ သာ-မဏေရာ ဝါ ဟောန္တု ဥပသမ္ပန္နာ ဝါ၊ အန္တမသော ဒုဿီလ-ဘိက္ခုဿာပိ ပရဿ ပရိသဘူတေ ဘိန္ဒိတွာ ဂဏ္ဍိတုံ န ဝဋ္ဌတိ = သာမဏေဖြစ်ဖြစ် ရဟန်းဖြစ်ဖြစ် သူပရိသတ်ကို ဖြားယောင်း၍ မယူအပ်၊ အယုတ်သဖြင့် ဒုဿီလရဟန်း၏ ပရိသတ်ကိုသော်မှလည်း ခွဲ၍ မယူအပ်။

အာဒီနဝံ ပန ဝတ္တုံ ဝဋ္ဌတိ–"တယာ နှာယိတုံ အာဂတေန ဂူထမက္ခနံ ဝိယ ကတံ ဒုဿီလံ နိဿာယ ဝိဟရန္တေန=ဒုဿီလ ဆရာကို မှီ၍နေသော သင်ဟာ ရေချိုးမည်ဟု လာပြီး မစင်ဖြင့် သုတ်လိမ်းမှုကို ပြုနေတာနဲ့ တူနေပြီ၊ သစေ သော သယမေဝ ဇာနိတွာ ဥပဇ္ဈာယံ ဝါ နိဿယံ ဝါ ယာစတိ, ဒါတုံ ဝဋ္ဌတိ=(ဒီလိုပြောတာနဲ့)သူဘာသာ သဘောပေါက်ပြီး ကိုရင်ဖြစ်သူက ဥပဇ္ဈာယ်တောင်းလျှင် ဥပဇ္ဈာယ်ပေး

ကောင်း၏၊ ရဟန်းဖြစ်သူက နိဿယည်းတောင်းလျှင် နိဿယည်း ပေးကောင်း၏။ ဤစကားအရ "သာမဏေများသည် ပဌမ ဥပဇ္ဈာယ်ဆရာနှင့် ကဲ့ကွာနေသောအခါ ဖြစ်စေ, နဂို ဥပဇ္ဈာယ်ကို သဘောမကျ၍ဖြစ်စေ ဥပဇ္ဈာယ်အသစ် ပြောင်း၍ ယူကောင်း၏"ဟု မှတ်ပါ။

လိင်ဆယ်ပါးနှင့်စပ်၍ မှတ်ဘွယ်

"အနုဇာနာမိ ဘိက္ခဝေ ဒသဟင်္ဂေဟိ သမန္နာဂတံ သာမဏေရံ နာသေတုံ" စသည်ဖြင့် ပါဏာတိပါတမှု စသော ဆယ်ပါးကို သာမဏေ၏ အသွင်ကို ဖျက်၍ လူထွက်စေ ကြောင်း အင်္ဂါဟု ဟောတော်မူ၏၊ ထို ၁၀-ပါးတွင်—

ပါဏာတိပါတ။ ။ကုန်ထွက်ပိုလွှဲကမ္မိ မာရေတ္ဝာ မင်္ဂုရဏ္ဍကမ္မိ ဘိန္ဒိတ္ဝာ နာသေတဗ္ဗတံယေဝ ပါပုဏာတိ=ခြေ, ပရွက်ကိုသော်လည်း သတ်လျှင်၎င်း၊ ကြမ်းပိုးဥကို သော်လည်း တုတ်လျှင် ခွဲလျှင်၎င်း ဖျက်ဆီးထိုက်သူ၏ အဖြစ်သို့သာ ရောက်၏။

တာဝဒေဝဿ သရဏဂမနာနိ စ ဥပဇ္ဈာယဂ္ဂဟဏဉ္စ သေနာသနဂ္ဂါဟော စ ပဋိပဿမ္ဘတိ၊သံဃလာဘံ န လဘတိ၊ လိင်္ဂမတ္တမေဝ ကေ အဝသိဋ္ဌံ ဟောတိ=ထို ပါဏာတိပါတမှုကို ပြုသည့် ခဏ၌ပင် သူ၏ (ရှေးက ယူထားသော) သရဏကို ၃-ပါးသည်၎င်း၊ ဥပဇ္ဈာယ်သည်၎င်း၊ နေတို့ရာ ခံယူထားသော သံဃိကကျောင်း ခံယူခြင်းသည်၎င်း ငြိမ်းပျောက် ပြတ်စဲတော့၏၊ သံဃာလာဘ်ဟူသမျှ မရထိုက်တော့၊ သင်္ကန်းဝတ်ထားသည့် အသွင်တခုသာ ကျန်တော့သည်။

သော သစေ အာကိဏ္ဏဒေါသော၁ ဟောတိ, အာယတိံ သံဝရေ န တိဋ္ဌတိ, နိက္ကစိုတဗ္ဗော = သူသည် အကယ်၍ အပြစ်တွေ့ ဗလပ္ပေရှုပ်နေသူ (အဒိန္နာဒါန, မုသာဝါဒမှု စသည်ဖြင့် အမှုပွေနေသူ) ဖြစ်အံ့, နောင်ခါ စောင့်စည်မှုဌ် မတည်သူဖြစ်အံ့ တခါးတည်း နှင်ထုတ်လိုက်ရမည်။

အထ သဟသာ ဝိရဇ္ဈိတ္ဝာ ဒုက္ကဋံ မယာ ကတန္တိ ပုန သံဝရေ ဌာတုကာမော ဟောတိ၊ လိင်္ဂနာသနကိစ္စံ နတ္ထိ, ယထာ နိဝတ္ထပါရုတဿေဝ သရဏာနိ ဒါတဗ္ဗာနိ, ဥပဇ္ဈာယော ဒါတဗ္ဗော=သို့မဟုတ် ရုတ်တရက် ချုတ်ယွင်းမိပြီး နောက်၌ "ငါ့ကောင်းတာ လုပ်မိပြီ" ဟု တွေး၍ နောက်ထပ် စောင့်စည်းမှုဌ် တည်လိုသူဖြင့်လျှင် သာမဏေ၏အသွင်ကို ဖျက်၍ လူထွက်စေဘွယ် မလိုတော့၊ နဂိုဝတ်မြဲ ရန်းမြဲ အတိုင်းပင် သရဏကုံပေး၍ ဥပဇ္ဈာယ်လည်း ပေးရမည်။

မှတ်ချက်။ ။ပြစ်မှု မကျူးလွန်လျှင် သရဏကုံထပ်ဘွယ်မလို၊ ပြစ်မှု ကျူးလွန်ပြန်လျှင်လည်း နောက်ထပ် စောင့်စည်းပုံမရလျှင် သရဏကုံ ပေးဘွယ်ပင် မလို၊ နှင်ထုတ်ခံသာ ရှိ၏၊ ယခုကာလ၌ကား ပြစ်မှု မကျူးလွန်ဘဲနှင့်လည်း ဥပုသ်နေ့၌ သရဏကုံထပ်စေရိုး ရှိကြ၏၊ အတော် မကောင်းနေသော သာမဏေအားလည်း သရဏကုံ ထပ်ပေးလေ့ရှိကြ၏၊ ထိုတွင် ဥပုသ်နေ့၌ ပြစ်မှုမရှိဘဲ သရဏကုံ ထပ်စေခြင်းမှာ အပြစ်မဟုတ်သော်လည်း အတော်မကောင်းသော သာမဏေကို နှင့်၍ မထုတ်ခြင်းမှာ တာဝန်မကြေဘဲ ရှိသည်၊ သို့သော် သူ့ကို နှင်ထုတ်လျှင် ဘေးအန္တရာယ် ဖြစ်ဘွယ်ရှိ၍ "သူအပြစ်နှင့်သူ ထင်ရှားလိမ့်မည်" ဟု သဘောထားလျှင်ကား သင့်

တော်စရာ ရှိပေသေး၏၊ သရဏကုံ ထပ်စေပြီးနောက်လည်း ဥပဇ္ဈာယ် ထပ်၍ ယူစေရမည်။

သိက္ခာပဒါနိ ပန သရဏဂမနေနေဝ ဣဇ္ဈန္တိ။ပ။ ဧဝံသန္တေပိ ဒဋ္ဌကရဏတ္ထံ အာယတိ သံဝရေ ပတိဋ္ဌာပနတ္ထံ ပုန ဒါတဗ္ဗာနိ=သိက္ခာပုဒ်တို့ကား သရဏကုံ ယူခြင်းဖြင့်ပင် ပြီးစီးကုန်တော့၏၊ သို့သော်လည်း (မြဲရာ သံပတ်သက့ဲသို့) ခိုင်မြဲစေခြင်း, နောင်ခါ စောင့်စည်းစေခြင်းအကျိုးငှါ နောက်ထပ် ပေးထိုက်ကုန်၏၊ ["ပေး"ဆိုသော်လည်း သိက္ခာပုဒ် ၁၀-ပါးကို ချပေးတဲ့ အပေးဖြစ်သည်၊ သမာဒိယာမိထည့်၍ ဆောက်တည်စေခြင်း မဟုတ်။]

အဒိန္နာဒါနေ တိဏသလာကမတ္တောနာပိ ဝတ္ထုနာ=အဒိန္နာဒါနဉ် အဖိုးမထိုက်သော မြက် ဝါးခြမ်းကလေးမျှလောက် ဝတ္ထုကို ယူခြင်းကြောင့်လည်း လိင်ကျ၏။

အပြဟ္မစရိယေ တီသု မဂ္ဂေသု ယတ္ထ ကတ္ထစိ ဝိပ္ပဋိပတ္တိယာ=အပြဟ္မစရိယဉ် ဝစ္စ, ပဿာဝ, မုခ မဂ် ၃-ခုတို့တွင် တခုခု၌ ဖောက်လဲဖောက်ပြန် ကျင့်မှုကြောင့် လိင်ကျ၏။

မုသာဝါဒေ ဟသာဓိပ္ပါယတာယပိ မုသာ ဘဏိတေ အာသမဏော ဟောတိ၊ နာသေတဗ္ဗတံ အာပဇ္ဇတိ=မုသာပါဒဉ် ဖြောင်သလို လှောင်သလို မုသား ပြောခြင်းကြောင့်လည်း သမဏ(သာမဏေ)မဟုတ်တော့၊ အသွင်ကို ဖျက်ဆီးထိုက်တော့၏။

မှတ်ချက်။ ။"ကျီစားသလို မုသား ပြောရုံမျှဖြင့် လိင်ကျ၏"ဟု ဆိုထား၏၊ ယခုကာလ၌ ကျီစား

သလို ပြောင်သလို မုသားပြောရမှာ ဝန်မလေးကြ၊ အပြစ်ဧာစုံတရာကို ဆရာများက စစ်ဆေးမေးမြန်းလျှင် အတင်းလိမ်ကြတော့၏၊ (အလွန် စိတ်ပျက်စရာပင်၊) ထိုသို့ လိမ်ပြောရမှာ ဝန်မလေးသူသည် နောင်ခါ သာသနာတော်၌ ကြီးပွါးလိမ့်မည်လည်း မဟုတ်၊ ထို့ကြောင့်ပင် ဘုရားရှင်သည် ရှင်ရာဟုလာအား ၇-နှစ်အရွယ်၌ မုသားမပြောမိဘို့ရန် ကြပ်တည်းစွာ သြဝါဒပေးတော်မူပေသည်။ [ရာဟုလာဝတ္ထုကို ရှေ့၌ ပြခဲ့ပြီ။]

မဇ္ဈပါနေ ပန ဘိက္ခုနော အဇာနိတ္ဝာပိ ဗီဇတော ပဋ္ဌာယ မဇ္ဇံ ပိဝန္တသ္သ ပါစိတ္တိယံ၊ သာမဏေရော ဇာနိတ္ဝာ ပိဝန္တော၁ သီလဘေဒံ အာပဇ္ဇတိ=သေရည်သောက်မှု၌ကား ရဟန်းမှာ မဇ္ဇမှန်း မသိသော်လည်း မဇ္ဇလုပ်ဘို့ မျိုးစေ့ကစ၍ သောက်လျှင် ပါစိတ်အာပတ် သင့်၏၊ သာမဏေကား မဇ္ဇမှန်းသိလျက် သောက်မှ သီလပျက်သည်။ [ဘုရားရှင်၏ အပြစ်ပြောခြင်းစသော ၅-ပါးကား ရှေ့၌ပြခဲ့သော အကျဉ်းမျှဖြင့် သိသာလောက်ပြီ။]

ဒဏ် ၁၀-ပါးနှင့် စပ်၍ မှတ်ဘွယ်

ဒဏ် ၁၀-ပါး။ ။"အနုဇာနာမိ ဘိက္ခဝေ ပဥ္စဟင်္ဂေဟိ သမန္နာဂတဿ သာမဏေရဿ ဒဏ္ဍကမ္မံ ကာတုံ၊ ဘိက္ခူနံ အလဘဘာယ ပရိသက္ကတိ"စသည်ဖြင့် မဟာဝါဒန္ဓကဉ် ၅-ပါးသာ တိုက်ရိုက်လာ၏၊ အဋ္ဌကထာဉ် "ဒဿသု သိက္ခာပဒေသု ပုရိမာနံ ပဉ္စန္နံ အတိက္ကမော နာသန-

ဝတ္ထု (လိင်ကျခြင်း၏ အကြောင်း) ပစ္ဆိမာနံ အတိက္ကမော ဒဏ္ဍကမ္မဝတ္ထု (ဝိကာလဘောဇနစသော နောက် ၅-ပါးကို ကျူးလွန်ခြင်းသည် ဒဏ်ပေးခြင်း၏အကြောင်း) ဟု မိန့်လေသည်၊ ထို့ကြောင့် ဒဏ်ဆယ်ပါး ဖြစ်ရသည်။

ဒဏ်ခေါ်ပုံ။ ။ဒဏ္ဍေန္တိ ဝိနေန္တိ ဧတေနာတိ ဒဏ္ဍော၊ ဧတေန၊ "မည်သည့်ကျောင်းသို့ မဝင်ရ" စသော တားမြစ်ထားမှု, သဲ ရေတို့ကို ထမ်းစေမှုစသော အမှုဖြင့်။ သာမဏေရံ၊ ကို။ ဒဏ္ဍေန္တိ ဝိနေန္တိ၊ ဆုံးမကြရကုန်၏။ ဣတိ၊ ဤသို့ ဆုံးမကြောင်း၏အဖြစ်ကြောင့်။ ဒဏ္ဍော၊ ဒဏ်မည်၏။ ကာတဗ္ဗံတိ ကမ္မံ၊ ဒဏ္ဍောယေဝ+ကမ္မံ=ဒဏ္ဍကမ္မံ၊ ဤအလို "ဒဏ္ဍကမ္မံ၊ ဆုံးမကြောင်းဖြစ်သော အမှုကို။ ကာတဗ္ဗံ၊ ပြုထိုက်၏"ဟုပေး၊ တနည်း– "ဒဏ္ဍကမ္မန္တိ ဝါ နိဂ္ဂဟကမ္မံ= တားမြစ်ခြင်း, သဲ ရေ စသည်ကို ထမ်းစေခြင်းဟူသော နှိပ်ကွပ်မှုကို။ ကာတဗ္ဗံ၊ ပြုထိုက်၏ဟုပေး။ [တေရသကဏ်, မဟာခန္ဓက။]

ဒဏ်ပေးပုံ။ ။ဒဏ်ပေးရာ၌ ပါဋ္ဌိတော်ဝယ် "အနုဇာနာမိ ဘိက္ခဝေ အာဝရဏံ(သူနေမြဲကျောင်း, ထွက်ဝင်နေကျကျောင်းသို့ မလာဘို့ရန် တားမြစ်မှုကို) ကာတုံ"ဟု မိန့်တော်မူ၏။ အဋ္ဌကထာ၌ကား– "အပရာဓာနုရူပံ ဥဒကဒါရု ဝါလုကာဒီနိ အာဟရာပဏံပိ ကာတဗ္ဗံ=အပြစ်အားလျော်စွာ ရေထမ်းစေမှု, ထင်း သဲ စသည်တို့ကို ဆောင်ယူစေမှုကိုလည်း ပြုထိုက်၏"ဟု ဆို၏။

တဉ္ဇ ဩရမိဿတိ ဝိရမိဿတီတိ အနုကမ္ပါယ၊ နနဿိဿတိ ဝိဗ္ဘမိဿတီတိ ပါပဇ္ဈာသယေန = ထို ဒဏ်အမှုကိုလည်း နောင် ရှောင်လိမ့် ကြဉ်လိမ့်မည်ဟူသော ရည်ရွယ်ချက်ဖြင့် သူအပေါ် သနားကြင်နာသော စိတ်ဖြင့်သာ ပြုရမည်၊ ပျက်စီးလိမ့်မည်, လူထွက်လိမ့်မည်ဟု ယုတ်မာသော ရည်ရွယ်ချက် ဆန္ဒဖြင့် မပြုရ။

ဒဏ္ဍ ကမ္မံ ကရောမီတိ စ ဥဏ္ဍပါသာဏေ ဝါ နိပဇ္ဇာပေတုံ, ပါသာဏိဋ္ဌကာဒီနိ ဝါ သီသေ နိက္ခိပါပေတုံ, ဥဒကံ ဝါ ပဝေသေတုံ န ဝဋ္ဌတိ = ငါ ဒဏ်ပေးတယ်ဆိုတဲ့ အနေမျိုးဖြင့် ကျောက်ဖျာအပူပေါ် အအိပ်ခိုင်းခြင်း, ကျောက် အင်္ဌခဲ စသည်တို့ကို ဦးခေါင်းပေါ် ချထားစေခြင်း, ရေထဲနှစ်ခြင်း အမှုမျိုးကို မပြုရ။

ရဟန်းများလည်း ဒဏ်ထမ်း။ ။ယထာ စ သာမဏေရာနံ၊ ဧဝံ သဒ္ဓိဝိဟာရိကန္တေဝါသိကာနံပိ ဒဏ္ဍကမ္မံ ကာတုံ ဝဋ္ဌတိ = သာမဏေများအား ဒဏ်ပေးထိုက်သကဲ့သို့, ထို့အတူ ဥပဇ္ဈာယ်ယူနေသော သဒ္ဓိဝိဟာရိကတပည့်, နိဿယည်းယူနေ, စာတက်နေ, ကမ္မဝါစာဖတ်ပေးရသော အန္တေဝါသိကတပည့်တို့အားလည်း ဒဏ်ပေးမှုကို ပြုနိုင်သည်။ [ဒဏ် ၁၀-ပါးတွင် သိက္ခာပုဒ် ၅-ပါးကို ရှေ့၌ ပြခဲ့ပြီ၊ "လာဘ်မရအောင် အားထုတ်ခြင်း" စသော နောက် ၅-ပါးလည်း ပြခဲ့သော အကျဉ်းမျှဖြင့် သိသာထင်ရှားပြီ။]

မှတ်ချက်။ ။ပါဋ္ဌိတော်၌ ၅-ပါး, အဋ္ဌကထာ၌ ဝိကာလဘောဇနစသော ၅-ပါး တိုက်ရိုက်လာသော

ကြောင့် ဤ၌ ဒဏ် ၁၀-ပါးကို ပြထားခြင်းဖြစ်၏၊ ဤ ၁၀-ပါးအပြင် သေခိယသိက္ခာပုဒ် စသည်ကို မကျင့်လျှင်လည်း ဒဏ်ထိုက်ကြောင်း ပြဦးလတ္တံ့။

ပစ္စဝေက္ခဏာနှင့် စပ်၍
သီလ ၄-ရပ်ပါ မှတ်သားဘွယ်

သီလ ၄-မျိုး။ ။"သီလ"ဟူသည် ကိုယ်နှုတ်စိတ်တို့ကို (အကုသိုလ်အပြစ်မဖြစ်အောင်)ထိန်းသိမ်းစောင့်စည်းရကြောင်း အကျင့်ကောင်းတမျိုးတည်း၊ ထိုသီလသည် ရဟန်းတော်များနှင့် (တချို့သီလများ၌) ရှင်သာမဏေများအတွက် ၄-မျိုးရှိ၏၊ ပါတိမောက္ခသံဝရ သီလ, ဣန္ဒြိယသံဝရ သီလ, ပစ္စယသန္နိဿိတ သီလ, အာဇီဝပါရိသုဒ္ဓိ သီလ။

ပါတိမောက္ခ သီလ။ ။ထိုတွင် ဝိနည်းပါဠိတော်၌ လာသော (အာဇီဝပါရိသုဒ္ဓိသီလ တချို့မှတပါး သော) သီလသည် ပါတိမောက္ခသံဝရသီလ မည်၏၊ ထိုသီလများတွင် သေခိယသိက္ခာပုဒ်, နောက်၌ ပြမည့် ခန္ဓကဝတ်များနှင့် သုက္ကဝိဿဋ္ဌိ, ကာယသံသဂ္ဂ စသော သိက္ခာပုဒ်တချို့ကို သာမဏေများလည်း စောင့်ထိန်းရမည်သာ၊ မစောင့်ထိန် နိုင်လျှင် ဒဏ်ထိုက်၏၊ ဤသီလ၌ သဒ္ဓါသုည် ပဓာနဖြစ်၏၊ သဒ္ဓါ တရားရှိသူသာ ဤသီလကို လုံခြုံအောင် စောင့်ထိန်းနိုင်သည်။

ဝိမတိ။ ။အာဘိသမာစာရိကေသု ဝိနေတဗ္ဗောတိ ဣမိနာ "သေခိယဝတ္တ ခန္ဓကဝတ္တေသု အညေသု စ သုက္ကဝိဿဋ္ဌိအာဒိ လောကဝဇ္ဇသိက္ခာပဒေသု သာမဏေရေဟိ ဝတ္တိတမ္ပိ၊ တတ္ထ အဝတ္ထာမာနော အလဇ္ဇီ ဒဏ္ဍကမ္မာရဟော စ ဟောတီ"တိ ဒဿေဘိ။ (မဟာဝဂ္ဂ, ပဗ္ဗဇ္ဇာခန္ဓကဝိနိစ္ဆယ။)

ဣန္ဒြိယသံဝရ သီလ။ ။စက္ခုန္ဒြေ သောတိန္ဒြေ ဃာနိန္ဒြေ ဇိဝှိန္ဒြေ ကာယိန္ဒြေ မနိန္ဒြေ (မျက်စိ, နား, နှာ, လျှာ, ကိုယ်,စိတ်) အားဖြင့် ဣန္ဒြေ ၆-ပါးနှင့်စပ်၍ အကုသိုလ်မဖြစ်ရအောင် (လှပသော အဆင်းကို မြင်လျှင် အဘိဇ္ဈာ တဏှာ မဖြစ်ရအောင်, ဆိုးဝါး ကြောက်မက်ဘွယ် အဆင်းကိုမြင်လျှင် ဒေါသ ဒေါမနဿ မဖြစ်ရအောင် ဤသို့ စသည်ဖြင့်) စောင့်စည်းမှုကို ဣန္ဒြိယသံဝရ ဟု ခေါ်၏၊ ဤ ဣန္ဒြိယသံဝရသီလ၌ သတိသည် ပဓာနဖြစ်၏၊ သတိတရား အမြဲထားသူမှ လုံခြုံအောင် စောင့်စည်းနိုင်သည်၊ ကမ္မဋ္ဌာန်းတမျိုးမျိုးကို အမြဲကြိုးစားနေသော ပုဂ္ဂိုလ်များ၌ကား ဤ သီလ လုံခြုံလျက် ရှိတတ်ပါသည်။

အာဇီဝပါရိသုဒ္ဓိ သီလ။ ။အသက်မွေး ဝမ်းကျောင်းမှုကို "အာဇီဝ" ဟု ခေါ်၏၊ မတရားသောနည်း ဖြင့် ပစ္စည်းဥစ္စာရှာ၍အသက်မွေးလျှင် "မိစ္ဆာဇီဝ=မှားယွင်းသော အသက်မွေးခြင်း" မည်၏၊ ဒကာ ဒကာမတို့အား သစ်သီးပေးခြင်း, ပန်းပေးခြင်း, ပစ္စည်းတစုံတရာပေးခြင်းကြောင့် လူတို့က ပြန်၍လှူလျှင် ထိုလှူအပ်သောပစ္စည်းကို ရသောပုဂ္ဂိုလ်သာမက တသားသနာလုံး မသုံးစွဲကောင်း တော့ချေ၊ ကြည်ညိုအောင် ဟန်လုပ်ခြင်း, လှူချင်အောင် သွယ်ဝိုက်၍ စကားပြောခြင်း, မလှူဘဲမနေနိုင်အောင်အတင်းအကြပ်တောင်းခြင်း, ငွေကို အလှူခံခြင်း စသည်ကြောင့်

ရအပ်သောပစ္စည်းကိုလည်း တသာသနာလုံး မသုံးအပ်တော့ချေ။

ထိုမသုံးအပ်သော ပစ္စည်းကို (ဆွမ်း,သင်္ကန်း, ကျောင်း စသည်တို့ကို) သုံးစွဲခြင်းသည် မိစ္ဆာဇီဝမည်၏၊ ထိုမိစ္ဆာဇီဝမှ ရှောင်ကြဉ်၍ တရားသဖြင့် ရအပ်သော ပစ္စည်းကိုသာ သုံးစွဲခြင်းသည် သမ္မာအာဇီဝမည်၏၊ အာဇီဝခေါ် အသက်မွေးမှု၏ စင်ကြယ် သန့်ရှင်းမှုကြောင့် အာဇီဝပါရိသုဒ္ဓိ သီလလည်း မည်၏၊ ဤ သီလ၌ (တရားသဖြင့် အရှာသွားခြင်း, ဆွမ်းခံဘို့ရန် မပျင်းရိခြင်း စသော) လုံလဝီရိယသည် ပဓာန ဖြစ်၏၊ လုံ့လဝီရိယမရှိသူ ဆွမ်းခံရမှာ ပျင်းရိသူတို့သာ ချောင်ချောင်လည်လည်နှင့် ပစ္စည်းရအောင် မတရားရှာတတ်ကြသည်။

ပစ္စယသန္နဿိတသီလ။ ။ဆွမ်း သင်္ကန်း ကျောင်း ဆေး ပစ္စည်းများကို ဉာဏ်ဖြင့် ဆင်ခြင်၍ သုံးဆောင် စားသောက်ခြင်းသည် ပစ္စယ+သန္နိဿိတ+သီလ မည်၏၊ "ပစ္စည်း၌+မှီ၍ဖြစ်သော+သီလ"ဟု ဆိုလိုသည်၊ "ချမ်းပူကိုဖျက် ခြင် မှက် လေ နေ စသည်ဖြင့် ပြထားသည့် အတိုင်း မြန်မာလိုဖြစ်စေ ပါဠိလိုဖြစ်စေ ဆင်ခြင်၍ သုံးစွဲလျှင် ဤ သီလ လုံခြုံ၏၊ မဆင်ခြင်ဘဲ သုံးစွဲမိလျှင် ဤသီလ ပျက်၏၊ သူများပစ္စည်း ကြေးယူ၍ သုံးစွဲခြင်းနှင့် တူသောကြောင့် "ဣဏပရိဘောဂ" ဖြစ်သည်ဟု ဆိုသည်။

ဆင်ခြင်ရာကား လ။ ။ထို ပစ္စည်း ၄-ပါးကို ဆင်ခြင်ရာ၌ သင်္ကန်းကို သုံးတိုင်းသုံးတိုင်း, ဆွမ်းကို အလုပ်တိုင်း အလုပ်တိုင်း, ကျောင်းကိုလည်း သုံးတိုင်းသုံးတိုင်း ဆင်ခြင်ရမည်ဟုဆို၏၊ ထိုသို့မဆင်ခြင်နိုင်လျှင်အရှင်မတက်ခင်

တချိန်ချိန်မှာ(ဆွမ်းမစားမီအချိန် ဆွမ်းစားပြီးအချိန် ည၌ ဦးယာမ်အချိန် သန်းခေါင်ယာမ် မိုးသောက် နောက်ဆုံးယာမ် တချိန်ချိန်မှာ) ဆင်ခြင်ရမည်၊ တကြိမ်တခါမျှ မဆင်ခြင်မိဘဲ အရှင်တက်သွားလျှင် ထိုနေ့၌ပစ္စည်း ၄-ပါးကိုသုံးစွဲခြင်းသည် "ဣဏပရိဘောဂ=ကြေးယူ၍ သုံးစွဲခြင်း' ဖြစ်တော့၏။

ဝိသုဒ္ဓိမဂ်။ ။သီလဝတော အပစ္စဝေက္ခိတ္တာ ပရိဘောဂေါ ဣဏပရိဘောဂေါ နာမ။ တသ္မာ စီဝရံ ပရိဘောဂေ ပရိဘောဂေ (ကိုယ်မခွါ၍ နောက်ထပ်ဝတ်တိုင်း ဝတ်တိုင်း) ပစ္စဝေက္ခိတဗ္ဗံ၊ ပိဏ္ဍပါတော အာလောပေ အာလောပေ၊ တထာ အသက္ကောန္တေန(ထိုမျှလောက် မစုမ်းနိုင်လျှင်) ပုရေဘတ္တ ပစ္ဆာဘတ္တ ပုရိမယာမ မဇ္ဈိမယာမ-ပစ္ဆိမယာမေသု။ သစေ အပစ္စဝေက္ခတောဝ အရှဏံ ဥဂ္ဂစ္ဆတိ၊ ဣဏပရိဘောဂဋ္ဌာနေ တိဋ္ဌတိ။ သေနာသနံပိ ပရိဘောဂေ ပရိဘောဂေ(ကျောင်းတိုင်း ဝင်တိုင်း ဝင်တိုင်း)ပစ္စဝေက္ခိတဗ္ဗံ။

ဆေးပစ္စည်းကိုကား အကပ်ခံတုန်း (သာမဏေဖြစ်လျှင် စားမည် သောက်မည်ဟု ယူတုန်း)၌ငင်း၊ စားသောက်တုန်း၌ငင်း သတိထား၍ "မည်သည့်အကြောင်းကြောင့် စားသောက်ပါသည်"ဟု ဆင်ခြင်မိစေရမည်၊ ထိုသို့ မဆင်ခြင်လျှင် အရှဏ်မတက်မီ တချိန်ချိန်မှာ ဆင်ခြင်စေကာမူ အကြောင်းမရှိဘဲ သုံးစားသောကြောင့် အာပတ်သင့်၏၊ တချိန်ချိန်မှာလည်း မဆင်ခြင်မိမူ ဣဏပရိဘောဂလည်း ဖြစ်သည်။

ဝိသုဒ္ဓိမဂ်။ ။ဘေသဇ္ဇံ ပဋိဂ္ဂဟဏေပိ ပရိဘောဂေပိ သတိပစ္စယ-တာဝ ဝဋ္ဋတိ=ဆေးသည် ခံယူရာအခါ၌ငင်း၊

သုံးဆောင်ရာအခါ၌ရင်း (ဘာ့ကြောင့် ခံယူသုံးဆောင်သည်) ဟု သတိ၏ အကြောင်းဖြစ်မှသာ (သတိထားမှသာ) အပ်၏။

ဆင်ခြင်မှုဉာဏ်သာ ပဓာန ဤ ပစ္စယသန္နိဿိတ သီလ၌ ပစ္စည်းသုံးဆောင်ရသဖြင့် သာသနာ့ဝန်ကို ထမ်းနိုင်ခြင်း၊ ရောဂါကင်းခြင်း စသော အကျိုးကို ဆင်ခြင်တတ်သော ဉာဏ်သည်သာ ပဓာန ဖြစ်၏၊ ထို့ကြောင့် နှုတ်တက်ရအောင် ကျက်ထားသော ပုတီးစိပ် ၄-ပုဒ်ကို အမှတ်တမဲ့ ရွတ်နေရုံမျှဖြင့် ပစ္စဝေက္ခဏာ ဆင်ခြင်ရာမရောက်၊ ဉာဏ်ဖြင့် စဉ်းစဉ်းစားစား ဆင်ခြင်မှသာ (ထို ရွတ်ဆိုအပ်သော ပါဠိဖြစ်စေ၊ မြန်မာဖြစ်စေ အဓိပ္ပါယ်ကို နားလည်မှသာ) ပစ္စဝေက္ခဏာ ဆင်ခြင်ရာ ရောက်သည်ဟု မှတ်ပါ။

သုံးစွဲခြင်း ၄-မျိုး။ ။ပစ္စည်း ၄-ပါးကို သုံးစွဲရာ၌ သုံးစွဲနည်း ၄-မျိုးကို ကျမ်းစာတို့၌ ပြ၏၊ ၁-ထေယျာပရိဘောဂ၊ ၂-ဣဏပရိဘောဂ၊ ၃-ဒါယဇ္ဇပရိဘောဂ၊ ၄-သာမိပရိဘောဂ တို့တည်း၊ ထိုတွင် ပါရာဇိက ကျနေသော ရဟန်း, လိင်ကျနေသော သာမဏေသည် ဒုဿီလ=သီလမရှိသူ မည်၏၊ မြတ်စွာဘုရားသည် ထို ဒုဿီလအား ပစ္စည်း ၄-ပါးကို သုံးစွဲဘို့ရန် ခွင့်ပြုတော်မမူ၊ အလှူရှင်တို့ကလည်း ဒုဿီလမှန်း သိလျှင် လှူကြမည်မဟုတ်၊ ထို့ကြောင့် ဒုဿီလပုဂ္ဂိုလ်၏ ဆွမ်းစသော ပစ္စည်းကို သုံးစွဲခြင်းသည် ခိုး၍ သုံးစွဲရာရောက်သောကြောင့် ထေယျာပရိဘောဂ မည်၏၊ [ထေယျာ=ခိုးသူ၏ အဖြစ်ဖြင့် (ခိုး၍) + ပရိဘောဂေါ=သုံးစွဲခြင်း။]

သီလရှိသော်လည်း ပစ္စည်း ၄-ပါးကို (ဘာ့ကြောင့် သုံးစွဲရသည်ဟု) အကြောင်းကို မဆင်ခြင်ဘဲ သုံးစွဲခြင်း၊ သုံးစွဲခြင်းကြောင့် ရလတံ့အကျိုးကိုလည်း မဆင်ခြင်ဘဲ သုံးစွဲခြင်းသည် ကြွေးယူ၍ သုံးစွဲရာရောက်သောကြောင့် ဣဏပရိဘောဂ မည်၏၊ ဣဏ=ကြွေးအဖြစ်ဖြင့် (ကြွေးယူ၍) + ပရိဘောဂေါ=သုံးစွဲခြင်း။ ထို့ကြောင့် ဣဏပရိဘောဂ မဖြစ်အောင် ဆွမ်းစသော ပစ္စည်းများကို သုံးစွဲရာ၌ ပြခဲ့သည့်အတိုင်း သတိကောင်းသော ဉာဏ်ဖြင့် ဆင်ခြင်မှုကို ပြုရမည်။

သေက္ခပုဂ္ဂိုလ်များ၏ ပစ္စည်း ၄-ပါးကို သုံးစွဲခြင်းသည် ဒါယဇ္ဇပရိဘောဂ မည်၏၊ [ဒါယဇ္ဇ=ဘုရားခွင့်ပြုတော်မူသည့် အတွက် ဘုရားအမွေကို ခံယူသူ အဖြစ်ဖြင့် + ပရိဘောဂ=သုံးစွဲခြင်း။] သီလရှိသော ပုထုဇဉ်တို့၏ သုံးစွဲခြင်းလည်း ဒါယဇ္ဇ ပရိဘောဂ၌ ပါဝင်၏၊ ကြွေးမတင်သောကြောင့် "အာနဏျပရိဘောဂ = ကြွေးမတင်သော သုံးစွဲခြင်း" ဟုလည်း သီးခြား နာမည် တပ်ကြသေး၏၊ ရဟန္တာပုဂ္ဂိုလ်၏ ပစ္စည်း ၄-ပါး သုံးစွဲခြင်းကား ကိုယ်ပိုင်ပစ္စည်းကို သုံးစွဲရသကဲ့သို့ ဖြစ်သောကြောင့် သာမိပရိဘောဂ အစစ်တည်း။ [သာမိ=ပိုင်ရှင်၏ အဖြစ်ဖြင့် + ပရိဘောဂ=သုံးစွဲခြင်း။]

အမှာ။ ။ဤမျှသော စကားအစဉ်ဖြင့် ရှုပ်ပုံ ရှင်ကျင့်ဝတ် ကား ပြီးပါပြီ၊ သို့သော် ရှင်ကျင့်ဝတ်ပါ၌ အနက်ကိုလည်း (ခေတ္တဝတ်သူ မဟုတ်ဘဲ အမြဲနေမည့် ရဟန်းလောင်း သာမဏေတို့) အရကျက်ဘို့ရာ ဆက်လက် ပြပါဦးမည်။

ဆရာမျှားအတွက်မှတ်ဘွယ် ပြီး၏။

ရှင်ကျင့်ဝတ် ပါဠိအနက်

ဆရာ့ထံ သက်နှံးကပ်ရန်

သကလ ဝန္ဒဒုက္ခ နိဿရဏ နိဗ္ဗာနဿ သစ္ဆိကရ-
ဏတ္ထာယ ဣမံ ကာသာဝံ ဂဟေတ္ဝာ ပဗ္ဗာဇေထ
မံ ဘန္တေ အနုကမ္ပံ ဥပါဒါယ။

ဘန္တေ၊ အရှင်မြတ်ဘုရား။ သကလ ဝန္ဒဒုက္ခ နိဿရဏ-
နိဗ္ဗာနဿ၊ အလုံးစုံသော သံသရာဝဋ်ဆင်းရဲ၏ ထွက်မြောက်ရာ
နိဗ္ဗာန်ကို။ သစ္ဆိကရဏတ္ထာယ၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် လျင်
မြန်စွာ မျက်မှောက်ပြုပါရခြင်းအကျိုးငှါ။ ဣမံ ကာသာဝံ၊
တပည့်တော်၏ လက်ဦးရှိသော ဤသက်နှံးကို။ ဂဟေတ္ဝာ၊
ယူတော်မူ၍။ မံ၊ တပည့်တော်ကို။ အနုကမ္ပံ၊ အစဉ် သနား
ခြင်းကို။ ဥပါဒါယ၊ စဲ၍။ ပဗ္ဗာဇေထ၊ ရှင်သာမဏေဖြစ်စေ
တော်မူပါကုန်ဘုရား။

ဆရာ့ထံက သက်နှံးကို တောင်းရန်

သကလ ဝန္ဒဒုက္ခ နိဿရဏ နိဗ္ဗာနဿ သစ္ဆိကရ-
ဏတ္ထာယ တေ ကာသာဝံ ဒတ္ဝာ ပဗ္ဗာဇေထ မံ
ဘန္တေ အနုကမ္ပံ ဥပါဒါယ။

ဘန္တေ၊ အရှင်မြတ်ဘုရား။ သကလ ဝန္ဒဒုက္ခ နိဿရဏ-
နိဗ္ဗာနဿ၊ အလုံးစုံသော သံသရာဝဋ်ဆင်းရဲ၏ ထွက်မြောက်ရာ
နိဗ္ဗာန်ကို။ သစ္ဆိကရဏတ္ထာယ၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် လျင်

မြန်စွာ မျက်မှောက်ပြုပါရခြင်း အကျိုးငှါ။ တေ ကာသာဝံ၊
အရှင်ဘုရား လက်တော်၌ ရှိသော ထိုသက်နှံးကို။ ဒတ္ဝာ၊
ပေးတော်မူ၍။ မံ၊ တပည့်တော်ကို။ အနုကမ္ပံ၊ အစဉ်သနား
ခြင်းကို။ ဥပါဒါယ၊ စဲ၍။ ပဗ္ဗာဇေထ၊ ရှင်သာမဏေ ဖြစ်စေ
တော်မူပါကုန်ဘုရား။

သာမဏေဝတ်ရန် ခွင့်တောင်းခြင်း

ဘန္တေ သံသာရ ဝန္ဒ ဒုက္ခတော မောစနတ္ထာယ
ပဗ္ဗဇ္ဇံ ယာစာမိ။ ။ဒုတိယမ္ပိ ဘန္တေ သံသာရ ဝန္ဒ-
ဒုက္ခတော မောစနတ္ထာယ ပဗ္ဗဇ္ဇံ ယာစာမိ။ ။
တတိယမ္ပိ ဘန္တေ သံသာရ ဝန္ဒဒုက္ခတော မောစ-
နတ္ထာယ ပဗ္ဗဇ္ဇံ ယာစာမိ။

ဘန္တေ၊ အရှင်မြတ်ဘုရား။ သံသာရ ဝန္ဒဒုက္ခတော၊ သံသရာ
ဝဋ်ဆင်းရဲမှ။ မောစနတ္ထာယ၊ ကျွတ်လွတ်ပါရခြင်းအကျိုးငှါ။
ပဗ္ဗဇ္ဇံ၊ ရှင်သာမဏေအဖြစ်ကို။ ယာစာမိ၊ တောင်းပါ၏ဘုရား။

ဘန္တေ၊ အရှင်မြတ်ဘုရား။ ဒုတိယမ္ပိ၊ နှစ်ကြိမ်မြောက်
လည်း။ သံသာရ ဝန္ဒဒုက္ခတော၊ သံသရာဝဋ်ဆင်းရဲမှ။
မောစနတ္ထာယ၊ ကျွတ်လွတ်ပါရခြင်း အကျိုးငှါ။ ပဗ္ဗဇ္ဇံ၊
ရှင်သာမဏေအဖြစ်ကို။ ယာစာမိ၊ တောင်းပါ၏ဘုရား။

ဘန္တေ၊ အရှင်မြတ်ဘုရား။ တတိယမ္ပိ၊ သုံးကြိမ်မြောက်
လည်း။ သံသာရဝန္ဒဒုက္ခတော၊ သံသရာဝဋ်ဆင်းရဲမှ။ မောစ-
နတ္ထာယ၊ ကျွတ်လွတ်ပါရခြင်း အကျိုးငှါ။ ပဗ္ဗဇ္ဇံ၊ ရှင်သာမဏေ
အဖြစ်ကို။ ယာစာမိ၊ တောင်းပါ၏ဘုရား။ [ထို့နောက် "အဟံ

ဘန္တေ တိသရဏေန သဟ"စသော သရဏကုံ သီလတောင်းကို ဆိုလေ့ရှိကြသည်။]

ပစ္စဝေက္ခဏာ ပါဠိအနက်
စီဝရ ပစ္စဝေက္ခဏာ

ပဋိသင်္ခါ ယောနိသော စီဝရံ ပဋိသေဝါမိ၊ ယာဝဒေဝ သီတဿ ပဋိဃာတာယ၊ဥဏှဿ ပဋိဃာတာယ၊ ဍံသ မကသ ဝါတာတပ သရီသပ သမ္ဖဿာနံ ပဋိဃာတာယ၊ ယာဝဒေဝ ဟိရိကောပီနပဋိစ္ဆာဒနတ္ထံ။

ယောနိသော၊ သင့်သောအကြောင်းအားဖြင့်။ **ပဋိသင်္ခါ** (ပဋိသင်္ခါယ)၊ ပညာဖြင့်ဆင်ခြင်၍။ **စီဝရံ**၊ သင်္ကန်းကို။ **ပဋိသေဝါမိ**၊ မှီဝဲပါ၏။ **သီတဿ**၊ အအေးကို။ **ယာဝ ပဋိဃာတာယ** ဝေ၊ ပယ်ဖျောက်နိုင်ရုံ အကျိုးငှါသာလျှင်။ **ဥဏှဿ**၊ မီးပူကို။ **ယာဝ ပဋိဃာတာယ** ဝေ၊ ပယ်ဖျောက်နိုင်ရုံ အကျိုးငှါသာလျှင်။ **ဍံသ မကသ ဝါတာတပ သရီသပ-သမ္ဖဿာနံ**၊ မှက် ခြင် လေ နေပူ မြွေ ကင်းတို့၏ အတွေ့တို့ကို။ **ယာဝ ပဋိဃာတာယ** ဝေ၊ ပယ်ဖျောက်နိုင်ရုံအကျိုးငှါသာလျှင်။ **စီဝရံ**၊ သင်္ကန်းကို။ **ပဋိသေဝါမိ**၊ မှီဝဲပါ၏။ **ယာဝ ဟိရိကောပီနပဋိစ္ဆာဒနတ္ထံ** ဝေ၊ ဟိရိဂုဏ်ကို ဖျက်ဆီးတတ်သော အင်္ဂါကြီးငယ်ကို ဖုံးလွှမ်းနိုင်ရုံ အကျိုးငှါသာလျှင်။ **စီဝရံ**၊ သင်္ကန်းကို။ ပဋိသေဝါမိ၊ မှီဝဲပါ၏။

ဝိသုဒ္ဓိမဂ်။ ။ဥဏှဿစတိ အဂ္ဂိသန္တာပဿ။အာတပေါတိ သူရိယာတပေါ။ သရီသပါတိ သပ္ပါဒယော။(သပ္ပါဒယောတိ သပ္ပ သတပဒိ ဥဏ္ဏနာဘိ သရဗူ ဝိစ္ဆိကာဒယော၊ဠီကာ)ဟိရိကောပီနန္တိ တံ တံ သမ္မာဓ္ဌာနံ။ ဤအဖွင့်မျှားကို မှီ၍ အနက်ပေးထား၏။

ပိဏ္ဍပါတ ပစ္စဝေက္ခဏာ

ပဋိသင်္ခါ ယောနိသော ပိဏ္ဍပါတံ ပဋိသေဝါမိ၊ နေဝ ဒဝါယ, နမဒါယ, နမဏ္ဍနာယ, နဝိဘူသနာယ၊ ယာဝဒေဝ ဣမဿ ကာယဿ ဌိတိယာ ယာပနာယ ဝိဟိံသူပရတိယာ ဗြဟ္မစရိယာနုဂ္ဂဟာယ၊ ဣတိ ပုရာဏဉ္စ ဝေဒနံ ပဋိဟင်္ခါမိ၊ နဝဉ္စ ဝေဒနံ နဥပ္ပါဒေဿာမိ၊ ယာတြာ စ မေ ဘဝိဿတိ အနဝဇ္ဇတာ စ ဖာသုဝိဟာရော စ။

ယောနိသော၊ သင့်သောအကြောင်းအားဖြင့်။ **ပဋိသင်္ခါ** (ပဋိသင်္ခါယ)၊ ပညာဖြင့်ဆင်ခြင်၍။ **ပိဏ္ဍပါတံ**၊ ဆွမ်းအစရှိသော အာဟာရကို။ **ပဋိသေဝါမိ**၊ မှီဝဲပါ၏။ **ဒဝါယ**၊ ရွှာသူသားငယ်တို့ကဲ့သို့ မြူးတူးပျော်ပါး ကစားခြင်းငှါ။ **နေဝ ပဋိသေဝါမိ**၊ မှီဝဲသည်မဟုတ်ပါ။ **မဒါယ**၊ လက်ဝှေ့ လက်ပမ်းသည် စသူတို့ကဲ့သို့ ဗလမာန် ပုရိသမာန်ဟူသော မာန်ယစ်ခြင်းငှါ။ **နပဋိသေဝါမိ**၊ မှီဝဲသည်မဟုတ်ပါ။ **မဏ္ဍနာယ**၊ နှန်းတင်းသူ ပြည့်တန်းဆာမတို့ကဲ့သို့ ကိုယ်လက်အင်္ဂါပြည့်ဖြိုးခြင်းငှါ။ **နပဋိသေဝါမိ**၊ မှီဝဲသည်မဟုတ်ပါ။ **ဝိဘူသနာယ**၊ ဂျမ်းသမား ကချေသည်တို့ကဲ့သို့ အရေအဆင်း ကြည်လင်ခြင်းငှါ။ **နပဋိသေဝါမိ**၊ မှီဝဲသည်မဟုတ်ပါ။

ဣမဿ ကာယဿ၊ ဤရူပကာယ၏။ **ယာဝ ဌိတိယာ ဝေ**၊ အစဉ်မပြတ် တည်မတ်နိုင်ရုံ အကျိုးငှါသာလျှင်။ **ယာဝ ယာပနာယ ဝေ**၊ မပြတ်ဆက်တည် အသက်ရှည်စေနိုင်ရုံ အကျိုးငှါသာလျှင်။ **ယာဝ ဝိဟိံသူပရတိယာ ဝေ**၊ မွတ်သိပ်

ဆာလောင်ခြင်း ဆင်းရဲကင်းရုံ အကျိုးငှါသာလျှင်။ ယာဝ ဗြဟ္မစရိယာနုဂ္ဂဟာယ ဧဝ၊ သာသန မဂ္ဂ ဗြဟ္မစရိယ ၂-ပါးကို ချီးမြှောက်နိုင်ရုံ အကျိုးငှါသာလျှင်။ ပိဏ္ဍပါတံ၊ ဆွမ်းအစရှိသော အာဟာရကို။ ပဋိသေဝါမိ၊ မှီဝဲပါ၏။

ဣတိ၊ ဤသို့ ဆွမ်းကို မှီဝဲခြင်းဖြင့်။ ပုရာဏံ၊ အဟောင်းဖြစ်သော။ ဝေဒနဉ္စ၊ မွတ်သိပ်ဆာလောင်ခြင်း ဆင်းရဲဝေဒနာကိုလည်း။ ပဋိဟင်္ခါမိ၊ ပယ်ဖျောက်အံ့။ နဝံ၊ အသစ်ဖြစ်သော။ ဝေဒနဉ္စ၊ မနှိုင်းမဆ စားမိချရသော် ဆင်းရဲဝေဒနာကိုလည်း။ န ဥပ္ပါဒေဿာမိ၊ မဖြစ်စေအံ့။ မေ၊ ငါ၏။ ယာတြာ စ၊ ရှည်သော ကာလသို့ ရောက်နိုင်ခြင်းသည်၎င်း။ ဝါ၊ ဣရိယာပုထ်ခလးဝ မပျက်ရအောင် မျှတခြင်းသည်၎င်း။ အနဝဇ္ဇတာ စ၊ အပြစ်မရှိသူ၏ အဖြစ်သည်၎င်း။ ဖာသုဝိဟာရော စ၊ ချမ်းသာစွာ နေရခြင်းသည်၎င်း။ ဘဝိဿတိ၊ ဖြစ်

ဝိသုဒ္ဓိမဂ်။ ။နေဝ ဒဝါယာတိ န ဂါမဒါရကာဒယော ဝိယ ဒဝတ္ထံ၊ န မဒါယာတိ န မုဋ္ဌိကမလ္လာဒယော ဝိယ မဒတ္ထံ၊ ဗလမဒနိမိတ္တံ့ ပေါရိသမဒနိမိတ္တဉ္စာတိ ဝုတ္တံ့ ဟောတိ။ န မဏ္ဍနာယာတိ န အင်္ဂေပုရိကဝေသိယာဒယော ဝိယ မဏ္ဍနတ္ထံ၊ အင်္ဂ်ပစ္စင်္ဂ်ါနံ ပီဏဘာဝနိမိတ္တံတိ ဝုတ္တံ့ ဟောတိ။ န ဝိဘူသနာယာတိ န နဋ္ဌနစ္စကာဒယော ဝိယ ဝိဘူသနတ္ထံ၊ ပသန္နစ္ဆဝိဝဏ္ဏတာနိမိတ္တံတိ ဝုတ္တံ့ ဟောတိ။

ဒုတိယာတိ ပဗန္ဓဋိတတ္ထံ၊ ယာပနာယာတိ ပဝတ္တိယာ အဝိစ္ဆေဒဒတ္ထံ။ ဝိဟိံသူပရတိယာတိ ဝိဟိံသာ နာမ ဇိဃစ္ဆာ အာဗာဓဋ္ဌေန။ ဣတိ။ပ။ ပဋိဟင်္ခါမီတိ ပုရာဏဉ္စ ဇိဃစ္ဆာဝေဒနံ ပဋိဟင်္ခါမိ၊ နဝဉ္စ ဝေဒနံ အပရိမိတဘေဒနပစ္စယံ၊....စိရကာလဂမနသင်္ခါတာ ယာတြာ။

လတ္ထံ့။ ဣတိ၊ ဤသို့ နှလုံးပြု၍။ ပိဏ္ဍပါတံ၊ ဆွမ်းအစရှိသော အာဟာရကို။ ပဋိသေဝါမိ၊ မှီဝဲပါ၏။

သေနာသန ပစ္စဝေက္ခဏာ

ပဋိသင်္ခါ ယောနိသော သေနာသနံ ပဋိသေဝါမိ၊ ယာဝဒေဝ သီတဿ ပဋိဃာတာယ၊ ဥဏှဿ ပဋိဃာတာယ၊ ဒံသ မကသ ဝါတာတပ သရီသပ သမ္ဖဿာနံ ပဋိဃာတာယ၊ ယာဝဒေဝ ဥတုပရိဿယ ဝိနောဒန-ပဋိသလ္လာနာရာမတ္ထံ။

ယောနိသော၊ သင့်သောအကြောင်းအားဖြင့်။ ပဋိသင်္ခါ (ပဋိသင်္ခါယ)၊ ပညာဖြင့် ဆင်ခြင်၍။ သေနာသနံ၊ ကျောင်းအိပ်ရာနေရာကို။ ပဋိသေဝါမိ၊ မှီဝဲပါ၏။ သီတဿ၊ အအေးကို။ ယာဝ ပဋိဃာတာယ ဧဝ၊ ပယ်ဖျောက်နိုင်ရုံ အကျိုးငှါသာလျှင်။ ဥဏှဿ၊ **မီး**ပူကို။ ယာဝ ပဋိဃာတာယ ဧဝ၊ ပယ်ဖျောက်နိုင်ရုံ အကျိုးငှါသာလျှင်။ ဒံသ မကသ ဝါတာတပ-သရီသပ သမ္ဖဿာနံ့၊ မှက် ခြင် လေ နေပူ မြွေ ကင်းတို့၏ အတွေ့တို့ကို။ ယာဝ ပဋိဃာတာယ ဧဝ၊ ပယ်ဖျောက်နိုင်ရုံ အကျိုးငှါသာလျှင်။ သေနာသနံ၊ ကျောင်းအိပ်ရာ နေရာကို။ ပဋိသေဝါမိ၊ မှီဝဲပါ၏။ ယာဝ ဥတုပရိဿယ ဝိနောဒန ပဋိ-

---

ဝိသုဒ္ဓိမဂ်။ ။ပရိဿယနဋ္ဌေန (အဘိဘဝနဋ္ဌေန) ဥတုယေဝ ဥတုပရိဿယော- လှဲမိုးမိုးနှိပ်စက်တတ်သော ဥတု၊ ပဋိသလ္လာနာရာမတ္ထံ- ကေဘာဝသုခတ္ထံ- (တခုတည်းသော ကမ္မဋ္ဌာန်းအာရုံကို ယူနေသဖြင့်) တယောက်တည်းကဲ့သို့ ဖြစ်ခြင်း၌ ချမ်းသာခြင်းအကျိုးငှါ။

သလ္လာနာရာမတ္ထံ ဧဝ၊ ဥတုဘေးရန်ကို ပယ်ဖျောက်နိုင်ရုံ တပါးတည်း ကိန်းအောင်းခြင်း၌ မ္ဆေလျော်နိုင်ရုံ အကျိုးငှါ သာလျှင်။ သေနာသနံ၊ ကျောင်းအိပ်ရာ နေရာကို။ ပဋိ-သေဝါမိ၊ မှီဝဲပါ၏။

ဘေသဇ္ဇ ပစ္စဝေက္ခဏာ

ပဋိသခ်ါ ယောနိသော ဂိလာန ပစ္စယ ဘေသဇ္ဇ-ပရိက္ခာရံ ပဋိသေဝါမိ၊ ယာဝဒေဝ ဥပ္ပန္နာနံ ဝေယာ-ဗာဓိကာနံ ဝေဒနာနံ ပဋိဃာတာယ အဗျာဗဇ္ဈ ပရမတာယ။

ယောနိသော၊ သင့်သောအကြောင်းအားဖြင့်။ ပဋိသခ်ါ (ပဋိသခ်ါယ)၊ ပညာဖြင့် ဆင်ခြင်၍။ ဂိလာနပစ္စယဘေသဇ္ဇ-ပရိက္ခာရံ၊ ဂိလာန၏ ရောဂါအတွက် ဆန့်ကျင်ဘက်ဖြစ်၍ အသက်၏ အရံအကာ အဆောက် အဦးဖြစ်သော ဆေးကို။

ဝိသုဒ္ဓိမဂ်။ ။ရောဂဿ ပဋိအယနဋ္ဌေန ပစ္စယော၊ ဂိလာန-ပစ္စယောဝ ဘေသဇ္ဇံ ဂိလာနပစ္စယဘေသဇ္ဇံ – ဂိလာန၏ ရောဂါ၏ ဆန့်ကျင်ဘက်ဖြစ်သော ဆေး၊ ပရိက္ခာ-ရောတိ။ပ။ ဣဓ သမ္ဘာရောပိ (အကြောင်း အဆောက်အဦး) ပရိဝါရောပိ (အရံအကာ)ဝဋ္ဌတိ။

ဥပ္ပန္နာနံတိ ဇာတာနံ ဘူတာနံ နိဗ္ဗတ္တာနံ။ [ဖြစ်ပြီးသော ဒုက္ခဝေဒနာတို့သည် သူအလိုလို ဥပါဒ်ဌိဘင်စေ့က ချုပ်ပျောက်မြဲဖြစ်၍ ဆေးဖြင့် တားမြစ်ဘွယ် မလို၊ ထို့ကြောင့် ဖြစ်ပြီးဝေဒနာနှင့်တူသော ဖြစ်လတ့ံဝေဒနာများကို ယူ၊ ထို

ပဋိသေဝါမိ၊ မှီဝဲပါ၏။ ဥပ္ပန္နာနံ၊ ဖြစ်ပြီး ဝေဒနာနှင့် တူကုန်သော။ ဝေယာဗာဓိကာနံ၊ ဓာတ်ချောက်ချားခြင်း, ဓာတ်ချောက်ချားခြင်း အရင်းခံရှိသော အနာကြောင့် ဖြစ်ကုန်သော။ ဝေဒနာနံ၊ ဆင်းရဲဝေဒနာတို့ကို။ ယာဝ ပဋိဃာတာယ ဧဝ၊ ပယ်ဖျောက်နိုင်ရုံ အကျိုးငှါသာလျှင်။ ယာဝ အဗျာဗဇ္ဈ-ပရမတာယ ဧဝ၊ ဆင်းရဲကင်းကွာ ကျန်းမာ ချမ်းသာခြင်း အတိုင်းအရှည် တိုင်ရုံ အကျိုးငှါသာလျှင်။ ဂိလာန ပစ္စယ-ဘေသဇ္ဇ ပရိက္ခာရံ၊ ဂိလာန၏ ရောဂါအတွက် ဆန့်ကျင်ဘက်ဖြစ်၍ အသက်၏ အရံအကာ အဆောက်အဦးဖြစ်သော ဆေးကို။ ပဋိသေဝါမိ၊ မှီဝဲပါ၏။

ဝေဒနာများကိုသာ နောင်မဖြစ်လာအောင် ဆေးဖြင့် တားမြစ်နိုင်၏၊ ထို့ကြောင့် "ဥပ္ပန္နသဒိသာ ပန ဥပ္ပန္နာတိ ဝုစ္စန္တိ" စသည်ဖြင့် ဋီကာ ဖွင့်သည်။]

ဝေယာဗာဓိကာနန္တိ ဧတ္ထ ဗျာဗာဓောတိ (ဝေယာဗာ-ဓောနှင့် ဗျာဗာဓော တူသည်၊ ဝေယာကရဏနှင့် ဗျာကရဏတို့ တူသကဲ့သို့တည်း၊) ဓာတုက္ခောဘော, တံသမုဋ္ဌာနာ စ ကုဋ္ဌ-ဂဏ္ဍပိဋ္ဌကာဒယော၊ ဗျာဗာဓတော ဥပ္ပန္နာ ဝေယာဗာဓိကာ၊ [ခန္ဓာကိုယ်၌ ဓာတ် ၄-ပါးပျက်မှုကို "ဓာတုက္ခောဘ" ဟု ခေါ်၏၊ ထိုသို့ ဓာတ်ချောက်ချားမှုကြောင့်လည်း ညောင်းမှုကိုက်မှု စသော ဒုက္ခဝေဒနာ ဖြစ်တတ်သည်၊ ဓာတ်ချောက်ချားလျှင် အနာပေါက်တတ်၏၊ ထိုအနာကြောင့်လည်း ဒုက္ခဝေဒနာ ဖြစ်လာတတ်၏-ဟူလို။] "ဝေယာဗျာဓိကာနံ" ဟု ရှိသည်ကား အဋ္ဌကထာဖွင့်နှင့် မညီ။

လိင်ဆယ်ပါး ပါဌ်အနက်

ဒသဟင်္ဂေါ်ဟိ သမန္နာဂတော သာမဏေရော နာသေတပ္ပေါ၊ ပါဏာတိပါတိ ဟောတိ၊ အဒိန္နာဒါယီ ဟောတိ၊ အပြဟ္မစာရီ ဟောတိ၊ မုသာဝါဒီ ဟောတိ၊ သုရာမေရယ မဇ္ဇပါယီ ဟောတိ၊ ဗုဒ္ဓဿ အဝဏ္ဏံ ဘာသတိ၊ ဓမ္မဿ အဝဏ္ဏံ ဘာသတိ၊ သံဃဿ အဝဏ္ဏံ ဘာသတိ၊ မိစ္ဆာဒိဋ္ဌိကော ဟောတိ၊ ဘိက္ခုနိဒူသကော ဟောတိ၊ ဣမေဟိ ခေါ ဒသဟင်္ဂေါ်ဟိ သမန္နာဂတော သာမဏေရော နာသေတပ္ပေါ။

ဒသဟိ၊ ဆယ်ပါးကုန်သော။ အင်္ဂေါ်ဟိ၊ အင်္ကြောင်း အင်္ဂါတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံသော။ သာမဏေရော၊ သာမဏေကို။ နာသေတပ္ပေါ၊ အသင်္ဃကိုဖျက် လူထွက်စေထိုက်၏။ ပါဏာတိပါတိ၊ သူအသက်ကို သတ်ခြင်း ရှိသည်။ ဟောတိ၊ ဖြစ်၏။ အဒိန္နာဒါယီ၊ အရှင်မပေးအပ်သော

အဗျာဗဇ္ဈပရမတာယာတိ နိဒ္ဒုက္ခပရမတာယ။ ယာဝ တံ ဒုက္ခံ သဗ္ဗံ ပဟီနံ ဟောတိ တာဝါတိ အတ္ထော။ [ဗျာဗာဓန-ဋ္ဌေန ဗျာဗာဓော၊ ဗျာဗာဓောဝ ဗျာဗဇ္ဈံ၊ ဒုက္ခန္တိ အတ္ထော၊ နတ္ထိ တ္ထေ ဗျာဗဇ္ဈံတိ အဗျာဗဇ္ဈံ (ဇ္ဈာ) – နိဒ္ဒုက္ခတာ။] "အဗျာပဇ္ဈ"ဟု ရေးသား ရွတ်ဖတ်ကြသည်မှာ ဤအဖွင့်နှင့် မညီ၊ ဗျာပဇ္ဈဿဒ္ဒါသည် ဒေါသ- ဒေါမနဿကို ဟော၏၊ ဗျာပဇ္ဈဿဒ္ဒါကား ဒုက္ခကို ဟောသည်။

ပစ္စဝေက္ခဏာ ပြီး၏။

သူဥစ္စာကို ခိုးယူသည်။ ဟောတိ၊ ဖြစ်၏။ အပြဟ္မစာရီ၊ မမြတ်သော မေထုန်အကျင့်ကို ကျင့်ခြင်းရှိသည်။ ဟောတိ၊ ဖြစ်၏။ မုသာဝါဒီ၊ မဟုတ်မမှန်သောစကားကို ပြောဆိုခြင်း ရှိသည်။ ဟောတိ၊ ဖြစ်၏။ သုရာမေရယမဇ္ဇပါယီ၊ မေ့လျော့ခြင်း၏အကြောင်းဖြစ်သော သေရည်အရက်ကိုသောက်သည်။ ဟောတိ၊ ဖြစ်၏။

ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ အဝဏ္ဏံ၊ အပြစ်ကို။ ဝါ၊ ကဲ့ရဲ့ကြောင်းစကားကို။ ဘာသတိ၊ ပြောဆို၏။ ဓမ္မဿ၊ တရားတော်၏။ အဝဏ္ဏံ၊ အပြစ်ကို။ ဝါ၊ ကဲ့ရဲ့ကြောင်းစကားကို။ ဘာသတိ၊ ပြောဆို၏။ သံဃဿ၊ သံဃာတော်၏။ အဝဏ္ဏံ၊ အပြစ်ကို။ ဝါ၊ ကဲ့ရဲ့ကြောင်းစကားကို။ ဘာသတိ၊ ပြောဆို၏။ မိစ္ဆာဒိဋ္ဌိကော၊ မှားသော အယူရှိသည်။ ဟောတိ၊ ဖြစ်၏။ ဘိက္ခုနိဒူသကော၊ ဘိက္ခုနီမကို ဖျက်ဆီးသည်။ ဟောတိ၊ ဖြစ်၏။ ဒသဟိ၊ ဆယ်ပါးကုန်သော။ ဣမေဟိ အင်္ဂေါ်ဟိ၊ ဤအင်္ကြောင်း အင်္ဂါတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံသော။ သာမဏေရော၊ သာမဏေကို။ နာသေတပ္ပေါ၊ အသင်္ဃကိုဖျက် လူထွက်စေထိုက်၏။

ဒဏ်ဆယ်ပါး ပါဌ်အနက်

ဒသဟင်္ဂေါ်ဟိ သမန္နာဂတဿ သာမဏေရဿ ဒဏ္ဍကမ္မံ ကာတပ္ပံ၊ ဝိကာလဘောဇနော ဟောတိ၊ နစ္စ ဂီတ ဝါဒိတ ဝိသူကဒဿနော ဟောတိ၊ မာလာဂန္ဓ-ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနော ဟောတိ၊ ဥစ္စာ-သယန မဟာသယနော ဟောတိ၊ ဇာတရူပ ရဇတပဋိဂ္ဂဟဏော ဟောတိ၊ ဘိက္ခူနံ အလာဘာယ ပရိ-

သက္ကတိ၊ ဘိက္ခူနံ အနတ္ထာယ ပရိသက္ကတိ၊ ဘိက္ခူနံ အဝါသာယ ပရိသက္ကတိ၊ ဘိက္ခူ အက္ကောသတိ ပရိဘာသတိ၊ ဘိက္ခူ ဘိက္ခူဟိ ဘေဒေတိ၊ ဣမေဟိ ခေါ ဒသဟင်္ဂေဟိ သမန္နာဂတဿ သာမဏေရဿ ဒဏ္ဍကမ္မံ ကာတဗ္ဗံ။

ဒသဟိ၊ဆယ်ပါးကုန်သော။အင်္ဂေဟိ၊အကြောင်းအင်္ဂါတို့နှင့်။သမန္နာဂတဿ၊ ပြည့်စုံသော။ သာမဏေရဿ၊ သာမဏေ၏(အပေါ်၌)။ ဒဏ္ဍကမ္မံ၊ ဒဏ်အမှုကို။ ကာတဗ္ဗံ၊ ပြုထိုက်၏။ ဝိကာလဘောဇနော၊ နေလွဲအခါ၌ စားခြင်းရှိသည်။ ဟောတိ၊ ဖြစ်၏။ နစ္စ ဂီတ ဝါဒိတ ဝိသူကဒဿနော၊ ကိုယ်တိုင်ကခြင်း, သူတပါးကို ကစေခြင်း, ကိုယ်တိုင် သီဆိုခြင်း, သူတပါးကို သီဆိုစေခြင်း, ကိုယ်တိုင် တီးမှုတ်ခြင်း, သူတပါးကို တီးမှုတ်စေခြင်း, ဘုရား အဆုံးအမတော်၏ ဆန့်ကျင်ဘက်စို့ပမာဖီလာဖြစ်သော ကြည့်ရှု နားထောင်ခြင်း ရှိသည်။ ဟောတိ၊ ဖြစ်၏။ မာလာ ဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနော၊ ပန်းပန်ခြင်း, နံ့သာပျောင်းတို့ဖြင့် နိမ့်ရာအရပ်ကို ပြည့်စေခြင်း, အရောင်တင်ဆေး, ရေမွှေး, နံ့သာဆီ, နံ့သာရည် သနပ်ခါးတို့ဖြင့် လိမ်းကျံ ခြယ်လှယ်ခြင်း ရှိသည်။ ဟောတိ၊ ဖြစ်၏။ ဥစ္စာသယန မဟာသယနော၊ မြင့်သောနေရာ, ကြီးကျယ်ခမ်းနား ဆန်းပြားသောနေရာ၌ ထိုင်ခြင်း, အိပ်ခြင်း ရှိသည်။ ဟောတိ၊ ဖြစ်၏။ ဇာတရူပ ရဇတပ္ပဋိဂ္ဂဟဏော၊ ရွှေ ငွေကို ကိုယ်တိုင် ခံယူခြင်း, သူတပါးကို ခံယူစေခြင်း, အပ်နှံ ချထား၍ လှူသည်ကို သာယာခြင်းရှိသည်။ ဟောတိ၊ ဖြစ်၏။

ဘိက္ခူနံ၊ ရဟန်းတို့၏။ အလာဘာယ၊ လာဘ်မရခြင်းငှါ။ ပရိသက္ကတိ၊ အားထုတ်၏။ ဘိက္ခူနံ၊ ရဟန်းတို့၏။ အနတ္ထာယ၊ အကျိုးမဲ့ဖြစ်ခြင်းငှါ။ ပရိသက္ကတိ၊ အားထုတ်၏။ ဘိက္ခူနံ၊ ရဟန်းတို့၏။ အဝါသာယ၊ နေမြဲကျောင်း၌ မနေနိုင်ခြင်းငှါ။ ပရိသက္ကတိ၊ အားထုတ်၏။ ဘိက္ခူ၊ ရဟန်းတို့ကို။ အက္ကောသတိ၊ ဆဲရေး၏။ ပရိဘာသတိ၊ ခြိမ်းချောက်၏။ ဘိက္ခူ၊ ရဟန်းတို့ကို။ ဘိက္ခူဟိ၊ အခြား ရဟန်းတို့နှင့်။ ဘေဒေတိ၊ ကွဲပြားအောင် ဂုံးတိုက်၏။ ဒသဟိ၊ ဆယ်ပါးကုန်သော။ ဣမေဟိ အင်္ဂေဟိ၊ဤအကြောင်းအင်္ဂါတို့နှင့်။ သမန္နာဂတဿ၊ ပြည့်စုံသော။ သာမဏေရဿ၊ သာမဏေ၏(အပေါ်၌)။ ဒဏ္ဍကမ္မံ၊ ဒဏ်အမှုကို။ ကာတဗ္ဗံ၊ ပြုထိုက်၏။

အနက်ပေးပုံ ရှင်းလင်းချက်

"ပါဏာတိပါတ–သူအသက်ကို သတ်လေ့ ရှိသည်"ဟု တဿီလအနက်ကို သုံးစွဲကြ၏၊ သို့သော် "အလေ့"ဟူသည် တကြိမ်တခါ လွန်ကျူးခြင်း မဟုတ်, မကြာခဏ လွန်ကျူးမှ "အလေ့အလာ ဝါသနာ"ဟု ဆိုထိုက်သည်၊ ဤလိင်-ဒဏ်အခဏ်း၌ကား တကြိမ်တခါ လွန်ကျူးလျှင်လည်း လိင်ကျ-ဒဏ်ထိုက်၏၊ ထို့ကြောင့် သိက္ခာပုဒ်တိုင်း၌ "အလေ့"ဟု မသုံးဘဲ သဒ္ဒါအနေလိုက်၍ ကတ္တုသာဓနနက်ဖြစ်စေ ရိုးရိုး အဿတ္ထိအနက်ဖြစ်စေ ပေးလိုက်သည်။

နစ္စ။ပ။ ဝိသူကဒဿနော–သာသနဿ အနနုလောမတ္တာ ဝိသူကံ ပဋာဏိဘူတံ ဒဿနန္တိ ဝိသူကဒဿနံ။ (သီလက္ခန် အဋ္ဌကထာ)၊ "သဗ္ဗပါပဿ အကရဏံ။ပ။ တေံ ဗုဒ္ဓါန-

သာသနံ”ဟူသော အဆုံးအမတော်၌ “မကောင်းမှု အားလုံးကို မပြုရ”ဟု ဆုံးမတော်မူ၏။ နစ္စ စသည်ကို ကြည့်မှုသည် မကောင်းမှု ဖြစ်ရကား ထို အဆုံးအမတော်နှင့် မလျော်(ဖီလာ)ဖြစ်၏။

ဝိသူကံကို “ဝိသုစတိ သာသနံ ဝိဇ္ဈတိ-အဆုံးအမကို ထိုးဆွသကဲ့သို့ ဖြစ်၏”ဟု ဋီကာ ဖွင့်၏၊ ပဋိဝိရူဒ္ဓံ (ဆန့်ကျင်ဘက်) ဟုလည်း အဓိပ္ပါယ် ပြ၏၊ [“ဝိသူစိကာ, သူစိ-အပ်”စသည်ကို ထောက်၍ ထိုးခြင်းအနက်၌ “ဝိသူကံ”ဟု ဒီဃ သင့်မည် ထင်၏၊ စာအုပ်အများ၌ကား “ဝိသုက”ဟု ရှိသည်။]

ထိုဝိသူကံကိုလည်း “ပဋ္ဌာဏိဘူတံ=ပဋိ (ဆန့်ကျင်ဘက်) +အာဏာဘူတံ”ဟု ဖွင့်၏၊ အာဏာ=ကီလ(သပ်=စို့=မယ်နှ)၊ ဘုရားအဆုံးအမတော်ကို ဆန့်ကျင်ဘက်ပြုလျက် သပ်ဖြင့် စို့ဖြင့် နှက်သကဲ့သို့ ကြည့်ရှု နားထောင်ခြင်း-ဟူလို၊ ဤ အဓိပ္ပါယ်ကို ရည်၍ “ဝိသူကဒဿန”ကိုငင်း “အတ္တနာ နစ္စန-နစ္စာပနာဒိဝသေန”ကို ထောက်၍ နစ္စ ဂိတ ဝါဒိတကိုငင်း အနက်ပေးထားသည်။

မှတ်ချက်။ ။သီလက္ခန်–ဥဇုဝိပစ္စနိက,ပုဒ်အဖွင့်၌ “ဝိသရက္ခ-အာဏာ (မယ်နှ=စို့) ကောဋ္ဌယမာနောဝိယ” ဟု အာဏာအသုံးကို တွေ့ရ၏၊ ထိုအာဏာကို “ကီလ” ဟု ဖွင့်၏၊ ကီလအသုံးကိုလည်း “ကီလ+ဥပ္ပါဒို= လှတိုက်၍ မပြီးသေးသော သစ်သား အခြမ်း၌ စိုက်နှက်ထားသော သပ်ကို နှုတ်သည်” ဟု ဟိတောပဒေသ၌ တွေ့ရ၏၊ ရှေးဆရာတို့ကား “အာဏာ=ဩဇာတန်ကျင်” ဟု အနက်ပြန်ကြသည်။

မာလာ ဂန္ဓ သိက္ခာပုဒ်၌ အနက်ပေးပုံမှာ ဆရာများ သိဘွယ်၌ အကျယ်ရှင်းပြသည့်အတိုင်း သိလောက်ပြီ၊ ထို့ကြောင့် ထပ်၍ ရေးဘွယ်မလို၊ ထိုအကျယ်ကို ပြန်၍ရှုပါ။

ဥစ္စာသယန မဟာသယန၌“မဟာ”အရဝယ် အထည်ဝတ္ထုကြီးခြင်း ခမ်းနား ဆန်းကြယ်ခြင်းများ ပါဝင်၏၊ တကျိပ် ခြောက်ယောက်သော ကခြေသည်တို့ ကလောက်သော ကော်ဇောသည် ကြီး၏၊ လက်လေးသစ်ထက် အမွေးရှည်သော ကော်ဇောသည် ခမ်းနား၏၊ ပန်းပွင့် အရုပ်တို့ဖြင့် ယက်လုပ်အပ်သော ကော်ဇောသည် ဆန်းကြယ်၏၊ ထိုအားလုံး သိုးမွေးဖြစ်လျှင် မအပ်။

ဇာတရူပ ရဇတပဋိဂ္ဂဟဏော၌ “ နေဝ နံ ဥဂ္ဂဏှာတိ, နဥဂ္ဂဏှာပေတိ, နဥပနိက္ခိတ္တံ သာဒယတိ” ဟူသော သိလက္ခန်အဋ္ဌကထာအတိုင်း ပေးသည်၊ ပဋိဂ္ဂဟဏပုဒ်ကို ကေသေသ်လုပ်စေလိုသည်။

ဘိက္ခူနံ အနုတ္ထာယကို အဝါသာယ၏ချေ၌ ထားခြင်းကား မဟာဝါပါဠိတော်အတိုင်း ထားခြင်းတည်း၊ အဝါသာယကို လည်း “ကိန္တိ ဣမသ္မိံ အာဝါသေ နဝသေယျုံတိ ပရက္ကမတိ၊ အဘာယနည်းဖြင့် ဤ ကျောင်းတိုက်၌ မနေနိုင်ပါ ကုန်ရာအံ့နည်း” ဟူသော အဖွင့်အတိုင်း ပေးသည်။

လိမ်ဆယ်ပါး ဒဏ်ဆယ်ပါး ပြီး၏။

သေခိယ ပါဠ်အနက်

ပရိမဏ္ဍလဝဂ်

ဣမေ ခေါ ပနာယသ္မန္တော သေခိယာ ဓမ္မာ ဥဒ္ဒေသံ အာဂစ္ဆန္တိ။

(၁) ပရိမဏ္ဍလံ နိဝါသေဿာမီတိ, သိက္ခာ ကရဏီယာ။

(၂) ပရိမဏ္ဍလံ ပါရုပိဿာမီတိ, သိက္ခာ ကရဏီယာ။

(၃) သုပ္ပဋိစ္ဆန္နော အန္တရဃရေ ဂမိဿာမီတိ, သိက္ခာ ကရဏီယာ။

အာယသ္မန္တော၊ အရှင်တို့။ သေခိယာ၊ သေခိယ မည်ကုန်သော။ ဣမေ ခေါ ပန ဓမ္မာ၊ ဤသိက္ခာပုဒ်တို့သည်။ ဥဒ္ဒေသံ၊ သရုပ်အားဖြင့် ရွတ်ပြအပ်ကုန်သည်၏ အဖြစ်သို့။ အာဂစ္ဆန္တိ၊ ရောက်ကုန်၏။

၁။ ပရိမဏ္ဍလံ၊ ထက်ဝန်းကျင် ဝန်းဝိုင်းစွာ။ နိဝါသေဿာမိ၊ သင်းပိုင်ကို ဝတ်အံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ သင်ခြင်း ကျင့်ခြင်း အားထုတ်ခြင်းကို။ ကရဏီယာ၊ ပြုထိုက်၏။

၂။ ပရိမဏ္ဍလံ၊ စွာ။ ပါရုပိဿာမိ၊ ကိုယ်ဝတ် သင်္ကန်းကို ရန်းအံ့။ ဣတိ၊ သို့။ သိက္ခာ၊ ကို။ ကရဏီယာ၊ ၏။

၃။ သုပ္ပဋိစ္ဆန္နော၊ လည်ပင်း လက်ကောက်ဝတ် တို့ကို ကောင်းစွာ ဖုံးအုပ်လျက်။ အန္တရဃရေ၊ ရွာတွင်း၌။ ဂမိဿာမိ၊ အံ့။ ဣတိ၊ သို့။ သိက္ခာ၊ ကို။ ကရဏီယာ၊ ပြုထိုက်၏။

(၄) သုပ္ပဋိစ္ဆန္နော အန္တရဃရေ နိသီဒိဿာမီတိ, သိက္ခာ ကရဏီယာ။

(၅) သုသံဝုတော အန္တရဃရေ ဂမိဿာမီတိ, သိက္ခာ ကရဏီယာ။

(၆) သုသံဝုတော အန္တရဃရေ နိသီဒိဿာမီတိ, သိက္ခာ ကရဏီယာ။

(၇) ဩက္ခိတ္တစက္ခု အန္တရဃရေ ဂမိဿာမီတိ, သိက္ခာ ကရဏီယာ။

၄။ သုပ္ပဋိစ္ဆန္နော၊ လျက်။ အန္တရဃရေ၊ ၌။ နိသီဒိဿာမိ၊ နေထိုင်အံ့။ ဣတိ၊ သို့။ သိက္ခာ၊ ကို။ ကရဏီယာ၊ ၏။

၅။ သုသံဝုတော၊ ကောင်းစွာ စောင့်စည်းအပ်သော လက်ခြေရှိသည်။ (ဟုတ္ဟာ၊ ဖြစ်၍။) အန္တရဃရေ၊ ၌။ ဂမိဿာမိ၊ သွားအံ့။ ဣတိ၊ သို့။ သိက္ခာ၊ ကို။ ကရဏီယာ၊ ၏။

၆။ သုသံဝုတော၊ သည်။ (ဟုတ္ဟာ၊ ၍။) အန္တရဃရေ၊ ၌။ နိသီဒိဿာမိ၊ နေထိုင်အံ့။ ဣတိ၊ သို့။ သိက္ခာ၊ ကို။ ကရဏီယာ၊ ၏။

၇။ ဩက္ခိတ္တစက္ခု၊ လေးတောင်ခန့်မျှ ကြည့်သောအားဖြင့် အောက်၌ ချအပ်သော မျက်လွှာရှိသည်။ (ဟုတ္ဟာ၊ ၍။) အန္တရဃရေ၊ ၌။ ဂမိဿာမိ၊ အံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ ကို။ ကရဏီယာ၊ ၏။

(၈) ဩကွိတ္တစက္ခု အန္တရဿရေ နိသီဒိဿာမီတိ, သိက္ခာ ကရဏီယာ။

(၉) နဥက္ခိတ္တကာယ အန္တရဿရေ ဂမိဿာမီတိ, သိက္ခာ ကရဏီယာ။

(၁၀) နဥက္ခိတ္တကာယ အန္တရဿရေ နိသီဒိဿာမီတိ, သိက္ခာ ကရဏီယာ။

ပရိမဏ္ဍလဝဂ္ဂေါ ပဌမော။

၈။ ဩကွိတ္တစက္ခု၊ သည်။ (ဟုတ္တာ၊ ၍။) အန္တရဿရေ၊ ၌။ နိသီဒိဿာမိ၊ နေထိုင်အံ့။ ဣတိ၊ သို့။ သိက္ခာ၊ ကို။ ကရဏီယာ၊ ၏။

၉။ ဥက္ခိတ္တကာယ၊ သင်္ကန်းကို မြှောက်ပင့်ခြင်းဖြင့်။ အန္တရဿရေ၊ ၌။ နဂမိဿာမိ၊ မသွားအံ့။ ဣတိ၊ သို့။ သိက္ခာ၊ ကို။ ကရဏီယာ၊ ၏။

၁၀။ ဥက္ခိတ္တကာယ၊ ဖြင့်။ အန္တရဿရေ၊ ၌။ နနိသီဒိဿာမိ၊ မနေထိုင်အံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ သင်ခြင်း ကျင့်ခြင်း အားထုတ်ခြင်းကို။ ကရဏီယာ၊ ပြုထိုက်၏။

ပဌမော၊ ရွေးဦးစွာသော။ ပရိမဏ္ဍလဝဂ္ဂေါ၊

ပရိမဏ္ဍလ ဝဂ်တည်း။

ဥဇ္ဇဂ္ဃိကဝဂ်

(၁၁) နဥဇ္ဇဂ္ဃိကာယ အန္တရဿရေ ဂမိဿာမီတိ, သိက္ခာ ကရဏီယာ။

(၁၂) နဥဇ္ဇဂ္ဃိကာယ အန္တရဿရေ နိသီဒိဿာမီတိ, သိက္ခာ ကရဏီယာ။

(၁၃) အပ္ပသဒ္ဒေါ အန္တရဿရေ ဂမိဿာမီတိ, သိက္ခာ ကရဏီယာ။

(၁၄) အပ္ပသဒ္ဒေါ အန္တရဿရေ နိသီဒိဿာမီတိ, သိက္ခာ ကရဏီယာ။

၁၁။ ဥဇ္ဇဂ္ဃိကာယ၊ ကျယ်စွာ ရယ်ခြင်းဖြင့်။ အန္တရဿရေ၊ ၌။ နဂမိဿာမိ၊ မသွားအံ့။ ဣတိ၊ သို့။ သိက္ခာ၊ သင်ခြင်း ကျင့်ခြင်း အားထုတ်ခြင်းကို။ ကရဏီယာ၊ ပြုထိုက်၏။

၁၂။ ဥဇ္ဇဂ္ဃိကာယ၊ ဖြင့်။ အန္တရဿရေ၊ ၌။ နနိသီဒိဿာမိ၊ မနေထိုင်အံ့။ ဣတိ၊ သို့။ သိက္ခာ၊ ကို။ ကရဏီယာ၊ ၏။

၁၃။ အပ္ပသဒ္ဒေါ၊ တိုးသော အသံရှိသည်။ (ဟုတ္တာ၊ ၍။) အန္တရဿရေ၊ ၌။ ဂမိဿာမိ၊ သွားအံ့။ ဣတိ၊ သို့။ သိက္ခာ၊ ကို။ ကရဏီယာ၊ ၏။

၁၄။ အပ္ပသဒ္ဒေါ၊ သည်။ (ဟုတ္တာ၊ ၍။) အန္တရဿရေ၊ ၌။ နိသီဒိဿာမိ၊ နေထိုင်အံ့။ ဣတိ၊ သို့။ သိက္ခာ၊ ကို။ ကရဏီယာ၊ ၏။

(၁၅) နာ ကာယပွစာလကံ အန္တရဿရေ ဂမိဿာမီတိ, သိက္ခာ ကရဏီယာ။

(၁၆) နာ ကာယပွစာလကံ အန္တရဿရေ နိသီဒိဿာမီတိ သိက္ခာ ကရဏီယာ။

(၁၇) နာ ဗာဟုပွစာလကံ အန္တရဿရေ ဂမိဿာမီတိ, သိက္ခာ ကရဏီယာ။

(၁၈) နာ ဗာဟုပွစာလကံ အန္တရဿရေ နိသီဒိဿာမီတိ, သိက္ခာ ကရဏီယာ။

၁၅။ ကာယပွစာလကံ၊ ကိုယ်ကို လှုပ်စေ၍ လှုပ်စေ၍။ အန္တရဿရေ၊ ၌။ နာ ဂမိဿာမိ၊ အံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ ကို။ ကရဏီယာ၊ ၏။

၁၆။ ကာယပွစာလကံ၊ ကိုယ်ကို လှုပ်စေ၍ လှုပ်စေ၍။ အန္တရဿရေ၊ ၌။ နာ နိသီဒိဿာမိ၊ အံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ ကို။ ကရဏီယာ၊ ၏။

၁၇။ ဗာဟုပွစာလကံ၊ လက်ရုံးကို လှုပ်စေ၍ လှုပ်စေ၍။ အန္တရဿရေ၊ ၌။ နာ ဂမိဿာမိ၊ မသွားအံ့။ ဣတိ၊ သို့။ သိက္ခာ၊ ကို။ ကရဏီယာ၊ ၏။

၁၈။ ဗာဟုပွစာလကံ၊ လက်ရုံးကို လှုပ်စေ၍ လှုပ်စေ၍။ အန္တရဿရေ၊ ၌။ နာ နိသီဒိဿာမိ၊ မနေထိုင်အံ့။ ဣတိ၊ သို့။ သိက္ခာ၊ ကို။ ကရဏီယာ၊ ၏။

(၁၉) နာ သိသပွစာလကံ အန္တရဿရေ ဂမိဿာမီတိ, သိက္ခာ ကရဏီယာ။

(၂၀) နာ သိသပွစာလကံ အန္တရဿရေ နိသီဒိဿာမီတိ, သိက္ခာ ကရဏီယာ။

ဥဇုဂ္ဂိကဝဂ္ဂေါ ဒုတိယော။

၁၉။ သိသပွစာလကံ၊ ဦးခေါင်းကို လှုပ်စေ၍ လှုပ်စေ၍။ အန္တရဿရေ၊ ၌။ နာ ဂမိဿာမိ၊ အံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ ကို။ ကရဏီယာ၊ ၏။

၂၀။ သိသပွစာလကံ၊ ဦးခေါင်းကို လှုပ်စေ၍ လှုပ်စေ၍။ အန္တရဿရေ၊ ၌။ နာ နိသီဒိဿာမိ၊ မနေထိုင်အံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ သင်ခြင်း ကျင့်ခြင်း အားထုတ်ခြင်းကို။ ကရဏီယာ၊ ပြုထိုက်၏။

ဒုတိယော၊ ၂-ခုမြောက်သော။ ဥဇုဂ္ဂိကဝဂ္ဂေါ၊ ဥဇုဂ္ဂိကဝဂ်တည်း။

အမှာ။ ။ဤ သေခိယပါဋိကို အနက်ပေးရာ၌ ပါတိမောက် ဘာသာဋီကာအတိုင်း သဒ္ဒါအနက်ကို ပဓာနထား၍ ပေးသည်။ "ဥဇုဂ္ဂိက=ဥဇ္ဇုဂ္ဂိက" ဟု ပါဋိ ၂-မျိုး ရေးကြသည်။

ခမ္ဘကတဝဂ်

(၂၁) နှ ခမ္ဘကတော၁ အန္တရာယရေ ဂမိဿာမီတိ, သိက္ခာ ကရဏီယာ။

(၂၂) နှ ခမ္ဘကတော၁ အန္တရာယရေ နိသီဒိဿာမီတိ, သိက္ခာ ကရဏီယာ။

(၂၃) နှ သြဂုဏ္ဍိတော၁ အန္တရာယရေ ဂမိဿာမီတိ, သိက္ခာ ကရဏီယာ။

(၂၄) နှ သြဂုဏ္ဍိတော၁ အန္တရာယရေ နိသီဒိဿာမီတိ, သိက္ခာ ကရဏီယာ။

၂၁။ ခမ္ဘကတော၁၊ ပြုအပ်သော ခါးထောက်ခြင်းရှိသည်။ (ဟုတ္တ၁၊ ၍။) အန္တရာယရေ၊ ၌။ နှ ဂမိဿာမိ၊ မသွား အံ့။ ဤတိ၊ ဤသို့။ သိက္ခာ၊ ကို။ ကရဏီယာ၊ ပြုထိုက်၏။

၂၂။ ခမ္ဘကတော၁၊ ပြုအပ်သော ခါးထောက်ခြင်းရှိသည်။ (ဟုတ္တ၁၊ ၍။) အန္တရာယရေ၊ ၌။ နှ နိသီဒိဿာမိ၊ မနေ ထိုင်အံ့။ ဤတိ၊ သို့။ သိက္ခာ၊ ကို။ ကရဏီယာ၊ ၏။

၂၃။ သြဂုဏ္ဍိတော၁၊ ခြုံအပ်သော ဦးခေါင်းရှိသည်။ (ဟုတ္တ၁၊ ၍။) အန္တရာယရေ၊ ၌။ နှ ဂမိဿာမိ၊ အံ့။ ဤတိ၊ သို့။ သိက္ခာ၊ ကို။ ကရဏီယာ၊ ၏။

၂၄။ သြဂုဏ္ဍိတော၁၊ ခြုံအပ်သော ဦးခေါင်းရှိသည်။ (ဟုတ္တ၁၊ ၍။) အန္တရာယရေ၊ ၌။ နှ နိသီဒိဿာမိ၊ အံ့။ ဤတိ၊ သို့။ သိက္ခာ၊ ကို။ ကရဏီယာ၊ ၏။

(၂၅) နှ ဥက္ကုဋိကာယ အန္တရာယရေ ဂမိဿာမီတိ, သိက္ခာ ကရဏီယာ။

(၂၆) နှ ပလ္လတ္ထိကာယ အန္တရာယရေ နိသီဒိဿာမီတိ, သိက္ခာ ကရဏီယာ။

(၂၇) သက္ကစ္စံ ပိဏ္ဍပါတံ ပဋိဂ္ဂဟေဿာမီတိ, သိက္ခာ ကရဏီယာ။

(၂၈) ပတ္တသညီ ပိဏ္ဍပါတံ ပဋိဂ္ဂဟေဿာမီတိ, သိက္ခာ ကရဏီယာ။

၂၅။ ဥက္ကုဋိကာယ၊ အထက်၌ ခြေတစ်နှန်းရှိသော သွားခြင်း ဖြင့်။ ဝါ၊ ဖဝါးအစွန် နင်းလျက်။ အန္တရာယရေ၊ ၌။ နှ ဂမိဿာမိ၊ အံ့။ ဤတိ၊ သို့။ သိက္ခာ၊ ကို။ ကရဏီယာ၊ ၏။

၂၆။ ပလ္လတ္ထိကာယ၊ လက်, အဝတ်တို့ဖြင့် ထက်ဝန်းကျင် ပတ်ဖွဲ့ခြင်းဖြင့်။ အန္တရာယရေ၊ ၌။ နှ နိသီဒိဿာမိ၊ မနေထိုင်အံ့။ ဤတိ၊ သို့။ သိက္ခာ၊ ကို။ ကရဏီယာ၊ ၏။

၂၇။ သက္ကစ္စံ၊ လေးစားသောအားသတိထား၍။ ပိဏ္ဍပါတံ၊ ဆွမ်းကို။ ပဋိဂ္ဂဟေဿာမိ၊ ခံယူအံ့။ ဤတိ၊ သို့။ သိက္ခာ၊ ကို။ ကရဏီယာ၊ ၏။

၂၈။ ပတ္တသညီ၊ သပိတ်၌ သညာရှိသည်။ (ဟုတ္တ၁၊ ၍။) ပိဏ္ဍပါတံ၊ ကို။ ပဋိဂ္ဂဟေဿာမိ၊ ခံယူအံ့။ ဤတိ၊ သို့။ သိက္ခာ၊ ကို။ ကရဏီယာ၊ ၏။

(၂၉) သမသူပကံ ပိဏ္ဍပါတံ ပဋိဂ္ဂဟေဿာမီတိ,သိက္ခာ ကရဏီယာ။

(၃၀) သမတိတ္ထိကံ ပိဏ္ဍပါတံ ပဋိဂ္ဂဟေဿာမီတိ,သိက္ခာ ကရဏီယာ။

ခမ္ဘကတဝဂ္ဂေါ တတိယော။

သက္ကစ္စဝဂ်

(၃၁) သက္ကစ္စံ ပိဏ္ဍပါတံ ဘုဉ္ဇိဿာမီတိ, သိက္ခာ ကရ-ဏီယာ။

၂၉။ သမသူပကံ၊ ဆွမ်း၏ လေးဘို့တဘို့မျှ လက်ကော်ရ ပဲဟင်းရှိရုံသာ။ ပိဏ္ဍပါတံ၊ ကို။ ပဋိဂ္ဂဟေဿာမိ၊ အံ့။ ဣတိ၊ သို့။ သိက္ခာ၊ ကို။ ကရဏီယာ၊ ၏။

၃၀။ သမတိတ္ထိကံ၊ သပိတ်အတွင်း အနားရစ်နှင့် ညီမျှသော ခဲဘွယ် ဘောဇဉ် ရှိရုံသာ။ ပိဏ္ဍပါတံ၊ ကို။ ပဋိဂ္ဂဟေ-ဿာမိ၊ ခံယူအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ သင်ခြင်း ကျင့်ခြင်း အားထုတ်ခြင်းကို။ ကရဏီယာ၊ ပြုထိုက်၏။

တတိယော၊ ၃-ခုမြောက်သော။ ခမ္ဘကတဝဂ္ဂေါ၊ တည်း။

သက္ကစ္စဝဂ်

၃၁။ သက္ကစ္စံ၊ လေးစားသောအား သတိထား၍။ ပိဏ္ဍပါတံ၊ ဆွမ်းကို။ ဘုဉ္ဇိဿာမိ၊ စားအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ သင်ခြင်း ကျင့်ခြင်း အားထုတ်ခြင်းကို။ ကရဏီယာ၊ ၏။

(၃၂) ပတ္တသညီ ပိဏ္ဍပါတံ ဘုဉ္ဇိဿာမီတိ, သိက္ခာ ကရဏီယာ။

(၃၃) သပဒါနံ ပိဏ္ဍပါတံ ဘုဉ္ဇိဿာမီတိ, သိက္ခာ ကရဏီယာ။

(၃၄) သမသူပကံ ပိဏ္ဍပါတံ ဘုဉ္ဇိဿာမီတိ, သိက္ခာ ကရဏီယာ။

(၃၅) နထူပကတော ဩမဒ္ဒိတ္ဝာ ပိဏ္ဍပါတံ ဘုဉ္ဇိဿာ-မီတိ, သိက္ခာ ကရဏီယာ။

၃၂။ ပတ္တသညီ၊ သပိတ်၌သညာရှိသည်။ (ဟုတ္ဝာ၊ ၍။) ပိဏ္ဍပါတံ၊ ကို။ ဘုဉ္ဇိဿာမိ၊ စားအံ့။ ဣတိ၊ သို့။ သိက္ခာ၊ ကို။ ကရဏီယာ၊ ၏။

၃၃။ သပဒါနံ၊ အစဉ်အတိုင်း။ ပိဏ္ဍပါတံ၊ ဆွမ်းကို။ ဘုဉ္ဇိဿာမိ၊ စားအံ့။ ဣတိ၊ သို့။ သိက္ခာ၊ ကို။ ကရဏီယာ၊ ၏။

၃၄။ သမသူပကံ၊ ဆွမ်း၏ လေးဘို့တဘို့မျှ လက်ကော်ရ ပဲဟင်းရှိရုံသာ။ ပိဏ္ဍပါတံ၊ ဆွမ်းကို။ ဘုဉ္ဇိဿာမိ၊ စားအံ့။ ဣတိ၊ သို့။ သိက္ခာ၊ ကို။ ကရဏီယာ၊ ၏။

၃၅။ ထူပကတော၊ ဆွမ်းဦး ဆွမ်းထိပ်မှ။ ဩမဒ္ဒိတ္ဝာ၊ နှိပ်၍။ ဝါ၊ နှိုက်၍။ ပိဏ္ဍပါတံ၊ ကို။ နဘုဉ္ဇိဿာမိ၊ မစားအံ့။ ဣတိ၊ သို့။ သိက္ခာ၊ ကို။ ကရဏီယာ၊ ၏။

(၃၆) နှ သူပံ ဝါ ဗျူဠနံ ဝါ ဩဒနေန ပဋိစ္ဆာဒေဿာမိ ဘိယျောကမျတံ ဥပါဒါယာတိ, သိက္ခာ ကရဏီယာ။

(၃၇) နှ သူပံ ဝါ ဩဒနံ ဝါ အဂိလာနော အတ္တနော အတ္ထာယ ဝိညာပေတွာ ဘုဉ္ဇိဿာမိတိ, သိက္ခာ ကရဏီယာ။

(၃၈) နှ ဥဗ္ဘာနသညီ ပရေသံ ပတ္တံ ဩလောကေဿာမိတိ, သိက္ခာ ကရဏီယာ။

၃၆။ သူပံ ဝါ၊ ပဲဟင်းစသည်ကိုဎင်း။ ဗျူဠနံ ဝါ၊ ဟင်းလျာကိုဎင်း။ ဘိယျောကမျတံ၊ အမျှားကိုအလိုရှိသူ၏အဖြစ်ကို။ ဥပါဒါယ၊စွဲ၍။ ဩဒနေန၊ဆွမ်းဖြင့်။ နှ ပဋိစ္ဆာဒေဿာမိ၊ မဖုံးအုံ့။ ဣတိ၊ သို့။ သိက္ခာ၊ သင်ခြင်း ကျင့်ခြင်း အာဒိ ထုတ်ခြင်းကို။ ကရဏီယာ၊ ၏။

၃၇။ သူပံ ဝါ၊ ပဲဟင်းစသည်ကိုဎင်း။ ဩဒနံ ဝါ၊ ဆွမ်းကိုဎင်း။ အဂိလာနော၊ ဂိလာနမဟုတ်ဘဲ။ အတ္တနော၊ မိမိ၏။ အတ္ထာယ၊ အကျိုးငှါ။ ဝိညာပေတွာ၊ တောင်း၍။ နှ ဘုဉ္ဇိဿာမိ၊ မစားအုံ့။ ဣတိ၊ သို့။ သိက္ခာ၊ ကို။ ကရဏီယာ၊ ပြုထိုက်၏။

၃၈။ ဥဗ္ဘာနသညီ၊ ကဲ့ရဲ့ခြင်းဌ်သညာရှိသည်။ (ဟုတ္တာ၊ ၍။) ပရေသံ၊ သူတပါးတို့၏။ ပတ္တံ၊ သပိတ်ကို။ နှ ဩလောကေဿာမိ၊ မကြည့်အုံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊သင်ခြင်း ကျင့်ခြင်း အာဒိထုတ်ခြင်းကို။ ကရဏီယာ၊ ပြုထိုက်၏။

(၃၉) နှ တိမဟန္တံ ကဗဠံ ကရိဿာမိတိ, သိက္ခာ ကရဏီယာ။

(၄၀) ပရိမဏ္ဍလံ အာလောပံ ကရိဿာမိတိ, သိက္ခာ ကရဏီယာ။

သက္ကစ္စဝဂ္ဂေါ စတုတ္ထော။

ကဗဠဝဂ်

(၄၁) နှ အနာဟဋ္ဌေ ကဗဠေ မုခဒ္ဒါရံ ဝိဝရိဿာမိတိ, သိက္ခာ ကရဏီယာ။

၃၉။ အတိမဟန္တံ၊ ဒေါင်းဥအလား အလွန်ကြီးမားသော။ ကဗဠံ၊ ဆွမ်းလုပ်ကို။ နှ ကရိဿာမိ၊ မပြုအုံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ ကို။ ကရဏီယာ၊ ၏။

၄၀။ ပရိမဏ္ဍလံ၊ ထက်ဝန်းကျင် ဝန်းဝိုင်းသော။ အာလောပံ၊ ဆွမ်းလုပ်ကို။ ကရိဿာမိ၊ ပြုအုံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ သင်ခြင်း ကျင့်ခြင်း အာဒိထုတ်ခြင်းကို။ ကရဏီယာ၊ ၏။

စတုတ္ထော၊ ၄-ခုမြောက်သော။ သက္ကစ္စဝဂ္ဂေါ၊ တည်း။

ကဗဠဝဂ်

၄၁။ ကဗဠေ၊ ဆွမ်းလုပ်ကို။ အနာဟဋ္ဌေ၊ ခံတွင်းဝသို့ မဆောင်ယူအပ်သေးမီ။ မုခဒ္ဒါရံ၊ ခံတွင်းဝကို။ နှ ဝိဝရိဿာမိ၊ မဖွင့်အုံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ ကို။ ကရဏီယာ၊ ၏။

(၄၂) နှ ဘုဥ္ဇမာနော သဗ္ဗံ ဟတ္ထံ မုခေ ပက္ခိပိဿာမီတိ, သိက္ခာ ကရဏီယာ။

(၄၃) နှ သကဗဋ္ဌေန မုခေန ဗျာဟရိဿာမီတိ, သိက္ခာ ကရဏီယာ။

(၄၄) နှ ပိဏ္ဍုက္ကေပကံ ဘုဥ္ဇိဿာမီတိ, သိက္ခာ ကရဏီယာ။

(၄၅) နှ ကဗဋာဝစ္ဆေဒကံ ဘုဥ္ဇိဿာမီတိ, သိက္ခာ ကရဏီယာ။

၄၂။ ဘုဥ္ဇမာနော၊ ဆွမ်းစားစဉ်။ သဗ္ဗံ ဟတ္ထံ၊ အလုံးစုံသော လက်ချောင်းကို။ မုခေ၊ ခံတွင်း၌။ နှ ပက္ခိပိဿာမိ၊ မထည့်အံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ ကို။ ကရဏီယာ၊ ၏။

၄၃။ သကဗဋ္ဌေန၊ ဆွမ်းလုပ်နှင့်တကွ ဖြစ်သော။ မုခေန၊ ခံတွင်းဖြင့်။ နှ ဗျာဟရိဿာမိ၊ စကားမပြောအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ ကို။ ကရဏီယာ၊ ၏။

၄၄။ ပိဏ္ဍုက္ကေပကံ၊ ဆွမ်းလုပ်ကို မြောက်၍ မြောက်၍။ နှ ဘုဥ္ဇိဿာမိ၊ မစားအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ ကို။ ကရဏီယာ၊ ၏။

၄၅။ ကဗဋာဝစ္ဆေဒကံ၊ ဆွမ်းလုပ်ကို ကိုက်ဖြတ်၍ ကိုက်ဖြတ်၍။ နှ ဘုဥ္ဇိဿာမိ၊ မစားအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ ကို။ ကရဏီယာ၊ ၏။

(၄၆) နှ အဝဂဏ္ဍကာရကံ ဘုဥ္ဇိဿာမီတိ, သိက္ခာ ကရဏီယာ။

(၄၇) နှ ဟတ္ထနိဒ္ဓုနကံ ဘုဥ္ဇိဿာမီတိ, သိက္ခာ ကရဏီယာ။

(၄၈) နှ သိတ္ထာဝကာရကံ ဘုဥ္ဇိဿာမီတိ, သိက္ခာ ကရဏီယာ။

(၄၉) နှ ဇိဝှါနိစ္ဆာရကံ ဘုဥ္ဇိဿာမီတိ, သိက္ခာ ကရဏီယာ။

(၅၀) နှ စပု စပုကာရကံ ဘုဥ္ဇိဿာမီတိ, သိက္ခာ ကရဏီယာ။

ကဗဋဝဂ္ဂေါ ပဉ္စမော။

၄၆။ အဝဂဏ္ဍကာရကံ၊ မျောက်ကဲ့သို့ ပါးစောင်ကို မိုမောက် အောင်ပြု၍။ နှ ဘုဥ္ဇိဿာမိ၊ မစားအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ ကို။ ကရဏီယာ၊ ၏။

၄၇။ ဟတ္ထနိဒ္ဓုနကံ၊ လက်ကို ခါ၍ ခါ၍။ နှ ဘုဥ္ဇိဿာမိ၊ မစားအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ ကို။ ကရဏီယာ၊ ၏။

၄၈။ သိတ္ထာဝကာရကံ၊ ဆွမ်းလုံးများကို ဖြန့်ကြဲ၍ ဖြန့်ကြဲ၍။ နှ ဘုဥ္ဇိဿာမိ၊ မစားအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ ကို။ ကရဏီယာ၊ ၏။

၄၉။ ဇိဝှါနိစ္ဆာရကံ၊ လျာကို ထုတ်၍ ထုတ်၍။ နှ ဘုဥ္ဇိဿာမိ၊ မစားအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ ကို။ ကရဏီယာ၊ ၏။

၅၀။ စပု စပု ကာရကံ၊ စပု စပု အသံပြု၍။ ဝါ၊ စပ်စပ် ပြတ်ပြတ် မည်အောင်။ နှ ဘုဥ္ဇိဿာမိ၊ မစားအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ သင်ခြင်း ကျင့်ခြင်း အားထုတ်ခြင်းကို။ ကရဏီယာ၊ ၏။

ပဉ္စမော၊ ၅-ခုမြောက်သော။ ကဗဋဝဂ္ဂေါ၊ ကဗဋဝဂ်တည်း။

သုရူ သုရူဝဂ်

(၅၁) နှ သုရူသုရူကာရကံ ဘုဥ္ဇိဿာမီတိ, သိက္ခာ ကရဏီယာ။

(၅၂) နှ ဟတ္ထနိလ္လေဟကံ ဘုဥ္ဇိဿာမီတိ, သိက္ခာ ကရဏီယာ။

(၅၃) နှ ပတ္ထနိလ္လေဟကံ ဘုဥ္ဇိဿာမီတိ, သိက္ခာ ကရဏီယာ။

(၅၄) နှ သြဋ္ဌနိလ္လေဟကံ ဘုဥ္ဇိဿာမီတိ, သိက္ခာ ကရဏီယာ။

(၅၅) နှ သာမိသေန ဟတ္ထေန ပါနီယထ္ထာလကံ ပဋိဂ္ဂဟေဿာမီတိ, သိက္ခာ ကရဏီယာ။

၅၁။ သုရူသုရူကာရကံ၊ သုရူသုရူ အသံပြု၍။ ဝါ၊ ရှုတ်ရှုတ် မြည်အောင်။ နှ ဘုဥ္ဇိဿာမိ၊ မစားအံ့။ ဣတိ၊ သို့။ သိက္ခာ၊ ကို။ ကရဏီယာ၊ ၏။

၅၂။ ဟတ္ထနိလ္လေဟကံ၊ လက်ကို လျက်၍ လျက်၍။ နှ ဘုဥ္ဇိဿာမိ၊ မစားအံ့။ ဣတိ၊ သို့။ သိက္ခာ၊ ကို။ ကရဏီယာ၊ ၏။

၅၃။ ပတ္ထနိလ္လေဟကံ၊ သပိတ်ကို ခြစ်၍ ခြစ်၍။ နှ ဘုဥ္ဇိဿာမိ၊ မစားအံ့။ ဣတိ၊ သို့။ သိက္ခာ၊ ကို။ ကရဏီယာ၊ ၏။

၅၄။ သြဋ္ဌနိလ္လေဟကံ၊ နှုတ်ခမ်းကို လျက်၍ လျက်၍။ နှ ဘုဥ္ဇိဿာမိ၊ အံ့။ ဣတိ၊ သို့။ သိက္ခာ၊ ကို။ ကရဏီယာ၊ ၏။

၅၅။ သာမိသေန၊ ဆွမ်း စသော အာမိသနှင့်တကွဖြစ်သော။ ဟတ္ထေန၊ လက်ဖြင့်။ ပါနီယထ္ထာလကံ၊ သောက်ရေခွက်ကို။ နှ ပဋိဂ္ဂဟေဿာမိ၊ မကိုင်အံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ ကို။ ကရဏီယာ၊ ၏။

(၅၆) နှ သသိတ္ထကံ ပတ္တဓောဝနံ အန္တရဃရေ ဆဍ္ဍေဿာမီတိ, သိက္ခာ ကရဏီယာ။

(၅၇) နှ ဆတ္တပါဏိဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမီတိ, သိက္ခာ ကရဏီယာ။

(၅၈) နှ ဒဏ္ဍပါဏိဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမီတိ, သိက္ခာ ကရဏီယာ။

(၅၉) နှ သတ္ထပါဏိဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမီတိ, သိက္ခာ ကရဏီယာ။

၅၆။ သသိတ္ထကံ၊ ဆွမ်းလုံးနှင့်တကွဖြစ်သော။ ပတ္တဓောဝနံ၊ သပိတ်ဆေးရေကို။ အန္တရဃရေ၊ ရှာတွင်း၌။ နှ ဆဍ္ဍေဿာမိ၊ မစွန့်အံ့။ ဣတိ၊ သို့။ သိက္ခာ၊ ကို။ ကရဏီယာ၊ ၏။

၅၇။ ဆတ္တပါဏိဿ၊ လက်၌ထီးရှိသော။ အဂိလာနဿ၊ ဂိလာန မဟုတ်သူအား။ ဓမ္မံ၊ ပါဠိအဋ္ဌကထာဓမ္မကို။ နှ ဒေသေဿာမိ၊ မဟောအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ ကို။ ကရဏီယာ၊ ၏။

၅၈။ ဒဏ္ဍပါဏိဿ၊ လက်၌ ၄-တောင်ပြည့် ဒုတ်ရှိသော။ အဂိလာနဿ၊ အား။ ဓမ္မံ၊ ပါဠိအဋ္ဌကထာဓမ္မကို။ နှ ဒေသေဿာမိ၊ အံ့။ ဣတိ၊ သို့။ သိက္ခာ၊ ကို။ ကရဏီယာ၊ ၏။

၅၉။ သတ္ထပါဏိဿ၊ လက်၌ ခဲ့ စသော လက်နက်ရှိသော။ အဂိလာနဿ၊ အား။ ဓမ္မံ၊ ပါဠိအဋ္ဌကထာဓမ္မကို။ နှ ဒေသေဿာမိ၊ အံ့။ ဣတိ၊ သို့။ သိက္ခာ၊ ကို။ ကရဏီယာ၊ ၏။

(၆၀) နှ အာဝုဓပါဏိဿ အဂိလာနဿ ဓမ္မံ ဒေသေဿာ-
မီတိ, သိက္ခာ ကရဏီယာ။

သုရူသုရူဝဂ္ဂေါ ဆဋ္ဌော။

ပါဒုကဝဂ်

(၆၁) နှ ပါဒုကာရူဠ္ဟဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမီတိ,
သိက္ခာ ကရဏီယာ။

(၆၂) နှ ဥပါဟနာရူဠ္ဟဿ အဂိလာနဿ ဓမ္မံ ဒေသေဿာ-
မီတိ, သိက္ခာ ကရဏီယာ။

၆၀။ အာဝုဓပါဏိဿ၊ လက်၌လေးရှိသော။ အဂိလာနဿ၊
ဂိလာနမဟုတ်သူအား။ ဓမ္မံ၊ ပါဠိအဋ္ဌကထာဓမ္မကို။ နှ
ဒေသေဿာမိ၊ မဟောအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊
သင်ခြင်း ကျင့်ခြင်း အားထုတ်ခြင်းကို။ ကရဏီယာ၏။

ဆဋ္ဌော၊ ၆-ခုမြောက်သော။ သုရူသုရူဝဂ္ဂေါ၊တည်း။

ပါဒုကဝဂ်

၆၁။ ပါဒုကာရူဠ္ဟဿ၊ခြေနင်းစီးသော။ အဂိလာနဿ၊ဂိလာန
မဟုတ်သူအား။ ဓမ္မံ၊ ပါဠိ အဋ္ဌကထာဓမ္မကို။ နှ
ဒေသေဿာမိ၊အံ့။ဣတိ၊သို့။သိက္ခာ၊ကို။ကရဏီယာ၊၏။

၆၂။ ဥပါဟနာရူဠ္ဟဿ၊ ဘိနပ်စီးသော။ အဂိလာနဿ၊ အား။
ဓမ္မံ၊ ပါဠိအဋ္ဌကထာဓမ္မကို။ နှ ဒေသေဿာမိ၊အံ့။ ဣတိ၊
သို့။ သိက္ခာ၊ ကို။ ကရဏီယာ၊ ၏။

(၆၃) နှ ယာနဂတဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမီတိ,
သိက္ခာ ကရဏီယာ။

(၆၄) နှ သယနဂတဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမီတိ,
သိက္ခာ ကရဏီယာ။

(၆၅) နှ ပလ္လတ္ထိကာယ နိသိန္နဿ အဂိလာနဿ ဓမ္မံ
ဒေသေဿာမီတိ, သိက္ခာ ကရဏီယာ။

(၆၆) နှ ဝေဋိတသီသဿ အဂိလာနဿ ဓမ္မံ ဒေသေဿာ-
မီတိ, သိက္ခာ ကရဏီယာ။

၆၃။ ယာနဂတဿ၊ ယာဉ်၌ တက်ရောက်နေသော။ အဂိလာ-
နဿ၊ အား။ ဓမ္မံ၊ ပါဠိအဋ္ဌကထာဓမ္မကို။ နှ ဒေသေ-
ဿာမိ၊ အံ့။ ဣတိ၊ သို့။ သိက္ခာ၊ ကို။ ကရဏီယာ၊၏။

၆၄။ သယနဂတဿ၊ အိပ်ရာ၌ ရောက်နေသော။ အဂိလာ-
နဿ၊အား။ ဓမ္မံ၊ပါဠိအဋ္ဌကထာဓမ္မကို။နှဒေသေဿာမိ၊
အံ့။ ဣတိ၊ သို့။ သိက္ခာ၊ သင်ခြင်း ကျင့်ခြင်း အား
ထုတ်ခြင်းကို။ ကရဏီယာ၊ ပြုထိုက်၏။

၆၅။ ပလ္လတ္ထိကာယ၊လက်, အဝတ်တို့ဖြင့် ထက်ဝန်းကျင် ပတ်ဖွဲ့
ခြင်းဖြင့်။ နိသိန္နဿ၊ ထိုင်နေသော။ အဂိလာနဿ၊
အား။ ဓမ္မံ၊ ပါဠိအဋ္ဌကထာဓမ္မကို။ နှ ဒေသေဿာမိ၊
အံ့။ ဣတိ၊ သို့။ သိက္ခာ၊ ကို။ ကရဏီယာ၊ ၏။

၆၆။ ဝေဋိတသီသဿ၊ ရစ်ပတ်အပ်သော ဦးခေါင်းရှိသော။
အဂိလာနဿ၊ အား။ ဓမ္မံ၊ ပါဠိအဋ္ဌကထာ ဓမ္မကို။

(၆၀) နဋ္ဌတော နိသိန္နဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမိတိ, သိက္ခာ ကရဏီယာ။

(၆၁) နပစ္ဆတော ဂစ္ဆန္တော, ပုရတော ဂစ္ဆန္တဿ အဂိလာနဿ, ဓမ္မံ ဒေသေဿာမိတိ, သိက္ခာ ကရဏီယာ။

(၆၂) နဥပ္ပထေန ဂစ္ဆန္တော, ပထေန ဂစ္ဆန္တဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမိတိ, သိက္ခာ ကရဏီယာ။

(၆၃) နဋ္ဌတော အဂိလာနော, ဥစ္စာရံ ဝါ ပဿာဝံ ဝါ ကရိဿာမိတိ, သိက္ခာ ကရဏီယာ။

၆၀။ ဋ္ဌတော၊ ရပ်လျက်။ နိသိန္နဿ၊ ထိုင်နေသော။ အဂိလာနဿ၊ အား။ ဓမ္မံ၊ ပါဠိအဋ္ဌကထာ ဓမ္မကို။ နဒေသေဿာမိ၊အံ့။ ဣတိ၊သို့။သိက္ခာ၊ကို။ကရဏီယာ၊၏။

၆၁။ ပစ္ဆတော၊ နောက်မှ။ ဂစ္ဆန္တော၊ သွားစဉ်။ ပုရတော၊ ရှေ့မှ။ ဂစ္ဆန္တဿ၊ သွားသော။ အဂိလာနဿ၊ အား။ ဓမ္မံ၊ ပါဠိအဋ္ဌကထာ ဓမ္မကို။ နဒေသေဿာမိ၊ အံ့။ ဣတိ၊ သို့။ သိက္ခာ၊ ကို။ ကရဏီယာ၊ ၏။

၆၂။ ဥပ္ပထေန၊ လမ်းမဟုတ်သော ခရီးဖြင့်။ ဂစ္ဆန္တော၊ သွားစဉ်။ ပထေန၊ လမ်းဖြင့်။ ဂစ္ဆန္တဿ၊ သွားသော။ အဂိလာနဿ၊ အား။ ဓမ္မံ၊ ပါဠိအဋ္ဌကထာဓမ္မကို။ နဒေသေဿာမိ၊ အံ့။ ဣတိ၊ သို့။ သိက္ခာ၊ ကို။ ကရဏီယာ၊ ၏။

၆၃။ ဋ္ဌတော၊ ရပ်လျက်။ အဂိလာနော၊ ဂိလာန မဟုတ်ဘဲ။ ဥစ္စာရံ ဝါ၊ ကျင်ကြီးကိုဂင်း။ ပဿာဝံ ဝါ၊ ကျင်ငယ်

(၆၄) နသြဂုဏ္ဌိတ သီသဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမိတိ, သိက္ခာ ကရဏီယာ။

(၆၅) နဆမာယံ နိသီဒိတ္ဝာ, အာသနေ နိသိန္နဿ အဂိလာနဿ, ဓမ္မံ ဒေသေဿာမိတိ, သိက္ခာ ကရဏီယာ။

(၆၆) နနိစေ အာသနေ နိသီဒိတ္ဝာ, ဥစ္စေ အာသနေ နိသိန္နဿ အဂိလာနဿ, ဓမ္မံ ဒေသေဿာမိတိ, သိက္ခာ ကရဏီယာ။

နဒေသေဿာမိ၊ အံ့။ ဣတိ၊ သို့။ သိက္ခာ၊ သင်ခြင်း ကျင့်ခြင်း အားထုတ်ခြင်းကို။ ကရဏီယာ၊ ၏။

၆၄။ သြဂုဏ္ဌိတ သီသဿ၊ ခြုံအပ်သော ဦးခေါင်းရှိသော။ အဂိလာနဿ၊ အား။ ဓမ္မံ၊ ပါဠိအဋ္ဌကထာ ဓမ္မကို။ နဒေသေဿာမိ၊ အံ့။ ဣတိ၊ သို့။ သိက္ခာ၊ သင်ခြင်း ကျင့်ခြင်း အားထုတ်ခြင်းကို။ ကရဏီယာ၊ ၏။

၆၅။ ဆမာယံ၊ မြေ၌။ နိသီဒိတ္ဝာ၊ ထိုင်၍။ အာသနေ၊ နေရာ၌။ နိသိန္နဿ၊ ထိုင်နေသော။ အဂိလာနဿ၊ အား။ ဓမ္မံ၊ ပါဠိအဋ္ဌကထာဓမ္မကို။ နဒေသေဿာမိ၊ အံ့။ ဣတိ၊ သို့။ သိက္ခာ၊ ကို။ ကရဏီယာ၊ ၏။

၆၆။ နိစေ၊ နိမ့်သော။ အာသနေ၊ နေရာ၌။ နိသီဒိတ္ဝာ၊ ထိုင်၍။ ဥစ္စေ၊ မြင့်သော။ အာသနေ၊ နေရာ၌။ နိသိန္နဿ၊ ထိုင်နေသော။ အဂိလာနဿ၊ အား။ ဓမ္မံ၊ ပါဠိအဋ္ဌကထာ ဓမ္မကို။ နဒေသေဿာမိ၊ အံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ ကို။ ကရဏီယာ၊ ၏။

(၇၄) နဟရိတေ အဂိလာနော၊ ဥစ္စာရံ ဝါ ပဿာဝံ ဝါ ခေဋ္ဌံ ဝါ၊ ကရိဿာမီတိ, သိက္ခာ ကရဏီယာ။

(၇၅) နဥဒကေ အဂိလာနော၊ ဥစ္စာရံ ဝါ ပဿာဝံ ဝါ ခေဋ္ဌံ ဝါ၊ ကရိဿာမီတိ, သိက္ခာ ကရဏီယာ။

ပါဒုကဝဂ္ဂေါ သတ္တမော။

ကိုငှင်း၊ နဟရိဿာမိ၊ မပြုအံ့။ ဣတိ၊ သို့။ သိက္ခာ၊ ကို။ ကရဏီယာ၊ ၏။

၇၄။ အဂိလာနော၊ ဂိလာနမဟုတ်ဘဲ။ ဟရိတေ၊ စိမ်းစိုသော မြက် သစ်ပင်ပေါ်၌။ ဥစ္စာရံ ဝါ၊ ကျင်ကြီးကိုငှင်း။ ပဿာဝံ ဝါ၊ ကျင်ငယ်ကိုငှင်း။ ခေဋ္ဌံ ဝါ၊ တံထွေးကိုငှင်း။ နဟရိဿာမိ၊ မပြုအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ သင်ခြင်း ကျင့်ခြင်း အားထုတ်ခြင်းကို။ ကရဏီယာ၊ ပြုထိုက်၏။

၇၅။ အဂိလာနော၊ ဂိလာနမဟုတ်ဘဲ။ ဥဒကေ၊ သုံးဆောင်ကောင်းသော ရေ၌။ ဥစ္စာရံ ဝါ၊ ကျင်ကြီးကိုငှင်း။ ပဿာဝံ ဝါ၊ ကျင်ငယ်ကိုငှင်း။ ခေဋ္ဌံ ဝါ၊ တံထွေးကိုငှင်း။ နဟရိဿာမိ၊ မပြုအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ သင်ခြင်း ကျင့်ခြင်း အားထုတ်ခြင်းကို။ ကရဏီယာ၊ ပြုထိုက်၏။

သတ္တမော၊ ၇-ခုမြောက်သော။ ပါဒုကဝဂ္ဂေါ၊ ပါဒုကဝဂ်တည်း။

သေခိယပါဌ်အနက် ပြီး၏။

စုဒ္ဒသ ခန္ဓကဝတ် ပါဌ်အနက်

စုဒ္ဒသ ခန္ဓကဝတ္တာနိ နာမ ခန္ဓကေ ဝုတ္တာနိ၊ ကထံ.... "အာဂန္တုကဝတ္တံ၊ အာဝါသိကဝတ္တံ၊ ဂမိကဝတ္တံ အနုမောဒနဝတ္တံ၊ ဘတ္တဂ္ဂဝတ္တံ ပိဏ္ဍစာရိကဝတ္တံ အာရညိကဝတ္တံ သေနာသနဝတ္တံ၊ ဇန္တာဃရဝတ္တံ ဝစ္စကုဋ္ဌိဝတ္တံ ဥပဇ္ဈာယဝတ္တံ သဒ္ဓိဝိဟာရိကဝတ္တံ အာစရိယဝတ္တံ အန္တေဝါသိကဝတ္တဥ္စာ"တိ၊ ဣမာနိ စုဒ္ဒသ ခန္ဓကဝတ္တာနိ၊ ဧတာနိ စ သဗ္ဗေသံ သဗ္ဗဒါ စ ယထာရဟံ စရိတဗ္ဗာနိ။

စုဒ္ဒသ၊ တဆယ့်လေးပါးကုန်သော။ ခန္ဓကဝတ္တာနိ နာမ၊ ခန္ဓကဝတ် မည်သည်တို့ကို။ ခန္ဓကေ၊ မဟာဝါ စူဋ္ဌဝါခန္ဓက၌။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဝုတ္တာနိ၊ ဟောတော်မူအပ်ကုန်ပြီ။ ကထံ ဝုတ္တာနိ၊ အဘယ်သို့ ဟောတော်မူအပ်ကုန်သနည်း။

အာဂန္တုကဝတ္တဥ္စ၊ အာရာမ်တွင်းသို့ မဝင်မီ ဘိနပ်ချတ်ခြင်း ထီးရုပ်ခြင်း ဦးခေါင်းခြုံကိုဖွင့်ခြင်း ဦးခေါင်း၌ တင်အပ်သော သင်္ကန်းကို ပခုံးသို့ချခြင်း အာဝါသိက ရဟန်းကြီးကို ရှိခိုးခြင်း စသော အာဂန္တုက ရဟန်းသာမဏေတို့ ပြုရာသောဝတ်ငှင်း။

အာဝါသိကဝတ္တဥ္စ၊ အာဂန္တုက ရဟန်းကြီးကို မြင်လျှင် ခရီးဦးကြို့ဆိုခြင်း သပိတ်သင်္ကန်းကို လှမ်းယူခြင်း အာဂန္တုက ရဟန်းကြီးကို ရှိခိုးခြင်း ခြေဆေးရေ ခြေဆေးအင်းပျဉ် စသည်ကို အနီး၌ထားခြင်း စသော အာဝါသိက ရဟန်းသာမဏေတို့ ပြုရာသော ဝတ်ငှင်း။

ဂမိကဝတ္တဋ္ဌ၊ သစ်ဘဏ္ဍာ မြေဘဏ္ဍာစသည်တို့ကို သိုမှီးခြင်း တံခါးမ လေသာတံခါးတို့ကို ပိတ်ခြင်း ပန်ပြော၍ သွားခြင်း စသော ခရီးသွားအံ့သော ရဟန်း သာမဏေတို့ ပြုရာသော ဝတ်ဌင်း။

အနုမောဒနဝတ္တဋ္ဌ၊ မထေရ်ကြီး တရားဟောခြင်း မထေရ်ကြီးက တိုက်တွန်းမှ ဟောခြင်း ပန်လျှောက်၍ ဟောခြင်း စသော တရားဟောရာ၌ ပြုရာသော ဝတ်ဌင်း။

ဘတ္တဂ္ဂဝတ္တဋ္ဌ၊ တရားဟောခြင်း ရဟန်းတို့ကို တိုးဝှေ့၍ မနေထိုင်ခြင်း ရဟန်းငယ်တို့ကို နေရာဖြင့် မတားမြစ်ခြင်း စသော ဆွမ်းစားစရပ်၌ ပြုရာသော ဝတ်ဌင်း။

ပိဏ္ဍစာရိကဝတ္တဋ္ဌ၊ သစ်ဘဏ္ဍာ မြေဘဏ္ဍာ စသည်တို့ကို သိုမှီးခြင်း သပိတ်ကို ရေကျင်းခြင်း ခါးပန်းကိုဖွဲ့ခြင်း သင်းပိုင်ကိုယ်ဝတ်သင်္ကန်းတို့ကို အဝန်းညီစွာ ဝတ်ရုံခြင်း သေခိယနှင့် အညီသွားခြင်း မနှေးမလျင် ရွာတွင်းသို့ဝင်ခြင်း မရှည်မကြာ ရပ်ခြင်း စသော ဆွမ်းခံ ရဟန်း သာမဏေတို့ ပြုရာသော ဝတ်ဌင်း။

အာရညိကဝတ္တဋ္ဌ၊ သောက်ရေ သုံးရေ တည်ထားခြင်း မီးပွတ်ခုံပွတ်ကျည် တောင်ဝှေးထားခြင်း အရပ်လေးမျက်နှာ တာရာနက္ခတ်တို့ကို မှတ်သားခြင်း စသော တောနေ ရဟန်း သာမဏေတို့ ပြုရာသော ဝတ်ဌင်း။

သေနာသနဝတ္တဋ္ဌ၊ ညောင်စောင်းအင်းပျဉ် အိပ်ရာနေရာတို့ကို တံမြက်လှည်းခြင်း စသော ကျောင်း၌ ပြုရာသော ဝတ်ဌင်း။

ဇန္တာဃရဝတ္တဋ္ဌ၊ ပြာကိုစွန့်ခြင်း, တံမြက်လှည်းခြင်းစသော ချေးဇရုံးအိမ်၌ ပြုရာသော ဝတ်ဌင်း။

ဝစ္စကုဋ္ဌိဝတ္တဋ္ဌ၊ ချောင်းဟန့်ခြင်း, သင်္ကန်းတန်း၌ သင်္ကန်းကို တင်၍ မနှေး မလျင် ဝင်ခြင်း, သင်းပိုင်ကိုပင့်၍ မဝင်ခြင်း, နင်းခုံ၌ နင်းပြီးမှ သင်းပိုင်ကို ပင့်ခြင်း, ကြမ်းသော ကနုတံ စသည်ဖြင့် မသုတ်ခြင်း, သန့်သက်ရေ ဆေးခြင်း, နင်းခုံ၌ နင်းလျက် သင်းပိုင်ကို ဖုံးလွှမ်းခြင်း စသော ကျင်ကြီးအိမ်၌ ပြုရာသော ဝတ်ဌင်း။

ဥပဇ္ဈာယဝတ္တဋ္ဌ၊ နံနက်စောစော ထ၍ ကိုယ်ဝတ်ကို လက်ကတော့ တင်၍ မျက်နှာသစ်ရေ ဒန်ပူကပ်ခြင်း, ယာဂုဆွမ်းကပ်ခြင်း, သပိတ် ခွက် ဆေးခြင်း, ကျောင်း အိပ်ရာနေရာတို့ကို သုတ်သင်ခြင်း, နေလှန်းခြင်း, တံမြက်လှည်းခြင်း, နေရာခင်းခြင်း စသည်ဖြင့် ဥပဇ္ဈာယ်ဆရာ၌ သဒ္ဓိဝိဟာရိက တပည့်တို့က ပြုရာသော ဝတ်ဌင်း။

သဒ္ဓိဝိဟာရိကဝတ္တဋ္ဌ၊ သင်္ဂြိုဟ် ထောက်ပင့် ချီးမြှင့်ခြင်း စသည်ဖြင့် သဒ္ဓိဝိဟာရိက တပည့်တို့၌ ဥပဇ္ဈာယ်ဆရာက ပြုရာသော ဝတ်ဌင်း။

အာစရိယဝတ္တဋ္ဌ၊ နံနက်စောစောထ၍ ကိုယ်ဝတ်ကို လက်ကတော့တင်၍ မျက်နှာသစ်ရေ ဒန်ပူ ကပ်ခြင်း, ယာဂုဆွမ်းကပ်ခြင်း, သပိတ် ခွက် ဆေးခြင်း, ကျောင်း အိပ်ရာနေရာတို့ကို သုတ်သင်ခြင်း, နေလှန်းခြင်း, နေရာခင်းခြင်း စသည်ဖြင့် ဆရာလေးပါးတို့၌ တပည့်လေးပါးတို့က ပြုရာသော ဝတ်ဌင်း။

အန္တေဝါသိကဝတ္တဥ္စ၊ သင်္ဂြိဟ် ထောက်ပင့် ချီးမြှင့်ခြင်း စသည်ဖြင့် တပည့်လေးပါးတို့၌ ဆရာလေးပါးတို့ကပြုရာသော ဝတ်ဌင်း။

ဤတိ၊ ဤသို့။ ဤမာနိ စုဒ္ဒသခန္ဓကဝတ္ထာနိ၊ ဤ ၁၄-ပါး ကုန်သော ခန္ဓကဝတ်တို့ကို။ ဝုတ္တာနိ၊ ဟောတော်မူအပ်ကုန်ပြီ။ တောနိ စ၊ ဤဝတ်တို့ကိုလည်း။ သဗ္ဗေသံ၊ ခပ်သိမ်းကုန်သော ရဟန်း **သာမဏေ**တို့သည်။ **သဗ္ဗဒါ** စ၊ အခါခပ်သိမ်းလျှင်။ ယထာရဟံ၊ ထိုက်သည်အားလျော်စွာ။ စရိတဗ္ဗာနိ၊ကျင့်ထိုက်ကုန်၏။

ဝတ္တံ အပရိပူရေန္တော၊ သီလံ နု ပရိပူရတိ။
အသုဒ္ဓသီလော ဒုပ္ပညော၊ စိတ္တေကဂ္ဂံ နု ဝိန္ဒတိ။

ဝိက္ခိတ္တစိတ္တော နေကဂ္ဂေါ၊ သမ္မာ ဓမ္မံ နု ပဿတိ။
အပဿမာနော သဒ္ဓမ္မံ၊ ဒုက္ခာ နု ပရိမုစ္စတိ။

တသ္မာ ဟိ ဝတ္တံ ပူရေယျ၊ ဇိနပုတ္တော ဝိစက္ခဏော။
ဩဝါဒံ ဗုဒ္ဓသေဋ္ဌဿ၊ တတော နိဗ္ဗာနမေဟိတိ။

(စူဠဝါ ဝတ္တက္ခန္ဓကပါဠိ)

ဝတ္တံ၊ ဝတ်ကြီး ဝတ်ငယ်ကို။ အပရိပူရေန္တော၊ မဖြည့်ကျင့်သော ရဟန်း **သာမဏေ**သည်။ သီလံ၊ သီလကို။ နု ပရိပူရတိ၊ ဖြည့်ကျင့်သည် **မမည်**။ အသုဒ္ဓသီလော၊ မစင်ကြယ်သော သီလရှိသော။ ဒုပ္ပညော၊ ပညာမရှိသော ရဟန်း သာမဏေသည်။ **စိတ္တေကဂ္ဂံ**၊ စိတ်၏ ငြိမ်သက် တည်ကြည် ခြင်းကို။ နု ဝိန္ဒတိ၊ မရနိုင်။

ဝိက္ခိတ္တစိတ္တော၊ လေခပ်သော တံခွန်ကဲ့သို့ ပျံ့လွင့်သော **စိတ်**ရှိသည်။ (ဟုတ္တာ၊ ဖြစ်၍။) နေကဂ္ဂေါ၊ မတည်ကြည်သော ရဟန်း သာမဏေသည်။ သမ္မာ၊ ကောင်းစွာ။ ဓမ္မံ၊ မဂ် ဖိုလ် နိဗ္ဗာန်တရားကို။ နု ပဿတိ၊ မမြင်ရနိုင်။ သဒ္ဓမ္မံ၊ သူတော်ကောင်းတရားကို။ **အပဿမာနော**၊ မမြင်ရသော ရဟန်းသာမဏေသည်။ ဒုက္ခာ၊ **ဝဋ်ဆင်း**ရဲမှ။ နု ပရိမုစ္စတိ၊ မလွတ်မြောက်နိုင်။

တသ္မာဟိ(**တသ္မာဧဝ**)၊ ထို့ကြောင့်သာလျှင်။ ဝိစက္ခဏော၊ အမြော်အမြင် ပညာမျက်စိရှိသော။ ဇိနပုတ္တော၊ ဘုရားသားတော်သည်။ ဗုဒ္ဓသေဋ္ဌဿ၊ ချီးမွမ်းအပ်သော သူတို့ထက်အထူးသဖြင့် ချီးမွမ်းအပ်သော မြတ်စွာဘုရား၏။ ဩဝါဒံ၊ အဆုံးအမတော် ဖြစ်သော။ **ဝတ္တံ**၊ ဝတ်ကြီး ဝတ်ငယ်ကို။ ပူရေယျ၊ ဖြည့်ကျင့်ရာ၏။ တတော၊ ထိုသို့ ဖြည့်ကျင့်ခြင်းကြောင့်။ နိဗ္ဗာနံ၊ နိဗ္ဗာန်သို့။ ဧဟိတိ၊ ရောက်ရလိမ့်သတည်း။ [အနည်းငယ် ပြင်ထားသော ရှမ်းကလေးကျန်းဆရာတော် ဘုရား အနက်။]

မှတ်ချက်။ ။ယခုခေတ်၌ ဤကျင့်**ဝတ်**များကို ဖြည့်ကျင့်သူ နည်းပါးရုံ မက, ဥပဇ္ဈာယ အာစရိယနှင့် တပည့်တို့အတွက်ကား စ ကတည်းကပင် "ပြူသင့် ပြူထိုက်သော ဝတ်ကြီး ဝတ်ငယ်များကို ခွင့်ပြုတော်မူပါ၊ တပည့်တော်ကလည်း ခွင့်ပြုပါ၏"ဟု ပဲစားပဲချေ ပြုလုပ်ထားကြသည်မှာ စဉ်းစားစရာ ကောင်းလှပေ၏၊ မဟာဝါအဋ္ဌကထာ၌ကား ဆရာ၌ ဝတ်ပြုမည့်သူ ရှိ၍ "သင်တို့ ဝတ်ပြုဘွယ် မလို၊

ပရိယတ် ပဋိပတ်ကိုသာ အားထုတ်ကြ"ဟု ဆရာက ခွင့်လွှတ်ထားလျှင်သာ အာပတ်မသင့်ဟု ဆိုသည်။

စုဒ္ဒသ ခန္ဓကဝတ် ပါဠိအနက် ပြီး၏။

ဓုတင် တဆယ့်သုံးပါး ပါဠိအနက်

ဓုတင်။ ။ကိလေသေ ဓုဏောတီတိ ဓုတော=ကိလေသာတို့ကို ခါတုံက်ဖျက်ဆီးတတ်သော ယောဂီပုဂ္ဂိုလ်သည် "ဓုတ"မည်၏၊ ဓုတဿ+အင်္ဂ်ံ–ဓုတင်္ဂံ=ကိလေသာကို ခါတုံက်ဖျက်ဆီးဘို့ရာ အကြောင်းအင်္ဂါဖြစ်သော ကုသိုလ်စေတနာသည် ဓုတင်္ဂ(ဓုတင်)မည်၏။

မှန်၏–တိစီဝရိက်ဓုတင်ဆောင်သော ပုဂ္ဂိုလ်သည် သင်္ကန်း ၃-ထည်မှ တပါး အပို မထားတော့သဖြင့် အပိုသင်္ကန်းကို လိုလားသော လောဘတဏှာ ကိလေသာကို ခါတုံက်ဖျက်ဆီးနိုင်တော့၏၊ ကောသနိက် ဓုတင်ဆောင်သော ပုဂ္ဂိုလ်သည် တထပ်တည်းသာ စားတော့သဖြင့် အထပ်ထပ် စားလိုသော လောဘတဏှာ ကိလေသာကို ခါတုံက်ဖျက်ဆီးနိုင်တော့၏။

ဤသို့ ကိလေသာကို ခါတုံက် ဖျက်ဆီး၍ အပို့စ္ဆတာ (ပစ္စည်း ၄-ပါးကို အပိုအမို့ မလိုလားသော)ဂုဏ်, သန္တုဋ္ဌိတာ (ရသမျှနှင့် မျှတ ရောင့်ရဲနိုင်သော)ဂုဏ်, သလ္လေခ (ပစ္စည်း ၄-ပါး၌ တဏှာလောဘ နည်းပါးအောင် ခြစ်ပစ်ကြောင်း) ဂုဏ်, ဤသို့ စသော ဂုဏ်အပေါင်းတို့နှင့် ပြည့်စုံစွာ ကိလေသာကို ခါတုံက်ဖျက်ဆီးနိုင်ကြောင်း ကောင်းသော ဓုတင်

ပဋိပတ် အကျင့်မြတ်သည် ၁၃-ပါး ရှိ၏၊ ထို ဓုတင် ၁၃-ပါးကို ယခု ပြပါဦးမည်။

၁–ပံသုကူ ဓုတင်

ဂဟပတိဒါနစီဝရံ ပဋိက္ခိပါမိ၊
ပံသုကူလိကင်္ံ သမာဒိယာမိ။

ဂဟပတိဒါနစီဝရံ၊ အိမ်ရှင်ဒါယကာတို့ လှူဒါန်းအပ်သော သင်္ကန်းကို၊ ပဋိက္ခိပါမိ၊ ပယ်ပါ၏။ ပံသုကူလိကင်္ံ၊ မြေပုံမှာ လဲ့သး မြေမှုန့်အားနှယ် စက်ဆုပ်ဘွယ်သို့ရောက်သော သင်္ကန်းကို ဆောင်ခြင်း အလေ့ရှိသော ပုဂ္ဂိုလ်၏ အကြောင်း အင်္ဂါ သမာဒါနစေတနာကို။ သမာဒိယာမိ၊ ကောင်းစွာ ယူပါ၏။ ဝါ၊ ဆောက်တည်ပါ၏။

၂–တေစီဝရိက် ဓုတင်

စတုတ္ထကစီဝရံ ပဋိက္ခိပါမိ၊
တေစီဝရိကင်္ံ သမာဒိယာမိ။

စတုတ္ထကစီဝရံ၊ ဝတ်လောက် ရုံလောက် ၄-ထည်မြောက် သင်္ကန်းကို။ ပဋိက္ခိပါမိ၊ ပယ်ပါ၏။ တေစီဝရိကင်္ံ၊ ၃-ထည် သောသင်္ကန်းကိုသာ ဆောင်လေ့ရှိသော ပုဂ္ဂိုလ်၏အကြောင်း အင်္ဂါ သမာဒါနစေတနာကို။ သမာဒိယာမိ၊ ၏။ ဝါ၊ ၏။

၃–ပိဏ္ဍပါတ် ဓုတင်

အတိရေကလာဘံ ပဋိက္ခိပါမိ၊
ပိဏ္ဍပါတိကင်္ံ သမာဒိယာမိ။

အတိရေကလာဘံ၊ ပိဏ္ဍိယာလောပ ဘောဇနမှ အပို အလွန်ဖြစ်သော လာဘ်ကို။ ပဋိက္ခိပါမိ၊ ပယ်ပါ၏။ ပတ္တပိဏ္ဍိကင်္ ၊ အပေါင်းအာမိသ၏ သပိတ်၌ ကျန်ခြင်းကို ရှာလေ့ရှိသော ပုဂ္ဂိုလ်၏ အကြောင်းအင်္ဂါ သမာဒါနစေတနာကို။ ဝါ၊ ဆွမ်းအလှိုင့်ါ သွားလာ လှည့်လည်ခြင်း အကျင့်ရှိသော ပုဂ္ဂိုလ်၏ အကြောင်းအင်္ဂါ သမာဒါန စေတနာကို။ သမာဒိယာမိ၊ ၏။ ဝါ၊ ၏။ [စိတ်၌ စွဲမြဲစွာယူထားသော စေတနာကို "သမာဒါနစေတနာ" ဟု ဆိုသည်။]

၄–သပဒါန ဓုတင်

လောလုပ္ပစာရံ ပဋိက္ခိပါမိ၊
သပဒါနစာရိကင်္ သမာဒိယာမိ။

လောလုပ္ပစာရံ၊ အိမ်စဉ်ဖြတ်ကျော် လျှပ်ပေါ်သော သွားခြင်းကို။ ပဋိက္ခိပါမိ၊ပယ်ပါ၏။ သပဒါနစာရိကင်္ ၊ မလျှပ်မပေါ် မဖြတ်ကျော်ဘဲ အိမ်စဉ် ဆွမ်းရယ်ခြင်း အလေ့ရှိသော ပုဂ္ဂိုလ်၏ အကြောင်းအင်္ဂါ သမာဒါန စေတနာကို။ သမာဒိယာမိ၊ ၏။ ဝါ၊ ၏။

၅–ကောသနိက် ဓုတင်

နာနာသနဘောဇနံ ပဋိက္ခိပါမိ၊
ကောသနိကင်္ သမာဒိယာမိ။

နာနာသနဘောဇနံ၊ ယာပိုထ်မတည် လှည့်လည် ပြောင်းကူး အထူးထူးသောနေရာ၌စားခြင်းကို။ ပဋိက္ခိပါမိ၊ပယ်ပါ၏။ ကောသနိကင်္ ၊မိဠာန်ဆောက်စိုက် ယာပိုထ်မလည်း တနေရာ

တည်း၌ စားခြင်းအလေ့ရှိသော ပုဂ္ဂိုလ်၏ အကြောင်းအင်္ဂါ သမာဒါနစေတနာကို။ သမာဒိယာမိ၊ ကောင်းစွာ ယူပါ၏။ ဝါ၊ ဆောက်တည်ပါ၏။

၆–ပတ္တပိဏ်ဍ ဓုတင်

ဒုတိယကဘာဇနံ ပဋိက္ခိပါမိ၊
ပတ္တပိဏ္ဍိကင်္ သမာဒိယာမိ။

ဒုတိယကဘာဇနံ၊ ၂-ခုမြောက်သော ခွက်ကို။ ပဋိက္ခိပါမိ၊ ပယ်ပါ၏။ ပတ္တပိဏ္ဍိကင်္ ၊ တခွက်တည်း၌သာ ဆွမ်းကို ယူခြင်း အလေ့ရှိသော ပုဂ္ဂိုလ်၏ အကြောင်းအင်္ဂါ သမာဒါနစေတနာကို။ သမာဒိယာမိ၊ ၏။ ဝါ၊ ၏။

၇–ခလုပစ္ဆာ ဓုတင်

အတိရိတ္တဘောဇနံ ပဋိက္ခိပါမိ၊
ခလုပစ္ဆာဘတ္တိကင်္ သမာဒိယာမိ။

အတိရိတ္တဘောဇနံ၊ ဂိလာနပုဂ္ဂိုလ် ဝိနည်းမိုရ်တို့၏ ပိုလွန်ကြွင်းကျန်သော ဘောဇဉ်ကို။ ပဋိက္ခိပါမိ၊ ပယ်ပါ၏။ ခလုပစ္ဆာ ဘတ္တိကင်္ ၊ ပယ်မြစ်ချကာလ၏ နောက်မှ ရအပ်သော ဆွမ်းကို စားလေ့မရှိသောပုဂ္ဂိုလ်၏ အကြောင်းအင်္ဂါ သမာဒါနစေတနာကို။ ဝါ၊ ခလုဋ္ဌက်ပမာ နောက်၌ အစာမရှိသော ပုဂ္ဂိုလ်၏ အကြောင်းအင်္ဂါ သမာဒါနစေတနာကို။ သမာဒိယာမိ၊ ၏။ ဝါ၊ ၏။

၈–အာရညိကင် ဓုတင်

ဂါမန္တသေနာသနံ ပဋိက္ခိပါမိ၊
အာရညိကင်္ဂံ သမာဒိယာမိ။

ဂါမန္တသေနာသနံ၊ ရွာနီးကျောင်းကို။ ပဋိက္ခိပါမိ၊ ၏။ အာရညိကင်္ဂံ၊ တောဋ္ဌ နေခြင်းအလေ့ရှိသော ပုဂ္ဂိုလ်၏ အကြောင်းအင်္ဂါ သမာဒါနစေတနာကို။ သမာဒိယာမိ၊ ၏။ ဝါ၊ ၏။

၉–ရုက္ခမူ ဓုတင်

ဆန္နံ ပဋိက္ခိပါမိ၊
ရုက္ခမူလိကင်္ဂံ သမာဒိယာမိ။

ဆန္နံ၊ အုဋ္ဌကျောက်သစ်ရွက် မြက် အင်္ဂတေ ငါးထွေ သော အမိုးကို။ ပဋိက္ခိပါမိ၊ ပယ်ပါ၏။ ရုက္ခမူလိကင်္ဂံ၊ သစ်ပင်ရင်းဋ္ဌ နေခြင်းအလေ့ရှိသော ပုဂ္ဂိုလ်၏ အကြောင်းအင်္ဂါ သမာဒါန စေတနာကို။ သမာဒိယာမိ၊ ၏။ ဝါ၊ ၏။

၁၀–အဗ္ဘောကာသိက ဓုတင်

ဆန္နဥ္စ ရုက္ခမူလဥ္စ ပဋိက္ခိပါမိ၊
အဗ္ဘောကာသိကင်္ဂံ သမာဒိယာမိ။

ဆန္နဥ္စ၊ အုဋ္ဌကျောက်သစ်ရွက် မြက်အင်္ဂတေ ငါးထွေ သော အမိုးကိုဎင်း။ ရုက္ခမူလဥ္စ၊ သစ်ပင်၏ အနီး အောက် ကိုဎင်း။ ပဋိက္ခိပါမိ၊ ပယ်ပါ၏။ အဗ္ဘောကာသိကင်္ဂံ၊ လွင် တီးခေါင် ဟင်းလင်းအပြင်ဋ္ဌ နေခြင်းအလေ့ရှိသော ပုဂ္ဂိုလ်၏ အကြောင်းအင်္ဂါ သမာဒါနစေတနာကို။ သမာဒိယာမိ၊ ၏။ ဝါ၊ ၏။

၁၁–သုသာန် ဓုတင်

နံ သုသာနံ ပဋိက္ခိပါမိ၊
သောသာနိကင်္ဂံ သမာဒိယာမိ။

နံ သုသာနံ၊ သင်းချိုင်းမဟုတ်သော အရပ်ကို။ ပဋိက္ခိ-ပါမိ၊ ပယ်ပါ၏။ သောသာနိကင်္ဂံ၊ သင်းချိုင်းဋ္ဌ နေလေ့ ရှိသော ပုဂ္ဂိုလ်၏ အကြောင်းအင်္ဂါ သမာဒါနစေတနာကို။ သမာဒိယာမိ၊ ၏။ ဝါ၊ ၏။

၁၂–ယထာသန္ထတိ ဓုတင်

သေနာသနလောလုပ္ပံ ပဋိက္ခိပါမိ၊
ယထာသန္ထတိကင်္ဂံ သမာဒိယာမိ။

သေနာသန လောလုပ္ပံ၊ ထစေတုံရှောင်း ကောင်း, မဲကောင်းစုံစမ်း မေးမြန်းကြည့်ရှုခြင်းဟူသော ကျောင်းဋ္ဌ လျှပ်ပေါ်လော်လည်ခြင်းကို။ ပဋိက္ခိပါမိ၊ ပယ်ပါ၏။ ယထာ-သန္ထတိကင်္ဂံ၊ ခင်းထားတိုင်းသော နေရာအလား ရှေဖျား ညွှန်ပြ ချထားတိုင်းသောကျောင်းဋ္ဌ နေလေ့ရှိသော ပုဂ္ဂိုလ်၏ အကြောင်းအင်္ဂါ သမာဒါနစေတနာကို။ သမာဒိယာမိ၊ ၏။ ဝါ၊ ၏။

၁၃–နိသဇ္ဇ ဓုတင်

သေယျံ ပဋိက္ခိပါမိ၊
နေသဇ္ဇိကင်္ဂံ သမာဒိယာမိ။

သေယျံ၊ လျောင်းလှည်းခြင်းကို။ ပဋိက္ခိပါမိ၊ ပယ်ပါ၏။ နေသဇ္ဇိကင်္ဂံ၊ ထိုင်၍ နေခြင်း အလေ့ရှိသော ပုဂ္ဂိုလ်၏

အကြောင်းအင်္ဂါ သမာဒါန စေတနာကို။ သမာဒိယာမိ၊ ကောင်းစွာ ယူပါ၏။ ဝါ၊ ဆောက်တည်ပါ၏။

တိုက်တွန်းချက်

၁။ ပြခဲ့သော ရှင်ကျင့်ဝတ်သီလများကို ထိန်းသိမ်းထားခြင်းသည် စစ်ဗိုလ်ချုပ်ကြီးတဦး၏ ကောင်းစွာ ရေချိုးခြင်းနှင့် တူ၏။ တိစီဝရိက်သင်္ကန်းကို ဆင်မြန်းထားခြင်းသည် ဗိုလ်ချုပ်ကြီး၏ စစ်ဝတ်တန်ဆာ ဖြစ်သော ချပ်မိန်ညိုကို ဆင်ထားခြင်းနှင့် တူ၏။ တိစီဝရိက်ဓုတင်မှ ကြွင်းသော ဓုတင် တဆယ့်နှစ်ပါးကို ဆောင်ထားခြင်းကား တကိုယ်လုံး ဆင်ထိုက်ရာကို တန်ဆာဆင်ထားခြင်းနှင့် တူလေသည်။

၂။ ထိုသို့ သီလစင်ကြယ်စွာဖြင့် တိစီဝရိက် ဓုတင်ကို အခြေခံ၍ ကျန်ဓုတင် တဆယ့်နှစ်ပါး ဆောင်ထားပြီးသော သူတော်စင်၏ ဝိပဿနာကမ္မဋ္ဌာန်းကို စတင်စီးဖြန်းခြင်းသည် စစ်ဝတ်တန်ဆာ ဆင်ထားသော ဗိုလ်ချုပ်၏ မည်သည့်ရန်သူကိုမျှ ပမာဏမထားသော အာသင်ဖြင့် သန်လျက်စသော လက်နက်ကို စွဲကိုင်ထားသည်နှင့် တူ၏။

၃။ ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်း၍ နောက်မဆုတ်တမ်း တိုးတက်နေသော သူတော်စင်ကား ဗိုလ်ချုပ်၏ ရန်သူတို့ကို ချေမှုန်းနေသည်နှင့် တူ၏၊ ဝိပဿနာဆက်၍ မဂ်ဖိုလ်တက်ကာ နိဗ္ဗာန်ကို မျက်မှောက်ပြုရသည့်အခါမှာမူ ဗိုလ်ချုပ်၏ အောင်တပ်ခင်း၍

အောင်ပွဲကျင်းပခြင်းနှင့် တူလေရကား မည်သည့် သူတော်စင်မဆို ဣလမ်းစဉ်ဖြင့် တက်၍ ထိုမဂ်, ထိုဖိုလ်ကို ကိုယ်တိုင်ရအောင် ကြိုးစားနိုင်ကြပါစေ သတည်း။

သန္တော သီလသုနှာတော စ၊ သုသန္ဓဒွ တိစီဝရော။
ဘူသိတော သေသဓုတေဟိ၊ တိကွဝိပဿနာဝုဓော။
ဂစ္ဆတေ သော အမတံ ပါရံ၊ ဆေတ္တာ မာရံ သဝါဟနံ။

(သဝါဟိနီ-ဟုလည်း ပြင်ကြ၏။)

သန္တော၊ ရိုးသားဖြောင့်မတ် စိတ်ဓာတ်ကြည်လင် အစဉ်မြဲ ငြိမ်သက်သူလည်း ဖြစ်ထသော။ သီလသုနှာတော စ၊ စတုပါရိ သုဒ္ဓိ ၄-ဖြာ သိက္ခာရေမိုးကို ချိုးပြီးလည်း ဖြစ်ပေထသော။ သုသန္ဓဒွတိစီဝရော၊ တိစီဝရိက် သင်္ကန်းတည်းဟူသော ချပ်ပန်းမိန်ညိုကို စိုစိုပြေပြေ ဝတ်ဆင်ပြီးလည်း ဖြစ်ပေထသော။ သေသဓုတေဟိ၊ ကြွင်းကျန်အမျှား ဓုတင်တဆယ့်နှစ်ပါးတို့ဖြင့်။ ဘူသိတော၊ ကိုယ်လုံးမလပ် ရစ်ပတ်ပြုပြင် တန်ဆာဆင်အပ်ပြီးလည်း ဖြစ်ပေထသော။ သော ကုလပုတ္တော၊ ထိုအမျိုးကောင်းသား ယောကျ်ားကောင်းပီဇာနည်မရှိ သာကီညွှန့်သည်။ တိကွဝိပဿနာဝုဓော၊ ထက်မြက်လျင်မြန် အမြင်သန်သည့် ဝိပဿနာဉာဏ်စက် သန်လျက်ကို အချက်ကျစွဲကိုင်တော်မူပြီးလျင်။ သဝါဟနံ၊ နောက်လိုက်နောက်ပါ ဝဲယာထောင်သောင်း စစ်သည်အပေါင်းနှင့် တကွဖြစ်သော။ မာရံ၊ တထောင့်ငါးရာ ကိလေသာမာရ် သူပုန်ရန်ကို။ ဆေတ္တာ၊ ကြွင်းမဲ့ညှဉ်း အလုံးစုံကို အကုန်သတ်ညှဉ်း

အောင်တပ်ခင်းပြီး၍။ အမတံ ပါရုံ၊ နဂိုရှိအနေ စိုပြေပြေနှင့် အို သေ မရှိ သန္တိသုခ ကမ္ဘာ့အမြုတေ အဋ္ဌင်္ဂနန်း ဟိုဘက် ကမ်းသို့။ ဂစ္ဆတေ၊ **တဖန်မဆန်း** မပြန်တမ်းဖြင့် စံမြန်းစိုးစံလေတော့သတည်း။

ဓုတင်တဆယ့်သုံးပါး ပါဠိအနက် ပြီး၏။

ကျမ်းပြီးနိဂုံး

ပဋိသန္ဓေအသစ်။ ။ဆရာ့ထံ၌ သားငယ်ကို အပ်နှံခြင်းသည် ဘဝအသစ်၌ ပဋိသန္ဓေအသစ် ယူစေခြင်းနှင့် တူ၏၊ လူ့ဘဝ၌ ပဋိသန္ဓေနေသူသည် မိမိဖြစ်ရာအမျိုး၏ ရိုးရာလိုက်၍ စားသောက်နေထိုင် ကျင့်ကြံလေ့ ရှိသကဲ့သို့ ဆရာကောင်းထံ အပ်နှံမိလျှင် ဆရာကောင်း၏ အတုလိုက်၍ ဆရာ မကောင်းထံ အပ်နှံမိလျှင်လည်း ထိုဆရာ မကောင်း၏ ထုံးစံကိုသာ လိုက်မိတော့သည်၊ ထို့ကြောင့် ကျနစ္စာ သင်ပြမပေးတတ်သော ဆရာ့အထံ၌ နေမိခြင်းသည် အမျိုးညံ့မှာ ပဋိသန္ဓေ နေမိခြင်းနှင့် တူ၏၊ ကျနစ္စာ သင်ပြပေးတတ်သော ဆရာ့အထံ၌ နေမိခြင်းကား အမျိုးကောင်း မိဘကောင်းထံမှာ ပဋိသန္ဓေ နေမိခြင်းနှင့် တူသည်။

အဋ္ဌကထာ။ ။ပဗ္ဗဇ္ဇာ ဟိ နာမေသာ ပဋိသန္ဓိဂ္ဂဟဏသဒိသာ။ ယထာ မနုဿာ ယတ္ထ ပဋိသန္ဓိံ ဂဏှန္တိ၊ တေသံယေဝ ကုလာနံ အာစာရံ သိက္ခန္တိ၊ ဧဝံ ဘိက္ခူပိ (သာမဏေရာပိ) ယေသံ သန္တိကေ ပဗ္ဗဇန္တိ၊ တေသံယေဝ အာစာရံ ဂဏှန္တိ။ [သဋ္ဌာယတနသံယုတ်, အာသီဝိသဝဂ္ဂ, စတုတ္ထသုတ်။]

ကျနစ္စာ သင်ပေးပါ။ ။ထို့ကြောင့် ဤရှင်ကျင့်ဝတ်၌ ပြခဲ့သည့်အတိုင်း ကျနစ္စာ သင်ပေး၍ သင်ပြသည့်အတိုင်းလည်း လိုက်နာသော ရဟန်း သာမဏေ များသာ "**ဆရာကောင်း** တပည့်, တပည့်ကောင်း ဆရာ" ဟု

ဆိုထိုက်ပါသည်၊ ထိုသို့ သင်ပြ လိုက်နာကြမှလည်း မယ်တော်ခမည်းတော်များနှင့် ရှင်ရဟန်း ဒါယကာ ဒါယိကာမတို့မှာ သာသနာပြုရကျိုး နပ်ပါလိမ့်မည်။

သင်မပေးလျှင် အပြစ်။ ။ထိုသို့မသင်ပြ မလိုက်နာကြလျှင်ကား သံကို သံဖျက် သံချေးတက်သို့ သာသနာတော်ကို သာသနာ့ဝန်ထမ်း ရဟန်းသာမဏေများနှင့် မိဘ ဒကာ ဒကာမများသည်ပင် ဖျက်ဆီးနေကြရာရောက်ပါလိမ့်မည်၊ ထို့ကြောင့် သာသနာတော်၏ အရေးကို ကလေးကစားသလို မလုပ်ကြဘဲ မလုပ်နိုင်လျှင် ဘာသိဘာသာ နေ၊ လုပ်လိုလျှင်ကား လေးလေးစားစား ပြုလုပ်ကြပါရန် လေးနက်စွာ တိုက်တွန်းပါသည်။

နိဂုံးချုပ်ချိန်။ ။ဤ ရုပ်ပုံရှင်ကျင့်ဝတ်၏ ကျမ်းပြီးနိဂုံးကို ကမ္ပတ်ဖုံးချိန်ကား (သာသနာနှစ် ၂၄၉၇, တပို့တွဲလဆန်း ၈-ရက်) ဆဋ္ဌသံဂါယနာတင် စီစဉ်ရေးအတွက် ဩဝါဒါစရိယနှင့် ဝန်ဆောင်ဆရာတော်များ မီးရထားဖြင့် မန္တလေးမှ ရန်ကုန်သို့ ကြွသွားနေချိန် ဖြစ်၏၊ ရထားလမ်းတလျှောက်၌ မြို့နယ်ဆိုင်ရာ အရာရှိကြီးများနှင့် နယ်သူနယ်သား လူအများတို့ အားရဝမ်းသာ ဆီးကြိုဖူးမျှော်၍ ပေးလှူပူဇော်ကြသည်မှာ သာသနာရေးအတွက် အားတက်စရာကြီး ဖြစ်ပါပေသည်။

စဉ်းစားမိခြင်း။ ။သို့သော် ယနေ့အတွက် စားသောက်ချင်စဘွယ် အသွယ်သွယ် ရှိနေစေကာမူ နက်ဖန် သဘက် အရေး မြော်တွေး၍ စိတ်မအေးရသေးလျှင် ပျော်ရွှင် မြိန်ရှက်စွာ မစားသောက်နိုင်သော မိဘကဲ့သို့,

ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ အစိုးရပိုင်းက ကိုင်းရှိုင်းလေးစားချိန်မှာ တခမ်းတနား ခရီးသွား၍ အများဖူးမျှော်အပူဇော်ခံရသော်လည်း တကွက်ကျော် ၂-ကွက်ကျော် မြော်၍ မြော်၍ ကြည့်သောအခါ သာသနာတော်နှင့် စပ်လျက်မြိန်ရှက်ဘွယ်ရာကို မမြင်ရသဖြင့် လက်ရှိအပူဇော်ခံရသည်ကိုလည်း ဟန်လှပြီဟု မမှတ်ထင်နိုင်သေးပါ။

တင်ပြစရာအဖြာဖြာ။ ။ဤနေရာဝယ် ကမ္ဘာ့ပတ်ဝန်းကျင်နှင့် ပြည်တွင်းမငြိမ်မသက် ဖြစ်နေမှုများကို အရေးကြီးသော်လည်း "မိုးပြိုအများနှင့်" ဖြစ်ရမည့် ကိစ္စဖြစ်၍ မစိစစ်လိုပါ၊ သာသနာတော်သက်သက်နှင့်ဆိုင်သော လက်ရှိအခြေမှန်ကိုသာ ဝေဘန်တင်ပြလိုပါသည်။

၁။ များစွာသော ကျေးရွာ နယ်ပယ်တို့၌ သီတင်းသုံးတော်မူကြသော ဘုန်းတော်ကြီးများ၏ ဩဇာအာဏာသည် မြန်မာဘုရင်များ၏ လက်ထက်ကို မဆိုထားဘိ အင်္ဂလိပ်အုပ်စိုးခိုက်ဖြစ်သော အနှစ် ၄၀ ကျော်လောက် အချိန်က ရရှိနေသလောက်မျှ အရှိန်အဝါ မရှိ, သိသိသာသာကြီး ဆုတ်ယုတ်နေလေပြီ၊ ဤအချက်၌ "ရှေးလက်ထက်က ဩဇာရှိ၍ ယခုဘာ့ကြောင့် မရှိရသလဲ"ဟု နက်နက်နဲနဲ စဉ်းစားရပေမည်။

(က) ရှေးက ကျောင်းထိုင် ဘုန်းတော်ကြီးများသည် အနေအထိုင်အားဖြင့် ရပ်သူရွာသား လူအများတို့ လေးစားကျေနပ်လောက်အောင် ဣန္ဒြေသိက္ခာကို ဆောင်တော်မူနိုင်ကြပေသည်၊ ယခုသော်ကား အများ

(က) ယခုအချိန်မှာ အထက်တန်းစားဟု ဆိုသော ကုန်သည်များနှင့် အစိုးရ အမှုထမ်းတို့သည် များသော အားဖြင့် ဘုန်းကြီးကျောင်းထွက်များ မဟုတ်ကြ၊ တချို့ကမူ ဘာသာခြား စာသင်ကျောင်းထွက်လည်း ဖြစ်ကြလေသေး၏။

(ခ) ထို ဘာသာခြား စာသင်ကျောင်းထွက် များသည် ငယ်စဉ်ကပင် ဗုဒ္ဓဘာသာ တရားဓမ္မ လုပ်ငန်းကိစ္စ ဟူသမျှနှင့် မျက်နှာ စိမ်းခဲ့ကြခြင်း၊ သူတို့ဆရာကြီး များ၏ မေတ္တာကရုဏာကို ခံယူခဲ့ရခြင်းတို့ကြောင့် ကြီးရင့်သော်အခါ ဗုဒ္ဓဘာသာကို မစွန့်သော်လည်း ဗုဒ္ဓဘာသာဝင် အရှင်ကောင်း အရှင်မြတ်များကို ဆည်းကပ်မိတို့မှာ လွန်စွာပင် ခဲယဉ်းတော့သည်၊ ကြုံကြိုက်သော သာမန် ဘုန်းကြီးများကိုသာ ကိုးကွယ်ဆည်းကပ်ကြရသည့် အတွက်လည်း ဗုဒ္ဓဘာသာ အပေါ်မှာ လေးနက်သော စိတ်ကို မထားတတ်ကြတော့ချေ။

(ဂ) ယခု လွတ်လပ်ပြီးသော ပြည်ထောင်စု မြန်မာနိုင်ငံတော်၌ကား ထို ဘာသာခြားစာကို သာ၍ပင် အားကျ ပါးကျ သင်ယူ နေကြ သေး၏၊ ပစ္စည်းဥစ္စာ အထက်တန်းကျလေ ဘာသာခြားကျောင်း၌ အထားများလေ ဖြစ်၏၊ လက်ရှိ အခြေအနေကို စဉ်းစားရလျှင်လည်း နိုင်ငံတော်အစိုးရ အဆက်ဆက်သည် ထို ဘာသာခြား ပညာတတ်တွေသာ ဖြစ်ဘွယ်ရှိနေပေသည်။ [သို့ဖြစ်၍ ဘာသာခြားစာပေကို သင်သည့်

အားဖြင့် ထိုသို့ လေးစား ကျေနပ် လောက်ပါသေး၏လော။

(ခ) ရှေးက ဘုန်းတော်ကြီးများသည် ရပ်သူရွာသား ကလေးများကို ယဉ်ကျေးလိမ်မာအောင် ဆုံးမ၍ အတတ်ပညာကိုလည်း (လုံးလုံး အခမဲ့ တကဲ့မေတ္တာစေတနာဖြင့်) သင်ပေးတော်မူခဲ့ကြ၏၊ ယခုအခါ၌ကား ဘုန်းတော်ကြီးများ၏ ကျောင်း၌ စာသင်ယူမည့် ကလေးများပင် ရှားပါးနေတော့သည်။

(ဂ) ဘုန်းတော်ကြီး ကျောင်း၌ စာသင်ယူမည့် ကလေးများ ရှားပါးခြင်း၏ အကြောင်းမှာလည်း ဘုန်းကြီးများက သင်မပေးလိုကြ၍ မဟုတ်၊ "ဘုန်းတော်ကြီး ကျောင်းမှ ထွက်လာသော ကလေးများသည် များသောအားဖြင့် အောက်ကျ နောက်ကျ ရှိကြ၏" ဟု ယူဆ၍ ဘုန်းကြီးကျောင်းထွက် မိဘများကိုယ်တိုင်က မိမိသားကို မထားလိုကြတော့ခြင်းကြောင့် ဖြစ်ဟန် တူလေသည်။ (ဝမ်းနည်းဘွယ် ကောင်းလေစွ။)

၂။ တဖန်....မြို့ကြီး မြို့ငယ် အသွယ်သွယ်ရှိ ဘုန်းတော်ကြီးများ၏ ဩဇာအာဏာကို စဉ်းစားကြဦးစို့၊ အနည်းငယ်သော ဆရာတော်များမှ တပါး အများအပြား ဘုန်းတော်ကြီးတို့မှာ ဩဇာအာဏာများကို မဆိုထားဘိ, လူကြီး လူကောင်း ဆိုသူများ၏ လေးစားရိုသေခြင်းကိုမျှ ခံရဘို့ ခဲယဉ်းလေတော့သည်၊ ထိုသို့ ဖြစ်ရာ၌ အကြောင်းကား အသို့ပါနည်း—

အတွက် အပြစ်မဆိုသာ၊ အများဆုံးနှင့် အမြန်ဆုံး တတ်မြောက်နိုင်သော နည်းလမ်းကိုသာ အသီးအသီး ရှာဖွေရပေမည်။]

၃။ တဖန် .... မိမိတို့ဘက်သို့ လှည့်၍ကြည့်ပြန်သော်.... အထိုက် အလျောက် အကြည်ညိုခံရသော ဆရာတော်ကြီးများလည်း သက်ရှယ်တော် ရင့်ညောင်း၍ ဘဝပြောင်းဘို့ အရေးနှင့် ဝေးကောင်းမှ ဝေးကြပေတော့မည်၊ ဤအတိုင်း သွားခဲ့ပါသော် ကျေးလက်ရော မြို့ပါ သာသနာ့အရေး စိတ်လေးစရာ ဖြစ်နေပါတော့သည်။

၄။ တဆင့် စဉ်းစားဘွယ်ရှိသေး၏၊ ဤသာသနာတော် အရှိန် မှေးမှိန်သော်လည်း ပြည်ထောင်စု မြန်မာနိုင်ငံတော်ကား တိုးတက်မည်သာ ဖြစ်ပါမူ သာသနာတော်၏ ကံကြမ္မာကို သာသနာ့ဝန်ထမ်း ရဟန်းတော်တို့သာ ခံကြကိုပင် ဖြစ်ပါပေသည်၊ သို့သော် လက်တွေ့အားဖြင့် ထိုသို့ ဟုတ်နိုင်မည်မထင်ပါ၊ အနော် ရထာမင်းစော လက်ထက်မှစ၍ အရာရာ ယဉ်ကျေးမှု တိုးတက်ခြင်းသည် သာသနာတော်ကြောင့် ဖြစ်ရကား သာသနာတော် မှေးမှိန်လျှင် တိုင်းပြည်လည်း ကိုယ်ကျင့်မှစ၍ သေးသိမ်ဘို့လမ်းကသာ များနေပါသည်၊ သို့ဖြစ်လျှင် သာသနာရေးနှင့် တိုင်းပြည်အရေးကို သွေးခွဲသင့်ပါဦးမည်လော။

၅။ "သာသနာတော်၏ အရှိန်အဝါသြဇာအာဏာ ဆုတ်ယုတ်ခြင်းသည် နိုင်ငံတော် ဆုတ်ယုတ်ကြောင်းပင်

ဖြစ်ပါသည်" ဟူသော ဝါဒကို လက်ခံနိုင်ပါမူ သာသနာ ဆုတ်ယုတ်ခြင်း၏ အကြောင်းများကို ဖယ်ရှားဘို့ရာ ရဟန်းတော်များ၏ ကိုယ်ကျင့် သိက္ခာများကို ရှေးစံနစ်အတိုင်း ဖြစ်နိုင်သမျှ ဖြစ်အောင် ကြိုးစားသင့်ပါသည်၊ ဝိနည်းတော်နှင့် မဆန့်ကျင်သော သိပ္ပံဝိဇ္ဇာ ဟူသမျှကိုလည်း ရဟန်းတော်များ ကိုယ်တိုင် ငဲ့ကြေး အထောက်အပံ့ မယူဘဲ ရှေးမူအတိုင်း သင်ပေးနိုင်အောင် အချိန်ရှိခိုက် လုံ့လစိုက်သင့်ပါသည်။ [ဤ ကိစ္စ၌ကား နည်း အမျိုးမျိုးရှိသောကြောင့် ဤနေရာ၌ အသေးစိတ် မပြလိုတော့ပါ။]

၆။ ထို အတိုင်း ကြိုးစားသောအားဖြင့် (ယောကျ်ားကလေးများကို ဘုန်းတော်ကြီးများက သင်ပြ၍ မိန်းကလေးများကို သီလရှင် ဆရာများက သင်ပြပေးနိုင်ကြပါမူ) ဤမြန်မာနိုင်ငံသည် အဘယ့်ကြောင့် ငြိမ်ငြိမ်သက်သက်နှင့် မတိုးတက်ဘဲ ရှိအံ့နည်း၊ သာသနာ့အရှိန်အဝါသည် အဘယ်မှာလျှင် ဤနိုင်ငံတော်နှင့် ကွဲကွာနိုင်ပါတော့အံ့နည်း။

၇။ ဤသို့ နိုင်ငံနှင့်သာသနာတော် တိုးတက်ရာတိုးတက်ကြောင်းများတွင် ရဟန်းတော်များ၏ ကိုယ်ကျင့်သိက္ခာ တည်တံ့ ခိုင်မြဲရေးလည်း အပါအဝင် ဖြစ်သောကြောင့် ရှေးဆရာတော်ကြီးများသည် သာမဏေ ကိုရင်ဖြစ်သည်မှစ၍ ကျင့်ကြရမည့် သိက္ခာစုကို "ရှင်ကျင့်ဝတ်"ဟု အမည်သမုတ်၍ ဖော်ထုတ်ညွှန်ပြတော်မူခဲ့ကြပေသည်။

၈။ ထို့ကြောင့် ထိုရှင်ကျင့်ဝတ် မူရင်းကိုပင် သိသင့်သိဘွယ် အသွယ်သွယ် တန်ဆာဆင်၍ စီစဉ်အပ်သော ဤ "ရှုပ်ပုံ ရှင်ကျင့်ဝတ်" သည် သာသနာတော်နှင့်အမျိုးပွါးတိုးဘို့ ကြိုးစားရာဝယ် တကယ်ပင် ရွေဖျားကမားမားမတ်မတ် တန့်ရပ်တည်နေနိုင်ပါစေသတည်း။

နိဂုံးချုပ် လင်္ကာ

ကျမ်းပြီးမှတ်ထုံး ကမ္မတ်ဖုံး၍ နိဂုံးအခန်း ပြည်လုံးမှန်းလျက် ခဲ့ခြမ်းလှစ်ဘေ့ စဉ်းစားစေအံ့၊ ဒို့မြေဌာနီ ရှေးခါဆီဝယ် မထေရ်အပေါင်း စံရာကျောင်းမှ ငြိမ့်ငြောင်းသာယာမိန့်အာဏာကို ရပ်ရွာလူများ လွှန်လေးစားခဲ့၊ ခုကားသို့နှယ် မဟုတ်ကွယ်၍ နယ်ပယ်ပွါးစီး သားသမီးတို့ ဘုန်းကြီးကျောင်းတွင် စာမသင်တော့။

ထို့ပြင်မြို့နေ ကလေးတွေကား ဒို့မေဘာသာ ဒို့မေစာကို သင်ရာကောင်းမျှ မထင်ကြဘဲ ပြင်ကလာပေး စာပထွေးကို အလေးဂရု အရေးပြု၏၊ ယခုလိုသာ နှစ်ပေါင်းကြာလျှင် မြန်မာပြည်ဘွား တိုင်းရင်းသားတို့ ဘုရားကိုစွန့် တရားစွန့်၍ စွန့်လိမ့်မှန်စွာ မြတ်သံဃာတည်း၊ ထိုခါလူများ ကိုယ်ကျင့်အားဖြင့် တရားမပါ အမှားစာကြောင့် များစွာခုထက်တိုး၍ ပျက်လိမ့်။

သို့တွက်များပြား ဘုန်းဘုရားတို့ တရားကိုယ်ကျင့်လုံအောင်ကျင့်၍ မလင့်စေရ ကိုယ့်ဒေသ၌ သိပ္ပဝိဇ္ဇာ ပြသင့်ရာကို ကောင်းစွာပိုင်ပိုင် ပြသနိုင်မှ ဘုန်းလှိုင်ဟောပြ ဩဝါဒကို စိတ်ကြည်ဖြူ လိုက်နာယူ၍ ကိုယ်မူနှုတ်ပြောင်းစိတ်လည်းကောင်းလိမ့်၊ အကောင်းမကောင်း အကြောင်းကြောင်းကို သောင်းပြောင်းကုန်စင် အစုံမြင်၍ ထေရ်ရှင်ရှေ့သွား ဘုန်းအများ၏ တရားစဉ်နှင့် အဆင်သင့်သား ရှင်ကျင့်ဝတ် ခေါ် ရှေးစာတော်ကို ခေတ်ပေါ် လှစ်ဆင့် စုံအောင်ဖွင့်သည်....မျိုးနှင့်သာသနာ တည်ကြောင်းတည်း။

ရှုပ်ပုံ ရှင်ကျင့်ဝတ် ပြီး၏။

အဂ္ဂမဟာပဏ္ဍိတ

အရှင် ဇနကာဘိဝံသ-ဆရာတော် ရေးသားပြုစုအပ်သော

ကျမ်းစာအုပ်များ

၁။ ရတနာဂုဏ်ရည်
၂။ အခြေပြုသင်္ဂြိဟ်
၃။ အခြေပြုသဒ္ဒါ
၄။ သင်္ဂြိဟ်ဘာသာဋီကာ
၅။ ဝိထိနှင့် ၃-ချက်စုဘာသာဋီကာ
၆။ ကိုယ်ကျင့်အာဘိဓမ္မာ
၇။ ပါတိမောက်ဘာသာဋီကာ
၈။ ရူပသိဒ္ဓိဘာသာဋီကာ (ပ-ဒု)
၉။ ကစ္စည်းဘာသာဋီကာ (ပ-ဒု)
၁၀။ အနာဂတ်သာသနာရေး
၁၁။ ရူပ်ပုံ ရှင်ကျင့်ဝတ်
၁၂။ အခြေပြု မင်္ဂလသုတ်
၁၃။ ဗြဟ္မဇာလသုတ် မြန်မာပြန်
၁၄။ သာမညဖလသုတ် မြန်မာပြန်
၁၅။ ဗုဒ္ဓဝင် အမေးအဖြေ
၁၆။ မူလတန်း သဒ္ဒါနှင့် အမေးအဖြေ

၁၇။ ကခ်ီဘာသာဋီကာ (ပ-ဒု)
၁၈။ အလင်္ကာရဘာသာဋီကာ
၁၉။ ဘုရားဥပဒေတော်ကြီး
၂၀။ ဘာသာသွေး
၂၁။ ပါရာဇိကဏ်ဘာသာဋီကာ
၂၂။ သဒ္ဒတ္ထဘေဒစိန္တာဘာသာဋီကာ
၂၃။ ကစ္စာယနသာရဘာသာဋီကာ
၂၄။ ဋီကာကျော်နိဿယ
၂၅။ (က) မူလတန်းဘာသာရေး (ခ) ပါစိတ်ဘာသာဋီကာ
၂၆။ မဟာဝါ ဘာသာဋီကာ
၂၇။ အဋ္ဌသာလိနီဘာသာဋီကာနှင့် မူလဋီကာ နိဿယ (ပ-ဒု-တ-စ)
၂၈။ သီလက္ခန်ဘာသာဋီကာ (ပ-ဒု-တ)
၂၉။ ဘာသာရေးပြဿနာများအဖြေနှင့် စစ်တပ်တရားတော်
၃၀။ ခုဒ္ဒသိက္ခာဘာသာဋီကာ
၃၁။ ပရိဝါရဘာသာဋီကာ
၃၂။ ဗုဒ္ဓါနုဿတိဂုဏ်တော်
၃၃။ သမ္မောဟ ဝိနောဒနီဘာသာဋီကာ

॥०००६—६८-७-८८—८८६—५२-०-२७—७०००॥